
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ကြည်ညိုဖူးမြော် မန်းရွှေစက်တော် | မင်းဂုဏ် | ၅ |
| ၂။ | ဆုတောင်းပြည့်ဝ အလောင်းတော်ကဿပ | တက္ကသိုလ်မျိုး | ၂၉ |
| ၃။ | သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ၏ ဓမ္မနီတိ ရသများ | ကျော်ဇေယာဟိန်း(နံ့သာ) | ၄၁ |
| ၄။ | မိုးကုတ်ဆရာတော်ဘုရားကြီး၏ မိမိကိုယ်ကို သုံးသပ်ရန် သမ္မသန တရားတော် | ဓမ္မဒါန | ၄၈ |
| ၅။ | ထမ်းစမ်းဂူ ဝန်းကျင်တစ်ခို တင့်ရှုန်းငယ်စို | မင်းဆက်ပိုင် | ၅၄ |
| ၆။ | နေကောင်းရဲ့လား | ယောဆရာတော် | ၆၀ |
| ၇။ | တောင်စွန်းမြို့မှ ရွှေဂူရိပ်သာကျောင်း | ညွှန့်မောင်ဦး | ၆၆ |
| ၈။ | ဒု, သ, နု, သော | ကျိုက်လတ်သန်းထိုက်(LL.B) | ၇၁ |
| ၉။ | ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဝိသုဒ္ဓိရာမ ချမ်းမြေ့သာယာအေးဆရာတော်၏ သာသနာ့ရေးဆောင်ရွက်ချက်များ | ဒေါ်ကြည်ကြည်စင်(သန်လျင်) | ၇၅ |
| ၁၀။ | ကြခတ်ဝါးရုံပမာ ရှုပ်တထွေ | ဓမ္မဒူတ အရှင်ပညာဇောတ | ၈၅ |
| ၁၁။ | နဂါးအော်သံလွှမ်းတဲ့ တောင်ခြေသို့ | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရေး-သု) | ၉၁ |
| ၁၂။ | ဘုရားရှင် ပွင့်တော်မူလာရခြင်းအကြောင်း | ဦးကျော်နိုင် | ၉၉ |
| ၁၃။ | ထူးမှထူး | အရှင်ဆန္ဒာဓိက | ၁၀၂ |
| ၁၄။ | ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ သဘာဝတရားရိပ်သာရွှေမြေ | တက္ကသိုလ်တင်ဟန်ကျော် | ၁၀၈ |
| ၁၅။ | နကမ္ပတိ | အောင်ရဲဝင်း(ဟံသာမြေ) | ၁၂၁ |
| ၁၆။ | လမြတ်ဝါဆို | ရွှေတိုက်စိုး | ၁၂၂ |
| ၁၇။ | အဖြူရောင်တွင် ပျော်ဝင်သွားသော အတ္တပုံဆောင်ခဲ | တင်မောင်မောင်(ပေါက်ကုန်း) | ၁၂၆ |
| ၁၈။ | စေတနာမိုးတစ်စက် | ပိုးအေး(မြို့မ) | ၁၃၂ |
| ၁၉။ | အပြစ်ကင်းကြစေဖို့ | မြင့်နိုင်(ဟသ်ာတ) | ၁၃၅ |
| ၂၀။ | သစ်ရွက်ကြွေတာ လေကြောင့်ချည်းတော့မဟုတ်ပါ | ကိုချမ်း(ဆေး-၂) | ၁၃၈ |
| ၂၁။ | အရင်းအနှီး | နေမထူး | ၁၄၇ |
| ၂၂။ | နေရာ | ဇောမဥ္ဇူ(ဖျာပုံ) | ၁၅၁ |
| ၂၃။ | နှုတ်ထွက်စကားအတွက် ဆင်ခြင်ကြစေချင်သည် | ရေကျော်စိုးအောင် | ၁၅၆ |
| ၂၄။ | မေတ္တာဆိုသောအရာ | မောင်မောင်လွင်(ညောင်လေးပင်) | ၁၅၈ |
| ၂၅။ | ဂျစ်ပစီတစ်ယောက်ရဲ့ လွမ်းချင်း | ဖူး | ၁၆၂ |
| ၂၆။ | စွဲလမ်းမှုရဲ့ နောက်ကွယ်မှာ | လူလူအောင် | ၁၆၇ |


BURMESE CLASSIC .com


www.burmeseclassic.com


www.burmeseclassic.com


# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၇။ | အိပ်မက်ကမ္ဘာထဲက ချစ်သူ .......... | ကောင်းစံဟိန်း(ဖန်နေဝန်း) | ၁၇၄ |
| ၂၈။ | ရင်လှိုင်းခတ်သံ ................ | သစ္စာဦး(ဝေယျာမြေ) | ၁၈၄ |
| ၂၉။ | သိုက်ချုပ်ဝိဇ္ဇာ ဦးဖိုးနော် ......... | အောင်ကြည်သန်း(တောင်တော်သီ) | ၁၉၂ |
| ၃၀။ | တောင်ကျရေအမဲ ................ | မောင်မြတ်ထွေး(ပင်လယ်) | ၁၉၈ |
| ၃၁။ | အနိုင် အရှုံး ................ | မောင်ညာဏ်လင်း(တောင်ကုတ်) | ၂၀၃ |
| ၃၂။ | ထူးခြားဆန်းကြယ်သော ပဋ္ဌာန်းဆက်ရှိသူများ.......... | ရိရိထွေး | ၂၀၇ |
| ၃၃။ | ဘကြီးစံခ၏ ဂမ္ဘီရကုထုံးဆန်း .......... | ဆန်းဝင်း(အောင်မြေ) | ၂၁၁ |
| ၃၄။ | စေတီများရှိ ဂြိုဟ်တိုင်များ ............ | အရှင်မုနိတ(မျှော်စရိယ) | ၂၁၅ |
| ၃၅။ | တွေ့ဆုံးတာလား လူဆုံးတာလား .......... | တောင်တွင်းကိုရင်ဖြူ | ၂၁၇ |
| ၃၆။ | သတိထားရမည့် နာမည်ပညတ်များ.... | ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၂၂၂ |
| ၃၇။ | အရစ်ကလေး နှစ်ရစ် ......... | ဆရာကြည်မင်းစံ(အောင်မြေသာယာ) | ၂၃၀ |
| ၃၈။ | ချစ်သူရည်းစား နောက်ကထား .............. | နွေမင်းနွေ | ၂၃၆ |
| ၃၉။ | ပင်လယ်ပြင်မှ ဝိညာဉ်များ .............. | မင်းဟန်(သန်လျင်) | ၂၅၀ |
| ၄၀။ | လမ်းနီနီနဲ့ အိမ်ကလေး..... | မိုးနွန်းကို(ကွန်ပျူတာတက္ကသိုလ်)+မိုးဆွေငှက် | ၂၅၆ |
| ၄၁။ | မောတယ်လို့ မပြောပါ ................ | မေချို(ပျဉ်းမနား) | ၂၆၆ |
| ၄၂။ | နွေကဗျာ အိပ်မက်ကမ္ဘာထဲက ဘော်ငွေရောင် ပုလဲပန်းများ .................. | ကိုကြီးစော(သာပေါင်း) | ၂၇၂ |
| ၄၃။ | မာန်မကြွချိုးနှိမ်ထားတဲ့ ဆံသသမားစိုးချိန် .. | မောင်လှိုင်သစ်(မိုးကုတ်) | ၂၇၉ |
| ၄၄။ | အမေရှုံ့ .................... | တွင်းကြီးသားတင်ဝင်းဦး | ၂၈၆ |
| ၄၅။ | ဝဋ်ကြွေးတွေမြေ ကြေပါစေ ................ | စံကေတု | ၂၉၆ |
| ၄၆။ | နာရဒမြတ်စွာဘုရား .............. | ဆင်ဖြူကျွန်းအောင်သိန်း | ၃၀၄ |
| ၄၇။ | သူတို့မြင်သော မြန်မာ့ဆင် .............. | လှမိုး(ပညာရေး) | ၃၀၈ |
| ၄၈။ | ဆီရင်ဂက်တီတောကြီးအတွင်းမှ ချောင်းမြောင်း သတ်ဖြတ်သူများ .................. | Mariner လှဦး | ၃၁၃ |
| ၄၉။ | အုံ့ဖွယ်တိရစ္ဆာန်မိတ်ဖွဲ့ခြင်း .................. | မြူးဇင် | ၃၁၈ |
| ၅၀။ | အိပ်မက်ထဲက သံယောဇဉ် ................ | စိန်ဝင်းမော် | ၃၂၄ |
| ၅၁။ | လိပ်ပြာကြီးခေါ်ပွဲ ...................... | ရွှေခင် | ၃၂၉ |
| ၅၂။ | အမေ့ဝမ်းပူဆာ မနေသာလေပြီ .......... | တေးသံရှင်ရွှင်ပြုံး | ၃၃၁ |
| ၅၃။ | အပြုံးတစ်ပွင့်ရဲ့ကံကြမ္မာ .............. | နှင်းသီရိကျက်သရေ | ၃၃၄ |
| ၅၄။ | သုတစုံဖြာ ဤကမ္ဘာ ..........ဗိုလ်ရွှေလမင်း၊ | မောင်ကောင်းဆည် | ၃၄၂ |
| ၅၅။ | သိမှတ်ဖွယ်ရာ ဆေးပညာ ................ | ကလောင်စုံ | ၃၅၀ |
| ၅၆။ | သဘာဝ၏ထိပ်တန်းလူသတ်လက်နက် အပူရှိန် .. | လှတိုး(စိတ်ပညာ) | ၃၅၄ |







www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၅၇။ ကျွဲသရမှူလီနွယ်ပင်နှင့် ပြန်လည်လင်းလက်လာသော
မျှော်လင့်ချက်ရောင်ခြည်များ ........ ဒေါ်ချိုချိုဝင်းထွင့်(သန်လျင်) ၃၅၇

၅၈။ သင့်ပတ်ဝန်းကျင်မှ အသုံးဝင်တိုင်းရင်းဆေးများ ... အောင်ကျော့လိုင်ဝမ်း ၃၅၈

၅၉။ ဗိုင်းရပ်ရောဂါနှင့် နည်းဗျူဟာသစ် ........ တော်မြင့်(ငှက်ဖျား) ၃၆၀

၆၀။ ကင်ဆာရောဂါ ကာကွယ်ပေးနိုင်သော
ဓာတ်စာများ .................. အောင်ဘုန်းမြင့်(ကချင်မြေ) ၃၆၂

၆၁။ အပျိုကြီးအလုံးများ ............... ဒေါက်တာနိုက်တင်ဂေးလ် ၃၆၅

၆၂။ အမြွှာဖြစ်ရခြင်း အကြောင်းရင်းနှင့်
စိတ်ဝင်စားဖွယ် အမြွှာများ .................... ဒေးလု ၃၇၁

၆၃။ တန်ဖိုးနည်း ဖုန်းဇယားနှင့် နမော်နမဲ့ခင် .......... ဟန်သီဇင် ၃၇၆

၆၄။ တစ်ခွန်းတည်းပြောလိုက်မယ်ဗျ ......... မင်းတိုင်ပင်(မြရောင်မြေ) ၃၇၉

၆၅။ အတိုး ..................... ရဲမြတ်တင်(အမျိုးသားစာပေဆု) ၃၈၁

၆၆။ ကျွန်တော်ချစ်ခဲ့ဖူးသော မြင့်များနှင့်ကျွန်တော် . စိုးပိုင်(ကညွတ်ကွင်း) ၃၈၈

၆၇။ ကာတွန်းကဏ္ဍ ...................... ကလောင်စုံ ၃၉၂

၆၈။ ပြုံးရယ်ရယ်ဟား ဟာသများ ................ စောနိုင်ထူး ၃၉၆

၆၉။ စွယ်စုံလက္ခဏာအဘိဓာန်ကျမ်း A to Z ...... ဆရာဦးခန့်ကျော် ၄၀၀

၇၀။ မီးလက်ပါက တက်မှာပစီးပွား ................ ရွှေဘုန်းဦး ၄၀၅

၇၁။ အခုတော့ မြေကွက်ရောင်းထွက်ပြီမဟုတ်လား နတ်မျက်စိဆရာအောင်စိုး ၄၀၉

၇၂။ မင်္ဂလာအခါကောင်းရွေးနည်း ........... သုတေသက စံမင်း ၄၁၀

၇၃။ ဂါထာအမှန် အင်းအဆံ ............. ဆောင်းဦး(တောင်ငူ) ၄၁၂

၇၄။ လျှို့ဝှက်ဆန်းကြယ်သော
ဂမ္ဘီရအောင်အိုး ကပ်လျှုနည်း .......... ယဉ်မင်းပိုင်(အင်းစိန်) ၄၁၄

၇၅။ ငွေကြေးအကြွေးတိစ္ဆ အဆင်ပြေစေရာ .... ဂမ္ဘီရဆရာလှမျိုး(B.Sc) ၄၁၆

၇၆။ နေ့အလိုက် အကြံအစည်ထမြောက်အောင်
အစီအရင်လုပ်လိုပါသလား ........ ဆရာမင်းသုခြ(မန်းတက္ကသိုလ်) ၄၁၈

၇၇။ ကျွန်ုပ်ကိုယ်တွေ့ မျောက်အုန်းသီး အိုးစည်တီး . ဆရာကြီးဦးအောင်မြိုင် ၄၁၉

၇၈။ ထီပေါက်မည်ဟု ယုံကြည်သူတစ်ယောက်အကြောင်း ဆရာဦးရဲအောင် ၄၂၀

၇၉။ ဘယ်သူ့ကို မေးရပ့ါမလဲ .................. ရွှေနှင်းဆီ ၄၂၂

၈၀။ ငွေလာမိုက်ဖို့ ကြောစိုက်စို့ .......... ဆရာကြီးဦးအောင်မြိုင် ၄၂၄

၈၁။ ၂၀၁၃ ခုနှစ် ဩဂုတ်လ ခုနစ်ရက်သားသမီးများအတွက်
ဟောစာတမ်းနှင့် ယတြာ .......... ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) ၄၂၅

၈၂။ ၂၀၁၃ခုနှစ်၊ ရာသီခွင်နှင့်ဩဂုတ်လ ဟောကိန်းများ ဆရာဦးခန့်ကျော် ၄၂၈



နာယက
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

အကြံပေး
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

စီစဉ်သူ
ညဏ်ပွင့် (စက်မှု)

တာဝန်ခံအယ်ဒီတာ
မောင်သာယာ

အယ်ဒီတာအဖွဲ့
မောင်မောင်မြတ်၊ ခင်သက်နိုင်

မျက်နှာဖုံးဒီဇိုင်း
ကျော်မင်းမောင်

ကွန်ပျူတာ
လပြည့်ဝန်းအဖွဲ့

ပန်းချီပညာရှင်များ
ဆန်းထွန်း၊ ဆွေမြင့်၊ လှသစ်အောင်၊ ဖိုးအောင်၊
စိုးမြင့်လေး၊ စကျူ၊ ရဲရင့်နိုင်၊ ဒေါ်ဇော်ဇော်အောင်

အတွင်းဖလင်
ကိုဦး

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်တော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

မဂ္ဂဇင်းတိုက်နှင့်ဖြန့်ချိရေး
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၅၀၆၆၈

ကြော်ငြာနှင့်ဖြန့်ချိရေး
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

အထွေထွေ
အောင်ဝင်းသန့်၊ အောင်အောင်

မန္တလေး
ထွန်းဦးစာပေ

အုပ်ရေ
၁၀၀၀

စျေးနှုန်း
၂၅၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com



# ကြည်ညိုဖူးမြော် မန်းရွှေစက်တော်

7/03/2013

ဖြိုးရဏ်

ရွှေစက်တော်သို့ ဘုရားဖူးခရီး သွားလိုကြောင်း ဉာဏ်ပွင့်(စက်မှု)က ပြောကြားခဲ့ပြီး ၂၀၁၃ ခုနှစ် မတ်လ ဘုရားပွဲတော်ကာလအတွင်း သွားဖြစ်ရန်လည်း စီစဉ်ခဲ့သည်။

ယခုတစ်ခေါက် ရွှေစက်တော်သို့ သွားရမည်မှာ ဒုတိယအကြိမ် ဖြစ်၍ ၁၉၈၃ ခုနှစ်တွင် စာရေးသူတို့ ပထမအကြိမ် ရွှေစက်တော်ဘုရားဖူး သွားရောက်ဖြစ်ခဲ့ပုံများကို ပြန်လည် သတိရမိခဲ့သည်။

ထိုစဉ်က ဘုရားပွဲတော် ကျင်းပရန် ပြင်ဆင်နေဆဲဖြစ်၍ အပျော်ခရီးအဖြစ် လာရောက်ကြသူများ မရှိကြသေးဘဲ ပတ်ဝန်းကျင် ရေမြေတောတောင်တို့မှာ သဘာဝအတိုင်း ဆိတ်ငြိမ်အေးချမ်းလျက် ရှိသည်။

စာရေးသူတို့၏ ကျေးဇူးရှင်ဆရာတော်ဘုရား ဦးဆောင်တော်မူကာ တပည့်ယောဂီများနှင့် သိုက်သိုက်ဝန်းဝန်း သွားရောက်ခဲ့ကြခြင်း ဖြစ်သဖြင့် အထက်စက်တော်ရာတောင်ခြေစောင်းတန်းအထက်နားရှိ ဇရပ်တွင် တစ်နေ့နှင့် တစ်ည တည်းခဲ့ကြသည်။

အထက်စက်တော်ရာ၊ အောက်စက်တော်ရာများသို့လည်း စိတ်အေးချမ်းသာစွာ သွားရောက်ဖူးမြော်ခဲ့ကြပြီး တရားဘာဝနာ ပွားများအားထုတ်ခွင့်ရခဲ့ကြသည်။ ရေအောက်ကြမ်းပြင်ပေါ်ရှိ ကျောက်တုံး ကျောက်ခဲလေးများကိုပင် အထင်းသားမြင်တွေ့ရသည်အထိကြည်လင်ကာ သန့်ရှင်းစင်ကြယ် အေးမြနေသော မန်းချောင်း ရေအလျဉ်ဝယ် ချမ်းမြေ့ပျော်ရွှင်စွာ ကိုယ်လက်သန့်စင် ရေချိုးခဲ့ရသည်များကို ယနေ့ထက်တိုင် အမှတ်ရနေဆဲပင်။

ရွှေစက်တော်သည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး စကုမြို့နယ်အတွင်း၌ တည်ရှိပြီး ရွှေစက်တော်တောင်များသည် အနောက်ဘက် ရခိုင်ရိုးမနှင့်ထိစပ်လျက် မြောက်ဘက် စေတုတ္တရာမြို့နယ် မုန်းချောင်းအစပ်မှ တောင်ဘက် ငဖဲမြို့နယ် မန်းချောင်းစပ်အထိ တည်ရှိသည်။

မြေပြင် အနေအထားသည် မနိမ့်မမြင့် တောင်ကုန်း တောင်တန်းများ၊ ဆင်ခြေလျှောများဖြစ်ပြီး ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်တွေ့ရှိတတ်သော တတိယ ကပ်သဲကျောက်မြေ အမျိုးအစား ဖြစ်သည်။


ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀ မှ ၆၀၀ အထိမြင့်ပြီး မိုးရေချိန်လက်မ ၃၀ အထိ ရွာသွန်းလေ့ရှိသည်။ မေလမှ နိုဝင်ဘာလအထိ မိုးရွာသွန်းမှု အများဆုံးဖြစ်သည်ဟု ဆိုသည်။

၁၉၄၀ ပြည့်နှစ် ဇွန်လ ။ရက်မှစ၍ရွှေစက်တော်နှင့်ဆက်စပ်သော



www.burmeseclassic.com

www.burmeseclassic.com



များအား ဘေးမဲ့တောနှင့် ကာကွယ်တော ဟူ၍ နှစ်မျိုးသတ်မှတ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားသည်။ ဘေးမဲ့တောမှာ အကျယ်အဝန်း ၁၇၉ ဒသမ ၂၅ စတုရန်းမိုင်ရှိပြီး ကာကွယ်တောမှာ ၁၀၀ ဒသမ ၆ စတုရန်းမိုင်ရှိကြောင်း သိရသည်။

ဘေးမဲ့တောအတွင်း၌ ကမ္ဘာ့ရှားပါးစာရင်းဝင် မြန်မာ့ရွှေသမင်၊ ကြယ်လိပ်၊ စွေ့ငှက်နှင့် နဖားကြူးငှက်များ ရှင်သန်ကျက်စားလျက်ရှိပြီး ဝက်ဝံ၊ ကျားသစ်၊ ချေ၊ တောဝက်၊ တောခွေး၊ ဒေါင်း၊ မျောက်၊ တောကြောင်နှင့် ငှက်မျိုးပေါင်း ၁၁၃ မျိုးတို့ မှီတင်းနေထိုင်လျက်ရှိသည်ဟု ဆိုသည်။

ထိုကဲ့သို့ ပတ်ဝန်းကျင် တောတောင်သဘာဝများနှင့် ရေအောက်ကြမ်းပြင်ကိုပင် အထင်းသားမြင်တွေ့နိုင်သော မန်းချောင်း ရေပြင်တို့၏



ကမ္ဘာ့ရှားပါးစာရင်းဝင် ကြယ်လိပ် (ပြခန်းမှဓာတ်ပုံ)


သဘာဝအလှတို့မှာ မိုးနည်းရပ်ဝန်းဖြစ်သော အညာဒေသ၏ အိုအေစစ်တစ်ခုပမာ ခရီးသွားများအား ဆွဲဆောင်လျက်ရှိပေသည်။

အနောက်ရိုးမ၏ အရှေ့ဖျားတောင်စွယ်များတွင် တစ်ခုအပါအဝင်ဖြစ်သောရွှေစက်တော်တောင်ကြောများကို မန်းချောင်းသည် နဂါးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကဲ့သို့ ရစ်ခွေကာ စီးဆင်းလျက်ရှိသည်။ ရွှေစက်တော်တောင်ကြော၏ သစ္စဗန္ဓ တောင်ထိပ်တွင် မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာ တစ်ဆူရှိပြီး ထိုနေရာကို အထက်စက်တော်ရာဟု ခေါ်သည်။ မန်းချောင်း၏ဝဲဘက်ဘေး တောင်ခြေတွင်လည်း မြတ်စွာဘုရားရှင်၏ ပါဒခြေတော်ရာ တစ်ဆူရှိရာ ထိုနေရာကိုမူ အောက်စက်တော်ရာဟု ခေါ်သည်။




ခြေတော်ရာကို ဖုံးအုပ်သည့် သံမဏိအုပ်ဆောင်းကြီး

ထိုပါဒစက်တော်ရာ နှစ်ဆူအား ပူဇော်သည့် မန်းစက်တော်ရာ ဘုရားပွဲမှာ မကွေးတိုင်းဒေသကြီးအတွင်း ရက်ကာလအရှည်ကြာဆုံးနှင့် အစည်ကားဆုံးသော အညာမြေ၏ နွေဦးပွဲတော်ပင် ဖြစ်သည်။

မိုးတွင်းကာလတွင် ပတ်ဝန်းကျင်တောင်ကြောများမှ တောင်ကျရေများ မန်းချောင်းအတွင်းသို့ စီးဝင်သဖြင့် မန်းချောင်းမှာ ကမ်းလုံးပြည့်အထိ ရေမျက်နှာပြင် မြင့်တက်ကာ ရေစီးမှာလည်းအလွန်သန်လေ့ရှိသည်။ ထိုအချိန်တွင် အောက်စက်တော်ရာ တည်ရှိသည့်နေရာအထိ ရေလွှမ်းလေ့ရှိသဖြင့် ပါဒခြေတော်ရာကို သံမဏိအုပ်ဆောင်းဖြင့် ဖုံးအုပ်ကာ ပိတ်ထားရသည်။



မိုးကာလ အောက်စက်တော်ရာမြင်ကွင်း

ရွှေစက်တော် ဘုရားပွဲတော်ကို ဆောင်းအကုန် နွေအကူးဖြစ်သော တပို့တွဲလဆန်း ၅ ရက်နေ့မှ အတာကူးသည့် တန်ခူးလ မြန်မာနှစ်ဆန်း တစ်ရက်နေ့အထိ ၆၂ ရက်ကြာ ကျင်းပလေ့ရှိရာ ဘုရားပွဲတော်ကျင်းပချိန် တပို့တွဲလဆန်း ၅ ရက်နေ့ ရောက်သည်နှင့် သံမဏိအုပ်ဆောင်း ဖုံးအုပ်ထားသည့် အောက်စက်တော်ရာကို ဖွင့်လှစ်ကာ အပူဇော်ခံလေ့ရှိသည်။ သစ္စဗန္ဓတောင်ပေါ်တွင် တည်ရှိသော အထက်စက်တော်ရာကိုမူ အချိန်ရာသီမရွေး ပုသိမ်မုံရွာ အဝေးပြေး လမ်းမကြီးမှတစ်ဆင့် တောင်ပေါ်ရှစ်မိုင်လမ်းခွဲအတိုင်း လုံခြုံချောမွေ့စွာ သွားရောက် ဖူးမြော်နိုင်ကြောင်း သိရသည်။




ပွဲခင်းအတွင်း ပြသထားသည့် ဓားမဲ့တောပြခန်းမှ မြန်မာ့ရွှေသမင်မြင်ကွင်းတစ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


www.burmeseclassic.com




ခြေတော်ရာဖွင့်ပွဲ ကျင်းပနေစဉ်



ခြေတော်ရာဖွင့်ပွဲ ကျင်းပနေစဉ်




ဧရာဝတီတံတား (မကွေး)

အောက်စက်တော်ရာ ဖွင့်လှစ်အပူဇော်ခံသည့် တပို့တွဲလဆန်း ၅ ရက်နေ့မှစကာ မြန်မာနိုင်ငံတစ်နံတစ်လျားမှ ဘုရားဖူးများ စည်ကားသိုက်မြိုက်စွာ လာရောက်ဖူးမြော်လေ့ ရှိကြသည်။

ယခုတစ်ခေါက် ရွှေစက်တော်သို့ စာရေးသူတို့အဖွဲ့ ဘုရားဖူးထွက်ခဲ့ကြသည်မှာ ၂၅. ၃. ၂၀၁၃ ရက်နေ့ ည ၇ နာရီတွင် စတင်ထွက်ခွာခဲ့ရာ ၂၆. ၃. ၂၀၁၃ ရက်နေ့ (တပေါင်းလပြည့်နေ့) နံနက်စောစောတွင် မကွေးမြို့သို့ ရောက်ရှိခဲ့ကြသည်။

နံနက်စာကို မြသလွန်စေတီတော် ဝတ္တကမြေအတွင်း၌ ရှိသည့် မြသော်တာကဖေးတွင် သုံးဆောင်ခဲ့ကြပြီးနောက် မြသလွန် စေတီတော်သို့ သွားရောက် ဖူးမြော်ခဲ့ကြသည်။ ထို့နောက် ဧရာဝတီတံတား(မကွေး) ကို ဖြတ်ကာ မင်းဘူးသို့ ကူးခဲ့ကြပြီး နဂါးပွက်တောင်၊ စက္ကိန်းတဲစေတီတော်၊ စန္ဒကူးနံ့သာကျောင်းတော်ရာ တို့ကို သွားရောက်ဖူးမြော်ခဲ့ကြသည်။

ထို့နောက် နေ့လယ်စာကို မင်းဘူးမြို့ရှိ "Joy" စားသောက်ဆိုင်တွင် စားသောက်ခဲ့ကြပြီး မင်းဘူးမြို့မှ ၃၃ မိုင်ဝေးသည့် မန်းရွှေစက်တော်သို့ ခရီးဆက်ဖြစ်ခဲ့ကြသည်။

မင်းဘူးမြို့မှတစ်ဆင့် ငဖဲ၊ ပဒါန်း လမ်းကြောင်းအတိုင်း မောင်းနှင်ခဲ့ပြီး လေးပင်ကျေးရွာအလွန်တွင် လက်ယာဘက် လမ်းကြောသို့ လိုက်ခဲ့ရာ ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင် ၂၇၀/၆ ၌ ပေါင်းဆုံမိသည်။

ထိုလမ်းအတိုင်း လေးမိုင်ခန့် ရောက်သည်တွင် ရွှေစက်တော်သို့အဝင် သုံးမိုင်လမ်းဆုံသို့ရောက်သည်။ ထိုလမ်းအတွင်း ဝင်လိုက်ပြီး အတန်ကြာသည်နှင့် ရွှေစက်တော် တောင်ကြောပေါ်မှ ဘုရား၊ စေတီ၊ တန်ဆောင်း၊ ကျောင်း၊ ပြာသာဒ်များ အစီအရီ တည်ရှိနေကြသည်ကို သဘာဝ ပန်းချီကားချပ်ကြီး တစ်ခုကဲ့သို့ မြင်တွေ့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

ရွှေစက်တော်သို့အဝင် မန်းချောင်းတံတားဖြတ်သည့် ဂိတ်တစ်ခုသို့ ရောက်သည်တွင်. . . "တံတားဖြတ်ခ ၄၀၀၀ ကျပ် ပေးရတဲ့ဂိတ်၊ ကြည့်ထားကြ"ဟူသောစကားသံကို အမှတ်မထင် ကြားလိုက်ရသည်။ တပေါင်းလပြည့်နေ့၊ တပ်မတော်နေ့ ရုံးပိတ်ရက်များနှင့် ဆုံသည့် ယခုလိုနေ့မျိုးတွင် ဝါးတဲငယ်တစ်ခန်းလျှင် တည်းခိုခ ခုနစ်သောင်းပေါက်ဈေးရှိကြောင်းလည်း ထိုသူက ဆက်၍ပြောသည်။




စာရေးသူတို့ စီးနင်းလိုက်ပါလာသည့် Scania အထူး အမြန်ယာဉ်ကြီးမှာ သတ်မှတ်ထားသည့် ယာဉ်ရပ်နားစခန်းတွင် သွားရောက်ရပ်နားရမည် ဖြစ်၍ စာရေးသူတို့အား ဝင်ပေါက်မုခ်ဦးအဝနားတွင်ပင် ချထားပေးခဲ့ပြီး ဆက်လက်မောင်းနှင် ထွက်ခွာသွားခဲ့သည်။



၂၇ ယောက် စီးနင်းနိုင်သည့် ထိုအထူးအမြန်ယာဉ်ကြီးပေါ်တွင် စာရေးသူတို့ သုံးဦးအပါအဝင် ခရီးသည် ၂၀ မျှသာ ပါရှိသဖြင့် ခရီးစဉ်တစ်လျှောက် သက်သောင့်သက်သာပင် လိုက်ပါခဲ့ကြသည်။ လေအေးပေးစက် တောက်လျှောက်ဖွင့်ကာ အငြိမ့်သား လိုက်ပါလာကြသည့် စာရေးသူတို့အဖွဲ့သည် ကားပေါ်မှ ဆင်းလိုက်သည်နှင့် ၁၀၄ ဒီဂရီ စင်တီဂရိတ်ရှိသော အညာမြေ၏ အပူရှိန်နှင့် ထိတွေ့လိုက်ရသည်တွင်မူ အပူနှင့်အအေး ထိပ်တိုက်တွေ့ဆုံသည့် ဝိရောဓိဒဏ်ကို အတော်ပင် ခံလိုက်ကြရသည်။

စာရေးသူတို့ကဲ့သို့ပင် ဝင်ရောက်လာကြသည့် ဘုရားဖူးအဖွဲ့များလည်း ရှိသည်ကို တွေ့ရပြီး ရောက်နှင့်ပြီးဖြစ်သော ဘုရားဖူးများမှာလည်း ပျားပန်းခပ်မျှ စည်ကားလျက်ရှိသည်။




မန်းချောင်းဝဲယာ ကမ်းပေါ်ရှိ တည်းခိုဆောင် ဝါးတဲတန်းများ

လတ်တလောအားဖြင့် အမိုးအကာအောက်သို့သာ အမြန်ရောက်လိုဖေဖြင့် ဧည့်ကြို ခေါ်ဆောင်ရာသို့ ခပ်သွက်သွက်ပင် လိုက်ပါခဲ့ကြသည်။ မြန်မာ့ရိုးရာ အညာဓလေ့ ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



မန်းချောင်းဝဲယာ ကမ်းပေါ်ရှိ ကညင်းပိုဆောင် ဝါးတဲတန်းများ



ဝါးသက်ငယ်မိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်းပေါ်၌ ဝါးဖျာခင်းထားသည့် ဝါးတဲတန်းလျား တည်းခိုဆောင်သို့ နေ့လယ် ၂ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။

အတွင်းခန်း ရှစ်ပေပတ်လည်ခန့်နှင့် ရှေ့ဝရန်တာ ရှစ်ပေ×လေးပေခန့် အခန်းလေးများအားကန့်ကာ ဖြစ်သလို တည်ဆောက်ထားသည့် တဲတန်းလျားကြီးပင် ဖြစ်သည်။ ထိုအခန်းမျိုး တစ်ခန်း၏ တစ်ရက်တည်းခိုခ ခုနစ်သောင်းဟု ဆိုသဖြင့် စာရေးသူ အံ့ဩမိသည်။

စာရေးသူတို့ ဘုရားဖူးအဖွဲ့တွင် အသက်(၇၀)ကျော်အဘိုးတစ်ဦးပါသည့် ၁၁ ယောက်မိသားစုအဖွဲ့၊ မူကြိုအရွယ်နှင့် နှစ်နှစ်ကျော်အရွယ် ကလေးငယ်နှစ်ဦးပါသည့် အမျိုးသမီး မိသားစုခြောက်ယောက်အဖွဲ့နှင့် စာရေးသူတို့သုံးဦးအဖွဲ့ စုစုပေါင်း လူဦးရေ ၂၀ ရှိသည်။

အမိုးအကာအောက်သို့ ရောက်ပြီဖြစ်၍ စာရေးသူတို့ သုံးဦးသားလည်း သင့်လျော်ရာနေရာယူကာ အသီးသီးပင်နားနေခဲ့ကြသည်။ စာရေးသူတို့ သုံးဦးအတွက် အခန်းတစ်ခန်းရသဖြင့်အဆင်ပြေသည်ဟုပင် ဆိုရမည်။ ခြောက်ဦးအဖွဲ့ကိုလည်း တစ်ခန်းပေးပြီး ၁၁ ဦးအဖွဲ့ကို နှစ်ခန်းပေးသည်ကိုတွေ့ရသည်။ ဝါးတဲများအားလုံးပင် အခန်းလွတ် မရှိတော့သည်ကိုလည်း သတိထားမိသည်။

နေအပူရှိန်မှာ အတော်ပင် ပြင်းသဖြင့် စာရေးသူတို့ဘုရားဖူးအဖွဲ့ဝင်များ ဝါးတဲအပြင်သို့ ထွက်လိုစိတ်ရှိကြဟန်မတူပေ။ ဝါးတဲများအတွင်း၌သာ ဖြစ်သလို နားနေကြသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ ၆ နာရီခွဲတွင် ရွှေမန်းစားသောက်ဆိုင်၌ ညနေစာစားရန် လာခေါ်မည်ဖြစ်ကြောင်း ညှိကြို မောင်သန့်စင်ဝင်းက ပြောသဖြင့် စာရေးသူတို့လည်း ထိုအချိန်ကိုစောင့်ရင်း နားနေခဲ့ကြသည်။

စာရေးသူတို့ တည်းခိုသည့် ဝါးတဲရှေ့ မလှမ်းမကမ်းတွင် မန်းချောင်းရေက တသွင်သွင်စီးဆင်းလျက်ရှိသည်။ ရင်ခေါင်းလောက်ပင် နက်ဟန်မတူသော ထိုချောင်းအတွင်းဝယ် အကြီး၊ အလတ်၊ အငယ် အရွယ်စုံ ခရီးသွားပရိသတ်များ မြူးထူးပျော်ပါး ကူးခတ်




ကမ်းပေါ်ရှိ ဘောကွင်းငှားသူ၊ ရောင်းသူများနှင့် ချောင်းတွင်း၌ ရေဆော့ကစားနေကြသူများ

ဆော့ကစားနေကြသည်ကိုတွေ့ရသည်။

မန်းချောင်းကမ်းစပ်နှင့် စာရေးသူတို့ တည်းခိုသည့် ဝါးတဲတန်းကြားမှာ လူသွားလမ်းသဖွယ် ဖြစ်၍နေသည်။ ဝါးတဲတန်းအမိုးမှာ မန်းချောင်းကမ်းစပ်နားအထိ ရှိနေသဖြင့် ထိုအမိုးအောက်တစ်လျှောက်တွင် ခာတ်ပုံဆရာများ၊ ဘောကွင်း ငှားသူ၊ ရောင်းသူများက နေရာယူထားကြသည်။ ရေနွေးကြမ်း၊ အကြော်စုံ၊ မုန့်မျိုးစုံနှင့် ထမင်းဟင်း ရောင်းသည့် လမ်းလျှောက်ဈေးသည်များကလည်း ထိုလမ်းပေါ်တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း တကြော်ကြော်အော်ကာ ဝမ်းစာရှာနေကြသည်။

ထိုသို့ ရောင်းချနေရင်းမှ ခဏတစ်ဖြုတ် နားနေကြကာ စာရေးသူတို့ဘုရားဖူးများအား အကဲခတ်လေ့ရှိကြသည်။ရေနွေးရောင်းသည့်လမ်းလျှောက်ဈေးသည်များမှာ အများအားဖြင့် ကျောင်းနေအရွယ် ကလေးပေါ်များသာဖြစ်နေသည်ကို သတိထားမိသည်။

www.burmeseclassic.com



အထူးချောင်းတူးတံတား ဝင်ပေါက်မုခ်ဦးကြီး



အောက်စက်တော်ရာ တန်ဆောင်းတော်ကြီး



အောက်စက်တော်ရာ တန်ဆောင်းတော်ကြီး အတွင်းမြင်ကွင်း

ထို့ပြင် အကြောပြင်ဆရာ၊အနှိပ်ဆရာ ဟူသော ဆိုင်းဘုတ်ငယ်များ ချိတ်ဆွဲထားသည့် တောင်ဝှေးကိုယ်စီကိုင်ကာ ဖောက်သည်ရှာနေသောအနှိပ်ဆရာ အရွယ်စုံကိုလည်း တွေ့ရသည်။ အမျိုးသမီးများအတွက် အမျိုးသမီးအကြောပြင် အနှိပ်သည်များကိုလည်း တွေ့ရသည်။

ရေနွေးရောင်းသည့် ၁၂ နှစ်သမီးလေးနှင့် အသက် ၂၀ အရွယ်ရှိ အမျိုးသမီးအနှိပ်သည်တို့ကို စာရေးသူ၏ဇနီးသည်ကခေါ်ကာ ဝယ်ယူအားပေးပြီးနောက် ယင်းတို့၏ ဘဝအကြောင်း တစေ့တစောင်း မေးမြန်းခဲ့ရာ ပတ်ဝန်းကျင် ကျေးရွာများမှလာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ပွဲတော်ကာလအတွင်း ဂေါပကအဖွဲ့မှ သတ်မှတ်ထားသည့် နေရာများတွင် အလှူငွေအဖြစ် ရှစ်ထောင်၊ တစ်သောင်း စသည်ဖြင့် ပေးလှူကာ ထိုမြေပေါ်တွင် ယာယီတဲထိုးပြီး မိသားစုလိုက်လာရောက်နေထိုင်ကြကာလုပ်ကိုင်စားသောက်နေကြကြောင်း၊ ကလေးများအနေနှင့် စာရေးတတ်ဖတ်တတ်ရုံမျှသာ ကျောင်းနေခွင့်ရပြီးနောက်ပိုင်းတွင် မိသားစု စားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ယခုကဲ့သို့ ကူညီနေရကြောင်း၊ ဘုရားပွဲတော်ပြီးသွားလျှင်လည်း ရွာသို့ပြန်ကာ ရရာအလုပ်ကိုလုပ်ကိုင်ကြရမည်ဖြစ်ကြောင်း သိရသည်။

စာရေးသူတို့အနေနှင့် အပြင်ထွက်ချင်စိတ် မရှိလောက်အောင်ပင် ပူပြင်းသည့်နေရောင်အောက်ရှိ မန်းချောင်းအတွင်းဝယ် အပူအပင်ကင်းစွာ မြူးထူးပျော်ပါး ဆော့ကစားနေကြသူများနှင့် စာရေးသူတို့ ရှေ့တွင် ယခုကဲ့သို့ မိသားစု စားဝတ်နေရေးအတွက် အပြေးအလွှား ရုန်းကန်လှုပ်ရှားနေကြသူများကို နှိုင်းယှဉ်ကြည့်ရင်း သံဝေဂ ပွားမိခဲ့သည်။

သို့ဖြစ်၍ စာရေးသူတို့လည်း နေပူဒဏ်ကို မခံနိုင်သဖြင့် တဲတွင်း၌



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ကာ အချိန်ကုန်ခံမည့် အစား အောက်စက်တော်ရာကို သွားရောက် ဖူးမြော်ကြရန် ထွက်ခွာခဲ့ကြသည်။

အောက်စက်တော်ရာသည် ရွှေစက်တော်ဘုရားပွဲ ပွဲခင်း၏ အလယ်တည့်တည့်တွင် ရှိသည်။ အထက်စက်တော်ရာနှင့်မူ မန်းချောင်းက ခြားထားသည်။ အပြင်မှ လာကြသူများအဖို့ အထက်စက်တော်ရာ တောင်ခြေရင်းသို့ ဝင်ရောက်ခဲ့ကြပြီးနောက် ဂေါပကအဖွဲ့ရုံး၏ ဗဟိုအလှူခံဌာနရှေ့မှ ဖြတ်ကာ "မန်းစက်တော်ရာ ဗုဒ္ဓပူဇနီယ ဘုရားပွဲတော်"ဟု နဖူးစီးစာတန်းရေးထိုးထားသည့် ဝင်ပေါက်မုခ်ဦးကြီးအောက်ရှိ အထူးချောင်းကူးတံတားကြီးအတိုင်း ဝင်ရောက်လာပါက တံတားအဆုံး ဝဲဘက်မျက်စောင်းထိုးတွင် အောက်စက်တော်ရာ တန်ဆောင်းတော်ကြီးကို မြင်တွေ့နိုင်သည်။

စာရေးသူတို့ တည်းခိုလျက်ရှိသည့် ဝါးတဲမှ ခြေကျင်လျှောက်ခဲ့ရာတွင်မူ ဆယ်မိနစ်ခန့် လျှောက်ခဲ့ကြရသည်။ အောက်စက်တော်ရာ တန်ဆောင်းတော်ကြီးမှာ မြန်မာမှု အနုလက်ရာ စုလစ်မွမ်းချွန်တို့ဖြင့် ပြာသာဒ်အထွတ်တင်ကာ ကနုတ်ပန်းလက်ရာများဖြင့် ခြယ်မှုန်းထားသဖြင့် ထည်ဝါခမ်းနားလျက်ရှိပြီး တန်ဆောင်းအတွင်း၌မူ ငွေရောင် သံရက်မကြီးများ၊ ရွှေရောင် တိုင်လုံးကြီးများဖြင့် လုံခြုံခိုင်ခံ့မှုကို ဦးစားပေးကာ တည်ဆောက်ထားသည်ကို တွေ့ရသည်။


ထိုတန်ဆောင်းကြီးနှင့် ကပ်လျက် ကျွန်းတိုင် ၁၆ တိုင် ရွှေပြာသာဒ်တန်ဆောင်းတော်မှာကောဇာသက္ကရာဇ် ၁၂၄၅ ခုနှစ်၌ တည်ဆောက်ခဲ့သော သီပေါမင်း၏ကောင်းမှုတော်ဖြစ်ကြောင်း သိရသည်။

ဘုရားရှင်၏ ခြေတော်ရာမှာ သီပေါမင်း၏ ကောင်းမှုတော်ဖြစ်သော ရွှေပြာသာဒ်တန်ဆောင်းတော်အတွင်း၌ စံပယ်တော်မူလျက် ရှိသည်။

ထိုတန်ဆောင်းတော်အတွင်း ခြေတော်ရာကို သံပန်း၊ သံတံခါး၊ သံတိုင်များဖြင့် ကာရံထားပြီး ပွဲတော်ကာလအတွင်းဖြစ်၍ သံမဏိ အုပ်ဆောင်းကြီးကိုမူ ဖွင့်ထားပေပြီ။

ခြေတော်ရာအနီးတွင် ရွှေစင်ရွှေသားအစစ်ဖြင့် ထုလုပ်ပူဇော်ထားသည့် ခြေတော်ရာပွား တစ်ဆူကိုလည်း ဖူးတွေ့ရသည်။

ထိုခြေတော်ရာပွားမှာ ၄ ပေ ၂ လက်မ × ၁ ပေ ၁၀ လက်မ အရွယ်အစားရှိပြီး အလေးချိန် နှစ်ပိဿာ ရှစ်ကျပ်သား တစ်ဆယ်ပဲ ငါးရွေး ရှိသည်။ ၁၉၈၅ ခုနှစ်တွင် ရွှေပန်းထိမ်ပညာရှင်များကထုလုပ်ပူဇော်ထားခြင်းဖြစ်ကြောင်းနှင့် ပွဲတော်ကာလအတွင်း၌သာ ဤနေရာတွင် အပူဇော်ခံထားကြောင်းသိရသည်။ ထိုရွှေစင်ရွှေသား ခြေတော်ရာပွားကိုလည်း မှန်ကျောင်းဆောင်အတွင်း၌ ထားရှိပြီး အပြင်ဘက်တွင် သံတိုင်များ ကာရံထားသည်ကို တွေ့ရသည်။





ရွှေစင်ရွှေသား ခြေတော်ရာပွားအား ဖူးတွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com




ဘုရားရှင်၏ ပါဒရွှေစက်တော် စံပယ်ရာနေရာကို သံတိုင်၊ သံတံခါး တို့ဖြင့် လုံခြုံစွာကာရံထားရာ ထိုသံတံခါးမှာ တစ်ကြိမ် လူတစ်ယောက် ဝင်နိုင်ရုံမျှသာ ဖွင့်ထားသဖြင့် ရွှေချပူဇော်လိုသူများ အတွင်းသို့ စိတ်ရှည်သည်းခံဖွဲ့သန်သန်ဖြင့် ကြိုးစားဝင်ရောက်ကြရသည်။ စာရေးသူလည်း အများနည်းတူ ဝင်ရောက်ခဲ့ကာ ဘုရားရှင် ပါဒစက်တော်ရာကို လေ့လာကြည့်ရှုရင်း မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ရည်စူးလျက် ရှိခိုးပူဇော် ဖူးမြော်ဖြစ်ခဲ့သည်။


မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးသည် စန္ဒကူးနံ့သာ ကျောင်းတော်မှ အပြန်ခရီးတွင် နမ္မဒါမြစ် (မန်းချောင်း)ကမ်း၌ ခေတ္တနားနေတော်မူစဉ် နမ္မဒါနဂါးမင်းသည် ဘုရားရှင်အား ဖူးမြော်၍ မဝသဖြင့် နဂါးပြည်သို့ ပင့်ဆောင်ကာ ပူဇော်ခဲ့သည်။

ထို့နောက် ဘုရားရှင်သည် နဂါးပြည်မှ ပြန်လည် ကြွမြန်းတော်မူရာ နမ္မဒါမြစ်ကမ်းဘေးသို့ ရောက်သည်တွင် နမ္မဒါနဂါးမင်း၏ တောင်းပန်လျှောက်ထားချက်အရ သတ္တဝါအများ၏အကျိုးစီးပွားကို မြင်တော်မူသဖြင့် နမ္မဒါမြစ် (မန်းချောင်း) ကမ်းနံဘေး ကျောက်ဖျာပေါ်တွင် တစ်ရှုရှစ်ကွက် လက္ခဏာတော်များနှင့်တကွ ရွှေစက်တော်ကို ထင်စေသော ဝဲဘက်ခြေတော်ရာတစ်ဆူကို ချထား ပေးသနားတော်မူခဲ့သည်ဟု ဆိုသည်။ မန်းချောင်းနံဘေးတွင် ရှိသဖြင့် မန်းရွှေစက်တော်ဟု ခေါ်တွင်ခဲ့ခြင်း



www.burmeseclassic.com

www.burmeseclassic.com



လှူရှင်းနေစဉ် ခြေတော်ရာ သံတိုင်တန်ဆောင်း ဝင်ပေါက် မြင်ကွင်း

ဖြစ်ပြီး ရွှေစက်တော်ဆိုသည်မှာ ၁၀၈ ကွက် လက္ခဏာတော်တို့မှအပ သီးခြား ဖြစ်သော စက်ဝိုင်းသဏ္ဌာန် ပုံတောင်း စကြာပုံတော်ကို ဆိုလိုကြောင်း သိရ သည်။

၁၀၈ ကွက် လက္ခဏာတော်များ မှာလည်း စကြဝဠာကြီး၏ ပဓာနကျ သည့် ထင်ရှားသော အစိတ်အပိုင်းများ နှင့် စကြဝတေးမင်း၏ အသုံးအဆောင် အခြွေအရံ ပရိသတ်များသာဖြစ်သည်။ ဩကာသလောကကို သရုပ်ဖော်ကွက် ၅၉ ကွက်၊ သတ္တလောကကို သရုပ်ဖော် ကွက် ၂၁ ကွက်နှင့် သင်္ခါရလောကကို သရုပ်ဖော်ကွက် ၂၈ ကွက် စုစုပေါင်း ၁၀၈ ကွက်ရှိသဖြင့် စကြာမင်း အသုံး အဆောင် အခြွေအရံများနှင့်တကွ လောကသုံးပါးတို့သည် ဘုရားရှင်၏ ခြေဖဝါးတော်အောက်တွင် ရှိသည်ကို ဖော်ပြနေခြင်းပင် ဖြစ်သည်။

ပညာရှိများ၏ မိန့်ဆိုချက်အရ ဘုရားရှင်၏ ခြေတော်ရာသည် ဘုရား ရှင်၏ လက်တော်ဖြင့် တစ်ထွာ လက် လေးသစ်သာ ရှိသည်ဟု ဆိုသည်။

ယခု ခြေတော်ရာ ကြီးမားနေ ခြင်းမှာ ပြည်မြို့မှ ပဥ္စာလှကျောင်း ဆရာတော် ဦးသုဇာတ၊ ဦးမေဓာ စသည့်ဆရာတော်ကြီးများက ခြေတော် ရာကို ကြေးနဂါးနှစ်ကောင်ဖြင့် ဝန်းရံ ပုံဖော်ထားသည်ကို ဘုရားဖူးများက သဒ္ဓါတရားထက်သန်စွာ ရွှေမျက်ပါး များအထပ်ထပ်ချလှူကာပူဇော်ကြသဖြင့် ဖြစ်ကြောင်း၊ ကြေးနဂါးနှစ်ကောင်၏ အလေးချိန်မှာ ကြေးချိန် ၁၂၀၀ ရှိ ကြောင်း သိရသည်။

ခြေတော်ရာ ဖနောင့်တော် နေရာ၌ အလုံးကြီးတစ်လုံးရှိနေခြင်းမှာ သာလွန်မင်းတရားကြီး လာရောက် ဖူးမြော်ခဲ့စဉ်က ဗောင်းတော် (ခေါင်း ပေါင်း) ကျွတ်ကျခဲ့သည်ကို ပြန်ကောက် တော်မမူဘဲ ရတနာအပြည့်ထည့်ကာ ရွှေချလှူဒါန်း ပူဇော်ထားခြင်းဖြစ်သည် ဟု ဆိုသည်။

ရိုသေနှိမ့်ချမှုနှင့် ရှေးထုံးစဉ်လာ အရ ခြေတော်ရာ သံတိုင်တန်ဆောင်း အတွင်းသို့ အမျိုးသမီးများ ဝင်ရောက် ခြင်း မပြုကြရန် တားမြစ်ထားသည်။






ရွှေစင်ရွှေသား လက္ခဏာတော်များနှင့် စက်လက္ခဏာတော်တို့ကို ဒေသားတကျတပ်ဆင်နေကြပုံနှင့် တပ်ဆင်ပြီးနောက်တွေ့ရပုံ

www.burmeseclassic.com

သိလျက်နှင့် ဝင်ရောက်ခဲ့ပါလျှင် လင်ကွဲ၊ သားကွဲ ဖြစ်တတ်သည်ဟု ဆိုသည်။

သရေခေတ္တရာပြည့်ရှင် ဒွတ္တဘောင်မင်းကြီး လက်ထက်မှစကာ အင်းဝဘုရင် ဒုတိယမင်းခေါင်၊ သားတော် ရွှေနန်းကြော့ရှင်လက်ထက်အထိ အစဉ်အဆက် ရွှေစက်တော်အား လာရောက်ပူဇော် လှူဒါန်းခဲ့ကြပြီးနောက် ပိုင်း မင်းကိုးဆက် နှစ်ပေါင်း ၁၂၀ ကျော်တိုင်တိုင် ရွှေစက်တော်မှာ ကွယ်ပတိမ်မြုပ်လျက် ရှိသဖြင့် သက္ကရာဇ် ၉၉၁ ခုနှစ်တွင် နန်းတက်သော သာလွန်မင်းတရားကြီးလက်ထက်တွင် အနန္တဓဇဆရာတော်၊ အရိယာလင်္ကာရ ဆရာတော်၊ တိလောကာလင်္ကာရ ဆရာတော်၊ သီရိသုဓမ္မ ရာဇဂုရု တောင်ဖီလာဆရာတော်ကြီးတို့က တိမ်မြုပ်ကွယ်ပလျက်ရှိသော စက်တော်ရာနှစ်ဆူကို ရှာဖွေလိုကြောင်း သာလွန်မင်းတရားကြီးထံ စာရေးသား ဆက်သွင်းတော်မူခဲ့ကြသည်။



နဂါးရုံရုပ်ပွားတော်

ထိုအခါ သာလွန်မင်းတရားကြီးသည် နောက်ပါသံဃာ ၁၂ ပါးနှင့်တကွ စားနပ်ရိက္ခာ၊ စီးနင်းသွားရန် လှေ၊ တက်၊ လူသူ လက်နက်ကိုင် အစောင့်အရှောက်များ လှူဒါန်း စီစဉ်ပေးတော်မူခဲ့သည်။ ထိုစဉ်က စက်တော်ရာနှစ်ဆူကို ရှာဖွေခဲ့ရာတွင် အလွန်နက်သော တောကြီးအတွင်းသို့ ဝင်ရောက်ရှာဖွေခဲ့ရသည်ဟု ဆိုသည်။






ဘုရားရှင်အား ရည်စူးကာ ပါဒစက်တော်ရာအား ကြည်ညိုပူဇော် ဖူးမြော်နေကြသူများ



www.burmeseclassic.com

www.burmeseclassic.com






တောင်းပန်ရ
စေတီ


ဆရာတော်ကြီးများသည် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ် ကဆုန်လပြည့် နေ့တွင် ရေကြောင်းခရီးဖြင့် စုန်တော်မူခဲ့ကြပြီး မင်းဘူး ဆိပ်ကမ်းသို့ ရောက်သည်နှင့် ကမ်းသို့ တက်ပြီးလျှင် တောကြမ်းခရီး နှင်ကာ အစဉ်လိုက်ရင်း ကြွသွားတော်မူခဲ့ကြသည်။

ဤသို့ဖြင့် ယခု စက်တော်ရာ အနီး အရံစောင့်ရွာတည်ရာ အရပ်ရှိ သစ်ပင်ကြီးတစ်ပင်အောက်၌ စခန်းချတော်မူခဲ့ကြပြီး ညဉ့်အခါ ပရိတ်ရွတ်ခြင်း၊ ကျမ်းဂန်များ ပူဇော်ခြင်းတို့ဖြင့် ညဥ့်ဦးယံ၊ သန်းခေါင်ယံတို့ကို ကျော်လွန်စေပြီး ခေတ္တကျိန်းစက်တော်မူခဲ့ကြသည်။

ထိုစဉ် လူတစ်ယောက်သည် လုံတံကိုင်လျက် ခွေးနက်ကြီးတစ်ကောင်နှင့်အတူ မိမိ၏ရှေ့မှောက်သို့ ရောက်လာခဲ့ပြီး အန္တရာယ် အလွန်များသော ဤတောအတွင်းသို့ လာရောက်ရခြင်း အကြောင်းကို မေးလျှောက်ခဲ့သည်။ မိမိက ငါတို့သည် မြတ်စွာဘုရား သား




အမှတ်တရပစ္စည်းအရောင်းဆိုင်လေးတွင် တွေ့ရသည့်
ဘုရားသမိုင်းစာအုပ်များ



တောင်းပန်ရစေတီ ပတ်ဝန်းကျင်မြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com





တော်များဖြစ်၍ ဤဒေသ၌ ငါတို့၏ အနန္တသခင် ကျေးဇူးရှင် ဖြစ်တော်မူသော ဘုရားရှင် ချထားတော်မူခဲ့သည့် ပါဒစက်တော်ရာနှစ်ဆူကို ရှာဖွေပူဇော်ရန် လာရောက်ကြခြင်း ဖြစ်ကြောင်း ပြောရာ ထိုသူက နံနက်လင်းသည့်ကာလ ခွေးနက်ကြီးဝင်ရာတောသို့လိုက်လျှင် တွေ့လိမ့်မည်ဟု ပြောကြောင်း မိမိမြင်မက်ခဲ့သည့် အိပ်မက်ကို တောင်ဖီလာဆရာတော်က ကျန်ဆရာတော်သုံးပါးတို့အား ပြောကြားတော်မူခဲ့သည်။

နံနက်အရုဏ်ဆွမ်း ဘုဉ်းပေးပြီးသည်နှင့် ဆရာတော်ကြီးများသည် ထိုနေရာမှ ထွက်တော်မူကြကာ ရှာဖွေရာတွင် အိပ်မက်အတိုင်းပင် ခွေးနက်ကြီးတစ်ကောင်ကို တွေ့သဖြင့် နောက်မှလိုက်တော်မူကြရာ ခွေးနက်ကြီးသည် နမ္မဒါမြစ်တစ်ဖက်ကမ်းသို့ကူးပြီးနောက် ပျောက်ကွယ်သွားသည်ကို တွေ့လိုက်ကြရလေသည်။

ဆရာတော်များလည်း အစဉ်တစိုက်လိုက်၍ တစ်ဖက်ကမ်းသို့ ကူးကြရာ မြစ်တစ်ဖက်ကမ်းထိပ်တွင် ဘီလူးတစ်ကောင် ထိုင်နေသည်ကို တွေ့လိုက်ကြရသည်။ ထိုဘီလူးက ဘုန်းကြီးတို့ဘာကိုရှာဖွေကြသနည်းဟု မေးသဖြင့် ဆရာတော်များက အကျိုးအကြောင်းပြောပြသည်တွင် ဘီလူးက ထိုင်ရာမှထကာ "ဤကား ပထမခြေတော်ရာတည်း" ဟု အောက်ခြေတော်ရာကို ပြလေသည်။

ဆရာတော်များလည်း ဘုရားရှင်ကို ကိုယ်တိုင်ဖူးတွေ့ရသကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ရှိခိုးပူဇော်ကြသည်တွင် ခြေတော်ရာစက်ပါဒမှ ရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးကာ အပူဇော်ခံခဲ့လေသည်။ ရောင်ခြည်တော် စဲသည်နှင့် ဘီလူးက မြစ်တစ်ဖက်ကမ်းအထက်တောင်ပေါ်တွင် ဒုတိယခြေတော်ရာရှိ



တောင်းပန်ဦးဘုရားတန်ဆောင်းအတွင်းမှ ရုပ်ပွားတော်များ



တောင်းပန်ဦးစေတီမှ လှမ်းမြင်ရသည့် အထက်ခြေတော်ရာ




www.burmeseclassic.com

www.burmeseclassic.com



တန့်တော်ဦးဘုရား စော်ရုပ်ရုပ်ပွားတော်



တန့်တော်ဦးဘုရားအနီးရှိ မဟာဗောဓိညောင်ပင်

သေးသည်၊ တောင်ထိပ်သို့တက်လော့ဟု ဆိုသဖြင့် ဆရာတော်များတောင်ထိပ်သို့ တက်ရောက်ဖူးမြော်ကြရာ အထက်စက်တော်ရာမှ ထန်းလုံးခန့်ပမာဏရှိ ရောင်ခြည်တော်သည် ကောင်းကင်သို့ တက်ပြီးလျှင် တောင်ခြေရင်းသို့ ရွှေတိုင်စိုက်သကဲ့သို့ ဝင်လေသည်။

တောင်ဖီလာဆရာတော်သည် အထက်စက်တော်ရာအား ဖူးမြော်ခဲ့ပြီး ပဋ္ဌာန်းဒေသနာတော်ဖြင့် ပူဇော်ရာ တောင်စောင့်နတ်မင်းက ကောင်းချီးပေးလေသည်။ ထို့နောက် စက်တော်ရာအား သက်နှင်းလွှမ်းခြုံ၍ အဓိဋ္ဌာန်ပြုရာ သက်နှင်းတော်သည် ကြီးကြာသဏ္ဌာန်ကုန်းထ၍ပြသဖြင့် မိမိ၏ရည်မှန်းချက်အတွက် ကြီးစားမှုရမည်၊ ကြာဦးမည်ဟု အတိတ်ကောက်ယူတော်မူခဲ့သည်။

ထို့နောက် ဆရာတော်သည် စက်တော်ရာ နှစ်ဆူကို ချည်မျှင်ဖြင့် ကွင်း၍ တိုင်းထွာပင့်ဆောင်တော်မူကာ နေပြည်တော်ရောက်သည်နှင့် မင်းကြီးအားပေးအပ်ခဲ့ရာ မင်းကြီးလည်းရတနာ ရွှေကြုတ်တော်၌သွင်း၍ အမြဲပူဇော်တော်မူသည်ဟု ဆိုသည်။

[စကားချပ် - တောင်ဖီလာဆရာတော်သည် ရွှေစက်တော်ကို ဖူးပြီးနောက် အပြန်တွင် ပခန်းကြီးမြို့၌ သီတင်းသုံးတော်မူသော ရွှေဥမင်ဆရာတော်ထံ ဝင်ရောက်ဖူးမြော်ခဲ့သည်။ ထို့နောက် အင်းဝသို့ ပြန်လည်ကြွမြန်းတော်မမူဘဲ စစ်ကိုင်းတောင်တွင် တောရိပ်ခို၍ တရားကျင့်ကြံ အားထုတ်တော်မူခဲ့သည်။ မင်းကြီးထံသို့မူ စာဖြင့်သာ ပေးပို့အကြောင်းကြားခဲ့သည် ဟူသော အဆိုရှိသည်ကိုလည်း မှတ်သားရဖူးသည်။]





ဘုရားသုံးဆူ အလိုတော်ပြည့်အောင်မြေတန်ဆောင်းအတွင်းမှ ရုပ်ပွားတော်များ

www.burmeseclassic.com

www.burmeseclassic.com






ရွှေဇရုံဆုတောင်းပြည့်ပဌာန်းစေတီ အာရုံခံတန်ဆောင်းအတွင်းမှ ရုပ်ပွားတော်

သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်တွင် ပါဠိလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးသည် ရွှေစက်တော်တွင် စေတီငါးဆူ တည်တော်မူခဲ့သည်ဟု ဆိုသည်။

ထိုစေတီတော် ငါးဆူအနက် သတ္တလောက၏ အကျိုးစီးပွားအလို့ငှာ နမ္မဒါမြစ်ကမ်းနဖူးတွင် ဘုရားရှင် ရပ်တန့်တော်မူရာ အရပ်၌ တိဋ္ဌမည်သော တန့်တော်ဦးစေတီ၊ နမ္မဒါနဂါးမင်းသည် အခြွေအရံများစွာနှင့် လာရောက်ကာ ရတနာ မျိုးစုံဖြင့် ပူဇော်ရာအရပ်၌ ရတနာပုဏ္ဏမည်သော တောင်းပန်ဦးစေတီ၊ နောင်တွင် ကိုးကွယ်ဆည်းကပ်ရန်အတွက် တစ်စုံတစ်ရာ ချီးမြှင့်တော်မူရန် နဂါးမင်း တောင်းပန်သည်တွင် ပါဒခြေတော်ရာချအံ့ဟူ၍ ရပ်တော်မူရာအရပ်၌ ဌာနမည်သော တောင်းပန်ရစေတီတော်တို့ကို အောက်စက်တော်ရာရှိသော နမ္မဒါမြစ်ဘက်ကမ်း၌ တည်တော်မူခဲ့ကြောင်း သိရသည်။



www.burmeseclassic.com

www.burmeseclassic.com


အောက်စက်တော်ရာ တန်ဆောင်းအတွင်းမှ ထွက်ခဲ့ပြီးနောက် အထက်သို့ စောင်းတန်းအတိုင်း တက်ခဲ့ရာ ရှေးဦးစွာ နဂါးရုံရုပ်ပွားတော်ကို ဖူးတွေ့ရပြီး ကိုးနဝင်းစေတီ၊ တောင်းပန်ရစေတီတော်ကို ဖူးတွေ့ရသည်။

ထိုမှဆက်၍ မြောက်ဘက်သို့ တက်သွားသည်တွင် တောင်းပန်ဦးစေတီတော်ကို ဖူးတွေ့ရသည်။ ထို့နောက် ကျွန်းလုံးတစ်လုံးတည်းဖြင့် ထုလုပ်ထားသော တန့်တော်ဦးရှေးဟောင်း မတ်ရပ်ရုပ်ပွားတော်ကိုလည်း ဖူးတွေ့ရသည်။

တောင်းပန်ဦး၊ တောင်းပန်ရစေတီတော်တို့မှ အရှေ့မြောက်ဘက်ရှိ တောတန်းကို ဖြတ်ကျော်ပြီးနောက် ခပ်လှမ်းလှမ်းတွင် ချင်းဘုရားကို ဖူးတွေ့ရသည်။ ချင်းဘုရားမှာ တောင်ကုန်းငယ်ပေါ်တွင် တည်ရှိပြီး ၁၃၀၈ ခုနှစ်တွင် တည်ခဲ့ကြောင်းသိရသည်။ ယခင်က မြောက်ပိုင်း (စေတုတ္တရာ) ချင်းများစုပေါင်းနေထိုင်သည့် ကျေးရွာရှိခဲ့ပြီး အိမ်ထောင်စု ၃၀ ခန့်တို့သည် ၁၃၂၄ ခုနှစ် (ခရစ် ၁၉၆၂ ခုနှစ်)အထိ နေထိုင်ခဲ့ကြသည်ဟုဆိုသည်။ မူလက ထိုစေတီ၏ ဘွဲ့မည်တော်မှာ "အေးစေတီ" ဖြစ်ပြီး ထိုချင်းလူမျိုးတို့၏ လုပ်အားကုသိုလ်ဖြင့် တည်ခဲ့သောဘုရားဖြစ်၍ "ချင်းဘုရား"ဟု ဘွဲ့မည်တော်တွင်ခြင်း ဖြစ်သည်ဟု ဆိုသည်။

နှောင်းခေတ်တွင် တည်သည့် လေးကျွန်းစကြာစေတီတော်၊ ရုပ်ပွားတော်များ၊ ရုပ်တုများ၊ ကျောက်စက်ရေနတ်ရေကန်များအနီးရှိ သစ္စာမဏ္ဍိုင်ဆုတောင်းပြည့်စေတီ၊ ၁၀၈ တောင်နဂါးမင်းရုပ်တုနှင့် ရုပ်တော်မူရုပ်ပွားတော်၊ အောက်ခံအုတ်တိုက်ပေါ်တွင် ဖန်ခွံသီးနှင့် သပိတ်လှန်ပုံတို့ကို ဆင့်ကာတင်ထားပြီး သပိတ်လှန်ပုံအပေါ်တွင် စေတီတည်ထားသည့်သပိတ်လှန်ပဌာန်းစေတီကိုလည်း ဖူးတွေ့ရသည်။

ခပ်လှမ်းလှမ်းတွင် ပွဲတော်ဦးစေတီကို ဖူးတွေ့ရပြီး ထိုစေတီကို





ရွှေဗရုံဆုတောင်းပြည့် ပဌာန်းစေတီအား အနီးကပ်ဖူးတွေ့ရပုံ




www.burmeseclassic.com


www.burmeseclassic.com
















www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com




လျှပ်စစ်မီးရောင်စုံ ထိန်ထိန်လင်းသော ရွှန်းလဲ့လျက်ရှိသည့် အောက်စက်တော်ရာ တန်ဆောင်းတော်ကြီး




www.burmeseclassic.com

www.burmeseclassic.com



ညဘက် မီးရောင်စုံအလှ









လပြည့်နေ့ညတွင် တွေ့ရသည့် ဝင်ပေါက်မုခ်ဦးကြီး


ကောဇာသက္ကရာဇ် ၁၂၀၄ ခုနှစ်၊ ကုန်းဘောင်ခေတ်တွင် အမရပူရမြို့ မဟာမင်းလှစစ်သူကြီးက တည်ထားခဲ့သည်ဟု သိရသည်။

အောက်စက်တော်ရာ ကျောဘက်ရှိတောင်ပေါ်မှ စေတီတော်၊ ရုပ်ပွားတော်များအား ဖူးမြော်ခဲ့ပြီးနောက် အချိန်စောနေသေးသဖြင့် မန်းချောင်းအတွင်း၌ ရေဆင်းချိုးရန် စိတ်ကူးပေါ်ခဲ့သဖြင့် ဝါးတဲသို့ ပြန်ခဲ့သည်။

ဝါးတဲသို့ရောက်ပြီးနောက် မန်းချောင်းအတွင်းသို့ လှမ်းကြည့်လိုက်ရာ စာရေးသူ ရေဆင်းချိုးမည့် အထက်ရေညာကမ်းစပ်တွင် အဝတ်လျှော်နေသူများ၊ ထမင်းချိုင့်၊ ဟင်းချိုင့်၊ ပန်းကန်ခွက်ယောက် ဆေးကြောနေကြသည်များကို တွေ့လိုက်ရပြီး ချောင်းအတွင်း၌လည်း မြူးထူးပျော်ပါး ဆော့ကစားနေကြသည့် ပရိသတ်မှာ များပြားလှ

www.burmeseclassic.com

www.burmeseclassic.com



ပွဲဈေးတန်း တစ်စိတ်တစ်ဒေသ မြင်ကွင်း

သဖြင့် မန်းချောင်းအတွင်း၌ ရေဆင်း မချိုးဖြစ်ခဲ့တော့ပေ။

မလှမ်းမကမ်းတွင်ရှိသော လက်လှုပ်ရေပင်စက်မှ ရေဖြင့်သာ ရေချိုးဖြစ်ခဲ့တော့သည်။

ညနေ ၆ နာရီခွဲတွင် နေညိုကြိုလာခေါ် သဖြင့် စာရေးသူတို့ တည်းခိုရာ ဝါးတဲမှ မိနစ် ၂၀ ခန့် ခြေကျင်လျှောက်ကြရသည့် ရွှေမန်းစားသောက်ဆိုင်သို့ လိုက်ပါကာညနေစာစားဖြစ်ခဲ့ကြသည်။

စိတ်အေးချမ်းသာစွာ ညနေစာ စားခဲ့ကြပြီးနောက် ပွဲခင်းဈေးတန်း လျှောက်ရင်း လျှပ်စစ်မီးရောင်စုံတို့ဖြင့် သွယ်တန်းအလှဆင် ပူဇော်ထားသော ရွှေစက်တော်ဘုရား၏ တပေါင်းလ ပြည့်ည အလှမြင်ကွင်းများကို တရှိုက်မက်မက် ကြည့်ရှုခံစားဖြစ်ခဲ့သည်။

ထို့နောက် အောက်စက်တော်ရာ တန်ဆောင်းတော်ကြီးအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ပါဒစက်တော်ရာရှေ့သို့ရောက်သည်တွင် ဘုရားရှင်၏ ပုံတော်၊ ဂုဏ်ကျေးဇူးတော်တို့ကို အာရုံပြုကာ မြတ်မြတ်နိုးနိုး ရှိခိုးပူဇော်ဖြစ်ခဲ့သည်။

ထိုသို့ ရှိခိုးပူဇော်ခဲ့ပြီးနောက် မိမိ၏စိတ်အစဉ်ကို ပြန်လည် ဆင်ခြင်ကြည့်မိသည်။

ထိုနေ့တစ်နေ့တာ ကြုံဆုံခဲ့ရသည့် ဣဋ္ဌာရုံ၊ အနိဋ္ဌာရုံ မျိုးစုံတို့ သည် ယခုအခါပပျောက်ကာ နှလုံးစိတ်ဝမ်း အေးချမ်းလျက် ရှိသည်ကို သိလိုက်ရသည်။ တစ်ဆက်တည်းပင် ဘုရားပွဲတော်ချိန်မဟုတ်သောအခါမျိုးတွင် လာရောက်ဖူးမြော်ခွင့်ရပါက တွေ့ထိခံစားရမည့် ဆိတ်ငြိမ်အေးချမ်းမှုတို့ကို စိတ်ကူးပုံဖော်ကာ စဉ်းစားမိလိုက်သေးသည်။ ထိုစိတ်ကူးပုံဖော်မှုသည်လည်း ကြာမြင့်ခွင့် မရှိပါချေ။

အထက်စက်တော်ရာသို့ နံနက် စောစောပိုင်းတွင် တက်ရောက်ဖူးမြော်ကြမည်ဖြစ်၍ ယနေ့ည စောစောအိပ်ကြရန်ဟူသော အသိက ဝင်ရောက်ခဲ့သဖြင့်အောက်စက်တော်ရာတန်ဆောင်း အတွင်းမှ ထွက်ကာ ဝါးတဲသို့ ပြန်ခဲ့ကြသည်။

(ဆက်ရန်)

❒ မင်းဂုဏ်

**စာကိုး**

၁။ ရွှေစက်တော်သမိုင်းစုံ။ ရွှေစက်တော် လမ်းညွှန်၊ နဂါးပွက်တောင် မှတ်တမ်း။ ဦးဌေးမြင့်သိမ်း (ဒဿနိက)

၂။ မန်းရွှေစက်တော်သမိုင်း။ ကျော်စိန်ဝင်း (မင်းဘူး)

၃။ မန်းစက်တော်ရာနှင့် စေတီလေးဆူသမိုင်းမူခေါ် မန်းစက်တော်ရာ သမိုင်းပေါင်းစုံ။ ဆရာကြီး ဦးတင်ရှိန်

၄။ အရှင်ပုညာနန္ဒ ပူဇော်သည့် ရွှေစက်တော်သမိုင်းစုံ၊ စက္ကိန်းတဲ ရွှေစေတီသမိုင်းနှင့် နဂါးပွက်တောင်မှတ်တမ်း ဒီဗီဒီ၊ စီစဉ်သူ ဦးဌေးမြင့်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



# ဆုတောင်းပြည့်စေ အလောင်းတော်ကဿပ

## တက္ကသိုလ်မျိုး

စာရေးသူအနေနှင့် အသက်အရွယ်အရ တခြားတခြားသော အကြောင်းအရာများကို မရေးလိုတော့ပေ။ ဘာသာရေးနှင့် ဆက်နွယ်နေသည့် ဆောင်းပါးများကိုသာ ရေးသားလိုသောဆန္ဒ ဖြစ်ပေါ်ခဲ့သည်မှာ လွန်ခဲ့သော သုံးလေးနှစ်ကပင် ဖြစ်သည်။ ဗုဒ္ဓဂယာ ဘုရားဖူးခရီးထွက်ပြီးနောက် ဗုဒ္ဓဘာသာ ဘုရားဖူးခရီးစဉ်နှင့် သက်ဆိုင်သော ဆောင်းပါးများကို ရေးသားပြီး မဂ္ဂဇင်းများ၌ ဖော်ပြခဲ့ပြီးနောက်ပိုင်း စာရေးသူအနေနှင့် ဘုရားသမိုင်းများကို အဓိကထား၍ ရေးသားခဲ့ရာမှ ဖူးမြော်ကြည်ညိုခဲ့ဖူးသော ဘုရားစေတီများ၏ သမိုင်းနှင့် ထူးခြားဖြစ်စဉ်များကို အတော်များများ ရေးသားဖြစ်ခဲ့သည်မှာ ယနေ့အထိ ဘုရားစေတီ တစ်ရာနီးနီးပင် ရှိခဲ့လေပြီ။ ထိုသို့ ရေးသားပူဇော် ကုသိုလ်ယူနိုင်ရန် ဘုရားဖူးခရီးစဉ်အတော်များများ ထွက်ခဲ့ရဖူးသည်။

စာရေးသူ၏ အကျင့်စရိုက်တစ်ရပ်မှာ ကိုယ်တိုင်ဓာတ်ပုံရိုက်ယူပြီး ကိုယ်တိုင်ဖူးမြော်ကန်တော့၍ ကိုယ်တိုင်မှတ်တမ်းမှတ်ရာယူပြီးသော စေတီဘုရားများအကြောင်းကိုသာ ရေးသားလေ့ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ထင်ရှားကျော်ကြားသည့် တန်ခိုးကြီးဘုရားများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ ဓာတ်ပုံမှတ်တမ်းရိုက်ယူခြင်း၊ ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ မေးမြန်းစုံစမ်းခြင်းများကို ပြုလုပ်ပြီးမှ ဆောင်းပါးအဖြစ် ရေးသားလေ့ရှိသူတစ်ယောက် ဖြစ်သည်။

၂၀၁၁-၂၀၁၂ ခုနှစ်အတွင်း စာရေးသူသည် ပုဂံနယ်မြေ၊ မန္တလေး မမြို့၊ ရှမ်းပြည်တောင်ပိုင်း တောင်ကြီး၊ အင်းလေးဒေသ၊ ဖျာပုံမြို့နယ် စသည့်အရပ်ဒေသအသီးသီးသို့ သွားရောက်ခဲ့ပြီး ဘုရားစေတီတော်ပေါင်း များစွာ၏ သမိုင်းကြောင်းကို ရေးသားတင်ပြပူဇော် ကုသိုလ်ယူနိုင်ခဲ့သည်။

၂၀၁၂ ကုန်ခါနီးနှင့် ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းတို့၌ စာရေးသူထံ၌ ရေးစရာကုန်ကြမ်းမရှိတော့သည့် အခြေအနေသို့ ရောက်ခဲ့သည်။ ရေးစရာ ဘုရားစေတီများ၏ အကြောင်းအရာ မရှိတော့ပေ။ ထို့ကြောင့် စာရေးသူ ခရီးထွက်ရန် ကြံစည်ခဲ့သည်။ ဆောင်းလယ်ကာလသည် ဘုရားဖူးခရီးထွက်သည့်ကာလဖြစ်၍ ဘုရားဖူးပို့ဆောင်ရေး ကုမ္ပဏီများ၏ ကြော်ငြာများ နေ့စဉ်ထုတ်သတင်းစာများ၌ ပါလာခဲ့သည်။ သွားရောက်မည့် ခရီးစဉ်၊ ပို့ဆောင်ပေးမည့် ဘုရားများ၊ ထွက်ခွာမည့် နေ့ရက်များ၊ ဘုရားဖူးခရီးစဉ်အလိုက် ကုန်ကျမည့် စရိတ်စကများကို ဖော်ပြ၍ ကြော်ငြာခဲ့ကြသည်။

စာရေးသူအနေနှင့် ဇနီးဖြစ်သူ ဒေါက်တာညွှန့်ညွှန့်ရီ မရောက်ဖူးသေးသည့် အလောင်းတော်ကဿပ ဘုရားဖူးရန် ဆုံးဖြတ်ခဲ့သည်။ ထိုသို့ ဆုံးဖြတ်ပြီးနောက် စာရေးသူသည် သတင်းစာ၌ ကြော်ငြာသည့် ဘုရားဖူးပို့ဆောင်ရေး လုပ်ငန်းအသီးသီးသို့ ဖုန်းဆက်မေးမြန်းခဲ့သည်။

တချို့အဖွဲ့တို့က စားစရိတ်ငြိမ်း အလောင်းတော်ကဿပသို့ လေးသောင်းငါးထောင်နှင့် ပို့မည်ဟူ၍လည်းကောင်း၊ ငါးသောင်းနှင့် ပို့မည်ဟူ၍လည်းကောင်း ကြေးအမျိုးမျိုးဖြင့် ကြော်ငြာခဲ့ကြသည်။ အိမ်သာပါသော နောက်ဆုံးပေါ်ကားနှင့် ပို့ဆောင်ပေးမည့်အပြင် မုံရွာ၌ အဆင့်မြင့်




www.burmeseclassic.com

www.burmeseclassic.com



ရှင်မဟာကဿပမထေရ်မြတ်
မျက်နှာတော်အား
အနီးကပ်ဖူးမြော်ရပုံ



ရှင်မဟာကဿပမထေရ်မြတ်
ရုပ်ပွားတော်ကိန်းဝပ်စံပယ်ရာ
စံကျောင်းတော်

ဟိုတယ်နှင့် တည်းခိုခွင့်ပြုမည်။ ထို့ပြင် မုံရွာမှအလောင်းတော်ကဿပသို့ တက်ရောက်သည့် မော်တော်ယာဉ်ခကိုပါ ကျခံပေးမည်ဟု ကြော်ငြာသော ချို ပို့ဆောင်ရေးနှင့် ဆက်သွယ်မိခဲ့ပေပြီ။ ၂၂. ၂. ၂၀၁၃ ရက်နေ့ ခရီးစဉ်၌ လိုက်ပါရန်ဆုံးဖြတ်ခဲ့သည်။ တစ်ယောက်လျှင် ကိုးသောင်းကျပ် ကုန်ကျမည်ဖြစ်၍ ဇနီး ဒေါက်တာညွန့်ညွန့်ရီ၊ သား မောင်ဝေမျိုးသက်တို့အတွက်ပါ နှစ်သိန်းခုနစ်သောင်းအနက် စရန်ငွေတစ်သိန်းငါးသောင်းကျပ်ပေး၍ ကားလက်မှတ် ရယူခဲ့သည်။

❖

စာရေးသူ၏ အသက်မှာ ပြီးခဲ့သော ဒီဇင်ဘာလက (၇၀) ပြည့်ခဲ့သလို ဇနီးဖြစ်သူ၏ အသက်မှာလည်း ပြီးခဲ့သောဖေဖော်ဝါရီ၌ အသက်(၆၆)နှစ် ပြည့်ခဲ့လေပြီ။ သက်ကြီးရွယ်အိုဘဝသို့ ရောက်ခဲ့ပြီဖြစ်၍ ဘုရားဖူးခရီး၌ သက်သက်သာသာ သွားလိုခြင်းကြောင့် သူများတကာ ဘုရားဖူးအဖွဲ့ထက်နှစ်ဆလောက် ဈေးကြီးသောအဖွဲ့ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ စာရေးသူအနေနှင့် ယခု ဦးစားပေး၍ စာရှုသူတို့အား တင်ပြလိုသော အကြောင်းအရာသည် အလောင်းတော်ကဿပ ဘုရားဖူးခရီးစဉ် မှတ်တမ်းနှင့် အလောင်းတော်ကဿပ ဘုရားသမိုင်းဖြစ်စဉ်ကို အလေးထားတင်ပြရန်ဖြစ်၍ဘုရားဖူးခရီးနှင့် ပတ်သက်၍ကား နောက်မှ ဆက်လက်ရေးသားရပေမည်။

စာရေးသူတို့ ၂၃. ၂. ၂၀၁၃ ရက်နေ့၌ နံနက် ၆ နာရီမထိုးမီ စစ်ကိုင်းမြို့သို့ ရောက်ခဲ့သည်။ စစ်ကိုင်းတောင်ရိုးပေါ်ရှိ ဥမင်သုံးဆယ်နှင့် ဆွမ်းဦးပုညရှင် ဘုရားသို့ တက်ရောက်ဖူးမြော်ခဲ့သည်။ စစ်ကိုင်းတောင်မှ အဆင်းတွင် ကောင်းမှုတော်စေတီတော်၊ ကံတလူစေတီတော်တို့အား ဝင်ရောက်ဖူးမြော်ခဲ့သည်။

ထိုမှတစ်ဆင့် တည်းခိုမည့်ဟိုတယ် "Golden Arrow" တွင် ပါလာသည့်အထုပ်အပိုး အိတ်များအပ်နှံကာ ရေချိုး



www.burmeseclassic.com

www.burmeseclassic.com



ရှင်မဟာကဿပမထေရ်မြတ် ရုပ်ပွားတော်အား စာရေးသူ အနီးကပ် ဓာတ်ပုံမှတ်တမ်း ရိုက်ယူနေပုံ

အဝတ်အစားလဲပြီးနောက် ဖိုလ်ဝင်တောင် တောင်တော်ဦး စေတီသို့ ဖူးမြော်ကြည်ညိုပြီး ထနောင်းရိပ်ထမင်းဆိုင်၌ ညစာ သုံးဆောင်ပြီး ဂူညအိပ်ဆီးခိုမည့်ဟိုတယ်၌ ညအိပ်ရပ်နားကြသည်။

အလောင်းတော်ကဿပ ရဟန္တာ မထေရ်မြတ်၊ အလောင်းတော် ကိန်းဝပ်စံပယ်ရာ တောင်တော် ဝေဘာရ၊ ဒပဘူလ၊ သုဓူရ စသည့် တောင်သုံးလုံးဝိုင်းရံနေရာ တောင် အလယ် လိုဏ်ဂူတော်သည် လွန်ခဲ့သော သုံးနှစ်ကျော်ကာလ က တစ်ကြိမ် ဂူတံခါးပွင့်၍ ဘုရားဖူးတချို့ မိနစ်ပိုင်း စက္ကန့် ပိုင်းအတွင်း ဖူးမြော်ခဲ့ရသည့် သတင်းကို ဂျာနယ်၊ မဂ္ဂဇင်း စာစောင်အတော်များများ၌ ရေးသားဖော်ပြခဲ့၍ ဗုဒ္ဓဘာသာ ဝင်အတော်များများ ဖတ်ရှုခဲ့ရဖူးပေသည်။ ထိုဂူတံခါး ပွင့်သော ရက်မှာ တပို့တွဲလပြည့်နေ့ပင် ဖြစ်သည်။

ထိုသတင်းကို ကြားထားသည့် စာရေးသူသည် အလောင်းတော်ကဿပသို့ ရောက်ဖူး ဖူးမြော်ခဲ့ဖူးသူတစ် ယောက် ဖြစ်သော်လည်း ဂူတံခါးပွင့်ပြီးနောက် တစ်နှစ်အကြာ တပို့တွဲလပြည့်နေ့အရောက် အလောင်းတော်ကဿပသို့ သွား ရောက်ဖူးမြော်ရန် ဆုံးဖြတ်ထားခဲ့သည်။ သွားရောက်ဖူးမြော် ရန်လည်း စာရေးသူတို့ အသင့်ပြင်ဆင်ထားခဲ့သည်။ ထိုစဉ်က စာရေးသူ၏ ညီဖြစ်သူကားနှင့် သွားရောက်ရန် စီစဉ်ထား သည်။

တပို့တွဲလပြည့်နေ့ နီးလာသောအခါမှ အရေးကြီး သည့်ကိစ္စ ပေါ်လာ၍ လပြည့်နေ့အရောက်သွားမည့် ခရီးစဉ်



ရှင်မဟာကဿပမထေရ်မြတ် ပရိနိဗ္ဗာန်စံဝင်တော်မူရာ လိုဏ်ဂူဝကျောက်တံခါး



www.burmeseclassic.com

www.burmeseclassic.com



ရှင်မဟာကဿပမထေရ်မြတ် ရုပ်တုတော်

ပျက်ခဲ့သည်။ တပို့တွဲလပြည့်နေ့၌ ဂူတံခါးမပွင့်သော်လည်း ဂူအတွင်းမှ အလင်းတန်းများ ထွက်ပေါ်လာပုံအား ဘုရားဖူးများ ဖူးမြော်ရပုံကို ဓာတ်ပုံမှတ်တမ်းများဖြင့် ဂျာနယ်၊ မဂ္ဂဇင်းတချို့၌ ဖော်ပြရေးသားခဲ့ကြသည်ကို တွေ့ရလေသောအခါ စာရေးသူအနေနှင့် အတော်ပင် ယူကျုံးမရ ဖြစ်ရလေတော့သည်။

"ငါ မဖူးမြော်ထိုက်၍သာ တပို့တွဲလပြည့်နေ့အရောက် သွားမည့် အစီအစဉ် ပျက်ရလေခြင်း" ဟူသော နောင်တကြီးစွာရခြင်းဖြင့် စိတ်မကောင်းဖြစ်မိလေသည်။ ထို့ကြောင့် စာရေးသူသည် အလောင်းတော်ကဿပသို့ ဘုရားဖူးအဖွဲ့တစ်ဖွဲ့နှင့် ငါးသောင်းကျပ်ပေး၍ အရောက်သွားခဲ့သည်။ ရဟန္တာမထေရ်မြတ်ကြီး၏ ပရိနိဗ္ဗာန်စံဝင်ဟန် လျောင်းတော်မူရုပ်ပွားတော်ရှေ့၌ အကြိမ်ကြိမ်ဖူးမြော်ကန်တော့၍လည်းကောင်း၊ ကျောက်တောင်ကြား အဆင်းလမ်းမှ ဆင်း၍ အလောင်းတော်ကဿပ ရဟန္တာမထေရ်မြတ် ပရိနိဗ္ဗာန်ဝင်တော်မူသည့် ဂူဝတံခါးရှေ့၌ မြတ်ဘုရား၏ ဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေဂါထာတော်မြတ်၊ ရှင်အရဟံဂါထာတော်၊ သရဏဂုံ ဂုဏ်တော်များ ရွတ်ပွားပူဇော်၍ ရွှေရောင်ဝင်းဝင်းတောက်ပနေသည့် တံခါးရွက်အား ပွင့်လာနိုး ဟလာနိုးနှင့် လှမ်းမြော်ကြည်ညိုရင်း နှစ်နာရီနီးပါးကြာအောင် အာရုံပြုနေမိသည်။

ကြာလာသောအခါ ဂူတံခါးပင် လှုပ်လာသလို၊ တံခါးရွက်ကြားမှ အလင်းရောင်ပင် မြင်လာရသလို စိတ်အာရုံ၌ ထင်မှတ်မှားမိသည်။ တကယ်တော့ ရွှေရောင်ဝင်းဝါနေသော ကျောက်ဂူတံခါးက တည်ငြိမ်လျက်သာ၊ မည်သို့မျှ ထူးခြားမလာ။ နောက်ဆုံး၌ ဂူအတွင်း အေးစိမ့်လှသော အအေးဒဏ်ကို ကြာကြာမခံနိုင်၍ လှေကားထစ်များကိုနင်းကာ တောင်အထက်သို့ ပြန်တက်ခဲ့ရသည်။ တပို့တွဲလပြည့်နေ့အရောက် မလာရောက်ဖြစ်သော မိမိကိုယ်မိမိသာ အပြစ်တင်နေမိတော့သည်။

❖

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၊ ခရစ်နှစ် ၂၀၁၃ ခုနှစ် တပို့တွဲလပြည့်နေ့အရောက် အလောင်းတော်ကဿပ ဘုရားဖူးလိုသောဆန္ဒ ပြင်းပြ၍လည်းကောင်း၊ တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသေးသည့် ဇနီးဖြစ်သူ ဒေါက်တာညွန့်ညွန့်ရီနှင့်



တောင်တက်စခန်းအစ ကပိုင်ရွာ စားသောက်ဆိုင်ရှေ့၌ စာရေးသူတို့ မော်တော်ယာဉ်ရပ်နားစဉ်


www.burmeseclassic.com

www.burmeseclassic.com



ကပိုင်ရွာလမ်းတစ်လျှောက်
စားသောက်ဆိုင်များ



ကပိုင်ရွာရှိ စားသောက်ဆိုင်
တချို့၌ ဘုရားဖူးကားများ
ရပ်နားစားသောက်ကြစဉ်


သားငယ် မောင်ဝေမျိုးသက်တို့အား ဖူးမြော်စေလိုသောဆန္ဒကြောင့်လည်းကောင်း ယခု ဘုရားဖူးခရီး ထွက်လာခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် ပြီးခဲ့သော နှစ်နှစ်ကျော်ကာလ ဂူတံခါးမှ အလင်းရောင်ဖြာထွက်ချိန် တပို့တွဲလပြည့်နေ့ အရောက်သွားမည့် အလောင်းတော်ကဿပဘုရားဖူးခရီးစဉ်သာ မူလအစီအစဉ်အတိုင်း ထွက်ခဲ့သော် ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ရမည်ဖြစ်သော်လည်း ရောင်ခြည်တော်ကွန့်မြူးသည်ကို ဖူးမြော်ရန် ကံကြမ္မာမပါ၍ ခရီးစဉ်ပျက်ခဲ့ရသည်ကို စိတ်ဘဝင်၌ မကျေမနပ်ဖြစ်ခဲ့၍ ယခု တပို့တွဲလပြည့်နေ့အမီ ခရီးထွက်ခဲ့ခြင်းဖြစ်ပါသည်။

၂၃. ၂. ၂၀၁၃ ရက် တပို့တွဲလဆန်း ၁၄ ရက်နေ့ နံနက် ၆ နာရီ၌ စာရေးသူတို့ ဘုရားဖူးအဖွဲ့ (လူ ၄၀ ပါဝင်သော)သည် မူလစီးလာသော မာစီဒီးအဲယားကွန်းဘတ်စ်မှ လူ ၂၀ စီးနိုင်သော မီနီဘတ်စ်ကား နှစ်စီးသို့ ပြောင်း၍ အလောင်းတော်ကဿပ ဘုရားရှိရာ မဟာမြိုင်တောသို့ ဦးတည်ထွက်ခွာလာခဲ့သည်။

ဖေဖော်ဝါရီ လကုန်ပိုင်း ျ ျကသော်လည်း ဆောင်းကာလ၏ အအေးကမပြယ်သေး၊ အတော်ပင် အေးလှသည်။ အနွေးထည်ကိုယ်စီ ဝတ်ကြရသည်။ ဘုရားဖူးမော်တော်ယာဉ်နှစ်စီးသည် မုံရွာမြို့ ချင်းတွင်းမြစ်ကူးတံတားကို ဖြတ်ကျော်ပြီး အလောင်းတော်ကဿပ စံပယ်တော်မူရာ မဟာမြိုင်တောသို့ ရှေးရှုထွက်ခွာခဲ့ကြပေသည်။

လပြည့်နံနက် အလင်းရောင်အောက်၌ ဘေးပတ်ဝန်းကျင်ရှိ နွေဦးကာလ ခြောက်သွေ့စပြုနေသော သစ်ပင်ချုံနွယ်များကို ဝိုးတိုးဝါးတား မြင်နေရလေသည်။ ယင်းမာပင်မြို့ အလွန်မှစ၍ စီးလာသော မီနီဘတ်စ်ကားလေးသည် ကတ္တရာလမ်းမှခွဲ၍ မြေသားလမ်းပေါ်သို့ ရောက်ရှိလေတော့သည်။ နံနက်အလင်းရောင်ပင် မလာသေးမီ အလောင်းတော်ကဿပ ဘုရားဖူးမော်တော်ယာဉ်များမှာ မြေလမ်းတစ်လျှောက် တန်းစီ၍ မောင်းနှင်နေကြပြီဖြစ်သည်။ မှန်လုံမီနီဘတ်စ် ကားလေး

www.burmeseclassic.com



နတ်တောင်ထိပ်ရှိ
ဗုဒ္ဓရုပ်ပွားတော်ငါးဆူ
ကိန်းဝပ်စံပယ်တော်မူရာ
တန်ဆောင်း



နတ်တောင်ထိပ်ရှိ
ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ
ကိန်းဝပ်စံပယ်ရာ
တန်ဆောင်း

၏အတွင်းသို့ အညာဖုန်နံ့များ ဝင်ရောက်လာလေသည်။ စာရေးသူတို့ ယူလာသော နှာခေါင်းစည်း(Mask) များထုတ်၍ စီးကြရသည်။ ယူလာသည့် နှာခေါင်းစည်း သုံးခုအနက် နှစ်ခုမှာ ကြိုးပြတ်နေ၍ အခက်တွေ့နေစဉ် ကားသမားလူငယ်က နှာခေါင်းစည်းလာဝေ၍ အတော်ပင် ကျေးဇူးတင်မိရသည်။ ယင်းမာပင်လမ်းခွဲမှစ၍ မြေသားလမ်းတစ်လျှောက်သည် ဖုန်တထောင်းထောင်းထလျက် ရှေ့မှသွားသော ကားကိုပင် မမြင်နိုင်လောက်အောင် ဖုန်ထူလှပေသည်။

နံနက် ၆ နာရီခန့်၌ ကပိုင်ရွာကြီးသို့ရောက်လေသည်။ ကပိုင်ရွာကြီးသည် အလောင်းတော်ကဿပ မထေရ်မြတ် ကိန်းဝပ်စံပယ်တော်မူရာ ဘောင်တော်နှင့် ၂၀ မိုင်ကျော် ကွာဝေးရာအရပ်၌ တည်ရှိလေသည်။ တစ်နည်းအားဖြင့် ကပိုင်ရွာသည် အလောင်းတော်ကဿပတောင် စတင်တက်ရာ ပထမ အစရွာကြီးဖြစ်သည်။ ထိုရွာမှ အလောင်းတော်ကဿပအထိ ရွာစဉ်မရှိတော့ပေ။ ၂၀ မိုင် အကွာအဝေးလမ်းခရီး၌ သစ်တောလုပ်သားများ စခန်းငယ်တစ်ခုသာရှိလေသည်။

အလောင်းတော်ကဿပ ဖူးရန် ခရီးအစဟုဆိုကမမှားပေ။ ရှေးအခါက ဤရွာမှစတင်ကာ ဘုရားဖူးများ ခြေကျင်ခရီးဖြင့် တက်ကြရသည်။ ၂၀ မိုင်ကျော်ခရီးကို တစ်ရက်တည်းနှင့် မရောက်နိုင်၍ ညအိပ်နားနေစခန်းချ၍ နေကြရသည်။ ဤမဟာမြိုင်တောကြီးသည် ဘေးမဲ့သစ်တောကြိုးဝိုင်းအဖြစ် သတ်မှတ်ထား၍ သစ်မျိုးစုံ၊ သားရဲတိရစ္ဆာန်မျိုးစုံတို့ ပေါက်ရာ ကြီးထွားရာအရပ် ဖြစ်လေသည်။

ရှေးအခါက ကျားသတ္တဝါများရှိရာ တောကြီးတောင်ကြီးဖြစ်၍ ကျားဟိန်းသံများကို နေ့လယ်နေ့ခင်းပင် ကြားရကြောင်း အဘိုး အဘွားတို့ ပြောစကား ကြားဖူးသည်။ ယခုအခါ ကျားသတ္တဝါ မရှိသလောက် ရှားပါးသွားကြောင်းနှင့် ကျားသစ်များသာရှိကြောင်း သစ်တောဝန်ထမ်းတစ်ဦးထံမှ သိခဲ့ရသည်။


www.burmeseclassic.com

www.burmeseclassic.com




အလောင်းတော်ကဿပ
တောင်ပေါ်ရှိ
သစ်တောစခန်း

ကပိုင်ရွာအဝင်၌ရှိသော ရှင်းရှင်းစားသောက်ဆိုင်၌ နံနက်စာ ထမင်းကြော် စားကြရသည်။ စာရေးသူ ပထမအကြိမ် ရောက်စဉ်က ထမင်းဆိုင် နှစ်ဆိုင် သုံးဆိုင်သာရှိသည်။ ဒုတိယအကြိမ် ရောက်စဉ်က စားသောက်ဆိုင်များ အတော်ပင် များပြားလာသည်။ ယခု ရောက်ရှိချိန်၌ ကပိုင်ရွာတန်းရှည်တစ်လျှောက် စားသောက်ဆိုင်များသည် အပြိုင်အဆိုင် ဗီနိုင်းဆိုင်းဘုတ်များ ချိတ်ဆွဲလျက် မီးရောင်ထိန်ထိန်ထွန်းကာ ဘုရားဖူးအပေါင်းတို့အား ဖိတ်ခေါ်နေသည့်အလားစည်ကားလျက် ရှိလေသည်။

ကပိုင်ရွာသည် မဟာမြိုင်တောတောင်တက်ရာအစဖြစ်ပြီး ဘုရားဖူးကားများ နားရာအရပ်ဖြစ်၍ ရွာလမ်းပြည့်မတတ် ကားကြီးကားငယ်ပေါင်း များစွာ တန်းစီရပ်နားလျက်ရှိကြလေသည်။ စားသောက်ဆိုင်အသီးသီး၌ နံနက်စာ ဝင်ရောက်စားသူက စားကြသည်။ အပေ့ါအလေး စွန့်သူက စွန့်ကြသည်။ မှန်လုံကားမဟုတ်သည့် ပစ်ကတ်ကားများ၊ ဟိုင်းလက်ကားများနှင့် လာရောက်သူများက လမ်းခရီးမှ ကပ်ပါလာသော ဖုန်များ ခါသူကခါကြသည်။

နံနက်မလင်းမီ ကျဆင်းခဲ့သော နှင်းရည်ကြောင့် ဖုန်အလွန်မထသော်လည်း ကားအတော်များများ ဖြတ်သန်းခဲ့သောကြောင့် ဆံပင်၊ မျက်နှာ၊ ခြေလက်၊ အဝတ်အစားများ၌ ဖုန်များကပ်နေသည်မှာ လူစင်စစ်ဘဝမှ မျောက်ဖြူဘဝသို့



နတ်တောင်ထိပ်ရှိ
မဟာ့ရာနတ်မင်းကြီး




မဟာ့ရာနတ်မင်းကြီး၏
နတ်နန်း



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဝစခန်းမှ
ရှင်မဟာကဿပသို့
သွားရောက်ရန်
ဆင်ပေါ်တက်ရောက်
နေသူကြွသူများ

ပြောင်းခဲ့ပေသည်။ ရွှေ့လျှောက် နေရောင်ကြောင့် ခြောက်သွေ့သောဖုန်များ ပေကျံခဲ့သော် တစ်ယောက်နှင့်တစ်ယောက် မမှတ်မိနိုင်အောင် ဖြစ်ကြရပေတော့မည်ဟု စာရေးသူတွေးရင်း ပြုံးနေမိသည်။

စာရေးသူတို့ မှန်လုံကားအမည်ခံ မီနီဘတ်စ်ကားအိုများ၏ ဘေးကာမှန်ချပ်များသည် လိုင်နာ ခေါ် မှန်တစ်ခုနှင့်တစ်ခုကြား တားထားသည့် ကတ္တီပါအချောင်းမှာ ပြုတ်နေ၍ ထိုကြားမှ ဖုန်များဝင်သောကြောင့် ပစ်ကပ်ကားပေါ်မှ အကာအရံမဲ့ ဘုရားဖူးများလောက် ဖုန်ကပ်မှုနည်းသော်လည်း နှာခေါင်းစီးများ၌ ဖုန်ရောင် ဝါကြန့်ကြန့် ညစ်ထေးထေး အရောင်များစွဲထင်နေသည်။ အလောင်းတော်ကဿပသို့ ရောက်သော် ထို့ထက်အခြေအနေဆိုးမည်ကို တွေးမိရင်း စာရေးသူ ရင်ကျပ်ဝေဒနာ ထလာမည်ကို စိုးရိမ်နေမိသည်။

❖

ကပိုင် စတင်ထွက်ခွာစဉ် မြေလမ်းမှ ဖြောင့်ဖြူးလှသည်။ ကုန်းတက်ကုန်းဆင်း မရှိသေး။ ဘေးပတ်လည်၌ သစ်ပင်ချုံနွယ်များ ထူထပ်စွာပေါက်ရောက်လျက်ရှိသည်။ နံနက်အလင်းရောင်ထွက်စ ဝေလီဝေလင်းကာလ မြူမှုန်နှင်းမှုန်များကြားမှ တောရိပ်တောင်ရိပ်အစကို မြင်နေရပေသည်။ တစ်နည်းဆိုရသော် မဟာမြိုင်တောကြီးသို့ စတင်ဝင်ရောက်ရာ ခရီးအစဖြစ်၍ ယင်းမာပင်မှ ကပိုင်ရွာသို့ လာရာလမ်းခရီးမှာလို တမာပင်၊ ဆီးပင်၊ ကန္တာရပင်များ မတွေ့ရတော့။ စိမ်းလန်းစိုပြည်လှသော တောတန်းတောင်ခြေကို စတင်မြင်ရပြီး ထိုလမ်းခရီးကို မီနီဘတ်စ်ကားငယ်နှင့် စတင်ဖြတ်သန်း ဝင်ရောက်လာခဲ့ပေတော့သည်။

စာရေးသူ မှတ်သားခဲ့ဖူးသည့် ခရီးအကွာအဝေးမှာ ကပိုင်မှ ဘုရားအထိ ၁၉ မိုင်သာ မှတ်သားခဲ့ဖူးလေသည်။ ယခု ကပိုင်မှ ဘုရားအထိ ၂၁ မိုင်ဟု ပြောဆိုနေကြရာ ခရီးနှစ်မိုင်ကွာခြားနေသည်ကို တွေ့ရလေသည်။ ၁၉ မိုင် ခရီး



ချောင်းမကြီး၌
ခေတ္တရပ်နားကြစဉ်



www.burmeseclassic.com

www.burmeseclassic.com

အကွာကို တွက်ချက် ဖော်ပြခဲ့သည်မှာ အလောင်းတော်ကဿပ ငါးမြို့နယ်အဖွဲ့ဝင်၊ ဂေါပကအဖွဲ့ဝင်၊ မြို့နယ်သံဃာနာယက ဆရာတော် ဘဒ္ဒန္တဥတ္တရ ဖြစ်၍ ဆရာတော်၏ ဖော်ပြချက်မှာ ပို၍မှန်ကန်မည်ဟု စာရေးသူ မှတ်ယူခဲ့သည်။ အလောင်းတော်ကဿပ ဘုရားဖူးသွားရောက်မည့်သူများနှင့် မသွားရောက်နိုင်သော စာဖတ်ပရိသတ်အပေါင်းတို့ လေ့လာနိုင်ရန် ရေးသားတင်ပြလိုက်ရပေသည်။

ကပိုင်မှ စတင်ထွက်ခွာလာပြီး သုံးမိုင်ခန့်အကွာ၌ ပွင့်ကြီးစခန်းသို့ ရောက်ရှိလေသည်။ ထိုခရီးတစ်လျှောက်၌ တောင်တက်ခရီး မစသေး။ ကုန်းဆင်းကုန်းတက်သဘောသာ ဖြစ်သည်။ မဟာမြိုင်တောအစသို့ ဝင်လေပြီ။ ပွင့်ကြီးစခန်းမှ ဂုံညင်းပင်သည် လေးမိုင်အကွာ ခရီးဆက်ရသည်။ ဂုံညင်းပင်စခန်းမှ ကျော်လွန်လေမှ တောင်တက်ခရီး စလေပြီ။ နံနက်အလင်းရောင်လည်း ထွန်းလင်းလေပြီ။ တောင်ခိုးတောင်ငွေ့ မြူမှုန်မြူနှင်းတို့ကတော့ ပတ်ဝန်းကျင်ကို ငွေရောင်နိုင်လွန်ကန့်လန့်ကာ ကာရံထားဘိအလားရှိတော့သည်။

အအေးဓာတ်လည်း ပိုလာသည်။ လေလုံမှန်လုံ ကားအတွင်း၌ပင် လေအေးစိမ့်စိမ့်ဝင်လာ၍ အတော်ပင် ချမ်းစိမ့်ခဲ့ရသည်။ သဘာဝတောတောင်အလှကို ငွေနှင်းကန့်လန့်ကာကြားမှ ရှုမငြီးဖွယ် တွေ့မြင်နေရ၍ ကားပေါ်ပါ ဘုရားဖူးအပေါင်း ဘေးပတ်ဝန်းကျင်ကို ရင်သပ်ရှုမော ငေးမောနေကြသည်။ ဘုရားဖူးယာဉ်ပေါ်၌ လိုက်ပါလာသူ နှစ်ဆယ်ဦးအနက် စာရေးသူတစ်ဦးသာ အလောင်းတော်ကဿပသို့ သုံးကြိမ် ရောက်ဖူးပြီး ကျန်သူတို့ကား တစ်ကြိမ်တစ်ခါမှ မရောက်ဖူးကြပေ။

ဘေးပတ်ဝန်းကျင်သည် သဘာဝ တောတောင် သစ်ပင်တို့ဖြင့် လွှမ်းခြုံနေသော်လည်း တောင်တက်မြေသားလမ်းတစ်လျှောက်၌ကား တပို့တွဲလပြည့်နေ့အမီ အလောင်းတော်ကဿပ ရဟန္တာမထေရ်မြတ်အား ဖူးမြော်လို၍ ဘုရားဖူးထွက်လာသော မော်တော်ယာဉ်တို့မှာ ရှေ့နောက်တန်းစီလျက် မောင်းနှင်နေကြသည်မှာ ရန်ကုန်မြို့လယ်ပမာ ကားလမ်းကျပ်မတတ်ပင် ဖြစ်တော့သည်။ တောင်ပေါ်မှ ဘုရားဖူးပြီး ပြန်ဆင်းလာသော ကားများကိုလည်း လမ်းခရီး၌ တွေ့နေရသည်။

အလောင်းတော်ကဿပ တောင်တက်တောင်ဆင်းလမ်းသည် စာရေးသူ လွန်ခဲ့သော ၁၀ နှစ်ခန့်က ရောက်စဉ်အခြေအနေနှင့် မတူတော့ပေ။ ထိုစဉ်ကာလ တောင်တက်တောင်ဆင်းလမ်းသည် အလွန်ကျဉ်းလှသည်။ ကားတစ်စီးနှင့်တစ်စီး ရပ်၍ရှောင်ရသည်။ တချို့နေရာတို့၌ ကားနှစ်စီးရှောင်ရန် လမ်းမကျယ်၍ အတက်ကားသည် လမ်းကျယ်ရာသို့ ပြန်ဆုတ်ပြီး ရှောင်ပေးရသည်။ ဒုတိယအကြိမ် ရောက်စဉ်ကလည်း လမ်းအတော်ချဲ့ထားသော်လည်း ယခုတတိယအကြိမ်လောက် လမ်းမကျယ်လှပေ။ ယခုအခါ လမ်းကျယ်ရုံသာမက လမ်းမှာလည်း ချိုင့်ကမှုများကင်း၍ သွားလာရ အတော်ပင် အဆင်ပြေလှသည်။ ယနေ့ ဆင်းလာသော ကားတန်းသည် တစ်စီးနှင့်တစ်စီး ဆက်နေသလိုဆင်းလာသည်။ ကားမှာလည်း အတက်ကားလောက် မများသော်လည်း ကားဆက်မခြားလှပေ။

ဂုံညင်းပင်မှဆက်၍ တစ်မိုင်ခန့် ခရီးဆက်ခဲ့ရာ နတ်တောင်ထိပ်သို့ ရောက်လေသည်။ နတ်တောင်ထိပ်ဟူသော အမည်နှင့်အညီ အတော်မြင့်မားလှသော တောင်ထိပ်သို့ ရောက်ခဲ့လေပြီ။ တောင်စောင်းတစ်ဖက်သို့ လှမ်းမျှော်ကြည့်သော် တောင်အောက်တောင်ခြေ၌ သစ်ပင်ကြီးများအား ပြားပြားဝပ်မျှသာ မြင်ရလေသည်။ ရှေ့ဆက် တောင်တက်ရပေဦးမည်ဖြစ်၍ ရှေ့ခရီးသည် ယခုရောက်နေသော နတ်တောင်ထိပ်ထက် ပို၍မြင့်မားပေတော့မည်။

နတ်တောင်ထိပ်၌ စာရေးသူတို့ စီးလာသော မော်တော်ယာဉ် နတ်ကွန်းတစ်ခုအား ဦးတိုက်လျက် မော်တော်ယာဉ်ကို ရှေ့တိုးနောက်ဆုတ် သုံးကြိမ်လုပ်၍ ဦးတိုက်လေသည်။ အဆိုပါ နတ်ကွန်းသည် မဟူရာနတ်မင်းကြီး၏ နတ်ကွန်းပင်ဖြစ်သည်။ ထိုနတ်ကွန်းအနီး၌ သစ်သားတန်ဆောင်းတစ်ခုရှိပြီး ထိုသစ်သားတန်ဆောင်းအတွင်း၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်ငါးဆူ ကိန်းဝပ်စံပယ်တော်မူလေသည်ကို ဖူးမြော်ရသည်။

စာရေးသူသည် ဇနီးနှင့်သားဖြစ်သူအား ဘုရားရှင်အား ကားပေါ်မှပင် ဦးတင်စေပြီးနောက် မဟူရာနတ်မင်းကြီးအားလည်း လက်အုပ်ချီကာ ခရီးလမ်း၌ ဘေးအန္တရာယ်ကင်း၍ လိုရာခရီးရောက်စေရန် စောင့်ရှောက်ပေးတော်မူရန် တောင်းပန်လျှောက်ထားရလေသည်။

ဤတောတောင်ခရီးသည် ကြမ်းတမ်းလှသည်။ တောင်ကမ်းပါးယံဘေး၌ ဖောက်လုပ်ထားသော မြေသားလမ်းဖြစ်သည်။ အလွန်မတ်စောက်သော တောင်တက်တောင်ဆင်းလမ်းလည်း ဖြစ်သည်။ ဘေးကမ်းပါးယံ၌လည်း ခိုင်ခိုင်ခံ့ခံ့ အကာအရံမရှိ၊ အန္တရာယ်များလှသည်။ ဤလမ်းခရီး၌ ခရီးသွားရာတွင် အထူးသတိထား၍ သွားလာရသည်။ အပြောအဆို ထိန်းသိမ်းရသည်။ အနေအထိုင် အပြုအမူ ဆင်ခြင်ရသည်။

ဤတောတောင်၌ မဟူရာနတ်မင်းကြီး စောင့်ရှောက်သလို ပြာပုံရှင်မကလည်း စောင့်ရှောက်သည်။ ကိုယ်အမူအရာ နှုတ်အမူအရာ မထိန်းသိမ်း မရိုမသေလုပ်ခဲ့သော် ဘေးတွေ့နိုင်လေသည်။ ထို့ကြောင့် ဘုရားဖူးများသည် အလောင်းတော်ကဿပ ဘုရားဖူးခရီးထွက်ရာ၌ ကုသိုလ်ရေးအတွက်လာကြရာ အပျော်အပါးနောက် မလိုက်ဘဲ ကုသိုလ်ရေး သက်သက်သာ အာရုံစိုက်၍ ကိုယ်နှုတ်နှလုံးကို ထိန်းသိမ်းအပ်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်ကဿပ
မရောက်မီ
ချောင်းငယ်တစ်ခုအား
ဖြတ်ကျော်နေစဉ်



ချောင်းကိုဖြတ်ပြီးနောက်
ဆင်ကြီးသည်
ဘုရားဖူးတို့အား
အလောင်းတော်ကဿပ
ရှိရာသို့
ပို့ဆောင်ကုသိုလ်ယူနေပုံ

သွားလာပါက ဘေးအန္တရာယ် ကင်းကြပေမည်ကို သတိပေးလိုက်ရပေသည်။

စာရေးသူတို့ တောင်တက်ခရီး စတင်သည့်နေ့မှာ ၂၃. ၂. ၂၀၁၃ ရက်နေ့ဖြစ်ရာ တောင်တက်ခရီးတစ်ဝက်ကျော်ကျော်၌ ဘုရားဖူးကားတစ်စီး ရပ်ထားသည်ကို တွေ့ရသည်။ မော်တော်ယာဉ်ခေါင်းပိုင်းကို တာလပတ် ပလတ်စတစ်အိတ်စနှင့် အုပ်ထားသည်။ တောင်ပေါ်ရောက်မှ သိရသည်မှာ ထိုမော်တော်ယာဉ်သည် တိမ်းမှောက်၍ ခရီးသည် ငါးဦး သေဆုံးကြောင်း သိရလေတော့သည်။ အဘယ်ကြောင့်ဖြစ်ပျက်ခဲ့သည်ကို အတိအကျ မသိရသော်လည်း အထက်၌ဆိုခဲ့သည့်အတိုင်း ဘုရားဖူးများအနေနှင့် ဤတောဤတောင်ခရီး၌ အထူးဆင်ခြင်ရန် လိုအပ်ကြောင်း သတိပေး ရေးသားလိုက်ရပေသည်။

❖

နတ်တောင်ထိပ်မှ နှစ်မိုင်ခန့် ခရီးဆက်သော် ကျောက်မြောင်းသို့ ရောက်သည်။ ဤခရီးသည်လည်း တောင်တက်ခရီးသာ ဖြစ်သည်။ အတော်မြင့်မားလာ၍ ကားဘေးတစ်ဖက်သို့ ကြည့်လေသော် တောင်ခြေ၌ သစ်ပင်ကြီးငယ်များကိုတော်တော်ဝေးဝေးမှ မြင်နေရသလို ဘေးပတ်ဝန်းကျင်၌လည်း တောင်ကုန်းတောင်တန်းတို့သည် မိမိတို့ရောက်နေသော တောင်အောက်၌ ကုန်းမို့သဏ္ဌာန်သာ တွေ့ရလေသည်။ နံနက် ၇ နာရီကျော် ၈ နာရီထိုးခါနီးသော်လည်း အအေးဓာတ်က မလျော့သေး။ ပို၍ပင် အေးလာသလို ခံစားရသည်။ တစ်ဖက်တောင်စောင်းမြင့်မြင့်ကြီးများ၌လည်း ပေ ၈၀၊ ၁၀၀ ခန့် မြင့်မားသော သစ်ပင်ကြီးများ ပေါက်ရောက်၍နေရောင်နေပြောက်ပင် မထင်။ အရိပ်ကျလျက် ရှိသည်။

ကျောက်မြောင်းမှ သုံးမိုင်ခရီး ဆက်ခဲ့ရာ ပြာတောင်သို့ ရောက်သည်။ ဤတောတောင်သည် ပြာပုံရှင်မနှင့်



www.burmeseclassic.com

www.burmeseclassic.com



အလောင်းတော်ကဿပ စံကျောင်းပေါ်မှ အဆင်းတွင် ဆင်များ၊ဘုရားဖူးများနှင့် စည်ကားနေပုံ

ဆက်နွှယ်နေသည်။ ပြာတောင်အမည်နှင့်လိုက်အောင် မြေသားတို့သည် မီးဖိုမှထွက်သော ပြာအရောင်ကဲ့သို့ မီးခိုးဖျော့ဖျော့ (အပြာရောင်) တွေ့ရလေသည်။ ရှေးအခါက မဟူရာတောင် (နတ်တောင်ထိပ်) ၌လည်း မဟူရာကျောက်များ ထွက်ရှိလေသည်။

ပြာတောင်အထိ တောင်တက်ခရီး ဆက်ခဲ့ပြီးသော် ရှေ့ခရီး၌ကား တောင်ဆင်းတောင်တက်ခရီးအဖြစ် ဆက်၍ ထွက်ခွာခဲ့သည်။ အထူးသဖြင့် အဆင်းလမ်းက များသည်။ အလောင်းတော်ကဿပနှင့်လည်း အတော်ပင် နီးလာလေပြီ။

ပြာတောင်နှင့် ချောင်းမကြီးသည် နှစ်မိုင်ခန့် ကွာဝေးသည်။ ချောင်းမကြီးဆိုသည့်အတိုင်း ကျောက်တုံးကျောက်ပြားများပေါ်မှ ချောင်းရေ စီးဆင်းနေသည်ကို တွေ့ရသည်။ ကြည်လင်အေးမြလှသော ချောင်းရေပင် ဖြစ်သည်။ နွေဦးကာလဖြစ်၍ ရေများများမစီးဆင်း။ ချောင်းလယ်၌သာ တစ်ပေခန့်အနက်ရှိသော ချောင်းငယ်လေးအဖြစ် စီးဆင်းနေသည်။ စာရေးသူတို့ ပထမအကြိမ်၊ ဒုတိယအကြိမ် ရောက်စဉ်က ဤချောင်းမကြီး၌ ကိုယ်ပိုင်ယာဉ်ကိုရပ်၍ ရေချိုးခဲ့ဖူးသည်။ မော်တော်ယာဉ်နှင့် ဖြတ်သွားသူတို့က ငှက်ဖျားရှိသည်၊ ရေမချိုးကြနှင့်ဟု သတိပေးသော်လည်း ကြည်လင်အေးမြလှသော ရေကိုမြင်၍ ရေချိုးကြခြင်းဖြစ်သည်။ အလွန်အေးမြလှသောရေကြောင့် ကြာကြာစိမ်၍ မချိုးနိုင်ဘဲ ခဏအတွင်း အဝတ်အစားပြန်ဝတ်၍ ခိုက်ခိုက်တုန်အောင် အအေးဒဏ်ကို ခံခဲ့ကြရသည်။

ယခုအခေါက်၌ ဘုရားဖူးအဖွဲ့နှင့် လာရသောကြောင့် ရေမချိုးနိုင်။ အချိန်လည်းမရ။ တောင်ပေါ်မှ ဆင်းလာသည့် မော်တော်ယာဉ်တန်းကို ရပ်စောင့်နေစဉ် ကားအောက်သို့ ဆင်းပြီး ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့ရသည်။ အဆင်းကားကုန်သောအခါ ကားပေါ်ပြန်တက်၍ ခရီးဆက်ရသည်။ ချောင်းမကြီးအတက်လမ်းသည် မကြမ်းလှတော့ပေ။ ချောင်းငယ်များကို အတန်တန်ဖြတ်ခဲ့ပြီး တစ်ဖန် တောင်တက်ခရီးနှင်ပြီးနောက် ဘုရားဝစခန်းသို့ ရောက်လေသည်။ ဘုရားဝစခန်းသည် မော်တော်ယာဉ်ခရီးဆုံးရာ နေရာဖြစ်၍ ကျယ်ဝန်းလှသော ကွင်းပြင်အပြည့် မော်တော်ယာဉ်များ ရပ်နားထားကြသည်။ ကားရပ်စရာ နေရာပင်မကျန်အောင် များလှသည်။ ဒါတောင် အဆင်းကားများ အဆက်မပြတ်ရှိနေ၍ တက်လာသော မော်တော်ယာဉ်များအတွက် ရပ်နားစရာ နေရာရှိနေခြင်း ဖြစ်သည်။

ဘုရားဝစခန်းသည် အလောင်းတော်ကဿပ ကိန်းဝပ်စံပယ်တော်မူရာ စံကျောင်းနှင့် တစ်မိုင်ကျော် နှစ်မိုင်ခန့်ကွာဝေးသေးသည်။ တောင်တက်လမ်းဖြစ်ပြီး လမ်းကျဉ်းခြင်း၊ အတက်အဆင်း မတ်စောက်ခြင်းကြောင့် မော်တော်ယာဉ်ဖြင့် တက်၍ မရတော့ပေ။ ထိုတောင်တက်လမ်း၌ သစ်တောဌာနမှ စီစဉ်ထားသော ဆင်များစီး၍ တက်ရောက်ကြရသည်။ ဆင်စီးခမှာ အတက် နှစ်ထောင်၊ အဆင်း နှစ်ထောင် ဖြစ်သည်။ အများအားဖြင့် ဆင်မစီးဘဲ တက်ရောက်သူက များသည်။ တစ်မိုင်ကျော် နှစ်မိုင်ခရီးဖြစ်၍ လူငယ်များ၊ ကျန်းမာ



www.burmeseclassic.com

www.burmeseclassic.com

ရေးကောင်းသူများမှာ ခြေကျင်တက်ကြသည်။ မိနစ် ၃၀၊ တစ်နာရီခန့်အတွင်း လူငယ်များ အရောက်တက်နိုင်သည်။ လူကြီးများအနေနှင့်ကား တစ်နာရီကျော် နှစ်နာရီကြာ တက်ကြရသည်။

ဆင်စီး၍ တက်သူများအား သက်ကြီးရွယ်အိုများ၊ ကျန်းမာရေး မကောင်းသူများနှင့် ဆင်စီးသည့်အတွေ့အကြုံ ခံစားလိုသူများ ဖြစ်သည်။ စာရေးသူ ယခင်ရောက်ရှိချိန်၌ ကြားရက်ဖြစ်၍လားမသိ၊ ဆင်စီးမည့်သူ အတော်ရှားသည်။ ယခုအခေါက်၌ကား ဘုရားဖူးအလွန်များပြားလှ၍ ဆင်စီးရန် ဆောက်ထားသော ဆင်ဝင်စင်မြင့်နှစ်ခု၌ လူအပြည့်စောင့်ဆိုင်းနေပြီး ဆင်ကို အလုအယက် စီးကြရသည်။ ထုံးစံမှာ ဆင်တစ်စီးလျှင် လေးဦးသာစီးရန် သတ်မှတ်ထားသော်လည်း ငါးဦး ခြောက်ဦးအထိ တင်ကြသည်ကို တွေ့ရသည်။ အလေးချိန်များ၍ ဆင်များ အတော်ရုန်းကန် သွားလာကြရသည်။

စာရေးသူတို့ ဇနီးမောင်နှံ စီးသည့်ဆင်၌ ခြောက်ယောက်အထိ တင်ဆောင်ခဲ့ရာ လမ်း၌ဆင်ကြီးမှာ နေ့းကန်စွာ လှုပ်ရှားသွားလာနေရရှာသည်။ ဆင်ပေါ်ပါလာသူတို့မှာ စာရေးသူတို့ဇနီးမောင်နှံ အပါအဝင် အားလုံး လူဝများဖြစ်၍ ဆင်မရုန်းနိုင်တော့ပေ။ ဆင်ဦးစီးသည် ဆင်ပေါ်မှဆင်း၍ မြေပြင်မှ ဆင်းလျှောက်တော့မှ ဆင်လည်း အတော်အသင့် ရုန်းနိုင်တော့သည်။ လမ်းရှိ ချောင်းငယ်ကိုဖြတ်ပြီး တောင်ပြန်အတက်၌ စာရေးသူဇနီး ထိုင်လာသော သစ်သားခုံမှာ ပက်လက်နီးပါး နောက်ပြန်နေ၍ ပြုတ်ကျမည်လားဟုပင် စိုးရိမ်မိခဲ့သည်။ ဆင်ကျောကုန်းထက်မှ လိုက်ပါစီးနင်းသည့် စာရေးသူ၏ လက်မောင်းကို တအားဆွဲကိုင်၍ လိုက်ပါလာသည့် ဇနီးဖြစ်သူမှာ ကြောက်အားကြီး၍ မျက်စိမျက်နှာပင် ပျက်နေရှာသည်။ ဤတောတောင်အတွင်း၌ သက်ဆိုင်ရာ ဂေါပကအဖွဲ့နှင့် ဆင်လုပ်ငန်းကို ဆောင်ရွက်ပေးနေသော သစ်တောဌာနအနေနှင့်လည်း စည်းကမ်းတကျ ဆောင်ရွက်စီမံပေးရန် အထူးလိုအပ်လှပေသည်။

ဘုရားဖူးအလွန်များ၍ ဆင်များ အတော်ပင်ပန်းကြသည်။ တစ်နေ့ကုန် ခေါက်တုံ့ခေါက်ပြန် ဘုရားဖူးများကို ပို့ဆောင်ပေးကြရသည်မှာ ဆယ်ခေါက် အသွားအပြန် (အခေါက်နှစ်ဆယ်)ခန့်ဖြစ်ရာ အတော်အားကုန်ကြပေမည်။ ဆင်ကြီးများသာမက ဆင်ပေါက်ငယ်များလည်း ပါဝင်၍ ဘုရားဖူးပို့ဆောင်ရေးကို လုပ်ဆောင်နေကြရသည်ကိုလည်း တွေ့ရသည်။ ဆင်ငယ်များအနေနှင့်ကား ဘုရားဖူးနှစ်ဦးကိုသာ တင်ဆောင်ရ၍ တော်ပေသေးသည်။ စာရေးသူ စိတ်မကောင်းဖြစ်မိသည်မှာ ဆင်မကြီးများနောက်မှ တကောက်ကောက်လိုက်နေရရှာသည့် နို့စို့အရွယ် ဆင်ငယ်လေးများ၏ ဘဝပင်ဖြစ်သည်။ မိခင်ဆင်မကြီး တောင်တက်လျှင် လိုက်တက်ရပြီး တောင်ဆင်းလျှင် လိုက်ဆင်းနေရသည့် ဆင်သားပေါက်ကလေးတို့၏ ဘဝမှာလည်း အတော်ပင် သနားစရာကောင်းလှသည်။

စာရေးသူ ဒုတိယအခေါက် ရောက်စဉ်က အသက်ခုနစ်ဆယ်ခန့် အဘတစ်ဦးနှင့် ဆုံဖူးသည်။ စာရေးသူက . . .

"အဘ ဆင်နဲ့တက်လာသလား" ဟုမေးရာ အဘက-

"ငါ အလောင်းတော်ကဿပကို အကြိမ်ကြိမ်ရောက်တယ်၊ ဘယ်တော့မှ ဆင်မစီးဘူး။ ဘုရားဖူးဖို့လာတာ သူများကို မညှဉ်းဆဲချင်ဘူး၊ ငါ ငွေ တတ်နိုင်တယ်"

ဟူသော စကားကို ကြားမိသောအခါ ဆင်စီး၍တက်လာသော စာရေးသူသည် ကိုယ့်လိပ်ပြာ ကိုယ်မလုံအောင် ခံစားမိလေသည်။ တတိယအခေါက် လာစဉ်က ဒူးအလွန်နာ၍ ဆင်စီးတက်ခဲ့ရသလို ယခုအခေါက်၌လည်း ဒူးနာနေသော ဇနီးဖြစ်သူကို ငဲ့ညှာ၍ ဆင်စီးတက်ခဲ့ရသော်လည်း တွေ့ခဲ့ကြုံခဲ့ရသော အဘ၏စကားကို ကြားယောင်မိရင်း လက်တွေ့မြင်တွေ့နေရသော ဆင်များ၏ ပင်ပန်းမှုကိုကြည့်ရင်း စိတ်မကောင်းများစွာဖြစ်မိရလေသည်။

စံကျောင်းအနီး ဆင်ပေါ်တက်ဆင်းခုံသို့ ရောက်ပြီး ဆင်ပေါ်မှဆင်းသောအခါ မိမိစီးလာသော ဆင်ကြီးအား ကြံချောင်းများ ဝယ်ကျွေးရင်း အားတုံ့အားနာနှင့် ကြည့်နေမိသည်။ စိတ်တွင်းမှလည်း "ကျန်းမာရေးကြောင့် အသင်ဆင်ကြီးကို စီးရပါသည်၊ ခွင့်လွှတ်တော်မူပါ"ဟု တောင်းပန်နေမိသည်။

ဆင်စခန်းနှင့် ကိုက်နှစ်ရာခန့်အကွာ၌ တည်ရှိသော "အလောင်းတော်ကဿပ မထေရ်မြတ်" အလောင်းတော်ရုပ်ပွား စံမြန်းတော်မူရာ ကျောင်းတော်အား လှမ်းမြော်ပူဇော်ရင်း . . .

"ညီမရေ အဲဒီစံကျောင်းတော်အတွင်းမှာ အလောင်းတော်ကဿပ ရုပ်ပွားတော် ကိန်းဝပ်စံပယ်တော်မူတယ်၊ စံကျောင်းအနောက်ဘက်က သွားရင် အလောင်းတော်ကဿပမထေရ်မြတ် ပရိနိဗ္ဗာန်စံဝင်တော်မူရာ လိုဏ်ဂူကို တင်းတဲ့လမ်းရှိတယ်၊ အဲဒီလိုဏ်ဂူနေရာဟာ ဝေဘူလ၊ ဝေဘာရ၊ သုန္ဒရတောင် သုံးလုံးဆုံရာ နေရာမှာရှိပြီး ဝေဘာရတောင် အလယ်ဗဟိုမှာရှိတယ်"

လက်ညှိုးညွှန်ပြရင်း ဇနီးဖြစ်သူနှင့် ခြေကျင်တက်လာသော သားဝေမျိုးသက်တို့ကို ခေါ်ကာ စံကျောင်းရှိရာသို့ ထွက်ခွာလာခဲ့ပေတော့သည်။

❒ တက္ကသိုလ်မျိုး



www.burmeseclassic.com

www.burmeseclassic.com

# သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ၏ ဓမ္မနီတိ ရသများ

## ဇော်ချိဇော်မင်း (နံ့သာ)



ရွှေဟင်္သာဆရာတော်ကြီး၏ ပဒေသာဆုံးမစာများ

* လူနတ်သုခ ဆိုကာမျှ၊ ဒုက္ခမကင်းပါ။
ပြုပြင်ကြရ သင်္ခါရ၊ တွေ့ကြုံနေစဉ်သာ။
ဖောက်ပြန်ပျက်မှု ဒုက္ခစု၊ ကြည့်ရှုဉာဏ်ယှဉ်ကာ။
ရေပွက်ပမာ ခဏတာ၊ ခန္ဓာမမြဲပါ။
ငါပဲ ငါ့ဟာ စွဲလမ်းကာ စိတ်မှာမရှိရာ။
နင်လား ငါလား မာန်တရား မထားကြသင့်ပါ။
တစ်နေ့သောအခါ မြေကြီးဇာ ဖြစ်မှာမလွဲရာ။
ဇရာမရဏ မဝေးလှ ရှေ့ကလာနေပါ။
တွန်းလှန်ဖို့အား စွမ်းပကား ထင်ရှားမရှိပါ။
ပြေးရန်တစ်ဖုံ စွမ်းအဟုန် တစ်မှုန်မရှိပါ။
သတိပဋ္ဌာန ပွားများမှ လွတ်ကြပေမည်သာ။
အာနာပါန အစမှ ပွားကြလက္ခဏာ။
သမာဓိရ ထိုကာလ ရှုကြလက္ခဏာ။
သမာဓိကျိုး မဂ်ဖိုလ်မျိုး ဖြစ်ရိုးမရှိပါ။
ပညာအကျိုး မဂ်ဖိုလ်မျိုး ဖြစ်ရိုးမမှတာ။
နာမ်ရုပ်သဘာဝ အနိစ္စ ရှုကြဉာဏ်ဖြင့်သာ။
လောကအလုံး ရှုမဆုံး လုံးလုံးအနိစ္စာ။
အနိစ္စပင် အနိစ္စထင် တွေ့မြင်နိဗ္ဗာန်သာ။
နိဗ္ဗာန်လိုက ဤကာလ ရှုကြအနိစ္စာ။
ရုပ်နာမ်သဘာဝ ဒုက္ခမျှ ရှုကြဉာဏ်ဖြင့်သာ။
ဒုက္ခကိုပင် သုခထင် ဉာဏ်မြင်မွဲ၍သာ။
ဒုက္ခကိုပင် ဒုက္ခထင် တွေ့မြင်နိဗ္ဗာန်သာ။
နိဗ္ဗာန်လိုက ဤကာယ ရှုကြဒုက္ခသာ။
ရုပ်နာမ်သဘာဝ အနတ္တ ရှုကြဉာဏ်ဖြင့်သာ။
လောကအားလုံး ရှုမဆုံး လုံးလုံးအနတ္တာ။
အနတ္တပင် အတ္တထင် ဉာဏ်မြင်မွဲ၍သာ။
အနတ္တပင် အနတ္တထင် တွေ့မြင်နိဗ္ဗာန်သာ။
နိဗ္ဗာန်လိုက ဤကာယ ရှုကြအနတ္တာ။



တပ်ကုန်း မဟာသီဟနာဒ စာသင်တိုက်ကြီး၏
ပဓာန နာယကဆရာတော် ဘဒ္ဒန္တအာစိဏ္ဏ

**မှတ်သားစရာ ဩဝါဒ**

ဆရာတော်ကြီး၏ဩဝါဒများကို မှတ်သားလိုက်နာနိုင်ကြစေရန် တစ်ဖက်ပါအတိုင်း တင်ပြပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လုံ့လနည်းပါး၊ အလုပ်အား
*စီးပွားမတက်၊ ဂုဏ်မတက်၊*
*သူ့အတွက် မဆောင်၊ ကိုယ့်မအောင်။*
လုံ့လ မရှိတဲ့သူ၊
လုံ့လဝီရိယ နည်းတဲ့လူဟာ
စီးပွားရေးလည်း မတက်ဘူး၊
ဂုဏ်လည်း မတက်ဘူး။
ကိုယ့်မှာမှ စီးပွားနဲ့ဂုဏ် မပြည့်စုံရင်
သူ့အတွက်လည်း အကျိုးမဆောင်နိုင်ဘူး။

"သူ့အကျိုးဆောင်မှ ကိုယ့်အကျိုးအောင်"ဆိုတော့ သူ့အကျိုး မဆောင်နိုင်တော့ ကိုယ်လည်း မအောင်နိုင်တော့ဘူးပေါ့။ အလုပ်အားတယ်ဆိုတာ စဉ်းစားကြည့်စမ်းပါ၊

*မလုပ်လို့အားနေတာပါ။*

လုံ့လဝီရိယ ရှိသူဟာ အမြဲတမ်း အလုပ် လုပ်နေလေ့ရှိတယ်။ လုပ်နေရမယ်။

သူ့မှာ မအားဘူး၊ အလုပ် ရှိနေရမယ်။
*စီးပွားတက်ချင်သူ၊*
*ဂုဏ်တက်ချင်သူဟာ*
*အလုပ် အမြဲလုပ်နေရမယ်။*
ကဲ, နောက်တစ်မျိုး ပြောရရင်. . .
လုံ့လကြီးမား၊ အလုပ်များ
စီးပွားလည်းတက်၊ ဂုဏ်လည်းတက်
သူ့အတွက်လည်းဆောင်၊
ကိုယ့်အတွက်လည်းအောင်၊ ဟုတ်ပြီနော်။

အရပ်ထဲမှာ ဘယ်သူကတော့ စီးပွားတွေ ဘယ်လိုတက်တယ်၊ ပြောကြတယ်၊ အလုပ်မလုပ်ဘဲ တက်တဲ့ လူကမ္ဘာမှာ မရှိဘူးလေ။

ဂုဏ်တက်တယ်ဆိုတာလည်း ဒီလိုပဲပေါ့။

**အောင်မြင်ကြီးပွား ကျင့်စဉ်များ**

ဘုန်းကြီး နှစ်ပေါင်းများစွာ အမြဲတမ်း မပြတ်ပွားများလာတာကတော့ သရဏဂုံပါပဲ။ အနီးစခန်း ဆရာတော်ကြီးရဲ့ ဩဝါဒအရ ပွားပါတယ်။

*ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊*
*ဓမ္မံသရဏံ ဂစ္ဆာမိ၊*
*သံဃံသရဏံ ဂစ္ဆာမိ။*
*သံဃံသရဏံ ဂစ္ဆာမိ၊*
*ဓမ္မံသရဏံ ဂစ္ဆာမိ၊*
*ဗုဒ္ဓံသရဏံ ဂစ္ဆာမိ။*

အသက်အောင့်ပြီးတော့ ရွတ်တယ်၊ လောကီအတွက်လည်း အန္တရာယ်ကင်းတယ်လို့ အနီးစခန်းဆရာတော်ကြီးက တရားဟောရင်း မိန့်ဖူးတယ်။



သပြေကန်ဆရာတော်

**သပြေကန်ဆရာတော်ကြီး**

**လောကီချမ်းသာက ခဏပဲ**

လောကချမ်းသာဆိုတာက ဘာမှ မပြောပလောက်ပါဘူး။ အဲဒီလိုပဲ ဘယ်ချမ်းသာဖြစ်ဖြစ် လောကီချမ်းသာတွေက တစ်ခဏခံစားပြီးတော့ နောက် အီသွားတာ၊ ကြာကြာခံစားနိုင်တယ်မရှိဘူး၊ လောက ကာမဂုဏ်ချမ်းသာတွေ၊ ရူပါရုံခံစားတဲ့ ချမ်းသာ ဘယ်လောက်ကြာအောင် ကြည့်နိုင်မတုန်း။ ထို့အတူပါပဲ သဒ္ဒါရုံအသံကောင်းလေး နားထောင်ကောင်းတယ်၊ ဘယ်လောက်ကြာအောင်နားထောင်နိုင်မတုံး၊ အရသာလည်း တော်တော်လေးစားမိ အီသွားတယ်၊ မစားချင်တော့ဘူး၊ အဲဒီလိုချည်းပဲ အဲဒါကြောင့် လောကချမ်းသာက ခဏပဲ။ သောက ဟူသည် မိဘဆွေမျိုး ပျက်စီးခြင်း၊ ဉစ္စာပျက်စီးခြင်းနှင့်ဖြစ်စေ၊ ဆင်းရဲဒုက္ခတစ်မျိုးနှင့်ဖြစ်စေ ကြုံတွေ့သော် သူ၏စိတ် ပူဆွေးခြင်း၊ ဝမ်းနည်းခြင်းတည်း။ ထိုသောကနှင့် ကြုံတွေ့ရသောအခါ အဖြေမရှိသူတို့မှာ အတောမသတ်အောင် ပူကြရ၏။ တရားသဘော စဉ်းစားခြင်းဖြင့်သာ ဖြေဖျောက်နိုင်၏။ သောကပရိဒေဝ ပျောက်ငြိမ်းကြောင်းအဖြစ် ဘုရားရှင် အာမခံထားသော သတိပဋ္ဌာန်တရား စသည်ဖြင့် သောက လုံးဝပျောက်ငြိမ်းနိုင်သည်။

**အဖိုးများစွာ ထိုက်သည့်**

လောက၌ အဖိုးမဖြတ်နိုင်အောင် လူအများ အလွန်နှစ်သက်သော ရတနာများရှိခဲ့၏။ ထိုရတနာများနှင့် ဘုရား



www.burmeseclassic.com

www.burmeseclassic.com

မြတ်ကိုယှဉ်၍ ဘုရားကိုပင် ကိုးကွယ်မလား၊ ရတနာကိုသော် ယူမလားဟု တစ်ခုခု အရွေးခိုင်းလျှင် ဘုရားအကြောင်း ကောင်းကောင်းသိသူမှာ ရတနာကိုပစ်လျက် ဘုရားကိုသာ နှစ်သက်အားရစွာ ရွေးပါလိမ့်မည်။

လောက၌ တန်ဖိုးနည်းသော ရတနာဖြင့် လဲလှယ်လျှင် ပစ္စည်းနည်းနည်းသာရ၍ ရတနာက တန်ဖိုးရှိလေလေ ပစ္စည်းများများ ရလေလေဖြစ်ရာ၏။ ဘုရားတစ်ကြိမ် ရှိခိုးရုံမျှ ပန်းတစ်ပွင့် လှူရုံမျှဖြင့် ပြောမပြနိုင်အောင် အကျိုးတွေ့ရ သည်မှာလည်း ဘုရားရတနာ၏ အနဂ္ဃအဖြစ်ကိုပြသော သက်သေပင်ဖြစ်ပါသည်။

ထို့ကြောင့် အဖိုးများစွာ ထိုက်သော အနက်အရ ရတနာဆိုရလျှင် ဘုရားထက်သာသော၊ အဖိုးထိုက်ရတနာဟု မရှိသောကြောင့် ဘုရားကိုသာ တကယ့်ရတနာဖြစ်သည်။



ဘဒ္ဒန္တဝေပုလ္လ မဟာသဒ္ဓမ္မဇောတိကဓဇ
ဆရာတော်ကြီး

**အစွမ်းထက်နဝရတ်ကိုးပါး ဂါထာတော်**

ပထမဂါထာ

ဗုဒ္ဓေါလောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မောလောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ။
သံဃောလောကေ သမုပ္ပန္နော၊
ပုညခေတ္တံ အနုတ္တရံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

ဒုတိယဂါထာ

ဗုဒ္ဓသာသနံ မဟာတေဇဝန္တော၊
ဓမ္မသာသနံ မဟာပညာဝန္တော၊
သံဃသာသနံ မဟာဘောဂဝန္တော၊
သောတ္ထိ မေ ဟောတိ သဗ္ဗဒါ။

တတိယဂါထာ

ဗုဒ္ဓတေဇေန အရိန္ဒမော၊
ဓမ္မတေဇေန၊ မဟာလာဘော၊
သံဃတေဇေန၊ မဟာယသော၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

စတုတ္ထဂါထာ

ဗုဒ္ဓေါ မေ ရက္ခတု နိစ္စံ၊
ဓမ္မော မေ ရက္ခတု သဒါ၊
သံဃော မေ ရက္ခတု ဒိနေ၊
ဒီဃာယုကော မယ့်ဘဝေ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

၎င်းဂါထာ လေးပုဒ်စလုံးသည် ရတနာကိုးပါးဖြင့် ပူဇော်အပ်သော၊ ရတနာကိုးပါးအတိ ပြည့်စုံကြွယ်ဝနိုင်သော နဝရတ်ကိုးပါး ဂါထာတော် ဖြစ်သည်။ နေ့ညဥ့် မပြတ် ပွားများ သရဇ္ဈာယ်ခြင်း၊ နေ့စဥ်နေ့တိုင်း ပွားများအားထုတ်ခြင်း၊ နေ့စဥ် နေ့တိုင်း ပုတီးစိပ် ရွတ်ဆိုခြင်းတို့ကို ပြုသင့်လှသည်။

## ပြုဖွယ်ကိစ္စများ

၁။ ခန္ဓာကိုယ်ကို သန့်ရှင်းစင်ကြယ်စွာ ဆောင်ရွက်ရမည်။ ရေချိုးခြင်း၊ သန့်စင်သော အဝတ်များ ဝတ်ဆင်ခြင်း။

၂။ ဘုရားနှင့်တကွ ရတနာသုံးပါးအား တတ်နိုင်သရွေ့ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း။

၃။ ဘုရားရှင်ထံတွင် ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊

၄။ နဝရတ်ကိုးပါး ဂါထာတော်မြတ်ကို ရိုသေစွာ လေးစား အားကိုး ယုံကြည်စွာ ပွားများသရဇ္ဈာယ်ရွတ်ဆိုခြင်း။

၅။ ပြီးစီးတိုင်း မိမိ ဆန္ဒရှိရာ အရေးအကြီးဆုံး ကိစ္စ အကြောင်းအရာများအတွက် (၉)ခေါက် ရွတ်ဆို၍ ဆုတောင်းပါ။

နဝရတ်ကိုးပါး ဂါထာတော် အကျိုးကျေးဇူး အာနိသင် များမှာ လူ၊ နတ်၊ တိရစ္ဆာန်များပင် ချစ်ခင်လေးစားရာ၏။ သမ္မာ ဒေဝနတ်များ၊ သာသနာတော်စောင့်နတ်များ၊ တောတောင် မြို့ရွာစောင့်သောနတ်များ ကူညီစောင့်ရှောက်ရာ၏။ အာဏာ တည်ရာ၏။ ပြောတိုင်းဆိုတိုင်း လုပ်တိုင်းကိုင်တိုင်း အောင်မြင် ပြီးစီးရာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ
ပခုက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုန္ဒောဘာသ

### ဖြစ်ပြီးပျက်တယ်ဆိုတော့ မလိုချင်တော့ဘူး။

* နှာခေါင်းက လေရှူတယ်၊ မျက်စိက ကြည့်တယ်၊ နားက ကြားတယ်။ အဲဒါ သင်္ခါရတွေ ခေါ်တယ်။ သင်္ခါရဆိုတာ (ဖြစ်ပြီး ပျက်တယ်) အဲလိုပြောပြလိုက်တော့ ဟော နင်တို့ ယောကျ်ားတွေလား၊ မိန်းမတွေလား၊ဆိုတော့ မဟုတ် ဖြစ်ပြီး ပျက်တဲ့ဟာတွေလို့ဆိုတော့ ဟော လောဘက မလိုချင်တော့ဘူး၊ ဒေါသကလည်း စိတ်က မဆိုးချင်တော့ဘူး။ စိတ်က မဆိုးချင်တော့ အဘိဇ္ဈာနဲ့ ဗျာပါဒက ဝမ်းထဲမရှိတော့ဘူး။

အဲလို ပိုင်ပိုင်ကြီး သင်္ခါရ သိသွားလို့ရှိရင် လူတွေလည်း မဟုတ်ဘဲကိုး။ မျက်စိတွေကလည်း သင်္ခါရ၊ နှာခေါင်းတွေကလည်း သင်္ခါရ၊ လျှာတွေကလည်း သင်္ခါရ၊ နားတွေကလည်း သင်္ခါရ၊ ရင်ဘတ်ကြီး ဖောင်းတယ် ပိန်တယ်ကလည်း သင်္ခါရ၊ ဗိုက်ကြီး ဖောင်းတယ် ပိန်တယ်ကလည်း သင်္ခါရ၊ မီးဖွားတယ် လက်တွေကလည်း ဟိုအယားဖျောက် ဒီအယားဖျောက် အဲဒါကိုလည်း သင်္ခါရ၊ ထဘီဝတ်တယ်၊ အင်္ကျီဝတ်တယ် အဲဒါတွေကလည်း သင်္ခါရ။

### ဖြစ်ပြီး ပျက်တယ်သိရင်

* သင်္ခါရဆိုတာ ဖြစ်ပြီးပျက်တယ်လို့ လုပ်လိုက်ရော ဟော တစ်ခါတည်း ဘာမဆို ဝိပဿနာ ဖြစ်သွားတယ်။ ယဒါ ပညာယပဿတိ၊ အဲဒါ သင်္ခါရရောက်သွားရင် ပညာဖြစ်သွားတယ်။ သဗ္ဗေသင်္ခါရာ အနိစ္စာ ယဒါပညာယ ပဿတိ ဆိုရင် ပညာလည်း ဖြစ်သွားတယ်။ လူတွေ ယောကျ်ားတွေ မိန်းမတွေဆိုရင်လည်း ပညာမပါဘူး။ မျက်မှန်ဝတ်တယ်၊ ဘာလုပ်တယ်၊ ထိုင်တယ်၊ အကုန်သင်္ခါရပဲ ဖြစ်သွားတယ်။

* အဲဒါ အကုန်လုံးဆိုတော့ သဗ္ဗေသင်္ခါရာ၊ ပါဠိတွေကို မြန်မာလို လုပ်လိုက်တာ။ အနိစ္စကောင်ကြီး၊ အနိစ္စကောင်မ ဆိုတာ အနိစ္စတွေဖြစ်သွားတယ်။ ငါတွေ သူတွေ မဟုတ်တော့ဘူး။ သဗ္ဗေသင်္ခါရာ၊ အနိစ္စာ၊ ယဒါပညာယ အဲဒီပညာနဲ့ ရှုလိုက်တာ၊ နှာခေါင်းလေရှူတာ သင်္ခါရ၊ နားကကြားတာ သင်္ခါရ၊ မျက်စိကြည့်တာ သင်္ခါရ၊ လျှာကစားတာ သင်္ခါရ၊ ဘာမဆို အကုန်သင်္ခါရ ဖြစ်သွားတယ်။

နိဗ္ဗာန်တရားပဲ မဖြစ် မပျက်တော့တယ်။

* သင်္ခါရဆိုရင် အနိစ္စာဝတသင်္ခါရတဲ့၊ ဥပ္ပါဒဝယ ဓမ္မိနောတဲ့၊ ခန္ဓာတွေလည်း သင်္ခါရလုပ်လိုက်၊ ဓာတ်တွေကလည်း သင်္ခါရလုပ်လိုက်၊ သစ္စာတရားလည်း သင်္ခါရလုပ်လိုက်၊ ပဋိစ္စ သမုပ္ပါဒ်လည်း သင်္ခါရလုပ်လိုက်၊ ဟော နိဗ္ဗာန်တရားပဲ မဖြစ် မပျက်တော့တယ်။ အနိစ္စာဝတသင်္ခါရဉာဏ်က အဲလိုသိသွားတယ်။

• • • • • • • • • • • • • • • • • • • • • • • •



ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဝိပဿနာတရားပြ
ဓမ္မကထိက ဦးပညာဒီပမဟာထေရ်

## ကိုယ်တွေ့မှုစု နိဗ္ဗာန်ရ ဝိပဿနာတရားတော်မှ မရဏာတရား သံဝေဂပွား

* ခန္ဓာငါးရပ်၊ ရုပ်နာမ်ဓာတ်ကို၊ ပိုင်လပ်သူငါ၊ သတ္တဝါတို့ မှန်စွာမလွဲ၊ သေရမြဲမို့၊ စိတ်ထဲထင်မြင်၊ မိမိပင်လည်း၊ အစဉ်မုချ၊ သေချိန်ကျက၊ သေရမည်မှာ၊ ဓမ္မတာဟု၊ မကွာနေ့ည၊ သံဝေဂကို၊ ရှုကြဆင်ခြင်၊ ဉာဏ်မှာမြင်ပြီး၊ ဖြစ်လျှင်ပျက်ရ၊ သင်္ခါရသည်. . .

ဩော်. . . မှန်လှ အနိစ္စပါတကား၊


www.burmeseclassic.com

www.burmeseclassic.com

ဩော်. . . မှန်လှ ဒုက္ခပါတကား၊
ဩော်. . . မှန်လှ အနတ္တပါတကား။

* မျက်စိမှုန်မှိုင်း၊ ခါးကိုင်းဖြစ်လာ၊
ဆံဖြူသွားကျိုး၊ အိုမျိုးမှန်စွာ၊
အရေတွန့်လိပ်၊ ဖိနှိပ်ဇရာ၊
အိုဘေးကြီး လောင်မီး ကြောက်စရာ။

* ပူလှအေးလှ၊ ပြင်းပြရောဂါ၊
နာကျင်ကိုက်ခဲ မစဲခံရှာ၊
အစာမသုံး၊ တုံးလုံးလှဲကာ၊
နာဘေးကြီး လောင်မီး ကြောက်စရာ။

* ဇီဝိန်ပြတ်စဲ၊ မမြဲခန္ဓာ၊
စုတိပျက်ပြုံး သေဆုံးသောအခါ၊
ပိုင်မှုအားလုံး၊ နောက်ဆုံးစွန့်ခွာ၊
သေဘေးကြီး လောင်မီးကြောက်စရာ။

* ရုပ်ခန္ဓာစု၊ ရမှုသူငါ၊
ဇရာဘေးကြီး၊ ဖိစီးနေတာ၊
ခဏမစဲ၊ သဲသဲပျက်ခါ၊
ဉာဏ်ဖြင့်ပွား၊ တရားကိုယ်မှာရှာ။

* ရုပ်ခန္ဓာစု၊ ရမှုသူငါ၊
ဗျာဓိဘေးကြီး၊ ဖိစီးနေတာ၊
ကျင်နာကိုက်ခဲ၊ မစဲရောဂါ၊
ဉာဏ်ဖြင့်ပွား တရားကိုယ်မှာရှာ။

* ရုပ်ခန္ဓာစု၊ ရမှုသူငါ၊
မရဏဘေးကြီး၊ ဖိစီးနေတာ၊
နေ့မြင်ညပျောက်၊ ဆိုက်ရောက်မကြာ၊
ဉာဏ်ဖြင့်ပွား၊ တရား ကိုယ်မှာရှာ။

* ဇာတိပေါက်ဖွား၊ အများလူတွေ၊
သေခြင်းတရား၊ အနားကပ်နေ၊
မပြတ်ရှုပွား၊ တရားသံဝေ၊
သတိချပ် ရှုမှတ်ပါလို့နေ။

* သုံးဘုံတွင်းသား၊ ဖြစ်ငြားဧကန်၊
မရဏမင်း၊ ခံတွင်းရောက်ပြန်၊
သေဘေးဒုက္ခ၊ တွေ့ရအမှန်၊
သံဝေပွား၊ တရား ရှာကြရန်။

* ရုပ်နာမ်ဓမ္မ၊ ဖြစ်ကြသူငါ၊
သေဘေးဒုက္ခ၊ မုချတွေ့တာ၊
ဘုရားသနင်း၊ မကွင်းရှောင်သာ၊
ကိုယ်လည်းပဲ၊ မလွှဲသေရမှာ။

* အိုနာသေဘေး၊ ကင်းဝေးချိန်တွင်၊
ဘာဝနာပွား၊ တရားဆင်ခြင်၊
ဉာဏ်စဥ်ထွင်းဖောက်၊
မဂ်ရောက်ဖိုလ်မြင်၊ သန္တိဆိုက်၊ အမြိုက်နိဗ္ဗာန်ဝင်။



မူလမင်းကွန်း အရှင်နာရဒဆရာတော်
သထုံဇေတဝန်ဆရာတော်

## ဆရာတော်ကြီး၏ဝိပဿနာရှုနည်းမှ

* ယောဂီတို့က တစ်နှစ်လာလည်း ဒီဖြစ်ပျက်ပဲ မြင်ရတယ်၊ တစ်ခါဝင်လည်း ဒီဖြစ်ပျက်ပဲတွေ့ တွေ့နေရတယ် စသဖြင့် အားမလိုအားမရလျှောက်တတ်ကြတယ်။ ဝိပဿနာအလုပ်ဆိုတာ ရေရှည်အလုပ်ပါ။ ခေတ်ကလည်း နေယျပုဂ္ဂိုလ်ခေတ်ပါ။ ဒီတော့ ရုပ်နာမ်နှစ်ခု အပျက်ရှု သတ္တုအချုပ်ပါ ဆိုတဲ့အတိုင်း အမြဲမပြတ် ရှုမှတ်ဖို့တာဝန်က ယောဂီတို့၏ တာဝန်ပါ။

ရှုမှတ်နေလျှင် ဉာဏ်အထွတ်အထိပ်ရောက်လာပြီး သပ္ပာယ တစ်ခုခုနဲ့ တွေ့ရတဲ့အချိန် ဖြုန်းခနဲပေါ်လာမယ့် တရားတော်ပါ။ အမြဲပွားများအားထုတ်တဲ့ ယောဂီ၏ ကိလေသာသည် အမှတ်တိုင်း အမှတ်တိုင်း ပါးပါးနေပါပြီ။ နေ့တိုင်း လတိုင်း နှစ်တိုင်း အမှတ်နဲ့ သတ်သတ်နေလို့ ကိလေသာတွေ ပါးမှန်းမသိ ပါးလှပါပြီ။ ကုန်မှန်းမသိ ကုန်လှပြီ။ အမြဲတမ်း အသုံးပြုနေတဲ့ လက်သမားကြီးရဲ့ ပဲခွပ်ရိုး(ဥပမာ)လိုပါပဲ။ မုရနိကွေ့ပံ အကတွာ ဆိုတဲ့အတိုင်း ဇွဲမလျှော့တမ်း ရှုမှတ်ရမယ့် အလုပ်က ယောဂီ၏အလုပ်ပါ။ ဒီသာဓကလေး မှတ်မိအောင် လင်္ကာလေးဆိုကြည့်ပါ။

* ပဲခွပ်ရိုးပုံစံပြု တို့များအတုယူရမှာ။
လက်ချောင်းရာတွေ ခွက်ကာသွား၊
ကိုင်ဖန်များတော့ ပါးပါးလာ၊



www.burmeseclassic.com

www.burmeseclassic.com

ပါးပါးသော်လည်း သိနိုင်ခဲ၊ ဖြစ်မြဲ ဓမ္မတာ။
ဘယ်နေ့ ဘယ်ရက် ဘယ်လောက်ခွက်၊
တွက်ချက် မသိပါ။
ထို့အတူပဲ ယောဂီလည်း၊ စွဲမြဲမှတ်သားပါ။
စွဲမြဲမှတ်မှ အာသဝ၊ မုချပါးပါးလာ။
ပါးပါးသော်လည်း သိနိုင်ခဲ၊ စိတ်လည်း မပျက်ရာ၊
မှတ်ပါများလျှင် အရာထင်၊
စိတ်စဉ်တည်ကြည်လာ၊
တည်ကြည်ပါမှ သဘာဝ၊ မုချမြင်ရမှာ၊
သဘာဝမြင် ရုပ်နာမ်ထင်၊ ဉာဏ်စဉ်တွေ့တော့မှာ၊
ဉာဏ်စဉ်တွေ့က မြတ်ဓမ္မ၊ ရအပ်သေအချာ။
* ပင်လယ်လှေကြီး၊ ချည်ပြီးတုပ်ဟန်၊
ကြိုးကြိမ်နွယ် ပေါင်း၊ ထပ်လောင်းဖန်ဖန်၊
ဟိုကမ်းသည်ကမ်း၊ ကူးသန်းစုန်စုန်၊
မိုးလေးလ ရေမှမလွတ်ပြန်၊
ဆောင်းနွေတစ်လျှောက်၊
ပူအေးလျှောက်ပြန်၊
လွန်းတင်ဌာန ရောက်ရတစ်ဖန်၊
ရှိသမျှ အအေးဓာတ်၊ နေ့မပြတ်လောင်ပြန်၊
ရက်တွေ ကြာညောင်း၊
ခြောက်သယောင်းနေဒဏ်၊
မိုးတစ်ဖြိုက်နှစ်ဖြိုက်၊
ဆိုက်ဆိုက်ထိမှန်၊
ရှိသမျှပြုတ်ကျ၊
တစ်မျှမကျန်၊
သံယောဇဉ်ကြိုး
ဘယ်လောက်ခိုင်ခိုင်။
* မရပ်မနား မှတ်သားလှိုင်လှိုင်၊
ရုပ်နာမ်နှစ်ပါး မျက်ဝါး ပိုင်ပိုင်၊
ဉာဏ်မျက်စိထဲ ဖောက်ခွဲရှုနိုင်၊
သတ္တပျောက် အတ္တ ကိုယ်မပိုင်၊
ဓာတ်ပရမတ် တွေ့လတ်သောခါ၊
ငါပဲ သူပဲ မခွဲတော့ပါ၊
တရစပ်ဖြစ်ပျက် ပျက်ပြုန်းသေချာ၊
ငြီးငွေ့အမုန်း ကုန်ဆုံးစေချင်တာ၊
ကြိမ်နွယ်ကြိုးပေါင်း ခညောင်းမြေမှာ၊
စံနမူထား မှတ်သားရမှာ။
* ရက်လံညာညောင်း
ခြောက်သယောင်းကိလေသာ၊
မှတ်ပါများတော့ အားပျော့ခွေရှာ၊
သပ္ပာယတွေ့က ချက်ချင်း ကွာ၊
သံယောဇဉ် မြူမျှမျှင် မကျန်ပါ။



မဟာဗောဓိမြိုင်ဆရာတော်

မဟာဗောဓိမြိုင် ဆရာတော်

## ဆရာတော်ဘုရားကြီးရဲ့ ဓမ္မဒေသနာ

### တစ်လိမ် နှစ်လိမ် ပွေလိမ်ရှုပ်တယ်

* ဘဝနဲ့ စည်းစိမ်ဥစ္စာတွေဆိုတာ တဏှာအရင်းအနှီးနဲ့ ယူထားခဲ့ကြတာတွေ၊ ဘာမဆို လိုချင်လွန်းလို့ ရခဲ့တာတွေ၊ ဒါကြောင့် ဒါတွေ (ဘဝနဲ့စည်းစိမ်း) ဘယ်သူပိုင်ပါသတုံး'မေးရင် တဏှာပိုင်လို့ပဲ ဖြေရလိမ့်မယ်။ လက်ရှိဘဝသည်ပင်လျှင် အတိတ်က ကံပြုစဉ်တုန်းက အစွဲသိ သာယာစိတ်အတိုင်း သေခါနီး နိမိတ်အပြခိုင်းပြီးတော့ သွားရမယ့်ဘဝကို သဘောကျ သဘောတူပြီဆိုတော့၊

* ခုနစ်ကြိမ်တိတိ ဆန္ဒမဲပေးပြီးမှ (ဇော ခုနစ်ကြိမ်ကျပြီးမှ) ဘဝရလာတာ။ ဒီဘဝ ရှာလို့ရသမျှ စည်းစိမ်ဥစ္စာ အရာရာတွေကိုလည်း အဲဒီအတိတ်ကံ ပြုစဉ်တုန်းက အစွဲသိရဲ့ နှုန်း၊ သာယာစိတ်ရဲ့ အပြင်းအပျော့ပေါ် လိုက်ပြီး ဒီဘဝဘက်က ကံ၊ ဉာဏ်၊ ဝီရိယ ဖော်ထုတ်သုံးစွဲတတ်မှသာ ပေါ်ထွန်းလာရတာ။ ဘာပဲဖြစ်ဖြစ် ဘဝနဲ့စည်းစိမ် ဥစ္စာတွေအပေါ်မှာ တဏှာကြီးစိုးနေတာ အမှန်ပါပဲ။

### အလွန်ခိုင်တဲ့ ကြိုးမို့ လွန်ကြိုးလို့ခေါ်

* ကြိုးကျစ်တဲ့အခါ ချည်တစ်မျှင်ကတစ်ခင်၊ တစ်ခင်က တစ်ထုံး ဖြစ်လာအောင် အထပ်ထပ် အခါခါ ကျစ်ပေးပြီး လိမ်လိုက်တော့မှ ကြိုးဖြစ်လာတာ။ အလွန်ခိုင်တဲ့ကြိုးမို့ လွန်ကြိုးလို့တောင် ခေါ်ကြပါသေးတယ်။ ဒီလိုလိမ်ပြီး ကျစ်တဲ့အခါ ညာဘက်ကို ချချပြီးတော့ လိမ်ရ ကျစ်ရပါတယ်။ ဒါကြောင့် ကြိုးမှန်သမျှ လိမ်ညာ (သို့မဟုတ်) ညာလိမ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ချည်းပဲ။ သံယောဇဉ်ကြိုး ဆိုတာကရော . . . "လိမ်ညာ သို့ မဟုတ် ညာလိမ်ပါပဲ ဘုရား"။

* တကျော့ကတော့ နည်းမျိုးစုံနဲ့ လိမ်မှာပဲ၊ အဆင်းလေး ပြ၊ အသံလေးပေး၊ အနံ့လေးပေးမွှေး၊ အရသာနဲ့ အထိအတွေ့ လေးပေးပြီးတော့ လိမ်မှာပဲ။ အလိမ်ခံရသူဘက်ကလည်း ဒီလို အာရုံငါးပါးနဲ့ လိမ်တာ ခံချင်နေတာ လိမ်းစမ်းပါစေ၊ လာစမ်း ပါစေ မျှော်နေကြတာ။ အလိမ်အညာ လာချင်ရင်လာ၊ အိမ်ရှင် မလိမ္မာရင် ဧည့်သည်ညာသမျှ ခံရမှာပဲ။

* တကျော့ဖမ်းတော့ ကန်းတတ်တယ်၊ တကျော့ပူးတော့ ရူးတတ်တယ်၊ သူ့ကြောင့် ကန်းလည်းကန်း ရူးလည်းရူးနေတဲ့ သူတွေကို တကျော့က အထူးအားထုတ်ပြီး မလိမ်လိုက်ရပါ ဘူး။ သာသာလေး လိမ်သွားတော့တာပါပဲ။ လူလူချင်းသာ လူစွာလုပ်နေကြတာပါ။ တကျော့နဲ့လည်း တွေ့ရော လူတွေ ဆိုတာ ခြင်းထဲက ကြက်တွေနဲ့ တူလိုက်တာ။

• • • • • • • • • • • • • • • • • • • • • • • •



ကျေးဇူးရှင် တောဇေတဝန် မဟာထေရ်

## ဆရာတော်ဘုရားကြီး၏ အနန္တဂုဏ်ရည်ပြ

* ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော ဟူသော အနန္တော အနန္တ ဂုဏပြည့်ဝ၊ ဂုဏ်ပေါင်း ငါးဝ ခြောက်ဝ ရှိသည်များကို သားသမီးများ နိစ္စမလွဲ၊ အမြဲသတိရကာ၊ မဟာပွလ၊ မဟာနိသံသ၊ မဟာ ဝိပါက၊ မဟာဇုတ္တိက၊ မဟာဝိရောစမနာ၊ ဒီဃာယုက အကျိုး များ ရကြမြဲဖြစ်ကြောင်း။

* တပည့်တို့ ဤမျှ အနန္တော အနန္တဂုဏ် ပြည့်ဝသော မိဘကား အမိရယ် အဖရယ် သားသမီးရယ်ဟု တွဲတွဲပြီး တော်စပ်နေသည်မှာ ဘဝပေါင်းတစ်သိန်းကြာမှ တစ်ခါကြုံရ မည်၊ ဘဝပေါင်းတစ်သန်းကြာမှ တစ်ခါကြုံမည်၊ အဲဒါတောင် မှ ကျေးဇူးဆပ်ပါလျှင် တစ်မတ်ဖိုးက အနန္တောအနန္တအကျိုး အထိ ရနိုင်သေး၏။

* ကိုယ်မှာကား ဓာတ်ကြီးလေးပါးရှိတယ်။ ဓာတ်ကြီး လေးပါးကို မှီခို၍ ရုပ်တွေရော၊ စိတ်တွေရော၊ စေတသိက် တွေရော ဖြစ်နေကြသည်။ ဥပမာ - မိဘကို မှီခို၍ သားသမီး ဖြစ်သကဲ့သို့ပဲ ဓာတ်ကြီးလေးပါးကို မှီခိုအားထား၍ ဖြစ်ကြ သော ရုပ်တွေ၊ စိတ်တွေ၊ စေတသိက်တွေကား ဓာတ်လေး ပါး၏ သားသမီး ဥပမာပဲ။

* လူ့ပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ဗြဟ္မာပဲဖြစ်ဖြစ်၊ အပါယ် သတ္တဝါ လေးမျိုးပဲဖြစ် အသက်ရှိတာတွေရော၊ အသက်မရှိ တဲ့ သစ်ပင်တွေရော၊ အားကိုးသည့် ဓာတ်ကြီးလေးပါး မိဘ ကို မှီခို၍ အားထား၍ ရုပ်ရော၊ စိတ်ရော၊ စေတသိက်ရော ဖြစ်နေကြသည်။

* ဓာတ်ပေါ်လျှင် စိတ်ကရော၊ စေတသိက်ကရော၊ ရုပ် ကရော သတိ၊ သမာဓိ၊ ပညာဆိုတဲ့ အစာအာဟာရဖြင့် ဓာတ် ကြီးလေးပါး မိဘမသေအောင် ရှုနေသောဓာတ်ဆိုတာ ဘယ် ဘဝမှ မကင်းခဲ့ပါ။ ရုပ်တရားမရှိတဲ့ အရူပလေးဘုံ ဗြဟ္မာများ ပင် စိတ်ဓာတ် စေတသိက်ဓာတ်ကို မှီခို၍ အားထား၍ ဖြစ် နေပါသည်။ စိတ်ဝိညာဏဓာတ် စေတသိက်၊ ဓမ္မဓာတ်မိဘများ ကို မှီခို၍ အားထား၍ ဖြစ်ကြမြဲသာ။

* ဓာတ်က ဘဝတိုင်း တော်စပ်သောမိဘဖြစ်၍ အကျိုး ပေး အနန္တော အနန္တတွေကား အသချေမကဘဲ တိုးပွားနေ မည်။ ဒီရေများ တိုးသကဲ့သို့ အမျိုးမျိုး စည်းစိမ်များကိုရ၍ ချမ်းသာမည်ဖြစ်၏။

**တရားပွဲအပြီး ရွတ်ဆိုကြရန်**

* သေမင်းလက်ထဲ၊ ရုပ်လည်းအပ်ရှာ၊
သေမင်းလက်ထဲ၊ နာမ်လည်းအပ်ရှာ။

* သုသာန်သင်္ချိုင်းလောင်းတိုင်းအပ်ရှာ၊
ဓာတ်မရ အပ်ကြအပါယ်ရွာ။

* သတ္တဝါမှန်သမျှ၊ အနန္တထွေထွေ၊
မိတ်ဟောင်းဆွေ ဟောင်း၊ အပေါင်းဝေနေ။


* ဘေးရန်ဝေးစွ၊ အေးမြပါစေ၊
ဆူမွှန်တောင်း၊ အပေါင်း ယောဂီတွေ။

* လူနေ လူစား၊ လူသွား လူလာ၊
လူကြံ လူကျင့်၊ လူနှင့် တူပါ။

* လူလိုစိတ်ထား၊ လူပြောလူသား၊
လူမှန်က ရောက်ရ နိဗ္ဗာန်တာ။

❒ ကျော်ဇောဟိန်း(နံ့သာ)

www.burmeseclassic.com



## ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

စဝရာမူရမြို့ ဓမ္မလောဓာတိုက်ကျောင်း စန္ဒလေးမြို့
ဦးချစ်ဆွေဓမ္မာရုံ၌ ဟောကြားခဲ့မတော်မူသော

# မိမိကိုယ်ကို သုံးသပ်ရန် သမ္မာသနုတရားတော်

(ယခင်လမှအဆက်)

ပျဉ်ဖိုးနားလည်တယ်ဆိုတော့ ခေါင်းပျဉ်ဖိုးကို ဝယ်ရတာ နားလည်သွားတယ်လို့ ဦးခင်မောင် (မှန်ပါ့)။ ဒီဒကာ၊ ဒကာမတွေ တစ်ခါသေးဖူးသလား၊ နှစ်ခါသေဖူးသလား မေးတော့ ဘယ့်နှယ် ပြောပါ့မယ် (မရေတွက်နိုင်ပါဘုရား)။ ဒါဖြင့် ပျဉ်ဖိုး နားလည်ရဲ့လားဆိုတော့ (နားလည်ပါတယ်)။ တော်တော်ရှော်တဲ့ ဒကာ၊ ဒကာမတွေပဲ မဆိုထိုက်ဘူးလား၊ ဆိုထိုက်သလား (ဆိုထိုက်ပါတယ် ဘုရား)။ ဒီလမ်းချည်း ထပ်ပြောနေတယ်ဆိုတော့ အသေလမ်းချည်း ပြေးနေတယ်ဆိုတာ မပေါ်လာဘူးလား (ပေါ်လာပါ တယ်ဘုရား)။

အဲဒါကြောင့် ဒကာ၊ ဒကာမတို့ အသေဇာတ်သိမ်းကြပါတော့ ဆိုတဲ့ဥစ္စာ သတိပေးရတယ်နော် (မှန်ပါ့)။ အသေ ရလို့ရှိရင်ဖြင့် အသေလွတ်ရာရှိမယ် (မှန်ပါ့)။ အသေရှိလို့ ရှိရင် (အသေလွတ်ရာ ရှိရပါမယ်)။ အင်း. . . ဒါကြောင့် အမတဆိုတာ မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတာ ထင်ရှားရှိနေတယ် (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ တရားပဲစကြပါစို့။ ခင်ဗျားတို့ ပြင်ရတာနဲ့ကြာကြာနေတာ (မှန်ပါ့)။ ဘုရား တရားတော် ဟောရတယ်ကို မရှိဘူး။ ခင်ဗျားတို့ဟာ ပြင်နေတာနဲ့ပဲ တော်တော်နေ တရားဟာ နာရီဝက်လောက် ရောက်သွားရော ဦးခင်မောင် (မှန်လှပါ ဘုရား)။

www.burmeseclassic.com

ဘယ်လောက်ပျက်လာလို့ ပြင်ရတာပါလိမ့် (အများကြီးပါ ဘုရား)။ အစကိုက အကောင်းတစ်ခုမှမပါလို့ ပြင်နေရတာ (မှန်လှပါ)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ အစကအကောင်းများ ပါကြရဲ့လား (မပါပါ ဘုရား)။

ဘာမှမပါဘူး၊ ခင်ဗျားတို့ဟာက အသိဉာဏ်ဆိုတဲ့ အကောင်းက ပါမှမပါခဲ့တာ၊ တစ်ခါတည်း ပြင်ဆင်ပေးနေရတဲ့ အစိပ္ပာယ်ချည်းများတယ် (မှန်ပါ့ဘုရား)။

ကိုင်း. . . ဒကာ၊ ဒကာမတို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ရဟန်းတို့၊ ဒီလိုသုံးသပ်ကြပါကွာတဲ့။ ဇရာမရဏဟာ ဒုက္ခသစ္စာကွာ၊ ဇရာ၊ မရဏဟာ ဘာသစ္စာတဲ့ (ဒုက္ခသစ္စာပါဘုရား)။ ဪ. . . ဘယ်ကလာသတုံးဆိုတော့ တွေးရမယ်တဲ့ (မှန်ပါ့ ဘုရား)။ ဇရာ၊ မရဏ ဘယ်ကလာသတုံးလို့ မင်းတို့ အဲဒီလိုတွေးကြစမ်းပါတဲ့ (မှန်ပါ့)။ ကိုင်း. . . ဒကာ၊ ဒကာမတို့ တွေးလိုက်တဲ့အခါကျတော့ ဪ. . . ဇရာ၊ မရဏ ဆိုတာ ခန္ဓာငါးပါးက လာတာ (မှန်ပါ့ ဘုရား)။ ဇရာ၊ မရဏဟာ ခန္ဓာငါးပါးရှိလို့ ဇရာ၊ မရဏက လာတာ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါပြီ ဘုရား)။ ဇရာ၊ မရဏဟာ ဘယ်ကများ လာတာပါလိမ့် (ခန္ဓာငါးပါးက လာတာပါ)။ ပေါ်ပြီ ပေါ်ပြီနော် (မှန်ပါ့)။

ဒါဖြင့် ဘယ်ခန္ဓာရချင်ကြသတုံး (ဘယ်ခန္ဓာမှ မရချင်ပါဘုရား)။ ဟာ. . . တော်တော်ကလေးတော့ နေရာကျလာပြီ၊ ဒီဟာ သစ္စာသံထွက်လာတယ် (မှန်ပါ့)။ သစ္စာသံထွက်လာတာ ဒကာသစ်တို့ရ (မှန်ပါ့)။ ကိုမြရွှေ ဘာသံထွက်လာသလဲ (သစ္စာသံ ထွက်လာပါတယ် ဘုရား)။ သစ္စာသံ ထွက်လာတယ် ဦးဇံရင်ရ (မှန်ပါ့ ဘုရား)။ ဇရာ၊ မရဏ ဘယ်ကများ လာပါလိမ့် ဒကာ၊ ဒကာမတို့ (ခန္ဓာငါးပါးက လာပါတယ်)။

ဟောဒီက ဇရာ၊ မရဏ၊ ဇရာ၊ မရဏ သည်ကားလို့ ဆိုရင် ဘယ်ကလာသတုံးဆိုတဲ့ဥစ္စာ မင်းတို့ခန္ဓာမှာ တွေးကြစမ်းပါတဲ့၊ အိမ်ရောက်လို့ရှိရင်ဖြင့် ဘာကိစ္စမှ မတွေးဘဲနဲ့ ဦးခင်မောင် ဒါကလေး တွေးစမ်းပါ (မှန်ပါ့ဘုရား)။

ဒကာ၊ ဒကာမတွေ ဆရာဘုန်းကြီးမှာတယ်၊ ဇရာမရဏဆိုတဲ့ဥစ္စာ ခင်ဗျားတို့ အိုရဦးမယ်ဆိုတာ သေချာတယ် မဟုတ်လား (သေချာပါတယ်)။ သေရဦးမယ်ဆိုတာကော (သေချာပါတယ်)။ အဲဒါ ဘယ်က လာလိမ့်မတုံးလို့ နဖူးပေါ်လက်တင်ပြီး စဉ်းစားပြီး တွေးကြစမ်းပါ (မှန်ပါ့)။ တွေးလိုက်တော့ ဘာပေါ်လာသတုံး (ခန္ဓာငါးပါး ပေါ်လာပါတယ်)။

ဪ. . . ခန္ဓာငါးပါးက လာတယ်။ ခန္ဓာငါးပါးရှိလို့ အိုမှု၊ သေမှုရှိတယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ဒကာ၊ ဒကာမတို့ ဇရာ၊ မရဏ ဘယ်ကလာသတုံး (ခန္ဓာငါးပါးက လာပါတယ်)။ ခန္ဓာငါးပါးရှိလို့ လာတယ်ဆိုတာ သေချာကြပလား (သေချာပါတယ် ဘုရား)။

ဪ. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဇရာ၊ မရဏကို ဘယ်ကလာတယ်ဆိုတာ ခင်ဗျားတို့က မသိဘူး။ ဇရာ၊ မရဏဆိုတာ ကျုပ်ဖြင့် အိုလာပြီ၊ ကျုပ်ဖြင့် သေခါနီးလာပြန်ပြီ။ ဒါတော့ ပြောကြ၊ ပြောတော့ပြောကြသားပဲ။ ဘယ်ကများ လာပါလိမ့်မတုံး ဆိုတဲ့ဥစ္စာ ခင်ဗျားတို့က မသိဘူး (မှန်ပါ့ဘုရား)။

အခုတော့ဖြင့် ဒကာ၊ ဒကာမတွေ သိပြီ (သိပါပြီ)။ ဘယ်က လာသတုံး (ခန္ဓာငါးပါးက လာပါတယ်)။ ခန္ဓာငါးပါးက လာတယ်ဆိုတော့ စာလိုသုံးတော့ ဥပတိကလာတယ်လို့ သံယုတ်ပါဠိတော်မှာတော့ လာတယ်။ သို့သော် ဒကာ၊ ဒကာမတွေ နားလည်မှုကို ပြောရတော့ ခန္ဓာငါးပါးက လာတယ် (မှန်ပါ့)။

ဪ. . . ဒါဖြင့် ဇရာ၊ မရဏဆိုတာ တခြားက လာတာလား အောက်မေ့နေတယ်။ ကိုယ်တောင်းထားတဲ့ ဆုထဲက ပါလာတာကိုး (မှန်ပါ့ဘုရား)။ လူ့ခန္ဓာဖြစ်ရပါလို၏ (မှန်ပါ့)။ အိုဘေး၊ သေဘေးက ငါ လိုက်ခဲ့ဦးမယ်(မှန်ပါ့ဘုရား)။ လူ့ခန္ဓာ ရရပါလို၏ဆိုတော့ အိုဘေး၊ သေဘေးက ဘာတဲ့ (ငါလိုက်ခဲ့ဦးမယ်တဲ့)။ လိုက်တော့ ခင်ဗျားတို့က ကြိုက်ရဲ့လား (မကြိုက်ပါ ဘုရား)။

နို့. . . လူ့ခန္ဓာတော့ ရချင်တယ်၊ လိုက်တော့ မကြိုက်ဘူးဆိုတော့ ဦးခင်မောင်၊ ဒီဥစ္စာ မတော်ဘူးဗျာ (မှန်ပါ့)။ ကိုမြရွှေ တော်ပါ့မလား (မတော်ပါဘုရား)။ ဒကာ၊ ဒကာမတို့ (မတော်ပါ ဘုရား)။

လူ့ခန္ဓာ ရရပါလို၏ဆိုတော့ အိုဘေး၊ သေဘေးက ဘာတဲ့ (လိုက်ခဲ့ဦးမယ်တဲ့)၊ ငါ လိုက်ခဲ့ဦးမယ်တဲ့ (မှန်ပါ့ ဘုရား)။ လိုက်တော့ ခင်ဗျားတို့က ကျေနပ်ရဲ့လား (မကျေနပ်ပါ ဘုရား)။ မကျေနပ်လို့ရှိရင်လည်း အစကတည်းက မကျေနပ်နဲ့ (မှန်ပါ့ ဘုရား)။

ဒီခန္ဓာကုန်ခဲ့ရင်တော့ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ ဘာမှမရချင်နဲ့၊ သဘောကျပလား (မှန်ပါ့ဘုရား)။ ခန္ဓာရလို့ရှိရင် ဘာလိုက်လာမယ် ထင်ကြသလဲ (အိုဘေး သေဘေးလိုက်ပါ့မယ်)။ အိုဘေး၊ သေဘေး သေသေချာချာလိုက်မယ် မဟုတ်လား (မှန်ပါ့)။


ကဲ. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ အိုဘေး၊ သေဘေး ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ်ဘုရား)။ ခန္ဓာငါးပါးက လာတယ်။ ဒါဖြင့် ခင်ဗျားတို့ နောက်ခန္ဓာငါးပါးကို ဘာခန္ဓာဖြစ်ရပါလို၏ ဟုတ်လား၊ နတ်ဖြစ်ရပါလို၏ဆိုတော့ ခန္ဓာငါးပါး ဗြဟ္မာဖြစ်ရပါလို၏ ဆိုတော့ကာ (ခန္ဓာငါးပါးပါပဲ)။

အဲ. . . ခန္ဓာငါးပါးကို သွားမထည့်နဲ့ (မှန်ပါ့)။ ထည့်ရင် အိုဘေး၊ သေဘေးက ငါလိုက်ခဲ့ဦးမယ်ချည်း လာလိမ့်မယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ထည့်ရင် ဘာတုံး (ငါ လိုက်ခဲ့ဦးမယ်)။ ငါလိုက်မှာက ဘယ်ငါတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့် (အိုဘေး၊ သေဘေးပါ ဘုရား)။ ဇရာ၊ မရဏလိုက်မှာ (မှန်ပါ့ ဘုရား)။

သူတို့ ဇရာ၊ မရဏသာ လိုက်လာလို့ရှိရင်လည်း သူ့အဖော်တွေက ရှိသေးတယ် (မှန်ပါ့ ဘုရား)။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေကလည်း ငါတို့လည်း လိုက်ခဲ့ဦးမယ်ဆိုပြီး တစ်ပြုံကြီး လာပါတယ် (မှန်ပါ့)။

သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေကော (ပါပါတယ် ဘုရား)။ မလိုက်ဘူးလား၊ လိုက်သလား (လိုက်ပါတယ် ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီလိုများဖြစ်လိမ့်မယ် မထင်ဘူးလို့ နောက်မှ ခင်ဗျားတို့က ဒီအသုံးတွေ မသုံးပါနဲ့ (မှန်ပါ့ ဘုရား)။ ဒီလိုဖြစ်မှာပဲ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ကောင်းပြီ ဒကာ၊ ဒကာမတို့ လူ့ခန္ဓာဆီသွားရင် ဘယ်သူက လိုက်ခဲ့ဦးမယ်ပြောသလဲ (အိုဘေး၊ သေဘေးကပါ ဘုရား)။ ဇရာ၊ မရဏ လိုက်လာလို့ရှိရင်လည်း သောကပရိဒေဝတွေကလည်း ကျုပ်တို့လည်းလိုက်ဦးမယ် (မှန်ပါ့ ဘုရား)။

ခင်ဗျားတို့က သောကဖြစ်ရမှာများ သား၏သောက၊ သမီး၏သောက၊ ခင်ပွန်း၏သောက ဖြစ်ရမှာများ ကျုပ် ဒါအကြောက်ဆုံး၊ ခင်ဗျားတို့ မပြောကြဘူးလား (ပြောပါတယ် ဘုရား)။ပြောရင် ဒါမပါစေနဲ့ (မှန်ပါ့)။ ခန္ဓာကို မရစေနဲ့၊ ခန္ဓာရရင်တော့ သူတို့က ဘာတဲ့တုံး (လိုက်မှာပါ ဘုရား)။ လိုက်ခဲ့ဦးမယ်လို့ ပြောနေတယ် မဟုတ်လား (မှန်ပါ့ဘုရား)။ ဇရာ၊ မရဏ ဘာတဲ့ (လိုက်ခဲ့မယ် ပြောနေပါတယ် ဘုရား)။

ဇရာ၊ မရဏ လိုက်လို့ရှိရင် သူ့အဖော်တွေ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေကကော(လိုက်ပါတယ်ဘုရား)။ လိုက်ခဲ့ဦးမယ်လို့ သူတို့ကလည်း မပြောဘူးလား (ပြောပါတယ် ဘုရား)။

သူတို့လိုက်လာတော့ ခင်ဗျားတို့ မျက်နှာကလေးတွေက ဆီးရွက်လောက်ရှိတော့တယ် (မှန်ပါ့ ဘုရား)။ နဂိုပြုံးသရွေ့ဟာ ဘယ်နေကြသလဲ (မဲ့နေပါတယ်)။ မဲ့ပစ်လိုက်တာ ဆီးရွက်လောက်ကျန်တော့တယ် (မှန်ပါ့)။ ဘယ်လောက်ဆိုးသွားသလဲ (ဆိုးပါတယ် ဘုရား)။

ကဲ ဒါဖြင့် ဒကာ၊ ဒကာမတို့ သူတို့ ဘယ်ကလာသတုံးလို့ မေးလို့ရှိရင် ဘယ့်နှယ်ပြောကြမယ် (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။ ဒါဖြင့် ဘယ်ခန္ဓာငါးပါးမှ ခင်ဗျားတို့ မကြိုက်လိုက်ပါနဲ့၊ ဆုလည်း မတောင်းလိုက်ပါနဲ့ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု"သာ လုပ်ကြပါ (မှန်ပါ့ ဘုရား)။

မဟောသင့်ဘူးလား (သင့်ပါတယ် ဘုရား)။ သူတို့က မလိုက်ဘဲနေမှာလား (မနေပါ ဘုရား)။ ဇရာ မရဏကကော မလိုက်ဘဲနေမှာလား (မနေပါ ဘုရား)။ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿကကော (မနေပါ ဘုရား)။

ဒါဖြင့် ဦးခင်မောင်ရေ ကိုယ်တိုင်လိုက်လာတာကကော ကိုယ်တိုင်ခန္ဓာကြီးရလို့ ကိုယ်တိုင် ဇရာ၊ မရဏတွေနဲ့ အရွယ်ကြီးနဲ့ ပုဂ္ဂိုလ်မှာလည်း တွေ့နေရတာလည်း အထင်အရှား အမြင်သားပဲ မဟုတ်လား (မှန်ပါ့ ဘုရား)။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေကကော(လိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ သူတို့ ဘယ်ကများ လိုက်လာတာပါလိမ့်မတုံးလို့ မေးလို့ရှိရင် ဖြေတတ်ကြရဲ့လား (ဖြေတတ်ပါတယ် ဘုရား)။ ဘယ်ကပါလိမ့် (ခန္ဓာငါးပါးကပါ ဘုရား)။ ခန္ဓာငါးပါးက လာတယ်ဆိုတာ သေချာကြပလား (သေချာပါတယ် ဘုရား)။

အေး. . . ဒါကြောင့် ခန္ဓာငါးပါး ဆုတောင်းတဲ့ပုဂ္ဂိုလ်များ အိုဘေး၊ နာဘေး၊ သေဘေးနဲ့ ရင်ဆိုင်တိုးရပါလို့၏ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေလည်း သူ့ပစ္စည်းချည်း ဖြစ်ရပါလို့၏ မပါဘူးလား၊ ပါသလား (ပါပါတယ် ဘုရား)။

နို့ . . . ပါလျက်နဲ့ ဘာပြုလို့ ခင်ဗျားတို့က ခန္ဓာငါးပါး ဆုတောင်းရသတုံးလို့ မေးတဲ့အခါကျတော့ ခန္ဓာငါးပါး ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။

ဩော်. . . ဒီလိုလည်း မသိပြန်ဘူး။ ခင်ဗျားတို့ဟာလည်း ခက်လိုက်တာ၊ ခုနကလည်း ဇရာ၊ မရဏ မသိခဲ့ဘူး (မှန်ပါ့)။ အခုတော့လည်း ဘာမသိပြန်သတုံး (ဒုက္ခသစ္စာ မသိပါ ဘုရား)။ ခန္ဓာငါးပါး ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။

ဒါဖြင့် ဒုက္ခသစ္စာလို့ မသိတော့ လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာ ဖြစ်ရပါလို့၏ဆိုတော့၊ ငါလိုက်ခဲ့ဦးမယ်ဆိုတော့ ခင်ဗျားတို့က မလိုက်ဘဲနေမှာလား၊ လိုက်မှာလား (လိုက်မှာပါ ဘုရား)။

အဲ. . . လိုက်တော့ ခင်ဗျားတို့က အကြိုက်လား၊ ဒီဥစ္စာ ပရိတ်ရွတ်ထုတ်ချင်တာလား (ပရိတ်ရွတ်ထုတ်တာပါ





www.burmeseclassic.com

www.burmeseclassic.com

ဘုရား)။ ဟာ. . . ပရိတ်ရွတ်ထုတ်လို့ မရဘူး (မှန်ပါ့)။ ပရိတ်ရွတ်ထုတ်လို့မရဘူးတဲ့။ ခန္ဓာထဲက ပါလာတာ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ အိုမှု ပရိတ်ရွတ်ထုတ်လို့ ရပ့်မလာ (မရပါဘုရား)။

အိုမှုထုတ်လိုက်လို့ရှိရင် သေသွားလိမ့်မယ်၊ အိုမှု ဆိုတာ တေဇောကြောင့်အိုတာ (မှန်ပါ့)။ ခန္ဓာငါးပါးထဲ ပထဝီ အာပေါ၊ တေဇောက ပါမနေဘူးလား (ပါနေပါတယ်)။ တေဇောကြောင့် အိုတာ၊ သူ့ကို ပရိတ်ရွတ်ထုတ်လို့ ရပ့်မလား (မရပါ)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတွေ ခန္ဓာဆုတောင်းကတည်းကိုက ဒကာ၊ ဒကာမတို့ သစ္စာမသိလို့ တောင်းနေတာ (မှန်ပါ့ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ ခန္ဓာဆုတောင်းတာ ဘာဖြစ်လို့ တောင်းတာပါလိမ့် (သစ္စာမသိလို့ပါ ဘုရား)။ သစ္စာမသိလို့ တောင်းတယ်။ ယနေ့တော့ဖြင့် ဒကာ၊ ဒကာမတို့ ခန္ဓာငါးပါး ဘာသစ္စာတဲ့တုံး (ဒုက္ခသစ္စာပါ ဘုရား)။

ဩော်. . . ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာ နော်၊ ဒါဖြင့် အားလုံး ဒကာ၊ ဒကာမတို့ ဒုက္ခသစ္စာဟာ တောင်းယူထိုက်တဲ့ တရားလား၊ အိုးစားကွဲပါရစေလို့ ပြောရမှာလား (အိုးစားကွဲပါရစေလို့ ပြောရမှာပါဘုရား)။

ခုတော့ ခင်ဗျားတို့ဟာ အိုးစားတူပါရစေ ဖြစ်နေတယ် (မှန်ပါ့ ဘုရား)။ ဘယ့်နှယ်ဖြစ်နေကြသလဲ (အိုးစားတူပါရစေ ဘုရား)။ တယ်လည်း ချစ်ပါလား ခင်ဗျားတို့ဟာ (မှန်ပါ့ ဘုရား)။ အိုးစားခွဲရမှာကို သိပ်ကြောက်နေတဲ့ အမိပွာယ်မျိုး မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။

ဒီခန္ဓာကြီးနဲ့ အိုဘေး၊ နာဘေးရှိတဲ့ ခန္ဓာကြီးနဲ့ပဲ အမြဲတမ်း တွဲနေပါရစေဆိုတော့ ခင်ဗျား သား၊ သမီးတွေကလည်း မုန်း၊ မယားကလည်း မုန်း၊ ရပ်ထဲရွာထဲက ပြင်ဘက်ထွက်ချင်တာတောင် ခင်ဗျားတို့က ဒီခန္ဓာကြီးကိုဖြင့် ကြိုက်တုန်းဆိုလို့ရှိရင်လည်း ရှုးချက်သန်လှချေလား ပြောရလိမ့်မယ် (မှန်ပါ့ဘုရား)။ မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ် ဘုရား)။

ဦးဇံရင်တို့၊ ကိုမြရွှေတို့ ပြောထိုက်၊ မပြောထိုက် (ပြောထိုက်ပါတယ် ဘုရား)။ သဘောပါကြပလား (ပါပါတယ် ဘုရား)။ ကဲ. . . ဒါဖြင့် ဇရာ၊ မရဏ ဘယ်ကလာသတုံး (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။ ဩော်. . . ဒါဖြင့် ဒကာ၊ ဒကာမတွေ ခန္ဓာငါးပါး ဘာသစ္စာလဲ (ဒုက္ခသစ္စာပါ ဘုရား)။

ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဟုတ်ပြီ ဒုက္ခသစ္စာ၊ ဒါကို ဦးခင်မောင်၊ မောင်ထွန်းလှိုင်တို့ သေသေချာချာ စဉ်းစားပါတဲ့၊ ဒီဥစ္စာ ခန္ဓာငါးပါး ရလို့ရှိရင် အိုဘေး သေဘေးကတော့ ဘယ့်နှယ်နေသတုံး (လာမှာပါ ဘုရား)။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ ဘေးတွေကကော (လာမှာပါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။ ဩော်. . . ဒါတွေ သိကြား၊ ဗြဟ္မာ၊ ဘုရား လာပေးတာလား၊ ကိုယ့်ဆုတောင်း ပြည့်တာလား (ကိုယ့်ဆုတောင်းပြည့်တာပါ ဘုရား)။ အံမာ, ခင်ဗျားတို့ တောင်ဝှေးကြီး ထောက်ရတာ ဆုတောင်းပြည့်တာ မှတ်ထားကြနော် (မှန်ပါ့)။ တောင်ဝှေးထောက်ရတာ ဘာတုံး (ဆုတောင်းပြည့်တာပါ ဘုရား)။ လူဖြစ်ရပါလို၏ဆိုတော့ အိုဘေး နာဘေးက ပါလာတယ် (မှန်ပါ့)။

အဲဒီတော့ တောင်ဝှေးထောက်ချင်လို့ ထောက်ရတာလား၊ ကိုယ့်ဆုတောင်းထဲမှာ တောင်ဝှေးထောက်ပြီးသကာလ မျက်မှန်စွပ်ပြီးသကာလ ခပ်ကိုင်းကိုင်း ခပ်နွဲ့နွဲ့ လမ်းမှာထိုးလဲပါရစေလို့ ကိုယ်တောင်းတဲ့အထဲ ပါသလား (ပါပါတယ် ဘုရား)။ ပါတယ် ပါတယ် (မှန်လှပါ)။ မပါဘူးလား၊ ပါသလား (ပါပါတယ် ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ဒကာ၊ ဒကာမတို့ ခန္ဓာဆုတောင်းကတည်းက အိုဘေး၊ သေဘေးက ဘယ့်နှယ်နေသလဲ (ပါပါတယ် ဘုရား)။ အဲဒီလို သုံးသပ်စမ်းပါကွာတဲ့၊ အိုဘေး သေဘေး ဘယ်ကလာသတုံး (ခန္ဓာငါးပါးက လာပါတယ်)။ သဘောကျပြီ၊ ခန္ဓာငါးပါးက လာတယ်ဆိုတာ သေချာကြပြီ (သေချာပါပြီ ဘုရား)။

ဒါဖြင့် အခု ဒကာ၊ ဒကာမတွေမှာ ဘာနဲ့များ တရားနာနေကြပါလိမ့် (ခန္ဓာငါးပါးနဲ့နာပါတယ်)။ ဩော်. . . တရားနာနေကြလို့ ဘုန်းကြီးများလည်း ဝမ်းသာပါတယ်။ ဒကာ၊ ဒကာမတွေကလည်း ကိုယ့်ဆရာသမားဆိုတော့ ကြည်ညိုလေးစားပြီးတော့ တို့သိရပေတယ်ဆိုပြီး ဝမ်းသာကြတယ်။ ဝမ်းသာပေမယ့်လည်း ဝမ်းသာတာဟာ အစစ်၊ ဝမ်းသာစရာမကောင်းဘဲ ဖြစ်နေတယ် (မှန်ပါ့ ဘုရား)။

ခန္ဓာကြီးက ဝမ်းသာရင်းမတ္တနဲ့ အိုဘေး၊ သေဘေးဆီ ပြေးနေတယ် (မှန်ပါ့)။ ဆရာသမား ကြည်ညိုလေးစားလျက်နဲ့ ဘယ်ဘက်ပြေးနေသလဲ (အိုဘေး၊ သေဘေးဘက် ပြေးနေပါတယ် ဘုရား)။

ဩော်. . . ဝမ်းသာရတာ စိတ်ချ လက်ချပဲလား ဒကာ၊ ဒကာမတို့။ စိတ်မချနဲ့ လက်မချနဲ့ ဝမ်းသာနေရတာလား (စိတ်မချ လက်မချ ဝမ်းသာနေရတာပါ ဘုရား)။ သူက ဘယ်ပြေးနေသလဲ (အိုဘေး၊ နာဘေး၊ သေဘေးဆီ ပြေးနေပါတယ် ဘုရား)။ ဒီအိုဘေး၊ နာဘေး၊ သေဘေး ပြေးချင်လို့ ပြေးရတာလား၊ ဒကာ၊ ဒကာမတို့ ခန္ဓာရလို့ ဒီဘက်ပြေးရတာလား (ခန္ဓာရလို့ ဒီဘက်ပြေးရတာပါ ဘုရား)။

ပေါ်ကြပြီ (မှန်ပါ့)။ ပေါ်ပြီ ပေါ်ပြီ ဒကာ၊ ဒကာမတို့ ဒီနေ့ သမ္မသနသုတ်ကို ပြောတယ်လို့ မှတ်ကြပါ။ သမ္မသနသုတ်ဆိုတာ ဒီထဲ ကိုယ့်ဟာကိုယ် ပြန်သုံးသပ်ရမယ် (မှန်ပါ့)။ သမ္မသနသုတ်ဆိုတာ ဘာပါလိမ့် (ကိုယ့်ဟာကိုယ် ပြန်သုံးသပ်ရပါမယ် ဘုရား)။

ကိုယ့်ဟာကိုယ် သုံးသပ်ရမယ်တဲ့။ အိုဘေး၊ နာဘေး၊ သေဘေး ဘယ်ကလာပါလိမ့်မလဲလို့ နဖူးပေါ် လက်တင်တွေး



www.burmeseclassic.com

www.burmeseclassic.com

**ငါ့မှာအိုလည်းအိုပြီ၊ သေလည်းသေခါနီးပြီ၊**

**ဒီအိုနာသေတွေက ဘယ်ကများ လာတာပါလိမ့်မတုံး၊**

**ကံမကောင်း အကြောင်းမသင့်လို့ဘဲလား၊**

**ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံးလို့**

တွေးလိုက်တော့ ဘာပေါ်လာကြသလဲ (ခန္ဓာငါးပါး ပေါ်လာပါတယ် ဘုရား)။

ဩော်. . . ဟုတ်ပြီနော် ဒကာ၊ ဒကာမတို့။ ဒကာ၊ ဒကာမတို့ တစ်ပွဲလုံး သဘောကျပလား (ကျပါပြီ)။ အို၊ နာ၊ သေ ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ်)။ ဦးခင်မောင်၊ ဟုတ်လား (ဟုတ်ပါတယ် ဘုရား)။ ဒကာသစ်တို့ ဟုတ်ပလား (ဟုတ်ပါတယ် ဘုရား)။

အိုဘေး၊ နာဘေး၊ သေဘေး ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ်)။ အဲဒီနောက် ပြန်သုံးသပ်စမ်းပါကွာတဲ့ (မှန်ပ့ါ)။ သုံးသပ်တတ်ကြပလား (သုံးသပ်တတ်ကြပါပြီ)။

ကဲ. . . အိမ်ကျတော့ စဉ်းစားတယ်၊ နဖူးပေါ် လက်တင်ပြီး ငါ့မှာအိုလည်းအိုပြီ၊ သေလည်းသေခါနီးပြီ၊ ဒီအို နာ သေတွေက ဘယ်ကများ လာတာပါလိမ့်မတုံး၊ ကံမကောင်း အကြောင်းမသင့်လို့ဘဲလား၊ ဘယ့်နှယ်ကြောင့် ပါလိမ့်မတုံးလို့ နဖူးပေါ် လက်တင်ပြီး ဘုရားက တွေးစမ်းပါကွ၊ သမ္မသန သုံးသပ်စမ်းပါကွ ဆိုတော့ သုံးသပ်တဲ့နည်းကို ဆရာဘုန်းကြီးက ဘုရား၏ကိုယ်စားလှယ်အဖြစ်နဲ့ အကူအညီပေးတယ် (မှန်ပ့ါ ဘုရား)။

ဘယ်ကများ လာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ်)။ ဒါဖြင့် အခုတရားနာနေကြတာ ဘာတွေများ နာနေကြသလဲ (ခန္ဓာငါးပါးနဲ့ နာနေပါတယ်)။ အင်း. . . နာရင်းမတ္တနဲ့ ဘယ်များ ခန္ဓာကြီးက စောင့်ထိုးနေပါလိမ့် (အိုဘေး၊ နာဘေး၊ သေဘေးဆီ ထိုးနေပါတယ် ဘုရား)။

ဩော်. . . ဒကာ၊ ဒကာမတို့ ကိုယ်က တရားကောင်း မကောင်း နာချင်တယ်၊ သူက သွားတာကတစ်ဖုံ ဖြစ်နေတယ် (မှန်ပ့ါ ဘုရား)။ ကိုယ့်စိတ်ကြိုက်ကတခြား၊ ခန္ဓာသွားပုံက တစ်ဖုံ ဖြစ်နေတယ်။ စိတ်ကြိုက်ကတော့ဖြင့် တရားနာချင်တယ်၊ ခန္ဓာက ဘယ်ဘက်သွားနေသလဲ (အိုဘေး၊ နာဘေး သေဘေးဘက် သွားနေပါတယ်)။

အဲဒါကြီး ခင်ဗျားတို့ မရ အရ ဆုတောင်းပြီသကာလ လာခဲ့တာဖြင့် အမှားတော်ပုံ ကြီးလှချေလားလို့ ဆိုရလိမ့်မယ် (မှန်ပ့ါဘုရား)။ ဘယ်လိုဆိုရမယ် (အမှားတော်ပုံ ကြီးလှချေလား)။ နောက်ထပ် ကြီးရင်တော့ ခင်ဗျားတို့ ဒီထက်မိုက်တာ ရှိသေးရဲ့လား (မရှိပါ ဘုရား)။

အဲဒါ သစ္စာမသိလို့ မိုက်လက်စ မသတ်သေးပါဘူး ဆိုတာ သေသေချာချာ မှတ်ပါ (မှန်ပ့ါ ဘုရား)။ သစ္စာမသိရင် (မိုက်လက်စ မသတ်သေးပါဘုရား)။

ကောင်းပြီ၊ ဒီသုတ်ဟာ ဒကာ၊ ဒကာမတို့ ဝိပဿနာဉာဏ်နဲ့ ဇာတ်သိမ်းရမှာနော် ကိုမြရွှေတို့၊ ဦးဇံရင်တို့ (မှန်ပ့ါ)။ ဘာနဲ့ ဇာတ်သိမ်းရမယ် ထင်သလဲ (ဝိပဿနာနဲ့ ဇာတ်သိမ်းရပါမယ်)။ ဒါကြောင့် ဒီသုတ်ကို ယနေ့ပြောင်းပြီးသကာလ တာလပဏ္ဏိတသုတ်အကုန်မှာ သူ့ကို ဆက်လာတယ် (မှန်မ့ါဘုရား)။ ကဲ. . . ဒကာ၊ ဒကာမတို့ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ပါသလား (မှန်ပ့ါဘုရား)။ ဘယ်ကစ သုံးသပ်မယ် (ခန္ဓာငါးပါးကစ သုံးသပ်ပါမယ် ဘုရား)။

ဒီလိုမသုံးသပ်နဲ့၊ ငါ့မှာ အိုလာပြီ၊ သေခါနီးလာပြီ၊ ဘယ့်နှယ်ကြောင့် ငါ့မှာ အိုမှု၊ နာမှု၊ သေမှုတွေက ပေါ်လာပါလိမ့်မတုံးလို့ သုံးသပ်စမ်းပါ (မှန်ပ့ါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ သုံးသပ်တော့ ဘာတွေ့သလဲ (ခန္ဓာပါးပါးတွေ့ပါတယ် ဘုရား)။

ဩော်. . . ခန္ဓာငါးပါးရှိလို့ ဒါတွေ လာတာပါကလားလို့ ဒီလိုပြန်သုံးသပ်လိုက်စမ်းပါ (မှန်ပ့ါ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ တစ်ခါ ပြန်သုံးသပ်ပါဦးတဲ့ ဦးခင်မောင်ရေ၊ ဒါ ပဋိလောမတရားနော် (မှန်ပ့ါဘုရား)။

ဒီခန္ဓာငါးပါးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဘယ်ကများ လာပါလိမ့်မတုံးလို့ ဒုတိယအချက် ပြန်တွေးပါဦး (မှန်လှပါဘုရား)။ သဘောကျပြီလား (ကျပါပြီဘုရား)။

ဒီခန္ဓာငါးပါး ဘယ်ကများ လာပါလိမ့်မတုံးလို့ ဒုတိယအချက် ပြန်တွေးပါဦးတဲ့ (မှန်ပ့ါဘုရား)။ ဒုတိယအချက် ပြန်တွေးတဲ့အခါကျတော့လည်း ဒကာ၊ ဒကာမတွေ မှတ်လိုက်တာပေ့ါတဲ့။ ဩော်. . . တဏှာက လာတာ (မှန်ပ့ါ)။ ရှင်းပလား (ရှင်းပါပြီ)။

ကဲ ဒကာ၊ ဒကာမတို့ ဘယ်ကလာသလဲ (တဏှာက လာပါတယ်)။ တဏှာက လာတယ်နော် (မှန်ပ့ါ)။ ကဲ သုံးသပ်တဲ့နည်း ပြောင်းပြန်ပြန်ရမယ်နော် (မှန်ပ့ါ ဘုရား)။ အိမ်ကျတော့ ပဋိစ္စသမုပ္ပာဒ်ကိုတဲ့ (တည့်) မသွားပါနဲ့ ပြောင်းပြန်ပြန်ပြီး ဘုရားက သုံးသပ်ခိုင်းတယ် (မှန်ပ့ါ ဘုရား)။

ကဲ. . . တရားတစ်ပွဲလုံး ဒကာ၊ ဒကာမတို့ သုံးသပ်တဲ့နည်းကလေးတွေ ပြီးတော့မှ မကောင်းတာတွေ ဆက်ပြီးတော့ပြတဲ့နည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောပါလိမ့်မယ် (မှန်ပ့ါ ဘုရား)။ ကဲ. . . ဒကာ၊ ဒကာမတို့ အိုဘေး၊ နာဘေး၊ သေဘေး ဘယ်ကလာပါလိမ့်မတုံး (ခန္ဓာငါးပါးက လာပါတယ် ဘုရား)။

ဩော်. . . အိုဘေး၊ နာဘေး၊ သေဘေး ဆိုတဲ့ဉစ္စာ ဒကာ၊ ဒကာမတွေ ခန္ဓာငါးပါးက လာတယ်ဆိုတာ ရှင်းလို့နော် (မှန်ပ့ါ ဘုရား)။ ဟုတ်ကော ဟုတ်ပါရဲ့လား (ဟုတ်ပါ





www.burmeseclassic.com

www.burmeseclassic.com

တယ် ဘုရား)။ သေသေချာချာ ဟုတ်ကြရဲ့လား (ဟုတ်ပါတယ် ဘုရား)။

ကောင်းပြီ၊ ဒီခန္ဓာငါးပါးက လာတယ်ဆိုတော့ ရှင်းပြီ၊ ခန္ဓာရှိလို့ အိုရတယ်၊ ကြည့်ပါလား "ဇရာဓမ္မောမှိ ဇရံ အနတီတော" ဒီခန္ဓာရှိလို့ရှိရင် ဇရာမလွန်နိုင်ဘူးကွာ၊ "မရဏဓမ္မောမှိ မရဏံ အနတီတော" မရဏကို လွန်နိုင်ရဲ့လား (မလွန်နိုင်ပါ)။ မလွန်နိုင်ဘူးတဲ့၊ ဒါ လာမှာပဲဆိုတာ သေချာလား (သေချာပါတယ် ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတွေ ဆက်ပေးပါဦးတဲ့။ ဒီခန္ဓာငါးပါးကြီးကတော့ အိုဘေး၊ နာဘေး၊ သေဘေးတွေက သူကလာတာတော့ သိပြီ၊ ဒီခန္ဓာကြီးကတော့ ဘယ်ကများ လာပါလိမ့်မလဲ (တဏှာက လာပါတယ် ဘုရား)။ ပေါ်ပြီဦးခင်မောင်ရေ (မှန်ပါ့ ဘုရား)။ အားလုံး ဒကာ၊ ဒကာမတွေ ဘယ်ကလာပါလိမ့်မတုံး (တဏှာက လာပါတယ် ဘုရား)။

ဪ. . . တဏှာက လာတယ်၊ တဏှာက လာတယ်နော်။ လက်သည်ဟာ ဘူးညွန့်ကြီးကို ဒကာ၊ ဒကာမတို့ အညွန့်ကနေ မြှောက်လိုက်တဲ့အခါကျတော့ အမြစ်ရင်းတွေ သလိုပေါ့ဗျ (မှန်ပါ့)။

ဘူးညွန့်ကြီးတစ်ခုကို ကိုင်လိုက်တဲ့ အခါကျတော့ ဦးခင်မောင် အညွန့်ကနေ မြှောက်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် သူ အမြစ်ရင်းပေါ် ရမယ်' မဟုတ်လား (မှန်ပါ့)။

ဒီမှာပဲ ဇရာ၊ မရဏကနေ မြှောက်ကြည့်လိုက်၊ ဇရာ မရဏကနေ မြှောက်ကြည့်လိုက်တော့ ဒီခန္ဓာပေါ် လာတယ် (မှန်ပါ့)။ ခန္ဓာကို တစ်ခါမြှောက်လိုက်တဲ့အခါကျတော့ ခန္ဓာ၏ ရေသောက်မြစ် တစ်ခါပေါ် လာတယ် (မှန်ပါ့)။ ဘယ်သူပါလိမ့် (တဏှာပါ ဘုရား)။ သဘောကျပလား (မှန်ပါ့)။ ရှင်းပြီနော် (ရှင်းပါပြီ)။

ကိုင်း. . . ဒါက ဘာလုပ်တဲ့နည်းတုံး မေးတဲ့အခါကျတော့ သုံးသပ်ရမည့်နည်းလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့)။ ဘယ်လိုမှတ်ကြမယ် (သုံးသပ်ရမည့်နည်းပါ ဘုရား)။

သုံးသပ်ရမည့်နည်းဆိုတာ သုံးသပ်ဆင်ခြင်ရမယ်ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပါ (မှန်ပါ့ ဘုရား)။ ဒါကြောင့် သမ္မသနသုတ်လို့ ဟောလိုက်ပါတယ် (မှန်ပါ့)။

ဒကာ၊ ဒကာမတို့ ဒီအထဲပြန်ပြီးပြောပါဦးမယ်။ အိုဘေး၊ နာဘေး၊ သေဘေးကြီး ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ်)။ ခန္ဓာငါးပါး ဘယ်ကလာပါလိမ့် (တဏှာက လာပါတယ်)။ တဏှာက လာတယ် (မှန်ပါ့)။ ရှင်းပြီနော် (ရှင်းပါပြီ ဘုရား)။

အင်း. . . ဒါဖြင့် တို့ တော်တော်ပိုင်ပြီ၊ တော်တော်ပိုင်ပြီ၊ တော်တော်ပိုင်ပြီ ဆိုတဲ့ဥစ္စာသည် ဒကာ၊ ဒကာမတွေ ဉာဏ်ထဲမှာ တော်တော်ကလေး ရှင်းပလား (ရှင်းပါပြီ)။ တစ်ခေါက် မေးပါရစေဦး၊ အိုဘေး၊ နာဘေး၊ သေဘေး ဘယ်ကလာပါလိမ့် (ခန္ဓာငါးပါးက လာပါတယ်)။ အခု တရားနာနေတဲ့ ခန္ဓာငါးပါးက လာတယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ဒီခန္ဓာငါးပါးကလည်း ဘယ်ကများ သူက သိကြား၊ ပြဟ္မာ၊ ဘုရားလာပြီး ဖန်ဆင်းလို့ ဖြစ်ရတာလား၊ ဘယ်ကများ လာပါလိမ့် (တဏှာက လာပါတယ်)။ ဪ. . တဏှာက လာတယ်၊ ဟုတ်သားပဲ၊ တဏှာနဲ့ ဆုတောင်းယူလိုက်တာ(မှန်ပါ့)။ ဘယ့်နှယ်ဆိုကြပါ့မယ်(တဏှာနဲ့ဆုတောင်းယူပါတယ် ဘုရား)။

လူခန္ဓာဖြစ်ရပါလို၏ဆိုတော့ ဒီတဏှာက မတောင်းလိုက်ဘူးလား (တောင်းပါတယ် ဘုရား)။ နတ်ခန္ဓာ ဖြစ်ရပါလို၏ (တောင်းပါတယ် ဘုရား)။ အင်း. . . တဏှာနဲ့ တောင်းလိုက်တော့ ဘာပေါ် လာသလဲ (ခန္ဓာငါးပါးပေါ် လာပါတယ်)။ ခန္ဓာငါးပါးပေါ် လာတော့ ဘာတွေ အမြတ်ထွက်လာတာလဲ (အိုဘေး နာဘေး သေဘေးတွေ အမြတ်ထွက်လာပါတယ်)။ အိုဘေး နာဘေး သေဘေးတွေ အမြတ်မထွက်ဘူးလား (ထွက်ပါတယ် ဘုရား)။

အဲဒီတော့ အိုဘေး၊ နာဘေး၊ သေဘေးကျတော့ ခင်ဗျားတို့က ကျေနပ်ရဲ့လား (မကျေနပ်ပါ ဘုရား)။ မကျေနပ်ပေမယ့် ဒီလိုများ တွေးလိမ့်မယ်မထင်ဘူး (မှန်ပါ့)။ ဒီလိုများ ဖြစ်လိမ့်မယ် မထင်ဘူးတဲ့၊ ခင်ဗျားတို့ စိတ်ထင်က (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ခု ဒီလိုဖြစ်နေတော့ ဘယ်သူ တတ်နိုင်သေးသတုံး (ဘယ်သူမှမတတ်နိုင်ပါ ဘုရား)။

ကဲ ဒါဖြင့် ဒကာ၊ ဒကာမတို့ အရင်းကျကျ လိုက်ကြစို့ဆိုတော့ ဒကာ၊ ဒကာမတို့ ခန္ဓာငါးပါး ဘယ်ကလာပါလိမ့်မတုံး (တဏှာက လာပါတယ်)။ ရှင်းပြီနော် (ရှင်းပါပြီ)။

ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ခန္ဓာငါးပါးက ဒုက္ခသစ္စာ သဘောကျပလား (ကျပါပြီ)။ အိုဘေး၊ နာဘေး၊ သေဘေးကော (ဒုက္ခသစ္စာပါ ဘုရား)။ ဒုက္ခသစ္စာပဲဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကဲ ရှင်းပါပြီ၊ ရှင်းပါပြီ၊ သွားကြဦးစို့။ ဒီလောက် အရင်းကျကျနဲ့တော့၊ ဘုရားက ဒီလို ပြန်သုံးသပ်ရမယ်ဆိုတော့ ဒီလောက်သုံးသပ်မှုနဲ့တော့ မတော်သေးဘူးတဲ့၊ မင်းတို့ အရင်းမကျသေးဘူးတဲ့ (မှန်ပါ့ ဘုရား)။ ဒီတဏှာ ဘယ်ကလာသတုံးလို့ ဆက်ရဦးမယ် (မှန်ပါ့ ဘုရား)။


(ဆက်ရန်)

❒ မွေဒိန်



www.burmeseclassic.com

www.burmeseclassic.com



ထမ်းစမ်းဂူ အဝင်ဝကို တွေ့ရစဉ်

# ထမ်းစမ်းဂူ ဝန်းကျင်တစ်ခို တင်ရှုန်းငယ်စို

မင်းဆက်ပိုင်

* ဟော. . . ဟိုမှာကြည့်စမ်း၊
မောမြေမြင့်တောင်တန်း။
* အလွမ်းရယ်ပို၊
ထမ်းစမ်းဂူဝန်းကျင်တစ်ခို၊
တင့်ရှုန်းငယ်စို။

အောင်သိဒ္ဓိဘုရားဖူးအဖွဲ့နဲ့ ဒီတစ်ခေါက် တောင်ကြီးရောက်တာ သုံးခါမြောက်ပါပြီ။ ခုတစ်ခါမှာတော့ ကျွန်တော်တို့ လှိုင်ဈေးက နှစ်ဖွဲ့ပါလာပါတယ်။ ဈေးသူဈေးသားတွေ အဲဒီလိုခရီးထွက်တော့ တစ်ယောက်အကြောင်း တစ်ယောက်ပိုသိရတာပေ့ါ။

ကိုယ့်ဆိုင် ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ့်အလုပ်နဲ့ကိုယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် အမြဲ မတွေ့နိုင်ဘဲ အကြောင်းပေါ်လာမှသာ တွေ့ကြရတော့ တစ်ယောက်အကြောင်း တစ်ယောက် သိပ်မသိကြပါဘူး။ အတူတကွ ခရီးသွားတဲ့အခါကျမှ ယခင်က ပွင့်ပွင့်လင်းလင်း သိခွင့်မရခဲ့တဲ့ တစ်ယောက်အကြောင်းကို တစ်ယောက် သိခွင့်ရလာတာပါ။ ဘီလူးလား၊ မင်းသားလားဆိုတဲ့ ဇာတိရုပ် ပေါ်လာပါတယ်။ အတွင်းငုပ်နေတဲ့ စိတ်ဓာတ်တွေ ပေါ်လာပါတယ်။

အဲဒီလို ခရီးသွားနေစဉ်မှာ အချို့က ကိုယ်ကျိုးသာကြည့်တတ်ကြတယ်။ တစ်ကိုယ်ကောင်း ဆန်တယ်။ အချို့က လိုက်လျောညီထွေမှုမရှိတဲ့ အပြုအမူနဲ့ ခရီးသွားဖော်များကို အနှောင့်အယှက် ဖြစ်စေတတ်တယ်။ အချို့က ခရီးသွားဖော်အချင်းချင်းကို ထည့်မတွက်ဘဲ မိမိတစ်ဦးတည်း အဆင်ပြေရေးကိုသာ လုပ်ဆောင်ကြတယ်။

မိတ်ဆွေစစ်၊ မိတ်ဆွေတု၊ ရိုင်းပင်းကူညီသူ၊ အနှောင့်အယှက်ပေးသူ၊ အခွင့်အရေး ပိုလိုချင်သူ၊ အခွင့်အရေး မျှဝေလိုသူ၊ ရှေ့ထွက်ချင်သူ၊ ပုံမှန်နေလိုသူ စတဲ့ လူ့စရိုက်များကို အတူတကွ ခရီးသွားတဲ့အခါမှသာ သိခွင့်ရတာပါ။

အဲဒီအခါ ခရီးသွားတဲ့ မိတ်ဆွေများ နဂိုကထက် ချစ်ခင်ရင်းနှီးမှု ရှိလာသလို ခရီးကအပြန် စိတ်ဝမ်းကွဲ မုန်းသွားတာလည်း ရှိပါတယ်။ဒီတစ်ခါ ခရီးသွားတာ ကျွန်တော်တို့ ဈေးအဖွဲ့အနေနဲ့ စိတ်ဝမ်းကွဲမှု ဖြစ်ခဲ့ပါတယ်။ ဘုမသိ ဘမသိ ဖြစ်ရတဲ့ ကျွန်တော့်အဖို့ ပိုပြီးစိတ်မကောင်း ဖြစ်ရပါတယ်။

ကဲ. . . ထားလိုက်ပါတော့။ တောင်ကြီးမြို့အကြောင်းလေး စလိုက်ရအောင်။





www.burmeseclassic.com

www.burmeseclassic.com



အောင်သိဒ္ဓိဆရာတော်နှင့်
မမှာစရိယလွှမ်းအောင်

တောင်ကြီးမြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် ၄၇၁၂ ပေမှာ ရှိပါတယ်။ ယခင်က ညောင်ရွှေစော်ဘွား လက်အောက်ခံ နယ်မြေပါ။ အင်္ဂလိပ်တို့ အုပ်ချုပ်တော့ တောင်ကြီးမြို့ဖြစ်လာမယ့် ဒေသကို ညောင်ရွှေစော်ဘွားထံမှာ တောင်းယူပြီး အရေးပိုင်ရုံး စိုက်ခဲ့တာပါ။ မြို့လေးက သန့်ရှင်းသပ်ရပ်လှပါတယ်။ နွေရာသီ အပန်းဖြေစခန်းအဖြစ် ထင်ရှားတဲ့မြို့လေးလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ တောင်ကြီးမြို့ကနေ မိုင် ၂၀ ကျော်ဝေးတဲ့ ထမ်းစမ်းဂူရှိရာသို့ သွားကြပါတယ်။ ထမ်းစမ်းဂူက ဟိုပုံးမြို့ဘက်မှာ ရှိတာပါ။ တောင်ဆင်းတောင်တက် အကွေ့အကောက် မတ်စောက်တဲ့ ချောက်များကြောင့် အသည်းတအေးအေး ရင်တဖိုဖိုပါ။ ဘာကြောင့်များ အဲဒီလို အသည်းတအေးအေး ရင်တဖိုဖိုဖြစ်ရတဲ့ နေရာကို သွားရတာလဲ မေးရင် ယုံကြည်မှုကြောင့်ပါလို့ ပြောမိမှာပါ။

ယုံကြည်မှု. . . ဟုတ်ပါတယ်။ ဟိုပုံးကိုရင်လေး အရှင်ပေါရိသ ဦးစီးဦးဆောင် ပြုပြင်ထားတဲ့ ထမ်းစမ်းဂူက ဘုရားသာသနာကို ယုံကြည်လို့ပါ။

ဒီနေရာမှာ ယုံကြည်မှုနဲ့ ပတ်သက်လို့ သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း ငယ်စဉ်ခါ ကျောင်းသားဘဝက ဆရာဖြစ်သူနဲ့ ဘုရားသခင်အကြောင်း ဆွေးနွေးကြတာလေးကို ပြောပြချင်ပါတယ်။

အိုင်းစတိုင်းလေးရဲ့ဆရာက ဘုရားကို မယုံတဲ့သူပါ။ ဆရာက မေးပါတယ်။

"ဘုရားသခင်က တန်ခိုးအရာနဲ့ ပြည့်စုံတယ်နော်"


"ဟုတ်ပါတယ်"

"ငါ့အစ်ကို ကင်ဆာရောဂါဖြစ်တော့ ဘုရားသခင်ဆီမှာ ရောဂါပျောက်ပါစေ ဆုတောင်းရင်း သေခဲ့တယ်၊ ငါတို့တစ်တွေ ဝိုင်းပြီးကူညီခဲ့တယ်၊ ဘုရားသခင်က သူ့ကို ဘာမှ



ဟိုပုံး ကိုရင်လေးအား
ထမ်းစမ်းဂူအတွင်း
ဖူးတွေ့ရစဉ်

www.burmeseclassic.com




မကူညီခဲ့ဘူး၊ အယ်လိုများ ဘုရားသခင်က တန်ခိုးရှိတဲ့သူ ကောင်းတဲ့သူ ဖြစ်မှာလဲ"

အိုင်းစတိုင်းလေး ငြိမ်သွားပါတယ်။ ဆရာက ဆက်ပြောပါတယ်။

"ဘုရားသခင်က အရာအားလုံးကို ဖန်တီးတယ်လို့ ဆိုထားတယ်နော်"

"ဟုတ်ပါတယ်"

"ဒါဆိုရင် မကောင်းဆိုးဝါးတွေကို ဘယ်သူက ဖန်တီးတာလဲ၊ ဖျားနာမှုတွေ၊ စာရိတ္တပျက်ယွင်းမှုတွေ၊ မုန်းတီးမှုတွေ၊ အကျည်းတန်မှုတွေကို ဘယ်သူက ဖန်တီးတာလဲ၊ ဘုရားသခင်က ဖန်တီးတာလား"

အိုင်းစတိုင်းလေး မဖြေနိုင်ခဲ့ပါဘူး။ ဆရာက ဆက်ပြောပါတယ်။

"သိပ္ပံပညာက မင်းတို့မှာ အာရုံငါးပါးရှိတယ်လို့ ဆိုထားတယ်၊ အဲဒီအာရုံငါးပါးနဲ့ မင်းတို့ပတ်ဝန်းကျင်မှာရှိတဲ့ အရာတွေကို ခွဲခြမ်းစိတ်ဖြာ သတိထားမိစေတယ်၊ ထိတွေ့သိရှိစေတယ်၊ အဲဒါကို လက်ခံသလား"

"ဟုတ်ကဲ့၊ လက်ခံပါတယ်"

"ဒါဆိုရင် မင်းအနေနဲ့ ဘုရားသခင်ကို တွေ့ဖူးသလား"

"မတွေ့ဖူးပါဘူး"

www.burmeseclassic.com




"ဒါဖြင့် ဘုရားသခင်ကို ဘယ်လိုခံစားမှု၊ အနံ့အရသာနဲ့သိနိုင်သလဲ၊ အာရုံတစ်ခုခုနဲ့ ထိတွေ့နိုင်သလား"

"ကျွန်တော့်အနေနဲ့ ဘာတစ်ခုခုနဲ့မှ ဘုရားသခင်ကို မတွေ့ထိဖူးပါဘူး"

"အဲဒီလို စမ်းသပ်မှုကြောင့်ဖြစ်ဖြစ်၊ ထိတွေ့မှုကြောင့်ဖြစ်ဖြစ် သက်သေမပြနိုင်တဲ့အတွက် ဆရာ့အနေနဲ့ ဘုရားသခင်ဆိုတာ မရှိဘူးလို့ ပြောချင်တယ်ကွဲ့၊ အဲဒါ မင်း ဘယ်လို သဘောရသလဲ"

"ကျွန်တော် ဘယ်လိုမှ သဘောမရပါဘူး၊ ကျွန်တော့်မှာ ရှိတာက ယုံကြည်မှုပဲ ဖြစ်ပါတယ်"

ဆရာပြောပြီးတဲ့အခါမှာ အိုင်းစတိုင်းလေးက ပြန်ပြီး မေးခွန်းထုတ်ပါတယ်။

"ဆရာခင်ဗျာ၊ အပူမှာ တခြားအရာရှိပါသေးသလား"

"ရှိတာပေါ့"

"ဒါဖြင့်ရင် အအေးမှာ တခြားအရာရှိပါသေးသလား"

"ရှိတာပေါ့"

"မှားပါတယ်၊ မရှိပါဘူး"

အိုင်းစတိုင်းလေးက အအေးနဲ့တူတဲ့အရာ မရှိဘူးလို့ ငြင်းလိုက်တော့ စာသင်ခန်းထဲမှာ ရှိနေတဲ့ တခြားကျောင်းသားတွေ ငြိမ်ကျသွားပြီး စူးစူးစိုက်စိုက် ဖြစ်လာပါတယ်။

www.burmeseclassic.com



ထမ်းစမ်းဂူအတွင်း
တွေ့ရစဉ်



ထမ်းစမ်းဂူအတွင်း
တွေ့ရစဉ်

"ဆရာကြီးခင်ဗျာ ကျွန်တော်တို့မှာ အပူနဲ့ပတ်သက်ပြီး အများအပြားရှိပါတယ်၊ နည်းနည်းပူတဲ့အပူ၊ တအားပူတဲ့အပူ၊ ခပ်ငွေ့ငွေ့ပူတဲ့အပူ စသဖြင့်ပေါ့၊ အအေးနဲ့ ပတ်သက်ပြီး တော့ အဲဒီလို မရှိပါဘူး၊ အအေးဆိုတာဟာ အပူမရှိတဲ့အခါ မှာ ဖော်ပြရတဲ့ အသုံးအနှုန်းတစ်ခုပါ၊ အအေးဆိုတဲ့အရာကို တိုင်းတာလို့ မရပါဘူး၊ အနိမ့်ဆုံးအပူချိန် သုည၊ အနုတ် စသည်ဖြင့်ပဲ တိုင်းတာပါတယ်"

ဒီနေရာမှာ အိုင်းစတိုင်းလေးက ဆက်မေးပါတယ်။

"ဆရာကြီးခင်ဗျား အမှောင်ဆိုတာကောရှိပါသလား"

"ရှိတာပေါ့၊ ညအချိန်ကိုရောက်ရင် အမှောင်ကို တွေ့နိုင်ပါတယ်"

"အဲဒါဆို ဆရာကြီး မှားသွားပါပြီ၊ အမှောင်ဆိုတာ အလင်းမရှိခြင်းရဲ့ အရာပါ၊ အလင်းမှာ အလင်းနည်းတာ၊ ပုံမှန်လင်းတာ၊ အလင်းစူးရှတာ စသဖြင့် ရှိပါတယ်၊ အဲဒီ အလင်းတွေ မရှိတော့ဘူးဆိုရင် အမှောင်လို့ ခေါ်တာပါ၊ အမှောင်အစစ် မဟုတ်ပါဘူး၊ ကျွန်တော်ပြောတာကို ဆရာကြီးမယုံရင် အမှောင်ကို ပိုပြီးမှောင်သွားအောင် လုပ်နိုင်ပါသလား"

ဆရာကြီး ခေါင်းရှုပ်သွားဟန် ရှိပါတယ်။

"ကဲ. . . ထားပါတော့၊ မင်းပြောချင်တာက ဘာလဲ"

"ကျွန်တော်ပြောချင်တာက ဆရာကြီးရဲ့ ဒဿနမှာ အနာအဆာတွေ ရှိနေတယ်ဆိုတာပါပဲ"

"ဟေ. . . ဟုတ်လား၊ ရှင်းစမ်းပါဦးကွ"


"ဆရာကြီးက အသွင်နှစ်ခုကြားမှာ ရှိနေပါတယ်၊ အသက်ရှင်သန်မှုနဲ့ သေဆုံးမှု၊ ကောင်းတဲ့ဘုရားနဲ့ ဆိုးတဲ့ ဘုရားဆိုပြီး ဆရာကြီး ငြင်းခုန်နေတဲ့သဘော ဖြစ်နေပါတယ်၊ ကျွန်တော်က ဘုရားသခင် ရှိတဲ့ဘက်က စဉ်းစားတာပါ၊ တစ်စုံတစ်ရာ သိရှိတယ်လို့လဲ ခံစားရပါတယ်၊ အဲဒါကို သိပ္ပံပညာအနေနဲ့ ရှင်းပြနိုင်တာ မဟုတ်ပါဘူး၊ ဥပမာ - လျှပ်စစ်နဲ့ သံလိုက်လှိုင်းတွေ အသုံးပြုကြပါတယ်၊ အဲဒါတွေကို မြင်





www.burmeseclassic.com

www.burmeseclassic.com



ထမ်းစမ်းဂူအတွင်း တွေ့ရစဉ်

တွေ့လို့ မရပါဘူး၊ သေဆုံးခြင်းကိုလဲ ရှင်သန်ခြင်းရဲ့ ဆန့်ကျင်ဘက်လို့ ပြောလို့မရပါဘူး၊ ရှင်သန်မှုမရှိတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ အရာတစ်ခုပါ"

ဆက်လက်ပြီး အိုင်းစတိုင်းလေးက ဆက်ပြောပါတယ်။

"ဒီအခန်းထဲမှာ ရှိနေတဲ့ ကျောင်းသားတွေအားလုံး ဆရာကြီးရဲ့ ဉာဏ်ပညာကို အာရုံငါးပါးနဲ့ ထိတွေ့ခံစားဖူးသူ ရှိတယ်လို့ ထင်သလား၊ တစ်ဦးတစ်ယောက်မှ ရှိမှာမဟုတ်ပါဘူး၊ ဒါဆိုရင် သိပ္ပံပညာ စံနှုန်းအရ လက်တွေ့ကျကျ ထိတွေ့ခံစားမှုရှိမှ လက်ခံမယ်ဆိုရင် ဆရာကြီးဆီမှာ ပညာဉာဏ်တွေရှိတယ်လို့ မပြောနိုင်ပါဘူး၊ ဒါဆိုရင် ကျွန်တော်တို့တစ်တွေ ဆရာကြီးရဲ့ သင်ကြားပြသမှုကို ဘယ်လိုယုံကြည်ရမလဲ"

အဲဒီအချိန်မှာ ဆရာကြီးဟာ အိုင်းစတိုင်းလေးကို အံ့သြစွာနဲ့ ကြည့်နေပါတော့တယ်။

"ဒါဆိုရင် မင်းအနေနဲ့ ယုံကြည်မှုပေါ်မှာ အခြေခံတယ်လို့ ပြောချင်တာလား"

"ဟုတ်ပါတယ်၊ လူသားတွေအနေနဲ့ ဘုရားသခင်ဆက်စပ်မှုဆိုတာ ယုံကြည်မှုပါပဲ၊ အဲဒီယုံကြည်မှုကြောင့် အရာရာအားလုံးဟာ ရှင်သန်ပြီး ဖြစ်တည်နေကြတာပါ"

ကျွန်တော်တို့အဖွဲ့လည်း ယုံကြည်မှုတစ်ခုနဲ့ ထမ်းစမ်းဂူကို ရောက်ခဲ့ပါပြီ။ ထမ်းစမ်းဂူဟာ သဘာဝလိုဏ်ဂူ အမျိုးအစားပါ။ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၈၀၀ မှာ တည်ရှိနေတာပါ။ ထမ်းစမ်းဆိုတဲ့ အဓိပ္ပာယ်ဟာ ပအိုဝ်ဘာသာနဲ့ စမ်းရေထွက်တဲ့ ကျောက်ဂူလို့ ခေါ်ပါတယ်။ အဲဒီဂူကို ဟိုပုံးကိုရင်လေးလို့ အသိများတဲ့ အရှင်ပေါ်ရိသက ဦးဆောင်ဖော်ထုတ်ခဲ့တာပါ။ ကိုရင်လေး အသက်(၁၆)နှစ်ဝန်းကျင်မှာ တရားအားထုတ်ခဲ့တဲ့ ဂူလို့လည်း ဆိုပါတယ်။ အဲဒီလိုဏ်ဂူကို ဟတ္ထိပါလဓမ္မစက္က သာသနာ့ရောင်ခြည် လိုဏ်ဂူတော်အဖြစ် ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ဖွင့်လှစ်ခဲ့ကာပါ။

လိုဏ်ဂူထဲမှာတော့ ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များကို အနုပညာမြောက် ထုလုပ်ထားသလို လှပဆန်းကြယ်စွာ တွေ့ရပါတယ်။ မြတ်စွာဘုရားပုံတော်များကိုလည်း ဖူးတွေ့ရပါတယ်။ လိုဏ်ဂူထဲမှာ မွန်းကျပ်မှုမရှိဘဲ သက်သက်သာသာ ရှိပါတယ်။ သဘာဝချောင်းငယ်တစ်ခုကလည်း လိုဏ်ဂူအတွင်းမှာ စီးဆင်းနေပါတယ်။ ဂူရဲ့အဆုံးနားမှာ နတ်ရေကန်လို့ခေါ်တဲ့ ရေကန်တစ်ခုလည်း ရှိပါတယ်။

ယခင်က လူသူအရောက်အပေါက် မရှိဘဲ တောကြီးတောင်ကြီး ဖြစ်နေတဲ့ ထမ်းစမ်းဂူဟာ ယခုအခါ ကတ္တရာလမ်းပေါက်ပြီး စည်စည်ကားကား ဖြစ်နေပါတယ်။ အဲဒါဟာ ဟိုပုံးကိုရင်လေး အရှင်ပေါ်ရိသနဲ့ ဒေသခံ တိုင်းရင်းသားတို့ရဲ့ စွမ်းအား၊ တစ်နည်းအားဖြင့် သာသနာတော်အပေါ် ယုံကြည်မှုအားကြောင့်ပဲ ဖြစ်ပါတယ်။

အဲဒီယုံကြည်မှုကို သိပ္ပံပညာနဲ့ တိုင်းတာလို့ မရပါဘူး။ အထူးသဖြင့် ဗုဒ္ဓဟောထားတဲ့ တရားဒေသနာတော်တွေကို သိပ္ပံပညာက လိုက်လို့မမီသေးဟာ အတော်များများ ရှိနေပါတယ်။ ဥပမာအားဖြင့် ပညတ်နဲ့ ပရမတ်အကြောင်း၊ ကုသိုလ်နဲ့ အကုသိုလ်အကြောင်း၊ ၃၁ ဘုံအကြောင်း၊ နိဗ္ဗာန်ဆိုင်ရာ အကြောင်းတွေမှာ သိပ္ပံပညာနဲ့ လေ့လာစူးစမ်းလို့ မရသေးပါဘူး။ အဲဒီလို လေ့လာလို့ မရတာကလည်း သိပ္ပံပညာဟာ အတတ်ပညာပေါ်မှာ အခြေခံပြီး ဗုဒ္ဓတရားတော်က အသိပညာပေါ်မှာ အခြေခံထားတာကြောင့် ဖြစ်ပါတယ်။

ကျွန်တော်တို့အဖွဲ့ ဂူအပြန်လမ်းမှာတော့ ကံကောင်းပါတယ်။ ဟိုပုံးကိုရင်လေး ကြွလာလို့ ဖူးမြော်လိုက်ရပါတယ်။ ကိုရင်လေးက ဓာတ်ပုံတစ်ပုံပဲ ရိုက်ပါဆိုလို့ အားမရလိုက်ပါဘူး။ ဟိုပုံးကိုရင်လေးကို အားပါးတရဖူးမြော်ကန်တော့ပြီး ဂူအပြင်ကို ပြန်ထွက်ကာ ပတ်ဝန်းကျင်တောတောင်အလှကို အားပါးတရ ကြည့်မိလိုက်ပါတယ်။

* *ဟော. . . ဟိုမှာကြည့်စမ်း၊*
*မောမြေမြင့်တောင်တန်း။*

* *အလွမ်းရယ်ပို၊*
*ထမ်းစမ်းဂူဝန်းကျင်တစ်ခို၊*
*တင့်ရှန်းငယ်စို။*


❒ မင်းဆက်ပိုင်

ကျမ်းကိုး - ယုံကြည်မှုနှင့်တန်ဖိုး၊ ဆရာနေဇင်လတ်။



www.burmeseclassic.com

www.burmeseclassic.com



အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)
တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက

(ယခင်လမှအဆက်)

# နေကောင်းရဲ့လား

ကိုယ့်မှတ်တိုင်ရောက်လို့ ဆင်းရတဲ့အချိန်မှာ သူတို့ နှစ်ယောက် တွက်ကြည့်ပါ။ ထိုင်ခုံရတဲ့ ခရီးသည်က ထိုင်ခုံရလို့ ဇိမ်ကျတယ်၊ သက်သာတယ်၊ ချမ်းသာတယ်လို့တောင် ပြောမယ်ဆို ပြောလို့ရသေးတယ်။ ဒါပေမဲ့ ထိုင်ခုံပေါ် အိပ်လို့၊ ငိုက်လို့၊ ငေးလို့ အစုံတွေးပြီး လိုက်လာတာ၊ ဘာသတိမှ မပါဘူး။ ဘုရားလည်း သတိမရ ဘာကုသိုလ်မှ ဖြစ်ရာမရှိဘူး။ ဇိမ်ကျလို့ သက်သာတာပဲ ပြောစရာကျန်တယ်။ အပေါက်ဝက မီရာဆွဲကိုင်လိုက်ရတဲ့ ခရီးသည်ကတော့ ဆင်းရဲပင်ပန်းပေမယ့် သတိတစ်ချက်မှ မလွတ်ဘူး၊ ခဏခဏ ဘုရားတရတယ်။ ဘုရားလည်းမမေ့၊ တရားလည်းမမေ့ဘူး။ ကုသိုလ်တွေ အများကြီး ရတယ်။

ဒါမျိုးလိုပါပဲ၊ နတ်တွေဆိုတာ ထိုင်ခုံရတဲ့ ခရီးသည်တွေပါ။ ဆင်းရမယ့်မှတ်တိုင်က အဝေးကြီးကျန်သေးတယ်။ ငေးကြည့်ရလောက်အောင် ကြီးကျယ်တဲ့ နတ်အာရုံတွေကြားထဲမှာ တစ်ရေးတစ်မောအိပ်လိုက်၊ စားရသောက်ရမှာတောင် မေ့လောက်အောင် ငေးလိုက် ငိုက်လိုက်နဲ့ အများအားဖြင့် စီးလိုက်နေကြတယ်။ ထိုင်ခုံရထားတော့ နေကောင်းလို့ အဆင်ပြေနေတာကိုး။ လူတွေကတော့ အပေါက်ဝက မြို့လို များလား တွဲလိတွဲလောင်း တွဲခိုလိုက်စီးရတဲ့ ခရီးသည်တွေနှင့် တူတယ်။ ပြုတ်လွယ်၊ ပျက်လွယ်၊ ပျောက်လွယ်၊ ချုပ်လွယ်၊ ကုန်လွယ် ဘာမှကြာကြာ ဆုပ်ကိုင်ထားလို့မရ။ ဒီတော့ တွန်းအားများလို့ သတိမလွတ်တာ များပါတယ်။

ဘတ်စ်ကားကွေ့တိုင်း "ဘုရား ဘုရား" "ဘုရား ဘုရား" နဲ့ တနေရတဲ့ ခရီးသည်လို တစ်ရက်ကုန်လို့ တစ်ကွေ့ရောက်တိုင်း မနက်အိပ်ရာကထလာရင် "ဘုရား ဘုရား၊ မသေလို့ တစ်ရက်ကူးလာပြန်ပြီဟဲ့၊ ဘုရား ဘုရား၊ ကုသိုလ် မေ့လို့


www.burmeseclassic.com

www.burmeseclassic.com

မဖြစ်ဘူး၊ လူ့ဘဝရဲ့စည်းစိမ်က ကုသိုလ်ဟဲ့၊ တစ်နေ့တာ ကုသိုလ်နဲ့စမှ ဖြစ်မယ်ဟဲ့၊ ကုသိုလ်လိုချင်လို့ အိမ်ဦးခန်း ဘုရား ပင့်ထားတာဟဲ့"ဆိုပြီး ဘုရားရှေ့ မဖြစ်မနေ သွားတယ်။ ဘုရားရှေ့ရောက်တော့ ဉာဏ်နဲ့ အသက်ဂုဏ်သွင်းပြီး "ဘုရား ဘုရား" နဲ့ ဘုရားအစစ်ထိ အာရုံပြုတယ်။

ဘုရားရှေ့မှာ ရေကပ်၊ ပန်းကပ်၊ ဆီမီးကပ်လို့ အလှူ စလုပ်တယ်။ သရဏဂုံဆောက်တည်တယ်။ သရဏဂုံတင် တယ်။ ကိုယ့်ခေါင်းပေါ် ရတနာသုံးပါး စွမ်းအားကို တင်ထား လိုက်တယ်လို့ ဆိုလိုတာပါ။ သီလဆောက်တည်၊ ဘုရားအာရုံ တရားအာရုံနဲ့ သမာဓိကိုဖြည့်၊ ခန္ဓာဉာဏ်စိုက် ဝိပဿနာရှု ဘုရားရှေ့တင်ပဲ ကုသိုလ်စုံအောင် လုပ်ဖြစ်တယ်။ ဘုရားရှေ့ က ရတဲ့အရှိန်ကိုယူပြီးမှ သတိကြိုးနဲ့ဆက်သွယ်ပြီး အိမ်အလုပ် တွေ၊ ခန္ဓာအလုပ်တွေ အကုန်လုံး ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာဘောင်ဝင်အောင် လုပ်လိုက်တယ်လေ။ ဘုရားရှေ့ က အရှိန်ယူလိုက်တော့ အားက အကုန်ပါလာတာကိုး။

တစ်ရက်ကို တစ်သက်လောက် တန်ဖိုးထားမှ ဒီသာ သနာ မီတော့မယ်။ တစ်သက်ကိုပဲ တစ်သက်လောက် တန်ဖိုး ထားနေရင်တော့ ဒီသာသနာ မီမှာမဟုတ်တော့ဘူး။ လူ့တစ် သက် ကြာတာမှ မဟုတ်ဘဲ။ ပြီးတော့လည်း ဒီခန္ဓာက တစ်နေ့ နှစ်ခါစားနဲ့ ငှားထားတဲ့ နေ့စားခန္ဓာဖြစ်နေတယ်။ တစ်ရက်ကို တစ်သက်လောက် တန်ဖိုးထားမှလည်း နေ့စားခ ကျေလိမ့်မယ်။

ဒါကြောင့် ညအိပ်ရာဝင်ခါနီးရင် ကုသိုလ်စုံမစုံ ပြန်စစ်၊ ကုသိုလ်စုံမှ နေ့တွက်ကိုက်မယ်။ နေ့စားခ ကျေမယ်။ မစုံရင် ပြန်ဖြည့်၊ စုံမှအိပ်။ လူ့ရဲ့တစ်ရက်တာရလဒ်ဟာ ကုသိုလ်ပဲ။ တစ်ပတ်တာ၊ တစ်လတာ၊ တစ်နှစ်တာ၊ တစ်သက်တာ ရလဒ် တွက်ကိန်းကိုက်အောင် နေ့စဉ် တစ်ရက်တာနဲ့ အောင်ပွဲခံရ မယ်လေ။

## ၆။ နေကောင်းဖို့မဟုတ် သုံးဖို့

လူရဲ့ စားဝတ်နေရေး စီးပွားရေး အလုပ်တွေဟာ ဇိမ်ခံဖို့၊ နေကောင်းဖို့ မဟုတ်ဘူး။ ခန္ဓာအမြန်သုံးဖို့ စက်ဆီ၊ ဓာတ်ဆီ၊ လောင်စာဆီ ထည့်ပေးတဲ့ သဘောမျိုးသာ ဖြစ်ပါ တယ်။ လူ့ဘဝရဲ့ အဆီအနှစ်က ပါရမီကုသိုလ်တရား တစ်မျိုး တည်းပါ။

အသက်ရှည်ရှည် ကျန်းကျန်းမာမာ ဉာဏ်ပညာ ဖွံ့ဖွံ့ ဖြိုးဖြိုး၊ ခွန်အား ပြည့်ပြည့်ဝဝနဲ့ ဘဝအနှစ် ကုသိုလ်အစစ် တွေကို ထုတ်ယူနိုင်ဖို့ စားဝတ်နေရေး၊ စီးပွားရေး အလုပ်နဲ့ ခန္ဓာကို ပြုပြင်နေကြတာပါ။ လူ့အလုပ်အားလုံး ကုသိုလ်နှင့် ပေါင်းဆုံမိကြဖို့ချည်းပဲ။

ပုထုဇဉ်နတ်တွေဟာ နေကောင်းလွန်းလို့ အများအား ဖြင့် ကုသိုလ်အရနည်းကြတာပါ။ လူတွေဟာ နေမကောင်း လို့၊ ဇိမ်မကျလို့ အများအားဖြင့် ကုသိုလ်အရများကြတာပါ။ လူ့အလုပ် လူ့အာရုံအားလုံးကို သတိအိတ်ထဲ ထည့်ယူရမယ်။ သတိဆိုတာ ခရီးဆောင်အိတ်ပဲ။ ထည့်ချင်တာထည့်၊ ထည့် ချင်သလောက်ထည့်၊ မဆံ့ဆိုတာ မရှိဘူး။ အကုန်ဆံ့တယ်။

အိုတာ၊ နာတာ၊ ဆင်းရဲတာကို သတိအိတ်ထဲထည့်၊ ဆံ့တယ်။ စားဝတ်နေရေးတွေ အကုန်ထည့် ဆံ့တယ်။ သတိ လက်ထဲရောက်သွားတာနဲ့ အကုန်တရားချည်းပဲ။ ဆိုးဆိုး ကောင်းကောင်း အကုန်အသုံးတည့်တယ်။

အရွယ်ကောင်းတုန်း၊ ကျန်းမာတုန်း၊ ခန္ဓာကို သုံးလို့ ဖြစ်တုန်း ကြိုတင်ကြိုးစားထားမှ စိတ်အေးရမယ်။ အိုခါမှ မကျန်းမာခါမှ သွားလုပ်ရင် အစတောင်ရှာမရဘဲ ဖြစ်နေ တတ်တယ်။

ကိုယ့်မှာ အမြဲအောင်လံစိုက်စရာက ကောင်းမှု တရား ပဲရှိတာ။ ကျန်တာတွေအားလုံး အမြဲအောင်လံစိုက်လို့ မရဘူး။ ပြန်သွားမယ့် ဧည့်သည်တွေချည်းပဲ။

ကိုယ့်ခန္ဓာ၊ ကိုယ့်ပစ္စည်း၊ ကိုယ့်ဆွေမျိုးတွေကို လှေ ကား ငြမ်းပမာ အမှီပြုပြီး ဓမ္မပန်းတိုင်အရောက် တက်ရမယ်။ ဓမ္မတောင်ထိပ်မှာ ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာနဲ့ အောင် လံစိုက်နိုင်ရမယ်။ ဒါမှ ဘဝပန်းတိုင် ရောက်မယ်။ ကုသိုလ် အစအနကို တွေ့အောင်ရှာပြီး နေ့စဉ် ပန်းတိုင်တက်နေရ မယ်။

ခန္ဓာကို အချိန်မီသုံးနိုင်ဖို့ သတိဉာဏ် အမြဲလိုတယ်။ သတိရှိမှ ဉာဏ်ပေါ်တယ်။ လူ့ခန္ဓာမှာ အရေးအကြီးဆုံးက သတိပဲ။ ရုပ်ခန္ဓာ အစိတ်အပိုင်းတွေ ဘယ်လောက်ပဲ ကျန်းမာ သန်စွမ်းတယ်လို့ ပြောပြော၊ သတိတစ်လုံးပျောက်သွားရင် တရားနှင့် ဆက်သွယ်ရေး ပြတ်သွားပြီဖြစ်လို့ လူ့ခန္ဓာ သုံးမရ တော့ဘူး။

ရုပ်ခန္ဓာကြီး ကျိုးကျိုးပဲ့ပဲ့ ကန်းကန်း ဖြစ်ချင်တာ ဖြစ်ပါစေ၊ သတိတစ်လုံး ကျန်နေသေးရင် တရားနှင့် ဆက် သွယ်ရေး မပြတ်သေးဘူး။ တရားအတွက် လူ့ခန္ဓာ သုံးလို့ ရသေးတယ်။ သုံးလို့ရနေရင် လိုရာကိစ္စ ပြီးပြည့်စုံနိုင်ပါသေး တယ်။

လူ့ဘဝမှာ မပြိုမပျက် မပျောက်ပျက်ဘဲ တောင့်ခံ ထားနိုင်တာက ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာဆိုတဲ့ အတို ချုပ် ဂဏန်း လေးလုံးပဲရှိတယ်။ လူ့အရှိအားလုံး ဂဏန်းလေး လုံးနှင့် ပေါင်းမိအောင် သတိထားပြီး ဆုံပေးရမယ်။ နေ့တိုင်း အိပ်ရာထလာတာနဲ့ သေချာတဲ့ ဘုရားရှေ့ကိုသွားလို့ တောင့် ခံထားနိုင်တဲ့ ဂဏန်းလေးလုံးက စနိုင်အောင် သတိထား ကြိုးစားပေးရမယ်။

တစ်နေ့တာ လုပ်ကိုင်ဆောင်ရွက်သမျှ မကောင်းနိုင်တဲ့ ကိစ္စအားလုံးတောင့်ခံထားနိုင်တဲ့ ဂဏန်းလေးလုံးထဲဘောင်ဝင် နိုင်သမျှ ဝင်အောင် သတိဉာဏ် လမ်းခင်းထားရမယ်။



www.burmeseclassic.com

www.burmeseclassic.com

> အယူကို စုပ်ထုတ်ဖယ်ရှားပေးနိုင်တဲ့
> ငြိမ်းအေးချမ်းသာအောင် စွမ်းဆောင်ပေးနိုင်တဲ့
> ကောင်းမှုတရား စွမ်းအားနဲ့ နေမှပဲ
> လူ့ဘဝမှာ နေသာထိုင်သာရှိတာပါ

လမ်းခင်းထားနိုင်အောင်လည်း ကြိုးစားလေ့ကျင့်ထားဖို့လိုမယ်။ သတိရှိခိုက် အချိန်သူခိုးဖြစ်တဲ့ ကိလေသာ ကင်းကင်းသွားတာဖြစ်လို့ အချိန်တွေ ယူတတ်သလောက် ရလာတတ်ပါတယ်။ ထမင်းတစ်လုတ် စားနေချိန်မှာ သတိထားလိုက်ရင် သီလ၊ သမာဓိ၊ ဝိပဿနာ ဂဏန်းသုံးလုံး ထပ်တိုးလာနိုင်တာပဲ မဟုတ်လား။

လမ်းသွားနေတုန်း ခြေတစ်လှမ်း လှမ်းနေချိန်မှာ သတိထားလိုက်ရင် အဲဒီအချိန်ကလေးအတွင်းမှာပဲ အဲဒီ ဂဏန်းသုံးလုံး ထပ်တိုးလာနိုင်တာ မဟုတ်လား။ ဝိပဿနာ အခြေခံသတိကလေးပေါ်လာရင်ပဲ သီလနှင့် သမာဓိက တွဲပါလာတော့တာလေ။ သတိအလေ့အကျင့် များသလောက် ကုသိုလ်ဝင်ပေါက် တိုးလာမှာပါပဲ။ သူ့ဟာသူရောက်လာမယ့် အားလပ်ချိန်ကို စောင့်နေရင် အိုတာ၊ နာတာတိုးလို့ သေဖို့ နီးလာတာပဲ ရရှိလာမှာပါ။ အားလပ်ချိန်တော့ ပေါ်လာမှာ မဟုတ်ပါဘူး။

အမြဲသတိထားခိုင်းထားရတာက နေ့စဉ်မအားမလပ်နိုင်အောင် များပြားလှတဲ့ အလုပ်ကိစ္စတွေကြားထဲက ကုသိုလ်ဖြစ်ချိန်၊ ကုသိုလ်ပြုချိန်ကလေးတွေ ပေါ်ထွက်လာဖို့ပါ။ တစ်မိနစ် ထွက်လာရင် မနည်းဘူးလေ။ ငါးမိနစ်လောက် ထွက်လာရင်ပဲ အတော်များလာပြီပဲ။ ဒီ့ထက်များရင်တော့ ဘာပြောဖို့ လိုတော့မှာလဲ။ သီးသန့်အချိန်လေးတွေ ယူလို့လည်း ကုသိုလ်ပြုဖြစ်လာမယ်။ မကင်းနိုင်တဲ့ ခန္ဓာကိစ္စ ဆောင်ရွက်ရင်းနဲ့လည်း ကုသိုလ်တွဲယူတတ်လာမယ်။ ရှုပ်ပွပူလောင်နေတဲ့ စိတ်တွေလည်း သန့်စင်ငြိမ်းအေးလာမယ်။ ပိုပြီး အမြင်ရှင်းလာမယ်။

နေ့စဉ် အသိရှင်းရှင်း၊ အစီအစဉ်ကောင်းကောင်း၊ လမ်းကြောင်းရှင်းရှင်း၊ ဦးတည်ချက်မှန်မှန်နဲ့ ဂဏန်းလေးလုံး ပါလာအောင် သတိထား ဖော်ထုတ်ရယူပေးရမယ်။ သတိများများထားမှလည်း မြုပ်နေတာတွေ ပေါ်လာမှာဖြစ်တယ်။ နိဗ္ဗာန်ဦးတည်ချက်ထားပြီး မမှုတောင်ထိပ်မှာ အောင်လံလေးခု နိုင်နိုင်မာမာ စိုက်ထူထားရမယ်။ အိပ်ရာဝင်ခါနီးတာနဲ့ ဂဏန်းလေးလုံး စုံ၊မစုံစစ်၊ စုံမှပဲ အိပ်ရပေါ့။ တစ်ရက်ကုန်သွားတာနဲ့ တောင့်ခံထားနိုင်တာ ဂဏန်းလေးလုံး၊ အောင်လံလေးခုပဲ ခိုင်ခိုင်မာမာ ကျန်နေခဲ့တော့မယ်။ ကျန်တာတွေ အားလုံး သင်္ခါရလေတိုက်လို့ ပြိုလဲလွင့်စဉ် ပျောက်ကွယ်သွားကြတော့မှာပါ။

တစ်ရက်ကုန်သွားပြီဆိုရင်ပဲ တစ်ရက်ဆိုတဲ့အချိန် ကုန်သွားပြီလေ။ အစားထိုး ဖာထေးစရာတရား ပါမလာခဲ့ရင် ဘယ်လောက် နှမြောဖို့ကောင်းသလဲ၊ တစ်ရက်အိုမင်းရင့်ရော် ဟောင်းနွမ်းသွားပြီ။ သင်္ခါရဒဏ် ထောင်းထုခံရလို့ တစ်ရက် နာသွားပြီ။ သေဖို့ နောက်တစ်ရက် နီးသွားပြီ။ နောက်ကို ပြန်ဆုတ်လို့ လုံးဝ မရ။

ဒီဘဝမှာ နေရဖို့ နောက်တစ်ရက် လျော့သွားပြီ။ တစ်ရက်ဆိုင်ရာ ပစ္စည်းတွေလည်း ကုန်သွားပြီ။ တစ်ရက်ဆိုင်ရာ အကုန်ပြိုလဲသွားကြပြီ။ အခိုင်အမာ တောင့်ခံထားနိုင်တဲ့ အရာဆိုလို့ ဂဏန်းလေးလုံး၊ အောင်လံလေးတိုင်ပဲ ကျန်နေခဲ့တော့မှာ ဖြစ်တယ်။ အသုံးတတ်မှ အနေတတ်လို့ အမြတ်ကျန်မယ်လေ။

## ၇။ နေကောင်းရဲ့လားလို့မေးရင် တရားတွဲဖြေ

လူတစ်ယောက်ယောက်က "နေကောင်းရဲ့လား" လို့ မေးလာရင် ရုတ်တရက် မဖြေသေးဘဲ လူ့ဘဝအနှစ်ဖြစ်တဲ့ ကုသိုလ်တရားလေး တစ်ခုခု စိတ်ထဲမှာ ပေါ်လာအောင် ဖော်ယူလိုက်ရဦးမယ်။ ကြာကြာမစောင့်ဆိုင်းရဘဲ တစ်ခဏချင်းအတွင်း ချက်ချင်းဖော်ယူလို့ဖြစ်နိုင်တဲ့ ကုသိုလ်မျိုးပေါ့။

ရတနာသုံးပါး ဂုဏ်တော်ရင်လည်း အာရုံပြုလိုက်၊ မေတ္တာရင်လည်း ပို့လိုက်၊ ဝိပဿနာရှုရင်လည်း ရှုလိုက်၊ ဒါမှမဟုတ် အရင်ပြုလုပ် အားထုတ်ပြီးသား ဒါန၊ သီလ၊ ဘာဝနာ တစ်ခုခုကိုရင်လည်း ပြန်ဖော်လို့ အာရုံပြုလိုက်ပေါ့။ ကုသိုလ်နှင့်စိတ် တွဲမိပြီဆိုတော့မှ "နေသာထိုင်သာရှိပါတယ်"၊ "နေကောင်းပါတယ်" လို့ ဖြေရုံပေါ့။

လူတောထဲ သွားတော့မယ်၊ လူတွေနှင့် တွေ့တော့မယ်ဆိုကတည်းက သတိထားပြီး ရှုမှတ်သွားရင်၊ ဒါမှမဟုတ် မေတ္တာလေးပို့လွှတ်သွားရင်တော့ တွေ့တွေ့ချင်းပဲ ကုသိုလ်တရား တွဲနေပြီးသားဖြစ်လို့ "နေသာထိုင်သာ ရှိပါတယ်" "နေကောင်းပါတယ်" လို့ ချက်ချင်းဖြေရင် ဖြစ်နိုင်ပါပြီ။

လူဟာ ဘဝအနှစ်ထုတ်လို့ ကုသိုလ်ရအောင် ယူထားနိုင်မှ နေသာထိုင်သာလေး ရှိတာပါ။

ဟုတ်ပါတယ်။ ကုသိုလ်ဟာ လူရဲ့နေရာပါ။ ကုသိုလ်ဟာ လူရဲ့ထိုင်ခုံမွေ့ရာပါ။ ကုသိုလ်ဟာ လူရဲ့လဲလျောင်းမှီခိုရာပါ။ ကုသိုလ်နေရာပေါ်ကနေ အောက်ကိုဆင်းကြည့်စမ်းပါ။ ကုသိုလ်လက်လွှတ် နေစမ်းကြည့်ပါ။ ဒုက္ခကိလေသာ နှိပ်စက်ညှဉ်းဆဲတာ ခံနေရလို့ အလွန်ဆင်းရဲပူလောင်လှပါတယ်။

ရွှေပဲရှိရှိ၊ ငွေပဲရှိရှိ၊ ဘာတွေပဲရှိရှိ ကုသိုလ်တရားပေါ်ကနေ အောက်ကိုဆင်းနေရင် ဆင်းရဲပူလောင်မှာချည်း။



www.burmeseclassic.com

www.burmeseclassic.com

တရားကလွဲရင် လူ့အရှိအားလုံး ဘယ်ဟာမှ တရားမဝင်ဘူးလေ။ အားကိုးရမယ့်တရား မပါဝင်ဘူးလို့ ပြောတာပါ။

နေ့စဉ် ဒါနကို မှန်မှန်လုပ်လို့ ဒါနနေရာပေါ် တက်နေရင် လူ့ဘဝ အေးချမ်းတယ်။ ဒါနဟာ လုပ်တတ်သူအတွက် ဘာမှမခက်ဘူးလေ။ ဘုရားရှင်အတွက် ဇရကပ်၊ ပန်းကပ်၊ ဆီမီးကပ်တာကအစ မိသားစု ကျွေးတာ၊ ပေးတာ၊ ရောင်းဝယ်တာ၊ ကားခပေးတာအလယ်၊ သူတို့ဆီက ဘာမှမျှော်လင့်ချက် မထားဘဲနဲ့ စားသောက်စေချင်တဲ့ မေတ္တာ၊ ကရုဏာနဲ့ တိရစ္ဆာန်လေးတွေ ပေးတာ ကျွေးတာ အဆုံးပေါ့။ သဒ္ဓါပညာစစ်စစ်နဲ့ သရဏဂုံသီလ ဆောက်တည်လို့ သရဏဂုံသီလစွမ်းအား အပေါ်တက်နေလိုက်ရင် ခုရောနောင်ပါ အလွန်လုံခြုံ အေးမြပါတယ်။

သမာဓိမှန်မှန်ပွားလို့၊ မေတ္တာမှန်မှန်ပို့လို့ သမာဓိစွမ်းအား နေရာပေါ် တက်နေလိုက်ရင်၊ ဝိပဿနာမှန်မှန်ရှုလို့ ဝိပဿနာစွမ်းအားနေရာပေါ် တက်နေလိုက်ရင် အလွန်ငြိမ်းချမ်းပါတယ်။

လူ့စည်းစိမ်ဟာ ငြိမ်းချမ်းတဲ့တရားပါ။ ကိုယ် မလိုချင်တဲ့ အဆိုးတွေကလည်း တရားနဲ့အင်အားပြပေးမှ နောက်ဆုတ်ပေးမှာ၊ နောက်ဆုံး ကုန်ကြလွတ်ကြမှာ၊ ကိုယ် လိုချင်တဲ့ အကောင်းတွေကလည်း တရားနဲ့ အင်အားပြပေးမှပဲ ပန်းတိုင်လမ်းဆုံးအရောက် ကောင်းပြနိုင်ကြမှာပါ။

အပူကို စုပ်ထုတ်ဖယ်ရှားပေးနိုင်တဲ့၊ ငြိမ်းအေးချမ်းသာအောင် စွမ်းဆောင်ပေးနိုင်တဲ့ ကောင်းမှုတရား စွမ်းအားနဲ့ နေမှပဲ လူ့ဘဝမှာ နေသာထိုင်သာရှိတာပါ။

အထူးအားဖြင့် သမာဓိ၊ ဝိပဿနာ ဆိုတဲ့ ဘာဝနာစွမ်းအားထိ ရှိထားမှ နေဖြစ်တာပါ။

နေကောင်းတယ်လို့ပြောရင် ဖြစ်နိုင်တာပါ။ ဟုတ်ပါတယ်။ စိတ်သောကရောက်စရာ၊ ပရိဒေဝမီးတောက်လောင်စရာ အာရုံနှင့် ရင်ဆိုင်တွေ့ကြုံရပါလျက် သောကမရောက်ရ၊ ပရိဒေဝမီး မတောက်လောင်ရရင် နေကောင်းတယ် ဆိုရမှာပဲ။

အနေကောင်းတော့ အပူမီး မတောက်ဘူးပေါ့။ အပူမီး မတောက်အောင်လည်း အနေကောင်းတယ်ပေါ့။

စိတ်ညစ်စရာတွေ့ပေမယ့် စိတ်မညစ်ရအောင်၊ စိတ်ဆင်းရဲစရာ တွေ့ပေမယ့် စိတ်မဆင်းရဲရအောင်၊ စိတ်ရှုပ်စရာတွေ့ပေမယ့် စိတ်မရှုပ်ရအောင်၊ စိတ်ပျက်စရာတွေ့ပေမယ့် စိတ်မပျက်ရအောင် နေတတ်ရင် နေကောင်းတယ်ပေါ့။

အပူပေါလှတဲ့ လူ့လောကထဲမှာ တရားစွမ်းအားနဲ့ တည်ငြိမ်ရင့်ကျက် အေးချမ်းအောင် နေတတ်တယ်ဆိုရင် နေကောင်းတယ် ဆိုရမှာပေါ့။

❖

## ၈။ သုံးခါမွေးမှ လူဖြစ်ကြ
## (ကံ ဉာဏ် လုံ့လ လူ့ဘဝ)

* မိခင်ဝမ်းမှ၊ ဖွားလာကြ၊
ခေါ်ရ ကံမွေးနေ့။
* တတ်အောင်သင်ပြ၊ ဆရာ့ရင်တွင်း၊
နှုတ်ခံတွင်းမှ၊ ဖွားလာကြ၊
ခေါ်ရ ဉာဏ်မွေးနေ့။
* သမ္မပ္ပဓာန်၊ အကျင့်မှန်ဖို့၊
လမ်းညွှန်သင်ပြ၊ ဆရာ့ရင်တွင်း၊
နှုတ်ခံတွင်းမှ၊ ဖွားလာကြ၊
လုံ့လ လူမွေးနေ့။
* သုံးခါမွေးမှ၊ လူဖြစ်ကြ၊
ဘဝ အနှစ်တွေ့။
* ကံ ဉာဏ် လုံ့လ၊ လူ့ဘဝ၊
မွေ့ အစစ်မွေ့။

ငှက်ကိုဟောတဲ့ "ဒွိဇ" ဆိုတဲ့ ပါဠိတစ်ပုဒ် ရှိပါတယ်။ နှစ်ကြိမ်မွေးဖွားမှ ငှက်ဖြစ်တယ်လို့ ဆိုလိုပါတယ်။ မိခင်ဝမ်းထဲက ပေါက်ဖွားလာတော့ ဥကလေးပဲ ရှိသေးတယ်။ အဲဒီဥကလေးကို မိခင်ငှက်မက ကိုယ်ငွေ့ကိုပေးပြီး အချိန်ခပ်ကြာကြာ စောင့်ရှောက်ပေးရ ဝပ်ပေးရပါသေးတယ်။ အချိန်တန်တော့မှ ဥထဲက ငှက်အကောင်ကလေး ပေါက်ဖွားလာတာပါ။ ပေါက်ဖွားလာတော့ ငှက်ပုံစံပဲ ပေါ်သေးတာပါ။ ငှက်အစွမ်း မပြနိုင်သေးပါဘူး။ အမွေးအတောင် မပေါက်သေးဘူး။ ခြေထောက် မသန်မာသေးဘူး။ ကိုယ့်ဟာကိုယ် မပျံနိုင် မသွားနိုင် မစားနိုင်သေးဘူး။

မိဘတွေက အမွေးအတောင်ပေါက်သည်ထိ ကိုယ့်ဟာကိုယ် ပျံနိုင် သွားနိုင် စားနိုင်သည်ထိ စောင့်ရှောက်ပေးရသေးတယ်။ ပျံနိုင် သွားနိုင် စားနိုင်ပြန်တော့လည်း ပျံတတ်၊ သွားတတ်၊ စားတတ်၊ နေတတ်အောင် မိဘတွေက သင်ပေးရပါသေးတယ်။ ဒီတော့မှ ငှက်အစွမ်းပြနိုင်တာပါ။ မိဘတွေက စောင့်ရှောက်သင်ကြားပေးရတာကို နောက်ထပ်မွေးဖွားပေးတာလို့ ပြောနိုင်ပါတယ်။ တကယ်တော့ သုံးခါမွေးမှပဲ အစွမ်းပြည့်ဝတဲ့ငှက် ဖြစ်ရတာပါ။

လူလည်း သုံးခါမွေးမှ လူအစစ်ဖြစ်နိုင်ခွင့် ရှိပါတယ်။

(၁) မိခင်ဝမ်းထဲက ဖွားလာခဲ့ရတဲ့နေ့ကို ကံဆုံပေးလို့ သားအမိဖြစ်ရတဲ့နေ့ ဖြစ်တာကြောင့် ကံမွေးနေ့လို့ ခေါ်နိုင်ပါတယ်။ ကံမွေးနေ့နဲ့ လူရာမဝင်သေးပါဘူး။ ငှက်ဥကို ပြောသလို လူဥအဆင့်သာသာပဲ ရှိပါသေးတယ်။ ကံကို ဖွင့်ပေးတဲ့ဉာဏ် လိုပါသေးတယ်။ ကံရုပ်ကို ဉာဏ်အလုပ်နဲ့ အလှဆင်ရဦးမှာပါ။ ကံက လူဖြစ်ဖို့ပဲ တာဝန်ယူပါတယ်။ လူစစ်ဖို့တော့ ဉာဏ်လိုပါသေးတယ်။ ကံလူသားလောက်နဲ့ နေမကောင်းသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားလက်ထက်က မဟာဓန သူဌေးဇနီးမောင်နှံ ရှိခဲ့ဖူးပါတယ်။ မြန်မာလိုတော့ ပစ္စည်းပေါများ ကြွယ်ဝလွန်းလို့ ကိုကြွယ်ပေါနှင့် မကြွယ်ဌေးလို့ ခေါ်ရမှာပါ။ ပစ္စည်းပေါများ ကြွယ်ဝတဲ့ ကံလည်းပါတယ်။ အချိန်မီ တရားအလုပ် အားထုတ်နိုင်ရင် ကိုကြွယ်ပေါက ရဟန္တာဖြစ်နိုင်လောက်တဲ့ကံပါတယ်။ မကြွယ်ဌေးက အနာဂါမ်ဖြစ်နိုင်လောက်တဲ့ကံပါတယ်။ လောကဘက်က အချိန်မီ ကြိုးစားနိုင်ရင် ပထမတန်းစား သူဌေးဖြစ်နိုင်လောက်သည်ထိ ကံပါတယ်။ ဉာဏ် ဝီရိယနဲ့ ဖွင့်ပေးမှပဲ သူတို့ရဲ့ကံက ပွင့်နိုင်ကြမှာပါ။

သူတို့ရဲ့မိဘတွေက ပစ္စည်းပေါများပေမယ့် အမြော်အမြင် နည်းပါးကြပါတယ်။ သားသမီးကို အတတ်ပညာ သင်ကြားခွင့် မပေးကြပါဘူး။ ကိုကြွယ်ပေါရဲ့ မိဘတွေမှာလည်း သားကတစ်ယောက်တည်း။ မကြွယ်ဌေးရဲ့ မိဘတွေမှာလည်း သမီးက တစ်ယောက်တည်း။

ကိုကြွယ်ပေါရဲ့ မိဘတွေက . . . "ငါ့သား၊ ငါတို့မှာ သားတစ်ယောက်တည်းရှိတာ၊ ပစ္စည်းက ငါ့သားတစ်ယောက် ဘာမှမလုပ်ဘဲ တစ်သက်လုံး ထိုင်စားလို့ မကုန်နိုင်ဘူး။ ပညာသင်တာ ပစ္စည်းရှာဖို့ပဲ၊ ငါတို့မှာ ထပ်ရှာဖို့ မလိုတော့ဘူး။ ပစ္စည်းအလွန်ပေါများတယ်၊ ဒါကြောင့် ပညာသင်မနေနဲ့တော့၊ တရားနာဖို့လဲ မလိုဘူး" ဆိုပြီး ပညာတတ်အောင် ဆောင်ရွက်မပေးကြဘူး။ မခွဲချင်လို့လည်း ဖြစ်မှာပေါ့။ ပစ္စည်းကို အမာခံလို့ ထင်ထားလို့လည်း ဖြစ်မှာပေါ့။

မကြွယ်ဌေးရဲ့ မိဘတွေလည်း ဒီနည်းအတိုင်းပါပဲ။ သူတို့နှစ်ယောက် ကံကောင်းတာပဲ ပြောလို့ဖြစ်တယ်။ ဘာမှ မတတ်ရှာကြပါဘူး။ သူတို့နှစ်ယောက် အရွယ်ရောက်တော့ နှစ်ဖက်မိဘတွေက နေရာချပေးကြတယ်။ လက်ထပ်ပေးကြတယ်ပေါ့။

လောကဘက်ကကြည့်ရင် သူဌေးသားနဲ့ သူဌေးသမီး၊ ဓမ္မဘက်ကကြည့်ရင် ဘာမှမမြင်တဲ့ အကန်းချင်း လက်ထပ်တာ၊ မိဘရှိတုန်းတော့ မိဘအရိပ်နဲ့ ရပ်တည်နိုင်သေးတယ်။

မိဘမရှိတာနဲ့ သူတို့နှစ်ယောက်အကြောင်းကို ပတ်ဝန်းကျင်က သိပြီးသားဆိုတော့ လိမ်ကြ ကောက်ကြ ညာကြဖြန်းကြတယ်။ ပညာမရှိတော့ လိမ်ညာမှန်း ဘာမှမသိ။ ပစ္စည်းတွေအလိမ်ခံရလို့ အများကြီးပါသွားတယ်။ ပိုဆိုးတာက ကိုကြွယ်ပေါကိုယ်တိုင် အရက်သမားတွေနဲ့ ပေါင်းမိလို့ အရက်သမားလုံးလုံး ဖြစ်သွားတယ်။

ပညာမရှိတော့ ပေါင်းသင့်၊ မပေါင်းသင့် မရွေးချယ်တတ်ဘူး။ အပေါင်းအသင်း အရက်သမားတွေ ဝင်ဖြုန်းတာရော၊ ကိုကြွယ်ပေါ ကိုယ်တိုင် မူးယစ်သောက်စား ဖြုန်းတာရောဆိုတော့ ပစ္စည်းအားလုံး မကြာခင် ကုန်သွားပါတယ်။ အမွေရတဲ့ အိမ်နှစ်လုံးကိုပါ ပေါင်နှံပြီး ဖြုန်းလိုက်တာ ရှိသမျှ ပြောင်ခါသွားပါရော။

တစ်သက်လုံး ထိုင်စားမကုန်နိုင်တဲ့ ပစ္စည်း အိမ်ရာအားလုံးဟာ ပထမအရွယ်သာသာမှာပဲ ကုန်ဆုံးသွားပါတော့တယ်။ နောက်ဆုံး တစ်ယောက် ခွက်စုတ်တစ်လုံးစီကိုင်ပြီး တောင်းစားရတဲ့ သူတောင်းစားတွေ ဖြစ်ကုန်ကြတယ်။ ပညာမတတ်ခြင်း၊ ဉာဏ်မရှိခြင်းရဲ့ ဆိုးကျိုးရလဒ်တွေပေါ့။

အရိယာလောင်းတွေ အရိယာလည်း မဖြစ်လိုက်ကြဘူး။ သူဌေးလောင်းတွေ သူဌေးလည်း မဖြစ်လိုက်ကြဘူး။ ကံမွေးနေ့လောက်နဲ့၊ ကံလူသားလောက်နဲ့ လူလို့အတည်ပြုလိုက်တာ စောလွန်းသွားတယ်လေ။ အတိတ်ကံ ကောင်း၊ မကောင်းသိချင်ရင် ပစ္စုပ္ပန် ဉာဏ်၊ ဝီရိယနဲ့ တူးဆွကြည့်ရတာပါ။

(၂) ပညာသင်ရမယ့်အရွယ်ရောက်တော့ ဉာဏ်ရဖို့ ပညာသင်ရတယ်။ အတိတ်ဘဝက တတ်မြောက်ခဲ့တဲ့ ပညာတွေက ဘဝရဲ့ နောက်ဆုံးအချိန်မှာ အို၊ နာ၊ သေ အတွင်းဓားပြသုံးယောက် လုယက်တိုက်ခိုက် ဖျက်ဆီးပစ်တာ ခံရလို့ အကုန်ပါသွားခဲ့ပြီလေ။

"ပညာရွှေအိုး၊ လူမခိုးလို့" ဆိုရိုးရှိပေမယ့် အပြင်သူခိုးသာ မခိုးတာပါ။ ခန္ဓာချုံထဲ ခိုနေကြတဲ့ အတွင်းဓားပြသုံးယောက်တိုက်တာတော့ ခံကြရပါတယ်။ ဝလုံး(သုည)ကစ ပြန်သင်ရပါတယ်။

ကျင့်တဲ့အဆင့် မရောက်သေးဘဲ တတ်သိရုံ အဆင့်လောက်နဲ့တော့ ဘဝရဲ့နောက်ဆုံးချိန်မှာ ဓားပြလက်ထဲ ပါသွားမှာချည်းပဲ။ ဓားပြလက်ထဲ ပါသွားမှာဖြစ်ပေမယ့် ဘဝမှာ နှိုင်းချိန်ဉာဏ်ရဖို့ ပညာတတ်အောင် ဧကန် သင်ရမှာပဲလေ။

ဆရာ့ထံ ပညာသင်ရတဲ့အခါ ဆရာရဲ့ မေတ္တာရင်ခွင်အရိပ်အောက်မှာ ခိုလှုံနေရတာကိုပဲ ကိုယ်ဝန်ဆောင်ရသလို တင်စားပြောတာပါ။ ဆရာရဲ့ နှုတ်ခံတွင်းနဲ့ သင်ပြပေးတာကို တတ်အောင်သင်ယူလို့ ဉာဏ်ပေါ်အောင် ဖော်ယူရတာကိုပဲ ဖွားမြင်ရသလို တင်စားပြတာပါ။ ဆရာ့မေတ္တာရင်ခွင်တွင်းမှာ ကိန်းဝပ်ခိုလှုံပြီး ဆရာ့နှုတ်ခံတွင်းကနေ ဉာဏ်သားပေါ်အောင် ဖွားခဲ့ရတယ်ပေါ့။

ဉာဏ်ဆိုတာ နည်းစနစ်သိအောင် လေ့လာသင်ယူထားလို့ တတ်မြောက်ကျွမ်းကျင်တဲ့ဉာဏ်ကို ပြောတာပါ။ ကျင့်ထားလို့ရတဲ့ ကျင့်ဉာဏ်ကို ပြောတာမဟုတ်ပါဘူး။

တတ်မြောက်ကျွမ်းကျင်တဲ့ ဉာဏ်ရအောင် ယူခဲ့ရတဲ့နေ့ကို ဉာဏ်မွေးနေ့လို့ ခေါ်နိုင်ပါတယ်။ ကံကောင်းကိုဖွင့်လို့ ကံသစ်မြင့်အောင် ဆင့်ပေးနိုင်တဲ့ ဉာဏ်မျက်စိပေါ့။ ဉာဏ်လူသားလောက်နဲ့လည်း နေမကောင်းသေးပါဘူး။

(၃) ဘာသွဲ့တွေပဲရရ ပါရဂူပဲဖြစ်ဖြစ် ဉာဏ်မွေးနေ့လောက်နဲ့လည်း လူအပြည့် မဖြစ်သေးပါဘူး။ တစ်ဝက်ရောက်ပြီလို့တော့ ဆိုနိုင်ပါတယ်။ သင်ဉာဏ်လောက်နဲ့သာ



www.burmeseclassic.com

www.burmeseclassic.com

ဆိုရင် ဒုက္ခ၊ ကိလေသာဆိုတဲ့ ဖွားဖက်အခက်အခဲ နှစ်မျိုးနှင့် ယှဉ်ပြိုင်ရင် ကိုယ်ကရှုံးဦးမှာပဲ။ ဒုက္ခကိလေသာအောက်မှာပဲ ဒူးထောက်အညံ့ခံနေရဦးမယ်။ ဒီအခက်အခဲ နှစ်မျိုးနှင့် ယှဉ်ပြိုင်စိန်ခေါ်ရဲတဲ့ စွမ်းအားပေါ်လာတော့မှ လူစွမ်းအားစုံမယ်။ လူအစစ် ဖြစ်မယ်။

ဒါကြောင့် တတိယ ဝီရိယမွေးနေ့ ဆက်ရဦးမယ်။ ဝီရိယဆိုတာ ကျင့်တဲ့ဝီရိယကို ပြောတာပါ။ သမ္မပ္ပဓာန်ကိစ္စပြီးစေနိုင်တဲ့ အဆင့်မြင့်ဝီရိယမျိုးကို ပြောတာပါ။ အခြားဝီရိယမျိုးကို ပြောတာ မဟုတ်ပါဘူး။ ဝီရိယအစစ်ဆိုတာ အဆိုးအားလုံးတို့ရဲ့ အကြောင်းရင်းဖြစ်တဲ့ ကိလေသာကို နှိမ်နင်းလွှမ်းမိုး အနိုင်ယူနိုင်တဲ့အားလည်း ပေါ်ရမယ်။ ဒီခန္ဓာကို အကြောင်းပြုလို့ ရနိုင်တဲ့ ကောင်းမှု အကောင်းတရား ဖော်ထုတ်ယူနိုင်တဲ့အားလည်း ပေါ်လာရမယ်။ အဆိုးကို နှိမ်နင်းတဲ့အား၊ အကောင်းကို ဖြည့်သွင်းနိုင်တဲ့အား နှစ်မျိုးပေါ်လာရမယ်ပေါ့။

ကျင့်တတ်အောင် လမ်းညွှန်ပေးတတ်တဲ့ ဆရာရဲ့ မေတ္တာရင်ခွင်အရိပ်အောက်မှာ အချိန်ပိုင်းလေးပဲ ဖြစ်ဖြစ် ခိုလှုံနည်းခံပြီးနှုတ်နဲ့ညွှန်ပြပေးတဲ့လမ်းစဉ်အတိုင်း တကယ် ကျင့်သုံးနိုင်တဲ့နေ့ဟာ ဝီရိယ မွေးနေ့ပါ။ အဆိုးကို နှိမ်နင်းလို့အကောင်းကို ဖြည့်သွင်းနိုင်လောက်အောင် ဝီရိယမြင့်မားလာရင် အားပါတဲ့ တရားဝင်အကျင့်ဖြစ်ပါပြီ။

ဒီနှစ်ချက်ပေါ်အောင် ကြိုးစားပြုလုပ်နိုင်ရင် တရားဝင်အလှူ၊ တရားဝင်သီလ၊ တရားဝင်ဘာဝနာ ဖြစ်သွားလို့ ဝီရိယမွေးနေ့ ဖြစ်သွားပါပြီ။ ဒုက္ခကိလေသာနှင့် ယှဉ်ပြိုင်ရဲလောက်အောင် အားပါလာပြီ။ အဆိုး၊ အကောင်းတွေကြားထဲမှာ တရားနဲ့ အညွန့်တလူလူ လွင့်ထူနိုင်မှ လူအစစ်ဖြစ်မယ်လေ။

လူသုံးမျိုးမှာ ကံလူသားက ငို လူသား၊ ဉာဏ်လူသားက ညည်း လူသား၊ ညည်းတွားတဲ့ လူသားပေါ့။ ဝီရိယလူသားက ကြံ့ခိုင်လူသားပါ။ ဝီရိယမွေးနေ့ရောက်တော့မှ လူဟာ နေကောင်းတဲ့အဆင့် ရောက်လာတာပါ။

အတိတ်ကံက ကံဟောင်းပေါ့။ နည်းစနစ်သိတဲ့ဉာဏ်နှင့် လက်တွေ့ကျင့်သုံးတဲ့ ဝီရိယက ကံသစ်ပဲ။ ကံဟောင်းကို အခြေခံအားယူလို့ ကံသစ်ကို ဖန်တီးဖော်ထုတ်ရတယ်။ ကံသစ်နဲ့ပဲ ကံဟောင်းကို တူးဆွဖော်ယူပေးရတယ်။ ဝီရိယမွေးနေ့ကို နေ့တိုင်းလုပ်နေရမှာပါ။ ဒါမှ နေ့တိုင်း နေကောင်းမှာပေါ့။ သတိတွဲတဲ့ ဝီရိယကို အမြဲကိုင်ထားနိုင်ရင်တော့ အမြဲပဲ နေကောင်းမှာပါ။

"နေကောင်းရဲ့လား" လို့ သူများက မေးလာရင် "နေကောင်းတယ်" လို့ အမြဲပြောနိုင်မှာပါ။ ရုပ် နေမကောင်းရင်တောင် စိတ်နေကောင်းအောင် ဖန်တီးယူတတ်မှာပါ။

ကံ၊ ဉာဏ်၊ ဝီရိယကို ကံသစ်အနေနဲ့ ဆက်စပ်ပြောရင် အဆိုးကင်းချင်၊ အကောင်းပြည့်စုံချင်လို့၊ ချမ်းသာချင်လို့ အလုပ်လုပ်ချင်တာက ကံ၊ လုပ်သင့်တဲ့အလုပ်ကို ရွေးချယ်ပေးတာက ဉာဏ်၊ ရွေးချယ်ထားတာကို မဖြစ်မနေ လုပ်ပေးတာက ဝီရိယပေါ့။ ဝီရိယအလုပ်ဖြစ်အောင် ကူပေးတာက သတိပါ။ နေကောင်းဖို့ အချုပ်ကတော့ သတိပါ။

အားလုံး တရားဖြင့် နေကောင်းကြပါစေ။

(ပြီး)

❒ ယောဆရာတော်


လပြည့်ဝန်းမဂ္ဂဇင်းတွင် ပါရှိသော ဝတ္ထုကဗျာစာမူ (တစ်လပြတ်)များထဲမှ အယ်ဒီတာအဖွဲ့ အနှစ်သက်ဆုံးစာမူကို

**ဂုဏ်ပြုငွေ ချီးမြှင့်မည် ဖြစ်ပါကြောင်း**

ကလောင်ရှင်များအနေဖြင့် မိမိစိတ်တိုင်းကျ အင်တိုက်အားတိုက် ရေးသား၍ ပေးပို့နိုင်ပါသည်။

မှတ်ချက် ။ ။ တခြားမဂ္ဂဇင်းတွင် ပေးပို့ထားခြင်းကိစ္စ၊ ကိုယ်ရေးကိုယ်တာ ကိစ္စများမှအစ ပြဿနာအဝဝသည် စာရေးသူ၏တာဝန်သာ ဖြစ်သည်။




www.burmeseclassic.com


www.burmeseclassic.com

# တောင်စွန်းမြို့မှ ရွှေဂူရိပ်သာကျောင်း

ညွန့်မောင်ဦး

နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးစ တန်ခူးလမှာ ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြသည်မှာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ရှေးအစဉ်အလာ မိရိုးဖလာ ဓလေ့ကောင်းတစ်ခု ဖြစ်သည်။ ရှေးမြန်မာ ဗုဒ္ဓဘာသာဝင်တို့၏ အမှတ်အသား တစ်ခုမှာ တစ်နှစ်မှာ တစ်ခါသာပွင့်သော ပိတောက်ပန်းကို အမှတ်အသားပြုထားကြသည်။ ပိတောက်ပန်းများဖူးလျှင် အတာကူး၍ နှစ်ဦးရောက်တော့မည် ဟူသော အသိကို လူတိုင်း နှလုံးသားထဲမှာ မှတ်သားထားကြသည်။

တစ်နှစ်မှာ တစ်ခါသာပွင့်သော ပိတောက်ပန်းပွင့်ချိန်ကို သင်္ကြန်ကျချိန်ဟု သတ်မှတ်၍ ပျော်ရွှင်စွာ ရေကစားကြသည်၊ ပိတောက်ပန်းကိုလည်း အမျိုးသမီးများ နှစ်သက်ကြ၍ ရေကစားရာတွင် ခေါင်းလုံးပြည့် ပန်ဆင်ထားတတ်ကြသည်။ ပန်းနှင့်ပတ်သက်ပြီး ရှေးစာဆို ကဗျာဆရာကြီးတစ်ယောက်က ပန်းများထဲမှာ သဇင်ပန်းသာ အမြတ်ဆုံး အထူးဆုံး၊ သဇင်ပန်းသည်သာ တော်ဝင်နန်းထိုက်သော ပန်းဖြစ်၍ သဇင်ပန်းကို နန်းတွင်းသူများက ကျိုင်းနှင့် သိုင်းနှင့် ပန်ဆင်ကြရကြောင်း ရေးဖွဲ့ထားပါသည်။




ဆရာတော်စံကျောင်း



ဘန်ဂလိုကျောင်း



ရဟန္တာဆရာတော်ကြီး စံကျောင်းအဟောင်း



ဒုလ္လဘများနှင့် ဆရာတော်များ

ကဗျာစာဆိုကြီး ဦးကြော့ကမူ တစ်နှစ်မှာ တစ်ခါသာပွင့်သော ပိတောက်ပန်းအကြောင်းကို ပန်းပိတောက် အမည်နှင့် အောက်ပါအတိုင်း ရေးသားခဲ့ပါသည်။

"လတန်ခူးပေမို့ အလှထူးပါဘိ၊ မြမြဖူးရယ်နဲ့ ခိုင်ရွှေဝါ၊ ဘယ်ပန်းနေဘ် စံမတူ၊ နန္ဒမူ စံဂူရိပ်မှာ၊ ပစ္စေကာ ချွေးတော်သိပ်ရတယ်၊ အေးရိပ်ဆာယာ"

ပူရှိန်ပြင်းပြသော တန်ခူးလရာသီမှာ မြရည်မြရွက်များ ဝေဝေဆာဆာ စိမ်းလန်းနေသော ပိတောက်ပင်မှ ရွှေဝါရောင် အဖူးအပွင့်များ ဖူးပွင့်လာသည့် ပိတောက်ပန်းမှာ ဘယ်ပန်းနှင့်မှမတူအောင် ဖူးပွင့်လာချိန်ဖြစ်၍ နန္ဒမူ လိုဏ်ဂူရိပ်မှာ စံမြန်းနေသော ပစ္စေက ဗုဒ္ဓါပင် ချွေးတော်သိပ်ရသော ပန်းဖြစ်ကြောင်း တင်စားဖွဲ့ဆိုထားပါသည်။


နှစ်သစ်ကူးချိန် အစဉ်အလာမပျက် မြန်မာလူမျိုးများ ကုသိုလ်ကောင်းမှု ပြုကြသည်မှာ မိမိတို့မြို့ မိမိတို့ရွာ မိမိတို့နေထိုင်သော ရပ်ကွက်တွင်းမှာ ရှိကြသော သက်ကြီးဝါကြီး





www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းခံကြွပြီး မိမိကျောင်းသို့အပြန်

များကို ခြေသည်း၊ လက်သည်းများ ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ ရေချိုးပေးခြင်း၊ ရှင်ပြု ရဟန်းခံ အလှူအတန်းများ ပြုလုပ်ကြခြင်း၊ အသင်းလိုက် အဖွဲ့လိုက် စုပေါင်း၍ ငါးလွှတ်ပွဲနှင့် တိရစ္ဆာန်များလွှတ်ပွဲ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းသွား၍ သီလဆောက်တည်ကြခြင်း၊ ဘုရားစေတီများသွား၍ ဆီမီးများ၊ ပန်းများကပ်လှူပူဇော်ခြင်းနှင့် မိမိရပ်ရွာရှိ သက်ကြီး ဝါကြီးများကို ကန်တော့ခြင်း စသည့်ကုသိုလ်ကောင်းမှုများကို နှစ်ဦးအစ တန်ခူးလမှာ ပြုလုပ်ကြပါသည်။ ထိုသို့နှစ်သစ်ဦးကုသိုလ်ပြုခြင်းဖြင့် နှစ်သစ်မှာ ဘေးဥပဒ်အန္တရာယ်ကင်းစွာဖြင့် နေထိုင်နိုင်ကြပါသည်။ ကျွန်တော်သည် မကြာခဏ တန်ခူးလရောက်တိုင်း နယ်မှာရှိသော ဘုရားသွား



စန်းသပြေတောရ (၂)ကျောင်း



ဆွမ်းခံကြွရန် မုခ်ဦးမှအထွက်

ရောက်ဖူးခြင်းနှင့် ဒုလ္လဘရဟန်း ဝတ်၍ တရားအားထုတ်ခြင်းများ ပြုလုပ်ပါသည်။ ထိုသို့ သွားဖြစ်သည်မှာ ကျွန်တော်နေသော နေရာမှာ ဘာသာရေးနယ်မြေဖြစ်သော ရွှေတိဂုံစေတီတော်မှာဖြစ်၍ ဘာသာရေးသမားများနှင့် ပေါင်းသင်းနေပြီး နယ်မှာရှိသော ဘုရားများသို့ သွားကြခြင်းဖြစ်သည်။

ဒီလိုနှင့် ယခုနှစ် သင်္ကြန်မှာ ဘာလုပ်လျှင်ကောင်းမည်၊ ဘယ်မြို့ ဘယ်ဘုရားကို သွားလျှင် ကောင်းမည်ဟု စဉ်းစားနေချိန်မှာ သစ္စာမဏ္ဍိုင်အသင်း ဥက္ကဋ္ဌ ဦးကျော်လွင်မှ ယခုနှစ်သင်္ကြန် မိမိတို့အသင်း ကေလာသတောင် သွားကြမည်၊ လိုက်ခဲ့ပါရန် ခေါ်ပါသည်။

ကျွန်တော်က ယခုနှစ်သင်္ကြန်တွင် ဒုလ္လဘရဟန်း ဝတ်မည်ဖြစ်၍ မလိုက်နိုင်ပါကြောင်း ပြောသောအခါ ဦးကျော်လွင်က သူလည်းဝတ်မည်ဖြစ်၍ လိုက်ခဲ့ပါရန် ပြောပါသည်။ ထိုအခါ ကျွန်တော်က သေချာအောင် ထပ်မေးမိသည်။

"ခင်ဗျားတို့က ဘယ်နှယောက် ဝတ်မှာလဲ၊ တောင်ပေါ်မှာ ဝတ်မှာလား"

"အသင်းသား လေးယောက်ပဲ ဝတ်မှာ၊ တောင်ပေါ်မှာ မဝတ်ဘူး၊ ကျောက်တစ်လုံးကျေးရွာ ရွှေဂူဝိပဿနာကျောင်းမှာ ဝတ်ကြမှာ၊ အမျိုးသမီးတွေကတော့ ယောဂီဝတ်မယ်"

"ဒါဖြင့် တစ်ယောက်ကို ငွေဘယ်လောက် ထည့်ရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"သက်န်းအပါအဝင် တစ်ယောက်ကို ငွေနှစ်သောင်း ကျပ်ကျတယ်၊ လိုက်ခဲ့ပါ၊ ကျွန်တော်လဲ ဝတ်မှာပဲ၊ ရောက်ဖူး သွားတာပေါ့"

"ကျွန်တော်က တောင်စွန်းသားပဲ၊ ရောက်ဖူးပါတယ်"

"ဟုတ်လား၊ ကျွန်တော်က ကျောက်တစ်လုံးရွာသား၊ ကျွန်တော် ရွှေဂူကျောင်းမှာ တစ်နှစ်တစ်ခါ ရဟန်းဝတ်ပြီး တရားထိုင်ပါတယ်"

"ရွှေဂူကျောင်းက နာမည်ကြီးပဲ၊ တစ်ခါမှတော့ မရောက်ဖူးဘူး၊ စည်းကမ်းကြီးတယ်လို့ ပြောကြတယ်"

"ကျွန်တော်တို့အသင်းက ရွှေတိဂုံ ထမနဲထိုးပြိုင်ပွဲမှာ ဆုရလို့ အဲဒီငွေနဲ့ စုပေါင်းလှူကြမှာပါ၊ ကျိုက်ထီးရိုးဘုရား လဲ သွားမယ်"

"ဒါဖြင့် လိုက်မယ်ဗျာ၊ သက်န်းဖိုးနဲ့ လမ်းစရိတ် ၂၀၀၀ လဲ ထည့်မယ်"

"ဒါဖြင့် သုံးရက်ကြိုသွားမယ်၊ ၁၁. ၄. ၂၀၁၃ မှာ ရဟန်းဝတ်မယ်၊ ကိုးရက်ရိပ်သာဝင်မယ်၊ ပြီးရင် ကျိုက်ထီးရိုး ဘုရား သွားဖူးကြမယ်"

ကျွန်တော်သည် လပြည့်ဝန်းမဂ္ဂဇင်းတိုက်မှာ ဘာသာ ရေးဆောင်းပါးများ ရေးနေသူဖြစ်၍ အယ်ဒီတာချုပ် ဉာဏ် ပွင့် (စက်မှု)နှင့် ခင်မင်ပါသည်။ ကျွန်တော့်စာအုပ်ကိုလည်း သူပိုင်သော ဖေယျာမြေစာအုပ်တိုက်မှ ထုတ်သဖြင့် ရင်းနှီး ပါသည်။



တရားအားထုတ်ရာ ဓမ္မဂါရဝကျောင်း



သက်ရှိ ဆင်သဏ္ဍာန်နှင့်တူသော ကျောက်တုံးနှင့် ဆရာတော်ကြီးသီတင်းသုံးခဲ့သော ကျောင်း

ဒီလိုနှင့် တစ်နေ့မှာ ဉာဏ်ပွင့်(စက်မှု)သည် ကျွန်တော် ရေးသောဆောင်းပါးနှင့် ပတ်သက်ပြီး ကျွန်တော့်ထံသို့ ဓာတ်ပုံ ရိုက်ရန် ရောက်လာပါသည်။

ကျွန်တော်က ယခုရက်ပိုင်းမှာ ဒုလ္လဘဝတ်မည်ဖြစ်၍ ဆောင်းပါးမရေးနိုင်သေးကြောင်း ပြောပြရာ ဉာဏ်ပွင့်(စက်မှု) က ဒုလ္လဘဝတ်လျှင် မိမိအလှူပါဝင်လိုကြောင်း ပြောပြီး ငွေ ၂၀၀၀၀ ကျပ် ထုတ်ပေးသွားပါသည်။ ထိုဉာဏ်ပွင့်(စက်မှု) လှူလိုက်သော ငွေ ၂၀၀၀၀ ကျပ်မှာ မမျှော်လင့်ဘဲ ရဟန်း ဒါယကာ ဖြစ်သွားပါသည်။ ကျွန်တော့်ဘက်ကလည်း အချိန် ရှိခိုက် ကြိုးစား၍ တရားထိုင်ပြီး ဆုတောင်းပေးပါသည်။

ကျွန်တော်တို့အဖွဲ့သည် ၁၁. ၄. ၂၀၁၃ ရက်နေ့ ၁ နာရီမှာ ရန်ကုန်မြို့မှ တောင်စွန်းမြို့ကို ပဒုမ္မာမှန်လုံကားကြီး စီး၍ ထွက်ခဲ့ကြပါသည်။ ထိုနေ့က ကျွန်တော်တို့စီးလာသော ကားမှာ လှည်းကူးမြို့အလွန်တွင် ပျက်သွား၍ ကားပြောင်းပြီး တင်ပေးရာ ည ၁၂ နာရီမှ ရောက်ရှိခဲ့ပါသည်။

ကျောက်တစ်လုံး ရွှေဂူကျောင်းမှာ ကားလမ်းဘေးနား မှာရှိ၍ အဖွဲ့သားများ ရွှေဂူကျောင်းမှာ အိပ်ကြရပါသည်။ ကျွန်တော်ကတော့ တောင်စွန်းကို ဆက်လိုက်သွားရာ အချိန် မရှိတော့၍ ဓမ္မဒူတ ကျောင်းမှာအိပ်ပြီး နံနက်ချိန်မှ ဆွေမျိုး များအိမ်သို့ သွားရသည်။

ကျွန်တော့်ကိုမွေးသော တောင်စွန်းကျေးရွာကလေး မှာ ယခု တိုးတက်လာပြီး မြို့ကလေးတစ်မြို့ ဖြစ်နေပါသည်။ ယခင် ကျွန်တော် တောင်စွန်းကျေးရွာမှ ထွက်ခဲ့စဉ် ၁၉၄၇ ခုနှစ်လောက်က တောင်စွန်းရွာအဝင် ဘူတာရုံဘေးမှာ မြင်း လှည်းကလေးတစ်စီး၊ နှစ်စီးလောက်သာ ခရီးသည်များ ပို့ဆောင်ပေးနေသော ရွာကလေးသည် ယခုအခါ ရန်ကုန်မြို့ အသွားအပြန် မှန်လုံကားကြီးများ၊ ဘီးလင်း-သထုံ-မော်လ မြိုင်သွား မှန်လုံကားကြီးများ နေ့စဉ် ပြေးဆွဲနေသည်အထိ တိုးတက်ပြောင်းလဲလာပါသည်။

မြို့တွင်းမှာလည်း ဆက်သွယ်ရေးရုံး၊ ရဲစခန်း၊ အထက် တန်းကျောင်း၊ အလယ်တန်းကျောင်းများ ရှိပြီး မူလတန်း ကျောင်းများမှာ တစ်ရွာလျှင် တစ်ကျောင်းစီ ရှိကြပါသည်။ အဲထူးသဖြင့် တောင်စွန်းမြို့ကလေးမှာ ရှေးနှစ်ပေါင်း တစ်ရာ လောက်ကပင် ကျောက်ထု၊ ကျောက်ခွဲသော လုပ်ငန်းကို လူမျိုးခြားများက လုပ်ကိုင်ခဲ့ပါသည်။ ယခုအခါ အစိုးရက ရဲဘက်စခန်း ဖွင့်ထားပြီး အကျဉ်းဦးစီးဌာနမှ ကျောက်ထု၊ ကျောက်ခွဲလုပ်ငန်း ပြုလုပ်နေပါသည်။

တောင်စွန်းမြို့ကလေးမှာ ကျိုက်ဒေးရုံတောင်မြင့်ကြီး ခြေရင်းမှာ တည်ထား၍ တောရိပ် တောင်ရိပ် စိမ်းစိမ်းစိုစိုနှင့် နေချင်စရာကောင်းသော မြို့ကလေးဖြစ်သည်။ တောင်စွန်း မြို့မှစ၍ ကျိုက်ဒေးရုံတောင်၊ မြသပိတ်တောင်၊ ကေလာသ တောင် တောင်သုံးတောင်ကိုပတ်၍ ကျောက်တစ်လုံးရွာ

www.burmeseclassic.com

ပေါက်တောရွာ၊ ပေါက်ကွဲရွာ၊ သောင်ကြီးရွာ၊ ဝင်းကရွာ၊ ကင်းရွာ၊ ခနုံးချောင်းရွာ၊ အရက်သည်မရွာ၊ ကျိုက်ပီရွာ မှစ၍ မရမ်းကုန်း ကျိုက်ထိုမြို့သို့ ဆက်သွားသည်။ ထိုရွာများမှာ အသီးအနှံ အလွန်ပေါသော ရွာများဖြစ်၍ တောင်စွန်းဒူးရင်း၊ တောင်စွန်းတည်း ဟူ၍ နာမည်ကြီးသည်။

ယခုအခါ ထိုရွာများတစ်လျှောက် တောင်စွန်းမှ ကျိုက်ထို၊ တောင်စွန်းမှ ဘီးလင်းအထိ ဆိုင်ကယ် ကယ်ရီများ၊ စံပလော ခေါ် ခရီးသည်တင်ယာဉ်များ နေ့စဉ်ပြေးဆွဲနေပါသည်။ ယခုတစ်ခေါက် ရွာအပြန် ထူးခြားသည်က တောင်စွန်းမြို့မှာရှိသော ဓမ္မဒူတဆရာတော်ဦးဆေကိန္ဒက ကျွန်တော်တို့ရွာဟောင်းနေရာမှာ သံဃာ့ဆေးရုံဆောက်၍ လှူဒါန်းပြီး မြို့တွင်းမှာရှိသော ဆေးရုံကိုပါ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။ ထို့ပြင် ဆရာတော်က ဓမ္မဒူတကျောင်းနှင့် မနီးမဝေးမှာရှိသော တောင်စွန်းသုသာန်မှာလည်း မီးသဂြိုဟ်စက် လှူဒါန်းထားပါသည်။ တောင်စွန်းမြို့မှာ အဘက်ဘက်မှ တိုးတက်လာသလို ဘုန်းတော်ကြီးကျောင်းများလည်းတိုးတက်စည်ကားလာပါသည်။ စာသင်တိုက်များ၊ ပရဟိတကျောင်းများ၊ ဝိပဿနာရိပ်သာများကိုလည်း လူသိများကြပါသည်။

ထင်ရှားသော ကျောင်းများမှာ တောင်စွန်းမြို့မှာ ဓမ္မဒူတကျောင်း၊ မဏိဇောတိ သီလရှင်စာသင်တိုက်၊ သော်ကမြောင် ပရဟိတကျောင်း၊ စိမ့်စမ်းမြောင် တရားရိပ်သာကျောင်း၊ တခြား ရှေးကျောင်းကြီး လေး၊ ငါး၊ ဆယ်ကျောင်းခန့်လည်း ရှိပါသည်။

တစ်ဖန် တောင်စွန်းမြို့နှင့် တစ်ဆက်တည်းမှာရှိနေသော ကျောက်တစ်လုံးကျေးရွာမှာ တောင်ကုန်းကျောင်း၊ ကျောက်တစ်လုံးကျောင်းနှင့် ရွှေဂူကျောင်း သုံးကျောင်းရှိပါသည်။ တခြားကျေးရွာများမှာလည်း တစ်ရွာမှာ တစ်ကျောင်း နှစ်ကျောင်းရှိကြသည်။ များသောအားဖြင့် ဘုန်းတော်ကြီးကျောင်းများမှာ တောင်ခြေ တောင်စောင်းတွေမှာ ရှိကြ၍ တောရိပ် တောင်ရိပ်များကြောင့် အေးချမ်းသာယာပါသည်။

ကျွန်တော်တို့ အဖွဲ့သားများမှာ ကျောက်တစ်လုံး ရွှေဂူဓမ္မရိပ်သာကျောင်းမှာ ယူလာသောပစ္စည်းများ ထားပြီး ကေလာသတောင်ပေါ်တက်၍ ဘုရားဖူးကြပါသည်။ တောင်ပေါ်မှာ တစ်နေ့လုံး ဘုရားများ လည်ပတ်ဖူးပြီးနောက် ညနေ ၃ နာရီမှာ ဆရာတော်စီစဉ်ထားသည့်အတိုင်း ဆံချပြီး သာမဏေဝတ်ကြရပါသည်။ သာမဏေများ ဝတ်ပြီးကြသော အခါ ကျွန်တော်တို့ ရဟန်းဝတ်ကြမည့်သူများက သိမ်ဆက်တက်ကြရပြီး ကိုရင်ဝတ်ပြီးသူများက သိမ်အပြင်ဘက်မှာ စောင့်နေကြရသည်။

သိမ်မှဆင်း၍ ရဟန်းများ သိမ်ဆင်းလောင်းပြီးသော အခါ တရားပြဆရာတော် ဦးစန္ဒောဘာသက ကျွန်တော်တို့ ရဟန်းများ၊ သာမဏေများ၊ ယောဂီအမျိုးသမီးများကို တရား ရှုမှတ်ပုံ ရှုမှတ်နည်းများကို ဟောပြောသင်ကြားပေးပါသည်။ ဆရာတော် ဟောပြောပြီးသောအခါ ကျွန်တော်တို့ နေထိုင်ရန် ကမ္မဋ္ဌာန်းကျောင်းဆောင် တစ်ခုသို့ ပို့ပေးပါသည်။ ထိုကျောင်းမှာ အိပ်ခန်း ခုနစ်ခန်းရှိပြီး အခန်းတိုင်းမှာ ခုတင်များရှိသည်။ အခန်းတိုင်းမှာ လျှပ်စစ်မီးရှိပြီး ရေချိုးခန်း၊ အိမ်သာလည်းရှိပါသည်။

ကျွန်တော်တို့ ထိုကျောင်းကလေးမှာနေ၍ ညဘက်မှာ နှစ်ကြိမ် တရားထိုင်ကြရသည်။ နံနက် ၅ နာရီခွဲ အုန်းမောင်းခေါက်ချိန် ဆွမ်းစားဇရပ်မှာ အရုဏ်ဆွမ်း ဘုဉ်းပေးကြရသည်။ ရွှေဂူကျောင်းမှာ ဆွမ်းချက်သော ကပ္ပိယအဖွဲ့ရှိ၍ ဆွမ်းနှင့် ဆွမ်းဟင်းများ ဖွယ်ဖွယ်ရာရာ သုံးဆောင်ခဲ့ရပါသည်။ အထူးသဖြင့် လက်ဖက်ရည်ပိုင်းမှာ ကျောင်း၏ခြံထွက်သီးနှံများကို ဘုဉ်းပေးကြရသည်။

အရုဏ်ဆွမ်းစားပြီး တစ်နာရီကြာ တရားထိုင်ရပြီး နံနက် ၇ နာရီခွဲတွင် ရွာထဲသို့ ဆွမ်းခံကြွရပါသည်။ ရွာနှစ်ရွာကို ဆွမ်းခံကြွရပြီး တစ်ရွာလျှင် ဆွမ်းသပိတ်တစ်လုံးအပြည့်ရပါသည်။ တခြားကျောင်းမှ သံဃာများလည်း ဆွမ်းခံကြွကြသည်ကို လမ်းတွင်တွေ့ဆုံရပါသည်။ ဆွမ်းခံကြွချိန်မှာ တစ်နာရီခွဲကျော်ကျော်ကြာ ကြွရပြီး နံနက် ၁၀ နာရီခွဲမှာ နေ့ဆွမ်းဘုဉ်းပေးရသည်။

နေ့ဆွမ်းစားချိန်တွင်လည်း အုန်းမောင်းခေါက်သည်နှင့် မိမိသပိတ်ယူသွားပြီး သပိတ်နှင့်ဘုဉ်းပေးကြရသည်။ ကျောင်းတွင် သံဃာကော ကိုရင်ပါများ၍ ဆွမ်းဝိုင်း ဆယ်ဝိုင်းလောက်ရှိသည်။ သံဃာတော်များပြီးမှ ယောဂီနှင့်လူများကို ကျွေးမွေးသည်။ ယောဂီများ၊ သီလရှင်များ၊ ဥပုသ်သည်များကို နံနက်ပိုင်းမှာ သီလပေးတရားဟောသည်။ နေ့လယ်ပိုင်းမှာ တရားထိုင်ကြရသည်။

ရွှေဂူကျောင်းမှာ သိမ်နှင့် ဆွမ်းစားဇရပ်၊ တရားဟောဆောင်များကို ကျောင်းအဝင် နတ်လမ်းဘေးနားမှာ ဆောက်ထားသည်။ ကျန်ကျောင်းဆောင်များကို တောင်တက်လမ်းတစ်လျှောက် လမ်းသုံးလမ်းဖောက်ထားပြီး တစ်ကျောင်းနှင့် တစ်ကျောင်း မနီးမဝေးမှာ တည်ဆောက်ထားသည်။



တောင်ပေါ်ဓမ္မာရုံ



www.burmeseclassic.com

www.burmeseclassic.com



ရွှေဂူရိပ်သာ သိမ်

တစ်ကျောင်းလျှင် သံဃာတစ်ပါးစီနေကြရသည်။ ကျောင်းများကို သစ်ပင်များကြားနှင့် ကျောက်တုံးများကြားမှာ ဆောက်ထားသည်။ ကျောင်းများမှာ ထုံးအုတ်ဖြင့် တည်ဆောက်ထားပြီး ရေမီးအစုံ ရှိသည်။

ရွှေဂူကျောင်းကို ၁၉၄၄ ခုနှစ်လောက်က တည်ဆောက်သည်ဟု သိရသည်။ တောင်စွန်းမြို့က စိမ့်စမ်းမြောင်ကျောင်းနှင့် အတူတူ တည်သည်ဟု ဆိုပါသည်။ စိမ့်စမ်းမြောင် တရားရိပ်သာကျောင်းမှာလည်း တောင်ပေါ်တက်ရာလမ်းတစ်လျှောက်မှာပင် တည်ထားပါသည်။ ရွှေဂူကျောင်းပထမဆရာတော်၏ ဘွဲ့တော်မှာ ဦးဝဏ္ဏိတ ဖြစ်သည်။ ကျောင်းတည်စက စာသင်တိုက်ဖွင့်၍ စာဝါများချသည်။ စာသင်သား ၅၀ ခန့်ရှိသည်ဟု ဆိုပါသည်။

ဆရာတော်မှာ ဝိနည်း အလွန်လေးစားသည်။ သာမဏေများအတွက် "ရွှေဂူရှင်ကျင့်ဝတ်" စာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်မှာ သာမဏေများ အသုံးပြုကြရသောစာအုပ်ဖြစ်သည်ဟု ဆိုပါသည်။ ဆရာတော် ဦးဝဏ္ဏိတမှာ နောက်ပိုင်းတွင် စာသင်တိုက် မဖွင့်တော့ဘဲ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းအဖြစ် ပြောင်းလိုက်သည်။ ဆရာတော်ကိုယ်တိုင်လည်း ကျောက်ဂူကြီးတစ်လုံးထဲမှာ တရားထိုင်ပြီး တပည့်များကိုလည်း ဝိပဿနာကျင့်ကြံနည်းများကို ဟောပြောပြသပေးသည်ဟု ဆိုပါသည်။

ရွာသူရွာသားများမှာ ဆရာတော် ဦးဝဏ္ဏိတကို ပျံလွန်တော်မူသောအခါကျမှသာ ရဟန္တာဖြစ်ကြောင်း သိလိုက်ကြပါသည်။ ဆရာတော် ပျံလွန်တော်မူပြီးနောက် ဒုတိယဆရာတော်ကို ရွာသူရွာသားများက ကျောင်းကို အပ်နှံကြပါသည်။ ထိုဒုတိယဆရာတော်မှာ ဆရာတော်၏ တပည့်အရင်းဖြစ်ပြီး ဘွဲ့တော်ကလည်း ဦးဝဏ္ဏိတပင် ဖြစ်ပါသည်။

ကျေးရွာနေ ပြည်သူများက ရွှေဂူဓမ္မရိပ်သာကျောင်းကို ရဟန္တာ ပျံလွန်တော်မူသောကျောင်းဟု ခေါ်ကြသည်။ ရွှေဂူဓမ္မရိပ်သာမှာ ကျောင်းပေါင်း ၂၀ ခန့်ရှိပြီး ကျောင်းခြံဝင်းကြီးထိပ် တောင်ပေါ်မှာ ဘုရားငါးဆူ တည်ထားပါသည်။ ပျံလွန်တော်မူသွားသော ဆရာတော်ကြီး တရားကျင့်ရာကျောက်ဂူကြီးဘေးမှာရှိသော ကျောက်တုံးကြီးပေါ်မှာ စေတီတစ်ဆူတည်ထားပြီး တခြားကျောက်တုံးကြီး တစ်တုံးပေါ်မှာလည်း ကျိုက်ထီးရိုးစေတီ ပုံတူတည်ထားပါသည်။

ကျွန်တော်တို့ ရောက်သွားချိန်မှာ ကျောင်းထိုင်ဆရာတော် ဦးဝဏ္ဏိတက ကျန်းမာရေးမကောင်း၍ ဆေးကုသရန် တခြားမြို့သို့ ရောက်နေပါသည်။ ဆရာတော်၏ကိုယ်စား တရားပြဆရာတော် ဦးစန္ဒောဘာသက ကျောင်းကို ခေတ္တအုပ်ချုပ်နေပါသည်။ ကျွန်တော်တို့ ရွှေဂူကျောင်းမှာ ကိုးရက်ရဟန်းဝတ်ပြီး တရားအားထုတ်နေစဉ်မှာ ကျွန်တော်တို့နှင့် ရန်ကုန်မှပါလာကြသော အမျိုးသမီး ယောဂီများနှင့် ကိုရင်များမှာ နံနက်စောစောထပြီး ကြွေကျနေသော မရန်းချိုသီးများ၊ မှန်ကူသီးများနှင့် ကနစိုသီးများကို လိုက်ကောက်ပြီး သူတို့လည်းစား ကျွန်တော်တို့ကိုလည်း ပေးပါသည်။ ကျောင်းခြံမှာကျယ်၍ ပိန္နဲသီး၊ တညင်းသီး၊ ဒူးရင်းသီး၊ သရက်သီးများလည်း ပေါပါသည်။

ရောက်ခါစက မှန်ကူသီးကို ဘာသီးမှန်းမသိ၊ စားရမှန်းမသိ၍ မကောက်ကြပါ။ ကျွန်တော်က ရှင်းပြ၍ စားကြည့်ပြီးမှသာ မှန်ကူသီးကို ကောက်ကြသည်။ မှန်ကူသီးမှာ လက်မထိပ်အရွယ်လောက်ရှိပြီး မှည့်လျှင် အဝါရောင်ဖြစ်လာသည်။ စားလျှင် ချိုချဉ်အရသာရှိသည်။ အပင်မှာမြင့်၍ ကြွေကျမှသာ ကောက်စားရသည်။ အသီးမှာ အခိုင်လိုက် အဆုပ်လိုက်သီး၍ တစ်ညလျှင် အလုံးလေးငါးဆယ် ကြွေကျသည်။

ဒီလိုနှင့် ကိုးရက်ပြည့်သောအခါ လူဝတ်လဲကြပြီး သစ္စာမဏ္ဍိုင်အသင်းသားများက ကျိုက်ထီးရိုးဘုရားဖူး သွားကြသည်။ ကျွန်တော်က တောင်စွန်းမြို့မှ ဆွေမျိုးများနှင့် ကျိုက်ထိုမြို့မှ ညီတော်သော ဘုန်းကြီးတစ်ပါးကို ကန်တော့ရန် ကျိုက်ထိုကို သွားပါသည်။

ယခုနှစ်ဦး သင်္ကြန်တွင်းမှာ ကျွန်တော်ပြုခဲ့သော ကောင်းမှုအဖို့ဘာဂများကို ၃၁ ဘုံသားများကို အမျှပေးဝေခြင်းနှင့်အတူ စာရေးဖော်ရေးဖက်များ၊ အယ်ဒီတာများ၊ စာဖတ်ပရိသတ်များကိုလည်း အမျှပေးဝေပါသည်။ သာဓုခေါ်နိုင်ကြပါစေ။

❒ ညွန့်မောင်ဦး

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

စည်းစိမ်ဥစ္စာ
ကြွယ်ဝချမ်းသာပေမယ့်
ဒါနမှု၊ သီလမှု တွေကိုတော့
ဘာတစ်ခုမှ မပြုလုပ်ဘဲ
မူးယစ် သောက်စားပြီး
သူတစ်ပါး သားမယားတွေကိုသာ
ပြစ်မှားကျူးလွန်ခဲ့တဲ့
သူဌေးသား လေးယောက်ဟာ ...

ထိုတစ်နေ့။

စာရေးသူ နေထိုင်သည့် တိုက်ခန်းသို့ အသက် (၂၀)ဝန်းကျင် အရွယ် လူငယ်တစ်ဦး မျှော်လင့် မထားပါဘဲလျက် အမှတ်မထင် ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလာသည်။ ထိုလူငယ်မှာ စာရေးသူ၏ စာဖတ်ပရိသတ် တစ်ဦးဖြစ်ပြီး စက်ာပူသင်္ဘောမှာ တာဝန်ထမ်းဆောင်ရန် အချိန်အခါကို စောင့်ဆိုင်းနေသူလည်း ဖြစ်သည်။

ထို လူငယ်အား စာရေးသူမှ နေရာပေးလိုက်ပါသည်။

"လာကွာ၊ လင်းသွေးအောင်၊ သားတစ်ယောက်တည်းလား။ ဒီဆက်တီမှာ ထိုင်"

ဆက်တီမှာ ထိုင်အပြီး လင်းသွေးအောင်က စာရေးသူထံ မေးလာပါတော့သည်။

"ဦးက ဘာသာရေး စာပေတွေ ရေးနေသူဆိုတော့ ဘာသာရေးနဲ့ ပတ်သက်လို့ သားသိချင်တာကို မေးချင်လို့ပါဦး"

ထိုအခါ စာရေးသူက. . .

"ဘာများလဲကလေးရယ်၊ မေးပါဗျာ၊ မေးပါ။ အေး တစ်ခုတော့ရှိတယ်၊ ဦး သိရင်လဲ ဖြေမယ်၊ မသိရင်တော့လဲ တုံကျိဘာဝေ ဆိတ်ဆိတ်နေရုံပဲပေါ့ကွာ၊ ဘာသာရေးနဲ့ ပတ်သက်လို့ ဦး မသိသေးတာ၊ မလေ့လာရသေးတာတွေရှိသေးတယ်၊ ဦးတို့ ဘာသာရေး စာရေး



# ဒု သ နု ဘော

ကျိုက်လတ်သန်းထိုက်
(L.L.B)



www.burmeseclassic.com

www.burmeseclassic.com

ဆရာဆိုတာက ကိုယ်လေ့လာ ဆည်းပူး ထားတဲ့ ဓမ္မစာပေတွေနဲ့တရားအားထုတ် တဲ့အခါ ကိုယ်တွေ့ကြုံရတဲ့ အတွေ့ အကြုံ၊ ဗဟုသုတတွေကို ပေါင်းစပ်ပြီး ကိုယ်သိတာ တွေ့ကြုံရတာလေးကိုပဲ ရေးနေကြတာကွ၊ ကဲ သား သိချင်တာ မေးလို့ရပြီ"

ထိုအခါ လင်းသွေးအောင်က

"ငါးပါး၊ ရှစ်ပါး၊ ကိုးပါးသီလ တွေထဲက တစ်ပါး အပါအဝင်ဖြစ်တဲ့ ကာမေသု မိစ္ဆာစာရာ ကို ပြစ်မှားကျူး လွန်မိရင် ဒု၊ သ၊ န၊ သော လို့အော်ဟစ် ပြီး အကြာကြီး ငရဲမှာခံရမယ်လို့ ဆရာ တော် သံဃာတော်များနဲ့ လူကြီးသူမ တွေ ဆိုဆုံးမနေကြတာကို သားတို့ အမြဲနာကြားနေရတယ်။

အဲဒီ ဒု၊ သ၊ န၊ သောရဲ့ အဓိပ္ပာယ်က သူဌေးသားလေးယောက် ရဲ့ အမည်အတိုကောက်တွေလား ဦး၊ အဲဒီ ဒု၊ သ၊ န၊ သော ရဲ့ အဓိပ္ပာယ်ကို သား သိချင်လို့ပါ၊ ဦး သိရင် သားကို ရှင်းပြ ပေးပါနော်"

ထိုအခါ စာရေးသူက. . .

"သားသိချင်တဲ့ ဒု၊ သ၊ န၊ သော က သူဌေးသားလေးယောက်ရဲ့ အမည် အတိုကောက်တွေ မဟုတ်ဘူး၊ ပသေ နဒီ ကောသလမင်းကြီး ကြားရတဲ့ အော်သံတွေကို အကြောင်းပြုပြီး ဘုရား ရှင်က မင်းကြီးရဲ့ အမေးကို ပြန်လည် ဖြေကြားတော်မူခဲ့တာပါ"

ထိုအခါ လင်းသွေးအောင်က-

"ပသေနဒီကောသလမင်းကြီး ဆိုတာ အိပ်မက် (၁၆)ချက်မက်တဲ့ မင်း ကြီးလား ဦး"

"အေး ဟုတ်တယ်၊ ကောသလ မင်းကြီးက ဘုရားရှင်ရဲ့ ဒကာ တစ်ဦး လေ၊ အဲဒီ အချိန်က ဘုရားရှင်ဟာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ကြီးမှာ သီတင်းသုံးနေတော်မူတဲ့အချိန် ပေါ့ကွာ၊ တစ်နေ့မှာ ကောသလမင်းကြီး ဟာ ဘုရားရှင်သီတင်းသုံးနေတော်မူတဲ့ ဇေတဝန်ကျောင်းတော်ကို ရောက်ရှိလာ တယ်၊ ယခင်နေ့တွေမှာလဲ မင်းကြီးဟာ ဘုရားရှင်ထံ မကြာ မကြာ လာရောက် ကြည်ညိုလေ့ရှိတတ်တယ်၊ မင်းကြီးဟာ ဘုရားရှင်ကို ကြည်ညိုလေးစား အား ထားကိုးကွယ်ရာ ဆရာတစ်ဆူအဖြစ်နဲ့ ဖူးမြော်ကန်တော့တာပေါ့ကွာ"

ထိုအခါ လင်းသွေးအောင်က-

"ဟုတ်ကဲ့ ဆက်ပြောပါ ဦး"

"ဒါတင် ဘယ်ကမလဲ၊ မင်းကြီး က သူ့စိတ်ထဲမှာ ယုံမှား သံသယ တစ်စုံ တစ်ရာ အခက်အခဲရှိနေရင်လဲ ဘုရား ရှင်ထံမှာ မေးမြန်းလျှောက်ထားလေ့ရှိ တယ်၊ မင်းကြီး ဘုရားထံလျှောက်ထား လာတဲ့အခါ ဘုရားရှင်က ဓမ္မနဲ့ အညီ ပြန်လည်ဖြေကြားတော်မူလေ့ ရှိတယ်၊ ဒီတစ်ခါ ဘုရားရှင်ထံ မင်းကြီးလာပုံက ယခင်လာခြင်းမျိုးနဲ့ မတူဘဲ ခြားနား နေတယ်၊ လုံးဝ မတူဘူးကွ၊

မင်းကြီးရဲ့မျက်နှာဟာ သိသိသာ သာ ညှိုးနွမ်းနေရုံပင်မကဘူး၊ အထိတ် တလန့်လဲ ဖြစ်နေတယ်၊ အဲဒီလို မင်းကြီး ခံစားနေရတာတွေဟာ မင်းကြီးရဲ့ မျက် နှာမှာ ထင်ထင်ရှားရှား ပေါ်လွင်နေ တယ်၊ ဒါကို ဘုရားရှင်က ကောင်းစွာ သိရှိတော်မူပြီး မင်းကြီးကို မေးလိုက်ပါ တယ်"

ထိုအခါ လင်းသွေးအောင်က-

"ဘယ်လို မေးတာလဲ ဦး"

"ဒကာမင်းမြတ်၊ ဒကာကို မြင် တွေ့ရသည်မှာ တစ်စုံတစ်ရာကို စိုးရိမ် ကြောင့်ကြနေရုံပင်မကဘဲ တုန်လှုပ် ချောက်ချားနေတာကို ငါဘုရားရှင် သတိမူမိတယ်၊ မှန်ရဲ့လား ဒကာ" လို့ မေးလိုက်တော့ ကောသလ မင်းကြီးဟာ အမှန်အတိုင်း ဝန်ခံ လျှောက်ထားပါ တယ်။ ဘယ်လိုပြန်လည် လျှောက်ထား သလဲ ဆိုတော့ . . .

'အရှင်မြတ်ဘုရား၊ ယမန်နေ့ည က ဘုရားတပည့်တော်သည် ငွေ့ငွေ့ စက်စက် အိပ်နေချိန် အိပ်နေရင်းမှ ထထိုင်မိလောက်အောင် အလန့်တ ကြားဆိုးဝါးသော အသံနက်ကြီးများကို ဘုရားတပည့်တော် သဲသဲကွဲကွဲ ကြား လိုက်ရပါတယ် ဘုရား၊ အဲဒီ အသံနက် ကြီးတွေရဲ့ အသံတွေဟာ အက္ခရာလေး လုံးမျှသာ ဖြစ်ပါတယ် ဘုရား၊ အဲဒီ အက္ခရာလေးလုံးကတော့ ဒု၊ သ၊ န၊ သော ဆိုတဲ့ ဝေါဟာရတွေပဲ ဖြစ်ပါ တယ်ဘုရား၊ စူးစူးဝါးဝါး အော်ဟစ်သံ တွေပါ ဘုရား'

ဆိုပြီး ဘုရားရှင်ကို မင်းကြီးက လျှောက်ထားတော့ ဘုရားရှင်က မိမိရဲ့ သဗ္ဗညုတ ရွှေညာဏ်တော်နဲ့ ဖြန့်ကြက် ကာ သုံးသပ်တော်မူပြီး ထိုအသံတွေ ထွက်ပေါ်လာရတဲ့ အကြောင်းဇာစ်မြစ် ကို ဆင်ခြင်ကြည့်ရှုတော်မူတယ်၊ ပြီး တော့မှ ကောသလမင်းကြီးကို ဖွင့်ဟ ပြောကြားတော်မူလိုက်တယ်။

'ဒကာမင်းမြတ် ထိုအသံဆိုးကြီး တွေဟာ လူ့ပြည်က အသံတွေ မဟုတ် ကြဘူး၊ လောဟကုမ္ဘီကြေးနီသံအိုးငရဲ မှနေပြီး ဟစ်အော်နေတဲ့ အသံဆိုးကြီး တွေပါ၊ ထို ဒု၊ သ၊ န၊ သော ဆိုတဲ့ အသံဆိုးကြီးလေးလုံး ပေါ်ထွက်လာဖို့ အတွက် တစ်ကြိမ်ကို အနှစ်ခြောက် သောင်း ကြာတယ်၊ အနှစ် ခြောက် သောင်း ကြာမှသာ တစ်ကြိမ်သာ ကြား ရတတ်တယ်၊ ဒကာမင်းကြီး အိပ်နေ ရင်းမှ ကြားရတာဟာ အနှစ်ခြောက် သောင်း ပြည့်တဲ့နေ့ပဲ မင်းကြီး"

'မှန်လှပါဘုရား၊ အဲဒီ အသံဆိုး ကြီးတွေကို ဘယ်လို ပုဂ္ဂိုလ်မျိုးတွေက ဟစ်အော်နေတာပါလဲ ဘုရား'

အဲဒီအခါ ဘုရားရှင်က. . .

'ဒကာမင်းကြီး၊ ထိုအက္ခရာလေး လုံး အသံဆိုးကြီးတွေကို ဟစ်အော်ကာ ပြုသူတို့ကတော့ သူဌေးသား လေး ယောက်ပဲ ဖြစ်တယ်၊ အဲဒီ အက္ခရာ လေးလုံးဟာ အဓိပ္ပာယ် အပြည့်အစုံ မဟုတ်ဘူး၊ အပိုင်းအစမျှသာဖြစ်တယ်"

ဒီတော့ ကောသလမင်းကြီးက-

'မှန်လှပါဘုရား၊ ဆက်ပြီး မိန့် တော်မူပါ'

အဲဒီအခါ ဘုရားရှင်က. . .





www.burmeseclassic.com

www.burmeseclassic.com

'ဒကာမင်းကြီး၊ ကဿပဘုရားရှင် ပွင့်တော်မူချိန် ဗာရာဏသီပြည်မှာ သူဋ္ဌေးသားလေးယောက်ဟာ မိတ်ဆွေတွေ ဖြစ်ခဲ့ကြတယ်၊ သူဋ္ဌေးသား လေးယောက်စလုံးက စိတ်ထား ဝါသနာတူရုံတင်မကပဲ တစ်ဦးလျှင် ပစ္စည်းဥစ္စာ ကုဋေလေးဆယ်စီ ကြွယ်ဝခဲ့ကြတယ်၊ အဲဒီ သူဋ္ဌေးသားလေးဦးဟာ ဘုရားရှင်သက်ရှိထင်ရှားနဲ့ရော၊ ဘုရားရှင်ရဲ့ အဆုံးအမ သာသနာတော်နဲ့ရော ကြုံတွေ့ခွင့် ရခဲ့ကြတယ်၊ ဒါပေမဲ့ သူတစ်ပါးတို့အား ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်းဆိုတဲ့ ဒါနမှုကိုရော၊ ကိုယ်ကျင့်သိက္ခာ ကိုယ်ကျင့်တရားဖြစ်တဲ့ သီလမှုကို ခံယူဆောက်တည်ခြင်းလည်း မပြုလုပ်ခဲ့ကြဘူး၊ ဒါပေမဲ့ မကောင်းမှု အကုသိုလ်ဖြစ်တဲ့ သူတစ်ပါး သားမယားတွေကိုတော့ လေးယောက်စလုံး ကာယကံ၊ ဝစီကံ၊ မနောကံတွေနဲ့ ပြစ်မှားကျူးလွန်ခဲ့ကြတယ်၊ အဲဒီ သူဋ္ဌေးသားလေးယောက်ဟာ သေပြီးနောက်မှာ လောဟကုမ္ဘီ ကြေးနီသံပူအိုးငရဲမှာ ငရဲခံကြရတယ်၊ ဘယ်လို ငရဲခံရသလဲဆိုတော့ ကြေးနီသံပူငရဲအိုးဝ မျက်နှာပြင်ကနေပြီးတော့ ငရဲအိုး အောက်ခြေထိ ဦးခေါင်းဇောက်ထိုး အနေအထားနဲ့ ဆင်းကြရတယ်၊ ငရဲခံကြရတယ်၊ ပွက်ပွက်ဆူ ပူလောင်နေတဲ့ ကြေးနီအိုးရဲ့ အောက်ခြေထိ အနှစ်သုံးသောင်းကာလ ကြာအောင် ငရဲခံပြီး ဆင်းကြရတယ်၊ အဲဒီလို ကြာပြီးနောက် ကြေးနီအိုးရဲ့ မျက်နှာပြင်ဝကို ပြန်ရောက်ဖို့ အချိန်ကာလကလဲ အနှစ်သုံးသောင်းကာလကြာ ငရဲခံကြရတယ်၊ အဲဒီလို အဆင်းမှာ အနှစ်သုံးသောင်း၊ ပြန်အတက်မှာလဲ အနှစ်သုံးသောင်း အဆင်းအတက်စုစုပေါင်း အချိန်ကာလက အနှစ်ခြောက်သောင်းကြာ ငရဲခံကြရတယ်၊ အနှစ်ခြောက်သောင်းကြာမှသာ တစ်ကြိမ်သာ ငရဲအိုးရဲ့ မျက်နှာပြင်ဝမှာ ပေါ်ခွင့်ရကြတယ်'

'မှန်လှပါ ဘုရား'

'ဒကာမင်းကြီး သူဋ္ဌေးသားလေးယောက်ဟာ အဲဒီလို ပေါ်ခွင့်ရချိန်လေးမှာ မိမိတို့ လူ့ဘဝက ပြုမိခဲ့တဲ့ အမှားတွေကို ဂါထာနဲ့ ပြောပြချင်ကြသော်လည်း ပေါ်ချိန်ဟာ တခဏသာ ဖြစ်တာကြောင့် ရှေ့ဦးစွာ သူဋ္ဌေးသား တစ်ယောက်က ဒု၊ နောက်တစ်ယောက်က သ၊ ကျန်တစ်ယောက်က န၊ နောက်ဆုံး တစ်ယောက်က သော ဆိုပြီး အက္ခရာတစ်လုံးစီကို ကြိုးစားပြီး အသီးသီး အော်ဟစ်ခဲ့ကြတယ်၊ အဲဒီလို ဒု၊ သ၊ န၊ သော ဆိုတဲ့ အက္ခရာလေးလုံး ဟစ်အော်အပြီးမှာ သူဋ္ဌေးသား လေးယောက်ဟာ ကြေးနီသံပူငရဲအိုးအတွင်းကို ဦးခေါင်းဇောက်ထိုး အနေအထားနဲ့ ပြန်ဆင်းကြရပြီး ငရဲခံကြရတယ်၊ အနှစ်ခြောက်သောင်းပြည့်လို့ ငရဲအိုးဝမှာ ပေါ်လာချိန် သူဋ္ဌေးသားလေးယောက် အော်ဟစ်သံတွေကို ဒကာမင်းကြီး ကြုံကြိုက်လို့ ကြားလိုက်ရတာပဲ ဖြစ်တယ်'

အဲဒီနောက် ကောသလ မင်းကြီးက. . .

'ဒု၊ သ၊ န၊ သော အက္ခရာလေးလုံးရဲ့ အဓိပ္ပာယ်ကို ဆက်လက်ပြီး ရှင်းပြတော်မူပါဘုရား' လို့ ဘုရားရှင်အား လျှောက်ထားတော့ ဘုရားရှင်က. . .

'ပထမအော်လာတဲ့ ဒု အက္ခရာရဲ့ အဓိပ္ပာယ်ကတော့ ဒုဇ္ဇီဝိတမဇီဝိမှာ ယေသံနောဒဒါ မသေ၊ ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံနကမှ မတ္တနော လို့ ဂါထာကို ပြောချင်တာ၊ အဓိပ္ပာယ် အကျယ်က မာရိဿ-အချင်းတို့၊ ယေသံနော-အကြင်ငါတို့၏၊ ဘောဂေတု -စည်းစိမ်ဥစ္စာ ချမ်းသာတို့သည်၊ ဝိဇ္ဇမာနေသု-ထင်ရှားရှိချိန်မှာ၊ နဒဒါမသေ -မပေးမလှူခဲ့မိချေကုန်၊ အတ္တနော-မိမိ၏ ဒီပံကျွန်းကြီးသဖွယ် ကိုးကွယ်ရာဖြစ်သော ကောင်းမှုကို၊ နကမှ-မပြုမိကုန်၊ တေမယံ- ထိုငါတို့သည်၊ ဒုဇီဝိတံ-မှားသော အသက်မွေးခြင်းကို၊ အဇီဝိမှာ-မွေးမိကြကုန်၏ ဆိုပြီး ရွတ်ဆို ဟစ်အော်လိုက်သော ဂါထာကို တုန်စင်အောင် ပြောကြားခွင့်မရလို့ ဒု လို့ အက္ခရာတစ်လုံးကိုသာ အော်ဆိုခွင့်ရခဲ့တာပဲ မင်းကြီး'

အဲဒီအခါ ကောသလမင်းကြီးက ဘုရားရှင်အား သ အက္ခရာရဲ့ အဓိပ္ပာယ်ကို ရှင်းပြရန် လျှောက်ထားပြန်သောအခါ ဘုရားရှင်က . . .

'ဒကာမင်းကြီး ဒုတိယ အော်လာတဲ့ သ အက္ခရာရဲ့ အဓိပ္ပာယ်ကတော့ သဋ္ဌိဝဿ သဟဿနိ၊ ပရိပုဏ္ဏာနိသဗ္ဗသော၊ နိရိယေပစ္စ မာနာနံ၊ ကုဒါ အန္တော၊ ဘဝိဿတိ'လို့ ဂါထာကို ပြောချင်တာကို အချိန်ပြောခွင့်မရလို့ သ လို့သာ အော်ဟစ်လိုက်တာပါ၊ အဓိပ္ပာယ်အကျယ်ကတော့ မာရိဿ-အချင်းတို့၊ နိရိယေ - လောဟကုမ္ဘီငရဲ၌၊ သဗ္ဗသော -အခါခပ်သိမ်း၊ ပစ္စမာနာနံ- ကျရောက်ရကုန်သောငါတို့အား၊ သဋ္ဌိဝဿ သဟဿာနိ- ကာလတွက်စစ် အနှစ်ခြောက်သောင်းတို့သည်၊ ပရိပုဏ္ဏာနိ-ပြည့်ကုန်ပြီ၊ ကုဒါ-အဘယ်အခါမှ၊ အန္တောဘဝိဿတိ-အဆုံးသတ်ပါတော့ အံ့နည်းဆိုပြီး ဂါထာကိုဟစ်အော်လိုသော်လည်း အချိန်ကာလပြောဆိုခွင့်မရတာကြောင့် သ လို့ အက္ခရာတစ်လုံးတည်းကိုသာ ဟစ်အော်ပြောဆိုခဲ့တာပဲ မင်းကြီး'

တစ်ဖန် ကောသလမင်းကြီးက ဘုရားရှင်အား န အက္ခရာရဲ့ အဓိပ္ပာယ်ကို ထပ်မံရှင်းပြရန် လျှောက်ထားလာပြန်သောအခါ ဘုရားရှင်က. . .

'ဒကာမင်းကြီး တတိယ ငရဲသား ဟစ်အော်လိုက်တဲ့ န အက္ခရာရဲ့ အဓိပ္ပာယ်ကို ဖွင့်ဆိုရရင် နတ္ထိအန္တော ကုတော အန္တော၊ န အန္တော ပဋိဒိဿတိ၊ တဒါဟံပက တံပါပံ မမတုယှဉ္စ မာရိဿ လို့ ဂါထာရဲ့အဓိပ္ပာယ်ရတယ်၊ အကျယ်ကတော့ မာရိဿ-အချင်းတို့၊ တဒါ-ထိုသူဋ္ဌေးသား ဖြစ်ကြကုန်သောအခါ၌၊ ပကတံ-စိတ်တူကိုယ်မျှ ပြုခဲ့ကြသော၊ ပါပံ-မကောင်းမှု အကုသိုလ်ကံသည်၊ မမစ - ငါ့အားလည်းကောင်း၊ တုယှဉ္စ - သင့်အားလည်းကောင်း၊





www.burmeseclassic.com

www.burmeseclassic.com

အန္တော- အဆုံးသည်၊ နပ်ဋ္ဌိဒိဿတိ -မထင်ပေပြီလို့ ဂါထာနဲ့ ဟစ်အော်ပြောဆိုချင်ပေမယ့် အချိန်ကာလ တိုတောင်းလှတာကြောင့် နဲ ဆိုတဲ့ အက္ခရာတစ်လုံးတည်းကိုသာ ဟစ်အော် ပြောဆိုလိုက်ရတာပဲ မင်းကြီး'

အဲဒီနောက် ကောသလမင်းကြီးက နောက်ဆုံးအော်သံဖြစ်တဲ့ သောအက္ခရာရဲ့ အဓိပ္ပာယ်ကို ဘုရားရှင်ထံ ထပ်ပြီး မေးမြန်းလျှောက်ထားလာပြန်သောအခါ ဘုရားရှင်က. . .

'ဒကာမင်းကြီး သင် နောက်ဆုံးကြားရတဲ့ အော်ဟစ်သံကြီးမှာ သောဟူသော အက္ခရာသံပဲ ဖြစ်တယ်၊ ထိုအသံရဲ့ ဂါထာကတော့ သောနနက္ကတောဂတ္ဘာ၊ ယောနိလဒ္ဓါနမာသုသံ၊ ဝဒည္သီလ၊ သမ္မန္တော၊ ကာဟာမိ၊ ကုသလံ၊ ဗဟုံပါ၊ အဲဒီဂါထာက နောင်တရလို့ဆိုတဲ့ ဂါထာပါ၊ ထို ဂါထာရဲ့ ဆိုလိုရင်းအဓိပ္ပာယ်ကတော့ သောအဟံ-ထိုငါသည်၊ က္ကတော-သံရည်ပွက်ပွက် ပူချက်မစဲ ဤငရဲမှ၊ ဂတွာ-သွားရ၍၊ ဇာနုသံယောနိ- လူတို့၏ ပဋိသန္ဓေကို၊ လဒ္ဓါနုနု-အကယ်၍ ရသည်ရှိသော်၊ သီလံသမ္မန္တော-သီလနှင့်ပြည့်စုံသည်ဖြစ်၍၊ ကုသလံ-ကုသိုလ်ကို၊ ဗဟုံ-များစွာ၊ ကာဟာမိ-ပြုတော့အံ့ပဲ ဖြစ်တယ်၊ နောက်ဆုံး သူဌေးသားက အဲဒီ နောင်တရဂါထာတော်ကို ဟစ်အော်ပြီး ပြောကြားလိုသော်လည်း အချိန်ကာလတိုတောင်းလှတာကြောင့် သော ဆိုတဲ့ အက္ခရာတစ်လုံးကိုသာ ဟစ်အော် ပြောဆိုနိုင်ခဲ့တယ် မင်းကြီး"

ဘုရားရှင်က ဒု၊ သ၊ န၊ သောရဲ့ အဓိပ္ပာယ်ကို အကျဉ်းရော အကျယ်ပါ ရှင်းပြအပြီးမှာ ကောသလမင်းကြီးဟာ ဝမ်းမြောက်ဝမ်းသာ ပီတဖြစ်ရုံပင်မက သတိသံဝေဂတရားကိုပါ ရရှိသွားတယ်။

စည်းစိမ် ဥစ္စာ ကြွယ်ဝချမ်းသာပေမယ့် ဒါနမှု၊ သီလမှု တွေကိုတော့ဘာတစ်ခုမျှမပြုလုပ်ဘဲ မူးယစ်သောက်စားပြီး သူတစ်ပါး သားမယားတွေကိုသာ ပြစ်မှား ကျူးလွန်ခဲ့တဲ့ သူဌေးသားလေးယောက်ဟာ လောဟကုမ္ဘီငရဲမှာ အခုအချိန်ထိ မလွတ်ကြသေးဘဲ ငရဲမှာခံနေကြရတယ်၊

ဒီတော့ ဒကာမင်းကြီးလည်း ကာမေသုမိစ္ဆာစာရကံကို အသက်နဲ့ခန္ဓာ တည်မြဲနေသရွေ့ ကာလပတ်လုံး၊ မကျူးလွန်မိပါစေနဲ့ ရှောင်ကြဉ်ပါလို့ ဘုရားရှင်က သတိပေး ဆုံးမတော်မူတယ် တူမောင်ရဲ ကဲ ဦး ရှင်းပြတာကို သဘောပေါက်ရဲ့လား"

"ဟုတ်ကဲ့၊ သဘောပေါက်ပါတယ် ဦး"

လင်းသွေးအောင်လည်း မိမိသိလိုလှတဲ့အဖြေကို သိရှိရပြီမို့ ကြည်နူးတဲ့အပြုံးမျက်နှာနဲ့ စာရေးသူကို နှုတ်ဆက်ပြီး မိမိလိုရာခရီးဆီသို့ ဦးတည်ပြန်သွားပါတော့သည်။

သစ္စာတရား၊ စဉ်ရှုပွား၊ ရပြေးကေန် မြတ်နိဗ္ဗာန်

❒ ကျိုက်လတ်သန်းထိုက်
(LL,B)




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းနှင့်လက်ကိုက်၊
လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ
(၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား
ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➻ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း

လိပ်စာ ➻ အမှတ်.(၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊
(၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း → ၀၉-၇၃၂၄၂၄၄၂




www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်

# ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေး ဆရာတော် ဒီဃဘာဏက ဓမ္မာစရိယ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရ၏ သာသနာရေးဆောင်ရွက်ချက်များ

## ဇာတိချက်ကြွေမွေးရပ်မြေ

ရန်ကုန်တိုင်း၊ သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်၊ ဝိသုဒ္ဓါရာမ ချမ်းမြေ့သာယာအေးစာသင်တိုက် ပဓာနနာယက ဒီဃဘာဏက ဓမ္မာစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကုမာရကို ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ညောင်ဦးစံပြကျေးရွာ ခမည်းတော် ဦးမောင်ခင်၊ မယ်တော် ဒေါ်မြသွယ် တို့မှ ၁၃၁၄ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် တနင်္လာနေ့ ညနေ ၄ နာရီအချိန်တွင် မိးရှုးသန့်စင် ဖွားမြင်တော်မူခဲ့သည်။ မောင်ကျော်လှိုင်ဟု မိဘနှစ်ပါးက အမည်ပေးခဲ့ပါသည်။

## သာသနာ့အမွေ ခံတော်မူခြင်း

စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့ပြီး ၁၃၂၁ ခု တန်ခူးလတွင် မိခင်ကြီးဒေါ်မြသွယ်နှင့် ဆွေမျိုးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ဆရာတော် ဘဒ္ဒန္တမေဓာဝီကို ဥပဇ္ဈာယ်ပြု၍ သာသနာ့အမွေ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၃၃ ခု တပေါင်းလဆန်း ၁၄ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် သောင်သီးစံပြကျေးရွာ ဥဒကုက္ခေပနဒီ သိမ်တော်၌ သောင်ဦးရှားကျောင်း ဆရာတော် ဘဒ္ဒန္တမေဓာဝီကို ဥပဇ္ဈာယ်ပြု၍ မိခင်ကြီးဒေါ်မြသွယ်နှင့် ဆွေမျိုးတစ်စု၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ခဲ့ပါသည်။

## ဆရာတော်၏ ထက်မြက်သော ဉာဏ်ရည်

သန်လျင် မင်းကျောင်း ပထမပြန်စာသင်တိုက်၌ ပညာသင်နေစဉ်တွင် ကျောင်းတိုက်အရည်အချင်းစစ် စာမေးပွဲများတွင် ပထမငယ်-ပဥ္စမ၊ ပထမလတ်-တတိယနှင့် ပထမကြီးတန်း-ဒုတိယ၊ စာချတန်းကျမ်းစွဲ ဒုတိယအဖြစ်နှင့်လည်း အောင်မြင်ခဲ့ပါသည်။ ဟံသာဝတီတောင်ပိုင်းခရိုင် စာပြန်ပွဲတွင် ဒုတိယရရှိခဲ့ပါသည်။

၁၃၃၄ ခုနှစ် အစိုးရ ဓမ္မာစရိယ စာမေးပွဲ၌ ပါရာဇိကဏ် တစ်ကျမ်း အောင်မြင်ခဲ့ပါသည်။ ၁၃၃၇ ခုနှစ်၌ သီလက္ခန်နှင့် မဟာဝဂ္ဂကျမ်းတို့ကို အောင်မြင်၍ ကျမ်းရင်း

www.burmeseclassic.com



အောင်မြေနေရာ၌
အောင်ဂါထာများ
ရွတ်ဖတ်သရဇ္ဈာယ်နေသော
ဆရာတော်



နဂါးရုံဘုရား
အလှူတော်
ပေးအပ်နေပုံ

သုံးကျမ်းလုံးအောင်မြင်ကာ သာသနဓဇမဟာစရိယ ဘွဲ့တော်ကို ‌လက်ခံရရှိတော် မူပါသည်။ ၁၃၃၇ ခု ၂၈ ကြိမ်မြောက် အစိုးရ တိပိဋက စာမေးပွဲတွင် ဒီဃဘာဏက ဘွဲ့တံဆိပ်တော်ကို ရရှိခဲ့ပါသည်။

## ဘွဲ့တံဆိပ်တော်များ

၁၃၅၇ ခုနှစ်တွင် သန်လျင်မြို့ ဝိသုဒ္ဓါရာမချမ်းမြေ့သာယာအေး စာသင်တိုက်အဖြစ် ဖွင့်လှစ်ပြီး ပရိယတ္တိစာပေများ သင်ကြားပို့ချပေးပါသည်။ ၂၀၀၂ ခုနှစ်တွင် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် ၂၀၀၇ ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်တို့ကို အလှူခံရရှိတော်မူခဲ့ပါသည်။

## ဆရာတော်ရေးသော စာပေများ

အရှင်ကုမာရမထေရ် ရေးသားသော စာပေအချို့မှာ (၁) ဗုဒ္ဓ၏ ပရိယတ္တိသဘောတရား (၂) ကပ်နှင့်လူသား (၃) မင်းကျောင်းဆရာတော်သက်တော် (၆၀)ပြည့် ထေရုပ္ပတ္တိကထာ (၄) အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍာစာရ၏ ထေရုပ္ပတ္တိနှင့် အခြားသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ၏ ထေရုပ္ပတ္တိဂါထာများ (၁၀)အုပ်ခန့် ရှိပါသည်။

## ဆရာတော်ပို့ချသော သင်တန်းများ

အမေတို့ ညီအစ်မ(စာမူ)၊ မူးယစ်သေရည် (စာမူ)၊ ဣသာမစ္ဆရိယ (စာမူ)များနှင့် အခြားဘာသာရေး စာစောင်တို့၏ နိဒါန်းအမှာစာများ၊ အခမ်းအနားမှူး တာဝန်များ၊ ဂါထာ၊ ရတု၊ တေးထပ်၊ လင်္ကာများကို ရေးသားနေဆဲ ဖြစ်ပါသည်။ ဆရာတော် ဦးကုမာရရေးသား၍ မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့သော "ရှာပုံတော်ဖွင့်ရမယ်" ပညာပေးဇာတ်လမ်းသည်များစွာအောင်မြင်ခဲ့ပါသည်။

ဘာသာ သာသနာနှင့် ယဉ်ကျေးမှုကို အစဉ်ရှေးရှုသောစိတ်ဓာတ် ငယ်စဉ်ကပင် ကိန်းဝပ်ခဲ့သော အရှင်ကုမာရသည် ယဉ်ကျေးမှုသင်တန်းများ၊ အဘိဓမ္မာသင်တန်းများ၊

www.burmeseclassic.com



သောင်ဦးရွာ
ကျောင်းသိမ်အတွက်
အလှူငွေပေးအပ်ခြင်း



ကျောင်းသား/သူများအား
ဆရာတော်မှ
စာအုပ်စာတမ်းများ
လှူဒါန်းနေပုံ

ပရိတ်ကြီးသင်တန်းများ၊ ဓမ္မစကြာသင်တန်း၊ ကျောင်းထိုင်ဆရာတော်များဆိုင်ရာ သင်တန်းများနှင့် အခြားသောသင်တန်းများကို များစွာပို့ချခဲ့ပါသည်။

## ဆရာတော်၏ ဝိပဿနာလုပ်ငန်းစဉ်

ဝိပဿနာ တရားအားထုတ်လိုသော ပုဂ္ဂိုလ်များအတွက် တစ်နှစ်လျှင် နှစ်ကြိမ် သုံးကြိမ်ခန့် ဖွင့်လှစ်၍ ပဋိပတ်လုပ်ငန်းစဉ်ကို ဆောင်ရွက်ပါသည်။ နိုင်ငံခြားသား သုံးဦးအား ဗုဒ္ဓဘာသာဖြစ်အောင် ဟောကြားပေးခဲ့ပြီး ဗုဒ္ဓ၏ အဆုံးအမတရား၌ တည်စေခဲ့ပါသည်။


## ဆရာတော်၏ အလှူဒါနများနှင့် သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်

သန်လျင်မြို့နယ်အတွင်း ရှေးဟောင်းသုတေသနစာရင်းဝင် စေတီဟောင်းများအား သက်ဆိုင်ရာ ဒါယကာများ၏ အကူအညီယူ၍ ပြန်လည်ပြုပြင်စေခြင်း၊ ရန်အောင်မြင်ဘုရား ပြုပြင်သည်မှ ထီးတင်ပွဲပြီးသည်အထိ ကိုယ်တိုင်ကြပ်မတ်ဆောင်ရွက်ခြင်း၊ ၁၉၉၄ ခုနှစ်တွင် ကျောင်းတိုက်အတွင်း ရွှေရတုမော်ရုံ၌ သိန်း ၂၀ ကျော်ပါဝင်လှူဒါန်းခြင်း၊ ၂၀၀၂ ခုနှစ်တွင် ဟင်္သာတခရိုင် လေးမျက်နှာမြို့ သောင်ဦးစံပြကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စိန်ရတုမော်ရုံအား ကျပ် ၁၀ သိန်းကျော် မ,တည်လှူဒါန်းခြင်း၊ မူဝံကြယ်စာကြည့်တိုက် ဖြစ်မြောက်အောင် ဆောင်ရွက်လှူဒါန်းခဲ့ခြင်း၊ ကဝမြို့နယ် ကံမြင့်ကျေးရွာကျောင်းရှိ သိမ်အား ဦးဆောင်ပြုပြင်ခဲ့ခြင်း၊ ၂၀၀၃ ခုနှစ်တွင် သိန်းပေါင်း ၁၅၀၀ ကျော်တန်ဖိုးရှိသော ဘုံပျံဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် အုတ်ဖိုစု မူလွန်ကျောင်းများကိုလည်း ဂျပန်သံရုံးနှင့် ဆက်သွယ် ဆောင်ရွက်ကာ ဦးဆောင် ကြိုးပမ်းပေးတော်မူခဲ့ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



စိန်ဖူး၌ ထီးတော်များတင်ပုံ



ပြီးစီးလုနီးပါး တာဝတိံသာပြာသာဒ်စောင်းတန်း



စူဠာမဏိစေတီတော်၏ထီးတော်နှင့်စိန်ဖူးတော်များ

သန်လျင် သာသနာ့ဗိမာန်တော်ကြီး မြေနေရာရရှိရေးနှင့် အဆောက်အအုံဖြစ်ပေါ်အောင် အထူးကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ပါသည်။

## မှတ်သားစရာ ကဗျာများ

ကျောင်းသုံးမြန်မာဖတ်စာအုပ်ထဲမှ "ဆွမ်းအုပ်နီနီ" ကဗျာကို ဆရာတော်က ပြင်ထားသော ရေးသားချက်ကို ကြည့်ခြင်းဖြင့် ဆရာတော်၏ ဉာဏ်ရည်ကို ခန့်မှန်းနိုင်ပါသည်။

ဆွမ်းအုပ်နီနီ ဘွားဘွားရွက်လို့၊
ဘုန်းဘုန်းအတွက် ဆွမ်းကပ်မယ်။
ဘုန်းကြီးထံမှာ လူအများနဲ့၊
ရှစ်ပါးသီလ စောင့်ကြမယ်။
ကျောင်းကြီးပေါ်မှာ လွန်တိတ်ဆိတ်လို့၊
ပုတီးစိပ်ရင်း နေကြမယ်။
ညနေစောင်းရင် လက်စုံမိုး၍
ဘုန်းဘုန်းရှိခိုး ပြန်ကြမယ်။
အမျှကွယ်. . . အမျှကွယ်။

ဘုရားနှင့် ကျောင်းများတွင် လက်ဆော့တတ်သည်ကို ဆရာတော် သတိပေးသော ကဗျာလေးမှာ . . .

ဘုရားတိုက်ကျောင်း၊ လူပေါင်းကြည်ညို၊
ခဲတံ မီးသွေး၊ မရေးစေလို၊
အဆင်းမလှ၊ ဖြစ်ကြမည်ကို၊
ရောက်မည့်ဘေး၊ မျှော်တွေးရှောင်စေလို ဟူ၍ ဖြစ်ပါသည်။

## ဘုရားတည်ရခြင်းအစ

ဆရာတော် ဦးကုမာရသည် ၂၀၁၂ မတ်လ ၃ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် ထီတမောင်းရွာသို့ ရောက်ရာ "ထိုတောင်ထိပ်တွင် ကုသိုလ်ကောင်းမှုတစ်ခု ပြုလုပ်လို့ရလျှင် ကောင်းမှာပဲ"ဟု စိတ်အကြံအစည် တစ်ခု ဖြစ်ပေါ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



<u>သက်တော်ရှည်ဆရာတော်ကြီးများကိုယ်တိုင်</u>
<u>လှုပ်အားဒါနပြုနေပုံ</u>

## ဘုရားတည်ရန် ဆုံးဖြတ်ချက်

နှစ်လခန့် ကြာသောအခါ ဘုရားတည်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ထိုတောင်ပေါ်တွင် ဘုရားတည်ထားခွင့်ရလျှင် ၎င်းရွာသူ ရွာသား၊ နယ်သူ နယ်သားများ ကုသိုလ်ကောင်းမှု တိုးပွားခွင့်ရမည်။ ဆရာတော်၏ကျောင်းတိုက်တွင် လာရောက်မှီခိုနေသော ၎င်းနယ်မှ ကျောင်းသား၊ ကျောင်းသူများကို ဆရာတော်က ပညာရေး ဦးစားပေးပြီး နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေးပါ စသည့် လောကီရေးရာ အဖြာဖြာကို အကောင်းဆုံး စောင့်ရှောက်ထားပါသည်။

ထိုကျောင်းသား ကျောင်းသူများမှစ၍ သားစဉ်မြေးဆက်တိုင်အောင် လောကုတ္တရာကောင်းကျိုးအမွေကို ပေးလို၍ ထိုတောင်ကုန်းပေါ်တွင် စေတီတစ်ဆူ တည်ထားရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါသည်။

## ပဌာန်းဆက်ဖြစ်သော ဘုရားဒါယကာများ၏ စေတနာ

ဆရာတော်၏ သာသနာရေးရာ အဖြာဖြာကို ချီးမြှောက်လှူဒါန်းလျက်ရှိသော ဦးမျိုးဝင်း+ဒေါ်ဖြိုးဖြိုးရည် မိသားစု "MEG Company" နှင့် ဝင်း စားတော်ဆက် ညီအစ်ကို မောင်နှမ မိသားစုများနှင့် တိုင်ပင်သောအခါ ၎င်းတို့က အားရဝမ်းသာစွာဖြင့် လိုအပ်သည်များကို လှူဒါန်းပေးမည်ဖြစ်ကြောင်း လျှောက်ထားချက်အရ "ဝါဆိုလပြည့်နေ့" တွင် မြေသန့်မင်္ဂလာ ကျင်းပပါသည်။

## ပန္ဒက်တင်မင်္ဂလာ

သီတင်းကျွတ်လပြည့်နေ့တွင် ထိုဒေသမှ တိုင်းရင်းသားများကို မီးပူဇော်စေကာ တန်ဆောင်မုန်းလပြည့်နေ့တွင် သမ္မာဒေဝများအား အလှူဒါန ပြုခဲ့ပါသည်။ နတ်တော်လပြည့်နေ့တွင် စူဠာမဏိစေတီတော် တာဝတိံသာပြာသာဒ်နှင့် စောင်းတန်းအဆောက်အအုံကြီးအတွက် ပန္ဒက်တင်မင်္ဂလာ ကျင်းပခဲ့ပါသည်။ ဘုရားတည်နေစဉ်အတွင်း ရပ်ရွာရှိ ကလေးသူငယ်များအား ပညာရေးအထောက်အကူပြု ပစ္စည်းများ လှူဒါန်းပြီး သက်ကြီးရွယ်အိုများအား အာဟာရအလှူ ပေးလှူခဲ့ပါသည်။

## ထီးတော်တင် မင်္ဂလာ

ပြာသို လပြည့်နေ့တွင် တာဝတိံသာ ပြာသာဒ် အဆောက်အအုံ အကြမ်းထည် ပြီးစီးသည်။ ထိုပြာသာဒ်ပေါ်၌ တည်ထားသော စူဠာမဏိစေတီအတွက် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ပြာသိုလပြည့်နေ့တွင် ဆောင်ရွက်



<u>လှုပ်အားဒါန ကုသိုလ်ပြုကြသော ကျေးရွာသားများ</u>





www.burmeseclassic.com

www.burmeseclassic.com



သိမ်တော်အတွက် အလှူငွေ ပေးအပ်နေပုံ

ခဲ့သည်။ တပို့တွဲလပြည့်နေ့တွင် တာဝတိံပြာသာဒ် ထီးတော်တင်မင်္ဂလာ အခမ်းအနားနှင့် စူဠာမဏိစေတီတော် အလယ်ဌာပနာသွင်း မင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပခဲ့သည်။

ထိုနေ့တွင် ပအိုဝ်တိုင်းရင်းသား ရိုးရာအစဉ်အလာဖြင့် ပန်း၊ ရေချမ်း၊ ဆွမ်း၊ သစ်သီး စသည်တို့ကို လှူဒါန်းဆက်ကပ်ပြီး ညဘက်တွင် ဆီမီးကြာခွက် တစ်ထောင်ခန့်ဖြင့် အနီးအနား ကျေးရွာများမှ ဒေသခံစေတနာရှင်များက ဝိုင်းဝန်းကပ်လှူ ပူဇော်ခဲ့ပါသည်။ ဆရာတော်သည် စတုဒိသာအလှူကို လှူဒါန်းခဲ့ပါသည်။

## တာဝတိံသာဆင်း ဘုရား

တာဝတိံသာဆင်း ဘုရားဆိုသည်မှာ မြတ်စွာဘုရားသည် အလွန်လေးနက်လှစွာသော အဘိဓမ္မာတရား ဟောကြားတော်မူခြင်း၊ မယ်တော်နတ်သားကို အမြတ်ဆုံးကျေးဇူးဆပ်ခြင်း၊ စကြဝဠာ တိုက်တစ်သောင်းမှ ရောက်ရှိလာသော နတ်ပြဟ္မာအပေါင်းတို့အား အကျွတ်တရား ရစေခြင်း၊ ခုနစ်ဝါမြောက် ဝါကို တာဝတိံသာနတ်ပြည်၌ ကပ်ဆိုတော်မူခြင်း၊ ဝါလကင်းလွတ် သီတင်းကျွတ်သောအခါ၌ လူတို့ဌာနေ သက်ပွနဂိုရ်ပြည်သို့ ပြန်လည်ကြွချီတော်မူသော မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်ကို အာရုံပြုရည်မှန်း၍



ထီးတော်တင်မင်္ဂလာအခမ်းအနား ကြည်ညိုနေကြပုံ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်အားဒါန ပြုနေကြသော
ပအို့ဝ်ကျောင်းသား/သူများ



ဝေယျာဝစ္စ
လုပ်အားပေးများ
အမှတ်တရ

ပူဇော်တည်ဆောက်အပ်သော စေတီ၊ ဘုရား၊ တာဝတိံသာ ပြာသာဒ်စောင်းတန်း ဖြစ်ပါသည်။

## စူဠာမဏိစေတီတော်

တောထွက်တော်မူသော ဘုရားလောင်းတော် ဆံရိတ်ပယ်သည်ကို သိကြားမင်းက ခံယူ၍ စူဠာမဏိစေတီ တည်သည်ကို အကြောင်းပြု၍ ထိုတာဝတိံသာပြာသာဒ်ပေါ်၌ ဆရာတော်က စူဠာမဏိစေတီကို တည်ထားပူဇော်ခြင်း ဖြစ်ပါသည်။

## ရေစက်ချအောင်ပွဲ အခမ်းအနားနှင့် စတုဒိသာ အလှူ

တပေါင်းလပြည့်နေ့ ရောက်သောအခါ စူဠာမဏိစေတီတော် အထက်ဌာပနာသွင်း၍ ထီးတော်အထွတ်တင်ပြီးလျှင် သုဝဏ္ဏပဗ္ဗတ ရွှေတောင်ကုန်း တောင်ထိပ်ပေါ်တွင် တည်ဆောက်ပြီးဖြစ်သော စူဠာမဏိစေတီတော်၊ တာဝတိံသာ ပြာသာဒ်နှင့် တန်ဆောင်း၊ တံခွန်တိုင်၊ ခေါင်းလောင်းကြီးနှင့် ခေါင်းလောင်းစင်၊ အောင်မြေ ရုပ်တော်မူဘုရားကြီး ထီးတော် အစရှိသော သာသနိက အဆောက်အအုံများနှင့် ဆက်လက်တည်ထားရန်ရှိသော နံ့ဂါးရုံဗုဒ္ဓရုပ်ပွားတော် အတွက် အလှူငွေ ပေးအပ် လှူဒါန်းပွဲ၊ ကုသိုလ်တော်အရပ်ရပ်ကို ရေစက်ချ အောင်ပွဲ အခမ်းအနား ကျင်းပပြီးလျှင် ညှော့သည် ငါးထောင်ကျော်အား စတုဒိသာ အလှူဒါန လှူဒါန်းခဲ့ပါသည်။

## ဗုဒ္ဓဂယာအောင်မြေဖြင့် သွန်းလောင်းသော ဗုဒ္ဓရုပ်ပွားတော်

အဘိဓမ္မာတရား ဟောကြားပြီး လူတို့ဌာနေ သက်သ



www.burmeseclassic.com

www.burmeseclassic.com



ရွှေဥမင်္ဂလာစေတီတော်
ထီးတော်တင်အခမ်းအနား



တာဝတိံသာပြာသာဒ်
တည်ဆောက်နေစဉ်
ကုသိုလ်ယူနေကြသော
ရွာသူရွာသားများ

နဂိုရ်ပြည်သို့ ပြန်လည်ကြွချီဟန် ပူဇော်သောအားဖြင့် ရုပ်တော်မှု သက်န်းကိုင်ရုပ်ပွားတော်ကို ထိုပြာသာဒ်ပေါ်၌ ပူဇော်ထားပါသည်။ ထိုအဆောက်အအုံတွင် ဗုဒ္ဓဂယာ အောင်မြေဖြင့် သွန်းလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်တော်မူရန် ဂန္ဓကုဋိတိုက်ခန်းနှင့် တရားအားထုတ်ရန် အခန်းကို ထည့်သွင်းတည်ဆောက်ထားပါသည်။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးထားရှိပြီး ဗုဒ္ဓဂယာအောင်မြေဖြင့် သွန်းလောင်းသော ဗုဒ္ဓရုပ်ပွားတော်ကို အလယ်ပလ္လင်၌ထားပြီး ပူဇော်ပါသည်။

## အောင်မြေကို သတ်မှတ်တော်မူခြင်းနှင့် ဆရာတော်၏ ကျင့်စဉ်များ

ဆရာတော်သည် ထီတမောင်းရွာ သုဝဏ္ဏပဗ္ဗတ ရွှေတောင်ကုန်းပေါ်၌ စေတီတည်ဆောက်ခြင်းအမှုကို စတင်တည်ဆောက်သည်မှစ၍ ပြီးဆုံးသည့်တိုင်အောင် တောင်တော်၏ အနောက်တောင်ထောင့် စနေထောင့် အရပ်မှသာ ဂုဏ်တော်များ ပွားများခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားခြင်း၊ ပဌာန်းဇယမန္တန်များကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း တို့ကို ကြိမ်ဖန်များစွာ ပြုသည့်အတွက် စေတီတော်တည်ဆောက်ခြင်း အောင်မြင်သည်ဟု ယုံကြည်တော်မူသည်။ သို့ဖြစ်၍ ဘုရားဖူးလာ သူတော်ကောင်းတို့သည် အောင်မြေကိုနင်း၍ အောင်မြင်မှု ရပါစေသောငှာ ရည်ရွယ်၍ တံခွန်တိုင်အနီးတွင် အောင်မြေကို သတ်မှတ်တော်မူခဲ့ပါသည်။

ထိုသို့ သတ်မှတ်ရာတွင် အနောက်တောင်ထောင့်ဖြစ်သော ထိုမြေ၌ပင် . . .

(၁) ဘုရား ခုနစ်ဆူ အာနုဘော်တည်ရာ အန္တယိကကမ္ဘဝါကို ကြိမ်ဖန်များစွာ ရွတ်ဆိုပူဇော်ခဲ့ပါသည်။ ထိုကမ္ဘဝါသည် နှစ်သိန်းလေးသောင်း အထုရှိသော မဟာမြေကြီးကို ထွင်းဖောက်၍ အာဏာတည်သော ကမ္ဘဝါ ဖြစ်တော်မူပါသည်။


(၂) ပဌာန်းဇယမန္တန် ၁၀၈ ခေါက်ကို မရပ်မနား ဆက်တိုက်ရွတ်ဆို၍ အဓိဋ္ဌာန်ပြုတော်မူခဲ့ပါသည်။ အောင်ဂါထာများကို ကြိမ်ဖန်များစွာ ရွတ်ဆိုခဲ့ပါသည်။

(၃) အောင်မြေသတ်မှတ်ပြီးနောက် ထိုမြေပေါ်၌ အဝန်းအဝိုင်း သတ်မှတ်ပြီး ထိုအောင်မြေပေါ်၌ ဂုဏ်တော်ကို ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ရာခိုင်နှုန်း ၉၀ ခန့် ပြီးစီးနေသော တံခွန်တိုင်

ဖန်များစွာ ပွားများခြင်း၊ ပထဝီဇယမန္တန် ရွတ်ဆို၍ အားထုတ်တော်မူခဲ့ပါသည်။

## ထိုဒေသ၌ ကြားရခဲသော ခေါင်းလောင်းထိုးသံ

မျက်နှာ၁၀ ၁၈ လက်မရှိသော ခေါင်းလောင်းတော်ကို ခေါင်းလောင်းစင် အပြည့်အစုံဖြင့် အင်္ဂတေပန်း ကနုတ်များ ဆင်မြန်းကာ တည်ဆောက်လှူဒါန်းခဲ့ပါသည်။ အလွန်တရာ ကြားရခဲသော ထိုခေါင်းလောင်းထိုးသံကို တစ်ရွာလုံး ကြည်နူးဖွယ်အဖြစ် ကြားနာရ၍ ဒေသခံတိုင်းရင်းသားများ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြရပါသည်။


## အထက(၁)သန်လျင် ကျား၊ မ ဝတ်အဖွဲ့အား ပထမဆုရအောင် ပြုစုပျိုးထောင် သင်ကြားပေးခဲ့သော ဆရာတော်

အထက(၁)သန်လျင် ကျား ဝတ်အဖွဲ့သည် ၂၀၀၂ ခုနှစ်တွင် ရန်ကုန်တိုင်း ပဌာန်းဒေသနာတော် ပူဇော်ပွဲတွင် ပထမ၊ ၂၀၀၁- ၂၀၀၄- ၂၀၀၅- ၂၀၁၀- ၂၀၁၁ ဓမ္မစကြာ ဒေသနာတော် ရွတ်ဆိုပူဇော်ပွဲတွင် ပထမ၊ မ ဝတ်အဖွဲ့သည် ၂၀၀၇- ၂၀၁၀- ၂၀၁၁ ဓမ္မစကြာဒေသနာတော် ရွတ်ဆိုပူဇော်ပွဲတွင် ပထမ ရခဲ့ခြင်းသည် ဆရာတော်၏ သင်ကြားပို့ချပေးမှုကြောင့် ဖြစ်ပါသည်။

၂၀၁၀ အခြေခံပညာ ဦးစီး(၃)မှ ကျင်းပသော ဓမ္မစကြာ ဒေသနာတော် ရွတ်ဆိုပူဇော်ပွဲတွင် ကျားဝတ်အဖွဲ့ ပထမ၊ မဝတ်အဖွဲ့ ပထမပင်ရခဲ့၍ MRTV-4 မှ ရိုက်ကူးတင်ဆက်ပြီး ဖြစ်ခဲ့ပါသည်။

## ဆရာတော်ကိုယ်တိုင် ဝတ်အဖွဲ့ကို လှူဒါန်းမြေတောင်မြှောက်ပေးခြင်း

နှစ်စဉ် နှစ်တိုင်း ဓမ္မစကြာ၊ ပဌာန်းရွတ်ဆိုပူဇော်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ စသည် ဆုတစ်ခုခုကို ရန်ကုန်တိုင်း တောင်ပိုင်းခရိုင်မှ ကျားဝတ်အဖွဲ့၊ မဝတ်အဖွဲ့ ရစေသည်က ဆရာတော် ပြုစုပျိုးထောင် အားပေးမှုကြောင့်သာ ဖြစ်ပါသည်။ နယ်ကျောင်းဖြစ်၍ အင်္ကျီ၊ တိုက်ပုံ၊ တဘက်မှစ၍



ဆောက်လုပ်ဆဲ
သိမ်ပြီးစီးမှုအခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ပအို့ဝ်တိုင်းရင်းသားများ
ခေါင်းလောင်းတီး
အမျှဝေ ကြည့်နူးနေပုံ

ဝယ်ရန်အခက်အခဲဖြစ်သောကြောင့် ဆရာတော်က အလှူရှင်များကို ရှာဖွေပေးခဲ့ပါသည်။ ဆရာတော်ကိုယ်တိုင် ဝတ်အဖွဲ့ ကျောင်းသား၊ ကျောင်းသူများကို လှူဒါန်းမြေတောင်မြှောက်ပေးခဲ့ပါသည်။

## သင်ကြားမှု စွမ်းရည်

ဓမ္မစကြာ၊ ပဋ္ဌာန်း၊ ပရိတ်ကြီး စသည့် အမွန်းများကို ဆရာတော်ကိုယ်တိုင် တစ်ဦးစီ စိတ်ရှည်လက်ရှည် သင်ကြားပြီး အသံအနေအထား၊ လျှာ၊ ပါးစပ် အဖွင့်အပိတ် စသည်တို့ကို ပြုပြင်ပေးခဲ့ပါသည်။ ဝတ်အဖွဲ့ တစ်ဖွဲ့စီကို၊ အထိုင်အထ၊ အဝင်အထွက်၊ စာအုပ်ကိုင်ပုံ၊ လမ်းလျှောက်ပုံများကို အသေးစိတ်သင်ကြားပေးပါသည်။

ပါဠိစာလုံးများ၏ အဓိပ္ပာယ်၊ အသံထွက်၊ အထားအသိုများကို သဘောပေါက်အောင် ရှင်းလင်းပေးပါသည်။ သာသနာအပေါ်တွင် ထားရမည့် သဘောထားများကို နုနယ်သော ကျောင်းသား ကျောင်းသူများ၏ နှလုံးသားတွင် ဗုဒ္ဓ၏ ဂုဏ်တော်များ ကိန်းဝပ်လာစေရန် ဟောပြခဲ့ပါသည်။ အလွတ်ရအောင် သင်ကြားပေးခဲ့၍ အထက(၁)သန်လျင် ကျောင်းသား၊ ကျောင်းသူများ၏ ရင်ထဲတွင် တရားဓမ္မများ စိမ့်ဝင်ပျံ့နှံ့ပြီး နောင်ဘဝများအတွက် အထုံပါရမီ ဖြစ်စေပါသည်။

## တစ်လှူပြီးတစ်လှူဆင့် ဝမ်းသာပီတိဖြင့်

ဆရာတော်သည် ပင်လောင်းမြို့နယ် ထီတမောင်းကျေးရွာ၌ တာဝတိံသာ ပြာသာဒ်စောင်းတန်းတော်ကြီးနှင့် စူဠာမဏိစေတီတော် အစရှိသော သာသနိကအဆောက်အအုံများကို ဦးဆောင်ကြိုးပမ်း တည်ဆောက်၍ ရေစက်ချပွဲ အပြီး မရှေးမနှောင်းပင် ဆရာတော်၏ ဇာတိဖြစ်သော ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် သောင်ဦးစံပြကျေးရွာရှိ စေတီဘုရား ကျောင်းကန်များမှာ ငဝန်မြစ်ကမ်းပြိုသည့် ဘေးဒဏ်ကြောင့် ကျောင်းတိုက်အသစ်နေရာကို ၂၅ သိန်းဖြင့် ဝယ်ယူလှူဒါန်းပြီး ၎င်းကျောင်းနေရာသစ်၌ သာသနဖလသီလဝိဒေသာခနီသုမေထ သိမ်တော်ကို ဦးဆောင်တည်ဆောက်လျက်ရှိကြောင်း ကြားသိရ၍ ဝမ်းသာပီတိဖြစ်နေစဉ်ပင် . . .

၎င်းသိမ်တော်ကြီး ပြီးစီးပါက ပင်လောင်းမြို့နယ်၌ နဂါးရုံဗုဒ္ဓရုပ်ပွားတော်ကိုလည်း ဆက်လက်ဦးဆောင်၍ တည်ဆောက်မည်ဟု သိရသော အရှေ့အနောက် တိုးလျှိုပေါက် မရပ်မနားသွားလာ၍ သာသနာအတွက် အားကြိုးမာန်တက် အသက်မငဲ့ကွက်ဘဲ ထမ်းဆောင်လျက်ရှိသော ဆရာတော်အား အလွန့် အလွန် ပို၍ ပို၍ လေးစားကြည်ညို ဝမ်းသာပီတိ ဖြစ်ရပြန်ပါသည်။

## ဂုဏ်များပိုင်ရှင် ဆရာတော်သခင်

အဘိဇာတဂုဏ်ရှင်၊ ဓမ္မာစရိယဂုဏ်ရှင်၊ ဒီဃဘာဏကဂုဏ်ရှင်၊ ပရိယတ္တိမာမကဂုဏ်ရှင်၊ ဂန္ထကာရကဂုဏ်ရှင်၊ ဓမ္မဘိရတဂုဏ်ရှင်၊ နိဝါတနိမာနဂုဏ်ရှင်၊ မာတာပိတုဉပဋ္ဌာနဂုဏ်ရှင်၊ ဗဟုသစ္စ သိပ္ပဂုဏ်ရှင်၊ သာသနဟိတာဝဟ လောကဟိတာဝဟဂုဏ်ရှင်၊ ပဏ္ဍိတာသဒ္ဓပဠနဂုဏ်ရှင် စသည့်ဂုဏ်များပိုင်ရှင် ဆရာတော်၏ ဘုရားတည်သော မှတ်တမ်းကို ရေးသားပြီး ပူဇော်ကန်တော့ပါသည်။

❒ ဒေါ်ကြည်ကြည်ခင်(အထက-၁၊သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



တောင်စွန်းမြို့ ဓမ္မဒူတ တောရကျောင်းတိုက်
ပဓာန နာယက ဆရာတော်
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ
ဓမ္မဒူတ အရှင်ဆေကိန္ဒာဘိဝံသ

(ယခင်လမှအဆက်)

တချို့က လူစည်ရင် ကုသိုလ်ဟုတ်ပြီ အောက်မေ့နေတာနော်။ မဟုတ်တဲ့အကုသိုလ်တွေ ရောတယ်ဆိုတာ အဝိဇ္ဇာကြောင့် ရောတာ။ အခု အတီးတွေ၊ အမှုတ်တွေ၊ အကတွေ၊ အခုန်တွေနဲ့ တစ်ခါတည်း အပျော်အပါးတွေနဲ့၊ အသောက်အစားတွေနဲ့၊ လောင်းကစားတွေနဲ့ မရှိဘူးလား။ အဲဒီ ကုသိုလ်သည် ဒွိဟိတ်ကုသိုလ်တဲ့။ အေး. . သိပ်ကြောက်စရာကောင်းတယ်။

ဒီတော့ ဒီဘက် ပဋိသန္ဓေနေလို့ရှိရင်၊ ဒွိဟိတ်ပဋိသန္ဓေနေလို့ရှိရင် နိဗ္ဗာန်ဘယ်လိုလုပ် ရောက်ဦးမလဲ။ ဒီဘက်ဘဝလည်း ဒွိဟိတ်၊ နောင်ဘဝလည်း ဒွိဟိတ်၊ နောက်ဘဝလည်း ဒွိဟိတ်ဆိုတော့ နိဗ္ဗာန်ဘယ်တော့ ရောက်မှာလဲ။ ချာလပတ်လည်နေရော။

ဒါကြောင့် "သပညော ကမ္မဇပဋိသန် = ဟိတ်သုံးတန်ကြောင့် အမှန်မြင်သိ ပင်ကိုဉာဏ်လည်း ရှိပေထသော" တဏှာအချုပ်ကို ရှင်းချင်တဲ့ ပုဂ္ဂိုလ်သည် တစ်နံ့ပါတ်က တိဟိတ်ပဋိသန္ဓေပညာ ရှိရမယ်။ တစ်ချက် မရှိဘူးလား။

"အာတာပီ = ကိလေသာမာန် သူ့ပုန်ရန်ကို၊ ပူပန်စေတတ်တဲ့ လုံ့လဝီရိယ ရှိပေထသော" ဒီကိလေသာကို ပယ်သတ်နိုင်တဲ့ လုံ့လဝီရိယ ဆိုတာက စိတ်မှာဖြစ်တာ၊ စိတ်ဝီရိယ၊ ကိုယ်ဝီရိယ မဟုတ်ဘူးနော်။ ကိုယ်ဝီရိယ ဆိုတာက ဘုန်းကြီးတို့ လှေထိုးမယ်၊ လှတိုက်မယ်၊ လက်သံမားလုပ်မယ်၊ မော်တော်ကား မောင်းမယ် စသဖြင့် အဲဒါမျိုးကျတော့ ကိုယ်ဝီရိယ၊ ကိုယ်အားကောင်းဖို့ လိုတယ်။

အခု တရားအားထုတ်တာကျတော့ ဘာအားကောင်းရမလဲ။ စိတ်အားကောင်းရမယ်၊ စိတ်ဝီရိယ။ "ဒီအရှုခံ အာရုံမှာ မလွတ်သွားအောင် ငါကြိုးစားမယ်" ဆိုတဲ့ ဝီရိယက စိတ်ဝီရိယ၊ "စိတ်ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက်၊ ငါ ထိုင်နေတာ ဘယ်သူမှ မသိဘဲ" ဆိုပြီးတော့ တွေးချင်ရာ တွေးနေတာက ဝီရိယရှိသေးလား။ အကုသိုလ်ဝင်နေရင် ဝီရိယ မရှိဘူး။

ဝီရိယ ဆိုတာက အရှုခံနဲ့ အရှုဉာဏ်နဲ့ မလွတ်အောင် ရှုနေတာကို ဝီရိယလို့ ခေါ်တာနော်။ ကဲ့စကြီတော့ လျှောက်တော့လျှောက်တာပဲ၊ လူကြည့်ကောင်းအောင်တော့ လျှောက်တာပဲ။ စိတ်က ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက်ဆိုရင်ကော ဒါအမှတ်မြဲလား၊ အမှတ်စိပ်လား။ ငုတ်တုတ်တော့ထိုင်၊ လူကတော့ မှတ်လို့၊ စိတ်က ဘယ်ရောက်နေမှန်း မသိဘူး။

ဟု ကိုယ်တော်တစ်ပါး၊ ယောဂီအကဲခတ်မှားတာ ရှိသေးတယ်။ ကိုယ်တော်တစ်ပါးက ပြောတယ်။ ဘုန်းကြီးကိုလာပြီးတော့မှ သူက သတိပေးသေးတယ်။

"ဘုန်းကြီးနော်တဲ့ ငြိမ်တဲ့လူတိုင်း အထင်မကြီးနဲ့တဲ့၊ လှုပ်တဲ့လူကလဲ တော်ရင် တော်တာ၊ ငြိမ်ပေမယ့် မကောင်းတဲ့သူလဲ ရှိသေးတယ်"

"ဘယ်လို ကိုယ်တော်တွေ့ဖူးလဲ ပြောစမ်းပါဦး"

ဆိုတော့ . . .

"တပည့်တော်ကျောင်းမှာ အဲဒါ ညီအစ်ကိုနှစ်ယောက်လာပြီးတော့ တရားအားထုတ်တာ အစ်ကိုဖြစ်တဲ့ ပုဂ္ဂိုလ်က ငြိမ်နေတာပဲ၊ သေချာအားထုတ်တာ၊ ညီဖြစ်တဲ့ ပုဂ္ဂိုလ်က ဟိုလှုပ် ဒီလှုပ်၊ သူက ပြင်ပေ့ါလေ"

အားထုတ်တော့ အဲဒီတော့ သူက ငြိမ်တဲ့လူအစ်ကိုကြီးကို "မင်းကတော်တယ်၊ ညီက မတော်ဘူး၊ တယ်လှုပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ကောင်ပဲ၊ ဟိုရွှေ့ ဒီရွှေ့တယ်" ပေါ့လေ။ အဲဒီတော့ အစ်ကိုကြီးက ဘွင်းဘွင်းရှင်းရှင်းသမား၊ သူက . . .

"ဘုန်းကြီး အကဲခတ်မှားသွားပြီ" ပြောတယ်တဲ့။

"ဘယ့်နှယ်ကြောင့် အကဲခတ်မှားရမလဲ၊ ငါကသေချာ မျက်မြင်ပဲ၊ မင်းက ငြိမ်တာ၊ သူက ငြိမ်မှမငြိမ်ဘဲ"

"တပည့်တော်က ငြိမ်မှာပေါ့၊ အိမ်မှာ တစ်ညလုံး ဖဲချနေတာ၊ ဒီလောက်တော့ အပျော့ပေါ့၊ တစ်နာရီလောက်တော့ ဟုတ်လား၊ သူက အိမ်မှာ အလုပ်လုပ်နေရတာ၊ သူပဲ တစ်အိမ်လုံးအလုပ် လုပ်နေရတာဘုရား၊ အိမ်မှာအတော်ဆုံး၊ ဘုန်းကြီး အကဲခတ်မှားပြီ" တဲ့။

အဲဒီတော့ ငြိမ်တိုင်း အထင်မကြီးနဲ့ပေါ့။ လူကတော့ ငြိမ်တယ်၊ စိတ်က ဘယ်ရောက်နေမှန်း မသိဘူး။ ဖဲချနေတာကိုးနော်။ အဲဒီလို ဖြစ်နေတာ။

အခုလည်း ဈေးသည်တွေ ထိုင်နေလို့ရှိရင် ဈေးထဲမှာ ထိုင်နေတာကိုး။ ဒါပေမဲ့လို့ စိတ်ကတော့ ဝယ်သူတွေနဲ့ ရန်ဖြစ်တာ။ စိတ်ကတော့ ဘယ်သွားငြိမ်မှာလဲ။ သူက ကြာကြာ ထိုင်နိုင်တာပေါ့။ သူက ဈေးသည်ကိုး။ မတူဘူး။

ကဲ. . . လျှောက်သွားနေတဲ့ ပုဂ္ဂိုလ်တွေက မထိုင်နိုင်ဘူးနော်။ မတူဘူး။ အဲဒါ အကဲခတ်မှားလို့ မဖြစ်သေးဘူးနော်။

အခု ဒီမှာလည်း "သပဗ္ဗော-ကမ္မဇပဋိသန္ဓိ ဟိတ်သုံးတန်နှင့် အမှန်မြင်သိ ပင်ကိုဉာဏ်လည်း ရှိပေထသော၊ အာတာပီ - ကိလေသာမာန် သူပုန်ရန်ကို၊ ပူပန်စေတတ်တဲ့ လုံ့လ ဝီရိယလည်း ရှိပေထသော"၊ အရှုခံနဲ့ အရှုဉာဏ်နဲ့ တည့်အောင် ရှုနေလို့ရှိရင်လည်း ဒီကိလေသာ လာဦးမလား။ ရုပ်လို့ တစ်ချက်ရှုလို့ရှိရင် ဝိဇ္ဇာဉာဏ်မရသွားဘူးလား။ ဝိဇ္ဇာဉာဏ် တစ်ချက်ရသွားရင် ဒုက္ခတစ်ချက် မသိသွားဘူးလား။ ဒုက္ခ တစ်ချက် သိလို့ရှိရင် ဒီက ကိလေသာကို တစ်ချက်မပယ်ဘူးလား။ တစ်ချက်သိ တစ်ချက်ပယ်တယ်။ လွတ်သွားတယ် ဆိုကတည်းက ကိလေသာဝင်နေပြီလေ။ ဟုတ်လား။

အေး. . . ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက် ဆိုတာက ဘာစိတ်တွေ ဖြစ်နေတာလဲ။ ကိလေသာတွေပဲ။ အကုသိုလ် မဖြစ်ဘူးလား။ ဖြစ်နေပြီ။ ဝီရိယရှိသေးရဲ့လား။ မရှိဘူး။ ဝီရိယဆိုတာ ဘုန်းကြီးတို့စိတ်မှာ ကိလေသာမဝင်အောင် နေနိုင်မှ ဝီရိယလို့ခေါ်တာ။ ထိုင်ပဲနေနေ၊ စင်္ကြံပဲ လျှောက်နေနေ၊ လျောင်းပဲနေနေ၊ မတ်တတ်ရပ်ပဲနေနေ၊ အရှုခံနဲ့ အရှုဉာဏ်နဲ့တည့်လို့ ဘယ်လိုနည်းနဲ့ တည့်နေနေ၊ အဲဒါဆို ဝီရိယရှိတဲ့ပုဂ္ဂိုလ်လို့ ခေါ်တယ်။ အေး. . . အရှုခံနဲ့ အရှုဉာဏ်နဲ့ မတည့်ဘဲနဲ့ လွဲပြီးတော့ တွေးချင်ရာတွေး၊ ငေးချင်ရာငေး၊ လူကတော့ ငြိမ်ပြီးတော့နေတယ်။ သူ့ကို ဝီရိယ ရှိတယ်လို့ ခေါ်မလား။ ထိုင်နိုင်တယ်။ ၁ နာရီ၊ ၂ နာရီ၊ ၃ နာရီ၊ ၄ နာရီ ထိုင်နိုင်တယ်။ ကဲ. . . ဝီရိယရှိတယ်လို့ ခေါ်မလား။ မခေါ်ဘူး။ ဣရိယာပုထ်ပြောင်းတယ်၊ ပြောင်းတယ် ဆိုတာကလည်း ဘုန်းကြီးတို့ တစ်ကိုယ်လုံးပြောင်းတာ တစ်မျိုးလည်းရှိတယ်။ နည်းနည်းလေး လှုပ်လိုက်တဲ့နည်းနဲ့ ပြောင်းနည်းနဲ့က တစ်မျိုးရှိတယ်။

အဲဒီ ဘုန်းကြီးကိုပြောတဲ့ တပည့်ပဲ၊ သူက ဘာပြောလဲဆိုတော့ ၁ နာရီ ၂ နာရီ ၃ နာရီ ၄ နာရီ ၅ နာရီ ၆ နာရီ ထိုင်နိုင်တဲ့နေရာကို သူက သွားပြီးတော့ "ငါ ထိုင်ကြည့်ဦးမယ်" ဆိုပြီးတော့ သူက သွားပြီးထိုင်တာတဲ့။ ဒါပေမဲ့ သူက ထိုင်တော့ ထိုင်နိုင်တယ်။ ဒါပေမဲ့ သူ့မှာ ဘာမှ ပီတိသောမနဿ မဖြစ်ဘူး။ ငြိမ်းချမ်းမှု သူ့မှာ မရဘူး။ ထိုင်တာတော့ ထိုင်နိုင်တာပဲ။ အဲဒါနဲ့ သူက အဲဒီက ကိုယ်တော်တွေကို သူက မေးတယ်တဲ့။

"အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ ထိုင်တဲ့အချိန်အခါမှာ ဘယ်လို စိတ်နေစိတ်ထားနဲ့ထိုင်လို့ နာရီကြာကြာ ထိုင်နိုင်တာလဲ၊ ဘယ်လိုများ အရှင်ဘုရားတို့မှာ ပီတိသောမနဿ ဖြစ်သလဲ" ဆိုတော့ သူတို့က မဖြေဘဲနဲ့ ဘယ်လိုပြောလဲဆိုတော့ . . .

"ကိုယ်တော်လဲ ထိုင်နေပြီပဲ၊ သိပြီပေါ့"

"ဩော်. . . သူတို့က ငါ ခိုးပြင်တာမှ သူ မသိဘဲကိုး" တဲ့။ ဒီလိုလေး နည်းနည်းတွေးလိုက်တာနဲ့ ပြင်ပြီးသား မဖြစ်သွားဘူးလား။ ဒီလောက်ကလေးဆိုတော့ ပြင်ပြီးသား ဖြစ်သွားပြီ။ နောက်ပိုင်းက ကွဲသွားပြီ၊ ညောင်းတာ ပြေသွားပြီ။ ဒီလိုလေး နည်းနည်းလေး လှုပ်လိုက်ဆိုတာနဲ့ပဲ မသက်သာသွားဘူးလား။ ပြင်ပြီးသွားပြီ။ ဒီလိုလေး နည်းနည်းလှုပ်လိုက်တာနဲ့ပဲ ပြင်ပြီးမသွားဘူးလား။ ပြင်ပြီးသွားပြီ။

"အဲဒါ သူတို့မသိဘူးတဲ့၊ တပည့်တော် ခဏခဏ နည်းနည်းခိုးပြင်နေတာတဲ့"

သူတို့ပြင်တယ်ဆိုတာက ဣရိယာပုထ်တစ်ခုလုံး ခြေထောက်တွေ ဘာတွေရော ဒီလိုပြင်မှ ပြင်တယ်လို့ယူတာ။ အမှန်က ရွှေ့ ဒီလိုလေး ကွေးလိုက်တယ် ဆိုကတည်းက နောက်က ကွဲသွားပြီ။ နာတာတွေ သက်သာသွားပြီ၊ ပျောက်သွားပြီ။ ဒီလိုလေး ပြောင်းလိုက်တယ်ဆိုကတည်းက မပျောက်သွားဘူးလား။ ပျောက်သွားပြီ။ ဒါလည်း ပြင်တာပဲ။ အမှန်က ငြိမ်ပြီးတော့ ပီတိသောမနဿ ဖြစ်ပြီးနေတယ်ဆိုတာက အရှုခံနဲ့ အရှုဉာဏ်နဲ့ တည့်နေပြီးတော့မှ ကိုယ်က ကွဲနေတဲ့ သဘောမျိုးလေးမှ နေလို့ရတာ။ ဝီရိယက အရှုခံနဲ့ အရှုဉာဏ်နဲ့ တည့်နေလို့ရှိရင် ကိလေသာက မလာတော့ဘူး။ နာတာ၊ ကျဉ်တာ၊ ကိုက်တာ၊ ခဲတာတွေလည်း လာဦးမလား။

အဲဒါကြောင့်လည်း "အာတာပီ - ကိလေသာမာန် သူပုန်ရန်ကို၊ ပူပန်စေတတ်တဲ့ လုံ့လဝီရိယလည်း ရှိပေထသော၊ နိပကော - ပါရိဟာရိကဉာဏ် ရင့်သန်ပြီးမြောက် အရာရာ၌ ခရီးရောက်ပေထသော" ဒီမှာ ပညာဘယ်နှမျိုး ပါသွားပြီလဲ ဆိုတော့ နှစ်မျိုးပါသွားပြီနော်။ ပဋိသန္ဓေပညာ၊



www.burmeseclassic.com

www.burmeseclassic.com

နိပကပညာ ဆိုတာက အချိန်ကာလကို နားလည်တဲ့ပညာ၊ အချိန်ကာလဆိုတာက ထိုင်အားထုတ်ချိန်ခါမှာ ထိုင်အားထုတ်၊ စင်္ကြံလျှောက် အားထုတ်ချိန်မှာ စင်္ကြံလျှောက် အားထုတ်၊ ဟုတ်လား။

ရေချိုးချိန်မှာ ရေချိုးလို့၊ ထမင်းစားချိန်မှာ ထမင်းစားလို့၊ အိပ်ချိန်မှာ အိပ်လို့၊ အဲဒီလိုဟာက ပညာတစ်မျိုးပဲနော်။ သူများတွေ အိပ်ချိန်မှာ ကိုယ်က ထပြီးတော့မှ စကားတွေ ပြောလို့၊ ထပြီးတော့ ဘုရားတွေအကျယ်ကြီး ရှိခိုးလို့၊ ပရိတ်တွေ အကျယ်ကြီး ရွတ်ဆိုလို့ဆိုတော့ အချိန်ကာလ နားလည်တယ်လို့ ခေါ်မှာလား။ မခေါ်ဘူးနော်။

ဒါကြောင့် ဘုန်းကြီးတို့ စာအုပ်ကလေးထဲမှာ မပါဘူးလား။ "ဘုရား အကျယ်ကြီး ရှိမခိုးရ"၊ "ပရိတ် အကျယ်ကြီး မရွတ်ရ" လို့ မပါဘူးလား။ စာအုပ်က စာအုပ်ပဲ။ ကိုယ်ရွတ်ချင် ထရွတ်နေကြတာ တချို့က။ မရွတ်ရဘူး၊ အဲဒါ သူများ အနှောင့်အယှက်ဖြစ်တာ။ အချိန်ကာလကို နားလည်ရတယ်တဲ့။ အဲဒါကို နိပကပညာလို့ ခေါ်တယ်။ အဲဒီပညာ မရှိရင်လည်း တရားမရဘူး။

ဒါကြောင့် "နိပကော - ပါရိဟာရိကဉာဏ် ရင့်သန်ပြီးမြောက် အရာရာ၌ ခရီးရောက်ပေထသော၊ ဘိက္ခု - သံသရာ ဘေးရန်ကို အေးချမ်းလိုမှု မျှော်ရှုတတ်သော၊ ဘိက္ခု - သံသရာဘေး နောင်လာမည့်အရေးကို မျှော်ငေးရှုမြင် ဆင်ခြင်တက်သော၊ သောနရော - လူတွင် လူမြတ် လူဥက္ကဋ္ဌဟု ခေါ်မှတ်စေရာ ထိုသတ္တဝါသည်" အခု အင်္ဂါ ဘယ်နှချက်လဲ၊ သုံးချက်မှာက ပဋိသန္ဓေပညာ၊ ကိလေသာကို ပယ်သတ်ခိုင်းတဲ့ လုံ့လဝီရိယ၊ အချိန်ကာလကို နားလည်တဲ့ ပညာ၊ အဲဒါ ထည့်လိုက်လို့ရှိရင်တော့ ဘိက္ခု - သံသရာရေး လာမည့်ဘေးကို မျှော်တွေးနိုင်စွမ်းရှိသော၊ သံသရာရေး ရှုနိုင်စွမ်းရှိတော့ သူလည်း ပညာတစ်ချက် မပါဘူးလား။

အဲဒီပုဂ္ဂိုလ်ကို ဘာလို့ခေါ်လဲဆိုတော့ "သောနရော -လူတွင် လူမြတ် လူဥက္ကဋ္ဌဟု ခေါ်မှတ်စေရာ ထိုသတ္တဝါသည်" ၊ ဒီလေးချက်ပြည့်တာနဲ့ လူထဲမှာ အမြတ်ဖြစ်သွားသည်။ ဖြစ်သွားပြီးတော့မှ "သီလေစတုပါရိသုဒ္ဓိသီလ - လေးဖြာသိက္ခာ သီလဟူသမျှ၌" ခုနက လေးချက်ပြည့်ပြီးတော့ ငါးချက်မြောက် ဘာပြည့်ရမှာလဲ။ သီလရှိရမည်။

သီလမှာမှီ၊ သီလမှာတည်ပြီးတော့မှ ဒါဖြင့် တရားအားထုတ်တဲ့ပုဂ္ဂိုလ်မှာ သီလ မလိုဘူးလား။ လိုတယ်၊ သီလ လုံရမှာလား၊ ကျိုးရမှာလား၊ လုံရမယ်။ "ပြီးတော့မှ ပြန်ဆောက်တည်လိုက်တာပေါ့" ဆိုတာမျိုး မလုပ်နဲ့။ ကျိုးတယ်ဆိုတာက စေတနာနဲ့တကွ လွန်ကျူးရင် အပြစ်ရှိတယ်။ ကျူးလွန်စေလိုတဲ့ စေတနာနဲ့ဆို အပြစ်မရှိဘူးလား၊ ရှိလား။ ဝိကာလဘောဇနာ ဆိုတဲ့ သိက္ခာပုဒ်က သိပ်ကြောက်စရာကောင်းတာ။

ဘုန်းကြီးတို့ အခု ထမင်းစားတယ်၊ သံဃာတွေဆို ဆွမ်းစားပြီးရော၊ စားပြီးတော့ သွားကြိုသွားကြားထဲမှာ ဘာတွေနဲ့ ဘာတွေ ညပ်ညပ်နေတာ မရှိဘူးလား။ အဲဒါတွေကို ၁၂ နာရီမထိုးခင်မှာ သွားတိုက်ချင်တိုက်၊ မတိုက်ဘဲနဲ့ နေလိုက်လို့ရှိရင် အဲဒီညပ်နေတာက ၁၂ နာရီကျော်ရင် သွားကြိုသွားကြားကနေ ကျသွားတော့ ဝမ်းခေါင်းထဲ ဝင်သွားရင် အဲဒါ သိက္ခာပုဒ် ပျက်သွားရော။

ကိုရင်တွေဆို ဒဏ်ကြီးတယ်။ ဦးပဥ္စင်းတွေဆို အာပတ်သင့်တယ်။ ယောဂီတွေဆို အဲဒါ ဝိကာလဘောဇနာ သိက္ခာပုဒ် ပျက်တာပဲ။ ကဲ စေတနာ ပါလား။ စေတနာ မပါလည်း ကျတာပဲ။ သူက အပြစ်ရှိတာပဲ။ စေတနာနဲ့တကွ လွန်ကျူးရင်တော့ ဆိုဖွယ်ရာရှိဦးမလား၊ မရှိဘူး။ အဲဒါကြောင့် သွားတိုက်ရတာ။

ဥပုသ်သည်တွေမှာ သွားမတိုက်လို့ရှိရင် သွားကြိုသွားကြားကနေ မွန်းလွဲလိုက်လို့ ကျသွားလို့ရှိရင် အဲဒါတွေ မျိုချလိုက်လို့ရှိရင် သွားပြီ။ စားလိုတဲ့စေတနာ မပါရင်တောင် သိက္ခာပုဒ်ပျက်သွားတယ်။ စားလိုတဲ့ စေတနာနဲ့ စားရင်တော့ သိက္ခာပုဒ် ပိုမပျက်သွားဘူးလား။ ကဲ ငရဲလည်းမကျဘူးလား။ ကျတယ်။ အဲဒီတော့ သီလက အရေးမကြီးဘူးလား။

သီလဆိုတာ ဘာနဲ့တူသလဲဆိုတော့ "မြေကြီးနဲ့ တူတယ်"။ သီလတည်းဟူသော မြေကြီးမှာတည်ပြီးတော့မှ အခု အိမ်တွေ၊ ကျောင်းတွေ၊ ဘုရားတွေ၊ တန်ဆောင်းတွေ မတည်ရဘူးလား။ သီလမရှိရင် ဒါတွေ တည်လို့ ဆောက်လို့ ရဦးမလား။ အခု စားပင်သောက်ပင်တွေ ဘယ်မှာစိုက်လဲ၊ မြေကြီးပေါ်မှာ စိုက်တယ်။

အဲဒါ ကုသိုလ်သစ်ပင်တွေ ဘယ်မှာစိုက်လဲ၊ သီလမြေကြီးပေါ်မှာ စိုက်တယ်။ သီလမြေကြီးမရှိရင် ကုသိုလ်သစ်ပင်တွေ စိုက်လို့မရတော့ဘူးဆိုတော့ သီလမြေကြီး အရေးမကြီးဘူးလား။

အဲဒါကြောင့် ဘာမဟုတ်တာလေးနဲ့ ဘုန်းကြီးတို့ ပရိသတ်တွေ သီလ အပျက်မခံနဲ့။ အေး. . . မိတ်ကပ်တွေ ဘာတွေ သွားမလူးနဲ့။ ဒါတွေက ဘုန်းကြီးတို့က ကြားဖူးနေတယ်။ ဟိုမှာ ဒီမှာ လူးတာတွေ တွေ့ဖူးနေတာ။ ဟို အဘွားကြီးတောင် လူးနေတာ၊ အဘွားငယ်ကပါ လိုက်လူးကုန်ရော၊ မလုပ်နဲ့။

အရက်အစောဆုံးက ၄ နာရီခွဲ၊ အရုဏ် နောက်အကျဆုံးက ၅ နာရီ၊ တန်ခူးလဆို အရုဏ် ၅ နာရီမှ တက်တာဆိုတော့ အခု ယောဂီဒီမှာရောက်နေတာ စားလို့ရသေးလား။ ဒါပေမဲ့ အိပ်ရာနိုးနိုးချင်း "ကြွပ်ရွပ် ကြွပ်ရွပ်" ဆိုပြီး ကြွပ်ကြွပ်အိတ်ထဲ နှိုက်စားကုန်ရော။ ကြွပ်ကြွပ်အိတ် နှိုက်သလိုလို ဘာလိုလိုနဲ့လေ။ သူက မုန့်ကြွပ်တွေ စားနေတာ၊ သွားမလုပ်နဲ့၊ အဲဒါ သိက္ခာပုဒ်ပျက်တယ်နော်။





www.burmeseclassic.com

www.burmeseclassic.com

"သီလေ စတုပါရိ သုဒ္ဓိသီလ - လေးဖြာသိက္ခာ သီလ ဟူသမျှ၌၊ ပတိဋ္ဌာယ - အစဉ်မပြတ် ရှိချင်လတ်သဖြင့် မားမားမတ်မတ် ရပ်နားတည်နေပြီး၍၊ သီလမှာ တည်ရမယ်။ ပထမရှိထားရမှာက ဘာလဲဆိုတော့ ဘုန်းကြီးတို့ ပဋိသန္ဓေပညာ၊ ဝီရိယ၊ အချိန်ကာလ နားလည်တဲ့ပညာ၊ သံသရာဘေး ရှုတဲ့ပညာ။ ပြီးတော့မှ သီလမှာမှီ၊ သီလမှာတည်။ တည်ပြီးတော့မှ "စိတ္တဉ္စ - အာရုံအများ လှုပ်လေငြားလည်း ကျောက်သားတိုင်လို ယိုင်မလဲဘဲ ခိုင်မြဲရှိမှတ် သမာဓိစိတ်ဓာတ်"။

အဲဒီ သမာဓိစိတ်ဓာတ်ဆိုတာ အခု ယောဂီတွေ ဒီမှာ "ရုပ် ရုပ်" နဲ့ မရှုဘူးလား။ နှာသီးဝ၊ နှုတ်ခမ်းဝ "ရုပ် ရုပ်" နဲ့ ရှုနေရင်း အဘွားကြီးတစ်ယောက် မြင်ပြီတဲ့။ အရှုမပျက်ဘူးဆိုရင် အဲဒါ သမာဓိ။ ဟိုအာရုံက ကိုယ့်ကို မလှုပ်ဘူးလား၊ လှုပ်တယ်။ အရှု မပျက်ရင် အဲဒါ သမာဓိလို့ ခေါ်တယ်။

တစ်ခါတည်း အသုဘတွေ့လည်း အရှု မပျက်ဘူး။ နတ်တွေ့လည်း အရှုမပျက်ဘူး။ မိန်းမတစ်ယောက် လာတာတွေ့လည်း အရှုမပျက်ဘူး။ အဲဒါကို သမာဓိလို့ခေါ်တာ။ အာရုံတွေက လှုပ်ပေမယ့် ကိုယ့်အာရုံက လွတ်မသွားတာကို ခေါ်တယ်။ အသံတစ်သံ ကြားတယ်။ ကြားမှန်းသိပေမယ့် အရှုမပျက်ဘူး။ အနံ့တစ်ခု နံတယ်။ အရှုမပျက်ဘူး။ ကိုယ့်ကို လူတစ်ယောက်က လာပြီးတော့ ဆွဲလိုက်သလိုလို၊ လှုပ်လိုက်သလိုလို၊ ထွေးလိုက်သလိုဖြစ်တယ်။ အရှုမပျက်ဘူး။ အဲဒါကို သမာဓိလို့ ခေါ်တယ်။

ဘာသံမှ မကြားတာကို ခေါ်တာမဟုတ်ဘူး။ စိတ်ဘယ်မှမရောက်တာကို ခေါ်တာမဟုတ်ဘူး၊ ရှုတယ်၊ သိတယ်၊ အရှုမပျက်ဘူး။ ဒါကို သမာဓိခေါ်တာ။ ဒါကြောင့် ဒီမှာ ကျောက်တိုင်ကြီးအရှေ့က လေလာလည်း မလှုပ်ဘူး။ တောင်က လေလာလည်း မလှုပ်ဘူး။ မြောက်က လေလာလည်း မလှုပ်ဘူး။ အနောက်က လေလာလည်း မလှုပ်ဘူး။ ငြိမ်မနေဘူးလား။

ကိုယ်လည်း ခု ဒီလိုပဲ။ ကိုယ့်အရှုခံလေးကနေ ကိုယ်က ငြိမ်နေပြီးတော့ ကြားတယ်၊ မလွတ်ဘူး။ မြင်တယ်၊ မလွတ်ဘူး၊ အနံ့တစ်ခု နံတယ်၊ မလွတ်ဘူး။ အသံဗလံ ကြားတယ်၊ မလွတ်ဘူး။ ကိုယ့်ကို တစ်စုံတစ်ယောက်က လာထိတယ်၊ မလွတ်ဘူး၊ အဲဒါ သမာဓိပဲ။ ဒီနေရာမှာ ဒီသမာဓိကို လိုတယ်။

ဒါကြောင့် "စိတ္တဉ္စ - အာရုံအများ လှုပ်လေငြားလည်း ကျောက်သားတိုင်လို ယိုင်မလဲဘဲ ခိုင်မြဲရှိမှတ် သမာဓိစိတ်ဓာတ်ကိုလည်းကောင်း၊ ပညဉ္စ - အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ကြည့်ရှုဆင်ခြင် ဝိပဿနာပညာကိုလည်းကောင်း"၊ ဝိပဿနာပညာက မမြဲတဲ့အနိစ္စ၊ ဆင်းရဲတဲ့ဒုက္ခ၊ အစိုးမရတဲ့ အနတ္တကို မြင်မှ ဝိပဿနာ ပညာလာသည်။ ဒီတော့ ဟိုဘက်က လေးခု မရှိဘူးလား။ တိဟိတ်ပဋိသန္ဓေပညာရယ်၊ ဝီရိယရယ်၊ အချိန်ကာလကို နားလည်တဲ့ပညာရယ်၊ သံသရာဘေး ရှုတဲ့ပညာရယ် လေးခု မလာဘူးလား။ ဒီမှာက သီလမှာတည်၊ သီလမှာမှီပြီးတော့ သမာဓိမှာတည်၊ သမာဓိမှာမှီ နှစ်ခု မလာဘူးလား။ နောက် ရုပ်၊ ရုပ်နဲ့ရှုတဲ့ပညာ၊ ရုပ်လို့ရှုရင် အနိစ္စကိုလည်း မတွေ့ဘူးလား၊ ဒုက္ခကိုလည်း မတွေ့ဘူးလား၊ အနတ္တကိုလည်း မတွေ့ဘူးလား။ အဲဒါကြောင့် ဟိုဘက်ကဟာတွေ မပါဘဲနဲ့ ရှုရုံသက်သက်နဲ့ တရားရမှာလား။ မရဘူး။

ဒါကြောင့်မို့ "ပညဉ္စ - အနိစ္စ ဒုက္ခ အနတ္တဟု ရှုတဲ့ ဝိပဿနာ ပညာကိုလည်းကောင်း၊ ဘာဝယံ၊ ဘာဝယံတော - တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်အောင်" ကဲ . . . အားထုတ်တဲ့ ပထမရက်နဲ့ ဒုတိယရက် ဘယ်သူက ရင့်လဲ၊ ဒုတိယရက်။ ဒုတိယရက်နဲ့ တတိယရက် ဘယ်သူက ရင့်လဲ၊ တတိယရက်။ ရှုရင် ရင့်ကိုရင့်တာ။ မရင့်ဘဲ မနေဘူး။ တတိယရက်နဲ့ စတုတ္ထရက်၊ စတုတ္ထရက်။ စတုတ္ထရက်နဲ့ ပဉ္စမရက်၊ ပဉ္စမရက်။ ပဉ္စမရက်နဲ့ ဒီနေ့ ဆဋ္ဌမရက် ဘယ်သူက ရင့်သလဲ။ ဆဋ္ဌမရက်။

တချို့ ဘယ်လိုပြောသလဲဆိုရင် "တပည့်တော်တို့မှာ အခု နာတာ၊ ကျဉ်တာတွေ မရှိတော့ဘူးဘုရားတဲ့၊ အားထုတ်လို့ ကောင်းသွားပြီတဲ့ ဘုရား"ဆိုတော့ အဲဒါ ရှုလို့ ရင့်လာတာ။ ခုနက တရားတွေပေါ်မှာ တည်ပြီးတော့ မှီပြီးတော့ အခု ရှုနေမယ်ဆိုရင် "ပညဉ္စ - အနိစ္စ ဒုက္ခ အနတ္တဟု ရှုတဲ့ ဝိပဿနာပညာကိုလည်းကောင်း၊ ဘာဝယံ - ဘာဝယံတော တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်အောင်၊ တစ်ဆင့်ထက် တစ်ဆင့် မြင့်သထက်မြင့်အောင်၊ အဆင့်ပုံသေ ရှုပွားနေသည်ရှိသော်" တဖြည်းဖြည်း ရှုရတာနော်၊ အခုပြောသလို ရှုမယ်ဆိုရင် "နတ်သား၊ ဣမံဇဋံ - လောကလုံးတွင် အသုံးဝင်၍ ထုံးပွေလိမ်ပွေယှက်မြွေး ဒီတဏှာတည်းဟူသော အရှုပ်အထွေးကို၊ ဝိဇဋယေ - မပွေမရှုပ်၊ အခြေပြုတ်အောင် ဖြေထုတ်နိုင်ရာပါသတည်း"။

အဲဒါ ကြခတ်ရုံပမာ ရှုပ်တဏှာကို ရှင်းတဲ့နည်း၊ ဟုတ်ပြီလား။ ကဲ တရားက ခက်တာလား၊ ကိုယ့်မှာ ရှိသင့်တဲ့တရား ရှိနေဖို့က ခက်တာလား။ ဒီတဏှာအရှုပ်ရှင်းတာ ဘာမှမခက်ဘူး။ ကိုယ့်မှာရှိသင့်တဲ့တရား၊ ဘည်သင့်တဲ့တရား တည်ဖို့ပဲ ခက်တယ်နော်။ အဲဒါကြောင့် ကိုယ့်မှာပြည့်စုံအောင် တရားတွေ ကိုယ်သိထားရမယ်။

ဘာရှိထားရမလဲဆိုတော့ "ကမ္မဇပဋိသန္ဓေပညာ - ဒီပညာကလည်းပဲ ထားလိုက်တော့၊ အတိတ်တုန်းက ပါလာခဲ့တဲ့ပညာဆိုတော့ အခုမပါရင် တတ်နိုင်လား။ ဒီပညာရှိတယ်၊ မရှိဘူးလား ဆိုတာ ဘုန်းကြီးတို့က ရှုကြည့်မှသိတာ။ မရှုကြည့်ဘဲနဲ့ မသိနိုင်ဘူးနော်။ ရှုကြည့်မှသိတယ်ဆိုတော့၊ ဒီဘက်ဘဝမှာ တရားမရဘူးဆိုရင်တော့ ငါသည် ဒွိဟိတ်ပဲ။ ဒီလိုပဲပြောလို့ရမယ်။ ရှုလို့ရရင် တိဟိတ်။ ဒွိဟိတ်လား၊ တိဟိတ်လား





www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ရှုကြည့်မှ သိတယ်။ ရှုကြည့်လို့ ဒီဘက်ဘဝမှာ တရား မရလို့ရှိရင် ငါ ဒွိဟိတ်ပဲ။

ဒါပေမဲ့လို့ တရားမရတော့ ရှုံးလား။ တရားမရပေမယ့် လို့ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်မှာ အကျိုး(၁၂)ချက်၊ ပထမ အရွယ်မှာ အားထုတ်လို့ ပထမအရွယ်မှာရမယ်။ ဒုတိယ အရွယ်မှာအားထုတ်ရင် ဒုတိယအရွယ်မှာရမယ်။ တတိယ အရွယ်မှာအားထုတ်ရင် တတိယအရွယ်မှာရမယ်။ သို့မဟုတ် ပထမ၊ ဒုတိယ၊ တတိယအရွယ် တစ်ရွယ်ရွယ်မှာ ဖျားနာစဉ် မှာ ရမယ်။ ဟုတ်ပြီလား။ သို့မဟုတ်ရင်လည်း သေခါနီးဆဲ ဆဲမှာ ရမယ်လို့ လှုပြည်မှာ ဘယ်နှဌာနလဲ။ ငါးဌာန။ သေခါ နီးဆဲဆဲမှာ ရှုရင်းနဲ့ တရားမရရင် သေပြီးနောက် နတ်ပြည် ရောက်မသွားဘူးလား။

ကဲ တရားအားထုတ်ရတာ ရှုံးလား၊ သေခါနီးဆဲဆဲ မှာ မရလို့ရှိရင် ရှုရင်းနဲ့ နတ်ပြည်ရောက်သွားမယ်။ နတ်ပြည် ရောက်တော့ နတ်ပြည်ရောက်သွားလို့ တရားထူးရနိုင်တယ်။ နတ်ပြည်ရောက်ပြီးမှ တရားထူး မရလို့ရှိရင် တန်ခိုးကြီးတဲ့ နတ်၊ ရဟန္တာက လာပြီးတော့ တရားဟောလို့ တရားထူးရနိုင် တယ်။ အဲဒါမှမရလို့ရှိရင် နတ်သား ဓမ္မကထိက တရားဟော လို့ ရနိုင်တယ်။ အဲဒါမှ မရလို့ရှိရင် ဓမ္မမိတ်ဆွေနတ်သား၊ နတ်သမီးအချင်းချင်း သတိပေးလို့ ရနိုင်တယ်ဆိုပြီး နတ်ပြည် မှာ လေးဌာနဆိုတော့ စုစုပေါင်း ကိုးဌာန၊ အဲဒါမှ ရချင်ရ။ နတ်ပြည်ဘဝမှ စုတေလို့ရှိရင် တစ်ခုသောသာသနာတွင်းမှာ ရနိုင်တာ တစ်ဆယ်ဌာန။ အဲဒါမှ ရချင်ရ။ ဒီသာသနာတွင်း ကုန်သွားလို့ နောက်သာသနာမရောက်သေးရင် ပစ္စေကဗုဒ္ဓ ဖြစ်နိုင်တာ။ တစ်ဆယ့်တစ်ဌာန။ အဲဒါမှ မရလို့ရှိရင် နောက် ဘုရားသာသနာမှာ လက်ဦးစွာဖူးတွေ့ပြီးတော့မှ တစ်ကြိမ်ပဲ ဘုရားဖူး၊ တစ်ကြိမ်ပဲ တရားနာပြီးတော့မှ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ စသည်ဖြစ်နိုင်တယ်။ ဒီဘဝ တော့ ဒွိဟိတ်ဖြစ်ဦးတော့ အဲဒီကျေးဇူးတွေ မရနိုင်ဘူးလား။

အေး . . ဒီဘဝမှာ တိဟိတ်ဖြစ်ပင်ဖြစ်သော်လည်း အားမထုတ်လို့ရှိရင် ရဦးမလား။ တိဟိတ်ဖြစ်လည်း အား မထုတ်ရင် မရဘူးနော်။ ဘုန်းကြီးတို့ ပြောခဲ့ဖူးတာရှိတယ်။ မဟာစန သူဌေးသားဇနီးမောင်နှံ၊ ယောကျာ်းမှာ ရဟန္တာဖြစ် နိုင်တယ်၊ မိန်းမက အနာဂါမ်ဖြစ်နိုင်တယ်၊ ကဲ ပါရမီ မပါဘူး လား။ ဒါ ဘာပုဂ္ဂိုလ်လဲဆိုရင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်သော်လည်း ပျော်ပါး၊ လောင်းကစား၊ အသောက်အစားတွေနဲ့ အချိန်ကုန် သွားတဲ့ အချိန်အခါကျတော့ အခုဆိုရင် ဘယ်အပယ်ရောက် နေမှန်းတောင် မသိတော့ဘူး။ ရဟန္တာပုဂ္ဂိုလ်ဖြစ်သေးလား။ အနာဂါမ်ပုဂ္ဂိုလ် ဖြစ်မယ့်ပုဂ္ဂိုလ် ဖြစ်သေးလား။ မိတ်ကောင်း၊ ဆွေကောင်း၊ ဆရာကောင်း၊ သမားကောင်းတွေနဲ့ မကြုံလို့ တရားအားမထုတ်ဖြစ်လို့ မရဘူး။ အဲဒါကြောင့်မို့လို့ အရေး ကြီးတာက ဒီကမ္ဘာ့ပဋိသန္ဓေပညာ မရှိချင်၊ ရှိချင် ဆိုတာကို

ထားလိုက်တော့၊ ကိုယ်မသိနိုင်ဘူး၊ ဘုရားမှ သိမယ်။ ဟုတ် ပြီလား။

ကိုယ့်အတွက်ကတော့ လက်ရှိ ရှိထားရမှာကတော့ အတာပီ ဝီရိယ မရှိရဘူးလား။ အချိန်ကာလ နားလည်တဲ့ ပညာလည်း မရှိရဘူးလား။ သံသရာဘေးလည်း မကြည့်ရ ဘူးလား။ ဒီအထဲမှာ အိုချင်တဲ့သူ၊ နာချင်တဲ့သူ၊ သေချင်တဲ့ သူ ဘယ်နှယောက်ပါလဲ။ ဒီဘေးတွေ ကိုယ့်မှာ မရှိဘူးလား။ ဒီတော့ သားတွေ သမီးတွေ ဆွေမျိုးတွေနဲ့ နေလို့ အားမရ သေးခင် ပြည့်စုံပြီဆိုလည်းဆိုရော သေမင်းကခေါ်၊ ရှိတာ အကုန်ထားခဲ့ ဘာပါသွားသေးလဲ။ ဒီဘေးက တစ်ဘဝသင့် တာလား၊ ဘဝတိုင်းသင့်တာလား။ မျက်ရည်ကြီးငယ်ကျပြီး တော့မှ သင့်ရတဲ့ဘေးကြီး၊ ဟုတ်ပြီလား။

အဲဒီဘေးတွေ ကျွတ်ချင် လွတ်ချင်တယ်ဆိုရင် သံသ ရာဘေးကို ရှုရတဲ့ပညာ ရှိဖို့မလိုဘူးလား။ ပြီးတော့မှ "သီလေ စတ္ဌပါရိသုဒ္ဓိသီလ၊ သိက္ခာပုဒ်တို့၌" လူဆို အနည်းဆုံး ငါးပါး သီလရှိရမယ်။ ငါးပါးသီလရှိမှ ဥပါသကာလို့ ခေါ်တယ်။ အဲဒီ တော့ တတ်နိုင်ရင် ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ မရှိဘူးလား။ ရှင်တွေကျတော့ ရှင်သီလ၊ ရဟန်းမှာတော့ ရဟန်းသီလ ရှိပြီးတော့ အဲဒီသီလမှာ တည်ပြီးတော့မှ "စိတ္တဉ္စ အာရုံအများ လှုပ်လေငြားလည်း၊ ကျောက်သားတိုင်သို့ ယိုင် မလဲဘဲ၊ ခိုင်မြဲရှိမှတ် သမာဓိစိတ်ဓာတ်" ဆိုတော့ ရှုပ်လို့ ရှုလိုက်ကတည်းက သမာဓိပါနေပြီ။

ဒီသမာဓိက ဘာသမာဓိလဲဆိုတော့ ခဏိကသမာဓိ။ ခဏိကသမာဓိဆိုတာ ဆိုပါတော့ တိုးသဘောလေးက ကြာ ရှည်တည်လား။ တစ်တိုးပဲ တည်တယ်။ တစ်တိုးပေါ်မှာ တစ်သိကလေး သိတယ်ဆိုတာက ရုပ်လို့ရှုလိုက်တာက တစ်သိ၊ တိုးတာက တစ်တိုး၊ ဒီက ရုပ်လို့ရှုလိုက်တာက တစ်သိ၊ အဲဒီ တစ်သိထဲမှာ သမာဓိက ပါနေပြီ။ ဟိုက တိုးတာလေး ရုပ်လို့ရှုလည်းရှု၊ တိုးတာလေး ရှိသေးလား။ တိုးတဲ့အာရုံမှ မရှိသေးဘဲနဲ့ သိတဲ့အသိကလေးက ရှိသေးလား၊ တည်ကြည် တဲ့ သမာဓိရှိသေးလား၊ မရှိတော့ဘူး။ ပျက်သွားပြီ။

နောက်တစ်ခါ တစ်ခါတိုးလို့ရှိရင် တစ်ခါ မသိဘူးလား။ သိပြန်တော့ သမာဓိမပါပြန်ဘူးလား။ အဲဒီလို တစ်တိုးတစ်သိ၊ တစ်တိုးတစ်သိ အမြဲသိနေရင် သမာဓိ၊ ခဏိကသမာဓိ၊ ဝိပ သာနာ သမာဓိက ဒါပဲ။ အေးတာလေး အစ်ချက်သိသွားရင် "အေးတာလေး ရုပ်" လို့ တစ်ချက်မရှုဘူးလား။ နောက်တစ်ခါ "နွေးသွားလည်း ရုပ်" လို့ တစ်ချက်မရှုဘူးလား။ နွေးတဲ့အာရုံ အေးတဲ့အာရုံ ပြောင်းနေပေမယ့်လည်း နွေးတိုင်းလည်း မသိ ဘူးလား။ အေးတိုင်းလည်း မသိဘူးလား။ သိတဲ့အထဲမှာ ခဏိကသမာဓိပါတယ်။ အာရုံက ခဏလေးတည်ခြင်းကြောင့် ဒီသမာဓိလည်း ခဏပဲ။ အဲဒါကြောင့် ခဏိကသမာဓိလို့ခေါ် တာ။



www.burmeseclassic.com

www.burmeseclassic.com

ဟို သမထသမာဓိနဲ့ လူတွေက မကွဲလို့။ သမထဆိုတာက ဥပမာ - ဒီမှာ မြေကြီးတွေသုတ်၊ ဒီလောက်အဝိုင်းလေး မြေကြီးတွေသုတ်ပြီးတော့ ဒါ ဘာလို့ခေါ်လဲဆိုတော့ ပထဝီလို့ခေါ်တယ်။ မြေကြီးအဝိုင်းလေး မရှိဘူးလား။ သမထကျတော့ "ပထဝီ၊ ပထဝီ၊ ပထဝီ" ဆိုတာ ပြောင်းရဦးမလား။ ဒီအာရုံ ပြောင်းရဦးမလား။ ဒီအရှုခံအာရုံလည်း မပြောင်းနဲ့။ ဆိုတာလည်း မပြောင်းနဲ့။ ကြိယာပုတ်လည်း မပြောင်းနဲ့။ တခြားစိတ်လည်း မဝင်စေနဲ့။ အဲဒါ သမထ။

ကဲ. . . ဝိပဿနာကျတော့ အာရုံက ဘယ်လိုနေလဲ။ ကဲ ဒီမှာတိုးမယ်။ ရုပ်လို့ ရှုလိုက်တယ်။ ရှိသေးလား။ နွေးတယ်။ ရုပ်လို့ ရှုလိုက်တယ်။ ရှိသေးလား။ မရှိတော့ဘူး။ ဒီသမာဓိအာရုံနဲ့ သမထအာရုံနဲ့ တူသေးလား။ ဒါကြောင့် ခုနကလည်း ဒါပဲ၊ ခုလည်းဒါပဲ။ စိတ်ပြောင်းရဦးမလား။ ဒီကျတော့ စိတ်ပြောင်းချင်လည်းပြောင်း၊ ပြောင်းတဲ့စိတ်ကို ဘယ်လိုရှုရမလဲ။ နာမ်မရှုဘူးလား။ အေးသွားလည်းရုပ်၊ နွေးသွားလည်းရုပ်၊ တိုးသွားရင်လည်းရုပ်၊ နာသွားရင်လည်း ရုပ်ပဲ။ ဒါပဲ၊ သူက အာရုံနောက်ပဲ။ ဒီမှာ အာရုံတစ်မျိုးပဲ၊ ရှုတာကလည်း တစ်မျိုးတည်းပဲ။ ကြိယာပုတ်လည်း တစ်မျိုးတည်းပဲ။ မပြောင်းနဲ့ဆိုတာ သမထကိုပြောတာ၊ ဝိပဿနာကို ပြောတာ မဟုတ်ဘူး။ အဲဒါ သမထနဲ့ ဝိပဿနာ ရောနေလို့ မပြောင်းရဘူးလို့ ရောချလိုက်တာနော်။ မဆိုင်ဘူး။ မတူဘူး။

**တဏှာကွယ်နိဗ္ဗာန**

တဏှာကုန်လို့ရှိရင် နိဗ္ဗာန်တဲ့။ ကဲ ဒီတဏှာအရှုပ်ရှင်းသွားပြီဆိုတော့၊ ဒီတဏှာက ဒီခန္ဓာကြီးပေါ်မှာ တွယ်သေးလား၊ ရှုပ်သေးလား၊ ရှိသေးလား။ အေး. . . တဏှာရှင်းသွားရင် ဘာရှင်းသွားလဲ။ ဥပါဒါန် ရှင်းသွားတယ်။ ဥပါဒါန်ရှင်းသွားတော့ နောက်က ကမ္မဘဝ ရှင်းသွားတယ်။ ကမ္မဘဝရှင်းသွားရင် နောက်က ဇာတိလာဦးမလား။ ဇာတိမလာရင် ဇရာလာဦးမလား။ ဇရာ မလာရင် မရဏ လာဦးမလား။ အဇာတိနိဗ္ဗာန်၊ အဇရာနိဗ္ဗာန်၊ အမရဏနိဗ္ဗာန်၊ တဏှာအရှုပ်ရှင်းရင် နိဗ္ဗာန်ရောက်ပြီ။

အဲဒါကြောင့် ဒီတဏှာအရှုပ်ကို ခုပြောခဲ့တဲ့ အင်္ဂါတွေနဲ့အညီ ဘုန်းကြီးတို့ ပရိသတ်တွေက ရှုနိုင် ပွားနိုင် အားထုတ်နိုင်ခဲ့ရင် ဒီတဏှာအရှုပ်က တဖြည်းဖြည်း မရှင်းဘူးလား။ တဖြည်းဖြည်း ရှင်းလာတယ်။ မလုပ်ဘဲနေရင် ပိုပိုမရှုပ်ဘူးလား။ ပိုပိုရှုပ်လာမယ်။

အဲဒါကြောင့်မို့လို့ ဒီတဏှာအရှုပ်ကို အခုပြောခဲ့တဲ့ အင်္ဂါတွေနဲ့အညီ ရှုနိုင်၊ ပွားနိုင်၊ ရှင်းနိုင်သဖြင့် တဏှာအရှုပ်ကိုရှင်း၍ တဏှာအကုန် နိဗ္ဗာန်သို့ ရောက်ကြပါစေကုန်သော်လို့ ဆုတောင်းရင်း နိဂုံးချုပ်ကြစို့။

(ပြီး)

❐ မွေ့ဒူတ အရှင်ပညာဇောတ


# ဆရာဦးအောင်ကြည်သန်း

## B.Sc (Bot)

**လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်**

◎ ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတပ်ပါးမဲကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန်၊ ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပံ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

**ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉ ၄၉၂၈၅၀၀၀**

**ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။**

www.burmeseclassic.com

# နဂါးအော်သံလွှမ်းတဲ့ တောင်ခြေသို့

ကိုအေးမြင့် (ပဟာဝိဇ္ဇာ ရေး-သ)

အခုတစ်လော ဖွံ့ဖြိုးတိုးတက်ပြီး စည်ပင်ကြွယ်ဝလှတဲ့ နိုင်ငံများထက် သဘာဝပတ်ဝန်းကျင် အခြေအနေတွေ မပျက်ယွင်းလှသေးတဲ့ နိုင်ငံလေးတွေကို သွားရောက်လည်ပတ်ချင်စိတ်တွေ ပေါ်ပေါက်နေရဲ့။

အဲဒီမှာတင် နီပေါနဲ့ဘူတန်နိုင်ငံလေး နှစ်နိုင်ငံကိုတွဲပြီး လည်ပတ်နိုင်တဲ့ ခရီးစဉ်တစ်ခုကို သတင်းစာထဲမှာ တွေ့လိုက်ရတယ်။ ကွယ်လွန်သွားပြီဖြစ်တဲ့ အစ်ကိုက ဘူတန်ဘုရင်နဲ့ သူငယ်ချင်းဖြစ်ခဲ့ဖူးလို့ခဏခဏပြောခဲ့တော့၊ လူတွေ သိပ်မသိသေးတဲ့ ဘူတန် (Bhutan) ဆိုတဲ့ နိုင်ငံလေးအကြောင်းကို စတင်လေ့လာမိတယ်။

## ဘူတန်ဆိုတဲ့ ဘုရင့်နိုင်ငံလေး

ဘူတန်ဆိုတာ အာရှအလယ်ပိုင်းရဲ့ တောင်ဘက်၊ ဟိမဝန္တာတောင်တန်းရဲ့ အရှေ့ဖျားက မဟာဟိမဝန္တာရဲ့ တောင်စဉ်တောင်တန်းတွေနဲ့ သီးခြားမဟုတ်ဘဲ တစ်ဆက်တည်းရှိနေတဲ့ တောင်ကုန်းတန်းနိုင်ငံလေးပါ။ သူ့ရဲ့တည်နေရာဟာ တောင်ဘက်မှာ အိန္ဒိယရဲ့ အာသံ-ဘန်ဂေါ လွင်ပြင်၊ မြောက်ဘက်မှာတရုတ်ပြည် အနောက်တောင်ဘက်ပိုင်းရဲ့ တိဗက်ကုန်းပြင်မြင့်တို့ ရှိနေကြတယ်။ အရှေ့ဘက်မှာ အိန္ဒိယရဲ့ (Arunachal Pradesh)နဲ့၊ အနောက်တောင်မှာ (Sikkim)ပြည်နယ်နဲ့လည်း ထိစပ်နေရဲ့။ ဘူတန်မြောက်ဘက်နဲ့ အနောက်ဘက်နယ်ခြားတွေဟာ တရုတ်ပြည်ရဲ့အစိတ်အပိုင်း တိဗက်နဲ့ ဆက်စပ်နေတယ်။ ဒါ့ကြောင့်လည်း စဉ်းစားစရာ ပထဝီဝင် နိုင်ငံရေးထူးခြားမှုတွေ ရှိနေရဲ့။




ဘူတန်ဘုရင့်နိုင်ငံလေးရဲ့ တည်နေရာပြ မြေပုံ



ရတနာတွေဆုပ်ကိုင်ထားတဲ့ နဂါးဖြူပါတဲ့ ဘူတန်နိုင်ငံရဲ့ အမျိုးသားအလံ

## ဘူတန်အမျိုးသားအလံတော်

ဘူတန်ရဲ့ သီးခြားဆန်မှုနဲ့ ပင်လယ်ကမ်းရိုးတန်း မရှိမှုဟာ နယ်မြေအဝန်းအဝိုင်းကို ကန့်သတ်နေပြီး အမျိုးသားအလံလည်း လိုအပ်နေခဲ့တာပေါ့။ ဘူတန်အမျိုးသားအလံရဲ့ အနံနဲ့ အလျားကတော့ ၂း၃ ရှိရဲ့။ ထောင့်မှန်စတုဂံပုံအလံကို အလယ်ကနေ ထောင့်နှစ်ထောင့်ကို ကန့်လန့်ဖြတ် မျဉ်းနဲ့ နှစ်ပိုင်း ဖြတ်ပိုင်းထားတယ်။ အပေါ်တစ်ပိုင်းက အဝါရောင် သန်းတဲ့လိမ္မော်၊ အောက်တစ်ပိုင်းက လိမ္မော်နီ။ အဲဒီ ဖြတ်မျဉ်းပေါ် အလယ်လောက်မှာတော့ အဖြူရောင်နဂါးတစ်ကောင်။ ဒါပါပဲ။


ရိုးရာအဆိုအရ ဘူတန်ရဲ့များစွာသော တောင်နဲ့တောင်ကြားတွေမှာ ပဲ့တင်ထပ်နေတဲ့ မိုးခြိမ်းသံတွေဟာ နဂါးအော်သံတွေပါတဲ့။ ဒါ့ကြောင့်လည်း သူတို့ပြည်ကို မူရင်းဘာသာစကားနဲ့ "မိုးကြိုးနဂါးရဲ့မြေ"(Land of the Thunder Dragon)လို့ဆိုကြတယ်။ ဒါပေမဲ့ သူတို့နဂါးရုပ်က အိမ်နီးချင်း တရုတ်ပြည်ကြီးရဲ့ လွှမ်းမိုးအရိပ်သန်းတဲ့ တရုတ်နဂါးပုံပါ။ နဂါးရဲ့ လက်လေးဖက်က လက်သည်းစွယ်တွေမှာ ရတနာခဲတွေကို ဆုပ်ကိုင်ထားတာပဲ ထူးခြားတယ်။

အမျိုးသား ချမ်းသာကြွယ်ဝရေးနဲ့ ပြည့်စုံစေရေးအတွက်ပါတဲ့။ မူလနဂါးဟာ အစိမ်းရောင်ပါ။ ခုတော့ ကွဲပြားခြားနားတဲ့ လူမျိုးစုတွေရဲ့ ရိုးသားသန့်စင်မှုနဲ့ ဂုဏ်သိက္ခာရှိမှုကို သင်္ကေတပြုဖို့ အဖြူရောင်ကို ပြောင်းလိုက်တယ်။ လိမ္မော်ဝါရောင်အခြမ်းက အစိုးရအဖွဲ့ရဲ့ဦးသျှောင် ဘုရင့်ဩဇာအာဏာဖြစ်ပြီး၊ လိမ္မော်နီရောင်ကတော့ နိုင်ငံတော်ဗုဒ္ဓဘာသာရေးဂိုဏ်းတွေကို ကိုယ်စားပြုနေတာပါလို့ အစိုးရက တရားဝင်



www.burmeseclassic.com

www.burmeseclassic.com




ဘူတန်နိုင်ငံရှိဒေသတွေမှာ
လူဦးရေနေထိုင်မှုအထူအပါးကို ပြထားတဲ့ပုံ


ဖော်ပြခဲ့တယ်။ ဒီအလံ ဘယ်တုံးကစတင်ခဲ့လဲဆိုတာ မသိကြပေမယ့် ကုလသမဂ္ဂအဖွဲ့ထဲကို မိတ်ဆက်ဝင်ရောက်ခဲ့တဲ့ ၁၉၇၁ ခုနှစ်လောက်မှာတော့ ပေါ်နေခဲ့ပါပြီ။

## ဘူတန်ဘုရင့်နိုင်ငံတော်ရဲ့ မြေအပြင်

ဘူတန်ကို မြေရဲ့သွင်ပြင်အရ မြောက်ဘက်ကနေ တောင်ဘက်အထိ နယ်မြေသုံးပိုင်းပိုင်းလို့ ရတယ်။ ဟိမဝန္တာကြီးပိုင်း၊ ဟိမဝန္တာငယ်ပိုင်းနဲ့ ဒူရာလွင်ပြင်လို့ပေါ့။

## ဟိမဝန္တာကြီးပိုင်း (the Great Himalayas)

ဘူတန်မြောက်ပိုင်းဒေသဟာ ဟိမဝန္တာကြီးပိုင်းမှာ ရှိနေတာပါ။ ဒီဒေသက နှင်းဖုံးတောင်ထွတ်တွေဟာ ပေ ၂၄၀၀၀လောက် မြင့်မားကြတယ်။ ပေ ၁၂၀၀၀-၁၈၀၀၀ တောင်မြင့်တွေကြားက တောင်ကြားတွေဟာ မြောက်ဘက် ရေခဲပြင်ကြီးတွေကနေ သွယ်ဆင်းနေရဲ့။ တောင်တန်းတွေ




ဘူတန်နိုင်ငံမှာ တိုင်းရင်းသားမျိုးနွယ်စုများ
ဖွဲ့စည်းပါဝင်ပုံကိုပြထားတဲ့ပုံ

ပေါ်က တောင်ထိပ်စားကျက်မြေတွေဟာ တိဗက်နွားတွေ နွေရာသီမှာ လှုတ်ကျောင်းစရာပေါ့။ ဒီအပိုင်းရဲ့မြောက်ဘက်မှာ တိဗက်ကုန်းပြင်မြင့်က အနားသတ်တောင်တွေရှိရဲ့။

တောင်တွေရဲ့ကြားမှာ ပင်မရေဝေကုန်းတန်းတွေ ဖြစ်ပေါ်နေပြီး မြောက်ဘက်နဲ့တောင်ဘက်ကို ဦးတည်နေကြတဲ့မြစ်တွေလည်း စတင်စီးဆင်းနေရဲ့။ ခြောက်သွေ့တဲ့ ရာသီဥတုဟာ အဲအပိုင်းရဲ့ ထူးခြားတဲ့လက္ခဏာပါ။

၁၉၆၀ ပြည့်နှစ်ထိ ဟိမဝန္တာကြီးပိုင်းရဲ့ဘဝနဲ့ နေထိုင်မှု နည်းလမ်းဟာ အရင်ရာစုနှစ်များစွာကလိုပဲ အနှောင့်အယှက်ကင်းစွာ ဆက်လက်တည်မြဲနေခဲ့တယ်။ ဘူတန်ကုန်သည်တွေက အဝတ်အထည်၊ ဟင်းခတ်အမွှေးအကြိုင်နဲ့ ဆန်စပါးတွေကို တောင်တန်းတွေဖြတ်ကျော်ပြီး တိဗက်ကို သယ်ကြ၊ တိဗက်ကနေ ဆား၊ သိုးမွေးနဲ့ တစ်ခါတလေ တိဗက်နွားအုပ်တွေ ပြန်သယ်လာကြပေါ့။

တိဗက်ကို တရုတ်ပြည်ထဲ သွတ်သွင်းလိုက်ပြီးတဲ့နောက်မှ ဘူတန်ဟာ အထီးကျန်သွားခဲ့တယ်။ အဲဒီအဖြစ်က မြင့်မားတဲ့ဒေသမှာနေထိုင်သူတွေကို အဓိကပြောင်းလဲမှုကြီးဖြင့်စေခဲ့ပြီး တိဗက်ကတစ်ဆင့် တရုတ်တွေ ဝင်ရောက်လာမယ့် အန္တရာယ်ကိုကြောက်ပြီး စစ်ရေးသတိထားမှုတွေ ဖြစ်ပေါ်စေကာ အစောင့်တွေလည်း ပို့ချခဲ့ကြတယ်။


## ဟိမဝန္တာငယ်ပိုင်း (the Lesser Himalayas)

ဟိမဝန္တာကြီးပိုင်းကနေ တောင်ဘက်ကို ဦးတည်ဖြာထွက်လာတဲ့ တောင်စွယ်တွေက ဟိမဝန္တာငယ်ပိုင်းဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဘူတန်အနောက်ခြမ်းက ကျားသိုက်(Tiger's Nest) ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း

လာတာပါ။ ဟိမဝန္တာအတွင်းပိုင်း(the Inner Himalayas) လို့လည်းခေါ်ကြရဲ့။ အဲဒီမှာ အချင်းချင်း ဆက်နွယ်ဖြန့်ကြက်နေတဲ့ တောင်ကြောကြီးတွေက နိုင်ငံကို ဖြတ်ပြီး မြောက်မှ တောင်ဘက်ကို ပြန့်ဆင်းနေရဲ့။ တောင်စွယ်တွေကြားက ရေဝေကုန်းတန်းတွေကနေ ဘူတန်ရဲ့ ပင်မမြစ်တွေလည်း စီးဆင်းနေရဲ့။ တောင်တွေရဲ့ မြင့်မားမှု၊ အနောက်တောင်မုတ်သုန်လေရဲ့ စိုထိုင်းခြင်းနဲ့ ထိတွေ့မှုအနည်းအများအလိုက် ဒေသရဲ့ စိုက်ပျိုးပေါက်ရောက်မှုကလည်း ခြားနားနေတယ်။ မိုးသက်လေနှင်ရာ တောင်စောင်းသစ်တောထူထူတွေကနေ တောင်မြင့်တွေပေါ်မှာ ပေါက်ရောက်တဲ့ အပင်တွေအထိပေါ့။ ဘူတန်အလယ်ပိုင်းက ရှင်သန်နေမြဲ တောင်ကြားအများစုဟာ အမြင့်ပေ၅၀၀၀-၉၀၀၀ကြားမှာ ရှိကြတယ်။

အဲဒီ တောင်ကြားတွေထဲက(Paro, Punakha, Thimphu)နဲ့(Ha)မြို့တွေဟာ ထင်ရှားတယ်၊ အတော်ကျယ်ပြီး မြေလည်းပြန့်ရဲ့။ တစ်နှစ် မိုးရေချိန် ၄၀ - ၅၀ လက်မ၊ ဒါမှမဟုတ် အဲဒီထက်နည်းပြီးလည်း အသင့်အတင့်ရတယ်။ အဲဒါကြောင့်လည်း လူဦးရေ အတော်ထူထပ်ပြီး စိုက်ပျိုးအခြေချပြီး နေထိုင်ကြတယ်။

ဘူတန်ရဲ့ စီးပွားရေး အချက်အချာကတော့ အဲဒီသက်ဝင်ရှင်သန်နေတဲ့ ဟိမဝန္တာငယ်ပိုင်းရဲ့ တောင်ကြားချိုင့်ဝှမ်းတွေမှာပါ။ ဘူတန်နိုင်ငံရေးအမြုတေကလည်း ဟိမဝန္တာငယ်မှာရှိတဲ့ ပါရိုးနဲ့ သမ်ဖုချိုင့်ဝှမ်းတွေမှာ အခြေပြုနေရဲ့။

## ဒူရာလွင်ပြင် (the Duars Plain)

ဟိမဝန္တာငယ်ရဲ့တောင်ဘက် တောင်တွေရဲ့ခြေရင်းမှာ ကျဉ်းမြောင်းတဲ့ ဒူရာလွင်ပြင် ရှိနေကယ်။ ဒီလွင်ပြင်ဟာ ဘူတန်နဲ့တောင်ဘက်နယ်နိမိတ်၊ အိန္ဒိယအနောက်ဘက်က ဘင်္ဂေါနဲ့ အာသံပြည်နယ်တွေရဲ့နယ်စပ်ပါ။ ၈-၁၀ မိုင်သာရှိတဲ့ ခပ်မြောင်မြောင်နေရာလေးပေါ့။ ဟိမဝန္တာတောင်တန်းဟာ အဲဒီလွင်ပြင်မှာ ရုတ်ခြည်းဆိုသလိုပဲ တိတိပပထွက်ပေါ်နေပြီး၊ မဟာဗျူဟာမြောက် အနေအထားကျတဲ့ ဒွား(dwars) နဲ့ ဒိုး(dooars) တောင်ကြားထွက်ပေါက်လမ်းတွေလည်း ဖြစ်လာနေရဲ့။ အဲဒီကနေ ဟိမဝန္တာငယ်ရဲ့ ရှင်သန်နေတဲ့ တောင်ကြားတွေအထိပေါက်တယ်။ တစ်နှစ် မိုးရေချိန်လက်မ ၂၀၀-၃၀၀ အတွင်း ရွာသွန်းတဲ့ နေရာတွေလည်း ပေါများတယ်။ ဒီမြေကြောတစ်လျှောက်လုံးမှာ ပူနွေးစွတ်စိုလို့ အပူပိုင်းဒေသနီးပါး သစ်တောတွေထူထပ်စွာ ဖုံးလွှမ်းပေါက်ရောက်နေရဲ့။

ဒီလွင်ပြင်ရဲ့မြောက်ဘက်ပိုင်းမှာ မကြာခဏဆိုသလို တောင်တွေနဲ့ ခြားထားလို့ မညီမညာ ပုံပန်းမကျတဲ့ကုန်းလျှောမျက်နှာပြင်တွေလည်းရှိရဲ့။ တောင်ခြေ တောရှင်းတဲ့နေရာမှာတော့ ရွာငယ်လေးတွေ ရှိတယ်။ ဒါပေမဲ့ ဒီဒေသရဲ့ ဧရိယာအတော်များများဟာ တောရိုင်းတိရစ္ဆာန်တွေ နေထိုင်ကျက်စားတဲ့သစ်ပင်သီးပင်တွေနဲ့ ထူထဲစွာ ဖုံးလွှမ်းနေပါတယ်။ ဒူရာတောင်ဘက်ပိုင်း အိန္ဒိယနယ်စပ်မှာတော့ ဆဗားနား အရှိုင်း





www.burmeseclassic.com

www.burmeseclassic.com

မြက်ခင်းလွင်ပြင်တွေ၊ ဝါးတောကြီးတွေ ဖုံးလွှမ်းနေတယ်။ မြက်ခင်းပြင် အတော်များများကိုတော့ ရှင်းလင်းပြီး ဆန်စပါး စိုက်ပျိုးနေကြပါပြီ။

တောင်ထူထပ်တဲ့ ဘူတန်မြေပြင်ကို များစွာသော မြစ်တွေလည်း ဖြတ်သန်းစီးဆင်းနေရဲ့။ အနောက်ကနေ အရှေ့ကိုစီးဆင်းတဲ့ (Torsa-Amo), (Wong-Raidak), (Sankosh-Mo)နဲ့( Manas)ဆိုတဲ့ အဓိကမြစ်ကြီးတွေပါ။ မြစ် အားလုံးဟာ ဟိမဝန္တာကြီးပိုင်းကနေ တောင်ဘက်ကို စီးဆင်းပြီး အိန္ဒိယက ဗြဟ္မပုတ္တမြစ်ထဲပေါင်းစု စီးဝင်သွား ကြတယ်။ ဒါကြောင့် ဘူတန်အလယ်ပိုင်းနဲ့ အိန္ဒိယရဲ့အဓိက ကုန်သွယ်ရေး လမ်းကြောင်းကတော့ ပင်မမြစ်တွေ၊ မြစ်ဝှမ်း တွေပါ။

## ဘူတန်ရဲ့ ရာသီဥတု

ဘူတန်ရာသီဥတုဟာ ကမ္ဘာပေါ်မှာရှိတဲ့ ရွယ်တူ အခြား နယ်မြေတစ်ခုထက်ပိုပြီး ခြားနားမှုတွေ များမှာပါ။ နေရာမြင့်မားလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုများက အလွန်ခြားနားတဲ့ မိုးလေဝသတွေဖြစ်ပေါ်စေရဲ့။

နေရောင်ခြည်နဲ့ ထိတွေ့နိုင်မှု၊ စိုထိုင်းမှုတွေ သယ် လာတဲ့ လေတွေရဲ့ ခြားနားချက်က ကွဲပြားတဲ့ ဒေသအစုအဖွဲ့ တွေဖြစ်စေတယ်။ အဓိက ဥတုနယ်မြေကြီး သုံးခုအဖြစ် (အောက်မြေလွှာအမြဲအေးနေတဲ့ အယ်လ်ပိုင်းပင် ပေါက် ရောက်ရာ ဟိမဝန္တာကြီးပိုင်း၊ အေးမြတဲ့ ဟိမဝန္တာငယ်ပိုင်းနဲ့ ပူပြီးစွတ်စိုတဲ့ ဒူရာလွင်ပြင်ရဲ့ အပူလျှော့ပိုင်း လမ်းကြောတစ် လျှောက်နဲ့အနီးအနားက တောင်ခြေတွေ)လို့ ခွဲခြားနိုင်ပါ တယ်။ သမပိုင်းရာသီဥတုကတော့ အလယ်ပိုင်းတောင်ကုန်း ချိုင့်ဝှမ်းတွေကြားမှာသာရှိရဲ့။

အနောက်အလယ်ပိုင်း သင်ဖုမှာ ဇန်နဝါရီလဆိုရင် အမြဲတမ်း ၅၀° ဖာရင်ဟိုက်ထက် နိမ့်နေတတ်တယ်။ အနိမ့်ဆုံး ၃၀° ဖာရင်ဟိုက်ထိ ရှိတယ်။ ဇူလိုင်လမှာတော့ တစ်ချိန်လုံး နွေးထွေးပြီး ပုံမှန်အားဖြင့် တက်လှရင် ၆၀° ဖာရင်ဟိုက် လောက်နဲ့ ကျရင် ၅၀° ဖာရင်ဟိုက်လောက်ပေါ့။ ကျန်အခြား နေရာတွေဖြစ်တဲ့ ဒူရာမှာ အလွန်ပူပြီး မြောက်ပိုင်းမှာတော့ အရမ်းအေးပါရဲ့။

## ဘူတန်ရဲ့ပေါက်ပင်နဲ့ တိရစ္ဆာန်များရဲ့ဘဝ

ရာသီဥတု အလွန် များပြားခြားနားတော့ ပေါက်ပင် တွေထူးခြားနေရဲ့။ အပူပိုင်းဒေသကနေ သမပိုင်းဒေသအထိ တစ်ဆက်တည်း ပြောင်းသွားပြီး အထူးခြားနားတဲ့ အယ်လ် ပိုင်းပင်ပေါက်ရာမြေအထိ ဖြစ်လာစေတယ်။ တောင်ပိုင်း ဒေသ ဒူရာလွင်ပြင်နဲ့ နီးစပ်ရာ တောင်ကုန်းတွေမှာတော့ စိုစွတ်တဲ့အပူပိုင်းဖုံ့နဲ့ ရွက်ပြတ်တောတွေရှိရဲ့။

စက္ကူနဲ့ပျော့ဖတ် ထုတ်လုပ်တဲ့ ရှည်မျှောထူထပ်တဲ့ မြက်တွေဟာ တောင်ကုန်းအနိမ့်ပိုင်းတွေမှာ ပေါက်တဲ့ အရေး ပါတဲ့ အပင်အရင်းအမြစ်တွေပေါ့။ ထင်းရှူးနဲ့ဝက်သစ်ချပင် အချို့ပေါက်တဲ့ သစ်တောတွေဟာ ပေ ၃၀၀၀-၆၀၀၀ မြင့်တဲ့ တောင်ကုန်းလျှောတွေကို စိုးမိုးနေရဲ့။ မြင့်မားသီခေါင်တဲ့ သစ်တောတွေမှာတော့ များစွာသော မျိုးစိတ်တွေနဲ့ ထင်းရှူး၊ ဝက်သစ်ချ၊ သစ်ကြားပင်၊ တောင်ဇလပ်၊ မွဲပြာရောင်သစ် ခေါက်နဲ့ (ash)၊ အသားပွပင်စောက်၊ ပေါ့ပလာ၊ မိုးမခပင်၊ လေလာရွက်လှုပ် ပေါ့ပလာပင်မျိုး(aspen)နဲ့ တစ်တိုင်း မွေးတွေ ရောနှောပြီး ရှိနေပါတယ်။

အဖိုးအတန်ဆုံး သစ်တောတွေကတော့ ပေ ၆၀၀၀- ၉၀၀၀ကြားမှာ ရှိတယ်။ အဲဒီ အံ့ချီးလောက်ဖွယ် သစ်တော ကြီးတွေမှာ အမြဲစိမ်းပင် စောက်ကျောက်ပန်းပင်(cypress)၊ ထင်းရှူးပင် တစ်မျိုးဖြစ်တဲ့(fir)၊ (spruce)ထင်းရှူးနဲ့ ထင်းရှူး ဆန်ဆန်ချုံယောင်ပင်(juniper)တွေ ပေါက်နေရဲ့။

ရှေးက ကြိမ်ဒဏ်ပေးရာမှာ သုံးလေ့ရှိတဲ့ ဘူဇပတ်ပင် တွေကိုတော့ ပေ ၁၄၀၀၀ မြင့်တဲ့ သစ်တောတန်းတွေမှာ တွေ့ရတယ်။ တောင်မြင့်ဒေသပေါက် အယ်လ်ပိုင်းပင်ရုံတွေနဲ့ မြက်တွေကတော့ ဟိမဝန္တာကြီးပိုင်းရဲ့ မြင့်မားတဲ့ ကုန်းလျှော တောင်စောင်းတွေမှာ ပေါက်ကြတယ်။

သမင်(Sambar)၊ (gaurs)နွားရိုင်းမျိုး၊ ကြံ့၊ ဆင်၊ ကျားနဲ့ အခြားတိရစ္ဆာန်တွေကိုလည်း တွေ့ရတယ်။ အထူး သဖြင့်တော့ အလယ်ပိုင်းက (the Manas) နဲ့ (Sankosh) မြစ်တစ်လျှောက်နဲ့ အရှေ့ဒေသတွေနဲ့ သစ်တောဖုံးတဲ့တောင် ကုန်းတွေမှာပေါ့။ အဲဒီတိရစ္ဆာန်တွေရဲ့ ပင်ကို သဘာဝနဲ့ သူတို့ရဲ့ သဘာဝ ပတ်ဝန်းကျင်အခြေအနေကို ထိန်းသိမ်း စောင့်ရှောက်ဖို့အတွက် ဘူတန်အစိုးရဟာ ကာကွယ်ရေး ဇရိယာ များစွာကို ထူထောင်ထားတယ်။ မနတ်မြစ် တစ် လျှောက်က အိန္ဒိယနဲ့ဆက်စပ်နေတဲ့ တော်ဝင်-မနတ်အမျိုးသား ဥယျာဉ်(The Royal Manas National Park)(၁၉၆၆)ဟာ ရှားပါးတဲ့ ရွှေရောင် အမြီးရှည်ရှည်သွယ်သွယ်(langur) မျောက်တွေရဲ့ မူရင်းနေရာပါ။

ဘူတန်အနောက်မြောက်ပိုင်းက ကြီးမား ကျယ်ပြန့် တဲ့ (the Jigme Dorji)အမျိုးသားဥယျာဉ် (၁၉၇၄)ဟာ တိုင်းပြည်ရဲ့ ရာသီဥတုသုံးမျိုးလုံးရှိနေလို့ ထူးခြားလှရဲ့။

## လူမျိုးစုများ၊ ဘာသာစကား၊ ယဉ်ကျေးမှုဘဝနဲ့

## လူမှုပတ်ဝန်းကျင် (Cultural milieu)

ဘူတန်မှာ (Ngalop)လို့လည်းခေါ်တဲ့ ဘူတီးယား (the Bhutia)၊ နီပေါနဲ့ (the Sharchop)လို့ အဓိကမျိုးနွယ်စု ကြီးသုံးမျိုးရှိလေတော့ ယဉ်ကျေးမှုနဲ့ လူမှုဘဝ နေထိုင်မှုတွေ လည်း ကွဲကွဲပြားပြား ထင်ဟပ်ပြသနေကြမယ်ဆိုတာ စဉ်းစား ကြည့်နိုင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဘူတီးယားက ၉ ရာစုအစလောက်မှာ တိဗက်ကနေ တောင်ဘက်ကို ရွှေ့ပြောင်းဆင်းသက်လာရင်း ရောက်ခဲ့ကြတဲ့ အကြီးမားဆုံးလူမျိုးစု ဖြစ်ပြီး တိုင်းပြည်လူဦးရေရဲ့ တစ်ဝက်လောက်ရှိရဲ့။ ဘူတန်မြောက်ပိုင်း၊ အလယ်ပိုင်းနဲ့အနောက်ပိုင်းတွေမှာ လွှမ်းမိုးနေထိုင်ကြတယ်။ ဒီမျိုးနွယ်စုဟာ ဘူတန်နိုင်ငံရေးဘဝပေါ်မှာ အတော်လွှမ်းမိုးပါတယ်။ သူတို့ဟာ တိဗက်-မြန်မာ ဘာသာစကား (Tibeto-Burman languages) မျိုးကွဲတွေကို ပြောဆိုကြတယ်။ အဲဒီစကားမျိုးထဲက တစ်ခုဖြစ်တဲ့ (Dzongkha)ကတော့ ဘူတန်ရုံးသုံးဘာသာလည်း ဖြစ်ရဲ့။ အရေးအသားကတော့ တိဗက်တွေနဲ့ ဆင်တူတယ်။

သူတို့ရဲ့ ပုံမှန်အိမ်ပုံစံဟာ သစ်သားနဲ့ဆောက်လုပ်ပြီး အအေးဒဏ် ခံနိုင်အောင် ကျောက်တုံးတွေကို ရွှံ့နဲ့ထောင်းထုပြီး မံထားတဲ့နံရံတွေပါတဲ့ နှစ်ထပ်အိမ်တွေပါ။ လူတွေက အပေါ်မှာနေပြီး၊ မြေညီမှာတော့ တိရစ္ဆာန်တွေလည်း မွေးထားသေးရဲ့။

မိသားစုတိုင်းရဲ့ အိမ်ထဲ အခန်းထောင့်မှာ ဗုဒ္ဓဘာသာ ဘုရားစင်လေးတစ်ခုလည်း ထားတတ်ကြတယ်။ ဘူတီးယား အိမ်ထောင်စုတိုင်း အသားလည်းစား၊ နို့လည်းပေးတဲ့ တိဗက်နွားတွေ မွေးထားကြတယ်။ အဲဒီ နို့ကို ထောပတ်ချက်ပြီး၊ အစားအစာချက်ပြုတ်ဖို့ မီးထွန်းဖို့နဲ့ ဘုရားစင်မှာ မီးပူဇော်ဖို့ပါ သုံးကြလေရဲ့။ နေ့တိုင်းလိုတော့ အိမ်သားတိုင်း အသားမစားနိုင်ကြပါဘူး။ နေ့စဉ်ပဲ ငရုတ်သီးနဲ့ ဒိန်ခဲ ရောချက်ချက်ထားတဲ့ (ema datshi)နဲ့ အာလူးပါရောထားတဲ့ (kewa datshi) ကိုသာ အားထားစားသောက်ကြတယ်။ အဲဒီနှစ်မျိုးလုံးကို အမျိုးသားဟင်းလျာလို့ ယူဆနိုင်ပါရဲ့။ အဲဒါတွေကို ဘာစ်မာတီ (basmati) ဒါမှမဟုတ် ဘူတန်ဆန်နီ ထမင်းနဲ့အတူ ပြင်ဆင်စားသုံးကြတာပါ။

ဘူတီးယားတွေမှာ တစ်ချိန်တည်း လင်တစ်ယောက်မက ယူနိုင်တဲ့ ရိုးရာလင်ပြိုင်ယူဓလေ့(polyandry) လည်း ရှိရဲ့။ သူတို့ရဲ့ အခြေခံမိသားစုစနစ်ဟာ မိသားစုကို ယောက်ျားဦးဆောင်တဲ့ စနစ်ပါ။ သားနဲ့သမီးတွေကလည်း အိမ်ရာမြေ အမွေဥစ္စာကို ညီမျှတဲ့ခွဲဝေပိုင်ဆိုင်ခွင့်ရှိကြပါတယ်။ ယောက်ျားနဲ့ မိန်းမ နှစ်ဦးလုံးမှာ သူတို့လက်ထပ်မယ့် သူကို ရွေးချယ်နိုင်ခွင့်နဲ့ စတင်ကွာရှင်းခွင့်တွေလည်း ရှိကြရဲ့။

ဘူတန် တောင်ဘက်နဲ့ အနောက်တောင်ဘက်မှာတော့ မျိုးနွယ်စုတွေ ရောထွေးနေကြတယ်။ the Gurung မျိုးနွယ်စုတွေ အပါအဝင် နီပေါတွေဟာ စုစုပေါင်းနိုင်ငံသားဦးရေရဲ့ သုံးပုံတစ်ပုံလောက် ပျံ့နှံ့ရှိနေပြီး ဒေသတစ်ခုလုံးကို လွှမ်းမိုးနေရဲ့။ သူတို့ဟာ ဘူတန်ကို နောက်ဆုံးလောက်မှ ရောက်လာကြသူတွေပါ။ သူတို့က နီပေါစကားပဲ ပြောကြတယ်။ ဘူတန် နီပေါတွေက ဟိန္ဒူတွေများတယ်။ သူတို့မှာ ဇာတ်ဓလေ့ရှိပြီး နီပေါနဲ့ အိန္ဒိယ အဆက်အနွယ်တွေပေါ့။ ဇာတ်ခွဲခြားတဲ့စနစ် လွှမ်းမိုးမှုကြောင့် လူမှုရေးအဆင့် ခြားနားတာတွေ၊ အိမ်ထောင်ဖက်ရွေးချယ်တာတွေနဲ့ အခြားလူမှုရေး ဆက်နွယ်မှုတွေမှာလည်း သီးခြား ဖြစ်လာတော့တယ်။ ဘူတန်တောင်ဘက်ပိုင်း နွေးထွေးတဲ့ ရာသီဥတုမှာနေကြလို့ အိမ်တွေကို ဝါးနဲ့သက်ငယ်သုံးပြီး ဆောက်ကြတယ်။ အမဲသား မစားကြဘဲ၊ အချို့ဟာ အသားစားခြင်းကိုတောင် ရှောင်ကြတယ်။ အသားအစား အိန္ဒိယနဲ့နီပေါက ဟိန္ဒူတွေလို ထမင်းနဲ့ ဟင်းပဲ စားကြတယ်။ the Sharchop လူမျိုးစုတွေကတော့ ဘူတန်မှာ အစောဆုံး လာရောက်အခြေချနေထိုင်သူတွေပဲ ဖြစ်ပါတယ်။

သူတို့ဟာ ဘူတီးယားတွေနဲ့ အတော်ပဲ နီးစပ်ဆက်နွယ်နေကြပြီး တိဗက်ဗုဒ္ဓဘာသာအယူကိုလည်း မျှဝေကိုးကွယ်ကြတယ်။ သို့ပေမယ့် သူတို့မှာ ရှေးရိုးပိုကျပြီး ပိုပြင်းထန်တင်းကျပ်တဲ့ဘာသာရေးမျိုးလည်း ရှိနေရဲ့။ သူတို့ရဲ့အိမ်တွေကို ကျောက်တုံးတွေ သစ်သားတွေနဲ့ တည်ဆောက်ကြသလို၊ တစ်ခါတစ်ရံလည်း တောင်ကုန်းလျှောတွေမှာ ခြေတံရှည်အိမ်တွေနဲ့နေတတ်ကြရဲ့။ အများအားဖြင့် ရွှေ့ပြောင်းစိုက်ပျိုးရေး လုပ်ကြပြီး၊ မြေရှင်းတဲ့အခါ အပင်တွေကို မီးရှို့တတ်ကြတယ်။ နှစ်အတော်ကြာ စိုက်ပျိုးပြီးလို့ မြေဆီအားလျော့လာရင် နေရာဟောင်းကို စွန့်ခွာပြီး စိုက်ပျိုးဖြစ်ထွန်းမှု ပိုကောင်းမယ့် အခြားနေရာသစ်တစ်ခု ရှာကြရော။

## ဘူတန်နိုင်ငံရဲ့ ဘာသာရေး

နိုင်ငံသား လေးပုံသုံးပုံနီးပါးဟာ မူရင်းအခြေခံက တိဗက်နွယ်တဲ့ ဗုဒ္ဓဘာသာဝင်တွေပါ။ ဘူတန်ဗုဒ္ဓဘာသာကို မိသားစုကြီးမားပြီး ထူခြားတဲ့ဝိသေသလက္ခဏာရှိတဲ့ တိဗက်ရိုးရာဓလေ့က ပိုင်ဆိုင်ပါတယ်။ ဗုဒ္ဓဘာသာဟာ ဟိုးရှေးကတည်းက တရားဝင် နိုင်ငံတော်ဘာသာပေါ့။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံမှာကို တိုင်းပြည်ရဲ့ ဝိညာဉ်ပိုင်းဆိုင်ရာ အမွေအနှစ်လို့ ဖော်ပြထားရဲ့။

တိဗက်ဗုဒ္ဓဘာသာ အဓိကဂိုဏ်းခွဲကြီးလေးခု Nyingma, Rnyingmapa နဲ့ Kagyu, Bkabrgyudpa တွေကို ဘူတန်မှာ လက်ခံကျင့်သုံးနေတယ်။ Nyingma ဂိုဏ်းဟာ ရှေးအကျဆုံးဖြစ်ပြီး ဘူတန်နဲ့ တိဗက်နှစ်နိုင်ငံလုံးမှာ ၈ ရာစုကနေ ယခုတိုင် ဆက်လက်ခိုင်မြဲနေတယ်။ Kagyu ဂိုဏ်းကတော့ ၁၁ ရာစုမှာမှ အခြေချလာတာပါ။ အဲဒီမှာ ဂိုဏ်းခွဲတွေအများကြီးရှိပြီး Drukpa Kagyu ကတော့ အင်အားအကြီးဆုံးပေါ့။ ၁၇ ရာစု အစောပိုင်းကမှ စတင်ထူထောင်ခဲ့တဲ့ ဒီဂိုဏ်းခွဲမှာ ဘူတန်သားအများစုဟာ သက်ဝင်နေကြလို့ နိုင်ငံရေးနဲ့ ဘာသာရေးဘဝတွေမှာပါ ထင်ရှားမှု များစွာ ရနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ခုခါမှာတော့ ဒီဂိုဏ်းကြီးနှစ်ခုလုံးဟာ မတူညီကြတဲ့ သီးခြားလက္ခဏာများကို ထိန်းသိမ်းစောင့်ရှောက်ရင်း နေကြပေမယ့် သူတို့ရဲ့ ဆက်နွယ်မှုသမိုင်းကြောင်းက နီးကပ်လှရဲ့။ ပင်စည်တစ်ခုထဲက လာလို့ တရားဓမ္မအများစုလည်း တူကြရဲ့။ ခေါင်းဆောင်သူတွေရဲ့ မျိုးနွယ်တွေကလည်း အတူတူပါပဲ။

ဘုန်းကြီးကျောင်းတွေ နေရာအနှံ့ရှိနေပေမယ့် ဘယ်ကျောင်းအဖွဲ့၊ ဘယ်ကျောင်းပညာရေးကမှ ဘူတန်လူ့အဖွဲ့အစည်းကို လွှမ်းမိုးသွားတာ မရှိပါဘူး။ ဘူတန်ဗုဒ္ဓဘာသာဝင်တွေရဲ့ စိတ်ကို စံပြလာမာ(လောကုတ္တရာခေါင်းဆောင်) တွေကသာ အတော်လေး လွှမ်းမိုးဖမ်းယူသွားနိုင်တာပါ။ လာမာတွေက ကမ္မဋ္ဌာန်းထိုင်နည်း စည်းကမ်းတွေပြပြီး သုခချမ်းသာနဲ့ပြည့်စုံစေခြင်း၊ မယုံနိုင်လောက်တဲ့ စွမ်းအားတွေ ရရှိစေခြင်းတို့ကိုမှ မလုပ်ရင် နေ့စဉ်ဘဝဟာ ဘာမှ အရာမထင်ဘဲ အချည်းနှီးပဲလို့ သွန်သင်တယ်။

ဗုဒ္ဓဘာသာအပြင် ဘူတန်မှာ ထင်ထင်ရှားရှား ရှိနေတာက ဟိန္ဒူပါ။ အထူးသဖြင့် နီပေါသား လူ့အဖွဲ့အစည်းမှာပေါ့။ ဟိန္ဒူတွေက လူဦးရေရဲ့ လေးပုံတစ်ပုံလောက် ရှိနေပါတယ်။ ခရစ်ယာန်တွေလည်း အနည်းအပါးရှိနေကြရဲ့။

## အခြေချနေထိုင်မှု ပုံသဏ္ဌာန်

၂၀ ရာစုအစပိုင်းမှာ လူဦးရေတိုးပွားမှုနှုန်း တိုးလာနေပေမယ့်၊ ကမ္ဘာနဲ့ယှဉ်ရင်တော့ ဘူတန်ဟာ ပျမ်းမျှအားဖြင့် လူဦးရေကျဲပါးတဲ့ နိုင်ငံပါ။

လူဦးရေ အနည်းဆုံး နေရာတွေကတော့ အေးလွန်းပြီး တောင်ကုန်းတောင်တန်းတွေနဲ့ မျက်နှာပြင် ကြမ်းတမ်းတဲ့ ဟိမဝန္တာကြီးပိုင်းနဲ့ ဒူရာလွင်ပြင်ရဲ့ ငှက်ဖျားထူတဲ့ နယ်နိမိတ်လမ်းကြောင်းပါ။ သဘာဝမြေမျက်နှာပြင် ဆိုးဝါးလှတဲ့ အဲဒီဒေသနှစ်ခုလုံးမှာ လူဦးရေကို ကန့်သတ်လိုက်သလိုပါပဲ။ စိုက်လို့ပျိုးလို့ ဖြစ်ထွန်းပြီး မွေးလို့မြူလို့လည်း ကောင်းတဲ့ နိုင်ငံအလယ်ပိုင်းက ဟိမဝန္တာငယ်ပိုင်းနဲ့ အိန္ဒိယနယ်စပ်နဲ့နီးတဲ့ အနောက်ပိုင်းနဲ့ အနောက်တောင်ပိုင်း ဒေသတွေနဲ့တော့ တခြားစီပေါ့။

ဘူတန် လူဦးရေအများစုဟာ အလွန်သေးငယ်တဲ့ ရွာသိမ်လေးတွေမှာ ပြန့်ကျဲပြီး နေထိုင်ကြတယ်။ ၁၉၆၀ ပြည့်နှစ် နောက်ပိုင်းအထိ မြို့ပြမှာ အခြေချနေထိုင်တာမျိုး မရှိခဲ့ကြပါဘူး။

ဘာပဲဖြစ်ဖြစ် လမ်းတွေကောင်းပြီး စီးပွားရေးတွေ ဖွံ့ဖြိုး တိုးတက်လာတဲ့အခါ ရွာကြီးအချို့ဟာ မြို့အဖြစ် ကြီးထွားလာကြရဲ့။ အဲဒီထဲက ဒါဇင်အနည်းငယ်ကို အစိုးရက မြို့ပြဌာနတွေအဖြစ်သတ်မှတ်ခဲ့တယ်။ ၂၀ ရာစု အစောပိုင်းမှာတော့ အဲဒီမြို့ပြဌာနတွေမှာ တိုင်းပြည်ရဲ့ လူဦးရေ သုံးပုံတစ်ပုံလောက် ရောက်ရှိသွားပါတော့တယ်။

မြို့ပြဌာနတွေမှာ ဒူရာလွင်ပြင်က Phuntsholing ဟာ အရေးအပါဆုံးပါ။ ဒါဟာ သင်ဖုကလာတဲ့ ပင်မအဝေးပြေးလမ်းမကြီးရဲ့ တောင်ဘက်ခရီးလမ်းဆုံး၊ လူဦးရေထူထပ်လှတဲ့ ဟိမဝန္တာငယ် ချိုင့်ဝှမ်းကိုသွားတဲ့ ဂိတ်ပေါက်လည်း ဖြစ်ရဲ့။ မြို့လယ်မှာတော့ စီးပွားရေးအခန်းကဏ္ဍတစ်ရပ်ဟာ အရှိန်အဟုန်နဲ့ ဖြစ်ထွန်းအောင်မြင်လို့။

ဘူတန်ရဲ့ မြို့တော်သင်ဖုဟာ ၁၉၆၀ ပြည့်နှစ်များဆီကတော့ အိမ်ဘုတ်စုလေးသာပါပဲ။ ဒါပေမဲ့ အဲဒီအချိန်ထဲက သူဟာ မြို့ကြီးဖြစ်ဖို့အစပျိုး၊ တိုးတက်နေပါပြီ။ သူ့ရဲ့ကြည်ညိုအလေးထားတဲ့ dzong ကို ပြန်လည်တည်ဆောက်ပြုပြင်ခဲ့ပြီး ဘူတန်အစိုးရအဖွဲ့ရဲ့ အထွေထွေ အတွင်းရေးမှူးနေအိမ်လုပ်ပေးခဲ့တယ်။

“ပရို”ဟာ သင်ဖုနောက်မှာ အလျင်အမြန်တိုးတက်နေတဲ့ မြို့ပါ။ ၁၉၈၀ ပြည့်နှစ်လယ်လောက်ကတည်း သူနဲ့ အိန္ဒိယက ကိုးလ်ကတ္တားနဲ့ နယူးဒေလီ၊ ဘင်္ဂလားဒေ့ရှ်က ဒက္ကာ၊ ထိုင်းနိုင်ငံက ဗန်ကောက်နဲ့ နီပေါက ခတ္တမန္ဒုတို့ကြားမှာ လေကြောင်းဝန်ဆောင်မှုတွေကို အစီအစဉ်တကျ စတင် ထူထောင်ခဲ့တယ်။

## ဘူတန်ရဲ့ ပြည်တွင်းတည်ဆောက်မှုဗိသုကာလက်ရာ (the dzong) -------

ဘူတန်တောင်ပိုင်းရဲ့ ပြည်တွင်းတည်ဆောက်မှု ဗိသုကာဟာ အိမ်နီးချင်းအိန္ဒိယနဲ့ ဆင်တူပါတယ်။

ဒါပေမဲ့ ဟိမဝန္တာကြီးပိုင်းနဲ့ ဟိမဝန္တာငယ် တောင်ကြား ချိုင့်ဝှမ်းတွေရဲ့ ဗိသုကာလက်ရာ (the dzong)တွေကတော့ တကယ့်ကို တိဗက်ဟန်ပီပီပြင်ပြင်ပါ။ သူ့ရဲ့ထုထဲဖြူဖွေးပြီး ရှည်သွယ်လှပတဲ့ နံရံတံတိုင်းတွေဟာ တိဗက်ဟန်အတိုင်း အတွင်းဘက်ကို လျှောဝင်နေကြတယ်။

ကျယ်ပြောလှတဲ့ အဝန်းအဝိုင်းတွေ၊ ရှည်လျားတဲ့ အဆောင်ဆောင် အခန်းခန်းတွေကြောင့် ရဲတိုက်တွေနဲ့လည်း တူရဲ့။ အတိတ်ကာလတုန်းကတော့ ဒီအဆောက်အအုံတွေဟာ ရန်သူတွေကို ခိုင်မာစွာ ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ ခုခါမှာတော့ အုပ်ချုပ်ရေးဌာနနဲ့ ဘုန်းတော်ကြီးကျောင်းတွေအဖြစ် အရေးပါတဲ့ အခန်းကဏ္ဍမှာရှိနေပြန်ပါရဲ့။ ဒီဘုန်းကြီးကျောင်း ခံတပ်တွေဟာ ဘူတန်ရဲ့ ထူးခြားထင်ရှားတဲ့နေထိုင်မှု အမှတ်လက္ခဏာပေါ့။

လူဦးရေစိပ်တဲ့ တောင်ကြားချိုင့်ဝှမ်းအားလုံးမှာ ဒါမျိုးတစ်ခုစီတော့ရှိတတ်ကြတယ်။ ဒါတွေကို အများအားဖြင့် မြစ်တွေချောင်းတွေကို ဆီးမြင်ရတဲ့ ထင်ရှားတဲ့နေရာတွေမှာ တည်ကြတယ်။ ဘူတန်နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေးနဲ့ လူမှုဘဝတွေအတွက်လည်း ပင်မအချက်အချာ နေရာတွေပေါ့။ ဗုဒ္ဓဘာသာဝင် လာမာတွေ၊ အစိုးရ အရာရှိတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

အနုပညာရှင်တွေအတွက် အဆောက်အအုံလည်း ဖြစ်နေ ။ ဒါဟာ ဘူတန်ဗိသုကာရဲ့ အကောင်းဆုံး ပြယုဂ်တွေထဲက တစ်ခုပါ။

## ဘူတန်ရဲ့စီးပွားရေး

ဘူတန်ရဲ့စီးပွားရေးဟာ လယ်ယာဥယျာဉ်ပေါ်မှာ အများကြီး မှုတည်နေပေမယ့် စိုက်ပျိုးလို့ရတဲ့မြေက နိုင်ငံ့အကျယ်အဝန်းနဲ့စာရင်တော့ ဧရိယာအတော်လေးနည်းတယ်။ မြေအနိမ့်အမြင့်တွေ၊ နိုင်ငံတစ်ဝန်း ရာသီဥတုတွေရဲ့ ခွင့်ပြုမှု အတိုင်းအတာတွေက စိုက်ပျိုးရေးပေါ်မှာ ခြားနားစွာသက်ရောက်နေရဲ့။ ရာသီဥတုက ထိခိုက်လောက်အောင် ဆိုးလှပြီး မြေဆီဓာတ်လည်း နည်း၊ မတ်စောက်တဲ့ တောင်ကြောတွေလည်းများလှလို့ မြေတွေအများကြီးကို စွန့်ခွာထားခဲ့ကြရတာနဲ့ တောတွေပဲထလို့။ မြစ်နီးချောင်းဖျား မြက်တောတွေနဲ့ မြက်ခင်းပြင်ကျယ်ကြီးတွေသာ လွှမ်းနေပါတော့တယ်။

ဘူတန် အလယ်ပိုင်းမှာသာ အခြားနေရာတွေထက်စာရင် နိမ့်ပြီး ရေလည်း လုံလောက်အောင်ရလို့ စိုက်နိုင်ပျိုးနိုင်တဲ့ တောင်ကြားချိုင့်ဝှမ်းမြေတွေ ရာခိုင်နှုန်း အများဆုံး ရှိနေတယ်။ အဓိကဦးစားပေးရမယ့် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကတော့ ဘူတန်ရဲ့ပထဝီအနေအထားအရ အထီးကျန်နေမှုကနေ ဆွဲထုတ်ဖို့ပါ။ ဒါတွေအဆုံးသတ်ဖို့ ပြင်ပထောက်ပံ့မှုကို အိန္ဒိယ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂနဲ့ အာရှဖွံ့ဖြိုးရေးဘဏ်တွေက ရယူပါတယ်။ ငါးနှစ်စီမံကိန်းရဲ့ စဉ်ဆက်မပြတ်အောင်မြင်မှုတွေထဲက ပထမဆုံးဟာ ၁၉၆၁ ခုနှစ်ကတည်းကပါ။ အိန္ဒိယကနေ ဘူတန်ကို ပုံမှန်ထောက်ပံ့မှုစီးဆင်းရရှိနေတဲ့ အပေါ်မှာနဲ့ အိန္ဒိယနည်းပညာရှင်တွေ ရရှိနိုင်ခဲ့မှုမှာ အများကြီးတည်နေတယ်။

နိုင်ငံတိုးတက်မှုဘတ်ဂျက်ရဲ့အများစုကို ပင်မအခြေခံအဆောက်အအုံတွေ တိုးတက်ဖြစ်ထွန်းလာရေးမှာ လုံးလုံးလျားလျား ပေးအပ်မြှုပ်နှံခဲ့တယ်။ ဒါပေမဲ့ ၂၀ရာစု နောက်ပိုင်းလောက်ကစလို့ ငါးနှစ်စီမံကိန်းမှာ အထွေထွေ ထောင်တက်လာဖို့အတွက် စိုက်ပျိုးရေး၊ စွမ်းအင်အရင်းအမြစ်နဲ့ နိုင်ငံ့စီးပွားရေးတွေမှာလည်းပဲ အပြည့်အဝ အသုံးချနိုင်ဖို့ အားစိုက်ထည့်ရပြန်တယ်။

တိုးတက်ဖွံ့ဖြိုးဖို့ အင်နဲ့အားနဲ့ တွန်းပို့လိုက်တာကတော့ ၁၉၈၇-၈၈ခုနှစ်မှာ အဆုံးသတ်ပြီးမြောက်ခဲ့တဲ့ the Chhukha ရေအားလျှပ်စစ်စီမံကိန်းကပဲ ဖြစ်လေရဲ့။ ဘူတန်ရဲ့ စွမ်းအင်အများဆုံးကို ရေအားလျှပ်စစ် စက်ရုံတွေက ရတယ်။ Raidak မြစ်ရေကို အသုံးချပြီး စွမ်းအင်ထုတ်တဲ့ ချူခါရေအားလျှပ်စစ်စီမံကိန်းဟာ သမိုင်းတစ်လျှောက် လုပ်ဆောင်တဲ့အကြီးမားဆုံးနဲ့ တစ်ခုတည်းသောရင်းနှီးမြှုပ်နှံမှုပါ။ နိုင်ငံရဲ့ ဧရာမ ရေအားလျှပ်စစ် ထုတ်ယူသုံးစွဲမှုရဲ့ အဓိကခြေလှမ်းလည်း ဖြစ်ရဲ့။ အဲဒီကနေ တိုင်းပြည်ကို အကျိုးပြုလိုက်တာ ပြည်တွင်းလိုအပ်တဲ့စွမ်းအင်ကို ဖြည့်ပေးနိုင်ရုံသာမဟုတ်ဘဲ အဲဒီက ပိုတဲ့လျှပ်စစ်ဓာတ်အားကို အိန္ဒိယ တင်ပို့နိုင်တဲ့အထိပါ။ စွမ်းအင်တွေကို ပြည်ပပို့ပြီး ရောင်းချရတာကလည်း အဆုံးစွန်သော စွန့်စားမှုပါ။

အဲဒီ စီမံကိန်းနောက်မှာ အခြား ရေအားလျှပ်စစ်ဆည်တွေ၊ လည်ပတ်စက်ရုံတွေ အများအပြားလည်း လုပ်ခဲ့ကြတယ်။ ၂၁ ရာစု အစောပိုင်းမှာတော့ လျှပ်စစ်ဓာတ်ဟာ တိုင်းပြည်ရဲ့ အများဆုံးပို့ကုန်ပါ။

## စိုက်ပျိုးရေးနဲ့သစ်တောဌာန

၂၀ရာစုနှစ် နောက်ပိုင်းကစလို့ လယ်ယာစိုက်ပျိုးရေးနဲ့ သစ်တောလုပ်ငန်း ပြောင်းလဲတိုးတက်ဖြစ်ထွန်းလာဖို့ ဘူတန်မှာမိတ်ဆက်လာခဲ့လို့ စိုက်ပျိုးထုတ်လုပ်မှုတွေလည်း တိုးလာခဲ့တယ်။ အရေအတွက်များပြားတဲ့ သစ်သီးခြံတွေထူထောင်နိုင်ခဲ့တယ်။ သစ်သီးစိုက်ပျိုးမှုတွေ တစ်ခေတ်ထလာစေဖို့ ခြံသမားတွေကို သီးပင်တွေထောင်နဲ့ချီပြီး ဖြန့်ဝေပေးခဲ့တယ်။ အငယ်စား ရေသွယ်မြောင်းစီမံချက်လေးတွေလည်း အာရုံစိုက်ပြီး လုပ်ဆောင်ခဲ့တယ်။ ၂၁ ရာစုအစောပိုင်းမှာတော့ နိုင်ငံရဲ့ နှစ်စဉ်ပြည်တွင်းကုန်ထုတ်မှု(GDP)နဲ့ ဘူတန်အလုပ်သမားအဖွဲ့ရဲ့ ထိပ်ပိုင်းအလုပ်ရှင်များကို ဦးဆောင်ထောက်ပံ့ကူညီဖို့ အခန်းကဏ္ဍသာ ကျန်ပါတော့တယ်။

ဘူတန်ယာသမားအများစုဟာ သေးငယ်တဲ့တောင်စောင်း ကုန်းဆင့်မြေလေးတွေမှာ သီးနှံပင်တွေ စိုက်စားကြတာများတယ်။ ပြောင်း၊ အာလူး၊ ဆန်၊ ရှောက်၊ သံပရာ၊ ပန်းသီးနဲ့ အမျိုးအစားစုံလှတဲ့ ဟင်းခတ်အမွှေးအကြိုင်တွေ၊ ဖာတီပွိုလ်၊ ဖာတီပွိုလ်ပွင့်နဲ့ ဖာလာတွေ အဓိကထားစိုက်ကြတယ်။ ပြန့်ကျဲနေတဲ့ စားကျက်မြေတွေမှာ အားထားရတဲ့နွား၊ ဝက်နဲ့မြင်းတွေကိုလည်း တိုးပွားမွေးမြူလာပါပြီ။

ဘူတန်ရဲ့သုံးပုံနှစ်ပုံဟာ တောတွေနဲ့ဖုံးလွှမ်းနေတာပါ။ ကျွန်းသစ်စိုက်ပျိုးထုတ်လုပ်ရေးကိုလည်း တိုင်းပြည်စီးပွားရေးမှာ အရေးပါတယ်ဆိုပြီး မကြာခင်က တိုးချဲ့လုပ်ကိုင်လာကြတယ်။ လွှခွဲစက်တွေလည်း တိုင်းပြည်တစ်ခွင်မှာ အများကြီးထူထောင်လာတယ်။ သစ်တောထွက် စက်ရုံတွေတိုးပွားလာတာနဲ့အမျှ တိုင်းပြည်ရဲ့အဖိုးတန်သစ်တော ဖုံးလွှမ်းမှုကိုလည်း ဥပဒေရေးဆွဲပြီး ရည်ရွယ်ချက်ရှိရှိ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့တယ်။

## အရင်းအမြစ်နဲ့စွမ်းအား

ဘူမိဗေဒ တိုင်းထွာလေ့လာရေးတွေ လုပ်တဲ့အခါ ဘူတန်မှာ အဖိုးတန်သတ္တုတွေ စုပုံနေတာ တွေ့လာရတယ်။ ဒါပေမဲ့ မိုင်းတွင်းလုပ်ငန်းတွေဟာ စီးပွားရေးအရတော့ အတော်နှေးကွေးနေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကယ်လစီယမ်ကာဗိုက်ဟာ တိုင်းပြည်ရဲ့ အဓိကပို့ကုန်ပေါ့။ ထုံးကျောက်၊ ဒိုလိုမိုက်(dolomite)၊ ဂျစ်ပဆင်၊ ကျောက်မီးသွေး၊ စကျင်၊ (quartzite)နဲ့ ကိုယ်လိမ်းပေါင်ဒါမှုန့်တို့ဟာ မိုင်းတွင်းတွေကထွက်တဲ့ မူရင်းအခြေခံ ထုတ်ကုန်တွေပါ။ အရေအတွက်အနည်းငယ်သာ ထုတ်နိုင်တဲ့ အခြားဓာတ်သတ္တုတွေ၊ သင်ပုန်းကျောက်၊ (beryl)၊ ဗဟန်းကျောက်နဲ့ ကျောက်မျက်ရတနာအမျိုးမျိုးတွေ၊ ခဲ၊ ကြေးနီ၊ သံဖြူ၊ သံနဲ့ ငွေစတာတွေလည်း ထွက်ပါတယ်။

ဘူတန်မှာ ကုန်ထုတ်လုပ်ငန်းတွေကို ၁၉၇၀ ပြည့်နှစ်လောက်မှာ စတင်လုပ်ခဲ့တယ်။ ဘိလပ်မြေ၊ ဓာတုပစ္စည်း၊ သစ်ထုတ်ကုန်များနဲ့ အစားအစာစက်ရုံကြီး ၄ရုံဟာ ၂၁ရာစုအစောပိုင်းမှာ အပြိုင်အရိုင်း မယှဉ်နိုင်လောက်အောင် တိုးတက်ဖွံ့ဖြိုးလာခဲ့တယ်။ သူတို့ရဲ့ လျှင်မြန်စွာ ကျယ်ပြန့်ဖြစ်ထွန်းလာမှုကြောင့် အခြားစက်ရုံတွေလည်း ပုဂ္ဂလိကပိုင်နဲ့ နိုင်ငံပိုင်ကဏ္ဍတွေမှာ များပြားကြီးမားစွာ ထူထောင်လာကြရဲ့။ ဒါဟာ နိုင်ငံ့ရေအားလျှပ်စစ် စီမံချက်ကနေ လုံလောက်တဲ့ ဓာတ်အားပေးနိုင်ခဲ့လို့ပါ။ ဘူတန်ကုန်ထုတ်လုပ်မှုဌာနအားလုံးနီးပါးဟာ အိန္ဒိယနယ်နိမိတ်နဲ့ နီးကပ်နေတဲ့ တောင်ပိုင်းဒေသမှာ တည်ရှိကြတယ်။ (Phuntsholing)ဟာ ဘူတန်ကုန်ထုတ်လုပ်မှုရဲ့ တစ်ဝက်နီးပါးဖြစ်တဲ့ အကြီးဆုံးစက်မှုဌာနပါ။

## စီးပွားရေးနဲ့ကုန်သွယ်ရေး

၁၉၆၀ ပြည့်နှစ်အထိ ဘူတန်မှာ ငွေကြေးမရှိသေးပါဘူး။ လူထုဟာ သူတို့ကိုယ်တိုင် မထုတ်လုပ်နိုင်တဲ့ ပစ္စည်းတွေကို ကုန်ချင်းဖလှယ်ယူတဲ့ ဘာတာစနစ်နဲ့ လဲလှယ်ယူရတယ်။ ခုတော့ တိုင်းပြည်မှာ ငွေသားစီးပွားရေးဖြစ်တဲ့ တော်ဝင်ငွေကြေး လုပ်ပိုင်ခွင့်နဲ့ နိုင်ငံ့ငွေကြေး (the ngultrum)ကို ထုတ်ဝေထားပါပြီ။ ပြည်တွင်းမှာလည်း စီးပွားရေးဘဏ်အချို့ရှိနေပြီး ဘဏ်အများစုဟာ ဘူတန်အစိုးရ၊ အိန္ဒိယနိုင်ငံနဲ့ အခြားကိုယ်ပိုင်စိတ်ဝင်စားသူတွေ ပေါင်းစပ်မှု အမျိုးမျိုးနဲ့ ဖက်စပ်လုပ်ကြတာပါ။ စက်မှုနဲ့ စိုက်ပျိုးရေးချေးငွေတွေကို သီးခြားအထူးတလည်ကိုင်တဲ့ ဖွံ့ဖြိုးရေးဘဏ်ကိုတော့ ၁၉၈၈ ခုနှစ်မှာ စတင်ထူထောင်ပါတယ်။ စတော့ငွေလဲလှယ်ရေးကိုတော့ နိုင်ငံသားတွေကိုပဲ ဖွင့်လှစ်ပေးဖို့ သင်ဖုမှာ ၁၉၉၃ ခုနှစ်က တည်တောင်ပေးခဲ့တယ်။

ဘူတန်ဟာ ကုန်းပတ်လည် ဝိုင်းနေတဲ့နိုင်ငံမို့ သူ့ရဲ့ကုန်သွယ်ရေးဘဝ ကုန်သွယ်ဖို့နဲ့ ဖြတ်သန်းသွားလာဖို့မှာ အိန္ဒိယဟာ အလွန်အရေးပါနေရဲ့။ အိန္ဒိယနဲ့ လွတ်လပ်စွာကုန်သွယ်ဖို့လုပ်ရတယ်။ အိန္ဒိယဟာ ဘူတန်အတွက် စက်ပစ္စည်း၊ သယ်ယူပို့ဆောင်ရေးပစ္စည်း၊ မူလနဲ့ပြုလုပ်ထားတဲ့သတ္တု၊ ရေနံထွက်ကုန်၊ ဟင်းသီးဟင်းရွက်သီးနှံနဲ့ အခြားအစားအစာ၊ အဝတ်အထည်တွေကို အကြီးမားဆုံး တင်သွင်းရာပင်ရင်းဌာနကြီးဖြစ်သလို၊ ဘူတန်ထုတ်ကုန်အများအပြားကိုလက်သင့်ခံရာလည်း ဖြစ်ရဲ့။ လျှပ်စစ်ဓာတ်ဟာ တိုင်းပြည်ရဲ့အထိက ပို့ကုန်ပါ။

သူ့နောက်မှာတော့ ကြေးနန်းကြိုး၊ ကြေးနီကြိုးတွေ၊ ကယ်လစီယမ်ကာဘိုက်၊ သတ္တုအလွိုင်း၊ ဘိလပ်မြေနဲ့ပေါ် လီအက်စတာချည်မျှင်တွေ လိုက်လာတယ်။ ဒါ့အပြင် Cardamom နဲ့ အခြားဟင်းခတ်အမွှေးအကြိုင်တွေ၊ ဂျစ်ပဆင်၊ သစ်နဲ့လက်မှုထည်တွေကိုလည်း အနည်းအကျဉ်း တင်ပို့ကြတယ်။ အာရှမှာ အခြားဒုတိယတန်းစား ကုန်သွယ်ဖက် နိုင်ငံတွေကတော့ ဂျပန်၊ ဟောင်ကောင်၊ ဘင်္ဂလားဒေ့ရှ်နဲ့ စင်ကာပူတို့ပါ။ ၂၀၀၄ ခုနှစ်မှာ ဘူတန်ဟာ အာရှတောင်ပိုင်း၊ ဒေသတွင်း ပူးပေါင်းရေးအဖွဲ့ဝင် ဖြစ်လာပြီး တောင်အာရှ လွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်နဲ့လည်း ဆက်သွယ်မှု ရှိလာတယ်။

ပညာရေးနဲ့ လူမှုရေး လုပ်ငန်းတွေမှာ အစိုးရရဲ့အကုန်ကျခံ သုံးစွဲမှုနဲ့ မြို့ပြပြည်သူ့ဝန်ထမ်းနဲ့ ဘဏ္ဍာရေးတွေကိုလည်း ၂၀ ရာစုနောက်ပိုင်းမှာ တိုးချဲ့နိုင်ခဲ့တယ်။ အခြေခံ ပြည်သူ့အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ ဘဏ္ဍာရေး၊ ကုန်သွယ်ရေးနဲ့ စားသောက်ဆိုင်များမှာ ဝန်ဆောင်မှုကဏ္ဍ၊ လူထုသုံးစွဲမှုတွေမှာ ဘူတန်ရဲ့ GDP ထက် သုံးပုံတစ်ပုံပိုပြီး သုံးစွဲခဲ့တယ်။ ဒါပေမဲ့ ဒါဟာ နိုင်ငံ့လုပ်အားရဲ့ အနည်းငယ်မျှသော အစိတ်အပိုင်းကိုသာ ဖြစ်ပါတယ်။

၂၀ ရာစုကုန်လောက်ကစလို့ ကျောင်းအပ်တာတွေများလာပြီး ပညာရေးတိုးတက်လာလို့ တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်မှုမှာ အကျိုးဖြစ်ထွန်းလာတယ်။ ဒါပေမဲ့ သူတို့ဟာလုပ်အားမှာလည်း ကြီးမားတဲ့ မညီမမျှ တစ်ဖက်စောင်းနင်းဖြစ်ခဲ့ပြန်တယ်။ အပြင်ပန်းကကြည့်ရင်လည်း ကျောင်းသားတွေကို စိုက်ပျိုးအသက်မွေးမှုလုပ်ငန်းတွေကနေ ဆွဲထုတ်လိုက်သလို ဖြစ်နေရဲ့။

တစ်ဆက်တည်းပဲ ၂၁ ရာစုအစပိုင်းမှာ တောနယ်ဧရိယာတွေမှာ အတွေ့အကြုံရှိတဲ့ အလုပ်သမားတွေ ရှားပါးစပြုနေချိန်မှာ ဘူတန်ပညာတတ်လူငယ်တွေဟာ မြို့ပြဧရိယာတွေမှာ အလုပ်ရှာဖို့ ခက်ခဲစွာရုန်းကန်ရတယ်။ ဒီအချိန်မှာပဲ ဘူတန်သားများစွာကို ဆေးပညာ၊ အင်ဂျင်နီယာ၊ ပညာရေးနဲ့ အခြားစီးပွားရေးကဏ္ဍ နယ်မြေတွေမှာ တိုင်းပြည်ရဲ့ လိုအပ်ချက်တွေကို အချိန်တိုအတွင်း ဖြည့်နိုင်ဖို့ လုံလောက်တဲ့ လေ့ကျင့်မှုတွေလည်း လုပ်ပေးခဲ့တယ်။

(ဆက်ရန်)

❒ **ကိုအေးမြင့်(မဟာဝိဇ္ဇာရေး-သု)**

**စာကိုး။ Encyclopædia Britannica.**



www.burmeseclassic.com

www.burmeseclassic.com



# ဘုရားရှင်ပွင့်တော်မူလာရခြင်းအကြောင်း

ဦးကျော်နိုင် (B.A,H.G.P)

လောက၌ ဘုရားရှင်ပွင့်တော်မူလာရခြင်းသည် သတ္တလောကသားတို့၏ အကျိုးစီးပွားချမ်းသာအလို့ငှာ ပွင့်တော်မူလာရခြင်းဖြစ်၏ဟု ဟောပြောတော်မူကြပါသည်။ ထိုသို့ ဟောပြောရန်လည်း "ဗုဒ္ဓေါလောကေ သမုပ္ပန္နော အတ္ထာယ သဗ္ဗပါဏိနံ" စသည်ဖြင့် အထောက်အထားများလည်း ရှိပါသည်။

ပရိတ်ကြီး ပဋ္ဌာနသုတ်ကလည်း

မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ၊ ပူရေတွာ ပါရမီ
သဗ္ဗာ ပတ္တော သမ္ဗောဓိ မုတ္တမံ။

မဟာကရုဏာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ပါရမီတော်အားလုံးကို ဖြည့်ဆည်းတော်မူပြီးနောက် ဘုရားအဖြစ်သို့ ရောက်တော်မူသည်ဟူ၍ ရေးသားမိန့်ဆိုခဲ့ပါသည်။

ထိုအဆို ထိုအမိန့်များသည် မှန်ကန်ပါသည်။ မမှားပါ။ သို့သော် ထိုအမှန်သည် ယေဘုယျအမှန်များသာ ဖြစ်ပါသည်။

ဘုရားရှင်ပွင့်တော်မူလာရခြင်း အကြောင်းနှင့် ပတ်သက်၍ ဘုရားရှင်ကိုယ်တော်တိုင် ရွှေနှုတ်တော်မှ ဖွင့်ဟပြီး အတိအကျ ဟောထားချက် ရှိပါသည်။ ၎င်းမှာ အင်္ဂုတ္တရနိကာယ်၊ ဒသကနိပါတ် အာကင်္ခဝဂ်တယောဓမ္မသုတ် ဖြစ်ပါသည်။

တယော မေ ဘိက္ခဝေ ဓမ္မာ လောကေနသံ ဝိဇ္ဇေယျုံ နတထာဂတော လောကေ ဥပဇ္ဇေယျ အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ န တထာဂတပဝေဒိတော ဓမ္မဝိနယောလောကေ ဒိပ္ပေယျ။ ကတ မေ တယော၊ ဇာတိစ ဇရာစ မရဏံစ-ပ-ယသ္မာစခေါဘိက္ခဝေ ဣမေ တယော ဓမ္မာလောကေသံဝိဇ္ဇန္တိ၊ တသ္မာ တထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ၊ တသ္မာတထာဂတပဝေဒိတော ဓမ္မဝိနယော လောကေ ဒိပ္ပတိ။

ရဟန်းတို့ ဤတရားသုံးပါးတို့သည် လောက၌ မရှိကုန်ငြားအံ့၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည် ပွင့်ထွန်းပေါ်ပေါက်မလာရာ၊ ဘုရားရှင် ဟောတော်မူအပ်သော ဓမ္မဝိနယသည်လည်း လောက၌ မထွန်းပရာ၊ တရားသုံးပါး ဆိုသည်မှာ အဘယ်နည်း။ ဇာတိ၊ ဇရာ၊ မရဏာ တို့ပင်ဖြစ်၏။ အကြင်ကြောင့် ဤတရားသုံးပါးတို့သည် လောက၌ ထင်ရှားရှိကြကုန်၏။ ထို့ကြောင့် ဘုရားရှင်သည် လောက၌ ပွင့်ထွန်းပေါ်ပေါက် လာရ၏။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင် ဟောတော်မူသော ဓမ္မဝိနယသည်လည်း လောက၌ ထွန်းပရ၏။

ဘုရားရှင်ကိုယ်တော်မြတ် ဟောတော်မူချက်အရ ဘုရားရှင်ပွင့်တော်မူလာရခြင်း၏ အကြောင်း အတိအကျမှာ ဇာတိ၊ ဇရာ၊ မရဏတရားတို့ လောက၌ ထင်ရှားရှိနေသောကြောင့် ဖြစ်၏။ ဤတရားသုံးပါးမရှိက ဘုရားရှင် လောက၌ ပွင့်တော်မူရန်အကြောင်း မရှိပါ။ ဤတရားသုံးပါး ရှိနေသောကြောင့်သာလျှင် ဘုရားရှင်သည် (၄၅) ဝါပတ်လုံး မနေမနား တရားတော်များကို ဟောကြားခဲ့သဖြင့် တရားတော်များလည်း လောက၌ ထွန်းလင်းတောက်ပနေရပေသည်။

အကယ်၍သာ ဇာတိ၊ ဇရာ၊ မရဏတရားများမရှိက ဘုရားရှင်လည်း ပွင့်တော်မူမည် မဟုတ်။ ဘုရားရှင် ဟောကြားအပ်သော တရားတော်များလည်း ရှိမည်မဟုတ်ပေ။

ဤကိစ္စနှင့်ပတ်သက်၍ ဘုရားရှင်၏ ဖြစ်တော်စဉ်များနှင့် ဆက်စပ်လေ့လာသင့်ပါသည်။ ဘုရားရှင်သည် နိမိတ်လေးပါးကို မြင်၍ တောထွက်တော်မူခဲ့ခြင်းဖြစ်ပါသည်။ နိမိတ်ကြီးလေးပါးနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်များ သိကြပြီး ဖြစ်ပါသည်။

၎င်းတို့မှာ လူအို၊ လူနာ၊ လူသေနှင့် ရဟန်းတို့ ဖြစ်ပါသည်။ ဤ၌ နတ်တို့သည် လူအို၊ လူနာ၊ လူသေတို့ကို ပြကြ၏။

ဇာတိဒုက္ခကို မပြခဲ့ပေ။ ထိုသို့ မပြခဲ့ခြင်းမှာ ပဋိသန္ဓေနေရသော သန္ဓေသား၏ ဒုက္ခကို သရုပ်ဆောင်ပြရန် ခက်ခဲသောကြောင့် ဖြစ်ပေလိမ့်မည်။

ကိုယ်ဝန်ဆော ဲ အမျိုးသမီးပုံကို သရုပ်ဆောင်ပြလျှင်လည်း သန္ဓေသား၏ ဒုက္ခထက် ကိုယ်ဝန်ဆောင် အမျိုးသမီး၏ ဒုက္ခကသာ ထင်ရှားပေါ်လွင်ပေလိမ့်မည်။ မီးဖွားနေဟန်ပြလျှင်လည်း ထို့အတူပင် မီးဖွားရသူ အမျိုးသမီး ဒုက္ခကပဲ ပေါ်လွင်ထင်ရှားမည် ဖြစ်ပါသည်။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူလျှင်မူချင်း ဥဒါန်းကျူးတော်မူပါသည်။ ၎င်းမှာ ဗုဒ္ဓဘာသာဝင်တို့ အနေကဇာတင်သည်ဟု သိနေကြသော ဂါထာတော်ပင် ဖြစ်ပါသည်။ ထိုဥဒါန်းတော်၌ ဘုရားရှင်က "ငါသည် ခန္ဓာအိမ်ကို တည်ဆောက်သည့် တဏှာလက်သမားကို ရှာမတွေ့သဖြင့် ဇာတိသံသရာ သို့မဟုတ် ဘဝသံသရာပေါင်း မြောက်မြားစွာကို ပြေးလွှားခဲ့ရလေပြီ၊ ဇာတိဒုက္ခသည် အဖန်ဖန် အထပ်ထပ် ဖြစ်ခဲ့ရပြီ" ဟု ဖော်ပြခဲ့သည်။

ဤ၌ ဘုရားရှင်သည် ဇာတိဒုက္ခကိုသာ ဖော်ပြခဲ့ပါသည်။ သို့သော် ဇာတိဆိုသော ဘဝဖြစ်တည်လာလျှင် ဇရာ၊ မရဏလည်း မုချပင် ဖြစ်လာမည်ဖြစ်သဖြင့် ဇရာ မရဏကို အထူး မဖော်ပြခဲ့ခြင်း ဖြစ်ပါသည်။

ထို့နောက် ဘုရားရှင်သည် ဝါဆိုလပြည့်နေ့၌ တရားဦးဖြစ်သည့် ဓမ္မစကြာတရားတော်ကို ဟောကြားခဲ့ပါသည်။ ထိုဓမ္မစကြာတရားတော်၌ဘုရားရှင်သည် အထူးသဖြင့် သစ္စာလေးပါးကို ဟောကြားခဲ့ပါသည်။ ထိုတွင် ပထမဒုက္ခသစ္စာ၌ ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခ စသည်ဖြင့် ဒုက္ခတွေကို တန်းစီ၍ ဟောကြားခဲ့ပါသည်။ ထိုဒုက္ခတွေကို ချုပ်လိုက်လျှင် ခန္ဓာငါးပါးပင် ဖြစ်ပါသည်။

ခန္ဓာငါးပါး ဆိုသည်မှာလည်း ရုပ်နှင့် နာမ်ပင် ဖြစ်ပါသည်။ ထိုရုပ်၊ နာမ် ခန္ဓာတို့၏ အစဆုံးဖြစ်မှုကို ဇာတိဟုခေါ်၍ ထိုရုပ်၊ နာမ်၊ ခန္ဓာတို့ တရွေ့ရွေ့ ယိုယွင်းအိုမင်းလာမှုကို ဇရာ ဟုခေါ်ဆိုပါသည်။ ဇာတိရှိလာလျှင် အိုမြဲဖြစ်ပါသည်။

ထို့ကြောင့် ရှေးဆရာတော်ကြီးတို့က "တစ်နေ့ထက် တစ်နေ့ တရွေ့ရွေ့ ယွင်းယို၊ နောက်ပြန်လို့ မပျိုသည် ရွေ့ကိုသာ အိုမြဲ" ဟု စပ်ဆိုတော်မူခဲ့ကြပါသည်။ ရုပ်၊ နာမ်၊ ခန္ဓာတို့၏ ဘဝအတွက် နောက်ဆုံးပျက်သွားသည်ကို သေခြင်း မရဏဟုခေါ်ပါသည်။ ဘုရားရှင်သည် မိမိ၏ တရားဦးဓမ္မစကြာ၌လည်းဘုရားပွင့်လာရခြင်း၏အကြောင်းဖြစ်သည့် ဇာတိ၊ မရဏတို့ကို ဟောတော်မူခဲ့ပါသည်။

တစ်ဖန် ဘုရားရှင်သည် ဘုရားဖြစ်ပြီးနောက် ဆင်ခြင်တော်မူသည့် ပစ္စဝေက္ခဏာကိုလည်း လေ့လာရမည်ဖြစ်ပါသည်။ ပစ္စဝေက္ခဏာဖြစ်တော်မူပုံကို 'အကုပ္ပါမေဝိမုတ္တိ အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိပုနဗ္ဘဝေါ' တိ- ငါ၏ လွတ်မြောက်မှုသည် မပျက်တော့ပြီ၊ ဤဇာတိသည် နောက်ဆုံး ဇာတိဖြစ်၏၊ နောက်ထပ်ဘဝဟူ၍ မရှိတော့ပြီ ဟူ၍ မိန့်ဆိုခဲ့ပါသည်။

ဤ၌ ဇာတိနှင့် ဘဝကို ထပ်တူဟောကြားတော်မူခဲ့ပါသည်။ အနတ္တလက္ခဏာသုတ်၌ ရဟန္တာတို့၏ ပစ္စဝေက္ခဏာဆင်ခြင်ပုံကို "ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိပဇာနာတီတိ" ဇာတိကုန်သွားပြီ၊ ဗြဟ္မစရိယကို ကျင့်သုံးပြီးသွားပြီ၊ ပြုဖွယ်ကိစ္စမှန်သမျှကို ပြုလုပ်ပြီးသွားပြီ၊ ဤကိစ္စ အလို့ငှာ အခြားပြုဖွယ်မရှိပြီဟု ဟောခဲ့ပါသည်။

ဤ ပစ္စဝေက္ခဏာများ၌ ဓမ္မစကြာမှာရော အနတ္တလက္ခဏာသုတ်၌ပါ ဇာတိကုန်ပြီ၊ ဒါ နောက်ဆုံး ဇာတိ၊ နောက်ထပ် ဇာတိမရှိတော့ဟု ဇာတိကို အခြေခံပြု၍ ဟောတော်မူခဲ့ပါသည်။ ဇာတိကုန်လျှင် ဇရာ၊ မရဏလည်း ကုန်ပြီဖြစ်ပါသည်။

မူလပဏ္ဏာသပါဠိတော် ဩပမ္မဝဂ်၊ ပါသရာသိသုတ်၌ ရှာမှီးမှု (၂) မျိုးကို ဟောကြားခဲ့ပါသည်။ ၎င်းတို့မှာ မမြတ်သောရှာမှီးမှုနှင့် မြတ်သောရှာမှီးမှုတို့ ဖြစ်ပါသည်။ မမြတ်သော ရှာမှီးမှုမှာ မိမိကိုယ်တိုင်က ဇာတိသဘော၊ ဇရာသဘော၊ မရဏသဘော ရှိပါလျက် မိမိကဲ့သို့ပင် ဇာတိသဘော၊ ဇရာ





www.burmeseclassic.com

www.burmeseclassic.com

သဘော၊ မရဏသဘော စသည်ရှိသော တရားတို့ကို ရှာမှီးခြင်းဖြစ်ပါသည်။ ထိုဇာတိ၊ ဇရာ၊ မရဏ စသည့်သဘောရှိသော အရာတို့မှာ သားမယားများ၊ ကျေးကျွန်များ၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်၊ ဆင်၊ မြင်း၊ နွားနှင့် ရွှေငွေ ပစ္စည်းဥစ္စာတို့ ဖြစ်ပါသည်။

မြတ်သော ရှာမှီးမှုမှာ ဇာတိဓမ္မ၊ ဇရာဓမ္မ၊ မရဏဓမ္မတို့၌ အပြစ်ကိုမြင်၍ ဇာတိ၊ ဇရာ၊ မရဏ စသည်တို့ကင်းငြိမ်းရာ အမြတ်ဆုံးဖြစ်သောနိဗ္ဗာန်ကို ရှာမှီးခြင်းပင် ဖြစ်ပါသည်။

ဘုရားရှင်က မိမိသည်ပင် ဘုရားမဖြစ်မီ အလောင်းတော်ဘဝတုန်းက ကိုယ်တိုင် ဇာတိသဘော၊ ဇရာသဘော၊ မရဏသဘောရှိပါလျက် မိမိကဲ့သို့ ဇာတိသဘော၊ ဇရာသဘော၊ မရဏသဘောရှိသော အရာတို့ကို ရှာမှီးသိမ်းဆည်းခဲ့ကြောင်း ဝန်ခံတော်မူခဲ့၏။ ထို့နောက်တွင်မှ ထိုဇာတိဓမ္မစသည်တို့၌ အပြစ်အနာတို့ကို မြင်တော်မူ၍ ထိုဇာတိ၊ ဇရာ၊ မရဏတို့မှကင်းရာ အမြတ်ဆုံးနိဗ္ဗာန်ကို ရှာမှီးအံ့ကြံပြီး တောထွက်တော်မူခဲ့ပါသည်။

ဇာတိ၊ ဇရာ၊ မရဏတို့ ကင်းရာနိဗ္ဗာန်ကိုရှာရန် အာဠာရ၊ ဥဒကတို့ထံ၌ တပည့်ခံခဲ့ပါသည်။ ထို့နောက် မိမိဘာသာ ထိုမသေရာ အမြိုက်နိဗ္ဗာန်ကို အပြင်းအထန် ကြိုးပမ်းရှာဖွေခဲ့ပါသည်။

ဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီးနောက် ပထမသတ္တာဟ၌ ပဋိစ္စသမုပ္ပါဒ်တရားကို အနုလုံပဋိလုံ ဆင်ခြင်သုံးသပ်တော်မူခဲ့ပါသည်။ ပဋိစ္စသမုပ္ပာဒ်တရားသည် ကြောင်းကျိုးဆက်တရားတော်ပင် ဖြစ်ပါသည်။ ထိုတွင် အဝိဇ္ဇာစသောအကြောင်းတရားဖြစ်ခြင်းကြောင့် ဇာတိ၊ ဇရာ၊ မရဏတို့ ဖြစ်ရကြောင်း အနုလုံ ပဋိစ္စသမုပ္ပာဒ်ဖော်ပြ၍ အဝိဇ္ဇာအစရှိသော အကြောင်းတရားတို့ ချုပ်ခြင်းကြောင့် ဇာတိ၊ ဇရာ၊ မရဏ တို့ချုပ်ရကြောင်း ဖော်ပြခဲ့ပါသည်။ ထိုဇာတိ၊ ဇရာ၊ မရဏ ဆိုသည်မှာလည်း ဝိညာဉ် နာမ် ရုပ်စသော ရုပ်နာမ်ခန္ဓာတို့ပင် ဖြစ်ပါသည်။ ရုပ်နာမ်ခန္ဓာတို့ ဆိုသည်မှာလည်း သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာဆိုသည့်အတိုင်း ဒုက္ခပင် ဖြစ်ပါသည်။

ထို့ကြောင့် ပဋိစ္စသမုပ္ပာဒ်နိဂုံး၌ ဤအဝိဇ္ဇာစသောအကြောင်းတို့ကြောင့် သက်သက်သော ဒုက္ခခန္ဓာသာ ဖြစ်ရလေသည်။

ဤ အဝိဇ္ဇာစသော အကြောင်းတရားတို့ ချုပ်ခြင်းကြောင့် ဒုက္ခခန္ဓာကြီးသာ ချုပ်ငြိမ်းရသည်ဟူ၍ ဟောတော်မူခဲ့ပါသည်။

ပရိတ်ကြီးဘောဇ္ဈင် ပရိတ်အမွှမ်း၌လည်း သံသရာလည်ရသည့် သတ္တဝါတို့၏ ဒုက္ခအလုံးစုံကို ဖျက်ဆီး၍ မာရ်နတ်၏တပ်ကို နှိမ်နင်းနိုင်သော ဗောဇ္ဈင်(၇)ပါးတို့ကို ပွားများသိရှိ၍ ဘဝသုံးပါးမှလွတ်မြောက်ကြသည့် သတ္တဝါတို့သည် ဇာတိဇရာဗျာဓိမရဏတို့ ကင်းမဲ့သည့် ဘေးမဲ့နိဗ္ဗာန်တို့ ရောက်ကြရကုန်၏ ဟူ၍ ရေးသားဖော်ပြခဲ့ပါသည်။

ဤဗောဇ္ဈင်(၇)ပါး တရားသည် ဇာတိ၊ ဇရာ၊ မရဏကင်းရန် နိဗ္ဗာန်သို့ ရောက်စေနိုင်ကြောင်း ဟောတော်မူပါသည်။ ဘေးမဲ့နိဗ္ဗာန်၌ ဘေးဆိုသည်မှာလည်း ဇာတိဘေး၊ ဇရာဘေး၊ မရဏဘေးတို့ပင် ဖြစ်ပါသည်။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဘိက္ခုနီသံယုတ်၊ စာလာသုတ်၌လည်း သစ်ပင်တစ်ပင်အောက်၌ နေ့သန့်စင်နေသည့် စာလာဘိက္ခုနီမအား "အရှင်ရဟန်းမ၊ သင်သည် အဘယ်ကို မနှစ်သက်ပါသနည်း" မာရ်နတ်မမေးရာ စာလာဘိက္ခုနီမက "ငါသည် ပဋိသန္ဓေနေရခြင်းကို မနှစ်သက်" ဟုဆိုခဲ့၏။ ပဋိသန္ဓေနေရခြင်း ဆိုသည်မှာ ဇာတိပင် ဖြစ်ပါသည်။

ဇာတိကို မနှစ်သက်ဟု ဆိုလျှင် ၎င်းနှင့် တစ်တွဲတည်းဖြစ်သည့် ဇရာ၊ မရဏကိုလည်း မနှစ်သက်ဟု ဆိုရာရောက်ပါသည်။

စာလာသည် အရှင်သာရိပုတြာ၏ ညီမသုံးယောက်အနက် အကြီးဆုံးဖြစ်ပါသည်။

အရှင်သာရိပုတြာ၌ စာလာ၊ ဥပစာလာ၊ သီသစာလာဟု ညီအစ်မ(၃)ယောက်ရှိပါသည်။ အချို့စာများ၌ ဇာလာ၊ ဥပဇာလာ၊ သီသဇာလာ(သီသူပဇာလာ)ဟူ၍လည်း အရေးအသားရှိပါသည်။

ထို့ကြောင့် ဘုရားရှင်သည် လောက၌ ဇာတိ၊ ဇရာ၊ မရဏ တို့ရှိနေသောကြောင့် ပွင့်တော်မူလာခြင်းဖြစ်ပါသည်။ ထို ဇာတိ၊ ဇရာ၊ မရဏ စသည်တို့သည် ဓမ္မစကြာတရားတော်အရ ဒုက္ခတရားများဖြစ်ပါသည်။ ထိုဒုက္ခတရားတို့ ဖြစ်ရခြင်းအကြောင်းမှာ တဏှာဖြစ်၍ ထိုတဏှာကို သတ်နိုင်မှ ဇာတိ၊ ဒုက္ခ စသည်မှကင်းရာ နိဗ္ဗာန်ကို ရောက်မည် ဖြစ်ပါသည်။

ထိုတဏှာ သတ်နိုင်ရန်ဆိုလျှင် မဇ္ဈိမပဋိပဒါ မဂ္ဂင်(၈)ပါး တရားကို ကျင့်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားရှင်ပွင့်တော်မူလာရခြင်း၏ အကြောင်းမှန်ကို သိရှိကြသည့် ဗုဒ္ဓဘာသာ သူတော်စင်များအနေဖြင့် ဘုရားရှင်၏ အလိုတော်လမ်းစဉ်အတိုင်း မမြတ်သော ရှာမှီးမှု၏ အပြစ်ကို ရှုမြင်ပြီး မြတ်သောရှာမှီးမှုကို ရှာမှီးနိုင်စေရန် တင်ပြရပါသည်။

❒ ဦးကျော်နိုင်
(B.A, H.G.P)

www.burmeseclassic.com

www.burmeseclassic.com



# ထူးမှထူး

## အရှင်ဆန္ဒာဓိက

(ရွှေပါရမီတောရ)

(ယခင်လမှအဆက်)

အပူပျော်စွန့်နိုင်လေ အအေးပျော်ကွန့်လှိုင်လေ

နောက်တစ်ခါ နေက္ခမ္မဓာတ်ခံ ဆိုတာကတော့ ကာမဂုဏ် အာရုံတွေကနေ ထွက်မြောက်ချင်တဲ့ ဓာတ်ခံပေါ့။

နေက္ခမ္မဓာတ်ခံ အားနည်းတဲ့ပုဂ္ဂိုလ်တွေဆိုရင် ကာမဂုဏ် အာရုံတောထဲကနေ မထွက်နိုင်ဘူး။ ကာမဂုဏ်အာရုံလေးကို တစ်မိနစ် တစ်စက္ကန့်လေး စွန့်ရမယ်ဆိုရင်တောင်မှ သူ့မှာ မခံနိုင်ဘူးဖြစ်နေတယ်။ အခုလို လောကီအပျော်တွေ စွန့်ပြီးတော့ ရိပ်သာကို လာရမယ်ဆိုရင် မလာချင်ဘူး။

သင်္ကြန်တွင်းလေး ရေပက်ခံထွက်လိုက်ဦးမှ။ နည်းနည်းပါးပါးတော့ ကဲလိုက်ဦးမှ။ ရိပ်သာက အသက်ကြီးမှဝင်လည်း ရတယ်ပေါ့။ သင်္ကြန်ထွက်လည်တဲ့သူတွေ အကုန်လုံး နေက္ခမ္မဓာတ်ခံ မရှိဘူးလို့တော့ မဆိုလိုပါဘူးနော်။

နေက္ခမ္မဓာတ်ခံ အားနည်းရင် ကာမဂုဏ်အာရုံတွေကို မစွန့်နိုင်ဘူးတဲ့။ ခပ်နာနာလေး ပြောရမယ်ဆိုရင်တော့ ပုဆိုးကြားထဲက မထွက်နိုင်ဘူး၊ ထဘီကြားထဲက မထွက်နိုင်ဘူးလို့ ပြောရမှာပေါ့။ နေက္ခမ္မဓာတ်ခံ အားနည်းတဲ့ပုဂ္ဂိုလ်တွေကျတော့ မထွက်နိုင်ဘူး။ ထွက်ဖို့ အခွင့်အလမ်း ကြုံလာရင်လည်း မထွက်နိုင်ဘူးပေါ့လေ။ အတွင်းထဲမှာ ဓာတ်ခံအနေနဲ့ ရှိနေတယ်ဆိုရင်တော့ လောလောဆယ် မထွက်နိုင်သေးတောင်မှ တစ်ချိန်ကျရင်တော့ ထွက်မယ်။ တစ်ချိန်ကျရင်တော့ ဒီဇနီး စွန့်မယ်။ ဒီခင်ပွန်း စွန့်မယ်။ ဒီသားသမီးတွေကို စွန့်မယ်။ ဒီအသိုင်းအဝိုင်းကို စွန့်မယ်။ တရားဓမ္မကိုပဲ လွတ်လွတ်ကျွတ်ကျွတ် အားထုတ်မယ်။ ဓာတ်ခံရှိတဲ့ ပုဂ္ဂိုလ်ကတော့ ဒီလိုလေးတော့ အမြဲတမ်း ရှိနေမှာပါ။

လောလောဆယ် ကာမဂုဏ်အာရုံနဲ့ နေတိုင်လည်း နေက္ခမ္မဓာတ်ခံ မရှိဘူးလို့ ပြောလို့မရပါဘူး။ ကိလေသာကြောင့် မလွှဲသာလို့သာ ကာမဂုဏ်အာရုံတွေ ခံစားနေရပေမယ့်၊ ဒါမှမဟုတ် တာဝန်တွေ ရှိနေသေးလို့သာ ကာမဂုဏ်နယ်ပယ်မှာ ကျင်လည်နေရပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီကာမဂုဏ်နယ်ပယ်ကနေ ရုန်းကိုရုန်းထွက်မယ်ဆိုတဲ့ စိတ်ထားလေး ရှိနေရင် နေက္ခမ္မဓာတ်ခံ ရှိတာပါပဲ။

ပြီးတော့ ကာမဂုဏ်အာရုံတွေကို လုံးဝစွန့်လွှတ်မှလည်း နေက္ခမ္မဓာတ်ခံရှိတာ မဟုတ်ပါဘူး။ သူ့အချိန်နဲ့သူ စွန့်လွှတ်နေရင် သူ့အတိုင်းအတာနဲ့သူ စွန့်လွှတ်နေရင် နေက္ခမ္မဓာတ်ခံ ရှိတာပါပဲ။





www.burmeseclassic.com

www.burmeseclassic.com

ကိုဗွီကြည့်တာတွေ၊ သီချင်းနားထောင်တာတွေ အကုန်လုံး ဖြတ်တောက်ထားပြီးတော့ ဘုရားခန်းထဲဝင်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်၊ ပရိတ်ရွတ်၊ တရားထိုင်၊ တရားအားထုတ်၊ တရားနာ၊ တရားနှလုံးသွင်း လုပ်နေမယ်ဆိုရင် အဲဒါလည်းပဲ နေက္ခမ္မအလုပ် လုပ်နေတာပါပဲ။

ခေတ္တခဏ ကာမဂုဏ်အာရုံတွေကို စွန့်ခွာထားတာမို့ လို့ ဘုရားခန်းထဲဝင်ပြီးတော့ ဒါန၊ သီလ၊ ဘာဝနာ ဝေယျာဝစ္စလုပ်နေတဲ့အချိန်ကလည်း နေက္ခမ္မပါရမီ ဖြည့်နေတဲ့အချိန်ပဲ။ တောထွက်နေတဲ့ အချိန်ပါပဲနော်။ ပကတိတောထဲကို ထွက်တာ မဟုတ်ဘူး။ ကာမဂုဏ်တောထဲကနေ ထွက်နေတာပဲ။ နေက္ခမ္မဓာတ်ခံ အားကောင်းတဲ့ပုဂ္ဂိုလ်တွေကျတော့ ကာမဂုဏ် အာရုံတွေနဲ့ချည်းပဲ တစ်နေ့တာ အချိန်မဖြုန်းတော့ဘူး။ သူ့အချိန်လေးနဲ့သူ ကာမဂုဏ် ခံစားတဲ့အချိန်ခံစား၊ ဘုရားခန်းထဲဝင်ပြီးတော့ တရားအားထုတ်တဲ့အချိန် အားထုတ်နဲ့ ဒီလိုနေတတ်ပါတယ်။ သူ့အချိန်နဲ့သူ စိတ်ကို ဖြတ်ထားနိုင်တယ်ပေါ့။

နေက္ခမ္မဓာတ်ခံ အားကောင်းရင် ကာမဂုဏ်အာရုံမှာ ချည်းပဲ စိတ်က တဝဲလည်လည်ဖြစ်မနေဘူး။ ကိလေသာ ရောဂါထလာလို့ ဆေးကုတဲ့သဘော ရောဂါခေတ္တငြိမ်းသွားအောင် ကာမဂုဏ်ခံစားပေမယ့် သူ့အချိန်နဲ့သူ စိတ်ကိုဖြတ်ထားနိုင်တယ်။ မလွှဲမရှောင်သာ ခံစားပြီးတာနဲ့ စိတ်ထဲမှာ ကာမဂုဏ်အာရုံ လုံးဝမရှိတော့ဘူး။ တရားအာရုံပဲ ရှိတော့တယ်။ ကာမဂုဏ်ခံစားမှုအပေါ် လည်း တရားသဘောလေး ဆင်ခြင်လိုက်တယ်။ "တဒင်္ဂပါလား၊ ပြီးတော့လဲ ဘာမှမဟုတ်ပါလား" စသည်အားဖြင့်ပေါ့။

ဆင်ခြင်ပါများရင် ကိလေသာပါးပါးသွားပြီး ကာမဂုဏ် ခံစားမှုကြိမ်နှုန်းလည်း ကျဲကျဲသွားပါတယ်။ မကျဲလည်း သူ့အချိန်နဲ့သူပေါ့နော်။ စိတ်မှာ ကိလေသာကြာကြာဖြစ်မနေဖို့ အဓိကပါပဲ။

စိတ်မှာ ကိလေသာလုံးဝမဖြစ်တော့ရင် အကောင်းဆုံးပေါ့။ ဘာကာမဂုဏ်အာရုံကိုမှ အာရုံမပြုဘဲ နေနိုင်တဲ့ စိတ်ကတော့ နေက္ခမ္မဓာတ် အပြည့်ဝဆုံးပေါ့။ ကာမဂုဏ်ခံစားမှု ကင်းရှင်းလေ နေက္ခမ္မဓာတ် အားကောင်းလေပါပဲ။

နေက္ခမ္မဓာတ်ခံကို မြန်မာလို ပြောမယ်ဆိုရင်တော့ 'အပျော်စွန့်ဓာတ်ခံ'လို့ ပြောရမှာပေါ့။ ကာမဂုဏ်အပျော်၊ ကိလေသာအပျော်တွေကို စွန့်နိုင်တဲ့ဓာတ်ခံ၊ စွန့်ရဲတဲ့ဓာတ်ခံ၊ စွန့်ဖြစ်တဲ့ဓာတ်ခံဟာ နေက္ခမ္မဓာတ်ခံပါပဲ။

ကာမဂုဏ်အပျော် စွန့်နိုင်လေ စွန့်လိုက်တဲ့ ကာမဂုဏ် အပျော်နေရာမှာ တရားအပျော် အစားထိုးဝင်လာလေပါ။ အပူပျော်နေရာမှာ အအေးပျော် ဝင်လာတယ်ဆိုပါတော့။ အပူပျော်တွေ များများစွန့်နိုင်လေ၊ အအေးပျော်တွေ အများကြီး ရလာလေပါပဲ။

အအေးပျော်တွေ များများရှိနေရင် အပူပျော်တွေက တမင်စွန့်နေစရာတောင် မလိုပါဘူး။ အလိုအလျောက် စွန့်ပြီးသား ဖြစ်သွားတာပါ။ အအေးပျော်တွေ များများရှိနေအောင် ကြိုးစားနေဖို့ပဲ လိုပါတယ်။

## အမြင်သွက်မှ အမြင်ထွက်နိုင်မယ်

ပဝိဝေကဓာတ်ခံ ဆိုတာက ဆိတ်ငြိမ်ရာမှာ မွေ့လျော်တဲ့ဓာတ်ခံ၊ တစ်ယောက်တည်းနေရဲတဲ့ ဓာတ်ခံ၊ တစ်ယောက်တည်း ပျော်အောင်နေတတ်တဲ့ ဓာတ်ခံ။

ပဝိဝေကဓာတ်ခံ အားနည်းတဲ့ပုဂ္ဂိုလ်ကျတော့ တစ်ယောက်တည်းနေရမှာ သိပ်ပျင်းတယ်။ စာသင်သားဘဝတုန်းက ကြားဖူးတဲ့ သီချင်းစာသားလေးတစ်ခု ရှိပါတယ်။

"ကိုယ်တစ်ယောက်တည်း ××× မင်းမရှိရင် အသက်မရှင်ချင်ဘူး အချစ်ရယ် ××× မနေ့က ငါ သေဆုံးသွားခဲ့××" ဆိုလားပဲနော်။

"မင်းမရှိရင် မနေတတ်ဘူး" ဆိုတာ ပဝိဝေကဓာတ်ခံ အားနည်းလို့။ တစ်ယောက်တည်း မနေတတ်ဘူး။ မင်း ငါ့ကို စွန့်သွားတဲ့ မနေ့ကစပြီး ငါ့ဘဝဟာ သေဆုံးသွားပါပြီတဲ့။ အဲဒါ ဘာလဲဆိုရင် ပဝိဝေကဓာတ်ခံ အားနည်းတာ။ သီချင်းကို အပြစ်ပြောတာမဟုတ်ဘူးနော်။ လူ့သဘာဝကို ပြောတာ။

ဘယ်သူရှိရှိ မရှိရှိ တစ်ယောက်တည်းနေရလေ နားအေးပါးအေး ဖြစ်လေပဲ။ "တစ်ယောက်တည်းနေရလေ ကိုယ့်အလုပ်ပိုတွင်လေ" ဆိုပြီးတော့ တစ်ယောက်တည်းနေဖို့ ဖြစ်လာတဲ့ အခြေအနေကို ယောနိသောမနသိကာရနဲ့ ကုသိုလ်စိတ်ဖြစ်အောင်၊ အကောင်းဘက်ရောက်အောင် နှလုံးသွင်းတတ်မယ်ဆိုရင် ဒါ ပဝိဝေကဓာတ်ခံ ရှိတယ်လို့ ခေါ်ရတာပေါ့။

အဲဒီလို ပြောလိုက်လို့ တောထဲတောင်ထဲမှာ အမြဲတမ်းသွားပြီးတော့ နေရမယ်လို့ မဆိုလိုပါဘူး။ အများနဲ့နေပါ။ အများနဲ့နေရင်းနဲ့ တစ်ယောက်တည်းနေဖို့ အခွင့်အလမ်းကြုံရင်လည်း အပြုံးမပျက် ဣန္ဒြေရရ သိက္ခာရှိရှိ ချမ်းချမ်းသာသာနဲ့ နေရဲရမယ်။ နေနိုင်ရမယ်။

အဖေကြီးမရှိရင် အမေကြီး မနေတတ်ဘူးဆိုတာ မဖြစ်စေရဘူးပေါ့။ အမေကြီးမရှိရင် အဖေကြီး ဘယ်လိုနေရမှာလဲဆိုတာ မဖြစ်စေရဘူးပေါ့။ တစ်ယောက်တည်း ပျော်အောင်နေတတ်တယ်ဆိုတာ သူတော်ကောင်းဓာတ်ခံ အဆင့်မြင့်တဲ့ဓာတ်ခံပါပဲ။ ပဝိဝေကဓာတ်ခံကို မြန်မာလိုပြောမယ် ဆိုရင်တော့ "အဖော်ခွဲဓာတ်ခံ" ပေါ့။ အဖော်နဲ့ခွဲပြီး နေနိုင်တဲ့ ဓာတ်ခံ။

နောက်တစ်ခုက နိဿရဏဓာတ်ခံ။ နိဿရဏဓာတ်ခံဆိုတာ ဘဝဝဋ္ဋ သံသရာ ဝဋ်ဆင်းရဲကြီးကနေ ထွက်မြောက်ချင်တဲ့ ဓာတ်ခံပါ။ ဘဝဝဋ္ဋ သံသရာကြီးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

မပျော်ဘူး။ မသိတဲ့အချိန်မှာတုန်းကတော့ ပျော်ခဲ့တယ်။ သိတဲ့အချိန်ကစပြီးတော့ . . .

"ဩော် . . . အို နာ သေရေး ဒုက္ခဘေးနဲ့ နှိပ်စက်ခံနေကြရတယ်၊ ချစ်သူနဲ့ ခွဲရတဲ့ဒုက္ခ၊ မုန်းသူနဲ့ တွေ့ရတဲ့ဒုက္ခ၊ လိုတာမရတဲ့ ဒုက္ခ၊ ရတာမလိုတဲ့ ဒုက္ခ၊ ဝမ်းစာရှာဖွေ ရုန်းကန်ရတဲ့ ဒုက္ခ၊ ဒုက္ခမျိုးစုံနဲ့ နှိပ်စက်ခံနေကြရတယ်"

"ဒီဒုက္ခတွေ အသာထား၊ ဝိပဿနာအလုပ်တွေ အားထုတ်လိုက်တဲ့အခါကျတော့ ကြည့်စမ်းပါဦး၊ ရုပ်တွေ နာမ်တွေက အချိန်တိုင်း စက္ကန့်တိုင်း ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်နဲ့ ဘာများ မက်မောစရာရှိလို့လဲ။ ဘာများ နေချင်စရာ ကောင်းလို့လဲ။ ဒီဘဝခန္ဓာ သံသရာကြီးကတော့ ငြီးငွေ့စရာပဲ၊ စက်ဆုပ်စရာပဲ၊ ဆင်းရဲအတိပြီးနေတာပဲ" လို့ သဘောပေါက်လာတဲ့အခါ သံသရာဝဋ်ဆင်းရဲက ထွက်မြောက်ချင်တဲ့စိတ် ဖြစ်လာပါတယ်။ ဆင်းရဲလုံးဝမရှိ ပကတိချမ်းသာတဲ့ နိဗ္ဗာန်ချမ်းသာကို လိုချင်တဲ့စိတ် ပေါ်လာပါတယ်။

ကိုယ်တိုင် တရားအားမထုတ်သေးသော်လည်းပဲ ကိုယ့်ဘဝရဲ့ အဖြစ်အပျက်တွေကို သတိနဲ့ ဉာဏ်နဲ့ စဉ်းစားတတ်မယ်ဆိုရင် "ဘဝဟာ တကယ်တော့ ဒုက္ခအတိပြီးနေတာပဲ၊ သုခဆိုတာက ကိုယ့်စိတ်က တဏှာရှိနေလို့သာ သုခလို့ ထင်ရတာ၊ တကယ်တမ်းကျတော့ သုခ မဟုတ်ပါလား" ဆိုတာ သဘောပေါက်ပြီးတော့ ဘာကုသိုလ်လေးပြုပြု နိဗ္ဗာနပစ္စယော ဟောတု၊ ဒါနပြုလည်း နိဗ္ဗာနပစ္စယော၊ သီလစောင့်လည်း နိဗ္ဗာနပစ္စယော၊ ဘာဝနာပွားလည်း နိဗ္ဗာနပစ္စယော နိဗ္ဗာန်ရောက်ဖို့ကိုပဲ ဦးတည်နေတာ။

"နိဗ္ဗာနပစ္စယော - နိဗ္ဗာန်ရဲ့ အထောက်အပံ့" အဖြစ်နဲ့ တစ်ဖက်ကကျန်တဲ့ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တွေ ပြုလုပ်သလို တစ်ဖက်ကလည်း နိဗ္ဗာန်ကို တကယ်တမ်း အလျင်အမြန် ရောက်စေနိုင်တဲ့ ဝိပဿနာအလုပ်ကို အမြဲမပြတ်အားထုတ်တယ်။

အခုလို တရားစခန်း ဝင်ပြီးတော့လည်း အားထုတ်တယ်။ အိမ်မှာ သွားရင်းလာရင်း၊ လုပ်ရင်းကိုင်ရင်း၊ စားရင်းသောက်ရင်း နေရင်းထိုင်ရင်း ချက်ရင်းပြုတ်ရင်း လျှော်ရင်းဖွပ်ရင်းနဲ့လည် သတိဉာဏ် ကပ်ထားပြီးတော့ အမြဲတမ်းရှုမှတ်နေတယ်။

ရိုးရိုးကုသိုလ်ပဲလုပ်လုပ်၊ ဝိပဿနာကုသိုလ်ပဲလုပ်လုပ် အချိန်တိုင်းမှာ သံသရာက ထွက်မြောက်ဖို့ကိုပဲ အမြဲတမ်းဦးတည်နေတယ်။ ခန္ဓာက ထွက်မြောက်ဖို့ကိုပဲ အမြဲတမ်းဦးတည်နေတယ်။ အဲဒါ နိဿရဏဓာတ်ခံပါပဲ။ မြန်မာလိုတော့ 'အပြင်ထွက်ဓာတ်ခံ' လို့ ပြောရမှာပေါ့။ သံသရာဝဋ်ဆင်းရဲရဲ့ အပြင်ကိုထွက်တဲ့ ဓာတ်ခံ။

ဒါ့ကြောင့် ရှေ့ဓာတ်ခံသုံးခုကတော့ မသုံးလုံးဓာတ်ခံပေါ့။ မစွဲဓာတ်ခံ၊ မမုန်းဓာတ်ခံ၊ မမေ့ဓာတ်ခံ၊ နောက်ဓာတ်ခံသုံးခုကတော့ အသုံးလုံးဓာတ်ခံပေါ့။ အပျော်စွန့်ဓာတ်ခံ၊ အဖော်ခွဲဓာတ်ခံ၊ အပြင်ထွက်ဓာတ်ခံ။ အဲဒီ မသုံးလုံးဓာတ်ခံရယ်၊ အသုံးလုံးဓာတ်ခံရယ်၊ ဓာတ်ခံခြောက်မျိုးဟာ ကောင်းတဲ့ ဓာတ်ခံတွေပဲ။ မြင့်မြတ်တဲ့ ဓာတ်ခံတွေပဲ။ အဲဒီဓာတ်ခံတွေ ကိုယ့်စိတ်ထဲမှာ အမြဲတမ်းရှိနေအောင် ကြိုးစားရမှာ။

အစွဲဓာတ်ခံ၊ အမုန်းဓာတ်ခံ၊ အမေ့ဓာတ်ခံ၊ အပျော်မစွန့်ဓာတ်ခံ၊ အဖော်မခွဲဓာတ်ခံ၊ အပြင်မထွက်ဓာတ်ခံတွေနဲ့ ဓာတ်ခံနိမ့်နေတဲ့သူတွေရဲ့ကြားမှာ ကိုယ်က မစွဲဓာတ်ခံ၊ မမုန်းဓာတ်ခံ၊ မမေ့ဓာတ်ခံ၊ အပျော်စွန့်ဓာတ်ခံ၊ အဖော်ခွဲဓာတ်ခံ၊ အပြင်ထွက်ဓာတ်ခံတွေနဲ့ မြင့်လိုက်စမ်းပါ။ ဓာတ်ခံနိမ့်နေသူတွေရဲ့ကြားမှာ ဓာတ်ခံမြင့်လိုက်ပါ။ ဒါကိုပဲ နိမ့်နေတဲ့သူတွေရဲ့ကြားမှာ မြင့်ပါလို့ ဆိုလိုတာနော်။

ယောဂီတို့ ဓာတ်မှန်ရဲ့လား။ ဓာတ်မမှန်လို့ရှိရင် ဓာတ်နုတ်လိုက်ပေါ့။ သက်သတ်လွတ်စားနေကြတယ်ဆိုတော့ ဓာတ်ကတော့ မှန်မှာပါ။

"ဓာတ်မမှန်ရင် ဓာတ်နုတ်လိုက်ပါ" ဆိုတဲ့စကားက သာမန်ကြည့်လိုက်ရင် "ဝမ်းမမှန်ရင် ဝမ်းနုတ်လိုက်ပါ၊ ဝမ်းနုတ်လိုက်ရင် ဝမ်းသွားပါလိမ့်မယ်"လို့ပဲ အဓိပ္ပာယ်ထွက်မှာပဲနော်။ ဒါက သာမန်အဓိပ္ပာယ်၊ အပေါ်ယံအဓိပ္ပာယ်၊ ရိုးရိုးအဓိပ္ပာယ်ပေါ့။

ထူးခြားအဓိပ္ပာယ်၊ လေးနက်တဲ့အဓိပ္ပာယ် မြင်တတ်ရင်တော့ "ဓာတ်ကောင်းဓာတ်မြတ်တွေနဲ့ ဓာတ်မှန်ချင်ရင် ဓာတ်ဆိုးဓာတ်ပုပ်တွေကို ပယ်နုတ်လိုက်ပါ၊ ဓာတ်ဆိုး ဓာတ်ယုတ်တွေကို နုတ်လိုက်ရင် ဓာတ်ကောင်း ဓာတ်မြတ်တွေ မှန်လာပါလိမ့်မယ်" လို့ အဓိပ္ပာယ်ထွက်လာပါတယ်။

ဓာတ်မမှန်ရင် = ဓာတ်ခံကောင်းတွေ မမှန်ရင်၊ ဓာတ်နုတ်လိုက် = ဓာတ်ခံဆိုးတွေ နုတ်လိုက်၊ ကိုယ့်စိတ်ထဲက ဓာတ်ခံဆိုးတွေ နုတ်လိုက်ရင် ဓာတ်ခံကောင်းတွေ မှန်လာပါလိမ့်မယ်။

ဓာတ်ခံကောင်းမှ ဓာတ်မှန်တယ်။ ဓာတ်ခံညံ့နေရင် ဓာတ်ပျက်နေတယ်လို့ ပြောရမှာနော်။ သူတော်ကောင်းဓာတ်ခံတွေ အမြဲတမ်းရှိသောအားဖြင့် ဓာတ်မှန်အောင် ကြိုးစားပါ။

သူတော်ကောင်းဓာတ်ခံ အားနည်းပြီးတော့ ဓာတ်ခံညံ့နေမယ်ဆိုရင်တော့ ဓာတ်ပျက်နေတာပဲ။ ဓာတ်မှန်သူ ဖြစ်ချင်သလား၊ ဓာတ်ပျက်သူ ဖြစ်ချင်သလား။ ဓာတ်မှန်သူ ဖြစ်ချင်ရင် ဓာတ်ခံကောင်းလေးတွေနဲ့ ကိုယ့်ရဲ့စိတ်ကို အမြဲတမ်းမြင့်နေအောင် ကြိုးစားရမယ်။

## ဓာတ်မြတ်ခိုင်မှ အမြတ်ဓာတ်ပိုင်မယ်

နိမ့်သူကြားမှာ၊ မြင့်မှသာ၊ နိမ့်ရာလွတ်နိုင်သည်။

နိမ့်တဲ့သူတွေကြားမှာ မြင့်လိုက်ရင် နိမ့်တဲ့နေရာကနေ လွတ်မြောက်နိုင်ပါတယ်။ လောဘဓာတ်ခံနဲ့ လောဘကြီးပြီ

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

နိမ့်နေရင် သေတဲ့အခါ မြင့်ရာဘဝ မရောက်နိုင်ပါဘူး။ နိမ့်ရာဘဝကိုပဲ ရောက်နိုင်ပါတယ်။ "လောဘနဲ့သေ ပြိတ္တာပြည်" တဲ့။ လောဘစာတ်ခံနဲ့ နိမ့်ပြီးသေရင် နိမ့်တဲ့ပြိတ္တာဘုံ ရောက်နိုင်ပါတယ်။

"ဒေါသစာတ်ခံနဲ့သေ ငရဲပြည်" တဲ့။ ဒေါသစာတ်ခံနဲ့ နိမ့်ပြီးသေရင် နိမ့်တဲ့ငရဲဘုံရောက်နိုင်ပါတယ်။ "မောဟနဲ့သေ တိရစ္ဆာန်ပြည်" တဲ့။ မောဟစာတ်ခံနဲ့ နိမ့်ပြီးသေရင် နိမ့်တဲ့ တိရစ္ဆာန်ဘုံ ရောက်နိုင်ပါတယ်။ စာတ်ခံနိမ့်နေရင် အဲဒီနိမ့်တဲ့စာတ်ခံနဲ့ သေသွားတဲ့အခါ နိမ့်ကျတဲ့ အပါယ်လေးဆုံကိုပဲ ရောက်ရတဲ့အတွက် စာတ်ခံနိမ့်တဲ့ပုဂ္ဂိုလ်တွေဟာ နောင်ဘဝကျတော့လည်း နိမ့်ရာကိုပဲ ရောက်မှာပါပဲ။

စာတ်ခံနိမ့်နေသူတွေရဲ့ကြားမှာ စာတ်ခံမြင့်နေတယ်ဆိုရင် အဲဒီနိမ့်ရာကနေ လွတ်မြောက်ပြီး မြင့်ရာကို ရောက်နိုင်ပါတယ်။ စာတ်ခံမြင့်နေရင် အဲဒီမြင့်တဲ့စာတ်ခံနဲ့ သေသွားတဲ့အခါ မြင့်တဲ့ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံကိုပဲ ရောက်ရတဲ့အတွက် စာတ်ခံမြင့်တဲ့ပုဂ္ဂိုလ်တွေဟာ နောင်ဘဝကျတော့လည်း မြင့်ရာကိုပဲ ရောက်မှာပါပဲ။

နိမ့်သူတွေရဲ့ကြားမှာ မြင့်ပါဆိုတဲ့ အဆုံးအမနဲ့ ပတ်သက်ပြီးတော့ စာတ်ခံနိမ့်သူတွေရဲ့ကြားမှာ စာတ်ခံမြင့်ပါဆိုတဲ့ အဓိပ္ပာယ်ကို ပြောခဲ့ပြီးပြီ။

စာတ်ခံခြောက်မျိုး နိမ့်နေသူတွေရဲ့ကြားမှာ စာတ်ခံခြောက်မျိုး မြင့်တဲ့ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားကြရမယ်။ သူတော်ကောင်းစာတ်ခံ ခြောက်မျိုး နိမ့်တဲ့ပုဂ္ဂိုလ်တွေရဲ့ကြားမှာ သူတော်ကောင်းစာတ်ခံခြောက်မျိုး မြင့်တဲ့ပုဂ္ဂိုလ်တွေဖြစ်အောင် ကြိုးစားအားထုတ်ကြရမယ်။

အဲဒီ သူတော်ကောင်းစာတ်ခံခြောက်မျိုး နှလုံးသားထဲမှာ မြင့်မားစွာရှိနေပြီဆိုရင် အခြေအနေ အချိန်အခါအရ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ကာမဂုဏ်နယ်ပယ်ထဲမှာ နေနေရပေမယ့် အကြောင်းညီညွတ်တဲ့တစ်နေ့၊ အကြောင်းညီညွတ်တဲ့တစ်ချိန်၊ အကြောင်းညီညွတ်တဲ့ အခြေအနေတစ်ခုခုမှာ အဲဒီနယ်ပယ်ထဲကနေ ရုန်းထွက်လွတ်မြောက်နိုင်ကြလိမ့်မယ်။

စာတ်ခံခြောက်မျိုးနဲ့ ပြည့်စုံတဲ့သူဟာ ရေနက်ထဲမှာ ကြိုးနဲ့ချည်ထားတဲ့ ဘူးသီးခြောက်နဲ့ တူပါတယ်။ ရေနက်ထဲမှာ မျက်နှာဝဖောက်မထားတဲ့ ဘူးသီးခြောက်တစ်လုံးကို ကြိုးနဲ့ချည်ထားမယ်ဆိုရင် အဲဒီဘူးသီးခြောက်ဟာ အထက်ကိုတက်ဖို့ပဲ အမြဲတွန်းကန်နေမယ်။ အမြဲတမ်းရုန်းကန်နေမယ်။ ရေကြောင့် ကြိုးဆွေးပြတ်သွားပြီဆိုတာနဲ့ တစ်ပြိုင်နက် အဲဒီဘူးသီးခြောက် ရေပေါ်ကို တက်လာတော့တာပါပဲ။

အဲဒီလိုပါပဲ။ သူတော်ကောင်းစာတ်ခံ ခြောက်မျိုး ပြည့်စုံတဲ့သူဟာ အခြေအနေ အချိန်အခါအရ အကြောင်းမညီညွတ်လို့ လောလောဆယ်မှာ ရုန်းမထွက်နိုင်သေးတောင်မှ ရုန်းထွက်မယ်ဆိုတဲ့ ဦးတည်ချက်လေး အမြဲတမ်းရှိနေတော့ နောက်က ကြိုးပြတ်ပြီဆိုတာနဲ့ တစ်ပြိုင်နက် အထက်ကို ရုန်းထွက်ပြီးတော့ တိုးတက်လာတော့တာပါပဲ။ အမြင့်ကို ရောက်လာတော့တာပါပဲ။ အမြင့်ဆုံးအထိ ရောက်လာတာပါပဲ။

သူတော်ကောင်းစာတ်ခံ ခြောက်မျိုး နိမ့်နေတယ်၊ အားနည်းနေတယ်၊ မပြည့်စုံဘူးဆိုရင်တော့ မျက်နှာဝကျယ်တဲ့ မြေအိုးကြီးကို ရေနက်ထဲ မြှုပ်ထားတာနဲ့ အတူတူပါပဲ။ မျက်နှာဝကလည်း ကျယ်သေးတယ်။ အိုးကလည်းမြေအိုး၊ ရေအောက်ခြေကြမ်းပြင်မှာ မြှုပ်ထားလို့ရှိရင် ပေါ်နိုင်ပါဦးမလား၊ မပေါ်နိုင်တော့ဘူး။ ရေနက်မှ မဟုတ်ဘူး၊ ရေတိမ်လည်း မပေါ်တော့ပါဘူး။ ရေတိမ်ထဲပဲမြှုပ်မြှုပ်၊ ရေနက်ထဲပဲ မြှုပ်မြှုပ် မျက်နှာဝကျယ်နေတဲ့ မြေအိုးကြီးဟာ အပေါ်ကို တက်လာဖို့ အခွင့်အရေး မရှိတော့ဘူး။

သူတော်ကောင်းစာတ်ခံခြောက်မျိုး နိမ့်နေတဲ့ပုဂ္ဂိုလ်၊ အားနည်းနေတဲ့ပုဂ္ဂိုလ်ဟာလည်း မျက်နှာဝကျယ်တဲ့ မြေအိုးကြီး ရေထဲမြှုပ်ထားတာနဲ့ အတူတူပါပဲ။ လောဘ၊ ဒေါသနယ်ထဲက၊ ကာမဂုဏ်အာရုံနယ်ထဲကနေ ဘယ်တော့မှ ရုန်းထွက်လွတ်မြောက်နိုင်မှာ မဟုတ်တော့ပါဘူး။

ရေတိမ်ထဲရောက်နေတဲ့ မြေအိုးဆိုတာက ကာမဂုဏ်ချမ်းသာ နည်းနည်းပဲရှိတဲ့ ပုဂ္ဂိုလ်တွေပေါ့။ ရေနက်ထဲရောက်နေတဲ့ မြေအိုးဆိုတာကတော့ ကာမဂုဏ်ချမ်းသာ များပြားစွာ ပိုင်ဆိုင်ကြတဲ့ ပုဂ္ဂိုလ်တွေပေါ့။ စွန့်နိုင်တယ်၊ စွန့်နိုင်တယ်ဆိုတာက နည်းမှစွန့်နိုင်တာ မဟုတ်ဘူး။ သူတော်ကောင်းစာတ်ခံ အားကောင်းတဲ့ပုဂ္ဂိုလ်ကျတော့ များလည်းပဲ စွန့်နိုင်တာပဲ။ သူတော်ကောင်းစာတ်ခံ အားနည်းတဲ့ပုဂ္ဂိုလ်ကျတော့ နည်းနည်းပဲရှိလည်းပဲ အဲဒီနည်းနည်းလေးကို မစွန့်နိုင်ပါဘူး။

အစွန့်ခံပစ္စည်းဝတ္ထု နည်းတာ၊ များတာက အဓိက မဟုတ်ပါဘူး။ စွန့်နိုင်တဲ့ စိတ်စွမ်းရည်အား ရှိတာ၊ မရှိတာကသာ အဓိက ပဓာနပါ။

"မစွဲစာတ်ခံ" အားကောင်းတဲ့ပုဂ္ဂိုလ်ဟာ စွန့်စရာအခြေအနေ၊ စွန့်စရာ အခွင့်အလမ်း ကြုံတာနဲ့ တစ်ပြိုင်နက် ကိုယ်ပိုင်ဆိုင်သမျှကို စွန့်ဖို့ ဝန်မလေးပါဘူး။ ရှောရှောရှူရှူနဲ့ အလွယ်တကူ ကြည်ဖြူစွာစွန့်လွှတ်နိုင်ပါတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ သက်ရှိ သက်မဲ့တွေအပေါ် မစွန့်နိုင်လောက်အောင် စွဲနေတာမျိုး လုံးဝ မရှိပါဘူး။

အလှူသင့်ဆုံး၊ အလှူချင်ဆုံးလို့ နားလည်လက်ခံထားတဲ့နေရာတွေမှာ လှူခွင့်ကြုံလာတိုင်း ရက်ရက်ရောရော ရှောရှောရှူရှူ လှူနိုင်စွမ်းတဲ့သူတွေဟာ မစွဲစာတ်ခံ (အလောဘစာတ်ခံ) အားကောင်းလို့ပါပဲ။ မလှူဖြစ်သေးခင် သိမ်းထားတာဟာ ရေနက်ထဲက ဘူးသီးခြောက်လို အပေါ်တက်ဖို့ တွန်းကန်စိတ်နဲ့ သိမ်းထားတာပါ။



www.burmeseclassic.com

www.burmeseclassic.com

"မမုန်းစာတ်ခဲ" အားကောင်းတဲ့ပုဂ္ဂိုလ်ဟာ ကိုယ့်အပေါ် ကိုယ်ထိလက်ရောက်ပဲဖြစ်ဖြစ်၊ နှုတ်ထွက်စကားနဲ့ပဲဖြစ်ဖြစ် ပြစ်မှားလာတဲ့သူ ဘယ်သူ့ကိုမဆို ခွင့်လွှတ်ဖို့ ဖန်မလေးပါဘူး။ ဒေါသကို အမြစ်ပြတ်ပယ်သတ်ပြီးတဲ့ အနာဂါမ်မဟုတ်သေးလို့ တစ်ခါတစ်ရံ စိတ်ဆိုးဒေါသထွက်လည်း ခဏပါပဲ။ ရုတ်တရက် ဒေါသထွက်သွားပေမယ့် ချက်ချင်း ပြန်ထိန်းနိုင်ပါတယ်။

ဒေါသကြောင့် မပတ်သက်တော့ဘူးလို့ ဆုံးဖြတ်ထားတဲ့သူကို တကယ်ပက်ပင်းတွေ့တော့လည်း မေတ္တာအပြည့်အဝနဲ့ ဖော်ဖော်ရွေရွေ ဆက်ဆံဖြစ်၊ လိုအပ်ရင် ကူညီဖြစ်သွားတဲ့သူတွေဟာ မမုန်းစာတ်ခဲ (အဒေါသစာတ်ခဲ) အားကောင်းလို့ပါပဲ။ ခေတ္တခဏ စိတ်ဆိုးနေတာ၊ စိတ်ကောက်နေတာ၊ မပတ်သက်တော့ဘူးလို့ ဆုံးဖြတ်နေတာဟာ ရေနက်ထဲက ဘူးသီးခြောက်လို အပေါ်တက်ဖို့ တွန်းကန်စိတ်နဲ့ စိတ်ဆိုး၊ စိတ်ကောက် ဆုံးဖြတ်နေတာပါ။

မရေမ့စာတ်ခဲ အားကောင်းတဲ့ပုဂ္ဂိုလ်ဟာ အချိန်မတန်သေးလို့ ကုသိုလ်မေ့၊ တရားမေ့နေပေမယ့် အချိန်တန်ရင် ကုသိုလ်အလုပ် တရားအလုပ်ကို အပြည့်အဝ စိတ်နှစ်ပြီး လုပ်မယ့်စာတ်ကတော့ အတွင်းမှာ နက်ရှိုင်းစွာ ရှိနေတာပါပဲ။ ရေနက်ထဲက ဘူးသီးခြောက်လို တွန်းကန်စိတ်နဲ့ပေါ့။ အချိန်တန်လို့ တရားတွေ့ပြီး အသိဉာဏ်ပွင့်ပြီဆိုတာနဲ့တစ်ပြိုင်နက် ကုသိုလ်အလုပ်၊ တရားအလုပ်တွေကို အပြည့်အဝ စိတ်နှစ်ပြီး အချိန်တိုင်းလိုလို လုပ်တော့တာပါပဲ။

ကျန်တဲ့စာတ်ခဲ သုံးမျိုးလည်း နည်းတူပဲပေါ့နော်။ ရှေ့ပိုင်းမှာလည်း ပြောခဲ့ပြီးပါပြီ။ အချိန်မတန်သေးလို့ အခြေအနေမပေးသေးလို့ မစွန့်နိုင်၊ မခွဲနိုင်၊ မထွက်နိုင်သေးပေမယ့် မစွန့်ဖြစ်၊ မခွဲဖြစ်၊ မထွက်ဖြစ်သေးပေမယ့် စွန့်မယ်၊ ခွဲမယ်၊ ထွက်မယ့်စာတ်၊ စွန့်ဖြစ်၊ ခွဲဖြစ်၊ ထွက်ဖြစ်မယ့်စာတ်ကတော့ ရင်ထဲမှာ အခိုင်အမာ ရှိနေပါတယ်။ ရေနက်ထဲက ဘူးသီးခြောက်လို အပေါ်တက်ဖို့ တွန်းကန်စိတ်နဲ့ ရှင်သန်ကျင်လည်နေတာပါ။ အချိန်တန်ပြီ၊ အခြေအနေပေးပြီဆိုတာနဲ့ တစ်ပြိုင်နက် ကာမဂုဏ်အပျော်တွေကို စွန့်နိုင်သွားပါတယ်၊ စွန့်ဖြစ်သွားပါတယ်။ အပေါင်းအဖော်တွေကို ခွဲနိုင်သွားပါတယ်၊ ခွဲဖြစ်သွားပါတယ်။ သံသရာရဲ့ အပြင်ဘက်ကို ထွက်နိုင်သွားပါတယ်၊ ထွက်ဖြစ်သွားပါတယ်။

မလိုစာတ်ခဲ၊ မမုန်းစာတ်ခဲ၊ မမေ့စာတ်ခဲ၊ အပျော်စွန့်စာတ်ခဲ၊ အဖော်ခွဲစာတ်ခဲ၊ အပြင်ထွက်စာတ်ခဲ ဆိုတဲ့ စာတ်ခဲခြောက်မျိုး စာတ်ကောင်းစာတ်မြတ်တွေ အခိုင်အမာ ကိန်းဝပ်နေပြီ၊ အားကောင်းနေပြီ၊ မြင့်မားနေပြီဆိုရင်တော့ နိဗ္ဗာန်ဆိုတဲ့ အမြတ်ဆုံးစာတ်ကို ရရှိဖို့ သေချာသွားပါပြီ။ ကိုယ်ရည်မှန်းတဲ့ ဗောဓိဉာဏ်အားလျော်စွာ မကြာခင်မှာပဲ ရရှိကြမှာပါ။

စာတ်မြတ်ခိုင်ရင် အမြတ်စာတ်ခိုင်ပါတယ်။ စာတ်ခဲခြောက်မျိုးဆိုတဲ့ စာတ်မြတ်ခိုင်ရင် နိဗ္ဗာန်စာတ်၊ အသခ်တစာတ် ဆိုတဲ့ အမြတ်စာတ် ပိုင်ပါတယ်။ စာတ်မြတ်ခိုင်မှ အမြတ်စာတ်ပိုင်မှာမို့ အမြတ်စာတ် ပိုင်ချင်ရင် စာတ်မြတ်ခိုင်အောင် ကြိုးစားကြရုံပါပဲ။

အဲဒီတော့ "နိမ့်သူတွေရဲ့ကြားမှာ မြင့်ပါ" ဆိုတဲ့ အဆုံးအမလေးကို ဖြည့်စွက်ပြီးတော့ နားလည်လိုက်ရမှာက စာတ်ခဲနိမ့်သူတွေရဲ့ကြားမှာ စာတ်ခဲမြင့်ပါ။ တခြားအဓိပ္ပာယ်တွေကိုလည်း ကိုယ့်ဉာဏ်နဲ့ ချဲ့ထွင်ပြီးတော့ စဉ်းစားပေါ့။ ဒီအဆုံးအမ လေးချက်က သိပ်ကောင်းတယ်၊ ဉာဏ်ကစားလို့ သိပ်ကောင်းတယ်။ နှလုံးသွင်းလို့ သိပ်ကောင်းတယ်၊ ကျင့်သုံးလို့ သိပ်ကောင်းတယ်။

## 'တရား' တဲ့ 'အား' တွေ 'ထုတ် ' နိုင်မှ ဝီရိယအစစ်

'နိမ့်သူတွေရဲ့ကြားမှာ မြင့်ပါ' ဆိုတဲ့ အဆုံးအမရဲ့ နောက်အဓိပ္ပာယ်တစ်ခုက 'ဝီရိယနိမ့်သူတွေရဲ့ကြားမှာ ဝီရိယမြင့်ပါ' တဲ့။

ဝီရိယမရှိဘူးဆိုတာ မိမိရဲ့ စိတ်စာတ်အဆင့်အတန်းနိမ့်နေတာပါပဲ။ ဝီရိယနည်းပြီးတော့ အဆင့်အတန်း နိမ့်နေတဲ့သူတွေရဲ့ကြားမှာ ကိုယ့်ရဲ့ဝီရိယကို မြှင့်တင်ပြီးတော့ အဆင့်အတန်းမြင့်အောင် ကြိုးစားလိုက်စမ်းပါ။

လောကရေးရာမှာလည်း သူများ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ ကိုယ်က ဝီရိယမြင့်ရမှာပေါ့။ ဒါမှ လောကရေးရာမှာ ထိပ်တန်းရောက်မှာပေါ့။ လောကရေးရာအကြောင်းကတော့ ဦးဇင်းတို့ ထွေထွေထူးထူး မပြောတော့ဘူး။

ဓမ္မရေးရာနဲ့ ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင် ဒါနနဲ့ပတ်သက်ပြီးတော့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ ဒါနနဲ့ပတ်သက်ပြီးတော့ ဝီရိယမြင့်ပါ။ သီလနဲ့ပတ်သက်ပြီးတော့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ သီလနဲ့ပတ်သက်ပြီးတော့ ဝီရိယမြင့်ပါ။ သမထနဲ့ပတ်သက်ပြီးတော့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ သမထနဲ့ပတ်သက်ပြီးတော့ ဝီရိယမြင့်ပါ။ ဝိပဿနာနဲ့ပတ်သက်ပြီးတော့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ ဝိပဿနာနဲ့ပတ်သက်ပြီးတော့ ဝီရိယမြင့်ပါ။

ဝေယျာဝစ္စနဲ့ပတ်သက်ပြီးတော့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ ဝေယျာဝစ္စနဲ့ပတ်သက်ပြီးတော့ ဝီရိယမြင့်ပါ။ တရားဟောခြင်း၊ တရားအသိ ဖြန့်ဝေခြင်းနဲ့ ပတ်သက်ပြီးတော့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ တရား ဟောခြင်း၊ တရားအသိ ဖြန့်ဝေခြင်းနဲ့ ပတ်သက်ပြီးတော့ ဝီရိယမြင့်ပါ။ တရာနာခြင်း၊ တရားအသိ ရှာဖွေခြင်းနဲ့ ပတ်သက်ပြီးတော့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ တရာနာခြင်း၊ တရားအသိ ရှာဖွေခြင်းနဲ့ ပတ်သက်ပြီးတော့ ဝီရိယမြင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

လိုရင်းကတော့ ကုသိုလ်ကိစ္စနဲ့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ ကိုယ်က ကုသိုလ်ကိစ္စ ဝီရိယမြင့်အောင် မြှင့်တင်ပါ။ ဒီလို အဓိပ္ပာယ်လည်းပဲ ယူလို့ရပါတယ်။

ဝီရိယရဲ့ သဘောတရားက မြှင့်တင်ပေးတဲ့ သဘောတရား၊ အထက်ကိုမြှင့်ပေးတဲ့ သဘောတရား ဖြစ်ပါတယ်။ ဝီရိယမရှိတဲ့ပုဂ္ဂိုလ်က တဖြည်းဖြည်း နိမ့်နိမ့်သွားမှာပါ။ ဝီရိယရှိတဲ့ပုဂ္ဂိုလ်က တဖြည်းဖြည်း မြင့်မြင့်သွားမှာပါပဲ။ လူတစ်ယောက်ကို အမြင့်ရောက်အောင် မြှင့်တင်ပေးတာ ဝီရိယပါ။

ဒီအဆုံးအမကလည်း ချဲ့ရင်ချဲ့သလောက် သိပ်ကျယ်ပါတယ်။ ဒါနနဲ့ပတ်သက်တဲ့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ ဒါနနဲ့ပတ်သက်တဲ့ ဝီရိယမြင့်ပါ ဆိုတဲ့ အချက်ကလေးကိုပဲ ချဲ့မယ်ဆိုရင် မကုန်နိုင်တော့ဘူးနော်။

ဒါနနဲ့ပတ်သက်လို့ ဘယ်လိုဖြစ်နေတာကို ဝီရိယနိမ့်တယ် ခေါ်တယ်၊ ဘယ်လိုဖြစ်နေတာကို ဝီရိယမြင့်တယ် ခေါ်တယ် ပြောမယ်ဆိုရင်တော့ ဘယ်ကုန်တော့မလဲ။ ဒီတော့ လောလောဆယ် ယောဂီတို့နဲ့ တိုက်ရိုက်ပတ်သက်တာကတော့ . . .

"ဝိပဿနာအလုပ် အားထုတ်တာနဲ့ ပတ်သက်ပြီးတော့ ဝီရိယနိမ့်သူတွေရဲ့ကြားမှာ ဝီရိယမြင့်ပါ၊ ဝီရိယမြင့်အောင် မြှင့်တင်ပေးပါ"

ဒီအချက်ကိုတော့ နည်းနည်းလေး ပြောရမှာပေါ့။

ဝီရိယဆိုတာ ရဲရင့်ခြင်းကို ခေါ်တယ်လို့ 'ရဲရင့်သူတို့၏နေရာ' စာအုပ်ထဲမှာ အကျယ်တဝင့် ရေးထားပြီးသား ဖြစ်ပါတယ်။

ဒါကြောင့် ဝီရိယရဲ့ ရဲရင့်ခြင်းဆိုတဲ့ အဓိပ္ပာယ်ကို **ရဲရင့်သူတို့၏နေရာ** စာအုပ်မှာပဲ ဖတ်ကြည့်လိုက်ပါ။

ဒါကတော့ ဝီရိယဆိုတဲ့ စကားလုံးက တိုက်ရိုက်ထွက်တဲ့ အဓိပ္ပာယ်ပေါ့။

ဝီရိယရဲ့ သဘောတရားအနေနဲ့ ပြောမယ်ဆိုရင်တော့ အများကြီးပြောလို့ရပါတယ်။ ဝီရိယဆိုတာက 'လုပ်ဆောင်နိုင်မှု စွမ်းရည်' ကို ခေါ်တာပါ။ အပြင်ပန်းပုံသဏ္ဌာန်အရ ကြိုးစားလိုက်တာ၊ အားထုတ်လိုက်တာလို့ ထင်ရပေမယ့် အတွင်းစိတ်မှာ လုပ်ဆောင်နိုင်မှုစွမ်းရည် ဘာမှ တိုးတက်မလာဘူးဆိုရင် ဝီရိယရှိတယ်လို့ မခေါ်နိုင်ပါဘူး။

ဘေးကကြည့်မယ်ဆိုရင်တော့ တာ နှစ်နာရီ သုံးနာရီ လေးနာရီ၊ ငါးနာရီ ထိုင်လိုက်တာ၊ ဝီရိယ တော်တော်ကောင်းတဲ့ ယောဂီပဲလို့ ပြောကြမှာပဲ။ မနက်ဆိုရင်လည်း နှစ်နာရီ၊ သုံးနာရီ အစောကြီးထလို့၊ ညဆိုရင်လည်း ညဉ့်နက်မှအိပ်လို့ ဒီယောဂီက သိပ်မအိပ်ဘူး၊ ဝီရိယတော်တော်ကောင်းတာပဲလို့ ပြောကြမှာပဲ။

အပြင်က အသွင်သဏ္ဌာန်အရ ဝီရိယကောင်းနေတာပဲ။ အသွင်သဏ္ဌာန်အရ ဝီရိယကောင်းနေရုံနဲ့ ဝီရိယရှိတယ်လို့ ဝီရိယမြင့်တယ်လို့ မခေါ်နိုင်သေးပါဘူး။ အနှစ်သာရ အရ ဝီရိယကောင်းမှ၊ ဝီရိယမြင့်မှ တကယ်ဝီရိယရှိတဲ့သူ၊ တကယ်ဝီရိယမြင့်တဲ့သူလို့ ပြောနိုင်ပါတယ်။

အနှစ်သာရအရ ဝီရိယကောင်းတယ်ဆိုတာက လုပ်ဆောင်နိုင်မှုစွမ်းရည် မြင့်မားတာ၊ ကိုယ်လုပ်လိုက်တဲ့အလုပ်ကနေ စွမ်းရည်သတ္တိတွေ ကြီးကြီးမားမား ထွက်ပေါ်လာတာကို ပြောတာပါ။ အရှင်းဆုံးပြောရရင်တော့ ဝီရိယကောင်းတယ်ဆိုတာ အလုပ်ဖြစ်တာ၊ အလုပ်ပြီးတာပါပဲ။ တကယ်အလုပ်ဖြစ်မှ၊ တကယ်အလုပ်ပြီးမှ တကယ်ဝီရိယရှိတယ်လို့ ခေါ်ပါတယ်။

ဒကာမကြီးတစ်ယောက် မနက် ၃ နာရီထရတဲ့ တရားစခန်းတစ်ခုမှာ တရားသွားအားထုတ်တယ်။ တရားစခန်းက ပြန်လာတော့ ဦးဇင်းကို လျှောက်တယ်။

"အရှင်ဘုရား တပည့်တော် အဲဒီတရားစခန်းမှာ သွားအားထုတ်တာ ပညာတစ်ခု တိုးလာခဲ့တယ်" တဲ့။ "ဘာပညာလဲ ဒကာမကြီး" ဆိုတော့ "ထိုင်ရက်အိပ်တတ်တဲ့ပညာ" တဲ့။ "တပည့်တော် ထိုင်ရက်နဲ့ အိပ်တတ်သွားပြီ" တဲ့။

မနက်အစောကြီး ထပြီးတော့ အိပ်ရေးမဝဘူးလေ။ အိပ်ရေးမဝတော့ မနက်အစောကြီး ၄ နာရီထိုင်ချိန်တို့၊ ၆ နာရီထိုင်ချိန်တို့ကျတော့ သူက ထိုင်ရက်နဲ့ပဲ အိပ်တော့တယ်။ ထိုင်ရက်နဲ့ အိပ်တော့ ဘေးကလူကလည်း အိပ်ပျော်နေမှန်း မသိဘူး။

ထိုင်ရက်နဲ့ အိပ်ပျော်နေမှတော့ အဲဒီယောဂီကို ဝီရိယရှိတဲ့ယောဂီလို့ ခေါ်နိုင်ပါဦးမလား။ မခေါ်နိုင်ဘူးနော်။ တရားထိုင်တဲ့ပုံစံနဲ့ ထိုင်နေပေမယ့် တရားအလုပ်လုပ်နေတာ မဟုတ်လို့ တရားစွမ်းရည် ဘာမှထွက်ပေါ်နေတာ မဟုတ်လို့ 'တရား' တဲ့ 'အား' တွေ 'ထုတ်' နေတာမဟုတ်လို့ တရားအားထုတ်နေတယ်လို့ မခေါ်နိုင်ပါဘူး။ ဝီရိယရှိတယ်လို့ မခေါ်နိုင်ပါဘူး။

မနက်အစောကြီး ထထ မထထ၊ တရားထိုင်တဲ့ပုံစံနဲ့ ထိုင်ထိုင် မထိုင်ထိုင်၊ နိုးနေတဲ့အချိန်မှာ ဘယ်ပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် တရားအလုပ်လုပ်ဖြစ်တယ်။ လုပ်ဖြစ်တိုင်းလည်း တစ်ချက်ဆိုတစ်ချက် တရားစွမ်းရည် ထွက်ပေါ်နေတယ်ဆိုရင် 'တရား'တဲ့ 'အား'တွေ ထုတ်နေတာမို့လို့ တရားအားထုတ်နေတယ်လို့ ခေါ်ပါတယ်။ ဝီရိယရှိတယ်လို့ ခေါ်ပါတယ်။


(ဆက်ရန်)

❒ **အရှင်ဆန္ဒာဓိက**



www.burmeseclassic.com

www.burmeseclassic.com




**အကျည်းတန် အလှကြိုက်**
မလှပတဲ့စိတ်က
အလှအပကြိုက်တယ်။
လှပတဲ့စိတ်က အကြိုက်ကင်းတယ်။

**အလိုကင်းစေဖို့**
လိုအင်ဆန္ဒ ပြည့်ဝစေဖို့ မဟုတ်ဘဲ
အလိုကင်းစေဖို့ ကောင်းမှုကုသိုလ်
ပြုလုပ်တာ ဖြစ်ရမယ်။
\+ + +
ဘာလုပ်လုပ်
လက်ခံသိမ်းပိုက်ပြီး
မလုပ်နဲ့
စွန့်လုပ်။
\+ + +
အလိုကင်းအောင် ကြိုးစားပါ
အလိုကင်းတဲ့စိတ်က
ပြီးပြည့်စုံတယ်။

**အသိဉာဏ်ပေတံ**
ကိုယ့်ကိုယ်ကိုယ်
အထင်ကြီးလေလေ
သူများအထင်သေးမခံနိုင်လေလေ
အမှန်ကြိုက်လေလေ
အမှားမခံနိုင်လေလေ
အသိဉာဏ်သေးလေလေ

# ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ
# သဘာဝတရားရိပ်သာ ရွှေမြေ
## တက္ကသိုလ်တင်ဟန်ကျော်

**တောင်းကြောင်းတောင်းကျိုး**
စွန့်လွှတ်နိုင်မှ ဆင်းရဲကင်းမယ်။
စောင့်စည်းနိုင်မှ အလိုကင်းမယ်။
သည်းခံနိုင်မှ ဒေါသကင်းမယ်။

**မက်မောခြင်း၊ ရက်ရောခြင်း**
မက်မောခြင်း၊ မြတ်နိုးခြင်း
လောဘသည် အကျည်းတန်၏။
ရက်ရောခြင်း၊ အလိုကင်းခြင်း
စေတနာသည် လှပ၏။

အရာရာကို
ကြီးကျယ်တယ် ထင်လေလေ။
အမှန်တရားအစစ်ကို
နားမလည်လေလေ။
အသိဉာဏ်ကြီးလေလေ

www.burmeseclassic.com

အရာရာကို
မကြီးကျယ်မှန်း သိလေလေ။
အမှန်တရားအစစ်ကို
နားလည်နိုင်လေလေ။

"သဘာဝတရားရဲ့ သဘာဝတရား ရိပ်သာ" ပရဝဏ်ထဲမှာ ချိတ်ဆွဲရေးကပ် ထားတဲ့ ဓမ္မဆောင်ပုဒ်တွေကို လျှောက်ဖတ်ပြီး ခုလို ရေးမှတ်နေမိတာ ဖြစ်ပါတယ်။

ဒီနေ့က ၂၄-၁-၂၀၁၃(ကြာသပတေးနေ့)။

သန်လျင် ကျိုက်ခေါက်ဘုရားနဲ့ တာဝ တက္ကသိုလ်ကြားမှာ တည်ရှိတဲ့ ဆရာတော်ဦးဥတ္တမသာရရဲ့ "သဘာဝတရားရိပ်သာ" သာသနာ့နယ်မြေကို ကြည်ညိုပူဇော်လေ့လာဖို့ စတင်ခဲ့တဲ့နေ့။ အိမ်ကနေ ထွက်လာလိုက်တာ တာမွေ ရွှေဗဟိုမှတ်တိုင်ရောက်တော့ နံနက်(၈း၁၅)ရှိသေးတယ်။

ကိုမောင်မောင်မြတ်နဲ့ ချိန်းထားတာက (၉း၃၀) နာရီဆိုတော့ ပိုနေတဲ့ အချိန်တွေ အကျိုးရှိရှိ အသုံးချတဲ့ အနေနဲ့ မလှမ်းမကမ်းက နန္ဒဝန်စေတီတော်မြတ်ကို သွားရောက်ဖူးမြော်ပြီး ဘုရားကန်တော့ သီလဆောက်တည်၊ မေတ္တာပို့၊ ဂုဏ်တော်ပွားများ၊ ဝိပဿနာဆိုတဲ့ ကုသိုလ်ငါးမျိုးကို ပွားများအားထုတ်တယ်။ သုံးဆယ့်တစ်ဘုံကို အမျှအတန်း ပေးဝေပြီးတဲ့အခါ (၉း၁၅)နာရီ ဖြစ်သွားပြီ။ ကိုမောင်မောင်မြတ်ကို လမ်းဘေး ဖုန်းဆိုင်လေးကနေတစ်ဆင့် သတင်းပို့လိုက်တော့ နောက် (၁၅)မိနစ်ဆိုရင် ဖူးဖူးမှုတ်ကို ရောက်ပြီတဲ့။

ဒါနဲ့ ဖူးဖူးမှုတ်မှာ ပေါက်စီစား၊ လက်ဖက်ရည်သောက်ရင်း ထိုင်စောင့်တယ်။ (၉း၃၀)နာရီမှာ ကိုမောင်မောင်မြတ် ရောက်လာတယ်။ ကွက်တိပါပဲ။ နှစ်ယောက်သား စားသောက်ပြီးတဲ့အခါ ဆရာတော်ကို ဆက်ကပ်လှူဒါန်းဖို့ ပူစီမှာ ကိတ်မုန့် ဝင်ဝယ်တယ်။ တာမွေ-ကျောက်တန်းကားလေးကို ခေါင်းခန်းကနေ စီးလာလိုက်တာ တာဝလမ်းဆုံရောက်တော့ (၁၀း၀၀)နာရီစွန်းသွားပြီ။ တာဝလမ်းဆုံကနေ ဆိုင်ကယ်ပြောင်းစီးပြီး သဘာဝတရားရိပ်သာ ရောက်လာတော့ (၁၁း၀၀)နာရီ ထိုးလုလု။

စုံစမ်းမေးမြန်းလိုက်တော့ ဆရာတော်ဦးဥတ္တမသာရက (၄၅)လမ်းကို ဆွမ်းစားကြွသွားတယ်။ ညနေ လေးနာရီလောက်မှ ပြန်ရောက်မယ်တဲ့။ ဆရာတော် ဦးဥတ္တမသာရကို ဖုန်းဆက်ပြီး အကျိုးအကြောင်းလျှောက်ထားလိုက်တော့ "စောင့်နေပါ၊ အမြန်ဆုံး ပြန်ကြွလာခဲ့မယ်" တဲ့။

ရင်အေးကြည်နူးဖွယ်ရာ အဖြေစကားကို ရယ်ဝယ်ပိုက်ပြီး နှစ်ယောက်သား "သဘာဝတရားရဲ့ သဘာဝတရားရိပ်သာ" အတွင်း လျှောက်ကြည့်တယ်။

ရန်ကုန်ဆောင်၊ မန္တလေးဆောင်၊ ဝါဝါဆောင်၊ ဒေါက်တာဆောင် စတဲ့အဆောင်တွေဘက် ရောက်တယ်။ ဝါဝါဆောင်မှာ တိုင်းရင်းဆေးသမားတော်ကြီးတွေ ဆေးဝါးကုသပေးနေတာ တွေ့ရတယ်။ ရန်ကုန်ဆောင်နဲ့ မန္တလေးဆောင်မှာတော့ သက်ကြီးပိုင်းတွေများတယ်။ သူတို့ကိုကြည့်ရတာသက်သောင့်



ရန်ကုန်ဆောင်



ဝါဝါဆောင်





www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာသနဓမ္မပန်းတို့ဝေရာ

သက်သာ အနေအထားလေးတွေနဲ့ တရားအမှတ် ရှုမှတ်နေကြပုံပါပဲ။ ဒေါက်တာဆောင်မှာကတော့ ဆိတ်ငြိမ်မှုက လွှမ်းခြုံနေပြီး ယောဂီတွေဟာ တည်တည်ငြိမ်ငြိမ် ကျနေ့တွေနဲ့ကြံ့ကြံ့ခံ ရင်ဆိုင်နေကြပုံတွေ့ရတယ်။ အခု ပြော ခဲ့တဲ့ ရန်ကုန်ဆောင်၊ မန္တလေးဆောင်၊ ဝါဝါဆောင်၊ ဒေါက်တာဆောင်တွေဟာ တစ်ထပ်၊ နှစ်ထပ်တိုက် အဆောက် အအုံတွေ ဖြစ်တယ်။

အဲဒီ အဆောက်အအုံတွေနဲ့ မလှမ်းမကမ်းမှာ တဲတန်းလျားအတော် များများကိုလည်း တွေ့ရတယ်။ တဲတန်း လျားတွေ အတွင်းမှာ ငြိမ်ငြိမ်ဆိတ် ဆိတ် ကျနေ့ရရ ထိုင်နေသူတွေ၊ အိပ် နေသူတွေ၊ လဲလျောင်းနေသူတွေ၊ ဖြည်း ဖြည်းမှန်မှန် လမ်းလျှောက်နေသူတွေကို တွေ့ရတယ်။

ပြောရမယ်ဆိုရင် မြင်တွေ့နေရ တဲ့ မြင်ကွင်းတွေဟာ တစ်မူထူးခြားနေ တာကတော့ အမှန်ပါပဲ။ အကြောင်း အမျိုးမျိုးနဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီး ကျောင်းတွေ၊ပရိယတ္တိစာသင်တိုက်တွေ၊ ပဋိပတ္တိတရားရိပ်သာတွေ၊ ရှေးဟောင်း သမိုင်းဝင်နေရာတွေ၊ ဗိမာန်တော်တွေ၊ စေတီပုထိုးတွေ အတော်များများကို ရောက်



ပရိသတ်နဲ့ ဆုံတွေ့ရာ နေရာ

ခဲ့ဖူးတယ်။ အခြား ဘာသာဝင်တွေရဲ့ ဘုရားကျောင်းတွေ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံတွေ တော်တော်များ များကိုလည်း ရောက်ဖူးတယ်။ အဲဒီလို ရောက်ခဲ့ဖူးသမျှတွေထဲမှာ သဘာဝ တရားရဲ့ သဘာဝ တရားရိပ်သာရဲ့ အငွေ့အသက်က တစ်မျိုးတစ်ဘာသာ ထူးခြားနေတယ်။

တချို့ တချို့သော နေရာတွေ က သော့အထပ်ထပ် ခတ်ထားကြ တယ်။ စစ်ဆေးမေးမြန်းမှု ခပ်မာမာတွေ ကို ဖြေဆိုရတယ်။ ခိုင်လုံတဲ့ အဆောက် အထား တစ်ထပ်ကြီးကို တင်ပြရတယ်။



သဘာဝရဲ့ မိုးရှင်းဖြူစင်ရာ ပဿဒ

www.burmeseclassic.com



သဘာဝတရားရိပ်သာမှ မြတ်စွာဗုဒ္ဓရုပ်ပွားတော်

ကြီးမားတဲ့ အရှိန်အဝါ ထုထည်တွေကို မဝံ့မရဲ တိုးဝှေ့ရတယ်။ တချို့တစ်နေရာများဆိုရင် ရုပ်ရည်မလှရင်တောင် လက်မခံပါဘူးတဲ့။ နွမ်းနွမ်းပါးပါး ချို့ချို့တဲ့တဲ့ဆိုရင် စည်းကမ်းချက်ဆိုတာကြီးတွေနဲ့ ခြောက်လှန့်ခံရတတ်တယ်။

ဩော်- မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ ပဋာစာရီလို ဝတ်လစ်စားလစ် အရူးမကြီးကိုတောင်မှ "လာလေ့ ချစ်သမီး" လို့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုလက်ခံသေးတာ။ တချို့တချို့သော အဲဒီ တချို့တွေက "ရုပ်မလှရင် လက်မခံဘူး" ဆိုတော့ (မောင်စကြဝဠာ၊ မယ်စကြဝဠာ ရွေးတာလဲ မဟုတ်ပါဘဲ၊ သရုပ်ဆောင်ရွေးပွဲလဲ မဟုတ်ပါဘဲ) စဉ်းစားရ အတော်ကျပ်သွားရပါတယ်။

တရားဌာနကြီး တစ်ခုများဆိုရင် အဲဒီတရားဌာနကြီးမှာ တရားအားထုတ်လိုတဲ့ ပုဂ္ဂိုလ်ဟာ အရင်အားထုတ်ဖူးတဲ့ ယောဂီဟောင်းတစ်ဦးရဲ့ ထောက်ခံချက် ယူဆောင်လာရမယ်တဲ့။ ပြီးတော့ တရားအားထုတ်မယ့် ရက်အတိုင်းအတာအတွက် ဆွမ်းစရိတ် အကျေပေးသွင်းပြီးသား ဖြစ်ရမယ်တဲ့။

မြတ်စွာဘုရားရှင် လက်ထက်တော်တုန်းကသာ အဲဒီ ထောက်ခံချက်တွေ၊ ဆွမ်းစရိတ်တွေ ကန့်သတ်ထားခဲ့ရင် အင်္ဂုလိမာလ၊ ဥပက၊ ရေဝတ၊ ရသေ့ညီနောင် ရှင်တစ်ထောင် စတဲ့ ပုဂ္ဂိုလ်တွေဟာ ကျွတ်တမ်းဝင်ဖို့ လမ်းမမြင်ပါ။

ဘာသာခြား အဆောက်အအုံတစ်ခုဆိုရင် မသိနိုးနားနဲ့ ဝင်သွားမိတာ ရုတ်တရက် လူတစ်ယောက်ထွက်လာပြီး Get Out အလုပ်ခံရတဲ့သူတောင် ရှိပါတယ်။ လက်နက်ကိုင် လုံခြုံရေးအထပ်ထပ်ချထားပြီး သာမန်လူထုအနားမကပ်နိုင်တဲ့၊ တော်ဝင်များအတွက်သာနေရာတွေလည်းရှိပါတယ်။

ဒါတွေက စာအုပ်စာတမ်း၊ မှတ်တမ်းမှတ်ရာ၊ ဓာတ်ပုံ၊ ဗွီဒီယို စတဲ့ အထောက်အထား အခိုင်အလုံရှိတဲ့ ကိစ္စတွေပါပဲ။ သိပြီးသားသူတွေလည်း အများအပြားရှိသလို မသိသေးသူတွေလည်း ရှိပါတယ်။ ဒါတွေဟာ သူတို့ဘက်က ကြည့်တော့လည်း သူတို့အသိ၊ သူတို့အမြင်အရ မှန်နေတယ်လို့ ပြောကြမှာပဲ ဖြစ်ပါတယ်။ ဒီနေရာ ထင်ပြရတာကလည်း အရှိကို အရှိအတိုင်း



သဘာဝရင်ခွင်မှ သဘာဝတရားရိပ်သာ တစ်နေရာ




www.burmeseclassic.com

www.burmeseclassic.com

ဂုဏ္ဍာ- အသက်ရှိစဉ်က ဆောင်ရွက်ခဲ့တဲ့ သတ္တိအထူးဂုဏ်ကျေးဇူးတို့သည် ကပ္ပဋ္ဌာယိနော- ကမ္ဘာကုန်ဆုံးသော်လည်း ပျက်ပြုန်းမရှိ တည်နေနိုင်ဘိ၏" တဲ့။

တကယ်တော့ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေ ဆိုတဲ့ စကားရပ်ဟာ အဲဒီပါဠိတော်ကို မှီခိုကြည်ညိုပြီး မော်ကွန်းထိုးခဲ့တဲ့ စကားရပ်ပဲ ဖြစ်ပါတယ်။ ဟုတ်ပါတယ်။ မိမိတို့ရဲ့ စေတနာသည်သာ "ကပ္ပဋ္ဌာယိနော (ကပ်ပန်တတ်ထာယိနော)ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေတဲ့ အမြုတေ ဖြစ်ပါတယ်။



တည့်ဆောက်ဆဲ ယောဂီဆောင်များ

ပကတိကို ပကတိအတိုင်း ပွင့်လင်းမြင်သာအောင် တင်ပြရုံပါပဲ။ မှားသည်၊ မှန်သည် ပြောဖို့ မဟုတ်ပါဘူး။ ဒီကိစ္စတွေက သာသနာပြုလုပ်ငန်းကြီးတွေ ဖြစ်နေတာမို့ မိမိတို့ စေတနာသာ မိမိတို့ကို အဆုံးအဖြတ်ပေးရမယ့်ကိစ္စ ဖြစ်ပါတယ်။ တစ်စုံတစ်ယောက်က အဆုံးအဖြတ်ပေးလို့ ရတာမျိုး မဟုတ်ပါဘူး။

"သရီရံ ခဏဝိဒ္ဓံသိ၊ ဂုဏ္ဍာ ကပ္ပဋ္ဌာယိနော"ဘုရားဟောရှိပါတယ်။ "သရီရံ- ကိုယ်ခန္ဓာသည်၊ ခဏဝိဒ္ဓံသိ- မကြာခဏ ပျက်စီးရတဲ့ သဘောရှိ၏။



သဘာဝအလှနဲ့ သဘာဝတရားရိပ်သာ




သဘာဝရင်ခွင်အတွင်း စိုးရှင်းပွင့်လင်းစွာ

ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာကမှ ပိုင်းခြားဝေဖန်ပေးလို့ရတာမျိုးမဟုတ်ပါ။

ဆိုလိုချင်တာက အခု "သဘာဝတရားရဲ့ သဘာဝတရားရိပ်သာ" ကို ရောက်လာတဲ့အခါ သဘာဝမိခင်ရဲ့ ရင်ခွင်အတွင်းကို လွတ်လပ်ပေါ့ပါးစွာ ဝင်ရောက်လာရသလို ခံစားမိရတယ်။ တရားရိပ်သာကြီးဆိုတာထက် အတားအဆီးမဲ့ ကမ္ဘာထဲကို ရောက်လာရသလို ရှိပါတယ်။ သဘာဝမိခင်ရဲ့ ရင်သွေးငယ်တွေဟာ သဘာဝမိခင်ရဲ့ ချိုမြိန်တဲ့ နို့ရည်တွေကို သောကကင်းဝေးစွာ နှောင်ကြိုးမဲ့ သောက်စို့နေရသလို ရှိပါတယ်။





www.burmeseclassic.com

www.burmeseclassic.com

သစ်ရိပ်၊ ဝါးရိပ်တွေ ကြားမှာ ဆိတ်ငြိမ်နေတဲ့ အဆောက်အအုံတွေဟာ သဘာဝ အသိုက်အမြုံတွေပမာ ဟင်းလင်းပွင့်နေကြတယ်။ ရိုးစင်းလွတ်လပ်တဲ့ ဖွဲ့စည်းတည်ဆောက်ထားပုံတွေကလည်း ရိုးသားပွင့်လင်းမှုတွေနဲ့ လင်းလင်းကျင်းကျင်း ဝင်းလက်နေတယ်။ စိမ်းမြမြပြေးနေတဲ့ တောအရေးလေးတွေကလည်း သဘာဝရဲ့ လက်ဆောင်မွန် ကြည်မွေ့ဖွယ်ရာ စိမ်းရောင်စိုအိမ်လေးတွေ ဖြစ်ပါတယ်။

ပြောရရင် သဘာဝတရားရဲ့ သဘာဝတရားရိပ်သာ ဝန်းကျင်ဟာ



တရားသံဝေ လွတ်လပ်မြေ




အလှူညီကျ မေ့ကထိက ဆရာတော်မှ တရားဟောကြားနေစဉ်

သဘာဝရန့်တွေနဲ့ သင်းပျံ့ထုံဝေနေပါတယ်။ အဲဒီလို သင်းပျံ့ထုံဝေနေတဲ့ သဘာဝတရားရဲ့ သဘာဝတရားရိပ်သာအတွင်း နှစ်ယောက်သား လျှောက်သွားရင်း ထိပ်စီးအဖွင့်က ဓမ္မဆောင်ပုဒ်တွေကို ရေးကူး မှတ်သားနေမိတာပါ။ အဲဒီဓမ္မဆောင်ပုဒ်တွေကလည်း ဟိတ်ကြီးဟန်ကြီး မျက်နှာကြီးတွေ မော့မနေပါဘူး။ သစ်ပင်ရဲ့ အကိုင်းအလက်တွေမှာ၊ ဝါးပင် ဝါးရုံလေးတွေမှာ ဟန်ဆောင်မှုကင်းမဲ့စွာ ချိတ်ဆွဲ ခိုတွဲနေကြတာ ဖြစ်ပါတယ်။ ကြည့်ချင်သလိုကြည့်၊ ဖတ်ချင်သလိုဖတ်၊ ကိုယ်က ဘယ်သူ့ကိုမှ အားနာစရာ မလိုသလို ဘယ်သူ ဘယ်သူက

မှလည်း ကိုယ့်ကို အနှောင့်အယှက် မပေးပါဘူး။ သဘာဝတရားက အခမဲ့ ဝေငှထားတဲ့ သစ်ရိပ်၊ ဝါးရိပ်၊ သာယာရိပ်မှာ မေ့မှိတ် ခိုနားရင်း ဖတ်ရှုခံစားနိုင်အောင် စီစဉ်ထားပုံက သဘာဝ ကျလွန်းလှပါတယ်။

အဲဒီလိုနဲ့ မွန်းတည့်လာတဲ့အခါ ဆရာတော် ဦးဥတ္တမသာရကလည်း ပြန်ကြွမလာသေးတာမို့ ကိုမောင်မောင်မြတ်က ထမင်းစားဖို့ နှိုးဆော်ပါတယ်။ ဒါနဲ့ နှစ်ယောက်သား တာဝ တက္ကသိုလ်နဲ့ ခပ်နီးနီးက ထမင်းဆိုင်လေးတစ်ဆိုင်ကို ရောက်လာကြတယ်။



မဟာပြည့်ဝဆောင်

www.burmeseclassic.com



သဘာဝအရိပ်မှ တရားရိပ်သာဆောင်တစ်ခု

တာဝ တက္ကသိုလ်မှာ နှစ်အတန်ကြာ အမှုထမ်းခဲ့ဖူးတာမို့ သူလည်း တာဝသား ဖြစ်ခဲ့တာလေ။ ဒီတော့ ဒီနယ်မြေမှာ သူ့ခြေရာချည်းပါပဲ။ ဘယ်နေရာမှာ ထမင်းနဲ့ဟင်း ကောင်းတယ်။ ဘယ်နေရာမှာ လက်ဖက်ရည် ကောင်းတယ်။ ဘယ်နေရာမှာ ဘာရတယ်ကအစ သူသိပါတယ်။ ဒါကြောင့် လက်ဖက်ရည်ကောင်းကောင်း သောက်ရအောင် ညောင်နီရွက်ကို ခေါ်လာခဲ့တာပါ။

ညောင်နီရွက်က တာဝ တက္ကသိုလ် မုခ်ဦးကြီးတည့်တည့်ပါပဲ။ ဆိုင်ကြီးကလည်း တော်တော်ကျယ်ပါတယ်။ ကျောင်းသူ၊ ကျောင်းသားတွေနဲ့ ပြည့်



တရားနာယူရာ ဓမ္မသာလာ

သက်တမ်းရင့် ကုက္ကိုပင်ကြီးတွေ ဝန်းယှက်အုပ်မိုးထားတဲ့ ထမင်းဆိုင်လေးက ကျေးလက်ဆန်ဆန် ပွင့်လင်းရိုးသားလှတယ်။ စားသောက်ဖွယ်ရာတွေကလည်း မြန်မာဆန်ဆန် အစပ်အဟပ်တည့်လှတာမို့ ထင်တာထက် ပိုစားကောင်းသွားတယ်။

အဲဒီကပြီးတော့ လက်ဖက်ရည်သောက်ရအောင် ညောင်နီရွက်ကို ထွက်လာကြတယ်။ ဒီနေရာမှာတော့ ကိုမောင်မောင်မြတ်က Expert (ပါရဂူ) ဖြစ်ပါတယ်။ သူ့ဇနီး ဒေါ်ဖြူဖြူအောင်က နေတာပါ။ မိမိတို့လည်း လွတ်တဲ့စားပွဲဝိုင်းလေးမှာ ဝင်ထိုင်ရင်း လက်ဖက်ရည်သောက်ကြတယ်။



သဘာဝတရားရိပ်သာရဲ့ မဟာပြည့်ဝဆောင်

အဲဒီမှာ သဘာဝတရားရဲ့ သဘာဝတရားရိပ်သာကနေ ဓမ္မဒါနကမ်းလှမ်းလိုက်တဲ့ လက်ကမ်းစာစောင်လေးကို စိတ်အေးလက်အေးနဲ့ ခပ်ဖြည်းဖြည်းလေး ဖတ်မိတယ်။ အဲဒီမှာ သဘာဝတရားရဲ့ သဘာဝတရားရိပ်သာ ဆရာတော် ဦးဥတ္တမသာရ အရှင်သူမြတ်ရဲ့ ထေရုပ္ပတ္တိကထာ ဘဝရုပ်ပုံလွှာကို အခုလို ကြည်ညိုသိရှိခွင့်ရခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



တရားရိပ်သာဝန်းကျင်မှ နတ်စင်ကုန်းရှိ ဘိုးဘိုးကြီး

ဆရာတော် ဦးဥတ္တမသာရ အလောင်းအလျာ သားမြတ်ရတနာကို ခမည်းတော် သတ္တုတွင်းအင်ဂျင်နီယာ ဦးတင်မောင်၊ မယ်တော် ဒေါ်ခင်ခင်မြင့် (သိမ်ကြီးဈေး)တို့က ခရစ်နှစ် ၁၉၆၉ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်၊ တနင်္ဂနွေနေ့မှာ မီးရှူးသန့်စင်ဖွားမြင်တော်မူပါတယ်။ ဖွားမြင်တော်မူတဲ့ ရွှေချက်တော်သိုရာက စစ်ကိုင်းတိုင်း၊ ကသာမြို့ဖြစ်ပါတယ်။ ဖွားမြင်တော်မူရာ မြန်မာစံတော်ချိန်ကတော့ သီတင်းကျွတ် လပြည့်ည (၉း၁၅)နာရီဖြစ်ပါတယ်။ မွေးချင်းညီအစ်ကိုတော် သုံးဦး ဖြစ်ပြီးတော့ ဆရာတော် အလောင်းအလျာက နောင်တော်ကြီး ဖြစ်တော်မူပါတယ်။

ဆရာတော် အလောင်းအလျာဟာ ငယ်စဉ်ကတည်းက စာပေဖတ်ရှုလေ့လာရတာကို ဝါသနာကြီးတော်မူပြီး ပညာတတ် ဘဝကိုလည်း မြတ်နိုးတန်ဖိုး ထားတော်မူခဲ့ပါတယ်။ ၁၉၈၆ ခုနှစ်မှာ အခြေခံပညာအထက်တန်း စာမေးပွဲကို သင်္ချာ၊ အင်္ဂလိပ်စာ၊ ရူပ၊ ဓာတု၊ သမိုင်း ဘာသာရပ်တွေမှာ ဂုဏ်ထူးနဲ့ အမှတ်ပေါင်း (၄၉၃)မှတ်နဲ့ ဗိုလ်တထောင်မြို့နယ်ကနေ အောင်မြင်တော်မူခဲ့ပါတယ်။ ၁၉၉၂ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကနေ B.A English (Honours) ဘွဲ့ ရရှိတော်မူခဲ့ပါတယ်။

အဲဒီဘွဲ့ရတဲ့နှစ်မှာ ဆရာတော် အလောင်းအလျာရဲ့ သက်တော်ဟာ (၂၃)နှစ် ရှိတော်မူပါပြီ။ ဒီအချိန်မှာပဲ ဆရာတော်အလောင်းအလျာဟာ မိဘအိမ်ကနေ စွန့်စွန့်စားစား တစ်ယောက်တည်း ထွက်ခွာလာပြီး ဝန်ထမ်း တစ်ယောက်နဲ့အတူ တစ်နိုင်တစ်ပိုင် စတိုးဆိုင်ဖွင့်ပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို စတင်လုပ်ကိုင်ပါတယ်။ နောက်တော့ ကုန်ပစ္စည်း ဖြန့်ချိရေးလုပ်ငန်းတွေ အပါအဝင် လုပ်နိုင်သမျှ လုပ်လို့ရသမျှ လုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်ခဲ့ပါတယ်။

လိုချင်မှုလောဘနဲ့ တိုးချဲ့လုပ်ကိုင်လာတဲ့ လုပ်ငန်းတွေဟာ တစ်စတစ်စ ထိန်းမနိုင် သိမ်းမရ ဖြစ်လာတယ်။ စီးပွားရေးလုပ်ငန်းတွေမှာ တွေ့ကြုံရင်ဆိုင်ရလေ့ရှိတဲ့ နိယာမအတိုင်း ဟန်ချက်မညီ အချိုးမပြေ၊ အဆင်



တရားရိပ်သာအနီးမှ နတ်စင်ကုန်း ကွန်းသာယာ

www.burmeseclassic.com

www.burmeseclassic.com



**သဘာဝတရားရိပ်သာရင်ခွင်တွင်းဝယ်ကြည်နူးဖွယ်**

မချောတာတွေကိုလည်း ရင်ဆိုင်ခဲ့ရပါတယ်။

အဲဒီလို လိုချင်လို့ လောဘနဲ့ရှာ၊ လောဘနဲ့ရှာတော့ ရရှိ၊ ရရှိလာတော့ စိုးရိမ်ပူပန်ရတာတွေ၊ ပြဿနာတွေနဲ့ လုံးထွေး ရစ်ပတ်လာပါတော့တယ်။ ဒီလိုနဲ့ အဲဒီမွန်းကျပ်မှုတွေကနေ လွတ်မြောက်ဖို့ ကြိုးစားရင်း ၁၉၉၉ ခုနှစ်၊ စီးပွားရေးလောကထဲ ကျင်လည်တဲ့ သက်တမ်း ခုနစ်နှစ်လောက်အရမှာ တရားဓမ္မနဲ့ စတင် ထိတွေ့လာခဲ့ရပါတယ်။ ဓမ္မမိတ်ဆွေတစ်ဦးရဲ့ ဖိတ်ခေါ်ချက်အရ အင်းစိန်ဘက်က ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းက ငါးရက်တရားစခန်းမှာ အချိန်ပိုင်းဝင်ရောက်တရားထိုင်ရာကနေ အကျင့်တရားနယ်ထဲ စတင်ဝင်ရောက်လာခဲ့ရပါတယ်။

အဲဒီ ဘုန်းတော်ကြီးကျောင်းမှာက တစ်လကို ငါးရက်တစ်ကြိမ် တရားစခန်းဖွင့်လှစ်တာ ဖြစ်လေတော့ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီလကနေ ၂၀၀၂ ခုနှစ် ဇန်နဝါရီလအထိ သုံးနှစ်နီးပါး အချိန်ပိုင်းနဲ့ တရားအားထုတ်လာလိုက်တဲ့အခါ တော်တော်လေးကို ဟန်ကျသွားပါတယ်။ လက်ရှိလုပ်ကိုင်နေတဲ့ စီးပွား



**လွတ်လပ်ပေါ့ပါးစွာ တရားနာယူပါ**

ရေးလုပ်ငန်းတွေကို လောဘသတ်ပြီး လျှော့ချလာနိုင်ပါတယ်။

ကိုယ်တိုင် ကျားစီး ဖားစီး ခြောက်နှစ်တိုင်တိုင် ကြိုးစားရှာဖွေလာခဲ့တဲ့ ပစ္စည်းဥစ္စာတွေထဲကနေ ခုနစ်ရက်သားသမီးတွေ တရားအသိ၊ တရားအမြင် ရရှိစေရေးအတွက် စွန့်လွှတ်လှူဒါန်းမှုတွေကို တစ်စ တစ်စ စွန့်ပံ့မှလျှင် ဘဝနောက်နှောင်း ဆက်တိုင်းကောင်း၏ဆိုသလို ပြုလုပ်ပေးဝေနိုင်ခဲ့ပါတယ်။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတွေကို ဘက်ပေါင်းစုံ အစွမ်းကုန် ကြိုးစားပြုလုပ်ရင်း အမှန်သစ္စာတရားကို ရှာဖွေခဲ့ပါတယ်။



**ပိုးချဲနဲ့လည်း တရားနာနိုင်တယ်**



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ ဆရာတော်လောင်းလျာရဲ့ သုံးနှစ်နီးပါး အဆင့်ဆင့်မြင့်တက်လာတဲ့ သစ္စာရှာပုံတော် ခရီးစဉ်မှာ နေ့စဉ် ပုံမှန်တရားထိုင်တာအပြင် ငါးရက်တရားစခန်း အချိန်ပြည့် ခြောက်ကြိမ်၊ ဆရာကြီးဦးဘခင်ရိပ်သာမှာ (၁၀)ရက်တရားစခန်း၊ ဦးဂိုအင်ကာရိပ်သာမှာ (၁၀)ရက်တရားစခန်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှာ (၁၀)ရက် တရားစခန်းတွေကိုလည်း ဝင်ရောက်အားထုတ်နိုင်ခဲ့ပါတယ်။

ဆရာတော် အလောင်းအလျာရဲ့ ဘဝအမိပ္ပာယ်နဲ့ ဘဝသစ္စာရှာဖွေရေး ခရီးစဉ်ဟာ အဆင့်ဆင့် မြင့်တက်လာပြီး (၂၁-၁၀-၂၀၀၂) သီတင်းကျွတ်လပြည့်နေ့ နံနက်(၈း၃၀)နာရီမှာတော့ ရွှေဝါရောင်ဆင်မြန်း မြင့်မြတ်တဲ့ ရှင်ရဟန်းဘဝကို လွတ်လွတ်ကျွတ်ကျွတ် တက်လှမ်းလိုက်ပါတော့တယ်။ အဲဒီအချိန်မှာ ဆရာတော်ဦးဥတ္တမသာရရဲ့ သက်တော်ဟာ (၃၃)နှစ်ပြည့်တော်မူခဲ့ပြီ ဖြစ်ပါတယ်။

ဆရာတော်ဦးဥတ္တမသာရဟာ လောကီရိပ်ငြိမ် စည်းစိမ်ဥစ္စာတွေကို လွတ်လွတ် စွန့်လွှတ်တော်မူပြီးတဲ့နောက် သာသနာပြုကုသိုလ်တော်တွေကို စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်တော်မူပါတယ်။

ကြိုးပမ်း အားထုတ်တော်မူတဲ့ ဆောင်ရွက်ချက်တွေကတော့ စွန်းလွန်းဆရာတော်၊ မိုးကုတ်ဆရာတော်၊ သဲအင်းဂူဆရာတော် တို့ရဲ့ အရွယ်အစားအမျိုးမျိုး ပုံတော်စုံတွေကို ဖြန့်ဝေလှူဒါန်းခဲ့ပါတယ်။

၂၀၀၂ ခုနှစ်မှာ 'ဘုရားနှင့်ရဟန္တာတို့၏ ကျေးဇူးတရားများ'စာအုပ်၊ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားအပုဒ် ၂၀၀ ကျော်အတွက် အနှစ်ချုပ်စာရွက်များ၊ ၂၀၀၇ ခုနှစ်မှာ နိုင်ငံခြားသား ယောဂီများရေးသားတဲ့ စာများအပါအဝင် ဓာတ်ပုံအဖုံးနဲ့ အမှန်တရားလက်ဆောင် စာသက်သေ စာအုပ်၊ ၄၅-၁၊ ၄၅-၂၊ ၄၅-၃၊ ၄၅-၄၊ ၄၅-၅ တရားတော်စာရွက်များ၊ ၂၀၁၁ ခုနှစ်မှာ ယောဂီများ ပါဝင်ရေးသားတဲ့ သဘာဝတရားရိပ်သာနှင့် ဆရာတော်ဦးဥတ္တမသာရအကြောင်း၊ အနတ္တဆောင်းပါးများ စာစောင်၊ ၂၀၁၁ ခုနှစ်မှာပဲ ၁-၂၀၁၁၊ ၂-၂၀၁၁၊ ၃-၂၀၁၁၊ ၄-၂၀၁၁၊ ၅-၂၀၁၁ အနတ္တအဆုံးအမ စာရွက်များ၊ ၂၀၀၂ ကနေ ၂၀၀၅ ခုနှစ်များအတွင်းမှာတော့ မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ တရားအပုဒ် ၃၀၀ကျော်ကို အသံကြည်လင်ပြတ်သားအောင် စီမံတည်းဖြတ်ပြီး ဖြန့်ဝေခဲ့တဲ့ အမ်ပီသရီးစီဒီချပ်များ၊ ၂၀၀၅ ခုနှစ်မှာ ရွေးချယ်တည်းဖြတ် ဆက်စပ်ထားတဲ့ ဆူနာမီဖြစ်ရပ်မှန်ဓာတ်ပုံနဲ့ ဗီဒီယိုဖိုင်တွေကို တရားစာတန်းများရေးထိုးပြီး တရားအသံများနဲ့ ပေါင်းစပ်ထားတဲ့ ဗီစီဒီ ၅ ချပ်တွဲများ ဖြန့်ဝေခြင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလအထိ ဆွမ်းစားအိမ်များ၊ ဆေးရုံများ၊ ဓမ္မာရုံများ၊ ဘုရားရင်ပြင်တော်များ၊ စင်ကာပူ၊ မလေးရှားနိုင်ငံများနဲ့ သဘာဝ တရားရိပ်သာအတွင်း ဟောကြားတော်မူခဲ့တဲ့ တရားပွဲ စုစုပေါင်း ၇၃၀၀ ကျော်ထဲမှ အမ်ပီသရီး စုစုပေါင်း (အမျိုးအမည်) ၁၄၅ ချပ်၊ (အရေအတွက် ကန့်သတ်ချက်မရှိ)ကို အလှူရှင်များနှင့် ယောဂီများအတွက် ထုတ်ဝေဖြန့်ချိပေးခဲ့တဲ့ စီဒီချပ်များ စတဲ့ သာသနာပြုကုသိုလ်တော်ကို စဉ်ဆက်မပြတ် အင်တိုက်အားတိုက် ပြုတော်မူခဲ့ပါတယ်။

ဆရာတော် ဦးဥတ္တမသာရရဲ့ အဲဒီသာသနာပြုကုသိုလ်တော်အမြောက်အမြားထဲမှာ အထူးပြု သာသနာပြုကုသိုလ်တော်လုပ်ငန်းကြီး သုံးရပ်လည်း ရှိပါသေးတယ်။

နံပါတ်တစ် အထူးပြု သာသနာပြုကုသိုလ်တော်လုပ်ငန်းကြီးတစ်ရပ်က ၁-၆-၂၀၀၀ ပြည့်နှစ်မှာ စတင် တည်ထောင်တော်မူခဲ့တဲ့ အဝိဇ္ဇာမှ ဝိဇ္ဇာသို့ အမှန်တရား အလှူတော်လုပ်ငန်း။

နံပါတ်နှစ် အထူးပြု သာသနာပြုကုသိုလ်တော်လုပ်ငန်းကြီး တစ်ရပ်က ၂၇-၇-၂၀၀၇ ခုနှစ်မှာ စတင် တည်ထောင်တော်မူခဲ့တဲ့ ၄၅ လမ်း သဘာဝတရားရိပ်သာ သာသနာပြုလုပ်ငန်းကြီးဖြစ်ပါတယ်။ ၄၅ လမ်း သဘာဝတရားရိပ်သာဟာ အမှတ် ၄၅၊ ၄၅ လမ်း ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့မှာ တည်ရှိပါတယ်။ အကန့်အသတ်မရှိ အများအကျိုးအတွက် ဖွင့်လှစ်ထားတဲ့ တရားရိပ်သာကြီးလည်း ဖြစ်ပါတယ်။

နံပါတ်သုံး အထူးပြုသာသနာပြုကုသိုလ်တော်လုပ်ငန်းကြီး တစ်ရပ်က ၁၆-၆-၂၀၀၈ ခုနှစ်မှာ စတင်တည်ထောင်တော်မူခဲ့တဲ့ သန်လျင် ဘုရားကုန်း သဘာဝတရားရိပ်သာ ဖြစ်ပါတယ်။ အဘဦးကျော်အေး၊ မာမီ ဒေါ်ခင်ဆွေဦး လှူဒါန်းတဲ့ မြေနေရာမှာ တည်ထောင်ဖွင့်လှစ်ခဲ့တာလည်း ဖြစ်ပါတယ်။ မြေနေရာ အကျယ်အဝန်းက (၇၅)ဧကလောက် ရှိပါတယ်။

သဘာဝတရားရဲ့ သဘာဝတရားရိပ်သာဟာ ရက်အကန့်အသတ်မရှိ၊ အချိန်ပြည့်ဖွင့်လှစ်တဲ့ တရားရိပ်သာ ဖြစ်ပါတယ်။ ဆွမ်းစရိတ်ပေးရန်မလိုပါ။ အသက်အရွယ်၊ ကျန်းမာရေးအခြေအနေ၊ လူမျိုး၊ ဘာသာ၊ လူတန်းစား ကန့်သတ်ချက် မရှိပါ။ သဘာဝတရားရိပ်သာမှာ အဲဒီ ကန့်သတ်ချက်တွေ မရှိရုံသာမက အတိုင်းတိုင်းအပြည်ပြည်၊ အနယ်နယ် အရပ်ရပ်မှ တရားအားထုတ်လိုတဲ့ ယောဂီများကိုသာမက သက်ကြီးရွယ်အိုများ၊ လူမမာများ၊ မျက်မမြင်များ၊ နားမကြားများ၊ ခြေလက်မသန်စွမ်းသူများ၊ စိတ်ကျန်းမာရေး ချို့တဲ့သူများ၊ မှီခို အားထားစရာမရှိသူများကိုပါ အရေအတွက်၊ နည်းစနစ်၊ နေရာ၊ လူမျိုး၊ ဘာသာ၊ အချိန်အကန့်အသတ်မထားဘဲ လက်ခံ တရားအားထုတ်ခွင့် ပေးပါတယ်။

သဘာဝတရားရဲ့ သဘာဝတရားရိပ်သာဟာ . . .





www.burmeseclassic.com

www.burmeseclassic.com

- လောကကြီးရဲ့ အကြီးမားဆုံး လိုအပ်ချက်တွေကို တစ်ခုပြီးတစ်ခု အမြဲမပြတ် ဖြည့်ဆည်းပေးနေတဲ့ နေရာ ဖြစ်ပါတယ်။

- လောကကြီးပဲ၊ လောကသားတွေပဲ၊ ကိုယ့်အကျိုးပဲ၊ အများအကျိုးပဲ၊ လောကဓံ အကောင်းအဆိုးတွေပဲ စတဲ့ ဆုပ်ကိုင်ငြိတွယ်မှုကင်းကင်းနဲ့ လောကအကျိုး၊ အများအကျိုးကို အချိန်ပြည့် ဆောင်ရွက်နေတဲ့နေရာ ဖြစ်ပါတယ်။

- လောကကြီးမှာ အင်မတန်လိုအပ်နေတဲ့ စွန့်လွှတ်နိုင်စွမ်းအား၊ အဆုံးရှုံးခံနိုင်စွမ်းအား၊ မှန်မှန်ကန်ကန် နားလည်နိုင်စွမ်းအား၊ ကောင်းမှုကုသိုလ် ပြုလုပ်နိုင်စွမ်းအား တိုးတက်မြင့်မားလာစေဖို့ လေ့ကျင့်ပေးနေတဲ့နေရာ ဖြစ်ပါတယ်။

- နားလည်နိုင်စွမ်းအား မြင့်မားတိုးတက်လာစေဖို့အတွက် နားထောင်ဖို့ လိုအပ်တဲ့ တရားများ၊ ဖတ်ဖို့ လိုအပ်တဲ့ တရားစာများ မပြတ်ဟောကြား၊ ရေးသား ဖြန့်ဝေပေးနေတဲ့နေရာ ဖြစ်ပါတယ်။

- ကုသိုလ်ကောင်းမှု မှန်သမျှ မပြတ်ပြုလုပ်နေတဲ့နေရာ ဖြစ်ပါတယ်။

- ကောင်းကျိုးပေါင်းစုံတို့ မပြတ်ဖြစ်ပေါ် အကျိုးပေးရာနေရာ ဖြစ်ပါတယ်။

- ကုသိုလ်ကောင်းမှု အမျိုးမျိုးရဲ့ အကျိုးကျေးဇူးတွေကို လက်တွေ့ စမ်းသပ်ဖော်ထုတ် အသုံးချတဲ့နေရာ ဖြစ်ပါတယ်။

- ကုသိုလ်ကောင်းမှုကို လွတ်လွတ်လပ်လပ် အကန့်အသတ်မရှိ ပြုလုပ်ခွင့်ပေးထားတဲ့နေရာ ဖြစ်ပါတယ်။

- ကုသိုလ်၊ အကုသိုလ် အမျိုးမျိုးတွေရဲ့ အကျိုးပေးတွေကို ငြိတွယ်မှုအစွဲကင်းကင်းနဲ့ တွေ့ကြုံရုံသက်သက်၊ တွေ့ကြုံအသုံးချရုံသက်သက် အသုံးချတတ်စေဖို့ အပြည့်အဝ ကူညီလေ့ကျင့်ပေးနေတဲ့နေရာ ဖြစ်ပါတယ်။

- လုပ်လို့မဝ၊ ပြောလို့မဝ၊ စားလို့မဝ၊ မျှော်လင့်လို့မဝ၊ နှုးလို့မဝ အစရှိတဲ့ လောကီမဝ ပြဿနာမျိုးစုံကို အပြီးအပြတ်ဖြေရှင်းပေးတဲ့နေရာ ဖြစ်ပါတယ်။

- ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ အစွဲကြီးနေမှုမှ လွတ်ငြိမ်းချမ်းသာခွင့်ရဖို့ အပြည့်အဝ ကူညီပေးနေတဲ့နေရာ ဖြစ်ပါတယ်။

- အခက်အခဲများ၊ အဆင်မပြေမှုများကို အခွင့်အရေးအဖြစ် အပြည့်အဝ အသုံးချတတ်အောင် လေ့ကျင့်သင်ကြားပေးနေတဲ့နေရာ ဖြစ်ပါတယ်။

- မတူညီတာ အချင်းချင်း အဆင်ပြေပြေ ပူးပေါင်းနေထိုင် ဆောင်ရွက်တတ်ဖို့ လေ့ကျင့်ပေးနေတဲ့နေရာ ဖြစ်ပါတယ်။

သဘာဝတရားရဲ့ သဘာဝတရားရိပ်သာဘက်က အဲဒီလိုအကြွင်းမဲ့ ကန့်သတ်ချက် 'နှောင်ကြိုးတွေ မရှိ' သလို ကာယကံရှင် ကိုယ်စီကိုယ်စီတို့ကလည်း မိမိတို့ဘက်က တစ်ဖက်သတ် ကန့်သတ်ထားတာတွေကို စွန့်လွှတ်ပြီး နေရာနဲ့ ထိုက်တန်အောင် ကျင့်သုံးနိုင်ပါမှလည်း မြတ်စွာဘုရား ခင်းပေးထားတဲ့ ပါရမီလမ်းအစစ်ပေါ်မှာ လျှောက်နိုင်ပါလိမ့်မယ်။

ညောင်နီရွက်မှာ ခဏတာနားရင်း သဘာဝတရားရဲ့ သဘာဝတရားရိပ်သာရဲ့ တူရူရှေ့ရှုရာကို နားလည်ခံစား မုဒိတာပွားနေမိရပါတယ်။ ပြီးတော့ ပစိဖိတ်သမုဒ္ဒရာ၊ အတ္တလန္တိတ်သမုဒ္ဒရာတို့ကို တံတားထိုးရသလို ခက်ခဲလေးလံလွန်းလှတဲ့ သာသနာပြုလုပ်ငန်းကြီးကို ပေါ့ပါးလွယ်ကူစွာ သယ်ဆောင်နေတော်မူတဲ့ ဆရာတော်ဦးဥတ္တမသာရရဲ့ သာသနာပြု စိတ်ဓာတ်ကိုလည်း လေးစားကြည်ညို ဦးခိုက်မိရပါတယ်။

တကယ်ဆိုရင် သာသနာပြုလုပ်ငန်းဆိုတာ တစ်ဖက်မှာ လေးနက်သိမ်မွေ့မှု ရှိနေသလို တခြားတစ်ဖက်မှာလည်း ခက်ခဲကြမ်းတမ်းမှုတွေရှိနေတာမို့ အထက်မှာ ပြောခဲ့သလို သမုဒ္ဒရာကို တံတားထိုးရသလို ခက်ခဲလေးလံလွန်းလှပါတယ်။ ဒါပေမဲ့ မြတ်စွာဘုရား ရွှေလက်ထက်တော်ကစပြီး သာသနာ့ အောင်လံတော်ကို လွှင့်ထူပြီး သာသနာပြုလုပ်ငန်းတွေကို ဆောင်ရွက်တော်မူလာကြတာလည်း စဉ်ဆက်မပြတ်ပါပဲ။

ပြောရမယ်ဆိုရင် သာသနာပြုလုပ်ငန်းဆိုတာ သာသနာတော်ရဲ့ ခံတပ်ကြီး တစ်ခုပါပဲ။ သာသနာတော်ကို နှောင့်ယှက်ဖျက်ဆီးလာမယ့် အန္တရာယ်တွေကို သာသနာပြုခံတပ်ကြီးနဲ့ ကြံ့ကြံ့ခံ ရင်ဆိုင်ပါမှ "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" ဗုဒ္ဓမြတ်စွာ သာသနာတော်သည် အရှည်ခံ့လို့ တည်တံ့တော်မူနိုင်ပါတယ်။

သာသနာတော်ခံတပ် အားနည်းသည်နှင့်အမျှ သာသနာ့အင်ပါယာနဲ့ သာသနာ့ အဆောက်အအုံတွေ ကျဉ်းမြောင်းပြိုလဲကုန်တဲ့ သာဓကတွေလည်း ရှိပါတယ်။ ယနေ့ ဘင်္ဂလားဒေ့ရှ်ဟာ တစ်ချိန်တုန်းက ဗုဒ္ဓဘာသာ ထွန်းကားခဲ့တဲ့ ဝင်္ဂတိုင်း ဖြစ်သလို ယနေ့ ပါကစ္စတန်ဟာလည်း အတိတ်ကာလ တစ်ခုမှာ ဗုဒ္ဓဘာသာနိုင်ငံတော် ဂန္ဓာရတိုင်း ဖြစ်ခဲ့ဖူးပါတယ်။ ဒါကြောင့် တည်တံ့ပြန့်ပွား Promotion ဟာ အရေးပါသလို ကာကွယ်စောင့်ရှောက်တဲ့ Protection ကလည်း အရေးကြီးပါတယ်။


အခု သဘာဝတရားရိပ်သာရဲ့ ဆောင်ရွက်ချက်တွေဟာ Promotion ရော Protection ပါ ပေါင်းစည်းထားတဲ့ အသွင်သဏ္ဌာန်နဲ့ အနှစ်သာရကို မြင်တွေ့သိရှိရပါတယ်။ ဒါကြောင့်လည်း နှုတ်ကမြွက်ဖော် သာဓုခေါ်မိသလို မိမိတတ်စွမ်းနိုင်သမျှ ပါဝင်လှူဒါန်းစိတ်ရှည် မှန်းပြီး သန္နိဋ္ဌာန်တစ်ခု အဓိဋ္ဌာန်ပြုမိရပါတယ်။

မကြာမီ အချိန်မှာတော့ မိမိတို့ နှစ်ဦးသား သဘာဝတရားရိပ်သာကို ပြန်လည်ရောက်ရှိလာခဲ့ကြပါပြီ။ အချိန်ကလည်း (၁း၃၀)နာရီလောက်ဖြစ်သွားပြီ။



www.burmeseclassic.com

www.burmeseclassic.com



သဘာဝ
တရားရိပ်သာမှ
ဆောက်လုပ်ဆဲ
ယောဂီဆောင်

ဆရာတော်ကတော့ ပြန်ကြွ မလာသေးပါဘူး။ စစ်ဘက်ဆိုင်ရာ ဆေးတက္ကသိုလ်က သင်တန်းသား ဗိုလ်လောင်း (၃၀)နဲ့အတူ ကျိုက်ခေါက်ဘုရားကြီးကို ဝင်ရောက်ဖူးမြော်နေတယ်ဆိုတဲ့ သတင်းစကားကိုတော့ ကြားသိလိုက်ရပါတယ်။

ဒါနဲ့ ဟိုနားဒီနား လမ်းလျှောက်ထွက်ခဲ့ကြပါတယ်။ ဖြောင့်ဖြူးနေတဲ့ အင်္ဂတေလမ်းမကြီးအတိုင်း လျှောက်လာလိုက်တော့ ဉာဏ်တော်အတော်မြင့်တဲ့ ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးတွေ့ရတယ်။

အဲဒီကနေ လက်ယာဘက်လမ်းအတိုင်း ချိုးကွေ့သွားလိုက်တဲ့အခါမှာ တဲတန်းလျား အဆောက်အအုံတွေကို တွေ့ရသလို တိုက်တာအဆောက်အအုံတွေကိုလည်း တွေ့ရပါတယ်။ အဲဒီကနေ ရှေ့နားကို ဆက်သွားလိုက်တဲ့အခါမှာတော့ စီတန်းနေတဲ့နတ်ကွန်းအဆောက်အအုံတွေကို တွေ့ရပြီး ရပ်ကွက်လေးတစ်ခုကိုလည်း တွေ့ရတယ်။ ဒီနေရာဟာ နတ်စင်ကုန်းလို့ ခေါ်ပါသတဲ့။ ဒီနေရာတွေဟာ ဟိုတစ်ချိန်တုန်းကတော့ လမ်းပန်းဆက်သွယ်သွားလာရေး အတော်ကြမ်းတမ်းတဲ့နေရာတွေ ဖြစ်ခဲ့ပေမယ့် အခုတော့ သဘာဝတရားရိပ်သာ တန်ခိုးတော်ကြောင့် အတော်ကောင်းမွန်သာယာနေပါပြီ။

ရှေ့ဆက်ပြီး ခြေစကြာဖြန့်ချင်သေးပေမယ့် ဆရာတော်ပြန်ကြွလာခါနီးပြီမို့ နောက်ကြောင်းပြန်လှည့်ခဲ့ကြတယ်။

အတော်ပါပဲ။ မကြာမီမှာပဲ ဆရာတော် ပြန်ကြွလာပါတယ်။ စစ်ဘက်ဆိုင်ရာ တပ်မတော်သား ဗိုလ်လောင်းတွေလည်း ပါလာပါတယ်။ ဆရာတော်က သူ့နေရာမှာ သီတင်းသုံးလိုက်တဲ့အခါမှာတော့ ကြိုတင်ရောက်ရှိ စောင့်ဆိုင်းနေကြတဲ့ ဒကာ၊ ဒကာမတွေက ဖူးမြော်ကန်တော့ကြပြီး လှူဖွယ်ဝတ္ထု အစုစုတို့ကိုလည်း ဆက်ကပ်လှူဒါန်းကြပါတယ်။ ကိုမောင်မောင်မြတ်ကလည်း ဝယ်ယူလာတဲ့ ကိတ်မုန့်တွေကို ဆက်ကပ်လှူဒါန်းပါတယ်။ ဗိုလ်လောင်းတွေကလည်း ဖူးမြော်ကန်တော့ပြီး လှူဖွယ်ဝတ္ထုတွေ ဆက်ကပ်လှူဒါန်းကြပါတယ်။

ဧည့်ပရိသတ်တွေ အတော်စဲသွားတော့ ဆရာတော်ကို မေးမြန်းလျှောက်ထားစရာ ရှိတာတွေကို မေးမြန်း လျှောက်ထားရပါတော့တယ်။ ဆရာတော်ဦးဥတ္တမသာရ အရှင်မြတ်ကလည်း ပင်ပန်းနွမ်းနယ်မှုတွေကို အမှုမထားဘဲ စိတ်ရှည်လက်ရှည် စိတ်ပါလက်ပါ ရှင်းလင်းပြောပြမိန့်ကြားတော်မူပါတယ်။

ဆရာတော် ဦးဥတ္တမသာရဟာ အမှန်သစ္စာတရားကို ရှာဖွေဖို့ တရားလမ်းကြောင်းပေါ် လျှောက်လှမ်းလာတဲ့အခါ နေရာအမျိုးမျိုး၊ ပုဂ္ဂိုလ်အမျိုးမျိုးတွေ့ကြုံဆုံစည်းတော်မူခဲ့ပါတယ်။ အဲဒီမှာ တရားရှာတဲ့ ယောဂီတစ်ဦး ခံစားရတဲ့ စေတသိကဒုက္ခ၊ ကာယိကဒုက္ခဆိုတဲ့ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ လောကဓံတရားတွေကို ကြုံတွေ့တော်မူခဲ့ရပါတယ်။ ကန့်သတ်ချက်တွေ၊ ခွဲခြားမှုတွေ၊ တင်းကျပ်မှုတွေ စတဲ့ အခြေအနေတွေကိုလည်း သိမြင်လာရပြီး ယောဂီအချင်းချင်း ယိုင်းပင်းကူညီလိုတဲ့ ကိုယ်ချင်းစာတရားတွေလည်း ဖြစ်ပေါ်လာခဲ့ရတယ်။

အဲဒီလို ဖြစ်ပေါ်လာတဲ့ ကိုယ်ချင်းစာတရားနဲ့အတူ တရားရှာလိုသူမည်သူမဆို အကန့်အသတ်မဲ့၊ အချုပ်အချယ်မဲ့ လွတ်လွတ်လပ်လပ် တရားရှာနိုင်ဖို့ အနေအထားတစ်ခုကို ဖန်တီးတည်ထောင်ပေးချင်တဲ့ စိတ်စေတနာတွေဟာလည်း တားမနိုင် ဆီးမရ တဖွားဖွား ပေါ်ပေါက်လာခဲ့ရပါတယ်။ သူတစ်ပါးကို ကူညီချင်ရင် ကူညီနိုင်လောက်တဲ့ အရည်အချင်းမျိုး မိမိမှာ ပြည့်စုံရမယ်ဆိုတာကိုလည်း သတိပြုသဘောပေါက်လာခဲ့တာမို့ မိမိဘက်က ပြည့်စုံရမယ့် အရည်အချင်းတွေကိုလည်း ကြိုးစားဖြည့်ဆည်းတော်မူခဲ့ပါတယ်။

ကိုယ်အင်္ဂါ အစိတ်အပိုင်း ချို့တဲ့မှုတွေကြောင့် မသန်စွမ်းသူဘဝ ရောက်နေရသူတွေ အတွက်လည်း တရားဓမ္မနဲ့



www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်စောင့်ရှောက်မှုပေးဖို့ စေတနာဆန္ဒပြင်းပြတော်မူခဲ့ပါတယ်။ မသန်စွမ်းသူတွေဟာ လူ့ဘာကာရဲ့ အမြင်မှာ အနုတ်လက္ခဏာ သဘောမျိုး ရှိနိုင်ပေမယ့် သတ္တိစွမ်းအားတွေ သူတို့မှာ ရှိနေတယ်။ သူတို့ရဲ့ နှလုံးသားထဲမှာ ဓမ္မသတ္တိ ထည့်ပေးချင်တဲ့ စိတ်စေတနာတွေဟာလည်း ကနဦးကတည်းက ဆရာတော်ရဲ့ ရင်ထဲမှာ ကိန်းအောင်းနေခဲ့ရပါတယ်။

ကမ္ဘာကြီးကို ခြုံငုံသုံးသပ်လိုက်ရင် The Whole World is needy ပါပဲ။ လိုအပ်ချက်တွေနဲ့ ဆာလောင်မွတ်သိပ်နေတဲ့ ကမ္ဘာကြီးပေါ့။ ဆရာတော့်အနေနဲ့ တတ်နိုင်ရင် တစ်ကမ္ဘာလုံးကို ဖြည့်ဆည်းပေးချင်တယ်။ ဒါပေမဲ့ ကိုယ်တတ်နိုင်သလောက်ပဲ ဖြည့်ဆည်းပေးနိုင်မယ် ဆိုတာကိုလည်း သိတယ်။ တစ်ယောက်ပဲ ဖြစ်ဖြစ်၊ နှစ်ယောက်ပဲ ဖြစ်ဖြစ် ဖြည့်ဆည်းပေးနိုင်ဖို့ ကြိုးစားမယ်။ အဲဒီလို ဖြည့်ဆည်းပေးတဲ့ နေရာမှာလည်း ဓမ္မနဲ့ ဖြည့်ဆည်းပေးမှသာ ဆာလောင်မွတ်သိပ်မှုတွေ ကင်းဝေးလိမ့်မယ်ဆိုတာကိုလည်း သိနေတယ်။

အဲဒီ စေတနာဆန္ဒ၊ အဲဒီ အသိ၊ အဲဒီရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ဖို့ မိမိရဲ့ဘဝ၊ မိမိရဲ့ ပိုင်ဆိုင်ကြွယ်ဝမှုတွေကို ပေးဆပ်ရလိမ့်မယ်။ အဲဒီလို ပေးဆပ်ရမယ်ဆိုပြန်တော့ တော်တော်နဲ့ မလွယ်ဘူး။ ဟိုငဲ့ရ ဒီငဲ့ရ ဟိုဘက် လှည့်ကြည့်ရ၊ ဒီဘက် လှည့်ကြည့်ရနဲ့ မလူးသာ မလွန့်သာ မလှုပ်သာပြန်ဘူး။ ဒီလိုနဲ့ ဦးကိုအင်ကာရဲ့ (၁၀)ရက်တရားစခန်းက အပြန်မှာတော့ ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချနိုင်ခဲ့ပြီး မကြာမီမှာပဲ ရဟန်းဘောင်ကို တက်လှမ်းလာခဲ့ပါတော့တယ်။

သိမ်ဖြူတော်လို့ လူအများ သိနေကြတဲ့ ဒေဝသာဂရ သိမ်တော်ကြီးကျောင်းဆရာတော် ဦးဥေ ယျသာဂရကို ဥပဇ္ဈာယ်ပြုပြီး ၂၀၀၂ ခုနှစ်မှာ ဦးဥတ္တမသာရ ဖြစ်လာခဲ့ပါတယ်။ ဒေဝသာဂရ သိမ်တော်ကြီးကျောင်းဆိုတာ သိမ်ဖြူဈေးနဲ့ နီးနီးလေးပါပဲ။ ရွှေပေါင်းသမိုင်းဝင် ဘူမိနက်သန် သာသနာ့အောင်မြေတော်ပါ။

ဦးဥတ္တမသာရဘဝနဲ့ ဖြတ်သန်းလာရတဲ့ သာသနာ့ခရီးလမ်းကြီးကတော့ အင်မတန် ကြမ်းတမ်းခဲ့ပါတယ်။အတိုက်အခိုက်၊ အနှောင့်အယှက်မျိုးစုံနဲ့လည်း ရင်ဆိုင်ကျော်လွှားခဲ့ရပါတယ်။ အဲဒီအခါတွေမှာ ဆရာတော်ဦးဥတ္တမသာရ အရှင်သူမြတ် လက်ကိုင်ထား အားကိုးခဲ့တာက မြတ်စွာဘုရားရှင်ရဲ့ အဆုံးမဒေသနာ တရားတော်တွေပါပဲ။

* မာန်တင်း၍ ညာဏ်ကင်းသည်
  မာန်ကျမှ ညာဏ်ရမည်
  မာန်ကင်းမှ ညာဏ်လင်းမည်။
* မလှုပတဲ့စိတ်က အလှအပကြိုက်တယ်
  လှပတဲ့စိတ်က အကြိုက်ကင်းမယ်
* စွန့်လွှတ်နိုင်မှ ဆင်းရဲကင်းမယ်
  စောင့်စည်းနိုင်မှ အလိုကင်းမယ်
  သည်းခံနိုင်မှ ဒေါသကင်းမယ်။

အဲဒီလို မြတ်ဗုဒ္ဓအလိုတော်ကျ အဆုံးအမတွေနဲ့ ဆောက်တည်ပြီး အခက်အခဲအဟန့်အတားတွေကို ကျော်ဖြတ်ပြီး သဘာဝတရားရဲ့ သဘာဝတရားရိပ်သာကို ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ သဘာဝ တရားရိပ်သာမှာ လက်ရှိယောဂီပေါင်း (၁၈၀၀)ကျော်ရှိပါတယ်။ ယောဂီတွေရဲ့ စားဝတ်နေရေး၊ ကျန်းမာရေး ကိစ္စတွေကို သဘာဝတရားရိပ်သာက လုံးဝ တာဝန်ယူပေးပါတယ်။

သဘာဝတရားရိပ်သာရဲ့ ရည်မှန်းချက်က ပြီးပြည့်စုံသော မျှဝေခြင်း၊ စောင့်ရှောက်ခြင်း၊ ကူညီခြင်း၊ လုံခြုံမှုပေးခြင်း ဖြစ်ပါတယ်။

အမျိုးမျိုးသော ဒုက္ခခံ၊ အပြစ်တင်ခံ၊ အထင်သေးခံ၊ အဆုံးရှုံးခံ၊ အနစ်နာခံ၊ ကဲ့ရဲ့ခံ၊ ခိုးမွမ်းခံ၊ အထင်ကြီးခံ၊ မြတ်နိုးခံရတာတွေကို ခံနိုင်ရည်စွမ်းအား ပြည့်ဝလာစေဖို့ သုံးတတ်ရမယ် ဆိုတဲ့ သဘာဝတရားရိပ်သာရဲ့ ရည်ရွယ်ချက်နဲ့အညီ လူမျိုး၊ ဘာသာ၊ အသွေးအရောင်၊ အသက်အရွယ်၊ အဆင့်အတန်း မခွဲခြားဘဲ အကန့်အသတ်မရှိ ကုသိုလ်အလှုပ် တရားအလုပ်တွေ ဆောင်ရွက်အားထုတ်နိုင်အောင် ကူညီစောင့်ရှောက်ပေးနေပါတယ်။

ဆရာတော်ကလည်း စိတ်ပါလက်ပါ ရှင်းလင်း မိန့်ကြားနေတာမို့ ကြည်ညိုသဒ္ဓါစိတ်တွေ တဖွားဖွားနဲ့ နားထောင်လို့ မဝနိုင်ပါဘူး။ ထပ်မံမေးမြန်းလျှောက်ထားလိုတဲ့အချက်တွေကလည်း အများကြီး ရှိနေသေးပေမယ့် နောက်ပိုင်းမှာ ဧည့်ပရိသတ်တွေက ပြည့်နေတာပါ။ သူတို့ကို အလှည့်ပေးရဦးမယ်လေ။ ပြီးတော့ ဆရာတော် ဦးဥတ္တမသာရက ဒီနေ့ ညနေ ၅ နာရီမှာ ပြင်ဦးလွင်ကို ကြွရောက်ဖို့ ရှိနေပါသေးတယ်။ ပြင်ဦးလွင်၊ ရွှေချောင်းရပ်မှာ ဧက(၂၀) ကျယ်ဝန်းတဲ့ သဘာဝတရားရဲ့ သဘာဝတရားရိပ်သာကို ရိပ်သာခွဲအဖြစ် တည်ထောင်နေတာမို့ လိုအပ်တာတွေ ကြွရောက် ကြီးကြပ်ရဦးမယ်။

ဒါကြောင့်မို့ ဆရာတော်ဦးဥတ္တမသာရရဲ့ ထံတော်ပါးကမခွဲခွာချင်ပေမယ့် နှုတ်ဆက်ကန်တော့ပန်းနဲ့ ပူဇော်ခွင့်တောင်းပြီး နောက်ထပ်ရောက်ရှိလာတဲ့ တပည့် ဒကာ၊ ဒကာမတွေအတွက် အလှည့်ပေးလိုက်ရပါတော့တယ်။

"သဘာဝတရားရဲ့ သဘာဝတရားရိပ်သာ" ကတော့ ဆည်းဆာရောင် နေခြည်သွေးတွေနဲ့ ရွှန်းလက်တောက်ပနေပါတယ်။ ငြိမ်းချမ်းသာယာလွတ်လပ်တဲ့ အငွေ့အသက်တွေ အားပါးတရ ရှူရှိုက်လိုက်ရတာမို့ ရင်တွင်းအားမာန်တွေ ပြည့်တင်းလာသလိုလည်း ခံစားရပါတယ်။

ဆာလောင် မွတ်သိပ်မှုတွေနဲ့ မွန်းကျပ်နေတဲ့ ကမ္ဘာကြီးရေ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ တန်းတူညီမျှခြင်းတွေနဲ့အတူ ထာဝရ ငြိမ်းချမ်းပါစေတော့။


❐ တက္ကသိုလ်တင်ဟန်ကျော်

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com



# နုကမ္ပဝတိ

အောင်ရဲဝင်း (ဟံသာမြေ)

ကျွန်တော်တို့သည် မျှော်လင့်မထားသော အဖြစ်အပျက်ကို တွေ့ကြုံရသည့်အခါ အံ့သြခြင်း၊ ဝမ်းနည်းကြေကွဲခြင်း သို့မဟုတ် ထိတ်လန့်တုန်လှုပ်ခြင်း စသည်တို့ ဖြစ်ကြပါသည်။ ထိုသို့ အရေးကြုံပါက မိမိစိတ်ကို သတိဖြင့် လုံခြုံအောင် မထားနိုင်ပါလျှင် စိတ်ဆင်းရဲမှုဒဏ်ကို ရင်နှင့်အမျှ ခံရပါမည်။ လောကဓံ၏ စိန်ခေါ်မှုကို တုန်လှုပ်ခြင်းမရှိဘဲ ရပ်တည်နိုင်မှသာ အခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ပါမည်။ သို့မဟုတ်ပါက တဟုန်းဟုန်း တောက်လောင်သော တောမီးသည် ခြောက်သွေ့သော သစ်ပင်မှန်သမျှကို ပင်ရင်းမှ အဖျားသို့တိုင်အောင် လောင်မြိုက်ဝါးမျိုသကဲ့သို့ ရင်မှဖြစ်သော သောကမီးသည် ခန္ဓာကိုယ်တစ်ခုလုံးကို ပြာကျအောင် လောင်မြိုက်နိုင်ပါသည်။

ထို့ကြောင့် ရှင်တော်မြတ်ဘုရားက သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်တွင် ဖုဋ္ဌဿလောကဓမ္မေဟိ တရားတော်ဖြင့် လောကဓံတရား ရှစ်ပါးနှင့် ကြုံရသည့်အခါ စိတ်တုန်လှုပ်မှုမရှိဘဲ နေနိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏ဟု ဟောကြားဆုံးမတော်မူခဲ့ပါသည်။

ကျွန်တော်တို့ ပုထုဇဉ်မဆိုထားနှင့်၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဘဝများစွာ သံသရာ၌ ကျင်လည်ခဲ့ချိန် မကောင်းမှုဒုစရိုက်ကံကြောင့် ပါလာခဲ့





www.burmeseclassic.com

www.burmeseclassic.com

သည့် ဝိပါက်တော် ၁၂ ပါးကို ခန္ဓာ ဇာတ်မသိမ်းခင် ပေးဆပ်ခဲ့ရပါသည်။ ဘုရားရှင်သော်မှ ဘဝကပါလာခဲ့သော ဝဋ်ဒေါးကို ရှောင်ပြေး၍မလွတ်ခဲ့ပါ။

သို့သော် ရှင်တော်မြတ်ဘုရား သည် အခက်အခဲမှန်သမျှကို နကမ္ပတိ တုန် လှုပ်မှုမရှိဘဲ ခန္တီတရား၊ မေတ္တာ တရား၊ ဥပေက္ခာတရားတို့ဖြင့် အနိုင်ယူ ခဲ့ပါသည်။

ပုထုဇဉ်မှန်သမျှ ပူပန်သောက အကြောက်တရားနှင့် မကင်းနိုင်ပါ။

ဆရာတော် ဦးဥတ္တမသာရက -

"ကြောက်သင့်သည့် အရာ၌ ကြောက်ခြင်းကား အကျိုးရှိ၏။ အပြစ် ကင်း၏။ မကြောက်သင့်သည့်အရာ၌ ကြောက်ခြင်းကား အကျိုးမရှိ၊ အပြစ် သာများ၏" ဟု ဆုံးမတော်မူခဲ့ပါသည်။

ဆရာသော်တာဆွေ၏ ဆောင်း ပါးတစ်ပုဒ်တွင် အရေးတစ်စုံတစ်ရာ ကြုံ ပါလျှင် မိမိစိတ်ကို သတိဖြင့်မထိန်းနိုင် ပါက မိမိကအရှုံး။ ပြုံးပြုံးကလေးဖြင့် ရင်ဆိုင်နိုင်ပါက မိမိအနိုင်၊ မိမိကိုယ်ကို အလျှော်အစား ပြုကြည့်ပါဟု ရေးသား ထားသည်ကို မှတ်သားနာယူရပါသည်။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိ စဉ် တောမှီရဟန်းတစ်ပါးသည် ဖြစ်ပျက် တရားကို ရှုမှတ်၍ တောအုပ်တစ်ခု၌ သီတင်းသုံး နေထိုင်တော်မူခဲ့ပါသည်။

တစ်နေ့ တရားအားထုတ်နေစဉ် ကျားတစ်ကောင်၏ အန္တရာယ်ပြုခြင်းကို ခံရပြီး ထိုရဟန်းသည် ကျားနှင့်အတူ ချောက်ကမ်းပါးတစ်ဖက်သို့ ပါသွားချိန် တွင် ကြောက်ရွံ့တုန်လှုပ်ခြင်း အလျဉ်း မရှိဘဲ ခြေဖျားမှစ၍ တကြွပ်ကြွပ်ဝါးစား ခံနေရသော ဝေဒနာကိုသည်းခံ၍တရား ရှုမှတ်နိုင်ခဲ့သဖြင့် ကျားပါးစပ်ဝတွင် တရားထူးရသွားခဲ့ပါသည်။

ဤသည်မှာ သူတော်စင်တို့ သည် မည်သည့် အခြေအနေရောက် ရောက် သတိသမ္ပဇဉ်တရားကို လက် ကိုင်ထား၍ အရာရာကို သည်းခံနိုင်ခဲ့ သောကြောင့် ဖြစ်ပါ၏။

ပါမောက္ခဆရာကြီး ဦးဖေမောင်တင်က အဆိုးလောကဓံနှင့် ကြုံသည့်အခါ ရော အကောင်းလောကဓံတရားနှင့် ကြုံ သည့်အခါမှာပါ မိမိစိတ်ကို ရွေ့မသွား အောင် သတိတရားဖြင့် မြဲမြံစွာချည် နှောင်ထားရမည်။ သို့မှသာ ဘဝခရီးတွင် အောင်မြင်မှုပန်းတိုင်ကို အရောက်လှမ်း နိုင်မည်ဟု မြင်းမိုရ်ရွှေတောင်ကြီးကို ဥပမာနှိုင်း၍ "မှတ်သားသတိဆောင်" ကဗျာဖြင့် လူငယ်များအား လမ်းညွှန် ထားပါသည်။

ဆရာကြီးက ဆန်းသစ်သော စကားလုံးများဖြင့် လှပစွာ သီကုံးဖွဲ့ဆို ထားပါသည်။ ဆရာကြီး၏ တိမ်မြုပ်နေ သော ကဗျာတစ်ပုဒ်ကို စာဖတ်သူအား လက်ဆင့်ကမ်းလိုက်ပါ၏။

**လောကဓံ ဤလေ၊ ပြေပြေပင် သွေးသွေး**
**ဖေပင် ဖျော့ဖျော့၊ လျော့လျော့ပင် ဖျန်းဖျန်း**
**ကြမ်းကြမ်းပင် ထန်ထန်၊ ပြန်ပြန်ပင် ဖြန်းဖြန်း**
**မှန်းမှန်းပင် ချေချေ၊ ဖွေဖွေပင် တိုက်တိုက်**
**ဝိုက်ဝိုက်ပင် ဝေ့ဝေ့၊ မရွေ့အောင် စိတ်ကို**
**မြင်းမိုရ်ရွှေမဏ္ဍိုင်၊ ကြံ့ခိုင်ပုံ အလား**
**မှတ်သား သတိဆောင်၊ မြဲမြံစွာ နှောင်မှ**
**အမောင် ဘဝခရီး၊ အောင်မြင်လိမ့် အပြီး။**

မြတ်ဗုဒ္ဓ၏ တရားတော်တို့သည် နက်နဲသည်ကား မှန်ပါ၏။ သို့သော် မလိုက်နာလောက်အောင် ခက်ခဲသည် ကား မဟုတ်ပါ။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ပညာ၊ သမာဓိတရားငါးပါးဖြင့် ကြိုးစား အားထုတ်ရန်သာ လိုပါသည်။

လူ့ဘဝသည် ရခဲလှပေ၏။ ရခဲ လှသည့် လူ့ဘဝတွင် မည်သည့်ကိစ္စကို မျှ ရှောင်လွှဲ၍ရမည်မဟုတ်ပါ။ မဖြစ် မနေ ကြုံတွေ့ရသည့် အခက်အခဲမှန် သမျှကို သတိသမ္ပဇဉ်တရားနှင့်ယှဉ်ပြီး ကျင့်ကြံနေထိုင်မည်ဆိုပါက နကမ္ပတိ စိတ်တုန်လှုပ်ချောက်ချားတော့မည်မဟုတ် ပါဟု ရေးသားလိုက်ရပါသည်။

❒ **အောင်ရဲဝင်း(ဟံသာမြေ)**

**မှီငြမ်း**

နကမ္ပတိ ဆောင်းပါး၊ သော်တာဆွေ

ဝါဆိုလပြည့်နေ့သည် သုံးလော ကထွတ်ထား မြတ်စွာဘုရားရှင် သန္ဓေ ယူခဲ့သည့်နေ့၊ တောထွက်တော်မူခဲ့သည့် နေ့နှင့် ဓမ္မစကြာတရားဦး ဟောခဲ့သည့် နေ့ပင်ဖြစ်သည်။

ထို့ကြောင့်လည်း "သန္ဓေတော ထွက်၊ ဓမ္မစက်ဟု၊ ရေတွက်မှတ်သား မြတ်ဘုရား၏၊ သုံးပါးဖြစ်ရပ်၊ နေ့ချိုး ထပ်သည့်၊ လမြတ်ဝါဆို" ဟု ဆိုကြပေ သည်။ ဗုဒ္ဓသာသနာတော်တွင် ဘုရား ရတနာ၊ တရားရတနာ၊ သံဃာရတနာ ဟူ၍ ရတနာသုံးပါးစလုံး ပြည့်ဝစုံလင် စွာ စတင်ပေါ်ထွန်းရာ နေ့ထူးနေ့မြတ် လည်း ဖြစ်သည်။

အလောင်းတော် သိဒ္ဓတ္ထမင်း သားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်၍ သံဝေဂဉာဏ်ဖြင့် ဆင်ခြင်တော် မူပြီး သက်တော် (၂၉)နှစ်နှင့် နှစ်လ အရွယ်၊ မဟာသက္ကရာဇ် ၉၇ ခုနှစ် ဝါဆို လပြည့် တနင်္လာနေ့ ညဥ့်သန်းခေါင်ယံ အချိန်တွင် တောထွက်တော်မူခဲ့လေ သည်။

သိဒ္ဓတ္ထမင်းသားသည် ကောသ လနှင့် မာဂဓတောမှာ ဓမ္မတရားကို ရှာ ဖွေသည်။ ၎င်းတော၌ တရားကျင့်နေ သော အာဠာရ ကာလာမ၊ ဥဒက အစ ရှိတဲ့ ရသေ့ကြီးများနှင့် တွေ့ဆုံရင်းနှီး ကာ ဈာန်သမာပတ်နှင့် ပတ်သက်သော အချက်အလက်များကို ဆွေးနွေးအား ထုတ်လေသည်။ ကိလေသာကို ပထမ ဝီရိယနှင့် ကိလေသာမရှိအောင်ကြိုးစား အားထုတ်လေသည်။

သမာဓိရလာသောအခါ ဒုတိယ ဝီရိယနှင့် ဆက်ကြိုးစားပြန်ရာ ပထမ ဈာန်မှ စတုတ္ထဈာန် အထိ ရခဲ့သည်။ ထို့နောက် တတိယဝီရိယနှင့်ဆက်လက် ကြိုးစားပြန်ရာ ရှေးဖြစ်ဟောင်း အောက်



www.burmeseclassic.com

www.burmeseclassic.com



# လမြတ်ဝါဆို

ရွှေတိုက်စိုး

မေ့နိုင်သော အဘိဉာဏ်ကိုရလေသည်။ သိဒ္ဓတ္ထမင်းသားသည် အထက်ပါ ဝီရိယ သုံးမျိုးနှင့် မမေ့မလျော့တဲ့ သတိကို ပေါင်းစပ်ပြီး ကမ္မဋ္ဌာန်းတရားကို နှလုံး သွင်းတဲ့အခါမှာ နှစ်ဘဝ သုံးဘဝမှစပြီး ဘဝပေါင်းများစွာကို အောက်မေ့ဆင် ခြင်နိုင်သော စိတ်တည်ကြည်မှု သမာဓိ ကို ရရှိခဲ့ပေသည်။

"သိဒ္ဓတ္ထ သင်ကိုယ်တိုင် တွေ့ မြင်နေရပြီ မဟုတ်လား၊ ဆင်းရဲဘဝ ဖြစ် စဉ်တွေကိုလဲ သင့်ကိုယ်တိုင် တွေ့မြင် နေရပြီ၊ သူတစ်ပါးရဲ့ ဘဝဖြစ်စဉ်တွေကို လဲ သင်ကိုယ်တိုင် ကြည့်ရှုဆင်ခြင်နိုင်ခဲ့ ပြီ၊ ဘဝဆိုတာ အတ္တပဲ ဖြစ်တယ်၊ အတ္တ ဟာ အမြဲထာဝရ တည်တယ်၊ တောင် ထွတ်လို တည်တံ့တယ်၊ မြင်းမိုရ်တောင်၊ လ၊ နေတို့လို အမှန်ရှိတယ်၊ အိုတယ်၊ နာတယ်ဆိုတာ အတ္တမဟုတ်ဘူး၊ အတ္တ ဟာ ဘယ်တော့မှ မအိုဘူး၊ မနာဘူး၊ မသေဘူး၊ ခန္ဓာကိုယ်ကသာ အိုတယ်၊ နာတယ်၊ သေတယ်၊ အတ္တဟာ မြဲတယ်"

ရသေ့ကြီးများသည် သိဒ္ဓတ္ထ အား တရားပြကြသည်။

သိဒ္ဓတ္ထသည် ရသေ့ကြီးများထံမှ ရရှိသော တရားများကို အဆုံးစွန်အထိ ဆင်ခြင်သုံးသပ်လေသည်။ ထိုအခါ ရသေ့ကြီးများ၏ တရားများသည် လူ့ လောကမှ ဗြဟ္မလောကအတွင်း၌သာ ချာချာလည်နေသည်။ ထို့ကြောင့် ရသေ့ ကြီးများ၏ အတ္တဝါဒအပေါ်၌ သိဒ္ဓတ္ထ မင်းသား ကျေနပ်လောက်သော အနှစ် သာရကို မတွေ့ရချေ။

ထိုအခါ သိဒ္ဓတ္ထသည် ရသေ့ကြီး များအနားမှ ဖယ်ခွာ၍ ဥရုဝေလတော သို့သွားကာ အလွန် ပြင်းထန်သော ယောဂအကျင့်ကို ကျင့်ကြံလေသည်။ အစားအသောက်ကို ခြိုးခြံချွေတာကာ လပေါင်းများစွာ မအိပ်မနေ ကျင့်ကြံ လေသည်။ အချိန် ခြောက်နှစ်ကြာပြီး အရိုးပေါ် အရေတင် ဖြစ်လာသည်။ ကျေနပ်လောက်သောတရားကိုမူ မရရှိ ခဲ့ပေ။ ထို့နောက် သိဒ္ဓတ္ထမင်းသားသည် အစွန်းရောက်လမ်းစဉ်ကို စွန့်လွှတ်ကာ သူဌေးသမီး သုဇာတာ ကပ်လှူသော နို့ဆွမ်းကို ခံယူ၍ မြစ်ကမ်းနံဘေးမှာ ဘုဉ်းပေးလေသည်။ ထို့နောက် ညောင် ပင်ကြီးအောက်မှာ တရားထိုင်ကာ ထွက်သက်ဝင်သက်ကို အာရုံပြုသည်။

အာရုံထဲမှာ ရန်သူတွေ အများ ကြီးဝင်လာသည်။ မိဘ၊ ဆွေမျိုး၊ ညီ အစ်ကို၊ မောင်နှမ၊ သားမယား၊ မိတ်ဆွေ စသည့်အပေါင်းအသင်းများ ဖြစ်သည်။ ထိုရန်သူများကို အနိုင်တိုက်ပြီးသော အခါ၌ သိဒ္ဓတ္ထမင်းသား၏ ကိုယ်စိတ်တို့ သည် ငြိမ်းချမ်းသွားသည်။ စိုးရိမ်ပူပန်မှု မရှိတော့ဘဲ ကြံ့ခိုင်မှုသမာဓိကို ရရှိလာ သည်။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့၏ အကြောင်းရင်းကို ထင်ထင်လင်းလင်း တိတိကျကျ သိရှိခဲ့ပြီ ဖြစ်သည်။ ဗုဒ္ဓ အဖြစ်ကိုလည်း ခံယူလိုက်လေသည်။ ထိုနှစ်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဗုဒ္ဓဟူးနေ့ ဖြစ်လေသည်။

ဘုရား ဖြစ်တော်မူပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် (ဘီစီ ၅၈၉ ခုနှစ်) ဝါဆိုလပြည့် စနေနေ့ ညချမ်း အချိန် အရှေ့မိုးကောင်းကင်၌ နေတ၏





www.burmeseclassic.com

www.burmeseclassic.com

ခြမ်းဝင်၍ လတစ်ခြမ်း ထွက်လာချိန်၊ သားသမီးတို့ကို ဘေးမဲ့ပေးရာဖြစ်သည့် ဗာရာဏသီပြည်အနီးရှိ မိဂဒါဝုန်တောဌ် အတူသီတင်းသုံးခဲ့ဖူးသည့် အလုပ်အကျွေးပြုခဲ့သော အရှင်ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိအမည်ရှိကြသည့် ပဥ္စဝဂ္ဂီငါးဦး အမှူးထားသော စကြဝဠာ တိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့အား "ဒွေ မေ ဘိက္ခဝေ အန္တာ" အစရှိသည့် တရားဦး ဓမ္မစကြာကို ဟောတော်မူခဲ့လေသည်။

ဓမ္မစကြာတရားတော်တွင် ကျင့်စဉ်နှင့်ပတ်သက်၍ ရှေးဦးစွာ ဟောတော်မူသည်။ ကာမေသုကာမသုခလ္လိကာနုယောဂေါ ခေါ် ကာမဂုဏ်အာရုံတွင် တွယ်တာကပ်ငြိလျက် ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်နှင့် အတ္တကိလမထာနုယောဂေါ ခေါ် မိမိကိုယ်မိမိ ပင်ပန်းနှိပ်စက် အားထုတ်လျက် ကျင့်သော တစ်ဖက်စွန်းကျင့်စဉ်တို့ကို ပယ်၍ ထိုအစွန်းတရား နှစ်ပါးမှလွတ်သည့် မဇ္ဈိမပဋိပဒါခေါ် အလယ်အလတ်ကျင့်စဉ်သည်သာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သော ကျင့်စဉ်ဖြစ်ကြောင်း ဟောကြားတော်မူသည်။

သစ္စာလေးပါး မြတ်တရားကို ဆက်လက် ဟောကြားတော်မူရာတွင် သတ္တဝါတို့ ရှောင်လွှဲ၍မရသည့် သန္ဓေနေရသောဆင်းရဲ၊ အိုမင်းမစွမ်းရသောဆင်းရဲ၊ အနာရောဂါဘေးဒဏ်ခံရခြင်းဆင်းရဲ၊ ပျက်စီးဆုံးရှုံးရခြင်းဆင်းရဲ၊ မချစ်မနှစ်သက်သူနှင့်ပေါင်းဖော်ရခြင်းဆင်းရဲ၊ ချစ်ခင်နှစ်သက်သူနှင့် ကွေကွင်းရခြင်းဆင်းရဲ၊ အလိုရှိတိုင်း တောင့်တတိုင်း မရရှိ မပြည့်စုံသည့် ဆင်းရဲ ဟူသော ဒုက္ခသစ္စာကို ဟောကြားတော်မူသည်။

ထို့နောက် သတ္တဝါတို့ ပယ်ဖြတ်ရမည့် တွယ်တာနှောင်ဖွဲ့ခြင်းတည်းဟူသော သမုဒယသစ္စာတရား၊ သတ္တဝါတို့ ဆိုက်ရောက်အောင် ကြိုးစားရမည့် ဒုက္ခခပ်သိမ်းချုပ်ဖြတ်ငြိမ်းသည့် နိဗ္ဗာန်မဂ်ဖိုလ်တရားဖြစ်သော နိရောဓသစ္စာတရားနှင့် သတ္တဝါတို့ ကျင့်ကြံအားထုတ်ရမည့် - - -

(၁) သမ္မာဒိဋ္ဌိ = သစ္စာလေးပါးကို ယုံကြည်ခြင်း စသည့် ကောင်းမြတ်သည့် ဉာဏ်အမြင် ယုံကြည်မှုကိုသာ ဖြစ်ခြင်း (၂) သမ္မာသင်္ကပ္ပ = သံသရာမှ လွတ်မြောက်ရန် ကြံစည်ခြင်း စသည့် ကောင်းမြတ်သည့် အကြံအစည်ကို ကြံစည်ခြင်း (၃) သမ္မာဝါစာ = အကျိုးမဲ့စေသောစကားကိုရှောင်ကြဉ်၍ ကောင်းမြတ်သော စကားကိုသာ ပြောဆိုခြင်း (၄) သမ္မာကမ္မန္တ = ကာယကံသုံးပါး အပြစ်များမှ ရှောင်ကြဉ်၍ ကောင်းမြတ်သော အမှုကိုသာပြုခြင်း (၅) သမ္မာအာဇီဝ = ကာယကံနှင့် ဝစီကံအပြစ်များမှ ရှောင်ကြဉ်၍ကောင်းမြတ်သောအသက်မွေးမှုကိုသာ ဖြစ်စေခြင်း (၆) သမ္မာဝါယမ = မကောင်းမှုများ မဖြစ်စေဘဲ ကောင်းမှုကိုသာ ဖြစ်စေရန် အားထုတ်ခြင်း (၇) သမ္မာသတိ = သတိပဋ္ဌာန်တရားတော်နှင့်အညီ ကောင်းမြတ်သော မမေ့မလျော့ခြင်းဖြင့် သတိတရားထားခြင်း (၈) သမ္မာသမာဓိ = ကောင်းမြတ်သော သတိတရားနှင့် ကောင်းမြတ်သော စိတ်၏တည်ကြည်မှုကို ရယူခြင်း ဟူသော မဂ္ဂသစ္စာ ခေါ် အကျင့်လမ်းစဉ် အမှန်တရား ရှစ်ပါးကို ဟောတော်မူသည်။

ဓမ္မစကြာ တရားတော်၏အဆုံး၌ အရှင်ကောဏ္ဍညသည်ဉာဏ်အလင်းပေါက်၍ သောတာပန်အဖြစ်သို့ရောက်လေသည်။ သောတာပန်ဖြစ်ပြီးနောက် ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ခံယူသည်။ မြတ်စွာဘုရားသည် မိဂဒါဝုန်တော၌ ပင် ဝါကပ်တော်မူလျက် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှစ၍ မြို့ရွာအတွင်းသို့ ဆွမ်းခံပင် ကြွတော်မမူဘဲ ပဥ္စဝဂ္ဂီရဟန်းငါးဦးတို့၏ ကမ္မဋ္ဌာန်းအလုပ်၌ ဖြစ်ပေါ်လတ္တံ့သော အညစ်အကြေး အနှောင့်အယှက်တို့ကို သုတ်သင်တားဆီးရန် အလို့ငှာ နေ့ညမပြတ် စောင့်ကြပ်လျက် တရားဟောခြင်း၊ အဆုံးအမဩဝါဒပေးခြင်းဖြင့် သီတင်းသုံးနေတော်မူသည်။ ပဥ္စဝဂ္ဂီငါးဦးအနက် နှစ်ပါးသော ရဟန်းတို့ မြတ်စွာဘုရား၏ အဆုံးအမကို ခံယူစဉ် ကျန်သုံးပါးသည် ဆွမ်းအတွက် လှည့်လည်၍ ရရှိသောဆွမ်းကို မျှတဘုဉ်းပေးရလေသည်။

ယင်းကဲ့သို့ အလှည့်ကျ မြတ်စွာဘုရားထံမှ အဆုံးအမ ဩဝါဒ ခံယူရသဖြင့် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ ဝပ္ပမထေရ် သောတာပန်ဖြစ်လေသည်။ ဝါဆိုလပြည့်ကျော် ၂ ရက်နေ့၌ ဘဒ္ဒိယမထေရ် သောတာပန်ဖြစ်လေသည်။ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ မဟာနာမ်မထေရ် သောတာပန်ဖြစ်ပြီး ဝါဆိုလပြည့်ကျော် ၄ ရက်နေ့တွင် အဿဇိမထေရ် သောတာပန်ဖြစ်ခဲ့လေသည်။ ဤသို့ အစဉ်အတိုင်း သောတာပတ္တိဖိုလ်၌ တည်ကြ၍ ဧဟိဘိက္ခု ရဟန်းအဖြစ်ကို အသီးသီးခံယူခဲ့ကြလေသည်။

ဝါဆိုလပြည့်ကျော် ၅ ရက်နေ့၌ မြတ်စွာဘုရားရှင်သည် ပဥ္စဝဂ္ဂီငါးဦးတို့အား အနတ္တလက္ခဏသုတ်ကို ဟောကြားတော်မူလေသည်။ အနတ္တလက္ခဏသုတ် ဟောကြားပြီးသည့်အဆုံး၌ ပဥ္စဝဂ္ဂီငါးဦးတို့သည် အရဟတ္တဖိုလ်၌ တည်ကြ၍ ရဟန္တာအဖြစ်သို့ ရောက်ရှိသွားကြလေသည်။

ပဥ္စဝဂ္ဂီ ငါးဦးတို့သည် ဗုဒ္ဓဂေါတမ သာသနာတော်တွင် ရှေးဦးစွာ ရဟန္တာဖြစ်ကြသူများ ဖြစ်လေသည်။ ဝါဆိုလပြည့်ကျော် ၅ ရက်နေ့သည် လူသား ငါးဦးတို့ ရှေးဦးစွာ ရဟန္တာဖြစ်သဖြင့် "ရဟန္တာနေ့" ဟု ဥဒါန်းတွင်လေသည်။ သာသနာတွင်းကာလနှင့် သာသနာပကာလတို့တွင် မမြဲခြင်းအနိစ္စသဘောနှင့် ဆင်းရဲခြင်းဒုက္ခသဘောတို့ကို သိမြင်ကျင့်ကြံ အားထုတ်နိုင်သော်လည်း "အနတ္တတရား" ကိုမူ မြတ်စွာဘုရားတို့ ပွင့်တော်မူသော ကာလတွင်သာ ဘုရားရှင်တို့ ဟောကြားမှ သိရှိရမည့် တရားမြတ်သာ ဖြစ်ပါတော့သည်။

❒ ရွှေ[illegible]မိုး

www.burmeseclassic.com



နက္ခတ္တဗေဒ ၊ ထရျာဗေဒ ၊ ပါဠိတေ့ဗျူဟ္ကာရ ၊ တရုတ်ဗေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

ထလဆ – ၅၂၆၅၂၅

## ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်းအတတ်ပညာကျွမ်းမြင်သူ

ဟောခန်း(ရုံးခန်း)နှင့် မြန်ချိရေးလိပ်စာ ☞ ၂၇၊ ရွှေဘုန်းပွင့်ဘုရားစေတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ✆ ၀၉–၅၁၉၈၂၄၀

နေအိမ် ☞ ၇၂(၇–က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

“သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀)နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။”



၄၀၀၄၂၅၀၅၀၇ ၄၀၀၄၅၁၀၅၀၇ ၁၈၀/၂၀၀၄(၆)-ထ ၁၈၃/၉၂(၆) ၄၀၀၅၁၈၀၅၀၇ ၄၀၁၃၄၇၀၂၀၇

၄၀၁၀၆၉၀၆၀၀ ၄၀၁၂၁၆၈၆၁၁ ၄၀၀၁၈၅၀၂၀၇ ၄၀၀၂၅၅၀၁၀၇ ၄၀၁၁၄၆၀၅၁၁ ၄၀၀၄၀၁၀၆၀၀

၈၆၃/၂၀၀၀(၁၀) ၄၀၀၇၀၂၀၄၀၇ ၄၀၀၈၈၁၀၅၀၉ ၄၀၀၈၅၉၀၅၀၈ ၄၀၀၄၉၅၀၅၀၈ ၄၀၀၅၁၈၀၆၀၈

၂၅၁/၂၀၀၃ (၁) - ဒ ၈၆၄/၂၀၀၀ (၁၀) ၁၀၅၃/၂၀၀၃(၁၁) ၄၀၀၇၁၁၀၅၀၇ ၁၈၅/၉၂(၆) ၁၂၀၅၇၉၀၈၀၇

ဦးခန့်ကျော် စာပေ | ၇၉၂ | မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့၏ လှကုန်းရပ်ကွက် တစ်ရွှေ့ ဦးသာထင် ခေါ် မြစ်နီတို့ မိသားစု နေထိုင်ကြသည်။ သူတို့ ရန်ကုန်မြို့တွင် လုပ်ငန်းများ လုပ်ဆောင်ထားသည်။ ဖြတ် ဘိဒ် ကြိ ရို ရောင်းဝယ်ရေး ကျော်ထင် လုပ်ငန်းနှင့် လူသုံးကုန်ပစ္စည်း အရောင်းဝယ်တား၊ လင်းထာဝ



www.burmeseclassic.com

www.burmeseclassic.com

အကျိုးဆောင်လုပ်ငန်းနှင့် ရွှေတင်စက်နှင့်စက်အပိုပစ္စည်း အရောင်းစင်တာစသော လုပ်ငန်းများ၌ သား လေးယောက် ဦးစီးလုပ်ကိုင်နေကြသည်။

ဦးဘထင်တို့၌ အငယ်ဆုံးသမီးတစ်ယောက်လည်း ရှိသည်။ သူမက စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခု ရရှိထားသည့်တိုင် မိသားစုလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း မရှိသေးပေ။

ဦးဘထင်၏ လုပ်ငန်းများ၌ အလုပ်သမားများရှိသည်။ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်ရသည်မှာ လွယ်ကူသည် မဟုတ်။ သား လေးယောက်၏ တိကျမှု၊ စည်းကမ်းကောင်းမှုတို့ကြောင့်သာ ယခုလိုအောင်မြင်သည့် လုပ်ငန်းရှင်ဘဝသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းပြိုင်ဘက်တို့ကြား၌ အောင်မြင်စွာ ရပ်တည်နိုင်ခြင်းမှာ သူတို့၏ စွမ်းဆောင်နိုင်မှုတို့ကြောင့်ပင် ဖြစ်သည်။ ထို့အပြင် သူတို့၌ လုပ်ငန်းများ တိုးချဲ့ရန်နှင့် ပြည်ပထုတ်ကုန်၊ သွင်းကုန်လုပ်ငန်းကြီးတစ်ခုကို လုပ်ကိုင်နိုင်ရန် ဆန္ဒရှိနေကြသည်။

"ဟဲလို ဖေဖေလား"

"အေး ဟုတ်တယ်၊ ဘာထူးလဲ မြထင်"

"မနေ့က ရန်ကင်းက တိုက်နှစ်လုံး အရောင်းအဝယ်ဖြစ်တယ်၊ ငွေအားလုံး ဘဏ်ထဲသွင်းပြီးပြီ ဖေဖေ၊ ဒီနေ့ည ကျွန်တော်အိမ်ပြန်နိုင်မှာမဟုတ်ဘူး၊ လှိုင်သာယာက မြေကွက်တစ်ကွက်ကို ဈေးစကားပြောဖို့ ရှိနေတယ်၊ အဲဒါ မနက်ဖြန် ဖေဖေပဲ သွားလိုက်ဦး"

"အေး အေး ငါသွားလိုက်မယ်၊ ဒါနဲ့ ရွှေတင်က သူ့မန်နေဂျာကို အလုပ်ဖြုတ်လိုက်တယ်ဆို၊ ဘာဖြစ်ကြတာလဲ"

"ဟုတ်တယ်ဖေဖေ မန်နေဂျာက ကွက်ကျော်ရိုက်မှာကို ရွှေတင်က ကြိုသိလို့ အလုပ်ဖြုတ်လိုက်တာ"

"အေး အေး ပြဿနာတော့ မရှိစေနဲ့၊ လုပ်ငန်းကို ထိခိုက်မယ့် ကိစ္စမျိုးတော့ သည်းခံနေလို့ မရဘူး၊ လုပ်စရာရှိတာ ပြတ်ပြတ်သားသားလုပ်ရမယ်"

"ဟုတ်တယ် အလုပ်သမားတွေက ခိုင်းတာလောက်ပဲ လုပ်ချင်ကြတာ၊ အခွင့်အရေးကို ရှေ့ဆုံးက လိုချင်ကြတယ်၊ ဟိုတစ်နေ့ကလဲ ကျော်ထင်နဲ့ သူ့အလုပ်သမား နှစ်ယောက် ပြဿနာတက်ကြသေးတယ်"

"ဘာဖြစ်လို့လဲ မြထင်"

"ဒီလို ဖေဖေရေ သူ့အရောင်းစာရေးနှစ်ယောက်က သွားလာစရိတ်ကြီးလို့ လစာတိုးတောင်းတယ်၊ ကျော်ထင်က တိုးမပေးတော့ အလုပ်ကိုကောင်းကောင်း မလုပ်တော့ဘူးလေ၊ အဲဒီနှစ်ယောက်ကြောင့် အခြားအလုပ်သမားတွေပါ မဆီမဆိုင်လုပ်ခလိုတောင်းမှာစိုးလို့ ပွဲကြမ်းပေးထားတာပါ"

သူတို့မိသားစုက စီးပွားရေးတွင် လောဘကြီးကြသည်။ ထို့ကြောင့်ပင် တစ်ခါတစ်ရံလုပ်ငန်းတူချင်း ပြိုင်ဆိုင်ကြရာမှ ပြဿနာဖြစ်ကြရသည်။ တစ်ခါတစ်ရံလည်း လုပ်ငန်းချင်း ဆက်စပ်သူများနှင့် အငြင်းပွားရသည့် ကိစ္စများလည်း ပေါ်ပေါက်ခဲ့ရသည်။ သူတို့မိသားစုအားလုံး၏ ရည်ရွယ်ချက်က ချမ်းသာကြွယ်ဝသည့် လုပ်ငန်းပိုင်ရှင်ဖြစ်ဖို့ပင်။ သို့သော်လည်း သမီးအငယ်ဆုံး လွင်မိမင်းထင် ကတော့ သူတို့မိသားစုတွင် ဆန့်ကျင်ဘက်ဖြစ်သည်။ သူမက အေးအေးဆေးဆေးနေတတ်ပြီး သဘောထားပြည့်ဝသူဖြစ်သည်။ မာန်မာနမရှိ၊ ဖော်ရွေပျူငှာသူ တစ်ဦးဖြစ်သည်။ ထို့ကြောင့်ပင် သူမအနေဖြင့် မိဘ၏လုပ်ငန်းများထက် လူမှုရေးလုပ်ငန်းများကိုသာ စိတ်ဝင်စားခဲ့သည်။

တစ်နေ့ မိသားစုတချို့ဆုံကြစဉ် လွင်မိမင်းထင်က စကားဆိုသည်။

"အစ်ကိုကြီးနဲ့ မေမေ့ကို သမီးတစ်ခု တိုင်ပင်စရာရှိတယ်"

"ပြောလေ ညီမလေး၊ ဘာလဲ ငါတို့ကို ကြည့်ရတာ ပင်ပန်းပါတယ်၊ ချောင်းသာတို့၊ ငပလီတို့မှာ အနားယူအပန်းဖြေဖို့ ဒါပြောမလို့ မဟုတ်လား၊ နင်က ငါတို့ကိုတွေ့ရင် ဒါပဲတိုက်တွန်းနေတယ်၊ ညီမလေး တိုက်တွန်းတာလဲ မှန်တော့မှန်ပါတယ်၊ ဒါပေမဲ့ အစ်ကိုကြီးတို့မှာက နေသားကျနေပါပြီကွာ၊ သိပ်ပြီး ဟဲဗီးမဖြစ်တော့ပါဘူး"

"မဟုတ်ဘူးကိုကြီး၊ ညီမတိုင်ပင်မယ်ဆိုတာက ညီမအလုပ်တစ်ခုလုပ်ဖို့အတွက် တိုင်ပင်ချင်တာပါ"

"အမယ် ငါ့သမီးဆီက ထူးထူးဆန်းဆန်း စကားပါလား"

"ဟုတ်ပြီ ညီမလေး၊ ကဲ ပြော ညီမလေးက ဘာလုပ်ငန်းကို လုပ်ချင်တာလဲ၊ အဲဒီအတွက် အရင်းအနှီး ဘယ်လောက်လိုလဲ၊ ညီမလေးက အတွေးအခေါ် သမား၊ စီးပွားရေးဘွဲ့ရဆိုတော့ အသေးအမွှားတော့ မဟုတ်လောက်ဘူး၊ ရတယ် ပြောသာပြော အစ်ကိုကြီးစီစဉ်ပေးမယ်"

"ဟို အစ်ကိုကြီးပြောသလိုမျိုး စီးပွားရေးလုပ်ငန်းလုပ်ဖို့ မဟုတ်ပါဘူး၊ ညီမတို့မှာက ဥစ္စာဓနဆိုတာ ပြည့်စုံနေပြီပဲ၊ ညီမလုပ်ချင်တာက အကျိုးပြုလုပ်ငန်းတစ်ခုအနေနဲ့ ကျောင်းဆရာမလုပ်ချင်တာပါ"

"ဘာပြောတယ် မိလွင်မိ၊ ကြုံကြုံဖန်ဖန် အေး၊ ကျောင်းဆရာမလုပ်ချင်ရတယ်လို့၊ ညည်းယူထားတဲ့ဘွဲ့ရယ်၊ ပြီးတော့ မိသားစုလုပ်ကိုင်နေတဲ့ လုပ်ငန်းတွေရယ်ကို ကြည့်စမ်း၊ ကိုယ့်အဆင့်အတန်းနဲ့ ညီမျှတာကို စဉ်းစားစမ်းပါအေ၊ ပြီးတော့ ကျောင်းဆရာမ လစာလေးက တစ်ပဲခြောက်ပြား၊ အဲဒီလစာလေးနဲ့ ညည်းဘဝက ဘယ်လောက်တိုးတက်လာနိုင်မှာလဲ"

"မလုပ်ရဘူး ညီမလေး၊ ဖေဖေသိရင်လဲ ခွင့်ပြုမှာ မဟုတ်ဘူး၊ ကျောင်းဆရာမဘဝနဲ့ ညီမလေးရဲ့ ရှေ့ရေးက လုပ်နိုင်မှာ မဟုတ်ဘူး"

"ညီမတို့အတွက် ငွေကြေးဆိုတာက အရေးတကြီးရှာဖို့ လိုသေးလို့လား၊ ငွေကြေးဆိုတာကကော အရေးမှ


www.burmeseclassic.com

www.burmeseclassic.com

ပြီးပြည့်စုံနိုင်လို့လား။ ညီမကတော့ ကိုယ်တတ်ထားတဲ့ပညာနဲ့ လူတွေကို အကျိုးပြုနိုင်တဲ့ ဆရာမအလုပ်ပဲ လုပ်ချင်တယ်"

"မိလွင်မီ ညည်းပါးစပ်ပိတ်တော့၊ ငါတို့ရဲ့ ဂုဏ်သိက္ခာကိုပါ အောက်ဆွဲချဖို့ လုပ်နေတာလား၊ ကျောင်းဆရာဘဝနဲ့ တိုက်ဝယ်၊ ကားစီးနိုင်တဲ့သူ တွေ့ဖူးလား၊ ငွေကြေးမပြည့်စုံရင် ဘယ်သူမှ အရာမသွင်းချင်ကြဘူးဆိုတာ ညည်းနားလည်ထား"

"ဒါကတော့ မေမေရယ်၊ ငွေကြေးကို ရှေ့တန်းတင်ထားရင် အသပြာက အဓိကလို့ ထင်မှာပဲ၊ တချို့ကိစ္စတွေမှာ အသပြာမဟုတ်တဲ့ အခြားအရာတွေက အရေးပါနေကြတာပဲ"

"တော်စမ်း ညီမလေး၊ မိသားစုက မကြိုက်ဘူး ဆိုတာကို ရှေ့တိုးဖို့ မကြိုးစားနဲ့၊ အေး ကိုယ့်သဘောနဲ့ ကိုယ် ရှေ့တိုးရင် ကိုယ့်ထိုက်နဲ့ကိုယ့်ကံလို့ မှတ်ထား"

မိသားစုက ကျောင်းဆရာမအလုပ်ကို ဝိုင်း၍ကန့်ကွက်နေကြသည်။ ထို့အပြင် သူမကို စီးပွားရေးလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်ရန် တွန်းအားပေးနေကြသည်။ လုပ်ငန်းအတွက် ပြည်ပသို့စေလွှတ်ရန်လည်း စီစဉ်နေကြသည်။

သူမအနေဖြင့် မိသားစုက ဖြစ်စေလိုသည့် လုပ်ငန်းရှင်တစ်ယောက် မဖြစ်ချင်။ အရာရာတွင် ကိန်းဂဏန်းတွေအပေါ် အခြေခံကာ အရှုံးအမြတ်တွက်ရသည့်ဘဝကို ရွံရှာသည်။ ကိုယ့်အကျိုးအမြတ်အတွက် ဟန်ဆောင်ပြုံးတွေနှင့် ရှင်သန်ရမည့်ဘဝတို့ကို မလိုချင်။ မိမိဘဝကို မိမိဘာသာ ဖန်တီးမည်။ သူမ ဖြစ်လိုသည်က ဟန်ဆောင်မှုကင်းသည့် အေးချမ်းသော ဘဝပင်ဖြစ်သည်။

သူမ အလယ်တန်းကျောင်းသားဘဝက ခင်မင်ခဲ့ဖူးသော ဆရာမတစ်ဦးရှိသည်။ ဆရာမက တည်ငြိမ်အေးဆေးသူ တစ်ဦးဖြစ်၍ တပည့်များက ချစ်ခင်လေးစားကြသည်။ သူမသည်လည်း ဆရာမအား လေးစားကြည်ညိုခဲ့သလို ဆရာမ၏ ဘဝကို အားကျမိခဲ့သည်။ ဘွဲ့ရပြီးနောက် အလုပ်လုပ်ဖို့ စဉ်းစားမိတိုင်း တည်ငြိမ်အေးချမ်းသည့် အလုပ်မျိုးကိုသာ လုပ်လိုခဲ့သည်။ ထို့ကြောင့် သူမ အားကျခဲ့သော ဆရာမ အလုပ်ကိုသာရွေးချယ်ခဲ့ခြင်းဖြစ်သည်။ လောက၌ အပူသည့် ကူးစက်တတ်သည့် သဘာဝရှိသလို လောကီကိစ္စဟူသမျှသည်လည်း ပူပင်သောကတို့ဖြင့်သာ နှောင်ဖွဲ့နေတတ်ကြသည်။ ထိုပူလောင်ခြင်းတို့နှင့် ကင်းဝေးစေနိုင်သော အလုပ်သည် လူသားအရင်းအမြစ်တို့ကို ပညာသင်ပေးရသော ကျောင်းဆရာမအလုပ်ဟု ယုံကြည်ထားသည်။

မိသားစုက သူမအား နိုင်ငံခြားသို့ စေလွှတ်ရန် စီစဉ်နေချိန်တွင် သူမသည်လည်းဆရာအတတ်သင်ပညာရေးကောလိပ်သို့ တက်ရန် ဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ခဲ့သည်။ ကြုံလာမည့် အခက်အခဲဟူသမျှကိုလည်း ရင်ဆိုင်ဖို့ အင်အားတွေ မွေးခဲ့သည်။ သူမ မနှစ်သက်သော ပတ်ဝန်းကျင် ဘဝထဲတွင် ဟန်ဆောင်မှုတွေနှင့် အသက်ရှင်ရခြင်းထက် ကိုယ်နှစ်သက်ရာဘဝတွင် ဟန်ဆောင်မှုကင်းကင်းနှင့် အေးချမ်းစွာနေရခြင်းက ပို၍အဓိပ္ပာယ်ရှိလိမ့်မည်ဟု ထင်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုနေ့က ပြည်ပသို့ထွက်ရန် ခွင့်ပြုမိန့်(ဗီဇာ)နှင့် ပညာရေးကောလိပ်သို့ တက်ရောက်ခွင့် အမိန့်စာတို့ တစ်ပြိုင်တည်းရရှိခဲ့သည်။

"သမီး ရှေ့အပတ် အင်္ဂါနေ့မှာ သမီး နိုင်ငံခြားထွက်ဖို့ ပြင်ဆင်ပေတော့၊ ဖေဖေ့ဘက်က လုပ်စရာရှိတာတွေ လုပ်ပေးထားပြီးပြီ၊ သမီး နိုင်ငံခြားမှာသုံးစွဲဖို့ ငွေလဲ ဖေဖေ စီစဉ်ပေးထားတယ်"

"ဖေဖေ သမီးကို ခွင့်လွှတ်ပါ၊ သမီး ဆုံးဖြတ်ပြီးပြီ၊ သမီး ပညာရေးကောလိပ်တက်ပြီး ကျောင်းဆရာမတစ်ယောက်ရဲ့ဘဝကိုပဲ ခံယူပါရစေ၊ ပညာရေးကောလိပ် တက်ခွင့်အမိန့်စာလဲ သမီးဆီ ရောက်နေပြီ"

"သမီးမိုက် နင်က နင်လုပ်ချင်တာကိုဇွတ်တိုးလုပ်တာပေါ့လေ၊ မိသားစုရဲ့ စေတနာကို တစ်ချက်လေးမှ ထည့်မစဉ်းစားမှတော့ ငါတို့ကလဲ နင့်အတွက် ထည့်စဉ်းစားစရာ မလိုတော့ဘူး"

ထို့နောက်တော့ မိသားစုတွေ မကြည်ဖြူသည့်ကြားမှပင် ပညာရေးကောလိပ် တစ်နှစ်သင်တန်းသို့ အစ်ကိုဖြစ်သူ လင်းထင်၏ အကူအညီဖြင့် တက်ရောက်ခဲ့သည်။ မိသားစုထဲတွင် သူမ၏ဆန္ဒကို နားလည်ပေးနိုင်သူမှာ လင်းထင်တစ်ယောက်သာရှိသည်။ သူမသည်လည်း ပညာရေးကောလိပ်ကို အခက်အခဲများစွာဖြင့် တက်ရောက်ခဲ့ရပေသည်။ သင်တန်းဆင်းပြီးနောက် တာဝန်ပေးအလုပ်ခန့်သည့် အမိန့်စာရောက်ရှိလာချိန်၌. . .

"ဘယ်လိုလဲ လွင်မီ၊ သွားပြီး တာဝန်ထမ်းရမယ့်နေရာက ဧရာဝတီတိုင်းထဲက တောရွာလေးမှာနော်၊ နင်စဉ်းစားဦး၊ အဲဒီဒေသမှာ အနေဆင်းရဲ အစားဆင်းရဲနဲ့ နေရမှာ၊ ရန်ကုန်မှာလို နင်သွားချင်ရင် ကားအဆင်သင့်၊ စားချင်ရင် ပါးစပ်ကပြောလိုက်ရုံနဲ့ ရမှာ မဟုတ်ဘူး၊ မြို့နဲ့ တောဆိုတာက အများကြီး ကွာခြားတယ်"

"ညီမ ဒါတွေကို ကြိုတွက်ထားပြီးသားပါ၊ ညီမဆုံးဖြတ် ရွေးချယ်ထားတဲ့ လမ်းကို ညီမကိုယ်တိုင်ဆုံးအောင် လျှောက်မယ်၊ ဘယ်တော့မှ နောက်ပြန်မလှည့်ဘူး၊ ညီမဘဝအတွက်အကောင်းဆုံးထင်လို့ ရွေးချယ်ခဲ့တာပါ၊ ကိုလင်းလဲ ညီမကို တစ်လျှောက်လုံး ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်နော်"

"မလိုပါဘူး လွင်မီရာ၊ နင်အဆင်ပြေတယ်ဆို ပြီးတာပဲ၊ အစ်ကိုတစ်ယောက်အနေနဲ့ ဒီလောက်တော့ ကူညီရမှာပေါ့၊ ကဲပါ နင်သွားမယ့်ဒေသကို ကားနဲ့ ငါလိုက်ပို့ပေးမယ်၊ ဒါပေမဲ့ ရွာအထိတော့ ရောက်မှာ မဟုတ်ဘူး"

www.burmeseclassic.com

ထိုသို့ဖြင့် သူမ တာဝန်ကျရာ ဝါးခယ်မမြို့၏ ထီးတန်းရွာလေးသို့ ရောက်လာခဲ့ပေသည်။ မိသားစုကတော့ သူတို့မနှစ်သက်သည့် အလုပ်ကို လုပ်သည့် သူမအား မျက်ကွယ်ပြုထားကြသည်။ မည်သည့်အကူအညီမျှ မပေးခဲ့ကြ။

သို့သော်လည်း ကျောင်းဆရာမအလုပ်၌ သူမ ပျော်သည်။ သူမ စိတ်ကူးယဉ်ခဲ့သလိုပင် အေးချမ်းသည့်ဘဝလေး တစ်ခုကို ပိုင်ဆိုင်နိုင်ခဲ့သည်။ ရိုးသားဖြူစင်ကြသည့် ကျေးလက်သားတို့၏ နွေးထွေးပျူငှာမှုတို့က သူမ ဘဝကို နွေးထွေးလုံခြုံစေခဲ့သည်။ ထိုဒေသလေး၌ မြို့ပြတွေကဲ့သို့ လူ့အသုံးအဆောင် ရုပ်ဝတ္ထုတို့ ပေါများခြင်း၊ ပြည့်စုံခြင်း မရှိသော်လည်း မေတ္တာတရားကတော့ ကြွယ်ဝကြသည်။

သူမ တာဝန်ကျသည့် ရွာက ရန်ကုန်မှ ကုန်းတစ်တန်၊ ရေတစ်တန် သွားရသောနေရာဖြစ်သည်။ ရန်ကုန်မှ ဝါးခယ်မမြို့သို့ ကားဖြင့် လာရပြီး ဝါးခယ်မမှတစ်ဆင့် ထိုရွာသို့ စက်လှေဖြင့် တစ်တန်သွားရသည်။ ရွာလေးက သစ်ပင်၊ ဝါးပင်အုပ်အုပ်ဆိုင်းဆိုင်းနှင့် သာယာအေးချမ်းသော ရွာလေးဖြစ်သည်။ ရွာသားများက ဘာသာ သာသနာ၏ အဆုံးအမအောက်တွင် နေကြရသဖြင့်လည်း ယဉ်ကျေးပျူငှာကြသလို ရိုသေထိုက်သူကို ရိုသေတတ်ကြသည်။

သူမ ထိုရွာလေး၌ တာဝန်ထမ်းဆောင်နေခဲ့သည်မှာ (၃)နှစ်ခန့်ရှိခဲ့ပြီ။ ရွာသားအားလုံးက သူမကို လေးစားခင်မင်ကြသည်။ သူမကလည်း ဝါသနာပါသည့်အလုပ်ကို လုပ်ရခြင်း ဖြစ်သည့်အတွက် စေတနာရှေ့ထား သင်ကြားပေးသည်။ သူမ၏ စေတနာကို ရွာသားတို့ကမေတ္တာဖြင့်တုံ့ပြန်ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ သူမနှင့် ရွာသားတို့၏ ခင်မင်ရင်းနှီးမှုက ပို၍ခိုင်မြဲလာသည်။

တစ်နေ့သော် သူမရှိနေစဉ် ရန်ကုန်မှ ဧည့်သည်တစ်ဖွဲ့ရောက်လာကြသည်။ ဧည့်သည်အဖွဲ့ စီးလာသည့် စက်လှေ ရွာကမ်းသို့ကပ်လျှင် လူတစ်ယောက် ကမ်းပေါ်တက်လာပြီး ရွာသားတစ်ဦးအား မေးလိုက်သည်။

"ဒီမှာဗျ ဒီရွာမှာ တာဝန်ကျနေတဲ့ ဆရာမ လွင်မိမင်းထင်နေတဲ့ အိမ်က ဘယ်နားမှာလဲ ခင်ဗျ"

"ဆရာမ ကျောင်းတက်နေတယ်၊ ဘာကိစ္စရှိလို့လဲ"

ထိုတွင် အတူပါလာသည့် အမျိုးသမီးကြီးက ရွာသား၏စကားကြောင့် မကျေမနပ်ဖြစ်သွားကာ. . .

"အမယ်လေးတော် ကိုယ့်သမီးဆီ လာလည်တာ၊ ကိစ္စရှိမှ တွေ့ရတော့မယ့်ပုံ၊ ကြီးကျယ်လိုက်ကြတာ"

"သြော် အစ်မကြီးတို့က ဆရာမရဲ့ မိဘတွေကိုး၊ မသိလို့ပါဗျာ၊ စိတ်မရှိပါနဲ့၊ ကျွန်တော်တို့ကလဲ ကိုယ့်ရွာမှာ စာလာသင်ပေးနေတဲ့ဆရာမကို အနှောင့်အယှက်ပြုလာမှာစိုးလို့ မေးရ စုံစမ်းရတဲ့ သဘောပါ၊ ကဲ အစ်မကြီးတို့ အဖွဲ့ကို ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

ရွာသားက သူ၏ လှည်းဖြင့် ဧည့်သည်များကို ဆရာမ တည်းခိုနေသည့် အိမ်သို့ လိုက်ပို့ပေးလိုက်သည်။ ဧည့်သည်များ ရောက်လာကြောင်း ကြားသည်နှင့် ရွာသားများ အလျိုလျို



ရောက်လာကြသည်။ ဆရာမ၏ ဧည့်သည်များဟု သိကြသည်နှင့် ဧည့်ခံသူက ဧည့်ခံ၊ ရေနွေးတည်သူကတည်၊ စားစရာ စီစဉ်သူကစီစဉ်နှင့် ယောက်ယက်ခတ်ကုန်ကြသည်။ တချို့လည်း ဆရာမကို ပြေးခေါ်ကြသည်။

အတူပါလာသည့် လင်းထင်က အတွေးတစ်ခု ရလိုက်သည်။ သူ၏ စီးပွားရေးလုပ်ငန်း၌ လုံခြုံရေးအတွက် လစာပေး၍ စောင့်ရှောက်ခိုင်းရသည်။ ထို့အပြင် သူ့အတွက် လုံခြုံရေးကိုလည်း လစာကောင်းကောင်းပေး၍ ငှားရမ်းထားရသည်။ လွင်မိ၏ လုံခြုံမှုကိုတော့ တစ်ရွာလုံးက အသိစိတ်အပြည့်ဖြင့် တာဝန်ယူနေကြသည်။ မိမိတို့အားလည်း ဆရာမ၏ ဧည့်သည်ဆိုသည့် အသိဖြင့် ဝတ္တရားကျေအောင် ဆောင်ရွက်ပေးကြသည်။ သူ၏ လုပ်ငန်းထဲမှ အလုပ်သမားတို့နှင့် ကွာခြားလှသည်။ အလုပ်သမားများမှာ သူ့အပေါ် အလိုက်သိသိ လုပ်ကိုင်ပေးသူ မရှိသလောက် ရှားသည်။ ခိုင်းလျှင်လည်း ဝတ်ကျေတမ်းကျေလောက်သာ လုပ်ကြသည်။ ယခုတွေ့ရသည့်အခြေအနေနှင့် အလွန်ကွာခြားနေသဖြင့် ညီမဖြစ်သူ၏ ဆရာမအလုပ်ပေါ် လေးစား စိတ်ဝင်စားမိသည်။ မကြာမီ လွင်မိမင်းထင် တစ်ယောက် ရောက်လာသည်။ ကျောင်းဝတ်စုံနှင့် တည်ကြည်ခံ့ညားနေသော သမီးဖြစ်သူကို ကြည့်ကာ ဒေါ်မြစိန် ကျေနပ်သွားမိသည်။

"ကိုလင်းကလဲ မေမေတို့ လာမယ်ဆိုလဲ ညီမဆီကို ကြိုအကြောင်းကြားပါတော့လား၊ ညီမလာကြိုမှာပေါ့"

"ရပါတယ် သမီးရယ်၊ မေမေလဲ စိတ်ကူးရတာနဲ့ ထလာခဲ့တာပါ"

လွင်မိမင်းထင်က သူမ၏ မိသားစုနှင့် ရွာသားများကို မိတ်ဆက်ပေးလိုက်သည်။ ထို့နောက် ရွာသားတစ်ဦးက. . .

"အဒေါ်တို့ အစ်ကိုတို့ အားလုံး ဆရာမအတွက် စိတ်မပူကြပါနဲ့၊ ဆရာမ


www.burmeseclassic.com

www.burmeseclassic.com

အတွက် ဘာအန္တရာယ်မှ မရှိစေရဘူး ရှိလာခဲ့ရင်လဲ ကျွန်တော်တို့ ရှေ့ကနေ ရင်ဆိုင်မယ်၊ နေထိုင် စားသောက်ရေး အတွက်လဲ ကျွန်တော်တို့ တစ်ရွာလုံးက တာဝန်ယူတယ်၊ ကျွန်တော်တို့ ကလေး တွေ ဆရာမရောက်လာမှ အတော် လေး တိုးတက်လာတာ တွေ့ရတော့ ဆရာမကို ကျေးဇူးတင်ရတယ်”

“ဒါတင်ဘယ်ကမလဲ ဆရာမ မြို့ ရောက်တိုင်း ဝယ်လာပေးတဲ့ စာအုပ် တွေဖတ်ရတော့ ကျွန်တော်တို့ရွာသား တွေ ဗဟုသုတ ရကြတာပေါ့၊ ဒီလို စာအုပ်မျိုးဆိုတာလဲ ကျွန်တော်တို့ တစ် သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ ဖတ်ရဖူး တယ်”

ဒေါ်မြစိန်တစ်ယောက် ရွာသား များ၏ ချီးကျူးစကားကို ကြားရသည့် အခါ သမီးဆရာမအတွက် ကျေနပ် ဂုဏ်ယူနေမိသည်။ ဆရာမ၏ မိခင် တစ်ယောက်အနေနှင့်လည်း မော်ကြွား နိုင်ပေပြီ။ ထိုကဲ့သို့ပီတိမျိုး သူ့ဘဝ၌ တစ်ခါမျှ မခံစားခဲ့ရဖူးပေ။ ရွာသားများ ကို လေ့လာမိသည်မှာလည်း ရန်ကုန်မြို့ က စီးပွားရေးလုပ်ငန်းပိုင်ရှင် ဒေါ်မြစိန် ဆိုသည်ကို သူတို့တွေ အထင်ကြီး လေး စားလိုစိတ် မရှိကြ။ ဆရာမ၏ မိခင် အဖြစ်ကိုသာ လေးစား ခင်မင်နေကြ သည်။

ရွာဆိပ်သို့ရောက်စကတည်းက ဆရာမ၏ မိခင်ကိုသာ စောင့်ရှောက် ကူညီပေးခဲ့ကြောင်း သိခဲ့သည်။ သူ့ငွေမ ကြီးဆိုသည့် ဂုဏ်ပုဒ်တို့ကား ထိုရွာ လေးတွင် မလွှမ်းမိုးနိုင်ခဲ့ပါတကား။

ရန်ကုန်၌ဆိုလျှင် လုပ်ငန်းရှိရာ နေရာများသို့ ရောက်သွားလျှင် အလုပ် သမားတချို့၏ ဟန်ဆောင်ပြုံးနှင့် မျက် နှာချိုသွေးသည်ကို တွေ့ရသလို ဟန် ဆောင်အပြုံး၏နောက်က အခွင့်အရေး ဆိုသည်ကိုလည်း မျှော်လင့်တတ်ကြ သည်။

ယခုတွေ့ရသည့် ရွာသားတို့၌ ကား ပကတိအပြုံးနှင့် မျှော်လင့်ခြင်း မရှိသော ရိုးသားသည့်စိတ်ကို တွေ့နေ ရပေသည်။

ဒေါ်မြစိန်လာစဉ်က ရည်ရွယ် ချက်တစ်ခု ပါလာသည်။ အတူလိုက်ပါ လာကြသည့် မန္တလေးမြို့ ကျောက်မျက် ရတနာဆိုင်ပိုင်ရှင် ဦးရွှေထိုက်၏သား မောင်နေထွန်းဦးနှင့် သမီးကို နားချရန် လာခဲ့ခြင်းဖြစ်သည်။ ယခုတော့ လာရင်း ကိစ္စ အသာထားကာ အလည်အပတ် သဘောဖြင့် နှစ်ရက်ခန့်နေဖြစ်ခဲ့သည်။ ထိုကာလအတွင်း ဆရာမ၏မိသားစုကို ရွာသားတို့က ဧည့်ခံကျွေးမွေးလိုက်ကြ သည်မှာ ဧည့်သည်က ပြန်အားနာရ သည့် အဖြစ်မျိုးထိပင်။

ပြန်မည့်နေ့၌လည်း လာရောက် နှုတ်ဆက်ကြသော ရွာသားများ ပေး လိုက်သည့် ဒေသထွက် လက်ဆောင် ပစ္စည်းများမှာ မသယ်နိုင်အောင် များ ပြားလှသည်။ မပေးဖို့ပြောသော်လည်း မယူလျှင် စိတ်ကောင်းမည်မဟုတ်ဟု ဆိုလာသဖြင့် ယူခဲ့ရသည်။ ထိုအခါ၌ ရွာသားတို့၏စေတနာကို ပို၍ သိခဲ့ရ သည်။ သူမဘဝ၌ ထိုကဲ့သို့ ဖြူစင်သော စေတနာတို့ကို မခံစားခဲ့ရဖူးပေ။

အပြန်ခရီးအတွက် စက်လှေ ကမ်းမှခွာလျှင် ဒေါ်မြစိန်တစ်ယောက် ကျန်နေရစ်ခဲ့သည့် သမီးနှင့် ရွာသားတို့ ကို လက်ပြနှုတ်ဆက်ရင်း စိတ်၌ တစ်ခု ခုကို ခံစားလိုက်ရသည်။ သမီးဖြစ်သူ ကျန်နေခဲ့၍ ခံစားရသည်တော့ မဟုတ် ပေ။ ယခုခံစားရသည်က သူ့ရင်ထဲ၌ ကျေနပ်မှု ပီတိကို ဖြစ်ပေါ်စေခဲ့သော ထိုရွာလေးကို လွမ်းဆွတ်မိခြင်းပင် ဖြစ်သည်။

မြို့ပြတို့၌ မတွေ့နိုင်သော ယဉ် ကျေးမှုဆိုသည်ကို တွေ့ခဲ့ရသည်။ ထို ရွာလေးက မိမိ၏ဆွေမျိုးလည်း မဟုတ်။ မိတ်ဆွေလည်း မဟုတ်ပေ။ ကျေးဇူးစား ကျေးဇူးခံတွေလည်း မဟုတ်ကြပါဘဲ သမီးဆရာမအပေါ် လေးစား ချစ်ခင် ရာမှ မိမိတို့အပေါ်တွင်လည်း လေးစား ခင်မင်ခဲ့ကြသည်။ ဟန်ဆောင်မှုကင်း သည့် ရိုးသားသော အဖြူရောင်များ သာ ဖြစ်သည်။

အဖြူရောင် နှလုံးသားမှ ထွက် ပေါ်လာသော မေတ္တာစိတ်တို့ဖြင့် သူတို့ အား ကူညီကြ၊ ခင်မင်ခဲ့ကြခြင်း ဖြစ် သည်။ မျော်စရာလည်း ကောင်းသလို ရင်းနှီးခင်မင်စရာလည်း ကောင်းသည်။

မြို့ပြဒေသ၌ ငွေကြေး၏ ဩဇာ လွှမ်းမိုးမှုအောက်တွင် ရှင်သန်နေကြ သော်လည်း ထိုကျေးလက်ဒေသလေး၌ ငွေကြေး၏ ဩဇာလွှမ်းမိုးမှု ကင်းဝေးရာ မေတ္တာတရားတို့ လွှမ်းမိုးရာ နေရာလေး ဖြစ်သည်။

မြို့ပြတွင် အနေကြာခဲ့သည့် အလျောက် ပူလောင်မွန်းကျပ်မှုတို့က နေ့စဉ်ဘဝ၌ ခံစားခဲ့ရသည်။

ဟန်ဆောင်မှု ပြိုင်ဆိုင်မှုလိုအပ် မှု ချိုးဖောက်မှု ယုံကြည်မှုကင်းမဲ့ခြင်း စသည်တို့က မြို့ပြယဉ်ကျေးမှုဟု ဆိုရ မလောက်ပင်။

ထိုအရာတို့နှင့် ဆန့်ကျင်ဘက် တို့သာရှိသည့် ကျေးလက်၏ သဘာဝ ကို ဒေါ်မြစိန်နှစ်သက်ခံစားမိခဲ့သည်မှာ မဆန်းတော့ မဟုတ်။ လူသားတိုင်း ပူလောင်မွန်းကျပ်မှုကို မလိုလားကြ။ လွတ်လပ်ခြင်း၊ ရိုးသားအေးငြိမ်းခြင်း ကိုသာ လိုလားကြသည်ပင်။

ထိုရွာလေးမှ အပြန်ခရီးတွင် ဦးဘထင် မိသားစုဆီသို့ ကျေးလက်၏ သဘာဝ အလှတရားတို့အား နှစ်သက် မြတ်နိုးလိုစိတ်တို့ကို သယ်ဆောင်သွား ကြပေသည်။

ထို့အပြင် ဆရာတစ်ဦးအပေါ် ကျေးလက်ဒေသ၏ အားကိုးမှု၊ အရေး ပေးမှုတို့ကိုလည်း မြင်ရ၊ ကြားရသည့် အတိုင်း အားရကျေနပ်စွာ နှလုံးသား ဖြင့် သယ်ဆောင်သွားကြပေသည်။

❒ **တင်မောင်မောင်(ပေါက်ကုန်း)**



www.burmeseclassic.com

www.burmeseclassic.com



# စေတနာမိုးတစ်စက်

## မိုးအေး(မြို့မ)

ဒီနေ့ ကျွန်တော် အလုပ်ပြန်နောက်ကျသည်။ မိုးကလည်း ဖွဲဖွဲလေးရွာနေသည်။ တာမွေဘက်မှ ကားစီးခဲ့ရပြီး မြေနီကုန်းရှိ ဒေါ်လေးအိမ်ကိုခဏဝင်ခဲ့သည်။ ဒေါ်လေးက ထမင်းစားချိန်မို့ ထမင်းစားသွားရန် အတင်းကျွေးသည်။ ကျွန်တော် လိမ်ပြောခဲ့သည်။ စားပြီးခဲ့ပြီလို့။ ဒေါ်လေးအိမ်မှ ပြန်ထွက်ခဲ့ပြီး လမ်းဘေး ထမင်းဆိုင်မှာ ထမင်းစားဖို့ အိတ်ကပ်ထဲရှိ ပိုက်ဆံကိုစမ်းမိတော့ ခြေလှမ်းတို့က ဆက်ထွက်လာခဲ့မိသည်။

အင်း. . အိမ်ရောက်ရင်တော့ ထမင်းတော့ ကျန်လောက်ပါရဲ့။ လမ်းမှာ ဟင်းနှစ်ရာဖိုးလောက် ဝယ်သွားလိုက်တော့မယ်ဟု ဆုံးဖြတ်လိုက်သည်။ ခယ်မအိမ်မှာ ဘဝပေးအခြေအနေအရ သားအဖနှစ်ယောက် ခေတ္တမှီကပ်နေရပေမယ့် ခယ်မမိသားစုကလည်း အဆင်မပြေ ကျပ်တည်းလှသည်။ အတွေးနှင့်လျှောက်လာရင်း မှတ်တိုင်ကို ရောက်တော့ (၄၈)ဘတ်စ်ကားတစ်စီး ထိုးဆိုက်လာသည်။ အထူးကားကိုစီးရင် နှစ်ရာပေးရမည်။ ရိုးရိုးလိုင်းကား ဆိုတော့ တစ်ရာနှင့် ရသည်။ လက်မှ နာရီကိုကြည့်လိုက်တော့ အချိန်က ၈ နာရီထိုးနေပြီ။ နောက်ကျရင် ကားက အခက်အခဲ ဖြစ်နိုင်သည်။

ကားပေါ်မှာလည်း ခရီးသည်တွေက ပြည့်ကျပ်နေသည်။ မှတ်တိုင်မှ

www.burmeseclassic.com

တိုးတက်နေသူတွေကလည်း မနည်းပေ။ ကျွန်တော်လည်း အတင်းလုပြီး တိုးတက်လိုက်သည်။ ခဏကြာတော့ စပယ်ယာ၏ အသံကို ကြားရသည်။ ထိုအချိန်ထိ မိုးကလည်း ဖွဲဖွဲလေးရွာနေတုန်းရှိသည်။

"ဆွဲဆရာရေ အဝိုင်းအနီးဆုံး"

ကားက စထွက်ခဲ့သည်။ ကျွန်တော်လည်း သမိုင်းလမ်းဆုံထိ စီးရမှာဆိုတော့ အထဲကို တိုးဝင်လိုက်သည်။ ကားနောက်ပိုင်းကို ရောက်တော့ လူချောင်နေတာ တွေ့ရသည်။ အပေါက်ရှိရာ နီးတဲ့နေရာမှာသာ ကျပ်နေပေမယ့် အတွင်းပိုင်းမှာတော့ ချောင်နေသည်။ ခရီးသည်တိုင်းက ဆင်းတဲ့အချိန်ကိုတိုးထွက်ရမှာကြောက်တော့အပေါက်နှင့်နီးရာနေရာမှာသာ ကပ်နေတတ်ကြသည်။

ကျွန်တော် ရပ်နေတဲ့ ရှေ့တည့်တည့်မှာတော့ အဘိုးအိုတစ်ယောက် ခေါင်းငိုက်စိုက်ချပြီး ထိုင်နေတာ တွေ့ရသည်။ အင်္ကျီ ပုဆိုး ခပ်နွမ်းနွမ်းကို ဝတ်ထားပြီး ခေါင်းမှ ဆံပင်တွေကလည်းဖြူနေပြီ။ ပါးရည်နားရည်တို့ တွန့်နေပြီ။ သူ့ရှေ့အနီးတွင် မုန့်ရောင်းသောကြိုးတပ်ထားတဲ့ သံပုံးကြီးတစ်လုံးကိုလည်းတွေ့ရသည်။ သို့သော် အဘိုးအို၏ ခပ်နွမ်းနွမ်းပုံစံကြောင့် သူ့အနားမှာ ဝင်မထိုင်ကြပုံပေါ်သည်။

ထိုအဖြစ်အပျက်သည်ပင် ကျွန်တော်လို လူစားမျိုးအတွက်တော့ ခပ်ကောင်းကောင်း ဖြစ်နေသည်။ ဘာမှ စဉ်းစားမနေတော့ဘဲ အဘိုးအို၏နံဘေးမှာ ဝင်ထိုင်လိုက်သည်။ အဘိုးအိုကတော့ ဘေးပတ်ဝန်းကျင်မှာ ဘာတွေ လှုပ်ရှားနေသည်ကို ဂရုပြုမိပုံမပေါ်ပါ။ ကျွန်တော်ဝင်ထိုင်တော့လည်း သူသတိထားမိလားမသိပေ။ ကျွန်တော်ကတော့ အဘိုးကို စိတ်ဝင်စားနေမိသည်။ ကားကလည်း မှတ်တိုင်တွေကို တစ်တိုင်ဝင်တစ်တိုင်ထွက်နှင့် မောင်းနေသည်။ ညအမှောင် မီးရောင်အောက်မှာတော့ ကားတွေ လူတွေကတော့ ရှုပ်ယှက်ခတ်နေဆဲ။ မိုးကလည်း ဖွဲရာကနေ သည်းသလိုရှိလာသည်။ မီးရောင်ကြောင့် ငွေရောင် မိုးပေါက်ကလေးတွေကတော့ ဖွေးဖွေးဖြူနေသည်။

စပယ်ယာက ကျွန်တော်တို့ အနားကိုရောက်လာသည်။ လက်ထဲမှာ ကိုင်ထားတဲ့ တစ်ရာတန်ကို စပယ်ယာကို လှမ်းပေးလိုက်သည်။ ကျွန်တော်ပေးပြီးတော့ အဘိုးအိုက ခေါင်းထောင်လာပြီး အိတ်ကပ်ထဲက နှစ်ရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်သည်။ ကျွန်တော်က အဘိုးအိုကို မေးလိုက်သည်။

"အဘိုးက ဘယ်အထိသွားမှာလဲ"

ကျွန်တော့် အမေးကို အဘိုးကိုယ်စားစပယ်ယာလေးကဝင်ဖြေသည်။

"အဘက ဂိတ်ဆုံးလိုက်မှာ ဆရာရေ့ အဘကို ကျွန်တော်ကတော့ တင်ပါတယ်၊ အချို့ကားတွေက သိပ်မတင်ချင်ကြဘူးဗျ၊ ဒါကြောင့် အဘက ကျွန်တော်တို့ ကားကို စောင့်စီးတာများတယ်"

စပယ်ယာလေးက ပြောပြီးထွက်သွားသည်။ ကျွန်တော် မနေနိုင်တော့ပါ။ စကားစလည်း ရပြီဖြစ်လို့ . . .

"အဘက ဘယ်အထိသွားရမှာလဲ"

"လှော်ကားအထိ သွားရမှာကွဲ့"

"ဒီကားက ဒညင်းကုန်းထိပဲ ရောက်တာမဟုတ်လား အဘရဲ့"

"ဟုတ်တယ်လေ ဒညင်းကုန်းကနေ လှော်ကားကို ဆက်စီးရမှာ"

အဘိုးအို အဖြေကြောင့် ကျွန်တော့်လက်မှနာရီကို ကြည့်လိုက်တော့ ၈ နာရီခွဲနေပြီ။ ဒီပုံဆိုရင် အဘိုးအို အိမ်ပြန်ရောက်ချိန်သည် ၁၀ နာရီထက် မစောနိုင်ပေ။

"အဘိုးက နေ့တိုင်း ဒီလိုပဲ ပြန်ရတာလား၊ ဘာရောင်းတာလဲ"

"အာလူးကြော်၊ မြေပဲကြော်တို့ ရောင်းတာပါကွယ်"

အဘိုးအို၏ အဖြေကြောင့် ကျွန်တော့်မျက်လုံးက သူ့ရှေ့မှာချထားတဲ့ သံပုံးဆီကိုရောက်သွားပြီး သဘောပေါက်လိုက်မိသည်။

"အဘိုး အသက်ဘယ်လောက်ရှိပြီလဲ"

"ရှစ်ငါးပါကွယ်"

ရုတ်တရက်ဆိုတော့ ကျွန်တော် နားရှုပ်သွားသည်။ ခဏကြာ ရှစ်ဆယ့်ငါးနှစ် ပြောတာပဲလို့ သဘောပေါက်လိုက်သည်။

ခါးကိုင်းနေပြီဖြစ်သော အဘိုးအိုကို ကျွန်တော့်အထင်က ခုနစ်ဆယ့်ငါးနှစ်လောက်ပဲ ရှိမည်ထင်ခဲ့သည်။ ကျွန်တော်ထင်တာနှင့် ကွာနေတော့ အံ့ဩသွားမိသည်။ မထင်ရပါ။ အရေပြားတို့ တွန့်နေပေမယ့် အဘိုးပုံက သန်မာနေသည်။

"အင်းပေါ့လေ လှုပ်ရှားရုန်းကန်နေသူဆိုတော့ ကျန်းမာရေးကောင်းတာနေမှာပေါ့" လို့ တွေးလိုက်မိသည်။

"အဘိုး . . . တစ်နေ့ကို ဘယ်လောက်လောက်မြတ်လဲ"

"နှစ်ထောင် သုံးထောင်လောက်တော့ ရပါတယ်၊ အဘိုးအရွယ်နဲ့ အမြင်မှာလုပ်တော့လဲ တစ်လကို နှစ်သောင်း သုံးသောင်းထက် ပိုမရနိုင်ဘူးလေ၊ ဒါလေးရောင်းတာမှ အဆင်ပြေသေးတယ်ဆိုပြီး လုပ်နေရတာ"

"အဘိုးမှာ သားသမီးတွေ မရှိဘူးလား"

"ရှိပါ့ကွာ၊ ငါးယောက်တောင်ရှိတယ်၊ ဒါပေမဲ့ သူတို့လဲ သူတို့ဒုက္ခနဲ့သူတို့ပေါ့၊ ဒီရန်ကုန်မှာတောင် တစ်ယောက်ရှိတယ်၊ ဒါပေမဲ့ အားကိုးလို့မရပါဘူး၊ သူတို့စိတ်ထဲမှာ မိဘဆိုတဲ့ အသိရှိရဲ့လားတောင် မသိပါဘူးကွာ၊ ငါလဲ ဘယ်သားသမီးမှ အားမကိုးပါဘူး၊ လှုပ်ရှားနိုင်သရွေ့ လုပ်စားနေရဦးမှာပေါ့ကွာ"

ခေါင်းငိုက်စိုက် ချထားရာမှ အဘိုးအိုက စကားတွေ တစ်သီကြီး



www.burmeseclassic.com

www.burmeseclassic.com

ပြောသွားသည်။ အဘိုးအိုကိုကြည့်ပြီး ကျွန်တော် သနားနေမိသည်။ ဒီအရွယ် မိဘကြီးကို သားသမီးငါးယောက် ကျွေးမထားနိုင်ဘူးဆိုတော့. . .

အဘိုးအို၏ အတိတ်ကံလေလား။ သားသမီးတွေအသိပညာကြောင့်လား။ ဒါမှမဟုတ် လောကနီယာမတရားရဲ့ သဘောကြောင့်လားဆိုတာတော့ ကျွန်တော်မသိတော့ပါ။ ကိုယ်မသိတဲ့ မိသားစုမို့လည်း မဝေဖန်လိုတော့ပါ။

ကျွန်တော့်အိတ်ကပ်ထဲက ရှိတဲ့ ပိုက်ဆံလေးတွေကတော့ ခုန်ဆွ ခုန်ဆွ ဖြစ်နေတာ သေချာပြီ။ ဒီသုံးထောင်ကလည်း လကုန်ထိ ကျွန်တော်တို့သားအဖနှစ်ယောက်အတွက် အသုံးစရိတ်ဖြစ်သည်။

ယခုမှ (၂၅)ရက်ပဲ ရှိသေးသည်။ တော်တော့် ခြိုးခြိုးခြံခြံ သုံးရင်တောင် မနည်းလောက်အောင် သုံးရမည်။ ကျွန်တော် တွေဝေနေသည်။ ကားကလည်း လှည်းတန်းကို ကျော်လာပြီ။

သုခမှတ်တိုင်သို့ပင် ရောက်နေပြီ။ ကျွန်တော့်အိတ်ထဲက တစ်ထောင်တန် တစ်ရွက်ကို နှိုက်လိုက်သည်။

ဒီအတိုင်း ပေးလိုက်ရင်လည်း အဘိုးကို စော်ကားသလို ဖြစ်နေမလား။ ဘယ်လိုလုပ်ရပါ့မလဲ တွေးနေစဉ် အကြံတစ်ခု ရလိုက်သည်။

"အဘိုး ကျွန်တော့်ကို အာလူးကြော် တစ်ထုပ်ပေးပါ"

အဘိုးက ကျွန်တော့်ကိုကြည့်ပြီး အားလူးကြော် တစ်ထုပ်ကို သံပုံးထဲမှ နှိုက်ပေးသည်။ ကျွန်တော် အဘိုးကို တစ်ထောင်တန်ပေးလိုက်ပြီး . . .

"ပြန်မအမ်းပါနဲ့ အဘိုး၊ အဘိုးကို ကျွန်တော် ကန်တော့တာပါ"

ကျွန်တော် ထိုင်ရက်မှ အဘိုးကို လက်အုပ်ချီလိုက်သည်။ အဘိုးက ကျွန်တော့်ကို ကြည့်ပြီး. . .

"သာဓုပါကွယ်၊ ငါ့တူ လိုအင်ဆန္ဒတွေ အဆင်ပြေချောမွေ့ပါစေ"

"အဘိုးပေးတဲ့ဆုနဲ့ ပြည့်ပါစေ" လို့ ရင်ထဲက ဆုတောင်းလိုက်မိသည်။

"သမိုင်းလမ်းဆုံဆင်းမယ့် ခရီးသည်များ အပေါက်ဝကို ထွက်လာပေးပါ"

စပယ်ယာ၏အသံကြောင့် ကျွန်တော် ထိုင်ရာမှ ထထွက်ပြီး အဘိုးကို နှုတ်ဆက်မည်ကြည့်လိုက်တော့ ခေါင်းငိုက်စိုက်ချထားသည်ကို တွေ့ရသည်။ ကျွန်တော်လည်း နှုတ်မဆက်ဘဲ ထွက်လာမိတော့သည်။

မှတ်တိုင်ရောက်ပြီး အောက်ကို ဆင်းတော့ မထင်မှတ်ဘဲ မိုးက သည်းချလိုက်သည်။ အိတ်ထဲမှ ထီးကိုထုတ်ပြီး ဆောင်းလိုက်တော့ အဘိုးအို၏ အာလူးကြော်ထုပ်လေးက ထွက်ကျလာသည်။ အာလူးကြော်ထုပ်လေးကို ပြန်ကောက်ပြီး အိတ်ထဲထည့်ထားလိုက်သည်။ ဗိုက်ကလည်း ဆာနေပြီ။ နာရီကိုကြည့်တော့ ၉ နာရီ ထိုးပြီ။

အင်း. . . ဒီညတော့ ဒီအာလူးကြော်ထုပ်လေးက ကျွန်တော့်ညစာ ဟင်းတစ်ခွက်ဖြစ်လိမ့်မည်ထင်ပါသည်။

❒ ဗိုးအေး(မြို့မ)




ဉ္ဇ အရဟံ မေတ္တာ လာဘံ

နတ်မျက်စိ ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

• • • • • • • • • • • • • • • • • • • • • • • • • •

ခုနစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ၊ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို ဗိုက်ထဲမှာ ပုဏ္ဏားလေး ဝင်စားနေသကဲ့သို့ မှန်ကန်သော ဟောချက်များ၊ ထိရောက်သောယတြာများဖြင့် (၂၅)နှစ်တိုင်တိုင် ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

အောင်မြင်သူတို့ ဆုံကြရာ

| | |
|---|---|
| ဟောခန်းတည်နေရာ ➽ | အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ |
| လမ်းညွှန် ➽ | အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။ |
| ဟောပြောချိန် ➽ | နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။ |
| ဆက်သွယ်ရန် ဖုန်း ➽ | ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။ |
| မှတ်ချက် ➽ | *ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။* ကျေးဇူးတင်ပါသည်။ |




www.burmeseclassic.com

www.burmeseclassic.com

ပိုလ်တထောင်ဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံးမီးပွိုင့်တွင် ဖြစ်သည်။ ကျွန်တော်က လမ်း ၅၀ ဘက်သွားရန် ပိုလ်တထောင်ဘုရားလမ်းကို ဖြတ်ကူးဖို့ ဟန်ပြင်နေစဉ် . . .

"ဘာဂဏန်းထွက်လဲဟင်"

မီးပွိုင့်တွင် မီးနီနေသဖြင့် ရပ်တန့်ထားသော တက္ကစီကား တစ်စီးအပေါ်မှ ယာဉ်မောင်း၏မေးလိုက်သံပါ။

"ဗျာ, ဟုတ်ကဲ့. . . ကျွန်တော် မကြားမိသေးဘူးဗျ"

သူ့အမေးကို ပြန်ဖြေကြားလိုက်ရင်း မီးစိမ်းမပြခင် ကတ္တရာလမ်းတစ်ဖက်ကို ဖြတ်ကူးလိုက်ပါသည်။ အမှတ်မထင် ကျွန်တော်မျက်လုံးတို့က လက်မှာပတ်ထားသောနာရီဆီ ရောက်သွားချိန်မှာ နေ့လယ် ၁၂ နာရီ ၄၅ မိနစ်ရှိနေပေပြီ။ ဒါကြောင့် ကျွန်တော့်ကို နှစ်လုံးဘာထွက်သလဲမေးလာခြင်းဖြစ်ပေမည်။ ယခင်က ယိုးဒယားနိုင်ငံ(ထိုင်း)မှာ ဖွင့်သော ထီဂဏန်း၏ နောက်သုံးလုံးကို ချဲထီအဖြစ် လောင်းကစားကြရာ ၁၅ ရက် တစ်ကြိမ်နှင့် တစ်လတွင် နှစ်ကြိမ် လောင်းကစားကြပါသည်။ ယခု အထိ ကစားနေကြတုန်းဟု သိရပါသည်။ ၁၅ ရက်တစ်ကြိမ်ကို လောင်းကစားရတာအား မရဘူးထင့်။ နောက်ပိုင်း မြန်မာထီကို ခုနစ်ရက်ဖွင့်ရာ ဆုကြီးများ၏ ပေါက်ဂဏန်း ၆ လုံး၏ နောက်နှစ်လုံးကို လောင်းကစားကြပြန်သည်။




ထို ၇-ရက်အတွင်း နံနက်ပိုင်း ထီဖွင့်ချိန်များတွင် လူအများ အုန်းအုန်းကျွက်ကျွက် ကစားကြပုံကို ယခုထိတိုင် မြင်ယောင်မိပါသေး၏။ နောက်သိပ်မကြာလိုက်ပါ။ မြန်မာထီကို တစ်ရက်တည်းနှင့် အပြိုင်ဖွင့်လိုက်တော့မှ မြန်မာထီကို နှစ်လုံးအဖြစ်လောင်းကစားခြင်းလည်း ပ,ပျောက်သွားတော့၏။ ဒါပေမဲ့ သိပ်ကြာကြာမခံပါ။

ယိုးဒယား(ထိုင်း) စတော့ရှယ်ယာဈေးကွက်မှ ထွက်ပေါ်လာသော ဂဏန်းများကို မည်သူမှ တီထွင်လိုက်သည်မသိ၊ နှစ်လုံးထီအဖြစ် ပြန်လည်လောင်းကစားလာရာ ယခုတိုင်အောင်ပင်ဟု ဆိုရပေမည်။ ဒါတောင် စတင်လောင်းကစားစဉ်က မနက်ပိုင်းတင်ဖြစ်ပြီး နောက်ပိုင်းတွင် ညနေ ၄ နာရီနောက်ပိုင်းအထိ လောင်းကစားလာခဲ့ကြရာ စနေ၊ တနင်္ဂနွေနှင့် သူတို့နိုင်ငံ၏ နေ့ကြီး ရက်ကြီးများတွင် ပိတ်ပြီး ဖွင့်သည့်နေ့တိုင်း မနက်တစ်ချိန်၊ ညနေတစ်ချိန် လောင်းကစားကြပါသည်။

"ဟိုဘက်အိမ်က မိန်းမနဲ့တွဲနေတဲ့ မမိုးကို သိလား"

ညနေပိုင်း မြို့ထဲမှ အိမ်ပြန်ရောက်ချိန်တွင် ကျွန်တော် ရေချိုးဖို့ပြင်နေစဉ် ဇနီးဖြစ်သူမှ ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်ခြင်းပါ။

"အေး. . . သိသားပဲ၊ အပျိုကြီး မမိုးကိုပြောတာမဟုတ်လား၊ သူ့အစ်ကိုက နိုင်ငံခြားသင်္ဘောအရာရှိပဲ"

"ဟုတ်တယ်၊ အဲဒီမမိုး နှစ်လုံးထိုးတာ အခု သိန်းနှစ်ဆယ်ကျော်



www.burmeseclassic.com

www.burmeseclassic.com

အကြွေးတင်နေလို့ ပြဿနာ တက်နေတယ်တဲ့"

"ဟေ့, ဟုတ်လား၊ ဟ. . . ဒါလောက်တောင်ထိုးရသလားကွ၊ မကျိန်းသေတဲ့ ကိစ္စတစ်ခုကို ဒီလောက်ရင်းရသလား"

"သူလဲ ရမလားလို့လုပ်တာပေါ့"

"အေး. . မင်းတို့မိန်းမတွေက ယောကျ်ားတွေထက် ပိုဆိုးနေသေးတယ်၊ မိန်းမတွေလောင်းကစားလုပ်တာ ကောင်းတဲ့လက္ခဏာမဟုတ်ဘူးကွ၊ ဟိုတုန်းကလောင်းကစားဆိုတာယောကျ်ားတွေပဲ လုပ်ကြတာ၊ အခုတော့ မိန်းမတွေက ယောကျ်ားတွေထက် လက်စောင်းထက်နေပါပေါ့လားကွဟင်" ဟု ပြောလိုက်တော့ ကျွန်တော့်ဇနီးလည်း ဘာမှ ပြန်မပြောတော့ပါ။

ဘယ်ပြန်ပြောတော့မလဲ။ သူလည်းထိုးနေတာကိုး။ ဒါပေမဲ့ တော်သေးရဲ့၊ သူက သိပ်လောဘကြီးပုံမရ၍ ဖြစ်သည်။ သို့သော် ကျွန်တော်ကတော့ လုံးဝရှောင်စေချင်ပါသည်။ ခက်သည်၊ လူ ဆိုတာကလည်း မကောင်းမှုမှာ မွေ့လျော်တတ်သည် မဟုတ်ပါလား။ တစ်ခါလောက်စမ်းသပ်မိ၍ စွဲသွားသူက များ၏။

"လုပ်ပါ အစ်မရယ်၊ ပထမ ယူထားတာရော, နောက်ယူထားတာရော အတိုးကို ကျွန်မပေးပါ့မယ်၊ စိတ်ချပါနော်"

"နင်တို့ ရိုးရိုးသားသားရှာရင် ရရက်သားနဲ့၊ အဲဒီနှစ်လုံးထိုးနေလို့က တော့ လူမွေးလူတောင် ပြောင်မှာမဟုတ်ဘူး၊ ငါ ငွေချေးစားတာ နင်တို့ဘဝကို ကိုယ်ချင်းစာလို့ သိလား၊ နင်တို့နှစ်လုံးထိုးတာမလျှော့ရင် ဘယ်လောက်ရှာရှာ လောက်မှာမဟုတ်ဘူး"

ပုဇွန်တောင်ဈေးထဲမှ ဖြတ်လျှောက်လာစဉ် ကျွန်တော့်နားစည်အတွင်းသို့ တိုးဝင်လာသော အချေအတင် စကားပြောသံတချို့ကြောင့် အသာစောင်းငဲ့ကြည့်လိုက်ရာ အဝတ်အစား နွမ်းနွမ်းဝတ်ထားသော မိန်းမတစ်ယောက်နှင့် အသက်ကြီးကြီး သပ်ရပ်စွာဝတ်ဆင်ထားပြီး ဆွဲပြားပါ ရွှေဆွဲကြိုးကြီးကို လည်ပင်းတွင်ဆွဲထားသော မိန်းမကြီးမှာ ဈေးအတွင်း ငွေတိုးပေးစားနေသူတစ်ယောက် ဖြစ်ပါလိမ့်မည်။

"နင်အုံနာခ ဘယ်နှရက်ရှိနေပြီလဲ၊ အခုပေး၊ နင်မပေးရင် ငါ ဆိုက်ကား ပြန်သိမ်းမယ်၊ နင့်စပေါ်ငွေထဲက နှိမ်တာလဲ ဘာမှ မရှိတော့ဘူး"

"ဟုတ်ကဲ့ပါ အစ်မရယ်၊ ကျွန်တော် ညနေကို ဆက်ဆက်ပေးပါ့မယ် စိတ်ချပါခင်ဗျာ"

ခုနက ငွေတိုးပေးစားနေသူနှင့် ငွေတိုးယူ၍ လမ်းဘေးဈေးရောင်းသူတို့ ပြောဆိုသံများကို ဖြတ်ကျော်မိရုံလေးမှာ ဈေးတွင်းဆိုက်ကားဂိတ်နားအရောက်မှာ ဆိုက်ကားအုံနာ(ပိုင်ရှင်)နှင့် ဆိုက်ကားနင်းသူ တို့၏အသံပါ။

"ကျော်မြင့်တော့ အုံနာလိုက်လာပြီး ကော(အပြောခံ)နေပြီ၊ ဒီကောင်ညကလဲ ဘောလုံးပွဲလောင်းတာ ရှုံးလို့တဲ့၊ မနက်က ငါ့ကိုပြောပြနေသေးတယ်၊ အုံနာခမပေးနိုင်တာ ငါးရက်ရှိနေပြီလို့ ပြောတာပဲ"

"ဟာ, ဒီကောင်က ဘောလုံးပွဲလောင်းရုံတင်ဘယ်ကမလဲ၊ နှစ်လုံးထိုးတာလဲ ရက်စက်တယ်၊ ဆိုက်ကားနင်းလို့ရသမျှ အိမ်ပြန်ပေးတာ နည်းနည်းရယ်၊ ဘောလုံးပွဲလောင်းရင်လောင်း၊မလောင်းရရင် နှစ်လုံးကတော့ မနက်ရော ညနေရော နေ့တိုင်းထိုးနေတာကွ"

ဆိုက္ကားအုံနာ(ပိုင်ရှင်)ဖြစ်သူဟုထင်ရသောမိန်းမမှ အော်ငေါက်ပြောဆိုခံနေရသူ၏ အကြောင်းကို ကျန်ဆိုက်ကားနင်းသူ အဖော်နှစ်ဦးမှ ဝေဖန်ပြောဆိုနေခြင်း ဖြစ်ပါသည်။

"နောက်လမ်းက သင်္ဘောသား မိန်းမတစ်ယောက်တော့ ပြေးပြီတဲ့"

ကျွန်တော် အပြင်မှပြန်လာလို့ အိမ်ပေါ်တောင် မရောက်သေး၊ ကျွန်တော်၏ဇနီးမှ ပြောလိုက်ခြင်းပါ။

"ဟေ, ဘယ်သူတုံး၊ ကို့ရပ်ကွက်က သင်္ဘောသားရပ်ကွက်ဆိုတော့ မင်းပြောတာ ဘယ်သူလဲ"

"ရှင်ကအိမ်မှာနေတာကိုး၊ ဘယ်သူလို့ပြောလဲ သိမှာမဟုတ်လို့ နာမည်ပြောလို့ရော ရှင်က သိမှာတဲ့လား၊ သူ့ယောကျ်ားက နိုင်ငံခြားက ငွေလွှဲလိုက်သူက နှစ်လုံးထိုးထားလို့ တင်နေတဲ့ အကြွေးတွေဆပ်လိုက်နဲ့ သံသရာလည်နေတာ၊ အခု အိမ်ကိုရောင်းလိုက်ရပြီလေ၊ ယောကျ်ားက ရွှေ့အပတ်ထဲ ပြန်လာမှာဆိုတော့ သူ့ကို သတ်မှာစိုးလို့ ပြေးပြီလို့ ကြားတာပဲ"

"ဟေ, ကောင်းရောကွာ၊ မိန်းမတွေတန်မဲ့ မဆင်မခြင် ကိုယ့်ယောကျ်ားက ရေခြားမြေခြားမှာ အသက်နဲ့ရင်းပြီး ရှာရသမျှ အိမ်ကမိန်းမက ဒီလောက်တောင် ဘဝပျက်အောင် လုပ်ရက်ကြတာ ငါတော့ အံ့ဩလို့မဆုံးဘူးကွာ"

ကျွန်တော်၏ဇနီး ပြောသလို သင်္ဘောသားမိန်းမဆိုတာကို အမည်ပြောပြလည်း သိမှာမဟုတ်ပေမယ့်ကြားရချက် နားဝမသက်သာဆိုသလို ဖြစ်မိ၍ ယခုလိုပြောလိုက်ရခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ အလွန်အကျွံလောင်းကစားကြသဖြင့် ဘဝပျက်သွားကြသောအဖြစ်အပျက်များစွာရှိပါ၏။ လောင်းကစားဝါသနာကြီးသူ ကျွန်တော်နှင့် ရင်းနှီးသော မိတ်ဆွေအချို့က ပြောပါသည်။

"ခင်ဗျားက လောင်းကစားမလုပ်တော့ ပြောအားရှိတာပေါ့၊ အခု လူတွေ ဘယ်လောက် ကျပ်တည်းနေကြသလဲ သိလား၊ ဒီလိုနှစ်လုံးမထိုးဘဲ ရိုးရိုးတန်းတန်း ရှာစားနေလို့က ဒီအစိုးရ လက်ထက်မှာ ငတ်သေဖို့ပဲရှိတော့တယ်"တဲ့။

တကယ်တော့ မြန်မာပြည်တွင် ငတ်သေသည့်မသာ မရှိပါ။ မိမိတို့၏ လော်မာမှု၊ သီလပျက်မှုတို့ကို နောက်ဆုံးအစိုးရအပေါ် ပုံချခြင်းသာဖြစ်၏။ အစိုးရပုံချသည်ဆို၍ သွားသတိရမိတာ လေးတစ်ခုဖော်ပြချင်မိ၏။ ကျွန်တော်၏ အိမ်သို့ ဆွမ်းခံကြွသောကိုယ်တော်လေး



www.burmeseclassic.com

www.burmeseclassic.com

နှင့် တရားစကားပြောရင်းမှ ဦးပဉ္စင်းလေးမှပြောပြသွားသော ပုံပြင်တစ်ပုဒ်ဖြစ်၏။

တစ်ခါတုန်းက တိုင်းပြည်တစ်ခုတွင် မင်းကိုးကွယ်သည့် ကိုးပါးသီလလုံသော ဖိုးသူတော်တစ်ယောက် ရှိပါသည်။ တစ်နေ့မှာ ဖိုးသူတော်ဆွမ်းခံပြန်လာရာလမ်းတွင် ပြောင်းခင်းတစ်ခုအနားမှ ဖြတ်သန်းလာစဉ် ဖိုးသူတော်မှ ပြောင်းဖူးတစ်ဖူးကို ချိုးယူဆွတ်ခူးလိုက်ပြီး ပြောင်းဖူးရှိဖက်များကို ဖြဲကြည့်မိ၏။ အထဲမှပေါ်လာသော ပြောင်းဖူးစေ့များမှာ ကျိုးတိုးကျဲတဲရှိနေသည်ကိုမြင်လိုက်လျှင်. . .

"ဒီပြောင်းဖူး စိုက်တဲ့သူကလဲကွာ၊ မြေဆီဩဇာကောင်းကောင်းပြုပြင်ပြီး မစိုက်ပျိုးခဲ့လို့လားမသိဘူး၊ ထွက်လာတဲ့ ပြောင်းဖူးရဲ့အစေ့အဆန်တို့ကလဲ မကောင်းလိုက်တာ" လို့ မြည်တွန်တောက်တီးလိုက်တယ်ဆိုရင်ပဲ ဒီပြောင်းခင်းကို စိုက်သူမှ ကြားသွားတော့. . .

"အို၊ ဖိုးသူတော်ရယ်. . . ဒီလိုတော့မပြောပါနဲ့၊ ကျုပ်လဲပဲ မြေဩဇာကောင်းနဲ့ စိုက်ပျိုးခဲ့တာပါပဲ၊ ဓာတ်ခံဖြစ်တဲ့ မြေကြီးကိုယ်၌က ညံ့လို့နေမှာပါ"လို့လည်း ဆိုလိုက်ရော မြေကြီးက. . .

"အို၊ ကျုပ်က ဓာတ်ခံညံ့လို့ဟုတ်ပါ့မလား၊ ရာသီဥတုကပူ၊ မိုးကမရွာတော့ ကျုပ်ကလဲ ဘယ်လိုလုပ်ပြီးပံ့ပိုးပေးနိုင်ပါ့မလဲ" ဆိုပြီး မြေကြီးကလည်း ညည်းတွားလိုက်ပါသတဲ့။

ဒါနဲ့ မိုးကလည်း မြေကြီးပြောတာ ကြားသွားပြီး. . .

"အောင်မယ်. . . ငါ့ကိုလွှဲမချပါနဲ့ကွာ၊ ငါတို့ မိုးလေဝသ မမှန်တာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူကမှ သီလမလုံတာကိုး"လို့ ဆိုလိုက်တော့၊ မင်းကလည်း. . .

"ကျုပ်ကိုးကွယ်တဲ့ ဖိုးသူတော်ကိုယ်၌က သူများပြောင်းခင်းထဲက ပြောင်းဖူးတစ်ဖူးကိုတောင် ပိုင်ရှင်ဆီက ခွင့်မတောင်းဘဲ ခူးဆွတ်တဲ့ ခိုးမှုမြောက်နေပြီဖြစ်တော့ သူတော်ကိုယ်တိုင်စောင့်ထိန်းနေတဲ့ ကိုးပါးသီလမှမလုံရင် ကျုပ်အပါအဝင် ပြည်သူတွေစောင့်ထိန်းရတဲ့ ငါးပါးသီလက ပို၍ပင် မလုံတော့ပြီလော" ဟူ၍သတည်း။

ဦးပဉ္စင်းလေး ပြောပြသွားသော ပုံပြင်လေးသည် ဤမျှသာဖြစ်၏။ ပုံပြင်ထဲကလို တစ်ဦးကိုတစ်ဦး အပြစ်ပုံမချသင့်ဘဲ မိမိတို့ခံယူထားသည့် ဘာသာအယူဝါဒ၏ ဆိုဆုံးမမှုများကို သိရှိလိုက်နာသင့်ပါသည်။ မြတ်ဗုဒ္ဓ၏ ၃၈ ဖြာမင်္ဂလာတွင် ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသာမက ကမ္ဘာတွင်ရှိ လူသားမှန်သမျှ လိုက်နာကျင့်သုံးစရာများကို ဟောကြားထားခဲ့ပြီးဖြစ်၏။

ယင်းမင်္ဂလာတရား ၃၈ ပါးထဲမှ တစ်ပါးဖြစ်သော **အနဝဇ္ဇာနိကမ္မာနိ၊ ဧတံမင်္ဂလမုတ္တမံ**တွင် **အနဝဇ္ဇာနိ** - အပြစ်မရှိကုန်သော၊ **ကမ္မာနိစ** - အမှုတို့ကိုပြုရခြင်းသည်လည်းကောင်း၊ **အတ္ထိ** - ရှိ၏။ **ဧတံ** - ဤလေးပါးသောတရားသည်သာလျှင်၊ **ဥတ္တမံ** - မြတ်စွာသော၊ **မင်္ဂလံ** - မင်္ဂလာမည်၏ဟုဆိုထားရာ၊ မိမိတို့ပြုလုပ်သည့်ကိစ္စရပ်တိုင်း အမှုကိစ္စတိုင်းသည် အပြစ်ကင်းပါစေဟု မြတ်ဗုဒ္ဓမှဟောကြားထားတော်မူပြီးဖြစ်၏။

ထို့ကြောင့် အပြစ်မကင်းသော အလုပ်တို့ကို အကြောင်းအမျိုးမျိုးပြ၍ ယခုတိုင်ပြုလုပ်နေကြဆဲ ရှေ့ဆက်၍ပြုလုပ်နေကြဦးမည်ဆိုပါက ယခုပစ္စုပ္ပန်တွင်ပင် ဘဝနှင့်ရင်းပြီး ပျက်စီးကြရပါလျှင် နောင်အနာဂတ်သံသရာတွင်ခံကြရမည့် ဆိုးကျိုးတို့ကို ထည့်တွက်သင့်ပါ၏။ မှားယွင်းသောအယူဝါဒကို ခံယူကိုးကွယ်မိနေသူတစ်ယောက်မှ အပြစ်မကင်းသည့်အလုပ်ကို လုပ်မိနေသူအဖို့ အပြစ်မဆိုသာသော်လည်းမှန်ကန်သည့် မြတ်ဗုဒ္ဓ၏အယူဝါဒကိုခံယူထားပါလျက်နဲ့ မြတ်ဗုဒ္ဓ၏အဆုံးအမများကို မသိရှိ၊ သိရှိသော်လည်း သိသိကြီးနှင့် ကျင့်သုံးလိုက်နာမှုမရှိသူ မိုက်တွင်းနက်နေသူများမှာ ဒုနဲ့ဒေးဟုသာ ဆိုလိုက်ချင်၏။

ထိုသူများမှာ တစ်ရာတွင် ကိုးဆယ့်ကိုးရာခိုင်နှုန်းမျှ ရှိသည်ဟုဆို၏။ ယင်းတို့သည် မိမိကိုယ်ဝေဖန်ဆန်းစစ်မှုမရှိကြ။ သူတို့၏အကြောင်းပြချက်တစ်ခုဖြစ်သော လေ့မျော လေ့နဲ့လိုက်၊ ငွေမျောငွေနဲ့လိုက် ဟူသော ဆောင်ပုဒ်ကို အမှန်ဟုထင်ကာ ငွေနောက်သို့လောင်းကစားနည်း အမျိုးမျိုးတို့နှင့်လိုက်ကြရင်းမှ ချမ်းသာသွားသည်ဆိုတာ မကြားမိမမြင်မိဘဲ ဘဝပျက် ဆင်းရဲသွားကြသူများကိုသာ မြင်တွေ့ကြားမိကြမည်သာ ရှိပေမည်။

လောင်းကစားမှုကြောင့် ချမ်းသာသွားသူသည်လည်း တစ်ရာတွင် တစ်ယောက်သာရှိပေမည်။ ထိုသူသည်လည်း အတိတ်ကံအကြောင်း ကောင်းမှုကြောင့် သော်လည်းကောင်း၊ ယခုပစ္စုပ္ပန်လောင်းကစားမှုမှ ကံအားလျော်စွာ အကြောင်းတိုက်ဆိုင်မှုကြောင့်သာလျှင် တဒင်္ဂချမ်းသာခြင်းမျှသာဖြစ်ပြီး ယခုပစ္စုပ္ပန်မကောင်းသည့် လောင်းကစားခြင်းဟူသော အကြောင်းတရားကြောင့် နောင်မကြာသောအချိန်ကာလ ယခုပစ္စုပ္ပန်မှာတင်ရရှိလာမည့် အကျိုးပေးများမှာ ထိုသူ၏နောက်တွင် စောင့်ဆိုင်းလျက် ရှိနေပါကြောင်းကို မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ သတိပေး ရေးသားလိုက်ရပါတော့သည်။

❒ **မြင့်နိုင်(ဟင်္သာတ)**

**ကျမ်းကိုး။**

မြောင်းမြတိုက်သစ် ပဋ္ဌာနတာရုံနှင့် မှော်ဘီသာသနာ့ဝန်ဆောင်ဆရာတော် အရှင်ကုမာရ၏ကိုယ်ကျင့်မင်္ဂလာမှ။



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

"အလှပြင်သင်တန်းတက်ရင် ဘယ်လောက်ကြာလဲ ဟင်. . . ဦး"

ချုံထည်ကိုခွာပြီး သူ့ကိုယ်ပေါ်မှ ဆံပင်မွေးများကိုခါချ ပေးနေခိုက် မေးလိုက်ခြင်းဖြစ်၏။ ထိုအမေးအတွက် အဖြေမှာ ကျယ်ဝန်းလှသဖြင့် "မှန်မှန်လဲတက်မယ်၊ စိတ်ဝင်စားမှုလဲရှိမယ်၊ လက်တွေ့လဲ လုပ်ခွင့်ရမယ်၊ ပင်ကိုဉာဏ်လဲ ကောင်းမယ်၊ ပညာအခြေခံလဲ အသင့်အတင့်ရှိမယ်၊ စိတ်လဲ ငြိမ်မယ်၊ လေ့လာအားလဲ ကောင်းမယ်ဆိုရင် သုံးလလောက်ဆိုရင် လုပ်စားလို့ရပါပြီ၊ ဒါပေမဲ့ တစ်သက်လုံး ဆက်တော့ လေ့လာသွားရမယ်"ဟု ရှည်ရှည်ဝေးဝေး ဖြေလိုက်မိသည်။

"သမီးမှာ အချိန်သိပ်မရှိဘူးဆရာ၊ အဲ, ဆရာလို့ပဲ ခေါ်လိုက်တော့မယ်နော်၊ ခုပဲ အပ်ပါ့မယ်၊ သင်တန်းကြေးကိုတော့. . ."

ဈေးစကားပြောရကိုင်း အားတုံ့အားနာဖြစ်တတ်သော ကိုယ့်အကျင့်အတိုင်း. . .

"ရပါတယ်၊ တစ်ဝက်ပေးထားပြီး နောက်မှအကျေပေးလဲ ဖြစ်ပါတယ်"

"မဟုတ်ပါဘူး ဆရာ၊ တစ်ခါတည်း အကျေယူထားပါလို့ သမီးက ပြောမလို့ပါ၊ အပြီးပေးလိုက်တာက သေချာတာပေါ့နော်ဆရာ၊ ခုပဲ သမီးရဲ့ဦးဆီက တောင်းလိုက်မယ်"

ဘာကို သေချာချင်တာမှန်း ကိုယ်စဉ်းစားနေခိုက် လှစ်ခနဲ ဆိုင်ပြင်သို့ အပြေးလေးထွက်သွား၏။

"ဆံပင်ညှပ်ခ ပေးမသွားသေးဘူး ကိုကြီး"ဟု တစ်ဖက်ခုံမှ တပည့်မ ပပဝင်းက သတိပေးသည်။

"ရပါတယ်ကွာ၊ ကိုယ့်တပည့်ဖြစ်ရင် အလကားတောင် ညှပ်ပေးရမယ့်ဟာ"

"ကိုကြီးက ရတယ်လုပ်နေ၊ သူကဖြင့် ဘယ်ထွက်သွားမှန်းတောင်မသိဘူး၊ ဟိုတစ်ခါကလို ပေါ်မလာဇာတ်ကား ရိုက်သွားဦးမယ်"

ပပတို့ သင်တန်းတက်စကပေါ့၊ ကလေးအမေ တစ်ယောက် တစ်ခေါင်းလုံး ဆံပင်ကောက်ရင်း ထိုင်စောင့်နေတုန်းမှာ ဖြစ်ပျက်သွားခဲ့၏။

ဆေးထည့်ပေးအပြီးမှာ . . .

"ကလေးအိမ်သာသွားတက်ဦးမယ်"ဆိုပြီး ထွက်သွားသည်။ "အဝတ်လဲပေးရဦးမှာ"ဆိုပြီး ဆိုင်ဝရောက်မှ ဆွဲခြင်းပါ ယူချသွားသည်။

မိုးချုပ်သည်အထိ ပေါ်မလာ။

"မျှော်တလင့်လင့် တင်တင်ညို လုပ်မနေနဲ့ ပပရေ၊ အဲဒါတကယ်ပဲ ဖိုးတွမ်တီးရိုက်သွားတာ၊ ချုပ်ဆေးထည့်ပြီးမှ ဆိုတော့ သူ့ဘာသာဖြေပြီး ခေါင်းလျှော်လိုက်ရုံပဲ၊ ပြီးမှ တစ်ဆိုင်ဆိုင်ဝင်ပြီး setting လုပ်၊ ပုံချလိုက်ရင် ဆံပင် အလကားကောက်ရသလိုပါပဲလေ"

"အခုမဲ့ကောက်ရတာထက်တောင် ပိုမြတ်သေးတယ်၊ သူ့ခေါင်းပေါ်မှာပါသွားတဲ့ ကောက်တံတွေ၊ မျက်နှာသုတ်ပဝါတွေလဲရှိသေးတယ်လေ"

တစ်ပတ်ရိုက်ခံရမှုအတွက် ထိုနေ့က အမျက်ထွက်ခဲ့ရပေမယ့် ခုတော့ ရယ်စရာအဖြစ် ပြောနိုင်ခဲ့ပေပြီ။

ခုကောင်မလေးကမူ တကယ်ပြန်လာခဲ့ပါသည်။

"လောလောလောလောနဲ့ ထွက်သွားလိုက်တာဆရာရယ်၊ ဆံပင်ညှပ်ခတောင် ပေးမသွားရသေးဘူး"ဟု ပြောရင်း သင်တန်းကြေးပါပေးဆောင်သည်။

"သမီး မနက်ဘယ်အချိန်လာရမလဲ ဆရာ"

"ဆိုင်ဖွင့်ချိန် မနက် ၈ နာရီနဲ့ ညနေ ၆ နာရီကြား မင်းလာချင်တဲ့အချိန် လာနိုင်တယ်၊ မင်္ဂလာဆောင်တို့ ဘွဲ့ယူတာတို့ရှိရင် ဒီအစ်မတွေနဲ့ အတူစုပြီး ညလာအိပ်နိုင်တယ်"

"ညလာအိပ်တာတော့ မဖြစ်ဘူးထင်တယ်"ဟု သူခပ်ညည်းညည်းလေး ပြောသည်။

"ဦးက လွှတ်မှာမဟုတ်ဘူး" ဆိုမှ တစ်စုံတစ်ရာကို ကိုယ်သတိရသွားသည်။

"ဒါနဲ့ မင်းရဲ့အုပ်ထိန်းသူတွေကော၊ လူကြီးတွေလိုက်လာပြီး မအပ်ဘူးလား"

"ဦးပါလာတယ်လေ. . ဆရာရဲ့၊ ဦးက ကျေနပ်လို့ သင်တန်းကြေးတောင် ထုတ်ပေးလိုက်ပြီ၊ ရပါတယ် ဆရာ၊ သမီး ဆရာ့ကိုယုံပါတယ်၊ သွားမယ်နော်ဆရာ၊ မနက်ဖြန်မှပဲ စောစောလာခဲ့ပါ့မယ်၊ ဦးက ကြာကြာစောင့်နေရရင် စိတ်မရှည်ဘူး"

ကျောပိုးအိတ်လေးကို ဆတ်ခနဲ ပခုံးထက်မှာ လွယ်ရင်း သူ ထွက်သွား၏။ ပပက ညှပ်လက်စ ကတ်ကြေးကို ပစ်ချကာ အပြေးလေးထွက်ပြီး စပ်စုသည်။ ပေးသွားသည့်ငွေကို အံဆွဲထဲ ကိုယ်ထည့်နေစဉ် ပပ ပြန်ရောက်လာ၏။

"ပါဂျဲရိုနဲ့ လာတာကိုကြီးရေ့၊ ခေသူတော့ မဟုတ်ဘူး"ဟု သတင်းပို့သေးသည်။

နာမည်လည်းမပြော၊ နေရပ်လိပ်စာလည်း မပေးခဲ့ဘူး၊ ဟုတ်တော့ နေပါပြီ။

"သွက်တော့သွက်တယ်နော် ကိုကြီး၊ ကျွန်မတို့ဖြင့် ကိုကြီးကို ကြောက်လိုက်ရတာ၊ သူကတော့ အေးဆေးပဲ"

"နင့်ဟာကလဲ ကြောက်တာပဲ အဖော်ရှာနေရသေးတယ် ပပရယ်၊ သူက နင်တို့လို အဖော်မှ မခံရသေးတာ ဘယ်ကြောက်တတ်ဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က မိန်းကလေးများနှင့် ဆက်ဆံနေရသည့် အလုပ်မို့ အရောတဝင်မနေ၊ ကိုယ့်အလုပ်ကိုယ် ပီပြင်အောင် သာလုပ်ပေးပြီး ခပ်တင်းတင်းပင်နေထိုင်တတ်၏။ ဖော်ရွေမှု မရှိသလိုဖြစ်ခဲ့ပေမည့် ကြာတော့လည်း ဒါကပဲ ကိုယ့်စတိုင် ဖြစ်သွားခဲ့သည်။

ဘာပဲဖြစ်ဖြစ်လေ သည်တပည့်မကတော့ "ချည်သေး၍ ချားမလည်"တာလား မသိ၊ ငယ်သေး၍ နားမလည်ဟုသာ ကိုယ် မှတ်ယူထားလိုက်ရပေပြီ။

❖

"ဟယ်, ညည်းအခု ၁၆နှစ် မပြည့်သေးဘူး။ အေး, အစ်မလဲ ငယ်သေးတယ်လို့ ထင်တော့ထင်သား။ ဒီ့လောက် ငယ်မယ်လို့သာ မထင်တာလေ၊ ၁၈, ၁၉ လောက်ထင်တာ၊ ညည်းက ထွားတာကိုး"

"သမီးက စကပ်ဝတ်ချင်တာ၊ ဆရာ ဆူမလားဟင် အစ်မ"

"ဟဲဟဲ. . . ညည်းက ကိုကြီးဆူမှာတော့ ကြောက် ဖော်ရသား၊ ဝတ်ချင်တာဝတ်ပါ၊ အဲဒါက အကြောင်းမဟုတ် ပါဘူး"

"ဒါဖြင့် ဘာက အကြောင်းလဲဟင်"

"ကိုကြီး ပြောနေကျစကားပဲ အစ်မ ပြန်ပြောမယ်၊ မြန်မာဆန်ဆန်ပဲဝတ်ဝတ်၊ ခေတ်ပေါ်အဝတ်အစားပဲဝတ်ဝတ်၊ စမတ်ကျပြီး သပ်ရပ်ရင် လက်ခံတယ်တဲ့၊ ဒါပေမဲ့ သိက္ခာရှိရှိ တည်တည်ကြည်ကြည် ဖြစ်ရမယ်တဲ့၊ အလှပြင်ပေးတဲ့ သူဟာ အလှလာပြင်တဲ့သူတွေအတွက် စံပြဖြစ်အောင်လဲ နေတတ် ရမယ်တဲ့၊ ပြီးတော့. . ."

ပပ အသံတိုးသွားသည်ကို ကိုယ်ကြားဖြစ်အောင်ကြား လိုက်ရသည်။

"ပြီးတော့ ကိုကြီးပြောတဲ့ စကားတစ်ခု ရှိသေးတယ်၊ ညဲ့ရင်လဲ ငါ့တပည့်မလုပ်နဲ့၊ နန့်ရင်လဲ ငါ့တပည့်မလုပ်နဲ့တဲ့၊ ကိုကြီးက ဣန္ဒြေမရဖြစ်ရင်လဲ မကြိုက်ဘူး၊ ထုံထုံထိုင်းထိုင်း ဆိုရင်လဲ မကြိုက်ဘူး"

"ဟင်, ဟုတ်လားအစ်မ၊ သမီးတော့ ဆရာ အဆူခံထိ တော့မယ် ထင်တယ်"

"ညည်းက သွက်သားပံ့အေ့၊ ကိုကြီးသဘောကျမှာပါ၊ ထုံမှုံတော့ မရပါဘူး"

ကိုယ့်ပထမဆုံးသင်ခန်းစာမှာ ဆံပင်ညှပ်သည်ဖြစ်စေ၊ မိတ်ကပ်လိမ်းသည်ဖြစ်စေ ပြုလုပ်ရမြဲဖြစ်သော မျက်နှာကို လေ့လာခြင်းဖင်ဖြစ်၏။

လေ့လာနည်းကို သင်ပြီးနောက် ကိုယ်တိုင်ပဲ စမ်းသပ် ခဲ့လုပ်ကာ. . .

"ကဲ, ငါ့မျက်နှာကို အရင်ဆုံး အကဲခတ်ပြစမ်း"ဟု ခိုင်း လိုက်ရာ၊ ခပ်သွက်သွက်ပင် တရစပ်ပြောချသည်။

"အသားညိုတယ်၊ ဆံပင်သန်တယ်၊ ဆံပင်အရောင်က အနက်၊ နဖူးအနေတော်ပဲ၊ မျက်ခုံးထူတယ်၊ မျက်စိတစ်ဖက် အဲ, ညာဘက် အနည်းငယ်ကျဉ်းတယ်၊ မျက်သားအရောင် မလှဘူး၊ နှာတံပေါ်တယ်၊ ပါးပိန်တယ်၊ မျက်နှာမှာ မှဲ့ခြောက် တွေရှိတယ်၊ နှုတ်ခမ်းအရောင် ညိုတယ်၊ ကုပ်ပုတယ်၊ ဗိုက်ပူ တယ်၊ ပြီးတော့. . ."

"တော်ပါတော့ဟယ်၊ ညည်းပြောတာနဲ့ ငါတို့ကိုကြီးမှာ ရစရာမရှိတော့ဘူး၊ ဟဲ. . . ဟဲ"

ပပက ရယ်ရင်းတားသည်။

"ဆရာက ပြောပါဆိုလို့ ပြောတာပါ အစ်မရယ်"ဟု သူက စောဒကတက်သေးသည်။

"ဟုတ်ပါပြီ၊ မှန်ပါတယ်၊ မင်းပြောတာ အမှန်တွေပါပဲ၊ ဒီလို ချို့ယွင်းချက်တွေရော ကောင်းတဲ့ အချက်တွေရော သိထားမှ အလှပြင်ပေးတဲ့အခါ ဖုံးတန်တာဖုံး၊ ဖော်ကျူးသင့် တာဖော်ကျူးပြီး လုပ်ပေးလို့ရတာပေါ့"လို့ ကိုယ့်မှာ ရယ် သွမ်းသွေးရင်း ပြောပြရသည်။

"ကိုကြီးတော့ ကောင်းကောင်းထိပြီ"ဟု ပပက ဩဘာ ပေးသည်။

"ဒါထက် မင်းနာမည် ဘယ်သူ. . ."

"ပိုးပိုး၊ အဲ . . . ပိုးလေးလို့ပဲ ခေါ်ပါဆရာ"

ဘယ်ခါမှ ပြတ်ပြတ်သားသား မရှိလှသော သူ့ကို ပထမဆုံး ကိုယ်သတိထားမိသွားသည်။





www.burmeseclassic.com

www.burmeseclassic.com

"နာမည်ပြောတာများတယ်၊ ပဟေဠိ လုပ်နေရသေးတယ်၊ ဧည့်စာရင်းစစ်တာမဟုတ်ပါဘူးဟဲ့၊ ကိုကြီးက ညည်းကို ဘယ်လိုခေါ်ရမလဲ သိချင်လို့ မေးတာပါ၊ ဟုတ်တယ် မဟုတ်လား ကိုကြီး"

"ထားပါတော့လေ၊ ပိုးလေးလို့ပဲမှတ်ထားမယ်၊ ဒါပေမဲ့ မင်းပြန်ခါနီးရင် နာမည်ရင်း၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်နံပါတ်၊ မိဘအမည်၊ နေရပ်လိပ်စာတွေ အပြည့်အစုံရေးပြီး ဒီမမဆီမှာ ပေးခဲ့၊ မင်းတို့က မိန်းကလေးတွေမို့ ကိုယ့်မှာတာဝန်ရှိတယ်လေ၊ ကဲ၊ ပပရေ ကတ်ကြေးနဲ့ ဘီးချွန်ရယ် ဆံတုတစ်ထွာလောက်ရယ်ပေး၊ ကတ်ကြေးကိုင်နည်း စသင်မယ်၊ ပြီးတော့ မမတို့နဲ့ အတူလေ့ကျင့်မယ်နော်၊ မသိတာရှိရင်လဲ အစ်မတွေကို မေးနိုင်တယ်"

"စတော်ဘယ်ရီပါ ကိုကြီးရယ်၊ သမီးတို့တောင် သူ့ဆီက ပြန်သင်ရဦးမယ်ထင်တယ်"

"ဘာလဲဟင် အစ်မ၊ စတော်ဘယ်ရီဆိုတာ"

"ရော့၊ သွက်ချင်တာသွက်ပြီး အ,ချင်ရင် အ,နေပြန်ပြီ၊ မင်းကို တော်တယ်၊ စတော်လို့ပြောတာ၊ ဂရိတ်ဖရူကော သိလား၊ အဆင့်ငါး ဂရိတ်ဖိုက်လို့ပြောတာ၊ တစ်ခါတည်း မှတ်ထား ဟား. . . ဟား'

ရယ်ရယ်မောမော သင်ပေးနေသောကိုယ့်ကို ပပက အကဲခတ်သလို ကြည့်သည်။ သူတို့သင်တန်းတက်စဉ်က အော်ဟစ်ငေါက်ငမ်းနေခဲ့သော ကိုယ့်ကို အံ့သြနေဟန်လည်း ရှိ၏။

အလုပ်တွေ၊ ပူပန်မှုတွေများလို့ Tention တွေ လျော့အောင်လို့ပါ တပည့်ရယ်။ ကိုယ့်စိတ်ထဲမှာ ဝန်ခံချင်တာတစ်ခု ရှိသည်။ လူမကြောက်တတ်ဘဲ ရဲရဲသွက်လက်သော ပိုးလေးကြောင့် ကလေးတစ်ယောက်ရလာသော အိမ်လို စိုပြည်ပြီး စိတ်ရွှင်လန်း ပေါ့ပါးလာတာတော့ အမှန်ပင် ဖြစ်၏။

ပြီးတော့ ဒီကောင်မလေးမှာ ပြာစင်သော မျက်သားများနှင့် မျက်ဝန်းနက်နက်တစ်စုံရှိသည်။ မျက်သားပြာလွင်သူများသည် စိတ်ထားလည်း ရိုးဖြောင့်ကြသည်ဟု ကိုယ်ယုံသည်။

သင်သမျှကိုလည်း သိချင်စိတ်များစွာဖြင့် နာယူသည်။ "ဒီလိုလုပ်ရမည်ဆိုရင် ဟိုလိုလေးကော မရဘူးလား ဆရာ"ဟု အတွန့်တက်တတ်သည်။ ဒါပေမဲ့ သူ စဉ်းစားသလိုလည်း ဖြစ်နိုင်ကြောင်း များသောအားဖြင့်တွေ့ရသောခါ သူ့၌ ထူးချွန်သော ဉာဏ်ရည်ရှိသည်ကို သိလာရ၏။

"သူ ဘယ်တန်းအထိ ပညာသင်ထားလဲ"မေးတော့ . .

"ဆံပင်ညှပ်သင်တာ ကျောင်းထွက်လက်မှတ်လိုလား ဆရာ"

"ကျောင်းထွက်လက်မှတ်လဲ မလိုဘူး၊ ရပ်ကွက်လူကြီး ထောက်ခံစာလဲ မလိုဘူး၊ မင်းကြိုးစားသင်ဖို့ တစ်ခုပဲလိုတယ်၊ ဒါပေမဲ့ မင်းကိုမေးရတာက မင်းပညာအရည်အချင်းကို သိရင် ဘယ်စကားလုံးကိုသုံးပြီး သင်ရမလဲ၊ ဘယ်အဆင့်က နားလည်မယ့် ဥပမာပေးရမလဲဆိုတာ သိဖို့ပါပဲ၊ ရတယ် မင်း မဖြေချင်လဲရတယ်'

ကိုယ့်အသံမှာ တင်းမာမှုတစ်ခု ပါသွားသလားမသိ။ ကိုယ်ကလည်း ဘယ်တုံးကမှ ဟန်ဆောင်တတ်ခဲ့သူမဟုတ်။ ချက်ချင်းပင် ခေါင်းလေးငုံ့ကာ . . .

"အနိမ့်ဆုံးအဆင့်လို့ပဲ သဘောထားပြီး သင်ပေးပါ ဆရာ"ဟု ပြောလာ၏။

ပြီးမှ . . .

"ဆရာက မြင့်မြင့်သင်ပေးရင်လဲ သမီးကြိုးစားလိုက်ပါ့မယ် ဆရာ၊ သမီးမရရင်လဲ ဆူချင်ဆူပါ၊ သမီးစိတ်မကောက်တတ်ပါဘူး"တဲ့။ သူ့အမူအရာနှင့် မျက်နှာပေးမှာ မခန့်လေးစားလည်းမရှိ၊ ကောက်ကောက်ကွေ့ကွေ့လည်း မဟုတ်။

"စိတ်လဲမကောက်ဘူး၊ နားလဲ မလည်ဘူးဆိုရင်လဲ အလကားပါပဲဟာ၊ အရေးကြီးတာက တို့ပညာရပ်တွေက လူတွေရဲ့ မျက်နှာပေါ်၊ ခေါင်းပေါ်မှာ တကယ်လုပ်ပေးရတဲ့ ကိစ္စတွေ မဟုတ်လား၊ ဒီတော့ မင်းနားလည်အောင်တော့ ငါသင်ပေးရမှာပဲလေ"

"ဆရာနဲ့တပည့် ဟုတ်တော့ဟုတ်နေပါပြီ၊ ကိုကြီးနော် သင်းမာတို့တုန်းကများ ခုလိုဆိုရင် ထကန်ပြီးလောက်ပြီ၊ ပိုးလေး၊ နင် ကံကောင်းတယ်မှတ်"

မိန်းကလေးပီသစွာ အပိုးကျိုးကျိုး နေတတ်သော တပည့်မြသင်းမာက မငုံ့မရဲ ဝင်ပြော၏။

"နင်တို့တုန်းက အော်ဟစ်လာခဲ့ရတာနဲ့တင် မောသွားလို့ဟ"

ကိုယ် ပေါ့ပေါ့ပါးပါး ပြောလိုက်တော့ အားလုံးရယ်မောကြသည်။ နေ့လယ် ထမင်းစားချိန်မှာတော့ မရွေချော ပိုးလေးက အပြင်ထွက်စားပြီး အပြန်မှာ ကိုယ့်အတွက် ဒံပေါက်တစ်ဘူး ဝယ်လာသည်။

"ပွဲမှန်ပဲ ဆက်ဆံပါဟယ် မဖားပါနဲ့" လို့ ပပက ပြောတော့ "ဆရာ့ကို စိတ်ညစ်အောင်လုပ်မိလို့ သမီးက အလျော်ပေးတာပါ" တဲ့။

"ကိုကြီးရေ သူ့ကို နေ့တိုင်းစိတ်ဆိုးနော်"ဟု မြသင်းမာက ဝင်ပြောလာသည်။

ကိုယ်ကတော့ ဆရာပီပီ ဟောက်သံလေးနှင့် . . .

"အေး၊ စိတ်မကောက်တတ်တာကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ ကြောင်ရိုက်မနာတော့ မဖြစ်စေနဲ့"

❖

နောက်တစ်နေ့ သင်တန်းအလာမှာတော့ ပါရဲရိုးရပ်လိုက်သည်နှင့် ကျောပိုးအိတ်လေးလွယ်ကာ တီရှပ်အဖြူ ဂျင်းစကပ်လေးဝတ်ပြီး ပိုးပိုး ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ညီမလေးက ချစ်စရာလေးဟယ်၊ ဘယ်ကျူရှင်က ပြန်လာတာလဲ"

အစ်မတွေက ဝိုင်းနောက်ကြတော့ သူပျော်နေပုံရသည်။ သူ့ကို ဆံပင်ပုံပြောင်းပြီး အတိုပုံ တစ်မျိုးမျိုးညှပ်ဖို့ အားလုံးက ဝိုင်းပြီးအကြံပေးကြ၏။

အတော်ပါပဲ၊ ကိုယ်လည်းသင်တန်းပေးရင်း သူ့မျက်နှာလေးနှင့်လိုက်သည့်လူငယ်ဆန်ဆန်ပုံ တစ်ပုံညှပ်ပေးဖို့ ဖျတ်ခနဲ စိတ်ကူးရသည်။

ဒါပေမဲ့ ....

"စိတ်မရှိပါနဲ့ဆရာ၊ သမီး. . . ဦးကို မပြောရသေးလို့ ဒီနေ့တော့ မညှပ်ပါနဲ့ဦးနော်"

"ဟဲ့၊ ငါတို့ဆရာက အတိုညှပ်ရင် သိပ်ပိုင်တာ၊ ပိုးလေး တစ်ခါတည်း အရမ်းမိုက်သွားမယ်၊ ညှပ်လိုက်ပါဟာ၊ အစ်မတို့ လဲကြည့်ချင်လို့"

"ဆရာ့ကို သမီးယုံပါတယ်၊ ဆရာညှပ်ပေးရင် ကောင်းမယ်ဆိုတာ သိပြီးသား၊ ဒါပေမဲ့ ဦးက မလွယ်ဘူး၊ သူ့ကို အားကိုးနေရတော့ သူ မကြိုက်တာ သမီး မလုပ်ချင်ဘူးလေ"

"နင့်ဦးကို နင်အရမ်းကြောက်ရလား၊ ဟဲ့၊ ငါတို့မြင်တာတော့ သဘောကောင်းမယ့်ပုံပါ"

သူတို့စကားဝိုင်းကိုဖြတ်၍ ကိုယ်သင်တန်းပေးလိုက်ရသည်။ အချိန်ကုန်၊ ငွေကုန်လာတက်ကြရသဖြင့် ဘယ်တော့မှ ကိုယ့်အအားမထား၊ စာတွေတစ်လှည့် လက်တွေတစ်ခါ သင်ပေးသည်။

ပိုးပိုးလေးသည် မှတ်ဉာဏ်လည်းကောင်းကာ တစ်ခါသင်ထားပေးပြီးလျှင် ဘယ်တော့ပြန်မေးမေး အတိအကျ ဖြေနိုင်၏။ ညှပ်မည့်ပုံစံကိုလိုက်၍ ခေါင်းပေါ်မှ ဆံပင်ကို မညှပ်ကင် ကလစ်လေးများဖြင့် အစုအပုံလေးတွေ ခွဲနည်း သင်ပေးသည်။

ထိုအပုံလေးများကိုမှ တစ်လှာချင်း ယူညှပ်ပြီး တစ်ပုံချင်းဖြိုသွားလျှင် ဘာမှ အခက်အခဲမရှိလှဘဲ တစ်ခေါင်းလုံးကို လွယ်လွယ်ကူကူ ပုံဖော်ပြီးသား ဖြစ်သွားသည်။ အပို အလိုရှိသမျှကို အနည်းငယ်ညှိပေးပြီး brush လေးနှင့် ဖြီးလိုက်လျှင် ပုံစံတကျပေါ်လာပေမည်။

"ဆရာရှင်းပြတော့လဲ လွယ်လိုက်တာဆရာရယ်၊ သမီးတော့ ခဏလေးနဲ့တတ်တော့မယ်"

"လွယ်ပါတယ်၊ တကယ်လွယ်ပါတယ်၊ စိတ်ဝင်စားမှု ရှိပြီး လှစေချင်တဲ့စေတနာရှိရင် နည်းစနစ်လေး နည်းနည်း ထည့်လိုက်တာနဲ့ အလွန်လှတဲ့ ဆံပင်ပုံလေးတွေ ထွက်လာနိုင်ပါတယ်"

ကျွမ်းကျင်အဆင့် ဆံပင်ညှပ်သမားတွေ မဟုတ်ဘဲနှင့်လည်း ကျော်ကြားသည့် ဆံပင်ပုံများကို ဖန်တီးနိုင်ခဲ့ဖူးသည်လေ။ နှစ်မြှာအသည်း ပွဲဦးထွက် တစ်ကားတည်းနှင့် အကယ်ဒမီရခဲ့သော မစန္ဒာ၏နာမည်ကျော် "စန္ဒာပုံ"ကို ဘယ်သူ ညှပ်ခဲ့ပါသလဲ။

"အေဝမ်း ဦးတင်မောင်က နှစ်မြှာအသည်းမှာ မစန္ဒာကို နှစ်ကိုယ်ခွဲခန်းရိုက်ဖို့လိုတော့ တစ်ကိုယ်ကအငှမနဲ့ နေရတဲ့ ဆံပင်ရှည်ရှည် ပိပိပြားပြားမိန်းကလေး၊ တစ်ကိုယ်က အဖေနဲ့ နေရတဲ့ ဆံပင်တိုတိုယောက်ျားဆန်ဆန်မိန်းကလေး၊ အဲဒါ နှစ်ကိုယ်ခွဲဆိုတော့ နောက်ကကြည့်ရင် သိပ်မတိုတဲ့အတိုပုံမှ လူစားထိုးလို့ လွယ်မယ်မဟုတ်လား။

အဲဒီ လိုအပ်ချက်အတိုင်း ဖြစ်အောင် အေဝမ်းခြံထဲမှာတင် ဦးတင်မောင် ကြီးကြပ်ပြီး မစန္ဒာရဲ့အမေ ဒေါ်ခင်မြင့် ညှပ်ပေးတာလေ၊ နာမည်ကြီး ဆံပင်ညှပ်သမား မဟုတ်ဘဲနဲ့ မြန်မာပြည်မှာ နှစ်ပေါင်းများစွာ ကျော်ကြားသွားမယ့် ဆံပင်ပုံတစ်ပုံကို ဖန်တီးနိုင်ခဲ့တယ် မဟုတ်လား၊ အဲဒါ ဘာ့ကြောင့်လဲ"

"လှစေချင်တဲ့ စေတနာကြောင့်ပါ ဆရာ"

"ပပတို့ငယ်ငယ်တုန်းကလဲ စန္ဒာပုံနဲ့ပဲ လူဖြစ်လာရတာ ကိုကြီးရဲ့"

"သင်းမာတို့ရောပဲ"

"အဲဒါကြောင့် အလှပြင်ရင် လှသွားစေချင်တဲ့ စိတ်နဲ့ပဲ ပြင်ပေး၊ လှကိုလှစေရမယ်၊ လှသွားပြီးတဲ့ နောက်မှာတော့ ပိုက်ဆံဆိုတာ အလိုလို ဝင်လာမှာပဲလေ"

ပိုးပိုးလေးက မျက်လုံးအဝိုင်းသားလေးဖြင့် နားထောင်နေရင်း "သမီးကတော့ စေတနာလဲ ထားမယ်၊ အဲ့၊ ပိုက်ဆံလဲ လိုချင်တယ်"ဟု အပွင့်လင်းဆုံးပြောလာ၏။

"နင့်လို ဘော့စ်ကများ ငွေလိုချင်နေသေးလား၊ ကိုယ့်အစ်မတွေပြောဖို့များ ထားပါဦး"

"ဘော့စ်မဟုတ်ပါဘူး အစ်မရယ်"

"နင်လားမဟုတ်တာ၊ ကိုကြီးသမီးကလေ လက်ဆေးရင်တောင် ရေသန့်ဘူးနဲ့ဆေးတာနော် ကိုကြီး၊ သိလား"

"ဟုတ်လား ပိုးပိုး"

"အိမ်နောက်ဖေး ဝင်ပြီးဆေးရင် မကြိုက်မှာစိုးလို့ပါ ဆရာ"

"မဆိုင်တဲ့ဆင်ခြေ ပေးမနေနဲ့၊ အစ်မတွေလဲ ဒီလိုပဲ ဝင်နေတာကို၊ ကိုယ်သင်နေတုန်းမှာ ကိုယ့်အိမ်ပဲပေါ့ဟာ၊ မလိုအပ်ဘဲသုံးတာဟာ ဖြုန်းနည်းတစ်မျိုးပဲ၊ ဆရာတို့က ဆင်းရဲတဲ့ဘဝက လာရတော့ နားလည်တယ်"

သူ ကိုယ့်ကိုတစ်ချက်မော့ကြည့်ရင်းခေါင်းငုံ့သွားသည်။

"ဘာမှစိတ်ကောက်ဖို့ မကြိုးစားနဲ့၊ ဆင်းရဲခဲ့တယ်ဆိုတာ ရှက်စရာမဟုတ်ဘူး၊ မွဲတေတဲ့ ဘဝထဲက ရုန်းမထွက်နိုင်မှ ရှက်စရာ၊ ငါတော့ ဆင်းရဲခဲ့ရတဲ့အကြောင်း အမြဲထည့်ပြောတယ်၊ ဘဝက ကိုယ့်ကို အမျိုးမျိုးစမ်းသပ်နေမှာပဲ၊ အဲဒါကို ငါတို့ ရင်ဆိုင်နိုင်ဖို့လိုတယ်၊ ခုဆို မင်းတို့မှာ အသက်မွေးဝမ်းကျောင်းပညာတစ်ရပ် တတ်တော့မယ်၊ ဒါနဲ့ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com

လုပ်ကိုင်စားနိုင်ပြီ၊ လူတွေရဲ့ခေါင်းမှာ ဆံပင်တွေရှိနေသမျှ မင်းတို့ ဘယ်တော့မှ ထမင်းမငတ်နိုင်တော့ဘူး၊ အဲ့, မပျင်းရင် ပေါ့လေ'

"ကိုကြီးရွတ်နေကျ စကားလေးရွတ်ပြလိုက်ဦးလေ"ဟု ပပဝင်းက ဝင်ဖြည့်သည်။

"မင်းပဲ ရွတ်ပြလိုက်တော့"

"ဒီပညာတတ်ထား၊ ကမ္ဘာတစ်လွှား၊ ဘယ်ကိုသွားသွား အလုပ်မရှားတဲ့"

"အဲဒါ ငါ့အဆိုအမိန့်တော့ မဟုတ်ဘူး၊ အလှပြင် သင်တန်းတစ်ခုရဲ့ ကြော်ငြာမှာပါတာ၊ ဒါအမှန်ပဲ၊ အဲဒီတော့ သင်နေတုန်းမှာ ကြိုးစားသင်ကြနော်"

ပိုးပိုးလေး၏ တောက်ပသော မျက်လုံးအစုံကို မြင်လိုက်ရသည်။ တကယ်လုပ်တော့မည့် အရိပ်အကဲကိုတွေ့ရ၏။

"သမီးကို ကတ်ကြေးနဲ့ဘီးချွန် ဝယ်ပေးဦးနော်ဆရာ၊ ဦးကို စမ်းညှပ်ကြည့်မလို့" ဟုလည်း တက်ကြွစွာ ပြောလိုက်သေးသည်။

ထမင်းစားချိန်ရောက်တော့ ထုံးစံအတိုင်း အပြင်ထွက်ပြီးဝယ်စားသည်။ တစ်ဆိုင်လုံးအတွက်လည်း အကြော်စုံ ဝယ်လာသေးသည်။ အားလုံးစားပြီးချိန်မှာ "သမီးသိမ်းလိုက်မယ်"ဆိုကာ ပန်းကန်တွေစုယူပြီး နောက်ခန်းထဲဝင်သွား၏။ တော်တော်နှင့် ထွက်မလာသဖြင့် "ကိုကြီးသမီးတော့ ပန်းကန်တွေခွဲပစ်ပြီး ပြန်ကောက်သိမ်းနေရပြီထင်တယ်"ဟုပြောရင်း ပပ နောက်ဖေးသို့ဝင်လိုက်သွားသည်။ ခဏကြာတော့ ပပ ပြန်လာပြီး "ကျားသား ကိုကြီးရေ ကိုကြီး စိမ်ထားတဲ့ ပုဆိုးတွေလျှော်နေတယ် လို့ပဲ၊ ပပ ပြောတော့ 'သမီးက ဘဝသမားပါ'တဲ့၊ ဘယ်လို လေးလဲ မသိဘူး"

❖

သင်တန်းကာလ ဆယ်ရက်ကျော်မျှရှိလာသောအခါ ကလေးခေါင်းလေးများကိုပင် သူ ညှပ်တတ်နေပေပြီ။

ကလေးများကိုလည်း နည်းမျိုးစုံနှင့် စည်းရုံးတတ်သည်။ ပိုးပိုးများ ကလေးတွေနှင့် ထွေးလားလုံးလား ဖြစ်နေလျှင် ပပတို့က သဘောကျပြီး ရယ်ကြ၏။

"သူတို့ကလေးချင်းတော့ တည့်နေတာပဲ ကိုကြီးရေ ပိုးလေးက အိမ်မှာလဲ မောင်ညီမလေးတွေကို ထိန်းနေကျတဲ့၊ ပပတို့တော့ ကလေးတွေလာရင် ပိုးလေးနဲ့ လွှဲထားလိုက်တယ်၊ မောင်နှမတစ်တွေ ဆော့နေကြတဲ့ အတိုင်းပဲ၊ လက်ဖွာတဲ့ ပိုးလေးက မုန့်တောင်ဝယ်ကျွေးလိုက်သေးတယ်တဲ့"

ဆိုင်ကိုလည်း တံခါးမဖွင့်ခင်ကတည်းက ရောက်ရောက်လာတတ်၏။ ပါကျရိုးနှင့်မဟုတ်၍ မေးကြည့်တော့ "သူ့ဦး ခရီးထွက်နေလို့" တဲ့။ တံခါးကူဖွင့်ပေးရုံသာမက တံမြက်လှည်း၊ မှန်သုတ်၊ ကောက်တံဆေး၊ မျက်နှာသုတ်ပဝါလျှော်၊ အကုန်လုပ်ပေးသည်။

တစ်ခါတစ်ခါတော့ မှန်ထဲက သူ့ရုပ်သူအကြာကြီးငေးနေတတ်သည်။ "သမီးက လှလားဟင်"လို့လည်း ဆိုင်က အစ်မများကို မေးတတ်သေးသည်တဲ့။

"ကိုကြီးရေ ကိုယ့်သမီးလဲ ကိုယ်ကြည့်ထိန်းဦးနော်၊ သူ့ဦးမရှိတုန်း ဘတ်စ်ကားနဲ့ သွားရင်းလာရင်း ဘဲတွေဘာတွေ ရနေလားမသိဘူး၊ တစ်ချက်တစ်ချက်ငိုင်ငိုင်နေတယ်၊ သူ့အရွယ်နဲ့သူ ချစ်သူရှိတာ အဆန်းမဟုတ်ပေမယ့် ပိုးလေးက ဆွဲကြိုးသုံးလေးကုံးနဲ့ဆိုတော့ မတော်တရော်တွေနဲ့ တွေ့မှာစိုးရတယ်"ဟု ပပတို့က ပြောလာ၏။

"မင်းတို့ညီမလေးပဲကွာ၊ မင်းတို့မိန်းကလေးချင်းကြည့်စောင့်ရှောက်ပေါ့"လို့ ကိုယ်က ပြန်ပြောရသည်။

တွန့်တိုမှုကင်းသည့် ပိုးပိုးတစ်ယောက် တစ်နေ့မှာတော့ ဈေးထဲခဏဆိုပြီးထွက်သွားရာ တစ်နာရီကျော်လောက်ကြာသည်။ ဆီးထုပ်မျိုးစုံအပြင် အဝတ်အစားများလည်း ဝယ်လာသေးသည်။ သူ့အစ်မများနှင့်သူ မိန်းကလေးများ သဘာဝ အဝတ်အစားများအကြောင်း ပြောကြ ဝတ်ကြည့်ကြ လုပ်နေရာမှ . . .

"ဆရာ သမီးနဲ့ လိုက်လားဟင်" ဆိုပြီးရှေ့သို့ ရောက်လာ၏။ ကိုယ် တစ်ချက် သူ့ကိုစိုက်ကြည့်လိုက်စဉ် ဘစ်စုံတစ်ရာကို သတိထားမိလိုက်သည်။

"ပိုးပိုး ငါ့ကိုမှန်မှန်ပြောစမ်း၊ မင်း ဘယ်က ပိုက်ဆံနဲ့ ဒါတွေ ဝယ်လာတာလဲ"

သူမ ဆတ်ခနဲ တုန်သွားပြီး . . .

"ဆရာကလဲ၊ သမီးမှာ ပိုက်ဆံပါလာပါတယ် ဆရာရဲ့" ဟုပြောသည်။

"ဒါဖြင့် မင်းထွက်သွားတုန်းက ဝတ်သွားတဲ့ဆွဲကြိုးက သံကြိုးအကြီး လော့ကက်နဲ့၊ အခုဝတ်ထားတာက ငါးရိုးကြိုး တစ်မတ်သားလောက်လေး၊ အဲဒါ ဘာဖြစ်လို့လဲ"

"ဟုတ်လား၊ ပပတို့တောင် သတိမထားမိဘူး၊ အထည်တွေငမ်းနေတာနဲ့၊ ကိုကြီး ဘယ်လိုလုပ်သိလိုက်တာလဲ'

"ဆရာကလဲ သမီးက ဆွဲကြိုးကို မျှင်မျှင်လေး ဖိုလ်ဆန်ဆန်ဝတ်ချင်တာနဲ့ လဲလိုက်တာပါ"ဟု သူဆင်ခြေပေး၏။

"ငါ အလှပြင်သမားလေ၊ ငါ တစ်ချိန်လုံး မိန်းမတွေကို ဆွဲကြိုးတွေ ဆွဲပေးလာခဲ့တာလေ၊ ဒါနဲ့ပဲ ပိုတဲ့ငွေတွေနဲ့ မင်းဝယ်ချင်တာတွေ လျှောက်ဝယ်ခဲ့တယ်ဆိုပါတော့"

သူ ဘာမျှမပြောတော့ပါ။

"မင်း ဦးကို မင်းကြောက်ရတယ်ဆို၊ ဒီလို အဖိုးတန်ပစ္စည်းတွေကို လုပ်ချင်တာလုပ်တာကျတော့ကော"

"သူ့အကြောင်းမပြောပါနဲ့ ဆရာ၊ သူ့သမီးကို ဂရုမစိုက်ပါဘူး"

သူ . . သူ သူတဲ့လား။ သူက ဂရုမစိုက်ပါဘူးတဲ့လား။

❖


www.burmeseclassic.com

www.burmeseclassic.com

"ဟဲလို ဆရာလား ဟင်"

"အေး ဟုတ်တယ်၊ ငါပဲ ဘာပြောစရာရှိလို့လဲ"

"ပိုးပိုးပါ ဆရာ၊ ဆရာ့အသံကလဲ မာလိုက်တာ၊ သမီးကို မမှတ်မိဘူးလားဟင်"

"မှတ်မိတယ်၊ မှတ်မိတယ်၊ မင်း စပြောကတည်းက မှတ်မိတယ်၊ ဘာပြောစရာရှိလို့လဲ ပြောလေ"

တဟင်းဟင်း ရယ်နေသံကိုသာ ကြားရပြီးအဘမှ မပြော။ အတော်လေးကြာမှ . . .

"ပြောစရာရှိမှ ဆက်ရမှာလားလို့ ဆရာကလဲ၊ ဆရာ အခု ဘာလုပ်နေလဲဟင်၊ တစ်ယောက်တည်း ပျင်းနေလား ဆရာ"

ကိုယ် အသာငြိမ်ပြီးနားထောင်လိုက်သည်။ နားထဲမှာ ဆူညံသော လူသံ၊ သီချင်းသံများ ကြားရသည်။

"သမီးလဲ ပျင်းလို့ အီယာလာသောက်တာ၊ ဒီမှာက ဦးနဲ့ လာနေကျလေ၊ အခု ဦးမရှိဘူး ဆရာရဲ့"

"ဘယ်သွားလို့လဲ"

"ကုမ္ပဏီကိစ္စရှိတယ်ဆိုပြီး ခရီးသွားတာကြာလှပေါ့၊ တစ်ပတ်တောင်ကျော်ပြီ ဆရာရဲ့"

"ဒါဆိုလဲ မင်း အိမ်မှာပဲနေပေါ့၊ ဘာဖြစ်လို့ အပြင် လျှောက်ထွက်နေရတာလဲ"

"ဆရာကလဲ မသိဘဲ ပြောနေပြန်ပါပြီ၊ သူ မလာတော့ သမီးက အိမ်မှာတစ်ယောက်တည်းရယ်၊ ပြီးတော့ သူသွားတာက ရိုးရိုးမဟုတ်ဘူး ဆရာရဲ့၊ သူ့အတွင်းရေးမှူးမ လေးပါ ပါသွားတာ၊ သူ သမီးကို မချစ်တော့ပါဘူး ဆရာ၊ သမီးက သူ့အတွက် ဆွဲဆောင်မှုမရှိတော့ဘူးလား ဆရာ"

ကိုယ့်နားကိုယ် မယုံချင်လောက်အောင် ဖြစ်သွားမိသည်။

"မင်း ဘာတွေပြောနေတာလဲ ပိုးပိုး"

"အမှန်တွေ ပြောနေတာပေါ့ ဆရာ၊ ဆရာ့ပဲ သမီးကို ကလေးလေးလို ရိုးသားတယ်ဆို၊ သမီး ရိုးသားချင်ပါတယ် ဆရာရယ်၊ ဒါပေမဲ့ ဘဝက ရိုးသားခွင့်မပေးဘူးဆရာရဲ့၊ ကဲပါ ဆရာ ပျင်းနေလား၊ သမီးနဲ့ လာသောက်ပါလားဆရာ ဟဲဟဲ၊ ပျော်ရတာပေါ့ ဆရာ၊ ဆရာ့မှာ တစ်ယောက်တည်း ပျင်းစရာကြီး၊ ဒါမှမဟုတ် သမီးလာခဲ့ရမလား. . . ဟင်လို့"

ကမ္ဘာလောကကြီး ဘာဖြစ်ကုန်ပြီလဲမသိ။ ဒေါသဖြင့် ကိုယ့်အသံတွေ တုန်ခါနေမည်ထင်သည်။

"နားထောင်စမ်း ပိုးပိုး၊ ညဆယ်နာရီဆိုတာ မင်းတို့ အရွယ် မိန်းကလေးတွေ အုပ်ထိန်းသူမပါဘဲ စားသောက်ဆိုင်မှာရှိရမယ့် အချိန်မဟုတ်ဘူး၊ မင်းအိမ်ပြန်တော့၊ ပြီးတော့ ငါဟာ ဘယ်တုံးကမှ ပျင်းတတ်တဲ့သူ မဟုတ်ဘူး၊ ပျင်းတယ်ဆိုတာ ဖျင်းတဲ့လူတွေမှာပဲ ဖြစ်တတ်တယ်၊ တကယ်လို့ ငါ ပျင်းခဲ့ရင်တောင် မင်းနဲ့အတူ အဲဒီနေရာမှာ မနေဘူး၊ ငါဟာ မင်းရဲ့ဆရာ၊ မင်းရဲ့ဖခင်ပဲ၊ ပြီးတော့ တစ်ခါတည်းမှတ်သွား၊ မင်းပြောတဲ့ မင်းရဲ့ဦး ဆိုတာမျိုးလဲ ငါမဟုတ်ဘူး၊ ဒီလို အချိုးမျိုးနဲ့ ငါ့ဆီကို မင်းဘယ်တော့မှ မလာခဲ့နဲ့ ဒါပဲ"

"ဆရာ ဆရာ သမီးပြော. . ."

ဖုန်းကိုပြန်ချလိုက်ပြီးသည့်တိုင် ဖုန်းခွက်ပေါ်မှာ ကိုယ့်လက်တင်ထားမိနေဆဲရှိသည်။ သူ ဘာဆက်ပြောလိမ့်မည်ကို ကိုယ်မကြားချင်တော့ပေမယ့် ဒီအဖြစ်အပျက်ဟာ တကယ်ဖြစ်ပျက်ခဲ့သလားလို့ မယုံနိုင်အောင်ဖြစ်သည်။ ကလေးလေး တစ်ယောက်လို ဖြူစင်ဟန်ရှိသော ဒီမိန်းကလေးမှာ ဒီလို စရိုက်လက္ခဏာတွေ ရှိနေရသလား။ အဖြူကို ဘယ်သူ အရောင်ဆိုးပါသလဲ။

နောက်တစ်နေ့မနက်မှာတော့ သူ မရောက်မလာခဲ့ပါ။

"ဆရာ့သမီး ဘာလို့နောက်ကျနေလဲ မသိဘူး"ဟု ပပ ပြောတော့လည်း မနေ့ညကအဖြစ်ကို ဘယ်စကားလုံးများနှင့် ပြောပြရမှန်း ကိုယ်မသိ။ သည်လိုနှင့် သုံးရက်မြောက်သောနေ့တွင် အစ်မကြီးတစ်ယောက် ရောက်လာသည်။ သီတာအေး အဒေါ် ပါတဲ့။

"ဒီမှာ သီတာအေးဆိုတာ မရှိပါဘူးအန်တီ"ဟု မြသင်းမာက ဖဝေဖဝါပြောသည်။

"ဘယ်လိုနာမည်တွေ လျှောက်ပေးထားပြန်လဲ မသိပါဘူး၊ ဟိုလေ အသားဖြူဖြူမျက်လုံးဝိုင်းဝိုင်းလေးနဲ့ ကောင်မလေးလေ၊ ဒီမှာ အလှပြင်သင်တန်းတက်နေတယ်တဲ့၊ ကားကြီးကြီးနဲ့ လာလာနေမှာပေါ့"

ဟုတ်ပါပြီ ပိုးပိုးကိုပြောအား ဖြစ်မှာပါ။

"ဘာကိစ္စလဲ အစ်မကြီး"ဟု ကိုယ်ဝင်ပါလိုက်ရ၏။

ထိုအခါမှ ကိုယ့်ကိုတစ်ချက်ကြည့်ကာ သူ့လက်ထဲက မှန်ဘူးကို ရှေ့မှာလာချရင်း . . .

"တူမလေးရဲ့ဆရာ ထင်ပါရဲ့၊ ဆရာတပည့်က မလာရဲတော့လို့ အစ်မကို လွှတ်ပြီး ကန်တော့ခိုင်းလိုက်လို့ပါဆရာ၊ မှန်လဲ ကောင်းကောင်းဝယ်သွားပါလို့ အတန်တန်မှာလို့ အစ်မမှာ မဝယ်တတ် ဝယ်တတ်နဲ့ မနည်းရှာဝယ်လာခဲ့ရတယ်"

ဆိုင်ရှိ တပည့်အားလုံးက ကိုယ့်ကို ဝိုင်းကြည့်လိုက်ကြသည်။

ကိုယ်ဘာပြောရမှန်းမသိခင် အစ်မကြီးက . . .

"ဆရာ့တပည့်ကို ခွင့်လွှတ်ပါဆရာ၊ ကောင်မလေးက သိပ်ငယ်သေးတော့ လူ့ဘဝကို အာမှုနားမလည်သေးဘူး၊ ဒါပေမဲ့ သူတို့တစ်အိမ်လုံးက သူ့ပဲ အားထားနေရတာ"

သူ့ရှင်းပြမှုပင် ဇာတ်ရည်လည်တော့သည်။

ပိုးပိုးအမေမှာ အားဒရိုင်းဘာဖြစ်ပြီး အားထိုက်မှုတစ်ခုဖြင့် ဆုံးပါးသွားခဲ့၏။ ပိုးပိုးအမေက ကျန်ရစ်သည့် သားသမီး ငါးယောက်ကို ဇာတ်သမျှ မှတ်သမျှ ရှာဖွေကျွေးနေရသည်။ လုပ်ရင်းကိုင်ရင်းဖြင့် အဆင်က မပြေလေတော့ ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

အားလုံး စာမသင်နိုင်ကြတော့ဘဲ ကျပန်းဝင်လုပ်ကြရ၏။ ပိုးပိုးလည်း ၆ တန်းလောက်နှင့် ကျောင်းထွက်ခဲ့ရပြီး ဂေါက်ကွင်းမှာ ဂေါက်သီးကောက်ရသည်။ မောင်ငယ်လေးတွေက လက်ဖက်ရည်ဆိုင်တွေမှာ စားပွဲထိုး၊ အစ်ကြီးမတစ်ယောက်မှာ ပိုလီယိုရောဂါသည်မို့ အိမ်စောင့်ရုံသက်သက်၊ အငယ်ဆုံးလေးက မူကြိုအရွယ်။

"ဆရာ့တပည့် သီတာတစ်ယောက်ပဲ လည်လည်ဝယ်ဝယ် ရှိတာပါဆရာ၊ သူ့ရုပ်သူ့ရည်လေးနဲ့ဆိုတော့ ဂေါက်ကွင်းမှာလဲ သူ့ဆရာတွေက ချစ်ကြပါတယ်၊ အဲဒါ"

"သူဦးဆိုတာကကော"

ပပအမေးကို ထိုအစ်မကြီးက စဉ်းစားသလို ငြိမ်သွားပြီးမှ ခေါင်းကိုအောက်ငုံ့ချလိုက်ကာ ခပ်ဆဆပြော၏။

"ကန်တော့ပါရဲ့ဆရာ၊ ကျွန်မ ပြောပြမှပဲ ဖြစ်မှာပါ။ ဆရာ သူ့ကို ဆိုဆုံးမကြောင်း၊ ပညာကောင်းကောင်း သင်ပေးကြောင်း တူမလေးက အမြဲပြောပါတယ်ဆရာ၊ အဲဒီ ဦးဆိုတာက သီတာ့ကို ယူထားတဲ့ သူဌေးပါ ဆရာ"

"ဟင် . . . ပိုးပိုးယောက်ျား"

တပည့်များ၏ အာမေဋိတ်သံကို တညီတည်း ကြားလိုက်ရသည်။ ပိုးပိုးလေးကို မုန့်ဖိုးပေးရင်း၊ အိမ်အပြန်လိုက်ပို့ရင်း၊ အဝတ်အစားတွေဝယ်ပေးရင်း၊ အိမ်လခပေးစရာမရှိလို့ ထုတ် ပေးရင်းနှင့်ပဲ တစ်ရစ်ပြီးတစ်ရစ် ပတ်ခွေခဲ့သော ကျေးဇူးတရားများကြောင့် ဒီဘဝ ရောက်ခဲ့သည်။

"တိုက်ခန်း ငှားပေးထားတယ် ဆရာ၊ တီဗီနဲ့ရေခဲသေတ္တာနဲ့ ဆိုတော့ ကိုယ့်ဂ[illegible]က်တော့ အများကြီးသာတာပေါ့ ဆရာရယ်၊ သူဌေးက[illegible]ားကြီးမယားကြီး ရှိတော့ အမြဲလဲ မလာပါဘူး၊ အဲဒါ ကျ[illegible]မက တူမလေးနဲ့ အဖော်သွားနေရတယ်"

"အဲဒါတိုက မဟုတ်တာဘဲ၊ သူကဘယ်လောက် ကြာကြာပုံပိုးမှာမို့လို့လဲ"

"မဟုတ်ဘူး ပြောတော့လဲ မဟုတ်တဲ့ကိစ္စ အမှန်ပါပဲ ဆရာရယ်၊ ဒါပေမဲ့ ဒီလိုမဖြစ်ခင်က သီတာတို့ ဆင်းရဲခဲ့ပုံများ ပြောရင် ယုံစရာမရှိဘူးနော်၊ သူတို့သားအမိတွေပေါင်းမှ လုံချည်ကောင်းဆိုလို့ တစ်ထည်ပဲရှိတာ၊ အမေ ဈေးသွားရင် သမီးက အစုတ်နဲ့နေ၊ အမေပြန်လာလို့ သမီးအလုပ်သွားမှ အမေ့ဆီက လဲဝတ်ဆိုတာမျိုး ဆရာကြားဖူးရဲ့လား'

ဆွဲကြိုးသုံးလေးကုံး ထပ်ဝတ်ပြီး ရေသန့်ဘူးနှင့် လက်ဆေးသည့် ပိုးပိုးလေးကိုကော ထိုအစ်မကြီးသိပါလေစ။ ပညာအခြေခံကလည်း မရှိတော့ မိပိုးတို့ အတိုးချကာ ဖြုန်းတီးမော်ကြွားနေသည် ထင်ပါရဲ့။

"ဘာပဲဖြစ်ဖြစ်လေ၊ ချစ်ရေစင် သီချင်းထဲကလို မွေးတုန်းတော့ ပန်ဆင်ပြီး၊ နံရင်ပစ်ပယ်၊ ချစ်လက်စမတုံးခင် ရှောင်ကြဉ်မုန်းရက်တယ် ဖြစ်သွားမယ်နော် အန်တီ"

"ခုလဲ ဖြစ်စပြုနေပါပြီ သမီးတို့ရယ်၊ နောက်တစ်ယောက်နဲ့ ခရီးထွက်သွားလို့ သီတာ့မှာ မျက်ကလဲဆန်ပျာဖြစ်နေရတယ်"

ကိုယ်က အသာငြိမ်နားထောင်နေရာမှ . . .

"ဘာပဲဖြစ်ဖြစ်လေ၊ ဖြစ်ခဲ့ပြီးမှတော့ သူ့မခွာသွားခင်မှာ ကိုယ့်ဘဝ ကိုယ်ရပ်တည်နိုင်ဖို့ အတတ်ပညာတစ်ခုတော့ တတ်ထားသင့်တယ်" ဟုသာ ဝင်ပြောမိသည်။

"ကျွန်မလဲ အဲဒါပြောတာပေါ့ ဆရာ၊ ရတုန်းရခိုက် ရသလောက်ယူထားပြီး ကိုယ့်ဘာသာ နေနိုင်အောင်လို့ပါ။ တိုက်ခန်းကလဲ အပိုင်မှမဟုတ်တာ ဆရာရဲ့၊ ဒီပညာလေးကို တတ်တော့ ကိုယ်ပိုင်ဆိုင်လေးဖွင့်စားနိုင်တာပေါ့၊ အဲဒါ ဆရာ့တပည့်က ဆရာ့ကိုကြောက်ပြီး မလာရဲဘူး ဖြစ်နေတယ်"

ကိုယ်ကတော့ အလှကို ဖန်တီးသူသာဖြစ်ပြီး ဘဝတစ်ခုကိုတော့ တည့်မတ်ပေးနိုင်ပါ့မလား မသိ။ ဘယ်လိုလျှောက်လှမ်းရမလဲဟု တဖွဖွပြောလာခဲ့ပေမယ့် ပိုးပိုးလို လမ်းလွဲမှာ လျှောက်လာသူကိုတော့ ပြောပြဖို့ ခက်လှသည်။ ပြီးတော့ သူက ကိုယ့်တပည့်တွေထဲမှာ မရှိခဲ့ဖူးသည့် ပုံစံသစ်၊ စရိုက်မှားနှင့် နေလာခဲ့သူ။

"လာပါလို့ပြောလိုက်ပါ၊ ကျွန်တော် သူ့ကို သင်ပေးရမယ့် တာဝန်လဲ ရှိနေသေးတယ်လေ"

❖

ပိုးပိုး တကယ်ရောက်ရှိလာတော့ ကိုယ့်မှာ ပြောဆိုနေထိုင်ရတာ အတော်ကိုပဲ ကသိကအောက် ဖြစ်ရ၏။ တပည့်အနေဖြင့် ခါတိုင်းလို ဆူဆဲ၊ အော်ငေါက်လည်း မလုပ်ချင်တော့။ လက်ပွန်းတီး နောက်ပြောင်နေဖို့ကလည်း မဖြစ်နိုင်လေပြီ။ သူ့ စိတ်ကျအားငယ်သွားမှာလည်း မလိုလား။ သို့ဖြင့် သင်တန်းကိုသာ ဖိပြီးပို့ချနေမိ၏။ လာသမျှ ဆံပင်ညှပ်သူတွေကို ခွင့်တောင်းကာ ညှပ်ရင်းနှင့်ရှင်းလင်းပြရသည်။ ကိုယ့်ဖောက်သည်တွေက နားလည်ကာ သည်းခံကြ၏။

လူရှင်းသွားတော့မှ "ပိုးပိုးကြီးစားသင်နော်၊ အာရုံစိုက်ပြီးလေ့လာ၊ မသိတာရှိလဲမေး"ဟု လမ်းဖွင့်ပေးရ၏။

ဒီတော့မှ သူလည်း ခပ်ရွှံ့ရွှံ့ဖြစ်နေသမျှ ပြေပျောက်ကာ ပုံမှန်အနေအထားသို့ ရောက်လုနီးပါးဖြစ်လာသည်။ ထမင်းစားချိန်မှာတော့ "အပြင်ထွက်မစားပါနဲ့ဟာ ငါတို့နဲ့ပဲစားပါ"ဟု ကိုယ်မှာထားသည့်အတိုင်း ကျန်တပည့်များက ပြောသည်။ ပိုးပိုးကလည်း လွယ်လင့်တကူ လက်ခံသည်။

တပည့်တွေ နောက်ပြောင်ကြ၊ ထမင်းချိုင့်တွေ လဲစားကြနှင့်မို့ ဆိုင်မှာစိုပြည်လာပြန်၏။ ဆိုင်သိမ်းချိန်ရောက်တော့ ပိုးပိုးက ကိုယ့်ကို ကျုံ့ကျုံ့ထိုင်ကန်တော့သည်။

"ဟ၊ ဘယ့်နှယ်လုပ်တာလဲ၊ သင်တန်းဆင်းပွဲလဲ မဟုတ်သေးဘူး၊ နင်ကန်တော့တာက အကြောင်းမဟုတ်ဘူး၊ ငါက ဆုလဲမပေးတတ်တော့ ခက်တယ်"





www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ် ဆရာ၊ ပါးစပ်က ဆုမပေးလဲ ဆရာ့စေတနာတွေကို သိမီး ရနေပါတယ်" တဲ့။

ပိုးပိုးက အဲသည်လောက် လူရည်လည်သည်။

အ ပါပဲ၊ ကိုယ့်စိတ်ထဲမှာ "သူ့ဘဝဖြောင့်ဖြူးပါစေ၊ အနှောင့်အယှက် အခက်အခဲ ကင်းပါစေ၊ ပညာတစ်ရပ်ကို မြန်မြန်တတ်မြောက်ပြီး ကောင်းစွာအသက်မွေးနိုင်ပါစေ"ဟု ဆုတောင်းပေးနေမိသည်။ "ဒီလင် ဒီမယား အိုအောင် မင်းအောင် ပေါင်းရပါစေ"လို့တော့ ဆုမပေးမိတာ အမှန်ပါ။ ပိုးပိုးလေးအပြန်မှာ ခါတိုင်းလို ပါဂျဲရိုးကားကြီးနှင့် လာကြိုသည်ကို မတွေ့ရပေ။

ထိုနေ့၏ နောက်တစ်နေ့မှာ သူထပ်မလာတော့ပါ။ နောက်နေ့ နောက်နေ့များတွင်လည်း တစ်ရက်မှမလာတော့ပါ။ "ခေါင်းလျှော်ဆိုင်တွေက သူ့ကိုအလုပ်လာလုပ်ဖို့ ခေါ်တယ်လို့ ပပတို့ကို ပြောသွားတယ်ကိုကြီး၊ လခလဲ ကောင်းကောင်းပေးမယ်တဲ့၊ ဆံပင်ညှပ်တတ်၊ ဆံထုံးထုံးတတ်၊ မိတ်ကပ်လိမ်းတတ်ဖို့လဲ မလိုဘူးတဲ့၊ ခုသူ့တတ်သလောက်အခြေခံနဲ့ဆိုရင် ရပြီလို့ ပြောတာပဲ"ဟု ပပက သတင်းပို့သည်။

"စကတ်တွေ ဘာတွေလဲ ဆင်ပေးမှာတဲ့ ဆရာရဲ့၊ ဘောက်ဆူးတွေလဲ ရသေးတယ်တဲ့၊ တချို့ဖောက်သည်တွေက Handchain တွေ ဘာတွေတောင် ပေးသတဲ့"ဟု မြသင်းမာက ပြောတော့ "တော်စမ်း"လို့ ကိုယ်အော်လိုက်မိသည်။

"နင်တို့ အားကျနေသလား၊ ပညာတစ်ရပ်ရဲ့ ကျွမ်းကျင်မှုမရှိဘဲ ပေးတဲ့ငွေကို နင်တို့လိုချင်လား"

"ပိုးပိုးပြောတာကို ပြန်ပြောပြတာပါ ဆရာ"

"အဲဒါတွေ ငါ့ လာမပြောနဲ့၊ ငါအချိန်ကုန်ခံပြီး သင်ပေးနေတာ အလုပ်တစ်ခုကို ဖန်တီးပေးတတ်စေချင်လို့၊ ကိုယ့်ကို ပိုက်ဆံလာပေးတဲ့သူတွေကို ထိုက်တန်တဲ့အလုပ်တစ်ခု ပြန်ပေးနိုင်ဖို့ပဲ၊ ဘာပညာမှမပါဘဲ ဘာအတွက်ပေးမှန်း မသိတဲ့ငွေကို ယူဖို့မဟုတ်ဘူး"

"ကျွန်မတို့လဲ မယူချင်ပါဘူးဆရာ"

မြသင်းမာတို့ ငြိမ်သွားကြတော့မှ ကိုယ့်ဒေါသသည် သူတို့ကြောင့်ဖြစ်ရသည့် ဒေါသမဟုတ်ကြောင်း သတိပြုလိုက်မိသည်။ ဘဝတစ်ခုကို မြှုပ်နှံပြီး လေ့လာခဲ့ရသည့် ပညာတစ်ရပ်အတွက်တော့ ကိုယ်သည်လိုပဲ ပြတ်သားစွာ ကာကွယ်ရမည်လေ။ စိတ်တည်ငြိမ်စပြုတော့မှ တစ်စုံတစ်ရာကို ကိုယ်စဉ်းစားမိသည်။

သစ်ရွက်ကြွေတာ လေ‌ဇွေလို့ချည်းတော့ ဟုတ်နိုင်မည်မထင်။ အညှာလွယ်ခဲ့တာလည်း ပါခဲ့လို့ ဖြစ်ပေလိမ့်မည်။ ခိုင်ကျည်မှု အပြည့်ရှိနေသည့် ရွက်စိမ်းတစ်ရွက်ကတော့ လေခြွေတိုင်း ကြွေဖို့မလွယ်။

❒ ကိုချမ်း(ဆေး-၂)


## ဆရာဦးခင်းထွန်း D.B.B.W - C.T (Med)

## ဘုန်းသျှင် တိုင်းရင်းဆေးကုခန်း

## အထူးကုသသောရောဂါများ

နလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေဖက်နာရောဂါ၊ အဆုတ်နာ၊ ခုံအားကျရောဂါ (ခယယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းနာ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက်သော ရောဂါများ၊ သွေ့ငယ်နာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

| | | |
|---|---|---|
| ဆေးခန်းဖွင့်ချိန် | ➡ | နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ |
| လိပ်စာ | ➡ | အမှတ် (၄၉၄-ဘီ-၂)၊ ဘုရင့်နောင်လမ်းမကြီး၊ ဘုရင့်နောင်ရိပ်သာ၊ နယ်မြေ (၈)၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ☎ | ➡ | ၀၉-၇၃၁၃၆၄၃၄ |
| လမ်းညွှန် | ➡ | ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ဂ၁၊ ၄၄၊ ၁ဂ၄၊ ၁၆၈၊ ၄ဂ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၌ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။ |

www.burmeseclassic.com




"သားကို ဝိုင်းထိုးကြတာ၊ ဆရာ့ကို မတိုင်ဘူးလား"

မောင်တင်ထွန်းထံမှ ဘာသံမျှ မကြားရချေ။ အမှတ်တမဲ့ကြည့်ရာ မျက်လွှာချပြီး ထိုင်နေလေသည်။ မျက်နှာတစ်ပြင်လုံး ဖူးပိမ့် ရောင်ကိုင်းနေပြီး နှုတ်ခမ်း အနည်းငယ်ပေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါသာကြည့် မျိုးရယ်၊ ဘာမှ လဲမပြောဘူး၊ ကိုယ်တော့ သေချင်တာပဲ၊ ခုလိုဖြစ်တာ ဒီတစ်ကြိမ်မကဘူး၊ အကြိမ်ပေါင်းများပြီ၊ ပထမတစ်ခါပဲ ပြောဖူးတယ်၊ သူ့ကို ကျောင်းက လူဦးတို့ ရန်စလို့ ရန်ဖြစ်တယ်၊ ဝိုင်းထိုးလို့ တစ်ယောက်နဲ့ အများ ခံရတာဆိုပြီးပြော တယ်၊ ဆရာမဆီကို သွားပြီး အကျိုး အကြောင်း ပြောတော့ ဆုံရှင်းတဲ့အခါ ရန်ဖြစ်တာ မှန်တယ်၊ ဝိုင်းထိုးတာက မပေါ်လွင်ဘူး၊ သားကပြော ကျန်တဲ့ ကလေးတွေက ငြင်းနဲ့ အားလုံး သတိ ပေးခံရတယ်"

"နောက်ပိုင်းကျတော့ကော"

မျိုးမျိုးဇင်က သူ့သူငယ်ချင်းကို မေးသည်။

"နောက်ပိုင်းကျတော့ သားက အိမ်မှာ ဘာမှမပြောတော့ဘူး၊ ကျောင်း ပြန်လာရင် သူ့အခန်းမှာပဲ နေတယ်၊ အပြင်လဲမထွက်ဘူး၊ ဒီနေ့ တစ်ခါထပ် ဖြစ်ပြန်ပြီ၊ ခုတော့ ကျောင်းမတက်ချင် ဘူး ပြောတယ်၊ ဆယ်တန်းရောက်နေပြီ၊ သူ့လျှောက်မယ့်လမ်းမှာ အရေးအကြီး ဆုံးအချိန်ပဲ၊ ဘာကြောင့်တက်ကျိုးရမှာ လဲ၊ မေးပါဦး မျိုးရယ်"

သူငယ်ချင်း အေးကြည်မြင့်က မျိုးမျိုးဇင်ကို အကူအညီတောင်းသည်။

ကလေးထံမှာ အဖြေရှာရမည် လား။ မိဘထံမှာ အဖြေတောင်းရမည် လား။ ဆရာနှင့်တွေ့ပြီး ဖြေရှင်းရမည် လားဟု မျိုးမျိုးဇင် စဉ်းစားသည်။

ရေရေရာရာ သေသေချာချာမသိ နိုင်ချေ။ သူငယ်ချင်းမို့ ကူညီလိုသော် လည်း ဘယ်ကစ၍ မည်သို့ကိုင်တွယ် ရမည်မသိ ဖြစ်နေသည်။

"သမီးက အလုပ်နဲ့လား"

အိမ်ဦးခန်းတွင် စာဖတ်နေသော မျိုးမျိုးဇင် အဖေက လှမ်းမေးသည်။ မျိုးမျိုးဇင်၏ဖေဖေသည် နှုတ်နည်းလှသူ ဖြစ်သည်။ စကားပြောခဲသည်။ အကြိမ် ပေါင်းများစွာ လာလည်ခဲ့သော်လည်း ကြည့်ရုံသာကြည့်ပြီး စကားမပြောချေ။ မပြောစဖူး ပြောသဖြင့် အေးကြည်မြင့် မှာ ပျာပျာသလဲဖြစ်သွားသည်။

"မနှစ်က အလုပ်ထွက်လိုက်ပါပြီ၊ အိမ်မှုကိစ္စများလို့ပါ ဘဘ"

"အခြေအနေပေးသားပဲ၊ ဖြစ်စဉ် တစ်ခု ဘဘ ပြောပြမယ်၊ သမီးတို့ ဆင် ခြင်ကြည့်ပေါ့"

မျိုးမျိုးဇင်၏ ဖေဖေသည် နေရာ မှထလာကာ ဆက်တီ၏ထိပ်ဆုံးခုံတွင် ထိုင်လိုက်သည်။ သား မောင်တင်ထွဋ်က ဘဘကို မော်ကြည့်သည်။ ဘဘက မောင်တင် ထွဋ်ကိုကြည့်သည်။ ဘဘ၏ အကြည့်သည် မောင်တင်ထွဋ်၏ ဖြစ် စဉ်ကို သိနေသလို ရှိသည်။

ဘဘ၏အကြည့်သည် စူးရှလှ သည်။

ဘဘ၏ အေးဆေး တည်ငြိမ် သောလေသံ၊ ပြောပြသည့် ဇာတ်လမ်း သည်လည်း သူ၏ဖြစ်စဉ်နှင့် ထပ်တူ ထပ်မျှ ဖြစ်နေလေသည်။

*

ထွန်းထွန်းသည် မိဘဆင်းရဲသော် လည်း ဉာဏ်ရည်ထက်သူ၊ စာတော်သူ ဖြစ်သည်။ အတန်းတိုင်းတွင် ဗိုလ်စွဲပြီး အလယ်တန်းသို့ တက်လှမ်းလာခဲ့သည်။ မူလတန်းကျောင်းပေါင်းစုံမှ လူပေါင်းစုံ တို့ ဆုံကြသည်။

ထိုအထဲတွင် ထွန်းထွန်းက တစ် ဘာသာ ဖြစ်သည်။ ကျောင်းခန်းတွင် အတန်းဖော် အပေါင်းအသင်းရှိသော် လည်း ပြင်ပတွင်မူ အပေါင်းအသင်း နည်းလေသည်။ အိမ်နှင့်ကျောင်းက ဝေး သဖြင့် တစ်ဦးတည်း လာလေ့ရှိသည်။

"ဘယ်, ညာ၊ ဘယ်, ညာ"

အသံကြားသဖြင့် လှည့်ကြည့် ရာ သန်းလှတို့ ဖြစ်နေသည်။

ထွန်းထွန်းနှင့်သန်းလှမှာ တစ် တန်းတည်း ဖြစ်သည်။ သန်းလှ၏မိခင် မှာ ငါးရောင်းသည်။ သန်းလှတား အတန်းတွင် ကျောင်းပျက်၊ ကျောင်း ပြေး အများဆုံးဖြစ်ပြီး ဂျစ်ကန်ကန် ပေတူးတူး ဖြစ်သည်။

မူလတန်းကို သန်းလှ မည်သို့ အောင်လာသည်မသိချေ။အလယ်တန်း တွင်မူ အညံ့ဆုံးအဆင့်တွင် ရှိသည်။ သန်းလှနှင့်အတူ သူ့လိုအဖော် လေးငါး ဦးတွဲလေ့ရှိသည်။ ထွန်းထွန်းက သန်းလှ တို့အုပ်စုကို ဂရုမစိုက်ဘဲ ဆက်လျှောက် သည်။

"အခြောက်၊ ဂျယ်ကြီးဟေ့"

ဒီစကားကိုတော့ ထွန်းထွန်း မခံ နိုင်ချေ။ ပြန်လှည့်လာပြီး သန်းလှနှင့် ရင်ဆိုင်လိုက်သည်။ ကျောင်းတက်ချိန် လည်း နီးချေပြီ။

"ဘယ်သူ ပြောတာလဲ"

"မင်းကိုပြောတာ"

ထွန်းထွန်းက စိတ်ဆတ်သူဖြစ်၍ သန်းလှ၏မျက်ခွက်ကို ထိုးထည့်လိုက် သည်။

သန်းလှက ယိုင်သွားသော်လည်း ချက်ချင်းပြန်မတ်ပြီး သူတစ်ပြန် ကိုယ် တစ်ပြန် ထိုးကြသည်။ ထွန်းထွန်းက ခေသူမဟုတ်သလို သန်းလှကအကြော မာသူ ဖြစ်သည်။

"ဟေ့ကောင်တွေ"

သန်းလှက အချက်ပေးလိုက် သည်နှင့် အပေါင်းအသင်းများက ထွန်း ထွန်းကို ဝိုင်းချုပ်လိုက်ကြသည်။

သန်းလှက စိတ်ကြိုက်ထိုးသော် လည်း ထွန်းထွန်းက အငြိမ်မနေချေ။ ရုန်းကန်ပြီး ခေါင်းနှင့်တိုက်၊ ခြေထောက် နှင့်ကန် လုပ်သောကြောင့် တစ်ယောက် နှင့် နှစ်ယောက်၊ တစ်ယောက်နှင့် သုံး ယောက် ဖြစ်နေသည်။

"ဟေ့ကောင်တွေ ရပ်စမ်း. . . ကျောင်းတက်နေပြီ မင်းတို့က ရန်ဖြစ် နေကြတယ် ဟုတ်လား"

မည်သူက ဆရာကို တိုင်လိုက် သည် မသိချေ။ ဆရာနှစ်ဦး လိုက်လာ ပြီး ထွန်းထွန်းတို့အုပ်စုကို ခေါ်သွားကြ သည်။ ကျောင်းအုပ်ဆရာကြီးရှေ့တွင် ထွန်းထွန်းက စထိုးသည်မှာ ပေါ်လွင်ပြီး သန်းလှတို့အုပ်စု ရန်စသည်မှာ မပေါ် ပေါက်ချေ။





www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းချုပ်သည်ကို ဖျန်ဖြေသည်ဟုဆိုသည်။ ဖျန်ဖြေသူများကို ရန်မူသည်ဟု ပြောသည်၊ ရှိစေတော့။

တစ်ယောက်လျှင် ငါးချက်စီ အရိုက်ခံရပြီး သတိပေးလက်မှတ်ထိုးခဲ့ရလေသည်။

*

"ရန်မလိုလျှင် ရန်ပြုသည်၊ ရန်လိုလျှင် ရန်ပိုသည်"ဟူသော မိဘ၏ဆုံးမြဩဝါဒအတိုင်း ယခင်ကကဲ့သို့ ထွန်းထွန်းက ကျောင်းကို စောစောမလာချေ။ ကျောင်းချိန် ကပ်ပြီးမှလာလေ့ရှိသည်။ ကျောင်းသို့ရောက်လျှင် ကျောင်းတွင်းသို့ တန်းဝင်သည်နှင့်တစ်ပြိုင်နက် ကျောင်းတက်ခေါင်းလောင်းထိုးပေပြီ။

ဤအတိုင်း တိုင်ပင်ကိုက် ထွန်းထွန်း လာလေ့ရှိသည်။

ထိုနေ့က ထွန်းထွန်း ကျောင်းသို့ လာသည်။ ကျောင်းတက်ခါနီး ဖြစ်သဖြင့် ကမန်းကတန်း ပြေးလာသည်။ အဝင်ဝတွင် သန်းလှနှင့် ·တစ်သိုက်က ပိတ်ဆို့ကာ ရပ်စောင့်နေသည်။ အခြားပေါက်မှ ဝင်ပြန်တော့လည်း အလားတူကြုံရသည်။

မထူးသည့် အခြေအနေမို့ အခြားကျောင်းသူတစ်ဦး ကျောင်းတွင်းသို့ ဝင်ချိန်တွင်ကပ်ပြီး အတင်းတိုးဝင်ခဲ့ရသည်။ သန်းလှ၏တပည့် မောင်ကျော်က လွယ်အိတ် လှမ်းဆွဲထားသဖြင့် ဆောင့်ရုန်းရင်း ပြဿနာဖြစ်ရသည်။

ကျောင်းအုပ်ဆရာကြီးထံ ရောက်သည့်အခါ ဖြစ်စဉ်ကိုပြောပြသော်လည်း အများနှင့်တစ်ယောက်မို့ အရာမရောက်ချေ။ ယခင်ကလည်း ယခုလိုဖြစ်ခဲ့ကြသည်မို့ လက်မခံခဲ့ပေ။ ဆရာကြီးက မည်သူ့ကိုမျှ မျက်နှာသာ မပေးပေ။ တစ်ဦးလျှင် သုံးချက်စီ ရိုက်လွှတ်ပြီး နောက်ဆုံးအကြိမ် လက်မှတ် ထိုးခဲ့ရသည်။

ဤသို့ဖြင့် ထွန်းထွန်းမှာ အခွင့်မသာသောကြောင့်ကျောင်းပျက်၊ အခွင့်သာသောကြောင့် ကျောင်းတက်နှင့် လူရောစိတ်ပါ မတက်တစ်ရက် တက်တစ်ရက်နှင့်ပျက်ချင်သလိုဖြစ်လာသည်။ တမှိုင်မှိုင် တတွေတွေမို့ မိခင်ဖြစ်သူက အကျိုးအကြောင်း မေးပါသော်လည်း မပြောချေ။ ကျောင်းပြောင်းလိုသည်ဟုသာ ပြောလေသည်။



ထွန်းထွန်း၏ မိခင်က အတန်းပညာနည်းသော်လည်း ဆင်ခြင်ဉာဏ်ရှိသူဖြစ်လေသည်။ ကျောင်းသို့ ကိုယ်တိုင် လိုက်ပို့လိုက်ကြိုရင်း ပြဿနာကို သိသွားသည်။

ကျောင်းအုပ်ဆရာကြီးသို့ကား မတိုင်ပေ။ သူမ၏လက်ရာဖြင့် ဆန္ဒင်းမကင်း ထစ်ဒယ်ဖုတ်ပြီး ကျောင်းသို့စောစောသွားသည်။ သန်းလှတို့ အုပ်စုကို ကျွေးပြီး မိတ်ဖွဲ့သည်။ မသိကျိုးကျွံပြုပြီး ကျောင်းအကြောင်း၊ အတန်းအကြောင်း မေးမြန်းစုံစမ်းသည်။

"ဒေါ်ဒေါ့်သားလဲ သားတို့နဲ့ အတန်းတူပဲကွဲ့၊ ထွန်းထွန်းကို သားတို့သိမှာပါ၊ ဒေါ်ဒေါ်က မအားတော့ သားတို့ပဲ ထွန်းထွန်းကို ကိုယ့်ညီလေးလို သူငယ်ချင်းလို သဘောထား စောင့်ရှောက်ပါ၊ မလိမ္မာတာရှိရင်လဲ ခွင့်လွှတ်ပါ၊ ဒေါ်ဒေါ့်ကို တိုင်ပါ၊ ဆုံးမပါ့မယ်၊ သားတို့နဲ့တွေ့ရတာ သိပ်ပြီးဝမ်းသာတာပဲကွယ်"

သန်းလှတို့အုပ်စုမှာ ပြန်ပြောရန်ခက်လေသည်။ သက်သက်ဆိုးပြီး သက်သက်မိုက်သော်လည်း ထွန်းထွန်း၏မိခင်ကို မချေမငံပြန်ပြောရန် ဝန်လေးနေမိသည်။

ထွန်းထွန်းမိခင်က ပညာပါပြီး ယဉ်ကျေးသိမ်မွေ့သည် မဟုတ်ပါလား။ သွေးတိုးစမ်းသည့် သဘောနှင့် နည်းနည်း ပြဿနာရှာကြည့်သည်။

"သားတို့ရယ် ဒေါ်ဒေါ်က သားတို့ကို အားကိုးတကြီးနဲ့ အပ်ထားရက်သားနဲ့ကွယ်၊ ပြောရောပေါ့၊ ဒေါ်ဒေါ်ဆုံးမပါ့မယ်၊ နောင်ကို ဒီလိုမဖြစ်ရဘူးနော်၊ သားတို့ စိတ်ချမ်းသာရပါစေမယ်ကွယ်"

ထွန်းထွန်းမိခင်၏ ဤသို့သော အပြောများကြောင့် သန်းလှတို့မှာ ဆုတ်ရ တက်ရခက်လေသည်။ ဤသို့ဖြင့် သန်းလှမှာ ထွန်းထွန်းနှင့်ပတ်သက်သမျှကို သူ့အပေါင်းအသင်းများထံ ညွှန်ကြားချက် ထုတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ကောင်တွေ၊ ဒီကောင့်ကို ဘေးမဲ့ပေးလိုက်ကွာ၊ နားငြီးတယ်"

ထိုနှစ်က ထွန်းထွန်း စာမေးပွဲအောင်သည်။ သန်းလှတို့ တစ်သိုက်မှာ စာမေးပွဲကျသဖြင့် သန်းလှ အုပ်စု၏ အနှောင့်အယှက်မှ လွတ်လေသည်။

*

"အေးကွဲ့၊ ဖြစ်စဉ်ကတော့ ဒါပဲလေ၊ သမီးတို့လဲ ခေတ်ပညာတတ်တွေ ဖြစ်ပြီး ကျောင်းသားဘဝကို ဖြတ်သန်းလာကြသူတွေဆိုတော့ ဆင်ခြင်ပြီးလုပ်ကြပေါ့၊ အရေးကြီးတာက မြေးလေးရဲ့ ရည်မှန်းချက်ကို မထိခိုက်အောင် ကြိုးစားပေါ့ကွယ်"

"ကျေးဇူးတင်ပါတယ် ဘဘ"

အေးကြည်မြင့်က ကျေးဇူးတင်ကြောင်းပြောပြီး ဆက်၍ရှင်းလင်းတင်ပြမည့်ဟန်ရှိသော်လည်း မျိုးမျိုးဇင်၏ ဖေဖေက ထသွားလေပြီ။ အေးကြည်မြင့်လည်း မျိုးမျိုးဇင်နှင့် စကားအနည်းငယ်ပြောပြီး ပြန်လာခဲ့သည်။

နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် အေးကြည်မြင့်က သား၏ လက်ကိုဆွဲပြီး ကျောင်းသို့လိုက်ပို့သည်။ လမ်းတွင် မည်သည့်အနှောင့်အယှက်မျှ မတွေ့ရချေ။

ကျောင်းဝတွင် ဆရာမများစောင့်နေသဖြင့် မလှမ်းမကမ်းမှရပ်ကြည့်ပြီး ပြန်လာခဲ့သည်။

နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် ဆက်လက်ပြီး ကျောင်းပို့သည်။ တစ်ဦးတည်းသော သားဖြစ်၍ အေးကြည်မြင့်မှာ စိုးပန်းသည်ဟု မယူဆချေ။ လမ်းတွင် မကြားတကြား နောက်ပြောင်သံများ ကြားသော်လည်း အေးကြည်မြင့်က သား၏လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ကျောင်းသို့ အရောက်ပို့နိုင်ခဲ့သည်။ အဆင်ပြေပါသည်။

နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် အေးကြည်မြင့်က ကျောင်းပို့ပြန်သည်။ ထိုနေ့က မကြားတကြားမှ မကြားလျှင် ကြားအောင် အော်ဟစ်နောက်ပြောင်ကြသည်။ လှမ်းကြည့်လျှင် မသိသလိုအလျှိုလျှိုလူခဲ့ကြသည်။

မိမိက မခံချင်၍ ကက်ကက်လန်ပြောလျှင် လမ်းအလယ်၌ အရှုံးဖြစ်ရန်သာ ရှိပေမည်။ ကျောင်းသို့ရောက်ပြီး ဆရာမကိုတိုင်သည့်အခါ ခေါ်ယူ စစ်ဆေးသော်လည်း အချည်းနှီးပင်။

နောက်တစ်နေ့ ကျောင်းတက်ချိန်တွင် အေးကြည်မြင့် လိုက်ပို့သည့်အခါ မည်သူ့ကိုမျှ မကြည့်ချေ။ ဘာသံကြားကြား မကြားသလိုနေသည်။ သားအမိနှစ်ယောက် ခပ်သွက်သွက်လျှောက်ကြသည်။ ထိုအခိုက် မမျှော်လင့်သော ပြဿနာ ဖြစ်လာသည်။

"အမယ်လေး"

"မေမေ မေမေ ဘာဖြစ်တာလဲ"

မောင်တင်ထွန်းက မေးနေစဉ် အေးကြည်မြင့် ဖိထားသော ဦးခေါင်းပေါ်ရှိ လက်ချောင်းများကြားက သွေးများ ယိုစီးကျလာသည်။

"ဟာ . . . မေမေ သွေးတွေပါလား"

အေးကြည်မြင့်မှာ သွေးမြင်လျှင် လန့်တတ်သူဖြစ်၍ ကယောင်ကတမ်းမဖြစ်ရန် အားတင်းထားရသည်။

ထိုနေ့က ဆရာ၊ ဆရာမနှင့် ဆရာဝန်များပါ အလုပ်ရှုပ်သွားသည်။ ဒဏ်ရာက ပြင်းပြင်းထန်ထန် မဟုတ်ချေ။ ကျောက်ခဲသေးသေးလေး ဖြစ်၍ ပေါက်ရုံသာပေါက်ပြီး သွေးတို့က ဖြာကျလာခြင်း ဖြစ်သည်။

ဆရာနှင့် ဆရာကြီးတို့က ရဲစခန်းတိုင်သည်။ ရဲက သက်ဆိုင်သူများကို ခေါ်ယူစစ်ဆေးသည်။ လှဦးနှင့် ကျောင်းထုတ်ထားသော ကျောင်းသား နှစ်ဦးပါသည်။ အစတွင် ငြင်းသော်လည်း နောက်ပိုင်းတွင် ဝန်ခံသည်။

သစ်ကိုင်းကို ခဲနှင့်ပစ်ကစားရာမှ ချော်ပြီး မတော်တဆ ထိသွားသည်ဟု သိရသည်။ ဒဏ်ရာကလည်း ကြီးကြီးကျယ်ကျယ် မဟုတ်သဖြင့် ရဲစခန်းက လှဦးနှင့် ကျောင်းထွက်ပြီးသူ ကလေးနှစ်ဦးကို သတိပေးလက်မှတ်ရေးထိုးကာ ပြန်လွှတ်လိုက်သည်။

လှဦး၏ဖခင်က လှဦးကို ထိုနေ့တွင်ပင် ကျောင်းထုတ်လိုက်သည်။ အေးကြည်မြင့်တို့က တောင်းပန်သော်လည်း မရချေ။

*

"အဲဒါပဲ မျိုးရေ၊ အိမ်မှာ သားဆယ်တန်းအောင်ဖို့ မေမေ ထိပ်ပေါက်ရတယ်လို့ ပြောစမှတ်ကြီး ဖြစ်နေပြီ"

အေးကြည်မြင့်က ဒီကနေ့ တက္ကသိုလ်ဝင်တန်း အောင်စာရင်းတွင် သူ့သား နှစ်ဘာသာဂုဏ်ထူး ရသဖြင့် အပျော်ကြီးပျော်နေသည်။ မျိုးမျိုးဇင်က ပြုံးသည်။ မျိုးမျိုးဇင်၏ ဖေဖေက ဘာမျှ မပြောချေ၊ စာသာဖတ်နေသည်။

"ဘဘ၊ ဘဘရဲ့မြေး ဂုဏ်ထူး နှစ်ဘာသာနဲ့ အောင်တယ်၊ ဘဘရဲ့ ကျေးဇူးပဲ"

အေးကြည်မြင့်က သား၏အောင်မြင်မှုကို ဂုဏ်ယူစွာဖြင့် မျိုးမျိုးဇင်၏ ဖေဖေ စကားပြောလာစေရန် လမ်းခင်းလိုက်သည်။ မျိုးမျိုးဇင်၏ ဖေဖေက မျက်မှန်ပေါ်မှ ကျော်ကြည့်ကာ ပြုံး၍ ပြောလိုက်သည်။

"ဝမ်းသာပါတယ်၊ သမီးတို့လဲ မိဘဖြစ်လာကြပြီလေ၊ ဘဘတို့ သမီးတို့ဆိုတာ တစ်ချိန်မှာ ဖယ်ရှားကြရမှာပဲ၊ နောင်လာမယ့် အညွန့် အဖူးတွေအတွက် ဒီလောက် ရင်းနှီးရတာ ဂုဏ်ယူစရာလို့ မှတ်ပါ၊ နောင်တစ်ချိန်မှာ သူတို့အလှည့်လာဦးမယ် အသေအချာပဲ သမီးရေ"

❒ နေမထူး





www.burmeseclassic.com

www.burmeseclassic.com



# ရိုးရာ တောမှာ

(မျှားပုံ)

ခြံထဲရှိ သစ်ကိုင်းသစ်ရွက်များ ရှင်းလင်းတိုင်း မကြာခဏ ပုတ်သင်ညို ကို တွေ့လေ့ရှိသည်။ ပုတ်သင်ညို ဆို သော သတ္တဝါသည် အခြားသတ္တဝါများ နှင့် မတူခြင်းကြောင့် သတိထားမိခြင်း ဖြစ်သည်။ အရောင်အမျိုးမျိုး ရှိနေ တတ်၍လည်း စိတ်ဝင်စားမိ၏။

“ဒါ သူ့ရဲ့သဘာဝ၊ သူ့ရဲ့ အရည် အချင်းပဲ သမီးရဲ့၊ သူနေတဲ့ သစ်ပင်၊ ချောင်၊ သစ်ကိုင်းတွေနဲ့ လိုက်ဖက်တဲ့ အရောင် ပြောင်းတတ်တာ သူ့အရည် အချင်းပေါ့၊ အင်း . . လူမှုဝန်းကျင်နဲ့ ဆက်နွှယ်တွေးမယ်ဆိုရင်တော့ အတု ယူစရာလို့ ပြောရမယ်၊ ရောက်တဲ့အရပ် မှာ သင့်အောင်နေ၊ တွေ့တဲ့သူနဲ့ သင့် အောင်ပေါင်းဆိုတဲ့ လူမှုဆက်ဆံရေး သဘောအရ ပုတ်သင်ညိုကို အတုယူ ရမယ်၊ သူနေတဲ့အရပ်၊ သူတွယ်တဲ့ သစ် ပင်၊ သစ်ကိုင်း၊ နေရာတွေနဲ့ အရောင် အဆင်းနဲ့ လိုက်လျောညီထွေ ပြောင်း တတ်လို့ အတုယူစရာ သတ္တဝါပဲ”

ပုတ်သင်ညိုနှင့် ပတ်သက်ပြီး ဖေဖေပြောဖူးသည်ကို အမှတ်ရမိသည်။ ဖေဖေ့ရှုမြင်ချက်ကို လက်ခံပါသည်။ သို့ သော် နွယ်ဖြတ်သန်းခဲ့သော အတွေ့ အကြုံများအရ တွေ့ရသော ပုတ်သင် ညိုအချို့သည် ဘာကြောင့်ဤသို့ မဖြစ် ကြပါလိမ့်။ ပြောင်းလဲသော အရောင် များသည် တောက်ပလွန်းကြသည်။ စူးရှ လွန်းကြသည်။ ပတ်ဝန်းကျင်ကို စူးလက် စိတ်ကျဉ်းကျပ်စေသော အရောင်များ အဖြစ် ပြောင်းလဲကြလေသည်။ ဤသို့ သော ပုတ်သင်ညိုအချို့ ရှိကြသည်ဟု ဆိုလျှင် ယုံပါမည်လား။

❖



www.burmeseclassic.com

www.burmeseclassic.com

"နင်ကတော့ ပျော်နေတာပေါ့လေ၊ နင့်အသိ နင့်မိတ်ဆွေရှိတယ်ဆိုပြီး ဟင်း. . . တက်ကြွနေလိုက်တာ"

"ဒါပေါ့ကွ"

နွယ် တကယ်ပျော်နေပါသည်။ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရမည့် တက္ကသိုလ်တွင် မကြာသေးမီက ပြောင်းသွားသော သူငယ်ချင်းခင်မေစိုး ရှိနေပါသည်။ ခင်မင်ရင်းနှီးသူရှိ၍ အားလည်း တက်မိသည်။ ပျော်လည်းပျော်မိသည်။ ပျော်ပေမပေါ့။ ခင်မင်တွယ်တာမှုက နည်းသည့်နှစ်မှ မဟုတ်ဘဲ။ ဒီတော့ ခင်မေစိုးရှိသည့် တက္ကသိုလ်သို့ ပြောင်းရသည်ကို ပျော်မိပါသည်။အသိအကျွမ်းမရှိ၍ အားငယ်နေသော ဆင့်ဆင့်ကို သတိပြုမိသွားကာ ပျော်ရှိန်သတ်လိုက်ရသည်။

"ဆင့်ဆင့်ကလဲဟယ်၊ ဘာ အားငယ်စရာရှိသလဲ၊ နင်နဲ့ငါက အတူတူသွားရမှာလေ၊ ငါ့အသိဟာလဲ နင့်အသိပေါ့၊ ငါ့မိတ်ဆွေကလဲ နင့်မိတ်ဆွေပဲပေါ့၊ အေးအတူ ပူအမျှ အတူတကွနေကြရမယ့်ဟာ ဘာမှ အားငယ်စရာမလိုဘူး၊ ခင်မေစိုးက သဘောလဲ သိပ်ကောင်းတယ်၊ တစ်ဖက်သားကိုလဲ သိပ်ကူညီတတ်တယ် သိပ်ဖော်ရွေတာ၊ နင်နဲ့ ခဏလေး ခင်သွားမှာ"

အားပေးရင်း နှစ်သိမ့်ရင်းဖြင့် တာဝန်ကျရာ တက္ကသိုလ်သို့ရောက်လာခဲ့ပါသည်။ ကံကောင်းသည်ဟုဆိုရမည်။ နွယ်နှင့် ဆင့်ဆင့်သည် တစ်ဆောင်တည်း အတူနေရသည်။

"ဟဲ့ နင့်သူငယ်ချင်း ခင်မေစိုးကော မမြင်ပါလား၊ ဖုန်းဆက်ထားတယ်ဆို"

"ဒီနေ့ စနေနေ့လေ၊ ကျောင်းပိတ်ရက်ကိုး၊ အဆောင်မှာနေတာမှ မဟုတ်တာ စိုးက မြို့ထဲမှာနေတာ"

"ဟင်. . . ငါသာဆိုရင်တော့ ကျောင်းပိတ်ရက်လဲ လာတွေ့မှာပဲ"

"ဆင့်ဆင့်ရယ် ငါတို့ တက္ကသိုလ်ဆရာ၊ ဆရာမတွေဆိုတာ အားကြတာမှ မဟုတ်တာ၊ ပိတ်ရက်ကလေးမှာပဲ နားကြရတာကွယ်"

ဆင့်ဆင့်ကို ပြောသာပြောလိုက်ရပေသော်လည်း ခင်မေစိုးကို ကျိတ်၍ မျှော်မိပါသည်။ အရိပ်ကလေးတစ်ရိပ်ဖျတ်ခနဲ မြင်လိုက်တိုင်း သူငယ်ချင်း ခင်မေစိုးလားဟု ကြည့်ရသည်မှာ အမောစနေ တနင်္ဂနွေရက်တွေသာ ကုန်သွားသည်။ ချစ်သူငယ်ချင်း ခင်မေစိုး၏ အရိပ်အယောင်မျှပင် မမြင်ရချေ။

တနင်္လာနေ့တွင် ခင်မေစိုးကို တွေ့ရပါပြီ။ အမျှော်ကြီး မျှော်နေမိသောနွယ်က တွေ့သည်နှင့် ဝမ်းသာအားရဖြစ်ကာ သူ့လက်ထဲက ပစ္စည်းတွေကို ဝိုင်းယူလိုက်သည်။

"ရောက်လာပြီလား"

"သောကြာနေ့ ညနေကတည်းက ရောက်တာဟ၊ နင့်ကို မျှော်လိုက်ရတာဟယ်၊ ဒါ ငါနဲ့အတူလာတဲ့ ဆင့်ဆင့်လေ၊ ဆင့်ဆင့်ရေ ဒါ ငါ့သူငယ်ချင်း စိုး"

"ဩော်"

ခင်မေစိုးက ခေါင်းကလေး တစ်ချက် ဆတ်ခနဲပြုကာ သူ့စားပွဲသို့ တန်းသွားလေသည်။ နွယ်က ပစ္စည်းတွေကို သူ့စားပွဲပေါ် တင်ပေးပြီး သူ့ရှေ့က ခုံတွင် ဝင်ထိုင်လိုက်၏။

"ငါတို့ တွဲဖက်ပါမောက္ခတွေ ဒီနေ့အစည်းအဝေးရှိတယ်၊ ဘယ်အချိန်လဲဆိုတာ ရုံးမှာသွားစုံစမ်းလိုက်ဦးမယ်"

ခင်မေစိုးက ပြောပြောဆိုဆို နေရာမှထသည်။ သူ့ရင်ဘတ်တွင် ချိတ်ထားသော တွဲဖက်ပါမောက္ခ ဟူသော အပြာရောင်တံဆိပ်ကလေးကို နေသားတကျ ပြင်နေ၏။ သူ့ရှေ့ကခုံမှ နွယ်ပင် မထရသေး။ သူက ခပ်တည်တည်ထွက်သွားလေသည်။ အံ့ဩလွန်း၍ နွယ် ကြောင်အမ်းနေ၏။ နွယ့်ကို လှမ်းကြည့်နေသော ဆင့်ဆင့်မျက်လုံးများကိုရှောင်ရင်း နေရာသို့ ပြန်လာခဲ့သည်။

"ဘာပြောသွားတာလဲ၊ နင့်သူငယ်ချင်းကလဲ ဟက်ဟက်ပက်ပက် မရှိလိုက်တာ"

"အရေးကြီးတဲ့ အစည်းအဝေးရှိလို့ပါဟဲ့"

ဆင့်ဆင့်ကို ပြောလိုက်သော်လည်း နွယ့်ရင်ထဲတွင် အမည်မဖော်တတ်သော ခံစားမှုတစ်ခုငြိနေပါသည်။ ခင်မေစိုး ဘာဖြစ်တာပါလိမ့်။ အိမ်မှာ ဘာအဆင်မပြေတာ ကြုံခဲ့လို့ပါလိမ့်။ မတွေ့တာကြာနေတဲ့ သူငယ်ချင်း။ တစ်နေရာကနေ ရောက်လာတဲ့ သူငယ်ချင်း။ ဂရုမစိုက်တာတောင် ဧည့်ဝတ်စကား မပြောနိုင်ဘူးလား။

"ဘယ်နေ့က ရောက်လဲ"

"ဘယ်အဆောင်မှာနေရသလဲ"

"အဆင်ပြေရဲ့လား"

ဤသို့သော အမေးစကားလေးများကို ကြားချင်သည်မှာအမှန်။ ဘာကြောင့်ပါလိမ့်။ ခင်မင်ရင်းနှီးခဲ့ကြတဲ့ သူတွေလေ။ အဝေးက လာခဲ့ရသူလေ။ သူက မြို့ခံလေ။ အတွေးများဝေရင်း ခင်မေစိုး စိတ်ထားကို တဖြည်းဖြည်း ရိပ်မိလာပါတော့သည်။

"နွယ်ရဲ့ နင့် သူငယ်ချင်းဟာ တကယ်တော့ ဇာတိမာန်ရှိတဲ့သူကွ"

"ဘယ်လို ဇာတိမာန်ရှိသူ ဟုတ်လား"

"အေး ဟုတ်တယ်၊ ရန်ကုန်မှာ တုန်းက နင်နဲ့ ခင်မင်တာမဟုတ်လား၊ ဖော်ရွေသဘောကောင်းတယ် မဟုတ်လား၊ အခုတော့ ဒီနေရာဟာ သူ့မြို့၊ သူ့အရပ်၊ သူ့ဇာတိလေ၊ သူ့ဇာတိရောက်လာတော့ ဇာတိမာန်တက်ပြီး ဟန်ထည်မာန်ကြွယ်ဖြစ်သွားတယ် မဟုတ်လား၊ ဒါကြောင့် နင့်သူငယ်ချင်းခင်မေစိုးဟာ ဇာတိမာန်ရှိသူလို့ ပြောတာ နွယ်ရဲ့"

ဆင့်ဆင့်နှင့်အတူ ရယ်မောလိုက်တော့မှ နွယ့်ရင်ထဲ ပေါ့ပါးသွားလေသည်။

❖

ခင်မေစိုးသည် သွင်ပြင်သာမက နှုတ်ပြောစကားတို့ပါ ပြောင်းလဲနေပြီ ဖြစ်၏။ ရန်ကုန်တွင်ရှိစဉ်က သူသည်

www.burmeseclassic.com

ကထိက ဖြစ်လေသည်။ ယခုမူ တွဲဖက်ပါမောက္ခ ဖြစ်နေပေပြီ။ အားလုံး၏ ရိုသေခြင်း၊ လေးစားခြင်း၊ ကြည်ညိုခြင်း၊ အရေးတယူ ဦးစားပေးခြင်းတို့ကို ပိုင်ဆိုင်ချင်လေသည်။

ဤဌာနတွင် ပါမောက္ခပြီးလျှင် သူသာလူကြီးဟူ၍ အသိအမှတ်ပြုစေချင်သည်။ အားလုံးက ကြောက်အောင် လေးစားအောင်ဆိုသည့် သဘောဖြင့် မျက်နှာတင်းထားလေ့ရှိ၏။

တကယ်တော့ နွယ် ထင်ပါသည်။ လေးစားရိုသေမှုဆိုတာ လုပ်ယူ၍ မရစကောင်းပေ။ ဖန်တီး၍ မရစကောင်းပေ။ ရင်တွင်းမှ ဖြစ်တည်လာမှုပင်ဖြစ်၏။ ရင်တွင်းမှ ဖြစ်ပွန်းလာခြင်းပင် ဖြစ်၏။ အရိုအသေခံလိုလျှင် လေးစားမှုခံလိုလျှင် ကောင်းမြတ်မှန်ကန်သော စိတ်ဓာတ်ဖြစ်အောင် မိမိကိုယ်မိမိကြိုးစားပြုပြင်ရပေမည်။ အာဏာဖြင့် ရာထူးဖြင့် မောက်မာမှုတို့ဖြင့် ပြု၍မရခြင်းကို ခင်မေစိုး သိနားလည်စေချင်ပါသည်။ သူ့ကို သနားမိသည်။ ပျောက်ဆုံးသွားသော ဖြူစင်ဖော်ရွေခဲ့သည့် သူ့စိတ်



ကလေးကို နှမြောမဆုံး ဖြစ်ရသည်။ သူ့ကို သနားနေမိသော နွယ်သည် သူနှင့် ပြဿနာဖြစ်ရလေသည်။

ဌာနမှ နည်းပြဆရာမလေး နီနီလွင်သည် ရုရှားဘာသာသင်ဖာန်းတက်ရန် အရွေးချယ်ခံရ၏။ သင်တန်းတက်ရန် ရန်ကုန်သွားရမည်ဖြစ်၍ ဘာသာရပ်ဆိုင်ရာ စာအုပ်အချို့ကို နွယ်မှာလိုက်သည်။ မှာသည့်စာအုပ်များကို နီနီလွင်သည် ပို့ပေး၏။ စာတိုက်မှ မဟုတ်ပေ။ လူကြုံကယ်ရီဖြင့် ပို့ခြင်း ဖြစ်သည်။ ကယ်ရီလုပ်ငန်းကို ရန်ကုန်မှ မိခင်က တာဝန်ယူလုပ်ဆောင်၏။ ဤမြို့တွင်မူ သမီးဖြစ်သူက တာဝန်ယူ လုပ်ဆောင်လေသည်။ သမီး၏အမည်မှာ ခင်မေစိုး ဖြစ်၏။ ရန်ကုန် ကယ်ရီပင်ရင်းဌာန မိခင်မှ ကယ်ရီအထုပ်၏ထိပ်တွင် ဒေါ်ခင်မေစိုးမှ ပေးပါဟု ရေး၏။ ဤသို့ ရေးပြီးမှ နွယ်၏အမည်နှင့် ဌာနလိပ်စာရေးသည်။

ဤမြို့တွင်ရှိသော ကယ်ရီခင်မေစိုးတို့အဖွဲ့က နွယ့်လိပ်စာအတိုင်း ဌာနသို့ လာပို့သည်။ သို့သော် နွယ်က ဌာနတွင် မရှိချေ။ စာမေးပွဲစောင့်နေချိန် ဖြစ်၏။ ဖြစ်ချင်တော့ တွဲဖက်ပါမောက္ခ ဒေါ်ခင်မေစိုးနှင့် တွေ့လေသည်။ လိပ်စာက ဌာနလိပ်စာ ဒေါ်ခင်မေစိုးမှ ပေးပါဟူသော စာတန်းကို မြင်သည်နှင့် တွဲဖက်ပါမောက္ခကြီးသည် ယမ်းပုံမီးကျ ပေါက်ကွဲလေတော့သည်။

အမှန်ဆိုလျှင် ပညာတတ်တစ်ဦးလည်း ဖြစ်သည်။ တက္ကသိုလ်ကြီးတစ်ခု၏ တွဲဖက်ပါမောက္ခအဆင့်ရှိသူတစ်ဦးလည်းဖြစ်သည်။ ပေးပို့သူ ကယ်ရီသမားနှင့်လည်း ကိုယ်တိုင်တွေ့သည်။ ခြေခြေမြစ်မြစ် တီတီကျကျ မေးမြန်းသင့်သည်။ သို့ပါလျက် ဤသို့မဟုတ်။

စာအုပ်ထုပ်ကြီးကို ရုံးမှ စာရေးမကလေးအား သယ်ယူစေသည်။ နွယ်စာမေးပွဲစောင့်ရာ အဆောင်သို့ ဒေါ်နှင့်မောနှင့် ရောက်ချလာသည်။ စာမေးပွဲစောင့်တာဝန်ယူလျက်ရှိသော နွယ့်ကို အခန်းဝမှ မျက်နှာထားတင်းတင်းဖြင့်

လက်ယပ်ခေါ်သည်။ စာမေးပွဲအတူစောင့်နေသော ဆရာ၊ ဆရာမများရှေ့ ဖြေဆိုလျက်ရှိသော ကျောင်းသူကျောင်းသားများရှေ့တွင် စာရေးမလေးထံမှ စာအုပ်ထုပ်ကိုဆွဲယူကာ ဗုန်းခနဲ ပစ်ချလိုက်သည်။

"နီနီလွင်ပို့လိုက်တာ သိပ်လှပါးဝတာပဲ၊ သူက ကျူတာ၊ တို့က တွဲဖက်ပါမောက္ခ၊ ဒီမှာ ကြည့်၊ ဒေါ်ခင်မေစိုးမှ ပေးပါလို့ ရေးရသလား"

ဗြုန်းခနဲမို့ နွယ်တွေသွားသည်။ နောက်မှ သတိရသွား၏။ ဒေါ်ခင်မေစိုးမှ ပေးပါဟုရေးသည်မှာ ဤမြို့မှ ကယ်ရီလုပ်ငန်းရှင် ဒေါ်ခင်မေစိုးဖြစ်ကြောင်း မြို့ခံ တွဲဖက်ပါမောက္ခကြီးကို ရှင်းပြရသည်။ သို့သော် စာမေးပွဲစောင့်တာဝန်ယူနေသော နွယ့်အား စာအုပ်ထုပ်ကြီးကို တွန်းထားခဲ့ကာ ချာခနဲလှည့်ထွက်သွားလေသည်။ စိတ်မကောင်းပါ။ ဤနေ့သည် ရင်းနှီးခင်မင်ခဲ့သော မိတ်ဆွေတစ်ယောက် ဆုံးရှုံးလိုက်ပြီဖြစ်ကြောင်း နွယ် ခံစားမိသည်။

❖

နေရာသည် အရေးကြီးပါသည်။ ရာထူးကြီးသူသည် ပညာကြီး၍သာ ဖြစ်သည်။ ပညာကြီးသူသည် အသိဉာဏ်ကြီး၍သာ ဖြစ်ပါသည်။ နေရာမြင့်ကို ပိုင်ဆိုင်လေ သိမ်မွေ့ညင်သာ ရင့်ကျက်လာလေသော ဖြစ်သင့်လေသည်။ နေရာမြင့်ကို ပိုင်ဆိုင်တိုင်း အချို့လူများသည် မမြင့်ကြောင်း နွယ်ကိုယ်တိုင် တွေ့ကြုံခဲ့ရသည်။ သူငယ်ချင်း ခင်မေစိုးကို သတိရတိုင်း ဤသို့တွေးဖြစ်လေသည်။

သို့သော် နွယ်သည် "နေရာမြင့်သော" "လူကြီးနှင့်တူသော" သူများနှင့် ဆုံရသော အခါတွင် နွယ့်အတွေးတို့သည် ပြောင်းလဲသွားပြန်ပါသည်။

တာဝန်ထမ်းဆောင်ရသော နှစ်ပြည့်သော နွယ်တို့သည် ဆန္ဒပြုသော တက္ကသိုလ်၊ ကောလိပ် အသီးသီးရှိရာ ရန်ကုန်သို့ ပြန်ရောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

နွယ်သည်လည်း ဒဂုံတက္ကသိုလ် မြန်မာစာဌာနသို့ ရောက်ရှိ၏။ စုံရှုသော အရောင်များပြောင်းလဲသော အချို့ကို ကြုံဖူး၍ သတိရှိနေတတ်သော အကျင့်ကလေး ငြိနေပြီဖြစ်ပါသည်။ ခင်မင်ရင်းနှီးစွဲ ရှိနေပေမယ့် နှုတ်ဆက်ရန်၊ ဆက်ဆံရန် တွန့်ဆုတ်နေမိ၏။ တထိတ်ထိတ်အရိပ်ကြည့်ရင်း မဝံ့မရဲဖြစ်မိသည်။ နွယ် စိုးရိမ်လွန်သွားပါသည်။ ဤဌာနသည် နွယ် စိုးရိမ်ကြီးသကဲ့သို့ မဟုတ်ပါချေ။

ဤတက္ကသိုလ် ဤဌာနရှိသူများသည် နွေးထွေးချစ်မြတ်နိုးဖွယ်ကောင်းသော မိသားစုစိတ်ကလေးများ ရှိကြသည်။ မိမိတာဝန် မိမိကျေပွန်ရန် တက်ညီလက်ညီ လုပ်ကြသည်။ မိသားစုကလေးနဲ့ တူလှ၏။ ပါမောက္ခ၊ တွဲဖက်ပါမောက္ခနှင့် ဘဝတူလုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမများသည် ရိုးသားသည်၊ ပွင့်လင်းသည်၊ တစ်ဦးနှင့် တစ်ဦး ဖေးမကြသည်။ ရိုင်းပင်းကြသည်။ မေတ္တာ စေတနာ အကြင်နာတို့ ထုံသင်းသော ဆက်ဆံမှုများဖြင့် စိတ်ချမ်းမြေ့မှုများသာ ကြုံရလေသည်။

ပါမောက္ခသည် အစ်မအကြီးဆုံးနှင့် တူလှသည်။ ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဖေးဖေးမမဖြင့် စောင့်ရှောက်သင့်သည်ကို စောင့်ရှောက်သည်။ ဆုံးမသင့်သည်ကို ဆုံးမသည်။

တွဲဖက်ပါမောက္ခများကလည်း အစ်မကြီးနည်းတူ စိတ်ရော အမူအကျင့်ပါ ချစ်ခင်လေးစားဖွယ်ကောင်းသည်။ တွဲဖက်ပါမောက္ခ ဖြူသော မာန်လည်း မရှိ။ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် သတ်မှတ်စည်းကမ်းများကို စနစ်တကျ ညွှန်ပြလေသည်။

ဆရာမငယ်လေးများက လေးစားရိုသေကြသော်လည်း နွဲ့ဆိုး ဆိုးကြသည်။

"မမဖြူရေ ကျွန်မ သင်ရိုးနံပါတ် မေ့နေလို့ ကြည့်ပေးပါဦးနော်"

"အေး . . . ခဏစောင့်"

"ဟာ မမဖြူကလဲ၊ အခုကြည့်ပေးပါ၊ စာရင်းရေးချင်လို့ပါ"

"အေး ဟုတ်ပြီ၊ ငါ့ကိစ္စထက် အရေးကြီးကြတဲ့သူတွေချည်းပါလား"

ပြော်ပြောဆိုဆို တွဲဖက်ပါမောက္ခ ဒေါ်ဖြူဖြူမြင့်သည် လုပ်နေဆဲ အလုပ်ကိုထားကာ သင်ရိုးအမှတ် ကြည့်ပေးလေသည်။ နွယ်ကြုံခဲ့သော ပါမောက္ခ ဒေါ်ခင်မေစိုးကို သတိရသွားပါသည်။

"မမသန်းလေး ကျွန်မတို့ လုံခြုံရေး ဂျူတီနော်"

"ဟုတ်ကဲ့ပါရှင် ကောင်းပါပြီ၊ အဲဒီမှာ လက်မှတ်ထိုးရမယ်"

တိကျသေချာသော တွဲဖက်ပါမောက္ခဒေါ်သန်းသန်းလေးက ဆရာမများကို ချိုသာစွာ ဆက်ဆံလေသည်။ သို့သော် လုပ်ရမည့်စည်းကမ်းကို စနစ်တကျညွှန်ပြလေသည်။

"မမသစ်ရေ ကျူတိုရီရယ် မေးခွန်းထုတ်ချင်လို့"

"ရမယ် . . . ရမယ်"

ထမင်းစား၍ စားနေမှန်းလည်း သတိမပြု။ လိုချင်သော မေးခွန်းကို ကလေးဆိုးကြီးလိုအတင်းတောင်းသည်။ အားနာရမှန်းမသိ လာထုတ်သူကို တွဲဖက်ပါမောက္ခဒေါ်သစ်သစ်ဆွေ ဗီရိုဖွင့်၍ ယူပေးလေသည်။

တကယ်တော့ နေရာသည် အဓိကမဟုတ်ဟု နွယ်တွေးမိပြန်သည်။ စိတ်ဓာတ်မြင့်မြတ်မှုသည်သာ အရေးကြီးကြောင်း နားလည်ခံစားမိပါသည်။ တစ်လောက ကြည့်လေ။ နွယ်သည် ပြိုင်ပွဲ (၂၀၀၁)တွင် ဆုတစ်ခု ရသည်။ ရွှေ့အပတ်တွင် ဆုတက်ယူရမည် ဖြစ်၏။ နွယ်တို့ဌာနမှူး ပါမောက္ခကြီး ဒေါ်သန်းသန်းက နွယ့်ကို တွေ့သည်နှင့် မေးသည်။

"ဆုယူတဲ့နေ့ ဘာဝတ်မှာလဲ နွယ်"

ဆရာမကြီး ဒေါ်သန်းသန်းမေးလိုက်သော အမေးစကားလေးသည် တိုတိုကလေးပါပဲ။

သို့သော် နွယ် ကြက်သီးထသွားသည်။ ပီတိကြက်သီးဟု ထင်ပါသည်။ ဤကြည်နူးမှုပီတိကလေးသည် တော်တော်နှင့်မပျောက်။ အိမ်အထိပါသွားသည်။ အိမ်အထိ မဟုတ်ပါဘူးလေ။ ယခု စဉ်းစား။ ယခု ပီတိဖြစ်ဆဲပင်။ နွယ့်ပီတိသည် နွယ်တို့ တစ်အိမ်လုံး ပျံ့နှံ့သွားလေသည်။

"မေမေ ဒီအရောင်ကောဟင်"

"မကောင်းဘူး မမကြီးရဲ့၊ ရော့ ရော့ ဒီအရောင်ကလေးမှ လှတာနော် ဖေဖေ"

"ဟာ ဒီအရောင် မေမေတို့ ဆရာမကြီး ကြိုက်ပါ့မလား၊ ဟောဒီ အရောင်ဝတ်"

နွယ်၏ ကလေးနှစ်ယောက်က အဝတ်တစ်စုံပြီးတစ်စုံ ရွေးပေးကြသည်။

"ဟော့ မင်းအမေက တကယ်တော့ ကြွားနေတာကွ၊ သူ့ဆရာမကြီးက ဂရုစိုက်တာ မင်းတို့ကို ကြွားချင်လို့ ရွေးခိုင်းတာကွ သိလား၊ ဒီတော့ ဖေဖေလဲ အကြွားခံချင်လို့ ဝိုင်းရွေးရမှာပေါ့ကွာ"

အဝတ်ပုံကြီးကြားတွင် နွယ်တို့ မိသားစု ပျော်နေကြလေသည်။ ဆုယူရမည်ထက် ဂရုစိုက်သောအသိအမှတ်ပြုသော မိမိလူကြီး၏ စကားသည် ပီတိဖြစ်ဖွယ် ကောင်း၏။ နွယ်ထင်ပါသည်။ မိမိ၏ အထက်လူကြီးများ၏ စာနာမှု၊ ကြင်နာမှု၊ ဖြောင့်မတ်မှု၊ ဖေးမမှု၊ အာရုံပြုမှုတို့သည် မည်သည့်အရာနှင့်မျှ နှိုင်းယှဉ်၍ မရချေ။ တန်ဖိုးရှိလှပါသည်။

ဤအသိကို အမြင့်နေရာကို ပိုင်ဆိုင်သူတိုင်း သတိရှိသည်ဆိုလျှင် မည်သည့်အရပ်၊ မည်သည့်နေရာ၊ မည်သည့်အလုပ်ကိုမဆို တာဝန်ယူရပါစေ လူတိုင်း ပျော်ရွှင်ချမ်းမြေ့နေမည်သာ ဖြစ်ပါသည်။

❒ စောမဉ္ဇူ(ဖျာပုံ)





www.burmeseclassic.com

www.burmeseclassic.com


# ရင်သွေးရတနာ အလှူဖြာ

ရတနာအားလုံးတို့တွင် သားသမီးရတနာသည် မိဘနစ်ပါးအား စိုပြည်အေးချမ်းစေပါသည်။



သားသမီးရတနာ ရရှိလိုသူများအတွက်

ကျေးဇူးရှင် ချောင်းဝဆရာတော်ကြီး၏ တူသားတပည့်

## အားလုံးပြီးစေ တိုင်းရင်းဆေး

## ဆရာချစ်ဝင်းထွန်း C.T (Med)(တဆ-၀၃၃၀၉)

## အထူးကုသနိုင်သော ရောဂါများ

အရိုး၊ အကြော၊ လေဖြန်း၊ (အိမ့်ဆည်းလည်းသံ ဆိတ်သုဉ်းနေသူများ)အားလုံး အတွက် သားသမီးရတနာ ဖြစ်ထွန်းစေရန် ဆေးခန်းဖွင့်လှစ်ကုသလျက် ရှိပါသည်။

ပန်းသေ၊ ပန်းညှိုး၊ ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်၊ နလုံး၊

အဆစ်နာ၊ မီးယပ်ရောဂါ၊ အမျိုးသား၊ အမျိုးသမီး အကြောအားနည်းရောဂါ၊

အကြောရောဂါအမျိုးမျိုး အထူးကုသပါသည်။

ဆက်သွယ်ရန် ➸ စောင်(၂)မှတ်တိုင်ဆင်း၊ စဉ့်ငှရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၁/၆၅)၊ စိန်ရတနာလမ်းမ၊ ရွာလယ်လမ်း၊ အင်းစိန်မြို့နယ်။

ဆေးခန်းဖွင့်ချိန် ➸ နံနက် (၈) နာရီမှ နေ့လယ် (၁၂)နာရီထိ၊ ညနေ (၄) နာရီမှ ည (၉)နာရီထိ။

ဖုန်းအမှတ် ➸ ၀၉-၄၂၁၀၆၂၁၃၆

လမ်းညွှန် ➸ ၁၈၈, ၁၇၇, ၂၀၂, ၁၉၉, ၂၁၂, ၈၁, ၇၉, ၁၂၆, ၁၄၆, ၁၈၄, ၂၂၆ ရွှေအင်းဝ စသည့် ဆူးလေ-အင်းစိန်-တညင်းကုန်း-ရွှေပြည်သာ-လှော်ကား ကားများ။ တညင်းကုန်း၊ ရွှေပေါက်ကံ၊ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာ၊ သဃ်န်းကျွန်း ကားများစီး၍ စောင် (၂) မှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com



# နှုတ်ထွက်စကားအတွက် ဆင်ခြင်ကြစေချင်သည်

## ရေကျော်စိုးအောင်

လူ့ဘောင်ဘဝမှာ အကြောင်းအရာ အဖုံဖုံနှင့် ဖြစ်ရပ်အစုံစုံ ရှိနေကြသည်ကို ငြင်းဆန်၍မရကောင်း။ မည်သည့်အရပ်ဒေသသို့ ရောက်သည်ဖြစ်စေ နှုတ်၏စောင့်စည်းမှုသည် လွန်စွာမှ အရေးပါကြောင်းကို အောက်ဖော်ပြပါ ဖြစ်ရပ်မှန်များက သက်သေထူလျက်ရှိပေသည်။

တစ်နေ့ နံနက်ခင်းမှာ ပုဇွန်တောင်မြို့နယ် အမှတ်-၈ ရပ်ကွက်ထိပ်ရှိ ဦးငြိမ်း၏သမီးဖြစ်သူ ခေါက်ဆွဲသုပ်ဆိုင်ရှေ့မှာ ရေနွေးကြမ်းဝင်သောက်စဉ် ဖခင်ဖြစ်သူ ဦးငြိမ်းနှင့် စာရေးသူ၊ မိတ်ဆွေ ကိုစိန်ထွန်းတို့ ဆုံမိကြသည်။ ဦးငြိမ်းက စာရေးသူအား လောကကြီးတွင် နှုတ်၏စောင့်စည်းမှုမှာ အလွန်အရေးကြီးကြောင်း ပြောပြသည်။

"ကိုစိုးအောင်ရေ နှုတ်စောင့်စည်းမှု မရှိခဲ့လို့ ကျိုက်ထီးရိုးဘုရား သွားဖူးစဉ်က အဖြစ်အပျက်က ဒီလိုဗျာ၊ ငယ်စဉ်တုန်းကပေါ့ အမေက ဘုရားမှာလှူဖို့ငွေ သုံးကျပ်၊ လမ်းမှာစားဖို့စရိတ်ကအစ ထုတ်ပေးခဲ့တယ်၊ ဘုရားရောက်တော့ ပါလာတဲ့ သူငယ်ချင်းတွေက ကျွန်တော့်ကို. . .

'မင်းအမေပေးလိုက်တဲ့ ငွေသုံးကျပ်ကို ဘုရားအလှူခံပုံးပေါ်တင်ပြီး အရှင်ဘုရား ဒီငွေသုံးကျပ်ကို ခေတ္တပြန်ပေးပါ၊ နောက်နှစ်ကျမှ အကြွေးပြန်ဆပ်မယ်လို့ ပြောကွာ' တဲ့"

ကိုငြိမ်းလည်း သူငယ်ချင်းများ ပြောသည့်အတိုင်း ပြောပြီး ငွေသုံးကျပ်နှင့် အစားမျိုးစုံ ဝယ်စားပြီးနောက်မှာတော့ နှစ်ပေါင်းသုံးဆယ်အထိ ကျိုက်ထီးရိုးဘုရား ပြန်မရောက်ခဲ့တော့ပေ။

ဒီအကြောင်းကို သိသွားတဲ့ အမေဖြစ်သူက နှစ်သုံးဆယ်ကျော်ပြီးနောက် ငွေကျပ်သုံးသောင်းဖိုး ရွှေဆိုင်းများဝယ်ပေးပြီး တိတိပပလှူရန် တာဝန်ပေးခဲ့သည်။ ကျိုက်ထီးရိုးစေတီကို သွားရောက် လှူဒါန်းစေခဲ့ပါသည်။

ဒီအကြောင်းမှာလည်း နှုတ်ထွက်စကားတစ်ရပ်က ဒီလိုအကြောင်းတွေ ဖြစ်ခဲ့ရတယ် ကိုစိုးအောင်ရေတဲ့။

ရင်ပြင်အပေါ်ကနေ မုဆိုးဒူးထောက်တောင်ဘက်ကို အဆင်းမှာ ဘိုးဘိုးနီရုပ်တုရဲ့ဘေးမှာ ကျားရုပ်တစ်ရုပ် ထုလုပ်ကိုးကွယ်ထားတာကလည်း အထင်အရှားပါ။

အတူပါလာတဲ့သူငယ်ချင်း တစ်ယောက်က . . .

"ဘိုးဘိုးကြီးဘေးက ကျားရုပ်က ဘာဖြစ်လို့ ထုထားတာလဲ" တဲ့။

ဦးငြိမ်းက . . .

"ဘိုးဘိုးကြီး ကြောက်မှာစိုးလို့ ဘေးမှာ ကျားရုပ်ထုထားတာ"လို့ နှုတ်ဆော့ပြောအပြီး ဘယ်သူက နောက်က တွန်းလိုက်မှန်းမသိ ရှေ့ကို ဟပ်ထိုးကျသွားခဲ့ရပါတယ်။ သတိရလို့ ပြန်ကြည့်





www.burmeseclassic.com

www.burmeseclassic.com

တော့ ရှစ်ချက်တိတိ ချုပ်ခဲ့ရတာ သတိရမိပြန်ပါတယ်။

နောက်အဖြစ်အပျက် တစ်ခုက ဘိုကလေးမြို့နယ်မှာရှိတဲ့ ကံ့ကော်တစ်ထောင် သာသနာ့နယ်မြေသွားဖို့ မိန်းမလှကျွန်းညိုဘက်ဆီကို ရောက်ခဲ့ရပြန်ပါတယ်။ ပွဲထောင်နဲ့ဖြစ်လို့ ပါလာသူ သူငယ်ချင်းတွေက . . .

"ဒီချောင်းကိုသွားတဲ့အခါ လှေသမ္ဗန်တွေက ရေရှိလို့သွားနိုင်တာလား"

ဒီအမေးနဲ့ နောက်ပြောင်အပြီးမှာ ရေတွေရှိနေလျက်နဲ့ ရုတ်တရက် ရေတွေခန်းသွားပြီး စီးလာတဲ့ပွဲထောင်က နွံထဲမှာနစ်သွားလို့ လူတွေ ပွဲထောင်ပေါ်ကဆင်းပြီး လမ်းလျှောက်ပြီးသွားခဲ့ရတာလည်း အမှတ်တရ ဖြစ်ခဲ့ရပါတယ်။

နောက်အဖြစ်အပျက် တစ်ရပ်ကလည်း ဒီလိုပါ။ မောင်ဗမာစက်ဘီးတွေ ရောင်းချစဉ်က ဖြစ်ပါတယ်။ အစ်ကိုဖြစ်သူ အင်းတိုင်စီအိုဒီက တပ်ကြပ်ကြီးပါ။ သူက . . .

"မောင်ငြိမ်း မောင်ဗမာစက်ဘီး တစ်စီး မင်းအတွက် ၂၅၀ နဲ့ ဝယ်ထားတယ်၊ လာယူပါ" ဆိုတာနဲ့ အင်းတိုင်ဘက် မော်တော်ဆိုင်ကယ်ကို သူငယ်ချင်း သုံးယောက်အတူစီးပြီး သွားယူခဲ့ကြပါတယ်။

အင်းတိုင်ဘက်ကအပြန် ရွှေညောင်ပင်မှာ မော်တော်ကားတွေကို ရှေ့တိုးနောက်ဆုတ်လုပ်ပြီး ရွှေညောင်ပင်ဘိုးဘိုးကြီးကို ပြသနေတာကြုံလို့ ပါလာတဲ့ စက်ဘီးကို ရှေ့တိုးနောက်ဆုတ် ပြပြီး ကျွန်တော်က ဆိုင်ကယ်နောက်က စက်ဘီးကြိုးချည်ပြီး ကြိုးနဲ့ဆွဲပြီး စီးလာခဲ့ကြပါတယ်။

ဆိုင်ကယ်မောင်းတဲ့ သူငယ်ချင်းက အရက်မိုးသောက်လာမှန်း မသိခဲ့ပါဘူး။ ထောက်ကြံ့နားရောက်တော့ ကားတစ်စီးကိုရှောင်ပြီး သွားခိုက်မှာ ဘေးမှာရပ်ထားတဲ့ကားက တည့်တည့်ကြီးကြုံနေရတော့ ရှေ့လက်နှစ်ဖက်နဲ့ ကားကိုတွန်းထားရသလို တစ်ဖက်က စက်ဘီးကိုလွှတ်ပြီး ခုန်ချခဲ့ရပါတယ်။ လက်နှစ်ဖက်မှာလည်း သွေးခြင်းခြင်းနီပြီး ဒဏ်ရာရခဲ့ပါတယ်။ စက်ဘီးကတော့ ဆိုင်ကယ်နောက်က ကြိုးတန်းလန်းနဲ့ ပါသွားတာကို နောက်က စစ်ကားတစ်စီးက အကျိုးအကြောင်း ပြောတော့မှ သူငယ်ချင်းတွေကသတိရပြီး ကျွန်တော့်ကို ပြန်ရှာခေါ်ခဲ့ရသည်အထိ ကြုံကြိုက်ရတာလည်း ရှိခဲ့ပါတယ်။

လူ့ဘဝ ခရီးတစ်ထောက်မှာ အကြောင်းအရာ အဖုံဖုံ ဖြစ်ရပ်အစုံစုံ ရှိနေတာကအမှန်ပါ။ မကြုံရလို့ မယုံဘူး ဆိုလျှင်လည်း စာရှုသူရဲ့ ဆန္ဒအမှန်ပါ။

နှုတ်မစောင့်စည်းလို့ ဒဏ်ရာရခဲ့သူတစ်ဦးကို စာရေးသူကိုယ်တွေ့ တစ်ရပ်ကလည်း ရှိခဲ့တာကအမှန်ပါ။ စာရေးသူဗဟိုပုံနှိပ်တိုက် (ယခင်) ယခု ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးမှာ ရှိစဉ်က ဖြစ်သည်။ သကြံန်မကျမီ ရုံးပိတ်ရက်တွေမှာ ရုံးသူ ရုံးသားတွေ တစ်လ တစ်လ စုပေါင်းငွေစုကြပြီး တစ်နှစ်တိတိ ပြည့်သည့်အခါ ရုံးသူ ရုံးသားမိသားစုများ မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ကြစဉ်က ဖြစ်သည်။

ဦးဆောင်စီစဉ်သူတွေက အစ်ကိုအောင်မြင့်၊ ကိုညွန့်ရွှေ၊ ကိုသန်းဝင်း (ဆာမိ)၊ ကိုသောင်းမြင့် (ကရင်လေး)နှင့် စာရေးသူတို့လည်း ပါဝင်ကြပါတယ်။ အပြင်ခန်းက ကိုအုန်းသွင်နှင့် ကိုအုန်းတို့လည်း ပါကြပါတယ်။

ပုဂံဘုရား ဖူးကြတဲ့အခါမှာ ကိုအုန်းသွင်က စာရေးသူဘေးကနေပြီး အာနန္ဒာဘုရားမှာရှိတဲ့ မတ်ရပ်ကိုယ်တော်ကြီးကို ကြည့်ပြီး . . .

"ဟာ ဘုရားဆင်းတု ရုပ်ပွားတော်ရဲ့ခြေထောက်ကြီးက အကြီးကြီး" လို့ နောက်ပြောင်လိုက်တာ ကြားရပါတယ်။

ဒီလိုနဲ့ ပုဂံဘုရားဖူးအပြီး အဖွဲ့သားတွေ ထမင်းစားကြပြီး ပခုက္ကူဘက်ကို မြစ်ခြေဘက်ကအတက် စမ်းရေကျော်လေးအရောက်မှာ ကားပေါ်မှာ ပါလာတဲ့ ဓာတ်ဆီတိုင်ကီကြီးက စာရေးသူဘက်အကြွမှာ အမှတ်တမဲ့ လက်ကလေးနဲ့ တွန်းလိုက်တော့ ဘေးက ကိုအုန်းသွင်းရဲ့ ခြေထောက်ပေါ် ပြန်ကျခဲ့လို့ ဒဏ်ရာအကြီးအကျယ်ရပြီး မြစ်ခြေဆေးရုံမှတစ်ဆင့် ပခုက္ကူဆေးရုံမှာ တင်ထားခဲ့ကြပြီး လိုအပ်သည့် လမ်းစရိတ် ထောက်ပံ့ပေးခဲ့ပြီး စာရေးသူတို့ လိုရာခရီး ဆက်ခဲ့ကြပါတယ်။

ခြေဪ. . . ဘုရားခြေကြီးက ကြီးလှပါကလား ဆိုတဲ့ နှုတ်ထွက်ဝစီဖြင့် နောက်ပြောင်လိုက်သည့်စကားရပ်က မပြေးသော်လည်း ကန်ရာရှိ၏ ဟူသော စကားအရသော်လည်းကောင်း၊ တိုက်ဆိုင်မှုကြောင့်ဟုဆိုဆို အမှန်ကြုံခဲ့ရသည်များ ရှိခဲ့သည်။

ကာယကံ၊ ဝစီကံ၊ မနောကံ ဟုဆိုအပ်သော သုံးပါးသောအကြောင်းများတွင် ဝစီနှုတ်၏ နှုတ်ထွက်စကားက အရေးပါလှပေသည်။ နှုတ်ကြောင့်သေ လက်ကြောင့်ကြေ ဟူသော စကားပုံများကလည်း အထင်အရှား ရှိခဲ့ပြန်ပါသည်။

မည်သို့ပင်ဖြစ်စေ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးသည် လူ့လောက လူ့ဘုံဘဝမှာ အလွန်အရေးကြီးလှပါသည်။ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့သည့် ဟောဖော်ညွှန်ပြဆိုဆုံးမစကားတို့တွင် ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးတို့ကို ထိန်းသိမ်းကြရန် ဟောကြားခဲ့သည်ဖြစ်ရာ နှုတ်ထွက်စကားကိုလည်း ဆင်ခြင်ကြပါဟုသာ ဆိုချင်ပါတော့သည်။

❒ **ရေကျော်စိုးအောင်**



www.burmeseclassic.com

www.burmeseclassic.com



နွေရာသီ၌ တောပစ်ရန် ကျွန်တော်တို့ ရန်ကုန်မှဆိုးအဖွဲ့မှာ အထက်အညာမှ ကုက္ကိုကုန်းရွာသို့ရောက်ခဲ့ပြီး အန်ကယ်ဦးကျော်ဖံနှင့် ချင်းအမျိုးသားများ လိုက်ပါလျက် ရိက္ခာများကို လှည်းသုံးစီးဖြင့် တင်ကာ အနောက်ဘက် "ဝသုန်ပြူးရွာ"သို့ ခရီးဆက်ခဲ့ကြသည်။

ကျွန်တော်တို့ အဖွဲ့တွင် တပ်မတော် အငြိမ်းစားအရာရှိကြီး တစ်ဦး၊ အန်ကယ်ဂျင်မီ၊ ဆရာစိုး၊ ကိုမြင့်ကြည် (သဘောသား)တို့ ပါသည်။ ဝသုန်ပြူးရွာအရောက် ရွာလူကြီးဦးကောင်းအိကရွာဦးစာသင်ကျောင်းကြီးအောက်တွင် စခန်းချရန် စီစဉ်ပေးသဖြင့် အဆင်ပြေသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဝင်းအတွင်း သရက်၊ မန်ကျည်း၊ ကုက္ကို၊ ထနောင်း၊ တမာပင်များကြောင့် အရိပ်ရသည်။ ရေအတွက် ရေတွင်းရှိ၍ မပူရပေ။ ရိက္ခာပစ္စည်းများကို နေရာတကျထားပြီးလျှင် ကိုမြဖေ၊ သောင်း၊ မာချောတို့ ချင်းလူငယ်အဖွဲ့မှာ ထမင်းဟင်းချက်ဖို့ ပြင်ဆင်ကြ၏။ ကျွန်တော်တို့အဖွဲ့က လူ(၂၅)ယောက်ရှိသည်။ တက်ညီလက်ညီ ဝိုင်းဝန်းလုပ်ကိုင်ခြင်းကြောင့် ကျောင်းတစ်ဝိုက် အလျှုံငယ်တစ်ခုပမာ စည်ကားနေပေသည်။

ညအချိန် ထမင်းစားသောက်ပြီး အနားယူစဉ် ဦးကောင်းအိနှင့် ရွာလူကြီးများ၊ မုဆိုးဝါသနာပါသော လူငယ်တချို့ အညာဓလေ့အတိုင်း ထန်းလျက်၊ မြေပဲ၊ လက်ဖက်ပွဲများဖြင့် ရောက်လာသည်။ ကျွန်တော်တို့က မြို့မှ ပါလာသည့် မုန့်များ၊ ကော်ဖီ၊ လက်ဖက်ရည်တို့နှင့် ဧည့်ခံသည်တွင် တစ်ဦးနှင့်တစ်ဦး မကြာမီ ရင်းရင်းနှီးနှီး ခင်မင်သွားကြသည်။

ဤညှ် ကျွန်တော်၊ ဆရာစိုးမှာ ဒေသစိမ်းနေ၍ လမ်းပြ မုဆိုးမရှိခြင်းကြောင့် တောမပစ်တော့ဘဲ နားလိုက်သည်။ မုဆိုးက မိမိပစ်ခတ်မည့် တောတောင်၏ အနေအထား၊ သားကောင်များ၏ လှုပ်ရှားမှုကို သိရန်လိုသည်။ မြေကိုပိုင်မှ သားကောင်အား ပစ်ခတ်ရနိုင်သည်။ နေ့နေ့ညည ဒေသခံမုဆိုးနှင့်အတူ အပင်ပန်းခံကာ သွားလာရသည်။

တောတောင်၏ အခြေအနေမှာ နေ့နှင့်ည အမြင်ချင်းမတူ။ နေ့တစ်မျိုး၊ ညတစ်မျိုးဖြစ်တတ်သည်။ အမြဲသွားလာနေပါမှ တောကျွမ်းပြီး မိမိပစ်ခတ်လိုသော နေရာကို အချိန်ကိုက်ဝင်နိုင်လျှင် သားကောင်ရမှာ သေချာသည်။ ရွာသားများ အပြန်တွင် ဦးကောင်းအိ၏သား ကိုဘမြိုင်ကို လမ်းပြရန် ကျွန်တော်ခေါ်ထားသည်။ မနက်စောစော ကိုဘမြိုင်ရောက်လာ၏။

နှစ်ဦးသား အဆာခံစားသည်။ ရေဘူး၊ အမဲလိုက်ဓား၊ တောဆောင်းဦးထုပ်ယူ၍ ပြောက်ကျားဘေးလွယ်အိတ်ထဲသို့ ကျည်ပိုနှင့် လမ်းတွင် အဆာပြေစားရန် ဘီစကွတ်မုန့် ထည့်ပြီး ပွိုင့်တူးတူး သေနတ်ကို ထမ်းကာ ရွာ၏ အနောက်တောင်ဘက်ရှိ ရိုးမတောဆီသို့ ထွက်ခဲ့ကြလေသည်။

ကျွန်တော်တို့နှစ်ယောက် တောင်ထပ်၊ လိပ်ကြည်၊ ကြေးစည်၊ သုံးခွ၊ ကျတ်ကွင်း စသည့် စခန်းနေရာအနှံ့ ရောက်သည်။ သားကောင် အခိုအကပ်ကောင်းသော ဖုန်းဆိုးကြီးများ၊ မြက်ရိုင်းကိုင်းတော၊ လျှိုမြောင်များတစ်ဝိုက် သားကောင်များ၏ခြေရာကို ကောက်ရာ ဂျီ (ချေ)၊ ဆတ်၊ သမင်ခြေရာများ တွေ့ရသည်။ သမင်ခြေရာ အများဆုံးတွေ့သဖြင့် သမင်ပေါသော တောမှန်းသိရ၏။

မုဆိုးဦးခွေးကြီးနေသည့် ထိုးကျကြီးစခန်းအရောက်တွင် ဘီစကွတ်နှင့် ရေနွေးကြမ်း နှသောက်ရင်း ခဏနားသည်။ တောတောင်၊ သားကောင်များအကြောင်း၊ ဒေသအကြောင်း သိလိုခြင်းကြောင့် ဦးခွေးကြီးနှင့် ထွေရာလေးပါး စကားပြောပြီးမှ ခရီးဆက်ခဲ့ကြသည်။

လမ်းတစ်လျှောက် ငှ(ဘုံမတီး) ငှက်၊ ငှက်ငန္ဓား၊ မျောက်၊ လင်းသက်၊ ရှဉ့်နီပေါ၊ ရှဉ့်ပါစူးများကို အဘနှင့် အန်ကယ်ဂျင်မီ ညနေစာအတွက် အမြည်းရရန် ပွိုင့်တူးကျူးဖြင့် ပစ်ခဲ့သည်။

ကိုဘမြိုင်က အိတ်တစ်လုံးနှင့် ထည့်ကာ ကျောပိုးသည်။

ညနေ ၃ နာရီထိုးပြီ။ အညာနွေမှာ ပူပြင်း၏။ တောင်ကြောပေါ်မှ နှစ်ယောက်သား ဆင်းခဲ့ကြသည်။ ပျဉ်းမတောကိုအလွန် ကွင်းသို့အထွက် ထန်းပင်ကုန်းသို့ ရောက်သည်။

ထန်းတဲလေး တစ်တဲတွေ့၍ မေးကြည့်ရာ ထန်းသမား ကိုဖိုးဆောင်း မိသားစု ထန်းတဲမှန်းသိရ၏။

ကိုဖိုးဆောင်းအား ထန်းပင်ပေါ်က ထန်းရည်နှစ်မြူချခိုင်းပြီး ထန်းပင်အောက်မှာပင် ကျွန်တော်တို့ နှစ်ဦး အရသာခံသောက်သည်။ ပင်ကျရည်စစ်စစ်မှာပလုံစီလျက် ငှက်ခါးရောင်၊အရော အနှောမရှိခြင်းကြောင့် ရေငတ်ငတ်နှင့် တဝသောက်လိုက်သည်။ ပြင်းချိုချို ရှတတ အရသာက မြို့မှ ထန်းရည်နှင့် တခြားစီ ဖြစ်သည်။

ကိုဖိုးဆောင်းကို ကျွန်တော်က ထန်းရည်ဖိုး ထုတ်ပေးသည်။ ငွေမယူသဖြင့် ငှက်ငန္ဓားသုံးကောင်ကို လည်းကောင်း၊ နှပ်တွဲလောင်းနှင့် ကိုဖိုးဆောင်း ကလေးငယ်နှစ်ဦးအား ပါလာသည့် မုန့်များပေးခဲ့၏။

ကျွန်တော်တို့ နှစ်ဦးသား ထပြန်မည်အလုပ်တွင်. . .

"ဆရာကြီး"

"ဗျာ"

"ဒီကွင်းထဲမှာ လာကျတဲ့ ငှက်ကြီးက ဘာငှက်ကြီးမှန်း မသိဘူးဗျ၊ သိပ်ကြီးတာပဲ"

"ဟုတ်လား ကိုဖိုးဆောင်း၊ ငှက်က ဘယ်လောက်များကြီးလို့လဲဗျာ"

ကျွန်တော်က မေးသည်။

"ဟာ ကြီးဆို၊ ကလေးပေါက်နီးနီးပဲ၊ ဒီလောက်ရှိမယ် ဆရာကြီးရ"

ကိုဖိုးဆောင်းမှ လက်နှစ်ဖက်နှင့် ပြကာ အားရပါးရ ပြောသဖြင့် ရယ်ရသည်။

"အေးဗျာ ကြုံရင်တော့ ပစ်ရမှာပေါ့၊ ကဲ သွားဦးမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

ကိုဖိုးဆောင်းကို နှုတ်ဆက်၍ ဝသုန်ပြုံးရွာရှိရာ အနောက်စူးစူးသို့ ကျွန်တော်တို့နှစ်ယောက်ဦးတည်လျှောက်ခဲ့၏။ ညို့ညို့မှိုင်းမှိုင်း အုပ်ဆိုင်းလျက်ရှိသော သစ်ပင်များကြားမှ ဝသုန်ပြုံးရွာဦးဘုန်းတော်ကြီးကျောင်း၊ ဘုရား၊ တန်ဆောင်းနှင့် အိမ်ခေါင်မိုး တစ်ဝက်တစ်ပျက်များကို အဝေးမှ လှမ်းမြင်ရသည်။ ခရီးတစ်တိုင်ခန့် ဝေးဦးမည်။

www.burmeseclassic.com

ကိုဖိုးဆောင်းတဲ မလှမ်းမကမ်းတွင် အရှေ့က အနောက်သို့ စီးနေသည့် ရိုးချောင်းလေးရှိသည်။ ရိုးတစ်လျှောက်၌ ချုံများကြောင့် တောတန်းလေး ဖြစ်နေသည်။ နွေအပူမှာ ထနောင်းပင်တစ်ပင်က ချိုးကူသံနွဲ့နွဲ့ကို ကြားရ၏။ တစ်ချက်တစ်ချက် လေပူများ တိုက်လျက်ရှိသည်။ ကွင်းကိုဖြတ်ပြီး ကျွန်တော်တို့နှစ်ဦး အပူသက်သာရန် အရိပ်ရှိသည့် ရိုးညာဘက် တောလမ်းအတိုင်း လာခဲ့သည်။ အတော်ဝေးဝေးအရောက် တောင်ဘက်ကွင်းထဲရှိ ကုက္ကိုပင်ကြီး၏ အနောက်ဘက်ကိုင်းတွင် နားနေသော ကိုဖိုးဆောင်းပြောသည့် ငှက်ကြီးကို အမှတ်မထင် တွေ့ရတော့သည်။ လင်းယုန်ငှက်ကြီး တစ်ကောင်။

"ကျွတ်. . ကျွတ်"

ကျွန်တော် စုတ်သပ်ကာအချက်ပေးလိုက်၏။ ကျွန်တော့်နောက်က ကိုဘမြိုင် ခြေလှမ်းရပ်သွားသည်။

"ဘာတွေ့လို့လဲ ဆရာကြီး"

"ဟိုးကုက္ကိုပင်ကြီးရဲ့ အနောက်ဘက် ကိုင်းပေါ်မှာ လင်းယုန်ကြီးဗျ မြင်လား"

ကျွန်တော်က လှုပ်လှုပ်ရွရွလုပ်နေသော ငှက်ကြီးအား လက်ညှိုးထိုးပြလိုက်သည်။

"ဟာ မြင်တယ် ဆရာကြီး၊ နည်းတဲ့ကောင်ကြီး မဟုတ်ဘူး"

ငှက်ကြီးမှာ သားစားသတ္တဝါဖြစ်ခြင်းကြောင့် အကြောက်အလန့်မရှိ ကိုယ်မှအမွေးကို နှုတ်သီးဖြင့် စိတ်ချလက်ချ ဆိတ်ဆွနေသည်။

"ကိုဘမြိုင်ရေ၊ ဒီချုံဘေးမှာ ခဏနေခဲ့ဦး၊ ကျွန်တော် သွားပစ်မယ်"

"ဟုတ်ကဲ့"

ကျွန်တော် ပို့ုင့်တူးတူးသေနတ်မောင်းကို မ၍ နောက်သို့ဆွဲပြီးမှ Hollow ကျည်တစ်တောင့်ပြောင်းရင်း ထိုးထည့်ကာ မောင်းတင်သည်။ လုံခြုံမှုခလုတ်ကို ပိတ်သည်။ Hollow ကျည်ဖူးမှာ ခေါင်းပေါက်ဖြစ်ခြင်းကြောင့် သားကောင်အား ပစ်ခတ်ရာတွင် အသားနှင့် အရိုးကို ဖြတ်ဖောက်စဉ် တစ်စစီကွဲကြေသွား၍ ဒဏ်ရာပိုပြင်းပြီး ထိရောက်သည်။

တောလမ်းအတိုင်း ချုံဘေးမှ အကာအကွယ်ယူလျက် ကုက္ကိုပင်ကြီး၏ မနီးမဝေးရောက်သည်အထိ ကျွန်တော် ချဉ်းကပ်သည်ကို လင်းယုန်ငှက်ကြီးက မသိဘဲ ကိုယ်မွေးကိုဖွကာ နှုတ်သီးနှင့် ထိုးဆိတ်၍ "သ"နေခိုက် နီးရာချုံထဲသို့ အသံမကြားအောင် ဝင်လိုက်သည်။

မြင်ကွင်းကောင်းသောနေရာမှ သေနတ်ဖြင့် လှမ်းချိန်သည်။ လုံခြုံမှုခလုတ်ဖွင့်ပြီး လင်းယုန်ငှက်ကြီးက ဘေးတိုက် ကိုယ်တစောင်း အနေအထားမို့ အမြင့်က သတ္တဝါကို ပစ်မည်ဖြစ်၍ ညာပေါင်လယ်နားမှ ဘယ်တောင်ပံအောက်သို့ ဖြတ်ချိန်ပြီး ပစ်မှတ်တည့်လျှင် မောင်းဖြုတ်လိုက်တော့သည်။

"ဖောင်း. . ."

"ဘရော. . . ဝေါ"

ကျည်ပေါက်ကွဲသံ မတိုးမကျယ်နှင့်အတူ ငှက်ကြီးမှာ အနေအထားအနည်းငယ် ပျက်သွားရာမှ တောင်ပံခတ်လျက် ကောင်းကင်သို့ ထိုးတက်သွား၏။ မှန်သွားမှန်း သိသော်လည်း လေပေါ်တွင် ပျံဝဲနေသည့် လင်းယုန်ငှက်ကြီးကို ကြည့်ပြီး ချက်ကောင်းမထိသဖြင့် မရနိုင်ဟု ထင်သည်။

"မထိဘူးထင်တယ် ဆရာကြီး၊ ငှက်ကြီးဝဲနေတာက ဘာမှ မဖြစ်သလိုပဲ"

ကိုဘမြိုင်က အနားသို့ ရောက်လာကာ အားမလို အားမရနှင့် ပြောသည်။

"မှန်တာတော့ သေချာတယ် ကိုဘမြိုင်၊ ထိချက်မနာလို့ ဖြစ်မယ်ဗျ"

ကျွန်တော်တို့နှစ်ဦး ကောင်းကင်ပေါ်၌ အရှိန်မပျက် နှစ်ပတ်သုံးပတ်ကျော့၍ တောင်ပံခတ်လိုက်၊ တောင်ပံဖျားလေးကော့ကာ လေဟုန်စီးလျက် ခေါင်းခါ လည်ညိတ်ဖြင့် ဝဲပျံနေသော လင်းယုန်ငှက်ကြီးကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။ ကျွန်တော် သေနတ်ကျည်ရှင်းခိုက်. . .

"ဟာ ဟာ၊ ဟိုမှာ ကြည့်ပါဦး ဆရာကြီး ငှက်ကြီး ထိုးကျသွားပြီ"

ကိုဘမြိုင် အလန့်တကြားပြောရင်း လက်ညှိုးထိုးပြသော နေရာကို အမှတ်မထင်ကြည့်သည်တွင် လင်းယုန်ငှက်ကြီးမှာ ကျွန်တော်တို့နှင့်ကိုက်(၃၀၀)အကွာ ဝသုန်ပြုံးရွာရှိရာ အနောက်ဘက် တောင်ကုန်းလေးဆီသို့ အရှပ်ကြိုးပြတ်သည့်နှယ် ရုတ်တရက် ထိုးကျသွားသည်။

ကျွန်တော်တို့နှစ်ဦး ရိုးချောင်းကို ဖြတ်လိုက်ကြသည်။ ငှက်ကြီးဆီသို့ လျှောက်ခဲ့ကြ၏။ ကြီးမားရှည်လျားသော တောင်ပံကြီးနှစ်ဖက်ကို ဖြန့်ကားပြီး လည်စင်းလျက် တောင်စောင်း၌ ငှက်သတ္တဝါကြီးက သေနေပေပြီ။

ကျွန်တော်က သေနတ်လွယ်ကြိုးကို ဘယ်ညာသိုင်းလွယ်သည်။ ငှက်ကြီး၏ ခြေတစ်ဖက်မှကိုင်၍ ကျောပေါ်ထမ်းကာ ရွာဆီသို့ ပြန်ခဲ့ကြတော့သည်။

❖

ကျွန်တော်နှင့် ဆရာစိုး တစ်ပတ်အတွင်း တောပစ်ခဲ့သည်တွင် ဆတ်နှစ်ကောင်၊ ဂျီ(ချေ) ငါးကောင်၊ သမင်သုံးကောင် ရခဲ့သည်။ တောကျွမ်းလာခြင်းကြောင့် သားကောင်များများရလာခြင်းဖြစ်သည်။ ကျောင်းတစ်ဝိုက် လှုန်းစင်များနှင့် အသားများ လှန်းသည်။ ခြောက်လျှင် အိတ်များဖြင့် ထည့်၏။ တချို့ကို ရွာသူရွာသားများအား ဝေငှပေးသည်။

ပျော်ချင်၍ အပျော်ခရီးလိုက်လာသော အဘနှင့် အန်ကယ်ဂျင်မီမှာ ရန်ကုန်မြို့က ဝက်ပေါင်ခြောက်၊ ဘာလချောင်ကြော်၊ ကြက်သားမှုန့်၊ ခေါက်ဆွဲထုပ်၊ ဂျုံကြာဆံ၊ ပုန်းရည်ကြီး၊ ငရုတ်ဆီ စသည့် ရိက္ခာအမည်စုံပါလာသဖြင့် စားစရာ အလျှံပယ် ဖြစ်သော်လည်း





www.burmeseclassic.com

www.burmeseclassic.com

မြို့မှ အစားအစာထက် ကျွန်တော်တို့ ပစ်ခတ်ရရှိသော သားကောင်များ၏ မိုးခိုသား၊ ဝမ်းတွင်းသား၊ ဦးနှောက်နှင့် ရှဥ့်ချေးခါး၊ မျောက်ချေးခါး ဟင်းများကို ပိုနှစ်သက်သည့်အလျောက်ကြော်လှော် ချက်ပြုတ်ခိုင်းကာ အမျိုးမျိုး စားကြသည်။

အဘတို့ ခိုင်းသလို မာချော၊ ကျော်မြင့်၊ ရဲလှိုင်ဦး၊ ကိုဖေသောင်းတို့က လူကြီးများအကြိုက် စိတ်ရှည်လက်ရှည် လုပ်ပေးသည်။ ဒေါင်းရသည့်အခါ ဒေါင်းသားနှင့် ဒံပေါက်ချက်စားလိုက်သေးသည်။ ညအချိန်တွင် စကားပြောရင်း အဘက ဂဏန်းပေါင်းစက်အရွယ် သေးငယ်သော ခြင်နှင်စက်ကလေး ဖွင့်ပေးထားသဖြင့် အနီးအပါးမှ လူများ ခြင်ကိုက် မခံရသည်ကိုလည်း အမှတ်တရ ဖြစ်ခဲ့၏။ နိုင်ငံခြားမှ ဝယ်လာကြောင်း သိရသည်။

မနက်ဖြန်၌ ကျွန်တော်တို့ စခန်းသိမ်း၍ နောက်ကြောင်းမှ ကုက္ကိုကုန်းရွာသို့ ပြန်ကြမည်။ တစ်ရက်နားပြီး ရန်ကုန်ကို ကျွန်တော်တို့ပါလာသည့် နီဆန်းဆန်နီကားလေးဖြင့် ဆက်ထွက်ရန် စီစဉ်ထားသည်။

ဤညမှာ ကျွန်တော်နှင့် ဆရာစိုး အစွမ်းကုန်တောပစ်မည့် နောက်ဆုံးည ဖြစ်သည်။ ကိုဘမြိုင်ကို လမ်းပြခေါ်ထား၏။ ဆရာစိုးမှာ ဝသုန်ပြုံးရွာထဲမှ မောင်ကြီးနှင့် တွဲသည်။

ကျွန်တော်တို့နှစ်ဦးတွင် ဆရာစိုးက တစ်လုံးထိုး ပြောင်းချောသေနတ် ကိုင်ပြီး ကျွန်တော့်မှာ သာတီးအိုစစ် စပရင်းဖီးလ် အမဲပစ်ရိုင်ဖယ်ကို ယူသည်။ လမိုက်ညမို့ ည ၈ နာရီထိုးသည်နှင့် စခန်းမှ ထွက်ခဲ့ကြတော့သည်။

ရိုးမထဲသို့ရောက်လျှင် ညောင်ဗန်း၊ ထုံးကြီး၊ ဝက်လာ၊ သစ်ဆင် စခန်းများအနှံ့ မီးဖြင့် လှည့်ပတ်ထိုးသည်။ အမျိုးမျိုး ရှာခဲ့သော်လည်း ညဥ့်နက်သည့်တိုင် သားကောင် တစ်ကောင်မှ မစွဲသေးပေ။

ညဥ့် ၂ နာရီ ထိုးချိန်။

ကျောက်နဂါး ချောင်းထဲသို့ ရောက်သည်။ ချောင်းထဲ၌ အချို့နေရာမှာ ရေအိုင်များရှိသည်။ အစုန်အဆန် ထက်အောက်ရှာလျှင် သားကောင်ရေသောက်အဆင်းနှင့် ကြုံသော်ပစ်ရမည်။ ချောင်းတစ်လျှောက် ခြေရာမျိုးစုံတွေ့ရ၏။ ကျွန်တော်တို့နှစ်ဦး ကျောက်နဂါးချောင်း အထက်သို့ လျှောက်ခဲ့သည်။ တစ်နေရာအရောက် ချောင်းဘေးချုံစပ်မှ မျက်လုံးစိမ်းနှစ်လုံးကို မမျှော်လင့်ဘဲ တွေ့တော့သည်။

ကျွန်တော်က ကိုဘမြိုင်ကို တိုးတိုးသတိပေးပြီးနောက် မလှမ်းမကမ်းမှာ ထားခဲ့၏။ ကျည်ထိုးထားသော သေနတ်အား မောင်းအပြည့်တင်၍ လုံခြုံမှုခလုတ်ဖွင့်ပြီး ညာပခုံးထမ်းသည်။ ဘယ်လက်မှ မီးကစားက ရှေ့သို့ တက်ခဲ့သည်။

ကိုက် (၅၀)အကွာ ချုံကွယ်တွင် အိပ်လျက် စားမြုံ့ခတ်နေသည့် သမင်မကြီးကို ထင်ထင်ရှားရှား မြင်ရသည်။ ပစ်ကွင်းအား ကောင်းသဖြင့် သားကောင်၏ လည်တိုင်ရင်းသို့ သေနတ်ပြောင်းထိုးချိန်သည်။ အပိုင်ပစ်မည်။

ရှေ့ချိန်သီး၊ နောက်ချိန်ခွက် ရှေ့ပစ်မှတ် တစ်ထပ်တည်းကျသည်။ ကျွန်တော် အသက်တစ်ဝရှူလိုက်ပြီး အဆုတ်ထဲမှ လေအကုန် ပြန်အထုတ် သေနတ်မောင်းဖြုတ်ရန် အလုပ်၌ ချုံဘေးက မျက်လုံးစိမ်းစိမ်းလေး နှစ်လုံးကို ထပ်တွေ့သည်။ သမင်ပေါက်လေး တစ်ကောင်။

အမေ သမင်မကြီးကို ပစ်လျှင် သားငယ်မှာ မသွားတတ်တော့ပေ။ နောက်တစ်ကောင် ထပ်ရမှာသေချာ၏။ ထိုသို့အတွေးဝင်ခိုက် သမင်လေးက ကလေးပီပီ မိခင်သမင်မကြီး၏ လည်တိုင်ကို ခေါင်းလေးနှင့် တိုးခွေ့ပွတ်သပ်သည်ကို သားငယ်အား ဂရုမစိုက်နိုင်ဘဲ အန္တရာယ်အငွေ့အသက်ကြောင့် ခေါင်းထောင်ကြည့်နေသော သမင်မကြီး၏ မျက်လုံးနှစ်လုံးမှာ မီးရောင်တွင်ကျောက်စိမ်းပမာ အရောင်တောက်ပလျက် ရှိသည်။ ထိုစဉ်. . .

"ဘိုးဘိုး"

"ဟာ"

အမှောင်ထဲမှ ပီပီသသ ခေါ်လိုက်သောအသံကြောင့် ကျွန်တော် တုန်လှုပ်သွားသည်။ အလွန်ရင်းနှီးခဲ့သည့် ကျွန်တော့်မြေးလေး မယွန်းခင်ခင်၏ အသံမှ အသံစင်စစ်။

"သားအချစ် မြေးအနှစ်" ဆိုစကားအတိုင်း ကျွန်တော့် သမီးငယ်၏ သွေး၊ ကျွန်တော့် မြေးလေးကို ရင်ထဲနှင့်အောင်ချစ်ခဲ့သည်။ ကျွန်တော် ပစ်ခလုတ်ကို ဆွဲမည့်လက်ညှိုးအား ဖြေလျှော့လိုက်သည်။

"ဘိုးဘိုး သမင်မကြီးကို မပစ်လိုက်ပါနဲ့၊ ယွန်းယွန်းကို သနားရင် မပစ်လိုက်ပါနဲ့နော်၊ အမေကြီးသေရင် သားလေးဒုက္ခရောက်သွားမှာပေါ့ ဘိုးဘိုးရယ်၊ ယွန်းယွန်း တောင်းပန်၊ တောင်းပန် တောင်းပန်"

ကျွန်တော်၏ နားထဲတွင် ကြားနေရသည်က ယွန်းခင်ခင်၏ အသံ၊ အသံမှာ နီးရာမှတဖြည်းဖြည်းဝေးသွားသည်။ ကျွန်တော့်မြေးလေးမှာ မကြာခင်ကမှ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့၏။ အသက် (၄)နှစ်သာရှိသေးသည်။ ဖူးငုံစအရွယ်မှာပင် နွမ်းကြွေသွားသော ပန်းလေးတစ်ပွင့်နှယ် အချိန်မတန်ဘဲ ကြွေလွင့်ခဲ့သည့် မြေးလေးအတွက် ရင်နာမဆုံး ဖြစ်ခဲ့ရသည်။

ယွန်းခင်ခင်၏ အသံကိုကြားပြီး ကျွန်တော့်အမြင်အာရုံ၌ မြင်ကွင်းမှာ မပီဝိုးဝါးလျက် သမင်မကြီးနှင့် သမင်ကလေး၏ မျက်လုံးစိမ်းစိမ်းများကို ငူငူငိုင်ငိုင်ဖြင့် ကြည့်နေမိရာ. . .

"ဘိုးဘိုး"

"ဟေ သမီး"

ယွန်းခင်ခင်၏ ခေါ်သံကြောင့် ကျွန်တော့်နှုတ်က ယောင်ထွက်သွား၏။

"သမင်မကြီးကို မပစ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်နား၌ ထပ်ပြီးကြားရသည်က ယွန်းကလေး၏ တားလိုက်သည့်အသံ။ သတိရလာသည်တွင်. .

"ကဲ ကွာ"

"ဒိုင်း"

"ဖြောင်း ဖြောင်း ဖြောင်း"

သေနတ်ပြောင်းကို သားကောင်ပေါ်သို့ ကျော်ကာ မောင်းဖြုတ်လိုက်တော့သည်။ ပြင်းထန်သော ကျည်ပေါက်ကွဲသံပေါ်လာ၏။ အနီးအပါးမှ ရေသောက်ဆင်းမည့် သားကောင်များ၏ ကြောက်လန့်တကြား တောတိုးပြေးလွှားသံများ ကြားရသည်။ သမင်မကြီးနှင့် သားလေးပါ ပြေးပေရော့မည်။

"ယွန်းယွန်းရယ်၊ သမင်မကြီးကို ဘိုးဘိုး မပစ်တော့ပါဘူး၊ လွှတ်လိုက်ပါပြီ၊ သမီးလေး ကျေနပ်ပါကွယ်"

နှုတ်က တိုးတိုးညင်းညင်း အသံထွက်သွားသည်။ ကျွန်တော့် မျက်ဝန်းမှာ မျက်ရည်များ သီဝေ့နေ၏။

မီးမှိတ်ထားခိုက် ကျွန်တော့်ဆီသို့ ဦးတည်လာနေသော ကိုဘမြိုင်၏ မျှော်လင့်ချက်ခြေသံများကိုကြားရသည်။ သူနှင့် ကျွန်တော် တစ်ပတ်အတွင်း တောလည်ခဲ့ရာ ကျွန်တော် ပစ်တိုင်းလွဲသည်မရှိ။ တစ်ချက် တစ်ကောင်ဖြင့် သားကောင်မျိုးစုံ ရခဲ့၏။ ကျွန်တော့်လက်ကို သူ ယုံသည်။ ယခုလည်း သေနတ်သံကြောင့် သားကောင်ရပြီဟု အပိုင်တွက်မှာ သေချာသည်။

သားကောင်ကို သတ်ကွင်းအဟွင်းအမဲကြီးပစ်ရိုင်ဖယ်နှင့် စိတ်ကြိုက် မလွဲတမ်းပစ်နိုင်သော အနေအထား၌ အနီးကပ် ပစ်ပါလျက် သားကောင်မထိဘဲ လွတ်သွားသည့်အဖြစ်အား ကိုဘမြိုင်သိလျှင် အံ့ဩကောင်း အံ့ဩပေလိမ့်မည်။ သို့သော် ဘာကြောင့်သားကောင်ထိအောင် မပစ်ခဲ့သည်ကို ကျွန်ုပ်တော် ပြောဖြစ်တော့မည် မဟုတ်ပါချေ။

❒ မောင်မောင်လွင်(ညောင်လေးပင်)

နိဒါန်း

လူ့လောကကြီးအကြောင်းကို နကန်းတစ်လုံးမျှ မသိသေးဘဲနဲ့ လူ့လောကကြီးထဲကို ဝင်ရောက်ဖို့ ကြိုးစားခဲ့တယ်။ ဘဝဆိုတာ ကြမ်းတမ်းမှန်း အရင်ကရော အခုပါ သိသလိုလို မသိသလိုလိုပါပဲ။ ကြုံဆိုခြင်းကတော့ နွေးထွေးမှုမရှိတဲ့ အေးတိအေးစက်လက်ကြီး တစ်ဖက်လိုပဲလေ။

ဒီဇင်ဘာ။

နှင်းတွေဝေနေတဲ့လပေါ့။ အေးစက်စိမ်းကားမှုတွေကြားက နွေးထွေးတဲ့ လက်တစ်စုံကို ရရှိခဲ့တယ်။ ရိုးသားစွာ စောင့်ရှောက်ခဲ့တဲ့ အရိပ်ဖြူဖြူတစ်ခုကို လွဲမှားစွာအမြင်တွေရောက်ခဲ့တာပေါ့။ စိတ်ကူးရိုင်းတွေမက်ပြီး အိပ်မက်တွေက မရိုးသားခဲ့ဘူး။ အော်က်တန်းကျတဲ့ အတွေးနဲ့ အဆင့်အတန်းမရှိတဲ့ အပြုအမူ၊ အပြောအဆို တွေကို တည်ဆောက်ဖို့ ကြိုးစားခဲ့ဖူးတာ။ စိတ်ဓာတ်တွေက ဟိုးအောက်ဆုံးမှာပေါ့။

မြူနှင်းတွေက ဝိုးတဝါးနိုင်စွာ လှပခဲ့သလို အချစ် ဆိုတာကလည်း တစ်စုံတစ်ရာဆန်စွာ လှပခဲ့ဖူးမှာပါ။ ဖြစ်နိုင်ရင် ကမ္ဘာကိုနောက်ပြန်လှည့်ပြီး အချိန်တစ်ခုမှာ ရပ်တန့်ထားပစ်လိုက်ချင်တယ်။ မဖြစ်နိုင်မှန်းသိပေမယ့် ဖြစ်ချင်ခဲ့တဲ့ စိတ်တစ်ခုကို ဆင်ရိုင်း တစ်ကောင်လို ကျုံးသွင်းလို့ရနိုင်မှာလား။

ဝိုးတဝါးပေါ့။

မြူနှင်းတွေက ဝိုးတဝါးပေါ့။ အရိပ်တစ်ခုကို ထင်ထင်ရှားရှားမမြင်ရခင်မှာပဲ ဒီဇင်ဘာဟာ အိပ်မက်ဖြစ်သွားခဲ့တယ်။ နာရီတွေက ပုံမှန်အတိုင်း လည်ပတ်လို့။ ဟိုး အဝေးကောင်းကင်မှာ ကြယ်တွေ မှုန်ရီမှုန်ဝါးနဲ့လေ။

ဘယ်ဘက်ရင်ဆီမှာတော့ တိမ်တွေဖုံးအုပ်ခြင်း ခံလိုက်ရတယ်။

(၁)

ကောင်းကင်ကြီးကို မော့ကြည့်မိချိန်မှာ နေဇာ မွန်းတည့်ဖို့ ခြေတစ်လှမ်းပြင်နေပြီ။ ပတ်ဝန်းကျင်ကို ငေးကြည့်ရင်း ကြားနေရတာက အစာအိမ်ဆီက သတင်းပို့ ကြေးနန်းရိုက်သံတွေ။

ဘောင်းဘီအိတ်ထဲကို လက်နှိုက်ပြီး ပြန်အထုတ်မှာ လက်ထဲပါလာတာက ငါးရာတန်တစ်ရွက်နဲ့ ငွေအကြွေတချို့။ မဖြစ်သေးပါဘူး။ အလုပ်တစ်ခုကို ကျွန်တော် အမြန်ရှာမှ ဖြစ်မှာပါ။ ဒါပေမဲ့. . .။

ဒါပေမဲ့ ကျွန်တော်ဘာလုပ်ရမလဲ။ ဘာအသက်မွေးဝမ်းကျောင်း ပညာရပ် တစ်ခုမှ တတ်မထားတဲ့ ကျွန်တော့်အတွက် ဘယ်လိုအလုပ်မျိုးရှိမလဲ။ သေချာတာကတော့ ဘယ်အလုပ်ရှင်ကမှ ကျွန်တော်လိုလူမျိုးကို အလိုရှိမှာ မဟုတ်ဘူးဆိုတာပါပဲ။

ဒီလိုနဲ့ ဘာလုပ်ရမှာတွေးမရတဲ့ အဆုံး ကျွန်တော် ရောက်နေတဲ့ မြို့ကလေးရဲ့ ဈေးဆီကို လျှောက်ခဲ့လိုက်တယ်။ လှုပ်ရှားသွားလာနေကြတဲ့ လူတွေ၊ ကားတွေ၊ ဆိုင်ကယ်တွေ၊ အနေးယာဉ်ဆိုက္ကားတွေ၊ စက်ဘီးတွေ၊ ရောင်းဝယ်သမှု ပြုနေကြတဲ့ သဏ္ဌာန်တွေ။ မျက်စိရှုပ်စရာ အဲဒီမြင်ကွင်းမှာမှ. . .။

အဝါရောင်တီရှပ်လက်တိုနဲ့ ဂျင်းဘောင်းဘီအပြာရောင်ဝတ်ဆင်ထားပြီး လက်နှစ်ဖက်စလုံးမှာ အထုပ်အပိုးတွေ မနိုင်မနင်း သယ်ယူနေတဲ့ အမျိုးသမီးတစ်ယောက်ကို ကျွန်တော် သတိထားမိလိုက်တယ်။ ပြီးတော့ ကျွန်တော် စိတ်ကူးတစ်ခု ရလိုက်တယ်။

အမျိုးသမီးဆီကို လျှောက်သွားပြီး သူမလက်ထဲမှာ မနိုင်မနင်းဖြစ်နေတဲ့ အထုပ်အပိုးတွေကို ကူသယ်ဖို့ လက်လှမ်းလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ချယ်

# ဂျစ်ပစီတစ်ယောက်ရဲ့လွမ်းချင်း

"ကျွန်တော် သယ်ပေးပါရစေ"

"ရပါတယ်. . . ကျေးဇူးပါပဲ"

"မဟုတ်ဘူး အစ်မ၊ ကျွန်တော့်မှာ ပိုက်ဆံမရှိတော့လို့ပါ"

ကျွန်တော့်စကားကြောင့် အမျိုးသမီးက ကျွန်တော့်ကို သေချာ အကဲခတ်ကြည့်တယ်။

ပြီးတော့မှ. . .

"မင်းက အိမ်ပြေးလား"တဲ့။

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

*

အမျိုးသမီးက တိုက်ခန်းတံခါးသော့ကိုဖွင့်ပြီး အထဲကိုဝင်သွားတယ်။ ကျွန်တော်ရော လိုက်ဝင်လိုက်ရမှာလား။ စဉ်းစားနေဆဲမှာပဲ. . .

"အထဲဝင်ခဲ့လေ"

ဆိုတဲ့ အမျိုးသမီးရဲ့ အသံကို ကြားရတယ်။ ကျွန်တော် အထဲကို လှမ်းဝင်လိုက်တယ်။ အမျိုးသမီးက ရေခဲသေတ္တာကို ဖွင့်နေတယ်။

"ဒီနားမှာပဲ ချထားလိုက်. . . ပြီးရင် ထိုင်ဦး"

အမျိုးသမီး ညွှန်ပြတဲ့နေရာမှာ အထုပ်တွေကို ချထားလိုက်ပြီး ဆိုဖာခုံတစ်လုံးမှာ ဝင်ထိုင်လိုက်တယ်။ အမျိုးသမီးကလည်း ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်တယ်။

"သောက်လိုက်ဦး"

အချိုရည်ဘူးတစ်ဘူးကို ကျွန်တော့်ရှေ့ချပေးရင်း အမျိုးသမီးပြောတဲ့ စကားပါ။ ကျွန်တော်ဘူးကိုဖွင့်ပြီး မော့လိုက်တယ်။ တစ်ဝက်ကျိုးလောက်ကို မှန်းချန်ပြီး ရှေ့ကစားပွဲပေါ်ကို ပြန်တင်လိုက်တယ်။

"မင်း နေ့လယ်စာကော စားပြီးပြီလား"

ကျွန်တော် ခေါင်းခါပြတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ပေါင်မုန့်နဲ့ ငါးသေတ္တာတော့ ရှိတယ်၊ စားမလား"

ကျွန်တော် ခေါင်းညိတ်လိုက်ရမှာလား။ ဒါမှမဟုတ် ခေါင်းပဲခါရမှာလား။ ဗိုက်ဆာနေတာကတော့ သေချာပါတယ်။ လွန်ခဲ့တဲ့ တစ်နာရီလောက်ကတည်းက အစာအိမ်ဆီမှာ တိုက်ပွဲဖြစ်နေခဲ့တာပါ။ ဆုံးဖြတ်ချက် တစ်ခုကို အခိုင်အမာချပြီး ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

အမျိုးသမီးက အနောက်ဘက် အခန်းတစ်ခုထဲကို ဝင်သွားပြီး ခဏအကြာမှာ ပြန်ထွက်လာတယ်။ သူမလက်ထဲမှာ good morning ပေါင်မုန့်တစ်ထုပ်နဲ့ ငါးသေတ္တာနှစ်ဘူး ကိုင်လာတယ်။

ကျွန်တော် ဟန်မဆောင်နိုင်တော့ပါဘူး။ ရှက်ရွံ့မနေနိုင်တော့ပါဘူး။ ငါးသေတ္တာနှစ်ဘူးပြောင်သွားပြီး ပေါင်မုန့်ထုပ် တစ်ဝက်ကျိုးတဲ့အထိ ကျွန်တော် စားပစ်လိုက်တယ်။ အမျိုးသမီးက အလိုက်သိလွန်းစွာ ဒါမှမဟုတ် ညှို့ဝတ်ကျေပွန်လွန်းစွာပါပဲ။ ရေခဲသေတ္တာထဲက ရေသန့်ဘူးကိုထုတ်ပြီး ဖန်ခွက်နဲ့ထည့်ပြီး ကျွန်တော့်ကို ကမ်းပေးတယ်။

ရေတစ်ဖန်ခွက်ကို ကျွန်တော် တစ်ကျိုက်တည်းသောက်ပစ်လိုက်တယ်။

"မင်း ဘယ်မှာနေလဲ"

"မနေ့ညကအထိတော့ တည်းခိုခန်းမှာ"

"ဒါဆို အခု မင်းဘယ်မှာနေဖို့ စိတ်ကူးထားလဲ"

ကျွန်တော် ပခုံးတွန့်ပြီး ခေါင်းခါပြလိုက်တယ်။ ပြီးတော့ ကျွန်တော်တို့ စက္ကန့်တစ်ရာလောက် တိတ်ဆိတ်သွားကြတယ်။

အမျိုးသမီးက ပိုက်ဆံအိတ်ထဲက ငွေတချို့ကိုရေတွက်ပြီး ကျွန်တော့်ကိုလှမ်းပေးတယ်။ ကျွန်တော် ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းပြလိုက်တယ်။

"ကျွန်တော် အစ်မနဲ့နေပါရစေ"

ကျွန်တော် အရဲစွန့်ပြီး ပြောလိုက်တဲ့စကားပါ။ အောင်စာရင်းသွားကြည့်မယ့်ကျောင်းသားတစ်ယောက်လို ရင်ခုန်စွာနဲ့ အမျိုးသမီးဆီက အဖြေစကားကို ငံ့လင့်နေမိတယ်။ ဒါပေမဲ့ အချိန်အတော်ကြီး ကြာတဲ့အထိတော့ အမျိုးသမီးဆီက ဘာစကားသံမှ ထွက်မလာပါဘူး။

(၂)

မီးခိုးရောင် စူပါကတ်ဆိုင်ကယ်ကလေးကို အစ်မက မောင်းလို့။ ကျွန်တော်က အစ်မရဲ့နောက်ကနေ အစ်မရဲ့ ပခုံးလေးကိုကိုင်လို့။ နယ်စပ်မြို့ကလေးရဲ့ အလှအပတွေက အစ်မနဲ့ ကျွန်တော့်ကြောင့် ပိုပြီးပြည့်စုံသွားသလို ကျွန်တော် ခံစားလိုက်ရတယ်။ တုန်ယင်နေတဲ့ ရင်ဘတ်(တစ်ခါတစ်ခါ) ငုံ့ကြည့်ရင်း ညာဘက်နောက်ကြည့်မှန်ကနေ မြင်နေရတဲ့ အစ်မရဲ့မျက်နှာလေးကို မောပန်းစွာငေးနေမိတယ်။

ဆည်းဆာဟာ ရွှေအိုရောင်သန်းလို့။ ခပ်စိမ့်စိမ့် လေညင်းတွေက ဆိုင်ကယ်မောင်းတဲ့အရှိန်ကြောင့် ပြေးလွှားကျီစယ်နေသလို။ အစ်မရဲ့ ဆံနွယ်စတွေက လေနဲ့ဝဲလွင့်ပြီး ကျွန်တော့်ရဲ့ မျက်နှာကို တိုးဝှေ့သွားကြတယ်။ မွှေးပျံ့နေတဲ့ဆံနွယ်စတွေနဲ့ ရေမွှေးရနံ့ ရောနေတဲ့ အစ်မရဲ့ ကိုယ်သင်းနံ့လေးက အောက်ဆီဂျင်နဲ့ရောနှောပြီး ကျွန်တော့်ရဲ့နှာခေါင်းထဲကိုဝင်လာကြတယ်။ နှလုံးသားထဲကို စီးဆင်းသွားတယ်။

*

ည ၁၂ နာရီကျော်နေပေမယ့် ကျွန်တော် အိပ်လို့မပျော်နိုင်သေးဘူး။ အိပ်ရာထဲမှာ လူးလိမ့်နေရင်း ရန်ကုန်မှာကျန်ခဲ့တဲ့ရည်းစားကို သတိရလိုက်၊ အစ်မရဲ့အပြုံးချိုတဲ့မျက်နှာလေးကို မြင်ယောင်လိုက်နဲ့ ဖြစ်နေတယ်။ ဆိုးရွားစွာပဲ မီးပျက်နေတဲ့ညမို့ အခန်းထဲမှာ ပူလောင်နေတယ်။ အိပ်မရတဲ့အဆုံး အိပ်ရာထက်က ထလိုက်ပြီး ဝရန်တာဆီကိုထွက်ခဲ့တယ်။ အစ်မက ကျွန်တော့်ထက်စောစွာ ဝရန်တာမှာ ရောက်နှင့်နေတယ်။ အစ်မ ဘာကြောင့်အိပ်မရတာလဲ။ ဒါမှမဟုတ် တမင်တကာပဲ မအိပ်သေးတာလား။

"အစ်မ မအိပ်သေးဘူးလား"

အစ်မက ကျွန်တော့်ကို လှည့်ကြည့်တယ်။ ပြီးတော့ နဂိုအတိုင်း လမ်းမဘက်ကို မျက်နှာပြန်လှည့်သွားတယ်။ ကျွန်တော် အစ်မဘေးမှာ ယှဉ်ရပ်လိုက်တယ်။

"မင်းကော မအိပ်သေးဘူးလား"

"ကျွန်တော် အိပ်လို့မရဘူး ဖြစ်နေတယ်"

"ရန်ကုန်မှာ ကျန်ခဲ့တဲ့ ရည်းစားကို လွမ်းနေလို့လား"

အစ်မစကားကြောင့် ကျွန်တော် ပြုံးလိုက်မိတယ်။

"အဲဒါလဲ ပါပါတယ်၊ ပြီးတော့ . . ."

ကျွန်တော် ဆက်မပြောဖြစ်ပါဘူး။ စကားလုံးတွေက ထွက်မကျလာဘဲ လမ်းတစ်ဝက်မှာတင် ပျောက်ဆုံးသွားခဲ့တယ်။

"မင်း ဘာကြောင့် အိမ်ကပြေးလာတာလဲ"

အစ်မက ကျွန်တော့်ကို လှည့်ကြည့်ပြီးမေးတယ်။

"အဖေနဲ့ ရန်ဖြစ်ပြီးတော့ပါ"

"မင်းအဖေက နှင်ချလိုက်တာလား"

ကျွန်တော် ခေါင်းခါပြလိုက်တယ်။ ဒါပေမဲ့ အစ်မက ကျွန်တော် ခေါင်းခါပြတာကို မြင်မှာမဟုတ်ပါဘူး။ အစ်မက လမ်းမကြီးပေါ်ကို ငေးနေတာလေ။

"ကျွန်တော် စာမေးပွဲကျလို့ အဖေက စိတ်ဆိုးပြီး ငါ့အိမ်မှာမနေနဲ့၊ မင်းအဒေါ်အိမ်မှာ သွားနေဆိုပြီး ပြောလိုက်တာပါ"

"ဒါကို မင်းက ဒီကိုပြေးလာတာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လဲ စာမေးပွဲမကျချင်ပါဘူး၊ ဒါပေမဲ့. . . "

"ဒါဆို. . . မင်းက ဆယ်တန်းကျောင်းသားလေးပေါ့"

"မဟုတ်ဘူး"

အစ်မက ကျွန်တော့်ကို လှည့်ကြည့်တယ်။ ကျွန်တော်လည်း အစ်မကို ငေးကြည့်နေမိတယ်။ အစ်မရဲ့မျက်ဝန်းထဲမှာ မေးခွန်းတစ်ခုကို ကျွန်တော် တွေ့လိုက်ရတယ်။

"ကျွန်တော်. . . ဆေး ပထမနှစ်ကျတာ"

*

"ကောင်လေး . . . မင်း အိမ်မပြန်သေးဘူးလား"

အစ်မက ဧည့်ခန်းထဲကို ဝင်လာရင်း မေးတယ်။ ကျွန်တော် အစ်မကို ဘာမှပြန်မပြောမိဘူး။ အစ်မကပဲ ဆိုဖာခုံမှာ ဝင်ထိုင်ရင်း ကျွန်တော့်ကို ဆက်ပြောတယ်။

"ကောင်လေး. . . အစ်မ မေးနေတယ်လေ၊ မင်း အိမ်မပြန်သေးဘူးလားလို့"

"ကျွန်တော် အိမ်မပြန်ချင်သေးဘူး အစ်မ"

"မင်းမိဘတွေ စိတ်ပူနေကြမှာပေါ့"

ကျွန်တော် ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်တယ်။

ကျွန်တော် အစ်မရဲ့ပေါင်ပေါ်မှာ ခေါင်းအုံးပြီး အစ်မရဲ့ မျက်နှာလေးကို ငေးကြည့်နေတယ်။ အစ်မက သူမရဲ့ ဖြူဖွေးသွယ်လျပြီး ချစ်စရာကောင်းတဲ့ လက်ချောင်းကလေးတွေနဲ့ ကျွန်တော့်ရဲ့ဆံပင်တွေကို ပွတ်သပ် ကစားနေတယ်။ ပါးစပ်ကနေလည်း ဝက်စ်လိုက်ရဲ့ သီချင်းတစ်ပုဒ်ကို ခပ်တိုးတိုးညည်းနေတယ်။

"အစ်မ"

ကျွန်တော် ခေါ်လိုက်တော့ အစ်မက ကျွန်တော့်ကို ခေါင်းငုံ့ကြည့်တယ်။ ပြီးတော့ ဘာလဲဆိုတဲ့သဘောနဲ့ မေးဆတ်ပြတယ်။

"ကျွန်တော် အစ်မနဲ့အတူနေချင်တယ်"

လို့ ပြောလိုက်တော့ အစ်မရဲ့ မျက်နှာက တည်သွားတယ်။

ဆိုနေတဲ့သီချင်းသံလည်း ရပ်တန့်သွားတယ်။ အချိန်တွေ အတော်ကြာအောင်ပါပဲ။ အစ်မဆီက ဘာတုံ့ပြန်မှုမှ ပြမလာခဲ့ဘူး။ အချိန်အတော်ကြာအောင်ပါပဲ။

*

စိတ်ကူးတွေထဲမှာတော့ အစ်မက ကျွန်တော့်ရဲ့ အရှင်သခင်မပါပဲ။ အိပ်မက်တွေထဲမှာလည်း အစ်မက ဧကရီတစ်ပါးပါပဲ။ ကျွန်တော် အစ်မကို စိတ်ကူးတွေယဉ်ခဲ့ဖူးသလို စိတ်ကူးတွေလည်း ရိုင်းခဲ့ဖူးပါတယ်။ အဲဒီ စိတ်ကူးတွေထဲမှာပဲပေါ့၊ ပန်းပွင့်လေးတစ်ပွင့်ကို နမ်းသလို ကျွန်တော် အစ်မကို ယုယဖူးတယ်။

အဲဒီစိတ်ကူးတွေထဲမှာ ပဲပေါ့။ ဝတ်ရုံပြည့် အလှတွေလည်း ပါတယ်။ ဝတ်ရုံမဲ့ အလှတွေလည်း ပါတယ်။ ကဗျာဆန်ခြင်းတွေလည်း ပါတယ်။ အကြင်နာချစ်ခြင်းတွေလည်း ပါတယ်။ မော်ဝင်ခြင်းတွေလည်း ပါတယ်။ ရင်ခုန်ခြင်းတွေလည်း ပါတယ်။

အဲဒီစိတ်ကူးတွေထဲမှာပဲပေါ့။

(၃)

ကျွန်တော် မျက်နှာသစ်ပြီး ရေချိုးခန်းထဲက ပြန်ထွက်လာတဲ့အထိ အစ်မကို မတွေ့ရသေးဘူး။ အရင်ကဆို ကျွန်တော်နိုးတာနဲ့ အစ်မကို ကွန်ပျူတာရှေ့မှာ ထိုင်လျက်တွေ့နေကျ။ အခု ကျွန်တော် မျက်နှာတောင်သစ်ပြီးသွားပြီ။ အစ်မကိုတော့ အရိပ်အယောင်တောင် မတွေ့ရသေးဘူး။

မျက်နှာသုတ်ပဝါနဲ့ မျက်နှာက ရေတွေကိုသုတ်ဖယ်ရင်း အစ်မရဲ့အခန်းနားကို ကျွန်တော်ကပ်သွားလိုက်တယ်။

"အစ်မ"

ကျွန်တော် ခေါ်လိုက်ပေမယ့် ပြန်ထူးသံကို မကြားရဘူး။ ကျွန်တော် နောက်တစ်ခါထပ်ခေါ်လိုက်တယ်။ ပြန်ထူးသံ ထွက်မလာဘူး။ နောက်တစ်ခေါက်. . . နောက်တစ်ခေါက်။

ကျွန်တော် အစ်မရဲ့အခန်းတံခါးကိုဖွင့်ပြီး အခန်းထဲကိုကြည့်လိုက်တယ်။ အစ်မကို မတွေ့ရဘူး။ တံခါးကို ပြန်ပိတ်လိုက်ပြီး တံခါးမကြီးဆီကို လျှောက်လာလိုက်တယ်။

တံခါးချပ်ကို ဖွင့်ကြည့်တော့ အပြင်ဘက် သံပန်းတံခါးမှာ အပြင်ဘက်ကနေ သော့ခတ်ထားတာကို တွေ့ရတယ်။ ဒါဆို အစ်မ အပြင်သွားတာပေါ့။ ကျွန်တော် တံခါးကို ပြန်ပိတ်လိုက်တယ်။

ပြီးတော့. . . ။

*

အစ်မ ဘယ်အချိန်ပြန်ရောက်လာသလဲဆိုတာ ကျွန်တော် မသိလိုက်ဘူး။ ကျွန်တော် အိပ်ရာကနိုးတော့ အစ်မက ရေချိုးနေပြီ။ ရေခဲသေတ္တာထဲက sharp တစ်ဘူးထုတ်ယူပြီး ဧည့်ခန်းကခုံမှာ ကျွန်တော်ဝင်ထိုင်လိုက်တယ်။

ငါးမိနစ်လောက် အကြာမှာ အစ်မရေချိုးခန်းထဲက ထွက်လာတယ်။ ကျွန်တော့်ကို ပြုံးပြပြီး သူ့အခန်းထဲကို ဝင်သွားတယ်။ ကျွန်တော် sharp ဘူးကိုဖောက်ပြီး မော့သောက်လိုက်တယ်။ ဘူးကို စားပွဲပေါ်တင်လိုက်ပြီး စီဒီစက်ထဲကို ဝက်စ်လိုက်ရဲ့သီချင်းခွေထည့်ပြီး ဖွင့်လိုက်တယ်။

ပထမတော့ တီးလုံးသံထွက်လာတယ်။ ပြီးတော့ စာသားတွေ. . . ။

ကျွန်တော် မျက်လုံးကို မှိတ်ပြီး သီချင်းကို တိုးတိုးလေးလိုက်ညည်းနေလိုက်တယ်။ အခန်းတံခါး ဖွင့်သံကို ကြားရတယ်။ ပြီးတော့ ရေမွှေးရနံ့။ အဲဒီနောက်မှာမှ ခြေသံတိုးဖွဖွ။ ခြေသံက ကျွန်တော့်ဘေးမှာ ရပ်တန့်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးတွေကို ဖွင့်ကြည့်လိုက်တယ်။ အစ်မက ကျွန်တော့်ကို ပြုံးပြီး ကြည့်နေတယ်။

ခဏပါပဲ၊ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင်ကခုံမှာ အစ်မဝင်ထိုင်တယ်။

"အစ်မ ဘယ်တွေသွားနေတာလဲ"

ကျွန်တော့်မေးခွန်းကို အစ်မက ပြန်မဖြေဘူး။

"ကျွန်တော် နေ့လယ်စာမစားရသေးဘူး"

"ဟင်, ဘာဖြစ်လို့မစားတာလဲ၊ အစ်မအားလုံးစီစဉ်ပေးသွားတယ်လေ"

ကျွန်တော် ဘာမှပြန်မပြောဘဲ နေလိုက်တယ်။ ကျွန်တော့် အပြုအမူအတွက် အစ်မမျက်နှာက လှုပ်ရှားသွားတယ်။ (အစ်မ ပြုံးပါတယ်)။ ပြီးတော့ ထိုင်နေရာက ထပြီး ထမင်းစားခန်းထဲကို ဝင်သွားတယ်။

*

အစ်မက ဝရန်တာမှာ လမ်းဘက်ကိုမျက်နှာမူပြီး မတ်တတ်ရပ်နေတယ်။ ကျွန်တော်က ဝရန်တာကို ထွက်တဲ့တံခါးရဲ့ဘောင်ကို ပခုံးမှီပြီး မတ်တတ်ရပ်နေတယ်။ ကျွန်တော်တို့ရဲ့ကြားမှာ စကားသံတွေက အချိန်တွေ အတော်ကြီးကြာတဲ့အထိ ဆိတ်သုဉ်းနေတယ်။ မိနစ်ပေါင်းများစွာ ကြာအောင်ပါပဲ။

"အစ်မ ဘာဖြစ်နေတာလဲ"

ကျွန်တော့်အမေးကို အစ်မက ခေါင်းယမ်းပြပြီး ဖြေတယ်။ ပြီးတော့ အရင်အတိုင်းပဲ ကျွန်တော်တို့ ပြန်တိတ်ဆိတ်သွားတယ်။ မိနစ်ပေါင်းများစွာပါပဲ။

"အစ်မ"

"မနက်ဖြန် မင်းပြန်တော့"

"ဟင်, အစ်မ. . . ဘာဖြစ်လို့လဲ"

"ငါ့မှာ မောင်လေးတစ်ယောက်ရှိခဲ့ဖူးတယ်၊ သူ အသက်ရှင်နေဦးမယ်ဆိုရင် အခု မင်းအရွယ်ပေါ့"

"အစ်မ ဘာပြောချင်တာလဲ"

အစ်မက ချက်ချင်း မဖြေဘူး။

"အစ်မ မင်းကို မောင်လေး တစ်ယောက်လိုချစ်တယ်၊ မောင်လေး တစ်ယောက်လိုသဘောထားပြီး အစ်မဆီမှာ မင်းကို နေခွင့်ပြုခဲ့တယ်"

အစ်မရဲ့အသံတွေ တိုးတိမ်သွားတယ်။

"မင်း အစ်မစကားနားထောင်ပါနော်၊ အခုလောက်ဆိုရင် မင်းမိဘတွေလဲ တော်တော်စိတ်ပူနေလောက်ပြီ၊ ပြီးတော့ အစ်မလဲ မင်းကို နှမြောတယ်၊ ဆရာဝန်တစ်ယောက်ဖြစ်အောင် မင်းကြိုးစားပါ၊ မင်း ပြန်တော့နော် . . . မောင်လေး"

အစ်မက ကျွန်တော့်ကို စကားတွေ အများကြီးပြောတယ်။ စကားတွေအများကြီးဆက်ပြောတယ်။ ကျွန်တော့်ကို ပြန်ခိုင်းတဲ့စကားကတော့ အများဆုံးပေါ့။ ကျွန်တော် (အစ်မကို) ခေါင်းလည်း မညိတ်(ပြ)ခဲ့ဘူး။ ခေါင်းလည်း မခါ(ပြ)ခဲ့ဘူး။

*

"ကျွန်တော် မပြန်ချင်ဘူး၊ ကျွန်တော် အစ်မနဲ့ပဲ နေချင်တယ်"

အစ်မက သက်ပြင်းရှည်ကြီး တစ်ခုကို ချလိုက်တယ်။

"ကျွန်တော် အစ်မနဲ့ပဲ နေပါရစေနော်"

အစ်မက ခေါင်းကို ခပ်လေးလေး ခါတယ်။

"အစ်မနဲ့နေလို့မရဘူး၊ အစ်မမှာ ယောကျ်ားရှိတယ်"

"ဟင်"

"ဟုတ်တယ်၊ သူ ဒီည ပြန်လာလိမ့်မယ်"

အချိန်တွေအတော်ကြာအောင် ကျွန်တော်ဆွံ့အနေမိတယ်။

အစ်မက. . .

"မင်း အစ်မဆီမှာ နေတဲ့ရက်တွေအတွင်းမှာ သူ ခရီးထွက်နေခဲ့တာ၊ အစ်မ မင်းကိုလက်ခံထားတယ်ဆိုတာလဲ မင်း အခုထက်ပိုပြီး ဆိုးရွားသွားမှာကို စိုးလို့ပါ"

"ဒါဆို အစ်မ ကျွန်တော့်ကို အဖြူထည်သက်သက်နဲ့. . ."

ကျွန်တော် စကားကိုဆုံးအောင် ဆက်မပြောဖြစ်ဘူး။

"အစ်မနဲ့မင်း ရိုးသားစွာနေခဲ့ကြတာပဲလေ"

"မဟုတ်ဘူး . . . မဟုတ်ဘူး၊ ကျွန်တော့်ဘက်က. . ."

နိဂုံး

ဒီဇင်ဘာ။

နှင်းတွေ ဝေနေတဲ့လပေါ့။ အေးစက်စိမ်းကားမှုတွေကြားက နွေးထွေးတဲ့လက်တစ်စုံကို ရရှိခဲ့တယ်။ ရိုးသားစွာစောင့်ရှောက်ခဲ့တဲ့ အရိပ်ဖြူဖြူတစ်ခုကို လွဲမှားစွာ အမြင်တွေရောက်ခဲ့တာပေါ့။ စိတ်ကူးရိုင်းတွေမက်ပြီး အိပ်မက်တွေက မရိုးသားခဲ့ဘူး။ အောက်တန်းကျတဲ့ အတွေးနဲ့ အဆင့်အတန်းမရှိတဲ့ အပြုအမူ၊ အပြောအဆိုတွေကိုတည်ဆောက်ဖို့ ကြိုးစားခဲ့ဖူးတာ။ စိတ်ဓာတ်တွေက ဟိုးအောက်ဆုံးမှာပေါ့။

မြူနှင်းတွေက ဝိုးတဝါးနိုင်စွာ လှပခဲ့သလို အချစ်ဆိုတာကလဲ တစ်စုံတစ်ရာဆန်စွာ လှပခဲ့ဖူးမှာပါ။ ဖြစ်နိုင်ရင် ကမ္ဘာကို နောက်ပြန်လှည့်ပြီးအချိန်တစ်ခုမှာ ရပ်တန့်ထားပစ်လိုက်ချင်တယ်။ မဖြစ်သင့်မှန်းသိပေမယ့် ဖြစ်ချင်ခဲ့တဲ့ စိတ်တစ်ခုကို ဆင်ရိုင်းတစ်ကောင်လို ကျုံးသွင်းလို့ ရနိုင်မှာလား။

ဝိုးတဝါးပေါ့။

မြူနှင်းတွေက ဝိုးတဝါးပေါ့။ အရိပ်တစ်ခုကို ထင်ထင်ရှားရှား မမြင်ရခင်မှာပဲ ဒီဇင်ဘာဟာ အိပ်မက်ဖြစ်သွားခဲ့တယ်။ နာရီတွေက ပုံမှန်အတိုင်းလည်ပတ်လို့။ ဟိုးအဝေးကောင်းကင်မှာ ကြယ်တွေ မှုန်ရီမှုန်ဝါးနဲ့လေ။ အဘယ်ဘက်ရင်ဆီမှာတော့ လမင်းက တိမ်တွေဖုံးအုပ်ခြင်း ခံလိုက်ရတယ်။

လမင်းက တိမ်တွေဖုံးအုပ်ခြင်း ခံလိုက်ရတယ်။

□ ဖူ[illegible]





www.burmeseclassic.com

www.burmeseclassic.com

"သူ့ကိုမှ တွေ့ပါ့မလား၊ တွေ့ရပါစေ"

ကြည်စင်နွေ၏စိတ်ထဲမှာ သူနှင့် မတွေ့ရမှာကို လွန်စွာစိုးရိမ်နေမိ၏။

ကုမ္ပဏီဝန်ထမ်းကြိုပို့ကား သည် ဝန်ထမ်းတချို့ ဆင်းရမည့်နေရာသို့ အရောက်တွင် ကားကို ညင်သာစွာ ထိုးရပ်လိုက်သည်။

ကြည်စင်နွေတစ်ယောက် သွက်သွက်လေး ဆင်းလိုက်မိ၏။

"မင်း သိပ်သွက်နေတယ်နော်၊ ငါပေးတဲ့ အကြံကိုလဲ မမေ့နဲ့ဦး"

သူ့အကြောင်းသိနေသော မေဇင်က လှမ်းစနေသေးသည်။

"အေးပါဟာ ငါ မမေ့ပါဘူး"

မိမိလက်မှ နာရီကိုကြည့်မိတော့ ၅ နာရီ ကွက်တိ။

ညနေတိုင်း ဒီအချိန်ဆိုလျှင် ဒီနေရာသို့ရောက်မြဲဖြစ်သည်။ ကြည်စင်နွေတို့ အိမ်လမ်းဘက်သို့ ရောက်ရန် ဈေးငယ်လေးကို ဖြတ်ရသေးသည်။ ခြေလှမ်းတွေက အသွက်ဆုံး ဖြစ်နေသည်။ သူ့ကို တွေ့ချင်လှပြီလေ။

"ဟော . . . တွေ့ရပါပြီ"

မနီးလှသော နေရာကတောင် သူမှန်း အသေအချာသိလိုက်မိ၏။

အဲဒီကောင်လေးပေါ့။ ကြည်စင်နွေရဲ့တိတ်တခိုးလေးကျိတ်ချစ်ရသူလေ။

နေ့စဉ် သူထိုင်နေကျအတိုင်း လက်ဖက်ရည်ဆိုင် ထောင့်စွန်းလေးမ



www.burmeseclassic.com

www.burmeseclassic.com

တီရှပ် အဖြူရောင်ပေါ်မှာ အဖြူစင်းလေးတွေနဲ့ ဂျင်းဘောင်းဘီအပြာရောင်လေးတွဲဝတ်ထားပြီး ဂျယ်ခေါင်းလိမ်းဆီကြောင့် ထိုးထိုးထောင်ထောင် ဆံပင်ပုံစံ၊ မျက်လုံးကောင်းကောင်း၊ နှာတံစင်းစင်း၊ နှုတ်ခမ်းရဲရဲ ဖူးဖူးလေးနဲ့ သူ့အသွင်က အရမ်းချစ်စရာကောင်းတာပဲ။

ဒါကြောင့်လည်း သူ့ကို စတွေ့ပြီးနောက်ပိုင်းမှ ခုချိန်ထိ ကြည်စင်နွေ့ တစ်ယောက် အသက်ရှင်နေရတာကို အဓိပ္ပာယ်ရှိလာသလို ထင်မိသည်။

မိမိနှလုံးသားလေး ရှင်သန်နေမိတာလည်း သူ့ကြောင့်သာ ဖြစ်သည်။

သူထိုင်နေသည့် ဆိုင်လေးကို ကျော်ပြီးမှ ကြည်စင်နွေ့ နေသည့် အဆောင်ရှိရာလမ်းကို ဝင်ရမှာ ဖြစ်သည်။

ဒီအတိုင်းဆက်သွားနေလို့လည်း မဖြစ်သေး။ သွားနေသည့်ခြေလှမ်းကို အရှိန်လျှော့ကာ မျက်နှာကို အကြည်လင်ဆုံးဖြစ်အောင်ထားလိုက်၏။ လုံချည်အပြာနှင့် တွဲဝတ်ထားသည့် တီရှပ်အဖြူကို သပ်သပ်ရပ်ရပ်လေးဖြစ်သွားအောင် စမတ်ကျကျ ပြုပြင်လိုက်ရင်း သူမြင်သာအောင် ဖြတ်လျှောက်သွားရမှာလေ။

ဟော သူနဲ့ နီးကပ်လာလေလေ၊ ကြည်စင်နွေ့ရဲ့ ရင်တွေ ခုန်လာလေလေပါပဲ။

ကိုယ်တော်ချောကတော့ အားလုံးကို ဂရုမစိုက်တဲ့ပုံနှင့် ကော်ဖီခွက်ကို ကိုင်ကာ ဟန်ပါပါသောက်နေလေ၏။

"သူ ငါ့ကိုမြင်အောင် ဘယ်လို လုပ်ရမလဲ"

"ငါ့နှယ်နော် ဆိုင်သူမသိဘဲ တစ်ယောက်တည်း ချစ်နေရတာ ပင်ပန်းလိုက်တာ"

အဲသလို တီးတိုးညည်းညူနေတုန်းမှာပဲ။

"ဟိတ် ကြည်စင်နွေ့၊ နင်အလုပ်က ပြန်လာပြီလား"

အသံလာရာကို လှည့်ကြည့်လိုက်တော့ . . .

"ဟာ ဝါဝါမိုးပါလား၊ အေး ငါ အလုပ်က ပြန်လာတာ"

ဝါဝါမိုးနှင့် ကျွန်မ၊ ကောင်လေး၏ အနီးဆုံးနေရာမှာ ဆုံသွားကြ၏။

သူ ငါ့ကို မြင်မိဖို့ အကောင်းဆုံး အခွင့်အရေးပဲလို့ စိတ်ထဲတွေးလိုက်မိ၏။ ဝါဝါမိုးကိုလည်း ကျိတ်ပြီး ကျေးဇူးတင်မိ၏။

"ကြည်စင်နွေ့ နင့်ဆီမှာ ငါ အကူအညီတစ်ခု တောင်းချင်လို့"

"ပြောလေဟာ အချင်းချင်းတွေပဲ၊ အားမနာပါနဲ့"

သူသိလေအောင် အချိုဆုံး အပြုံးနှင့် အသာယာဆုံးအသံ ဖြစ်အောင် တမင်လုပ်ပြီး ပြောနေရသည်။ သူကြားမှာမို့ ပေါ့ပြက်ပြက်ပြောနေ၍ မဖြစ်။

"ငါ့မှာ ကိစ္စတစ်ခုအတွက် သွားစရာရှိလို့ နင့်ဆီက ငွေတစ်သောင်းလောက် လိုချင်တယ်၊ ရှေ့အပတ်ထဲ ပြန်ပေးပါ့မယ်ဟာ"

"ရပါတယ်ကွာ၊ ဘာလဲ နင့်ချစ်သူနဲ့ လျှောက်လည်ဖို့ မဟုတ်လား"

"ဟုတ်ပါ့ သူငယ်ချင်းရာ၊ နင့် ဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်၊ နင် ရော ငါ့လိုလျှောက်လည်ဖို့ စိတ်မကူးဘူးလား"

"ဟင့်အင်း ငါ့မှ အတွဲမရှိတာ၊ လျှောက်လည်ဖို့ စိတ်ကူးမရှိပါဘူး"

ဒီတစ်ခွန်းကိုတော့ ချိုချိုသာသာနှင့် သူကြားအောင် အသံကျယ်ကျယ်လေး ပြောလိုက်မိ၏။

အရေးကြီးတဲ့စကားမို့ သူသိပါစေ၊ ကြားပါစေ။ ဝါဝါမိုးကို သူလိုသည့် ငွေ အိတ်ထဲမှ နှိုက်ထုတ်ပေးလိုက်၏။

ပိုက်ဆံရသည်နှင့် တစ်ပြိုက်နက် "အိုကေ ဘိုင်" ဟုဆိုကာ ဝါဝါမိုးက နှုတ်ဆက်ပြီး ထွက်သွားသည်။

ဝါဝါမိုးကို တက္ကသိုလ်ကျောင်းမှာကတည်းက ခင်ခဲ့တာဖြစ်သည်။

သူက ရုပ်ချောသလောက် ရည်းစားများသည့်သူဖြစ်သည်။ ကြည်စင်နွေ့တို့က ဤသို့ မဟုတ်။ မချစ်ခဲ့ဖူးလို့ ယခု အချစ်ဦး ဖြစ်နေပြီလေ။ ဩော် တစ်ဖက်သတ်အချစ်နဲ့ ငါ့ဘဝက ဆိုးလိုက်တာ။

ဆိုင်ထဲကို လှမ်းကြည့်လိုက်၏။ သူမအား စိတ်ဝင်စားစွာ ကြည့်နေသော ကောင်လေး၏ အကြည့်နှင့် တစ်ချက် ဆုံမိသည်။

ရင်ထဲ၌ နွေးသွားပြီး အပျော်လေးများ ဖြစ်သွားခဲ့၏။

"အို. . . ရှင့်ရဲ့အကြည့်တွေက ကျွန်မရင်ကို ခုန်စေတာ အမှန်ပဲ၊ ရှင့်ရဲ့ မျက်လုံးတွေကို သိပ်ချစ်တာပဲ"

သူငယ်ချင်း မေဇင်ကို သတိရမိသည်။

သူမ အကြံပေးသည်က သူနှင့် နီးချင်ရင် သူမြင်သာအောင် လှုပ်ရှားပြပါဟု ဆိုသည်။

ယခု မေဇင့်စကား မှန်နေပြီ။

မိန်းကလေး တစ်ယောက်၏ အရှက်နှင့် ဂုဏ်သိက္ခာကို (၁၀)စက္ကန့်လောက် ဘေးဖယ်လျက် သူ့ကို ကြည်စင်နွေ့ ကြည့်လိုက်မိ၏။

သူကလည်း မိမိကို စိတ်ဝင်စားစွာ ကြည့်နေသည်ကိုတွေ့ရသဖြင့် ရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာခဲ့စားမိ၏။

မိန်းကလေးတန်မဲ့ စွန့်စားရသည်မှာ ရှက်ဖို့ကောင်းပေသည်။

ဒါပေမဲ့ ကြည်စင်နွေ့က သူ့ကို သိပ်ချစ်နေတာလေ။

"ဘယ်တတ်နိုင်ပါ့မလဲ"

❖

နောက်တစ်နေ့၊ ကုမ္ပဏီကို ရောက်လျှင် မေဇင့်အား မနေ့ညနေက အကြောင်း ပြောလိုက်၏။

"ဟယ် ဒါဆို နင့်အတွက် အခွင့်အရေး ရသွားတာပေါ့"

"ဟုတ်တယ်၊ ငါလဲ ရတဲ့အခွင့်အရေးကို လှလှကြီး အသုံးချလိုက်တယ်"

"ဒါပေမဲ့ ဟယ်"

"ဘာ ဒါပေမဲ့လဲ ပြောစမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com

"သူ့မျက်လုံးတွေနဲ့ ဆိုတော့ ငါ ရင်တွေ ခုန်ရသလို မိန်းကလေးဘက်က စရတာလဲ ရှက်မိသလိုပဲ"

"အေးပေါ့ဟာ တို့မိန်းကလေးမှာက ချစ်တာကို ချစ်တယ်လို့ ပြောခွင့်မှ မရှိတာ၊ ချစ်မိပြီဆိုမှတော့ ရေလာမြောင်းပေး လုပ်ရတော့မှာပေါ့၊ ဒါ ရှက်စရာမှ မဟုတ်တာ သူငယ်ချင်းရယ်"

"ဟင်း ငါ့ဘက်က ဖြစ်နေတာပါဟာ၊ သူ့နာမည် ဘယ်သူဆိုတာတောင် မသိရသေးဘူး"

"အေးနော် နင့်ရဲ့ နှလုံးသားစေညွှန်းရာကြီးက ဘာကြီးမှန်းလဲ မသိဘူး၊ ဒါပေမဲ့ တစ်ချိန်ကျရင်တော့ အဖြေပေါ်လာမှာပါ၊ အစရှိရင် အဆုံးလဲရှိပါတယ်၊ သူ့နာမည်ကိုတော့ ငါ ကူစုံစမ်းပေးပါ့မယ်ကွာ"

❖

ဒီရက်ပိုင်းအတွင်းမှာ သူ့ကို နေ့တိုင်းတွေ့ရ၏။

"ဘာကြောင့် ဒီကောင်မလေး သူ့ကို ကြည့်တာလဲ"ဆိုသော အကြည့်နှင့် ကြည်စင်နွေကို သူကြည့်တတ်လာသည်။

ချိုချိုချဉ်ချဉ်လေး ပြုံးပြတတ်သည့် ကြည်စင်နွေကိုလည်း မချိုမချဉ်မျက်နှာလေးနှင့် သူ ပြန်ပြုံးပြတတ်လာပြီ ဖြစ်သည်။

ဒီလို ချောင်းကြည့် လှည့်ပြန်ဘဝဖြင့် တစ်ဖက်သတ် ချစ်ခဲ့သည်မှာ နွေ၊ မိုး၊ ဆောင်း ကုန်သည်အထိ ချစ်သက်ရှည်လာခဲ့၏။

❖

တစ်ခုသော မိုးရာသီသို့ ရောက်ခဲ့ပြီ။ သူ့ကို ကျိတ်ချစ်နေရှာတဲ့ ကြည်စင်နွေရဲ့ နှလုံးသားကလည်း သူ့ရဲ့ တိတ်တခိုးလေး မိုးယံမင်းကို ကျောက်ချပ်ပေါ်၌ ကျောက်စာရေး ချစ်ထားသလို ပီပြင်ခိုင်မာလို့ နေတော့သည်။

မိုးယံမင်း ဟူသော နာမည်ကို ရအောင် စုံစမ်းပေးသော သူငယ်ချင်း မေဇင်ကိုလည်း ကျေးဇူးတင်မဆုံးပေ။

မိုးကလည်းရွာလိုက်တာ။ ညနေတော့ မိုးဆဲကောင်းပါရဲ့လို့ စိတ်ထဲကတီးတိုးရွတ်ဆိုမိလိုက်သည်။ ဒီညနေ ကြည်စင်နွေတို့ရဲ့ နှစ်လမ်းကျော်က သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပွဲသို့ သွားစရာရှိ၏။

တစ်ချက်ခုတ်နှစ်ချက်ပြတ် လှလှပပလေး ဝတ်ဆင်ထားသော ကြည်စင်နွေကို မိုးယံမင်းဆိုသော ကောင်လေး မြင်တွေ့စေချင်သည်။

တွေးရင်းဖြင့် ကြည်နူးနေရသည်ကို အရသာတွေ့နေမိ၏။ ယော ကံကောင်းထောက်မစွာဖြင့် ညနေ ၄ နာရီလောက်မှာ မိုးက ပြတ်သွားသည်။

ရေမိုးချိုး အဝတ်အစားလဲပြီး အလှပြင်လိုက်တာ ၅ နာရီထိုးသွားပြီ။ ရွှေမှ ကိုယ်လုံးပေါ်မှန်တွင် မိမိကိုယ် မိမိကြည့်မိသည်။ ငါ ဘယ်ဆိုးလို့လဲပေါ့။

ချည်သား ရေညှိရောင် ဝမ်းဆက်၊ ဆံပင်ကို ကျောလယ်ထိ ဖြန့်ချထားပြီး မျက်ဝန်းကြည်ကြည်လေးတွင် မထူမပါး မျက်ခုံး၊ ဖြူစင်ဝင်းသန့်သော မျက်နှာလေးနှင့် လွန်စွာလိုက်ဖက်နေ၏။

မို့မောက်သော ရင်အုံ၊ သေးကျဉ်သောခါး၊ စွန့်ကားနေသော တင်နှင့် ကြည့်ကောင်းသော အရပ်အမောင်းတို့က ညီညွတ်လှပနေတော့သည်။ ကြည်စင်နွေ တစ်ချက်ပြုံးလိုက်ပြီး ကိုယ့်ဘာသာကိုယ် သဘောကျနေမိ၏။

ပြုံးလိုက်လျှင်လည်း ညာဘက်ပါးပြင်တွင် ပါးချိုင့်ခွက်လေး ပီပြင်စွာပေါ်လာတတ်၏။ အားလုံးခြုံလိုက်လျှင် အလှကြီး မဟုတ်တာတောင် ကြည့်ပျော်ရှုပျော် ဖြစ်၏။

"အို. . . ငါဒီလောက် ရုပ်ရှိတာတောင် သူကတော့ ပြုံးပြရုံလောက်ပဲ၊ ဒီထက် မပိုနိုင်သေးတာ ဘာကြောင့်လဲ ရှင်ရယ်၊ ဘာပဲဖြစ်ဖြစ် ရှင့်ကို တွေ့ချင်လှပြီလေ"

မိုးရွာပြီးစ လန်းဆန်းမှုနှင့် ညနေခင်းဘက် နေရောင်တို့ကြောင့် ဝန်းကျင်သည် လှပနေ၏။ ထို့အတူ ကြည်စင်နွေသည်လည်း တက်ကြွနေမိ၏။

"ဟင် မိုးအုံ့လာပြန်ပြီ၊ ဒုက္ခပဲ၊ ထီးကလဲ ပါမလာဘူး၊ ရှင့်အတွက် ပြင်ထားတဲ့ အလှတွေတော့ မိုးရေနဲ့ အတူ ပျက်ကုန်တော့မှာပဲ"

ထိုစဉ် မိုးဖွားလေးများ ကျလာသဖြင့် ရှေ့တည့်တည့်တွင်တွေ့ရသော ကုက္ကိုပင်ကြီးအောက်သို့ ကြည်စင်နွေ ပြေးဝင်ခဲ့မိ၏။

❖

ရှေ့နားမှာ သူထိုင်နေကျ လက်ဖက်ရည်ဆိုင်ရှိသည်။ မိုးက အသည်းကြီး မဟုတ်သော်လည်း တဖြောက်ဖြောက်နှင့် ကျနေသည်။

ရှေ့ဆက်သွားဖို့ကလည်း မဖြစ်။ အဆောင်လည်း မပြန်ချင်။ ဘာလုပ်ရမှန်းကို မသိတော့။

ထိုအချိန် ကြည်စင်နွေ၏ခေါင်းပေါ်သို့ အရိပ်တစ်ခု အုပ်မိုးသွား၏။

"ဟင်. . ရှင်. . ရှင်. . မိုးယံမင်း"

"ကျွန်တော့်နာမည်ကို အမိက သိတယ် ဟုတ်လား"

"အင်း"

"ဘယ်လို သိတယ်ဆိုတာကို မမေးတော့ပါဘူး၊ ဒါပေမဲ့ အခု မွေးနေ့ပွဲ သွားမလို့ မဟုတ်လား၊ ရော့ ဒီထီးလေး ယူသွားပါ"

"အို မဟုတ်တာ၊ ရပါတယ်"

"ယူသွားပါဗျာ၊ ပြဿနာ မရှိပါဘူး"

သူ့ပန်းရောင်ထီးလေးကို လှမ်းယူမိရက်သား ဖြစ်သွား၏။

"ကျေးဇူးပါပဲ၊ ဒီထီးလေးကို ဘယ်လို ပြန်ပေးရမလဲ"

"နေပါစေ၊ ပြန်မပေးပါနဲ့၊ မင်းပဲ သိမ်းထားလိုက်ပါ၊ မေတ္တာလက်ဆောင်ပေါ့"

ဟုပြောပြီး တန်းထွက်သွားသော ကိုလူချောကို ဘာပြောရမည်မသိ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

"သူ ငါ့ကို သိနေပြီပဲ၊ ကြည့်ပါဦး ဒီထီးလေးကို မေတ္တာလက်ဆောင်တဲ့"

"ဝမ်းသာလိုက်တာ၊ ရှင် ကျွန်မကို ချစ်နေပြီလား၊ ကျွန်မကတော့ တစ်သက်မှာ တစ်ဘဝ၊ တစ်ဘဝမှာ ရှင့် တစ်ယောက်တည်းကိုသာ ချစ်သွားမှာပါ"

"သိပ်ထူးဆန်းတာပဲ၊ တစ်နေ့ကုန်ရင် ကျွန်မရဲ့ အသည်းနှလုံးကို တစ်ခါရစ်ပတ်ခံရသလိုပဲ အချိန်တာတွေ ကြာလာတာနှင့်အမျှ ရှင့်ကို ချစ်မိတဲ့ ကျွန်မ အသည်းဟာ ကျောက်သားလို ခိုင်မာလာခဲ့တယ်"

ကြည်စင်နွေ အိပ်၍မရပါ။ သူ့ကိုသာ သတိရနေမိသည်။ ပန်းနုရောင်ထီးလေးကို ကိုင်ပြီး နှစ်ယောက်သား နီးနီးကပ်ကပ်ရစ်လျက် စူးရှတောက်ပလွန်းတဲ့ မျက်ဝန်းတစ်စုံကို ဘယ်လိုမှ မေ့ပစ်မရတော့ပါ။

ကြည်စင်နွေ တိုးတိုးလေး ရေရွတ်လိုက်မိသည်။

"ရှင့်ကို ကျွန်မ သိပ်ချစ်တယ်၊ ချစ်ရလွန်းလို့ ကျွန်မ ရူးသွားနိုင်တယ်၊ ရှင် သိနိုင်ပါစေ"

ရင်ထဲမှာ တစ်ညလုံး ဆုတောင်းနေမိသည်။ နေမြင့်လေ အရှူးရင့်လေဆိုတာ ဒါမျိုးလား။ နံနက် ၃ နာရီကျော်မှ အိပ်ပျော်သွားသည်။

အိပ်မပျော်ပြန်တော့လည်း အိပ်မက် မက်ဖြစ်သည်။ အိပ်မက်ထဲမှာ သူနဲ့အတူ အပျော်လေးတွေပေါ့။

တကယ်ဖြစ်နေသလိုပါပဲ။ သူက ကျွန်မကို အရမ်းချစ်တယ်တဲ့။ ဖက်ထားလိုက်တာလည်း အသက်ရှူတောင် ကျပ်နေတယ်။

အိပ်ရာကနိုးတော့ မျက်နှာသစ်၊ ရေချိုးပြီး ကုမ္ပဏီသွားဖို့ ပြင်လိုက်တယ်။ သူပေးတဲ့ ထီးကလေးကို ဆောင်းသွားမည်။ အဆောင်မှ ထွက်လာတော့ နံနက် ၇ နာရီခွဲ။ လမ်းထိပ်ရောက်တော့ မင်္ဂလာဆောင် သီချင်းတစ်ပုဒ် ကြားရသည်။

"ဟင်. . . ရွှေမေတ္တာကဖီးက မင်္ဂလာဆောင်ပါလား"

မင်္ဂလာမောင်နှံ စီးမယ့်ကားကလေးက အဖြူရောင် သစ်လွင်နေသည်။ အပြာရောင် ဖဲကြိုးများက ကားဖြူလေးကို အလှဆင်လျက်ရှိသည်။

မဂ္ဂျာစ်ထိုးထားခြင်း မရှိသဖြင့် ခန်းမ တစ်ခုခုမှာ သွားဆောင်ဖို့ ဖြစ်မည်။

"အား. . . နာလိုက်တာ"

သူမ အငေးလွန်ပြီး ကျောက်တုံးကို ဝင်တိုက်မိသည်။ ခြေမထိပ်ကွဲသွားပြီး သွေးစိမ့်ထွက်လာ၏။

ထိုစဉ်. . .

"ဟေ့ကောင် မိုးယံမင်း၊ မင်း သိပ်ပျော်နေလား"

"ဟင် ဒါ. . ဒါ. . သူနာမည်ပဲ"

အသံလာရာဘက် လှည့်ကြည့်မိသည်။

"ဟင် မိုးယံမင်း ရှင်. . ရှင်"

မိုးယံမင်းက သတို့သားဝတ်စုံဖြင့် သပ်ရပ်ခံ့ညားနေသည်။

သတို့သမီးလေးကလည်း မျက်နှာမှာ ပီတိအပြုံးလေးများ ကွန့်မြူးလို့ သိပ်ပျော်နေပုံရသည်။

ဘယ်သူမှ မကြားလိုက်ပါ။ သူမ ရင်ထဲက နှလုံးသား ပေါက်ကွဲပျက်စီးသွားပြီ ဖြစ်သည်။

ပါးပြင်ပေါ်သို့ ပူနွေးသောအရာများ စီးကျလာ၏။ ကြေကွဲမျက်ရည်များ ဖြစ်ပါလေ၏။

မင်္ဂလာဆောင် ကားလေးက ကြည်စင်နွေရဲ့ ရှေ့မှ ဖြတ်မောင်းသွားသည်။

ပေါက်ကွဲ ပျက်စီးသွားသော နှလုံးသားအပိုင်းအစများကို ဖြတ်နင်းသွားခြင်း ဖြစ်၏။

ကုမ္ပဏီလည်း မသွားလိုတော့။ အဆောင်ကိုလည်း မပြန်ချင်တော့။ မျှော်လင့်ချက် ကုန်ဆုံးသွားပြီဖြစ်၍ အရာအားလုံး၊ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်မိုက်သွားခဲ့လေပြီ။

ကြေကွဲရလွန်း၍ ပြူးကျယ်နေသော မျက်လုံးများပင် မျက်တောင်မခတ်တော့။

"ဟယ် ကြည်စင်နွေ၊ ကြည်စင်နွေ"

မေဇင်သည် ယိုင်လဲပြိုကျမလိုဖြစ်နေသော ကြည်စင်နွေအား အပြေးလာကာဖေးကူလိုက်ပေမယ့် ကြည်စင်နွေ၏ ရင်ခုန်သံများ ရပ်တန့်သွားပေပြီ။

"လုပ်ကြပါဦး လုပ်ကြပါဦး"

မေဇင် ပတ်ဝန်းကျင်အား အော်ဟစ်ကာ အကူအညီတောင်းလိုက်၏။

ကြည်စင်နွေတစ်ယောက် ဘယ်လိုခေါ်ခေါ် ထူးနိုင်တော့မည် မဟုတ်ပါ။ ဝိညာဉ်လွင့်ပျောက်လျက် ခံစားမှုမရှိသော ရုပ်ကြွင်းဘဝသို့ ကူးပြောင်းသွားပြီ ဖြစ်သည်။

❖

မိုးယံမင်းတို့၏ မင်္ဂလာအခမ်းအနားကို ခရေရိပ်ခန်းမမှာ ခမ်းနားစွာ ပြုလုပ်သည်။ ဒံပေါက်၊ အအေးတို့ဖြင့် ကျွေးမွေးဧည့်ခံသည်။

နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီထိ ဖြစ်၏။ နှစ်ဖက်သော မိဘနှင့် ဆွေမျိုးသားချင်း၊ မိတ်သင်္ဂဟများတို့ဖြင့် လွန်စွာစည်ကားသွားသည်။

အခမ်းအနားပြီးဆုံးချိန်၌ သတို့သား မိုးယံမင်းနှင့် သူ၏ဇနီးလေး ချိုဇင်ဦးတို့သည် ခန်းမကြီး၏ အခန်းတစ်ခုထဲတွင် မင်္ဂလာဝတ်စုံများချွတ်ကာ အခြားသစ်လွင်သော အဝတ်အစားများကို လဲလှယ် ဝတ်ဆင်လျက် အခန်းအပြင်ဘက်သို့ နှစ်ယောက်သား ထွက်ခဲ့ကြလေ၏။

"ဟူး ခုမှပဲ အသက်ဝဝ ရှူရတော့တယ်"ဟု ချိုဇင်ဦးမှပြောလိုက်၏။

"ဟုတ်ပ့ါကွာ၊ ကိုယ်လဲ စိတ်ကျပ်နေတာ၊ ခုမှ ပေါ့သွားတယ်"

"ကိုရေ၊ ချိုဇင် ဗိုက်ဆာနေပြီကွာ၊ ဒီက ဒံပေါက်လဲ မစားချင်ဘူး၊ မြို့ထဲက ဆိုင်မှာ ထမင်းသွားစားရအောင်" လို့ ချိုဇင်ဦးက ပြောလိုက်ရာ . . .

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

"အိုကေ ကောင်းတယ်၊ ကိုယ် လိုက်ပို့ပေးမယ်" ဆိုကာ . . .

"မေမေ သားတို့နှစ်ယောက် မြို့ထဲသွားပြီး စားသောက်လိုက်ဦးမယ်၊ ဒီမှာ ကျန်တဲ့ကိစ္စ မေမေတို့ပဲ စီစဉ်ပြီး အိမ်ပြန်နှင့်ပါ၊ သား ကားယူသွားမယ်နော်"

ဟု မိုးယံမင်းက ပြောလျက် ကားရှိရာသို့ ထွက်လာခဲ့ကြ၏။

မိုးယံမင်းသည် ကားတံခါးကို ဆွဲဖွင့်လျက် ချို့ဇင်ဦးကို နောက်ခုံတွင် ထိုင်စေ၍ စိတ်လွတ်ကိုယ်လွတ် အနားယူစေရန် ပြောပြီး မိမိမှာ ဒရိုင်ဘာနေရာ၌ ဝင်ထိုင်လိုက်၏။

ထို့နောက် ကားတံခါးကို ဆွဲပိတ်ပြီး စက်နှိုးကာ မောင်းထွက်ခဲ့၏။ ချို့ဇင်ဦးသည် ခန်းမဆောင်ထဲ၌ စိတ်အိုက်လူအိုက်ဖြစ်ခဲ့သည်များကို အတိုးချကာ ကူရှင်နောက်မှီခုံတွင် ခေါင်းမှေ့တင်လျက် ခြေပစ်လက်ပစ် ထိုင်နေ၏။

မီးနီမိသွား၍ မီးပွိုင့်၌ ကားရပ်ထားစဉ် မိုးယံမင်းသည် နောက်ကြည့်မှန်မှတစ်ဆင့် ချို့ဇင်ဦးရှိရာ ကားနောက်ခန်းသို့ ကြည့်လိုက်၏။ မထင်မှတ်သော မြင်ကွင်းကို တွေ့မြင်ရ၍ မျက်လုံးများ ပြူးကျယ်သွားမိ၏။

အဘယ်ကြောင့်ဆိုသော် ချို့ဇင်ဦး၏ဘေး၌ လုပကြော့ရှင်းသော မိန်းမပျိုလေးတစ်ဦး ထိုင်နေသည်ကို တွေ့မြင်ရသောကြောင့် ဖြစ်၏။

ထိုမိန်းကလေးမှာ အခြားသူမဟုတ်ပါ။ မိမိ ထီးကလေးပေးလိုက်သော ကြည်စင်နွေ့ ဖြစ်နေခြင်းပင်။

အံ့ဩလွန်းလှသဖြင့် ပိုမိုသေချာစေရန် နောက်တစ်ဖန် လှည့်ကြည့်ပြန်ရာ ချို့ဇင်ဦးက သူ့အား ပြုံးပြနေသည်ကို တွေ့ရသလို ကြည်စင်နွေ့က လည်း မချိုမချဉ် ပြုံးပြနေပြန်၏။

ထိုစဉ် နောက်ကားမှ . . .

"ပွမ် . . . ပွမ်"

ဟူသောကားဟွန်းတီးသံကြောင့် သတိပြန်ဝင်လာပြီး မီးပွိုင့်အစိမ်းပြနေသည်ကို တွေ့ရ၍ မောင်းထွက်ခဲ့တော့၏။

"ဒီမိန်းကလေး ကားပေါ် ဘယ်တုံးက ဘယ်လိုရောက်လာတာလဲ"

ချို့ဇင်ဦးနှင့် သိသည်ဆိုလျှင်လည်း နှစ်ယောက်သား စကားပြောသံတွေ ကြားရမည်။ ချို့ဇင်ဦးတစ်ယောက် သူမ၏ ဘေးတွင် မိန်းကလေးထိုင်နေသည်ကို မသိလေသလော။ စဉ်းစားရင်း ခေါင်းတွေ နောက်ကျိလာ၏။

စိတ်ထဲ၌ မကျေနပ်လှသဖြင့် နောက်တစ်ခေါက် ထပ်ကြည့်လိုက်ရာ ချို့ဇင်ဦး တစ်ယောက်တည်း ထိုင်နေသည်ကိုသာ တွေ့ရပြီး ကြည်စင်နွေ့ကို မတွေ့ရတော့ပေ။

ကားလည်း မရပ်ဘဲ ဘယ်လိုဆင်းသွားသနည်း။

"ဘယ်လိုနားလည်ရမှာလဲ"

"ငါပဲ အကြည့်မှားလို့လား"

"ဟာ မမှားနိုင်ပါဘူးလေ၊ ထင်ထင်ရှားရှားကြီး ပြုံးပြနေတာတောင် တွေ့ရတာပဲ၊ ဒါဆို ဘယ်ပျောက်သွားတာလဲ"

မိုးယံမင်း တွေးမရအောင် ဖြစ်နေ၏။ တစ်ခုခုတော့ ထူးခြားနေပြီ ဖြစ်၏။

နာမည်ကြီး ကျူပျော်ဒေါ်လှရီ ထမင်းဆိုင်ကြီး၏ ဘေးတွင် ကားထိုးရပ်လိုက်ပြီး ချို့ဇင်ဦးနှင့်အတူ ဆိုင်အပေါ်ထပ်ရှိ သီးသန့်ခန်းတစ်ခုထဲသို့ ဝင်ကာ စားပွဲခုံဘေးရှိ ကုလားထိုင်၌ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြ၏။

"ချို့ဇင် ဘာစားမလဲ၊ ဘာဟင်းမှာမလဲ"

"ကြက် အသည်းအမြစ် နှစ်ပွဲ၊ အကြော်အလှော်နဲ့ ငါးခေါင်းဟင်းချို မှာလိုက်လေ"

မိုးယံမင်းသည် အသင့်ရပ်စောင့်နေသော စားပွဲထိုးအား လိုအပ်သည်များကို မှာလိုက်၏။

ကားပေါ်က အဖြစ်အပျက်ကြောင့် သူသည် စိတ်ရှုပ်နေ၏။

ချို့ဇင်ဦးမှာ ပျော်လွန်း၍ ထင်သည်။ မျက်နှာလေးမှာ ဝင်းပကြည်လင်နေရှာ၏။

သူမသည် မိုးယံမင်း၏မျက်နှာကို ပြုံးတုံ့တုံ့ဖြင့် ကြည့်နေသည်။

မကြာမီ မှာထားသော ထမင်းနှင့်ဟင်းများကို စားပွဲထိုးနှစ်ဦးမှ လာချပေးသဖြင့် နှစ်ယောက်သားစားသောက်ရန် ပြင်ဆင်လိုက်ကြ၏။

"ကို စားလေ"

ချို့ဇင်ဦးပြောလိုက်မှ ငူငူကြီးဖြစ်နေသော မိုးယံမင်းမှာ ဇွန်း ခက်ရင်းကောက်ကိုင်လိုက်ပြီး ဆီရွှဲရွှဲနှင့် အိနေသော ဂေါ်ဖီပန်းပွင့်ကြော် တစ်ဇွန်းကို ခပ်ယူလျက် သူ၏ ထမင်းပန်းကန်ထဲသို့ ထည့်ကာ ထမင်းနှင့်အတူ စားလိုက်၏။ ပြီးမှ ငါးခေါင်းဟင်းချို တစ်ဇွန်းကို ခပ်ယူပြီး မှုတ်သောက်လိုက်၏။

ထိုစဉ် မိမိရှေ့တည့်တည့်ရှိ ချို့ဇင်ဦး၏ နောက်၌ ကြည်စင်နွေ့ ရပ်လျက်ရှိနေသည်ကို တွေ့ရ၍ လွန်စွာ အံ့ဩသွားလေ၏။

ချို့ဇင်ဦးက ထိုအဖြစ်ကို မသိရှာဘဲ ဟင်းပန်းကန်ထဲမှ အသည်းတစ်ခြမ်းကို ဇွန်းဖြင့်ပိုင်းလျက် ခပ်ယူရင်း. . .

"ရော့. . ကို စားလိုက်၊ အဲဒါ ချို့ဇင့်အသည်း"

ဟုဆိုကာ လက်လှမ်းလိုက်စဉ် ကြည်စင်နွေ့က လက်ကို ပုတ်ထုတ်လိုက်၍ မိုးယံမင်း၏ ပါးစပ်နားရောက်ခါနီးမှ အသည်းဖတ်မှာ အောက်သို့လွတ်ကျသွားလေ၏။ ချို့ဇင်ဦးက မတော်တဆဖြစ်သွားတာလို့ အောက်မေ့ပေမယ့် မိုးယံမင်းကတော့ ဖြစ်စဉ်ကို အတိုင်းသား မြင်နေရလို့ အံ့ဩနေမိ၏။

ချို့ဇင်ဦးသည် ကျန်နေသော အသည်းတစ်ဖတ်ကို ခပ်လျက် ထပ်မံ ခွံ့ကျွေးလိုက်ပြန်ရာ အနားရောက်မှ လက်မှာ တုံ့ခနဲခါသွားပြီး အသည်းဖတ်အောက်သို့ ကျသွားပြန်၏။

ချို့ဇင်ဦးသည် မိမိ၏လက်အား တစ်စုံတစ်ဦးက ဖယ်ထုတ်လိုက်သလို

www.burmeseclassic.com

ခံစားလိုက်ရသဖြင့် တွေးမရအောင် ဖြစ်သွားမိ၏။

အခန်းထဲ၌ သူတို့နှစ်ဦးသာရှိသည် မဟုတ်ပါလော။

ထိုစဉ် ကြည်စင်နွေသည် မြင်ကွင်းမှ ရုတ်တရက် ပျောက်သွားခဲ့၏။

အသည်းအမြစ်ဟင်း ပန်းကန်ကို မ,ယူလိုက်၍ မိုးယံမင်း၏ ထမင်းပန်းကန်ထဲသို့ ဟင်းတစ်ဝက်နီးပါး ထည့်ပေးလိုက်၏။

"ကို အားရပါးရစားနော်. . . မတော်တဆဖြစ်တာတွေကို ခေါင်းထဲ မထားနဲ့"

ဤသို့ဖြင့် စားသောက်ပြီး အိမ်သို့ ပြန်လာခဲ့ကြ၏။

❖

သူတို့နှစ်ဦး ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် အသိဧည့်သည်များနှင့် အလုပ်ရှုပ်နေသော ဖေဖေ မေမေတို့အား တွေ့ရ၏။

"ဟော သားနဲ့ သမီးတို့တောင် ပြန်လာကြပြီ"

"သားတို့လဲ ပင်ပန်းနေမှာ၊ အပေါ်ထပ်အခန်းမှာ အေးအေးဆေးဆေး သွားနားကြဦး"

"ဩော် ဒါနဲ့ မင်္ဂလာဆောင်တုန်းက ရိုက်ထားတဲ့ဓာတ်ပုံတွေ လာပို့လို့ ယူထားလိုက်တယ်၊ ရော့ ယူသွားကြ" ဟုဆိုကာ မေမေက ဓာတ်ပုံတွေ ထည့်ထားသော အိတ်ကို လှမ်းပေးလိုက်ပါသည်။

ချိုဇင်ဦးမှာ ပြင်ဆင်ထားသော အခန်းခုတင်ကြီးပေါ်တွင် ထိုင်ချလိုက်ပြီး အိတ်ထဲမှ ဓာတ်ပုံများကို ထုတ်ကြည့်လိုက်၏။

ထိုသို့ ကြည့်နေရင်းမှ. . .

"ကိုရေ ဒီမှာ အမြန်လာကြည့်ပါဦး" ဟု လှမ်းခေါ်သဖြင့် ပန်ကာ ဖွင့်၍ ကုလားထိုင်ပေါ်တွင် ထိုင်ကာ မှိန်းနေသော မိုးယံမင်းမှာ အလျင်အမြန်ထ သွားလိုက်မိ၏။

"ကို ဒီမှာကြည့်စမ်း၊ ဒါ ဘယ်သူ့ပုံလဲ ဟင်"

ဓာတ်ပုံကိုပြ၍ ကြည့်လိုက်ရာ မိုးယံမင်းမှာ သိလျက်နှင့် တွေးရခက်သွား၏။

သတို့သားနှင့် သတို့သမီး လက်တွဲရိုက်ကာ ရိုက်ထားသောပုံတွင် မိုးယံမင်း၏ အခြားတစ်ဖက်မှ မိမိ၏ ပခုံးကို ဖက်ထားသော အမျိုးသမီးတစ်ယောက်၏ပုံသည် ထင်ရှားစွာ ပေါ်နေ၏။

ထိုမိန်းကလေးမှာ ဝတ်ကောင်းစားလှ ဝတ်ဆင်ထားပြီး နုနယ်လှပကာ မျက်နှာပြင်တွင် မချိသောအပြုံးများ ပေါ်လွင်နေ၏။ သူမမှာ ကြည်စင်နွေ ဖြစ်နေ၏။

"ကို သူ့ကို သိလားဟင်"

"သိပါတယ်၊ လူချင်းတော့ သိပ်မရင်းနှီးပါဘူး၊ သူ့နာမည်က ကြည်စင်နွေတဲ့၊ သူကအဆောင်မှာနေပြီး ကုမ္ပဏီမှာ အလုပ်လုပ်နေတယ်၊ ကိုယ့်စဉ်းစားလို့ မရတာက ဒီနေ့ အဖြစ်အပျက်တွေနဲ့ ဒီဓာတ်ပုံကိုပဲ"

"ဒီလို လုပ်ရအောင်ကွာ၊ တစ်ခုခုတော့ ထူးခြားမှုရှိမယ်လို့ ကို ထင်နေတယ်၊ အဲဒီတော့ ဒီညနေ သူနေတဲ့ အဆောင်ကို သွားကြည့်ပြီး တွေ့ရရင် ကောင်းမယ်၊ ချိုဇင်ပါ လိုက်ခဲ့လေ"

"ချိုဇင် စိတ်ထဲမှာလဲ တစ်မျိုးကြီးပဲ၊ ညနေသွားကြမယ်"

❖

ထိုညနေ ကြည်စင်နွေနေသော ဘော်ဒါဆောင်သို့ နှစ်ယောက်သား ရောက်သွားခဲ့ကြ၏။

ဘော်ဒါဆောင်၏ ဧည့်ခန်း၌ အမျိုးသမီးတစ်ယောက်ကို တွေ့ရ၏။

ထိုအမျိုးသမီးမှ. . .

"ထိုင်ကြပါရှင် ဘာကိစ္စရှိလို့ပါလဲ၊ ဘယ်သူနဲ့တွေ့ချင်လို့လဲ" မေးရာ

"ဒီအဆောင်မှာနေတဲ့ ကြည်စင်နွေနဲ့ တွေ့ချင်လို့ပါ"

"ရှင်"

ဟုဆိုကာ အမျိုးသမီးမှာ များစွာ အံ့ဩသွား၏။ ပြီးမှ. . .

"ကြည်စင်နွေ ဆေးရုံမှာ ဆုံးသွားပါပြီ၊ ကျွန်မ သူ့ရဲ့ အရင်းနှီးဆုံး သူငယ်ချင်း မေဇင်ပါ၊ သူ့အဖြစ်က ဆိုးလွန်းပါတယ်ရှင်" လို့ ပြောရင်း. .

"ရှင် မိုးယံမင်း မဟုတ်လား" ဟု မေးလိုက်ရာ. . .

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော် မိုးယံမင်းပါ"

မေဇင်သည် သက်ပြင်းရှည် တစ်ချက် ချလိုက်ပြီး သူ့သူငယ်ချင်း ကြည်စင်နွေ၏အကြောင်းစုံကို သေဆုံးချိန်အထိ ဝမ်းပန်းတနည်းဖြင့် ပြောပြကာ မျက်ရည်များ စီးကျလာလေတော့သည်။

တစ်ဖက်သတ် ကျိတ်ပိုးမလေး ကြည်စင်နွေတစ်ယောက် မိုးယံမင်းအား တမလွန်မှ ဆက်ချစ်နေဦးမည် ဖြစ်တော့သည်။

❖

"အဲဒါပါပဲ ဆရာ၊ ဆရာကော ဘယ်လို ထင်သလဲဟင်"

ဟု မိုးယံမင်းက ဖြစ်စဉ်ကို ပြောပြပြီး ကျွန်ုပ်အား အမှတ်မထင် မေးလိုက်ရာ . . .

"စွဲလမ်းမှုရဲ့ နောက်ကွယ်မှာ အကြောင်းအရာတွေ ရှိလာတတ်တယ်၊ ဒါပေမဲ့ ဆရာကော ဘယ်သိနိုင်မှာလဲ ကွယ်"

❒ လှလှအောင်





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော ၁၉၉၈ ခုနှစ်က ကျွန်တော် တာဝန်တစ်ခုဖြင့် တောင်ငူမြို့သို့ ရောက်ရှိခဲ့ပါသည်။ ရောက်ရှိရခြင်းမှာ တောင်ငူနှင့် ရေတာရှည်တွင်ရှိသော ဌာနလက်အောက်ရုံးများသို့ သွားရောက်စစ်ဆေးရန်ဖြစ်ပြီးကျွန်တော့် ခရီးစဉ်မှာ တောင်ငူတွင် သုံးရက်နှင့် ရေတာရှည်တွင် နှစ်ရက် စစ်ဆေးပြီးပါက ရန်ကုန်ရုံးချုပ်သို့ ပြန်ဝင်ရန်ဖြစ်သည်။ သို့သော်လည်း ကျွန်တော့်မှာ တောင်ငူရှိ တန်ခိုးကြီးဘုရားများအ

www.burmeseclassic.com

www.burmeseclassic.com

ဖူးမြော်ရင်း နောက်ထပ် နှစ်ရက်နေရန် အထက်အရာရှိအားကြိုတင်ခွင့်တောင်း လာခဲ့ခြင်း ဖြစ်သည်။

ကျွန်တော် တောင်ငူရှိ ရုံးဌာန အား စစ်ဆေးနေစဉ် ရုံးရှေ့သို့ လင်ခရူ ဇာ ကားတစ်စီး ရောက်ရှိလာသည်။ ကားပေါ်က ဆင်းလာသော လူကြီးမှာ ရုံးစောင့်ဝန်ထမ်းအား ခွင့်တောင်းကာ ကျွန်တော်ရှိနေသော ရုံးခန်းသို့ ဝင် ရောက်လာပြီး . . .

"ဟေ့ သူငယ်ချင်း နေကောင်း တယ်နော်၊ ငါ ဘယ်သူလဲဆိုတာ မှတ်မိ ရဲ့လား၊ သေချာကြည့်ပါဦးကွ"

ကျွန်တော် စာရွက်စာတမ်းများ ဖတ်ရှုစစ်ဆေးနေရာမှ အသံကြောင့် ခေါင်းထောင်ကြည့်လိုက်မိလေသည်။ အသားဖြူဖြူ အရပ်မြင့်မြင့် တုတ်ခိုင် သော ခန္ဓာကိုယ် အချိုးအဆက်ဖြင့် အသက်အရွယ် ကျွန်တော်နှင့်မတိမ်း မယိမ်း လူကြီးတစ်ယောက်အား တွေ့ လိုက်ရသည်။ သူ့မျက်နှာကို အသေ အချာကြည့်ပြီး အလွန်ပင်အံ့ဩဝမ်းသာ ဖြစ်သွားခဲ့ရသည်။

"ဟာ, ဟေ့ကောင် မင်းမောင်၊ တွေ့ရတာဝမ်းသာလိုက်တာသူငယ်ချင်း ရယ်၊ မတွေ့တာကြာလို့လဲ မင်းကိုတွေ့ ချင်နေတာ အရမ်းပဲကွာ၊ ထိုင်ပါဦး၊ စကားတွေ အများကြီးပြောရအောင် ကွာ"

မင်းမောင်မှာ ထိုင်ခုံတွင် ဝင် ထိုင်လိုက်ရင်း . . .

"ပြောရမှာပေါ့ သူငယ်ချင်းရယ်၊ မင်းရှေ့ ငါရောက်နေပြီပဲ၊ အရင်ကလို ရှေးဟောင်းနှောင်းဖြစ်တွေ အများကြီး ပြောချင်လို့ မင်းရောက်နေတယ်ကြား တာနဲ့ လာခဲ့တာ၊ မင်း ဘယ်နေ့အားလဲ"

"ဟာ သူငယ်ချင်း၊ မနက်ဖြန်ည နေပိုင်း အားတယ်ကွာ၊ အဲဒီမှာ မင်းနဲ့ ငါ ဆုံရအောင်၊ နေပါဦး မင်းက ဘယ် မှာနေလို့လဲ"

"ငါ ကေတုမတီမြို့သစ်မှာနေ တယ်၊ အခု ဆောက်လုပ်ရေးလုပ်ငန်း ကန်ထရိုက်လုပ်နေတယ်ကွ၊ ငါအခု ကန်ထရိုက်ကိစ္စနဲ့ မိတ္ထီလာခဏသွားပြီး မနက်ဖြန်ရောက်မယ်၊ မင်း ဒီမှာစောင့် နေပေါ့၊ ငါ လာခေါ်မယ်၊ မင်းနဲ့ အခုလို ပြန်တွေ့ရတာ အရမ်းဝမ်းသာတယ်ကွာ၊ ကဲ . . . သူငယ်ချင်း ငါသွားမယ်"

ကျွန်တော့်မှာ သူငယ်ချင်း မင်း မောင် ကားရပ်ထားသည့် နေရာအထိ လိုက်ပို့ပေးလိုက်ပါသည်။ သူငယ်ချင်း ထွက်ခွာသွားသောအခါ မျက်စိတစ်ဆုံး ကြည့်ရင်း စိတ်ထဲက . . .

"ဒီကောင် ဆောက်လုပ်ရေးလုပ် ငန်း ကန်ထရိုက်လုပ်နေတယ်ဆိုတော့ သူဌေးဖြစ်နေပြီပေါ့" ဟုတွေးရင်း ရုံးခန်း ထဲသို့ ပြန်ဝင်လာခဲ့သည်။ ရုံးခန်းထဲသို့ ရောက်သော်လည်း စစ်ဆေးစရာ စာ ရွက်စာတမ်းများအား စစ်ဆေးနိုင်ခြင်း မရှိသေးဘဲ သူငယ်ချင်း မင်းမောင်၏ အကြောင်းကသာ စိတ်ထဲမှာ တဝဲလည် လည် ပေါ်လာနေမိသည်။

၁၉၇၀ မှ ၇၅ အထိ ကျွန်တော် တက္ကသိုလ်တက်တုန်းက မင်းမောင်နဲ့ အတူ ဒဂုံဆောင်တွင် အတူနေလာခဲ့ကြ သည်။ သို့ကြောင့်လည်း မင်းမောင်နဲ့ အတူနေလာခဲ့ရသဖြင့်လည်း သူ၏ ထူး ခြားဆန်းကြယ် အံ့ဩဖွယ်ရာများကို အကုန်အစင်သိခဲ့ရသည်။ သူကိုယ်တိုင် ပြောပြသည်မှာလည်း "တစ်ခါတစ်ရံ လပြည့်ညများမှာ ဘယ်ရနံ့မျိုးနဲ့မှမတူ တဲ့ အမွှေးရနံ့တွေ မွှေးကြိုင်လာရင်း အဲဒီညမှာ အိပ်မက်တစ်ခုတော့ မက် တာပဲ သူငယ်ချင်း"ဟု ပြောပြဖူးသည်။

ကျွန်တော်က သူ့အိပ်မက် အကြောင်းမေးကြည့်သောအခါ သူက လွမ်းလွမ်းဆွေးဆွေးဖြင့် ပြန်လည်ပြော ပြတတ်သည်။

"ဒီလိုသူငယ်ချင်းရဲ့၊ အိပ်မက်က ထူးဆန်းတယ်လို့ပဲ ပြောရမှာပေါ့၊ ကိုယ် ဆယ်တန်းကျောင်းသားတုန်းက မိဘ တွေနဲ့အတူ ပဲခူးယ်ကုန်းကနေ တောင်ငူ မြတ်စောညီနောင်ဘုရားပွဲ သွားကြ တယ်ကွာ၊ ဘုရားဈေးရောက်တော့ နေ့ နံ့သင့်ပုတီးတစ်ကုံး လိုချင်တာနဲ့ ပုတီး ရောင်းတဲ့ဆိုင်ဝင်ပြီး ဂုဏ်တော်ပုတီး တစ်ကုံး ဝယ်လာခဲ့တယ်၊ လက်ရာက တော့ အရမ်းကောင်းပဲဆရာ၊ ရောင်းတဲ့ အဘိုးကြီးက သူကိုယ်တိုင် ပွတ်စက် ကလေးနဲ့ လုပ်နေတယ်ဆိုတော့ စိတ် ကြိုက်ရတာပေါ့၊ အခု ကိုယ်စိပ်နေတဲ့ ပုတီးပဲ၊ အဲဒီပုတီးဝယ်လာပြီး တစ်ပတ် လောက်အကြာ လပြည့်ညပေါ့၊ တစ် အိမ်လုံး မွှေးကြိုင်လာတယ်၊ ကိုယ်ဆို ကြက်သီးမွေးညင်းများတောင် ထသွား တယ်၊ အဲဒီညမှာပဲ အိပ်မက်ဆန်းတစ်ခု မက်တာပဲ၊ အိပ်မက်ထဲက လူကိုတော့ မမြင်ရဘူး၊ ပတ်ဝန်းကျင်လေဟာနယ် ထဲက ပြောတဲ့အသံပဲကြားလိုက်ရတယ်"

'အစ်ကို မင်းမောင် ညီမလေး တို့ဆီ မလာတော့ဘူးလား၊ လာလည်ပါ ဦးလား အစ်ကိုရယ်'. . . အိပ်မက်ထဲမှာ ဒီလိုပြောဆိုသွားတော့ လန့်နိုးသွားတာ ပေါ့၊ ကိုယ်ကလဲ အိပ်မက်တွေ ဘာတွေ အလေးအနက် ထားသူမဟုတ်တော့ မေ့မေ့ပျောက်ပျောက်ပဲ ဖြစ်သွားတယ်၊ ဒါပေမဲ့ အတော်ကြာပြီးမှ မှတ်မှတ်ရရ ကဆုန်လပြည့်ညမှာလဲ အဲဒါပဲ ထပ် မက်တယ်ကွာ၊ အဲဒီနှစ်မှာ တက္ကသိုလ် ဝင်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ် ရောက်လာတယ်၊ ရန်ကုန်ရောက်တော့ လဲ တချို့လပြည့်ညတွေမှာ ဒီလိုပဲ ခဏ ခဏ မက်နေတယ်၊ သူလေးရဲ့ ကရုဏာ သံစဉ်ကို ကိုယ့်ရင်ထဲ စွဲလမ်းမိတာ အမှန်ပဲ သူငယ်ချင်း၊ အခုပဲကြည့်လေ တက္ကသိုလ်မှာ ဒီလောက်အချောအလှ ပေါတာ၊ ရည်းစားလေး တစ်ယောက် တောင် မထားဖြစ်ဘူး၊ အဲဒါ အိပ်မက် ထဲက ကရုဏာအသံရှင်လေးကြောင့်ပဲ သူငယ်ချင်း"

ဒဂုံဆောင်ရောက်ခါစ ဒုတိယ နှစ်ကျောင်းသားဘဝမှာ မင်းမောင်ပြော ခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်စိတ်ထဲတွင် မင်းမောင်တစ်ယောက်စိတ်မှမှန်ပါလေ ရဲ့လားဟု တွေးနေမိသေးသည်။





www.burmeseclassic.com

www.burmeseclassic.com

တစ်ခါကလည်း မင်းမောင်နှင့် ကျွန်တော်တို့ သူငယ်ချင်းတစ်စု လမ်းလျှောက်ထွက်ရင်းအင်းလျားကန်စောင်းက ဘူးသီးကြော်ဆိုင်ရောက်သွားကြသည်။ အဲဒီအချိန်မှာပဲ ထူးဆန်းတဲ့ မွှေးရနံ့တစ်ခုက မွှေးပျံ့လာသည်။ အဲဒါကို သူငယ်ချင်းအချို့က မွှေးရနံ့ခံသလို နှာခေါင်းအပေါ်မော့ပြီး အနံ့ကိုလိုက်ရှူကြရင်းမှ အညာသား ကျော်လွင်မိုးစကားကို သတိရပြီး ယခုပင် ကျွန်တော် ပြုံးလိုက်မိပါသည်။

"ဒါက ဘယ်ကောင်မလေးအမွှေးလဲကွ၊ တို့ကျောင်းမှာ ဒီလောက်အမွှေးရှည်သူမရှိဘူး၊ အဲ ဟုတ်ပါဘူး၊ ဒီလိုရနံ့မျိုး တစ်ယောက်မှမသုံးဘူး၊ ငါအသိဆုံးပဲ၊ ကေန္တ တို့အထဲမှာ ဥစ္စာစောင့်မ ရည်းစား ပါနေပြီကွ၊ အပြင်ထွက်ပြီး မွှေးမွှေးပေးလိုက်ပါဦးကွာ"

ကျွန်တော်တို့အားလုံး ကျော်လွင်မိုးစကားကြောင့် ဝါးခနဲ ရယ်မောလိုက်ကြရသည်။မင်းမောင်တစ်ယောက်သာ ရယ်လည်းမရယ်၊ စကားလည်းမပြောဘဲ တုဏှိဘာဝေ ဖြစ်နေလေသည်။ အင်းလျားရေပြင်တွင် မြူငွေ့များ ရစ်သန်းကာ မှောင်စပျိုးလာသဖြင့် အဆောင်သို့ ပြန်လာခဲ့ကြသည်။ လမ်းတွင် မင်းမောင်က . . .

"ဒီနေ့ ငါ အိပ်မက်မက်မှာ သေချာတယ်ကွာ"ဟုပြောသဖြင့် ကျွန်တော်ကလည်း . . .

"ဟာ, ဟုတ်သားပဲ မင်းမောင်၊ ဒီနေ့လပြည့်ညလေကွာ၊ မင်း အိပ်မက်ထူးရင်တော့ ငါ့လဲ ပြောဦးနော်"

"စိတ်ချကွာ၊ ကိုယ့်မှာက တိုင်ပင်စရာဆိုလို့ မင်းပဲရှိတယ်မဟုတ်လား သူငယ်ချင်း"

မနက် မိုးလင်းသောအခါ မင်းမောင်တစ်ယောက် ကျွန်တော့်နားကပ်လာပြီး . . .

"ဒီတစ်ခါ အိပ်မက်က ထူးတယ် သူငယ်ချင်း၊ အသံရှင်ကတော့ အရင်အသံပဲ၊ 'အစ်ကိုမင်းမောင်၊ ညီမလေးတို့ဆီ မလာတော့ဘူးလား၊ လာခဲ့ပါဦး အစ်ကိုရယ်၊ ညီမလေး နန်းအိဖြူကို လိုက်ရှာရမှာပေါ့၊ မရှာဘဲ ဘယ်တွေ့ပါ့မလဲ အစ်ကိုရယ်' လို့ အဲဒီလိုပြောပြီး ပျောက်သွားတယ်၊ ကိုယ့်အထင်တော့ ကောင်မလေးက အတော်လေးချစ်စရာကောင်းမယ်၊ သူ့အသံကလဲ အံ့ဩလောက်အောင် ကရုဏာရသ အပြည့်ပါနေတယ်လို့ ထင်တယ်ကွာ၊ သူ့ကို စွဲလမ်းမိပြီး အရမ်းတွေ့ချင်တယ် သူငယ်ချင်း"

"မင်းမောင် မင်းမောင် မင်းက တွေ့ချင်ပေမယ့် သူက ဘယ်နေမှန်းလဲ မသိဘူး၊ သူကကော အဲ့ခုလို အိပ်မက်ထဲကပဲ ပြောပြောနေတယ့်ဆိုတော့ လူသားစင်စစ်ကကော ဖြစ်နိုင်ပါ့မလား ကွာ၊ သူပြောသလို 'အစ်ကိုက လိုက်မှ မရှာဘဲ' ဆိုတာကကော စဉ်းစားစရာ မဟုတ်ဘူးလား၊ ဒီလိုအိပ်မက်ကမ္ဘာထဲက သူ့ကို တကယ်ပဲရှာတွေ့နိုင်ပါ့မလား မင်းမောင်ရာ၊ မင်းအစား ငါ စိတ်ပျက်ပါဘိ သူငယ်ချင်း"

"ဟုတ်တယ် သူငယ်ချင်း၊ ကိုယ်ရော မင်းပါ စိတ်ပျက်စရာ အမှန်ပဲ သူငယ်ချင်း၊ ဒါပေမဲ့ ကိုယ့်ရင်ထဲမှာ တမြည့်မြည့်ခံစားပြီး စွဲလမ်းနေရတာကို ကြည့်ရင် တစ်နေ့တော့ သူ့ကို တွေ့ကိုတွေ့ရလိမ့်မယ်လို့ ငါယုံကြည်နေတယ်ကွာ"

"ကောင်းပါ့ကွာ ကောင်းပါ့၊ မင်းယုံကြည်သလို ဖြစ်နိုင်ပါစေ၊ အိပ်မက်ကမ္ဘာထဲက မင်းကောင်မလေးနဲ့ မြန်မြန်တွေ့ပြီး လက်ထပ်နိုင်ပါစေလို့ ငါဆုတောင်းပေးပါတယ်ကွာ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ကောင်မလေးနဲ့ မတွေ့ခင်မှာ စိတ်ကျန်းမာရေးဆေးရုံ မရောက်အောင်တော့ အထူးဂရုစိုက်ဦးနော် သူငယ်ချင်း ဟဲဟဲ. . ."

ကျွန်တော်က ထိုသို့ပြောလိုက်သဖြင့် မင်းမောင်မှာ ရယ်ဖြဲဖြဲလုပ်ကာ အဆောင်အောက်ထပ်သို့ ဆင်းသွားရင်းမှ . . .

"အဲဒါတော့ စိတ်ချကွာ၊ကိုယ်လိုလူမျိုးက ပျော့ရင်ဖယောင်း မာရင် သံချောင်းပဲ ဘာမှ စိတ်မပူနဲ့ သူငယ်ချင်း"

ထိုသို့ပြောဆိုသွားသဖြင့် ကျွန်တော် ဝမ်းသာရပါသည်။ အမှန်တော့ မင်းမောင်မှာ သူပြောသလို စိတ်ဓာတ်ခိုင်မာသူတစ်ယောက်တော့ မဟုတ်ပါ။ အိပ်မက်ထဲမှာပင် အသံကြားရရုံမျှနဲ့ ဒီလောက်စွဲလမ်းနေခဲ့သည် ဆိုပါလျှင် သူ၏အတွင်းစိတ် (မသိစိတ်)က စွဲလမ်းနေခြင်းသည် မသိစိတ်၏ဆန္ဒသာဖြစ်သည်ဟု ကျွန်တော် မှတ်ထင်ထားခဲ့ပါသည်။ ဒါ့အပြင် မင်းမောင်မှာ တစ်ခါတလေ မှိုင်တွေပြီး တွေဝေငေးမောနေတတ်ပါသည်။ ဒီဟာကလည်း သူစွဲလမ်းနေသော အိပ်မက်ထဲကအသံရှင် အိပ်မက်ကမ္ဘာထဲက ချစ်သူအပေါ် စိတ်ကူးနဲ့ ပုံဖော်ခံစားနေခြင်း ဖြစ်မည်ဟုလည်း ကျွန်တော်မှတ်ချက်ပြုမိသည်။

ကျွန်တော်တို့နှစ်ယောက် ဖိုင်နယ်တန်းရောက်ရှိသောအခါ အိပ်မက်အကြောင်း မပြောဘဲ အတော်ကြာကြာနေလာခဲ့သော မင်းမောင်မှာ အိပ်မက်ကမ္ဘာထဲ ပြန်လည်ရောက်ရှိခဲ့ပြန်သည်။

တစ်နေ့သော ဆောင်းရာသီ၏ လပြည့်ည မင်းမောင်နဲ့ ကျွန်တော် အဆောင်ဝရန်တာမှာ ထွက်ထိုင်ရင်း စကားပြောဖြစ်ကြသည်။ ထိုစဉ်မှာ မွှေးပျံ့သော ရနံ့တစ်ခုက နှစ်ယောက်စလုံး၏ နှာခေါင်းဝသို့ တိုးဝင်ရောက်ရှိလာသည်။ မင်းမောင်မှာ မွှေးရနံ့အား ရှူရှိုက်လိုက်ရသဖြင့် အတော်ပင် ဝမ်းသာသွားပြီး . . .

"သူငယ်ချင်း၊ ဒီနေ့တော့ ကိုယ့်ချစ်သူ နန်းအိဖြူနဲ့ တွေ့ရမှာ သေချာတယ်၊ မနက်ကျမှ ပြောပြမယ်နော်"

ဟု သူကပင် ဦးအောင်ပြောဆိုကာ အိပ်ခန်းတွင်းဝင်သွားပြီး ခုတင်ပေါ်တက်ကာ ခဏအကြာမှာ အိပ်ပျော်သွားလေသည်။

ကျွန်တော်[illegible] သူငယ်ချင်းဖြစ်သူ အိပ်ပျော်[illegible]စေ၊ သူစွဲလမ်း



www.burmeseclassic.com

www.burmeseclassic.com

နေသော နန်းအိဖြူနဲ့ အိပ်မက်ကမ္ဘာထဲမှာ တွေ့ဆုံပျော်ရွှင်နိုင်ပါစေ ဆိုသော စေတနာဖြင့် အသံမပြည်အောင် အခန်းထဲဝင်ကာ ခုတင်ပေါ် လှဲချလိုက်ရလေသည်။

မနက်မိုးလင်းသောအခါ ကျွန်တော် ထင်ထားသည့်အတိုင်းပင် မင်းမောင်တစ်ယောက် မြူးမြူးကြွကြွဖြင့် လန်းဆန်းစွာ အိပ်ရာမှနိုးလာပြီး ကျွန်တော့်ဘက်သို့လှည့်ကာ အားရပါးရ ပြောချလာပါသည်။

"သူငယ်ချင်း ညက အိပ်မက်ထဲမှာလေ အသားဖြူဖြူ အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် တောင့်တင်းဖြောင့်စင်းပြီး စွဲမက်စရာကောင်းတဲ့ မျက်လုံးမျက်ခုံးပိုင်ရှင် အသက် ၂၀ အရွယ် နန်းအိဖြူနဲ့ တွေ့တယ်၊ သူက ကိုယ့်နားရောက်လာပြီး ချစ်စရာအပြုံးလေးနဲ့. .

'အစ်ကိုက နန်းလေးကို ဘာဖြစ်လို့ လိုက်မရှာတာလဲ၊ နန်းလေးက မျှော်လိုက်ရတာ အစ်ကိုရယ်' လို့ ပြောပြီး ကိုယ့်လက်မောင်းကို လှမ်းကိုင်မှီတွယ်ထားတယ်ကွာ၊ ချစ်စရာကောင်းလိုက်တာမှ အရမ်းပဲ သူငယ်ချင်း"

ကျွန်တော့်စိတ်ထဲတွင် ဒီကောင် မင်းမောင်တစ်ယောက် ခက်ပြီးရင်းခက်ရင်း ဖြစ်နေပြီ။ ဒီပုံစံမျိုးနဲ့ဆိုရင် ဘွဲ့မရခင်မှာ စိတ်ကျန်းမာရေးဆေးရုံရောက်ဖို့က သေချာနေပြီဟု တွေးမိရင်း. . .

"သူငယ်ချင်းက ကောင်မလေး ဘယ်မှာနေတယ်ဆိုတာ မေးမထားလိုက်ဘူးလားကွာ၊ ဒါမှ သူ့ကို အလွယ်တကူလိုက်ရှာလို့ရမှာပေါ့ကွာ"

"အိပ်မက်ဆိုတာက ခက်တယ် သူငယ်ချင်း၊ သူမက်ချင်တာမက်ပြီး ကိုယ်ကလိုက်မေးလို့မှမရတာ၊ ဒါပေမဲ့ ဒီတစ်ခါတော့ ကိုယ့်အတွက် ငါးဆယ်ရာခိုင်နှုန်းလောက်တော့ သေချာသွားပြီ၊ ဘာကြောင့်လဲဆိုတော့ သူ့ရုပ်ကိုလဲ မှတ်မိသွားပြီး သူ့ ... နဲ့ချစ်စရာကောင်းတဲ့ သူ့အပြုံးက ... နှလုံးသားမှာ စွဲထင်ကျန်ရစ်ခဲ့ပြီဆိုတော့ မြန်မာပြည်တစ်နံတစ်လျားထဲမှာ တစ်နေ့တော့ တွေ့ရမှာ အမှန်ပဲ သူငယ်ချင်း"

သူ့အပြော သူ့အတွေးကို ကျွန်တော် သဘောကျမိပါသည်။ သို့သော်လည်း ဘယ်အချိန် တွေ့ကြမည်ကိုတော့ မပြောနိုင်ပါ။ ဒါကြောင့် ကျွန်တော်က မကြာခဏ ကြားနေရသော သီချင်းတစ်ပုဒ်အား အသံထွက်အောင်ပင် ရွတ်ဆိုပြလိုက်ပါသည်။

"ဒီအချိန်မှာ ပြန်တွေ့တာ ဘာလုပ်ရမှာလဲ ×××"

အချိန်တွေနှောင်းသွားသလို လူတွေလဲ အိုဟောင်းသွားရမှာဖြစ်ကြောင်း ဖောက်ပြန်ပြောင်းလဲတတ်သော သခါရသဘောတရားများကို မင်းမောင် တစ်ယောက် သဘောပေါက်သွားအောင် ရွတ်ဆိုပြလိုက်ခြင်း ဖြစ်လေသည်။

✿

ကျွန်တော်တို့အားလုံး ကျောင်းပြီးသွားသည်နှင့် တချို့ မိဘအဆင်ပြေသူများ ကိုယ်ပိုင်စီးပွားရေး လုပ်ကိုင်ရန် ပြင်ဆင်ကြသလို စွန့်စားလိုသူများ တပ်မတော်သို့ ဝင်ကြသည်။ ကျွန်တော်နှင့် မင်းမောင်မှာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးမှ ခေါ်ယူသော ဦးစီးအရာရှိသင်တန်းသို့ တက်ရောက်ခဲ့ကြသည်။ ဖောင်ကြီးသင်တန်း ပြီးဆုံးသွားသောအခါ ကျွန်တော်က ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့သို့ရောက်ရှိပြီး မင်းမောင်မှာ ရခိုင်ပြည်နယ်မြောက်ဦးမြို့သို့ ရောက်ရှိသွားခဲ့သည်။ ခွာခွာစ နှစ်ယောက်လုံး၏ရင်ထဲတွင် ညီအစ်ကိုအရင်းမှာ ခွဲခွာရသကဲ့သို့ပင်ခံစားကြရပြီး တစ်ယောက်တစ်နယ်စီဖြစ်သော်ငြားလည်း သုံးနှစ်လောက်အထိစာအဆက်အသွယ်မပြတ်ခဲ့ကြ။ တဖြည်းဖြည်းနဲ့ တာဝန်တွေများပြားလာသောအခါ စာဆက်သွယ်မှုမှာလည်း ကျဲပါးလာခဲ့ရသည်။

ကျွန်တော်တို့ အရာရှိလုပ်သက် ငါးနှစ်ခန့်အကြာ ၁၉၈၁ ခုနှစ်တွင် မင်းမောင်တစ်ယောက် စိတ်ကျန်းမာရေးအခြေအနေကြောင့် ဌာနမှ ဆေးခံရုံးဖြင့် ထွက်သွားရကြောင်း စိတ်မကောင်းစွာ ကြားသိခဲ့ရသည်။ နောက်တွင် တစ်ယောက်နဲ့တစ်ယောက်အဆက်အသွယ်ပြတ်ပြီး ဘယ်အရပ်ဒေသမှာ နေထိုင်သည်ကို မသိရတော့ဘဲ လုံးဝ အစပျောက်သွားခဲ့ရသည်။

ထိုစဉ်က ကျွန်တော့်မှာ သူ့အကြောင်းတွေးပြီး စိတ်မကောင်းဖြစ်မိသော်လည်း ဘာမှမတတ်နိုင်ပါ။ မင်းမောင်တစ်ယောက် တစ်နေ့မှာ ဒီလိုဖြစ်ရမည်ကို တက္ကသိုလ်မှာရှိစဉ်ကပင် ခန့်မှန်းထားကြပြီး ဖြစ်သည်။ ဒီကောင် အိပ်မက်ကြောင့် ဆိုက်ကိုအဖက်ဝင်နေတာဟုလည်း တချို့သူငယ်ချင်းများက ပြောဆိုခဲ့ကြသည်။

သို့သော်လည်း အိပ်မက်ဆိုင်ရာ ဂမ္ဘီရဖြစ်စဉ် (နာမ်ပိုင်း)ဆန္ဒတွန်းကန်မှုအကြောင်း မည်သူကမျှ ထည့်မစဉ်းစားခဲ့ကြ။ ယခုကဲ့သို့ အိပ်မက်တစ်ခုအား ထပ်ကာထပ်ကာ မြင်မက်လာရခြင်းမှာ အကြောင်းမရှိဘဲ အကျိုးဆိုသည်မှာလည်း သက်ရောက်လာခြင်း မရှိ။ အကြောင်းအကျိုး တွဲမှီလာမှသာလျှင် ဖြစ်ပေါ်ခံစားရသော အိပ်မက်ဆိုသော အတွင်းစိတ် (မသိစိတ်)၏တွန်းကန်အား (အကျိုး)သာဖြစ်ကြောင်း လွန်ခဲ့သော အနှစ်သုံးဆယ်ကျော်ကာလက အဖြစ်အပျက်နဲ့ ယှဉ်တွဲစဉ်းစားရင်း ယခု သူငယ်ချင်း မင်းမောင်အား ပြန်လည်တွေ့ဆုံရသောအခါ အားရဝမ်းသာစွာဖြင့် အတွေးများအား ကျယ်ပြန့်စွာ စဉ်းစားနေမိခြင်းဖြစ်သည်။

ထိုစဉ်မှာ ကျွန်တော်တည်းခိုနေသော ဌာနဆိုင်ရာ ရိပ်သာရှေ့သို့ မင်းမောင်၏ လင်ခရူဇာကားကြီး ဆိုက်ရောက်လာသည်။

မင်းမောင်မှာ ကားပေါ်ကဆင်းလာပြီး ဆက်တီပေါ် ထိုင်လိုက်ရင်း . .

"သူငယ်ချင်း မင်းကိုတွေ့ချင်တာနဲ့ မိတ္ထီလာကနေ အမြန်မောင်းလာခဲ့တာကွ၊ ညနေစာအတွက်ကတော့ အိမ်မှာပြင်ခိုင်းထားတယ်၊ မင်းလဲအိမ်ရောက်





www.burmeseclassic.com

www.burmeseclassic.com

ဖူးအောင်ပေါ့၊ အိမ်ရောက်မှပဲ ဧအေး
အေးဆေးဆေး စကားပြောကြမယ်၊
မင်း အသင့်ဖြစ်ရင် သွားကြမယ်ကွာ"

ကျွန်တော်တို့နှစ်ယောက် ကေ.
တုမတီမြို့သစ်ရှိရာသို့ မောင်းနှင်လာခဲ့
ကြရာ မကြာခင် မင်းမောင်၏နေအိမ်
သို့ ရောက်ရှိကြသည်။ အိမ်မှာ ကျယ်
ဝန်းသော ခြံကျယ်ကြီးအတွင်း သုံးထပ်
တိုက်ဆောက်လုပ်ထားသဖြင့် အလွန်
ပင် ခံ့ညားထည်ဝါလျက်ရှိကြောင်း တွေ့
ရသည်။ မင်းမောင် ဦးဆောင်ကာ
အပေါ်ဆုံးထပ်သို့ ရောက်ရှိပြီး ပြင်ဆင်
တည်ခင်းထားသော စားပွဲတွင်ထိုင်လိုက်
ကြသည်။ ပြီးမှ မင်းမောင်က . . .

"ဒီမှာက မြင်ကွင်းလဲကောင်း
တယ်၊ တို့နှစ်ယောက်ရှေးဟောင်းနှောင်း
ဖြစ်လဲ အေးအေးဆေးဆေး ပြောလို့ရ
တယ်၊ ဒါကြောင့် တမင် ဒီမှာစီစဉ်ထား
တာ"

"စီစဉ်ထားတာတော့ ဟုတ်ပါပြီ
ကွာ၊ မင်းဥစ္စာက ဟင်းတွေကလဲ အများ
ကြီးရယ်၊ ဟိုတယ်မှာ ပြင်ထားတာကျ
နေတာပဲ၊ ဒီလောက်မလိုပါဘူးကွာ၊ လို
ရင်းကတော့ မင်းနဲ့ငါ ပြန်တွေ့ရလို့
ဝမ်းသာတဲ့အထိမ်းအမှတ်နဲ့ ရှေးဟောင်း
နှောင်းဖြစ် စကားပြောရရင် ကျေနပ်ပါ
ပြီ မင်းမောင်ရာ"

"ဒါကလဲ ဒါပေါ့ကွာ၊ မင်းနဲ့ကိုယ်
က တခြားပြောစရာ ပြစရာတွေရှိသေး
တယ်ကွ၊ အဲဒီအခါကျမှ မင်း အံ့ဩ
သွားရမှာနော်"

မင်းမောင်မှာ စကားပြောရင်းမှ
နံရံရှိ လူခေါ်ခေါင်းလောင်းအား လှမ်း
နှိပ်လိုက်သည်။ မကြာခင် သူ့ရှေ့သို့
လူငယ်လေးတစ်ယောက် ခပ်ယို့ယို့
ရောက်ရှိလာလေသည်။ မင်းမောင်က
လူငယ်လေးအား . . .

"မင်းအန်တီနန်းကို ဧည့်သည်
ရောက်နေပြီ၊ အပေါ်လာခဲ့ပါလို့ သွား
ပြောလိုက်နော်"

မင်းမောင်အပြောကြောင့် ကျွန်
တော့်စိတ်ထဲတွင် အနည်းငယ်လှုပ်ရှား
သွားသည်။ "အန်တီနန်းဆိုသူမှာ သူ့ဇနီး
ပင်ဖြစ်နေလေသည်လား၊ ဘယ်သူ့ကို
ပြောတာလဲ" စသဖြင့်တွေးမိလိုက်သည်။

လူငယ်လေး ပြန်ဆင်းသွားပြီး
ခဏအကြာတွင် အသက်ငါးဆယ်ခန့်
အမျိုးသမီးကြီးတစ်ယောက် ရောက်လာ
သည်။ မင်းမောင်ဘေးနားက ထိုင်ခုံတွင်
ဝင်ထိုင်ရင်း ကျွန်တော့်အား ဖော်ရွေ
သောအပြုံးဖြင့် နှုတ်ဆက်သည်။ ကျွန်
တော်မှလည်း အပြုံးဖြင့် ပြန်လည်နှုတ်
ဆက်လိုက်သည်။ အန်တီနန်းဆိုသော
အမျိုးသမီးကြီးမှာ အသားဖြူဖြူ အရပ်
မြင့်မြင့် ခန္ဓာကိုယ်တုတ်ခိုင်ပြီး လှပသော
မျက်နက်ဝန်းအစုံမှာလည်း ဒီအသက်
အရွယ်ထိ တောက်ပဝင်းလက်နေဆဲဖြစ်
သဖြင့် သူ့အားပိုင်ဆိုင်ထားသူ မင်းမောင်
တစ်ယောက် ကုသိုလ်ထူးလေစွဟု တွေး
မိနေစဉ် မင်းမောင်က . . .

"သူငယ်ချင်း ဒါ ကိုယ့်ဇနီးလေ
ကွာ၊ ဒေါ်နန်းအိဖြူတဲ့၊ နန်းလေး ဒါက
အစ်ကိုနဲ့ တက္ကသိုလ် အတူတက်ခဲ့တဲ့
အချစ်ဆုံးသူငယ်ချင်း စစ်ဆေးရေးဌာန
က ဒုတိယညွှန်ကြားရေးမှူး ဦးအောင်
အေးချမ်းတဲ့၊ မတွေ့ရတာ အနှစ်သုံး
ဆယ် ကျော်ပြီလေ နန်းလေးရဲ့၊ အခု
ပြန်တွေ့တော့ ကျောင်းတုန်းက ငယ်
ကျိုးငယ်နာတွေ တဝကြီးပြောကြမလို့၊
နန်းလေး နားငြီးအောင် ကြားရမှာနော်"





www.burmeseclassic.com

www.burmeseclassic.com

"ရပါတယ်ရှင်၊ ပြောကြပါ။ ကျောင်းတုန်းက အလည်လွန်ခဲ့တဲ့ အကြောင်း နန်းလေးမသိစေချင်လဲ ရပါတယ်၊ အားမနာတမ်းသာ ပြောကြပါ"

ဒေါ်နန်းအိဖြူက ရယ်ရယ်မောမောဖြင့် သူ့ယောက်ျား မင်းမောင်အား မျက်စောင်းတစ်ချက်ဝေ့ကာ ပြောလိုက်သဖြင့် အားလုံး အပြုံးကိုယ်စီဖြစ်သွားကြရသည်။ မင်းမောင်တို့ ဇနီးမောင်နှံမှာ ပြုံးရယ်နေကြသော်လည်း မပြုံးမရယ်ဘဲ အတွေးနယ်ချဲ့နေမိသူမှာ ကျွန်တော်ပင်ဖြစ်သည်။

တက္ကသိုလ်ကျောင်းသား ဘဝက မင်းမောင်ပြောခဲ့သည့် အိပ်မက်ထဲက နန်းအိဖြူအကြောင်းသတိရလာမိသည်။

"အစ်ကို နန်းလေးကို ဘာဖြစ်လို့ လိုက်မရှာတာလဲ၊ နန်းလေးက မျှော်လိုက်ရတာ အစ်ကိုရယ်"

ယခုရှေ့တွင် မြင်တွေ့နေရသော ဒေါ်နန်းအိဖြူမှာ တစ်ခါ မင်းမောင် အိပ်မက်ထဲက နန်းအိဖြူပင်လား။ ဒီလိုသာ အမှန်ပင် ဖြစ်နေမည်ဆိုလျှင် လောကကြီးမှာ ထူးဆန်းအံ့ဩဖွယ်ရာ အကောင်းဆုံး ဇနီးမောင်နှံဖြစ်နေပေလိမ့်မည်။ •

တွေးမိရင်းမှ . . .

"သူငယ်ချင်း မင်းမောင် ငါအခု မြင်တွေ့နေရတဲ့ အရာအားလုံးဟာ ငါတွေးမိသလောက် အတော်ကြီးထူးဆန်းပြီး အံ့ဩဖွယ်ရာဖြစ်နေတယ်ကွာ၊ အဲဒါကို ငါ့အနေနဲ့ ဇာတ်ရည်လည်သွားအောင် ရှင်းပြပေးပါဦး သူငယ်ချင်း"

"ဟုတ်တယ် သူငယ်ချင်းမင်းကို စတွေ့တော့ ဒီအကြောင်းပြောမလို့ပါဘဲ၊ ဒါပေမဲ့ ကိုယ်က အလုပ်မအားလို့ အချိန်မရတာလဲ ပါတယ်၊ ပြီးတော့ ကိုယ့်သူငယ်ချင်း အခုလို အံ့ဩသွားအောင် မပြောဘဲချန်ထားခဲ့တာပဲ၊ အခု မင်းအံ့ဩသွားရပြီ မဟုတ်လား၊ မင်း ဇာတ်ရည်လည်သွားအောင် ရှင်းပြဖို့ပဲ ကျန်တော့တယ် သူငယ်ချင်း"

❀

မောင်မင်းမောင်မှာ မြောက်ဦးမြို့သို့ ဌာနဆိုင်ရာ ဦးစီးအရာရှိတာဝန်ဖြင့် ရောက်ရှိသွားခဲ့ရသည်။ မြောက်ဦးသို့ ရောက်ရှိခဲ့ရသည်ကိုပင် မောင်မင်းမောင် ဂုဏ်ယူကျေနပ်မိသည်။ မြောက်ဦးမြို့သည် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ကပင် ဓညဝတီပြည်သို့ ကြွလာတော်မူပြီး စန္ဒသူရိယမင်းနှင့် တကွ ပြည်သူများ ဗုဒ္ဓဘာသာဝင်အဖြစ် ထင်ရှားစေရန် ရတနာမျိုးစုံတို့ဖြင့် သွန်းလုပ်တော်မူသော မဟာမြတ်မုနိ ရုပ်ပွားတော်အား မြတ်စွာဘုရားကိုယ်တော်တိုင် ရင်ငွေ့လှုံပြီး သီတင်းသုံးတော်မူရာ မြို့တစ်မြို့လည်း ဖြစ်နေသည် မဟုတ်ပါလား။

မောင်မင်းမောင်မှာ ငယ်စဉ်ကပင် ဘာသာတရား ကိုင်းရှိုင်းသူဖြစ်သဖြင့် ယခုလို ထူးခြားသော မြို့သို့ ရောက်ရှိလာရသောအခါ စိတ်ပျော်ရွှင်ကြည်လင်လန်းဆန်းခြင်းကို ခံစားလာခဲ့ရလေသည်။

သို့ကြောင့်လည်း မင်းမောင်မှာ ညနေတိုင်း မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ် ဘုရားကြီး ရှေ့တော်မှောက်သို့ သွားရောက်ပြီးသီလယူခြင်း၊ ဂုဏ်တော်ကိုးပါးအား ပုတီးစိပ်ခြင်း၊ မေတ္တာပို့အမျှဝေခြင်း စသည်များပြီးလျှင် အိပ်မက်ထဲတွင် တွေ့ဆုံခဲ့ရသော နန်းအိဖြူနှင့် အမြန်ဆုံး တွေ့ဆုံရပါစေကြောင်း ဆုတောင်းပြီးမှ နေအိမ်သို့ စက်ဘီးစီးကာ ပြန်လာလေ့ရှိသည်။

ထိုကဲ့သို့ ဝတ်မပျက် နေ့စဉ်ပြုလုပ်လာခဲ့သည်မှာ သုံးနှစ်ပင်ကျော်လာခဲ့ပြီဖြစ်သည်။ တစ်နေ့ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီး ရှေ့တော်မှောက်တွင် ခါတိုင်းလို အဓိဋ္ဌာန်ပုတီးစိပ်ရင်း ဆုတောင်းမေတ္တာပို့သပြီး ည ၉ နာရီခန့်တွင် စက်ဘီးတစ်စီးဖြင့် ပြန်လာခဲ့သည်။ လမ်းတွင် စက်ဘီးကို အားစိုက်နင်းရင်း လေတဒိုးဒိုး တိုးနေသည့်ကြားက မွှေးကြိုင်သင်းပျံ့သော ရနံ့တစ်ခု မောင်မင်းမောင်၏ နှာခေါင်းဝသို့ တိုးဝင်လာသည်။ မွှေးပျံ့သောရနံ့အား တဝကြီး ရှူရှိုက်လိုက်ရသဖြင့် မောင်မင်းမောင်တစ်ယောက် ပျော်ရွှင်သွားခဲ့ရသည်။ ယခုကဲ့သို့ မွှေးရနံ့နှင့် နန်းအိဖြူအား အိပ်မက်ထဲတွင် မတွေ့ရသည်မှာ နှစ်ချီ၍ပင် ကြာခဲ့လေပြီမဟုတ်ပါလား။

ထိုညက မင်းမောင်မှာ ခါတိုင်းနှင့်မတူသော အိပ်မက်အား မြင်မက်လေသည်။ အိပ်မက်ထဲတွင် မရွှင်မလန်းဖြင့် ညှိုးနွမ်းအားငယ်နေသော နန်းအိဖြူအား မြင်တွေ့ရပြီး . .

"အစ်ကိုရယ် နန်းလေးရဲ့ ကျေးဇူးရှင် မိဘနှစ်ပါးစလုံး ကွယ်လွန်သွားကြပြီ၊ အခု နန်းလေးမှာ အဘိုးရဲ့စောင့်ရှောက်မှုနဲ့ အသက်ရှင်နေရတာ၊ အဘိုးကလဲ လောကကြီးမှာ ဘယ်အချိန်ထိ နေရမယ်ဆိုတာ မပြောနိုင်ဘူး၊ နန်းလေးဆီ လာခဲ့ပါလား အစ်ကိုရယ်၊ နန်းလေး မျှော်နေမယ်နော်"

ပြောပြီး ပျောက်ကွယ်သွားသည်။ မင်းမောင် အိပ်ရာမှလန့်နိုးလာသောအခါ ရင်မှာ တဒိန်းဒိန်းခုန်ကျန်ခဲ့သည်။ နန်းအိဖြူ၏ မရွှင်မလန်းဖြစ်နေပုံတို့မှာလည်း မင်းမောင်ရင်ထဲသို့







www.burmeseclassic.com

www.burmeseclassic.com

ကူးစက်ခံစားလာခဲ့ရသည်။ မင်းမောင်မှာ ဆက်လက် အိပ်မပျော်နိုင်တော့ဘဲ နန်းအိဖြူတစ်ယောက် မိဘများဆုံးပါးသွားတော့ ဘယ်လိုများ ခံစားနေရပါလိမ့်။ သူ့အား စောင့်ရှောက်ထားသည်ဆိုသော အဘိုးကကော အသက်အရွယ် ဘယ်အထိရှိနေပြီလဲ စသည့်အတွေးများက မင်းမောင်၏ စိတ်အစဉ်ကို အချိန်တိုင်း လွှမ်းမိုးလျက်ရှိလာသည်။ သို့ကြောင့်လည်းမင်းမောင်တစ်ယောက် တစ်ငနေ့တခြား မစားနိုင် မအိပ်နိုင်ဖြစ်လာခဲ့ရသည်။ ရက်ကြာလာသည်နှင့် အမျှ ကျန်းမာရေးချို့ယွင်းလာကာ ဆေးရုံသို့ တက်ရောက်ကုသရသည်အထိ ဖြစ်လာခဲ့ရလေသည်။

ဆေးရုံတွင် ကုသနေစဉ်ကာလတွင်လည်း မင်းမောင်မှာ နန်းအိဖြူကိုသာ စွဲလမ်းပြီး ပါးစပ်မှ အသံထွက်ကာ ပြောဆိုအော်ဟစ် နေတတ်သည်။

"နန်းလေးရယ် မင်းမိဘတွေ ကွယ်လွန်သွားပြီဆိုတော့ အစ်ကိုစိတ်ပူလိုက်ရတာကွာ၊ မင်းရဲ့အဘိုးကကော ဘယ်လောက်အထိ စောင့်ရှောက်ပေးနိုင်မှာလဲ၊ အစ်ကို အရမ်းစိုးရိမ်တယ် နန်းလေး"

ဆေးရုံပေါ်တွင် ထိုကဲ့သို့ တစ်ပတ်ကျော်ခန့် အော်ဟစ်ပြောဆိုနေသောအခါ ဆရာဝန်ကြီးများက မင်းမောင်၏ ရောဂါအခြေအနေကို စိတ်ကျန်းမာရေး အထူးကုဆရာဝန်ကြီးနဲ့ လွှဲပြောင်းကုသခဲ့ကြသည်။

ဆရာဝန်ကြီး၏ စေတနာထားကုသပေးမှုကြောင့်တစ်ပတ်ကျော်အတွင်း အိပ်ပျော်စားဝင်ဖြစ်ကာ ကျန်းမာရေးကောင်းမွန်လာခဲ့သည်။

သို့သော်လည်း ဆရာဝန်ကြီးအနေဖြင့် မင်းမောင်အား အလုပ်မှ အနားယူကာ လွတ်လပ်ပျော်ရွှင်စွာနေစေလိုကြောင်း၊ ဖြစ်နိုင်လျှင် စိတ်ပြေလက်ပျောက် ခရီးထွက်ပြီး ဘုရားစုံအနှံ့ သွားရောက် ဖူးမြော်စေလိုကြောင်း အကြံပြု ညွှန်ကြားပေးလေသည်။

မင်းမောင်၏ မိဘများမှာ သားဖြစ်သူအတွက် အလွန်ပင်စိုးရိမ်ပူပန်ကြပြီး ဆရာဝန်ကြီး အကြံပြုညွှန်ပြသလိုဌာနမှ ဆေးမှတ်ချက်ဖြင့် အနားယူကာ ဘုရားဖူးခရီးထွက်ရန် စီစဉ်ကြသည်။ မင်းမောင်မှာ ကျန်းမာရေးအခြေအနေကောင်းမွန်နေသော်လည်း နန်းအိဖြူကို စွဲလမ်းစိတ်ကြောင့် တစ်ခါတလေ တမှိုင်မှိုင်တွေတွေ ဖြစ်နေတတ်သေးသည်။ မိဘများက သားဖြစ်သူ၏ အဖြစ်ကို ကြည့်ကာ ကရုဏာသက်စွာဖြင့်မြောက်ဦးဘုရားစုံနှင့် ရခိုင်ပြည်နယ်ထဲက တန်ခိုးကြီးဘုရားများကို သွားရောက်ဖူးမြော်ရင်း ကိုယ့်မြို့ ကိုယ့်ရွာ ပဲခူးကုန်းသို့ အပြန်ခရီးတွင် တောင်ကုတ်ပြည်လမ်းအတိုင်း ပြန်ကာ ပြည်ရွှေဆံတော်၊ မကွေးမြသလွန်၊ ပုဂံဘုရားများနှင့် ပုပ္ပား-ကျောက်ပန်းတောင်း-မိတ္ထီလာ လမ်းအတိုင်း ပဲခူးကုန်းသို့ပြန်ရန် အစီအစဉ် ဆွဲလာခဲ့ကြလေသည်။

❁

မောင်မင်းမောင်မှာ မိဘနှစ်ပါးနှင့်အတူ ပြည်ရွှေဆံတော်ဘုရားကြီး မြောက်ဘက်မုခ်စောင်းတန်းလှေကားအတိုင်း ဘုရားပေါ်သို့ တက်လာခဲ့ကြသည်။ ဘုရားစောင်းတန်း အလယ်လောက်တွင် ဘာသာရေးစာအုပ်များနှင့် ဂုဏ်တော်ပုတီးမျိုးစုံ ရောင်းချသော နိဗ္ဗာန်ကုန်ဆိုင် တစ်ဆိုင်အား တွေ့လိုက်ရသဖြင့် မောင်မင်းမောင်မှာ ဆင်စွယ်ပုတီးတစ်ကုံးဝယ်ယူရန် ဆိုင်ရှေ့သို့ဝင်ရပ်လိုက်သည်။ ဆိုင်ထဲတွင် အသက် (၇၀)ကျော် အဘိုးအိုတစ်ယောက် လက်လှည့်ပွတ်စက်ကလေးဖြင့် ပုတီးစေ့များလုပ်နေသည်ကို တွေ့လိုက်ရသည်။ ထိုအခါ မောင်မင်းမောင်က . . .

"အဘိုး ကျွန်တော် ဆင်စွယ်ပုတီးတစ်ကုံး လိုချင်လို့ပါခင်ဗျာ" ဟု ပြောလိုက်သဖြင့် အဘိုးအိုမှာ ပုတီးစေ့လုပ်နေရာမှ ထလာပြီး ပုတီးကုံးများထည့်ထားသော မြွေရေခွံအိတ်အတွင်းသို့ လက်နှိုက်ကာ မျက်စိမကောင်းသဖြင့် ဟိုစမ်းဒီစမ်း ရှာဖွေနေသည်။ မင်းမောင်မှာ အဘိုးအိုအားကြည့်ပြီး စိတ်မသက်မသာဖြစ်သွားကာ . . .

"အဘိုး တစ်ယောက်တည်းလား ဆိုင်က လူတွေ ဘယ်သွားနေလို့လဲ"

"ဟုတ်တယ် လူကလေး၊ ဆိုင်မှာ လူများများမရှိပါဘူး၊ မြေးမလေးတစ်ယောက်နဲ့ အဘိုးပဲရှိတယ်၊ မြေးအဘိုး နှစ်ယောက် တတ်တဲ့ပညာနဲ့ ဒီလိုပဲ အသက်မွေးရတာပဲ လူကလေး"

"ဟင်. . . မြေးမလေးက ဘယ်အရွယ်ရှိနေပြီလဲ၊ သူက ဘယ်သွားနေလို့လဲ အဘိုးရဲ့"

"အင်း. . . မြေးမလေးအသက်က (၂၀)ကျော်ကျော်လေး ရှိနေပြီကွဲ့၊ အခု ရင်ပြင်တော်တံမြက်လှည်းအသင်းနဲ့ ဘုရားပေါ် တံမြက်လှည်းသွားနေကြတယ်၊ ဒါနဲ့ လူကလေးတို့က ရန်ကုန်ဘုရားဖူးအဖွဲ့ပဲလားကွဲ့"

"မဟုတ်ဘူး အဘိုး၊ ကျွန်တော်တို့က ပဲခူးကုန်းကပါ၊ အခု ရခိုင်ဘက်က ဘုရားဖူးပြန်လာကြတာပါ အဘိုး"

"အေးအေး . . . ကောင်းတယ် ကောင်းတယ်၊ ဘုရားစုံဖူးတယ်ဆိုတာ ကုသိုလ်လဲရ ဒေသစုံ ဗဟုသုတလဲရတယ်၊ ဘုရားသမိုင်းတွေ ဖတ်ရ မှတ်ရတဲ့အတွက် စိတ်ထဲက ဗုဒ္ဓရဲ့တရားတော်ကို ယုံကြည်လာပြီး မြတ်စွာဘုရားကိုလဲ ရှိသေကြည်ညိုလာတယ်ကွဲ့"

"ဟုတ်ကဲ့ အဘိုး၊ အဘိုးစကားပြောကောင်းတာနဲ့ ကျွန်တော်တို့ ဒီမှာခဏထိုင်မယ်နော်၊ ဒါနဲ့ စပ်စုတယ်တော့ မထင်ပါနဲ့၊ အဘိုးတို့က ဒီပြည်မြို့ကပဲလား ခင်ဗျာ"

မင်းမောင်တို့မိသားစု ဆိုင်ရှေ့တွင်ချထားသော ခုံတန်းရှည်တစ်ခုတွင် ဝင်ထိုင်လိုက်ကြသည်။ အဘိုးကြီးမှာလည်း ပုတီးကုံးများ တစ်ကုံးပြီးတစ်ကုံး ဆွဲထုတ်ကာ မောင်မင်းမောင်အားပြသရင်း စကားဆက်ပြောသည်။

"အခုတော့ ပြည်မြို့သားပေါ့ လူကလေးရဲ့၊ ဇာတိက ရှမ်းပြည်နယ်





www.burmeseclassic.com

www.burmeseclassic.com

> တစ်ခါတလေများ
> လပြည့်ညတွေမှာ
> ထူးဆန်းတဲ့ မွှေးရနံ့တွေ
> ရတော့မိုဆိုရင်
> အိပ်မက်ထဲမှာ
> အစ်ကိုကိုတွေ့တာပဲ

သိပေါမြို့ ရွှေစာရံဘုရားအနီး ရွာတစ်ရွာကပါ။ အဘိုးက ဒီပုတီးလုပ်ငန်းနဲ့ ဘုရားသမိုင်းစာအုပ်တွေ ရောင်းချရင်း အသက်မွေးလာခဲ့တယ်၊ ဟိုးလူလတ်ပိုင်းအရွယ်တုန်းက ရှမ်းပြည်နယ်ငါးရက်တစ်ဈေးတွေ နွားလှည်းတန်းကြီးတွေနဲ့တစ်မျိုး၊ ဈေးပတ်ကားတွေနဲ့တစ်သွယ် လှည့်လည်ရောင်းချနေခဲ့တယ်ကွဲ့၊ အဲဒီကတစ်ဆင့် ပြည်မက ဘုရားပွဲတွေအထိ တိုးတက်ကျယ်ပြန့်လာတယ်၊ အသက်အရွယ်ရလာတော့ ဒီပြည်မြို့ဆင်စုမှာ အိမ်လေးတစ်လုံးဝယ်ပြီး ဒီဘုရားစောင်းတန်းမှာဆိုင်ဖွင့်ဖြစ်တယ်၊ သမီးနဲ့သမက်က ဘုရားပွဲတော်တွေ လိုက်ရောင်းကြတာပေါ့ လူကလေးရဲ့၊ သမီးနဲ့သမက်က ဘုရားပွဲတော်တွေ လိုက်ရောင်းရင်းနဲ့ တောင်ငူဘုရားပွဲတစ်ခုကအပြန်မှာ ကားမှောက်လို့ နှစ်ယောက်စလုံး ပွဲချင်းပြီး သေဆုံးသွားခဲ့ကြတယ်၊ အခုတော့ သူတို့မှာကျန်ခဲ့တဲ့ တစ်ဦးတည်းသော သမီးလေးကို အဘိုးကပဲ တာဝန်ယူစောင့်ရှောက်ပြီး ဟောဒီလုပ်ငန်းလေးနဲ့ မြေးအဘိုးနှစ်ယောက် အသက်မွေးနေရတာပေါ့ လူကလေး"

"ကြားရတာ စိတ်မကောင်းပါဘူး အဘိုး"

"တရားသဘောနဲ့ကြည့်ရင် လူဆိုတာ အားလုံး သေမျိုးတွေချည်းပါပဲ၊ တစ်နေ့မှာ တစ်မျိုးမဟုတ်တစ်မျိုးနဲ့ သေကြမှာ၊ စောစောသေတာနဲ့ နောက်ကျသေတာပဲကွာမယ်၊ အဲဒါလဲ ကံတရားနဲ့ဆိုင်တာပေါ့။ သေသူအတွက် ကျန်သူက ပူဆွေးသောကရောက်နေရင် အပိုပဲ၊ သူ့အတွက် ဘဝကူးကောင်းအောင် အလှူအတန်းပြုလုပ်ပြီး အဖို့ဘာဂကို အမျှပေးဝေပေးရမယ်၊ တတ်နိုင်ရင် လစဉ်နှစ်စဉ် ပြုလုပ်ပေးရမယ်၊ အဲဒါ ကျန်တဲ့လူရဲ့ တာဝန်ပဲ၊ ဟာ, စကားပြောရင်းနဲ့ လူကလေးလိုချင်တဲ့ဆင်စွယ်ပုတီးလှလှလေး တွေ့ပြီ၊ ရော့ စစ်ဆေးကြည့်ပါဦး"

မင်းမောင်မှာ အဘိုးကမ်းပေးသော ဆင်စွယ်ပုတီးလေးကိုလှမ်းယူပြီး စစ်ဆေးကြည့်မိသည်။ ပုတီးကုံးလေးမှာ သပ်ရပ်ပြီး အနုအဆာကင်းသည်။ ထိပ်ဆုံး ကြိုးထုံးနေရာက (ပုတီးခေါင်း) စေတီပုံလေးမှာ ပို၍ပင် လှပနေသည်။ မင်းမောင်မှာ ငယ်စဉ်က စိပ်ပွားလာသော မွှေးနံ့သားစိပ်ပုတီးနဲ့ လက်ရာချင်း အတူတူဖြစ်နေသည်။ စိတ်ထဲကလည်း ဟိုးအရင် မြတ်စောညီနောင်ဘုရားပွဲက ဝယ်လာခဲ့တာ ဒီအဘိုးရဲ့ လက်ရာများလား တွေးနေမိသည်။ ထိုစဉ် အာရုံထဲမှာ ကြားဖူးသောအသံတစ်ခုကြောင့် လှည့်ကြည့်လိုက်မိသည်။

"အဘိုး သမီးညှို့သည် လာသေးလားဟင်၊ ဘုရားပေါ် တံမြက်စည်းလှည်းနေရင်း ဘယ်သူပြောမှန်းမသိတဲ့ အသံတစ်ခုက အိဖြူ နင့်ညှို့သည် ရောက်နေတယ်၊ မြန်မြန်သွားလိုက်ဦးဆိုလို့ သမီးပြန်လာခဲ့တာ အဘိုးရဲ့"

"ဘယ်ညှို့သည်မှ မလာပါဘူးကွယ်၊ ဒီလူကလေးတို့ မိသားစုသာ ဆင်စွယ်ပုတီးလိုချင်တယ်ဆိုလို့ အဘိုး မမြင်မကန်း အထုပ်တွေထဲက လိုက်ရှာပေးနေရတာကွဲ့"

မောင်မင်းမောင်မှာ အဘိုးနဲ့ ထိုအမျိုးသမီးငယ်တို့ကို ကြည့်ရင်း အလွန်ပင်အံ့ဩဝမ်းသာဖြစ်သွားခဲ့ရလေသည်။ အမျိုးသမီးငယ်မှာ သူ့အိပ်မက်ထဲက နန်းအိဖြူဖြစ်သည်ဟု ယုံကြည်လိုက်ပြီး အသံရော ရုပ်ပါ မှတ်မိနေသဖြင့်လည်း ပို၍သေချာသည်ဟုဆုံးဖြတ်လိုက်သည်။ သို့သော် ထိုအမျိုးသမီးငယ်အား ဘယ်က ဘယ်လိုစကားစပြောရမည်ကို အစရှာမရ ဖြစ်နေသည်။

အတန်ကြာမှ . .

"ညီမလေးက ဒီအဘိုးရဲ့ မြေးမလေးဆိုတာများလားဟင်၊ နာမည်က ဘယ်လိုခေါ်လဲ ညီမလေးရဲ့"

မင်းမောင်၏ အမေးစကားကြောင့် အမျိုးသမီးငယ်မှာ အနည်းငယ်တွန့်သွားပြီး မျက်မှာကို တစ်ချက်သေချာကြည့်လိုက်ရင်းမှ ပြုံးယောင်ယောင် အမူအရာလေးဖြင့် . . .

"ဟုတ်. . ဟုတ် ဟုတ်ပါတယ်၊ ညီမလေးနာမည်က နန်းအိဖြူပါအစ်ကို"

"ညီမလေးနာမည်က နန်းအိဖြူ သေချာတယ်နော်၊ ဒါဆို အစ်ကို တစ်နေရာမှာများ တွေ့ဖူးသလားလို့၊ ဘယ်မှာများ တွေ့ဖူးတယ်ထင်သလဲ ညီမလေး"

မင်းမောင်မှာ နန်းအိဖြူမျက်နှာကို အငမ်းမရကြည့်ပြီး တစ်ခုချင်းမေးနေသည်ကို အဘိုးနဲ့တခြားလူများရှေ့တွင် ဖြစ်သဖြင့် မျက်နှာမထားတတ်အောင်ဖြစ်နေသော နန်းအိဖြူမှာ တွေတွေလေးတစ်ချက် ဖြစ်သွားပြီး . . .

"ဟင့်အင်း. . နန်းလေး အစ်ကို့ကို မတွေ့ဖူးဘူး၊ အာ. . . နေဦး နေဦး ဒါပေမဲ့ အိပ်မက်ထဲမှာလား မသိဘူး၊ သုံးလေးခါလောက် တွေ့ဖူးတယ်ထင်တယ်"

နန်းအိဖြူ ပြန်ပြောလိုက်သော စကားကြောင့် မောင်မင်းမောင်၏မိဘများနှင့် နန်းအိဖြူအဘိုးကပါ အားလုံး အံ့ဩသွားကြပြီး သူတို့ နှစ်ယောက်ပြောဆိုနေသည်ကို ဆက်လက် နားထောင်နေကြသည်။

မင်းမောင်မှာလည်း ရင်ထဲရာ ဝမ်းသာလုံးကြီး ထိုးတက်လာသဖြင့် ဣန္ဒြေမဆည်နိုင်ဘဲ ဆက်မေးနေလေသည်။

"ဒါဆို ညီမလေး အိပ်မက်ထဲမှာ တွေ့ခဲ့တာ အစ်ကိုမှအစ်ကို ဟုတ်တယ်နော်၊ အစ်ကို့နာမည်က ဘယ်လိုခေါ်တယ်ဆိုတာကော သိလိုက်ရလား ညီမလေးရဲ့"



လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၃)

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် အစစ်ပဲ၊ လူကိုမြင်ရုံနဲ့ မှတ်မိတာပေါ့၊ နာမည်ကတော့ ဟိုဟို ကိုမင်းမောင်တဲ့"

"ဟာ ဟာ. . . ဟုတ်ပြီ ဟုတ်ပြီ သေချာပါပြီ၊ အစ်ကိုက ညီမလေးကို တွေ့ချင်လွန်းလို့ အနှစ်နှစ် အလလ လိုက်ရှာခဲ့ရတယ် နန်းလေးရယ်၊ ဩော်ဒါနဲ့ နေဦး အဲဒီတုန်းက အိပ်မက်မတိုင်ခင် ထူးခြားတဲ့ မွှေးရနံ့တွေကော မရမိဘူးလား ညီမလေးရဲ့"

"အာ ရတာပေါ့ အစ်ကိုရဲ့၊ တစ်ခါတလေများ လပြည့်ညတွေမှာ ထူးဆန်းတဲ့ မွှေးရနံ့တွေ ရလာပြီဆိုရင် အိပ်မက်ထဲမှာ အစ်ကို့ကိုတွေ့တာပဲ"

"ဝမ်းသာလိုက်တာ နန်းလေးရယ်. . . အစ်ကို အရမ်းဝမ်းသာသွားပြီ"

မင်းမောင်မှာ အားရဝမ်းသာဖြစ်လွန်းသဖြင့် ရင်ထဲတွင် တစ်ဆို့ခံစားလာရပြီး မိဘနှစ်ပါးဘက်သို့ လှည့်ကာ ပါးစပ်မှ ဘာပြောရမှန်းမသိ တုန်တုန်ရင်ရင် ဖြစ်နေသေးသည်။ အတော်လေးကြာမှ . . .

"မေမေ ဒါ ဒါ. . . သား အနှစ်နှစ် အလလက စွဲလမ်းပြီး စောင့်စားနေခဲ့ရတဲ့ သားရဲ့ချစ်သူ နန်းအိဖြူလေ မေမေရဲ့"

"သားတို့နှစ်ယောက် ပြောနေတာ မေမေတို့အားလုံး ကြားပြီးပြီသား၊ တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ မတွေ့ဖူး မဆုံးဖူးဘဲ အိပ်မက်ထဲမှာဆုံပြီး မေတ္တာမျှခဲ့ကြတယ်ဆိုတော့ အံ့ဩဖို့ကောင်းလောက်အောင် ထူးဆန်းနေတယ်၊ ဒါကလဲ သားတို့ သမီးတို့ရဲ့ အတိတ်ဘဝကအထုံရေစက်တွေပဲသား၊ ဘယ်လိုပဲပြောပြော မိန်းကလေးရဲ့ ရုပ်ရည်ရူပကာ ပင်ကိုဗီဇကိုက အဆင့်အတန်းရှိတယ်ဆိုတာ မေမေတို့မျက်မြင်ကိုယ်တွေ့မို့ သဘောကျပါတယ်၊ သားတို့နှစ်ယောက်လုံး စွဲစွဲလမ်းလမ်း ကြင်ကြင်နာနာ ရှိကြတယ်ဆိုတော့ မေမေတို့ကလဲ ပိုပြီး အားရကျေနပ်ပါတယ်၊ မိသားဖသားပီပီ တာဝန်ရှိသမျှ ဖေဖေ မေမေတို့ အားလုံးစီစဉ်ပေးမယ်၊ နှစ်ယောက်လုံး ဘာမှစိတ်မပူနဲ့နော် သားတို့ သမီးတို့"

မောင်မင်းမောင်နှင့် သူ့မေမေ ပြောနေကြသည့်စကားကြောင့် ရင်တွင်းပီတိဖြာနေသူက နှင်းအိဖြူပင်မဟုတ်ပါလား။

"အဲဒီကစပြီး သူငယ်ချင်းတို့ ကျောင်းတုန်းက ပြောပြောနေခဲ့တဲ့ အိပ်မက်ကမ္ဘာထဲက ချစ်သောသူနဲ့ ဆုံစည်းကာ မိသားဖသားပီပီ လူကြီးစုံရာနဲ့ လက်ထပ်ပြီး တစ်သက်မခွဲဘဲ အခုထိ နေလာခဲ့တယ် သူငယ်ချင်း"

ကျွန်တော် အပြန်လမ်းတွင် သူငယ်ချင်းမင်းမောင်၏ ဂမ္ဘီရဆန်သော အိပ်မက်ကမ္ဘာထဲက သူတို့ဇနီးမောင်နှံအကြောင်း စဉ်းစားလာမိသည်။ အထူးသဖြင့် ကျွန်တော် စဉ်းစားသည်မှာ အိပ်မက်အကြောင်းပင်ဖြစ်၏။

အိပ်မက်ဆိုသော (ဂမ္ဘီရနယ်) စိတ်ဝိညာဉ်လောကသည် လူသားများအတွက် ကောင်းကျိုး ဆိုးကျိုးတို့ကို အာရုံတွင်ခံစားရသော နာမ်ပိုင်းဆိုင်ရာ မသိစိတ်(အတွင်းစိတ်) တစ်ခုဖြစ်သည်ဟု စိတ်ပညာရှင်များ ဆိုထားသည်။ အကောင်အထည်နှင့် အရောင်အဆင်း မရှိခြင်းကြောင့်လည်း သိပ္ပံပညာရှင်တို့ ပြတ်သားစွာ ဖော်ထုတ်နိုင်စွမ်းမရှိသေးပေ။

အိပ်မက်ကို လူတိုင်းမက်ဖူးကြသည်။ နေ့ရက်နှင့် အချိန်အခါကိုလိုက်၍ သုတေသီများအတိတ်နိမိတ်ကောက်ယူကြည့်ကြသည်။ ကောင်းကျိုးဆိုးကျိုး အတွက် မှန်သည်လည်းရှိ၏။ မှားသည်လည်း ရှိသည်။ ရာနှုန်းပြည့် တိကျ မှန်ကန်မှု မရှိသည်ကို အိပ်မက်ဖူးသူတိုင်းလည်း သိကြလေသည်။

ယခုမူ ထူးဆန်းအံ့ဩဖွယ်ရာ ကြုံတွေ့ခဲ့ရသော သူငယ်ချင်းမင်းမောင်၏ အိပ်မက်ဖြစ်စဉ်မှာ ဆယ်စုနှစ်ကျော်ကာလ အစပိုင်းကပင် အကြောင်းအရာတစ်ခုအား ထပ်ကာထပ်ကာ မြင်မက်နေခဲ့သည်မှာ အနာဂတ်ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုအတွက် နာမ်ပိုင်းဆိုင်ရာ မသိစိတ်(အတွင်းစိတ်)ချင်း ဆက်သွယ်တွေ့ဆုံကာ အနာဂတ်အတွက် ထင်ဟပ်စေသော ကြိုတင် နိမိတ်တစ်ခုအဖြစ် ဖော်ဆောင်ခြင်းပင်လား။

သို့မဟုတ်ပါက အများပြောဆိုလေ့ရှိကြသော စကားလို ဖူးစာရေးနတ်(ခေါ်) သတ္တဘာဂမြားနတ်မောင်ကပင် အောင်သွယ်လုပ်ကာ စိတ်ဝိညာဉ်ချင်း (မသိစိတ်ချင်း) တွေ့ဆုံပေးခဲ့လေသည်လား။ ခက်ခဲနက်နဲ ထူးဆန်းအံ့ဩဖွယ်ရာ အိပ်မက်ကမ္ဘာထဲက ချစ်သူငယ်ချင်းတို့ ဇနီးမောင်နှံအကြောင်း အတွေးနယ်ချဲ့မိရင်း တက္ကသိုလ်တုန်းက မင်းမောင်ပြောခဲ့သောစကား အမှတ်ရလာသည်။

"ဒီတစ်ခါတော့ လိုက်ရှာမယ်ဆိုရင် ကိုယ့်အတွက် ငါးဆယ်ရာခိုင်နှုန်း သေချာသွားပြီကွ၊ ဘာကြောင့်လဲဆိုတော့ သူ့အလှကိုလဲ မြင်ဖူးသွားပြီ၊ သူ့အသံနဲ့ ချစ်စရာအပြုံးလေးကလဲ ကိုယ့်နှလုံးသားမှာ စွဲထင်ကျန်ရစ်နေခဲ့ပြီဆိုတော့ မြန်မာပြည်တစ်နံတစ်လျား ကျဉ်းကျဉ်းလေးမှာ တစ်နေ့တော့ တွေ့ကြရမှာ အမှန်ပဲသူငယ်ချင်း"

မင်းမောင်ပြောခဲ့သော စကားက အမှန်ဖြစ်နေသဖြင့် အလွန်လည်း အံ့ဩရပါသည်။

သူတို့နှစ်ယောက်၏ အတိတ်ဘဝမှ ထူးဆန်းသောအကြောင်းတရားကြောင့် တိကျသော ကြိုတင်နိမိတ်(အိပ်မက်)များကလည်း ကံကောင်းလှပသော အနာဂတ် (အကျိုး) အတွက် တွန်းပို့ပေးခဲ့ကြသည်မှာ အံ့ဩဖွယ်ရာပင် ဖြစ်နေပါတော့သည်။

❒ **ကောင်းစံဟိန်း(ပန်နေဝန်း)**



www.burmeseclassic.com

www.burmeseclassic.com



# ရင်လှိုင်းခတ်သံ သစ္စာဦး

(ဇေယျာမြေ)

အဖေဆုံးတော့ ကျွန်မအသက်က ဆယ့်ငါးနှစ်။ ကိုးတန်းတက်နေဆဲသာ ရှိသေး၏။ ညီမလေးနှင့်မောင်လေးတို့ဆိုလျှင် ခြောက်တန်းနှင့်လေးတန်း။ တကယ့်ကို ကလေးသာသာအရွယ်။ အမေ့ကို ငွေကြေးအထောက်အကူပြုနိုင်သူ ဟူ၍ တစ်ယောက်မှမရှိကြသေး။

အဖေ မရှိသည့်နောက်ပိုင်းတွင်တော့ သားသမီးများ၏စားဝတ်နေရေး၊ ပညာရေး အစစအရာရာအားလုံး အမေ့တာဝန်ဖြစ်ရလေသည်။ စုပြီးဆောင်းပြီး ထုနှင့်ထည်နှင့် ရှိနေလျှင် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်။ အမေ့မှာက လက်ဆုပ်လက်ကိုင်ပြလောက်စရာဆိုလို့ ပေ ၂၀×၆၀ မြေကွက်အပါအဝင် ပျဉ်ထောင်အိမ်လေးတစ်လုံး၊ အမေ အမြဲဝတ်ဆင်နေသည့် တစ်ကျပ်သားရွှေဆွဲကြိုးတစ်ကုံး၊ ကျောက်စီနားကပ် တစ်ရန်၊ ကျွန်မတို့ညီအစ်မနှစ်ယောက်ကို ဆင်ပေးထားသော ရွှေနည်းနည်းနှင့်ပြုလုပ်ထားသည့် နားကပ်လေး နှစ်ရန်။ နောက် ငွေကြေးအနည်းငယ်မျှသာရှိ၏။






www.burmeseclassic.com

www.burmeseclassic.com

ဌာနခွဲစာရေးကြီး တစ်ဦးဖြစ်သည့် အဖေ့ကြာ အနေမှန်သည်။ သားမယားအပါအဝင် သူကိုယ်တိုင်စားမည့် ထမင်းတစ်လုတ်တစ်ဆုပ်အတွက် သမ္မာအာဇီဝမကျသော အလုပ်ဖြင့် ဝင်ငွေမရှာတတ်သူ။ ရိုးသားစွာ ရှာဖွေထားသောငွေဖြင့် သင့်တင့်လျောက်ပတ်ရုံ အဖေသုံးစွဲ၏။ ဇနီးသားသမီးတို့ကို ကျွေးမွေး၏။ အဖေက တစ်ဘဝစံပြီး သံသရာတစ်လျှောက်လုံးခံရမည့်အလုပ်မျိုး ဘယ်သောအခါမှမလုပ်။

သေလောက်သော ရောဂါမဟုတ်ဟု ယူဆထားကြသည့်ကြားက အဖေကွယ်လွန်သွားလေသည်။ အဖေ့မှာက သွေးတိုးရောဂါအခံရှိ၏။ ဆရာဝန်မှတ်ချက်အရ အဖေ ရုတ်တရက်ကြီး ဦးနှောက်သွေးကြောပြတ်သွားခြင်းဖြစ်လေသည်။ ကျွန်မတို့မိသားစုအတွက်တော့ အားကိုးရာမဏ္ဍိုင်ကြီး ပြိုလဲပျက်စီးသွားခြင်းသာ ဖြစ်၏။

အဖေ့မိတ်ဆွေများ ကူညီလုပ်ကိုင်ပေးမှုဖြင့် မိသားစုပင်စင်လေးခံစားခွင့်ရသည်။ သိပ်များများစားစားကြီးတော့ မဟုတ်။ ကျောင်းပညာသင်ယူနေဆဲ သားသမီးသုံးယောက်၏ ပညာသင်စရိတ်၊ မိသားစုလေးယောက်၏ စားဝတ်နေရေး၊ အသုံးစရိတ်တို့ကို ပင်စင်လစာလေးနှင့် ဘယ်လိုမှမဖြေရှင်းနိုင်။

အမေတစ်ယောက် ရင်မအေးနိုင်အောင်ဖြစ်နေလေသည်။ ကိုးတန်းပညာလေးလောက်နဲ့ ငွေရေးကြေးရေး အထောက်အပံ့လုပ်ပေးနိုင်သည့် အခြေအနေမရှိသေးသော်လည်း အမေ့ရင်ထဲမှ အပူတချို့တစ်ဝက်ကိုတော့ ကျွန်မမျှဝေခံစားပေး၏။ အမေရင်ဖွင့်သမျှ နားထောင်ပေးပြီး မိသားစုရှေ့ရေးအတွက် ဆောင်ရွက်စရာကိစ္စအဝဝတို့တွင် ကျွန်မက တစ်ဦးတည်းသော အတိုင်ပင်ခံပုဂ္ဂိုလ်ဟု ဆိုရမည်ပင်။

သားအမိနှစ်ယောက် တိုင်ပင်ပြီး အိမ်ဆိုင်လေးဖွင့်ဖို့ပြင်၏။ အိမ်ဆိုင်ဆိုတော့ သားသမီးများကို အုပ်ထိန်းရင်း အိုးမကွာအိမ်မကွာ ရောင်းချနိုင်သလို ကျောင်းအားသည့်အချိန် ကျွန်မသည် အမေ့ကို ကူညီညာရောင်းနိုင်သည်။ အဖေ့သမီးကြီး ကျွန်မက သမ္မာအာဇီဝကျသည့်အလုပ်ဆိုလျှင် ဘာအလုပ်မှ လုပ်ဖို့ဝန်မလေးတတ်သူ။

"ဟင်,. အမေ. . . အိမ်ရှေ့မှာ ဘာကြီးဆောက်နေတာလဲဟင်"

တစ်ရက်ကျောင်းမှအပြန် လက်သမားနှစ်ယောက်နှင့်အတူ အလုပ်ရှုပ်နေသောအမေ့ကို ညီမငယ် လင်းလက်က မေးလိုက်ခြင်းဖြစ်၏။ ဈေးရောင်းမည့်ကိစ္စနှင့်ပတ်သက်၍ အငယ် နှစ်ယောက်ကို ကြိုပြောထားခြင်းလည်း လုပ်မနေတော့။ အပူသောကဖြစ်စရာမှန်သမျှ အမေနှင့်ကျွန်မတို့နှစ်ယောက် တိုင်ပင်ဖြေရှင်းလိုက်ကြသည်သာ။

"ဆိုင်လေး ဆောက်တာလေ သမီး၊ အိမ်မှာ အလကားထိုင်နေမယ့်အစား ဈေးလေးရောင်းတော့ အပျင်းလဲပြေသေး၊ အိမ်စရိတ်လဲ အတော်အသင့် ကာမိတာပေါ့ကွယ်"

"ဟာ, အမေဈေးရောင်းမလို့လား၊ သားသူငယ်ချင်းတွေမြင်ရင် ရှက်စရာကြီးဗျာ၊ ဟိုဘက်လမ်းက ထွန်းအောင်ဆို မနက်တိုင်း ခြင်းတောင်းကြီးဆွဲပြီး သူ့အမေဈေးရောင်းတဲ့ဆီ လိုက်သွားတာလေ၊ ကျောင်းရောက်ရင် ဝိုင်းလှောင်ကြတယ်၊ မရောင်းနဲ့အမေရာ"

ဈေးရောင်းမည်ဆိုသည့်အတွက် ညီမလေးက ဘာမှ ထပ်မပြောတော့သော်လည်း မောင်လေးမောင်သူရိန်က မျက်နှာပျက်သွားကာတားမြစ်လေသည်။ ကလေးဆိုတော့လည်းလေ အကြောင်းအကျိုး၊ အကောင်းအဆိုး ဘာမှ နားမလည်သေး။ ကျွန်မ မောင်လေးကို ဖက်ထားလိုက်ရင်းမှ . . .

"ဈေးရောင်းတယ်ဆိုတာ ရှက်စရာမှမဟုတ်တာမောင်လေးရဲ့၊ နောက်ပြီး မောင်လေးလဲ ဘာမှလုပ်စရာမလိုဘူး၊ အမေက အိမ်မှာပဲ ဒီဆိုင်ကြီးပေါ်ထိုင်ပြီး ရောင်းနေမှာ၊ မုန့်တွေလဲ မျိုးစုံတင်ထားမှာဆိုတော့ မောင်လေးတောင် မုန့်တွေ အများကြီး စားရဦးမှာ. . . မကောင်းဘူးလား"

မုန့်အများကြီး စားရမည်ဆိုမှ ငိုမဲ့မဲ့ဖြစ်နေသော မောင်သူရိန်မျက်နှာလေး ပြုံးယောင်သန်းသွားလေသည်။

မုန့်တို့၊ ကစားစရာတို့ဆိုသည်ကတော့ မကြိုက်သည့်ကလေး ဟူ၍ မရှိသလောက်ရှား၏။ ဘာပဲပြောပြော ဒီမိသားစုလေးယောက်၏ စားဝတ်နေရေးအတွက် တစ်ခါမှ မလုပ်ခဲ့ဖူးသည့် အလုပ်တစ်ခုကို အရဲစွန့်လုပ်ရန် အမေ စီစဉ်လိုက်ခြင်းသာ ဖြစ်လေသည်။

❑

"အောင်မလေး မအေးလွင်. . ယောက်ျားသေတာဖြင့် ဘယ်လောက်မှ မကြာသေးဘူး၊ ဈေးတောင်ရောင်းနေရပြီလား၊ ဌာနခွဲစာရေးကြီးတစ်ယောက်ပဲတော်၊ ရှာဖွေစုဆောင်းထားတာတွေက ဘယ်ရောက်ကုန်တုံး"

"ပတ်ဝန်းကျင်ကတော့ ဒီလိုပဲ ထင်ကြတာပါပဲလေ၊ ဒါပေမဲ့ ကိုယ့်မိသားစုအခြေအနေ ကိုယ်ပဲသိတယ် မမြင့်ကြည်ရဲ့၊ ဌာနခွဲစာရေးကြီးဆိုပေမယ့် ထုံးစံထက် ဘာမှမလုပ်တဲ့လူစားမျိုးလေ၊ လခအပြင် ဘာမှမရှိခဲ့ပါဘူး၊ ဦးမြင့်သူက ဂုဏ်သိက္ခာကို အသက်ထက် တန်ဖိုးထားတဲ့လူစားမျိုး"

ပထမဆုံးနေ့ အမေ့ဈေးဆိုင်လေး ရောင်းရသည်က ချောက်ချီးချောက်ချက်မျှသာ။ ယောက်ျားဆုံးပြီး ဘာမှမကြာ၊ အမေဈေးထိုင်ရောင်းနေသည့်အကြောင်း တစ်ဆင့်စကား တစ်ဆင့်နားဖြင့် လူအတော်များများ သိကုန်ကြပုံရ၏။ အမေ့အသိများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြကာ မေးကြမြန်းကြ စုံစမ်းကြလေသည်။ တချို့က သင့်ရာပစ္စည်းလေးများ ဝယ်ခြမ်းပြီး အားပေးစကားလေးများပြောသွားကြ၏။ လင်သေမုဆိုးမ၊ ကလေးသုံးယောက်နဲ့ အားကိုးရာမရှိ ဒုက္ခရောက်ပြီဆိုသော အဓိပ္ပာယ်ရှိသည့် အကြည့်ဖြင့် ကြည့်





www.burmeseclassic.com

www.burmeseclassic.com

သွားကြသူများကလည်း နည်းသည်ဟု မဆိုနိုင်။

အမေကတော့ ဒါတွေလည်း ဂရုစိုက်နေပုံ မရတော့။ တွေ့ကြုံနေရသည့် လက်ရှိအခြေအနေကို အကောင်းဆုံး နည်းလမ်းဖြင့် ကြိုးစားဖြေရှင်းနေလိုက်သည်သာ။

"သမီးကြီးရေ . . . ထမင်းဘူး ထည့်တော့၊ မနေ့ညနေက ချက်တဲ့ ကြက်သားဟင်း အမေနွှေးထားတယ်၊ မောင်နှမသုံးယောက် မျှတထည့်သွား၊ အမေ့ဖို့ မချန်နဲ့၊ အမေ တစ်ခုခုထပ် ချက်စားလိုက်မယ်"

"ဟုတ်ကဲ့ပါ အမေ"

ကျောင်းမသွားမီ ဆိုင်ထိုင်ပြီး ရောင်းပေးနေရာမှ အမေ့စကားကြောင့် ထမင်းဘူး သုံးဘူးယူပြီး အဆင်ပြေအောင် ကြည့်ထည့်လိုက်သည်။ ဟင်းမထည့်ခင် အမေ့ဖို့ အရင်ခွဲချန်ထားလိုက်ရ၏။ မချန်လို့လည်း မဖြစ်။ တစ်ခုခု ကြည့်ချက်စားလိုက်မယ်ဆိုသော်လည်း သေချာသည်။ ညနေစာချက်ချိန် မတိုင်ခင်အထိ အမေ ဘာမှထပ်လုပ်နေမည်မဟုတ်တော့။ နေ့ခင်းစာကို အမေ ဖြစ်သလို စားလိုက်မည်ဖြစ်ကြောင်း ကျွန်မ ကောင်းကောင်းကြီးသိထားပြီး ဖြစ်၏။

❑

"ဟဲ့ ထက်ထက် . . . နင်တို့ အိမ်ရှေ့မှာ ဈေးဆိုင်ကြီး"

"အေး . . . ဟုတ်တယ်"

"အဲဒါ ဘယ်သူရောင်းတာလဲ"

"အမေလေ၊ တို့လဲ အားတဲ့ အချိန် ဝိုင်းရောင်းပေးရတာပေါ့ဟာ"

"ဘာလဲ . . . နင်တို့အဖေသေတော့ နင်တို့မှာ စားဖို့သောက်ဖို့ ပိုက်ဆံ မရှိတော့ဘူးလား၊ အဲဒါကြောင့် ဈေးရောင်းရတာလား"

"ဟဲ့ အဲဒီလိုဖြစ်စရာလား၊ ဈေးရောင်းတိုင်း ပိုက်ဆံမရှိဘူး ထင်နေလို့လား၊ အိမ်မှာ သူ့အမေတစ်ယောက်တည်း ပျင်းလို့နေမှာပေါ့ဟဲ့"

ထိုင်ခုံပေါ် ထိုင်လိုက်ရုံရှိသေး၊ ဆီးမေးလိုက်သည့် ဝင့်သူ့စကားကြောင့် ကျွန်မအလိုက်သင့် ပြန်ဖြေလိုက်ရ၏။ တစ်ဆင့်တတ် မေးလိုက်ပြန်သော သူ့မေးခွန်းက ကျွန်မရင်ထဲ နင့်ခနဲဖြစ်သွားစေသည်။ ထိန်းထားသည့်ကြားက မျက်ရည်ဝဲချင်သလိုလို ဖြစ်လာ၏။ အမြဲ တတွဲတွဲရှိနေပြီး ကျွန်မအကြောင်း ကကြီးမှအ အဆုံးသိနေသောသူငယ်ချင်း စန်းသီတာက ကျွန်မနှုတ်မှ ခပ်ဆတ်ဆတ် ဝင်ဖြေလိုက်သည်။

တကယ်တော့ ဝင့်သူပြောသည့် စကားတို့က မှားသည်ဟုမဆိုနိုင်။ သူပြောလိုက်သော အခြေအနေလောက် မဆိုးသည့်တိုင် မိသားစုစားဝတ်နေရေး အတော်ကြီး ကျပ်တည်းသွားသည်ကတော့ အမှန်ပင်။

"ထက်ထက် ဂရုစိုက်မနေနဲ့၊ နေရာတကာ လိုက်စပ်စုတဲ့ဟာမ၊ သူများတကာကိစ္စ ငတ်ငတ်ပြတ်ပြတ် သူနဲ့ဘာဆိုင်လဲ၊ ရှုပ်ကိုရှုပ်တယ်"

ဆယ့်ငါးနှစ်ဆိုသည့် အရွယ်က သုခ၊ ဒုက္ခမှန်သမျှ နားလည်တတ်စပြုနေသောအရွယ်။ သို့သော်လည်း လူကြီးများလို လောကဓံ၏ အရိုက်အပုတ်ကို ခံနိုင်ရည်မရှိသေး။ ဖအေဆုံးပြီးသည့် နောက် စီးပွားရေးအခြေအနေ တောင့်တောင့်တင်းတင်း ဖြစ်နေသည်ဆိုလျှင် မထောင်းသာ။ ဖအေကဆုံး၊ စီးပွားရေး အခြေအနေက အဆင်မပြေဖြစ်နေသည့်အတွက် အလိုလိုမှ အားငယ်နေသောအချိန်၊ ကိုယ်က မပြောင်သော်လည်း အမြဲလိုလိုလာပြောင်နေတတ်သည့် ဝင့်သူ၏စကားတို့က ကျွန်မအား ငိုချင်လျက် လက်တို့ဆိုသလို ဖြစ်စေလေသည်။

စန်းသီတာက ကျွန်မလက်တစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ အားပေးစကားပြောပြီး တစ်ဆက်တည်း ဝင့်သူကို မြင်ပြင်းကတ်စွာပြောဆိုလိုက်လေသည်။ မိတ်ဆွေကောင်း ပီသ၏၊ မပီသ၏ ဆိုသည်က အဆင်မပြေသည့် အချိန် အခက်အခဲနှင့်ကြုံတွေ့ရသော အချိန်ရောက်မှ ကောင်းကောင်းသိနိုင်၏။ စန်းသီတာကတော့ ကျွန်မအတွက် မိတ်ဆွေကောင်း တစ်ယောက်ဟု ဆိုရမည်ပင်။

❑

"ဟောတော့ သမီးရေ . . . လုံချည်တွေကလဲ ချည်ကျော်တွေချည်းပါလား၊ အင်္ကျီတွေကလဲ အဆင်ဟောင်းတွေ၊ ဒါတွေ ဘယ့်နှယ့်လုပ်ရောင်းမတုံး၊ ဈေးသည်တွေကလဲဟယ် . . . သဘောယုတ်လိုက်ကြတာ၊ ကိုယ်တိုင်မသွားနိုင်တော့ မကောင်းမကန်းတွေပါ ရောထည့်တော့တာပဲ"

"ဟုတ်ပါ့ အမေရယ်၊ ဘယ်လိုလုပ်မလဲဟင်၊ ပိုက်ဆံတွေ အများကြီး ပေးထားရတာ၊ သမီးတို့တော့ ရှုံးတော့မှာပဲ အမေရယ်"

"အရှုံးတော့ ဘယ်ခံမလဲ သမီးရဲ့၊ နည်းနည်းနောနော တန်ဖိုးလား၊ အမေ သွားလဲမယ်၊ မမတို့စစ်ကိုင်းမှာ တစ်ညလောက် အိပ်ပြီးသွားမယ်၊ ဖြစ်ပါ့မလားဟယ်၊ သမီးနဲ့အငယ်နှစ်ယောက် ထားခဲ့ရမှာဆိုတော့လေ၊ ဒီလူတွေနှယ် ဟယ် . . . လုပ်မှလုပ်ရက်ပါ့၊ စိတ်ရင်း စေတနာကလဲ ညံ့ဖျင်းလိုက်ကြတာပါ လားနော်"

"ရတယ် အမေ၊ သွားမှဖြစ်မယ် ဆို သွားပါ၊ မောင်လေးနဲ့ ညီမလေးကို သမီးတာဝန်ထားလိုက်၊ တစ်ရက်တလေ ပဲအမေရယ် . . . ဘာမှမပူပါနဲ့"

အမေက သူ့ဆိုင်လေးပေါ်တွင် ဆန်ဆီမှအစ လုံချည်၊ အင်္ကျီ၊ တခြား အသုံးအဆောင်ပစ္စည်းလေးများပါ ဝယ်တင်၏။ တခြားဈေးသည်များ နည်းတူ မန္တလေးရှိဆိုင်ကြီးများသို့ ကားကြုံဖြင့် လှမ်းမှာလေသည်။ ရွေးနှင့် မန္တလေး ခရီးကို သား သမီးတွေပစ်ပြီး အမေ မသွားနိုင်။

လူတွေကလည်း အမျိုးမျိုးရှိ၏။ စိတ်ရင်းစေတနာ ကောင်းသူတို့ ရှိကြသလို ကိုယ့်အဆင်ပြေဖို့တစ်ခုသာကြည့် ပြီး ဘယ်သူသေသေ ငတေမာပြီးရော



www.burmeseclassic.com

www.burmeseclassic.com

ဆိုသည့်လူမျိုးက ခပ်များများ။ ကိုယ်တိုင်မသွားနိုင်ဘဲ အကြုံမှာသည့် ဈေးသည်လက်သစ် အမေ့ကို တချို့ဆိုင်ကြီးများက ဖြစ်ကတတ်ဆန်းလုပ်ပေးလိုက်ကြသည်။ အမေ့ထံရောက်လာသည်က ရောင်းမကုန်သည့် အဆင်ဟောင်းများ။ လုံချည်ဆိုလျှင်လည်း ချည်ကျော်များသာဖြစ်၏။ ပစ္စည်းများကို ထုပ်ပိုးပြီး စစ်ကိုင်းတွင်နေသော ဒေါ်ကြီးဒေါ်အေးသိန်းအိမ် တစ်ညတည်းခိုကာ ပြန်လဲရလေသည်။ မျက်နှာပြောင်သည့် နေရာမှာတော့ အံ့ဩလောက်စရာပင်။

"အလုပ်သမားတွေ လုပ်လိုက်တာနေမှာ၊ ဒီလိုအဆင်ဟောင်းတွေ ချည်ကျော်တွေပါသွားမှန်း လုံးဝမသိလိုက်ဘူး၊ အားနာစရာ ညီမရယ်"

ဆိုသောစကားများ ရွှန်းရွှန်းဝေအောင်ပြောသော်လည်း တကယ်တမ်း မသိမဟုတ်။ သူတို့ကိုယ်တိုင် လုပ်ခိုင်းခြင်းသာ ဖြစ်သည်။ ငြိမ်ခံနေလျှင် အမြတ်၊ ယခုလိုပြန်လာပြော၍ ပြန်လဲပေးရလည်း သူတို့အတွက် အရှုံးမရှိ။

ဒီလောကထဲ ယခုမှခြေချသည့် အမေကလည်း လည်လည်ဝယ်ဝယ်မရှိသည်မှာ အမှန်ပင်။ သူတစ်ပါးကို ယုံကြည်လွန်းအားကြီးခြင်းက အမေ့အားနည်းချက်တစ်ခု ဖြစ်၏။

တစ်ခါက မှတ်မိသေးသည်။ အမေတို့ နံလိုက်ပုံ။ တောသူတောင်သားတွေ အမေ့ကို လူလည်ကျသွားခြင်း ဖြစ်၏။ ဈေးသွားရင်း အိုးလှည်းကြီးတစ်စီး တွေ့လာခဲ့သည်။ တောင်တက်လာပြီး ရောင်းသည့်အိုးများ ဖြစ်၏။ ထမင်းအိုး၊ ဟင်းအိုး၊ ပန်းအိုး၊ ရေအိုး အားလုံး မြေအိုးများ ဖြစ်သည်။ အမေသည်ဆိုင်တွင်ရောင်းရန် လှည်းတစ်စီးလုံး ဝယ်၏။

ဈေးထဲတွင် တစ်ရက် နှစ်ရက် ရောင်းရမည့်အိုးများ တစ်ခဏချင်းအတွင်း ရောင်းလိုက်ရသည့်အတွက် အိုးသည် တောသားတောသူလင်မယား အတော်ပျော်သွားကြလေသည်။ အမေက အိုးအရေအတွက်အလိုက် ငွေရှင်းပြီး သယ်ရန်ပြင်တော့. . .

"အစ်မကြီး စိတ်ချလက်ချသာပြန်၊ အိမ်လိပ်စာလေးသာ ပေးခဲ့၊ အိမ်အရောက် စရိတ်စကမယူဘဲပို့ပေးမယ်"

ဆိုသည့်စကားကြောင့် ယုံကြည်စိတ်ချစွာအိမ်ပြန်လာ၏။ လာတော့ပို့ပါသည်။ တောသားတွေ၏ လှည်းတော့မဟုတ်။ မြို့ပေါ်မှ တခြားအငှားလှည်းတစ်စီး။ ဆိုင်ရှေ့အိုးတွေ တစ်လုံးပြီးတစ်လုံးချတော့ အကွဲအအက်တွေက တစ်ဝက်နီးပါး။ အမေငွေရှင်းခဲ့သည့် အိုးအရေအတွက်လည်း မပြည့်။ အကွဲအအက်နှင့် မပြည့်သောအိုးတို့အတွက် ငွေပြန်တောင်းတော့အငှားလှည်းသမားက ဘာမှမသိ။ သူ့ကို အိုးများပို့ပေးရန် အခကြေးငွေပေးပြီးခိုင်းကာ အိုးသည်က ပြန်သွားလေပြီ။ ရောင်းတောင်မရောင်းရသေး၊ အမေ ဝက်ဝက်ကွဲအောင် ရှုံးသည့်အဖြစ်။

အရောင်းအဝယ် အလုပ်နှင့် အမေ အကျိုးမပေး။ အမေ့ဆိုင်လေးမှ ရသည့်ဝင်ငွေက မိသားစုလေးယောက် လိုအပ်သော စရိတ်တို့ကို လောက်ငအောင် မဖန်တီးနိုင်။ တစ်နှစ်တောင် ကောင်းကောင်းမပြည့်သေး။ အမေ့လည်ပင်းမှ တစ်ကျပ်သားရွှေဆွဲကြိုး ပြုတ်သွားလေသည်။

❑

နွေကျောင်းပိတ်ရက်ဖြစ်သော်လည်း တခြားသူငယ်ချင်းများကဲ့သို့ အပူအပင်ကင်းမဲ့စွာ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး မနေနိုင်။ အမေ့ဆိုင်ကိုဝိုင်းကူရောင်းပေးရသည်။ နောက်နှစ်တက်ရမည့် ဆယ်တန်းအတွက် စာတွေ ကြိုတင်ဖတ်ထားရ၏။ ကိုယ့်ဘက်မှ ဝီရိယအားနည်းလို့မဖြစ်။ တစ်နှစ်ဆိုလျှင် တစ်နှစ်ကုန်ကျမည့်စရိတ်စကကို အလဟဿအဖြစ်မခံနိုင်။

ထို့အပြင် ညီမလေးနှင့် မောင်လေးတို့ကိုလည်း စာသင်ပေးရသေး၏။ ကျူရှင်လခများက သက်သက်သာသာ မဟုတ်။ သိပ်မလိုအပ်သည့်ဘာသာရပ်တို့ကိုတော့ ကျွန်မသာ အပင်ပန်းခံသင်လိုက်သည်။ အခြေအနေကို ကြည့်ပြီး မတက်မဖြစ်တက်ရန်လိုလျှင်တော့ ထားပေးရမည်သာ။ ကိုယ်ကိုယ်တိုင် နှစ်ဘာသာလောက် ကျူရှင်ယူချင်တာတောင် အားနာစိတ်ဖြင့် အမေ့ကိုဖွင့်မပြောရသေး။ နှစ်ချင်းပေါက် ထူးထူးချွန်ချွန်အောင်ဖို့အတွက် ပြောတော့ ပြောရပေမည်။

"မမကြီး. . . ဒီနှစ်ကျောင်းဖွင့်ရင် သားအတွက် အင်္ကျီနှစ်ထည်နော်၊ အဟောင်းကြီးတွေ သားက ပြန်မဝတ်ချင်တော့ဘူး၊ ကျပ်လဲကျပ်နေပြီ၊နောက်ပြီး ဘောင်းဘီလဲဝယ်ပေးဦး"

ကိုယ့်အိမ် စီးပွားရေး အခြေအနေ အဆင်ပြေ၊မပြေ ကောင်းစွာနားမလည်သေးသည့် မောင်လေး မောင်သူရိန်က သချာ်တွက်နေရင်းမှ လှမ်းပြော၏။ ညီမငယ် လင်းလက်ကတော့ အလိုက်သိသည်။ ခုနစ်တန်းကျောင်းသူကြီးဖြစ်တော့မည့်လင်းလက်က မိခင်နှင့် အစ်မတို့ ဝန်ပိအောင် စိတ်ပင်ပန်းအောင် မလုပ်။ တော်ရုံတန်ရုံ လိုအပ်သည့်ကိစ္စလောက်တော့ မပြောဘဲသာ နေတတ်၏။ အမေက အလုပ်ရှုပ်သူမို့ အငယ်နှစ်ယောက်လိုအပ်သမျှ ကျွန်မကသာ ကြည့်စီစဉ်ပေးရလေသည်။

"ဝယ်ပေးမှာပေါ့ မောင်လေးရဲ့၊ လိုတာဝယ်ပေးမှာ စိတ်ချ၊ ဒီတစ်ခါ အမေ မန္တလေးသွားရင် မှာလိုက်မယ်၊ ညီမလေးအတွက်လဲ ကျောင်းဝတ်စုံ နှစ်စုံလောက်ဝယ်ရဦးမယ်၊ အိတ်ရောပဲ . . . အတော်ဟောင်းနေပြီ"

"သမီးအတွက် မဝယ်လဲ ရပါတယ် မမကြီးရဲ့၊မောင်လေးက ဝလာလို့ မတော်တော့တာ၊ သမီးက ပိန်ပိန်လေး၊ အရင်နှစ်က အမေ ဝယ်ပေးထားတာတွေပဲ ဝတ်ပါ့မယ်"

"ဘယ်ဟုတ်ပါ့မလဲ ညီမလေးရဲ့၊ အသစ်နှစ်စုံလောက်ကတော့ ဝယ်ရမှာပေါ့၊ မမကြီးက အစကတည်းက ဝယ်



www.burmeseclassic.com

www.burmeseclassic.com

ရမယ့်စာရင်းလေးတွေ ရေးထားပြီးသားပါ"

ညီမငယ်လင်းလက်၏ ခေါင်းလေးကို အသာအယာပွတ်ကာ ကျွန်မပြောလိုက်ရ၏။လှချင်ပချင်သည့်အရွယ် အပျိုပေါက်ကလေး။ တချို့ သူနှင့်ရွယ်တူ မိန်းကလေးများဆို မြင်သမျှ ပူဆာတတ်ကြသည်။လင်းလက်လေးကတော့ ထိုသို့မဟုတ်။ ဒါကိုပင် ကျေးဇူးတင်နေရသေးသည်။

အမေက တစ်လကို နှစ်ကြိမ်လောက် မန္တလေးသွား၏။ ပစ္စည်းတွေဖြစ်ကတတ်ဆန်းအပို့ခံရပြီးကတည်းက လူကြုံနှင့်မမှာတော့။ ကိုယ်တိုင်ကိုယ်ကျသွားကာ စိတ်ကြိုက်ဝယ်ခြင်း ဖြစ်၏။ သွားတိုင်း ဒေါ်ကြီးဒေါ်အေးသိန်းအိမ်တွင် တစ်ညတော့ဝင်တည်းခိုနေကျဖြစ်သည်။ ဒီတစ်ခေါက် အမေ မန္တလေးက အပြန် မျက်နှာ သိပ်မကောင်း။ မေးကြည့်တော့လည်း ဘာမှမဖြစ်သလိုပင်။ ခရီးပန်း၍ဖြစ်မည်အထင်နှင့် အိမ်ဖာ ဟီရကိစ္စတို့ကို အမေသက်သာစေရန် တွန်းလုပ်ပေးလိုက်၏။

ကျောင်းတွေ မဖွင့်သေးသော်လည်း ကျွန်မက ညတိုင်းစာမှန်မှန်ကြည့်သည်။ ကိုယ့်ဘက်မှ အတတ်နိုင်ဆုံး အဆင်သင့်ဖြစ်နေအောင်တော့ ကြိုးစားထား၏။ ဆယ်နာရီထိုးပြီဖြစ်၍ စာအုပ်ပိတ်ကာ အိပ်ရန်ပြင်တော့ အမေ ကျွန်မကို လှမ်းခေါ်လိုက်လေသည်။

"သမီးကြီး . . . စာကျက်ပြီးရင် ဒီကိုလာပါဦးကွယ်"

"ဟုတ်ကဲ့ အမေ့ . . . ညောင်းနေလို့လား၊ သမီး နင်းပေးရမလား"

"မညောင်းပါဘူး သမီးရယ်၊ အမေ သမီးနဲ့ တိုင်ပင်စရာလေးရှိလို့"

"ပြောလေ အမေ . . . ဘာကိစ္စရှိလို့လဲဟင်"

ခါတိုင်းလည်း မကြာခဏ တိုင်ပင်နေကျမို့ အမေ့စကားတို့က ကျွန်မအတွက်ထူးဆန်းသည့်အရာများမဟုတ်ကြတော့။ အငယ်နှစ်ယောက်စလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြပြီဖြစ်၍ သားအမိနှစ်ယောက် အေးအေးဆေးဆေးစကားပြောနိုင်ရန် အိမ်ရှေ့ဝရန်တာတွင် လဲလျောင်းနေသောအမေ့နားသွားထိုင်လိုက်၏။ ကျွန်မထိုင်သည့်တိုင်အောင် အမေ့ထံမှ စကားသံထွက်မလာပေ။ အတော်လေးကြာမှ . . .

"ဒီတစ်ခါ ပစ္စည်းတွေသွားဝယ်တုန်းက သမီးဒေါ်ကြီး ကိစ္စတစ်ခုပြောလိုက်တယ်"

"ဘာကိစ္စလဲအမေ၊ ဒေါ်ကြီးက ဘာပြောလိုက်တာလဲ"

ကျွန်မအမေးကို အမေချက်ချင်းမဖြေ၊ ခဏငြိမ်နေပြီးမှ . . .

"နောက်နှစ် သမီး ဆယ်တန်းတက်ရင် သူ့ဆီမှာထားတဲ့၊ သမီးကို သူတို့ အိမ်ခေါ်ထားမလို့တဲ့လေ"

"ဟင်၊ ဘာဖြစ်လို့လဲ အမေရယ်၊ သမီး ဒီမှာပဲတက်ရင် ရတာပဲ မဟုတ်လား"

အမေ့စကားကြောင့် ကျွန်မ အလန့်တကြားပြန်မေးလိုက်မိ၏။ ဆွေမျိုးအရင်းအချာဖြစ်သည်ဆိုသော်လည်း ကိုယ့်မိခင် ရှိနေပါလျက်နှင့် သွားမနေချင်သည်မှာ အမှန်ပင်။

ကျွန်မ သဘောထားကို အမေသတိပြုမိသွားပုံရ၏။ ကျွန်မလက်ကို ဆုပ်ကိုင်ကာ ဖျာဖျာသလဲ ဖြေရှင်းလေသည်။

"ဪ၊ ဒီမှာတက်လဲ ရပါတယ်သမီးရဲ့၊ ရတယ် ရတယ်၊ သမီးဒေါ်ကြီးက မြို့ကြီးမှာဆိုတော့ ကျောင်းကောင်းကောင်းတက်ရတယ်၊ ကျူရှင်လဲကောင်းကောင်းယူလို့ရတယ်၊ နောက်ဆယ်တန်းအောင်ပြီးရင်လဲ တက္ကသိုလ်ဆက်တက်ဖို့ အဆင်ပြေတယ်ဆိုလို့ အမေက. . ."

စကား တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည့်အမေ့ကိုကြည့်ကာ ကျွန်မသဘောပေါက်စ ပြုလာလေသည်။ သားသမီး သုံးယောက်၏ တာဝန်ကိုပြည့်စုံသည်အထိ အမေ ယူနိုင်စွမ်းမရှိတော့ပြီ ထင်၏။ ထို့အပြင် ကျွန်မဆယ်တန်း အောင်သွားသည့်နောက် တက္ကသိုလ်ပညာ သင်ယူရန်စရိတ်က အစ အမေတစ်ယောက်တည်း တာဝန်ယူနိုင်ဖို့ မလွယ်။ အငယ်နှစ်ယောက် တာဝန်ကလည်း အမေ့တွင်ရှိနေသေး၏။

အမှန်အတိုင်းပြောရလျှင် တော့ မွေးကတည်းက ယခုအသက်အရွယ်အထိ နေထိုင်ခဲ့သည့်အိမ်၊ အဖေရှိစဉ်က မိသားစုပျော်ရွှင်စွာ တစ်ပေါင်းတစ်စည်းနေထိုင်ခဲ့ကြသည့်အိမ်၊ ယခု အဖေဆုံးသွားတော့လည်း စီးပွားရေးချောင်လည်လှသည်မဟုတ်သည့်တိုင် မိသားစု လေးယောက် နွေးနွေးထွေးထွေးနှင့်နေထိုင်နေသည့်အိမ်မှ ခွာမသွားချင်။ ဒီအမေနှင့်ညီမလေး၊ မောင်လေးတို့ဆီလည်း တစ်ခဏလေးမျှ ခွဲမသွားလို။

သို့သော်လည်း မျက်တောင်မွေးတဆုံးသာကြည့်ပြီး ကိုယ့်ဆန္ဒကို ရှေ့တန်းတင်၍ မဖြစ်သေး။ မျက်စိတဆုံးကြည့်မှဖြစ်မည်။ တော်ရုံတန်ရုံ အခက်အခဲလောက်နှင့် အမေ့ပါးစပ်မှ ဒီလိုစကားမျိုး ပြောထွက်လိမ့်မည်မဟုတ်။ ဒီစကားကို အမေ အတော်အားတင်းကာ ပြောရမည်ဖြစ်ကြောင်း ကျွန်မကောင်းစွာသိ၏။ ကျလုကျခင်မျက်ရည်ကို ကြိုးစားကာထိန်းလိုက်ရင်း. . .

"အဲဒီအစီအစဉ် မဆိုးဘူး အမေ၊ သမီးကြိုးစားပုံနဲ့ကျောင်းကောင်းကောင်းသာ တက်လိုက်ရလို့ကတော့ အနည်းဆုံးဂုဏ်ထူးလေးလုံးပဲ၊ သမီးသူငယ်ချင်းအစ်မ မမြတ်လေးကို ကြည့်ပါလား၊ သူ ဒီလောက်အတော်ကြီးလဲ မဟုတ်ဘူးတဲ့၊ ဒါတောင် ရန်ကုန်ကျောင်းကြီးမှာ သွားတက်တာလေ ဂုဏ်ထူးသုံးလုံးတောင်ပါတယ်တဲ့၊ ကောင်းတယ်အမေ . . . သမီးသွားတက်မယ်"

အမေ့စကားနှင့် လိုက်လျောညီထွေရှိအောင်ကျွန်မကြိုးစားပြီးအားတက်သရော ပြန်ပြောတော့လည်း အမေ တစ်ယောက် တွေတွေကြီး ဖြစ်သွားရှာ၏။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်သားသမီးကို ကိုယ့်ရင်ခွင်ထဲမှခွဲထုတ်ကာ တခြားတစ်နေရာသို့ ပို့ရမည့်အရေးကိုတော့ ဘယ်မိဘက စိတ်ကောင်းနိုင်မည်နည်း။ အခြေအနေအရပ်ရပ်ကိုသုံးသပ်ကာ ကျွန်မဒေါ်ကြီး ဒေါ်အေးသိန်းတို့အိမ်သို့ သွားနေရလေတော့သည်။

ရောက်ခါစမို့ နေသားမကျလှသေးသော်လည်း ကြီးကြီးမားမားပြဿနာဟူ၍တော့ မရှိလှ။ မွေးမိခင်ကို မမီနိုင်သော်လည်း ဒေါ်ကြီးက အတော်လေး ဂရုစိုက်၏။ ကံကောင်းသည်မှာ ဒေါ်ကြီးနှင့်စပ်မှ ဆွေမျိုးတော်ရသည့် ဦးငယ်သည်ပင် ပြောတာဆိုတာကအစ နွေးနွေးထွေးထွေး ရှိနေခြင်းပင်။ သားသမီးတစ်ယောက်မှမရှိကြသူများဖြစ်၍ ကျွန်မကို သမီးတစ်ယောက်လိုသဘောထားကြသည့်အတွက် နေပျော်သလိုလေးတော့ရှိလာရ၏။ အမေနှင့်မောင်၊ ညီမလေး တို့ကို လွမ်းသည့်စိတ်ဖြင့် မျက်ရည်လည်မိသည်ကတော့ အကြိမ်ကြိမ်။

"သမီးရေ ထက်ထက်. . . ဒီမှာ ဒေါ်ကြီးမိတ်ဆွေဆိုင်က ယူလာခဲ့တာ၊ ချုပ်ပြီးသားတွေ၊ သမီးခန္ဓာကိုယ်နဲ့မှန်းတော့မှန်းယူခဲ့တာပဲ၊ ဝတ်ကြည့်စမ်း"

"သမီးမှာ အဝတ်အစားတွေ ရှိပါတယ် ဒေါ်ကြီးရယ်၊ ပိုက်ဆံအပိုကုန်အောင် ဘာလို့ဝယ်လာတာလဲ၊ သမီးကို ကြိုပြောရင် သမီးကတားမှာ"

အပြင်ကပြန်အလာ သူ့အိတ်ထဲမှ အင်္ကျီလေး,ငါးထည် ထုတ်ပေးရင်း ပြောလိုက်သည့် ဒေါ်ကြီးဒေါ်အေးသိန်း စကားကြောင့် ကျွန်မ အားတုံ့အားနာဖြစ်စွာဖြင့် ပြောလိုက်မိ၏။ အင်္ကျီအားလုံး အကောင်းစားတွေ၊ ဈေးနည်းမည့်ပုံမပေါ်။

"ရှိရှိကွယ်. . . အမျိုးမျိုးဝတ်ရတာပေါ့၊ ဒီမှာက သမီးတို့ဆီကလိုမဟုတ်ဘူး၊ အပြိုင်ဝတ်ကြတာ၊ သူများထက်မသာတောင် အောက်မကျအောင် ဝတ်စမ်း သမီး"

ဒေါ်ကြီးစေတနာကို ကျွန်မ ကောင်းကောင်းနားလည်သည်။ အားနာနာနှင့်ပင် လက်ခံလိုက်ရ၏။ ကျွန်မ နေရသည်က အ. ထ. က(၁)။ ဆရာ၊ ဆရာမ များကလည်း အတော်လေး အသင်အပြကောင်းသည်။ ကြိုတင်လေ့လာထားပြီးဖြစ်သည့်အတွက် တကယ်ဆို ကျူရှင်မယူရင်တောင်ရ၏။ သို့သော်လည်း နာမည်ကြီး ကျူရှင်ဝိုင်းများသို့ ဦးငယ်ကိုယ်တိုင် လိုက်အပ်ပေးသည်။ သားသမီးက မရှိ၊ ငွေကြေးက မပူပင်ရသည့်အခြေအနေ။ ရောက်လာသောတူမကို နှစ်ယောက်စလုံး မိဘနှင့်မခြား ကျေးဇူးတင်ထိုက်သူများဟု ဆိုရမည်ပင်။

"ထက်ထက်ရေ. . . ဒီမှာ သမီး အမေဆီက စာလာတယ်ဟေ့"

ကျောင်းမှအပြန် စာအိတ်လေးလှမ်းပေးရင်း ပြောလိုက်သည့်ဦးငယ် စကားကြောင့် ကျွန်မ အတော်ပျော်သွားမိ၏။ စာအိတ်လေးယူပြီး ကျွန်မ အခန်းထဲဝင်ကာ ဖွင့်ကြည့်လိုက်သည်။ အမေ့စာ အရှည်ကြီးနှင့် မောင်လေး၊ ညီမလေးတို့၏ စာ။



သမီး အဆင်ပြေရဲ့လား၊ နေရထိုင်ရတာစိတ်ချမ်းသာရဲ့လား။ အကယ်၍ သမီးစိတ်ကျဉ်းကျပ်ရင် အချိန်မရွေး ပြန်လာခဲ့နော်။ အဆင်ပြေတယ်ဆိုရင်လည်း တစ်မျိုးပေါ့ကွယ်။ စာကြိုးစားနော် သမီး။ အမေတို့ သားအမိတစ်တွေ အတူတူပြန်နေနိုင်အောင် မြန်မြန်ဘွဲ့ရစေချင်ပါတယ် သမီးရယ်ဆိုသည့် အမေ့စာ။

ကျောင်းပိတ်တာနဲ့ သမီးတို့ဆီ အမြန်ဆုံးပြန်ခဲ့ပါနော်။

မမကြီးကို သားတို့ လွမ်းလှပြီ၊ သားတို့နဲ့ ပြန်လာနေပါတော့။

ဆိုသည့် ညီမလေးနှင့် မောင်လေးတို့၏စာများကိုဖတ်ပြီး မျက်ရည်လည်ရုံသာမက ထိန်းမနိုင်သိမ်းမရဖြစ်သည်အထိ ငိုရလေတော့သည်။

သမီး စိတ်မကျဉ်းကျပ်ပါဘူး အမေ။ အဆင်လည်း ပြေပါတယ်။ ဦးငယ်ရော, ဒေါ်ကြီးရော သမီးကို အရမ်းဂရုစိုက်ကြပါတယ်ဆိုသည့်စာလေး ပြန်ပို့တော့ သမီးအတန့်တန်တားနေတဲ့ကြားက ဦးငယ်နဲ့ဒေါ်ကြီးတို့ ရွှေဆွဲကြိုး ငါးမူးသားဝယ်ဆင်တယ်အမေ ဆိုသောအကြောင်းလေး ရေးဖြစ်အောင် ရေးထည့်လိုက်၏။

တကယ်လည်း ဂရုစိုက်ကြပါသည်။ အိမ်ကို လွမ်းရသည်ကလွဲပြီး တခြားအဆင်မပြေစရာအကြောင်း ဘာတစ်ခုမှမရှိ။

အမေနှင့်နေစဉ်က အခက်အခဲမျိုးစုံကို အမေနှင့်အတူ ရင်ဆိုင်ဖြေရှင်းလာခဲ့သည့်နောက် ကျွန်မ အားလုံးနှင့် လိုက်လျောညီအောင် နေတတ်သွား၏။ ဒီအတွက် ဦးငယ်တို့အိမ်တွင် ဘာမှပြဿနာကြီးငယ် မဖြစ်ခဲ့။ အလိုက်သိတတ်စွာ နေခြင်းကြောင့် ကျွန်မအပေါ် အသနားတောင် ပိုနေကြ၏။

ဆုံးဖြတ်ချက်က ပို၍ခိုင်မာလာလေသည်။ တစ်နှစ်တစ်တန်း ထူးထူးချွန်ချွန်အောင်ပြီး အမြန်ဆုံးဘွဲ့ရပါမှ၊ ဒါမှလည်း ဆန္ဒရှိသည့်အတိုင်း အမေ၊





www.burmeseclassic.com

www.burmeseclassic.com

ညီမလေး၊ မောင်လေးတို့နှင့် ပျော်ပျော်ကြီး နေကြရမည် မဟုတ်ပါလား။

❑

"ငါမပြောဘူးလား မလွင်၊ ညည်းသမီးလေးကို ဒီဆယ်တန်းကျောင်း ကောင်းကောင်းသာထားလိုက်ရင် ထူးထူးချွန်ချွန် အောင်မှာပါလို့၊ ကဲ. . . အခု ပြီးရော. . . သူ့ဘဝတစ်လျှောက် ဂုဏ်နဲ့ဒြပ်နဲ့ မျက်နှာငယ်စရာဘာမှမရှိတော့ဘူး"

ဆယ်တန်းစာမေးပွဲကြီး ပြီးခါစက အမေတို့အိမ် ကျွန်မ ပြန်ရ၏။ သို့သော်လည်း ကြာကြာနေခွင့်မရခဲ့။ တစ်ပတ်လောက် ကြာရုံသာ ရှိသေးသည်။

"ထက်ထက်မရှိတော့ နေရ ထိုင်ရတာ အဆင်မပြေဘူး"

ဟုဆိုကာ ဒေါ်ကြီး ဒေါ်အေးသိန်း လာခေါ်၏။

အမေ၊ ညီမလေး၊ မောင်လေးတို့နှင့် အားရအောင်တောင်မနေလိုက်ရ။ ရင်ထဲကပါသည့်စကား ဟုတ်မဟုတ်တော့ မသိနိုင်။

"သမီးဦးငယ်နဲ့ ဒေါ်ကြီးတို့နှစ်ယောက်တည်းဆိုတော့ နေရထိုင်ရတာ ခြောက်ကပ်ကပ်ကြီးဖြစ်နေကြမှာ၊ လိုက်သွားလိုက်ပါ သမီးရယ်"

ဆိုသည့် အမေ့ စကားကြောင့် ကျွန်မ ပြန်လိုက်သွားရ၏။ ကျောင်းပိတ်ထားသော ကာလတစ်လျှောက် အမေ သူ့သားသမီးတွေ စုံစုံညီညီနှင့် ပျော်ရွှင်စွာ နေလိုသည့်ဆန္ဒရှိကြောင်း ကျွန်မ ကောင်းစွာသိသည်။ သို့သော်လည်း အမေ သူ့အစ်မကို အတိုက်အခံ လုပ်လိုခြင်း ရှိဟန်မတူ။

ဦးငယ်နှင့် ဒေါ်ကြီးတို့ကလည်း ပြောစရာမရှိအောင် ကောင်းကြ၏။ ကျွန်မကို တာဝန်ယူ ကျွေးမွေး ပညာသင်ပေးရုံသာမက မောင်လေး၊ ညီမလေးတို့အတွက် ကြုံလျှင် ကြုံသလို အဝတ်အစား၊ ပိုက်ဆံ အစရှိသည်ဖြင့် ပေးတတ်လေသည်။

ဟော, ဆယ်တန်းအောင်စာရင်းထွက်တော့ ကျွန်မ ဂုဏ်ထူးငါးဘာသာပါ၏။ ကိုယ်ဖြေခဲ့သည်ကို ကိုယ်သာ အသိဆုံးပါ။ ကျန်တစ်ဘာသာကလည်း ဂုဏ်ထူးမရရုံတစ်မည် ဖြစ်ပေလိမ့်မည်။ ကျိန်းသေ ဆေးတက္ကသိုလ်ဝင်လောက်၏။ ဒေါ်ကြီးက အလိုက်သိရှာသည်။

"ညည်းအမေသာသိကြည့် ဘယ်လောက်များ ဝမ်းသာလိုက်မလဲအေ"

ဟုဆိုကာ အမေ့အိမ် သူကိုယ်တိုင်လိုက်ပို့ပေး၏။

အခြေအနေကလည်း သူ ကြိုတင်တွက်ကိန်းထုတ်ထားသည်နှင့် ထပ်တူထပ်မျှ ဖြစ်လာသည့်အတွက်. . .

"ငါမပြောဘူးလား မလွင်၊ ညည်းသမီးလေးကို ဒီဆယ်တန်းကျောင်းလေး ကောင်းကောင်းသာထားလိုက်ရင် ထူးထူးချွန်ချွန် အောင်မှာပါလို့၊ ကဲ အခု ပြီးရော . . . သူ့ဘဝတစ်လျှောက်လုံး ဂုဏ်နဲ့ဒြပ်နဲ့မျက်နှာငယ်စရာ ဘာမှမရှိတော့ဘူး"ဟု ဝမ်းသာအားရပြောလိုက်ခြင်းဖြစ်၏။

"ဟုတ်ပါတယ် မမရယ်၊ သမီးကြီးကလဲ တော်၊ လိုလေသေးမရှိ ပြည့်စုံအောင်ပံ့ပိုးပေးနိုင်တဲ့ မမတို့ရှိလို့လဲ အခုလို ဖြစ်လာရတာပါ။ ကျေးဇူးကြီးလှပါတယ် မမရယ်၊ ကျွန်မ အခြေအနေနဲ့ဆို ကျွန်မသမီးကြီး ခုလောက်အထိ အောင်မြင်မှုမျိုးရချင်မှရမှာ၊ နောက်ပြီးကျောင်းဆက်တက်ဖို့လဲ . . ."

ကျွန်မ အောင်မြင်မှုအတွက် အမေ အတော်ပျော်နေလေသည်။

မမျှော်မှန်းနိုင်လောက်အောင် ကုန်မည့် ကျောင်းစရိတ်အတွက်တော့ အားတုံ့အားနာဖြစ်နေသည့်ပုံပင်။

"ဆေးကျောင်းတက်တဲ့ စရိတ်က ကုန်တော့အတော်ကုန်မှာပဲ၊ ဒါပေမဲ့ ညည်း ဘာမှမပူပါနဲ့အေ၊ ထက်ထက် ဆရာဝန်မကြီးဖြစ်လာဖို့ ငါတို့တာဝန်ထား"

အမေ့အဖို့တော့ ဒေါ်ကြီးပြောလိုက်သည့် စကားတို့က အတော် ရင်အေးစရာ ကောင်း၏။ မျက်နှာပေါ်က အပြုံးရိပ်ကလေးတောင် ပို၍ပီပြင်လာသလိုပင်။ ဒေါ်ကြီးက ပြောလက်စ သူ့စကားတို့ကို ဆက်ပြော၏။

စကားအဆုံး အမေ့အပြုံးရိပ် မသိမသာ ပျက်ပြယ်သွားလေသည်။

ကြားလိုက်ရသည့် စကားတို့က တကယ့်ကိုထင်မှတ်မထားသော စကား။

"တစ်ခုတော့ ပြောထားမယ်နော်၊ ငါညီမ. . . ညည်းမှာလဲ အငယ်နှစ်ယောက် ရှိနေတာ၊ ထက်ထက်ကို တစ်သက်လုံး ငါတို့နဲ့ပဲထားတော့၊ ငါတို့မှာကလည်းကိုယ်မယားနှစ်ယောက်တည်း၊ အခုကိစ္စမရှိဘူး၊ နောင်တစ်ချိန် အဖော်သဟဲဆိုတာ လိုတယ်၊ ကိုယ့်ဆွေရင်းမျိုးရင်းဆိုတော့ ဘာမှအားနာနေစရာ မလိုဘူးပေါ့၊ ငါတို့ အပြီးခေါ်ထားပေမယ့် ညည်းသမီးကတော့ ညည်းသမီးပါပဲအေ. . . ဟုတ်ဘူးလား"

ကျွန်မ အမေ့ကို ကြည့်လိုက်တော့ အမေ့မျက်ဝန်းအိမ်တွင် မျက်ရည်တို့ရစ်ဝဲ၍နေသယောင်။ ဒေါ်ကြီးဆန္ဒကို အမေတစ်ယောက် နှုတ်မှဖွင့်ဟ၍တောင် အဖြေပေးနိုင်စွမ်း ရှိပုံမပေါ်။ လက်ရှိ အခြေအနေက အကြောင်းအမျိုးမျိုးတို့ကိုထောက်ကာ ခါးခါးသီးသီး ငြင်းဆန်ရန် မဖြစ်ကြောင်း အမေ ကောင်းစွာ သဘောပေါက်ပုံရ၏။

မချိပြုံးလေးဖြင့် ခေါင်းတစ်ချက်အညိတ် ကျွန်မတွေ့မြင်လိုက်ရသည်က ဖျာပေါ်သို့ ကျသွားသော အမေ့မျက်ရည်တစ်စက်ပင်။

ဖွင့်ပြောလိမ့်မည် မဟုတ်သော်လည်း အမေ့ရင်ထဲက သောကလှိုင်းတို့ ပြင်းစွာ ရိုက်ခတ်နေမည် ဆိုသည်ကတော့ အမှန်ပင်ဖြစ်၏။

သင်ဆရာ မြင်ဆရာ ကြားဆရာ များအား
အစဉ်ဂါရဝပြုလျက်...

❑ သစ္စာဦး(ပေယျာမြေ)



www.burmeseclassic.com

www.burmeseclassic.com

# သိုက်ချုပ်ဝိဇ္ဇာ ဦးဖိုးနော်

အောင်ကြည်သန်း(ဖောင်တော်သီ)



(၁)

ကာလအားဖြင့် မြန်မာနိုင်ငံတွင် ဂျပန်များစိုးမိုးနေသောကာလဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးဒိုက်ဦးမြို့နယ်အပိုင်းတွင် ဖောင်တော်သီကျေးရွာကြီး တစ်ရွာရှိသည်။ ရွာကို အပိုင်းခွဲ၍ကြည့်လျှင် ဈေးပိုင်း၊ ရွာသစ်ပိုင်း၊ တရုတ်တန်း၊ အုတ်ဖိုစု၊ ပေါက်တပင်၊ ရှမ်းစု၊ ခနာစု၊ အောင်မင်္ဂလာ၊ ရွာမ စသည်ဖြင့်ရှိနေသည်။

ရွာ၏အရှေ့ဘက် နေထွက်ချိန်လေးကို စောင့်ကြည့်လျှင် ကောင်းကင်ပြာပြာအောက်တွင် ညို့မှိုင်းနေသည့် အရှေ့ရိုးမတောင်တန်းကြီးကို မေးတင်ထွက်လာသည့် နေဝန်းနီနီကြီးနှင့် နံနက်ဆည်းဆာအလှကို တွေ့မြင်ခံစားနိုင်ပေသည်။

ညနေ နေဝင်ခါနီးတွင်လည်း ရွာအနောက်ဘက်သို့ကြည့်လျှင် တိမ်ဖြူ၊ တိမ်ပြာ၊ တိမ်ညို တိမ်တောင်တို့အောက် စိမ်းလန်းစိုပြည်သော ပဲခူးရိုးမတောင်တန်းကြီး နောက်ဘက်ဆီသို့ နေဝန်းနီနီကြီး ပုန်းလျှိုးကွယ်ပျောက်သွားသည့် ညနေဆည်းဆာ သဘာဝအလှကို ကြည်နူးဖွယ် တွေ့မြင်ခံစားနိုင်ပေသည်။

ရွာက သွားရေးလာရေး လွယ်ကူသည်။ ပေါက်တပင်၊ ရှမ်းစုဘက်မှ ဖြတ်သွားသော ရန်ကုန်-မန္တလေး ကားလမ်းမကြီးရှိသည်။ ခနာစုအနောက်ပိုင်း၊ တရုတ်တန်း၊ ဈေးပိုင်း၊ ရွာသစ်ပိုင်းဘက်မှ ဖြတ်သွားသည့် ရန်ကုန်-မန္တလေး ရထားလမ်းရှိသည်။ ဈေးပိုင်းတွင် ဖောင်တော်သီ ရထားဘူတာရုံရှိသည်။ ရွာတွင် ဘုန်းတော်ကြီးကျောင်း၊ စေတီ၊ သတ္တဌာနဘုရား၊ အစိုးရစာသင်ကျောင်း၊





www.burmeseclassic.com

www.burmeseclassic.com

ဈေးရုံ၊ ဆေးပေးခန်း၊ ရဲစခန်းတို့လည်း ရှိသည်။ ရွာကြီးတွင် တောင်သူလယ်သမား အများစုနေထိုင်ကြသည်။ အေးချမ်းသာယာသော ရွာကြီးဖြစ်ပေသည်။

## (၂)

ဖောင်တော်သီ ရွာမအရှေ့ပိုင်းတွင် ဖိုးနော်တို့အိမ် ရှိသည်။ ဖိုးနော်က အရပ်ထောင်ထောင်မောင်းမောင်း ဥပမိရုပ်ကောင်းသည်။ ရှေးမြန်မာများကဲ့သို့ ဦးခေါင်းတွင် သျှောင်ထုံးနှင့်ဖြစ်သည်။ အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိသည်။ မိဘလက်ငုတ် လယ်အလုပ်ကို လုပ်ကိုင်သည်။

ဖိုးနော်၏ မွေးချင်းပေါက်ဖော်များမှာ ဖိုးကော်၊ မောင်သီ၊ မရွှေမြ၊ မလှရွှေ၊ မငွေ တို့ဖြစ်ကြသည်။ တစ်မိပေါက်တစ်ယောက်ထွန်း ဆိုသကဲ့သို့ မွေးချင်းထဲတွင် ဖိုးနော်က သတ္တိဗျတ္တိကောင်းပြီး ခပ်မိုက်မိုက်နေတတ်သည်။

"ညစ်မယ်ဆို ရေပစ်လို့ မသစ်တဲ့မျက်နှာ၊ မဖြောင့်ဘူးဆိုလျှင် ဝက်ပါသည်က၊ သူမာရင် စိန်မကပါဘူး၊ သူတင်းက ပြတ်မယ်" ဆို ့ ဦးပုညတေးထပ်ထဲက လူစား ။ အပေါင်းအသင်းများနှင့် သောက်စားကာ အချိန်ကုန်တတ်သည်။ သူ့ရဲ့အပေါင်းအသင်းတွေက လူကောင်းနည်းပြီး လူဆိုးများပြတွေက များသည်။

လူဆိုးတွေက ဖိုးနော်ကို ဆရာတင်ထားကြသည်။ တင်မယ်ဆိုလည်း တင်ထိုက်ပေသည်။ သူ့အရက်မန်းက လူဆိုးတွေအတွက် အသက်တမျှ အားထားစရာ ဖြစ်နေသည်။

ဖိုးနော် အရက်ခွက်ကိုကိုင်ပြီး ဂါထာတွေ ရွတ်ကာ မန်းလိုက်လျှင် အရက်တွေ ရေနွေးဆူသကဲ့သို့ ပွက်ပွက်ဆူလာသည်။ အရက်မန်း သောက်ထားလျှင် ကာယသိဒ္ဓိအတွက် တစ်ပွဲတိုးစိတ်ချရသည်။ တုတ်၊ ဓား၊ လှံ၊ သေနတ် အကုန်ပြီးသည်။

## (၃)

ဖိုးနော်၏ မိခင်သည် ဘာသာတရားလေးစားပြီး ကိုယ်ကျင့်သီလနှင့်ပြည့်စုံသူဖြစ်သည်။ ဖိုးနော် အကုသိုလ်အလုပ်တွေ လုပ်နေတာလည်းသိသည်။ ဆိုးသည့်သားကိုမှ အချစ်ပိုနေသလား မသိပါ။ သားကို ကုသိုလ်နှင့်စပ်သောအလုပ်တွေသာ လုပ်စေချင်သည်။ သားကို အမြဲသွန်သင်ဆုံးမသည်။

တစ်နေ့နံနက်တွင် . . .

"သား ဖိုးနော်"

"ဗျာ အမေ ပြောလေ၊ သားကို ဘာမှာမလို့လဲ"

"ဒီလို သားရဲ့၊ ဒီဂျပန်ခေတ်ကြီးကလဲ ကောင်းဟာမဟုတ်ဘူး၊ လူတွေ အငတ်ဘေး၊ ရောဂါဘေး၊ လက်နက်ဘေးတွေ ကြုံနေကြရတယ်၊ ဒီတော့ သားရယ် ဘုရား တရား သံဃာ ရတနာသုံးပါးကို မမေ့ပါနဲ့၊ အမေတို့မှာ အားကိုးစရာ ဒါပဲရှိတာ"

"ဟုတ်ကဲ့ပါ အမေ"

"သား သူတစ်ပါးကို ရိုက်တာတွေ၊ သတ်တာတွေ မလုပ်ပါနဲ့၊ လုပ်မိရင် ပါဏာတိပါတကံက ကြောက်ဖို့ကောင်းတယ်၊ သိဉ္စိုး၊ ကာလသုတ်၊ သံဃာတ၊ ရောရုဝ၊ မဟာရောရုဝ၊ တာပန၊ မဟာတာပန၊ အဝီစိ ဆိုတဲ့ ငရဲကြီး ရှစ်ထပ် တစ်ထပ်ထပ်မှာ ကျသွားမယ်၊ ငရဲကျသွားရင် လူပြန်ဖြစ်ဖို့ရာ နှစ်တွေရှည်ကြာတယ်၊ ဒုက္ခဝေဒနာတွေပဲ ခံစားနေရမှာ၊ သား နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားတွေ၊ သစ္စာလေးပါးသိမယ့်တရားတွေကို အားမထုတ်နိုင်သေးရင်တောင် အကုသိုလ်တရားတွေ မဖြစ်အောင်နေပါ သားရယ်"

"ဟုတ်ကဲ့ပါ အမေ"

ဖိုးနော်တစ်ယောက် မိခင်ပြောသခိုက် သူတော်ကောင်းစိတ် ဝင်နေသည်။ အပေါင်းအသင်းများနှင့် ဆုံပြန်တော့လည်း သောက်မြဲ၊ ပျော်မြဲ၊ ဆိုးမြဲပါပဲ။

## (၄)

တစ်နေ့ ညဉ့်သန်းခေါင်ကျော်တွင် ဖိုးနော်ကို ဂျပန်စစ်သားတွေ လာဖမ်းသွားသည်။ ဂျပန်ကို တော်လှန်ပုန်ကန်သည်ဟုစွပ်စွဲကာဖမ်းသွားကြသည်။ နှစ်ရက် သုံးရက် ရိုက်နှက်နှိပ်စက်ကာ စစ်ဆေးသည်။ အိမ်သူ အိမ်သားများနှင့် လုံးဝပေးမတွေ့ပါ။ ဂျပန်စစ်ဗိုလ်ကြီးက ဖိုးနော်ကို နံနက်မိုးလင်းလျှင် သတ်ရန်အမိန့်ချလိုက်သည်။ ဖိုးနော်၏ ခြေလက်တွေကို ကြိုးနှင့် ဝက်တုပ် တုပ်နှောင်ပြီး အချုပ်တဲ ထုပ်တန်းတွင် တွဲလောင်းချိတ်ဆွဲထားသည်။

နံနက်ရောက်လျှင် သေရမည်ကို ဖိုးနော် သိနေသည်။ သေရမှာကို မကြောက်ပါ။ အမေဖြစ်စေချင်သလို သူတော်ကောင်းတစ်ယောက်လို နေပြချင်သေးသည်။ မဖြစ်သေးတဲ့အကုသိုလ်တရားတွေကို မဖြစ်အောင် အားထုတ်ချင်သေးသည်။ ဖြစ်ပြီးတဲ့ အကုသိုလ်တရားတွေကို ဆက်မဖြစ်အောင် အားထုတ်ချင်သေးသည်။ မဖြစ်သေးတဲ့ ကုသိုလ်တရားတွေကို ဖြစ်အောင်အားထုတ်ချင်သေးသည်။ ဖြစ်ပြီးတဲ့ကုသိုလ်တရားတွေကို တိုးပွားအောင် အားထုတ်ချင်သေးသည်။ ဩော် . . . နောင်တဆိုတာ နောင်မှ တနေရပါတကား ဟု ဖိုးနော် တွေးနေမိသည်။

မိုးဦးကျစ ကာလလေးဖြစ်သည်။ အချုပ်ခန်းတွင် လေမဝင်ဘဲ ပူအိုက်နေသဖြင့် ဇောချွေးပြန်နေသည်။ ညဉ့်နက်သန်းခေါင်အချိန် ရောက်လာသဖြင့် လရောင်မရှိ မှောင်မည်းနေပြီး ဖားအော်သံ၊ ပုရစ်အော်သံတို့ကို ကြားနေရသည်။ ညဉ့် ၁ နာရီ အုန်းမောင်းခေါက်သံကို ကြားလိုက်ရသည်။ တစ်ဆက်တည်း ရွာမြောက်ဖျားဆီက ခွေးအူသံတွေကိုပါ ကြားလိုက်ရသည်။

မကြာမီ ငုံးငှက်သုံးကောင် ပျံဝဲလာပြီး ထုပ်တန်းတွင်နားကာ "ကစ် ကစ် ကစ်" ဟု အသံတိုးတိုးအော်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးနော် ကြောင်အမ်းအမ်းဖြင့် ငေးပြီး ကြည့်နေစဉ် ငုံးငှက်တွေက ဖိုးနော်၏ ခြေလက်တွေမှာ တုပ်ထားသည့် ကြိုးတွေကို ကိုက်ဖြတ်လိုက်သည်။ ကြိုးပြတ်ပြီး ဖိုးနော် မြေကြီးပေါ်သို့ ဖုတ်ခနဲပြုတ်ကျသွားသည်။ ဟိုကြည့် ဒီကြည့် ကြည့်လိုက်ရာ အိပ်ပျော်နေသော ညကင်းစောင့် ဂျပန်စစ်သားတွေကို တွေ့ရ၍ အချုပ်ခန်းမှ ထွက်ပြေးခဲ့သည်။

(၅)

ဖိုးနော် ဂျပန်တွေလက်က လွတ်ပြီး ဝရမ်းပြေးဘဝဖြင့် ပုန်းလျှိုးကွယ်လျှိုးနေခဲ့သည်။ ဘဝပဋ္ဌာန်းဆက် ပရလောကသားများက အသက်ကို ကယ်တင်လိုက်သည်ဟု ဖိုးနော် သိနေသည်။ ထိုအချိန်မှစ၍ ဖိုးနော်တစ်ယောက် သံဝေဂတရားတွေရပြီး ဝတ်ကြောင်ကို စွန့်ကာ ပိတ်ဖြူပုဆိုးနှင့် အင်္ကျီအဖြူ လက်ရှည်ကို ဝတ်သည်။ ပိတ်ဖြူတဘက်ကို စလွယ်သိုင်းပတ်ပြီး ဘယ်ဘက်ပခုံးတွင် တင်ထားသည်။ ကိုးပါးသီလကို သက်ဆုံးတိုင်စောင့်ထိန်းကာ သူတော်စင်ဘဝသို့ ကူးပြောင်းလာခဲ့သည်။

ပဲခူးရိုးမတောင်တန်းကြီးသို့ သွား၍ တရားဘာဝနာ ပွားများအားထုတ်သည်။ တောကြား၊ တောင်ကြား၊ လှိုဏ်မြောင်၊ လိုဏ်ဂူတို့တွင် တရားအားထုတ်ပြီး နေလာခဲ့သည်မှာ တစ်နှစ်ကျော်ကြာသွားသည်။ မြန်မာနိုင်ငံမှ ဂျပန်တပ်များ ဆုတ်ခွာသွားပြီးနောက် အိမ်သို့ ပြန်လာခဲ့သည်။ ပြန်လာချိန်တွင် ဖိုးနော်၏မိခင် မရှိတော့ပါ။ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ပြီးဖြစ်သည်။ ဖိုးနော်က . . .

"ငါ လူဆိုးဘဝက ကျွတ်ပြီး သူတော်ကောင်းတရားတွေ အားထုတ်နေတာ အမေ့ကို မြင်စေချင်လိုက်တာ၊ အမေ မမြင်သွားရတာ ငါ အရမ်းဝမ်းနည်းမိတယ်" ဟု သူ့ညီအစ်ကို မောင်နှမများ၊ တူ၊ တူမများကို ပြောပြနေတော့သည်။

(၆)

ဖိုးနော်တစ်ယောက် မိဘလက်ငုတ်လယ်ယာအလုပ်ကိုဆက်လုပ်သော်လည်း တူ၊ တူမများကိုသာ တာဝန်လွှဲထားသည်။ မိမိကိုယ်တိုင်က ရှေးမင်းစဉ်မင်းဆက်က စေတီအဟောင်းများကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းအလုပ်တွေကိုသာ လုပ်ဆောင်နေသည်။ မြေအောက်တွင် တိမ်မြုပ်ပျောက်ကွယ်နေသောစေတီဟောင်းနေရာများကို အာရုံတွင် ထင်ထင်ရှားရှား မြင်လာတတ်သည်။ ထိုအခါ ရွာသူ ရွာသားများ အကူအညီဖြင့် တူးဖော်ပြီး စေတီအသစ် ပြန်လည်တည်သည်။

ပဲခူးရိုးမတောင်တစ်ကြောတွင်လည်း စေတီပေါင်းများစွာ တည်ထားခဲ့သည်။ သူတော်စင်ဖိုးနော်ဟု လူသိများပြီး လူအများ၏ လေးစားခြင်းခံလာရသည်။ ဦးဖိုးနော်ကို အိမ်တွင် သိပ်မတွေ့ရတတ်ပါ။ ထိပ်လက်ကိုင်ဘက်တွင် နဂါးဦးခေါင်းပုံပါ ကြိမ်လုံးတောင်ဝှေးတစ်ချောင်းကို ကိုင်ဆောင်ကာ ခရီးထွက်နေလေ့ရှိသည်။ ဘုရားလိုက်တည်နေလေ့ရှိသည်။ ဘုရားတည်ရန် လိုအပ်သည့် ထုံးများကို ရထားတွဲလိုက် မှာယူပြီး အိမ်အောက်ထပ်တွင် သိုလှောင်ထားသည်။

(၇)

တစ်နှစ် ဖောင်တော်သီ ရွာမအရှေ့မြောက်ဘက်တွင် အလောင်းစည်သူမင်းကြီး တည်သွားသော ဖောင်တော်ဦးစေတီ တည်နေရာကိုသိရှိပြီး တူးဖော်ကာအသစ်ပြန်လည်တည်သည်။ ဘုရားကုန်းနေရာ တူးဖော်ရာသို့ မအေးချစ်၊ မအေးနှစ်နှင့် ဦးဖိုးနော်တူမ မတင်ဥတို့လည်း လုပ်အားသွားပေးကြသည်။ မအေးချစ် မဏ္ဍပ်အတွင်း တီးနေသည့် ကြေးစည်သံလေးကို ကြားလိုက်မှ ညက ကြားနေသည့် ကြေးစည်သံလေးမှန်း သိလိုက်ရသည်။

"ဦးလေး ညက လယ်တဲကနေ ဒီကြေးစည်သံလေးကို ကြားနေရတယ်"

"အေး၊ ကြေးစည်လေးက သေးပေမယ့် ငါ ဓာတ်နဲ့လွှတ်ထားလို့ သုံးလေးမိုင်အထိ ပဋ္ဌာန်းဆက်တွေ ကြားနိုင်တယ်"

"အင်း. . . ဒီကနေ လယ်တဲက တစ်မိုင်ခွဲကျော်မယ်၊ ဦးလေး ဓာတ်နဲ့လွှတ်ထားလို့ ကြားရတာကိုး၊ ဦးလေး ကျွန်မတို့ ဘုရားကုန်းဟောင်းတွင်းထဲက ရေတွေ ရွှံ့တွေ သွားဆယ်လိုက်ဦးမယ်"

"အေး အေး. . . သွားလုပ်ကြ၊ ကုသိုလ်ယူကြပေ့"

မအေးချစ်တို့တစ်တွေ တွင်းထဲမှ ရွှံ့တွေ ရေတွေ အပေါ်သို့ ခပ်တင်ဆွဲတင်ကြသည်။ တစ်နာရီခန့် ကြာအောင် ခပ်တင်သော်လည်း ပြာလှဲ့လှဲ့ ရေကြည်တွေက ခပ်လို့မနိုင် ဖြစ်နေသည်။

ခဏအကြာတွင် ဦးဖိုးနော် တွင်းနှုတ်ခမ်းပေါ်သို့ ရောက်လာပြီး. . .

"အေးချစ်၊ နင်တို့တွေ အပေါ်ပြန်တက်ကြတော့၊ အောက်မှာ နဂါးရှိနေတယ်၊ ရေတွေ ခပ်လို့နိုင်မှာမဟုတ်ဘူး" ဟု ပြောသဖြင့် အားလုံးအပေါ်သို့ ပြန်တက်လာခဲ့ကြသည်။

မဏ္ဍပ်ဘက်သို့ နားနေရန်သွားကြစဉ် ဦးဖိုးနော်က လက်ထဲမှ တောင်ဝှေးဖြင့် တွင်းပတ်လည်ကို လိုက်ရိုက်လိုက်သည်။

"အုန်း. . . အုန်း. . . အုန်း"

မြေပြိုသံများ ကြားရသဖြင့် မအေးချစ်တို့ နောက်ပြန်လှည့်ကြည့်လိုက်ကြရာ တွင်းနှုတ်ခမ်းမြေများ နှစ်ပေစီလောက် အောက်သို့ ပြိုကျသွားသည်ကိုအံ့ဩဖွယ်တွေ့လိုက်ကြရသည်။ မအေးချစ်တို့ မဏ္ဍပ်တွင်နားပြီးနောက် တွင်းမှ ရေပြာပြာများကို ခပ်ထုတ်ကြရာ မကြာခင် ကုန်စင်သွားသည်။

မဏ္ဍပ်အတွင်း နားနေကြစဉ် ဦးဖိုးနော်က ဘုရားသမိုင်းအကြောင်းကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

"အလောင်းစည်သူမင်းကြီး ကရဝိက်ဖောင်တော်စီးပြီး တိုင်းခန်းလှည့်လည်စဉ်က ဒီနေရာကို ရောက်ခဲ့တယ်၊ ဖောင်တော်ဦးခိုက်သည့် နေရာဖြစ်လို့ ဘုရားတစ်ဆူ တည်ခဲ့တယ်၊ ဖောင်တော်ဦးဘုရားလို့ သမုတ်ခဲ့တယ်၊ အခု မင်းတို့တစ်တွေ ဝိုင်းဝန်းတည်နေကြတဲ့ဒီဘုရားပေါ့၊ တို့ ဒီရွာကြီးကို ကရဝိက်ဖောင်တော် ပတ်သီပြီး ခရီးဆက်သွားကြတာကို အစွဲပြုပြီး ဖောင်တော်သီရွာလို့ ခေါ်တွင်လာခဲ့တယ်"

ဘုရားတည် လုပ်အားပေးများကလည်း . . .

"ဦးလေး ပြောပြမှပဲ ကိုယ့်ရွာနာမည်အကြောင်း သိရတော့တယ်"

"အေးအေး၊ ကိုယ့်ရွာ ကိုယ့်နယ် အကြောင်းလဲ သိထားရမယ်၊ ကိုယ့်အိမ်၊ ကိုယ့်ရွာ၊ ကိုယ့်မြို့၊ ကိုယ့်နယ်၊ ကိုယ့်တိုင်းပြည်မှာလဲ ဗုဒ္ဓသာသနာတွေ ထွန်းလင်းတောက်ပလာအောင် ဆောင်ရွက်ကြရမယ်၊

အင်း . . . မင်းတို့တစ်တွေ လယ်ယာလုပ်ကိုင်ကြရတော့ ငါးရှာ၊ ဖားရှာကလဲ မကင်းနိုင်ကြပေဘူးပေါ့၊ ဒါပေမဲ့ ဘုရား တရား သံဃာ ဆရာမိဘကိုတော့ မေ့မထားကြနဲ့ကွ"

"ဟုတ်ကဲ့ပါ ဦး"

"အေး . . . မင်းတို့တွေ အခုလို ကုသိုလ်ပြုကြတာ နတ်လူသာဓုခေါ်ကြပါတယ်၊ သာဓု သာဓု သာဓု၊ ညနေချမ်းချိန် ရောက်လာပြီ၊ မပြန်ခင် ဘုရားရှိခိုး တရားဘာဝနာ နိုင်သလောက်ရှုမှတ်ပွားများပြီးမှ ပြန်ကြ"

"ဟုတ်ကဲ့ပါ ဦးလေး"

အချိန်က နွေဦးကာလ ဖြစ်သဖြင့် နွေဦး လေရူးတွေက ဝေ့ကာဝိုက်ကာ တိုက်လာနေသည်။

လေအဝေ့တွင် စိမ်းရွှေရွှေ မြေသင်းနံ့နှင့်အတူ ပိတောက်ပန်းရနံ့တွေက မဏ္ဍပ်တွင်း သင်းပျံ့လို့သွားလေသည်။

လမကြာခင် ဘုရားတည်ပြီးလို့ ထီးတင်ပွဲ ကျင်းပနိုင်ခဲ့လေသည်။

## (၈)

မိုးကောင်းကင်ထက် ကြယ်မစုံ လမသာ မှောင်မည်းသော ညတစ်ည။ လူငါးယောက် မှောင်ရိပ်ခိုပြီး ဦးဖိုးနော်၏ အိမ်ခြံဝင်းထဲသို့ လှမ်းဝင်လာကြသည်။ ခေါင်းဆောင်က ခြောက်လုံးပြူး သေနတ်ကို ကိုင်ထားသည်။ ငယ်သားများက ရိုင်ဖယ်ကိုယ်စီ ကိုင်ဆောင်ထားကြသည်။ ခေါင်းဆောင် အချက်ပြလိုက်သည်နှင့် အိမ်ပေါ်သို့ သေနတ်ချိန်ကာ ပြိုင်တူတက်ကြသည်။ အိမ်ပေါ်ရောက်သည်နှင့် ခေါင်းဆောင်လုပ်သူက. . .

"တစ်ယောက်မှ မလှုပ်နဲ့ ခုခံမယ် မကြံနဲ့၊ အကုန် မသာဖြစ်သွားမယ်၊ လက်မြှောက်ပြီး ထွက်လာကြ"

ဦးဖိုးနော် တောင်ဝှေးကိုင်ကာ အခန်းအပြင်သို့ လှမ်းထွက်လိုက်ပြီး တောင်ဝှေးကို ကြမ်းပြင်သို့ ဆောင့်ချလိုက်ရာ ဒုန်းခနဲမြည်သွားသည်။

တစ်ဆက်တည်း . . .

"ဟေ့ကောင်တွေ မင်းတို့လက်နက်တွေ အောက်ကိုအကုန်ချလိုက်" ဟု အမိန့်ပေးလိုက်သည်။

ဓားပြများ လက်တွေ ဆတ်ဆတ်တုန်လာပြီး သေနတ်တွေကို ကြမ်းပြင်သို့ လွှတ်ချလိုက်ကြသည်။ ဦးဖိုးနော်က ဘုရားစင်မှ ဝါဆိုဖယောင်းတိုင်ကြီးတွင် မီးထွန်းညှိလိုက်သည်။ မီးရောင်ဖြင့် ဓားပြများ၏ မျက်နှာကို တစ်ယောက်ချင်း လိုက်ကြည့်သည်။

"ဩော် . . . မင်းကိုး၊ ဘယ်သူများလဲလို့" ဟုပြောကာ ဓားပြခေါင်းဆောင်ကို လက်ညှိုးထိုးလိုက်သည်။ ဓားပြက စေ့စေ့ပြန်ကြည့်ပြီး . . .

"ဟာ. . . ဆရာ၊ ဆရာကြီးမှန်း မသိလို့ပါ၊ ခွင့်လွှတ်ပါ"ဟုပြောရင်း ဒူးထောက် လက်အုပ်ချီ တောင်းပန်လေသည်။

"အေးအေး၊ ခွင့်လွှတ်ပါတယ်ကွာ၊ ငါက မင်းသေသွားပြီ ထင်နေတာ၊ မင်း အခုထိ မိုက်တွင်းနက်တုန်းပါလား၊ လူ့ဘဝဆိုတာ တကယ်ကို တိုတိုလေးပါကွာ၊ မကောင်းတဲ့ ဒုစရိုက်အလုပ်တွေ မလုပ်နဲ့တော့၊ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားကြ၊ မင်းတို့ သုံးစရာငွေမရှိရင် ငါ့မှာ လာယူ၊ စားစရာ ဆန်မရှိရင်လဲ ငါ့မှာ လာယူ၊ ငါ တတ်နိုင်သလောက် ထောက်ပံ့မယ်၊ ဘယ့်နှယ်လဲ၊ မကောင်းတဲ့အလုပ်တွေကို စွန့်မှာလား"

"စွန့် . . . စွန့်ပါ့မယ် ဆရာကြီး"

"သေချာဆုံးဖြတ်ပြီးပြီလား"

"ဟုတ်ကဲ့ပါ"

"ကဲ ဒါဆို လက်အုပ်ချီ၊ ဘုရားမှာ သစ္စာဆို၊ ယနေ့မှစ၍ တပည့်တော်တို့သည် သူတစ်ပါး၏ ငွေကြေး ပစ္စည်းဥစ္စာကို ခိုးယူတိုက်ခိုက် လုယက်ခြင်းမှ အသက်ထက်ဆုံး ရှောင်ကြဉ်ပါမည်၊ ဤသစ္စာ ဖောက်ဖျက်ပါက အဝီစိငရဲတွင် ကျရောက်ပြီး အရိုးမတွေ့ဘုရားရှင်နှင့် လွဲပါစေသား"

တိုင်ပေးသည့်အတိုင်း အားလုံးလိုက်ဆိုပြီးသစ္စာပြုကြသည်။ နောင်တွင် ထိုသူများ သမ္မာအာဇီဝ လုပ်ကိုင်စားသောက်ကြပြီး ဦးဖိုးနော်၏ ဘုရားတည်သာသနာပြုလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ကြလေသည်။

## (၉)

ဖောင်တော်သီ ခနာစုအရှေ့ပိုင်းတွင် ဦးအောင်ဖိုး+ဒေါ်အုန်းစိန်တို့ နေထိုင်ကြသည်။ သူတို့တွင် မအေးချစ်၊ မအေးနှစ် သမီးနှစ်ယောက်နှင့် မောင်အောင်မျိုးဆိုသည့် သားအငယ် တစ်ယောက်ရှိသည်။ မအေးချစ်က မောင်ကျော်စိန်နှင့် အိမ်ထောင်ကျပြီးနောက် ခနာစုအရှေ့ပိုင်း ရွာမလမ်းတွင် အိမ်ခွဲနေသည်။ ဦးဖိုးနော်၏ အစ်မဖြစ်သူ မလှရွှေအိမ်နှင့် ခြံစည်းရိုးပဲ ခြားသည်။ မအေးချစ်တို့က မလှရွှေတို့ မောင်နှမများနှင့် ဆွေမျိုးရင်းချာလို ခင်မင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်အောင်မျိုးသည် အသက် (၁၉)နှစ်ဝန်းကျင် ကာလသားအရွယ် ဖြစ်သည်။ သဘောကောင်းသည်။ လူမှုရေး၊ ရပ်ရွာ သာရေး၊ နာရေးများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သူ ဖြစ်သည်။ အရန်မီးသတ်တပ်ဖွဲ့ဝင်လည်းဖြစ်သည်။ လူချစ်လူခင်များသည်။ သူနှင့်အတွဲများသည့် ကာလသားများက မောင်ချစ်သောင်၊ မောင်မြသန်း၊ မောင်သန်းမောင် တို့ဖြစ်ကြသည်။

အားလုံးက မအေးချစ်ကို မမကြီး၊ မအေးနှစ်ကို မမလေးဟု ခေါ်ကြသည်။ သူတို့တစ်ဖွဲ့လုံး မမကြီးကို ချစ်ကြောက်ရိုသေကြသည်။ မမကြီးက အမြင်မတော်လျှင် ကြိမ်လုံးနှင့်လိုက်ရိုက်တတ်သည်။

တစ်နေ့ညနေ မောင်အောင်မျိုးတို့ ဆေးဆရာတစ်ယောက်နှင့် အာဠာဝကဆေးတွေ ထိုးထားကြပြီး ဘီလူးစီးကာ အိမ်ပေါ်တွင် ခုန်ပျံနေကြသည်။ မမကြီး ကြိမ်လုံးနှင့်လာသဖြင့် အာဠာဝက ဘီလူးဝင်စီးနေသူတွေ တန်းနေအောင် ထွက်ပြေးသွားကြသည်။

မောင်အောင်မျိုးက ငယ်စဉ်ကပင် တစ်မူထူးခြားသူဖြစ်သည်။ သူဖျားတိုင်း မိန်းကလေးသုံးယောက်က လာနှိပ်ပေးသည်ဟု အစ်မတွေကို ပြောပြသည်။ တစ်ခါ ဖျားစဉ်ကလည်း . . .

"မမလေး နင်က အရမ်းလှချင်တယ်၊ ငါ့ကို လာနှိပ်ပေးတဲ့ ကောင်မလေးတွေဆီက ဆွဲကြိုးတွေ လက်ကောက်တွေ လုပေးမယ်"ဟုပြောရင်း လက်နှစ်ဖက်ဖြင့် လှမ်းဆွဲလုယူလိုက်သည်။

"ဟာ လွတ်သွားပြီ၊ နောက်တစ်ခါပြန်လာမှ ထပ်လုပေးမယ်" ဟုပြောသည်။

အစ်မတွေက ဥစ္စာစောင့်မလေးတွေ တကယ်လာနှိပ်ပေးနေသလား၊ အပြင်းဖျားနေလို့ ကယောင်ကတမ်းတွေ ပြောနေတာလားဟု ဇဝေဇဝါ တွေးနေကြသည်။

တစ်နှစ် မိုးဦးကျလျှင် မောင်အောင်မျိုးနှင့် ဘကြီးလှမောင်တို့ လယ်တဲသို့ ပြောင်းရွှေ့နေထိုင်ကြပြီး လယ်အလုပ်ခွင် ဝင်ကြသည်။ အိမ်နှင့်လယ်တဲက တစ်မိုင်ခွဲကျော် ဝေးသည်။

တစ်နေ့နံနက် ၄ နာရီလောက် မောင်အောင်မျိုး အိမ်သာတက်ပြီး လယ်ကန်သင်းရိုးပေါ်မှ တဲသို့အပြန်တွင် ဘယ်ခြေထောက်တွင် စူးခနဲ စပ်ဖျဉ်းဖျဉ်းဖြစ်သွားသည်။ ဘာကောင်များကိုက်လိုက်သလဲဟု လိုက်ကြည့်ရာ ဘာမျှ မတွေ့ရပေ။ လယ်ထဲမဆင်းခင် နွားနို့ပူပူလေးနှင့် ထမင်းကြမ်းကို အဆာပြေစားလိုက်သည်။ နံနက် ၅ နာရီလောက်တွင် ဘယ်ခြေထောက်မှာ မီးစနှင့်အထိုးခံရသလို ပူပြီးကိုက်ခဲနာကျင်လာသည်။ မျက်စိတွေ ပြာဝေလာသည်။

ဘကြီးလှမောင်ကို ပြောပြလိုက်ရာ ခြေမျက်စိနားက အပေါက်နှစ်ပေါက်ကိုကြည့်ပြီး . . .

"မင်းကို ပိုးထိ (မြွေကိုက်)ထားတာပဲ" ဟုပြောရင်း ဒူးဆစ်အောက်နားမှာ ကြိုးပတ်စည်းသည်။ ပြီးလျှင် တဲနားနီးချင်းက လူတွေကိုခေါ်ကာ မောင်အောင်မျိုးကို စောင်ပုခက်ထမ်းစင်နှင့် အိမ်သို့ အမြန်သယ်ဆောင်ခဲ့သည်။ အိမ်ရောက်လျှင် လိုအပ်မည့် စောင်၊ ခေါင်းအုံး၊ ခတ်ဘူး စတာတွေကိုထည့်ပြီး ကားဖြင့် ဒိုက်ဦးဆေးရုံသို့သွားကြသည်။ အောင်မျိုးအမေ ဒေါ်အုန်းစိန်နှင့် အစ်မ မအေးချစ်တို့လည်း လိုက်ပါသွားကြသည်။

(၁၀)

မောင်အောင်မျိုးတစ်ယောက် ဆေးရုံတွင် ဆေးထိုးပြီးနောက် အတော်လေး သက်သာလာခဲ့သည်။ စကားပြောနိုင်၊ စားနိုင်၊ လမ်းလျှောက်နိုင်လာသည်။ ဆေးရုံရောက်ပြီး ခြောက်ရက်မြောက် ည ၉နာရီတွင် နေလို့သိပ်မကောင်း ပြန်ဖြစ်လာသည်။ စကားတွေ တောင်ပြောမြောက်ပြော ပြောလာသည်။

"မမကြီး . . . မမကြီး"

"ပြော မောင်လေး ဘာစားချင် ဘာသောက်ချင်လို့လဲ"

"ဘာမှ မစားချင်ပါဘူး မမကြီးရာ၊ ရွာမက ဦးဖိုးနော်ကို ခေါ်ပေးပါ၊ ကျွန်တော် ဦးဖိုးနော်နဲ့ ပြောစရာတွေ ရှိတယ်၊ မြန်မြန်ခေါ်ပေးပါ"

"မောင်လေး ကယောင်ကတမ်းတွေ ပြောနေတာပဲ၊ ဦးဖိုးနော်က လူကြီးချင်းသာ ဆွေမျိုးလို ခင်နေကြတာ၊ သူနဲ့ ဘာအလုပ်ကိစ္စမှ အဆက်အစပ်ရှိခဲ့တာ မဟုတ်ဘူး" ဟု တွေးနေမိသည်။ မောင်လေး စိတ်ချမ်းသာအောင် . . .

"အေးပါ မောင်လေးရယ်၊အစ်မ ဦးဖိုးနော်ကို မှာထားပါတယ်၊ မနက်ဖြန် မနက်ကျရင် လာပါလိမ့်မယ်" ဟုသာ ညာပြောလိုက်ရသည်။ ဒိုက်ဦးမြို့နှင့် ရွာက ငါးမိုင်ဝေးသည်။ ညတွင်းချင်း သွားခေါ် ရန်မှာ မလွယ်ကူလှပါ။

အဖြစ်အပျက်တွေက တိုက်ဆိုင်လှသည်။ နံနက် ၇ နာရီခန့်တွင် ဦးဖိုးနော် ဆေးရုံသို့ရောက်လာသည်။ မောင်အောင်မျိုးက ဦးဖိုးနော်ကို တွေ့လိုက်သည်နှင့် . . .

"ဦး ကျွန်တော့်ကို သွားခွင့်ပြုပါတော့"

"မင်း မသွားနဲ့ဦး၊ အိမ်အထိပြန်လိုက်သွားဦး၊ မင်းအမေ အရှုံးတစ်ပိုင်းဖြစ်နေဦးမယ်"

သူတို့နှစ်ဦးသား ပြောဆိုနေကြသည်ကို မအေးချစ်နှင့် လူနာစောင့်များ ငေးကြည့်ကာ နားထောင်နေကြသည်။

ဦးဖိုးနော်က မအေးချစ်ကို အခန်းအပြင်သို့ခေါ်ပြီး . . .

"နင်တို့က တော်တော်ပေါ့ဆတာပဲ၊ နင့်မောင်လေး သိုက်ပဌာန်းဆက်ရှိနေတာ ငါ့ကို အစောကြီးကတည်းက ပြောပြထားရမှာ၊ ငါ တားထားပေးရင် လူ့ပြည်မှာ သူ သက်တမ်းစေ့ နေနိုင်တယ်၊ အခုတော့ အချိန်ကလွန်နေပြီ၊ ငါ တားထားပေးဖို့မဖြစ်တော့ဘူး၊ အခုပဲ သူနေရာဟောင်းကိုသွားဖို့ ငါ့မှာ ခွင့်





www.burmeseclassic.com

www.burmeseclassic.com

တောင်းနေပြီ၊ အိမ်အထိ ပြန်လိုက်သွားဦးလို့ ငါပြောထားတယ်"

မအေးချစ် တစ်ယောက် ဦးဖိုးနော် ဆူတာ ပြောတာတွေကို ငြိမ်ပြီး နားထောင်ရင်း မောင်လေးအတွက် ဝမ်းနည်းမျက်ရည်များ ပါးပြင်နှစ်ဖက်ပေါ်သို့ စီးကျလာသည်။

နေ့လယ်အချိန်တွင် သက်ဆိုင်ရာ ဆရာဝန်က ကုသလို့ မရနိုင်တော့ကြောင်း၊ ဆေးရုံက ဆင်းလိုကဆင်းနိုင်ကြောင်း ပြောလာသည်။ မွန်းလွဲပိုင်းတွင် မောင်အောင်မျိုးကို ဆေးရုံမှ အိမ်သို့ပြန်ခေါ်ခဲ့သည်။ လမ်းတစ်လျှောက်လုံး လူကောင်းကဲ့သို့ စကားတွေဖောင်ဖွဲ့အောင် ပြောလာခဲ့သည်။ အိမ်ရောက်ပြီးလည်း မောင်ချစ်သောင်၊ မောင်သန်းမောင်၊ မောင်မြသန်း သူငယ်ချင်းများနှင့် အတိတ်က ရယ်မြူးစရာအကြောင်းများပါ ပြန်ပြောကာ ရယ်မောနေကြသည်။

သတင်းမေး လာသူတိုင်းကိုလည်းစကားလက်ခံပြောသည်။ညဉ့်နက်သန်း ခေါင်ကျော်တွင် မောင်အောင်မျိုး ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားခဲ့သည်။

မောင်အောင်မျိုး၏ အလောင်းကို သုသာန်သို့ ပို့ဆောင်သည့်နေ့တွင် မီးသတ်တပ်ဖွဲ့၏ ဘင်ခရာသံများနှင့် အတူ မိဘ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ရဲ့ မျက်ရည်မိုးများ ရွာသွန်းခဲ့ကြလေသည်။

(၁၃)

မောင်အောင်မျိုး သေဆုံးပြီး တစ်လကျော်လောက်တွင် မအေးချစ် အိမ်သို့ ဦးဖိုးနော်တစ်ယောက် ရောက်ချလာသည်။

"လာ ဦးလေး ထိုင်ပါ၊ ဘယ်ကနေ လှည့်လာတာလဲ"

"ငါ ပဲခူးရိုးမတောင်ခြေက ဆံတော်တောင်မှာ ဘုရားတစ်ဆူ သွားတည်နေတယ်၊ အခု အဲဒီကနေပြန်လာရင်း နင်တို့ဆီ လှည့်ဝင်လာခဲ့တာ၊ နင့်မောင်လေးအကြောင်း ပြောပြချင်လို့၊ ငါ ဆံတော်တောင်မှာ အောင်မျိုးကို တွေ့ခဲ့တယ်၊ ငါ့ကို တောင်ခြေကနေ ဆီးကြိုတယ်။

အဲဒီ့မှာက သူ့ရဲ့နေရာဟောင်းပဲ၊ ကောင်းကောင်းမွန်မွန် နေရပါတယ်၊ နင်တို့ ပူဆွေးသောကရောက်မနေကြနဲ့တော့၊ ဟိုမှာ သူ့ဘဝနဲ့သူ ပျော်နေတာ" ဟု ပြောပြစဉ် မအေးချစ်မှာ မောင်လေးကို သံယောဇဉ် မပြတ်နိုင်သေးသဖြင့် ပါးပြင်နှစ်ဖက်တွင် လွမ်းမျက်ရည်စလေးတွေ အသွယ်သွယ်စီးကျလို့ ရယ်သာ။

တစ်နှစ် ရွာမှ ဒေးစွန်ပါဘုရားပွဲသို့ ကားနှစ်စီးဖြင့် သွားကြသည်။ စာရေးသူလည်း ပါသည်။ စာရေးသူက ပထမထွက်မည့်ကားတွင် တက်စီးသည်။ ဦးဖိုးနော်အား . . .

"ဦး ဒီကားနဲ့ လိုက်ခဲ့လေ" ဟု ခေါ်လျှင် . . .

"သွားနှင့်ကြ၊ လူစုံအောင်စောင့်ပြီး နောက်ကားနဲ့ပဲ လိုက်ခဲ့မယ်"ဟုပြောကာ ကျန်နေခဲ့သည်။ ဒေးစွန်ပါဘုရားသို့ရောက်ရန် ဖောင်တော်သီမှ ရန်ကုန်သွားသည့် ကားလမ်းအတိုင်း သွားပြီး ဝမ်းဘဲအင်းရွာကနေ ညာဘက်ချိုးကာ တောင်ခြေအထိ ကားဖြင့်သွားရသည်။ တောင်ခြေမှဘုရားသို့ ခြေကျင်လျှောက်တက်ရသည်။ ပထမထွက်လာသည့်ကား တောင်ခြေသို့ရောက်သော်လည်း နောက်ကား ရောက်မလာသေးပါ။

စာရေးသူတို့ လူငယ်တွေလည်း တောင်ခြေမှ ဒေးစွန်ပါဘုရား ရှိရာ တောင်ပေါ်သို့ ပြေးတက်ခဲ့ကြသည်။ ဘုရားသို့ရောက်လျှင် တန်ဆောင်းထဲတွင် လူကြီးများနှင့်ထိုင်ပြီး စကားပြောနေသော ဦးဖိုးနော်ကိုတွေ့လိုက်ရသည်။

စားရေးသူကိုယ်တိုင် ဦးဖိုးနော် ဘယ်လိုကြောင့် ဘုရားပေါ် အရင်ရောက်နေသလဲဆိုသည်ကို တွေးလို့မရခဲ့ပါ။

(၁၂)

စာရေးသူ အသက်အရွယ်လေး ရလာမှ ဝိဇ္ဇာတွေအကြောင်း သဘောပေါက်လာခဲ့သည်။

"ဖိုးနော်က သိုက်ချုပ်ဝိဇ္ဇာကွ၊ သွားချင်တဲ့နေရာကို ခဏလေးနဲ့ရောက်အောင် သွားနိုင်တယ်" ဆိုသည့် ရွာမှ သက်ကြီးရွယ်အို စကားများကိုလည်း ကြားယောင်နေမိသည်။

ဦးဖိုးနော် အသက်အရွယ်ကြီးရင့်လာခဲ့ပြီ။ မသေခင် သူ့တူ ကိုချစ်၊ ကိုတင်လှိုင်တို့ကို . . .

"ငါသေရင် ခြေထိပ် လက်ထိပ်တွေ ကြိုးမချည်နဲ့၊ ဗိုက်လဲမခွဲနဲ့၊ မီးလဲမရှို့နဲ့၊ အုတ်ဂူလေးလုပ်ပြီး ထား" ဟု မှာကြားခဲ့သည်။

ဦးဖိုးနော် သေဆုံးသောအခါ တူတွေက ထုံးစံအတိုင်း ဝမ်းဗိုက်ကိုခွဲ ခြေထိပ်၊ လက်ထိပ် ကြိုးချည်၊ ပျဉ်ခေါင်းထဲထည့်သွင်းကာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြသည်။

ဦးဖိုးနော် ထွက်ရပ်ဝိဇ္ဇာလမ်း အရ ရုပ်ပါထွက်ရန် ကြံရွယ်ထားပုံရသည်။ တူတွေက ရုပ်ကလာပ်ကို ဝမ်းဗိုက်ခွဲလိုက်သဖြင့် ရုပ်ပါမထွက်နိုင် ဖြစ်ခဲ့လိမ့်မည်။ ရုပ်ပါ မထွက်သွားနိုင်သော်လည်း သိုက်တွေကို အုပ်ချုပ်မည့် သိုက်ချုပ်ဝိဇ္ဇာကြီး ဖြစ်နေပေဦးမည်ဟု တွေးဆလျက် . . .။

❒ အောင်ကြည်သန်း(ဖောင်တော်သီ)





www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် သံတွဲမြို့နယ် အဆုံးစွန်ရွာကလေးဖြစ်သည့် ကျောက်ဖြူမော်ရွာကလေးသို့ ကျောင်းဖွင့်ချိန်အမီ တာဝန်ကျပြောင်းရွှေ့ရောက်ရှိနေခဲ့သည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်သည်။ စားနိုင်သောက်နိုင်အိမ်ဖြစ်သည့် ကျေးရွာလူကြီးဦးလေးထွန်းဘော်က သူ့နေအိမ်တွင်ပင် ကျွန်တော့်ကိုနေရာချထားပေးသည်။ သားသမီးများ အိမ်ထောင်စုံပြီဖြစ်သဖြင့် လင်မယားနှစ်ဦးတည်း နေထိုင်ကြသည်။

သားဖြစ်သူ ကိုကျော်နိုင်က ကုန်းတန်းသူနှင့် အိမ်ထောင်ကျကာ ရွာ၏ကုန်းတန်းပိုင်းတွင် သူ့အိမ်နှင့်သူနေသည်။ သမီးဖြစ်သူ မလှလှကြည်ကလည်း ကိုကြည်ဝင်းနှင့် အိမ်ထောင်ကျကာ လယ်ကိုင်းအစပ်တွင် နေထိုင်ကြသည်။

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

မလှလှကြည်၏ သားဖြစ်သူ မောင်အောင်နိုင်စိုးမှာ တတိယတန်း ကျောင်းသားဖြစ်၍ အဘိုးတို့နှင့်အတူ နေထိုင်၍ ကျောင်းတက်သည်။ ထိုစဉ်က ဦးလေးကြီးထွန်းဘော်မှာ ဆင်ခေါင်း ကျေးရွာအုပ်စု၏ တရားသူကြီးအဖွဲ့ဝင်ဖြစ်သည်။ ထို့ကြောင့် အမြော်အမြင်ရှိသည့် ဦးလေးကြီး ထွန်းဘော်က ကျွန်တော့်ကို သူ့အိမ်တွင်နေရာချထားပေးခြင်းမှာ သူ့မြေးလေး၏ ပညာရေးအတွက် ဖြစ်သည်။

ကျွန်တော်က သူ့မြေး အောင်နိုင်စိုးကို နံနက်ပိုင်းရော ညပိုင်းပါ စာရေးစာကျက် တာဝန်ယူသင်ကြားပေးရသည်။ လကုန်လျှင် ထမင်းဖိုးပေးသော်လည်း သူတို့မိသားစုက မယူကြပါ။ ထိုအခါ လကုန်ရက်မြို့တက် အိမ်ပြန်တိုင်း စားသောက်စရာ ရိက္ခာခြောက်များနှင့် လက်ဖက်ခြောက်ထုပ်၊ မုန့်ထုပ်များ ဝယ်ခြမ်းလာ၍ သူတို့မိသားစုကို တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးခဲ့သည်။

ကျွန်တော်သည် ထင်းခွဲ၊ ရေခပ် မကျန် အိမ်အလုပ်၊ လယ်အလုပ်များကို ဝိုင်းကူလုပ်ပေးသဖြင့် မိသားစုနှင့်မခြားဖြစ်နေလေတော့သည်။

"ကျောင်းဆရာရေ. . အိမ်မှာ ထင်းပြတ်သွားလို့ ထင်းသွားလှဲပြီး သယ်

မောင်မှူးတွေး(ပင်လယ်)





www.burmeseclassic.com

www.burmeseclassic.com

ကြမယ်၊ ပောဒီရဲတင်းကို ယူလာပေးနော"

"ဟုတ်ကဲ့ ဦးလေးကြီး၊ ဘယ်တောကိုသွားမှာလဲ ဦးလေးကြီး"

"ကျောင်းဆရာကလဲကွာ. . . ငါတို့ကျွန်းရွာမှာ ဘယ်ကလာ တောရှိမှာလဲ၊ ပင်လယ်ကမ်းခြေဘက်ကို သွားရမှာဟ"

"ဦးလေးကြီးကလဲ ကြုံကြုံဖန်ဖန် ပင်လယ်နားသွားလို့ ဘယ်ကထင်းရမှာလဲ၊ ကျောက်တောပဲရှိမှာပေါ့"

"ကျောင်းဆရာနှယ်. . ခက်ပ၊ ပင်လယ်နားမှာ ပလင်ပင်တွေဆို ပေါမှပေါ၊ ကြိုက်သလောက် ခုတ်လှဲလို့ရတာပ"

"ဩော်. . . ဟုတ်သားပဲနော်၊ ကျွန်တော်မေ့တတ်လိုက်တာ၊ ဒါနဲ့ အဲဒီ ပလင်ပင်တွေကအစိမ်းကြီးတွေဆိုတော့ အခြောက်လဲမဟုတ်ဘဲ မီးတောက်ပါ့မလား"

"ညံ့ပ ကျောင်းဆရာရယ်၊ အဲဒီ ပလင်သားတို့၊ ရော်ဘာသားတို့ဆိုတာ အဆီအစေးရှိတယ်ဆိုတော့ မီးဆိုက်ရတာ ပိုတောင်ကောင်းသေးပ"

"ဟာ, ဟုတ်လား၊ ကျွန်တော်တို့ဆီမှာ တစ်ခါမှ မီးမဆိုက်လို့ ကျွန်တော်က ပြောတာ"

"ငါတို့က ချောင်းဖျားက ထင်းမှာထားတာရရင်ရ မရရင် ဒီပလင်သား (ပင်လယ်ကဗွီးပင်)ကိုပဲ ထင်းဖြတ်ပြီး အရေးပေါ်သုံးကြတာပ"

"ချောင်းဖျားမှာ ထင်းမှာထားတော့ ဘယ်တော့ သွားဖြတ်ကြမှာလဲ ဦးလေးကြီး၊ ကျွန်တော်လဲလိုက်ခဲ့မှာပေါ့ ကျောင်းပိတ်ရက်မှာ သွားကြရအောင်"

"သွားဖြတ်ဖို့တော့မလိုဘူး၊ သူ့အချိန်ကျ အလိုလိုလာပို့ကြမှာပ၊ မိုးဖြိုင်ဖြိုင်ကျလို့ ချောင်းဖျားမိုးရွာရင် မှာထားတဲ့ထင်းရဖို့ ကိန်းသေပြီပေါ့နော"

ကျွန်တော်နှင့်ဦးလေးကြီးထွန်းဘော်တို့သည် ငါးမန်းစွယ်လွှ၊ ရဲတင်းကိုယ်စီနှင့် ပင်လယ်ကမ်းခြေဘက်သို့ ထွက်ခဲ့ကြသည်။ နာရီဝက်ခန့်ကြာသောအခါ ကျောက်ဖြူမော်ရွာ အနောက်ဘက်ရှိ ပင်လယ်ခြေသို့ရောက်ရှိခဲ့ကြသည်။ ထိုအခါမှ ကမ်းခြေသောင်ခုံတွင် စီတန်းပေါက်ရောက်နေသည့် ပင်လယ်ကဗွီးပင်တန်းကြီးကို တောတန်းပမာ တွေ့မြင်ရလေတော့သည်။

ပေါင်ရင်းတမျှအရွယ်ရှိသည့် ကဗွီးပင်များမှာ ထူထပ်စွာပေါက်ရောက်နေကြသည်။ ထင်းဖြတ်ပြီးအပြန်ခရီးတွင် ဦးလေးကြီးထွန်းဘော်ပြောသည့် ချောင်းဖျားမှ ထင်းမှာထားသည့်ကိစ္စ အချိန်ကျ သူ့အလိုလိုလာပို့ကြမှာပဆိုသည့်စကားကို ရင်ထဲဝယ် မသိစိတ်ကြောင့် မတင်မကျဖြစ်နေမိသည်။

❀

ကျွန်တော် တာဝန်ကျရောက်ရှိနေသည့် ရွာကလေးမှာ ရေပတ်လည်ဝိုင်းရံလျက်ရှိကြောင်းကို လေ့လာမိပါတော့သည်။ သံတွဲမြို့ ပင်လယ်ကမ်းခြေဝိုင်းတွင် တည်ရှိရုံသာမက အနောက်ဘက်တွင်၊ ပင်လယ်ပြင်ကြီး မြောက်ဘက်တွင် သူငွေးချောင်း ပင်လယ်ဝ အပြင် အရှေ့ဘက်တွင် ချောင်းပြင်ကျယ်ကြီးနှင့် ဒီရေရောက်တောကြီးများက ဝန်းရံထားသည်။

ဆင်ခေါင်းကျွန်းသည် ဆင်ခေါင်း၊ ညောင်ခြေထောက်၊ အင်ဗိုင်းကြီး၊ ကျောက်ဖြူမော်စသည့် ရွာလေးရွာတည်ရှိရာ ကျွန်းတစ်ကျွန်းဖြစ်လေသည်။ မြောက်နှင့် တောင်ဘက်ဖျားတွင် သံတွဲချောင်းဝနှင့် ရွှေလှေချောင်း (သူငွေးချောင်း)က နှစ်ဖက်စလုံး ပိတ်ထားပြီး အရှေ့ဘက်တွင်ချောင်းအသွယ်သွယ်က သွယ်ဝိုက် ဝိုင်းပိတ်ထားလေသည်။ ရေလုပ်သား အများဆုံးဖြစ်၍ လယ်သမားမှာ အနည်းအကျဉ်းသာ ရှိသည်။ ချောင်းနှင့် ပင်လယ်ပြင်ကြီးမှာ သူတို့အတွက် ထာဝရစီးပွားရေးလုပ်ငန်းခွင်ကြီးဖြစ်တော့သည်။ နွေ မိုး ဆောင်း ဥတုသုံးပါးမရွေး ရှာဖွေစားသောက်နိုင်ကြသည်။

ထိုရွာများထဲတွင် ဆင်ခေါင်းရွာသည် အိမ်ခြေထောင်ကျော်ရှိ၍ ရေလုပ်ငန်းဖြင့် စီးပွားရေးအဖွံ့ဖြိုးဆုံး ရွာကြီးတစ်ရွာ ဖြစ်လေသည်။ ကျွန်တော့် ကျောင်းအုပ်ဆရာကြီး ဦးဟန်ဖေမှာ ဆင်ခေါင်းရွာသားဖြစ်သည်။ ဆင်ခေါင်းရွာတွင်နေ၍ ကျောက်ဖြူမော်ရွာသို့ မောင်ဗမာစက်ဘီးဖြင့် မိနစ် ၂၀ ခန့် စီးရလေ့ရှိသည်။

ဆရာကြီးဦးဟန်ဖေမှာ စက်ဘီးစီးကျွမ်းကျင်သူဖြစ်သည်။ လူသွားလမ်းကျဉ်းကျဉ်းကလေးတွင် ကျွန်တော့်ကို တင်စီး၍ ဆင်ခေါင်းရွာသို့ အလည်ခေါ်လေ့ရှိသည်။ စနေ၊ တနင်္ဂနွေနေ့များတွင် ဆင်ခေါင်းရွာသို့ ကျွန်တော်အမြဲလိုက်လည်ဖြစ်သည်။ ဦးဟန်ဖေ၏ ဖခင်မှာ ဦးခေါင်းရှည်ချက်ကျွေးသည့် ထမင်းဟင်းများမှာ ကျွန်တော့်အဖို့ ခံတွင်းတွေ့လှသည်။

ဆရာကြီးတို့ မိသားစုမှာ ပြေလည်ကြသူများဖြစ်သည်။ အရီးလေးက ကျန်းမာရေး မကောင်းသဖြင့် အိမ်တွင် အနေမြဲ၍မြေးများကိုထိန်းကျောင်းနေရလေ့ရှိသည်။ ဆရာကြီးဦးဟန်ဖေတွင် သားသမီး လေးယောက်ရှိသည်။ သားသုံးယောက်နှင့် သမီးတစ်ယောက် ရှိသည်။ သမီးဖြစ်သူမှာ အငယ်ဆုံးလေးဖြစ်သည်။ ထိုသမီးအငယ်ဆုံး မွေးဖွားပြီးနောက် ဆရာကြီး၏ဇနီးမှာ ဆုံးပါးသွားခဲ့သည်။ ထို့ကြောင့် အရီးလေးက မြေးများကို မိခင်သဖွယ် ထိန်းသိမ်းစောင့်ရှောက်နေရရှာလေသည်။

"ဆရာကြီးကို ကျွန်တော်သိချင်တာ တစ်ခုမေးပါရစေ"

"ဘာများလဲ မောင်ထွေးတင်၊ မင်း ကျောင်းတက်ရတာ၊ ဒါမှမဟုတ် ရွာမှာနေရတာ အဆင်မပြေလို့ လား"

"အဲဒါ တစ်ခုမှ မဟုတ်ပါဘူး ဆရာကြီး၊ ဒီလိုပါ ဦးလေးကြီးဦးထွန်းဘော်၊ ကျွန်တော့်ကိုပြောပြတဲ့ ချောင်းဖျားကို ထင်းမှာထားတယ်၊ အချိန်တန်ရင် လာပို့လိမ့်မှာပေါ့ဆိုတဲ့ စကားကို

www.burmeseclassic.com

ဘဝင်မကျဖြစ်နေတယ်၊ ကျွန်တော်တို့ဆီမှာဆို ထင်းကို နွေတတည်းက တောတက် ဖြတ်ရ သယ်ရ စုဆောင်းရတာ၊ သူတို့ရွာကျတော့ မိုးထင်း ဘယ်သူမှ မစုဆောင်းထားဘူး၊ ပင်လယ်ကဗွီးပင်ပိုင်းဖြတ်ပြီး အစိမ်းလိုက်အခွံနွှာ ထည့်စိုက်ကြတာ၊ မိုးပဲကျနေပြီ သူတို့ကို ဘယ်သူက ထင်းလာပို့မှာလဲလို့ သိချင်တာ"

"ဩော်, ဒါလား၊ ဆရာ့ကို တမင်သက်သက်နောက်တာပါ၊ အဲဒါက သူတို့ရွာရဲ့ဓလေ့လေ၊ သူတို့ဆီမှာက တောတက် ထင်းဖြတ်ဖို့ကိစ္စက လွယ်တာမှ မဟုတ်တာ၊ နှစ်စဉ် တောင်ကျရေကို စောင့်တာ ကိုယ့်လူ၊ ချောင်းဖျားမိုးသဲသဲမဲမဲရွာလို့ ချောင်းဖျားက တောင်ကျရေဆင်းပြီဆိုရင် သူတို့အဖို့ ထင်းက သူ့အလိုလို ရောက်လာတာလေ"

"ဘယ်လို ရောက်လာပါသိမ့် ဆရာကြီး"

"အိုး. . . လွယ်မှလွယ်၊ ချောင်းရေစီးလာပြီဆိုရင် ထင်းပင်တွေ သစ်တုံးကြီးတွေက ချောင်းရေနဲ့ မျောပါလာတတ်ကြတာ၊ အဲဒါ သူတို့ကမ်းခြေသားတွေအတွက် မိုးထင်းပဲ"

"ချောင်းရေစီးနဲ့ မျောလာတာကို ဘယ်လိုလုပ်ယူကြသလဲ အန္တရာယ်မများဘူးလား"

"သူတို့ရွာသားတွေအဖို့တော့ ထမင်းစားရေသောက်အလုပ်ပါပဲ. . . လွယ်မှလွယ်၊ လှေငယ်တစ်စင်းစီနဲ့ ကြိုးခွေတွေသုံးပြီး ထင်းဆယ်ကြတာပဲ၊ မျောလာတဲ့ ထင်းပင်သစ်တုံးတွေကို လှေငယ်နဲ့ လိုက်မျော၊ ချည်နှောင်ပြီး ကမ်းကပ်အောင် လုပ်ယူကြတာပဲ၊ သူတို့ဆီမှာက ပင်လယ်ဝဆိုတော့ ကမ်းက ကမ်းပြန့်သဲသောင်လေ၊ အုန်းပင်မှာ ကြိုးချည်ထားပြီး ကြိုးခွေနဲ့ ထင်းကိုလိုက်ချည်ပြီး ကြိုးအစန့်မှာ ရေစီးနဲ့ အတူ ထင်းတွေကို ကမ်းကပ်အောင် ယူငင်ကြတာပေါ့"

"ကျွန်တော်တောင် စိတ်ဝင်စားလာပြီ"

"မလွယ်ဘူး ဆရာ၊ အန္တရာယ်ကြီး အသက်နဲ့နီးသလို မြွေပါးကင်းပါးလဲရှိသေးသဗျ၊ သတ္တဝါမျိုးစုံ တုံးမှာတွယ်ပြီးပါလာတတ်တာ"

"ဟုတ်လား၊ ထင်သလောက် မလွယ်ဘူးပေါ့"

"ခင်ဗျားနေတဲ့အိမ်က ဦးထွန်းဘော်ကြီးက တောင်ကျရေ အမဲဖမ်းသမားကြီးခင်ဗျ၊ နာမည်ကြီးပဲ၊ ခင်ဗျားတစ်နေ့ ကြုံတွေ့ရမှာပေါ့"

"ဘာ, ဘယ်လို, ဆရာကြီး. . . တောင်ကျရေအမဲဟုတ်လား"

"ဆရာကလဲ. . . ဒုံးဝေးပါဗျာ၊ တောင်ကျရေဆင်းလာရင် ကြောက်စရာ အလွန်ကောင်းတာ၊ ဆင်တောင် ပြေးမလွတ်ဘူး၊ တောင်ကျရေနဲ့ကြုံရင် ဆင်တို့, ကျားတို့, ဆတ်တို့, ချေတို့စတဲ့ အကောင်တွေ ရေနဲ့မျောပါလာတတ်ကြတာဗျ၊ အဲဒါကိုစောင့်ပြီး ထင်းဆယ်ရင်း သူတို့ဖမ်းကြတာ၊ ခင်ဗျားအဘိုးကြီးက သိပ်ကျွမ်းကျင်တာ"

တောင်ကျရေ ဆိုသဖြင့် သံတွဲချောင်းဖျားတွင် တာဝန်ကျခဲ့စဉ်က အဖြစ်အပျက်ကလေးကိုပြေး၍ သတိရမိတော့သည်။

❄



"ကျောင်းဆရာရေ ချောင်းဖျားမိုး တအားရွာနေပြီ၊ ထင်းတွေမှာထားတာ လာပို့ကြတော့မှာ မနေ့ကပဲတစ်နေ့လုံး ရွာထားတာ၊ ချောင်းဖျားရေ ဆင်းလာပြီ၊ ဆရာတော့ အတွေ့အကြုံတစ်ခုတိုးရ တွေးရမှာ၊ အဆင်သင့်ရင် တောင်ကျရေအမဲတောင် ရနိုင်သေးသပနော၊ စံထွန်းအောင်တို့, ဖိုးခက်တို့ လှေတွေကြိုးတွေပြင်ဆင်ကြဟေ့"

"လှေက ချောင်းထဲမှာအဆင်သင့်လုပ်ထားပါပြီ၊ ကြိုးခွေကတော့ ရွာထဲမှာကို ဖိုးခက်သွားယူနေပါတယ်"

"ရေက တဖြည်းဖြည်းနဲ့ ရေစီးမြန်လာနေပြီ၊ ဟော, ပြောရင်းဆိုရင်း တုံးတွေမျောပါလာပြီဟေ့၊ မြန်မြန်လုပ်ကြ၊ ကြိုးခွေရောက်ရင် ချောင်းထဲဆိပ်ကလှေကို ဒီဘက်ကို ထိန်းပြီးလှော်ခဲ့ကြဟေ့၊ လာ ကျောင်းဆရာတို့သွားကြရအောင်"

သူဌေးချောင်း(ရွှေလှေချောင်း) မကြီးမှာ ကျောက်ဖြူမော်ရွာနှင့်ခမောင်းတုန်းရွာအကြားရှိ ပင်လယ်ဝ မြစ်ပြင်ကျယ်ကြီးမှတစ်ဆင့် ပင်လယ်ထဲသို့ မြစ်ရေစီးဆင်းမှုမှာ မြန်သည်ထက် မြန်လာနေသည်။ သစ်တုံးများ၊ အပင်များ၊ ဒိုက်သရေများသည် ရေစီးနှင့်အတူ ရိပ်ခနဲရိပ်ခနဲ စီးဆင်းမျောပါသွားကြသည်။ ရွာအရှေ့ဘက်ချောင်းထဲမှ လှေတန်းကိုဖိုးခက်နှင့် ကိုစံထွန်းအောင်တို့က ကမ်းနှင့်အနီးကပ်ဆုံး လှော်ခတ်လာကြကာ ထိုးဆိုက်ပေးလိုက်သည်။

ဦးလေးကြီးထွန်းဘော်က. . .

"ဖိုးခက် ပေးပေး၊ ကြိုးစကို အုန်းပင်မှာချည်ထားလိုက်မယ်၊ ထုံးစံအတိုင်း မင်းက ကြိုးခွေကိုကိုင်လျှော့ပေးဟေ့"

"ကိုထွန်းဘော် လှေပေါ်တက်ပြီးတော့ ကျောင်းဆရာလဲ တက်လေ၊ တုံးမျောလာရင် အသင့်လိုက်ဖို့ လှော်တက်ကိုပြင်ထား"

"ဟိုမှာ ဟိုမှာ. . . ထင်းပင်ကြီးမျောလာပြီ၊ လှေထွက်ဟေ့. . . ဖိုးခက်





www.burmeseclassic.com

www.burmeseclassic.com

ကြိုးစကို တစ်ခွေချင်း လျှော့ပေးဟေ့၊ စံထွန်းအောင်က ထိန်းပြီးလျှော်ပေး၊ ကျောင်းဆရာက ကူလျှော်ပေးဟေ့၊ ငါက ထင်းပင်နဲ့နီးအောင် ပဲ့ထိန်းပေးမယ်"

ရေစီးနှင့်အတူ လှေကလေးက မျောပါနေသည့် တုံးအနီးသို့အလိုက်သင့် ချဉ်းကပ်လိုက်သည်။ ဦးထွန်းဘော်ကြီးက ပဲ့ကိုင်ကျွမ်းကျင်သလို ကိုစံထွန်းအောင်က တစ်ဖက်ကြိုးစဖြင့် ထင်းပင်ကြီးကို ကွင်းကျော့၍ကျွမ်းကျင်စွာချည်နှောင်လိုက်သည်။ ထို့နောက် လှေကို ထင်းပင်ကြီးဆီမှ ခွာထုတ်လိုက်သည်။ မျောပါနေသည့်သစ်တုံးသည် ကြိုးတင်းသည်နှင့် ကမ်းစပ်ဆီသို့ တအိအိမျောပါရင်း ကမ်းဆီသို့ ဆိုက်ကပ်သွားသည်။ ဒီလိုနှင့် လှေကလေးနှင့် ထွက်လိုက်ဝင်လိုက်ဖြင့် ထင်းတုံးအတော်များများကို ကမ်းသို့ပို့ဆောင်နိုင်ခဲ့ကြသည်။ သူတို့သုံးဦးကဖြင့် သူ့အလုပ်နှင့်သူ ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်ကြလေသည်။

"ဟင်, ကိုစံထွန်းအောင် . . . သစ်တုံးမှာ မြွေကြီးကပ်ပါလာတယ်၊ ဟိုမှာ ခေါင်းမို့ပြီး မျောလိုက်လာနေတာ၊ နည်းတဲ့အကောင်ကြီးမဟုတ်ဘူး"

"ဖိုးခက် . . . ဓားလှမ်းပေးစမ်းဟေ့၊ ဆရာမြင်ပေလို့ပေါ့၊ သူက မျက်စိလျင်သားပဲ၊ ဒီမြွေကို ဓားနဲ့လှမ်းခုတ်လိုက်စမ်းမယ်၊ ဟာ, ဒါ တောကြီးမြွေဟောက်ပဲ၊ ကဲ . . . ကြွပေတော့ကွာ"

"ဒုတ် ဒုတ် . . . ဒေါက်"

"ကျောင်းဆရာ . . . ဟောဟိုရှေ့ဆီက မျောပါလာနေတာ လမုချုံလား၊ ဆတ်ချိုလား ကြည့်ပေးစမ်းပါ၊ အခက်အလက်တွေနဲ့ဟ၊ သေသေချာကြည့်"

"လမုချုံပါ ဦးလေးကြီးထွန်းဘော်ရေ့ . . . လမုရွက်ချွန်ချွန်ကလေးတောင် လှမ်းမြင်နေရတယ်၊ လမုချုံကြီးပြုတ်မျောပါလာတာထင်တယ်"

"ဟာ, ဟေ့ . . . စံထွန်းအောင် တုံးကိုပြန်ပြီး ဓားနဲ့ခုတ်ဖြတ်မျောလိုက်ဟေ့၊ ကြိုးတစ်ခွေ ထပ်ဆက်ထား၊ ကျောင်းဆရာပြောသလို လမုချုံ မဟုတ်ဘူးဟေ့၊ ဆတ်ချိုထောင်ကြီးဟ၊ သေသေချာချာ ကြည့်စမ်းပါဦးကွ၊ ဟိုမှာ နားရွက်ကလေးနှစ်ခုနဲ့ ခေါင်းဖော်ပြီး မျောလိုက်လာတာ၊ မျက်စိရှင်ရှင်နဲ့ ကြည့်ကြစမ်းပါဟေ့၊

ဦးထွန်းဘော်ကြီးနဲ့ ကျောင်းဆရာ လှေကို အားနဲ့လျှော်ကြစမ်းပါ၊ မြန်မြန်အားထည့် လျှော်ပေးကြပါကွ၊ အမီလိုက်ကြရအောင်"

"ဟာ, ဟုတ်တယ်ဟေ့ . . . ဆတ်ဖားကြီးပဲကွ၊ ချိုကြီးကတော့ ပုံ့နေတာပဲ၊ ကျွန်တော်က ဖြုန်းစားကြီးဆိုတော့ လမုကိုင်းဖြူကိုင်းနဲ့ ခွဲမရအောင် တူနေတာပဲ၊ နီးလာပြီ . . . နီးလာပြီ၊ အားထည့်ပြီးလျှော်ပေးကြပါဟ"

"စံထွန်းအောင် . . . မင်းက လက်မြန်ခြေမြန်နဲ့ ဆတ်ချိုကို အပိုင်ကွင်းကျော့ချည်လိုက်ဟေ့၊ သေချာအောင် လုပ်ထားဟေ့၊ အခွင့်အရေးဆိုတာ ဘယ်လက်လွှတ်ပေးနိုင်မလဲ၊ ချိုကြီးက လှပကော့ပုံ့နေတာပဲ . . . သက်ရင့်ဆတ်ဖားကြီးကွ"

"ဟုတ်ကဲ့ ဦးထွန်းဘော်၊ နီးကပ်သွားပြီ၊ လှေကိုအလိုက်သင့် မြောင်းပေးလိုက်စမ်း . . . ဟုတ်ပြီ ဟုတ်ပြီ၊ ရပြီ မိပြီဗျ"

"အလိုလေး . . ဗွမ်း . . ဝုန်း"

"ဟာ, စံထွန်းအောင် ရေထဲကျသွားပြီ၊ စံထွန်းအောင် . . . စံထွန်းအောင် ဆတ်ချိုကိုလှမ်းကိုင်ထား . . . လှမ်းကိုင်ထား၊ မလွှတ်စေနဲ့ဟေ့၊ ရရဲ့လား၊ မင်းက တယ်ပေါ့လျော့တာကိုး"

"စိတ်လှုပ်ရှားသွားလို့ပါ ဦးထွန်းဘော်ရဲ့"

"ဖိုးခက်ရေ . . . မင်းက ကြိုးကို လှမ်းကိုင်ထားကွာ၊ လှေလွတ်သွားလို့ မဖြစ်ဘူး၊ ငါ စံထွန်းအောင်ကို စိတ်မချဘူးဟ၊ အဆင်ပြေရဲ့လားစံထွန်းအောင်"

"လှေနံတစ်ဖက်ကို လှမ်းကိုင်မိပြီကွ၊ အဆင်ပြေသွားပြီ"

"မြဲမြဲသာကိုင်ထားကွာ၊ လက်ပြုတ်ပြီး မျောပါလို့ကတော့ ထင်းမရ ဆတ်သားမရဘဲ မသာပေါ်သွားနိုင်တယ်ဟေ့"

ကြိုးနှစ်ပင်ဆက်ဖြစ်သဖြင့် လှေကလေးက ထင်းတုံးများဆိုက်ကပ်ထားရာကို ကျော်လွန်၍ သောင်ကွေ့လေးဆီသို့ တရွေ့ရွေ့မျောပါနေသည်။ ဆတ်ကြီးမှာလည်း ချိုကို ကြိုးချည်ခံထားရသဖြင့် ပင်လယ်ဝသို့ မမျောပါတော့ဘဲ လှေနှင့်အတူ မှေး၍ကူးခတ်ပါလာလေတော့သည်။ ကိုစံထွန်းအောင်မှာလည်း လှေနောက်မြီးကို ကိုင်ရင်း ရေထဲမှ ကိုယ်ကိုဖော့၍လိုက်လာလေတော့သည်။ သူတို့အလုပ်က သည်းထိတ်ရင်ဖိုစရာ ဖြစ်သည်။

"လှေဆိုက်တာနဲ့ စံထွန်းအောင်က လှေကို ကုန်းပေါ် မှေးတင်ထား၊ ကျောင်းဆရာက လှေပေါ်ကခုန်ဆင်းပြီး ဆတ်ချည်ထားတဲ့ကြိုးကို တင်းတင်းဆွဲထားကြားလား၊ ဖိုးခက်က ဓားနဲ့ ဆတ်ကြီးကို ရေစပ်မှာတင် ကိစ္စတုံးပေးလိုက်၊ ဆတ်ကြီးကတော့ ခြေကုန်လက်ပန်းကျနေပုံပဲ"

ကမ်းစပ်ရောက်သည်နှင့် လှေပေါ်မှ အသီးသီးခုန်ချလိုက်ကြသည်။

ကျွန်တော်ကလည်း ဆတ်ချိုနှင့်ချည်ထားသည့်ကြိုးကို အားကုန်ဆွဲတင်းလိုက်သည်။ ဦးထွန်းဘော်က ဆတ်ချိုကို ကျွမ်းကျင်စွာကိုင်တွယ်၍ လည်ပင်းကိုလှည့်ပေးလိုက်ချိန်တွင် ကိုဖိုးခက်က ဆတ်လည်ပင်းကို ဓားဖြင့် အားကုန်ခုတ်လိုက်လေသည်။ ကမ်းစပ်တွင် ဆတ်သွေးများ ခြင်းခြင်းနီသွားတော့သည်။ တောင်ကျရေနှင့် မျောပါလာသည့် အချိန်တစ်ရာခန့်စီးမည့် ဆတ်ဖားကြီးမှာ ထင်းဆယ်သမားများ၏ လက်ချက်ဖြင့် တောင်ကျရေအမဲကောင် ဖြစ်သွားလေတော့သတည်း။

❒ မောင်မြဲထွေး(ပင်လယ်)



www.burmeseclassic.com

www.burmeseclassic.com




ယနေ့ငါသည် မနက်ဖြန်ငါနှင့် မတူစေရ။ မနက်ဖြန်ငါက ယနေ့ငါ့ထက် အသိဉာဏ်ဆင်ခြင်တုံတရားက အစ လောကီလောကုတ္တရာ အောင်မြင်တိုးတက်မှုသာလွန်ရမည်။ တစ်နေ့တစ်နေ့ တရွေ့တရွေ့နှင့် ငါ့ဘဝက တစ်စတစ်စ တိုးတက်သာယာမြင့်မားလာရမည်။ ငါဦးထိပ်ရွက်လာသော အတိတ်ကံကြမ္မာဘောင်အတွင်း၌ ပစ္စုပ္ပန်ဉာဏ်ဝီရိယ သွင်းကာ ဘဝအောင်မြင်မှုအထွတ်အထိပ်သို့ရောက်အောင် သတိသမ္ပဇဉ် ဉာဏ်အမြင်နှင့် အစဉ်ထာဝရ ငါကြိုးစားရမည်။

ကံရင်းမူလ ပေးထားသမျှကို အပြည့်အဝရရှိခံစားနိုင်အောင် ငါ စွမ်းဆောင်ရမည်။ ပစ္စုပ္ပန်တွင် ဉာဏ်ဝီရိယ ယုတ်လျော့နိမ့်ကျ၍ ကံရင်းမူလ ပေးထားသမျှ အပြည့်အဝမရနိုင်ပါက ငါသည် လူဖြစ်ရကျိုးမနပ်။ အတိတ်ဘဝါဘဝက မိမိပြုခဲ့သမျှ ကမ္မသတ္တိများကို ပမာမပြု လျစ်လျူရှုကာ မသိကျိုးကျွန်ပြုရာရောက်မည်။

ထို့အပြင် အနာဂတ်ကာလ အနာဂတ်ဘဝကို အလှမဆင်နိုင်သူ လူဖျင်းလူအဖြစ်သွားပေမည်။ ထိုသို့ကား ငါအဖြစ်မခံနိုင်။ ငါပိုင်ဆိုင်ထားသည့် ဤဘဝဤခန္ဓာသို့ အတိတ်ကမ္မသတ္တိကောင်းများ စိမ့်ဝင်စီးဆင်း လူးလွန့် ခွင့်ရရေး အနာဂတ်ကာလနှင့် အနာဂတ်ဘဝ လှသည်ထက်လှပသည်ထက်ပ၊ မြင့်သည်ထက်မြင့်၊ တင့်သည်ထက်တင့်ရေးအတွက် ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ဘဝ၌ ငါ့ရဲ့ ဉာဏ်ဝီရိယတို့ကို အစွမ်းကုန် ရှက်ဖွင့်ရပေမည်။

ဉာဏ်စွမ်းဉာဏ်စ နည်းပါးပြီး ဝီရိယအရှင်းအနှီးလျော့နည်းခြင်းကြောင့် အတိတ်ဘဝ ကံရင်းမူလကို အပြည့်အဝ ထုတ်ယူသုံးစွဲနိုင်ခြင်း မရှိလျှင်၊ အတိတ်ကမ္မသတ္တိများ စိမ့်ဝင်စီးဆင်းခွင့်မရ၍ ပစ္စုပ္ပန်ဘဝမတောက်ပြောင်လျှင်၊ အနာဂတ်ဘဝအား ကြိုတင်စီစဉ်ကာ အလှမဆင်ထားပါလျှင် အရှုံးငါပြင် ရှိအံ့လောဟု တွေးတောပြီး ကာလသုံးပါး၌ ဘဝသုံးမျိုး တိုးတက်ရေး ဦးတည်ကာ အရှုံးမဲ့ အနိုင်ရနည်းဖြင့် အတ္တတစ်ဦးတည်း ယှဉ်ပြိုင်ရာ၌ အပြင်ဒိုင်လူကြီးမရှိ။ အနိုင်သာရှိပြီး အရှုံးမရှိ။ မိမိ၏ သတိသမ္ပဇဉ်ဉာဏ်အမြင်ဟူသော ဒိုင်လူကြီးသာရှိ၏။ ဝီရိယလက်ခြေတပ်ထားသော အတ္တတစ်ဦးတည်း ယှဉ်ပြိုင်၍ အတ္တသည်ပင် အနိုင်ရ၏။ အရှုံးနှင့် ရင်ဆိုင်ရခြင်း မရှိပေ။

ထိုမှတစ်ပါး အခြားပြိုင်ပွဲ အတ္တ၊ ပရ ဝင်နွှဲရာဟူသမျှ၌ အတ္တတိုင်းသည် ပရအပေါ် အနိုင်ယူ အသာစီးရလို၍ အတ္တ၏ပန်းတိုင်က အနိုင်ရခြင်းဖြစ်လေရာ အတ္တ၏ပစ်မှတ်ကား ပရသာ အမြဲဖြစ်၏။ သို့တွက်ကြောင့် အနိုင်အရှုံးသည် အတ္တတိုင်းအတွက်ဖြစ်သလို ပရတိုင်းအတွက်လည်း ဖြစ်ပေသည်။

သူ့ထက်ငါ အသာရရေး သူနှင့်ငါ ယှဉ်ပြိုင်ရာဝယ် အနိုင်အရှုံးထာဝရရှိသလို အပြုံး၊ အမဲ့ ဟူသော သက်ရောက်မှုလည်း ထာဝရရှိနေပေသည်။ နိုင်သူပြုံး၍ ရှုံးသူမဲ့ရ၏။ မဲ့ခြင်းနှင့်ရွှဲခြင်းသည် အလွန်နီးကပ်၏။ တစ်ထပ်တည်းကျသည်ဟုပင် ဆိုလိုကဆိုနိုင်ပေသည်။

မဲ့ခြင်းကို စိတ်၏ ဒဏ်ရာအနာတရဟု မှတ်ထင်ယူဆလျှင် ရွှဲခြင်းကား နာကြည်းမုန်းတီးခြင်းပင်ဖြစ်ပေမည်။ ရွှဲရင်း မဲ့ပြီး မဲ့ရင်း ရွှဲလိုက်လျှင်. . .

"ဒီတစ်ကြိမ်တော့ ရှိစေတော့လေ၊ တူဖြစ်တုန်း မင်းနဲ့ထားပေါ့ကွာ၊ နောက်တစ်ကြိမ်တွေ့ကြသေးတာပေါ့၊ အေး. . . ပေဖြစ်ရင်တော့ မင်းခံဦးပေါ့"

ဟူသောအတွေးနှင့် တေးမှတ်ထားခြင်း အာဃာတသည် ရှုံးနိမ့်သူ၏ နှလုံး၌ အိပ်ပျော်နေသောအဆိပ်ပြင်းမြွေတစ်ကောင်ပမာ အနုသယကိလေသာအဖြစ် ကိန်းတည်နေရှာတော့၏။ အခါသင့် အခွင့်သာသည်နှင့် ထင့်ခနဲဆို နိုးထလာပြီး ပရိယုဋ္ဌာနအဆင့် ထကြွခြင်းမှသည် ဝီတိက္ကမအဆင့် လွန်ကျူးခြင်းဆီသို့ ဦးတည်သွားမြဲ ဖြစ်ပေသည်။

မဲ့သူ ရွှဲခြင်းကိုသိလျှင် ပြုံးသူလည်း မဲ့ရွှဲလာတတ်ပြန်၏။ ထိုအခါ မိမိ



www.burmeseclassic.com

www.burmeseclassic.com

လက်ရှိပိုင်ဆိုင်ထားသော အနိုင်ရမှု ခိုင်မြဲစေရန် ရှုံးနိမ့်သူပြန်မလှန်နိုင်ရေး ဖိနှိပ်ချုပ်ချယ်ထားနိုင်အောင် ကြိုတင်စီစဉ်တတ်၏။ ဤသို့နှင့် နိုင်သူရော ရှုံးသူပါ စိတ်မချနိုင်ခြင်းဟူသော ပူပင်သောက ပူလောင်ရခြင်းကို အမြဲတစေပွေ့ဖက်နေရတတ်၏။

သို့ရာတွင် အပြိုင်အဆိုင် အနိုင်အရှုံးအတွက် ပစ္စုပ္ပန်သတ်မှတ်ချက်ကို နိုင်သူရောရှုံးသူပါ သိနိုင်မြင်နိုင်သော်လည်း အတိတ်ကံကိုမူ မည်သူမျှ တပ်အပ်သေချာမသိနိုင်ပါပေ။ မိမိမမြင်ရနိုင်သော အတိတ်ကံဒိုင်လူကြီးက အနိုင်အရှုံးကို အလှည့်အပြောင်းလုပ်ပေးလိုက်ပါက နိုင်ရာမှရှုံးသွားနိုင်သလို ရှုံးရာမှ တစ်ဖန် အနိုင်ရလာနိုင်ပြန်၏။

ဗုံလုံတစ်လှည့် ငါးဖျံတစ်လှည့်၊ သစ်ငုတ်မြင့်တုံ မြက်မြင့်တုံ၊ ဘတစ်ပြန် ကျားတစ်ပြန်၊ လောကဓံ အလှည့်အပြောင်းတွင် မိမိဘဝလည်း ရေစီးတစ်ခါ ရေသာတစ်လှည့်၊ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်ဖြစ်တတ်၏။ ထိုသဘောကို ပြိုင်ပွဲဝင်သူတိုင်း မမေ့အပ်ပေ။ အနိုင်ရချိန်တွင် မထီမဲ့မြင်နိုင်ထက်ကလူပြုလွန်းက ရှုံးနိမ့်သောခါ မေဘဝနှင့် တူနှံသမျှ ခံရတတ်၏။

တန်ပြန်မှုကို အပြင်းအထန်ခံရပြီး ဘဝအထိနာတတ်၏။ ပြိုင်ဆိုင်သူတိုင်း နိုင်နိုင်ရှုံးရှုံး ပြိုင်ဘက်အပေါ် အလွန်တင်းမာပြင်းထန်သော မာန်မာနမျိုး မထားသင့်ပေ။ ပြိုင်ပွဲ၏ရလဒ်သည် အနိုင် သို့မဟုတ် အရှုံးဖြစ်၍ ပြိုင်ပွဲဝင်သူ၏စိတ်သည်လည်း အနိုင်(သို့မဟုတ်) အရှုံး၌ ရပ်တန့်သင့်ပေသည်။

အနိုင်မရ အရှုံးပြသောအခါ နောင်နှစ်နောင်ခါ နောက်တစ်ကြိမ်ဟူသော ဘဝရည်မှန်းချက်ကိုမူ မစွန့်လွှတ်သင့်ပေ။ သို့သော် ထိုရည်မှန်းချက်ကို မာန်မာနဖြင့် ဆုပ်ကိုင်မထားသင့်။ အစနားက တင်ပြခဲ့သော အရှုံးမဲ့အနိုင်ရနည်းဖြင့် အတ္တတစ်ဦးတည်း ပြိုင်နေသင့်ပါသည်။

ဤသို့မရှုမြင်ဘဲ အပြင်းစားမာန်မာနဖြင့် ပရအပေါ် လွန်ကဲစွာတေးမှတ်တုံ့ပြန်လျှင် ဤဘဝတွင်လည်း ဒုက္ခထုထည် ကြီးမားတတ်၏။ နောက်ဘဝလည်း လှပခြင်းမရှိဘဲ ယခုဘဝထက်ပင် ဆိုးသွမ်းသွားနိုင်ပေသည်။ ဒေါသမာန်မာန အရှိန်အဝါအလျောက် ဒုဂ္ဂတိဘုံဘဝရောက်ရတတ်၏။ဒုက္ခကိုအဖော်ပြုရတတ်၏။ ဒုဂ္ဂတိဘုံဘဝ ဆိုးကျိုးဒုက္ခမှ လွတ်လာသည့်တိုင် အရှုံးသမားဘဝနှင့် ရင်ဆိုင်ရတတ်၏။ အကြောင်းမှာ ဒေါသ မာန်မာနတက်သော ဘဝကာလတိုင်း၌ ဝီရိယ ယုတ်လျော့နေတတ်ပြီး ဉာဏ်ပညာ လုံးဝကင်းမဲ့နေတတ်သောကြောင့် ဖြစ်ပေသည်။

ကံကြမ္မာ အတိမ်းအစောင်း လောကဓံအလှည့်အပြောင်းနှင့် အနိုင်အရှုံး၊ အနိမ့် အမြင့်သဘောသည် မည်သူ့အတွက်မျှ ထာဝရတည်တံ့ခိုင်မြဲနေခြင်း မရှိပေ။ လောကလူသားတို့ကို မဆိုထားနှင့်၊ ကမ္ဘာဦးကပင် အစဉ်ထာဝရတည်တံ့ပြီး လေးကျွန်းလုံး ဝင်းပြောင်အောင် အလင်းဆောင်နိုင်သော နေမင်း လမင်းတို့သည်ပင် ရာဟုစက်အိမ်နဝင်းကြိမ်၍ မိုးတိမ်ဆီးနှင်းဖုံးအုပ်ခြင်းနှင့် တွေ့ကြုံရပါက ဤလောကအား အလင်းမပေးနိုင်တော့ဘဲ သေးသိမ်မှေးမှိန်သွားရပေသည်။ မှောင်နက်မည်းမည်း ဖြစ်သွားရ၏။

ရာဟု အသူရိန် ဖမ်းထားခြင်းကြောင့် လမင်းသည် "နမော တေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊ သမ္ဗာဓပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ" ဟူသော ဂါထာရွတ်ဆိုကာ ဘုရားတ,ခဲ့ရဖူး၏။

ဤသဘောကို ဉာဏ်ဖြင့်မစောကြောဘဲ အတိမာနထားခဲ့ပါက ငန်းမြွေသည် ချင့်နှိုင်းမထောက် လူနောက်သို့တကောက်ကောက်ပင်တန်းကာမှန်းကာ လိုက်ရင်း သေရာသချိုင်းကိုရှာသကဲ့သို့ ကိုယ်သာလျှင် မုချပျက်စီးရတတ်၏။ အနိုင်အရှုံးဟူသော ရလဒ်နှစ်မျိုးနှင့် နပန်းလုံးရသည့် လောကပြိုင်ပွဲများတွင် ဗာလအသွင် ဉာဏ်အမြော်အမြင်မရှိက လူတွင်မထူး အပ်နှင့်စူးသို့ ကျေးဇူးဖြစ်ထွန်းခြင်း နည်းပါး၏။ အမှားတွေ့ရသည်က များ၏။

စူးနှင့်ဖောက်လို့ ပေါက်လျှင်ပေါက်၊ ပေါက်ပြန်ကလည်း တစ်ပေါက်တည်းသာ။ မပေါက်လေက ဖောက်သည့်လက်ကို ပေါက်အောင် ဖောက်သွားတတ်၏။ထွင်းဖောက်ဖြတ်တောက်လိုရာကို အလိုရှိတိုင်း ထွင်းဖောက်ပြုပြင်ယူနိုင်ခြင်းမရှိ။ ထို့အတူ လူဗာလလည်း တစ်ကြောင်းတည်း တစ်လမ်းတည်းမျှသာ ပေါက်ရောက်နိုင်၏။

လောကအတွက် အကျိုးများများ မသက်ရောက်စေနိုင်ပေ။ မချင့်မထောက်ဘဲ အမြဲ မောက်မာနေက နောက်ဆုံးတွင် ကိုယ်သာလျှင် ပျက်စီးရတတ်၏။ ဉာဏ်ပညာနှင့် သင့်,မသင့်ကို ချင့်ချိန်လျက် သင့်ရာကိုမပြုဘဲ စော်ကားမော်မောက် မထင်လောက်ဟု မာနလျောက်ကာ ငါ့အောက်ကလူချည်းမှတ်ထင်နေပါက ပညာဉာဏ်နည်းပါးသည့် ဆင်ပြောင်ကြီးအား ဖား၊ ကျီး၊ ယင်မမဲရိုင်း၊ နှံစုတ်ငှက်တို့ ပူးပေါင်းပြီး တောမြိုင်ချောင်ဝယ်အသက်ဆုံးအောင် ကြံဆောင်ခဲ့ဖူးသကဲ့သို့ အားနည်းသူဉာဏ်ကြီးရှင်တို့၏ ပူးပေါင်းကြံစည်ခြင်း ခံရတတ်၏။

အနိုင်၊ အရှုံးဟူသော ဝေါဟာရနှစ်ခုတွင် အနိုင်ကိုမျှော်မှန်း အနိုင်ကိုလှမ်းကိုင်လိုပါက ကာလဒေသကိုလည်း သိရ၏။ အခွင့်အခါ သာ,မသာကိုလည်း နားလည်ရ၏။ သတ္တဝါတိုင်း အချိန်အခါ အားလျော်စွာ သူ့နေရာနှင့်သူ အားအစွမ်းသတ္တိများ ထက်မြက်ကြ၏။ ထိုအကြောင်းကို မဃဒေဝ (ပိုဒ်- ၂၀၄) ၌. . .

"ကုန်းမှာ ကုန်းသား၊ ရေကားရေသူ၊ နေ့မူ နေ့ငှက်၊ ည ညငှက်တည့်၊ ကျီးနက်ခင်ပုတ်၊ ကုပ်သလုပ်တို့၊ မြဲချုပ်နေထွက်၊ အားမာန်တက်၏၊ သူ့စက်

www.burmeseclassic.com

ငါ့စက်၊ ကိုယ့်နယ်ကွက်၌၊ သံ့ားငယ်တို့မျှ၊ သမယနှင့်၊ ဌာနသင့်ရာ၊ စွမ်းတတ်စွာရှင့်"ဟု ဖွဲ့ဆိုထား၏။

ဆိုလိုရင်းမှာ နားလည်လွယ်၍ အထူးရှင်းမပြတော့ပါ။ သာဓကကိုသာ ထုတ်ပြပါမည်။ အချိန်အခါနှင့် နေရာဒေသကိုလည်း မသိ၊ ဉာဏ်ပညာနှင့်လည်း မရှုမြင်၊ အထင်ဘဝင်နှင့် နိုင်လိုကြက်သို့ မာန်ချည်းတက်ကာ စစ်ထိုးဝါသနာပါသော ကာလိင်္ဂ မင်းသမီးလည်းဆုံး စစ်လည်းရှုံးခဲ့ဖူးကြောင်းကို စူဠကာလိင်္ဂဇာတ်တော်၌ မြတ်ဘုရား ဤသို့ ဟောပြထား၏။

အတိတ်ဝေးစွာ ရှေးအခါက ကာလိင်္ဂတိုင်း၊ ဒန္တပုရမြို့တော်တွင် ကာလိင်္ဂဘုရင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်၏။ အဿကတိုင်း ပါဋလိမြို့တော်၌ကား အဿကမင်းကြီး တိုင်းပြည်အုပ်ချုပ် မင်းလုပ်၏။ ကာလိင်္ဂမင်းကြီးသည် ကိုယ်တိုင်လည်း ဆင်ပြောင်ကဲ့သို့ အားရှိပြီး စစ်သည်ဗိုလ်ပါ အင်အားလည်း တောင့်တင်းသာလွန်၏။ သူ့အားပြန်လှန်ခုခံ တိုက်ခိုက်နိုင်စွမ်းသူ မရှိ။ တိုက်ခိုက်ရမည့်သူမရှိလေလေ ကာလိင်္ဂမင်းက စစ်တိုက်ချင်လေလေဖြစ်နေ၏။

စစ်မတိုက်ရ မနေနိုင်၍ မှူးမတ်တို့အား . . .

"မှူးကြီးမတ်ရာတို့ ငါ ဘုရင် စစ်ထိုးချင်တယ်၊ စစ်ပွဲဖြစ်ပြီး စစ်ကြီးထိုးရအောင် ဘယ်လိုလုပ်မလဲ"ဟု တိုင်ပင်မေးမြန်းပါသည်။

အမတ်ကြီးတို့က. . .

"အရှင်မင်းကြီး. . . နည်းလမ်းတစ်ခုတော့ရှိပါတယ်၊ အရှင်မင်းကြီးရဲ့ သမီးတော် လေးယောက်ကို လှပစွာ တန်ဆာဆင်ပြီး အလုံပိတ်ထားတဲ့ ရထားယာဉ်ပေါ်မှာတင်၊ စစ်သည်ဗိုလ်ပါများ ခြံရံလိုက်ပါစေပြီး ရွာနိဂုံးကနေ မင်းနေပြည်တော်ထိ နိုင်ငံတိုင်းကို လှည့်လည်ပါ၊ မင်းတစ်ပါးပါးက သမီးတော်များကို လိုလားစိတ်နှင့် သိမ်းပိုက်လာရင် အဲဒီဘုရင်နှင့် စစ်ထိုးမှာပေါ့ အရှင်မင်းကြီး"ဟု ထင်ရာမြင်ရာအကြံပေးကြ၏။ ထိုအကြံဉာဏ်အတိုင်းပင် ကာလိင်္ဂမင်းဆောင်ရွက်၏။

တန်ဆာဆင်ထားသော မင်းသမီးနှင့် စစ်သည်ဗိုလ်ပါတို့ ရောက်သမျှတိုင်းနိုင်ငံမှ မင်းတို့သည် ကာလိင်္ဂမင်းအား ကြောက်ရွံ့၍ မြို့ထဲအဝင်မခံဘဲ မြို့ပြင်မှာတင်နေစေပြီး လက်ဆောင်ပဏ္ဏာများ ဆက်သကာ ပြန်လွှတ်လိုက်ကြ၏။ ဤသို့နှင့် အစဉ်အတိုင်းပင် တိုင်းတကာကိုလှည့်လည်လာရာ အဿကတိုင်း၊ ပါဋလိမြို့တော်သို့ရောက်လာ၏။ အခြားဘုရင်များလိုပင် အဿကမင်းလည်း မြို့တံခါးများပိတ်ကာ လက်ဆောင်ပဏ္ဏာများ ဆက်သလိုက်၏။

BURMESE CLASSIC .com

သို့သော် အဿကမင်းကြီး၏ ပညာရှိအမတ်၊ ဥပါယ်တံမျဉ်ကို နားလည်သူ နန္ဒိသေနကမူ. . .

"လှပတဲ့ ဒီမင်းသမီးတွေ တိုင်းနိုင်ငံအနှံ့ လှည့်လည်လာသော်လဲ မည်သူမျှ စစ်မတိုက်ဝံ့ကြ၊ ဒီအတိုင်းဆိုရင် ဇမ္ဗူဒီပါဟာ အချည်းနှီးဖြစ်သွားတော့မှာပေါ့၊ ဒီကာလိင်္ဂမင်းကို ငါတိုက်မယ်"လို့ စဉ်းစား၏။

ပြီးနောက် မြို့တံခါးသွားပြီး တံခါးဖွင့်ပေးလိုက်ရန် တံခါးမှူးတို့အား ပြောလိုက်၏။နန္ဒိသေနအမတ်ကြီးသည် ကာလိင်္ဂမင်း၏ သမီးကညာ ရတနာတို့ကို အဿကမင်းထံသို့ ဦးဆောင်ခေါ်သွားပြီး ဆက်သ၏။

"အရှင်မင်းကြီး. . . မစိုးရိမ် မကြောက်ရွံ့ပါနှင့်၊ စစ်တိုက်ရင် ကျွန်တော်မျိုးတို့ နိုင်မှာပါ၊ ဒီမင်းသမီးချောလေးတွေကို မိဖုရားမြှောက်လိုက်ပါ"ဟုလည်း တိုက်တွန်းစကားလျှောက်ထား၏။

အတူပါလာသော စစ်သည်တော်များကိုလည်း. . .

"သင်တို့မင်းကြီးအား သတင်းပြန်ပို့ကြချေ"ဟု ပြန်လွှတ်လိုက်၏။

သတင်းရသည်နှင့် ကာလိင်္ဂမင်းကြီး ယမ်းပုံမီးကျ ဒေါသူပုန်ထတော့၏။

"ဒင်းက ငါ့အကြောင်းမှကောင်းကောင်းမသိဘဲကိုး၊ တွေ့ကြသေးတာပေါ့"ဟု ကြုံးဝါးလိုက်၏။

စစ်သည်အလုံးအရင်းနှင့် ချက်ချင်း ချီတက်၏။ ကြိုသိထားသော နန္ဒိသေနအမတ်က မိမိတိုင်းနိုင်ငံတွင်းသို့ ဝင်မလာရန် နှစ်နိုင်ငံကြား၌ စစ်ထိုးမည့်အကြောင်း သတင်းပို့လိုက်၏။ ကာလိင်္ဂမင်းလည်း သဘောတူပြီး နှစ်နိုင်ငံနယ်စပ်၌ စောင့်နေ၏။ အဿကမင်းလည်း ကာလိင်္ဂမင်းနှင့်စစ်ထိုးရန် နယ်စပ်သို့ ချီတက်လာ၏။ မကြာမီ စစ်ထိုးကြတော့မည်။

ထိုစဉ်ကာလ၌ ဘုရားလောင်းရသေ့သည် ကာလိင်္ဂတိုင်းနှင့် အဿကတိုင်းတို့၏ကြား နယ်စပ်၌ သစ်ရွက်မိုးကျောင်းကလေးဆောက်လုပ်ပြီး တရားအားထုတ်လျက်ရှိနေ၏။ ရသေ့ရဟန်းတို့မည်သည် တစ်ခုခုကိုသိနေတတ်၏။ မည်သူရှုံး၍ မည်သူနိုင်မည်ကိုသိချင်သိမှာပဲဟု စဉ်းစားမိသော ကာလိင်္ဂမင်းက မင်းအသွင်မှ ရိုးရိုးသာမန်လူ အသွင်ပြောင်းပြီး ဘုရားလောင်းနား ချဉ်းကပ်ကာ မည်သည့်မင်းစစ်နိုင်မည်နည်းဟု မေးလျှောက်၏။

ဘုရားလောင်းက မည်သူနိုင်၊ မည်သူရှုံးမည်ကို မိမိမသိကြောင်း၊ သို့သော် သိကြားမင်း မိမိထံ လာရောက်ဆည်းကပ်သည့်အခါ သိကြားမင်းအား မေးစမ်းပြီး အနိုင်အရှုံးသိရပါက ပြောပြပါမည်။ မနက်ဖြန်လာခဲ့ပါဦးဟု ပြောလိုက်၏။

နောက်တစ်နေ့ သိကြားမင်း ရောက်လာသောအခါ ဘုရားလောင်းရသေ့က ထိုအကြောင်းကို မေးမြန်းရာ သိကြားမင်းက ကာလိင်္ဂမင်း နိုင်ပြီး အဿကမင်းရှုံးမည်ဟု ပုဗ္ဗနိမိတ်ထင်သည့်အတိုင်း ပြောပြ၏။ နောက်နေ့ ကာလိင်္ဂမင်း ရောက်လာရာ ဘုရားလောင်းက သိကြားမင်းဆိုတိုင်းပင် ကာလိင်္ဂမင်း နိုင်မည့်အကြောင်း ပြောလိုက်၏။





www.burmeseclassic.com

www.burmeseclassic.com

ပုဗ္ဗနိမိတ် မည်သို့ပေါ်လာသည်ကို မမေးစမ်းတော့ဘဲ ငါနိုင်မတဲ့ပေ့ဟု ကာလိင်္ဂမင်း ဝမ်းသာအားရနှင့် ထပြန်သွား၏။

ထိုသတင်းကား နှစ်ပြည်ထောင်ကြားတွင် တောမီးကဲ့သို့ ခဏချက်ချင်း တစ်ဟုန်ထိုးပျံ့နှံ့သွားတော့၏။

ထိုသတင်းအရ အဿကမင်းကြီးက နန္ဒိသေနအမတ်ကြီးအား. . .

"ငါတို့ရှုံးမှာတဲ့၊ ကဲ. . . ဘယ်လိုလုပ်ကြမလဲ"ဟု မေးခွန်းထုတ်ပြီး သက်ပြင်းချပြ၏။

နန္ဒိသေနအမတ်ကြီးက အဿကမင်းကြီးအား. . .

"မည်သူမျှ အရှုံးအနိုင် အတိအကျ မသိနိုင်ပါဘူး၊ အရှင်မင်းကြီး စိတ်မပူပါနှင့်"ဟု နှစ်သိမ့်ပြီး ဘုရားလောင်း ရသေ့ထံ ချဉ်းကပ်မေးမြန်း၏။

ဘုရားလောင်းလည်း ယခင်အတိုင်းပင်ဖြေ၏။ နန္ဒိသေနအမတ်ကြီးကား ကာလိင်္ဂမင်းလို ဘာမသိညာမသိ ချက်ချင်း ထမပြန်သေးဘဲ. . .

"အတိတ်နိမိတ်က ဘယ်လိုပေါ်ပါသလဲ အရှင်ရသေ့"ဟု မေးလျှောက်၏။

ဘုရားလောင်းက သိကြားမင်းစကားအရ နိုင်မည့်ကာလိင်္ဂမင်းရဲ့ ကိုယ်စောင့်နတ်က တစ်ကိုယ်လုံးဖြူဖွေးနေတဲ့ နွားလားဖြစ်ပြီး ရှုံးမည့်အဿကမင်းရဲ့ ကိုယ်စောင့်နတ်က အမည်းရောင်နွားလား ဖြစ်နေကြောင်း ရှင်းပြ၏။

ထိုစကားကြားနာပြီး နန္ဒိသေနအမတ်ကြီးက စစ်သည်တော်များအား အသက်ပေးပြီး နောက်မဆုတ်စတမ်း စစ်တိုက်ရန်၊ အဿကမင်းကြီးအား ကာကွယ်ရန် တိုက်တွန်းစကား ပြောကြား၏။

ကာလိင်္ဂမင်းနှင့် စစ်သည်တော်များကား ငါတို့နိုင်မှာပါ ဟူ၍ ပြိုင်ပွဲအဆုံးစွန်သို့ စိတ်ကိုပို့လွှတ်ကာ စိတ်နှလုံး တုံးတုံးချထားလိုက်ကြ၍ ဝီရိယ ပေါ့လျော့သွားကြ၏။

အဿကမင်း၏ စစ်သည်တော်များကား နန္ဒိသေန အမတ်ကြီး၏ ဦးဆောင်တိုက်တွန်းမှုကြောင့် အသက်ကိုပေး စတေးရန် ဝီရိယပြင်းထန်နေကြ၏။

ဤသို့နှင့် နှစ်ပြည်ထောင်မင်းတို့ စစ်ချီလာသလို ကိုယ်စောင့်နတ်နှစ်ပါးလည်း ချီတက်လာတော့၏။ ကိုယ်စောင့်နတ်တို့အား စစ်ထိုးမည့်မင်းနှစ်ပါးသာမြင်ရ၏။ ကျန်လူတို့ မည်သူမျှမမြင်ကြရပေ။ သို့တွက်ကြောင့် နန္ဒိသေန အမတ်ကြီးက. . .

"အရှင်မင်းကြီး. . . ကိုယ်စောင့်နတ်ကို မြင်ရပါသလား၊ မည်သို့မည်ပုံမြင်ရပါသနည်း"ဟု မေးလျှောက်၏။

အဿကမင်းကြီးက ဘုရားလောင်းရသေ့ပြောသည့်အတိုင်း ကာလိင်္ဂမင်းကိုယ်စောင့်နတ်က ဖြူဖွေးနေပြီး တက်ကြွနေကြောင်း၊ မိမိကိုယ်စောင့်နတ်က မည်းညစ်ခံနေပြီး စိတ်ဓာတ်ကျနေကြောင်း ရှင်းလင်းပြောပြ၏။ သို့ဆိုလျှင်. . .

"အရှင်မင်းကြီး. . . မြင်းပေါ်ကဆင်းပြီး လက်ဝဲဘက်လက်က မြင်းဝမ်းရေပြားကို ကိုင်၊ ညာဘက်လက်က လှံကိုကိုင်၊ စစ်သည်တစ်ထောင်နှင့် တစ်ဟုန်ထိုးဝင်ရောက်ပြီး ကာလိင်္ဂမင်းရဲ့ကိုယ်စောင့်နတ်ကို လှံနှင့်ထိုးသတ်ပါ။ အရှင်မင်းကြီး ထိုးသတ်ပုတ်ခတ်သည့်နေရာကိုပင် မမြင်ကြရသည့် နောက်လိုက်တို့က ဝိုင်း၍ထိုးသတ် ပုတ်ခတ်၍ ရိုက်နှက်ကြပါလိမ့်မည်၊ ဤသို့ပြုပါက ကာလိင်္ဂမင်းရဲ့ ကိုယ်စောင့်နတ် သေကြေပျက်စီးသွားပြီး ကာလိင်္ဂမင်းလဲ စစ်ရှုံးသွားပါလိမ့်မည်၊ အရှင်မင်းကြီး နိုင်ပါလိမ့်မည်"ဟု အကြံပေး၏။

ထိုအကြံအတိုင်းလုပ်၍ အဿကမင်း အနိုင်ရကာ နိုင်နေကျ ကာလိင်္ဂမင်း ရှုံးနိမ့်သွား၏။

အသိဉာဏ် ဆင်ခြင်တုံတရားကင်းမဲ့လျက် နှိပ်စက်ကလူ နိုင်လိုမင်းမူ စိတ်ပြင်းပြစွာနှင့် ငါ့ကိုတွန်းလှန်နိုင်သူ ဤဇမ္ဗူတွင် တစ်လူမျှမရှိ။ ငါနိုင်နေကျ ငါနိုင်ရမည်ဟု အထင်ဘဝင် နားထင်သွေးရောက်ကာ မတည်မြဲသော အနိုင်အရှုံးကို အတည်အမြဲသဘောထားပြီး အပိုင်တွက်ကာ စစ်ထိုးသူ ကာလိင်္ဂမင်းကား စစ်လည်းရှုံး၊ သမီးလည်း ဆုံးရ၏။

အသိဉာဏ်နှင့် ကာလဒေသကို ချင့်ချိန်ဝေဖန်တတ်သော ပညာရှိ နန္ဒိသေန အမတ်ကြောင့် ရှုံးနေကျ၊ ယခုလည်း ရှုံးရလိမ့်မည်ဟု တွေးထင်နေသော အဿကမင်းကား အရှုံးမှအနိုင်သို့ ချီတက်နိုင်၏။ ရှုံးနိမ့်ခြင်းသည် အဿကမင်းဘဝမှ လွင့်စဉ်သွားရပြီး အောင်နိုင်ခြင်းက အဿကမင်းအား ပွေ့ဖက်ထား၏။

သို့သော် အဿကမင်း၏ အောင်နိုင်ခြင်းလည်းပဲ ထာဝရတည်တံ့လိမ့်မည်မဟုတ်။ ကံကြမ္မာအနိမ့်အမြင့်ပေါ်မူတည်ကာ အသိဉာဏ်ဆင်ခြင်တုံတရားကင်းမဲ့သောတစ်နေ့ အရှုံးနှင့်တွေ့ရတတ်သေး၏။

အနိုင်၊ အရှုံး ဟူသမျှ ထာဝရတည်တံ့ခြင်းမရှိ။ အရှုံးမဲ့ အနိုင်ရသော အတ္တတစ်ဦးတည်း ပြိုင်ဆိုင်ခြင်းသာလျှင် အကောင်းဆုံးဖြစ်၏။ အကယ်၍ အတ္တသည် ပရနှင့်ပြိုင်ဆိုင်ရပါကလည်း အနိုင်၊အရှုံး ဟူသောရလဒ်၌ စိတ်ကိုရပ်နိုင်အောင် ဆင်ခြင်သင့်၏။ ထို့ထက်ကျော်လွန်၍ အတိမာနထားကာ အာဃာတအဖြစ် မတေးမှတ်သင့်ပေ။

"အောင်ခြင်း၊ ရှုံးခြင်း၊ အခင်းနှစ်မည်၊ ဟူတုံသည်ကား၊ အတည်တစ်၊ မှန်မရှိဘူး၊ အောင်ပြီးတစ်ဖန်-ရှုံးပြန်တစ်ခါ၊ နိုင်ရာတစ်ချက်၊ ပျက်ရာတစ်မျိုး၊ စစ်ထိုးဟူလေ့၊ ပြကတေ့တည့်၊ ခြသေ့်ကိုဖက်၊ နိုင်လျက်ထိုခြင်း၊ ပင့်ကူမျှင်၌၊ ငြိကျင်စင်းလျဉ်း၊ သေတတ်လျှင်း၏။"

(မဃ-၂၀၄)

❐ မောင်ဉာဏ်လင်း(တောင်ကုတ်)

www.burmeseclassic.com

ဤလောကကြီး၌ ပါရမီဆက်သို့မဟုတ် ပဋ္ဌာန်းဆက် ရှိသူများ၏ အဖြစ်အပျက်များမှာ ထူးခြားဆန်းကြယ်လှပေသည်။ ပါရမီဆက်ရှိသူများသည် ဘဝ ဘဝက ပြုခဲ့ဖူးသည့် ပါရမီကြောင့် ယခုဘဝတွင်လည်း ထိုပါရမီကို ဆက်လက် ကျင့်ကြံ အားထုတ်ခွင့်ရကြ၏။ ပါရမီဆက် ဆိုသည့် စကားမှာ နက်နဲခက်ခဲလှသည့်အတွက် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပါရမီကို ဘုရားရဟန္တာ စသော ပုဂ္ဂိုလ်များမှလွဲ၍ ပုထုဇဉ်တို့ မသိနိုင်ပေ။

ဘိုးတော်၊ မယ်တော်များနှင့် ပဋ္ဌာန်းဆက်ရှိသူများမှာ မမျှော်လင့်သောအချိန် မမျှော်လင့်သော နေရာတွင် တိုက်ဆိုင်တွေ့ရှိပြီး ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း စသည့် ကုသိုလ်များကို လုပ်ဆောင်သည်။ သို့သော် အစစ်တစ်ခု အတုတစ်ထောင် အယောင်ဆောင် အပလီန်းဟု ခေါ်ဆိုရမည့် ယနေ့ခေတ်တွင် ဘိုးတော်အတု မယ်တော်အတုများ ခေတ်စားနေရာ ပဋ္ဌာန်းဆက်ဟုပြောပြီး လိမ်လည်လှည့်စားကာ ဖြားယောင်းတတ်သူများစွာ ရှိ၏။

သို့သော် အတုထဲကအစစ်နှင့်လည်း တွေ့ကြုံတတ်ပါသည်။ ရှားတော့ ရှားသည်။ သို့သော် ရှိသည် ဆိုသည့် စကားအတိုင်း ပဋ္ဌာန်းဆက်နှင့် တွေ့ဆုံခွင့်ရသူတစ်ယောက်အကြောင်းမှာ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

သူမ၏အမည်မှာ "ဒေါ်ဝင်းမေ" ဖြစ်ပြီး အသက်ငါးဆယ်အရွယ်ခန့် ရှိသည်။ သူ၏ အသိုင်းအဝိုင်းမှာ အလယ်အလတ်တန်းစားဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ဖြစ်သော်လည်း ၎င်း၏စီးပွားရေးမှာ ပြောပလောက်အောင် ကောင်းသည်ဟု မဆိုနိုင်ပေ။ အကောင်းတစ်လှည့်၊ အဆိုးတစ်လှည့်နှင့် ရင်ဆိုင်နေရသည်။

သူမနှင့် မိတ်ဆွေတစ်စုမှာ နွေရာသီကဲ့သို့ ပွင့်လင်းရာသီတွင် မြန်မာပြည်တစ်ဝန်းရှိ မရောက်ဖူးသောဒေသသို့ ဘုရားဖူးထွက်လေ့ရှိသည်။

ဒီနှစ်တွင်လည်း . . .

"ဒေါ်ဝင်းမေရေ၊ ဒီနှစ်တွေမှာ ကျွန်မတို့ ဘယ်ကိုခရီးထွက်ကြမလဲ"

"အင်း၊ ပုဂံဘုရားတွေလဲ ဖူးပြီးပြီဆိုတော့ ဒီနှစ် ရှမ်းပြည်နယ်မြောက်ပိုင်းဘက်ကို သွားကြမလား"

"အဲဒီ အစီအစဉ်က ကောင်းတယ်၊ မန္တလေးဘုရားစုံဖူးပြီး ပြင်ဦးလွင်ဆီ ဆက်တက်မယ်၊ အဲဒီကနေ သီပေါတို့၊ လားရှိုးတို့ကတစ်ဆင့် မူဆယ်ကို သွားကြမယ်"

"ကောင်းတယ် ကောင်းတယ် မူဆယ်ကို တစ်ခါမှ မရောက်ဖူးသေးဘူး"

"ဒါဆို ဒီနှစ်နွေမှာ မူဆယ်ခရီးစဉ်ကို သွားကြမယ်၊ အားလုံး သဘောတူကြလား"

"သဘောတူတယ်၊ အားလုံး သဘောတူတယ်"



# ထူးခြားဆန်းကြယ်သော ပဋ္ဌာန်းဆက်ရှိသူများ

ရီရီငွေး



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ဒေါ်ဝင်းမေတို့အုပ်စုမှာ မူဆယ်ခရီးစဉ်ကိုသွားရန် အားလုံးသဘောတူခဲ့ကြသည်။ မကြာမီ ခရီးသွားမည့်ရက်သို့ ရောက်လာသဖြင့် ဟီးနိုးကားတစ်စီးငှားကာ ရန်ကုန်မှ စတင်ထွက်လာခဲ့သည်။

ထိုခရီးစဉ်တွင် လိုက်ပါလာသူအများစုမှာ အမျိုးသမီးများဖြစ်ပြီး အမျိုးသား သုံးဦးခန့်သာ ပါခဲ့သည်။ အမျိုးသား သုံးဦးမှာ ဒရိုင်ဘာ နှစ်ဦးနှင့် စပယ်ယာကောင်လေးတစ်ဦးဖြစ်သည်။ ဒရိုင်ဘာဦးထွန်းကြည်မှာ ရန်ကုန်မှ မန္တလေးအထိမောင်းပြီး ဦးစိုင်းရွက်မှာ မန္တလေးမှ မူဆယ်သို့ ဆက်၍မောင်းမည့် ဒရိုင်ဘာဖြစ်သည်။ အမှန်တော့ ဦးထွန်းကြည်မှာ ရန်ကုန်-မန္တလေးကို ကျွမ်းကျွမ်းကျင်ကျင် မောင်းနိုင်သူဖြစ်သည်။ သို့သော် မန္တလေးမှအထွက် ပြင်ဦးလွင်ကို စတင်သွားကတည်းက တောင်တက်တောင်ဆင်းလမ်းများဖြစ်သဖြင့် တောင်ပေါ်လမ်းသို့ကျွမ်းကျွမ်းကျင်ကျင်မောင်းနှင်နိုင်သော ဦးစိုင်းရွက်ကို ခေါ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် ဦးစိုင်းရွက်၏ ဇာတိမှာ မူဆယ်အပိုင်ဆယ်လန့်ရွာဖြစ်သည်။ အလုပ်ရှိ၍ မူဆယ်၌ ခေတ္တနေသော်လည်း သူ၏မိသားစုမှာ ဆယ်လန့်ရွာ၌ နေထိုင်ကြသည်။ အလုပ်နားချိန်တွင် သူသည် ဆယ်လန့်ရွာသို့ ပြန်လေ့ရှိပါသည်။ သို့သော် ဒေါ်ဝင်းမေတို့အုပ်စုမှာ ဦးစိုင်းရွက်၏ ဇာတိကို မသိခဲ့ပေ။

မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများကို ဖူးမြော်ပြီးနောက် ပြင်ဦးလွင်သို့ ဆက်လာခဲ့ပါသည်။ မန္တလေးနှင့် ပြင်ဦးလွင်ကားလမ်းမှာ ၄၂ မိုင်ကွာဝေးပါသည်။

သူမတို့ စီးနင်းလိုက်ပါလာသော ကားကြီးသည် ဖြတ်လမ်းဖြစ်သည့် လမ်းဆုံအုန်းချောလမ်းအတိုင်း မောင်းလာရာ အုန်းချောမှ သုံးမိုင်ခန့်ဆက်သွားသော် ရေပေါင်းသမိုင်းဝင် ရွှေစာရံဘုရားသို့ ရောက်ရှိလာခဲ့သည်။

ဒီတွင် ကားပေါ်တွင် ပါလာသည့် ဒေါ်တင်မြတ်က . . .

"ကားဆရာ ရွှေစာရံဘုရား ဖူးချင်လို့ ခဏရပ်ပေးပါ"

"ဟုတ်ကဲ့ အစ်မ"

သူမတို့၏ကားမှာ ဘုရားဖူးကားဖြစ်သဖြင့် လမ်းရှိ သူတို့ဖူးချင်သည့် ဘုရားများဆီသို့ ပို့ဆောင်ပေးရသည်။

ကားစပယ်ယာ ကိုမြဝင်းမှာ ဤခရီးကို မကြာခဏ သွားနေကျဖြစ်၍ သူက ဒေါ်ဝင်းမေတို့ အုပ်စုအား ဂိုက်လုပ်ပေးခဲ့သည်။

"ဒီဘုရားက အနော်ရထာမင်းကြီးရဲ့ မိဖုရား စောမွန်လှ တည်ခဲ့တဲ့ဘုရားပဲ၊ မိဖုရားစောမွန်လှဟာ ပုဂံပြည်ကနေ ရှမ်းပြည်နယ်ကို ပြန်လာတဲ့အခါ ဒီချောင်းကိုဖြတ်ကူးစဉ် နားတောင်းရေထဲကျသွားတဲ့အတွက် အကြိမ်ကြိမ်ရှာဖွေခဲ့ရတယ်၊ ဒါကြောင့် အဲဒီချောင်းကို နားတောင်းကျချောင်းလို့ ခေါ်ကြတယ်၊ အဲဒီနားတောင်းဟာ ရေထဲမှာ ရှာပေမယ့် မတွေ့ဘဲ ကောင်းကင်ထက်မှာ စာကလေးတွေဝိုင်းပြီးကိုက်ချီထားတာ တွေ့လိုက်ရတယ်၊ မိဖုရားစောမွန်လှက အဓိဋ္ဌာန်ပြုလိုက်တဲ့အခါ နားတောင်းဟာ သူမလက်ထဲကို ပြန်ရောက်လာခဲ့တယ်၊ ဒါကြောင့် အဲဒီနေရာမှာ ဘုရားတစ်ဆူ တည်ခဲ့တယ်၊ စာကလေးတွေ ဝိုင်းအုံကိုက်ချီထားတာကို အစွဲပြုပြီး 'ရွှေစာရံ'စေတီလို့ ဘွဲ့အမည်ပေးခဲ့ပါတယ်"

"ဩော် . . . ဆက်ပြောပါဦး"

"မိဖုရားစောမွန်လှ ဘုရားတည်နေကြောင်းကို အနော်ရထာမင်းကြီးက ကြားသိတဲ့အခါမှာ မင်းချင်းတို့ကိုစေလွှတ်ပြီး စုံစမ်းခိုင်းခဲ့ပါတယ်၊ စောမွန်လှဟာ ညတွင်းချင်းပင် ဘုရားမုခ်ဝကို အရှေ့ဘက်သို့ လှည့်ရာမှ အနောက်ဘက်သို့ အဓိဋ္ဌာန်နဲ့ လှည့်လိုက်တယ်၊ ဒါကြောင့် မင်းချင်းတို့လဲ စောမွန်လှကို အသက်ချမ်းသာပေးပြီး ပုဂံပြည်ကို ပြန်သွားခဲ့တယ်"

"ဩော် . . . ဩော်"

သူမတို့အုပ်စုသည် ရွှေစာရံဘုရားသမိုင်းကို နားထောင်ပြီး ဘုရားဖူးခဲ့ကြသည်။ ဘုရားဖူးပြီးနောက် ပြင်ဦးလွင်ဘက်သို့ ခရီးဆက်ခဲ့ကြသည်။ ပြင်ဦးလွင်သို့သွားသော ခရီးလမ်းတွင် လမ်းတစ်ဖက်တစ်ချက်တွင် သစ်ပင်များ၊ ဝါးပင်များ၊ တောင်ကုန်းတောင်တန်းများနှင့် ချောက်ကမ်းပါးတို့ တွေ့ရှိခဲ့ရသည်။

မန္တလေး-ပြင်ဦးလွင် ကားလမ်းမှာ အသွားအပြန် နှစ်လမ်းဖောက်ထားသဖြင့် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်ခဲ့ပါသည်။ လမ်းခရီးတွင် ခြောက်ထပ်ကွေ့ကို ရောက်လာပြီး ကွေ့ဖတ်မောင်းနှင်နေသည်မှာ အသည်းယားစရာပင်။ ရန်ကုန်မြို့၌ မတွေ့ရှိရသော သဘာဝ၏အလှအပ မြင်ကွင်းများကို ကြည့်ရှုရင်း ၂၁ မိုင်စခန်းသို့ ရောက်ရှိလာသည်။

"အစ်မတို့ရေ၊ ဒီမှာ ကားခဏနားမယ်"

၂၁ မိုင်စခန်း၌ ကားရပ်နားခဲ့ပါသည်။ ထိုစခန်းတွင် စားသောက်ဆိုင်များစွာရှိပြီးစည်ကားလှပေသည်။အများအားဖြင့် ပြင်ဦးလွင်သို့တက်သည့် ကားတိုင်းလိုလို ကားအင်ဂျင်အေးရန် နားတတ်ကြပါသည်။

"မမဝင်းရေ ဒီမှာ ပဲစိမ်းကြော်က နာမည်ကြီးတယ်၊ စားကြည့်ပါလား"

"ဟုတ်လား"

သူမတို့အုပ်စုမှာ နားနားနေနေ အချိန်အတော်ကြာအောင်နားခဲ့ပါသည်။ ထိုမှဆက်၍ ကားထွက်ခဲ့ရာ နိုင်ငံတော်မှ စိုက်ပျိုးထားသည့် ကော်ဖီပင်များကို တွေ့ရှိခဲ့ရသည်။

ထိုမှလွန်သော် "ပြင်ဦးလွင်မှ ကြိုဆိုပါ၏"ဟူသော ကြိုဆိုရေးမုခ်ဦးကြီးကို တွေ့ခဲ့ရသည်။ ပြင်ဦးလွင်၌ ထမင်းစားပြီးနောက် ခရီးဆက်ခဲ့ရာ စပယ်ယာက . . .

"ဒီပြင်ဦးလွင်က ပြီးရင် နောင်ချို၊ ဂုတ်ထိပ်၊ ကျောက်မဲ၊ သီပေါ၊ လား





www.burmeseclassic.com

www.burmeseclassic.com

ရှိုး၊ ကွတ်ခိုင်၊ မူဆယ်ခရီးကို ဆက်သွားပါမယ်"

ဤသို့ ကားဖြတ်သန်းရမည့်ခရီးစဉ်ကို ပြောပြခဲ့ပါသည်။

ထိုသို့ ခရီးသွားရင်း မြို့များကို ဖြတ်ကျော်ခဲ့ရာ သီပေါမြို့ ဘော်ကြိုကျေးရွာသို့ အရောက်တွင် လမ်းပေါ်မှာ ဘော်ကြိုဘုရားကို လှမ်း၍ဖူးတွေ့ခဲ့ရသည်။

"ဒီဘော်ကြိုဘုရားကြီးဟာ သီရိဓမ္မာသောကမင်းကြီးက ဓာတ်တော်မွေတော်တွေကို သာသနာပြုရဟန်းများ စေလွှတ်ပြီး တည်တော်မူခဲ့တယ်လို့ ဆိုပါတယ်၊ နောက်ပြီးတော့ ဘော်ကြိုဆိုတာ 'ပေါကြို' က ဆင်းသက်လာတဲ့ စကားလို့လဲ ဆိုကြပါတယ်၊ 'ပေါ' ဆိုတာက အဖေတဲ့၊ 'ကြို' ကတော့ ကြိုတာပေါ့၊ ဒါကြောင့် အဖေကြိုတဲ့ဘုရားလို့လဲ ပြောကြတယ်"

စပယ်ယာကလေးက သူသိသမျှ ပြောကြားရင်း ခရီးဆက်ခဲ့ပါသည်။

ဤသို့ဖြင့် နေစောင်းအချိန်တွင် မူဆယ်မြို့သို့ ရောက်ရှိလာခဲ့ပါသည်။ ထိုတစ်ညမှာ တည်းခိုခန်း၌ တည်းခိုခဲ့ကြပါသည်။ နောက်တစ်နေ့တွင် ရွှေလီသို့ကူးကာ ရွှေလီမြို့ရှိ ဘုရားများကို သွားရောက်ဖူးမြော်ခဲ့ပါသည်။ ထို့နောက် မူဆယ်သို့ ပြန်လာပြီး တစ်ညအိပ်ခဲ့ပါသည်။ နောက်တစ်နေ့ နံနက်စောစောတွင် . . .

"အစ်မတို့ရေ ဦးစိုင်းရွှက်က ဆယ်လန့်မှာရှိတဲ့ အစ်မတော်စောမွန်လှဘုရားကို လိုက်ပို့မယ်တဲ့၊ အဲဒါ အစ်မတို့ လိုက်ကြမလား၊ လမ်းတော့နည်းနည်းကြမ်းတယ်"

ဒရိုင်ဘာ ဦးထွန်းကြည်က ဤသို့မေးရာ . . .

"လမ်းကြမ်းတော့ ဘာဖြစ်လဲ၊ ဘုရားဖူးဖို့လာတာပဲ လိုက်ကြတာပေါ့"

"အဲဒီရွာက ဦးစိုင်းရွှက်ရဲ့ရွာလေ၊ အဲဒီမှာ သူ့မိသားစုရှိတယ်"

"ဪ . . . အော်"

ဤသို့ဖြင့် ဒေါ်ဝင်းမေတို့အဖွဲ့မှာ ပျော်ပျော်ရွှင်ရွှင်ဖြင့် ဆယ်လန့်ရွာသို့ ရောက်လာခဲ့ပါသည်။ ဦးစိုင်းရွှက်အိမ်တွင် နံနက်စာ ထမင်းစားပြီးနောက် စောမွန်လှဘုရားဆီသို့ သွားရောက်ဖူးမြော်ခဲ့ကြပါသည်။

ဘုရားဖူးပြီးနောက် ဘုရားပရိဝုဏ်အတွင်း လျှောက်ကြည့်ခဲ့ရာ အစ်မတော် စောမွန်လှ၏ ရုပ်တုကို တွေ့ခဲ့ရပါသည်။

"အစ်မတော် စောမွန်လှရဲ့ရုပ်တုက အရမ်းအသက်ဝင်တယ်၊ လှလဲ တော်တော်လှတယ်နော်"

ဒေါ်တင်တင်မြတ်က ဒေါ်ဝင်းမေအား ဤသို့ပြောလိုက်ရာ ထိုအနီးအနားရှိ ရှမ်းယောဂီ အမျိုးသမီးကြီးက-

"ဟုတ်ပါတယ်၊ ဒီရုပ်တုက တော်တော်လှပြီး အသက်လဲဝင်တယ်၊ ဒါနဲ့ ညီမတို့က ရန်ကုန်ကလား၊ မန္တလေးကလား"

"ကျွန်မတို့က ရန်ကုန်ကလာတဲ့ ဘုရားဖူးတွေပါ"

ထိုသို့ စကားစမြည်ပြောရင်း ထိုယောဂီကြီးနှင့် ရင်းနှီးသွားခဲ့ပါသည်။ ထို့အခါမှ ယောဂီကြီးက ဒေါ်ဝင်းမေတို့အဖွဲ့အား ပြောပြခဲ့သည်။

"ဒီအစ်မတော် စောမွန်လှရုပ်တုနဲ့ ပတ်သက်လို့ ကျွန်မ ကြားဖူးတာ ပြောပြမယ်နော်၊ အဲဒီရုပ်တုကို ထုမယ်ဆိုတော့ ပန်းပုဆရာက မျက်နှာကို ဘယ်လိုထုရမှန်းမသိ ဖြစ်နေတုန်းမှာ အိပ်မက် မက်တယ်တဲ့၊ အိပ်မက်ထဲမှာ အလွန်လှပတဲ့ ရှမ်းအမျိုးသမီးတစ်ယောက်က သူ့ရဲ့ပုံတူကို ထုပါလို့ ပြောတယ်တဲ့၊ ဒါကြောင့် သူ့အိပ်မက်ထဲက အမျိုးသမီးရဲ့ ရုပ်ပုံအတိုင်းထုလိုက်တယ်လို့ပြောတာ မှတ်သားရပါတယ်"

"ဪ . . . ဒါဟာ ထူးခြားမှုတစ်ခုပဲ"

ဒေါ်တင်တင်မြတ်နှင့် ဒေါ်ဝင်းမေတို့နှစ်ယောက်လည်း ဤထူးခြားဖြစ်စဉ်ကို နားထောင်ပြီး ဒေါ်ဝင်းမေက အစ်မတော်စောမွန်လှရုပ်တုကို သေသေချာချာ ပြန်ကြည့်လိုက်ပါသည်။

ထိုခဏတွင် ဒေါ်ဝင်းမေမှာ တစ်ကိုယ်လုံး ကြက်သီးများထလာပြီး အရမ်းဝမ်းနည်းလာခဲ့ပါသည်။ ဤတွင် ၎င်းတို့အနီးသို့ သီတာမြင့် ဆိုသူ အမျိုးသမီးကလေးတစ်ဦး ရောက်ရှိလာခဲ့ပါသည်။ သူမသည် အသက်(၂၅)နှစ်ခန့်ရှိပြီး ဒေါ်ဝင်းမေတို့နှင့်အတူ ဘုရားဖူးလိုက်ပါလာသူ မိန်းကလေးဖြစ်ပါသည်။ ဒေါ်ဝင်းမေတို့အုပ်စုနှင့် ထိုယောဂီအမျိုးသမီး စကားပြောနေသည်ကိုလည်း သီတာမြင့် မကြားခဲ့ပေ။ သူမကလည်း ဘုရားဖူးရင်း ဤနေရာသို့ ရောက်လာသူ ဖြစ်သည်။ သူမသည် ဤအနီးသို့ ရောက်ရှိလာပြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်ကာ . . .

"ညီမတော် ဗုဒ္ဓဟူးသမီး ရောက်လာပြီလား" ဟု ပြောလိုက်သည်။

ဒေါ်ဝင်းမေမှာ မည်သူ့ကိုပြောမှန်း အစက သူ မသိချေ။ သူမ၏အနီးရှိ ဒေါ်တင်တင်မြတ်က . . .

"ဒေါ်ဝင်းမေ ရှင် ဗုဒ္ဓဟူးသမီးလား"

"အင်း . . . ဟုတ်တယ်"

"ဒါဆိုရင် သီတာမြင့်ပြောတာ ရှင်ဖြစ်လိမ့်မယ်"

"ဟင် . . . ဟုတ်လား"

"ဗုဒ္ဓဟူးသမီး ရှေ့တိုးပါ" ဟု ပြောလိုက်သဖြင့် ဒေါ်ဝင်းမေမှာ ရှေ့သို့ တိုးသွားလိုက်သည်။

"ဗုဒ္ဓဟူးသမီး မင်းနဲ့ငါဟာ ဟိုးဘဝတုန်းက ညီအစ်မ တော်စပ်ခဲ့ဖူးတယ်၊ ငါက အကြီး မင်းက အငယ်" ဟု ပြောလိုက်ရာ ဒေါ်ဝင်းမေမှာ မယုံကြည်ဘဲ အူကြောင်ကြောင်ကြည့်နေသဖြင့် "ငါပြောတာ မင်းမယုံဘူးမဟုတ်လား၊ မင်းဟာ မကြာမီ ငွေတွေအများကြီး ရလာလိမ့်မယ်" လို့ သီတာမြင့်ကို ဝင်ပူးပြီး ပြောလိုက်တယ်။

"အစ်မရယ် ကျွန်မဆီမှာသာ ပိုက်ဆံတွေအများကြီးရှိရင်အလှူအတန်း



www.burmeseclassic.com

www.burmeseclassic.com

တွေ လုပ်ပုံမယ်၊ အစ်မဆီကို နောက်တစ်ခေါက်ထပ်လာပြီး လှူပါ့မယ်"

"အေးအေး မင်းရဲ့ဆန္ဒအတိုင်း ဖြစ်ပါစေ"

ဤသို့ပြောပြီး သီတာမြင့်မှာ သတိပြန်ရလာပြီး . . .

"အန်တီဝင်း ကျွန်မ ဘာဖြစ်သွားတာလဲ" ဟု လှမ်းမေးလိုက်သည်။

"အေးအေး နောက်မှ အန်တီတို့ ပြောပြမယ်၊ ခဏနားလိုက်ဦး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဒေါ်ဝင်းမေလည်း လွန်စွာအံ့ဩသွားခဲ့သည်။ မိမိကိုယ်တိုင်ပင် ဤရုပ်တုကို တွေ့ရစဉ်၌ အနှစ်နှစ်အလလက ကွဲကွာနေသည့် ဆွေမျိုးတစ်ယောက်ကို ပြန်တွေ့လိုက်ရသည့်နှယ် စိတ်ထဲတွင် ဝမ်းနည်းဝမ်းသာ ဖြစ်ခဲ့သည်။ စိတ်ခံစားချက်မှာလည်း လှိုက်လှိုက်လှဲလှဲ ငိုချလိုက်ချင်သည့် ခံစားမှုမျိုး။ အသက်ငါးဆယ်အရွယ်အထိ ဒီလိုခံစားမှုမျိုး မဖြစ်ခဲ့ဖူးပါ။

ထို့ကြောင့် အစ်မတော် စောမွန်လှ၏ ရုပ်တုရှေ့တွင် ပုဆစ်တုပ်ထိုင်ကာ ရှိခိုးကန်တော့ခဲ့သည်။

"အစ်မတော်ရယ်၊ တစ်ခါက တစ်ဘဝမှာ ညီမ တော်ခဲ့တယ်ဆိုတဲ့အတွက် အစ်မတော်ကို ကျွန်မ ရှိခိုးပါတယ်၊ အစ်မပျော် ပြောတဲ့အတိုင်း စီးပွားဥစ္စာတွေ ငွေကြေးတွေ အများကြီး ရလာရင် အစ်မတော်ဆီကို တစ်ခေါက် ပြန်လာပြီး လှူဒါန်းပါ့မယ် အစ်မတော်"

ဒေါ်ဝင်းမေသည် ဤသို့ ကတိပေး တိုင်တည်ခဲ့သည်။ ထို့နောက် ဘုရားမှပြန်လာခဲ့ကြသည်။ ကြုံတောင့်ကြုံခဲ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်မို့ တွေးတောစရာများနှင့် သူမ၏ရင်မှာ ပြည့်နှက်နေခဲ့သည်။

ထို့နောက် မူဆယ်မြို့ပေါ်ရှိ ရွှေသမင်ဘုရား အပါအဝင် အခြားဘုရားများကိုပါ ဖူးမြော်ပြီး နောက်တစ်နေ့ နံနက်စောစောတွင် ဒေါ်ဝင်းမေတို့ ဘုရားဖူးအဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လာခဲ့ကြသည်။ သီတာမြင့်သည် ကားပေါ်တွင် ပါလာသော်လည်း သူ ဘာပြောမိမှန်း မသိချေ။

ရန်ကုန်မြို့သို့ ပြန်ရောက်ပြီးနောက် တစ်လခန့်အကြာတွင် ထီဆုကြီးပေါက်ခဲ့သည်။ သူမသည် တစ်သက်လုံး ထီထိုးလာသမျှ ယခုမှပင် စတင်ထီပေါက်ဖူးခြင်းဖြစ်သည်။ ထိုစဉ်က ထီဆုကြီးမှာ သိန်း(၁၀၀)ဆုကြီးဖြစ်သည်။

"ဒေါ်ဝင်းမေ သိန်း ၁၀၀ ဆုကြီး ပေါက်တယ်"

"ဟင်. . . ဟုတ်ရဲ့လား"

ထီရောင်းသူ မိတ်ဆွေက လာပြောသောအခါ ဒေါ်ဝင်းမေမှာ လွန်စွာအံ့ဩသွားခဲ့သည်။ ထိုထီလက်မှတ်မှာ သူ ထိုးချင်၍ သွားထိုးခြင်း မဟုတ်ပေ။ မိတ်ဆွေ ဒေါ်ခင်မာက ထီရောင်းသဖြင့် အားနာ၍ ထီဆယ်စောင် ဝယ်ယူလိုက်ခြင်းဖြစ်သည်။

သူမ၏ ဆန္ဒနှင့်ဆိုလျှင် ထီထိုးဖြစ်မည် မဟုတ်ပေ။ တိုက်ဆိုင်မှုဟု ဆိုရလေမလား။ ဘာပဲပြောပြော သိန်းတစ်ရာဆုပေါက်နေသည်မှာ သေချာနေပြီ။ ထိုစဉ် သူမ သီတာမြင့်၏ စကားကို နားထဲ ကြားယောင်မိသည်။

"ငါပြောတာ မင်းမယုံဘူးမဟုတ်လား၊ မင်းဟာ မကြာမီ ငွေတွေအများကြီး ရလာလိမ့်မယ်"

"အစ်မရယ် ကျွန်မဆီမှာသာ ပိုက်ဆံတွေအများကြီးရှိရင်အလှူအတန်းတွေ လုပ်ပုံမယ်၊ အစ်မဆီကို နောက်တစ်ခေါက်ထပ်လာပြီး လှူပါ့မယ်"

သူမ ပေးခဲ့သည့် ကတိစကားကို ပြက်ပြက်ထင်ထင် အမှတ်ရလိုက်သည်။

"အင်း. . . တိုက်ဆိုင်မှုပဲလို့ဆိုဆို မင်းမှာသစ္စာ လူမှာကတိတဲ့၊ ငါဟာ ကတိတစ်လုံးပေးခဲ့တယ်၊ ဒါကြောင့် ဒီကတိကို တည်အောင်လုပ်ရမယ်"

သူမသည် ဤသို့ တွေးမိကာ ဒေါ်တင်တင်မြတ်ထံ ဖုန်းဆက်လိုက်ပါသည်။

"မြတ်ရေ ကိုယ်တော့ ဒီအပတ်ထီမှာ သိန်းတစ်ရာဆု ဝင်တယ်"

"ဟင် ဟုတ်လား၊ ဒါဆို ဝမ်းသာစရာပဲ၊ ပြော် ဒါနဲ့ ဆယ်လန့်မှာ နင်ကတိပေးခဲ့တာကို သတိရတယ်မဟုတ်လား"

"ဟုတ်တယ်၊ ငါ သတိရလို့ မင်းဆီကို ဖုန်းဆက်လိုက်တာ၊ တိုက်ဆိုင်တာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ် ကိုယ်တို့ ဆယ်လန့်ကို တစ်ခေါက်ထပ်သွားပြီး လှူမယ်၊ အဲဒါ မင်းလဲ လိုက်ခဲ့ပါဟာ"

"အေး . . . လိုက်မှာပေါ့၊ ဒါနဲ့ သီတာမြင့်ကိုကော ခေါ်မလား"

"ခေါ်မှာပေါ့၊ သူ့ကြောင့်သာ ဒီအကြောင်းကို သိရတာ၊ သူလဲ လိုက်ရမှာပေါ့"

"ဒါဆိုရင် သီတာမြင့်ဆီကိုလဲ မင်း ဖုန်းဆက်လိုက်ဦးလေ"

"အေးပါ သူငယ်ချင်း"

ထီဆုငွေ ထုတ်ပြီးနောက် ဒေါ်ဝင်းမေတို့သုံးဦးသား ဆယ်လန့်ရွာသို့ တစ်ခေါက်ထပ်သွားပြီး အစ်မတော် စောမွန်လှဘုရားသို့ သွားရောက်ခဲ့ပါသည်။

"အစ်မတော်အတွက် ကျွန်မ ရည်စူးထားတဲ့ ငွေ လာလှူပါတယ်၊ ကျွန်မရဲ့အလှူအတွက် အမျှပေးဝေပါတယ် အမျှ. . . အမျှ. . . အမျှ"

ဤသို့ အလှူအတန်းကို စိတ်တိုင်းကျ လှူတန်းလိုက်ရသဖြင့် ဒေါ်ဝင်းမေမှာ လွန်စွာဝမ်းသာကြည်နူးခဲ့ရသည်။ ထိုမှပြန်လာသောနောက်ပိုင်းမှာလည်း စီးပွားဥစ္စာများ တိုးတက်ကာ ကုမ္ပဏီပိုင်ရှင်ကြီးအဖြစ်သို့ ရောက်သွားခဲ့သည်။ ချမ်းသာလာသည့်အတွက် အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်ခဲ့ပါသည်။ ဤသည်မှာ ထူးခြားဆန်းကြယ်သော ပဋ္ဌာန်းဆက်နှင့် တွေ့ကြုံခဲ့ရသော ဒေါ်ဝင်းမေ၏ ဖြစ်ရပ်မှန်ဇာတ်လမ်းပင် ဖြစ်ပါတော့သည်။

❐ ရိုရိုငွေး



www.burmeseclassic.com

www.burmeseclassic.com

ပြာသိုလပြည့်ကျော် လကုန်ရန် ပင် သီတင်းတစ်ပတ်ခန့်သာ လိုတော့ သောရက်ပိုင်း အေးစိမ့်စိမ့်ဆောင်းရိပ်ကား ဘကြီးစံခတို့၏ ကောက်နယ်လှေတလင်းအတွင်း ဆောင်းလေက တဖြူးဖြူး၊ တချို့သောကောက်နယ်တလင်းများ မပြီးတတ်သေး၊ တစ်ဝက်တပျက်သာ ပြီးကြသည်က များလေသည်။ ဘကြီးစံခအိမ်နောက်ဘက် ရွာစပ်တွင် ကောက်နယ်တလင်းများ အစီအရီ မလှမ်းမကမ်း မနီးမဝေး သန့်စင်ပြီး စပါးတစ်ထောင်ကျော်ခန့် တာဝန်ကျေ အစိုးရသို့ ရောင်းချပေးရသည်။ လယ်သမားများစုပေါင်း၍ လှည်းတစ်စီးလျှင် စပါးတင်းနှစ်ဆယ်နှုန်း တင်ဆောင်၍ လေးမျက်နှာမြို့ စပါးအဝယ်ဒိုင်သို့ ရောင်းချရလေသည်။ ဘကြီးစံခကား ရောင်းချပြီး၍ ကျန်စပါးများအား စပါးကျီသို့ အလုပ်သမားအကူခေါ်၍ ထမ်းသွင်းနေရလေသည်။

ကောက်ပြန့်တစ်ခု ကျန်သေးသည်။ မီးတုံးကြွဲမျိုး အိမ်တွင်ဝမ်းစာထည့်မည့်ကောက်ပြန့်သာ ကျန်တော့သည်။ ထိုကောက်ပြန့်ကား နယ်,လှေ့ပြီးပါက စပါးနှစ်ရာ(တင်း)ထွက်ရှိမည်ဖြစ်လေသည်။ နံနက်စပါးနယ်၍ နွားများ အနားခဏပေးလျက် သမီးမခင်ရီ လာပို့သော ရေနွေးကြမ်းနှင့် ထမင်းကြော်အား အဆာပြေ စားနေစဉ် ခမောက်တိုဆောင်း၍ ပုဆိုးတိုတိုဝတ်ထားသော ရွာအရှေ့ပိုင်းမှ ဘကြီးစံခ၏ တူလည်းတော်စပ်သော ကိုရွှေ ကောက်လှိုင်းပုံအရိပ်သို့ ရောက်လာလေသည်။


"ဟ, ကိုရွှေ လာလာ ထမင်းကြော်များသေးတယ်ကွ၊ စားဦးဟ. . . ရေနွေးကလဲ ခုမှကျသကွ၊ ရဟန်းကြီးကြိုက် ဆိုလားပဲ"

"စားခဲ့ပြီးပြီ ဦးလေးစံ. . . စားပါ၊ ရေနွေးပဲ သောက်မယ်"

"အေး. . . သောက်ကွာ၊ မင်း ဝမ်းစာကောက်ကြီး နယ်ပြီးပြီလား"

ကိုရွှေကား ဘေးဘယ်ညာသို့ တစ်ချက်အကဲခတ်လျက်. . .

"ဦးလေးစံ. . . ကျွန်တော် တင်းတစ်ရာလောက်လှေ့ပြီးနေပြီ၊ အဲ မနေ့က မိုးချုပ်သွားတာနဲ့ ဒီနေ့မနက်မှ သွင်းဖို့လုပ်တော့. . ."




ခင်းဝင်း (အောင်ချို)

# ဘကြီးစံခ၏ ဂန္ဓာရကုဋ်ထုံးဆန်း



www.burmeseclassic.com

www.burmeseclassic.com

"အင်း. . . ဘာဖြစ်သတုံးကွ"

"ညက စပါးအခိုးခံရတယ် ဦးလေးစံ"

"အယ်, ဟုတ်လား၊ ဘယ်လောက်ပါသွားတယ်ထင်လဲ"

"ခန့်မှန်းချေ စပါးတင်း ၁၀ လောက်ကို ပါသွားတယ်၊ ကျွန်တော်ပြာနဲ့ ပတ်ပတ်လည်မှတ်ထားတာ၊ ဂုံမပျက် အမှတ်ပြန်လုပ်ခဲ့တာ၊ ဒါပေမဲ့ ကျွန်တော်က နှစ်ထပ်ဆယ်နှစ်ခုစီလုပ်ထားတာ၊ အပေါ်က ၉ခု၊ အောက်တန်းက ၁၀ခုဖြစ်နေတာ အမှတ်တမဲ့ဆိုရင်တော့ ဒါမသိလောက်ဘူး"

လှေ့သန့်စင်ပြီးသောစပါးပုံအား အလယ်ချွန်နေအောင်ပုံ၍ ကောက်ရိုးအား မီးရှို့ထားသောပြာဖြင့် ပတ်ပတ်လည်လက်တစ်ဆုပ်စာ အဝိုင်း အဝိုင်းများ ပုံကပ်မှတ်သားခြင်းဖြစ်ပြီး စပါးပုံလျော့လျှင် လျှောကျလျက် ပြာအမှတ်အသား ပျောက်သွားပေမည်။ လယ်သမားတိုင်း ယာယီအနေဖြင့် ဤသို့မှတ်သားကြ၏။ စပါးခိုးသူလည်း အလွန်နည်း၏။ ပတ်ဝန်းကျင်ရော မိမိတစ်ရွာလုံးလိုလို လယ်သမားများချည်းသာများလေသည်။

"အင်, ဒီလိုလားဟ၊ မကြားစဖူးတော့ ကြားပြန်ပဟော့၊ လူအုပ်စုနဲ့တော့ မဖြစ်နိုင်ဘူး၊ တစ်ယောက်တည်းလဲ မဖြစ်နိုင်ပြန်ဘူးဟ၊ စိတ်အလုပ်တော့ ပေးပြီဟော့၊ အင်း ဒို့ပြင်ဘယ်သူ့တလင်းက ပျောက်သံကြားသေးသလဲ ကိုရွှေ"

"မကြားသေးဘူး၊ ကျွန်တော်လဲ ဘယ်သူ့မှမပြောရသေးဘူး၊ ဦးလေးစံကို အရှင်လာတိုင်ပင်တာ"

"အာ, အေးကောင်းပြီ၊ တို့အနောက်ခြမ်းမှာ စပါးတလင်းခုနစ်ဦးရှိတယ်၊ သုံးဦးက စပါးပေါ်ပြီး မင်းတို့ရွာအရှေ့တလင်းငါးခုမှာ ဘယ်နှဦးစပါးပေါ်ပြီလဲ ကဲ"

"ကျွန်တော်ရယ်, ကိုညို, ကိုအေးမောင်တို့ပဲ စပါးပေါ်သေးတယ်၊ ကျန်တဲ့ တလင်းတွေ သုံးလေးရက်လိုဦးမယ်"

"အနီးအနား လှည်းဘီးရာတွေ ဘာတွေ မတွေ့ဘူးလား"

"ကျွန်တော်ပတ်ရှာတယ် မတွေ့ဘူး၊ အဲ. . . ထူးဆန်းတာတစ်ခုတော့ သတိထားမိတယ်၊ စပါးပုံနဲ့မလှမ်းမကမ်း နွားချေးပုံအသစ်တွေ့တယ်၊ မကျုံးဘဲ တောင်းနဲ့အုပ်ခဲ့တယ်၊ ဦးလေးစံ လိုက်ကြည့်ပါဦး"

❖

ကိုရွှေစပါးပုံနှင့် နှစ်လံခန့်တွင် နွားချေးပုံသစ်အား ဘကြီးစံသေသေချာချာလေ့လာ၏။ နွားချေးပုံကား စပါးပုံသို့ ဖင်ပိုင်းထားရပ်သည့် နွားခွာရာအား တွေ့ရှိရ၏။ နွားချေးကိုပင် တလင်းကျုံထားသောကြောင့် သာမန်ထက်နက်ရှိုင်းသောခွာ (လေးဖက်စုံရပ် အနေအထား)ရာအား ဘကြီးစံခ စိတ်ကူးပုံဖော်မိသည်။ လှည်းဖြင့်လာရောက်တင်ဆောင်ခိုးယူခြင်းမဖြစ်နိုင်။ သို့သော် နွားတစ်ကောင်တည်း အဘယ်ကြောင့် ခြေရာလေးဖက် ထင်ရသနည်း။ ခွာရာလည်း နက်လှ၏။

"အေး. . . ကိုရွှေ မင်းဘက်က လူတွေ သတိထားခိုင်းဟော့၊ ငါ ထင်တာ မလွဲဘူးဆိုရင် ဒီည (သို့မဟုတ်) မနက်ဖြန်ည ငါတို့ဘက် လာမယ်ထင်တယ်၊ လူမိရင် နွားလွတ်လို့ လိုက်ဖမ်းတယ် ပေါ့ကွာ၊ အင်း. . . လယ်သမားအချင်းချင်း နာမည်ဖျက် သစ္စာဖောက်တွေ စံခနဲ့ တွေ့ကြပြီပေါ့ကွာ၊ အချောင်သမား ကြွက်ဖျင်းတွေ. . . ဟင်း"

ဆေးတံအားဆေးဖြည့်လိုက် မီးညှိလိုက် လမ်းလျှောက်လိုက်နှင့် အနည်ထိုင်အောင် စဉ်းစား၍ ကွယ်ဝှက်နေသောပဟေဠိအဖြေအား ကြိုးစားဖော်ထုတ်စဉ်းစားလျက် လူတစ်ယောက် နွားတစ်ကောင် စပါး ၁၀တင်းကိုအခြေခံ၍ လှုပ်ရှားနိုင်သောယုတ္တိလက်တံများအား တစ်ခုချင်း ဆန့်ထုတ်ကြည့်နေမိသည်။ နွားတစ်ကောင်ကား စပါးလေးအိတ်၊ သို့မဟုတ် နှစ်အိတ်ကျောကုန်းပေါ် ခွတင်နိုင်သည်ပဲထား။ အိမ်သို့သယ်လျှင် ရွာထဲဝင်ရမည်။ ခွေးဟောင်မည်။ တစ်ဦးမသိတစ်ဦးသိမည်။ ကွင်းထဲ တစ်နေရာတွင် လှည်းဖြင့်စောင့်နေသည်ရော မဖြစ်နိုင်လား။

ပြီးလျှင် အောင်ဘော်ဆန်စက်သို့ ဝေလီဝေလင်းပို့လျှင်ရော။ ဘကြီးစံခ ဒုတိယအတွေးအား အကောင်အထည်ဖော်ကြည့်စမ်းလိုသည်။

ထို့ကြောင့် ဒီကနေ့ နတ္ထမင်းကုန်း (သို့မဟုတ်) ကွမ်းခြံကုန်းရွာမှ စပါးကြိတ်စာရင်း သိလိုစိတ်ပေါ်လာ၍ ကိုရွှေအား သွားရောက် လေ့လာစေသည်။

"အာ, ရွှေကြီး စပါးကြိတ်လာတာလား၊ မင်းလှည်းဘယ်မှာလဲ ကောင်လေးတွေ သယ်ခိုင်းရအောင်"

"မဟုတ်ဘူး ကိုရင်ငွေ၊ ဘကြီးဖိုးချစ်အိမ်လာရင်း ထန်းရည်သောက်ချင်တာနဲ့ လှည့်လာတာ"

"ရောင်းနေကျ ဟန်သိန်းမလာသေးဘူးကွ၊ သူ့ထန်းရည်ကတော့ ရှယ်ကွ"

"ဟို. . . ကိုဖိုးငွေ"

"အေ. . . ဘာလဲ"

"ကျွန်တော်တို့ရွာက ဆန် ဘယ်သူ လာကြိတ်သေးလဲ"

"အင်း. . . နေဦး . . . မနက်အစောကြီးက သိန်းဆောင် လာကြိတ်တယ်၊ ကောင်းတယ် သူ့စပါး၊ ဒါပေမဲ့ စပါးသစ်တွေကွ"

"ဘယ်လို, စပါးသစ်၊ ခင်ဗျား မှတ်မိလား"

"မီးတုံးလေ၊ မင်းတို့နတ္ထမင်းကုန်းက မီးတုံးစားတာ များတယ်၊ ဒါပေမဲ့ နေသိပ်မရသေးတော့ ဆန်ကြေတာပေါ့ကွာ"

"အင်း. . . ကဲ ပြန်ဦးမယ်ဗျာ၊ ထန်းရည်တဲဘက် လှည့်ဝင်လိုက်ဦးမယ်"

"အေး. . . နေတောင်မြင့်နေပြီဟ"

ကိုဖိုးငွေကား အောင်ဘော်ဆန်စက်တွင် အလုပ်သမားခေါင်းဆောင်





www.burmeseclassic.com

www.burmeseclassic.com

သိန်းဆောင် စပါး ၁၀ တင်းကြိတ်၊ စပါးသစ်၊ နံ့နက်စောစော၊ သိန်းဆောင်ကား နတ္ထမင်းကုန်း ရွာသားမဟုတ်။ ရွာခံအမျိုးသမီးနှင့် အိမ်ထောင်ကျသည်မှာ နှစ်နှစ်ခန့်ရှိပြီး သားသမီးမရသေး။ သုံးဆယ်ကျော်မှညားကြသောထိုလင်မယားစားနိုင် သောက်နိုင် အိမ်နှင့်ခြံနှင့် လယ်မရှိ။ နွားနှစ်ကောင်တော့ ရှိသည်။ လယ်ထွန်အငှား စပါးတိုက်အငှားလိုက်သည်။ ခပ်စေ့စေ့နေတတ်သည်။ အများနှင့် သိပ်မရော။

လုပ်အားခတွေအား ကြိတ်ခွဲလေသလား။ သူခိုးစွပ်စွဲအထင်ရောက်မိခြင်းကား ကောင်းပါလေစ။ နာမည်ပျက်လည်း မရှိစဖူး။ ကိုရွှေကား တွေးတောစဉ်းစားမှု သံသရာလည်လျက် တွေကြုံကြားသိရချက် အဖုံဖုံတို့အား ဘကြီးစံခအား တင်ပြလေသည်။

ဘကြီးစံခ လေးလေးနက်နက် စဉ်းစားလျက်. . .

"ကိုရွှေ"

"ဗျာ. . . ဦးလေးစံ"

"မနက်ဖြန်ည ၁၀နာရီလောက် ဓာတ်မီးယူပြီး ငါ့ဆီလာခဲ့ကြားလား၊ ငါ့အတွေးမှန်ရင် နောက်ဆုံးအချီမှာ တို့မိနိုင်ပါလိမ့်မယ်"

စပါးခိုးခြင်း ဟူရာ၌ တစ်ချီကောင်း ၁၀၊ ၂၀ တစ်ကြိမ်ခန့်သာ ပျောက်တတ်၏။ များသောအားဖြင့် အေးသောရာသီ ဖြစ်သောကြောင့် တလင်းစပါးပုံမနီးမဝေးတွင် ကောက်ရိုးများမြုံလုပ်၍ အိပ်ကြသည်ကများသည်။

❖

အချိန်ကား သူငယ်အိပ်ချိန်ကျော်လွန်၍ လူကြီးခေါင်းချဟုဆိုအပ်သော စက်နာရီ ၁၀နာရီခန့်အချိန်တွင် ရွာ၏တောင်ပိုင်းတွင်နေသော ကိုသိန်းဆောင်၏အိမ်နောက်ဘက် လှည်းအဝင်ခြံတံခါး မနီးမဝေး ရွာပြင်လယ်ကွက်ထောင့်ချိုင့်အတွင်း၌ သာမန်အားဖြင့် မမြင်နိုင်သော မည်းမည်းသဏ္ဌာန်နှစ်ဦး ငုတ်တုတ်ထိုင်၍ သိန်းဆောင်၏နောက်ဖေးခြံဝသို့ မျက်လုံးလေးလုံးစလုံး စူးစိုက်လျက် ထိုသူနှစ်ဦးကား ဘကြီးစံခနှင့် ကိုရွှေ ဖြစ်သည်ကိုကား ပြောစရာမလိုပေ။ ဘကြီးစံခတွက်ကိန်းကား မှန်လှချေ၏။ ကွမ်းတစ်ရာညက်ခန့် အကြာ သိန်းဆောင်ခြံထဲမှ ခပ်အုပ်အုပ်တက်ခေါက်သံကြားရပြီး မကြာမီ တံခါးဖွင့်လျက် လှည်းတစ်စီး တလိမ့်လိမ့်မောင်းနှင်ထွက်ခွာလာသည်။

ပြာသိုလမိုက်ကား တိမ်ကင်းစင်သောကြောင့် ကျင့်သားရနေသော အမှောင်ထဲတွင်ဖြစ်သော်လည်း ကြယ်ရောင်အလင်း အနည်းငယ်ကြောင့် သိန်းဆောင်နှင့်သူ၏နွားလှည်း ဖြစ်သည်မှာ သေချာလှ၏။ ကွင်းလယ်ဘက်လှည်းလမ်းအတိုင်း မောင်းသွားသောလှည်းအား ခဲတစ်ပစ်ခန့်အကွာမှ ဝပ်လိုက်၊ လေးဖက်တွားလိုက် ရပ်လိုက်နှင့် ခပ်ခွာခွာ လိုက်သွားကြလေတော့၏။

ရိုးပြတ်သံလည်း မကြားအောင် မြက်အနည်းငယ်ရှိသောကန်သင်းပေါ်မှ တွားလျက် နောက်တည့်တည့်ကမလိုက်ဘဲ ဘယ်ဘက်မှ ခပ်ခွါခွါ လှည်းအား ခပ်မှုန်မှုန်မြင်ကွင်းမပျောက်အောင်လိုက်ကြသည်။ ရွာနှင့် လေးကေခန့်အကွာတွင် လှည်းရပ်သွားပြီးနောက် နွားနှစ်ကောင်လုံး လှည်းမှဖြုတ်လျက် နွားတစ်ကောင်အား လှည်းတွင်ချည်ထားခဲ့ပြီး နွားတစ်ကောင်အားဆွဲ၍ ရွာခြေသို့ ပြန်ကပ်သွားလေတော့၏။

"ဦးလေးစံ"

"ဟေ"

"ဘယ်သူ့စပါး ခိုးနိုင်လဲ"

"ငါ့တလင်း သင်းမောင်နဲ့ ဖိုးသိန်း စပါးတွေ ပုံထားတယ်"

"နောက်က လိုက်မလား"

"မလိုဘူးကွ၊ တို့လှည်းနားသွားကြစို့"

တူဝရီးနှစ်ယောက် ရပ်ထားသော ကဲ့အိမ်ပါသော နွားတစ်ကောင်လည်း လှည်းတွင်ချည်ထားသော သိန်းဆောင်၏လှည်းအောက်သို့ နှစ်ယောက်သား ဝင်ထိုင်နေကြသည်။ သိန်းဆောင်၏နွားကား ကိုရွှေတို့နှစ်ဦးအား လှည့်၍ပင် မကြည့်။ စားမြုံ့ပင်ခပ်နေချေသေးတော့၏။

"ဒီကောင် စပါးကိုဘယ်လို နွားကျောကုန်းပေါ် တင်လာသလဲဆိုတာ မင်းတွေ့ရမယ်၊ ဓာတ်မီး ငါထိုးမယ်၊ နောက်မှမင်းထိုး. . . ခဏစောင့်ဟေ့"

လေသံမျှစကားဖြင့် တူဝရီးနှစ်ယောက် စကားလည်းပြော၊ ရွာဘက်ဆီသို့လည်း မြေကြီးနားပါးအပ်လျက် လှမ်း၍ကြည့်ဆဲ။ တစ်ခါဖူးမျှ သူခိုးမဖမ်းဖူးသော ကိုရွှေရင်က တလှပ်လှပ်။ အရေးထဲ ရေကဆာလာလေသည်။ ဂွီခနဲ ဗိုက်ကပါ အော်သောအသံကြောင့် ဘကြီးစံခက တံတောင်ဖြင့်တွတ်လိုက်သည်။

"မင်းဟာက ဘာသံတွေလဲကွာ"

"ကျွန်တော် ထမင်းမစားရသေးဘူး ဦးလေးစံ"

"ရှူး ရှူး. . လာပြီထင်တယ်၊ ရိုးပြတ်ခလုတ်တိုက်သံ ကြားတယ်ကွ၊ ဝပ်နေ"

ပြင်ပဝါးတစ်ရိုက်ခန့်ပင် လူလုံးမကွဲ မှောင်လှသော လမိုက်ညကား လှည်းအောက်မှ လူဝပ်နေသည်ကိုကား မြင်နိုင်ဖွယ် မရှိ။ မကြာမီ ကိုရွှေနှင့် ဘကြီးစံခတို့၏ မြင်ကွင်းထဲသို့ ဝင်ရောက်လာသော စပါးသူခိုးကား အံ့ဖွယ်ရာစပါး(နှစ်တင်းဝင်)ဂုန်နီအိတ်နှစ်လုံးအား နွားကျောကုန်းပေါ်တွင် ခွတင်လျက် နွားလှည်းအနီးသို့ရောက်သောအခါ ဖြုတ်၍ ရှေ့လှည်းဒေါက်အား ဖြုတ်၍ လှည်းအုတ်ခုံ(ထမ်းပိုးအား) မြေသို့ချပြီးလျှင် စပါးနှစ်အိတ်အားပိုက်၍ လှိမ့်တင်သည်။ လျှင်သည်။ မြန်သည်၊ သန်သည်။ ကျွမ်းကျင်သည်။ ထို့နောက် အိတ်ခွံနှစ်ခုအား နွားကျောပေါ်တင်၍ ဘေးဝဲယာကြည့်လျက် ပြန်ထွက်သွားလေသည်။ အသံပျောက်သွားသောအခါ. . .

"ကိုရွှေ"

"ဗျာ၊ ဦးလေးစံ"





www.burmeseclassic.com

www.burmeseclassic.com

"လှည်းပေါ်တက်၊ စပါးအိတ်တွေနားအသာအိပ်နေပေ့၊ ငါအောက်ကစောင့်မယ်"

"ဟုတ်"

နောက်တစ်ခေါက်ကား ကြာကြာမစောင့်လိုက်ရ။ စပါးနှစ်အိတ်အား နွားကျောကုန်းပေါ်တင်လျက် ပွဲပြီးသွားပြီဟူသော အတွေးဖြင့် ခပ်သွက်သွက် ပြန်ရောက်လာသည်။

ရိုးပြတ်ခလုတ်တိုက်သံများ ပို၍ကျယ်လျက် ခြေလှမ်းကလည်းကျဲလျက် အမှောင်ထဲတွင် မမြင်ရသော်လည်း မျက်နှာကား ပြုံးရောင်သမ်းနေမည်လား မသိ။

လှည်းအနီး ချဉ်းကပ်ပြီးနောက် နွားကျောပေါ်မှ စပါးအိတ်အားဖြုတ်၍ စပါးတစ်အိတ်အား လှည်းပေါ်တင်ရန် ကုန်းမ,လိုက်ချိန်. . .

"အမ်. . . အာ"

ဓာတ်ခဲငါးခဲအား ဓာတ်မီးနှစ်လက်၏ဝင်းထိန်သောအလင်းအောက်၌ မျက်လုံးပြူး ပါးစပ်ဟလျက် အထက်ပါအတိုင်း အသံထွက် မှင်တက်သွားသူကား စပါးသူခိုး သိန်းဆောင်ပင် ဖြစ်တော့သည်။

"ဘုတ်. . . ကျွိ"

လွတ်ကျသော စပါးအိတ်နှင့် လှည်းသံထိခိုက်သံကား နောက်ဆက်တွဲထွက်လာသောအသံ ဖြစ်လေတော့၏။

❖

သိန်းဆောင်ကား လက်ပူးလက်ကြပ်အဖမ်းခံရလျက် စပါးလေးအိတ်၊ ဘကြီးစံခ၊ ကိုရွှေတို့အား တင်ဆောင်လျက် ဘကြီးစံခြံဆီသို့ မောင်းနှင်စေတော့၏။

"သိန်းဆောင်"

"ဗျာ၊ ဘကြီး"

"ဘယ်သူ့တလင်းက စပါးတွေလဲ"

"ဘကြီးစံ တလင်းက"

"အေး ဟုတ်ပေ့၊ ခြံထဲမှာရပ်ခဲ့၊ မင်းလုပ်တာ ဘယ်သူမှမသိသေးဘူး၊ ဘကြီးတို့တူဝရီးပဲသိတာ၊ မနက်မိုးလင်းရင် စပါးတစ်အိတ်ထပ်တင်ပြီး စက်ပို့ပေး ကြိတ်ပေးကွာ၊ နောက်ဘယ်တော့မှ မလုပ်နဲ့၊ လိုတာရှိပြောမှပေါ့ကွ၊ တယ်ဖျင်းတဲ့ကောင်၊ ကြားလား ငါပြောတာ"

"ဟုတ် ဟုတ်ကဲ့၊ ကြားပါတယ် ဘကြီး"

"နွားတွေဖြုတ်သွားတော့ ကိုရွှေ ခြံတံခါးပိတ်ဟ"

"ဟုတ် . . . ဟုတ်"

နံနက်မိုးလင်းသောအခါ စောစောအိမ်သာတက်တတ်သော မခင်ရီက စပါးလေးအိတ်နှင့် လှည်းတစ်စီးအား မြင်သဖြင့်. . .

"အဖေ. . ဟိုစပါးတွေနဲ့လှည်းက ဘယ်သူ့ဟာတုံး"

"အိမ်ကဟာပေါ့ သမီးရဲ့၊ သိန်းဆောင် စပါးကြိတ်ခိုင်းမလို့လေ"

စပါး(ကျီ)ထဲတွင် နှစ်ဟောင်းစပါးလား၊ တလင်းထဲက စပါးတွေလား၊ ဆန်တွေလဲ အိမ်မှာအပြည့်။ အဖေ ဘာများ လုပ်ဦးမလို့ပါလိမ့်ဟု မခင်ရီတွေးရင်း လှည်းကို တစ်ချက်ပြန်ကြည့်ပြီး မီးဖိုချောင်သို့ ဝင်သွားလေ၏။ အဖေက ပဟေဠိဖြေမြန်ပြီဟူသော အဖြေထွက်တော့သတည်း။

❒ ဆန်းဝင်း(အောင်မြေ)


ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ

**ဇီဝကကျော်**

**တိုင်းရင်းဆေးကုခန်း**

**HIV, CANCER, LEUKEMIA, HB-HC နှင့်**

**အထွေထွေနာတာရှည်ရောဂါများကိုကုသပေးပါသည်**

သမားတော် ဦးသန်းညွန့်

B.A., D.T.Med; D.B.L., D.F.T.,D.Eng

တဆ-၁၀၈၉


အမှတ်(၃၄၈)၊ ရွှေဘုံသာလမ်း (အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၅၀၀၆၈၁၁၊ ၀၉ ၇၃၁၄၇၈၁၁၊ ၀၁ ၂၀၉၀၅၇




www.burmeseclassic.com

www.burmeseclassic.com



# စေတီများရှိ ဂြိုဟ်တိုင်များ

အရှင်မုနိတ (ဓမ္မာစရိယ)

ဗုဒ္ဓဘာသာ မြန်မာများသည် ဗေဒင်နက္ခတ် ယတြာများကို ယုံကြည်မှုရှိသည့်အားလျော်စွာ ဗေဒင်နက္ခတ် ပညာရပ်များအရ မိမိ၏ကံဇာတာ ညံ့နေ၍ ဂြိုဟ်စီး ဂြိုဟ်နင်း ဂြိုဟ်ဆိုး ကံညံ့များ ကျေပျောက်စေရန် အလို့ငှာ ဘုရားပုထိုး စေတီရှိ ဂြိုဟ်တိုင်များကို ရေချမ်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ပူဇော်၍ ယတြာချေလေ့ ရှိကြပါသည်။ ဘုရားပုထိုး စေတီများ တည်ထားသော အခါတွင်လည်း ဂြိုဟ်တိုင်များကိုပါ ထည့်သွင်းတည်ထားလေ့ရှိကြပေသည်။

စေတီများ၌ ဂြိုဟ်တိုင်များ ထည့်သွင်းပူဇော်မှုသည် ပုဂံခေတ်ယဉ်ကျေးမှုနှင့်အတူ စတင်ဖြစ်ထွန်းလာခဲ့ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အနော်ရထာမင်းလက်ထက်တွင် ဗုဒ္ဓဘာသာ ကိုးကွယ်မှုရှိသကဲ့သို့ ဗြာဟ္မဏဝါဒ ကိုးကွယ်မှုကိုလည်း လွတ်လပ်စွာကိုးကွယ်ခွင့်ပြုခဲ့သည်။ ထို့ပြင် စေတီများ၌လည်း ဂြိုဟ်ကြီးရှစ်လုံး ကိုယ်စားပြုသော ဂြိုဟ်တိုင်များ ထည့်သွင်းပူဇော်မှုကိုလည်း ခွင့်ပြုခဲ့သောကြောင့် ဗြာဟ္မဏ အယူဝါဒဖြစ်သော ဂြိုဟ်တိုင်များ ပူဇော်မှုကို ပုဂံခေတ်ကာလကပင် စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ ယတြာပြုကြရာတွင် စေတီများ၏ အရပ်ရှစ်မျက်နှာ၌ တည်ရှိသော ဂြိုဟ်ကြီးရှစ်လုံး၊ ဂြိုဟ်တိုင်ရှစ်ခုတို့၏ အမည်များမှာ . . .

(၁) တနင်္ဂနွေဂြိုဟ် (၂) တနင်္လာဂြိုဟ် (၃) အင်္ဂါဂြိုဟ် (၄) ဗုဒ္ဓဟူးဂြိုဟ် (၅) ရာဟုဂြိုဟ် (၆) ကြာသပတေးဂြိုဟ် (၇) သောကြာဂြိုဟ် (၈) စနေဂြိုဟ် (စနေဂြိုဟ်ကို တိတ်ဂြိုဟ်ဟူ၍ ဂြိုဟ်ခွဲအမည် ခွဲခြားသတ်မှတ်၍ ဂြိုဟ်ကြီးကိုးလုံး ဟူ၍လည်း သတ်မှတ်ကြသည်။)

စေတီများ၌ ဂြိုဟ်ကြီးရှစ်လုံး ဂြိုဟ်တိုင်များ အရပ်မျက်နှာ အစဉ်အတိုင်း တည်ထားလေ့ရှိကြပါသည်။ ဂြိုဟ်ကြီးရှစ်လုံး ဂြိုဟ်တိုင်ရှစ်တိုင်တို့၏ အရပ်မျက်နှာအလိုက် တည်ရှိနေပုံက . . .

(၁) တနင်္ဂနွေဂြိုဟ် = အရှေ့မြောက်အရပ်
(၂) တနင်္လာဂြိုဟ် = အရှေ့အရပ်
(၃) အင်္ဂါဂြိုဟ် = အရှေ့တောင်အရပ်
(၄) ဗုဒ္ဓဟူးဂြိုဟ် = တောင်အရပ်
(၅) ကြာသပတေးဂြိုဟ် = အနောက်အရပ်
(၆) စနေဂြိုဟ် = အနောက်တောင်အရပ်
(၇) ရာဟုဂြိုဟ် = အနောက်မြောက်အရပ်
(၈) သောကြာဂြိုဟ် = မြောက်အရပ်

ဟူ၍ အရပ်မျက်နှာအလိုက် အစဉ်အတိုင်း တည်ထားကြပါသည်။

ဂြိုဟ်ကြီးရှစ်လုံး၏ ဂြိုဟ်သက်များမှာ . . .

(၁) တနင်္ဂနွေဂြိုဟ် = ဂြိုဟ်သက် (၆) နှစ်
(၂) တနင်္လာဂြိုဟ် = ဂြိုဟ်သက် (၁၅) နှစ်
(၃) အင်္ဂါဂြိုဟ် = ဂြိုဟ်သက် (၈) နှစ်
(၄) ဗုဒ္ဓဟူးဂြိုဟ် = ဂြိုဟ်သက် (၁၇) နှစ်
(၅) ရာဟုဂြိုဟ် = ဂြိုဟ်သက် (၁၂) နှစ်
(၆) ကြာသပတေးဂြိုဟ် = ဂြိုဟ်သက် (၁၉) နှစ်
(၇) သောကြာဂြိုဟ် = ဂြိုဟ်သက် (၂၁) နှစ်
(၈) စနေဂြိုဟ် = ဂြိုဟ်သက် (၁၀) နှစ်



www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်ကြီးရှစ်လုံး၏ ကိုယ်စားပြု ဂြိုဟ်တိုင်များ ပူဇော်ကြရာတွင် ဂြိုဟ်စားရုပ်များ ထုလုပ်ပူဇော်လေ့ ရှိကြပေသည်။ ယင်း ဂြိုဟ်စားရုပ်တုများက . . .

(၁) တနင်္ဂနွေဂြိုဟ် = ဂဠုန်ရုပ်
(၂) တနင်္လာဂြိုဟ် = ကျားရုပ်
(၃) အင်္ဂါဂြိုဟ် = ခြင်္သေ့ရုပ်
(၄) ဗုဒ္ဓဟူးဂြိုဟ် = ဆင်မင်းရုပ်
(၅) ရာဟုဂြိုဟ် = စွယ်စုံဟိုင်းဆင်ရုပ်
(၆) ကြာသပတေးဂြိုဟ် = ကြွက်မင်းရုပ်
(၇) သောကြာဂြိုဟ် = ပူးမင်းရုပ်
(၈) စနေဂြိုဟ် = နဂါးရုပ်

စာရေးသူတို့ငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝက ဂြိုဟ်နေအရပ်၊ ဂြိုဟ်စီးရုပ်၊ ဂြိုဟ်သက်တို့ကို အလင်္ကာဆောင်ပုဒ်လေးဖြင့် ကျက်မှတ်ခဲ့ကြရပေသည်။

အလင်္ကာဆောင်ပုဒ်လေးမှာ . . .

တနင်္ဂနွေဂဠုန်၊ ရှေ့မြောက်ကြုံ၊ နေတုံခြောက်နှစ်မျှ။

တနင်္လာကျား၊ တစ်ဆယ့်ငါး၊ နေငြားရှေ့ရပ်က။

အင်္ဂါခြင်္သေ့၊ ရှေ့တောင်ကွေ့၊ မရွေ့ရှစ်နှစ်မျှ။

ဗုဒ္ဓဟူးဆင်၊ တောင်ရပ်ခွင်၊ နေလျှင်ဆယ့်ခွန်မှတ်။

စနေနဂါး၊ နောက်တောင်ပါး၊ နေငြားဆယ်နှစ်မှတ်။

ကြာသပတေးကြွက်၊ ဆယ့်ကိုးသက်၊ နေလျက်အနောက်ရပ်။

ရာဟုဟိုင်းဆို၊ နောက်မြောက်ကို၊ နေလို့ဂ္ဂါဒသ။

သောကြာမှာပူး၊ မြောက်စူးစူး၊ အထူးနှစ်ဆယ် စွန်းဝယ်တစ်နှစ်မှတ်။

ဂြိုဟ်သက်ပေါင်းလစ်၊ တစ်ရာ့ရှစ်၊ စင်စစ်မှတ်လေအပ်။

ဂြိုဟ်သက်များ အားလုံးပေါင်းလိုက်လျှင် (၁၀၈) ရ၍ နဝင်းကြေ နဝင်းကိုက် ဖြစ်နေခြင်းက ထူးခြားချက်တစ်ရပ်ဖြစ်ပေသည်။

ဂြိုဟ်ကြီးရှစ်လုံး ဂြိုဟ်တိုင်ရှစ်ခုဟု မြန်မာနက္ခတ္တဗေဒပညာအရ မိန့်ဆိုထားသော်လည်း အနောက်တိုင်း နက္ခတ္တသိပ္ပံပညာရှင်တို့က တနင်္ဂနွေ၊ တနင်္လာ စသော နေ့ခုနစ်နေ့အတိုင်း အဓိကပင်မ ဂြိုဟ်ကြီးခုနစ်လုံးဟု သတ်မှတ်၍ အမည်နာမများ ခေါ်ဝေါ်သတ်မှတ်ထားကြသည်ကိုလည်း လေ့လာတွေ့ရှိရပေသည်။ တစ်နည်းအားဖြင့် ကမ္ဘာဂြိုဟ်အပါအဝင် ဂြိုဟ်ကြီးကိုးလုံးဟူ၍လည်း သတ်မှတ်ထားကြလေသည်။

(၁) တနင်္ဂနွေဂြိုဟ် = SUN
(၂) တနင်္လာဂြိုဟ် = MOON
(၃) အင်္ဂါဂြိုဟ် = MARS
(၄) ဗုဒ္ဓဟူးဂြိုဟ် = MERCURY
(၅) ကြာသပတေးဂြိုဟ် = JUPITER
(၆) သောကြာဂြိုဟ် = VINUS
(၇) စနေဂြိုဟ် = SATURN

တို့ ဖြစ်ကြပေသည်။ တစ်နည်းအားဖြင့် ကမ္ဘာဂြိုဟ် (ယူရေးနပ်စ်ဂြိုဟ်) ဟူ၍ ဂြိုဟ်ကြီးကိုးလုံးဟု သတ်မှတ်ခေါ်ဝေါ်ကြပေသည်။ ယင်းတို့တွင် မာကျူရီဂြိုဟ်သည် အကြီးမားဆုံးဟူ၍လည်း ဆိုကြပါသည်။ နေ့ခုနစ်နေ့ကို ပုဂံခေတ်ကာလကပင် ခေါ်ဝေါ်သုံးစွဲခဲ့ကြကြောင်းကိုလည်း ပုဂံခေတ်ကျောက်စာများအရ လေ့လာသိရှိနိုင်ပါသည်။

ကြဲသိုင်းကြီးသမီး ကျောက်စာ၌ တနင်္ဂနွေနယ်နိယ် = တနင်္လာနိယ်။ အိုပြည့်စုံကျောက်စာ၌ အင်ကာနိ။ မိဖုရားစော၏ မြောက်ဂူနီကျောက်စာ၌ ဗုဒ္ဓဟူးနိယ်။ မင်းအိုချမ်းသာဘုရား ကျောက်စာ၌ ကြာသပတိယ်။ သိမ်တော်ဘုရားကျောက်စာ၌ သုကြာနိယ်။ ပြင်စည်ရွှေပြည်ရှင် ကျောက်စာ၌ စနိယ်နိယ် ဟူ၍ ပုဂံခေတ်ကျောက်စာတို့၌ နေ့အမည်များကို မှတ်တမ်းတင်ရေးထိုးခဲ့ကြကြောင်း လေ့လာတွေ့ရှိနိုင်ပေသည်။

ထိုဂြိုဟ်ကြီးရှစ်လုံးတို့ကို မြန်မာဗျည်းအက္ခရာတို့နှင့်လည်း တွဲစပ်သတ်မှတ်ခဲ့ကြပေသည်။ ယင်းတို့ကား . . .

(၁) တနင်္ဂနွေ = အ
(၂) တနင်္လာ = က၊ ခ၊ ဂ၊ ဃ၊ င
(၃) အင်္ဂါ = စ၊ ဆ၊ ဇ၊ ဈ၊ ည
(၄) ဗုဒ္ဓဟူး = လ၊ ဝ၊ ဠ
(၅) ကြာသပတေး = ပ၊ ဖ၊ ဗ၊ ဘ၊ မ
(၆) သောကြာ = သ၊ ဟ
(၇) စနေ = တ၊ ထ၊ ဒ၊ ဓ၊ န
(၈) ရာဟု = ယ၊ ရ တို့ဖြစ်ကြပါသည်။

ယင်းဂြိုဟ်ကြီးရှစ်လုံးတို့ကို သောမဂြိုဟ် (မိတ်ဂြိုဟ်)၊ ပါပဂြိုဟ် (ဂြိုဟ်ဆိုး)ဟူ၍လည်း ခွဲခြားသတ်မှတ်ထားခဲ့ကြပေသည်။

လေးထောင့်ဂြိုဟ်မူ၊ ပါပယူ၊ တူရူသောမမှတ်။

ပါပသောမ၊ ပေါင်းလိုက်က၊ အဋ္ဌဂြိုဟ်ရှစ်ရပ်။

ဟူ၍ လင်္ကာဆောင်ပုဒ်လေးဖြင့် မှတ်သားနိုင်ပါသည်။ အရှေ့မြောက်၊ အရှေ့တောင်၊ အနောက်မြောက်၊ အနောက်တောင် ထောင့်လေးထောင့်ရှိ ဂြိုဟ်တို့မှာ ပါပဂြိုဟ်များဖြစ်ကြ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် တူရူအရပ်ရှိ ဂြိုဟ်တို့မှာ သောမဂြိုဟ်များ ဖြစ်ပါသည်။


ဘုရားစေတီများ၌ ဂြိုဟ်တိုင်များ ယှဉ်တွဲလျက်ရှိသည်နှင့်အတူ ဗေဒင်ယတြာများကို ယုံကြည်မှုရှိကြသည့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့နှင့် ဂြိုဟ်တိုင် ယတြာချေမှု၊ ပူဇော်မှုတို့ကလည်း ခွဲခွာလျက်ရှိနေကြမည်သာ ဖြစ်ပေသည်။

❒ အရှင်မုနိတ(မှော်စီး)



www.burmeseclassic.com

www.burmeseclassic.com



# တောင်တွင်း ရှိုးပြ ရွှေခိုးတာလား လူခိုးတာလား

"ချစ်တဲ့ သူငယ်လေ၊
သူငယ်ချင်းကောင်း၊
ယောက်မတို့လေ။
မြင်းနီမသား၊ မြင်းကျားခွာမည်း
တစ်လုံးတည်းနှင့်၊ ကုန်းလွှဲပစ်တင်
တိမ်မိုးမဲနှင့်၊ ကသဲစစ်ကို
နှစ်မည်ဝင်သည်၊
သန်လျင်ကို ရောက်ဖူးပါစရှင်"

***(တောင်တွင်း ရှင်ငြိမ်းမယ်)***



www.burmeseclassic.com

www.burmeseclassic.com

(၁)

မြင်းလှည်းသမားတိုင်း မြင်းကောင်းကောင်းကို ပိုင်ဆိုင်ချင်ကြတာ သဘာဝပါပဲ။ မြင်းချင်းအတူတူ ကိုယ့်မြင်းကများ တခြားမြင်းတွေထက်ပိုပြီး ကြွားရရားနဲ့ ကျန်းမာရေးကကောင်း၊ လီမွာလည်းလီမွာလို့ကတော့ မြင်းလှည်းသမားက လှည်းဘီးကြားကို ကြာပွတ်ရိုးကပ်ပြီး တတပ်တပ်နဲ့ အသံပေးလို့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ မောင်းတတ်သေးရဲ့။

"ဒီဂိတ်မှာတော့ ဒီမြင်းကို မီတဲ့မြင်း မရှိဘူး"

ဆိုတဲ့ စကားက မြင်းပိုင်ရှင်အဖို့တော့ ဖရဏာပီတိ ဝွမ်းဆီထိပေါ့။

ဒါကြောင့်လည်း မြင်းလှည်းသမားတိုင်း မြင်းကောင်းကောင်းကို လိုချင်တတ်ကြတာ။

မောင်ညိုက မြင်းလှည်းသမား။ သူလည်း မြင်းကောင်းကောင်းတော့ မောင်းချင်ပါတယ်။ ဒါပေမဲ့ သူက မြင်းလှည်းပိုင်ရှင် မဟုတ်ဘူး။ မတ်ကောက်သမား။ မတ်ကောက်ဆိုတာ ငွေတစ်ကျပ်ရရင် တစ်မတ်နှုန်းသာရတဲ့ အငှားမြင်းလှည်းမောင်းသမားကို ခေါ်တာ။ ဒီတော့လည်း မြင်းကောင်းကောင်း ကိုင်နိုင်ဖို့ စိတ်မကူးရဲပါဘူး။ ပိုင်ရှင် ဝယ်ထားတဲ့ မြင်းကိုပဲ သူ့အသံ အသက်၊ အကျင့်စရိုက်ကြည့်ပြီး မောင်းနေရတာ။ မောင်ညိုက မြင်းချစ်တတ်သူဆိုတော့ တော်ရုံမြင်းကတော့ သူနဲ့ အဆင်ပြေပြီးသား။

တစ်နေ့တော့ မြင်းပိုင် လှည်းပိုင်ဖြစ်ရမယ်ဆိုတာက မောင်ညိုရဲ့ ထာဝရ ရည်မှန်းချက်။

(၂)

မောင်ညိုရဲ့ မြင်းလှည်းပိုင်ရှင်က ကိုဘိုတောက်။ မြင်းလှည်းကို အငှားမောင်းခိုင်းထားပြီး သူကတော့ မြင်းလှည်းဂိတ်က ကျားဝိုင်းမှာ ကျားထိုးလိုက်၊ ပေးလား ဝါးလားပြောလိုက်နဲ့။ တကယ်တော့ မြင်းလှည်းပိုင်ရှင် အဖို့ ကိုယ့်လှည်းကိုယ်မောင်းရင် တစ်နေ့ကို နှစ်ဆယ် အစိတ်ရနိုင်တယ်။ မိသားစုဘဝ အဆင်ပြေတာပေါ့။ ကိုဘိုတောက်က အငှားမောင်းသမားနဲ့မို့ အေးအေးလူလူပါ။ ညနေပိုင်း အရက်သောက်တာက ရှိသေး။

တစ်နေ့မှာတော့ ညနေ မြင်းလှည်းသိမ်း မြင်းဝေယျာဝစ္စတွေ မောင်ညို လုပ်နေတုန်း. . .

"မောင်ညိုရေ မြင်းတစ်ကောင် ဝယ်မလားလို့ကွ"

"ကောင်းပါတယ် အစ်ကို၊ အခု မြင်းမက ကျမြင်းဖြစ်နေပြီ၊ လဲလိုက်တာ ကောင်းတာပေါ့"

"အေးကွာ ငါတို့နှစ်ယောက်လုံး ပိုပြီး အဆင်ပြေတာပေါ့၊ မနက်ဖြန် မြို့သစ်ဘက်မှာ မြင်းတစ်ကောင် သွားကြည့်မလို့ မင်းလိုက်မလား"

"မလိုက်တော့ပါဘူး၊ မနက်ဖြန် စောစောလဲအော်ဒါရှိတယ်၊ လှည်းထွက်ရဦးမှာ"

"အေး အေး၊ ဘကြီးကို ခေါ်ပြီး ငါပဲ သွားလိုက်မယ်"

ကိုဘိုတောက် ဘကြီးက မြင်းအကြောင်း ကောင်းကောင်းနားလည်တယ်။ မြင်းတစ်ကောင် ဝယ်တယ်ဆိုတာ လွယ်မှတ်လို့၊ တစ်ခါတစ်လေ တစ်နေကို ကုန်ပါရော။ အခုလည်း မြို့သစ်ကို သွားရဦးမှာ၊ တောင်တွင်းကြီးနဲ့ မြို့သစ်က မဝေးပေမယ့် ဟိုရောက်ရင် မြင်းကို သေသေချာချာစစ်ကြည့်၊ စီးကြည့်၊ မောင်းကြည့်နဲ့ ပြီးတော့ ဇွေဆိုးတွေ ဘာတွေရှိလားကြည့်၊ ဈေးစကားပြောနဲ့ အချိန်အတော်ကုန်တာ။ ဒါတောင် ကိုယ်ဝယ်မယ့် မြင်းရဲ့ရာဇဝင်ကို စုံစမ်းပြီးနေမှ၊ ဘာကြောင့် ရောင်းတာလဲ၊ ဘာဖြစ်ခဲ့ဖူးသလဲ၊ ကားများ တိုးဖူးလို့လား၊ (ကားတိုက်ခံရဖူးလား) အစုံပေါ့။ သိအောင်စုံစမ်းပြီးမှ ဝယ်ကြတာ များတယ်။ ဒီထက်ဆိုးတာက မြင်းလှည်းသမားတွေရဲ့ ခုနစ်ဆယ့်ငါး ရာခိုင်နှုန်းလောက်က အသောက်သမားတွေ။ ကိုဘိုတောက်က ခုနစ်ဆယ့်ငါးရာနှုန်းမှာ ထိပ်ဆုံးက လူဆိုတော့ ကြာလိုက်မယ့် ဖြစ်ခြင်း။ မြင်းလှည်းသမားထဲမှာ မောင်ညိုက အရက် မသောက်တတ်သူ။ ပြီးတော့ အလုပ်ကလည်း တကယ် မအားတာ ပါပါတယ်။

ကဲ စိတ်ကြိုက်မြင်းသာ ဝယ်ကြပေရော။

(၃)

ကိုဘိုတောက် မြင်းတစ်ကောင် ဝယ်ခဲ့ပါပြီ။ မြို့သစ်ဘက်က မြင်းပါပဲ။ မြင်းသိုးကြီး၊ ခြေတံ လက်တံရှည်ရှည်၊ အရပ်မြင့်မြင့်နဲ့ မြင်းချောကြီးပါ။ မြင်းကို စတွေ့တာနဲ့ မောင်ညို သဘောကျနေပြီလေ။ အမွေးအရောင်ကလည်း ဒုန်းခွဲရောင်။ "မြင်းဒုန်းခွဲရောင်၊ ကျွန်ကုလား၊ မယားတောသူ" ဆိုတဲ့ စကားအတိုင်း ပဲလေ။ ဒုန်းခွဲမှ ဒုန်းခွဲစိမ်းရောင်။ ဒုန်းခွဲစိမ်းရောင်က မြင်းသမားတိုင်းအကြိုက် အမွေးရောင်။ ဒီလိုမြင်းမျိုး မကြိုက်သူ ဘယ်ရှိပါ့မလဲ။

ဒါပေမဲ့ မြင်း ဆိုတာက ဇွေကောင်း၊မကောင်း စကားပြောပြန်ရော။ ဇွေမှာလည်း ဇွေကောင်းနဲ့ ဇွေဆိုးဆိုပြီး နှစ်မျိုး ရှိပြန်တယ်။ မြင်းတစ်ကောင်မှာ ဇွေပေါင်းက ငါးဆယ့်လေးလုံးပါတယ်လို့ ဆိုပါတယ်။ ဇွေဆိုး တစ်ဆယ့်ကိုးလုံး၊ ဇွေကောင်း နှစ်ဆယ့်ခြောက်လုံးနဲ့ ဇွေနိုး (ပါနိုးပါစဉ်ပါတဲ့ဇွေ) ဆယ်လုံးရှိတယ်လို့ မြင်းဆရာ အကျော်အမော်ကြီးတွေက ဆိုပါတယ်။

ကိုဘိုတောက် ဝယ်ခဲ့တဲ့ မြင်းကြီးမှာ ဖောက်နေတဲ့ ဇွေတစ်ခုပါနေလေရဲ့။ မြင်းရဲ့ နားရွက်နောက်မှာ နားစောင့်ဇွေဆိုတာ ပါစမြဲ။ ဒီမြင်းကြီးမှာတော့ နားစောင့်ဇွေ မပါခဲ့ဘူး။ နားစောင့်ဇွေအစား အရှည်တစ်တောင်လောက်ရှိတဲ့ ဇွေလှိုင်းကြီး။ သန်လျက်ပုံနဲ့ ခပ်ဆင်ဆင်တူပါရဲ့။ ဇွေသန်လျက်တဲ့။ နှစ်ဖက်သာပါရန် ဇွေကောင်းပေါ့။





www.burmeseclassic.com

www.burmeseclassic.com

စစ်သူကြီးစီးတဲ့ မြင်းမျိုးတဲ့။ ဒါပေမဲ့ ဒီမြင်းမှာတော့ လက်ဝဲဘက်တစ်ဖက်တည်း။ တစ်ဖက်တည်းပါတော့ လန့်တတ်တယ်။ ကတ်တတ်တယ်။ ဒီမြင်းကို ရောင်းရတဲ့ ချို့ယွင်းချက်က အဲဒါပါပဲ။

ဗွေက လက်ဝဲဘက်မှာပါတော့ လက်ဝဲဘက်ကလန့်ပြီး လက်ယာဘက်ကို ဆွဲပြေးတတ်တယ်။ ကော်တယ်၊ ကပ်တယ်။ ခဏခဏဆိုတော့ အလျော်ပေးရတာလည်း များလှပြီ။ အန္တရာယ်လည်း ဖြစ်နိုင်တာပေါ့။ ဒါကြောင့် မူလပိုင်ရှင်က ရောင်းလိုက်တာ။ ဒါတောင် ဈေးကတော်တော်ပေးရတယ်လေ။

ကဲ အခုတော့ ဗွေဆိုးနဲ့ မြင်းဆိုးကြီး မောင်ညိုနဲ့ နှစ်ပါးသွားရတော့မှာ။

(၄)

မြင်းလှည်းမောင်းသမားထဲမှာ မြင်းကို ချစ်တတ်သူနဲ့ မချစ်တတ်သူဆိုပြီး နှစ်ပိုင်းရှိပြန်ရော။ မြင်းချစ်တတ်သူတွေက မြင်းကို နာမည်ပေးတတ်ကြတယ်။ ကိုယ်နှစ်သက်တဲ့ နာမည်ပေါ့။ ပြီးတော့ မြင်းကို ဂရုစိုက်ပြီး အရိပ်တကြည့်ကြည့်နဲ့လေ။

မြင်းလှည်းသိမ်းပြီးရင် တစ်ခါတည်း မြင်းကို ဇောင်းထဲမောင်းသွင်းပြီး အစာကျွေးလို့ ရပြီမထင်နဲ့။ မြင်းဟာဟီရတွေက အများသား။ လှည်းဖြုတ်ပြီးတာနဲ့ ဇက်ခွံ့ထားတာဆိုတော့ ပါးစပ်ဖြုလျှာဆွဲထုတ်ပြီး ရေဆေးပေး။ နောက်လှည်းဆွဲခဲ့ရတဲ့ ရင်ပုံနဲ့လက်ပြင်ကို ရေစိုအဝတ်နဲ့ တိုက်ပေးရသေးတာ။ ပြီးတော့ တစ်နေကုန် ပြေးထားတာ ချက်ချင်းရပ်လိုက်လို့မဖြစ်။ အမောလုံအောင် နည်းနည်းဆွဲပြီး လမ်းလျှောက်ပေးရသေးတယ်။ မဟုတ်ရင် အမောရောဂါရတတ်တယ်လေ။ နောက်ဆုံး ဆီးတည်ပေးရတယ်။ မြင်းမှာ ဆီးက အရေးကြီးတာ။ ဆီးမပေါက်ရင် လေခေါ် သလိုမျိုး လေချွန်ပေးရသေးတယ်။

မောင်ညိုက ဒါတွေအားလုံး စိတ်ချရတယ်။ မြင်းချစ်တတ်သူ တစ်ယောက်ကို။ ပထမဆုံး မောင်ညို ဒီမြင်းသိုးကို စပြီးကိုင်ရတော့ ပိုင်ရှင် ကိုဘိုတောက်ကို တိုင်ပင်ပါတယ်။

"အစ်ကို ဒီကောင်ကြီးကို တိမ်ပျံ့လို့ နာမည်ပေးရအောင်နော်၊ မိုးတိမ်ထဲရောက်တဲ့အထိ ပျံတော့မယ့် အတိုင်းပဲဗျာ"

"မင်းသဘော မင်းသဘော၊ ငါကတော့ မင်းကိုခိုင်းဖို့ပဲ၊ ပိုက်ဆံရပြီးရော"

ကိုဘိုတောက်က မြင်းချစ်တတ်သူမှ မဟုတ်တာ။ ဆဲဟာ ဆိုဟာနဲ့ မောင်းတတ်တဲ့လူ။ မြင်းရိုက်ကြမ်းတဲ့နေရာမှာတော့ နံပါတ်တစ်ဆိုတဲ့လူပေါ့။ မြင်းအကြောင်းနားလည်တဲ့ ဘကြီးက ဒီမြင်းကို ချော့ခိုင်းလို့ မှာလိုက်တယ်။ မြင်းက ဆတ်တယ်၊ ကတ်တယ်။

လှည်းထွက်ပြီး တစ်ရက် နှစ်ရက်အတွင်းမှာပဲ မောင်ညိုက တိမ်ပျံ့ရဲ့ အထာကို ပေါက်ပြီ။ အမြဲထောင်နေတဲ့ မြင်းနားရွက်က ထောင်နေရာက ရှေ့ကို ကုပ်ပြီး တစ်နေရာရာကို စိုက်ကြည့်နေပြီဆိုရင် လန့်တော့မယ်။

စက္ကူစုတ်လေး လွင့်လာတာလည်း လန့်ချင်လန့်တတ်တာ။ လန့်ပြီဆိုတာနဲ့ လက်ယာဘက်ဆွဲတတ်တယ်။ မြင်းနားရွက်ကုပ်တာနဲ့ မောင်ညိုက . .

"သားကြီး တိမ်ပျံ့ တိမ်ပျံ့ သားကြီး သားကြီး"

လို့ အဆက်မပြတ်ခေါ် ရင်း စုတ်သပ်ပေးပြီး ချော့လိုက်ရင်ရပြီ။ အလန့်ပျောက်ပြီး အေးအေးဆေးဆေးပါပဲ။ သူ့အထာကို သိသွားတော့လည်း မောင်ညိုနဲ့ တိမ်ပျံ့တို့ အချီးကိုတည့်လို့။ တိမ်ပျံ့က အချော့ကြိုက်ပြီး ဆတ်ဆတ်ထိခံတာ မဟုတ်ဘူး။ မြင်းလှည်းဂိတ်တစ်ခုလုံးတော့ ဘယ်မြင်းမှ လိုက်မမီတဲ့ မြင်း။

ကိုဘိုတောက်တို့ ကံကောင်းချက်ကတော့ မြင်းကောင်းထစ်စီးနဲ့ လှည်းသမားကောင်းတစ်ယောက်ရထားလိုက်တာ။ အေးအေးဆေးဆေး တစ်နေကုန် မြင်းလှည်းဂိတ်မှာ လေပေးလိုက်၊ ညနေပိုင်း အသောက်ဝိုင်းရောက်လိုက်နဲ့ အဆင်ကို ပြေနေတာပဲ။

(၅)

မောင်ညိုနဲ့ တိမ်ပျံ့က တကယ့်ကို အပေးအယူ ညီခဲ့ကြတယ်။ ဟာမိုနီဖြစ်တယ်ပေါ့။

မနက်လှည်းထွက်တော့မယ် ဆိုရင် မောင်ညိုက အုတ်ခွက်(မြင်းမျက်နှာစွပ်)ကို ယူလာတာနဲ့ တိမ်ပျံ့က ခေါင်းထိုးပေးပြီးသား။ မောင်ညိုကလည်း မြင်းဇောင်းကို ရောက်တာနဲ့ "သားကြီး တိမ်ပျံ့" ဆိုတဲ့ အသံကမစဲတော့ဘူး။ မနေ့ညနေက ထည့်ထားတဲ့ အစာ မနက်ထိ မကုန်တာနဲ့. . .

"သားကြီး တိမ်ပျံ့ စားမကောင်းဘူးလားကွ၊ ညနေကျရင် မုန်လာဥနီ ဝယ်ကျွေးမယ်နော်"

ဘာညာနဲ့ သားတစ်ယောက်ကို ပြောနေသလိုပါပဲ။ ဒီလို ယုယနေတော့ တိမ်ပျံ့ကြီးက လိမ္မာပြီပေါ့။ ညနေ လှည်းသိမ်း ဝေယျာဝစ္စတွေပြီးလို့ ဆီးတည်ရင် ဆီးကို အမျိုးမျိုးစစ်တော့တာ။ စိတ်ထဲမကျေနပ်ရင် မြင်းဆီးဆေးတိုက်ပါရော။ အဲဒီလို ဂရုစိုက်တယ်။ အားလုံးပြီးလို့ အိမ်ပြန်တော့မယ်ဆိုရင်တောင်. .

"တိမ်ပျံ့ရေ ငါ ပြန်တော့မယ်၊ မနက်မှ လာခဲ့မယ်နော်"

လို့ ပွတ်သပ်ပေးပြီး နှုတ်ဆက်ခဲ့သေးတာ။

တကယ်တော့ တိမ်ပျံ့ကြီးက မိသားနှစ်စုကို လုပ်ကျွေးနေရတာ။ သူ့အပေါ် လည်း ခင်တွယ်ပြီး ဂရုတစိုက်ရှိသင့်တာပေါ့။

ရေစက်ဆုံကြလို့ မောင်ညိုနဲ့ တိမ်ပျံ့တို့ ကြုံခဲ့ကြရပြီး အခိုက်အတန့်လေးမှာ တွယ်တာခဲ့ကြပေမယ့် ရေစက်ကုန်ပြန်တော့လည်း လွဲခဲ့ရပြန်ပါရော။ အကြောင်းကံပေါ့နော်။

မြင်းလှည်းအပိုင်နဲ့ မောင်းချင်နေတဲ့မောင်ညိုတစ်ယောက် ကံကောင်းထောက်မစွာနဲ့ အစိုးရအောင်ဘာလေ





www.burmeseclassic.com

www.burmeseclassic.com

ထိ ခုနစ်ရာဆုပေါက်ခဲ့ပါရော။ ငွေစုလက်မှတ်က နှစ်ရာမို့ ငွေငါးရာကျပ်ပဲ လက်ငင်းထုတ်လို့ရတယ်။ နောက် တစ်နှစ်ပြည့်မှ နှစ်ရာက ထုတ်လို့ရမှာ။ မောင်ညိုတစ်ယောက် မြင်းနဲ့လှည်း အပိုင်ဝယ်နိုင်ပြီပေါ့။ စုစုပေါင်းမှ လေးရာလောက်ကုန်မှာ။ အဲဒီမှာ တိမ်ပျံ့နဲ့ ရေစက်က ကုန်တော့တာ။ မောင်ညို တောင့်တခဲ့တဲ့ ကိုယ်ပိုင်မြင်း ကိုယ်ပိုင်လှည်းနဲ့ ဖြစ်ပြီပေါ့။ မြင်းနဲ့လှည်း ဝယ်ပြီးတော့ သံဃာတော်တွေပင့်လို့ မောင်ညို ဆွမ်းလုပ်ကျွေးခဲ့သေးရဲ့။ တိမ်ပျံ့ကတော့ သခင်အသစ်လက်ထဲ ရောက်တော့မှာလေ။

(၆)

တိမ်ပျံ့ရဲ့ အသစ်သခင်က ကိုဘိုတောက်ပါပဲ။ မောင်ညိုလို ရိုးသားတည်ကြည်တဲ့ လှည်းသမားကောင်း ရှာမရတော့ ဝင်ငွေလည်း ပိုကောင်းအောင် ကိုယ်တိုင် မြင်းလှည်းမောင်းပြီပေါ့။ ပထမပိုင်းမှာ အရှိန်နဲ့မို့လား မသိပါဘူး။ အဆင်ပြေနေပါတယ်။ တစ်လလောက်အကြာမှာတော့ ပြဿနာက စပါရော။ ကိုဘိုတောက် ဂိတ်မှာ ခရီးသည် ခေါ်နေတုန်းပေါ့။

"ညောင်ပင်သာ၊ ချောင်းနက်၊ ဆတ်သွားကို ဆတ်သွားကို"

တောင်တွင်းကြီးနဲ့ ဆတ်သွားကြားမှာရှိတဲ့ ရွာတွေက ခရီးသွားတွေကိုခေါ်နေတာ။ တစ်ယောက် တစ်ကျပ်ခရီး၊ လှည်းတစ်စီးက ပုံမှန် ခြောက်ယောက်တင်တာဆိုတော့ ခြောက်ကျပ်။ နောက်ဆုံးအခေါက်ပြီးရင် သိမ်းတော့မှာ ဒီနေ့ ဆယ့်ငါးကျပ်တော့ရပြီ။ အပြန်တော့ ရသရွေ့ပေါ့။

မြင်းလှည်းရဲ့ ညာဘက်ဘေးလှမ်းလှမ်းမှာ မုန့်လုပ်ဆောင်းသည် တစ်ယောက်။ အထမ်းချပြီး ရောင်းနေတာ။

အဲဒီအချိန်မှာ မြင်းလှည်းနားက ပူစီဖောင်းသည်ဆီက ဘောလုံးတစ်လုံး ထပေါက်ပါရော။

"ဖောင်း" ခနဲ မြည်သံနဲ့အတူ တိမ်ပျံ့က လန့်ပြီး

နားရွက်ကို ကုပ်လိုက်ပြီး ရှေ့တည့်တည့်ကို စိုက်ကြည့်နေလေရဲ့။

ကိုဘိုတောက်ကတော့ အထာမပေါက်။ ကြောင်ငေးငေးနဲ့။

တိမ်ပျံ့က လက်ယာဘက်ကို ဆွဲပြေးပြီ။ မုန့်လုပ်ဆောင်းသည်ကို ဝင်တိုးပြီး တစ်ဆိုင်လုံး ပြောင်းဆန်အောင် မှောက်ကုန်ပါရော။ အားလုံးကလည်း ရှုတ်ရှုတ်သဲသဲပေါ့။ မုန့်လုပ်ဆောင်းသည်ကို အလျော်ပေးလိုက်ရတဲ့အပြင် ပူစီဖောင်းသည်ကိုပါ ရန်သွားလုပ်လို့ စကားပါများကြပါကရောလား။ တစ်နေ့ကုန်ရှာထားသမျှလေး ကုန်တော့တာပဲ။

(၇)

မြင်းနဲ့ လူ လမိုင်းမကပ်တော့ ပြဿနာ စဖြစ်ခဲ့တာ။ နောက်ရက်တွေမှာတော့ ပြန်ပြီး အဆင်ပြေနေပြန်တယ်။ ကိုဘိုတောက် သတိထားရတော့မှာ။

တစ်ဂိတ်တည်း အတူမောင်းနေတဲ့ မောင်ညို မြင်းလန့်တဲ့အချိန်က ဂိတ်မှာ ရှိမနေဘူး။ ခရီးသည်နဲ့ တခြားရောက်နေလို့။ မောင်ညို လှည်းထောင်တော့မယ်ဆိုတော့ တိမ်ပျံ့ကို ရောင်းမလားလို့ မေးသေးတာ။ သံယောဇဉ်တစ်ခုကြောင့်ပါ။

ကိုဘိုတောက် တောင်းတဲ့ဈေးကို မလိုက်နိုင်လို့ မဝယ်ဖြစ်ခဲ့ဘူး။အခုလိုဖြစ်တဲ့ အသံကြားတော့ စိတ်မကောင်းတာနဲ့ ဂိတ်မှာ ကိုဘိုတောက်ကို မဝံ့မရဲလေး ပြောမိတယ်။

"အစ်ကို တိမ်ပျံ့က စိတ်ဆတ်တော့ အချော့ကြိုက်တယ်၊ သူ့ကို များများချော့ခိုင်းနိုင်မှ၊ ဆတ်ဆတ်ထိခံတာ မဟုတ်ဘူး"

"အေးပါကွာ"

ပြန်ပြောတာကိုက စိတ်မရှည်သံနဲ့လေ။

"နောက်ပြီး သူလန့်တော့မယ်ဆိုရင် နားရွက်"

"ဟေ့ကောင်၊ ငါ မင်းအရင်မြင်းလှည်းမောင်းလာတာကွ၊ မင်း ဆရာလာလုပ်မနေနဲ့"

တစ်ခွန်းက နှစ်ခွန်း ရှင်းပြလို့ မရခဲ့။ ဒါတောင် မောင်ညို မလျှော့သေး။

"မဟုတ်ဘူး အစ်ကို၊ ကျွန်တော်က စိုးရိမ် . . ."

"ဟေ့ကောင် ငါ့မြင်း၊ ငါ့လှည်း ငါကြိုက်တာ လုပ်လို့ရတယ်၊ မင်းအပူဘာပါလို့လဲ၊ လူဝါးဝလို့၊ မနေ့ တစ်နေ့ကမှ လှည်းပိုင်ရှင် ဖြစ်လာတဲ့ ကောင်ကများ"

အဲဒီနေ့ကစပြီး မောင်ညို ဝင်မပါရဲတော့ပါဘူး။ တိမ်ပျံ့ကြီးကိုတော့ သနားလိုက်တာ။

နောက်ပိုင်းတော့ အဆင်ပြေနေပြန်ပါရော။ လန့်တတ်တာကလေးက





www.burmeseclassic.com

www.burmeseclassic.com

လွဲလို့ တော်တော်ကောင်းတဲ့ မြင်းသိုးကြီး။ ကိုဘိုတောက်က မြင်းကို မညှာမတာခိုင်းတယ်။ ဝင်ငွေကတော့ တခြားလူထက်သာတာပေါ့။ ဂိတ်မှာဆို သူ့ဝင်ငွေ ဘယ်သူမှလိုက်မမီတာကို အမြဲဂုဏ်ယူပြီး တဟားဟားနဲ့။

တိမ်ပျံက ပင်ပန်းလာတော့ နည်းနည်းကတ်ချင်လာတယ်။ ကိုဘိုတောက်က အလျှော့မပေးဘူး။ ရိုက်နှက်ပြီး ဖိခိုင်းတော့ ပိုဆိုးလာပါရော။ သုံးလေးရက်ခြား တစ်ခါလောက်ကတ်တာတို့ လန့်လို့ ဆွဲပြေးတာတို့ ဖြစ်လာရော။ ကိုဘိုတောက်ရဲ့ စိတ်ထားကြောင့် တိမ်ပျံတော့ ပျက်တော့မှာပဲလို့ မောင်ညို တွေးပြီး စိတ်ပူမိသေးရဲ့။ တစ်ဂိတ်တည်းမှာဆိုတော့ မတွေ့ချင် မြင်လျက်သားဆိုသလိုပါပဲ။

(၉)

အခုတော့ ကိုဘိုတောက်က တစ်မျိုးလုပ်ပြန်ပြီ။ သူ့မြင်းသိုး တိမ်ပျံကို မြိုးမြိုးမြက်မြက်ရအောင် သားတင်သတဲ့။ မြင်းသိုးဆိုတာ သားတင်ပြီးရင် ငှက်ပျောသီး၊ ကြက်ဥ၊ ထောပတ် တို့ကို အာဟာရဖြစ်အောင် ကျွေးရတာ။ ပြီးတော့ သုံးရက်လောက် အနားပေးထားရတယ်။

ကိုဘိုတောက်က တစ်ရက်ပဲ ကျွေးမွေး အနားပေးတယ်။ တိမ်ပျံက သန်သန်မာမာတောင့်တောင့်တင်းတင်း ဆိုတော့ ရမယ်ပဲထင်နေတာ။ နောက်နေ့ မြင်းလှည်းထွက်ရော။ ဒီလိုမျိုး လေးငါးခြောက်ခါ လှုပ်ပြီးချိန်မှာတော့ တိမ်ပျံတစ်ကောင် ပင်ပန်းတာနဲ့ မ,စိတ်မွှန်တာကြောင့် ကတ်လာပြီလေ။

တစ်နေ့ မြင်းလှည်းဂိတ်မှာ စက်ဘီးစီးလာသူတစ်ယောက် စက်ဘီးပေါ်က ရေနံဆီသံပုံးအလွတ် ပြုတ်ကျပါရော။ ဗူးဗူးဝါးဝါးအသံကိုကြားရတော့ တိမ်ပျံလန့်ပြီလေ။

ညာဘက်လှည့်အပြေးမှာ ဇက်ခွံထားတဲ့နေရာကို အနီးမှာရှိနေတဲ့ လှည်းသမားတစ်ယောက်က ဖမ်းဆွဲထားလိုက်တယ်။ ကိုဘိုတောက်က ဒေါသကြီးပြီး မြင်းကို ချော့ရမယ့်အစား တအားရိုက်လိုက်တာ အာဆွဲထားလို့ မလှုပ်နိုင်တဲ့ တိမ်ပျံက ငြိမ်ခံမနေဘဲ လှဲအိပ်ချလိုက်လို့ မြင်းလှည်းလက်တံ ထက်ပိုင်းကျိုးပါရော။ တစ်ဂိတ်လုံး ရုတ်ရုတ်သဲသဲပေါ့။

အဲဒီနေ့ကစပြီး တိမ်ပျံကို လှည်းတပ်ရ ခက်သွားတာ။ လှည်းတပ်တော့မယ်ဆိုတာနဲ့ လူကို ရန်မူတော့တာပဲ။ လုံးဝကို မရတော့တာ။ ကိုဘိုတောက်ကို ပြန်ကိုက်လိုက်တာ ကံကောင်းလို့ လက်မတို့ လက်ညှိုးတို့သာဆို အပြတ်ပဲ။ လက်ဖျံမှာ အသားတစ်ကို ထွက်ရော။ ကိုဘိုတောက်က ဒေါသတအားထွက်လို့ ရိုက်နှက်ပြီး ဇောင်းထဲပြန်ထည့်ထားလိုက်တော့ အေးအေးဆေးဆေးပါပဲ။

နောက်တစ်နေ့တော့ လူသုံးယောက် ဝိုင်းချုပ်ပြီး အုပ်ခွက်စွပ်လို့ လှည်းတပ်လိုက်ကြတယ်။ မရုန်းနိုင်လို့ လှည်းတပ်ခံရပေမယ့် အိမ်က ထွက်ပြီး သိပ်မဝေးခင်မှာ ရုတ်တရက် လှဲအိပ်ချလိုက်လို့ လှည်းကျိုးပြန်ပါရော။ ဒီလိုနဲ့ မြင်းတခြား လှည်းတခြား အိမ်ပြန်ရတာ ဘယ်နှခေါက်မှန်းမသိ။

(၁၀)

ကိုဘိုတောက် တိမ်ပျံကို မနိုင်တော့ပါဘူး။

မြင်းလှည်းသမား လောကမှာ မြင်းဆရာ ဆိုတာ အမျိုးမျိုး ရှိကြပါတယ်။

တချို့က မြင်းဆေးဆရာ၊ တချို့က ကြန်အင်လက္ခဏာ ဗွေဆိုး ဗွေကောင်း ကြည့်တတ်တဲ့ဆရာ၊ တချို့ကတော့ မြင်းပေ၊ မြင်းကတ်၊ မြင်းဆိုးတွေကို ဖွဲ့ချုပ်ပေးတဲ့ ဆရာ အမျိုးမျိုးပါ။

မြင်းကတ်ကို ဖွဲ့ချုပ်ပေးတဲ့ ဆရာတွေကလည်း တော်ရုံမြင်းလောက်ရဲ့ဖွဲ့ကို အသာကလေး ချုပ်ပေးတတ်တာ။ မြင်းက အဲဒီဆရာကို အသံကြားရုံနဲ့တင် သေးတွေဖြန်းဖြန်းပါအောင် ကြောက်တယ်။ မြင်းဖွဲ့ကို နည်းအမျိုးမျိုးနဲ့ ချုပ်ပေးတာလေ။

ဦးဖိုးရှမ်း ဆိုတာ မြင်းဖွဲ့ချုပ်နေရာမှာတော့ နာမည်ကျော် ဆရာတစ်ယောက်ပေါ့။ လူပုံက ဗလကောင်းကောင်း တုတ်တုတ်ခိုင်ခိုင်။ လက်မောင်း လက်ဖျံ ကျောကုန်းနဲ့ ရင်ဘတ်တွေမှာ အင်းကွက်တွေ၊ ဆေးနီတွေနဲ့ အဲသက်က လေးဆယ်လောက်။ လူပုံ ကြည့်ရတာနဲ့ကိုက ကြောက်စရာ။ သူ ဖွဲ့ချုပ်ပေးလို့ မရတဲ့ မြင်းကတော့ ခပ်ရှားရှား။

နောက်ဆုံးတော့ ဗွေဆိုးပါလို့ ကတ်တတ်၊ လန့်တတ်၊ ဖွဲ့ကောင်းတတ်ပြီး ဆတ်ဆတ်ထိ မခံတတ်တဲ့ တိမ်ပျံတစ်ကောင် ဦးဖိုးရှမ်းလက်ထဲ ရောက်ပါရော။ တွေ့ကြပြီလေ။ မြင်းဗွေဆိုးနဲ့ လူတစ်သိုက်တို့။

ဦးဖိုးရှမ်းတို့ရွာမှာ တိမ်ပျံတစ်ကောင် ဆယ့်လေးငါးရက်လောက် ဝဋ်ဆင်းရဲကြီးစွာကို ခံလိုက်ရတယ်နဲ့ တူပါရဲ့။ ဖွဲ့ကတော့ ကျွတ်မသွားပေမယ့် ဒီဘဝကတော့ ကျွတ်သွားတယ်တဲ့။

ဒီသတင်းကိုကြားရတော့ မောင်ညို ဝမ်းနည်းလွန်းလို့ မျက်ရည်တောင် ကျမိပါရဲ့။ သူ့သိပ်ပြီး ခင်တွယ်ခဲ့ရတဲ့ တိမ်ပျံကြီး။ နောက်ပိုင်းတော့ တိမ်ပျံကြီးကို သတိရတိုင်း သူ့မြင်းမလေး တိုးစိန်ကို ပိုလို့ဂရုစိုက်ခဲ့တယ်လေ။

အင်း . . . တိမ်ပျံ တိမ်ပျံ၊ မင်းသေရတာ ဗွေကဆိုးလို့လား၊ ဒါမှမဟုတ် လူတွေကပဲ ဆိုးတာလားဟင်။

သတ္တဝါများကို ကြင်နာ သနား တတ်ကြပါစေ။


❒ တောင်တွင်းကိုရင်ညို





www.burmeseclassic.com

www.burmeseclassic.com



# သတိထားရမည့် ဂှာပည်ပညတ်များ

ဦးညွှန့်လှိုင်(ကြိုမြင်ကောဇ်)

(ယခင်လမှအဆက်)

လွန်ခဲ့သော နှစ်ပေါင်း (၃၀)အတွင်းက ဖြစ်၏။

ထိုစဉ်က ကျွန်ုပ် အထူးခုံမင်နှစ်ခြိုက်သည့် ကျမ်းမှာ အိန္ဒိယပြန် အရှင်ဣန္ဒာဝံသ ဆရာတော် စီရင်တော်မူသော *"ဝိဇ္ဇာအလင်းပြ ယတြာဓာတ်ရိုက်ကျမ်း"* ဖြစ်သည်။

ဤကျမ်းစာအုပ်ပါအတိုင်း အပိုအလိုမရှိ ဆောင်ရွက်လေ့ရှိ၏။ ဤသည်တွင် "ရောဂါသည်များ၏ ယာယီတဲအိမ်" သည် ကျွန်ုပ် အကြိုက်ဆုံးသော အစီအရင်ထဲမှာ ပါ၏။

ကျမ်းပါ ဖော်ပြချက်အရ. . .

*"မကျန်းမာလျှင် ယာယီကိန်း ရှိပါသောကြောင့် မိမိတို့၏ နေ့နံနှင့် အန္တော, ဂဗ္ဘေ, စရေ, ဝံသေ ဓာတ်ကို အခြေခံပြု၊ မွေးနံနှင့် သက်ဆိုင်ရာ ဓာတ်ဖက်ကျသော အရပ်အမည်ကို သမုတ်ပြီး 'ဓာတ်သင့် နံသင့် (မွေးနံ အသား)' တို့ကို တိုင်စင်ပြုလုပ်၊ စတုရန်းအသားကို ကြမ်းအဖြစ်ခင်း၊ တြိရန်းဓာတ်သားကို အိပ်ရာအောက်ခင်း။ ပဉ္စပွတ်၊ ဆပွတ်ကို အမိုးအကာပြု၊ အညွန့်နံသင့်ပန်းကို ပန်ဆင်စေ၍ ဆိုင်ရာ ဓာတ်သင့်အရပ် ဘက်သို့ မျက်နှာပြု ခေါင်းအေးပါ"*ဟု အတိုချုပ် ပါရှိသည်။

သို့ဖြင့် ကျွန်ုပ်သည် အဆိုပါကျမ်း၏ ယတြာအစီအရင်အတိုင်း အသုံးပြုရတော့မှာ ဖြစ်၏။

အသုံးပြုပုံမှာ အောက်ပါအတိုင်းဖြစ်၏။ ၁နေ့နှင့် ၅တေးအတွက် နမူနာထားဖော်ပြပါမည်။ ကျန်နေ့သားများအတွက် လိုအပ်သလို လေ့လာပါရန်။

ဤသည်တွင် သက်ဆိုင်မှုသည် ၅တေးသမီး ဖြစ်ရာ ယာယီတဲအိမ်ဆောက်ရန် အောက်အတိုင်း ဆောင်ရွက်ပေးခဲ့၏။

*(မွေးနံ ၅တေး)*

| | | |
|---|---|---|
| *ဓာတ်ဘက်* | *(၂+၅) ဂဗ္ဘေ* | *အရှေ့အရပ်* |
| နံသင့်နေရာ | ၅တေး (မွေးနံ) | မာလကာပင်<br>ခြေရင်း |
| စင်/တိုင် | ၅တေး (မွေးနံ) | ပေါက်သား |
| စတုရန်းကြမ်းခင်း | ၁နွေ (စတုရန်း) | အုန်းလက် |
| အခင်း | ၄ဟူး (တြိရန်း) | ဝါး |
| အမိုး | ၂လ်ာ(ပဉ္စပွတ်) | ကြံ (သက္ကယ်) |
| အကာ | ၃ဂါ (ဆပွတ်) | ညောင်ရွက် |
| အညွန့်ပန်း | ၆ကြာ(အညွန့်) | သီးညွန့် |
| မျက်နှာမူ | ၂လ်ာ (ဂဗ္ဘေ) | အရှေ့အရပ် |

ခေါင်းအေးရန်

ယတြာယာယီတဲအိမ် ဆောက်လုပ်ပေးမည့်သူကို မွေးနံ၅တေး၏ ဆပွတ်နံသင့် နေ့သား ၃ဂါ သားသမီးကို စေခိုင်း၏။ စတင် ဆောင်ရွက်သောနေ့မှာ (၂-၅) ဂဗ္ဘေဖြစ်သော ၂လ်ာနေ့။ အချိန်မှာတော့ ဂဗ္ဘေဓာတ် ပေါ်ချိန်သည် အကောင်းဆုံးအချိန် ဖြစ်၏။

ယာယီတဲအိမ် ယတြာချိန်နှင့်လွတ်ကင်းသော အချိန်များတွင်လည်း မိမိနေအိမ်၊ အိပ်ရာအောက်တွင် တြိရန်း စတုရန်း ဓာတ်သား အစီအရင်ဖြင့် စီရင်ခဲ့၏။

ကျမ်းရင်းအရ. . .

*နံတစ်ခု၏ တြိစတုရန်းအရွက်ကို အိပ်ရာ တင်ပါးအောက်ထားပြီး အိပ်စေပြီး ဘုမ္မိအရပ်ကို စွန့်ပါဟု ဖော်ပြထား၏။*

မွေးနံ ၅တေး

| | |
|---|---|
| တြိ/စတု ဓာတ်တွဲ | ဝ+၁ (သို့မဟုတ်) (၁+ဝ) |
| ဓာတ်သားအမည် | ထနောင်း၊ ဥနဲ၊ နှင်းပန်းဥ |
| စွန့်ပစ်ရန် အရပ် | ၁နွေ (အရှေ့မြောက်) |
| ထားရန်နေရာ | တင်ပါးအောက်တည့်တည့် |
| ပြုလုပ်ရမည့်သူ | ၃ဂါ (ဆပွတ်) |





www.burmeseclassic.com

www.burmeseclassic.com

(ရောဂါသယ်တဲ့ အိမ်အတွက် အစင်ကြယ်)

| နေ့သားသမီး | ဓာတ်သက်ကျရာအရပ် | နံသင့်နေရာ | စင်တိုင် | စတုရန်းကြမ်းခင်း | သဏ္ဌာရန်းအခင်း | အမိုးအကာ | | အညွန့် | မျက်နှာမူခေါင်းဆေးရန်အရပ် |
|---|---|---|---|---|---|---|---|---|---|
| | | | | | | ပန္နပွတ် | ဆပွတ် | | |
| ၁ | ၀ စနေထောင့် | ၁ အင်/အုန်း | ၁ အုန်းနှဲ | ၄ ဝါး | ၀ ထိန်/ထနောင် | ၅ ဖျဉ်မပေါက် | ၆ သီး/သင်ဒဟပ် | ၂ ဝန့်ကော် | ၀ စနေထောင့် |
| ၂ | ၅ | ၂ | ၂ | ၅ | ၁ | ၆ | ၀ | ၃ | ၅ |
| ၃ | ၈ | ၃ | ၃ | ၆ | ၂ | ၀ | ၁ | ၄ | ၈ |
| ၄ | ၆ | ၄ | ၄ | ၇ | ၃ | ၁ | ၂ | ၅ | ၆ |
| ၅ | ၂ အရှေ့ | ၅ ဖန်ခါး | ၅ မာလကာ | ၁ အုန်း | ၄ ဝါး | ၂ သက်ကယ် | ၃ ရသစ် | ၆ သီး | ၂ အရှေ့အရပ် |
| ၆ | ၄ | ၆ | ၆ | ၂ | ၅ | ၃ | ၄ | ၀ | ၄ |
| ၀ | ၀ | ၀ | ၀ | ၃ | ၆ | ၄ | ၅ | ၁ | ၀ |

လူများနှင့် ဆက်ဆံမှုရှိ၏။ သူ့အား ကလေးအဖြစ် ပုဂ္ဂိုလ်အားလုံးက ချစ်ခင်ဆက်ဆံကြ၏။

ဤဇာတ်လမ်းရှည်ကြီးကို ကျွန်ုပ်ပြောရခြင်းနှင့် မပျင်းမရိ သူနားထောင်နေရသည်မှာ အကြောင်းရှိပါ၏။ ထိုအကြောင်းတစ်ရပ်ကြောင့် ကျွန်ုပ်ကလည်း စိတ်ဝင်တစား အဆင့်မကျော်ဘဲ တွေ့ခဲ့ရတဲ့ ဖြစ်ရပ်များတို့ကို သူနားလည်အောင် ရှင်းပြနေရ၏။ သူကလည်းပညာယူသူအဖြစ်အကွက်စေ့စေ့ နားထောင်နေခြင်း ဖြစ်၏။ ယခုကျွန်ုပ်၏သားငယ်သည် အသက်(၃၀) ပတ်ဝန်းကျင်နားသို့ ချဉ်းကပ်လာချေပြီ။ ကိုယ်ပိုင်တွေးခေါ် လွတ်လပ်ပိုင်ခွင့်ကို သူ့အားခွင့်ပြုထား၏။ သူလည်း ပညာနယ်သို့ ရောက်နေပေပြီ။

ပြဿနာကား တခြား မဟုတ်။ ကျွန်ုပ်၏ အစ်မတော် သူ၏မြေး ကျွန်ုပ်နှင့်လည်း မြေးတော်စပ်သူ။ သူသည် သားငယ်ထက် သုံးနှစ်ခန့်ငယ်၏။ အခု သူတို့နှစ်ယောက်ဟာ တတွဲတွဲ။

တစ်ဖက်ပါအစီအစဉ်များအတိုင်း အဆိုပါ ဒွေးဒပာ ပညတ်ပိုင်ရှင် အတွက် ကျွန်ုပ် ကိုယ်ဖိရင်ဖိ လုပ်ပေးလိုက်ရ၏။ တစ်ဖက်ကလည်း ဘုရားဝတ်ပြု ပုတီးစိပ်၊ အဓိဋ္ဌာန်ယူကစပြီး ဝေယျာဝစ္စကုသိုလ် တံမြက်လှည်း။ မြက်နုတ်များပါ ပါဝင်၏။

**(နောက် သုံးနှစ်ခန့် ကြာသောအခါ အဆိုပါ မွေးနံရှင်၏စိတ်မှာ အေးငြိမ်းရာ ရရှိသွားကြောင်း သတင်းပြန်ကြားရပါ၏။)**

❖

"ကဲ့လူလေး၊ ဒါက မင်းငယ်ငယ်တုန်းက ဒီပညာနယ်မရောက်ခင်က အဖေ ဆောမြို့နယ်မှာ တာဝန်ကျစဉ်က အဖြစ်အပျက်ပဲ"

ကျွန်ုပ်၏သားငယ်သည် ကျွန်ုပ်ပြောပြနေသော ဇာတ်လမ်းကို သေသေချာချာ စိတ်ဝင်တစား နားထောင်နေ၏။ ယခု နားထောင်သည်မှာ ပညာရပ်နှင့် ယှဉ်၍ နားထောင်နေခြင်း ဖြစ်၏။ အမှန်က ဤဖြစ်ရပ်တွင် ကျွန်ုပ်လှုပ်ရှားနေစဉ်က သူကား အတော်ငယ်သေး၏။ (၁၀)နှစ်သားတောင် မပြည့်သေးချေ။ ကျွန်ုပ် လှုပ်ရှားသွားလာနေသည်ကို သူလည်း မြင်၏။ ဇာတ်လမ်းထဲက လူအားလုံးကိုလည်း သူ သိ၏။ သူနှင့်လည်း အဆိုပါ ဇာတ်လမ်းထဲက

အတိုချုပ်ဇာတ်လမ်းက တခြားမဟုတ်။ လူလွတ်များဖြစ်ကြ၍ သကြံန်ကာလတစ်ခုတွင် မူဆယ်မြို့ဟူသော နေရာသို့ သူငယ်ချင်းများ အခေါ်ကောင်းသဖြင့် ကျွန်တော်၏သား ဇော်ဇော်လှိုင်နှင့် အဆိုပါကလေး မောင်ထွန်းထွန်းဝင်းတို့ အလည်အပတ်သွားကြ၏။ အပျော်သဘောဖြင့် ခရီးသွားခြင်းဖြစ်၏။ တစ်လခွဲကျော်ကျော်လောက် ကြာခဲ့၏။

ထိုမူဆယ်မှ ပြန်ရောက်ပြီး ထိုကလေး၏စိတ်တွင် ရောဂါတစ်ခု စွဲကပ်လာ၏။ သူတို့၏ စရိုက်လက္ခဏာကား တခြားမဟုတ်။ ရိုးရိုးအေးအေးနေ၏။ ကျွန်ုပ်၏စကားကို နားထောင်၏။ စူးစမ်းလေ့လာမှုရှိ၏။ ပတ်ဝန်းကျင်ကိုလည်း လေ့လာခြင်း၊ အကဲခတ်ခြင်း ရှိ၏။ အကင်းပါး၏။ သူတို့ညီအစ်ကိုသည် ရေကူးခြင်း၊ ရေချိုးခြင်းကို ဝါသနာပါ၏။ ထွန်းထွန်းဝင်းဆိုလျှင် ပိုပြီးရေကူးခြင်း၊ ရေငုပ်ခြင်း ဝါသနာထုံ၏။ လွန်ခဲ့သော ငါးနှစ်ခန့်ကဆိုလျှင် ရေကူးတာမဟုတ်ဘဲ အဝတ်လျှော်ရာတွင် အောက်ပိုင်းရေစိုနှင့် အနေကြာသဖြင့် အောက်ပိုင်း အကြောအခြင်များ မကောင်းမှု ဖြစ်ပေါ်လာခဲ့ဖူး၏။

နောက်ပိုင်း ဆီးနှင့်ပတ်သက်၍ အနည်းငယ် ဒုက္ခခံလာရ၏။ အထူးသဖြင့် ရေလုပ်ငန်း စွဲစွဲမြဲမြဲလုပ်သူများနှင့် အပူဓာတ် အမြဲရသော ကားမောင်းသူများသည် ဆီးကို ဒုက္ခဖြစ်စေတတ်၏။ ဤသည်ကား သဘာဝအကြောင်းတစ်ချက်





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။ ဤကဲ့သို့ ဆီးရောဂါလက်ငုတ်ရှိသူ မောင်ထွန်းထွန်း ဝင်းသည် မူဆယ်က ပြန်လာပြီး မူလရောဂါ ပြန်ထချိန် ရောက်လာ၏။ ထိုအခါတွင် သူသည် မူလ သူ့ရောဂါအခံကို မေ့နေ၏။ ဒီလို ရောဂါပြန်ပေါ်ပေါက်ချိန်တွင် မူဆယ်က ပြန်လာခြင်းကြောင့် သူ့မှာ တစ်စုံတစ်ခု ဥပဒ်ကပ်ခဲ့ပြီဟု ထင်မှတ် စွဲလမ်း၍လာ၏။

ယခုကာလတွင် အနေအထိုင် ဆင်ခြင်သူများ ဖြစ် သော်လည်း ရောဂါဆန်းများသည် ပြန့်ပွားတတ်ကြောင်း စသည့် ဗဟုသုတမျိုးစုံကို သူသည်ဖတ်ဖူးထား၏။ ဤအချက် သည် သူ၏ရောဂါဟောင်း ပြန်လည်နိုးထချိန်တွင် သူ့အား သံသယ ဖြစ်စေခဲ့၏။

တကယ်တမ်းကြည့်တော့လည်း ဤကလေးအတွက် ကျွန်ုပ်သားနှင့် အတူနေသော 'မြေးဖြစ်၍ ကျွန်ုပ်တွင် လုံးဝ တာဝန်ရှိ၏။ တစ်စုံတစ်ခုဖြစ်လျှင် ဘယ်လိုမှ မြေသိမ့်မရနိုင် ပေ။ လူမှုရေးဘက်ကလည်း တွေးကြည့်လျှင် အရှုပ်ကြီး ဖြစ်၏။ ပညာရပ်ပိုင်းဘက်က ကြည့်လျှင်လည်း ဒီပညာနှင့် ကျွန်ုပ် မကူညီနိုင်ခဲ့သော် တကယ် ကြားမကောင်းသောကိစ္စ။

သို့ဖြစ်၍ ကျွန်ုပ်တို့ သားအဖနှစ်ဦးသည် "ထွန်း ထွန်းဝင်း" အပြင်သွားနေခိုက် စဉ်းစားခန်း ဝင်နေရခြင်း ဖြစ်ပေသည်။

"ကဲ. . အဖေ၊ ဒါဆိုရင် ကျွန်တော် သဘောပေါက်ပြီ၊ ကျွန်တော် ညီလေး'ထွန်းထွန်းဝင်း'ကို ကျွန်တော်တာဝန်ယူပြီ ပညာခန်းနဲ့ရော၊ လူမှုရေးပိုင်းနဲ့ရော စိတ်ပိုင်းဆိုင်ရာနဲ့ရော ပိပိရိရိ ဖိဖိစီးစီး လုပ်မယ်၊ အဖေက နားတော့၊ လိုတာ လောက်ပဲ ကျွန်တော့်ကို ထောက်ပေး"

"အေး. . လက်တွေ့ကွင်းဆင်းပေါ့ကွာ"

"မင်းညီအပေါ် ဘယ်လို လမ်းဖြောင့်ပေးရမယ်ဆိုတာ မင်း ဒီလောက်ဆို သိပြီ၊ အဖေ ဘေးက ရပ်ကြည့်နေမယ်၊ သူ့ရဲ့ဆီးရောဂါ လက်ငုတ်ကိုတော့ မမေ့နဲ့နော်"

သားအဖနှစ်ဦး သဘောတူညှိနှိုင်းချက်ဖြင့် တစ်က စပြီး လုပ်ရမည့် အစီအစဉ်များကို ကျွန်ုပ်၏ သားငယ်က အဆင့်မကျော်ဘဲ တစ်ခုချင်း စတင်လုပ်လေ၏။

သားငယ် ဇော်ဇော်လှိုင်သည် ပထမဆုံး လှုပ်ရှားမှု စတင်လေ၏။ သူ့ညီကို ကျွန်ုပ်နဲ့လည်း ဟိုတုန်းက လုပ်ဖော် ကိုင်ဖက်လည်းဖြစ်၊ ကျွန်ုပ်တို့ မိသားစု၏ ကျန်းမာရေးရာဇဝင် အစအဆုံးသိနေသူ "ဒေါက်တာရဲညွန့်" ဆေးခန်းသို့ ခေါ် သွား၏။ ဒေါက်တာကလည်း ဆီးနှင့်ပတ်သက်ပြီး ရောဂါ ဖော်ထုတ်ကုသပေး၏။

ရောဂါတက်ချိန်ဆိုတော့ ကုသဆဲအခါ ကြည်လင်မှု မရှိသေးပါ။ ဒေါက်တာပေးသော ဆေးများကိုမှီဝဲ၏။ အမှန်က ရောဂါက အညွန့်ကျိုး နေပေပြီ။ သို့သော် ကာယကံရှင်ကား မကြည်လင်သေး။

သို့ဖြင့် သားငယ် ဇော်ဇော်လှိုင်က ဆယ်ရက်ခန့်ကြာ သောအခါ ဒုတိယ ခြေလှမ်းတစ်ခုကို စတင်လိုက်၏။

ဇီးကုန်းမြို့မှာရှိသော တိုင်းရင်းမြန်မာဆေးပညာ ဆေးကောင်စီဝင်ကြီးတစ်ဦးဖြစ်သလို အလွန်အားကိုးရသော သမားတော် "ဦးကံလှ" ဆရာကြီးထံသို့ ခေါ်သွားပြန်၏။

ပြန်ပြောလို့သိရသည်မှာ ရုပ်အင်္ဂါကြည့်ပြီး "မင်း ဆီး ရောဂါပဲ။ ကျောက်တည်ခါနီးပဲ၊ ဘာမှမပူနဲ့ မင်းလိုလူ ငါ့ဆီမှာ ခုနှစ်အေး ဘာရောဂါ ဆန်းမှမဟုတ်၊ သက်သာစေရမယ်"ဟု ပြောပြလိုက်ကြောင်း သိရ၏။ မြန်မာတိုင်းရင်းဆေးများ ကိုလည်း ချိုမြှင့်လိုက်၏။

ကာယကံရှင်၏ ဖွင့်ပြောချက်အရ ဆီးဟာ ပကတိ မူလအရောင်တော့ဖြစ်ပြီး ဒါပေမဲ့ ဆီးသွားစဉ် နည်းနည်း ဝေဒနာ နာကျင်မှုရှိနေဆဲ။ ခါတိုင်းလောက်တော့ မဟုတ် တော့ဟုသိရ၏။ တကယ် ရောဂါကျနေသော်လည်း "သံသယ စိတ်"ကြောင့် ကာယကံရှင်၏မျက်နှာသည် မကြည်မလင်ကြီး ဖြစ်နေဆဲပင်။ နောက်တစ်ပတ်လောက် ကြာသောအခါ ဇော်ဇော်လှိုင်သည် အကင်းပါးစွာဖြင့် နောက်ခြေလှမ်းတစ်ခု ကို စတင်၏။ သူ့ညီကို ပြည်မြို့ ပါရဂူများရှိရာ ဆေးခန်းသို့ ခေါ်သွား၏။ ကျွန်ုပ်၏ဇနီးလည်း လိုက်ပါသွား၏။ လျင်မြန် ဖျတ်လတ်စွာဖြင့် "မျိုးသုခ" အမည် ရရှိသော ဆေးတိုက်တွင် ပြသခြင်း၊ ဆေးစစ်မှုခံယူခြင်း၊ ဆီးစစ်ခြင်းများ ပြုလုပ်ပေးပြီး ဆီးရောဂါတစ်ခုသာဖြစ်ပြီး စိုးရိမ်စရာမရှိ ရောဂါ အဆန်း အပြားမဟုတ်ကြောင်း ဆရာဝန်ကြီးက ညွှန်ကြားပြီး မှီဝဲရန် ဆေးများကို ပေးလိုက်ပြန်၏။

ပြည်မြို့ကပြန်လာပြီး ကာယကံရှင်အား မှီဝဲလိုက် သောဆေးများအရ ဘယ်လိုနေသေးသလဲ မေးကြည့်၏။ ဆီးကတော့ ကောင်းသွားပြီ။ ဒါပေမဲ့ဆိုပြီး သူ့သံသယက ကျန်နေဆဲ။ ဤအချက်ကို ရိပ်မိသော ကျွန်ုပ်၏သားက "ကဲ၊ ညီလေး မင်း သွေးစစ်ချင်သေးသလား မေးတော့" ခေါင်းညိတ် ပြ၏။ ဒါပေမဲ့ "ညီလေး မင်းစဉ်းစား. . ဟိုပြည်မြို့က ပါရဂူ ကြီးက မလိုအပ်လို့ မင်းဆီးကို စစ်ပြီး သွေးကို မစစ်တာ၊ ဒီတစ်ခါ ပြန်သွားရင်လဲ သူနဲ့တွေ့မှာ၊ သူက မလိုလို့ ဆီးပဲ စစ်ပြီး သွေးကို မစစ်တာကို ပြန်ပြရင် မင်းတော့ အဲဆူခံရ မှာပဲ၊ သူက ပါရဂူကွ၊ နည်းနည်းနောနောအဆင့် မဟုတ်ဘူး၊ ရောဂါဘယနဲ့ပတ်သက်လို့ ဆရာကြီးကွ" စသည်ဖြင့် ဥပါယ် ကံမျဉ်ဖြင့် ပြောဖန်များလာသောအခါ အနည်းငယ် စိတ်ငြိမ် လာ၏။ ထိုစဉ် သားငယ်ဖြစ်သူက အဆင့်တစ်ခုကို ကူးပြောင်း ၍ သူ၏ သံသယစိတ်ကို ကုစားတော့၏။ သိပ္ပံနည်းအရ စနစ်တကျတတ်ထားသူ မြန်မာတိုင်းရင်းဘက်စုံဆရာကြီးများ ပါရဂူများရှေ့မှာ သူ့အား အစွဲချွတ်ပြီးပြီ။ ကာယကံရှင်၏ မိဘများနှင့် ကျွန်ုပ်တို့ပါ သံသယရှင်းပြီ။ မရှင်းသေးတာက ကာယကံရှင် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် ဘုရားစေတီ ရင်ပြင်တော်များတွင် တံမြက်လှည်းခြင်း၊ ပေါင်းသင်ခြင်း၊ ရေသပ္ပာယ်ခြင်း စသော လုပ်ငန်းများကို သားငယ်သည် သူနှင့်အတူတွဲ၍ နေ့စဉ်လုပ်၏။ ထိုသို့လုပ်ရာတွင် စိတ်ထား ထားတတ်ဖို့ ကြိုတင်ပြီး သင်ထား၏။

ဤကုသိုလ်သည် ရောဂါဘယကင်းခြင်း၊ စွဲကပ်နေသော ရောဂါပျောက်ကင်းခြင်း၊ ဆေးမတိုးခဲ့သော် ဆေးကုသမှုတွင် အာနိသင်ထက် မြက်ခြင်း၊ တုတ်၊ ဓား၊ လက်နက်၊ ရောဂါဆိုးဘေးမှ ကင်းစေခြင်း စသော အကျိုးအနန္တရှိကြောင်း ပုံတိုပတ်စနှင့် စိတ်ရှည်လက်ရှည် ရှင်းပြ၏။

ပြီးနောက် ဘုရားဝတ်ပြုခြင်း၊ ဘုရားဂုဏ်တော်ပွားခြင်း၊ မေတ္တာပို့ခြင်း၊ အမျှအတန်းဝေခြင်း စသော လုပ်ဖွယ်ရာကိစ္စတို့ကို ဆောင်ရွက်ရန် ဖော်ဖော်လှိုင်သည် ကာယကံရှင် ထွန်းထွန်းဝင်းအား အနီးကပ် ကြပ်မတ်လေတော့၏။

စိတ်ရှည်ရှည်နှင့် လုပ်ပေး၏။ မြန်မာစကားပုံအရ 'ပုဏ္ဏားလိမ်မှတရားခင်"ဟူသော ဆောင်ပုဒ်အရ ဖော်ဖော်လှိုင်အား ယုံကြည်မှု ချစ်ခင်မှု မူလကတည်းက ရှိနေပြီး သူ့လုပ်သမျှတွေသည် သူ့အတွက် အကောင်းဟု မြင်လာ၏။ ကုသိုလ်ပြုမှုယတြာက ထပ်ပေါင်း၍ ပဝါခြုံသလို လွှမ်းခြုံလိုက်သောအခါ၊ ကျွန်ုပ်တို့အား ရင်းနှီးယုံကြည်မှု၊ သူကလည်း ကုသိုလ်ဖြစ်စေသော ယတြာများကို လုပ်ကိုင်သောကြောင့် သူ၏သံသယစိတ်သည် ပျောက်ကွယ်သွားတော့၏။ ဤကား လက်တွေ့ ဖြစ်၏။

အခုတော့ ညီအစ်ကိုနှစ်ယောက်သည် တပြုံးပြုံး တတွဲတွဲ။ ဤဇာတ်လမ်းတွင် သားဖြစ်သူဖော်ဖော်လှိုင်သည် သူ၏အတွေးအခေါ် သက်သက်ကလေးဖြင့် ပညာနယ်တွင် အထူးဆီလျော်သော ယတြာအစီအရင်တစ်ခုကို ကြိုးပမ်းဆောင်ရွက်လိုက်ခြင်း ဖြစ်၏။

ကျွန်ုပ်သည် သူလုပ်သမျှကိစ္စကို ဘာမှ ဝင်ပြီး မစွက်ဖက်၊ မှန်ကန်နေသဖြင့် အသာကြည့်နေလိုက်၏။ သူကလည်း ရဲရဲတင်းတင်း တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပေ၏။

■■■

ကျွန်ုပ်တို့ သားအဖနှစ်ယောက်သည် စကားစမြည်ပြောနေစဉ် ကျွန်ုပ်မြေး ထွန်းထွန်းဝင်း အပြင်က ပြန်လာ၏။

"ဘကြီးတို့သားအဖ ရယ်လို့မောလို့ပါလား"

"ဒီလိုပေါ့ကွာ. . စိတ်ကိုပျော်ရွှင်အောင် အဲဒီလိုထားရတယ်၊ တစ်နေ့ကို အနည်းဆုံး လွတ်လွတ်လပ်လပ် အသံထွက်အောင် သုံးခါလောက် ရယ်ရတယ်၊ ဒါဆို အသက်ရှည်တယ်ကွ"

"ဟား. . ဟား ဟား"ဟု ကျွန်ုပ်၏မြေးက ရယ်မောလိုက်၏။

အားလုံးငြိမ်နေစဉ် သားဖြစ်သူက စကားတစ်ခွန်း မေး၏။

"အဖေ. . ဒွေးဒေဟာ ပညတ်ပိုင်ရှင်အတွက် ယာယီတဲအိမ်ပဲ စီစဉ်ခဲ့သလား။ အဖေပြောတဲ့ (တြိ+စတု) ကော ပါသေးသလား"

"ပါတာပေါ့ကွ၊ ပြောပြီးပြီလေ မင်းက တယ်မေ့တာကိုးကွ၊ အဖေက အဲဒီတုန်းက တစ်လမ်းမောင်း တစ်ကြောင်းသွား၊ အဲဒီ တစ်ခုနဲ့ပဲ သွားခဲ့တာ၊ ဒါပဲသိတာ၊ ခုတော့ ဆရာတော်ခင်ကြီးပျော်ရဲ့ နည်းအရ (တြိ+စတု) ဓာတ်သားသုံးတဲ့နေရာမှာ တြိရန်းအသားက သီးခြား၊ စတုရန်းအသားက သီးခြား၊ ဥပမာ. . . ဒီ၅တေးသမီးအတွက် ထန်းထနောင်းက တစ်ခု၊ အင်, အုန်းက တစ်ခု သုံးရမှာ။

အဖေကတော့ တစ်စပ်တည်း နံတစ်ခု တည်းပါတဲ့ ဥနဲ့နဲ့ နှင်းပန်းဥဆိုပြီး အခေါ်ပညတ်တစ်ခုတည်းသော ဓာတ်သားတွေ သုံးခဲ့တယ်၊ တော်သေးတာပေါ့၊ ယာယီသုံးလို့ပေါ့ကွာ၊ ကျမ်းရင်းအရ စောလှ, လှေဆန်ကိန်းပဲ၊ ဒါပေမဲ့ ဘာမှ မဖြစ်ခဲ့လို့ပေါ့။

အသုံးကိစ္စက နင်းကြမ်းသက်သက်ပေါ့၊ မင်းဘကြီး ဦးသာလှ ကတော့ စကားပုံနဲ့ သင်ခဲ့တယ်၊ ဥပမာတစ်ခုက 'ညောင်မြစ်တူး ပုတ် သင်ဥပေါ်" ဆိုတာ လိုသလိုသုံးတဲ့၊ ဉာဏ်ကို လွှာသုံးတဲ့။

သဘောကတော့ 'ညောင်'ဟူသော ဂုဏ်၏အမြစ် ၂လ်ာကို တူးဖော်ပါက 'ပုတ်သင်'ဟူသော (၅+၆)သည် ဂုဏ်၏ တြိ, စတု ဒါကို ညွှန်းတာ၊ ဌာန်နဲ့ ပတ်သက်လို့ ဥပမာတွေ တော်တော် ပြောခဲ့တယ်။

ဥပမာကွာ. . ၂လ်ာခိုက်နေရင် ၂လ်ာကို ဖော်လိုက် ဖယ်လိုက်တဲ့အခါ ၂လ်ာကို ကိုက်ထားတဲ့ (၅+၆)ပုတ်သင်ဟာ ပေါ်သွားလို့ နှောင်ကြိုးမဲ့သွားပြီး အခိုက်ပြယ်သွားတယ်၊ (၅+၆)ကို ဂုဏ်ရဲ့ (တြိ+ စတု)ကို မပြောတော့ဘဲ ၂လ်ာရဲ့ နှောင်ကြိုးကို ဖြေတဲ့သဘောပေါ့"

"ဆန်းတော့အဆန်းသား၊ အဖေ လက်တွေ့သုံးဖူး သလား"

"စမ်းကြည့်တော့ ၂ လ်ာခိုက်နေရင် အဲဒါကို 'ဝ' စနေနဲ့ ရိုက်ထုတ်တဲ့အခါ ၂ လ်ာငြိမ်သွားပြီး (၅+၆)ဟာ အလိုလိုသော့ပွင့်သွားတာတွေ တွေ့ရဖူးတယ်၊ အေးကွာ . . . ဒီကဏ္ဍ နောက်မှရှင်းပြမယ်၊ နားကြဦးစို့"

"ဟုတ်ကဲ့ အဖေ"

❖

ကျွန်ုပ်တို့သားအဖသည် လူသာစုခေါ် နတ်သာစုခေါ် ကိစ္စရပ်တစ်ခုအတွက် ကြိုးပမ်းခဲ့၏။ ယခုကိစ္စမှာမူ သားငယ်၏ ကြိုးပမ်းချက် ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဤကဏ္ဍကို ရှည်ရှည်ဝေးဝေးနှင့် ကျယ်ကျယ်ပြန့်ပြန့် တင်ပြနေရခြင်းသည် ကျွန်ုပ်မှာ ရည်ရွယ်ချက် ရှိပါ၏။ ဥပမာနှစ်ချက် တကယ့်ဖြစ်ရပ်နှင့်ဖွဲ့၍ တင်ပြခဲ့ပါ၏။

ပထမသာဓကတွင် ဒွေးဒဟပညတ် အမည်ပိုင်ရှင် ကြာသပတေးသမီး၏ ဇာတ်လမ်းကို သိရှိသူ အစ်ကိုကြီးက လိမ္မာပါးနပ်စွာဖြင့် မိဘအုပ်ထိန်းသူ လက်ဝယ်မှ လွှဲပြောင်း ထိန်းသိမ်းလက်ခံပြီး ကျွန်ုပ်အား အကူအညီတောင်းခဲ့ခြင်း သည် အဆိုပါ အစ်ကိုကြီး၏ ပါးနပ်မှုပင် ဖြစ်၏။ နမူနာယူ သင့်၏။

ဤသည်တွင် သံသယနှင့် စိတ်၏ တလွဲတချော် ထင် ရာစိုင်းတော့မည့် ဘဝကို ဒုတိယအုပ်ထိန်းသူ "အစ်ကိုကြီး" သည် ထိန်းသိမ်းနိုင်ခဲ့၏။ မိဘများသည် သားသမီးများ၏ အရိပ်အခြည်ကို နားလည်သင့်၏။ အထူးသဖြင့် မည်သူမဆို အသက်အရွယ်အရ လူငယ်ရေးရာ၊ အချစ်ရေး နှလုံးသား ရေးရာ စိတ်ကစားချိန်တွင် ပိပိရိရိနှင့် ထိန်းသိမ်းတတ်ဖို့ အရေးကြီးလှ၏။

ဒုတိယနမူနာတွင်မူကား သံသယအစွဲအလမ်းတစ်ခုကို ခေတ်မီသိပ္ပံနည်းအပြင် စိတ်ကို ပြုပြင်ဖာထေးလျက် မူလစိတ် ပြန်ရောက်လာလေအောင် ဆွဲဆောင်မှု တစ်ရပ်သာ ဖြစ်ပေ ၏။ သို့သော် သာဓက နမူနာအရ ဤလို ဖြစ်သောအခါ ပတ်ဝန်းကျင်ကောင်းသည် အမှန်တကယ် လိုအပ်ပေသည်။

ကျွန်ုပ်တို့ သိကျွမ်းတတ်သိထားသော ပညာရပ်များ နှင့် ကူညီသောအခါ ထိရောက်သည်လည်း ရှိ၏၊ လွဲချော် သည်လည်းရှိ၏။ အဓိကအားဖြင့် ကာယကံရှင်နှင့် ထိုကာယ ကံရှင်ကို အနီးကပ်ပြုပြင်နိုင်သော ပတ်ဝန်းကျင်နှင့် အုပ်ထိန်း သူတို့သည် ပို၍ပင် အဓိကကျနေပေသည်။ အဘယ်ကြောင့် ဆိုသော် ကျွန်ုပ်တို့ ပညာရှင်များသည် တောင်းခံသည့် အကူ အညီကိုသာ ပေးနိုင်ပြီး ထိုကာယကံရှင်ကို အနီးကပ်၍ မပြောနိုင်ချေ။

ပြောနိုင်သည် ထားပေဦး၊ အုပ်ထိန်းသူနှင့် ပတ်ဝန်း ကျင်ကသာ ကာယကံရှင်၏ စရိုက်လက္ခဏာကို အသိဆုံး။ ကျွန်ုပ်တို့ ပညာရှင်က တွက်ချက် ခန့်မှန်းလို့သာ စရိုက် လက္ခဏာ တစ်စိတ်တစ်ဒေသကို သိရ၏။ ဤသို့အားဖြင့် အလှမ်းကွာပါ၏။

တစ်စုံတစ်ဦးသည် ဆိုးပေတေပြီး နောက်ဆုံးအဆင့် သို့ရောက်တော့မှ ကျွန်ုပ်တို့ထံ လာရောက်ဆက်သွယ် အကြံ တောင်းခြင်းသည်လည်း သဘာဝ မကျချေ၊ လက်ဦးဆရာ မိနှင့်ဘက ကျွမ်းကျင်ပါးနပ်မှုရှိလျှင် ကျွန်ုပ်တို့ထံသို့ လာစရာ အကြောင်းမရှိတော့ပေ။ အုပ်ထိန်းသူကလည်း အကင်းပါးပြီး ကြပ်မတ်ရင်းက တစ်စိတ်တစ်ဒေသ လွဲချော်သွားချိန်တွင် ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပါက လိုအင်ပြည့်ပေ လိမ့်မည်။

မိဘ အကင်းမပါးမှုများကြောင့် လည်းကောင်း အကင်းပါးသော်လည်း အနီးကပ် နေခွင့်မရမှုများကြောင့် လည်းကောင်း မိမိတို့ ပေါ့ပေါ့တန်တန်နေမှုကြောင့် ကျော် မကောင်း ကြားမကောင်းတွေ ဖြစ်လာပြီဆိုမှ ပညာရှင်များ ထံသို့ ရောက်လာတတ်၏။

အဲဒီအခါကျတော့ ထိုသူများက စကားတတ်လှ၏။ "ဆရာ ဘယ်နှရက်အတွင်း ပြန်ရောက်မလဲ၊ ဘယ်တော့ အဆင်ပြေပါ့မလဲ"ဟု မေးတတ်ကြ၏။

ပညာရှင်များအပေါ် ကျတော့ ဤလိုဤလို မေးတတ် စမ်းတတ်ကြသော်လည်း သူတို့၏ ပြဿနာများအတွက်ကိုမူ "ငါတို့ ဘာများလိုအပ်နေသလဲ"ဟု ကိုယ့်ကိုယ်ကိုယ် ပြန်မမေး တတ်ကြချေ။ စေတနာနှင့် တင်ပြရခြင်း ဖြစ်၏။ ကျွန်ုပ်ထံ ဤလိုပြဿနာမျိုးတွေ တွေ့ရတာကြုံရတာ များပြောင်လွန်း လို့ ရင်ဖွင့်တင်ပြရခြင်း ဖြစ်၏။ ကျွန်ုပ် စကားတစ်ခွန်း ပြော ချင်ပါ၏။

*"မိဘများကသာ တာဝန်ကျေပါစေ၊ ကျွန်ုပ်တို့ ပညာရှင်များက လက်ခံကူညီဖို့ အစဉ်စောင့်မျှော်လျက် ရှိပါ၏၊ ဝန်မလေးပါ၊ ပညာရှင်များ၏ အကူအညီမပါဘဲ အကင်းပါးကြပါ"*

တကယ်တော့ အနီးကပ် ကြီးကြပ်ကြသူများ အနေ နှင့် တစ်ဦးတစ်ယောက်၏ စရိုက်လက္ခဏာကို သိသော်လည်း ကျွန်ုပ်တို့ ပညာရှင်များက တွက်ချက် စစ်ဆေးကြည့်မှသာ သူတစ်ဦးတစ်ယောက်၏ စရိုက် လက္ခဏာအကျင့်ကို သိခွင့် ရှိ၏။ ကျွန်ုပ် အမှန်အတိုင်း ပြောလိုက်လျှင် နောက် ပြန်မလာ တော့ဘဲ အဆက်အသွယ် ပြတ်သွားရဖူးသော သာဓကတွေ အများကြီးရှိ၏။

တစ်ခါက ဆွေမျိုးရင်းချာကဲ့သို့ ရင်းနှီးနေသူ ဇနီး မောင်နှံသည် သူတို့သားတစ်ယောက် အတော်ဆိုးနေသဖြင့် အကူအညီလာတောင်းဖူး၏။ ပထမတစ်ခါ၊ ဒုတိယတစ်ခါ လာ၏။ အကြိမ်ကြိမ် ကြိုးပမ်းပေးလိုက်၏။ အမှတ်မထင် နောက်တော့ သတင်းကြားရ၏။ "မိဘကလည်း မိဘပဲ" ဟူသော သတင်းတစ်ရပ်ကြားရ၏။ ကျွန်ုပ် မှတ်ထားလိုက်၏။

နောက်တစ်ကြိမ် လာကြပြန်၏။ အဲဒီအခါကျတော့ "ဆရာ့ကို အပ်ပါတယ်၊ ကျွန်မတို့ကိုယ်စား ဆုံးမပေးပါ"ဟု ပြော၏။ ထိုအခါ "ခင်ဗျားတို့ လာရတာလဲ အကြိမ်ကြိမ် ရှိပြီ၊ ခင်ဗျားကလေးကို ကျုပ်က ဆုံးမပေးရမယ်ဆိုတာလဲ ခင်ဗျားတို့ မိဘနှစ်ပါးရှိလျက် ကျုပ်က လုပ်ပေးရမှာ သဘာဝ မကျဘူး၊ တစ်ခုတော့ ပြန်စဉ်းစားဗျာ၊ မိဘတွေမှာ ဘာများ အားနည်းချက် ရှိသလဲ" ဟု ကျွန်ုပ်က ပြောလိုက်ရာ . . .

ထိုသူ ဇနီးမောင်နှံ ကျွန်ုပ်ထံ ဘယ်တော့မှ ပြန်မလာ တော့ချေ။ ထိုကလေး ယခုအထိ ရှိ၏။ ရွှေပြည်သာမြို့နယ် ထန်းခြောက်ပင် ဆိုတဲ့ နေရာမှာ ဆိုးပေတေနေဆဲပါ။



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ယောက်ကျပြန်တော့ ဆိုးပေတေနေတယ်ဆိုတဲ့ ကလေးရဲ့ မိခင်တစ်ဦး ရောက်လာပြီး . . .

"ဆရာရယ် ကျွန်မခင်ပွန်း သူ့အဖေက အေးလိုက်တာ၊ သားသမီးတွေအပေါ် ဘာမှ မြူတယ်၊ မည်းတယ် မပြောဘူး၊ ကျွန်မပဲ ပြောနေရတာပဲ၊ ဆရာ ကူညီပါ ကျွန်မ ဒုက္ခကို၊ ဒီကလေးကို ခေါ်လာပါ့မယ်၊ ဆရာ ဆုံးမပေးပါရှင်"

"ခေါ်လာလို့တော့ရတယ်၊ လာနိုင်ပါတယ်၊ ကျုပ်ပြောဖို့ဆုံးမဖို့ကလဲ ဝန်မလေးပါဘူး၊ ဒါပေမဲ့ ဖခင်တစ်ယောက်လုံးရှိနေတာ ဖြစ်လို့ ခင်ဗျား ခင်ပွန်းမှာလဲ တာဝန်မကင်းဘူး၊ မိဘ တာဝန်လေ"ဟု ပြောလိုက်ရာ ထိုအမျိုးသမီး ဘယ်တော့မှ ပေါ်မလာတော့ပေ။

နောက်တစ်ခါ ညီမလင်မယားကို မိဘကိုယ်စား အုပ်ချုပ်နေရတဲ့ အစ်ကိုတစ်ဦး ရောက်လာတယ်။

"ဆရာရယ် ကျွန်တော် မခံချင်လွန်းလို့ပါ၊ ကျုပ်ညီမ ယောကျ်ားလေ နောက်အိမ်ထောင်ပြုသွားတယ်၊ မလွတ်မကင်း အမျိုးသမီးတစ်ဦးနဲ့ ဆရာရယ်၊ ရှက်စရာကောင်းလို့ပါ ကူညီပါ"

ထိုလာရောက် အကူအညီတောင်းသူအား ကျွန်ုပ် ကိုယ်တိုင်သိ၏။ သူလည်း ယခုလို အိမ်ထောင်ရှိလျက် တခြား ထွက်သွားဖူးလို့ ကျွန်ုပ် ပြန်ခေါ်ပေးလို့ အိမ်ထောင်ရှင် မယားကြီးထံ ပြန်ရောက်လာတာ တစ်လလောက်ပဲ ရှိသေး၏။ ဒါနဲ့ ကျွန်ုပ်လည်း နောက်မလာလည်းနေ၊ အပြတ်ပြောမှ ဖြစ်မယ်ဆိုပြီး. . .

"မင်းကိုယ်ချင်းစာတတ်ပြီးလား"လို့ တစ်လုံးတည်း မေးလိုက်တာ ခုဆို လုံးဝမလာတော့ဘူး။

ဒါတွေက အပြစ်ပြောတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ နေ့စဉ်တွေ့နေရတဲ့ အတွေ့အကြုံများအရ ဗဟုသုတအဖြစ် စုစည်းဖော်ပြခြင်း ဖြစ်ပါတယ်။ နည်းလမ်းတစ်ခု ပေးချင်ပါ၏။ အခြား မဟုတ်ပါ။ ဗေဒင် ပညာကို ယုံတာ မယုံတာ တတ်တာ, မတတ်တာ အသာထားပါ။

မိဘတို့သည် မိမိတို့၏ ပေါ်ပေါက်လာတဲ့ ရင်သွေး ရင်နှစ်များကိုပေါ်ပေါက်လာပြီး ပညာရှိများနှင့် ညှိ၍ပဲဖြစ်စေ၊ မိမိတို့ဘာသာပဲဖြစ်စေ ချစ်စနိုးနှင့် ကောင်းစားစေဖို့ နာမည်ပေးတော့မှာပါ။ ဤအခါတွင် မိမိတို့ပေးလိုက်မိသော နာမည်ရဲ့အနာဂတ်နှင့် ပစ္စုပ္ပန်မှာ ဖြစ်စေနိုင်တဲ့ အကျိုးသက်ရောက်မှု ရှိလာနိုင်ပါတယ်။ ထိုအခါ မိမိတို့ဘက်က ကြိုတင် ပြင်ဆင်သင့်ပါတယ်။ မဟာဘုတ်၊ ဆန်း၊ အင်္ဂဝိဇ္ဇာ မတတ်သော်လည်း ဒီလောက်ကတော့ သုံးသပ်လို့ ရနိုင်ပါတယ်။

အများဆုံး ကြုံတတ်တဲ့ သာဓကများမှာ . . .

**ပန်းအမည်ဖြင့် အမည်ပညတ်ခြင်း**

ဥပမာအားဖြင့် နှင်းဆီ၊ အင်ကြင်း၊ စံပယ်၊ မာလာ . . နှင့်နယ်လွန်းအားကြီးပြီး အိမ်ထောင်ရေးရော၊ လူမှုရေးတွင် စိတ်ထိခိုက်တတ်လွယ်၏။ ပင်ပန်းမှုကိုလည်း မခံနိုင်၊ ပင်ပန်းမှု ခံနိုင်သော်လည်း ပင်ပန်းရကျိုး မနပ်သူများအဖြစ် တွေ့ရတတ်၏။

**နေ, လ နက္ခတ်တာရာအမည်**

အလွန်မြင့်သော အမည်ဖြစ်၏။ မျိုးရိုးအလိုက် စဉ်းစား မှည့်ခေါ်ရာ၏။ လက်လုပ်လက်စား အရပ်သားများတွင် မှည့်ခေါ်မိပါက အန္တရာယ်များ၏။ ဒုက္ခပေါင်းမျိုးစုံ တွေ့တတ်၏။ ပေါက်ကွဲတတ်၏။ ဤအခါ အမည်ပြောင်းလျှင် ပြောင်းသင့်၏။ သို့သော် မြင့်သောအလွှာတစ်ခုတွင် ဆိုပါက ဘုန်းကံတက်စေ၏။ လူ့အလွှာကို ပိုင်းခြားလျက် သတ်မှတ်သင့်၏။ ဤသို့ "လူ့အလွှာ"ကို ပိုင်းခြားရခြင်း အတွက် စိတ်မကောင်းပါ၊ ခွင့်လွှတ်စေချင်ပါသည်။

**မဟာမျိုးနွယ်ဆန်သော အမည်, နန်းဆန်သော အမည်**

မဟာမျိုး အနွယ်ရှိသူဆိုလျှင် ကောင်းလျက် လိုရာ ပြီးစီး၏။ ကျန်သောအလွှာများ ရှောင်သင့်၏။ နန်းဆန်သော အမည်၊ ဥပမာ - ဒေဝီ ခံ၍ ကလျာ ခံ၍ တွဲ၍မှည့်ခေါ်သော အမည်များ ဖြစ်၏။

**တိရစ္ဆာန်အမည်**

လူသည် ဣဋ္ဌဖြစ်လျက် တိရစ္ဆာန်ဟူသော အနိဋ္ဌ အမည်ကို မပေးအပ်။ ဘဝတွင် ကောင်းကျိုး ဘယ်မမြင် ဖြစ်စေ၏။ ဥပမာ- ဦးခွေး၊ ကိုကြက်ဖ၊ ဒေါ်ဝက်မ၊ ဒေါ်ကြီး ကွက် အမည်ပိုင်ရှင်၏ စိတ်ဓာတ် ပြောင်းလဲတတ်၏။

**အရောင်အဆင်းအမည်**

မဝါ၊ မဖြူ စသည်တို့ ဖြစ်၏။ ငယ်အခါ ခေါ်၍ ကောင်းသော်လည်း တချို့အမည်များ အသက်ကြီးသော အရွယ်တွင် ခေါ်၍မကောင်း။ ထို့ကြောင့် ခေါ်၍ကောင်း သော အသက်အရွယ်မှာ ပထမအရွယ်၊ ဒုတိယအရွယ် လောက်တွင် အဆင်ပြေမှုရှိသော်လည်း တတိယအရွယ်တွင် မကောင်းချေ။ ထိုအမည်ပိုင်ရှင်တို့သည် ပန်းအမည်ကို ပညတ်ထားသူများနှင့် နည်းတူ စိတ်မခိုင်တတ်ချေ။

**ဖြစ်အရ ပညတ်**

ဦးဝ၊ ဖိုးပိန်၊ ဒေါ်ညက်၊ ကိုလံဘား၊ ဦးပြား၊ ကိုပု မိမိမျိုးရိုးကို ကြည့်ကာ မှည့်ပေးသင့်၏။ မိမိမျိုးရိုးအရ ထောင်ထောင်မောင်းမောင်းတွေ ဆိုပါက ကိုပု ဟုဆိုလျှင် မသင့်တော်ပေ။ ထောင်ထောင်မောင်းမောင်း ရှိသူကို ကိုပု ဆိုရင် သူ့ဘဝကောင်းဖို့ အတော်ကြိုးစားရပေမည်။

**အမူအရာ ပညတ်**

မန္တဲ့၊ မောင်ရွှင်၊ မောင်ပြုံး၊ မမှန်း။ မြင်သာအောင် ဆိုပါက တုတ်ခိုင်ပုတိုနေသူကို မန္တဲ့ဆိုလျှင် ပညတ်နှင့် မလိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။ မှန်ကုပ်ကုပ်နဲ့ လူကို မောင်ပြုံးဆိုတာလည်း မသင့်တော်ပါ။

**အမျိုးအဆွေ အမည်ပညတ်**

ကိုကို၊ ညီညီ၊ ဒေါ်ညီမ၊ ကိုဘ၊ ဒေါ်မြစ်၊ ဦးဘဖိုး အမျိုးအဆွေ၏ ဂုဏ်၊ အမျိုးဂုဏ်ကို ထိန်းနိုင်ဖို့ အရေးကြီး၏။ မထိန်းနိုင်လျှင် အမျိုးသိက္ခာ ကျတတ်၏။ မိဘအုပ်ထိန်းမှု ကောင်းလျှင် အလွန်ကောင်းသော အမည် ဖြစ်၏။

**ဓာတ်လေးပါးအမည်**

ကိုရှိန်(အပူဓာတ်)၊ ကိုအေး(အအေးဓာတ်)၊ မသီတာ (အအေးဓာတ်)၊ ခိုင်မြ(ပထဝီ)၊ ကိုလွင်(ဝါယောဓာတ်)၊ ကိုဘိုးရေ (အာပေါဓာတ်)။

ထိုအမည်များတွင်လည်း ကောင်းသလောက် သတိထားရ၏။ ဥပမာ-မသီတာ (ရေဓာတ်၊ အအေးဓာတ်)ပညတ်သည် နာမည်အရ ဆန့်ကျင်လျက် ရင်ထဲမှာ ဘဝင်လှိုက်ဆူနေသူများ တွေ့ဖူး၏။ လက်တွေ့ ဖြစ်ပါ၏။

**ဩကာသလောကနှင့်ယှဉ်သော ပညတ်များ**

ကိုကျောက်ခဲ၊ ကိုသံလုံး၊ ကိုရွှေ၊ ကိုငွေ၊ ပုလဲ၊ သန္တာ ဆိုသော စသည်များ တွေ့ရတတ်၏။ ပညတ်အရ "သက်မဲ့" များဖြစ်၍ ပင်ကိုအရည်အသွေး အားနည်းတတ်၏။ ပြုပြင်သူရှိက ကောင်း၏။ သူတစ်ပါး အကူအညီရမှ တင့်တယ်တတ်၏။

**သတ္တလောကနှင့်ယှဉ်သော အမည်များ**

ဤတွင် တိရစ္ဆာန်အမည်များအဖြစ် အများဆုံးတွေ့ရ၏။ ဘိုးဘွား အမည်ကိုအုပ်၍ ပေးသောအမည်များ ခဏခဏ တွေ့ရ၏။ ဦးရွှေလူ၊ ဦးလူကလေး၊ ဒေါ်ဒေါင်း၊ ဦးဘိုစာ. . . ဤပညတ်များတွင် လူတိုင်း သိပြီးသားပင် ဖြစ်၏။ သို့သော် ပညတ်သွားရာ ဓာတ်သက်ပါသဖြင့် အမည်ရှင်သည် သက်ရှိလူသားနှင့် ဟပ်စပ်မှုရှိရန် လိုအပ်၏။

**သင်္ခါရလောက အမည်များ**

ဒေါ်ခြယ်(အုပ်စိုးခြယ်လှယ်ခြင်း၊ အရောင်ခြယ်ခြင်း)၊ ဦးစိုး (အုပ်စိုးခြင်း)၊ ဦးဘိုးအုပ်(အလားတူပင်)၊ မောင်နိုင် (အနိုင်ရခြင်း)၊ မောင်အောင်(အောင်မြင်ခြင်း)၊ မောင်ပြည့် (ပြည့်စုံခြင်း)၊ မောင်ပိုင် (ပိုင်ဆိုင်ခြင်း)၊ ထက်ထက် (ထက်မြက်ခြင်း) ဤအမည်ပညတ်တို့သည် လိုက်လျောညီထွေစွာဖြင့် ပျိုးထောင်ပေးရန်လိုအပ်၏။ သို့မဟုတ်က ဆန့်ကျင်ဘက်များ ဖြစ်သွားတတ်၏။

**ဥတု ပညတ်အမည်များ**

ဦးဆောင်း၊ မောင်လှမိုး၊ နွေးနွေး(အပူဓာတ်) ပေးထားသူများသည် ရှိတတ်၏။ ရာသီအလိုက် ကျန်းမာရေးကို ဂရုစိုက်သင့်၏။ အထူးအားဖြင့် အမျိုးမျိုးအပြားအပြားတွေ့ရှိကြပါ၏။ ပြောမယုံ ကြုံဖူးမှတွေ့ရ၏။ ဘယ်အမျိုးအစားထဲပါသလဲဟု ခွဲမရသော အမည်များလည်း တွေ့ရ၏။ ဇွန်ကိုကို၊ ဂျွန်ကိုကို၊ မေဦးဇွန် တို့လည်း ရှိကြပါ၏။

ကျွန်ုပ်တို့၏ ဆရာများအနေဖြင့် မြောက်မြားစွာသော အမည်များကို ပိုင်ခြားပြီး ကျွန်ုပ်တို့အား သင်ထား၏။ အုပ်စုအလိုက် ဖြစ်၏။

အရောင်အဆင်း အမည်၊ အဏ္ဏဝါဗေဒ အမည်၊ နက္ခတ်တာရာအမည်၊ ကိန်းဂဏန်းအမည်၊ ပန်းမာလာအမည်၊ အာရုံငါးပါးအမည် စသည်ဖြင့် အများကြီးရှိ၏။ ထိုဆရာများ သင်ကြားထားသည့်အတိုင်း ကျွန်ုပ် မှတ်သားလိုက်နာ၏။

အစိကတွင် မိဘအုပ်ထိန်းသူများသည် မိမိဆွေမျိုးအနွယ်ကို ထိခိုက်သောအမည်ကို ရှောင်သင့်၏။ အမည်မလှနေပါစေ ခေတ်မမီလျှင်နေပါစေ၊ ခေတ်မလွန်သင့်။ အရွယ်သုံးပါးနှင့် အပ်စပ်သော အမည်များကို ရွေးချယ်သင့်၏။

အချုပ်အားဖြင့် နိမိတ်ဗျူပွတ်ကောင်းပြီး (ဝါ) နိမိတ်ကောင်းသော အမည်နာမဖြစ်စေချင်၏။ ဥပမာစကားအဖြစ်ပြောကြပါစို့။ ကျွန်ုပ်တို့ကလည်း နိမိတ်ကို အကြောင်းတစ်ခုခုအတွက် ငုံ့လင့်နေချိန်ဆိုပါစို့။ အဲဒီအချိန်မှာ လူငယ်တစ်ယောက်က ရောက်လာပြီး. . .

"ကျွန်တော်က 'အောင်ကျော်သူ'၊ ဒီမနက် 'အေးမြသာယာ'မြို့က လာခဲ့ပြီး 'ရွှေပြည်သာမြို့'ကိုသွားမလို့၊ အဲဒီမှာ ကျွန်တော်တို့ ဆွေမျိုးတွေစုပြီး 'ရှင်ပြု နားသ မင်္ဂလာနဲ့ ရဟန်းခံ အလှူပွဲ' ရှိလို့ပါ"

စသည်ဖြင့် ကြားမိလျှင်. . .

သူ့နာမည်ကလည်း နိမိတ်ကောင်းအမည်၊ သူလာတဲ့မြို့ကလည်း နားဝကြားရသည်မှာ နားဝက တစ်ဆင့် အသည်းထဲ ရင်ထဲမှာ အေးသွားသလို ခံစားရမည်။ သူသွားမယ့်မြို့အမည်ကလည်း သာယာလှပတဲ့ အာရုံကို ခံစားသွားရသလိုလို၊ သူ့ကိစ္စကလည်း မင်္ဂလာ၊ ဒီသုံးရပ်ကိစ္စအတွက် စသည်ဖြင့် ကြားရသူနားဝမှာ အလွန်နှစ်မြိုက်သွားမှာ မလွဲပေ။ သို့ဆိုရလျှင် ကျွန်ုပ်၏ဆန္ဒအရ မိမိတို့၏ 'မျိုးဆက်သစ်' အညွန့်အလျှာများကို မိဘများက အမည်ပညတ် ကင်းပွန်းတပ်ကြရာဝယ် ဗေဒင်ပညာရှိနှင့် ညှိနှိုင်းချိန်မရသည်ထားလေဦး၊ လူသားအဖြစ် လူ့ဘဝရောက်လာတဲ့ လူမမည်ကလေးအတွက် နိမိတ်ကောင်း၊ ကံကောင်းမည့် အခေါ်



www.burmeseclassic.com

www.burmeseclassic.com

အဝေါ်ဖြစ်စေဖို့နှင့် ထိုအခေါ်အဝေါ် သမုတ်အမည်နာမသည် ကြားရသူ ပတ်ဝန်းကျင်အတွက်လည်း နာပျော်ဖွယ်ရှိလျက် "နိမိတ်ကောင်းသော ဗျူပွတ်" ဖြစ်စေချင်ပါ၏။

ဒါတင်မက မိမိတို့အိမ်မှာရှိ မွေးထားတဲ့ လုပ်ငန်းသုံးကျွဲ၊ နွား၊ အိမ်၏စောင့်ရှောက်ရေး တာဝန်ပေးထားတဲ့ ခွေး၊ ကြွက်ရန်ကို နှိမ်နင်းပေးတဲ့ ကြောင်. . စသည်တို့ကိုလည်း ရည်ရွယ်ချက်နှင့် လိုက်သော အမည်များ ခေါ်သင့်သည်။ ကျွဲနွားဆိုပါက အောင်တိုး၊ တိုးပွား စသည်၊ ခွေးဆိုပါကလည်း ရန်လုံ၊ ကြောင်ဆိုပါကလည်း ပူစီဟု မခေါ်ဘဲ 'ရွှေဝါ' စသည်ဖြင့် မိသားစုတစ်ခု၏ ပတ်ဝန်းကျင်ကို မင်္ဂလာဆင်သင့်၏။

ထို့အပြင် လုပ်ငန်းအမည်၊ ဆိုင်အမည် စသည်ကစလို့ မင်္ဂလာနိမိတ်ကို ညွှန်း၍ သတ်မှတ်သင့်ပါ၏။ သို့ဖြင့် မိသားစုတစ်နိုင်နှင့် ထိုမိသားစု၏ ပတ်ဝန်းကျင်ဆက်ဆံနေသူများအတွက်လည်း မင်္ဂလာ ရှိစေမည် ဖြစ်ပေ၏။

မိသားစုတစ်နိုင်က တစ်ဆင့် တစ်လမ်း၊ တစ်လမ်းမှ တစ်ရပ်ကွက်၊ တစ်ရပ်ကွက်မှ တစ်ရွာ စသည်ဖြင့် မိမိနှင့် ပတ်ဝန်းကျင်ကို အလှမင်္ဂလာ ဆင်ယင်ခြင်းဖြင့် ကျက်သရေရှိစေမှာ ဧကန်မလွဲပေ။

ထို့ပြင်လည်း လူတိုင်းသည် မင်္ဂလာ ကျက်သရေကို သိပါ၏။ မင်္ဂလာကျက်သရေလည်း ရှိချင်ကြ၏။ မည်သူမဆို ခံယူချက်၊ ဆန္ဒ အတူတူပင် ဖြစ်၏။

အောက်ပါပတ်ဝန်းကျင်လူကြားသူကြားက အသံများကို လေ့လာ တွေ့ရှိရခြင်းဖြင့် လူတိုင်း မင်္ဂလာကျက်သရေ နိမိတ်ကောင်းကိုသာ ရယူလိုမှုသည် ထင်ရှား၏။

ဥပမာ. . ကလေးတစ်ယောက် နံနက်စောစော အိပ်ရာက မထဘဲ နေမြင့်အောင် အိပ်တယ်ဆိုရင် မိဘဖြစ်သူများက "ဟဲ့. . နေမြင့်အောင် အိပ်တာ မကောင်းဘူး၊ မင်္ဂလာမရှိဘူး၊ စောစောအိပ် စောစောထ ဟဲ့. ." ဟူ၍လည်းကောင်း၊ အဆိုပါ ကလေးဆိုပါစို့၊ အိပ်ရာကနိုးပြီး ခေါင်းမွေးစုတ်ဖွားနဲ့ ငူတူငိုင်တိုင်ကြီး နေပြန်ရင်လည်း. . .

"ဟဲ့ ဒီလိုငူတူငိုင်တိုင် မနေကောင်းဘူး၊ ကြည်ကြည်လင်လင် ဖျတ်ဖျတ်လတ်လတ် လုပ်စရာရှိလုပ်၊ မျက်နှာသစ်၊ စားစရာရှိ စားဟဲ့" ဆိုပြီး ကြီးသူများက ဆိုဆုံးမလေ့ ရှိ၏။

သမီးမိန်းကလေးများဆိုရင်လည်း. . . .

"မိုးလင်း သပ်သပ်ရပ်ရပ်ခေါင်းဖြီး သနပ်ခါးလိမ်းစမ်း" ဟုလည်း ဆုံးမကြပြန်၏။

မင်္ဂလာမရှိတဲ့ သီးချင်းကို ဆိုနေပြန်ရင်လည်း. .

"ဟဲ့ နင့်သီချင်းက ဘာလဲ၊ ဟဲ့ ကောင်းတဲ့သီချင်း ဆိုစမ်းပါ" ဟုလည်း ဆုံးမကြပြန်၏။

"ဟာ. . ဒီနေ့တော့ကွာ. . ခရီးသွားမလို့ဟာ ကြားရမြင်ရတဲ့ နိမိတ်မကောင်းလို့ မသွားတော့ဘူးကွာ" ဟု သက်ကြီးရွယ်အိုများ၏ ပြောသံများ ကြားရဖူး၏။

ပြီးတော့ နေပူခရီးက ပင်ပင်ပန်းပန်း ပြန်လာပြီးချက်ချင်းရောက်လာသူ၊ အိပ်ရာကနိုးလာခါစ လူနှင့် ထမင်းစားနေဆဲ အခါများတွင် စိတ်အနှောင့်အယှက် ဖြစ်စရာများကို မပြောဘဲ ရှောင်ရှားကြ၏။

ရှေးလူကြီးများသည် ထမင်းစားစဉ် စကားပြောခြင်း ဆူဆူညံညံ ပြောခြင်းကို မကြိုက်ဘဲ ကြွန္တေရရ စားသုံးခြင်းကို ကြိုက်၏။ မိုးလင်း၊ မိုးချုပ် မင်္ဂလာရှိစေဖို့ ရှေးလူကြီးများဆိုလျှင် ဘုရားဝတ်ပြုသံ၊ ကြေးစည်သံများဖြင့် မိမိတို့အိမ်ကို မင်္ဂလာကျက်သရေဖြင့် သွန်းလောင်းကြ၏။

ဤသည်တို့ကား ရှေးဆန်ခြင်း မဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းသော ဘိုးဘွားများ၏ အမွေကို လက်ခံရရှိခဲ့သော ကျွန်ုပ်တို့ သက်ကြီးဝါရ ပုဂ္ဂိုလ်များ၏ အလွန်လှပသော အကျင့်ဖြစ်ပေ၏။ ဤသို့ဖြင့်လည်း နောင်လာနောက်သားများကို "မင်းတို့လဲ ကြီးလာရင် ဒီလိုလုပ်ပေတော့"ဟု လက်တွေ့သင်ကြားပို့ချခြင်း ဖြစ်ပေ၏။

ကျွန်ုပ်တို့ 'သခ်ိတ' နယ်မှာ ကျင်လည်နေကြသော သူများသည် မည်သည့်ပုဂ္ဂိုလ်မဆို မဟာဂန္ထာရီ၊ စူဠဂန္ထာရီက စပြီး ကျွန်ုပ်တို့လို ဗေဒင် လောကီပညာလိုက်စားသူ ပညာသည်များ ဟူသော အနိမ့်ဆုံးအဆင့်အထိ ကျက်သရေ မင်္ဂလာ၊ နိမိတ်၊ အတိတ် စသည်တို့သည် အဓိက ဖြစ်၏။

မင်္ဂလာကျက်သရေရှိမှ ထိုထိုသော လမ်းစဉ်များတွင် လိုရာခရီးရောက်၏။ နိမိတ်ကောင်းမှုကိုသာ ငံ့လင့်ကြပေ၏။

ဤသည်တွင် "အသခ်ိတ"နယ်အတွက် ကျင့်ကြံနေသူများနှင့် "အသခ်ိတ"နယ်ရောက်ပြီ မျက်မှောက်ပြုပြီးသူ ပုဂ္ဂိုလ်ထူးများအတွက် မရောယှက်စေလိုပါ။ အမြဲတေနယ်နှင့် အမြဲတေပုဂ္ဂိုလ်ထူးများ ဖြစ်သောကြောင့်ပင်တည်း။

မြတ်စွာဘုရား ဟောတော်မူခဲ့သည့် သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ တရားတော်ကို ထောက်၍ 'မင်္ဂလာ'သည် အဓိက မြဲပဝါဟုယူဆသင့်၏။ သို့ဖြင့် ဗဟုသုတပြည့်စုံသော အင်္ဂါးပါးသည့် မိဘများဖြစ်လျက် မိမိတို့၏ မျိုးဆက်သစ်များကို မိဘဝတ္တရား ငါးပါးပြည့်စုံစွာ အမွေပေးနိုင်စေဖို့၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းသွားနိုင်သည့် အင်္ဂါရပ်များနှင့်ပြည့်စုံစေဖို့ မင်္ဂလာကျက်သရေ ဝေဆာနေတဲ့ အလှအပတွေနှင့် လောကကြီးကို အလှဆင်ကြပါစို့ဟု ဆန္ဒပြုရင်း။

*(ပြီး)*

❒ ဦးညွန့်လှိုင်(ကြို့ပင်ကောက်)





www.burmeseclassic.com

www.burmeseclassic.com



# အရစ်ကလေးနှစ်ရစ်

ဆရာကြည်မင်းစံ
(အောင်မြေသာစယာ)

စစ်ကြောင်း တစ်ကြောင်းလုံးထဲမှာ အပင်ပန်းဆုံးကတော့ ပွိုင့်တပ်စိတ်ပါ။ ရည်မှန်းချက် လမ်းတစ်လျှောက်စိုးမိုးနေရာ တောင်ကုန်းမှန်သမျှ အပြေးတက်၍ရှင်းရ၏။ စစ်ကြောင်း၏အသက်သည် ပွိုင့်တပ်စိတ်ကွင် ရှိနေတတ်၏။ ပွိုင့်မရှင်းမိ၍ မကြာခဏ ချုံခိုတိုက်ခိုက်ခြင်း ခံရဖူးပြီဖြစ်၏။ အများအားဖြင့် အရာရှိကြီးကြီးမပါလျှင် အပင်ပန်းခံ၍





www.burmeseclassic.com

www.burmeseclassic.com



မရှင်းကြတော့ပါ။ ထိုအခါအခွင့်ကို စောင့်၍နေသော ငှေပွေးများသည်တပ်စု တစ်စုလုံးကုန်အောင် သုတ်သင်တော့၏။

ကျွန်ုပ်သည် ပွိုင့်တပ်စိတ်မှူးဖြစ်၏။ တပ်စိတ်မှူးလည်း ပြေးတက် ပြေးဆင်းပါပဲ။ ကျွန်ုပ်တို့ တက်ရှင်းကြရသော တောင်ကုန်းများမှာ တော်ရုံအမြင့်မဟုတ်ပါ။ အောက်ကကြည့်လျှင် ရဲဘော်တစ်ယောက်ကို မည်းမည်းသာ တွေ့ရ၏။ ဤမျှမြင့်သော တောင်ကို ပြေးတက်ကြရ၏။ ကျွန်ုပ်အဖွဲ့က မဆန်းတော့ပါ။ ရဲဘော်သစ်များ သင်တန်းဆင်းခါစ ရဲဘော်များ ဤမျှလောက် ဒဏ်မခံနိုင်ကြ၍ တွဲခေါ်ရသေး၏။ မကျင့်ပေးလို့လည်း မရပါ။ ဒါမှ စိတ်ချလက်ချ လက်တွဲရမှာပါ။ ကျွန်ုပ်နှင့်တွဲသော ရဲဘော်များမှာလည်း ငါးခြံထဲက ထွက်ရင် ကြက်ကောင်းချည်းပဲဆိုသလိုပါ။

အောင်ကြီး၊ မောင်မော်၊ သန်းလွင်၊ ကုလားကြီးလှမြင့် နှင့် ရဲဘော်သစ်ချင်း၊ ရဲဘော်ရွေလိမ်းတို့မှာ ကျွန်ုပ်စိတ်ကြိုက်ရွေးထားခြင်းဖြစ်၏။ ချင်းရဲဘော်လေးက ရဲဘော်ဟောင်းကြီးတွေလောက်အတွေ့အကြုံမရှိပေမယ့် အပင်ပန်းခံနိုင်ပြီး ပြောစကား နားထောင်တတ်တယ်။ ကုလားကြီးလှမြင့်နဲ့အောင်ကြီးက ကျွန်ုပ်ထက် စစ်သက်လေးနှစ်ကြီးတယ်၊ အတွေ့အကြုံကောင်းနေပြီ။ မောင်မော်နဲ့ သန်းလွင်ကတော့ လက်ဖြောင့်တယ်၊ လျင်မြန်တယ်၊ ကျုပ်က ဒါမျိုးမှ။ ချင်းရဲဘော်ကတော့ ကျုပ်တာဝန်ထားလိုက်၊ ဒီကောင်က ဉာဏ်ကောင်းတယ်၊ မျက်စိ လျင်တယ်။ ဒါဆိုရတယ်။

ငှေပွေးတွေက ဗကပတွေ သင်ပေးထားလို့ ချောင်းပစ်တတ်နေပြီ။ မိုင်းထောင်တတ်နေပြီ။ တိုက်ရည် ခိုက်ရည်ကတော့ ဗကပကို မမီသေးဘူး။ ရှမ်းပြည်နယ်က သူတို့နယ်မြေဆိုတော့ ရှမ်းတွေ့တိုင်း သူပုန်လို့ပြောရတာ မဟုတ်ဘူး၊ အောက်က ရှမ်းဘောင်းဘီ အပေါ်က ပြောက်ကျားအကျီနဲ့ ဒီလိုကောင်တွေ။ တစ်ယောက်ချင်း နှစ်ယောက်ချင်းတွေ့ပြီဆိုရင် အပေါ်အကျီ ချွတ်ပစ်လိုက်တော့ ဘယ်လိုကြည့်ကြည့် သူပုန်လို့မထင်ရဘူး။ သွားမမေးနဲ့ "အောင်သောင်း၊ စိန်နားသောင်း" ဒါပဲပြောတယ်။ အဓိပ္ပာယ်က မသိဘူး၊ မရှိဘူးတဲ့။ တော်တော်ဟုတ်တဲ့ ကောင်တွေ။

ငှေပွေးတွေ အကိုင်များတာက အမ်တွမ်တီဝမ်း၊ တွမ်တီတူး အသံသေးသေးနဲ့ အနီးကပ်ပစ်တဲ့ သေနတ်မျိုး။





www.burmeseclassic.com

www.burmeseclassic.com

ရဲဘော်တွေ ခဏ ခဏ ချောင်းပစ်ခံရတယ်။ တောက် တောက် တောက်ဆိုသွားမကြည့်နဲ့ ချောင်းပစ်သွားတာ။ ဟိုတုန်းက ရဲဘော်ဘဝမှာ စစ်သက်က သုံးနှစ်ပဲ ရှိသေးတယ်။ ဒါပေမဲ့ ကျွန်ုပ်က ကြိုးစားတယ်။ တော်တော်လည်း သဘောပေါက်နေပြီ။ အဲဒီတုန်းက ရှေ့တန်းမှာ စစ်ကြောင်းရုံးက ရွာထဲမှာ။ ကျန်တဲ့ တပ်စုတွေက စိုးမိုးတဲ့နေရာတွေကို နေရာယူကြတယ်။

ကျွန်ုပ်တို့ တပ်စိပ်က ရွာနဲ့ ခပ်လှမ်းလှမ်းက လှည်းလမ်းဘေးမှာ ကင်းပုန်းဝပ်နေရတယ်။

ကင်းပုန်းဝပ်တယ်ဆိုတာ လမ်းသလားနေရတာမဟုတ်ဘူး။ ကျည်ကွယ်မျက်ကွယ်ရှိတဲ့ ချုံထဲမှာ တစ်နေကုန်ငြိမ်နေရတာ။ ကျွန်ုပ်အဖို့ ပိုပြီးပင်ပန်းသလိုရှိ၏။ ငြိမ်နေရမည်ဆိုလျှင် ငြိမ်နေတာ၊ သူများတွေကတော့ တလှုပ်လှုပ်နဲ့ရှိပါတယ်၊ ပစ်ပိုင်နယ် သတ်မှတ်ပေးထားတယ်။ အဲဒီနေရာကို တစ်နေကုန် ကြည့်နေရတာ။

တစ်နေကုန် ငြိမ်နေရတော့ ညောင်းလာပြီး ဘယ်တော့ လူလာလဲ မလဲလို့ ဒါပဲ မျှော်နေတာ။ ညနေကျတော့ တပ်စုမှူးဗိုလ်ကြီး ထွန်းသိန်းက လာပြောသွားတယ်။ အမိန့်မရမချင်း နေရာမပြောင်းရဘူးတဲ့။ ညမိုးချုပ်တော့ တပ်စိတ်မှူးက လာပြောတယ်။ တစ်ညလုံး မအိပ်ရဘူးတဲ့။ အဲဒီတုန်းက ကျွန်ုပ်အရွယ်က အသက်ဆယ့်ကိုးနှစ်နဲ့ စစ်သက်က သုံးနှစ် ရနေပြီ။ ကျွန်ုပ်နှင့် သက်တူရွယ်တူကောင်တွေ ပါတယ်။ ကြီးတဲ့လူတွေလည်းပါတယ်။ တော်တော်ရယ်ဖို့ကောင်းတဲ့ကောင်တွေပါ။

ရှစ်နာရီလောက်ရှိတော့ လှုပ်တောင်မလှုပ်ကြတော့ဘူး။ အခုမှ ကင်းပုန်းဝပ်နေတာနဲ့ ပိုတူသွားတယ်။ တယ်တော်ပါလားပေါ့။ ခိုကျုံးနေတာ။ ဘယ်ဟုတ်မလဲလေ။

ငုတ်တုတ် အိပ်နေကြတာဗျ။ တပ်စိတ်မှူးရှိတဲ့နေရာကို ခဲနဲ့လှမ်းပစ်ပြီး သတိပေးလိုက်တယ်။ ဆရာအောင်မြိုင်သိသွားတော့ ငိုက်နေတဲ့ကောင်တွေကို လိုက်ကန်တော့တာပဲ။ ဒီကောင်တွေ အိပ်ချင်မူးတူးနဲ့ လက်ထဲက သေနတ်တောင် ပြုတ်ကျတယ်။ ကျွန်ုပ်က ချုံထဲက်နေ ရယ်နေတာ အသံတောင်ထွက်တယ်။

နောက်တော့ ဒီကောင်တွေ စိတ်မချတာနဲ့ တပ်စိတ်မှူးက နေရာလဲပေးတယ်။ အဲဒီတော့ ကျွန်ုပ်က အစွန်ဆုံးမှာ။ ကျွန်ုပ်ဘေးမှာ ဆရာအောင်မြိုင်ရှိတယ်။ နှစ်ယောက် တစ်စုဖြစ်သွားပြီ။ ဒါ မဆိုးဘူး ကောင်းတယ်။ ပြောသာ ပြောရတာ ကျွန်ုပ်လည်း သမ်းနေပြီ။

နာရီကြည့်လိုက်တော့ ညဆယ်နာရီ။ ဒီပုံစံနဲ့ ဘယ်လိုများ မိုးလင်းပါ့မလဲ မသိ။ တပ်စုမှူးလာတုန်းက ဒီညစကားဝှက် (. . .)ဟု ပြောသွား၏။ စကားဝှက် မပြောနိုင်ပါက ပစ်မိန့်ရပြီးဖြစ်၏။ ရွာနှင့်စာလျှင် ဤနေရာက အနိမ့်ပိုင်းဖြစ်၏။ အနိမ့်ပိုင်းမှ လာရိုးထုံးစံမရှိပါ။ သို့သော်လည်း ဒီနယ်မြေက ငပွေးတွေ ခြေရှုပ်တဲ့နယ်မြေ၊ အထူးသဖြင့် စစ်ကြောင်းရုံးပါသဖြင့် ပို၍ အလုပ်လုပ်ရ၏။

ညက ပိုနက်လာပြီ။ ပိုးကောင်လေးတွေအသံပဲကြားနေရတယ်။ မိုးဖွားလေးတွေ ကျလာပြီ။ ကြယ်ရောင်တွေ ပျောက်သွားပြီ။ ရွာလိုက်တဲ့မိုး၊ လေမတိုက်ဘဲ ရွာနေတာ။ မိုးကာအကျီချုံပြီး ထိုင်နေရတော့ အိပ်ငိုက်ချင်လာပြီ။ ရှေ့ကို ဘာမှ မမြင်ရတော့ဘူး။ ဒီလိုအချိန်မှာ ငပွေးလိုကောင်မပြောနဲ့ ဆင်ကြီး တစ်ကောင်လုံး ဖြတ်သွားတောင် မြင်မှာမဟုတ်ပါ။ ည ၂ နာရီမှာ မိုးတိတ်သွားပါပြီ။ မိုးတိတ်ပေမယ့် ကြယ်မတွေ့ရသေးပါ။ ဘာမှ မမြင်ရသေးပါ။

ဒီအတိုင်း ထိုင်နေလို့တော့ ဘာမှ အဓိပ္ပါယ်မရှိနိုင်ပါ။ မိုးကာအကျီကို သိမ်းလိုက်ပြီး လှည်းလမ်းပေါ်ကို စမ်းပြီး ဆင်းကြည့်ပါတယ်။ ဘာမှမတွေ့ရသေးပါ။ ငုတ်တုတ် ထိုင်ကြည့်လိုက်တယ်။ မတွေ့ရသေးဘူး။ မြေကြီးနားကပ်ကြည့်လိုက်တော့မှ ရှေ့ကိုမြင်ရ၏။ ကျွန်ုပ်အနားက ဆရာအောင်မြိုင်ကို လေသံနဲ့ လှမ်းပြောလိုက်ပါတယ်။

"ဆရာ ကျွန်တော် ဒီမှားမှာ ရှိတယ်"

"အေး . . . အေး"

အမှန်တော့ ကျွန်ုပ်ကို သူမမြင်ရပါ။ ကျွန်ုပ်က ဘာမှမမြင်၍ လှည်းလမ်းနား ကပ်သွားသည်ဟု ထင်နေမှာပါ။ ကျွန်ုပ်က လှည်းလမ်းအတိုင်းရှိနေသည့် ဆင်ခြေလျှောကိုဝမ်းလျားမှောက်၍ ကြည့်နေ၏။ ပေငါးဆယ်လောက်တော့ မြင်ရသည်ဟု ထင်၏။ ကြယ်ရောင်မရှိသော်လည်း တိမ်အရောင်ရှိသေး၏။ ကျွန်ုပ်သည် သေနတ်ကို ရှေ့တည့်တည့် မြေကြီးပေါ် သို့ချလိုက်၏။ ထို့နောက် သေနတ်ပေါ် မေးတင်၍ ကြည့်နေလိုက်၏။ မျက်စိတွေကတော့ ပေကလပ် ပေကလပ်နှင့် အိပ်ချင်ပြေမလားလို့ လှုပ်ကြည့်နေတာ ပိုအိပ်ချင်လာပါပြီ။

တစ်ချက်ငိုက်သွားတော့ နားရွက်နဲ့မြေကြီးနဲ့ ကပ်သွားမိ၏။ နားထဲမှာ အသံကြားနေရတယ်။ ခြေသံတွေ၊ ခြေသံတွေ ကြားနေရတယ်။ မျက်လုံးတွေပွတ်ပြီး ရှေ့ကိုကြည့်နေရင်း လှုပ်ရှားနေတဲ့ မည်းမည်းသဏ္ဌာန်တွေကို တွေ့နေရပါပြီ။ ဆင်ခြေလျှော လှည်းလမ်းအတိုင်း တက်လာနေတယ်ဆိုတာ သေချာတယ်။ လက်ထဲက ဂျီသရီးကျောရိုးက မည်းမည်းအရိပ်ကို တန်းတန်းချိန်ထားပြီးပြီ။ လုံခြုံရေးခလုတ်ကို လက်မနဲ့ အတွဲလိုက်နေရာကို ရွှေ့လိုက်ပြီး ရှေ့တစ်ယောက်က ပခုံးပေါ်မှာ တစ်ခုခုထမ်းလာတယ်။ ထီးတော့ မဖြစ်နိုင်ဘူး။

နောက်တစ်ယောက်ရဲ့ ပခုံးပေါ်မှာလည်း ထမ်းထားတာပဲ။ ဒီပုံစံမျိုးက ဒီလိုအချိန်မှာ ငပွေးတွေကလွဲလို့ ဘာမှ မဖြစ်နိုင်ဘူး။ ဝါးတစ်ပြန်ကျော်လောက် ရောက်နေကြပြီ။ ဝါးတစ်ပြန်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

ပေနဲ့ တွက်ရင် ပေအစိတ်သာသာ။ ဒီကောင်တွေ ပေနှစ်ဆယ်တော့်ကျော် လောက်မှာ ဖြုတ်ချလိုက်ပြီ။

"ဒိုင်း ဒိုင်း . . . ဒိုင်း ဒိုင်း"

အတွဲလိုက် ဖြုတ်လိုက်တာ ဆယ်တောင့်လောက်ပါ။ လက်ထဲမှာ စီးကျန်ခဲ့တယ်။

"အား အင့် . . . အင်း"

လှုပ်နေသေးတယ်၊ မြင်နေရတယ်။ တစ်တောင့်ချင်း ပစ်လိုက်တယ်။ သုံးချက်။

"ဒိုင်း ဒိုင်း . . . ဒိုင်း"

ပစ်ပြီးတာနဲ့ လှည်းလမ်းဘေးကို လိမ့်ပြီး ကပ်လိုက်ရသေးတယ်။ ငွေးထက် အနောက်က ကောင်တွေကို ကြောက်ရသေးတယ်။ အိပ်ချင်မူးတူးနဲ့ ဆို သူ့လူမှန်း၊ ကိုယ့်လူမှန်းမသိ မှားပစ်နိုင်တယ်။

"သီဟ . . . သီဟ"

ဆရာအောင်မြိုင်ရဲ့ အသံ။

"ဆရာအောင်မြိုင် ထွက်ခဲ့"

လို့ တိုးတိုးပြောလိုက်တော့။ တပ်စိတ်မှူး ထွက်လာပြီ။

"ဆရာ ရှေ့နားမှာ နှစ်ကောင်လဲနေတယ်"

"ဟုတ်လား၊ သေသေချာချာ ကြည့်ထား၊ ငါ ဟိုကောင်တွေ သွားပြောလိုက်ဦးမယ်"

တပ်စိတ်မှူးနဲ့နှစ်ယောက် ကျားသစ်တက် တက်သွားကြတယ်။ ငွေးနှစ်ကောင် ကွဲနေပြီ။ တစ်ယောက် တစ်လောင်းစီ ဆွဲလာခဲ့ကြပြီး သေနတ်တွေ သိမ်းထားလိုက်တယ်။ နောက်ဆယ်မိနစ်လောက်ကြာတော့ တပ်စုမှူးအသံကို ကြားရတယ်။

"ကျားနက်ဟေ့ ကျားနက်"

စကားဝှက်နှင့် ဆက်သွယ်တာပါ။

"ကျားနက်ဆို တက်ခဲ့ပါ"

တပ်စုမှူးတို့အဖွဲ့က အလောင်းတွေကို သယ်သွားကြပါတယ်။ ကျွန်ုပ်တို့ကတော့ မိုးလင်းတဲ့အထိ ငုတ်တုတ်ပါ။ မနက် ၆ နာရီမှာ နောက်တပ်စိတ် တစ်စိတ် ရောက်လာပါပြီ။

"ဆရာ အောင်မြိုင် စစ်ကြောင်းမှူးကို သတင်းပို့ဖို့ ဗိုလ်ကြီးမှာလိုက်တယ်"

ဆရာအောင်မြိုင် စစ်ကြောင်းမှူးဆီက ပြန်လာပြီး တပ်စုမှူးနဲ့ ဝင်တွေ့နေပါတယ်။

ခဏနေတော့ ကျွန်ုပ်ကို လှမ်းခေါ်ပါတယ်။

"သီဟ ဗိုလ်ကြီးခေါ်တယ်"

တပ်စုမှူးကို သတိဆွဲ အလေးပြုလိုက်ပါသည်။

ဗိုလ်ကြီးက သူ့လက်ထဲကပစ္စည်းလေး နှစ်ခုကိုလှမ်းပေးပြီး ပြောပါတယ်။

"သီဟ ဒါဘာလဲ၊ သိတယ်မို့လား"

"ဟုတ်"

"အေး အဲဒါ မင်းအတွက်ပဲ၊ တပ်ထားလိုက်တော့"

မနေ့ညတုန်းက ရဲဘော်သီဟ၊ အခု မိုးလင်းတော့ လက်မောင်းမှာ တစ်ရစ်နဲ့ ဒုတပ်ကြပ်သီဟ၊ ရဲဘော်တွေကျုပ်ကို သီဟလို့ မခေါ်ရတော့ဘူး။

ပထမဦးဆုံးရလိုက်တဲ့ အရစ်က ဒီလောက် မခဲယဉ်းဘူး။ နောက်တစ်ရစ်ရပုံက မလွယ်ဘူး။ အခုတော့ လက်မောင်းမှာ နှစ်ရစ်ဖြစ်နေပါပြီ။ နောက်တစ်ရစ်ရတုန်းကတော့ အသက်နဲ့ရင်းခဲ့ရတာပါ။ စစ်သားဆိုတာ ဒီလိုပါပဲလေ။

ကျွန်ုပ်တို့ တပ်ရင်းနဲ့ ရှေ့တန်းစစ်ဆင်ရေးတာဝန်က ရှမ်းပြည်နယ်တစ်ခွင်လုံးနဲ့ စာချုပ်ထားလား မှတ်ပါတယ်။ တစ်ခေါက်ပြီးတစ်ခေါက်ရှမ်းပြည်နယ်ပဲ။ ရဲဘော်တွေ တပ်ခွဲနားလို့ တပ်ရင်းပြန်တဲ့ကားပေါ် ကြည့်လိုက်ရင် ရှမ်းမတွေ ပါပါလာတာ တွေ့ရသည်။ စစ်သက်ခြောက်နှစ်ရှိနေပါပြီ။ လက်မောင်းမှာတော့ တစ်ရစ်နဲ့ တစ်ခွေပဲ ရှိပါသေးတယ်။ တစ်ရစ်ဆိုတာ ဒုတပ်ကြပ်ပါ။ တစ်ခွေက ဂျူဒိုတံဆိပ်ပါ။ ဂျူဒိုသင်တန်းတက်ပြီးသူတိုင်း တပ်ခွင့်ရှိပါတယ်။ လုံ့စွပ်နှစ်ခု ကြက်ခြေခတ်ထားတဲ့ပုံပါ။ ဘာရယ် မဟုတ်ပါဘူး။ တပ်ခွင့်ရှိတာ အကုန်တပ်ထားတာပါ။ နောက်တစ်ခု ရှိသေးတယ်။ ရင်ဘတ်မှာ ရွှေရောင်တောင်ပံကား လေထီးဝင်းလို့ ခေါ်ကြပါတယ်။ အဲဒါကတော့ နောက်တန်းမှာ တပ်ရတာပါ။ နောက်တန်းရောက်လို့ကတော့ ရတာအကုန်တပ်ထားတော့တာပါပဲ။ အဲဒါဆို အချို့က မျက်စိနောက်တယ် ပြောတယ်။

အခုတစ်ခေါက် ရှမ်းပြည်နယ်ဘက်လှုပ်ရှားတဲ့ နေရာတွေက တီဂျစ်၊ နောင်တရား၊ ပင်လောင်း၊ ဆီဆိုင်၊ ဖယ်ခုံ၊ မိုး ဗြဲ၊ အင်းလေး သွားလိုက်ရတာတော့မပြောနဲ့၊ လမ်းလျှောက်လို့ ခြေထောက်တွေ တိုကုန်မယ်ဆိုရင်ကျွန်ုပ်တို့ စစ်သား ခြေထောက်တွေ ငုတ်တိုတောင်ကျန်မှာ မဟုတ်ဘူး၊ ခြေထောက်မှာ ဖွေများ ပါသလားလို့ ကြည့်မိသေးတယ်။

နောင်တရားမှာ တပ်ခွဲချိန်းရပါတယ်။ ကားပေါ်ကဆင်းတာနဲ့ ထမင်းစားပြီး ဆက်ထွက်မယ်ဆိုတဲ့အသံ ကြားရပါတယ်။ ရိုးနေပါပြီ။ ထမင်းစားနေတုန်း ရဲဘော်တစ်ယောက် လာပြောသွားတယ်။ ဆရာသီဟ တပ်စိတ်ပို့င်တဲ့။ ကိစ္စမရှိပါဘူး။ ဒီတစ်ခေါက် ရှေ့တန်းထွက်လာတော့ စိတ်ကြိုက်ရဲဘော်တွေနဲ့ပါ။

အောင်ကြီး၊ မောင်မော်၊ သန်းလွင်၊ ကုလားကြီးလှမြင့်နှင့် လူသစ်ထဲက ချင်းရဲဘော်လေး ရွှေလိမ်းနဲ့ ကျွန်ုပ်တို့ ခြောက်ယောက်၊ တပ်စိတ်က ရှယ်တွေ။ ကျွန်ုပ်ကို ကာဘိုင်ပေးပါတယ်။ တပ်စိတ်မှူးတိုင်း ကာဘိုင်နဲ့ပါ။ ဒါပေမဲ့ ကာဘိုင် မကြိုက်ဘူး၊ အကြိုက်ဆုံးက ဂျီသရီးပဲ။ ရဲဘော်ဘဝမှာ ကိုင်ခဲ့တဲ့ ဂျီသရီးကို လက်မလွှတ်သေးဘူး။

သင်တန်းတွေ တစ်ခုပြီးတစ်ခု တက်နေရတာနဲ့ ရှေ့တန်းကို သိပ်မရောက်ဘူးဖြစ်နေတာပါ။ ဒီတစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com

စစ်ဆင်ရေးတော့ အစအဆုံး လိုက်ဖြစ်မယ်ထင်လို့ တပ်ခွဲမှာ အကောင်းဆုံးရဲဘော်တွေကို ရွေးခဲ့ပါသည်။ တစ်ချိန်ချိန်မှာ တွေ့ခဲ့ရင်တော့ အပိုင်နွှဲလိုက်ဦးမည်ဟု ပိုင်းထားပါသည်။ သင်တန်းဆိုတာလည်း တက်ချင်တိုင်း မတက်ကြရပါ။ အလားအလာ အရည်အချင်းရှိသူများကို ရွေးချယ်တတ်ပါတယ်။

ဥပမာ လက်နက်ကြီးသင်တန်းတက်ပြီးပါက တပ်ရင်းမှာရှိတဲ့ မည်သည့်လက်နက်မဆို ကိုင်တွယ်ပစ်ခတ်နိုင်ပါပြီ။ (၇၅ မမ) နောက်ပွင့် လက်နက်ကြီးမှစ၍ စိန်ပြောင်းကြီးများအထိ ကျွန်ုပ်တတ်မြောက်ခဲ့ပါပြီ။ အကြပ်သင်တန်း၊ ဂျူဒိုသင်တန်း၊ လေထီးခုန်သင်တန်း၊ လက်နက်ကြီးသင်တန်းများဖြင့် ပညာပြည့်ဝနေပြီ ဖြစ်၏။

ဒီတစ်ခေါက် ကျွန်ုပ်တို့ တပ်ခွဲနှင့်ထိတွေ့မှု သုံးကြိမ်ရှိနေပါပြီ။ သူပစ်ကိုယ်ပစ်နဲ့ပါ။ ဘာမှ အမြတ်မရသေးပါဘူး။ ကျွန်ုပ်ကိုယ်တိုင်လည်း တစ်ချက်မျှပင် မပစ်ရသေးပါ။ တခြားတပ်စုများသာ တိုက်ပွဲနှင့်ထိတွေ့ကြတာပါ။

စစ်ဆင်ရေးကာလ သုံးလ ရှိတော့ စစ်ကြောင်းရုံးနဲ့ တပ်ခွဲနဲ့ပေါင်းပြီး တစ်ခုသောရည်မှန်းချက်ကို ချီတက်ကြပါတယ်။ တပ်စုမှူးက အခြေအနေတစ်ခုကို သဘောပေါက်နေပုံရပါတယ်။ ထို့ကြောင့် ကျွန်ုပ်ကို စကားတစ်ခု ပြောပါတယ်။

"သီဟ မင်းအားမွေးထား၊ လက်သွေးထား"

"စိတ်ချ ဗိုလ်ကြီး၊ ပိုင်စေ နိုင်စေပဲ"

ဗိုလ်ကြီးက ပြန်မပြောပေမယ့် ခေါင်းညိတ်ပြပါတယ်။ သူကလည်း မတိုက်ရသေးတော့ သွေးဆူနေမှာပါ။ ကျွန်ုပ်ကလည်း ကိုင်နေတဲ့ ဂျီသရီးကို ရှယ်ဖြစ်အောင် သ,ထားတာပါ။

မနက်က လမ်းမှာ ဘိန်းခင်းယောင်းတစ်ခုတွေ့ခဲ့ပါသည်။ ကျည်ဆံနခွံအဟောင်းတွေလည်း တွေ့ခဲ့ပါတယ်။ တိုက်ပွဲဖြစ်ထားတဲ့ နေရာပါ။ နေ့လယ် ၁၂ နာရီမှာ ရွာပျက်တစ်ခုကို ရောက်ပါတယ်။ အိမ်ပျက်တွေ အလုံးနှစ်ဆယ်လောက် ရှိပါတယ်။

သူပုန်ရွာဖြစ်ကြောင်း သိရပါတယ်။ စခန်းချ နားမည်ဖြစ်ကြောင်း သိပြီး ဆယ်မိနစ်အကြာတွင် တိုက်ကင်းထွက်ရမည့် တောင်ကုန်းများကို တပ်စုမှူးမှ ညွှန်ပြပါတော့သည်။ ပေါ့ဆ၍မရသော နေရာများဖြစ်ကြောင်း သတိပေးလိုက်သေး၏။

ကျွန်ုပ်တို့ တပ်စိတ်သည် နေမဝင်မီ ရှင်းပြီး ရောက်ပြီးဖြစ်ရမည်။ ထို့ကြောင့် ပြေးတက် ပြေးဆင်းနှင့် ရှင်းနေရ၏။

စစ်ကြောင်း ရုံးစခန်းချနေသော တောင်နှင့် လက်နက်ကြီး တစ်ကမ်းလောက် ရှိနေပေမယ့် နေ့လယ် ၂ နာရီမိနစ် ၄၀ မှာ ခရီးတစ်ဝက်သာ ရောက်ပါသေး၏။ နောက်ထပ် တောင်ကုန်းကြီးနှစ်ခု ကျန်သေး၏။ စစ်သားဆိုတော့ ဒီလိုပါပဲလေ။ ဆယ်မိနစ် နားမည်ဟုအချက်ပေးလိုက်ပြီး သစ်ပင်ကောင်းကောင်းမှာ နှစ်ယောက်တစ်တွဲ ထိုင်နေကြ၏။ တောင်ကုန်းထိပ်မှာ လေတဖြူးဖြူးနဲ့ အရိပ်ကလည်းကောင်းဆိုတော့ မောမောနဲ့ ခြေပစ်လက်ပစ် အနားယူကြ၏။

နားထဲမှာ ချိုတိုးသံလိုလိုကြားလိုက်ရတော့ ကျွန်ုပ်က ဖျတ်ခနဲ လှိမ့်ချပြီး. . .

"နေရာယူ"လို့ အော်သံမဆုံးပါ။ ငပွေးတွေ ကျွန်ုပ်တို့ကို အော်ဟစ်ပြီး စပစ်ပါပြီ။

"တောက် တောက် တောက် တောက် . . . ဂျိန်း ဂျိန်း ဂျိန်း"

ငပွေးတွေဘက်က ဖိုတီးအမ်ကို အားထားပြီး ပစ်နေကြတာပါလား။ ကြာရင် ဘယ်လိုလုပ်ရပါ့။ အနောက်မှာလည်း ချောက်ပဲရှိတယ်။ ကံကောင်းလို့ မသေသေးတာ။ မိုးတိုးမတ်တတ်ရှိတဲ့ အချိန်သာ တွေ့လိုက်ရင် သေတာကြာပြီ။ အရေးထဲ အနားက ချင်းရဲဘော်ကို ခေါင်းမထောင်နဲ့လို့ပြောပြီး ကုပ်ကို ဆွဲဖိထားရသေးတယ်။ ကိုယ့်လူတွေ တစ်ယောက်မှ မထိသေးဘူး။ သေနတ်သံကြားထဲက လှမ်းပြောလိုက်တယ်။

"ငါ့အမိန့်မရဘဲ မပစ်ကြနဲ့"

ငပွေးတွေ ပစ်နေတာ ဆယ်မိနစ်လောက်ရှိပြီ။ ခေါင်းပေါ်မှာ သေမင်းတွေက လေချွန်နေတာ။ ဖိုတီးအမ်တွေက သစ်ပင်ကို မှန်လိုက်ရင် နားကွဲသေလောက်တယ်။ ကျောနောက်က ချောက်ထဲမှာ ကျကွဲတာလည်းရှိတယ်။ ခဏနေတော့ အပစ်ရပ်သွားပြီး တစ်တောင့်ချင်း ပစ်နေကြတယ်။ သူတို့အချင်းချင်းပြောနေတဲ့ စကားတွေကလည်းဆူညံနေတာ။ ကုလားကြီးလှမြင့်ကို လက်ဟန်ခြေဟန်နဲ့ လှမ်းပြလိုက်ပြီးပြီ။ ကုလားကြီးကတစ်ဆင့် အောင်ကြီးတို့ မောင်မော်တို့ အဆင်သင့်ဖြစ်နေကြပြီ။

အနားက ရွှေလိမ်းကလည်း အဆင်သင့်တဲ့။ နောက်ဆယ်မိနစ်လောက်ကြာတော့ ငပွေးတွေ ချိုတိုးတဲ့အသံ၊ သစ်ရွက်ခြောက်နင်းတဲ့ အသံကြားလိုက်လို့ ချောင်းကြည့်လိုက်သည်။ တစ်ချက်နှစ်ချက်ပစ်လိုက် ရှေ့တိုးလိုက်နှင့်လုပ်နေတဲ့ ငပွေးအုပ်စုက လူနှစ်ဆယ်လောက်ရှိနေသည်ကို တွေ့ရ၏။ တစ်ချက်နှစ်ချက်ပစ်လိုက် ရှေ့တိုးလိုက်နှင့် ငပွေးအုပ်စု တဖြည်းဖြည်းနှင့် တိုးလာကြပြီ။ ကိုက်ငါးဆယ်အကွာမှ ထွက်လာကြသော ငပွေးများသည် ကျွန်ုပ်တို့နှင့် ကိုက်သုံးဆယ်မျှသာ အကွာရှိတော့၏။

"ပစ်"

အသံကို ကျယ်နိုင်သမျှ ကျယ်လိုက်၏။

"ဒိုင်း ဒိုင်း ဒိုင်း . . . ဂျိမ်း ဂျိမ်း"

ဂျီသရီး လေးလက်၊ ဂျီဖိုး နှစ်လက်၏အတွဲလိုက်ပစ်သံများဆက်တိုက်ထွက်ပေါ်လာနေဆဲ ကျွန်ုပ်ကလည်း နာနတ်သီးနှစ်လုံးပါ အဆစ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com

သေး၏။ ဒီလောက်အချိန်ဆိုလျှင် တစ်ယောက်လျှင် ကျည်ကတ် နှစ်ကတ် ထက်မနည်း ကုန်သွားပြီ။

"ရပ် ရပ်၊ တစ်တောင့်ချင်း တစ်တောင့်ချင်း"

"ဒိုင်း ဒိုင်း ဒိုင်း"

တစ်ယောက်တစ်ချက် ပစ်နေတာတောင် ကျည်ဆန်က မနည်းကုန်သွားနိုင်ပါတယ်။ ငပွေးတွေ အတုံးအရုံး လဲနေပါပြီ။ မသေတဲ့ကောင်တွေက နောက်ပြန်ပြေးကြပါတယ်။

"အောင်ကြီးတို့အဖွဲ့ ဟိုအပေါ်ကို ပြေးတက် တက်"

သူတို့ပြေးတက်တဲ့အချိန် ကျွန်ုပ်တို့ သုံးယောက်က မတ်တတ်ရပ်ပြီး တစ်တောင့်ချင်း အမြန်ပစ်နဲ့ ကာပေးလိုက်ပါသည်။ လက်ရှိနေရာထက် အောင်ကြီးတို့နေရာက ပိုမြင့်ပါသည်။ အောင်ကြီးတို့သုံးယောက် နေရာယူပြီး ပစ်နေကြပြီ။

ကျွန်ုပ်တို့ သုံးယောက်ပါ ပြေးတက်ခဲ့ပြီး နေရာယူလိုက်၏။ ငပွေးတွေ အလောင်းထွက်မဆွဲရဲဘူး။ ထွက်လာတဲ့ကောင် မှန်သွားလို့ ပြန်ဝင်သွားတာတွေ့လိုက်ရ၏။ ကံကောင်းတာက ဖိုတီးအမ်သမား ကျသွားပုံရတယ်။ ဒီအချိန်မှာ မိုက်မိုက်ကန်းကန်းလုပ်ဖို့ ဆုံးဖြတ်ရမှာပဲ၊ မတတ်နိုင်ဘူးလို့ ဆုံးဖြတ်လိုက်ပါပြီ။

"သန်းလွင် ငါနဲ့လိုက်ခဲ့၊ ကုလားကြီးတို့ ပစ်ထားပေး"

သန်းလွင်နှင့် ကျွန်ုပ်တို့ တောင်ကုန်းနောက်ကို ပြေးဆင်းလိုက်ပြီး ပြန်ပတ်လာကြပါပြီ။ ငပွေးတွေရှိတဲ့ နေရာနဲ့ ဘေးချင်းယှဉ်လျက် ရောက်လာပါပြီ။ မျက်စိလျင်လျင် ခြေသံလုံလုံနှင့် ကပ်လာခဲ့၍ ကိုက်သုံးဆယ်အကွာရောက်သည်တွင် ငပွေးတစ်ကောင်က ကျွန်ုပ်တို့ကို မြင်၍ ထအော်လိုက်ပါသည်။

"တောက် တောက်"

"ဒိုင်း ဒိုင်း"

"တောက် ဘောက်"

"ဒိုင်း ဒိုင်း. . ဂျိမ်း"

အပြန်အလှန် ပစ်နေကြရင်း သန်းလွင်ရဲ့ နာနတ်သီးက နှုတ်ဆက်လိုက်ပါတယ်။

"ပြေးကုန်ပြီ ဆရာ၊ လိုက်ရမလား"

ကုလားကြီးတို့ကို လူယောင်ပြပြီး ဆင်းခဲ့ရန် အချက်ပြလိုက်ပါတယ်။ ထို့နောက် ကျွန်ုပ်မှ. . .

"တော်လောက်ပြီကွ၊ တိုက်စရာမရှိရင် ပျင်းဖို့ကောင်းလို့"

ကုလားကြီးတို့အဖွဲ့ အလောင်းစု သေနတ်စု လိုက်လုပ်နေပါပြီ။ နာရီကြည့်လိုက်တော့ ၃ နာရီ ၃၅ ဆိုတော့ တိုက်ပွဲက လေးဆယ့်ငါးမိနစ်တိတိ။

"ဆယ်လောင်း၊ ရှစ်လက်"

ကုလားကြီးရဲ့ သတင်းပို့သံ ဖြစ်ပါသည်။ အစောက တောင်ကုန်းပေါ်တက်၍ နားနေကြ၏။ ညနေ ၅နာရီမထိုးမီ တပ်ခွဲမှူးနှင့် တပ်စုတစ်စုရောက်လာပါသည်။ ကျွန်ုပ်က တောင်ကုန်းပေါ်မှ ပြေးဆင်းလိုက်ပြီး အလေးပြုလိုက်ပါသည်။

ပြီးမှ ကျွန်ုပ်က အောင်မြင်သောအသံနှင့်. . .

"တိုက်ကင်းအဖွဲ့ ဒုတပ်ကြပ်သီဟနှင့် ပေါင်းခြောက်ယောက် အထိအခိုက်မရှိ အောင်မြင်ပါသည်၊ ရန်သူအလောင်း ဆယ်လောင်း၊ လက်နက် ငယ်ရှစ်လက် သိမ်းဆည်းရမိပါသည်"

တပ်ခွဲမှူးအပါအဝင် အကြပ်စစ်သည်များက ကျွန်ုပ်အား ပြုံး၍ အတန်ကြာသည်အထိ ကြည့်နေကြပါသည်။ ထို့နောက် တပ်ခွဲမှူးသည် ကျွန်ုပ်အား လက်ဆွဲ၍ တောင်ကုန်းပေါ်သို့ တက်သွားကြ၏။

တပ်ခွဲမှူးသည် လက်နက်များ အလောင်းများကို စစ်ဆေးပြီးသော် စစ်ကြောင်းရုံးသို့ စက်ဖြင့် သတင်းပို့လိုက်၏။

ထိုနေ့ည ၈ နာရီခွဲမှ စစ်ကြောင်းရုံးကို ပြန်ရောက်ပါတယ်။

စစ်ကြောင်းမှူးက အာမီရမ်တစ်လုံးနဲ့ စီးကရက်တစ်ဘူး ဆုချပါတယ်။

တိုက်ပွဲဖြစ်စဉ် ပင်ပန်းမှုတွေကို အာမီရမ်နဲ့ ဆေးလိုက်ကြပါတယ်။

"ဆရာသီဟကို ဗိုလ်မှူးက မေးခိုင်းလိုက်ပါတယ်"

စစ်ကြောင်းရုံးမှ ရဲဘော်တစ်ယောက်ဖြစ်၏။ သူ့မျက်နှာက စပ်ဖြဲဖြဲနဲ့ပါ။ ကျွန်ုပ်က မူးနေတဲ့အသံမျိုး ပြန်လုပ်ပြီး မေးလိုက်ပါတယ်။

"ဟေ့ရဲဘော် သတိဆွဲပြီး ပြောစမ်း ပြန်ပြောစမ်း"

ရဲဘော်က ခြေထောက်ကိုတမင်ခွင်ပြီး သတိဆွဲလိုက်တော့ သူ့ပုံစံက ပုကွကွဖြစ်သွားပါတယ်။ တပ်စိတ်က ရဲဘော်တွေနဲ့ တပ်ခွဲတစ်ခွဲတည်း နေလာကြတာပါ။ ရဲဘော်နာမည်က သာမြင့် ဖြစ်ပါသည်။ ရဲဘော်တွေက ဝိုင်းပြောပါသည်။

"ဟေ့ကောင် သာမြင့်၊ မင်းသတိဆွဲတာ ဒူးခေါင်းချင်း မထိဘဲကွ၊ ထိလိုက်ပါဦးလား"

သာမြင့်က "ဟုတ်" ဆိုပြီး ခွင်နေတဲ့ ဒူးခေါင်းနှစ်ခုကို ဆွဲထိလိုက်တော့ ရှေ့ကို ဟပ်ထိုးလဲကျပါတော့တယ်။

"ဟား ဟား ဟား ဟား"

ရဲဘော်တွေ ဝိုင်းရယ်နေကြ၏။

အမှန်တော့ စစ်ကြောင်းမှူးမှ အသားဘူး ပေးခိုင်းတာပါ။ ဒီရောက်တော့ ကျွန်ုပ်ကို မူးနေပြီထင်၍ နောက်ပြောင်နေတာပါ။

စစ်သားဆိုတော့ ဒီလိုပါပဲလေ။

❒ ဆရာကြည်မင်းစံ

(အောင်မြေသာယာ)




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို မင်းစံ၊ ပန်မဖြစ်တဲ့ ပန်းကို ဘာဖြစ်လို့ ဌတ်ခူးချင်နေရတာလဲ ဟင်၊ ခင်လေးရင်ထဲမှာ အဖြေမရှိတာလား၊ ရှိနေတဲ့အဖြေက အစ်ကို့အတွက် အသုံးမဝင်တော့တာလား၊ အစ်ကိုမင်းစံပဲ ပြန်စဉ်းစားပါဦး"

ထိုညက သဲသောင်ပြင်ထက်တွင် ခင်လေး ပြောခဲ့ပုံကို ပြန်ကြားယောင်နေသည်။ လ၏အရောင်သည် သူတို့ရှိနေသော သဲသောင်ပြင်ပေါ်မှာ မြစ်ငယ်မြစ် ရေပြင်ပေါ်မှာ ကျူရှုံနှင့် ကိုင်းတောတန်းပေါ်မှာ ယှက်ဖြာနှံ့ပြားနေကြသည်။

"ဒါပေမဲ့"

သွေ့ခြောက်စွာ သူက ပြောလိုက်သည်။

"ကိုယ် ခင်လေးကိုပဲ ချစ်ခဲ့တယ် ဆိုတာကိုတော့ ခင်လေး သိစေချင်တယ်၊ ပြီးတော့ ခင်လေး သဘောကိုလဲ ကိုယ်. ."

သူတို့သည် အတန်ဝေးသွားပြီဖြစ်သော မြစ်လယ်အတိုင်း မျောသွားသည့် မီးဖောင်များထံ ငေးကြည့်နေကြသည်။

"သိတော့ကော ထူးသွားမှာတဲ့လား အစ်ကိုရယ်၊ ငှက်ပျောဆင်အဲ ဖက်စိမ်းခံ၊ ဖူးတံဘာလို့ သေရတုံး၊



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရိုးဇာကန်၊ တကယ်မှန်၊ အကြံဉာဏ်လို့ နေ့ရက်တိုးတဲ့၊ အစ်ကိုလဲ အဲဒီလိုပဲ မေးရ ရှိတော့တာမို့လား၊ တော်ပါတော့အစ်ကို မင်းစံ၊ မှာလိုက်တုန်းက ခင်လေးနဲ့ လူချင်းတွေ့ရရင်တော်ပြီဆို၊ ခုတော့ ဒါကိုပဲ မေးမေးနေပြီး၊ ခင်လေး ခက်အောင် လုပ်နေတော့တာပဲ"

ခင်လေးမှာ ပြောရင်း တစ်ချက် ရှိုက်လိုက်သည်။

"တွေ့ချင်တယ် တွေ့ချင်တယ်နဲ့ ဖွတ်ပူဆာနေတယ်ဆိုတော့ မလွန်ဆန်ရက်တဲ့ ခင်လေး အမှားပါပဲ"

ညသည် တစ်စထက် တစ်စ သိပ်သည်းစွာ နက်ရှိုင်းလာနေသည်။ အတွေး၏ အမျှင်တန်းများသည် အဆုံး မတိုင်တော့မည့် ချည်ခင်တန်းများလည်း ဖြစ်နေသည်။ တိတ်ဆိတ်လွန်းလှပြီ ဖြစ်နေသဖြင့် ကိုယ့်ရင်ခုန်သံပင် ကိုယ် ပင်ကြားနေရပုံမှာ ရက်ကန်းလက်ခတ်သံနှယ် နရီစည်းချက်မှန်နေခဲ့သည်။

မင်္ဂလာဦးည၏ ရင်ခုန်သံသည် အဘယ်မည်သော ဂီတပညာရှင်မှ လိုက်မီတုပ ဖန်ဆင်းနိုင်ကြလိမ့်မည် မဟုတ်။ ချစ်ခြင်းမေတ္တာဖြင့် တို့လှယ် ပေါင်းစပ်မှု အလှတရားအားလည်း အဘယ်မည်သောစာဆိုရှင်မှ ဖွဲ့သီတုပ ဖော်ကျူး၍ ရကြလိမ့်မည် မဟုတ်။

မင်္ဂလာဦးမည်သည် တစ်သက်တွင် တစ်ညှ၊ တစ်ဘဝလျှင် တစ်ခါသာ လှပ သိမ်မွေ့စွာ ဖြတ်သန်းကြရမည့် အိမ်ထောင်သည်ဘဝ၏ မုခ်ဦးဝလည်း ဖြစ်သည်။

သတို့သား ညိုမင်းစံနှင့် သတို့သမီး မင်းမင်းသန့်တို့အတွက်မူ ထိုမုခ်ဦး အလှအပသည် ခြောက်သွေ့တိတ်ဆိတ်စွာစေ့ပိတ်နေဆဲ ဖြစ်သည်။ မင်္ဂလာဦးည၏ ရင်ခုန်သံသည် သတို့သမီးရင်ထဲ၌သာ ခဏခေတ္တ ဖြစ်ပေါ်လာပြီး ရုတ်ချည်းနားမလည်စွာ တစ်စစတိုးတိတ်ကွယ်ပ သွားရလေသည်။

ထိုအခါ ငြိမ်သက်လွန်းခြင်း၊ တိတ်ဆိတ်လွန်းခြင်း၊ ဥပေက္ခာပြုခြင်း၊ အသံမဲ့ မျက်ရည်ဝဲလာခြင်းတို့ဖြင့်သာ မင်္ဂလာအိပ်ခန်းသည် ညဥ့်ယံ၏ စက္ကန့်မိနစ်၊ နာရီများစွာကို ဖြတ်သန်းနေခဲ့သည်။

သတို့သားမှာ ဟင်းလင်းပြင်ဖြစ်နေသော သူ့ရင်ဘတ်ကို ပြန်ငုံ့ကြည့်နေသကဲ့သို့ ဖြစ်သည်။ မိမိနှလုံးသားသည် ရင်ထဲမှာလား၊ တခြားတစ်နေရာရာမှာလား၊ မပိုင်းခြားတတ်အောင် ဖြစ်နေသည်။ ယခုအခါ မိမိသည် သတို့သမီး မင်းမင်းသန့် ပိုင်ဆိုင်သော အရာဝတ္ထု ဖြစ်နေပုံကိုလည်း တွေးမိနေသည်။

"ဒါပေမဲ့ ဒါပေမဲ့ ခင်လေးရေ ချစ်တယ်ဆိုတာ နှလုံးသားက ဖြစ်တာပါလို့ဆိုရင် ကိုယ့်နှလုံးသားကတော့ ခင်လေးဆီပဲ ကျန်ရစ်နေခဲ့မှာပါပဲကွယ်" ဟူ၍ ပြောနေခဲ့သည်။

သူသည် သတို့သမီး မင်းမင်းသန့်အား ကျောပေး၍ ထိုင်နေခဲ့သည်။ ဟောင်းလောင်းပေါက်ဖြစ်နေသော ရင်ကို မြင်မှာ အားနာနေသကဲ့သို့လည်း ဖြစ်သည်။

♥♥♥

အတွေး၏ အမျှင်တန်းတို့သည် အဆုံးမတိုင်တော့မည့် ချည်ခင်တန်းသဖွယ်လည်း ဖြစ်နေသည်။

သူ၏ စိတ်ဝိညာဉ်လိပ်ပြာသည် ခင်လေး၏ ရက်ကန်းစင်ထက်တွင်ပင် နားနေပြန်ပါသည်။

ဆောင်းတစ်ည၏ လှပသော ညဥ့်ယံ၊ မသိုးသက်န်းရက်လုပ်ပူဇော်ပွဲ သဘင်တွင် ခင်လေးကို တွေ့ခဲ့ရသည်။ သူမ၏ ရက်ကန်းလက်ခတ်ကို တွန်းချည် ဆွဲချည် ပြုလုပ်နေတိုင်း၊ လွှန်းရိုက်သံ ထွက်လာပုံမှာ ဂီတသံစဉ်တစ်ခု သဖွယ် ထင်မှတ်ခံစားခဲ့ရသည်။

အတိုင်ချည်တန်းအောက်မှ နင်းဝါးတန်းထက်ရှိ ဖိနပ်မပါသော ခြေဖမိုးခုံးခုံးလေးနှင့် လုံးဝန်း ကျစ်လစ်သော ပေါင်တံများ၏ လှုပ်ရှားနေပုံကိုလည်း မှတ်မိနေသည်။

နားနောက်မှ ဆံတောက်ဖားဖားလေးများ ဝဲခါသွားအောင် ဟိုဘက်ဒီဘက် လှည့်ကြည့်လိုက်ပုံ၊ နံဘေးမှ ကြည့်လျှင် ဖောင်းမို့သောပါးနှင့် လုံး၍ စင်းပုံလှပသော နှာတံလေးထက်တွင် သနပ်ခါးဖြင့် တင်ထားပုံ၊ ကော့သော မျက်တောင်များဖြင့်ဝန်းရံ၍ တောက်ပ ဖိတ်လက်သော မျက်ဝန်းအစုံမှာ ကြယ် ရောင်ခသော ကနင်ယ်တစ်စုံနှယ်လည်း တင်စားရပုံ၊ ထူထဲသော မျက်ခုံးအထက်တွင် နဖူးပြင် တစ်ဝက်မက တိတိရိရိ ဝဲကျနေသောဆံပင်လေးများက ဖောင်းကြွနေပုံ စသည်တို့မှာ မိမိရှေ့တွင် ခုပင် မြင်နေရသကဲ့သို့ စွဲထင်နေခဲ့သည်။

မသိုးသက်န်းပြိုင်ပွဲတွင် ခင်လေး မှာ အမရပူရမြို့နယ် ကိုယ်စားပြုအဖွဲ့မှ ဖြစ်နေသည်။ ညဥ့်နက်သည့်တိုင် သူမ ရက်ကန်းစင်အနီးမှ ကြည့်နေခဲ့သောသူနှင့် ခင်လေးတို့မှာ ထိုညမှာပင် အကြည် ချင်းဆုံဖြစ်ကြသည်။ ရင်ခုန်ပုံချင်းလည်း တူမျှကြလိမ့်မည်ဟု သူ တွေးဆနေမိ သည်။

ထိုစဉ်က ညိုမင်းစံမှာ မန္တလေး မြောက်ပြင်မှာနေ၍ အိုးဘိုရပ်ရှိ တိုင်း ရင်းဆေးသိပ္ပံကျောင်းတွင် တက်ရောက် ပညာသင်ကြားနေစဉ်လည်း ဖြစ်သည်။ သူ၏နေရင်းမှာ မန္တလေးမြို့တောင်ဘက် တစ်ဆယ့်နှစ်မိုင်ဝေးသော မြစ်ငယ်မြို့ ဖြစ်သည်။ သူတို့မြို့သည် အမရပူရမြို့ နယ်ထဲမှာပဲ ဖြစ်လေ၏။

ခင်လေးမှာ သူတို့မြို့ အနောက် တောင်ဘက်တွင် ရက်ကန်းလုပ်ငန်း များစွာလုပ်ကြသည့် ရွာတစ်ရွာရွာတွင် ရှာတွေ့နိုင်လိမ့်မည်ဟု သူတွက်ဆနေ မိသည်။

"များသောအားဖြင့် ငါတို့ရွာက လူတွေ မပါသလောက်ဘဲ၊ ရေကြည် ပေါက်ရွာကချည်း မြို့နယ်ကိုယ်စားဝင် ပြိုင်တာများတယ်၊ တစ်ခုရှိတာက ဒီနှစ် တော့ ရွာကြီးထဲက ခင်လေး ဆိုတဲ့ ကောင်မလေးတစ်ယောက်ပါသွားတယ် လို့တော့ ကြားတာပဲ" ဟူ၍။





www.burmeseclassic.com

www.burmeseclassic.com

ထိုရွာများအနက် မြစ်တူးရွာတွင်နေသော ကျောင်းနေဖက် ဖြစ်ခဲ့ဖူးသူ မောင်မောင် ခေါ် ဖြူလုံးက သူ့အားပြောပြသည်။

ခင်လေးဆိုသော အမည်လေးကို ရေရွတ်ကြည့်သည်။ သူမ မျက်နှာလေးနှင့် လိုက်ဖက်သည်ဟု ခံစားရ၏။ သူမ ပါပဲဟုလည်း ယုံကြည်နေမိသည်။

"ညိုမြင်းစံကလဲ ရွာမကြီးထဲမှာ မင်းသူငယ်ချင်း မင်းမင်းသန့်ရှိနေတာပဲ၊ သူ့ဆီ သွားမေးလိုက်ရင် အလွယ်နဲ့ သိရမှာကို၊ ဘာတွေများခက်အောင် တွေးနေရတာတုံး"

မင်းမင်းသန့်မှာ ရှစ်တန်းမှ ဆယ်တန်းထိ အတန်းတူ အခန်းတူ နေဖူးသူ မိန်းကလေးသူငယ်ချင်းဖြစ်သည်။ ဆယ်တန်း ကျသောအခါ ကျောင်းဆက်မတက်တော့ဘဲ ရိုးရာရက်ကန်းလုပ်ငန်းလုပ်နေသူဟု သိထားခဲ့သည်။

"ဒါပေမဲ့ သူက မိန်းကလေး၊ ငါမမေးချင်ပါဘူး၊ မတွေ့တာတောင် သုံးနှစ် မကတော့ဘူး ထင်တာပဲ"

"မမေးချင်လဲ သွားလည်မယ်လေ၊ အိမ်ခံရှိတော့ မင်း ရှာရတာ ကွေ့ရတာပေ့ါဟ"

"ဒါဖြင့် မင်းလဲလိုက်မှ ဖြစ်မှာလေ၊ မင်းဆီလာရင်း သူ့ဆီဝင်လာတယ် ပြောတာပေ့ါ"

တကယ်တမ်းတွင် မင်းမင်းသန့်မှာ ရက်ကန်းစင်တော်တော်များများရှိသော ရက်ကန်းရုံပိုင်ရှင်၏ သမီး ဖြစ်နေခဲ့သည်။ သူမတို့ထံတွင် ရက်ကန်းလုပ်ငန်းနှင့် ပတ်သက်သော အလုပ်သမားများစွာ ရက်ကန်းခတ်နေသော ရက်ကန်းသမများစွာရှိနေခဲ့သည်။

မင်းမင်းသန့်မှာ ညိုမြင်းစံကို တွေ့ရလျှင် အံ့ဩနေသည်။ သူမထံ လာလည်သည်ဟု ယုံမှတ်ကာ ဝမ်းသာပျော်ရွှင်နေခဲ့သည်။ ညိုမြင်းစံမှာ ခင်လေးနှင့်ပတ်သက်သော စကားအစအနကိုယ်တိုင်လည်းမဟ၊ ဖြူလုံးအားလည်း လုံးဝ ပိတ်ပင်ထားသည်။

သူ မင်းမင်းသန့်နှင့် စကားစမြည်ပြောနေစဉ် ဖြူလုံးက မယောင်မလည်ထွက်သွားခဲ့သည်။ မင်းမင်းသန့်မှာ သူ့မိသားစုများနှင့်ပင် မိတ်ဖွဲ့ပေးနေသေးသည်။ အဆင်သင့် ရှိနေဟန်တူသော သစ်သီးသစ်နှံ အချိုအချဉ်ပွဲတို့ဖြင့် ဧည့်ဝတ်ပြုရှာသည်။ အတန်ကြာမှ ဖြူလုံးပြန်ရောက်လာသည်။ သူ့အားမျက်ရိပ်မျက်ခြည်ဖြင့် ပြန်ကြဖို့ရန် အချက်ပြ၏။ သူလည်း မင်းမင်းသန့်နှင့် မိသားစုအချို့အား နှုတ်ဆက်သည်။

"တစ်လ တစ်ခေါက် နှစ်ခေါက်ပြန်လာဖြစ်တယ်ဆိုရင်လဲ ရွာထိအောင်လာခဲ့လိုက်ပါလား အစ်ကိုမင်းစံ၊ အဘိုးနဲ့ အဘွားက မြန်မာဆေးပဲအားထားပြီးသုံးကြတာ၊ တစ်အိမ်လုံးလဲ သုံးတာပါပဲလေ၊ အစ်ကိုမင်းစံက သိတဲ့သူဆိုတော့ ပြောပြလို့ ရတာပေ့ါ၊ ရွာရောက်မှ ထမင်းစားလဲ ဖြစ်တာပဲဟာ၊ လာမယ်မို့လားဟင်"

မင်းမင်းသန့်က ခြံဝထိ လိုက်ပို့ရင်း ပြောနေသည်။ ကိုယ့်အကြံနှင့်ကိုယ်မို့ သူကလည်း အလွယ်တကူ ကတိပေးလိုက်သည်။

အပြန်လမ်းတွင်. . .

"ဟုတ်တာတော့ သေချာသွားပြီ ညိုမြင်းစံ၊ ငါကလဲ ကြားရုံပဲကြားထားတာဆိုတော့ ပိုပြီးသေချာအောင် ခင်လေးတို့အိမ်အထိ သွားမေးလိုက်တာ၊ သူတို့အိမ်က မင်းမင်းသန့်တို့ ခြံနဲ့ဆိုသုံးဝိုင်းနဲ့ လမ်းပဲခြားတာ၊ သူတို့ကလဲ ခြံနဲ့ဝိုင်းနဲ့ပဲ ကျဉ်းတော့ ကျဉ်းတာပေ့ါ"

"မင်း အဲဒီအိမ်ကိုသွားတာပေ့ါ"

"အဲဒီသွားတာလေ၊ ငါတို့က ရွာခြားတယ်ဆိုပေမယ့် အိမ်တွေက တစ်ဆက်တည်းလိုဆိုတော့ ဒီမှာက သိတဲ့သူ များပါတယ်၊ ခင်လေးမှာက အဖေမရှိတော့ဘူး၊ သူ့အမေရယ် မျက်စိမမြင်တဲ့ အဘွားရယ်၊ ကျောင်းတက်နေတဲ့ သူ့မောင်လေးရယ်ပဲ ရှိကြတာ"

"ခင်လေးက ရက်ကန်းပဲ ခတ်တာပေ့ါ၊ အခု သူနဲ့ တွေ့ခဲ့ရတာလား"

"တွေ့ခဲ့တယ်၊ တို့ဆီကတော့ ရက်ကန်းခတ်ကြတာများတယ်၊ တချို့ယောကျာ်းသားတွေထဲကတော့ မင်းတို့မြစ်ငယ် မီးရထားတွဲဆောက်တဲ့ စက်ရုံမှာ လုပ်တဲ့သူတွေလဲ ရှိတော့ရှိပါတယ်"

သူတွေ့ခဲ့ရသော ခင်လေး၏ သဏ္ဌာန်ကိုပြောပြ၍ အခုတွေ့သော ခင်လေးပုံသဏ္ဌာန်နှင့် ကိုက်၊ မကိုက် တိုက်ဆိုင်မေးကြည့်နေသည်။

"ဟုတ်ပါတယ်ကွာ လွဲစရာမရှိပါဘူး" ဟူ၍ ဖြူလုံးက ပြောပြသည်။ ကြားရုံနှင့်ပင် သူ့မှာ စိတ်လှုပ်ရှားပြီး ရင်ခုန်နေရပြန်သည်။ ထိုနေ့က သူသိလိုသမျှ သိနိုင်သလောက် မေးခဲ့သည်။ ကိုယ်တိုင် လူကိုမတွေ့ရသေးသဖြင့် မယုံမရဲလည်း ဖြစ်နေသည်။

ထိုသို့ဖြင့် ခင်လေးနှင့် တွေ့ဆုံမိခြင်းမရှိသေးမီထိ မင်းမင်းသန့်အိမ်သို့ အလည်အပတ်ဟန်ဖြင့် ရောက်နေခဲ့ရသည်။ သူမ၏ အဘိုးအဘွား၊ အမေကြီး၊ အဖေကြီး စသည်တို့နှင့်လည်း ဓာတ်စာများအကြောင်း၊ ဆေးဝါးများအကြောင်း အလိုက်အထိုက် ပြောပြပေးရသည်။ အဘိညာဉ် သွေးဆေး၊ အစာကြေစေသောဆေးဝါးအချို့ လက်ဆောင်အဖြစ် ပေးခဲ့သည်။ မင်းမင်းသန့်မှာ သူလာလျှင် ဂရုတစိုက် ဧည့်ဝတ်ပြုသည်။ မိသားစုဝင်များနှင့်လည်း ရင်းနှီးလာခဲ့သည်။

နောက်တစ်လ ပထမပတ်တွင်မူ သူ မင်းမင်းသန့်တို့အိမ်ရှေ့ ဒန်းစင်ပေါ်တွင်ထိုင်နေခဲ့စဉ် ကုန်ကြမ်းချည်ခင်များလာယူသော ခင်လေးနှင့် ဆုံတွေ့ရလေသည်။ ခင်လေးမှာ သူ့ကို မြင်လျှင်မြင်ချင်းပင် မှတ်မိပုံရသည်။ အံ့ဩသွားဟန်ရှိသော်လည်း ချက်ချင်းပင် သူ့ကို ပြုံးပြသည်။

"အိမ်ကိုလဲ လာလည်ဦးလေ" နှင့် ခေါ်ဝံ့ပုံကြောင့် သူလည်း အံ့ဩနေရသည်။

ဝမ်းသာလွန်းသော စိတ်တို့ဖြင့် နှုတ်မှပင် မဖြေနိုင်ပါ။ တုံ့ပြန်ပြုံးပြရင်း



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းကိုသာ တဆတ်ဆတ်ညိတ်ပြမိသည်။

ခင်လေးမှာ ပြောပြီး လှစ်ခနဲ ထွက်သွား၏။ သူ့မှာ တဒင်္ဂအဖြစ်အပျက်ပေါ် ယုံပင်မယုံချင်၊ အိပ်မက်မက်လိုက်သည့်နှယ်ပင် ထင်ရ၏။

သို့သော် ထိုအတိုင်းမှာ အမှန်ပင် ဖြစ်သည်။

"ရွာသဘာဝကတော့ ဒီလိုပဲ ဧည့်သည်ခင်တာ ထုံးစံပဲ၊ ဒါပေမဲ့ ဒါ့ကြောင့်ချည်းတော့ မဟုတ်ပါဘူး၊ မင်းနဲ့သူ တစ်ခါမှတောင် စကားပြောဖူးသေးတာမှ မဟုတ်တာ၊ သူလဲ မင်းကို စိတ်ဝင်စားမှုရှိလို့သာ ခုချိန်ထိ မှတ်မိနေတာပဲ ဖြစ်မယ်၊ သူ့ရွာမှာဆိုတော့ ခေါ်ရတာပေါ့၊ ကဲ ဒါဆို မင်းကို ငါ လိုက်ပို့ပေးမယ်၊ သွားမှာလား"

ထိုအခေါက်မှာမူ သူ ကိုယ်ရှိန်သတ်ကာ မင်းမင်းသန့်တို့အိမ်မှပဲ လှည့်ပြန်ခဲ့သည်။ နောက်အခေါက်မှစ၍ ခင်လေးတို့အိမ်မှာလည်း သူ အဆင်ပြေစွာ ဝင်ထွက်ခွင့်ရလာခဲ့သည်။

မန္တလေးမြောက်ပြင်ရှိ ဦးလေးဖြစ်သူ အိမ်မှ ကျောင်းတက်နေသော သူသည် ယခင်ကမူ မန္တလေးမှာပင် အဆောင်နေ သူငယ်ချင်းများနှင့်သာ ပျော်နေသူဖြစ်သည်။ တစ်လတစ်ခေါက် ပြန်ဖို့ပင် သတိရသူ မဟုတ်။ ယခုမူ ရက်သတ္တပတ်လျှင် တစ်ခေါက်နှုန်း ပြန်လာခဲ့သည်။ အိမ်မှတစ်ဆင့် ခင်လေးတို့ရွာသို့ စက်ဘီးဖြင့် သွားရသည်။

သူလာလျှင် ခင်လေးမှာ ချည်ချခြင်း၊ ရက်ဖောက်ယောက်ခြင်းစသော ရက်ကန်းနှင့်ဆိုင်ရာ လုပ်ငန်းတစ်ခုခု



လုပ်ရင်း ဧည့်ခံစကားပြောတတ်သည်။ သူ့အားလည်း လက်ဖက်ပွဲ၊ ရေနွေးကြမ်းစသဖြင့် တည်ခင်းကျွေးမွေးတတ်သည်။ ရံခါမူ နှစ်ဦးတည်း လွတ်လပ်စွာပြောဆိုနေနိုင်သော အခါများလည်း ကြုံကြိုက်ခဲ့သည်။

သို့သော် ညိုမင်းစံမှာ ခင်လေးကို ချစ်နေကြောင်း၊ စကားဖြင့်လည်း မပြော စာဖြင့်လည်း အသိမပေးသေးဘဲ ရှိနေခဲ့သည်။ ခင်လေးကမူ ဟန်ဆောင်မှုမရှိ ခင်မင်တွယ်တာပုံဖြင့် နေပြခဲ့သည်။ ရင်းနှီးပွင့်လင်းစွာ ဆက်ဆံပြောဆိုခဲ့သည်။ စကားထာဝှက်ခြင်း၊ စကားပုံပြောပြခြင်းဖြင့်လည်း နှစ်ဦးကြား မသွေ့မခြောက်ရအောင် ဖန်တီးပေးတတ်သည်။

"မရွှေဝါ ကိုယ်တော့်တွေ့ခါမှ ဖြူမွေ့သည့် သူ့ခန္ဓာ၊ ပျက်ကြွေရရှာတဲ့ အဲဒါ ဘာကို ပြောတာတုံး သိလား အစ်ကို"

ဟူ၍ ခင်လေးက မေးလျှင် ဘယ်လိုပင် စဉ်းစား စဉ်းစား အဖြေမရနိုင်ဘဲ ဖြစ်နေခဲ့သည်။

"အစ်ကိုမင်းစံကလဲ၊ ဖယောင်းတိုင်နဲ့ မီးကိုပြောတာ ဥစ္စာ၊ ဒါလေးတောင် မသိဘူးတဲ့၊ လွတ် အ,တာပဲ တော့"

ခင်လေးမှာ သူ မဖြေနိုင်ပုံကို သဘောကျနေသည်။

"ဘာဆိုင်လို့လဲ"

"ဟောတော် ဆိုင်တာပေါ့၊ ဖြူမွေ့သည့် သူ့ခန္ဓာဆိုတာ ဖယောင်းတိုင်လေ၊ မီးနဲ့တွေ့တော့ ကုန်သွားတာကို ပြောတာ" ဟူ၍ ပြောပြီး နားဝေတိမ်တောင်ဖြစ်နေသော သူ့ပုံကို ကြည့်ကာ ရယ်နေသည်။

ခင်လေးမှာ စကားပြောလျှင် အသံမှာ အောရှရှလေးနှင့်ဖြစ်သည်။ တစ်စုံတစ်ရာကို သဘောကျ၍ ရယ်လိုက်လျှင်မူ ထိုရယ်သံလွင်လွင်လေးမှာ အရွယ်စုံဆွဲလှည်းတစ်ရာကို လှုပ်ခတ်လိုက်သည်ထက် သာယာနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

နတ်ပေါင်းတစ်ထောင်၏ စောင်းကြိုးခတ်သံထက်လည်း ပို၍ နားထောင်ကောင်းနေခဲ့သည်။

"ဒါဖြင့် ကျူပင်ကြို ကျူပင်ကြား လောင်းလှေလေးနဲ့သွား ဆိုတာကိုရော" စသဖြင့် စကားထာများစွာ စကားပုံများစွာကို မေးချည်ဖြေချည်နှင့် သူ့အား သင်ပေးနေသကဲ့သို့လည်း ဖြစ်သည်။

"ရက်ကန်းစင်က လွန်းကို ပြောတာ အစ်ကိုမင်းစံရဲ့၊ ဟောဒီမယ် လာကြည့်လှည့်ပါလား၊ ချည်နှစ်ထပ်ကြားမှာ ပြေးနေတာ"

♥♥♥

တစ်နေ့ အိမ်က ထွက်၍ ရွာဘက်သို့ သွားရန်ပြင်နေစဉ် သူ့အမေက မေးလာသည်။

"အဲဒီရွာမှာ မင်း သဘောကျတဲ့ မိန်းကလေး တွေ့နေလို့လား သားကြီး၊ အရင်ကဆို တစ်နှစ်တစ်ခေါက်တောင် ကျောင်းပိတ်ရက်မှ ပြန်လာချင်တဲ့သူက ခုဆိုရင် တစ်ပတ်တစ်ခေါက်ပုံကိုမှန်လို့၊ ပြန်လာတော့လဲ အိမ်မှာ နွေးအောင်တောင် မထိုင်ရသေးဘူး အနောက်ရွာတွေဆီပဲ တန်းပြေးတော့တာပဲ၊ ဟုတ်တယ်မို့လား"

"မဟုတ်ပါဘူး အမေ၊ သူငယ်ချင်းရှိလို့ပါ"

ထိုအဖြေကို သူ့မိခင် မယုံမှာ သိသော်လည်း သူ ထွက်လာခဲ့သည်။ မိဘနှင့် ထိုစကားမျိုးများ သူ ပြောမထွက်တတ်။ မျက်နှာလည်း မထားတတ်ချေ။ တကယ်တမ်းတွင် သူ့စကားမှာ မုသားမထိုက်သေးသော ကာလလည်း ဖြစ်သည်။ ခင်လေးနှင့်သူမှာ ပွင့်လင်းသော ချစ်သူဘဝ ရောက်ကြသေးသော အခါမဟုတ်။ ဖွင့်မပြောရသေးသော်လည်း သိနားလည်ထားနှင့်မည်ဟု တော့ သူယုံကြည်နေမိသည်။

အဘယ့်ကြောင့်ဆိုသော်. . .

အသံမဲ့သော စကားများကို နားမပါသော ရင်က ကြားတတ်ပါသည်။ စကားအက္ခရာ မပါသော်လည်း မျက်ဝန်းချင်း အကြည့်ဖြင့်ပင် ဆိုချင်သော စကား၊ ပြောလိုသော သဘောနှင့် ဖွင့်ဆိုလိုသော အဓိပ္ပာယ်အသချေ်ကို နှလုံးသားက သိတတ်ကြပါသည်။ အချစ်သည် နှုတ်ခမ်းမဖွင့်ရပါဘဲ တစ်ဖက်လူ ရင်ထဲသို့ ရောက်စေစွမ်းပါသည်။

အချစ်သည် ဘာသာစကား၊ အက္ခရာဝါကျ၊ အသံ စသည်တို့၌ မှီရပ်ဖြစ်တည်အားထားတတ်သော သဘော မဟုတ်။ ဤသို့ပင် ယုံမှတ်နေခဲ့သူလည်း ဖြစ်သည်။ညိုမင်းစံ၏ ဖခင်မှာ သူတို့မြို့လေးရှိ ရထားတွဲ တည်ဆောက်ရေး စက်ရုံတွင် အုပ်ချုပ်ရေးပိုင်းမှ အမှုထမ်းရသော အရာရှိတစ်ဦးဖြစ်သည်။ မြစ်ငယ်မြို့သည်ပင် ဝန်ထမ်းမြို့သက်သက် ပုံစံဖြစ်သည်။ ဝန်ထမ်းအများစုနေထိုင်ရာမြို့လည်းဖြစ်သည်။ မြို့ပတ်ပတ်လည် ရွာများမှ ရွာသားအချို့သည်လည်း စက်ရုံဝန်ထမ်းအဖြစ် လာရောက် လုပ်ကိုင်သူများရှိကြလေသည်။ ထို့ကြောင့် သူ့မိဘများ၏ ဩဇာသက်ရောက်မှု လက်တံမှာ ရှည်လျားသင့်သမျှ ရှည်လျားသော သဘောရှိသည်။ သူတို့ ကိုယ်စား နားမျက်စိများစွာရှိနေခဲ့သည်။

ထိုအခါ ခင်လေးတို့ရွာတွင် သူ ဝင်ထွက်သွားလာနေပုံနှင့် ပတ်သက်၍ သတင်းအစုံအလင်ကို သူ့မိဘများသိလို သလောက် တိတိကျကျသိနိုင်စွမ်းသည်။ ရွာတွင် ညိုမင်းစံ ရက်ကန်းရုံပိုင်ရှင်၏ သမီး' မင်းမင်းသန့်ထံ အဝင်အထွက် ရှိပုံ၊ ထို့အတူ ရက်ကန်းသမလေး ခင်လေးထံသို့လည်း အဝင်အထွက်ရှိနေပုံ စသည်တို့မှာ သူ့မိဘများထံ သတင်း ရောက်နေခဲ့သည်။

"ငါ့သားက ဘယ်သူနဲ့ ပိုရင်းနှီး နေတာလဲ၊ အဲဒီ ရက်ကန်းသမလေးနဲ့ ငြိစွန်းနေတဲ့ သဘောလား" စသဖြင့် သူ့မိခင်က စုံစမ်းနေခဲ့သည်။

"အဲဒီလိုတော့ မဖြစ်သေးဘူးလို့ ထင်ပါတယ် ဆရာကတော်၊ နှစ်အိမ် စလုံးကို ဝင်ထွက်နေတာ မြင်ရပေမယ့်

မရွှေဝါ ကိုယ်တော်တွေ့ခါမှ
ဖြူမွေ့သည့် သူ့ခန္ဓာ၊
ပျက်ကြွေရရှာတဲ့၊
အဲဒါ ဘာကို ပြောတာတုံး
သိလား အစ်ကို

တစ်ယောက်ယောက်နဲ့ ဟိုဟိုဒီဒီသွား တာတို့၊ ချိန်းချက်တွေ့ကြတယ်လို့တော့ မမြင်မိသေးပါဘူး"

"အေးလေ၊ ဒါဖြင့်လဲ မီးဆိုတာ မလောင်ခင်တားရတာမျိုးမို့လား၊ သူ မင်းမင်းသန့်နဲ့ ဟိုကလေးမ ဘယ်သူ့ကို စိတ်ဝင်စားနေတယ်ဆိုတာ စောင့်ကြည့် နေမယ့်အစား၊ မင်းမင်းသန့်နဲ့ သူ့မိဘ တွေကို သွားတွေ့ပြီး တီးခေါက်ကြည့် မယ်၊ သူတို့ဘက်က အခြေအနေပေးရင် လဲ စီစဉ်စရာရှိတာ စီစဉ်ပေးလိုက်တာ ပေါ့ မဟုတ်ဘူးလား"

♥♥♥

ကျော်လွန်ခဲ့ပြီဖြစ်သော ဖြစ်စဉ် စာမျက်နှာများကို ပြန်လှန်သုံးသပ်မိလျှင် သူ၏ အားနည်းချက်များကိုသာ တွေ့ မြင်နေရသည်။ အတွေးအယူတို့ လွဲမှား နေခဲ့သည်။ မှန်းဆသော ကောက်ချက် များ လွဲချော်နေခဲ့သည်။ ရင်ဆိုင်ဖြေရှင်း ဝံ့သော သတ္တိများနည်းပါးခဲ့သည်။ မလို အပ်ဘဲ အားနာနေခဲ့မိသော ပျော့ညံ့ ချက်မှာ ဘဝတစ်ခုလုံးကို လမ်းကြောင်း သွေဖည်ကုန်ခဲ့သည်။

ထုံးစံအတိုင်း ကျောင်းပိတ်ရက် တွင် သူပြန်လာခဲ့သော တစ်နေ့တွင် ဖြစ် လေသည်။ ရေမိုးချိုးအဝတ်အစားလဲ လှယ်ပြီး စက်ဘီးကလေးကို ထုတ်ယူ နေစဉ်လည်း ဖြစ်သည်။ သူ့ အမေက ပြီးခဲ့သည့်ရက်က မင်းမင်းသန့်တို့ အိမ် သွားခဲ့ကြောင်း စ၍ပြောသည်။ ထို့သို့





www.burmeseclassic.com

www.burmeseclassic.com

သွားရင်း မင်းမင်းသန့်နှင့် သူ့အား လက်ထပ်ပေးရန် ကြောင်းလမ်းခဲ့ကြောင်းများ ပြောပြသည်။

စကားဆုံးဆုံးချင်း သူ့တစ်ကိုယ်လုံး ရေခဲသွားသလို အေးစက်တောင့်တင်းသွားခဲ့သည်။

နေရာတွင်ပင် ကျောက်ရုပ်ဖြစ်သွားသကဲ့သို့လည်း ဖြစ်သည်။

"ဟင် အမေတို့ကလဲ ကျွန်တော့်လဲ မမေးမမြန်းဘဲနဲ့"

"အေးလေ ခုလိုပေါ့၊ ငါ့သား အံ့ဩသွား ဝမ်းသာသွားရအောင်လို့ပေါ့၊ ခုဟာက သူ့အမေနဲ့ကလဲ လူရင်းလို ဖြစ်နေတာဆိုတော့ တစ်ခါတည်း စကားကြောင်းခဲ့လိုက်တာ၊ နောက်တစ်ပတ်လောက်မှာတော့ ငါ့သားရော အမေတို့ပါ စုံစုံလင်လင် သွားရလိမ့်မယ်၊ ကိုယ့်သားသမီးက ဒီလောက်ဝင်ထွက်နေတာဆိုတော့ တစ်ဖက်ကမိန်းကလေးရှင်ဘက်လဲထည့်တွက်ရတယ်လေ၊ဟုတ်တယ်မို့လား၊ ပြီးတော့ ရွာဆိုတာက မြို့လို ဘာသိဘာသာ နေတတ်ကြတာမဟုတ်ဘူး၊ ပတ်ဝန်းကျင်က မျက်လုံးအမျိုးမျိုးနဲ့ ကြည့်နေမှာ၊ ခုလို လူကြီးဝင်ထားတယ်ဆိုတော့ ငါ့သားလဲ ဝင်ရထွက်ရတာ တင့်တယ်သွားပြီ၊ မလိုတမာပြောလာမယ့်သူလဲ မရှိတော့ဘူးပေါ့၊ သဘောပေါက်လား"

ရုတ်တရက် ● လည်နေသော ကမ္ဘာကြီး ရပ်တန့်သွားလျှင် မည်ကဲ့သို့ ဖြစ်သွားမည်နည်း။ ဒါကို သူ မမှန်းဆတတ်၊ သူ၏ နှလုံးခုန်ခြင်းသည်လည်း ကောင်း၊ သွေးလှည့်ပတ်မှုသည်လည်းကောင်း(သို့မဟုတ်)ဇီဝကမ္မဖြစ်စဉ်တစ်ခုလုံးသည်လည်းကောင်း ရပ်တန့်သွားသည်ဟု ခံစားလိုက်ရသည်။ ရုတ်တရက်ဖြစ်သဖြင့် အသည်းနှလုံးတို့မှာ ကပြောင်းကပြန်ဖြစ်ကုန်သကဲ့သို့ ထင်ရသည်။

သူမှတ်မိသလောက်မှာ သူနှင့် မင်းမင်းသန့်မှာ သူငယ်ချင်းဖြစ်ကြောင်း၊ ခင်လေးကိုသာ သူ သံယောဇဉ်ဖြစ်နေကြောင်း၊ အားနာချင်း နာရမည်ဆိုလျှင် ခင်လေးကို အားနာရမှာဖြစ်ကြောင်း၊ ဝရုန်းသုန်းကား ရှင်းပြနေခဲ့သည်။ သို့သော် မိဘအပေါ် ဒေါသတကြီး အော်ဟစ်ပြောဆိုလေ့ မရှိခဲ့ဖူးသလို ထိုသို့ ပြောဆိုခြင်း မပြုအပ်ဟူသော အသိစိတ်ဖြင့် ရွာသို့သွားမည့် အစီအစဉ်ကို ဖျက်ကာ မန္တလေးသို့ လှည့်ပြန်လာခဲ့သည်။

"ဒါပေမဲ့ ငါ့သားရယ်၊ ခင်လေးအပေါ် မင်းစကားလွှန်မထားသေးဘူးမို့လား၊ မင်းမင်းသန့်လေးကလဲ လှရှာသားပဲ၊ သူနဲ့ရော သူ့အမေနဲ့ရော အမေကတော့စကားလွှန်ခဲ့ပြီ၊ ပြီးတော့ အမေကလဲ အရမ်းစီစဉ်လိုက်တာမှ မဟုတ်တာ၊ မင်းမင်းသန့်ရဲ့သဘောကိုမေးပြီးမှ သူ့အမေနဲ့ ပြောကြဆိုကြတာလေ"

သူ အမေကို ပြန်လည်ဆန့်ကျင်ပြောဆိုနေစဉ် ထိုစကား၏ ထိုးနှက်ချက်မှာ သူ့အသံကို တိတ်သွားစေခဲ့သည်။ အခြေမှ ဖြတ်ရိုက်ချခံလိုက်ရသလိုလည်း ပုံလဲစေသည်။

"အမေကလဲ မင်းတို့ချင်း သံယောဇဉ်ရှိနေကြလို့သာ မင်းမင်းသန့်က ခေါင်းညိတ်တယ်ထင်တာပေါ့၊ အမေ့ကိုတောင် အမေလို့ခေါ်တာကွဲ့၊ ဒီကလေးမ တကယ့်ကို လိမ္မာရေးခြားရှိပုံပါပဲ၊ ငါ့သား စိတ်ချမ်းသာရမှာပါ"

ထိုစကားများအရ သူ့မိခင်သည် မင်းမင်းသန့်နှင့် သူ့အား ချစ်သူများဟု လွဲမှားစွာယူဆပြီး သွေးရိုးသားရိုးစီစဉ်ခဲ့ခြင်းလားဟု ထင်နေပြန်သည်။

ခင်လေးနှင့်သူ့အား ငြိစွန်းမည်စိုးသောကြောင့် သိသိနှင့် တမင်ဖန်တီးလိုက်သည်ဟု ယူဆရန် တွေဝေစေခဲ့သည်။

အမေနှင့် ပြဿနာဖြစ်ပြီး ပြန်လာခဲ့သော နေ့မှစ၍ မန္တလေးမှ မြစ်ငယ်သို့ တစ်လလုံးလုံး မပြန်တော့ဘဲနေခဲ့သည်။ ပြန်သွားခဲ့လျှင် လူကြီးစုံရာနှင့် မင်းမင်းသန့်တို့ အိမ်သွားရန်မှာ မည်သို့မှ မဖြစ်နိုင်။ အမေက ဘယ်လိုမေး၍ မင်းမင်းသန့်က ခေါင်းညိတ်ရကြောင်းလည်း မစဉ်းစားတတ်အောင်ဖြစ်နေရသည်။ မင်းမင်းသန့် သူ့အပေါ် ဤသို့သဘောထားရှိမည်ဟု ထင်ပင် မထင်ဆမိ။ အရိပ်အယောင်လည်း တစ်ရံတစ်ခါမှ သတိမပြုမိ။

ကျောင်းတက်ရင်းနှင့် သူနှင့် ခင်လေး အရေးကို မည်သို့ လုပ်ရမည်နည်းဟုသာ အဖြေရှာနေခဲ့သည်။

အစဉ်အတိုင်း စဉ်းစားလျှင် ခင်လေးကို သူချစ်နေကြောင်း ဖွင့်ပြောရမည်။ သူ့အချစ်ကို ခင်လေး လက်ခံမှာပဲဟု တွေးဆနေမိသည်။ လက်ခံခဲ့လျှင် အခြေအနေအရပ်ရပ်ကို ရှင်းပြ၍ ရုံးတက် လက်မှတ်ထိုးလိုက်ကြမည်။ ထိုသို့ဆိုလျှင် မည်သူမှလည်း ဖျက်၍မဖြစ်နိုင်တော့။ သူသည် စိတ်ကူးကို ခိုင်မာစွာတည်ဆောက်ပြီးချိန်တွင် အရာရာချောမွေ့ အဆင်ပြေလိမ့်မည်ဟု ယုံကြည်လာသည်။ ပြဿနာတစ်ရပ်ကို ရင်ဆိုင်ဖြေရှင်းလိုက်ဖို့ အားသစ်တွေ ရရှိလာနေသည်။ တွေးရင်းပင် ခင်လေးကို အောက်မေ့သတိရလာနေသည်။ တွေ့ချင်လာနေသည်။

ထိုလ၏ စနေ၊ တနင်္ဂနွေပိတ်ရက်တွင် သူမြစ်ငယ်ရှိအိမ်သို့ ပြန်လာခဲ့သည်။ ရေမိုးချိုး အဝတ်အစားလဲပြီးစဉ် သူ့အမေ ရောက်လာပြန်သည်။

သူတို့ မင်းမင်းသန့်တို့အိမ် တစ်ခေါက် ထပ်သွားခဲ့ရကြောင်း၊ သား ပြန်မလာနိုင်သည်ကိုလည်း အကျိုးသင့်အကြောင်းသင့် ပြောပြထားခဲ့ကြောင်း၊ ကျောင်းစာများ အရေးကြီးနေသောအခါမို့ ပြန်ခွင့်မရ၍ မရောက်လာနိုင်ပုံမျိုး ပြောပြထားခဲ့ကြောင်း၊ ယခုသွားလျှင် ထိုအတိုင်းဖြေခဲ့ရန်နှင့် အမေတို့လာခဲ့ဦးမည့်အကြောင်း၊ သာကြောင်းမာကြောင်း မေးလိုက်ပါကြောင်းတို့ကို တစ်ဆင့်ပြောပြဖို့ စကားသင်နေသည်။ ညိုမင်းစံမှာ တစ်စုံတစ်ရာ မတုံ့ပြန်၊ ခေါင်းလည်း မညိတ်ဘဲ စက်ဘီးကိုယူ၍ ထွက်လာခဲ့သည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

ခက်သည်မှာ မင်းမင်းသန့်တို့ ခြံကြီးရှေ့မှ မဖြတ်ပါဘဲ ခင်လေးတို့အိမ် သွား၍မရချေ။ ခြံတွင်းရှိ လူပေါင်းများစွာ၏ မျက်လုံးပေါင်းများစွာသည် မိမိအား မမြင်ဘဲ နေမှာမဟုတ်ဟု သိနေသည်။ သူ့စိတ်သည် ထိုသို့ကျော်ဖြတ်၍ မသိယောင်ပြုသွားရန်လည်း ဝန်လေးနေသည်။ ဤအခြေအနေကို ဖြေရှင်းရန်လည်း ကြိုတင်မစဉ်းစားခဲ့ရ။

စသိကတည်းက မိမိအပေါ် ကောင်းခဲ့သော သူမတို့မိသားစုအပေါ် အားနာစိတ်ကလည်း ဖိစီးနေခဲ့သည်။ တကယ်ဆိုလျှင် ယောကျ်ားလေးရှင်က ပြောလာဆိုလာသဖြင့် သူတို့က လက်ခံရခြင်းမို့လားနှင့်တွေးကာ ထွေပြားလာနေသည်။ ခြံအနားရောက်လာလျှင် ခဏတော့ ဝင်မြဲတိုင်း ဝင်လိုက်မည်ဟု ဆုံးဖြတ်လိုက်၏။ ဟန်မပျက်ပင် မင်းမင်းသန့်တို့ ခြံထဲသို့ ဝင်လာခဲ့သည်။ သူ ခြံဝမှာ ခြေလှမ်းချသည်နှင့် မျက်နှာသိ အလုပ်သမားများမှစ၍ လှိုက်လှိုက်လှဲလှဲ ဆူဆူညံညံ ပြောဆိုနှုတ်ဆက်ကြသည်။ တစ်ယောက်ယောက်က စက်ဘီးကို ပြေးယူသည်။ ကြိုဆိုကြသည်။ သူ တစ်လလုံးလုံး မလာရောက်ခဲ့ပုံကို မင်းမင်းသန့် အစ်မများက ဝိုင်းမေးကြသည်။ အပြစ်တင်ဟန် ပြုကြသည်။ တချို့က ရှက်နေလို့လားနှင့် ဝိုင်း၍ ကျီစယ်ကြသည်။

သူမ မိဘများကလည်း ညီမင်းစံအား သမီးဖြစ်သူ မင်းမင်းသန့်နှင့်အတူ ခေါ်ယူတွေ့ဆုံသည်။ သူတို့မှာ ပုံမှန် ဖြစ်ရိုးဖြစ်စဉ်အတိုင်းဟု ယုံမှတ်စိတ်ဖြင့် ပြောနေ ကြသည်ဟု သူ ခံစားမိသည်။ လူကြီးများ၏ အရှိန်အဝါ၊ ပြေပြစ်ချိုသာစွာ ပြောဆို ဆက်ဆံနေမှု နွေးထွေးစွာလိုက်လျောမှု ပေးနေပုံတို့ကြောင့် အားတုံ့အားနာဖြင့် နားထောင် ခေါင်းညိတ် လုပ်နေရပြန်သည်။ ငြင်းဆန်ကန့်ကွက်လိုသော စကားများသည် ရင်ထဲ၌ပင် ချည့်နဲ့ ယိုင်လဲနေကြသည်။ လူတိုင်းနီးပါး၏ အကြည့်သည် သူ့အပေါ်မှာပဲ စုပြုံရောက်ရှိနေသကဲ့သို့လည်း ခံစားနေရသည်။

နှုတ်ဆက်ယောက်တည်း ကျန်ရစ်ခဲ့ချိန်တွင် မင်းမင်းသန့်က. . .

"လူကြီးတွေ ရှေ့ကျတော့ သူမဟုတ်သလိုဘဲ ငြိမ်ကုပ်နေတာပဲ" နှင့် စ၍ပြောသည်။

"ဘာဖြစ်လို့ သန့်ကိုတောင် အရင်အသိပေးဖော်မရဘဲနဲ့ လူကြီးတွေကို လာပြောခိုင်းရတာလဲ၊ အစ်ကိုမင်းစံကတော့ မလွယ်ဘူး သိလား၊ ကြည့်တော့ ရိုးပုံရိုးပန်းနဲ့ လူကို အပိုင်ချည်လိုက်တာပေါ့နော်" ဟုမကျေနပ်ယောင်ပြု၍ ပြောနေသည်။ အခေါ်အပြော အသုံးအနှုန်းတွေပါ ပြောင်းလဲသွားသဖြင့် သူမှာ ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်နေသည်။

"ဟင်းနော် သန့်ကို အရင်မပြောဘဲနဲ့ လူကြီးတွေ လွှတ်ပြောခိုင်းတော့ ဟုတ်လားဆိုပြီး ဝိုင်းမေးခံရတုန်းကများ ရှက်လိုက်တာ သိလား၊ အံ့လဲသြနေတာ၊ ရုတ်တရက်ကြီးဆိုတော့ ဘယ်လိုဖြေရမှန်းကို မသိဘူး၊ အဲဒါ ရှက်ရှက်နဲ့ မဟုတ်ပါဘူး၊ ကျွန်မတို့က ရိုးရိုးခင်တာပါလို့ ဖြေလိုက်ဖို့ စိတ်ကူးသေးတယ်ရယ် သူ့ကို သနားလို့မှတ်"

မင်းမင်းသန့်မှာ ပြုံးရိပ်ရိပ်နှင့် သိမ်သိမ်မွေ့မွေ့လေးပြောနေသော်လည်း ပျော်ရွှင်နေပုံမှာ အပြင်ပန်း အမူအယာ ထက်မကကြောင်း သိသာနေသည်။

ညီမင်းစံမှာ ခင်လေးနှင့်တွေ့ပြီး ဆုံးဖြတ်လာခဲ့သည့်အတိုင်း ပြောဆိုတိုင်ပင်ရန် တွေးတောတည်ဆောက်ခဲ့သည်များမှာ ပျက်စီးပြိုလဲကုန်ကြသည်။ မင်းမင်းသန့်နှင့် သူ့အစ်မတွေ၏ ညနေစာကျွေးခြင်း၊ ထမင်းစားပြီး အချိုပွဲနှင့် ဧည့်ခံကြခြင်း၊ စာမေးပွဲကိစ္စ၊ ကျောင်းကိစ္စများ မေးကြရင်းနှင့် အချိန်မှာ ကုန်လိုက်လာနေသည်။ ထိုနေ့အတွက်မူ ခေါင်းငိုက်စိုက် ချ၍ လာလမ်းအတိုင်း ပြန်ခဲ့ရလေ သည်။

♥♥♥

ချောင်းကြီးဟု ခေါ်သော်လည်း ရေမရှိသောချောင်းကောကြီးဖြစ်သည်။ အများသုံးရေတွင်း နံဘေးမှ လမ်းကလေးအတိုင်း ဖြတ်လျှောက်လာခဲ့လျှင် ချောင်းကြီးအထက်ကုန်းမြေမြင့်ပေါ်ရောက်လာခဲ့သည်။ ချောင်းကောကြီး၏ခြေဆင်းတောင်တွင် ဝါးရုံတောကြီးရှိနေသည်။ သည်ဘက်အစပ်မှာမူ စက်ကဒုံးပင်ကြီးက ရှိနေသည်။ ခင်လေးမှာ သီးပင်ပျိုရင်းမှာ ရပ်၍ သူ့ကို စောင့်နေကြောင်း တွေ့ရသည်။

"အိမ်မှာလဲ တွေ့နိုင်ရက်သားနဲ့ အစ်ကိုမင်းစံရယ်"

ခင်လေးက စ၍ ပြောလိုက်သည်။

"အိမ်မှာ ပြောမဖြစ်တဲ့ စကားမို့ပေါ့"

ခင်လေး မျက်နှာမှာတွေ့နေကျကဲ့သို့ ရွှင်ရွှင်ပျပျမရှိဟု သတိထားလိုက်မိသည်။

"ဘာပြောမှာမို့လို့လဲ"

သူက ခင်လေး အရိပ်အကဲကို ကြည့်ပြန်၏။ အတန်ကြာထိ စကားမစနိုင်၊ ပြောမထွက်နိုင်ဖြစ်နေသည်။

"ကိုယ် ခင်လေးကို ပြောချင်နေတာတော့ကြာပြီ၊ ပြောရမှာလဲ ခုလိုပေါ့၊ ခင်လေးနဲ့ နေနေရတာလေးတောင် ပျက်သွားမလားနဲ့ စိုးရိမ်နေတော့" ဟုပြောရင်း ရပ်တန့်နေသည်။

"ခင်လေး အစ်ကို့အပေါ် ခွင့်မလွှတ်နိုင်တာမျိုး ရှိမယ်လို့ ထင်ရင် အစကတည်းက အစ်ကို့ကို ခင်ခဲ့ပါ့မလား၊ တစ်ခါမှ မသိဖူးတဲ့ တစ်ရွာသားဥစ္စာ၊ ခင်လေးကို ဘာပြောမှာမို့လို့လဲ"

သူက မြေပြင်ဆီသို့ အကြည့်ကို ရွှေ့သည်။

"အင်း. . . ခင်လေးပြောတော့လဲ ဟုတ်ပါတယ်"

သူက သူ့လက်ခလယ်အဖျားအား သူ့လက်မဖြင့် ပွတ်နေမိပုံကို ခဏ ကြည့်နေသည်။

"တကယ်ဆို ခင်လေးကို မတွေ့





www.burmeseclassic.com

www.burmeseclassic.com

တွေ့အောင်ရှာပြီး ရှာထိလိုက်လာခဲ့တာကိုက အခုပြောမယ့် စကားအတွက်ပဲ ခင်လေးရဲ့ ဒါပေမဲ့ ကိုယ်လာတိုင်း ခင်လေးမှာလဲ အလုပ်နဲ့လက် ပြတ်တယ်မရှိဘူးမို့လား၊

ခုလို အပြင်မှာခါတွေ့ပြီးပြောဖို့လဲ ပါးစပ်က ထွက်မရဘူးဖြစ်နေတယ်၊ ခင်လေးငြင်းရင် ကိုယ်တော့ဘာမှပြောစရာ မှာ မဟုတ်ဘူးလေ၊ ပြီးတော့ အစောကပြောသလိုပါပဲ၊ ခင်လေးငြိုငြင်မှာလားဆိုတဲ့ ကြောင့်ကြစိတ်က ရှိနေတာကိုး၊ ကိုယ့်ကျောင်းကလဲ ဒီနှစ်က နောက်ဆုံးနှစ် ခင်လေးရဲ့ အဲဒါ"

သူပြောနေပုံကြောင့် ညှိုးငယ်ဟန်နှင့် ခင်လေးမျက်နှာမှာ ပြုံးရိပ်သန်းလာသည်။

"အဲဒီလောက် ကြောင့်ကြပူပင်မှုတွေ များနေရရင်လဲ အစ်ကိုစာမေးပွဲပြီးမှ ပြောလေ"

မချင့်မရဲနှင့် ခင်လေး၏ ထေ့ငေါ့သော ပြောဟန်ကြောင့် သူမော့ကြည့်သည်။

"အဲဒီလိုလဲ မဖြစ်တော့ဘူး ခင်လေးရဲ့၊ အခုတောင် နောက်ကျနေပြီ မဟုတ်တာပဲ၊ ခင်လေးလဲ သိချင်သိမှာပါ၊ ကိုယ် ခင်လေးကို သံယောဇဉ်ဖြစ်နေတာကိုလေ၊ အဲဒါ ခင်လေးကို လက်ထပ်ယူချင်တယ်လို့ ပြောတာ"

ခင်လေးမှာ သီးပင် ပင်စည်ကို မှီနေသည်။ သူစိုးရိမ်ခဲ့သလို ရှက်ရွံ့ဟန် စိတ်ဆိုးသွားသည့်ဟန် ခင်လေးထံ၌ ဖြစ်ပေါ်မလာခဲ့။ ငြိမ်သက်စွာ နားထောင်နေပုံကိုသာ တွေ့ရသည်။

"မသိုးဆောက်နံပြိုင်ပွဲမှာ စတွေ့တဲ့ ညကတည်းက ခင်လေးကို ချစ်မိတာ၊ အဲဒါကြောင့်လဲ တွေ့အောင်ရှာခဲ့တာပဲလေ၊ ခင်လေးကို တွေ့ရတဲ့နေ့က ကိုယ် ဘယ်လောက်ပျော်ခဲ့ရတယ်ဆိုတာ ခင်လေးမှန်းဆတတ်မယ်တောင် မထင်ဘူး"

သူက ချောင်းကောကြီးဘက် တစ်ချက်မျှော်ကြည့်သည်။

"ခင်လေး ရှေ့တည့်တည့်ရောက်ပြန်တော့ စိုးရိမ်ပူပင်စိတ် အမျိုးမျိုးနဲ့ ဝန်လေးနေပြန်တာနဲ့ စိတ်ကူးပြောင်းပြီး အချိန်အတိုင်းအတာ တစ်ခုယူမယ်၊ ဖြည်းဖြည်းချင်း ခင်လေး သိလာအောင် ကြိုးစားမယ်ပေါ့၊ ဒါက ခင်လေးကို မြတ်နိုးသလောက် တန်ဖိုးထားရာလဲ ရောက်မယ်လို့ ထင်လာတယ်၊ မဟုတ်လဲ ခုချိန်မှာ ခင်လေးနားကို ကိုယ်လာချင် လာခွင့်ရနေပြီမို့လား၊ ခင်လေးနဲ့ စကားတွေ ပြောနေရတယ်၊ ခင်လေး ပြုံးလိုက်တာ ရယ်လိုက်တာ ကိုယ့်ကို ပြောင်လှောင်နေတာ တွေ့မြင်ခွင့်ရနေတာပဲမို့လား၊ ခင်လေးရဲ့ အငွေ့အသက်လေးတောင် ရနေတာပဲ၊

ခင်လေးရဲ့ အပြုအမူတိုင်းဟာ လဲကိုယ့်အတွက်တော့ ဘာမဆိုချစ်စရာလို့ပဲထင်နေတယ်၊ပြီးတော့ကျောင်းကလဲ ဒီနှစ် နောက်ဆုံးနှစ် ဘာပြောပြော ကျောင်းကိစ္စ ပြီးသွားတာယ်ဆိုရင်ရှေ့ရေး အတွက်ကလဲ စိတ်ချရပြီ၊ အဲဒီခါမှ ခင်လေးကို သေသေချာချာဖွင့်ပြောမယ်လို့ စဉ်းစားထားတာ အဲဒါ. . "

သီးပင်ကို မှီထားသော ခင်လေးမှာ ငြိမ်သက်နေသည်ဟု ထင်ရသည်။ မည်သည့် လှုပ်ရှားမှုမှ မရှိသော်လည်း မျက်ဝန်းအစုံမှ မျက်ရည်တို့သည် ပါးပြင်ပေါ်သို့ တလိမ့်လိမ့် စီးကျလာနေသည်။

"ခင်လေး ငိုနေတာလားဟင်၊ ဘာပြုလို့လဲ၊ ဘာဖြစ်လို့လဲ ဟင် ခင်လေး"

သူမေးလိုက်မှ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်လိုက်ပြီး ချုပ်ထိန်းမှုကို ဖွင့်အန်လိုက်သလို အသံထွက်ငိုချလိုက်သည်။

သူက ခင်လေးအနီးသို့ တိုးကပ်သွားသည်။ မဝံ့မရဲနှင့် သူ့မလက်မောင်းလေးကို ကိုင်သည်။ မျက်နှာအုပ်ထားသော လက်ကလေးကို ကိုင်လိုက်သည်။ ခင်လေး ရှိုက်ငိုသံမှာ ပို၍ကျယ်လာနေသည်။

♥♥♥

ညိုမြင်းစီသည် ခုတင်စွန်းမှ အသာအယာထလိုက်သည်။ မှိန်ပျပျ အိပ်ခန်းသုံး မီးရောင်အောက်တွင် သူ့ဘက်လှည့်ကာ ခွေခွေလေး အိပ်နေသော မင်းမင်းသန့်ကို တွေ့နေရသည်။

မိမိနှင့် သွေးသားမတော်စပ်သော မိမိချစ်သူလည်း မဟုတ်ခဲ့သော ဤမိန်းကလေးဖြင့် တစ်အိပ်ရာတည်းတွင် ရှိနေပုံမှာ ယုံနိုင်စဖွယ် မကောင်းသည့် စိတ်ရှုပ်ထွေးဖွယ်လည်းဖြစ်သည်။

ဤမိန်းကလေးသည် မိမိ၏ ဇနီးမယားအဖြစ် တစ်ဘဝလုံး အတူရှိနေတော့မှာပါလား ဟူသော တွေးသိမှုသည် အရိပ်မဲ့သော ကန္တာရလမ်းကို လှမ်းမြင်နေရသော ခရီးသွားကဲ့သို့ နွမ်းနယ်သွားစေခဲ့သည်။

သူမထံ ကြည့်ရင်းဖြင့် နှလုံးသားရှိသော ရင်ဘတ်ပိုင်းတွင် ဝေဒနာဆိုးတစ်ခု စတင်လာပြန်သည်။ တဆစ်ဆစ်နာကျင်နေသလိုလည်း ထင်ရ၏။

အိပ်ပျော်နေသူ၏ မျက်နှာပေါ်တွင်မူ အပြစ်တစ်စုံတစ်ရာ သူ မတွေ့ရ။ သနားစဖွယ်ဟုပင် ထင်ချင်လာသည်။ တကယ်ဆိုလျှင် သူမသည်လည်း ဘုမသိဘမသိနှင့် သူ၏ ပြုစုမှုနှင့်ဥပေက္ခာပြုမှုကိုခံနေရရှာသည်။ မိမိသည်လည်း ဆန္ဒမရှိဘဲ အိမ်ထောင်သည်ဘဝကို ရောက်လာခဲ့ရသည်။

သူသည် မင်းမင်းသန့်ထံမှ အကြည့်ကိုလွှဲဖယ်၍ အိပ်ခန်းအတွင်းရှိ နောက်မှီခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

ခန္ဓာကိုယ်အား ဖြေလျော့၍ မျက်စိကို မှိတ်လိုက်သည်နှင့် ချောင်းကောကြီးအထက် ဝါးရုံတောနှင့် သီးပင်ပျိုမှာ သူ့အာရုံတွင် ထင်မြင်လာနေပြန်ပါသည်။

အတွေ့အကြုံမရှိသော သူမှာ ငိုနေသော ချစ်သူ မိန်းကလေးအပေါ် ကောင်းစွာလည်း မနှစ်သိမ့်တတ်သလို ဖြစ်နေသည်။

ငို၍ အတန်ကြာရှိမှ . . ။

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

"ခင်လေးတို့ ပြန်ကြပါစို့ အစ်ကို မင်းစံ"

ဟူ၍ အရှိက်မပျက် ပြောလိုက်သည်။ ပါးပြင်ပေါ်မှ မျက်ရည်တို့ကို လက်ဝါးနှင့်ရော လက်ခုံဖြင့်ပါ မရမက သုတ်ဖယ်ပစ်နေသည်။

"ခင်လေး ဘာဖြစ်လို့ ငိုတာလဲဟင်"

ဟုပဲ သူက မေးနေသည်။ ခင်လေးမှာ အတန်ကြာထိ သူမကိုယ်သူမ ပုံမှန်ဖြစ်အောင် ကြိုးစားနေသည်။ ခဏနေမှ သူ့ထံ ဖျတ်ခနဲ မော့ကြည့်ပြီး. .

"ငိုတယ်ဆိုတာ ဝမ်းနည်းလာလို့ပေါ့ အစ်ကိုမင်းစံ၊ ဒါပေမဲ့ အကို့ကြောင့် မဟုတ်ပါဘူး၊ အစ်ကိုမင်းစံက ချစ်တယ်လို့ပြောတာ ခင်လေး ပျော်ပါတယ်"

"ဒါဆို ဘာဖြစ်လို့" နှင့် တစ်ပိုင်းတစ်စမေး၏။ ခင်လေးက သူမ အပေါ်နှုတ်ခမ်းလေးကို ဖိကိုက်ကာ ခေါင်းကို အနည်းငယ်ယမ်းသည်။

"ခင်လေးကိုလေ အဘွားက လသာတဲ့ညတွေဆို ချည်ချရင်း၊ ဗိုင်းငင်ရင်းပေါ့၊ ပျင်းလဲ မပျင်းရအောင် ဗဟုသုတလဲရအောင် ဆိုပြီး စကားပုံတွေ စကားထာဝှက်တာတွေ သင်သင်ပေးတာ သိလား၊ အစ်ကို့ကို ခင်လေး ပြောပြဖူးတဲ့ ဟာတွေပေါ့"

ခင်လေးမှာ ရှိုက်သံမစင်သော ပင့်သက်ကို ရှိုက်သည်။

"ခင်လေးဆို အရမ်းသဘောကျတာနဲ့ တချို့စကားထာတွေကို သီချင်းလုပ်ပြီးတောင် ဆိုမိတယ်"

"ဘယ်ဟာကိုလဲ"

"အများကြီးပဲလေ၊ သူ့နေရာနဲ့သူပေါ့၊ အခုတော့ အဲဒီစကားထာ တချို့ဟာ ခင်လေးအတွက်များ ထားခဲ့သလားလို့တောင် ထင်လာတယ်"

ခင်လေးက သူ့ထံ မော့ကြည့်၏။ သူကလည်း ခင်လေး မျက်ဝန်းထဲသို့ ပြန်ကြည့်သည်။

"အစ်ကိုမင်းစံ ကြားဖူးမလားဘဲ၊ ခင်လေး စကားထာတစ်ခု ဝှက်ပြမယ်"

သူက နားပဲထောင်နေသည်။

"တောင်က ဆပ်ပြာ တိုက်လို့လာ၊ ထောင့်မှာ ဘုရားနဲ့ တဲ့"

သူမ၏ မျက်ရည်ဖြင့် စိုစွတ်နေသော မျက်ဝန်းများမှာ တောက်ပဖိတ်လက်နေကြသည်။ ထိုစကားထာကို သူ မကြားဖူးပါ။ ဘာကို ပြောတာလဲဟုသာ သိချင်နေသည်။

"မကြားဖူးပါဘူး၊ ဘာကို ပြောတာလဲ"

"ဩော် တောင်ကဆပ်ပြာ တိုက်လို့လာ ထောင့်မှာဘုရားနဲ့၊ မောင်က ကြိုက်လို့ ဆိုက်ဆိုက်လာ မောင့်မှာ မယားနဲ့တဲ့၊ အဲ . . . အဲဒါ"

သူက အဘန်ကြာမျှ ခင်လေးနှင့် မျက်လုံးချင်းဆုံ၍ကြည့်နေခဲ့သည်။

ခင်လေး ပခုံးကို ဆုပ်ကိုင်ထားမိသော လက်များမှာ အလိုလိုဖြေလျော့ကျလာသည်။ ယိုင်နဲ့သလိုဖြစ်သွားသော ခန္ဓာကိုယ်ကို ဟန်ချက်မပျက်အောင် နောက်သို့တစ်လှမ်းဆုတ်သည်။

"မင်းမင်းသန့်နဲ့ ကိုယ့်ကို လူကြီးချင်းသဘောတူလိုက်တဲ့ ကိစ္စ၊ ခင်လေးလဲ သိနေတယ်ပေါ့"

"တစ်ရွာလုံး သိနေတဲ့ ဥစ္စာ၊ ခင်လေးက မသိချင်လို့ ရမှာတဲ့လား အစ်ကိုမင်းစံ၊ ပြီးတော့ ခင်လေးက သူတို့ဆီက လက်ခစား ယူခတ်နေရတာလေ၊ မမင်းမင်းသန့်ကလဲ ခင်လေးကို ညီမအရင်းလို ခင်တဲ့သူမို့လား၊ ဒီတော့ ခင်လေး သိကိုသိရတာပေါ့"

မေးစေ့တွင် တွဲခိုလာပြန်သော မျက်ရည်တို့ကို လက်ခုံနှင့်ပွတ်သုတ်ပြီး ခင်လေး သူ့ထံ ကြည့်သည်။

"အဲဒီလိုသိရတဲ့ ညကတည်းက ခင်လေး ငိုနေရတာ အစ်ကိုမှ မသိဘဲ၊ ခင်လေး မရှက်နိုင်ပါဘူး အစ်ကိုမင်းစံရယ်၊ အစ်ကို ဖွင့်မပြောသေးပေမယ့် ခင်လေးမှာတော့"

ပြောရင်းနှင့် ခင်လေးမှာ ငိုနေပြန်သည်။ ခဏနေမှ. . .

"နေခဲ့တော့ အစ်ကို၊ ခင်လေး ပြန်တော့မယ်" နှင့် ဗလုံးဗထွေးပြောကာ ပြေးထွက်သွားလေသည်။

♥♥♥

ညိုမင်းစံသည် နောက်မှီထက်မှ ပြတင်းတံခါးဆီသို့ ငြိမ်သက်စွာ ငေးနေသည်။ မင်းမင်းသန့်မှာ လွန့်ခနဲ လှုပ်လာပြီး မျက်လုံးများလည်း ပွင့်လာသည်။ နောက်မှီခုံထက်တွင် သူမဘက် ကျောပေးထားသော အနေအထား မကျတကျနှင့် ညိုမင်းစံကို တွေ့ရ၏။

အိပ်ခန်းမီးရောင်ပျပျဖြင့် မြင်ရသော သူ့သဏ္ဌာန်မှာ စားပွဲထက်တွင် ခေါက်တင်ထားသော သတို့သားဝတ်စုံနှယ် သက်မဲ့ပစ္စည်းတစ်ခုပမာ ဖြစ်နေခဲ့သည်။

မင်းမင်းသန့်မှာ သူ့ကိုခေါ်လိုက်မည့်ဟန်ပြုသည်။ အနည်းငယ်ကြွလိုက်သောခေါင်းကို ပြန်ချ၍ သူ့ကျောပြင်ကိုသာ ကြည့်နေခဲ့သည်။ သူမနှင့် ညိုမင်းစံ လက်ထပ်လိုက်မိခြင်းတွင် တစ်စုံတစ်ရာ လွဲချော်မှားယွင်းမှု ရှိနေပြီဖြစ်ကြောင်းကိုမူ သတိပြုမိလာ၏။

သူကမူ စိတ်ဝိညာဉ်တောင်ပံ ဖြန့်၍ နှံပြားစွာဝဲပျံနေဆဲဖြစ်လေသည်။ ပြတင်းတံခါးမှ တစ်ဆင့် အမှောင်ထုအတွင်း နစ်မြုပ်နေခြင်းလည်း ဖြစ်တန်ရာ၏။သူသည် ခင်လေးကို အတန် တန်ရှင်းပြနေခဲ့ပုံများ ပြန်သတိရနေ သည်။ မင်းမင်းသန့်အိမ်ကို ရောက်လာ ခဲ့ရရင်း အဓိကအကြောင်းကပင် ခင် လေးကို ရှာဖွေရ လွယ်ကူစေဖို့ ဖြစ်ခဲ့ ကြောင်း ပြောပြခဲ့သည်။

ဖြူလုံးကလည်း ခင်လေးနှင့်တွေ့ကာ ညိုမင်းစံ သူ့ဆီအရင်ရောက်လာပုံ၊ ခင်လေးဆိုသည့် နာမည်ကိုပင် မသိဘဲ သူမကို ရှာနေခဲ့ပုံ၊ ကျောင်းနေဖက် သူငယ်ချင်းလည်းဖြစ်၊ ခင်လေးနှင့်လည်း အိမ်ချင်းမဝေးသော မင်းမင်းသန့်ထံ စခန်းချပြီးရှာဖွေရန် သူကပင် တိုက်တွန်းခဲ့ပုံများကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

ညိုမင်းစံ မိဘများက လွဲမှားစွာ ထင်မြင်ပြီး စီစဉ်လိုက်ဟန်တူသည်ဟု ဖြူလုံးက လေသံပျော့ပျော့နှင့် ပြောလျှင် ခင်လေးမှာ နှုတ်ခမ်းလေးတွန့်ကွေးကာ ပြုံးလိုက်သည်။

"အစ်ကိုမင်းစံက ခင်လေးဆီမှာပဲ အနေများတာပါ။ ကိုရင်ဖြူလုံးလဲ သိသားနဲ့၊ အကြောင်းကံပေါ့လေ၊ ဘာတတ်နိုင်မှာလဲ၊ ခင်လေးဘဝကို ခင်လေးသိပါတယ်"

ခင်လေးပြောခဲ့ပုံကို ဖြူလုံးက သူ့ထံ ပြန်ပြောပြ၏။

သူမှာ ခင်လေးနှင့် နှစ်ယောက်တည်း တွေ့ကြလျှင် သူကျောင်းတုန်းက စိတ်ကူးစီမံထားပုံများ ပြောပြနေသည်။ ခင်လေး သူ့ကို အဖြေပေးဖို့၊ ခင်လေးသဘောတူပါက အဝေးတစ်နေရာသို့ ခေတ္တပြေးရှောင်နေကြဖို့ ရုံးတက်လက်မှတ်ထိုးပြီး သွားခဲ့လျှင် မည်သူမှဖျက်၍ မရနိုင်တော့ကြောင်းလည်း ရှင်းပြနေသည်။

"သဲဖြူခင်း ရာဇမတ်ကာထားမှန်း သိသိနဲ့ ရှေ့တိုးမိရင် ခက်ကုန်မှာပေါ့ အစ်ကို၊ ဒါကလဲ ခင်လေး တစ်ယောက်တည်း ရောက်ရမယ့်ဒုက္ခမျိုးဆို ခင်လေး တိုးဝံ့ပါတယ်၊ ခုဟာက တစ်ဖက်က ကိုယ့်အလုပ်ရှင် ကျေးဇူးရှင် အစ်ကိုရဲ့၊ ခင်လေးမို့ဆိုရင် တကယ့်ညီအစ်မလိုသံယောဇဉ်ထားတဲ့သူ၊ ခင်လေးတို့အပေါ် သူကူညီခဲ့တာတွေ မနည်းဘူး၊ အိမ်မှာကလဲ အမေရယ်၊ ဒုက္ခိတအဘွားရယ်၊ ကျောင်းတက်နေရတဲ့ မောင်လေးကလဲ ရှိသေးတယ်မို့လား"

မိဘ သဘောမတူသော မိန်းကလေးကိုယူ၍ သူ့ရှေ့ရေး ဝန်လေးနေမှာဖြစ်ကြောင်း သူမက [illegible]ခဲ့သည်။

သူ့အနေဖြင့်[illegible] ဒိမိကြောင့် ခင်လေး အခက်တွေ့မှာ[illegible] စိတ်နှစ်ပါးဆင်းရဲရမှာ မလိုလားနိုင်ပါ။ တစ်ဖက်မှလည်း ခင်လေးမှ ခင်လေး ဖြစ်နေသော နှလုံးသားအလိုကို ဆန့်ကျင်ရသည်မှာ အင်အားကြီးမားလှသော ခေါဘဏီတပ်မကြီးအား တစ်ယောက်တည်း တွန်းလှန်ရမည်ထက် ခက်ခဲလှသည်။

"ပန်မဖြစ်မယ့် ပန်းကို အပင်မှာပဲ ထားခဲ့လိုက်ပါ အစ်ကိုရယ်၊ အခါကုန်လို့ အပွင့်နွမ်းတဲ့အခါ ပွင့်ညှာရင်းမှာ သီးကင်းကျန်ရစ်ခဲ့မှာပါ။ အသီးက မျိုးစေ့၊ မျိုးစေ့ကအပင် ပြန်ဖြစ်လာရမှာပဲမို့လား နောက်တစ်ခါ ဒီမျိုးစေ့အတိုင်း ဒီအပင် ပြန်ဖြစ်ရတဲ့ ဘဝမျိုး ရကြဦးမှာပါ။

အဲဒီခါကျ အစ်ကို့အတွက်အပွင့်ပဲလိုလို အသီးပဲလိုလို အဦးဆုံး ပေးဆပ်ခွင့်ရတဲ့ သူ ဖြစ်ပါရစေလို့ ခင်လေး ဆုတောင်းနေပါ့မယ်၊ အစ်ကိုကော နောက်ဘဝ ဆိုတာ ယုံတယ်မို့လား ဟင်"

နောက်ဘဝသည် မနက်ဖြန်၊ သန်ဘက်သဖွယ်ပြောနေသော ခင်လေး မျက်နှာလေးကို မြင်ရပုံမှာ ရင်နင့်စဖွယ်လည်း ဖြစ်သည်။

"ခုနေတော့ ခင်လေးက အညတြ ရက်ကန်းသမမို့လား၊ သူတို့နဲ့ ယှဉ်ရင် အစ်ကို့မိဘတွေ မျက်စိထဲမှာ ခင်လေးက ဘယ်ထင်ရှားပါ့မလဲ"

ထိုစကားများကို ပြောနေစဉ် မချိတင်ကဲ မျက်နှာလေးဖြင့် မျက်ရည်မှာလည်း သွန်ချသလို မပြတ်စီးနေသော သူမ သဏ္ဌာန်လေးမှာ ဘယ်ခါမှ အာရုံထဲမှ မထွက်တော့မှာကို စွဲထင်နေခဲ့သည်။

"ကိုယ့်အမှားတွေချည့်ပါပဲ ခင်လေးရယ်၊ ကိုယ် အစောကတည်းက ခင်လေးကို ဖွင့်ပြောဖြစ်ခဲ့ရင် တိုင်ပင်နိုင်ခဲ့ရင် အခုလို အခြေအနေမျိုးနဲ့ တိုးရမယ် မထင်ဘူး"

ခင်လေးမှာ တတ်နိုင်သမျှ မျက်ရည်ကို သိမ်းဖယ်နေရှာသည်။ သို့သော် အက်ရာမထင်ဘဲ စိမ့်သည့်အိုးနှယ် ပါးပြင်တွင် မျက်ရည်သွေ့သည်ဟူ၍ မရှိခဲ့။

"အစ်ကိုက သက်ငယ်ချောင်းနဲ့ ခေါင်းလောင်းထိုးနေပေမယ့် နားပါးတဲ့ ခင်လေးကတော့ ကြားနေရပါတယ် အစ်ကို၊ ဒါပေမဲ့ ခင်လေးမှာက တစ်နေ့နေ့ဆိုတာကို စောင့်ရတဲ့ ဘဝမျိုးမို့လား"

♥♥♥

ထိုရက်များတွင် ခင်လေးမှာ ရက်ကန်းစင်မှာသာ စွဲမြဲစွာရှိနေခဲ့သည်။ ညဥ့်အတန်နက်သည့်တိုင်လည်း ရက်ကန်းစင်မှမခွာတမ်း ရက်လုပ်နေခဲ့သည်။

ညိုမင်းစံ နှင့် မင်းမင်းသန့် မင်္ဂလာဆည့်ခံပွဲမှာ ရက်သတ်မှတ်၍ ပြီးသွားကြောင်း ခင်လေးသိနေသည်။ ချည်ချခြင်း၊ ရက်ဖောက်ရောက်ခြင်း၊ ရက်ကန်းခတ်ခြင်း စသော အလုပ်များနှင့် ကိုယ်ရောစိတ်ပါ မနားတမ်းလှုပ်ရှားနေခဲ့သည်။

ရွှေရောင်ကြိုးနှင့် လွန်းငယ်များစွာ ငွေရောင်ကြိုးနှင့် လွန်းငယ်များစွာ ပိုးချည်မျှင်နှင့် လွန်းပေါင်းများစွာ အရောင်အသွေးစုံ လွန်းပေါင်းများစွာ သူမ ဝန်းကျင်မှာ ရှိနေခဲ့သည်။

ပိုးချည်မျှင်၊ ဝါချည်မျှင်၊ ရွှေချည်မျှင်၊ ငွေချည်မျှင်တို့နှင့်အတူ မိမိနှလုံးသားအား ပတ်ဖွဲ့ထားသည့် သွေးကြောမျှင်တို့ကိုပင် ဖြေငင်၍ လွန်းတင်ဖွဲ့ယှက်ချင်နေခဲ့သည်။

ခင်လေးလက်များမှာ မနားတမ်းလှုပ်ရှားနေကြရသည်။ လက်ခတ်ကိုတွန်းချည်၊ ဆွဲချည်၊ လွန်းငယ်များအား နေရာအလိုက် ကော်သွင်းချည်နှင့် တရစပ်လှုပ်ရှားနေတော့သည်။ ခြေထောက်အစုံမှာလည်း နင်းတံဝါးတန်းများထက် ဖိနင်းချည်၊ ဖွပေးချည်နှင့် ရှိခဲ့သည်။ အလုပ်ထဲသို့ ဇွတ်နှစ်ထားပါလျက်နှင့်ပင်၊ ရင်ထဲမှ လှိုက်၍ လှိုက်၍တက်လာသော ပူဆွေးမှု ဗျာပါဒကြောင့် မျက်ဝန်းအစုံမှ မျက်ရည်တို့သည် ပိုးပိုးပေါက်ပေါက် သွန်ကျခုန်ဆင်းလာပြီး ပုဆိုးသားပေါ်သို့ ထိမှ လွင့်စဉ် နစ်ဝင်ပျံ့နှံ့သွားကြရသည်။ ငိုရလွန်းသော ခင်လေး မျက်ဝန်းအိမ်မှာ သွေးကြောမျှင်များ ဖောင်းကြွ၍ ရဲရဲနီထွေးလျက်၊ မျက်ရည်အစား သွေးများ စက်စက်ကျလာ





www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့လည်း ထင်နေရ၏။ သူမသည် ရက်ကန်းရက်ခြင်းနှင့် ငိုကြွေးနေခြင်းတို့ကို ရပ်တန့်လိုက်တော့မှာ မဟုတ်သလိုပင် ထင်နေရသည်။

ခင်လေး ငိုသလို ကျွန်းဖိုလက်ခတ်တန်းကြီးမှလည်း ရှိုက်ငင်သံ ထွက်နေခဲ့သည်။ လွန်းငယ်တို့မှာ မျက်ရည်စိုလျှက် ငုပ်လျှိုးချည် ပေါ်လာချည်ရှိနေခဲ့သည်။ နုပ်ဘောင်တန်းများမှာ ရှိုင်ငင်သူ၏ ပခုံးလေးသဖွယ် နိမ့်ချည် မြင့်ချည်နှင့် ဖြစ်နေကြသည်။ ခြေနင်းဝါးတန်းများထံမှလည်း တအီအီသံ ထွက်နေကြသည်။

ရေနံဆီမီးအိမ် အလင်းရောင်အောက်တွင် မျက်ရည်ဖြင့် စိုလက်နေသော ခင်လေးနှင့်အတူ အရာရာသည် ငိုကြွေးနေကြသည်။ မျက်စိမမြင်သော အဘွားသည် မြေးမ၏ ဖြစ်ပုံသိနေသောကြောင့် တိတ်တဆိတ် မျက်ရည်ကျနေရှာသည်။ အမေသည် မိမိတို့ဘဝက်နုံချာသောကြောင့် သမီးမျက်နှာငယ်ခဲ့ရရှာသည်ဟု စိတ်ထိခိုက်ကာ ကျိတ်ငိုနေခဲ့ရသည်။

ရက်ကန်းစင်ကြီးလည်း ခင်လေးနှင့်အတူ လိုက်၍ ငိုနေသလို ရေစင်နံဘေးမှ မြတ်လေးရုံကြီးမှာလည်း အပွင့်တို့ကိုခြွေ၍ ငိုနေသကဲ့သို့ ထင်ရလေ၏။ တံစက်မြိတ်မှ ပိုးပိုးပေါက်ပေါက်ကျနေသော နှင်းစက်ပွင့်တို့ ကြွေသံပင်လောက၏ ငိုချင်းတစ်ပုဒ်နှယ်တူနေခဲ့သည်။ ညဉ့်လွှာရုံ၍ စုံသောကြယ်တို့သည်ပင် ကောင်းကင်မှ တဖြုတ်ဖြုတ်သက်ဆင်း၍ ကြေကွဲခြင်းကို ဖွဲ့ဆိုပြကြရလေ၏။

ထိုအခါ. . . တစ်လောကလုံးလည်း ငိုနေသလိုပဲ ထင်ရလေသည်။

♥♥♥

"ဒီပုဆိုးကို ဝတ်ရမယ် ဟုတ်လားခင်လေး၊ ဒါကိုဝတ်ပြီး မင်း မဟုတ်တဲ့သူနဲ့ မင်္ဂလာဆောင်ရမှာပေါ့၊ ဒါဆိုကိုယ့်လောက် မင်းအပေါ် ရက်စက်တဲ့သူကော ရှိဦးမှာလား ခင်လေးရဲ့၊ ဟင် ပြောပါဦး"

ညိုမင်းစံသည် မျက်ကွင်းညိုလေးဖြင့် နွမ်းနယ်ညှိုးရော်စွာ သူ့ရှေ့မှာ ရပ်နေသော လက်ကလေးနှစ်ဖက်ဖြင့် ပုဆိုးကို ကမ်းပေးနေသော ခင်လေးကို ပြောနေသည်။

မင်္ဂလာသတို့သား ဝတ်ဆင်ရမည့်အဆင်အကွက် ချိတ်ပန်းအဆန်းတကြယ်နှင့် ဖြစ်သည်။

ရှိနှင့်ပြီးသော ရှိနှင့်ခဲ့သော မြင်နေကျ ပုဆိုးအဆင်ပေါင်းများစွာဖြင့် မတူနိုင်သော တစ်သက်မှာ တစ်ခါသာ၊ တစ်လောကလုံးမှာ တစ်ထည်သာ ရှိမှာဖြစ်သော အချစ်စွမ်းအင်နှင့် ဆန်းပြားစွာ ရက်လုပ်ထားသော ပုဆိုးလည်း ဖြစ်သည်။

"မဝတ်ချင်ဘူးဆိုမှ ရက်စက်ရာကျမှာပေါ့ အစ်ကို"ဟု သူမက ပြောလိုက်သည်။ ဝတ်စေချင်လွန်း၍ မှီအောင်ခတ်ခဲ့ရကြောင်း၊ ဝတ်ကို ဝတ်ပြရမှာ ဖြစ်ရကြောင်း ပြောနေရှာသည်။

ပြောနေစဉ်ပင် ချောင်ကျသွားသော ပါးပြင်လေးထက်မှာ မသွေ့နိုင်မခြောက်နိုင် ဖြစ်နေပုံကို တွေ့နေရသည်။ မျက်ရည်ဟူသည် မျက်ဝန်းမှသာ မဟုတ်တော့နိုင်ဘဲ ပါးပြင်မှပင် စိမ့်ယိုစီးဆင်းနေသလား ထင်နေရသည်။

"အစ်ကိုမင်းစံပဲ ခင်လေးကို ချစ်တယ်ဆို" ဟူ၍လည်း အထပ်ထပ်မေးနေသည်။ ကိုယ်တိုင် ဝေ့ဝဲလာသော မျက်ရည်တို့ဖြင့် ခင်လေး သဏ္ဌာန်မှာ မှုန်ဝါးလာနေသည်။

"အစ်ကိုနဲ့ လိုက်မယ့်အရောင်လေးတွေနဲ့" စသဖြင့် ခင်လေး သူ့ကို စကားတွေပြောနေခဲ့သည် ထင်ပါသည်။ စကားသံတိုင်း သူကြားမိသလားလည်း မသေချာခဲ့ပါ။ နှစ်ဦးသား နီးကပ်နေသည်ဟု ထင်မိသလို အလွန်ဝေးသွားသည့်နှယ်လည်း ထင်နေခဲ့သည်။

"ဒီပုဆိုးကို အစ်ကိုဝတ်ထားလိုက်တာနဲ့ ခင်လေးက အစ်ကို့နားမှာ ရှိနေသလို ခံစားရလိမ့်မယ်၊ ဒီပုဆိုးထဲမှာ ခင်လေးရဲ့ အငွေ့အသက်တွေရှိနေလိမ့်မယ်၊ အမြဲလဲ ရှိနေလိမ့်မယ်"

သူ့တစ်ကိုယ်လုံး ပြင်းစွာလောင်မြိုက်ခံနေရပုံမျိုးလည်း ဖြစ်၏။

"ခင်လေးက အစ်ကို့ကို ချစ်တယ်လို့ ဖြေဖို့မလိုပါဘူးနော်၊ လိုသေးလို့လားဟင်"

စိတ်၏ အရံအတားတို့သည် ကျိုးပေါက်ပြိုကျကုန်ခဲ့သည်။ ဆင်ခြင်တုံတရားတွေ လွင့်စဉ်ကွယ်ကုန်ကြသည်။ ထိန်းချုပ်မျိုသိပ် စောင့်စည်းရမှာတွေ ရှိမနေချင်တော့။ သင့်၏ မသင့်၏ တွေးဆ မနေနိုင်တော့။

အားတင်းထားမှပေါ့ အစ်ကို၊
အစ်ကို ပြောခဲ့သလိုပဲလေ၊
အချစ်ဆိုတာ အချစ်သက်သက်ပဲဖြစ်ရိုးလား၊
အချစ်ဆိုတာ ချစ်တဲ့သူရဲ့ အကျိုးကို
လိုလားခြင်းနဲ့ ချစ်သူကို
ဘယ်လိုအခြေအနေမျိုးမှာပဲ ဖြစ်ဖြစ်
ချစ်နေခြင်းပဲ မဟုတ်လား။





www.burmeseclassic.com

www.burmeseclassic.com

အချစ်သည် အစကတည်းက အချစ်သက်သက်ပဲ ဖြစ်သည်။ အချစ်ရှေ့မှာ ဘာမှမရှိ။ အချစ်အထက်မှာ ဘာမှ မရှိ။ အချစ်အောက်မှာလည်း ဘာမှ မရှိ။ ထို့အတူ အချစ်နောက်မှာလည်း ဘာမှ မရှိနိုင်ပါ။ သူ ခင်လေးကို ဆွဲယူဖက်ထွေးထားလိုက်မိသည်။ နှစ်ကိုယ့်တစ်ကိုယ်သဖွယ် ထင်နေရအောင် နှစ်ဦးသား ကြားပရိစ္ဆေဒ အပိုင်းအခြား မရှိရအောင်။

ခဏလား။ ခဏပေါင်းများစွာလား။ ခဏပေါင်းအသင်္ချေလား။ ဒါဟာ အပြင်ဘက်က တကယ့်အဖြစ်အပျက်လား။ ဒါဟာ အိပ်မက်တစ်ခုလား။ ဒါဟာ တကယ်ပဲ ဖြစ်ကြုံနေတာလား။ ဒါဟာ စိတ်ကူးကြောင့် ထင်မြင်မှုလား။

ခင်လေးမှာ သူ့ရင်ခွင်ထဲတွင် နှစ်မြုပ်နေသည်။ ထိုနေရာသို့ အရောင်အသွေးစုံလင်သော အရွယ်ရွယ် အစားစားဖြစ်သော အမျိုးမျိုး အမည်မည်ဖြစ်သော မွှေးရနံ့စုံသော ပန်းပေါင်းစုံတို့ ကြွေသက်ကျဆင်းလာနေခဲ့သည်။ ပန်းမျိုးစုံတို့မှာ မိမိတို့ ဝဲယာ ရှေ့နောက် အနှံ့အပြားမှာ၊ မိမိတို့ ဖဝါးအောက်မှာ၊ ပခုံးတွေပေါ်မှာ၊ ခင်လေး၏ ဆံနွယ်များပေါ်မှာ။

မိမိသည် ခင်လေးကို ဖက်ထားနေဆဲလား၊ ခင်လေးသည် မိမိရင်ခွင်ထဲမှာ ရှိနေတုန်းပဲလား။ မိမိတို့သည် ငိုကြွေးနေကြတုန်းပဲလား၊ ဒါမှ မဟုတ်။

သတို့သား ညိုမင်းစံ၏ လက်မောင်းကို သတို့သမီး မင်းမင်းသန့်က ချိတ်ဆွဲတွဲဖက်ထားသည်။ ဖြည်းဖြည်းချင်း ဖြည်းဖြည်းချင်း မင်္ဂလာအိမ်တော်လှေကားမှ စတင်ဆင်းသက်လာနေ၏။ ဖြန့်ခင်းထားသော ကောဇောရှည်ပေါ်တွင် ပန်းပွင့်များစွာ ကြဲဖြန့်လိမ့်ဆင်း၍ ပျံ့နှံ့ဖုံးလွှမ်းကုန်ကြ၏။

"အခါတော်×× ပေးတာက×× နတ်ရေးငယ်ရွှေစာ×× သာသနာရောင်ဝါလင်း××ကောင်းချင်း ခုသည်ချိန်ခါ"

ကြည့်စမ်းပါဦးကွယ်။

နေလနှစ်ပါးနဲ့တူတဲ့ သတို့သားနဲ့ သတို့သမီးရဲ့ အရှေ့မှာ ရွှေချည်ငွေချည် ပိုးခါးတောင်းအင်္ကျီနဲ့ ရွှေချည်ငွေချည် ပိုးထိုင်မသိမ်းလုံချည်နဲ့ နတ်သမီးလေးလို လှတဲ့သူဟာ မင်္ဂလာမောင်နှံ လျှောက်မယ့်လမ်းကို ပန်းတွေကြဲမြှောက်ပြီး ကောင်းခြင်းမင်္ဂလာအဖြာဖြာကို ဖြစ်စေနေတယ်၊ ဒါဟာ နတ်သမီးလေး ကိုယ်တိုင်ပါပဲလို့တောင် ထင်စားနေကြတယ်။

ရွာက လူတွေတောင် မြင်နေကျ မျက်နှာလေးက ခုမှဘာလို့ ဒီလောက်ကို လှနိုင်နေမှန်း မစဉ်းစားတတ်အောင် ဖြစ်ကုန်ကြတယ်။ ညိုမင်းစံ မိဘတွေနဲ့ မြို့က ဧည့်သည်တွေကတော့ ခုမှ မြင်ဖူးတာလေ။ မအံ့သြ မငေးမောဘဲ ဘယ်နေကြပါတော့မလဲ။ သူ့အမေဟာ သားဖြစ်သူ သတို့သားကို လှမ်းကြည့်နေတယ်။

"သတို့သားက ဘယ်လိုဖြစ်နေတာလဲ၊ ကြည့်ရတာ လူနဲ့စိတ် မကပ်သလိုဘဲ" လို့ တီးတိုး တီးတိုး ဝေဖန်သံတွေကြားနေရတယ်။ သတို့သမီးမှာတော့ ဟိုဘက်လှည့်ပြုံးပြလိုက် ဒီဘက်လှည့် ပြုံးပြလိုက်နဲ့ အသက်ကင်းမဲ့သူလို ဖြစ်နေတဲ့ သတို့သားကို တွဲခေါ်လာနေတယ်။ ဟန်မပျက် ဖေးမလာရတယ်။ လှေကားထစ်တွေဆင်းဖို့တောင် တိုးတိုးတိတ်တိတ် ကျိတ်သတိပေးနေရတယ်။ မနိုင့်တစ်နိုင် ကြွေပျက်လုနီးပါး ထိန်းဆင်းပေးနေရတယ်။ ဒါလဲ ရှင်လျက်နဲ့ သေနေတာပဲမို့လား။

ပရိသတ်တွေကတော့ အများကြီးပဲ။ ဒါပေမဲ့ အရာရာဟာ စုတ်ချက်ကြမ်းကြမ်းနဲ့ ရေးခြယ်ထားတဲ့အာရုံမြင် (Impression) ပန်းချီကားတစ်ချပ်လိုပဲ ရောထွေးနေတယ်။ စုံနေတဲ့ အရောင်တွေပဲ မြင်နေရတယ်။ ဒီလိုပါပဲလေ။ ဘဝဆိုတာ မော်ဒန်ပန်းချီကားတစ်ချပ်လို တလွဲတချော်တွေ ပါချင်ပါလာတာမျိုးလည်း ရှိမှာပဲ။

အသံဗလံတွေဟာလဲ ဒီလိုပဲ။ အသံဆူဆူတွေပဲ ရောထွေးပြီး ကြားနေရတာပဲ။ ဘာသံရယ်လို့ မကွဲပြားနိုင်ဘူး ဖြစ်နေတယ်။ သတို့သားဟာ သူ သတို့သားဆိုတာတောင် မေ့နေတယ်။

ဒါဟာ ဘယ်လိုပွဲလဲ ဆိုတာတောင် သတိထားနိုင်စွမ်းရှိပုံမပေါ်ဘဲ ဖြစ်နေတယ်။

သတို့သားအမေက အရုပ်ကြိုးပြတ်နီးပါး ဖြစ်နေတဲ့ သူ့သားနဲ့ သားရှေ့ မလှမ်းမကမ်းမှာ ပန်းကြဲနေတဲ့ ခင်လေးဆိုတဲ့ မိန်းကလေးကို ကြည့်ပြီး တစ်စုံတစ်ရာတော့ ခံစားလိုက်ရပုံပါပဲ။ စိတ်မကောင်းဖြစ်နေတဲ့ပုံမပေါ်အောင်တော့ ထိန်းချုပ်နေရတာပေါ့လေ။

ခင်လေးသည် သတို့သား သတို့သမီးရှေ့မှ ပန်းကြဲဖြန့်ရင်း ဖြည်းနှေးစွာ လျှောက်လှမ်းနေရသည်။ ဦးခေါင်းတစ်ခုလုံး ရီဝေ နောက်ကျိနေသော်လည်း ဟန်မပျက် ပြုံးနေနိုင်အောင် ကြိုးစားနေခဲ့သည်။ နဂိုကပင် ပြုံးရိပ်သန်းနေသော မျက်နှာလေးပေါ်တွင် အနည်းငယ်ပြုံးဟန်ပြုလိုက်ရုံဖြင့် အလှတရားတို့သည် ထင်လင်းအောင် ဝေဆာသွားတော့သည်။

"ဒါဟာ သက်မဲ့ပန်းတွေလို့ ထင်သလားအစ်ကို၊ တကယ်တမ်းကျတော့ ခင်လေးနှလုံးသားကို ကိုယ်တိုင်ဖဲ့ခြွေပြီး ကြဲဖြန့်နေရသလိုပါပဲ၊ ကြည့်လိုက်လေ၊ ပွင့်ချပ်လေးတွေမှာ သွေးစလို ရဲရဲနီလို့၊ ခင်လေးရဲ့အချစ်တွေ ကြဲချပေးနေရတာနဲ့လဲ တူနေတာပါပဲ၊ ဒါပေမဲ့ ခင်လေး ကျေကျေနပ်နပ်နဲ့ပါအစ်ကိုမင်းစံ၊အစ်ကို နင်းသွားဖို့ဆို ဖြစ်နိုင်ရင် ခင်လေး နှလုံးသားကိုတောင် ခွဲထုတ်ပြီး အစ်ကို့ရှေ့ ချပေးချင်နေတာပါ၊ ဒါပေမဲ့ မင်္ဂလာဆောင်ဆိုတော့လေ မင်္ဂလာရှိမှ ဖြစ်မှာမို့ပါ"

သတို့သား သတို့သမီး မင်္ဂလာအိမ်တံခါးမှ မဆင်းသက်မီ ပန်းကြဲရန် မျက်နှာချင်းဆိုင် အနေအထားဖြင့် စောင့်စားနေရစဉ်၊ သတို့သားထံ ခင်လေး ကြည့်ခွင့်ရလိုက်သည်။ သတို့သားမှာ မိမိရက်လုပ်ထားသော ပုန်ဆိုးကို

www.burmeseclassic.com

ဝတ်ဆင်ထားသည်။ အကျီပန်းသွေးနုနု တိုက်ပုံပန်းသွေးရင့်ရင့်၊ ပန်းသွေးရောင် မောင့်ကျက်သရေ ခေါင်းပေါင်းနှင့် သန့်စင်ခံ့ညား တင့်တယ်နေလိုက်ပုံမှာ ခင်လေးအတွက်မူ မျက်တောင်ခတ် လိုက်မိမှာပင် နှမြောဖို့ ကောင်းနေခဲ့ သည်။

သူမသည် ချစ်သူထံ မဝသော မျက်စိဖြင့်-ကြည့်နေစဉ်မှာပင် သတို့ သား၏ ငြိမ်သက်လွန်းသော မျက်နှာကို မြင်ရလေသည်။ငြိမ်သက်နေသည်ထက် အသိ၊ သတိကင်းမဲ့သော မျက်နှာမျိုးဟု သိလိုက်ရ၏။ စတင်လျှောက်လာသည် နှင့် သံပတ်ပေးထားသော အရုပ်တစ်ရုပ် ရွေ့လာပုံမျိုးဟူ၍ သတိပြုမိလိုက်၏။ မျက်လုံးအစုံမှာ ဘာကိုမှမမြင်ရသလို ရှေ့တူရူကိုသာ ကြည့်နေခဲ့၏။ အနည်း ငယ်သတိထားကြည့်ရုံဖြင့် သတို့သမီးမှာ ဟန်မပျက်အောင် ဦးဆောင်လျှောက် ရင်း တွဲခေါ်လာခဲ့ရပုံမှာ သိသာနေ သည်။

"ဒီလိုတော့ မနေပါနဲ့ အစ်ကို ရယ်၊ အများရှေ့မယ် ကွန်ချေလေးမပျက် ရုံတော့ နေပေးရမှာပေါ့၊ ဒါနဲ့ ခက်ကုန် တော့မှာပဲ၊ ခင်လေးရှိတယ်လေ၊ အစ်ကို ရှေ့မယ် ခင်လေးလဲရှိနေတယ်လေ" နှင့် ခင်လေးမှာ စိုးရိမ်ပူပင်လာသည်။ နှုတ် ဖြင့် မပြောသာ၍ မျက်ဝန်းအကြည့်ဖြင့် ပြောရန်မှာလည်း ညီမင်းစံမှာ ခင်လေး ကိုပင် မမြင်မတွေ့သကဲ့သို့ ရှိနေသည်။

ခင်လေးမှာ မင်းမင်းသန့် ဇွတ် တောင်းဆိုလွန်းသဖြင့် ပန်းကြိုသူ အပျို စင်အဖြစ် လက်ခံခဲ့ရသည်။ သူမ အတန် တန်ငြင်းဆန်ခဲ့သော်လည်း "ဘာဖြစ် လို့လဲ ခင်လေးရယ်၊ ဘာဖြစ်လို့လဲ ဟင်" ဆိုသော မေးခွန်းအောက်တွင် မလှုပ်နိုင် မယှက်နိုင် အဖြေခက်နေခဲ့သည်။

"မမကို ပြောပြလေ၊ ငါတို့ တစ် တွေက ညီအစ်မလိုပဲမို့လား၊ ခင်လေး မှာ ဘာအခက်အခဲရှိနေလို့လဲ ဟင်၊ မမ ရဲ့ပွဲမှာ ညီမလေး ရှေ့ကမနေဘဲ ဘယ် သူ့ကို ထားရမှာလဲ၊ ရွာမှာ ညီမလေး ထက် ဘယ်သူမှ ပိုမလှနိုင်ဘူး၊ ကျန် တာ ဘာမှတွေးပူမနေနဲ့၊ မမ အကုန် တာဝန်ယူမယ်၊ အကုန်စီစဉ်ပေးမယ် နော် ညီမလေး" ဟူ၍လည်း မင်းမင်း သန့်က အတန်တန်ပြောနေသည်။

"ဘာဖြစ်လို့လဲ ခင်လေးရယ်" ထို အမေးမှာ သူမ နားထဲတွင် ပဲ့တင်ထပ် နေသည်။ လွန်ဆန်ဖို့ ခက်ခဲလာသည်။ ထိုအခါ တစ်ဖက်လှည့်ဖြင့် ခင်လေး တွေးသည်။

မိမိရက်လုပ်ပေးထားသော ပုဆိုး လေးဖြင့် တင့်တယ်နေမည့် ချစ်သူအား ကျေနပ်လောက်အောင် တွေ့မြင်ခွင့်ရ နေလိမ့်မည်။ မိမိကိုမြင်နေရသောချစ်သူ မှာလည်း စိတ်သက်သာမှုရှိတန်ကောင်း လိမ့်မည် စသဖြင့် သူမ ခေါင်းညိတ်ခဲ့ရ တော့သည်။

သို့သော် ခင်လေးမှာ ပူဆွေး ငို ကြွေးရဖန်များခဲ့၏။ အိပ်ပျက်ည များ စွာဖြင့် ကြုံကြိုက်ခဲ့ရ၏။ စိတ်ထောင်း ကိုယ်ကြေအနေအစားပျက်ပေါင်းလည်း များလှသဖြင့် ပင်ပန်းနေသူလည်း ဖြစ် သည်။ သတို့သမီးသည် မင်းလမ်း အတိုင်းလျှောက်၍ သတို့သား သတို့ သမီးထိုင်ရမည့် နေရာသို့ရောက်အောင် ခက်ခဲစွာ ဖြတ်သန်းလျှောက်လှမ်းနေရ သည်။

"အားတင်းထားမှပေါ့ အစ်ကို၊ အစ်ကိုပြောခဲ့သလိုပဲလေ၊ အချစ်ဆိုတာ အချစ်သက်သက်ပဲမို့လား၊ အချစ်ဆိုတာ ချစ်တဲ့သူရဲ့အကျိုးကို လိုလားခြင်းနဲ့ ချစ် သူကို ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ် ဖြစ် ချစ်နေခြင်းပဲ မဟုတ်လား" နှင့် ခင် လေးရင်တွင်းမှ ပြောနေမိသည်။ အား ပေးစကား များစွာလည်း ပြောပေးချင် နေခဲ့သည်။ စိတ်ထဲမှပဲ အထပ်ထပ်ပြော နေရသည်။ ရင်ထဲမှပဲ စကြဝဠာ ပဲ့တင် ထပ်အောင် ပြောနေရသည်။

လက်တွေ့တွင် မိမိမှာ ချစ်သူ အနားကပ်ခွင့်မရှိ။ ချစ်သူ၏ နံဘေးမှ တွဲယှဉ်လျှောက်ခွင့်ရသူမဟုတ်။ ချစ်သူ သည် မိမိနောက်မှာ။ မိမိ၏ နောက် ခြေလှမ်းအတန်အကွာအဝေးမှာ ရှိနေ သည်။

"သစ်ပင်ခွကြား၊ မြက်ထုံးထား တော့. . . ငါ့နွားဘယ့်နှယ်၊ စားပါ့မယ် တဲ့. . ၊ ချစ်သူရည်းစား နောက်ကထား တော့ စကားဘယ့်နှယ် ပြောပါ့မယ် ပေါ့. . ."

♥♥♥

အိပ်ချင်ယောင်ပြုနေသော မင်း မင်းသန့်၏ မျက်ဝန်းထဲမှ မျက်ရည်ပူများ စီးကျလာပြန်သည်။

ထို့ကြောင့် ညီမင်းစံ ပြန်လှည့် ကြည့်ပါက မမြင်မသိရအောင် အသိမ် မွေ့ဆုံး လှုပ်ရှား၍ အခြားတစ်ဖက်သို့ စောင်းလှည့်လိုက်သည်။ သူမဘက်သို့ လှည့်ကြည့်ခဲ့မည်ဆိုလျှင် တသိမ့်သိမ့် မလှုပ်ရအောင် ထိန်းချုပ်ထားသော ကျောပြင်လေးကိုသာ မြင်တွေ့ရမည် ဖြစ်သည်။

ညီမင်းစံမှာ သူမကို ကျောပေး ၍ ထိုင်နေဆဲ။ ထိုင်နေသည်မှာလည်း ကျန်နေခဲ့သော ရုပ်ခန္ဓာအထည်သာ ဖြစ်၏။ စိတ်မှာ ခန္ဓာအိမ်၌မရှိ၊ မင်္ဂလာ အိပ်ခန်းထဲမှာလည်း မရှိ။

"တောင်က ဆပ်ပြာ၊ တိုက်လို့ လာ၊ ထောင့်မှာ ဘုရားနဲ့"

". . . . . . . . . . ."

"အစ်ကိုကော နောက်ဘဝဆို တာ ယုံတယ်မို့လားဟင်"

". . . . . . . . . . ."

"အစ်ကိုက သက်ငယ်ချောင်းနဲ့ ခေါင်းလောင်းထိုးနေပေမယ့် နားပါတော့ ခင်လေးကတော့ ကြားနေရပါတယ် အစ်ကို၊ ဒါပေမဲ့ . . ."

သူမှာ. . .

စိတ်ဝိညာဉ် တောင်ပံခတ်၍ မြိုင်ရပ်အနှံ့ ပျံကောင်းဆဲ၊ လွင့်ကောင်း နေဆဲ။

အချစ်သည် အချစ်သက်သက်သာ ဟု ယုံကြည်သော . . .

□ ငွေမင်းငြိမ်း

www.burmeseclassic.com



ပန်းချီအောင်နိုင်လတ်

ပိန်းကောလှေ တစ်စင်းသည် စံသွေးကျွန်းအနီးသို့ တဖြည်းဖြည်းချဉ်းကပ်လာခဲ့သည်။ အရောင်အသွေးစုံလင်သော ပင်လယ်ပျော်ငှက်တစ်သိုက်သည် လန့်ဖျပ်ကာအော်မြည်ပြီး အဝေးတစ်နေရာသို့ ပြန့်ထွက်သွားကြသည်။

ဖိုးသေးသည် ဝေါင်းမိုးအောက်လှေဝမ်းထဲမှ ဖိုက်ကွန်နှင့် ငါးများကိုနေသားတကျထားကာ အရိပ်ရှိရာ တစ်နေရာသို့ လှေကို ဦးတည်ကာ ကပ်လိုက်သည်။

နေအတော်မြင့်နေပြီး နေ့လယ်ထမင်းစားချိန်ရောက်နေပြီ ဖြစ်သည်။ သူနေသည့် ငါးအိမ်စုတဲတန်းများကို မှုန်ပျပျ လှမ်းမြင်နေရသည်။ ကျွန်းပေါ်တွင် အလေ့ကျပေါက်နေသည့် သစ်ပင်များ၊ ဂမုန်းပင်များ၊ ထူးထူးဆန်းဆန်းနွယ်ရှင်ပင်များနှင့် ပြည့်နှက်နေသည်။ ညိုညစ်ညစ်ကျောက်များနှင့် ရောထွေးကာ ပင်လယ်ကဏန်းများလည်း ရှိနေသည်။ တွင်းများတွင် အထွေးလိုက်ခိုအောင်းနေသည့် ပင်လယ်ဂျတ်မြွေများကလည်း မနည်း။

အရိပ်ကောင်းလှသည့် ကျည်းပင်အောက်တွင်နားရင်း ပါလာသည့်ရေကို အဆာပြေသောက်ရင်း အနားယူနေမိသည်။ ထမင်းလည်း မဆာသေး၊ ပင်လယ်လေတိုးသံနှင့် ကျွန်းပေါ်မှ ငှက်တစ်သိုက်အော်မြည်သံများကို ကြားနေရသည်။

ထိုအချိန်တွင် အနောက်ဘက်မှ ခြေသံကြား၍ လှည့်ကြည့်ရာ မြင်ရသော မြင်ကွင်းကြောင့် အံ့ဩထိတ်လန့်သွားမိသည်။

အဘယ့်ကြောင့်ဆိုသော် လူသူအရောက်ပေါက်နည်းပြီး တံငါလှေများသာ ခိုကပ်နားတတ်သည့် နေရာသို့ ထူးထူးခြားခြား ရောက်လာသည်မှာ အခြားမဟုတ်။ အဘိုးအိုနှင့် အဘွားအိုဖြစ်နေသောကြောင့်တည်း။

ဖိုးသေး နားနေရာမှ အံ့ဩထိတ်လန့်စွာ မတ်တတ်ရပ်ရင်း အထူးအဆန်းကြည့်နေမိသည်။ အဘိုးအိုနှင့် အဘွားအိုကလည်း သူ့ဆီသို့တန်းတန်းမတ်မတ်လာနေသည် မဟုတ်ပါလား။

ဖိုးသေး အနားသို့ရောက်လျှင် အဘိုးအိုက မှုန်ပျပျမြင်နေရသော ငါးအိမ်စုဘက်သို့ လက်ညှိုးထိုးကာ တုန်ယင်သောအသံဖြင့်. . .

"လူလေး ငါးအိမ်စုကမို့လား၊ လူလေးကသာ အဘတို့ကို မသိတာ၊ အဘတို့က လူလေးကို သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အဘတို့ ဘယ်ကလာတာပါလဲ ဒီကျွန်းပေါ်ကို ဘယ်လို ရောက်လာတာလဲ"


ဖိုးသေး အမေးကို အဘွားအိုမှ လျင်မြန်စွာ ပြန်ဖြေသည်။

"အဘွားတို့ ပေတလူဘက်ကပါ။ လှေကြုံလိုက်လာတာပါ။ ငါးအိမ်စု တည်ခါစက နေဖူးပါတယ်၊ နောက်မှ ပြောင်းသွားတာပါ"

"ဪ. ဟုတ်ကဲ့ ဟုတ်ကဲ့"

သို့နှင့် ရှေးဟောင်းနှောင်းဖြစ်များပြောရင်း တစ်ခဏအတွင်း မှာပင် ဖိုးသေးနှင့် ရင်းနှီးသွားသည်။ စကားသာ ပြောနေသော်လည်း ဖိုးသေးတွင် သံသယစိတ်များစွာ ရှိနေသည်။

ဒီမှာမွေး ဒီမှာကြီးပြီး အသက်ပင် နှစ်ဆယ်ကျော်ပြီ။ ဒီအဘိုး အဘွားကို တစ်ခါမှ မမြင်ဖူး မတွေ့ဖူး။



# ပင်လယ်ပြင်မှ ဝိညာဉ်များ



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း တွေ့တွေ့ချင်း သဒ္ဒါစိတ်များဖုံးလွှမ်းကာ ပါလာသည့် ထန်းလျက်ခဲများဖြင့် ဧည့်ခံလိုက်သည်။

အဘိုးအဘွား နှစ်ဦးစလုံးကလည်း ကျေးဇူးတင်စကားသာ ပြောကြားပြီး တစ်လုံးမှ မစားချေ။

စကား အတန်ငယ်ကြာပြောပြီးနောက် အဘိုးအိုက ဟောင်းနွမ်းလှသောသူ့အကျႌအိတ်ကပ်ထဲမှ ကနုကမာပုံလေးတစ်ခုကိုထုတ်ကာ ဖိုးသေးအားပေးလိုက်သည်။

"ကလေးအတွက် အမှတ်တရလက်ဆောင်ပါ၊ ပင်လယ်ပြင်မှာ ရပ်တည်လှုပ်ရှားတော့ အဆောင်ဆိုတာလိုအပ်တယ်၊ ဒါလေးကို အမြဲဆောင်ထား၊ အမြဲကူညီစောင့်ရှောက်လိမ့်မယ် ဒါပေမဲ့ အိမ်ထောင်ပြုမယ်ဆိုရင်တော့ ဒီမှာပြန်ပြီး အပ်နှံရမယ်၊ အဲဒါတစ်ခုတော့ ကတိပေးရမယ်"

အဘိုးအိုက ဖိုးသေးအားအသေအချာ စေ့စေ့စပ်စပ်ကြည့်ပြီး ပြောခြင်းဖြစ်သည်။ ဘေးနားမှ အဘွားအိုကလည်း အကဲခတ်နေသည်။ ဖိုးသေးက အဘိုးအိုပေးသော ကနုကမာ အရုပ်ကလေးကို ရိုရိုသေသေ လှမ်းယူလိုက်သည်။ အလွန်ချစ်စရာကောင်းသည့် ရေသူမအရုပ်ကလေး ဖြစ်နေသည်။

အရှည်က လက်ညှိုးလောက်ရှိပြီး လက်နှစ်လုံးလောက်ထုရှိနေသည်။ နေရောင်ခြည်အောက်တွင် ကနုကမာအရောင်များက ဝင်းလဲ့တောက်ပနေသည်။ ထူးခြားသည်မှာ ပစ္စည်းကဟောင်းနွမ်းမနေဘဲ အသစ်စက်စက်ဖြစ်နေသည်။

"တစ်သက်လုံး ဆောင်ထားလို့မရဘူးလား အဘိုး၊ ဘာဖြစ်လို့ အိမ်ထောင်ပြုရင် ပြန်အပ်ရမှာလဲ ဟင်၊ အဲဒါလေးတော့ ကျွန်တော့်ကိုရှင်းပြပါ"

ဖိုးသေး၏ အမေးကို သဘောကျ၍ အဘိုးနှင့် အဘွား နှစ်ဦးစလုံး နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

အဘိုးအိုက. . .

"ကလေး . . . အဆောင်တိုင်း အဆောင်တိုင်းမှာ လျှို့ဝှက်ပုံရိပ်တွေရှိတယ်၊ ဥပမာ ပြောရရင် တချို့ကျောက်မျက်ရတနာတွေဆိုရင် မိုးကောင်းကင်ကဂြိုဟ်တွေနဲ့ အဆက်အသွယ်ပြုတယ်၊ အားတွေကို ယူတယ်၊ တချို့ အဆောင်တွေကျတော့ ကောင်းကင်ဘုံနဲ့ ဝိညာဉ်လောကကို ဆက်သွယ်မှု ဆက်နွယ်မှုပေးတယ်၊ ကလေးကိုပေးတဲ့ အရုပ်လေးကတော့ နာမ်လောကတွေကို ကိုယ်စားပြုတယ်၊ ဒီအရုပ်လေးကိုရလာပြီးတဲ့နောက်ပိုင်း ထူးခြားတဲ့ဖြစ်စဉ်တွေ စွမ်းအင်တွေကို သိလာလိမ့်မယ်၊ အဲဒီအခါကျရင် အိမ်ထောင်ပြုတာနဲ့ ဘာဖြစ်လို့ ပြန်အပ်ခိုင်းသလဲဆိုတာ သိလာလိမ့်မယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော်ခု လောလောဆယ် အိမ်ထောင်မပြုသေးပါဘူး၊ တန်ဆောင်မုန်းတော့ အိမ်ထောင်ပြုဖို့ အစီအစဉ်ရှိပါတယ်၊ ဒါပေမဲ့ သုံးနှစ်လောက်တော့လိုပါသေးတယ်"

"အေးလေ. . အဲဒီအခါကျရင်တော့ ပြန်ဆုံကြတာပေါ့"

"ဒါလေး ပြန်အပ်တော့ ကျွန်တော် အဘိုး အဘွားတို့နဲ့ မတွေ့ရင် ဘယ်လိုလုပ်ရမှာလဲ ဟင်"

ထိုအခါ အဘိုးအိုက များစွာသော နွယ်ပင်များနှင့် ရစ်ပတ်ထားသော ညောင်မုတ်ဆိတ် အပင်ကြီးရှိနတ်ကွန်းအား လက်ညှိုးထိုးပြရင်း. .

"အဲဒီအပင်ပေါ်မှာသာ တင်ထားခဲ့ ရပါတယ်"

ထူးဆန်းသည်မှာ မြင်မြင်ချင်း ကနုကမာရေသူမ အရုပ်လေးအား ဖိုးသေး စွဲလမ်းနှစ်ခြိုက်နေမိသည်။

သူ ဘယ်လောက် ရေသူမ ကနုကမာအရုပ်လေးအား စွဲလမ်းနှစ်ခြိုက်လွန်း၍ အသေအချာ ကြည့်နေမိသည်မသိ။ အဘိုးအို အဘွားအို နှစ်ဦးစလုံးသူ့အနားမှ ထွက်ခွာသွားသည်ကို သတိမထားမိလိုက်။ ကျေးဇူးတင် စကားတောင် မပြောလိုက်ရ၍ အားနာနေမိသည်။

ထိုည ကနုကမာရေသူမ အရုပ်လေးနှင့် ပတ်သက်၍ မိဘများအား ရှင်းပြသော်လည်း အားလုံးက နားမလည်နိုင်အောင် ဖြစ်နေမိသည်။ အဖေ လုပ်သူမှ ဘာမျှမပြောသော်လည်း အမေကတော့ မှတ်ချက်ပေးသည်။

"ဟယ် ချစ်စရာကလေးတော့ အသစ်စက်စက်ကလေးပါလား၊ သားက ယုံယုံကြည်ကြည်နဲ့ ဆောင်ထား၊ ပင်လယ်ပြင်နဲ့ ပတ်သက်တယ်"

"ဒါပေမဲ့ အမေ၊ အပိုင် မဟုတ်ဘူး"

"ဟဲ့ ဘယ်လိုဖြစ်လို့လဲ"

"အိမ်ထောင်ပြုရင်တော့ ပြန်အပ်မယ်လို့ ကတိပေးခဲ့တယ်"

သားဖြစ်သူ၏ ပြောစကားများကြောင့် အမေလုပ်သူသည် နားမလည်သော အကြည့်များဖြင့် ကြည့်ရင်း. .

"အို အိမ်ထောင်ပြုဖို့ သုံးနှစ်တောင်လိုသေးတယ်၊ သုံးနှစ် ဆောင်ထားရလဲ နည်းလား"

သားဖြစ်သူအား နှစ်သိမ့်စကားများပြောရင်း အဓိပ္ပာယ်ရှာမရသော အကြည့်များဖြင့် ပင်လယ်ပြင်ကို မျှော်ကြည့်နေလေတော့သည်။ထိုအရုပ်လေးရပြီးနောက်ပိုင်း ဖိုးသေးတစ်ယောက်သူမတူအောင် စီးပွားတက်လာခဲ့လေသည်။ အများကပင် အံ့ဩယူရသည်။ စံသွေးကျွန်းပင်လယ်ပြင်တွင် တံငါသည် အားလုံး ယှဉ်ပြိုင်ဝံ့သူ မရှိ။

အထူးအဆန်းဆုံးကတော့ ကနုကမာရေသူမ အရုပ်ကလေးနှင့် ပတ်သက်၍ မိသားစုမှလွဲပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမှ ဖွင့်ဟပြောဆိုခဲ့ခြင်း မရှိခဲ့ချေ။ ထူးဆန်းသောအိပ်မက်များကိုလည်းမြင်မက်သည်။ ထိုအိပ်မက်များမှာ လှပရွှန်းလဲ့သော မိန်းမပျိုလေးတစ်ယောက်က ဖိုးသေးနှင့် လာယှဉ်ပါးခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

"မယ်ဆင့်"

ငါးအိမ်စု တံငါသည်ဝန်းကျင်တွင် အလှဆုံး အချောဆုံး အရပ်အမောင်း ကိုယ်လုံးကိုယ်ပေါက် ပြောစရာမရှိ။ မျက်နှာသွင်ပြင်က မင်းပေါက်စိုးပေါက် ပုံစံမျိုး။ အသားတော့ မဖြူ။ ပင်လယ်လေထိတွေ့မှုကြောင့် အသားညို၏။ သို့သော်လည်း သူကျင်လည်ရာဝန်းကျင်နှင့်ဆိုလျှင် လားလားမျှ မဆိုင်သလိုရှိလှသည်။ အိမ်ခြေနှစ်ဆယ်ကျော်ရှိသော ငါးအိမ်စုတွင်တော့ ထင်ရှားလှသည်။

တစ်နည်းဆိုရလျှင် ဖိုးသေးနှင့်စေ့စပ်ထားသူ။ ဖိုးသေးကလည်း အမည်နှင့်လူနှင့် တခြားစီဖြစ်သေည်။ အရပ်အမောင်းနှင့် ကိုယ်လုံးကိုယ်ထည်က တောင့်တင်းခိုင်မာလွန်းလှသည်။

တကယ်ပင် အတွဲညီသော စုံတွဲတစ်တွဲ ဖြစ်သည်။ ငွေစုဆောင်းရင်း လက်ထပ်မည့်ရက်ကို စောင့်ဆိုင်းနေသူများလည်း ဖြစ်ကြသည်။ များစွာသော ရာသီစက်ဝန်းများကို နာရီလက်တံများက တရွေ့ရွေ့ ဖြတ်ကျော်ခဲ့ချေပြီ။ တစ်နှစ်ပြီးတစ်နှစ် ကုန်လွန်လာခဲ့သည်မှာ ဘာလိုလိုနှင့် လက်ထပ်မည့်လသို့ ရောက်လာခဲ့သည်။

တစ်ည။

လမင်းကြီး အရမ်းသာသည့်ည။

လရောင်ဆမ်းသော သဲသောင်ပြင်ပေါ်ဝယ် ဖိုးသေးနှင့် မယ်ဆင့်တို့ ပက်လက်လှန်ရင်း လမင်းကြီးကို မော့ကြည့်နေမိသည်။

အပြာရောင်လွှမ်းသော မိုးကောင်းကင်တွင် တလဲ့လဲ့တောက်ပနေသော ကြယ်စုအများအပြားကို မြင်တွေ့နေရသည်။ ဘာလိုလိုနှင့် နောက်တနင်္ဂနွေနေ့ဆိုလျှင် လက်ထပ်မည့်နေ့ရက်ဖြစ်သည်။

ငင်းည ဖိုးသေးနှင့် မယ်ဆင့်တို့ အပျော်ကြီးပျော်ကာ အမှားကြီးမှားခဲ့ကြသည်။ မယ်ဆင့်က ရှက်ကိုးရှက်ကန်းနှင့် ကုတ်ခြစ်ထားခဲ့သော ဖိုးသေးကျောပြင်တွင် လက်သည်းဒဏ်ရာများ တစ်နည်းဆိုရလျှင် အချစ်ဒဏ်ရာများ။

သဲသောင်ပြင်ပေါ်မှ သူတို့နှစ်ဦး၏ ချိုမြိန်သော အနမ်းများကို ပြာလဲ့လဲ့မိုးကောင်းကင်နှင့် လမင်းကြီး၊ တလဲ့လဲ့တောက်ပနေသော ကြယ်စုများ၊ ပင်လယ်ရေပြင်ကြီးက တဝကြီး ကြည့်ရှုခဲ့သည် မဟုတ်ပါလား။ ည၉တစ်နာရီကျော်ပြီဖြစ်၍ လူသူလေးပါး အိပ်မောကျနေသောကြောင့်တည်း။

သောကြာနေ့တွင် ဖိုးသေးနှင့်မယ်ဆင့်တို့နှစ်ဦး မြို့တက်ကာ လိုအပ်သည့် အမည်ပစ္စည်းများကို ဝယ်ယူခဲ့ကြသည်။ မြို့ငါးဒိုင်မှ ဖောက်သည်များကိုလည်း နှုတ်ဖြင့် မင်္ဂလာဆောင် ဖိတ်ကြားခဲ့ကြသည်။

"ဖိုးသေးတို့ကတော့ ပင်လယ်ထဲမှာ ငါးဖမ်းပြီး ရမယ့်ရတော့လဲ တကယ့် စိန်ကောင်းကျောက်ကောင်းပဲဟော့၊ အေး အေး တို့ ငါးဒိုင်အဖွဲ့တွေ အားလုံးလာခဲ့မယ်၊ ငါးသလောက်ကို ကောင်းကောင်းပေါင်းထား၊ ပင်လယ်ပြင်ကြီးကို ကြည့်ပြီး ထမင်းအဝစားမယ်"

"ဟုတ်ကဲ့ ဟုတ်ကဲ့၊ အားလုံးလာနော်၊ အားလုံးကို ဖိတ်ထားတာ"

သို့နှင့် စနေနေ့အရောက်တွင် ဖိုးသေးသည် ရေသူမအရုပ်လေး ပြန်လည်အပ်နှံရန် သွားသတိရလိုက်သည်။ သူ အမှတ်တရ ကတိပေးထားခဲ့သည် မဟုတ်ပါလား။ တနင်္ဂနွေနေ့ အလှူအတွက်လည်း လိုအပ်သော ငါးများရှာရဦးမည် ဖြစ်သည်။

"ကိုဖိုးသေး စံသွေးကျွန်းကို ကျွန်မ လိုက်ခဲ့မယ်"

မယ်ဆင့်၏ ဆိုင်းမဆင့် ပုံမဆင့်တောင်းဆိုမှုကြောင့် ဖိုးသေး တစ်ယောက် အကြီးအကျယ် အံ့ဩသွားရသည်။ ပင်လယ်ရေပြင်၏ သဲသောင်အစပ်ဝယ် လှချင်တိုင်း အကြီးအကျယ်လှပြီး လှသွေးကြွယ်နေသည့် မယ်ဆင့်၏ အလှကို ဖိုးသေး ကြည့်လို့မဝ။

"လက်ထပ်ပြီးမှ အေးအေးလူလူ တစ်နေကုန်သွားနေမယ်ဟာ၊ ခုတော့ နက်ဖြန်အတွက်လဲ လိုအပ်တဲ့ငါးတွေ သွားရှာရဦးမယ်၊ ငါးက လိုနေသေးတယ်"

ချစ်သူ မယ်ဆင့်ကို တယုတယ နွေးထွေးသော အနမ်းများပေးပြီး ပိန်းကောလှေကြီးနှင့် စံသွေးကျွန်းဘက်ကို ထွက်ခွာသွားလေတော့သည်။

သဲသောင်ပြင်အစပ်ဝယ် မယ်ဆင့်က ပဝါအနီလေးယမ်းကာ နှုတ်ဆက်ရင်း ကျန်ရစ်ခဲ့သည်။ အချိန်များ တဖြည်းဖြည်းကုန်လွန်လာခဲ့သည်။ အနီရောင်သန်းနေသော နေလုံးကြီးသည် နံနက်ပိုင်းတွင် ပုဗ္ဗဝိဒေဟကျွန်းလို့ခေါ်သည့် အရှေ့ဘက်မှ ထွက်ပေါ်လာခဲ့ပြီး ညနေပိုင်းတွင် အနောက်ဘက် အပရဂေါယာနကျွန်းသို့ တဖြည်းဖြည်း ဝင်သွားချေပြီ။

ထိုအချိန်တွင် ပိုက်ကွန်နှင့် ငါးများ တင်ဆောင်ထားသည့် ပိန်းကောလှေတစ်စီးသည် ငါးအိမ်စုတံငါလှေများဆိုက်ကပ်ထားရာနေရာသို့ တဖြည်းဖြည်း တရွေ့ရွေ့နှင့် ဝင်ရောက်လာချေပြီ။

လည်တဆန့်ဆန့် မျှော်နေသည့် မယ်ဆင့်က ပြေးထွက်သွားပြီး အားရရွှင်လန်းစွာ ကြိုသည်။ တံငါလှေများ ဆိုက်ကပ်ထားရာ နေရာသို့ ရောက်ရှိလာပြီ။

သူ့အလိုအလျောက် ရပ်တန့်သွားသည်။ လှေအနားရောက်တော့ မယ်ဆင့်၏ ခြေလှမ်းများက အလိုအလျောက် ရပ်တန့်သွားသလို အာမေဋိတ်သံလည်း ထွက်သွားမိသည်။

အဘယ်ကြောင့်ဆိုသော် လူလုံးဝပါမလာဘဲ ငါးဖမ်းပိုက်နှင့် ငါးများသာ ပါလာ၍ပဲဖြစ်သည်။ စံသွေးကျွန်းကို ဝင်လုဆဲဆဲ နေရောင်ခြည်အောက်တွင် ဗိုးတဝါး မြင်တွေ့နေရဆဲ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခဏအတွင်းမှာပင် မယ်ဆင့်၏ အော်ဟစ်ငိုယိုသံကြောင့် ငါးအိမ်စုဝန်းကျင်မှ လူအများ ပွက်လောရိုက်သွားသည်။ မှောင်နှင့်မည်းမည်း ညအချိန်တွင် မီးတုတ်များ၊ မီးအုပ်ဆောင်းများ၊ လက်နှိပ်ဓာတ်မီးများ ကိုင်ဆောင်ထားသော လူအများသည် ပိန်းကောလှေကြီးများနှင့် စံသွေးကျွန်းပေါ်သို့ သွားရောက်ကာ နေရာအနှံ့ရှာဖွေခဲ့ကြသည်။ သို့သော်လည်း ဖိုးသေး၏အရိပ်အယောင်ကို လုံးဝ မတွေ့တော့ပေ။

ထူးခြားချက် တစ်ခုကတော့ ညောင်မုတ်ဆိတ်ပင်ကြီး၏ နတ်ကွန်းအရောက်တွင် မသဲမကွဲမြင်ရသော လူတစ်ယောက် အပင်ပေါ်တက်ပြေးသွားသည်ဟု ဆိုကြသည်။

အဝတ်အစားရော အရုပ်အမောင်းကော ဖိုးသေးမှ ဖိုးသေးပါဟု ဆိုကြသည်။ သူတို့အုပ်စု ညောင်မုတ်ဆိတ် အပင်ကြီးအနီး ရှာဖွေခဲ့ကြသော်လည်း အရိပ်အယောင်ကို လုံးဝ မတွေ့ရတော့ပေ။ ကျွန်းအနီး ပင်လယ်ပြင်တွင်လည်း ညလုံးပေါက် ရှာဖွေခဲ့ကြသော်လည်း ဘာဆိုဘာမှမတွေ့တော့။

မယ်ဆင့်သည် အပူသောကများကို ရင်ထဲတွင် မချိအောင် ခံစားရင်း မျက်ရည်စက်များနှင့် လမ်းခင်းလျှောက်လှမ်းခဲ့ရသည်။ ဘယ်ဘဝက ဝဋ်ကြွေးလည်းမသိ။

အချစ်၏ ဝေဒနာများကို အပြင်းအထန်ခံစားခဲ့ရလေသည်။ ဒီဝေဒနာများကို ကုရန် ဆေးမရှိပါ။

မယ်ဆင့်၏ ကိုးလကျော် ဆယ်လအလွမ်းဟု ဆိုရ[illegible]လား မသိ။ မှောင်မိုက်သောည[illegible]ချိန်မတော် ကလေးငယ်တစ်ယော[illegible] စူးစူးဝါးဝါး အော်သံကြောင့် အနီးအနားမှ လူများ ယောက်ယက်ခတ်သွားကြသည်။

အိပ်မောကျချိန်တွင် ကလေးငယ်၏ အော်သံကြောင့် ရုတ်တရက် လန့်နိုးကြ၍ ဘာမှန်းမသိ ဖြစ်နေကြသော်လည်း မယ်ဆင့်၏အသံကို ကြားရမှ အားလုံးသဘောပေါက် နားလည်သွားကြသည်။

ညအချိန်မတော် မယ်ဆင့်၏ တဲဆီသို့ တစ်ယောက်ပြီး တစ်ယောက် ဝင်လာကြသည်။

တဲအားလုံးတွင်လည်း မီးခွက်လေးတွေ ကိုယ်စီနှင့်။

"ဟယ် သမီးလေးပါလား၊ ချစ်စရာလေးတော့" ဟု တစ်ယောက်တစ်ပေါက် ပြောဆိုသံများနှင့်အတူ မီးနေခန်း အတွင်းမှ မယ်ဆင့်၏ ပါးပြင်မှ မျက်ရည်စက်များ။ ထိုကလေးငယ်၏ ရင်ဘတ်တွင် ထူးဆန်းသော အမှတ်အသားများပါရှိလေသည်။ ထိုအမှတ်အသားမှာလည်း ငယ်ရွယ်လွန်းသေး၍ ပီပြင်မှု မရှိသေးချေ။

ဘယ်လို ရည်ရွယ်ချက်နှင့် ထားသည်တော့ မသိ။ ကလေးငယ်အား တစ်နှစ်ပြည့်သည့်တိုင်အောင် အမည်နာမ မပေးသေးချေ။ "ဖိုးသေးသမီး" "ဖိုးသေးသမီး" ဟုသာ အများက ခေါ်ကြသည်။

မယ်ဆင့်ကလည်း တစ်နေ့နေ့ တစ်ချိန်ချိန် ဖိုးသေး ပြန်ကိုပြန်လာမည်ဟု တထစ်ချယုံကြည်ယူဆထားပြီး စံသွေးကျွန်းကို မျှော်ကာ အကြိမ်ကြိမ် အထပ်ထပ် ကြည့်နေမိသည်။ သမီးငယ်လေး သုံးနှစ်ပြည့်သည့် တိုင်အောင် သတင်းအစအန လုံးဝမရတော့ပေ။

တစ်နေ့ ဆောင်းနံနက်ခင်း အချိန်။ မယ်ဆင့်အစ်ကို ကျော်ခဲ ငါးဖမ်းရာမှ ပြန်အလာ။

"မယ်ဆင့်. . . မယ်ဆင့်"

နံနက်စောစောစီးစီး သူ့အကို ကျော်ခဲ၏ အသံကြောင့်. . .

"အစ်ကို ကျော်ခဲ ဘာလဲ"

"ငါဒီမနက် မိုးလင်းခါနီး စံသွေးကျွန်းနားရောက်တော့ ဖိုးသေးကို တွေ့ခဲ့တယ်၊ အဲဒီနေ့ ထွက်သွားတဲ့ အဝတ်အစားအတိုင်းပဲ၊ ငါလဲ အော်ခေါ်ရော ကျွန်းပေါ်ကို ပြန်တက်ပြေးသွားတယ်၊ ဒီကောင် ကျွန်းပေါ်မှာရှိနေတာ သေချာတယ်ဟ၊ တစ်ခုခုတော့တစ်ခုခုပဲ၊ ဘာဖြစ်လို့လဲဆိုတော့ နင်စဉ်းစားကြည့်ဟာ အလောင်းကို လုံးဝအစအနတောင် မတွေ့ရဘူးဆိုတာလဲ အဓိပ္ပာယ်မရှိဘူး"

"ညီမလဲ ဒီအတိုင်းပဲ ထင်ထားတာ၊ အစ်ကိုကျော်ခဲ ညီမကို ကျွန်းပေါ်လိုက်ပို့ပေး၊ ညီမ တစ်ကျွန်းလုံး အနှံ့ သွားကြည့်ချင်တယ်"

"အေးပါ ငါ့ညီမကို အစ်ကိုလိုက်ပို့ပေးပါ့မယ်၊ ဒါပေမဲ့ ဒီနေ့တော့ လိုက်မပို့နိုင်ဘူး၊ ညက အိပ်ရေးပျက်ထားတာဆိုတော့ နောက်နေ့ လိုက်ပို့ပေးမယ်"

ဇာတ်လမ်းက ဒီတွင် မပြီး။

ငှင်းနေ့ နံနက် ၉ နာရီအချိန်လောက်တွင် မယ်ဆင့်သည် သုံးနှစ်သမီးလေးကို ခေါ်ကာ ဖိုးသေးစီးသည့် ပိန်းကောလှေကြီးနှင့် စံသွေးကျွန်းဘက်ကို ထွက်ခွာသွားလေတော့သည်။ မည်သူ့ကိုမျှလည်း မပြောမဆို၊ နှုတ်မဆက်ဘဲ ထွက်သွားကြခြင်းဖြစ်သည်။

ငါးအိမ်စုနှင့် သဲသောင်ပြင်ရေအစပ်သည် နှစ်ဖာလုံကျော်ကျော်ခန့်သာ ကွာဝေးသဖြင့် အတိုင်းသား လှမ်းမြင်နေရသည်။ မသွားခင် သနပ်ခါးအဖွေးသားနှင့် အဝတ်အစားအသစ်များ ဝတ်ဆင်ထားကြသဖြင့် မယ်ဆင့်မိတ်များက. . .

"ဟဲ့သမီး ဘယ်သွားမလို့လဲ"

"ဒီနေ့ရာသီဥတုကလဲ သာယာတယ်လေ၊ သမီးကို သူ့အဖေစီးတဲ့ ပိန်းကောလှေကြီးထဲ တက်ခိုင်းမလို့၊ သုံးနှစ်ပြည့် အထိမ်းအမှတ်လေ အမေရဲ့"

ဟုဆိုကာ စံသွေးကျွန်းဘက်ကို ထွက်ခွာသွားလေတော့သည်။ တစ်ရွာလုံး စိတ်မကောင်းကြီးစွာနှင့် ထွက်ကြည့်ကြသည်။

ပိန်းကောလှေကြီး စံသွေးကျွန်းအနီး တဖြည်းဖြည်းချဉ်းကပ်သွားသည်ကို ခပ်ရေးရေး လှမ်းမြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

လေတိုက်ခတ်မှုမရှိ၍ ပင်လယ်ရေပြင်တွင် လှိုင်းလုံးများမရှိချေ။ မယ်ဆင့်က ပင်လယ်ပြင်ကမ်းစပ်မှာ ကြီးပြင်းသူပီပီ တက်မအလှော်အခတ်များကို ကျွမ်းကျင်လှသည်။ ရေကူး၊ ရေငုပ်ကျွမ်းကျင်သူပီပီ ရေကို မကြောက်။ ရာသီဥတုကလည်း မိုးလေကင်းစင်သဖြင့် သာယာလှသည်။

သို့နှင့် ညနေ နေစောင်းချိန်။

တစ်ရွာလုံးမှ လူများ သဲသောင်ပြင်ဆင်းပြီး စံသွေးကျွန်းဘက်ကို မျှော်ပြီး ကြည့်နေမိကြသည်။

ဝင်လုဆဲဆဲ နေရောင်ခြည်အောက်တွင် စံသွေးကျွန်းဘက်မှ ပိန်းကောလှေတစ်စီးသည် တရွေ့ရွေ့ထွက်ခွာလာသည်။ မျှော်နေသူ အားလုံး ဝမ်းသာသွားကြသည်။

သို့သော်လည်း သူတို့၏ဝမ်းသာပီတိဖြစ်မှုက သိပ်ပြီး အချိန်မကြာလှ။

အဘယ့်ကြောင့်ဆိုသော်. . .

မယ်ဆင့်အစ်ကို ကျောက်ခဲကသူ့လှေနှင့် အလျင်အမြန်ထွက်သွားပြီး ပိန်းကောလှေကြီးအား ဆွဲခေါ်လာချိန်တွင် အရာအားလုံး သူတို့ထင်သလိုဖြစ်မလာခဲ့။

ပိန်းကောလှေကြီး၏ ပေါင်းမိုးအောက်တွင် အဝတ်အစားအသစ်များဖြင့် အိပ်ပျော်လျက် လိုက်ပါလာသည့် သမီးငယ်လေးတစ်ယောက်သာ ပါလာတော့သည်။

မယ်ဆင့်ကား ပါမလာတော့။ အော်ဟစ်ငိုယိုသံများနှင့် ဂယက်ရိုက်သွားသည်။

လောကကြီးတွင် ထူးဆန်းအံ့ဩဖွယ်ရာများနှင့်ပြည့်နှက်နေသည်။ လူသားတို့ လိုက်မမီနိုင်သေးသည့် လျှို့ဝှက်ချက်များစွာလည်း ရှိနေသေးသည်။

ထုံးစံအတိုင်း ကျွန်းပေါ်တက်ကာ မီးတုတ်များ၊ မီးအုပ်ဆောင်းများနှင့် အသည်းအသန် ရှာဖွေကြသည်။

အစအနပင် လုံးဝ ရှာမတွေ့တော့ပေ။

ငါးအိမ်စု တစ်ရွာလုံး စံသွေးကျွန်းကို ကြည့်ပြီး ထိတ်လန့်တုန်လှုပ်သွားကြသည်။

ယခင်က နားနားနေနေ ကျွန်းပေါ်တက်ပြီး အနားယူခဲ့ကြသော်လည်း နောက်ပိုင်းယောင်လို့ပင် ခြေဦးမလှည့်တော့ပေ။

နှစ်ပေါင်း နှစ်ဆယ်ကျော်ခဲ့ချေပြီ။ ဖိုးသေး မယ်ဆင့်တို့၏ မိဘနှစ်ပါးလည်း ဇရာ၏ ထုထောင်းမှုဖြင့် လူ့လောကကြီးမှ အပြီးအပိုင် ထွက်ခွာသွားခဲ့ကြလေပြီ။ မယ်ဆင့်အစ်ကို ကျောက်ခဲပင် အသက်ခြောက်ဆယ်ကျော်ခဲ့ချေပြီ။

စံသွေးကျွန်းအနား မရောက်ခင် ပိန်းကောလှေကြီးတစ်စင်းပေါ်တွင် ဆံပင်များဖြူဖွေးပြီး အိုမင်းရင့်ရော်နေသည့် အဘိုးကျောက်ခဲနှင့် မိန်းမပျိုတစ်ဦး။

မိန်းမပျိုလေးက ပိန်းကောလှေကြီးပေါ်မှ ရေပြင်ပေါ်သို့ လှလှပပ ထိုးဆင်းလိုက်သည်။

မိနစ်အတန်ကြာမှ ပေါ်လာပြီး ငါးအိမ်စုတန်းဘက်သို့ ကူးခတ်သွားသည်။ သူမနှင့် မလှမ်းမကမ်း ပိန်းကောလှေကြီး လိုက်ပါလာသည်။

သဲသောင်ပြင်အစပ်မှ လူအများ ထိုမြင်ကွင်းကို ရပ်သပ်ရှုမောကြည့်ကြသည်။ အဘယ့်ကြောင့်ဆိုသော် စံသွေးကျွန်းမှ ငါးအိမ်စု ရေပြင်ခရီးသည် အနည်းဆုံးနှစ်နာရီကျော်ကြာ ခရီးဖြစ်သည်။ တော်ရုံ တန်ရုံလူ ရေမကူးဝံ့။ စဉ်းတောင် မစဉ်းစားရဲ။

အတန်ကြာအောင် ရေထဲမှာငုပ်သွားလိုက်။ ပြန်ပေါ်လာလိုက်။ ရေကူးလိုက်နှင့် ပင်လယ်ပြင်မှာ သူမအားယှဉ်ပြိုင်ဝံ့သူမရှိ။

ပင်လယ်ပြင် ကမ်းစပ်မှ သဲသောင်ပြင်ပေါ်သို့ ထဘီရင်လျား ဆံပင်ဖားလျားနှင့် မိန်းမပျိုတစ်ဦး ဝင့်ကြွားစွာ တက်လာခဲ့သည်။

ကမ်းစပ် သဲသောင်ပြင်ပေါ်မှ လူအများက လက်ခုပ် လက်ဝါးတီး ညာသံပေးကာ ဂုဏ်ပြုကြသည်။

သူမ၏ အလှက ဒီနယ်တစ်ဝိုက်တွင် ကျော်ကြားလှသည်။ အနက်ရောင် ထဘီရင်လျားနောက်ကွယ်တွင် ဖြူဝင်းသော အသားအရည်က တင့်တယ်လှပနေသည်။

အသေအချာကြည့်လျှင် မို့မောက် ဖွံ့ဖြိုးနေသော ရင်အစုံ၏ အထက်တွင် အမှတ်အသား တစ်ခုရှိသည်။ ထိုအမှတ်အသားမှာ သူ့အဖေ ဖိုးသေး ရရှိခဲ့သည့် ကနုကမာရေသူမ အရုပ်ကလေးနှင့် တစ်ထပ်တည်း။ တစ်ပုံစံတည်း။

ဒီနယ်တစ်ဝိုက်တွင် လူအများက သူမကို ထူးထူးဆန်းဆန်း "ရေသူမ" လို့ ခေါ်ကြသည်။ သူ့အလိုအလျောက် "ရေသူမ" လို့ အမည်တွင်သွားတော့သည်။

နောင် နှစ်ပေါင်းများစွာ ကြာသော် သူမသည် အိမ်ထောင်လုံးဝမပြုဘဲ ၎င်းပိန်းကောလှေကြီးနှင့် ပင်လယ်ပြင်ထဲထွက်ခွာသွားပြီး ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားလေတော့သည်။


[၁၉၈၄ ခုနှစ်၊ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်း၊ မော်တုန်းကြီး ငါးဖမ်းစခန်းတွင် တာဝန်ထမ်းဆောင်စဉ် မလိကျွန်းပေါ်မှ အဘဦးဖိုးထော်၏ ပြောပြချက်များကို ပြန်လည်အသက်သွင်းပါသည်]

❒ မင်းဟန် (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဒီအိမ်လေးရှိတဲ့ လမ်းနီနီလေးထဲကို မောင် သုံးကြိမ်မြောက် ရောက်ဖြစ်ခဲ့ပြန်ပြီပေါ့။ ခုအချိန်မှာတော့ မောင်ဟာ ယခင် အကြိမ်များနဲ့ လုံးဝ ခြားနားကွဲပြားစွာ တည်ငြိမ်ရင့်ကျက်နေခဲ့ပြီလေ။ ဒဂုံတက္ကသိုလ်က ကျူတာတစ်ယောက်ဖြစ်နေပြီဖြစ်တဲ့ မောင့်ဘဝမှာ ရင့်ကျက်တည်ငြိမ်မှုကို ဆောက်တည် မွေးမြူနေတတ်ခဲ့ပြီ ညို။ ညိုသာ မြင်နိုင်မယ်ဆိုရင် မောင့်ပုံစံကို ကြည့်ပြီး မပွင့်တပွင့်လေး ပြုံးမိမှာ သေချာတယ်။

ဪ ဘာလိုလိုနဲ့ ဝေးခဲ့ကြတာ (၁၀)နှစ်တောင် ကျော်ခဲ့ပြီပဲ။



[illegible]



www.burmeseclassic.com

www.burmeseclassic.com

မောင်နဲ့ ညို့ အတည်ပြုချက်တွေ မယူဘဲ နှလုံးသားချင်း တိတ်တဆိတ်လမ်းခွဲခဲ့ကြတာ (၁၀)နှစ်တောင်ရှိသွားပြီ ညို့။ ဒါပေမဲ့လေ နှင်းသီရိ မောင်ရဲ့ အတိတ်တွေမှာ ညီခန့်ညို ဆိုတဲ့ ကြွပ်ဆတ်ဆတ် မာကျောကျောကောင်လေးတစ်ယောက်ရဲ့ ပုံရိပ်တွေကိုတော့ ချန်ထားရစ်ခဲ့လို့ မရပါဘူး။ ကိုယ်တို့ရဲ့ အတိတ်ဇာတ်လမ်းက မလှပခဲ့တဲ့ တစ်ခန်းရပ်ပြဇာတ်လေး တစ်ပုဒ်လို့ဆိုရင် ညိုတစ်ယောက် အပြင်မှာ ခနဲ့တဲ့တဲ့ပြုံးရင်း ရင်ထဲ ကျိတ်ကြေကွဲနေမှာလား။ ပွင့်လင်းတဲ့ မောင်ကတော့ အပြင်မှာပဲ မျက်ရည်တွေ မိုးလိုရွာနေပါပြီ ညို့ရယ်။

တကယ်တော့လည်း အကောင်းဆုံး ဖြစ်ဖို့အတွက် မောင်တို့တစ်တွေ ဝေးခဲ့ကြရတာပဲ မဟုတ်လား။

♥♥♥

ပထမဆုံး မောင် ဒီလမ်းထဲရောက်ဖူးခဲ့တာ အချိုသိပ်စားတဲ့ မောင့်သွားတွေကြောင့်ပေါ့။ သွားဆေးခန်းရှိတဲ့နေရာကို သွားနေကျလမ်းက မသွားဘဲ အဆန်းထွင်ချင်တဲ့ သူများနဲ့ မတူချင်တဲ့မောင်က လူခပ်ရှင်းရှင်းနဲ့ အိမ်လှလှလေးတွေ စီစီရီရီ တည်ရှိနေတဲ့ မြေနီလမ်းနီနီလေးထဲက ဖြတ်လာဖြစ်ခဲ့တယ်။ မောင့်အကျင့်အတိုင်း လမ်းတစ်ဖက်တစ်ချက်မှာရှိတဲ့ အိမ်လေးတွေကို ဟိုလှည့်ငေး ဒီလှည့်ငေးနဲ့ပေါ့။ လမ်းကလေးကလည်း သာယာ၊ အိမ်ကလေးတွေကလည်း သစ်လွင်လှပနေတော့ မောင့်မြင်ကွင်းမှာ အရာရာ တင့်တယ်ဆန်းသစ်နေခဲ့တယ်။ ဒီအထဲကမှ နှစ်ထပ်တိုက် ဖြူဖြူလေးတစ်လုံးဟာ ပိုချစ်စရာကောင်းနေလေရဲ့။

မောင်ကလည်း မောင်သဘောကျမိတဲ့အိမ်လေးကို လမ်းသွားနေရင်း သေသေချာချာလှည့်ငေးကြည့်မိတယ်။ အိမ်ကလေးရဲ့ ခြံစည်းရိုးတစ်လျှောက်မှာ ပုဏ္ဏရိက်ပင်ပုလေးတွေစိုက်ထားပြီး အိမ်ရှေ့ဆင်ဝင်အောမှာလည်း နှင်းဆီနဲ့ သစ်ခွပင်တွေကို အစီအစဉ်တကျ ပန်းခြံလေးသဖွယ် စိုက်ပျိုးတယ်။ နောက်ပြီး ခြံထောင့်က ပုန်းညက်ပင်ကြီးအောက်မှာလည်း ဒန်းလှလှလေးတစ်ခုကို ကဗျာဆန်ဆန် ချထားသေးတယ်။ ခြံက သိပ်အကျယ်ကြီး မဟုတ်ပေမယ့် အေးချမ်းတိတ်ဆိတ်ပြီး သာယာလှပတဲ့ နေရာလေးတစ်ခုပေါ့။ ဪ အိမ်လေးရဲ့ အစိမ်းရောင် ဝရန်တာလေးကို လှမ်းကြည့်မိတော့ ဂစ်တာအညိုလေးတစ်လုံးကို ထောင်ထားရဲ့။ စိတ်ဝင်စားစရာပဲ။ မောင်လည်း ဂစ်တာပိုင်ရှင်လေးဟာ ဘယ်သူများဖြစ်မလဲ တွေးနေတုန်း မောင့်မြင်ကွင်းထဲကို ဖြူဖြူဖွေးဖွေးနဲ့ တယ်ရီယာခွေး အမွေးစုတ်ဖွားလေး သုံးကောင်က ပြေးဝင်လာတယ်။ တကယ့်ကို နေချင်စရာ သီရိဂေဟာကလေးပဲလို့ မောင် မှတ်ချက်ချလိုက်မိတယ်။

သွားဆေးခန်းကို ရောက်တဲ့အထိ မောင့်စိတ်ဝင်စားမှုတွေဟာ အိမ်ကလေးဆီမှာ ကျန်ရစ်ခဲ့တယ်။ မောင် အရွယ်ရောက်လာတဲ့ တစ်နေ့မှာ ဒီအိမ်လေးကို ပိုင်ဆိုင်ခွင့်ရရင် သိပ်ကောင်းမှာပဲဆိုတဲ့ ကလေးအတွေးလေးနဲ့အတူ အိမ်ကလေးကို သတိရနေမိတာပါ။ ဒါပေမဲ့ အိမ်ကလေးနဲ့မောင်က ဘာမှ မသက်ဆိုင်လေတော့ ခဏပဲ သတိရပြီး အချိန်အတော်ကြာ မေ့လျော့နေခဲ့တယ်။

အဲဒီတုန်းက တက္ကသိုလ်ဝင်တန်းဖြေပြီးစအရွယ်ဆိုတော့ ကလေးသာသာပဲရှိပါသေးတယ်။ အချစ်အကြောင်းကို နားမလည်သေးတဲ့ ရင်ခုန်တတ်စ မောင့်နှလုံးသားလေးဟာ အဖြူထည်သက်သက်ပါပဲ။

၁၅၀၀ မေတ္တာနဲ့ ဆက်နွယ်ပြီး တွယ်တာမိခြင်း မဟုတ်တာကြောင့် သိပ်မကြာခင်မှာဘဲ အိမ်ကလေးကို မေ့လျော့သွားခဲ့ပါတယ်။ ဒီလမ်းထဲကို မောင် ဒုတိယအကြိမ် ပြန်မရောက်ခင် အချိန်ထိပေါ့။

ဒီဇင်ဘာလ ကျောင်းဖွင့်ချိန်မှာ မောင်က အင်္ဂလိပ်စာမေဂျာ ပထမနှစ် ဒေး(Day)ကျောင်းသူပေါ့။ အခုဆို မောင့်မှာအတိုင်အဖောက်ညီတဲ့ စရိုက်တူ သူငယ်ချင်း ငါးယောက်ကို ပိုင်ဆိုင်ရင်း တက္ကသိုလ်ကျောင်းသူဘဝဟာ ပြီးပြည့်စုံနေပြီလေ။

ဘယ်သူ့ကြောင့် ဒီလိုဖြစ်ရတယ်လို့ မောင် ယိုးမယ်မဖွဲ့တတ်ပါဘူး။ အရာအားလုံးဟာ အကြောင်းအကျိုးဆက်စပ်ပြီးမှ ဖြစ်လာတတ်ကြတာပဲလေ။ ဒီအကြောင်းနဲ့ ပတ်သက်လို့ မောင် ဘယ်သူ့ကိုမှ အပြစ်မဆိုပါဘူး။

အားလုံးဟာ အမှတ်တရ ဖြစ်စရာတွေမို့ မမေ့ပစ်ရက်ပါဘူး ညို့ရယ်။ ကျောင်းတက်ခါစ အပျော်ဆုံးနေ့တွေထဲက တစ်နေ့မှာ ယဉ်ယဉ်မော် ဆိုတဲ့ မောင့်သူငယ်ချင်းရဲ့ ကျေးဇူးကြောင့် ညိုနဲ့တွေ့ဆုံဖို့ရာ အကြောင်းဖန်ခဲ့တယ်။

"နှင်းသီရေ . . . IC King က အတော်သတင်း ကြီးနေလေရဲ့၊ စတိုင်လဲ မိုက်တယ်ကွ၊ တို့တွေမှ သွားမရှိုးရင် သွားခမျာ အားငယ်နေရှာမယ်"

"ဟယ်, ဒါဆို Paper 2 ပြီးရင် သွားမှ ဖြစ်မှာပေါ့၊ ခမျာ သနားပါတယ်၊ ဟာ ဟ"

မောင်တို့အဖွဲ့က ဒီလိုအတိုင်အဖောက်ညီကြတာ။ တကယ်တော့လည်းဘာရယ်ညာရယ်မဟုတ် ကျောင်းသူ ကျောင်းသားဘဝလေးမှာ ပျော်ခွင့်ရတုန်း ပျော်ပျော်နေချင်တဲ့သဘောပါ။ မောင်တို့ တစ်ဖွဲ့လုံးက ဟန်မပျက်ဘဲ မများဘဲ စနောက်တာကို ဝါသနာပါကြတာကြောင့် ဟိုနေရာစီခနဲ ဒီနေရာစီခနဲဆို မောင်တို့အဖွဲ့လက်ချက်ပဲ များတယ်။ ဒါကြောင့် တချို့လူတွေ အမြင်မှာတော့ "ခပ်ကဲကဲ ကောင်မလေးတွေအဖွဲ့" လို့ ထင်ချင်ထင်မှာပေါ့။ မောင်တို့ IC ကိုရောက်တော့ စာသင်ချိန်နဲ့ တိုးရော။

"ဟိုမှာ အလယ် row မှာ ရှပ်အဖြူလေးနဲ့ စာင့်ရေးနေတာလေး





www.burmeseclassic.com

www.burmeseclassic.com

ဦးဆောင်ခေါ်လာတဲ့ ချိုချဉ်လို့ နာမည်ပြောင်းပေးထားခံရသူ ယဉ်ယဉ်မော်က မသိမသာလေး ညွှန်ပြလိုက်တော့ မောင်တို့အဖွဲ့လည်း ကော်ရစ်တာမှာ လမ်းလျှောက်နေသလိုလိုနဲ့ အခန်းထဲကို လှမ်းကြည့်ကြတယ်။

"အံမယ် ယောနက်ပြာလေးနဲ့ တော်၊ ဒါ ဘာစတိုင်လဲ"

"အေး ဟုတ်တယ်၊ သူက အဲဒီ ပုံကို တမင်ထွင်ပတ်တာလေ"

ချိုချဉ်က သူ စတွေ့တဲ့လူမို့ သူနဲ့ပဲ ရင်းနှီးနေသလိုပုံစံနဲ့ ဂုဏ်ယူဝင့်ကြွားလိုက်သေးတယ်။

မောင် ကြည့်လိုက်တော့ ဆန့်ကျင်ဘက်တွေနဲ့ ဖွဲ့စည်းထားတဲ့ ခပ်ချောချော ကောင်လေးတစ်ယောက်ဟာ King ဖြစ်နေတာ မဆန်းဟု ယူဆလိုက်မိရဲ့။

ဆံပင်လေးတွေက ခုခေတ်စတိုင် ဝဲဝဲအုပ်အုပ်ပုံစံလေးမို့ ဖြူဖွေးတဲ့ ညို့မျက်နှာလေးက ကလေးလေးနဲ့တူနေပေမယ့် လူကြီးဆန်ဆန် ရှပ်အင်္ကျီအဖြူကို ယောလုံချည်နဲ့ တွဲဝတ်ထားတော့ ချစ်စဖွယ်ကောင်လေးရဲ့ မျက်နှာမှာ နုပျိုလတ်ဆတ်မှုနဲ့ တည်ငြိမ်ရင့်ကျက်မှုတို့ကို ယှဉ်တွဲလျက် ခံစားလိုက်မိတယ်။

ညိုကတော့ မောင် တို့အဖွဲ့ကို သတိတောင်မထားမိဘဲ ဆရာပေးတဲ့ ပုစ္ဆာကို တွက်လိုက် စိတ်ရှုပ်ဟန်နဲ့ ခေါင်းကုတ်လိုက် လုပ်နေလေရဲ့။

ကလေးဆန်ဆန် လှုပ်ရှားပြုမူနေတဲ့ ညို့အမူအရာလေးကို ကြည့်ရင်း မောင့်စိတ်ထဲ ရယ်ချင်လာမိလို့ ချိုချဉ်ကို မခံချင်အောင် နောက်ပစ်လိုက်တယ်။

"အမယ်လေး ကလေးရုပ်ကိုများ King ပေးထားသတဲ့၊ ရယ်ချင်လိုက်တာ ဟာဟ"

"ဟယ်, နှင်းသီကလဲ သူ့ကိုက ချစ်စရာကောင်းနေလို့ပါနော်၊ သူများတွေသာ သူ့လိုဝတ်ရင် အဘိုးကြီးပုံပေါက်သွားမှာ"

"အေးပေါ့လေ ခုခေတ်မှာတော့ ဘာဖြစ်ဖြစ် စတိုင်ချည်းပဲပေါ့"

ချိုချဉ်က အတင်းရှေ့နေလိုက်တော့ အလျှော့ပေးလိုက်ပေမယ့် အဖွဲ့ထဲမှာ အမြဲ ဆရာမကြီးလုပ်တတ်တဲ့ နန္ဒာက ဝင်ပြီးဆုံးမစကားပြော၊ မဟုတ်မခံ ချိုချဉ်က ပြန်ခံပက်နဲ့ အသံတဖြည်းဖြည်းကျယ်လာတယ်။ ကော်ရစ်တာမှာ မောင်တို့အဖွဲ့ ကျွက်စီကျွက်စီဖြစ်နေတော့ ဆရာက စူးစမ်းတဲ့ အမူအရာနဲ့ လှမ်းကြည့်သလို ကောင်လေးတွေကလည်း ကောင်မလေးတွေရဲ့ အသံကို ကြားတော့ လှည့်ကြည့်ကြတယ်။

မောင်တို့အားလုံးကလည်း ရွက်ကြမ်းရေကျိုရုပ်ရည်တွေ မဟုတ်တော့ အချို့က လျှာထုတ်ပြ၊ တချို့ မျက်လုံးမှိတ်ပြနဲ့ အသံတိတ် လှမ်းစကြတယ်။ အဲဒီလူတွေထဲမှာ ညို မပါပါဘူး။

IC King ဆိုတော့လည်း မာနကြီးမှာပေါ့လေ။ ဒီလိုနဲ့ မောင်တို့ရဲ့ တစ်ဖက်သတ် တွေ့ဆုံခြင်းနဲ့ ဝေဖန်ခြင်း အခမ်းအနားလေးကို လက်ခုပ်သံမပါဘဲ ရုပ်သိမ်းခဲ့ကြတယ်။

ဒီနေ့တော့ ဒီလောက်ပေါ့။ နောက်မှပဲ ညီခန့်ညို ဆိုတဲ့ IC King ကို Lesson ပေးဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ မောင်တို့ အဖွဲ့ရဲ့ စိတ်ဝင်စားသူများစာရင်းမှာ ညီခန့်ညိုက ထိပ်ဆုံးမှာ ပါလာခဲ့တယ်။

မောင့်စိတ်ထဲမှာတော့ ညီခန့်ညိုဆိုတာကြားရင် စနောက်စရာ သတ္တဝါတစ်ကောင်ထက် မပိုခဲ့ပါဘူး။ ရင်ခုန်စရာ နေ့ရက်လေး မတိုင်ခင်အထိပေါ့။

ညို့ကို မောင်ချစ်မိသွားအောင် စူးစူးနစ်နစ် အကြည့်လေးတွေအပြင် ဘာနဲ့မှ မဆွဲဆောင်ခဲ့ရပါဘူး။

အဲဒီနေ့က မောင်တို့ထိုင်နေကျ canteen မှာ ထူးထူးခြားခြား ညို လာထိုင်ခဲ့တယ်။ ကံဆိုးဖို့လား ဒါမှမဟုတ် ကံကောင်းတာလား ဆိုတာကိုတော့ မောင် မခွဲခြားချင်ပါဘူး။ အဲဒီနေ့ကျကာမှ မောင်ကလည်း သူငယ်ချင်းတွေကို စောင့်ရင်း တစ်ယောက်တည်းပေါ့။

အမှန်အတိုင်း ဝန်ခံရရင် ဝင်လာခါစက ညို့ကို မောင် မမြင်မိပါဘူး။ မောင့်အကျင့်က တစ်ယောက်တည်းရှိနေချိန်မှာ ဝတ္ထုစာအုပ်ကို သဲကြီးမဲကြီး ဖတ်နေတတ်ပြီး ဝတ္ထုမှာပဲ နစ်မြောနေတတ်တယ်။

အဲဒီနေ့က တာရာမင်းဝေရဲ့ ဝတ္ထုတစ်အုပ်ကိုဖတ်ရင်း ထုံးစံအတိုင်း တခိခိ ရယ်နေတဲ့မောင်က တခြားသူတွေကို သတိတောင်မထားလိုက်မိဘူး။ စာအုပ်ပြီးလို့ မော့ကြည့်လိုက်တော့မှ စူးစူးစိုက်စိုက် ကြည့်နေတဲ့ ညို့မျက်ဝန်းနက်နက်တွေနဲ့ ဆုံလိုက်ရတဲ့အခါ မောင် အရမ်းရင်ခုန်သွားခဲ့တယ်။

ညို့မျက်နှာမှာ မောင် တစ်ခါမှ မမြင်ခဲ့ဖူးတဲ့ ပြုံးစစ အရိပ်အယောင်တွေကို မြင်လိုက်ရတော့ မောင် မလုံမလဲနဲ့ ရှက်သလိုလို ဖြစ်လာတယ်။ တကယ်ဆို မောင့်ခံစားမှု မှတ်တမ်းမှာ ဒီလို တစ်ခါမှ မဖြစ်ခဲ့ဖူးဘူးလေ။

အဲဒီမှာပဲ ညို့ကို မောင်ချစ်မိသွားခဲ့တယ်။ ဒါပေမဲ့ ညီခန့်ညိုဆိုတဲ့ တစ်ယောက်အနေနဲ့ မဟုတ်ဘဲ ပြုံးစစ မျက်နှာပေးနဲ့ မျက်ဝန်းနက်နက်ပိုင်ရှင်လေး အဖြစ်ပေါ့။

♥♥♥

"မိန်းမတွေရေ ငါတော့ ညို့ကို ချစ်မိသွားပြီ၊ ညိုဆိုတာ ညီခန့်ညိုကို ပြောတာ"

"ဘုရားရေ ရှင်က ညီခန့်ညိုကို ဟုတ်လား"

"ဘယ်တုံးကလဲ အနှင်းရယ်၊ ဟုတ်မှလဲ လုပ်ပါဦး၊ နင်ပဲ အမြင်ကတ်စရာ ကလေးရုပ်ကလေးဆို"

"ဟုတ်ပါ့ သူကများ ညိုလေးဘာလေးနဲ့၊ ဘယ်တုံးက ကင်ပွန်းသီး ခူးလိုက်တာလဲ၊ အဲ့ဟုတ်ပေါင် ကင်ပွန်းတပ်လိုက်တာလဲ"

သူငယ်ချင်းတွေ အချင်းချင်း ကတိပေးထားတဲ့ ထုံးစံအတိုင်း ညို့ကို



www.burmeseclassic.com

www.burmeseclassic.com

ချစ်မိတဲ့အကြောင်း ဝန်ခံလိုက်တော့ သူငယ်ချင်းအားလုံး တအံ့တသြနဲ့ပေါ့။ မောင်တို့အဖွဲ့က သူငယ်ချင်းတွေ တစ်စု တစ်စည်းတည်း နေရအောင် ဘယ်သူမှ ချစ်သူ မထားကြသေးဘူးလေ။

E မေဂျာက ဂျီခြောက်ယောက် ဆိုတာ ချစ်စရာကောင်းတဲ့ ခပ်စွာစွာ ကောင်မလေးတစ်သိုက်မို့ ကျောင်းမှာ မသိသူ ခပ်ရှားရှားရယ်။ မောင်တို့ အဖွဲ့ကို မရိုးမသား ချဉ်းကပ်လာသူ တွေဆို ဟာသတွေလုပ်ပြီး ပညာပေး တတ်ကြတယ်။ ရိုးရိုးသားသား ခင်မင် သူတွေကိုလည်း သူငယ်ချင်းအရင်းကြီး တွေလို ဆက်ဆံတတ်ပါတယ်။ ခုတော့ တစ်ယောက်သောသူ မောင်က ညို ကြောင့် အဖွဲ့စည်းကမ်းကို ဖောက်ဖျက် လိုသူ ဖြစ်ခဲ့ရပြီပေါ့။

"ဒီလိုလေ နင်တို့ မလာကြတဲ့ နေ့ကပေါ့၊ ငါက ကန်တင်းမှာ နင်တို့ လာမယ်ထင်ပြီး စာအုပ်ဖတ်ရင်း စောင့် နေတာ Free Bird မှာလေ၊ အဲဒီနေ့က သူလည်း လာထိုင်တယ်။

သူက ဘယ်ကတည်းက ငါ့ကို ကြည့်နေတာလဲ မသိဘူး၊ နင်တို့ သိတဲ့ အတိုင်း ငါကလဲ ဝတ္ထုဖတ်ရင် ဈာန်ဝင် စားပြီး တခိခိပေါ့၊ စာအုပ်ပြီးလို့ မော့လဲ ကြည့်လိုက်ရော သူက ငါ့ကို ပြုံးစစ မျက်နှာလေးနဲ့ မှိုက်ကြည့်နေတာဟ၊ သူနဲ့ငါ အကြည့်ချင်းဆုံတော့လဲ သူ ဆက်ကြည့်နေသေးတယ်၊ ခဏနေမှ သူ ထထွက်သွားတာ၊ ပုံစံက နည်းနည်း ရှိုးတိုးရှန့်တန့် ဖြစ်သွားပုံပဲ၊ ဟီဟီ. . "

"မိန်းမ အရူးထမနေနဲ့၊ ငါတို့ မရှိတုန်း နင် ဘာတွေ လျှောက်လုပ်နေ သေးလဲ"

အဖွဲ့ထဲမှ ဆရာမကြီးလုပ်တတ် တဲ့ နန္ဒာက ဆူဖို့ပြင်တယ်။ ခေါက်ဆွဲ သုပ်စားရင် ပလုတ်ပလောင်းနဲ့မို့ အဆူ ခံရတာတောင် ရယ်ချင်စရာကြီးပေါ့။ သူက ပုပုသေးသေး ချစ်စရာလေးမို့ နန္ဒာပုကနေ တဖြည်းဖြည်း ပုလို့ပဲ နှုတ် ကျိုးနေကြတယ်။

"ကဲပါ ပုရယ်၊ ပါးစပ်လဲ မအား ဘဲနဲ့ ဆူမနေပါနဲ့ဦး၊ အနှင်း ပြောပါစေ"

"အေးလေ၊ ဒီမှာ ဖီးလ်တောင် ပျက်သွားတယ်၊ ဘယ်ရောက်သွားလဲ၊ ဩော် ငါလေ သူ့မျက်ဝန်းလေးတွေနဲ့ ဆုံရော ရင်ထဲမှာလေ ဘယ်လိုဖြစ်သွား မှန်းကို မသိဘူး၊ တစ်ခါမှ မကြုံဖူးတဲ့ ခံစားမှုမျိုး ရင်တွေ ခုန်လိုက်တာလဲ တဒိန်းဒိန်းနဲ့။

ဒါပေမဲ့ ကြောက်လို့လန့်လို့ ခုန် တာမျိုးနဲ့ မတူဘူးဟ၊ ရင်ထဲမှာ နွေးနေ သလိုပဲ၊ ငါ သိလိုက်ရတာက သူ့ကို ငါ ချစ်မိသွားပြီ၊ နင်တို့လဲ ကြုံလာရင် သိမှာပေါ့၊ ငါကတော့ သူ့ကို ညိုလို့ပဲ ခေါ်မယ်၊ ဒါမှ သူများနဲ့မတူမှာ"

"အင်း သနားစရာသတ္တဝါပဲ၊ ကဲ ငါသိသလောက်တော့ ညီခနဲ့ညိုမှာ ချစ်သူမပြောနဲ့၊ မိန်းကလေးသူငယ်ချင်း တောင် မရှိဘူးဆိုဘဲ၊ မာနလဲကြီးပုံရ တယ်၊ သူ့ကို ကြွေနေတဲ့သူတွေလဲ တစ်ပုံကြီးပဲ၊ နင်လဲ သိမှာပေါ့"

ဝေဖူးက တွေးတွေးဆဆပြော လိုက်တော့ မောင် ငိုင်သွားမိတယ်။

"အို တတ်နိုင်ပါဘူးလေ၊ ကံပဲ ပေါ့၊ နင်တို့သာကူညီပေးဖို့ စဉ်းစားထား ကြ၊ ဒီနေ့ကစပြီး ငါတို့အဖွဲ့တော့ မလုပ် ဖူးတာတွေ လုပ်ဖြစ်ဦးမယ်ထင်ရဲ့၊ စိတ် ညစ်စရာတွေ တွေးမနေကြနဲ့၊ ငါတို့က ပျော်ပျော်နေတဲ့အဖွဲ့ပဲ၊ စားပြီးရင် class တက်ရဦးမှာ မြန်မြန်စား"

နောက်ဆုံးတော့ ပျော်ပျော်နေ တတ်တဲ့ မောင်ကပဲ စိတ်ညစ်စရာတွေ ကို မောင်းထုတ်ပစ်လိုက်တယ်။

မောင်တို့အဖွဲ့က ညီအစ်မတွေ ထက်တောင် ပိုချစ်ကြပြီး ပြောမနာဆို မနာတွေမို့ သူတို့ကိစ္စလည်း မောင်နဲ့ ဆိုင်သလို မောင့်အရေးလည်း သူတို့ အရေးဖြစ်တာကြောင့် စိုးရိမ်ပူပန်ပေး ကြတဲ့ သူငယ်ချင်းတွေအပေါ် မောင် နားလည်ပါတယ်။

ဒီလိုနဲ့ IC ဘက်ကို ခြေဦးလှည့် မိတာ အကြိမ်ကြိမ်ပါပဲ။ ညို မသိအောင်လည်း ခိုးကြည့် တတ်ခဲ့ပြီလေ။

♥♥♥

ခုတစ်လော စာမေးပွဲနီးလာပြီမို့ ညိုတို့ဘက် သိပ်မရောက်ဖြစ်တော့။ တစ်ချိန်လုံး လေထားခဲ့သမျှ ခုမှ အတိုး ချပြီး ကြိုးစားနေကြရပြီ။

သူငယ်ချင်းတွေလည်း canteen ထိုင်ချိန်လေးပဲ စကားပြောချိန် ရတော့ တယ်။

"ဟဲ့ ညောင်ညောင်က ငါတို့ကို Spot တွေ ပေးမယ်ဆိုပြီး ပေါ်မလာ တော့ပါလား"

"အမယ်လေးဟယ် နင်က သူ့ကို များ ယုံလို့၊ ဟိုနေ့ကလဲ ဒီလိုပဲ မုန့်ညာ စားသွားတာ"

"သူများ သားသမီးကို အဲဒီလို တော့ မှိုချိုး မျှစ်ချိုး မပြောကြပါနဲ့ဟာ၊ သူ့ခမျာ နှစ်ကူးတန်းက တို့တွေကို မုန့် ကျွေးရှာပါတယ်"

"အေးပါ မိမိရယ်၊ နင် ညောင် ညောင်ကို သနားနေတာ ငါသိပါတယ် ဟဲဟဲ"

"အယုတ်ခါးမကြီး၊ နင်နော် စိတ် တိုအောင် မဆွနဲ့၊ ဒီလို စတာ ငါမကြိုက် ဘူး"

"မကြိုက်လဲ နေပါတော်၊ ငါ့ကို ဘယ် language တွေ ရောစပ်ပြီး ဆဲ တာလဲ၊ ရှင်းစမ်းပါဦး kitty လေးရဲ့"

"ဟာဟ ဒီတစ်ခါတော့ နင် ညံ့ သွားပြီ၊ အယုတ်တမာလို့ ပြောတာလေ၊ တမာက ခါးတယ် မဟုတ်လား၊ ဒါ ကြောင့် အယုတ်ခါးလို့ ငါက ထွင်ပြော တာ ငှဲငှဲ"

"ဩော် နာမည်နဲ့လိုက်အောင် ကြောင်နိုင်ပါပေ့ကွယ်"

စာကျက်ချိန်မှာ ကျက်ပြီး နား ချိန်မှာတော့ ပြည့်ပြည့်ဝဝ မနားနိုင်ဘဲ ပေါက်ကရတွေ စကားနိုင်လုပြောကြ တာ မောင်တို့ အဖွဲ့ရဲ့ ထုံးစံလိုပါပဲ။ ခုလည်း free bird မှာ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com

လူရှုပ်ရှုပ် မောင်တို့ အသံကိုတော့ မအုပ်နိုင်ပါဘူး။ အဲဒီအချိန်မှာပဲ နားထဲကို ဂစ်တာသံစဉ်လေးတစ်ခု ညင်ညင်သာသာ စီးမျောလာတယ်။ အဆိုတော် Rဇာနည်ရဲ့ မင်းအတွက် ဆိုတဲ့ သီချင်းချိုလေး။ မောင်တို့ အားလုံးရဲ့ စကားသံတွေ အနည်းငယ် ပါးလျားသွားပြီး ဟိုဘက်ဝိုင်းကို မသိမသာ အာရုံစိုက်မိကြတယ်။

ကောင်လေး လေးငါးယောက်လောက် ထိုင်နေတဲ့ဝိုင်းမှာ ဂစ်တာတီးနေတဲ့သူက ညိုဖြစ်နေပါလား။ ညိုက စီးချက်ညီညီတီးခတ်ရင်း ငြိမ့်ငြိမ့်ညောင်းညောင်း ထွက်ပေါ်လာတဲ့ ဂစ်တာသံစဉ်ထဲမှာ စီးမျောခံစားနေပုံနဲ့ မျက်လုံးတွေကို မှေးစင်းထားတယ်။ ဒါပေမဲ့ မျက်ဝန်းဖွင့်လိုက်တဲ့ လျှပ်တစ်ပြက်အချိန်ခဏလေးတွေမှာ ညို့မျက်ဝန်းနက်တွေရဲ့ ရောင်စဉ်လှိုင်းဟာ မောင့်မျက်နှာပြင်ဆီကို ဖြတ်ဖြတ်ပြေးသွားတယ်။ မောင် ရင်ခုန်သံတွေ ညံသွားခဲ့ရတယ် ညို။ သီချင်းလေးထဲကလို ညို့အချစ်တွေက အမှန်တကယ်ပဲ မောင့်အတွက်လား။

"ဟိတ် အနှင်း ရှင့်အခြေအနေတော့ မဆိုးဘူး၊ သိက္ခာရကိုယ်တော်လေး ဈာန်လျှောနေပြီထင်တယ်"

"အို ငါလဲ မသိတော့ပါဘူးဟယ်"

အခါတိုင်း လော်စပီကာ နာမည်ရ မောင့်အသံက ခုများတော့ တိုးညင်းလွန်းလှတယ်။ ညို့ဂစ်တာသံတွေကြားမှာ စီးမျောရင်း တစ်ချက်တစ်ချက် ညို့ကို ခိုးကြည့်မိရဲ့။ ညိုက မျက်လုံးတွေကို မှေးစင်းရင်း သီချင်းစာသားတွေနဲ့ ဂစ်တာသံစဉ်တွေကြားမှာ နစ်မြောပျော်ဝင်နေပုံရတယ်။

မောင် ညို့ကို ခိုးကြည့်တတ်ခဲ့တာ IC ဆောင်ကို ဒုတိယအကြိမ်ရောက်ခဲ့ကတည်းကပါ။ အခုတော့ ညိုကိုယ်တိုင်လည်း မောင့်လိုပဲ အကြည့်သူခိုးလေးမှန်း သိလိုက်ရတယ်။

"ကိုယ်တိုင် မှားယွင်းခဲ့တာ သိနားလည်×× ငါ့ရဲ့စိတ်က မင်းလေးကိုပဲ"

သီချင်း စာသားလေးကို နားထောင်ရင်း ရင်မှာ ကြည်နူးလာသလို ဝမ်းနည်းမိသလို ရှုပ်ထွေးမွန်းသိပ်တဲ့ ခံစားမှုတွေနဲ့ ရင်ခွင်တစ်ခုလုံး ပြည့်နှက်မွန်းကျပ်သွားတယ်။ ဩော် အချစ်ဆိုတာ ဒါပါလားလို့ သိလိုက်ရပေမဲ့ ဘယ်လိုမျိုးလဲဆိုတာကိုတော့ ပြန်ပြောပြဖို့ခက်မယ်။ အချစ်က ရေခဲသေတ္တာထဲထည့်ထားတဲ့ ပန်းသီးလေးတစ်လုံးကို စားလိုက်ရသလို ချိုမြအေးစိမ့်လှသလို တစ်ချက်တစ်ချက်လည်း မီးပြင်းတိုက်လို့ တူးသွားတဲ့ အသားတုံးကို စားရသလို ခါးခါးတူးတူးနဲ့ အနှစ်မယ့်လွန်းလှရဲ့။ မောင်ကတော့လေ ညို့ကိုသာ ချစ်နေရမယ်ဆို ပန်းသီးလေးပဲ ဖြစ်ပါစေ အသားတူးကြီးပဲ ဖြစ်ပါစေ အချစ်ကို ချိုမြိန်တပ်မက်စွာ စားသုံးမိမှာပဲ။

"နှင်းသီ နင် သတ္တိရှိဖို့တော့လိုမယ်၊ သူက IC King ဆိုတော့ နင့်ဆီတိုက်ရိုက်လာဖို့ ခက်မယ်ဟ၊ ဒီတော့ နင်က သွားမိတ်ဆက်သင့်တယ်၊ သူက King ဆိုတော့ သွား မိတ်ဆက်ရင်လဲ မရိုင်းပါဘူးဟ၊ ဘယ်လိုလဲ"

"အေးဟာ ငါတို့ ရာဇဝင်မှာမရှိခဲ့ပေမယ့် ဒါလဲ အတွေ့အကြုံသစ်ပေါ့၊ ပြီးတော့ တခြားလူလဲ မဟုတ်ဘူး၊ နင်သိပ်ချစ်တဲ့ သူပဲလေ"

အကြံပေးတဲ့သူနဲ့ မြှောက်ပေးတဲ့သူတွေကြောင့် မောင် ရှေ့တိုးကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ မောင့်စွန့်စားခန်းရဲ့ ခြေလှမ်းသစ်ပေါ့။ မောင့်မွေးနေ့က သူငယ်ချင်းတွေ စုရေးပြီးပေးထားတဲ့ auto စာအုပ်လေးကိုထုတ်ပြီး မတ်တတ်ထရပ်လိုက်တော့ မောင့်ခြေဖျား လက်ဖျားတွေက အေးစက်လို့။ ဒူးတွေတောင် တုန်ချင်ချင်ရယ်။

"ငါပါ လိုက်ခဲ့ပေးမယ်"

လေးလုံးက အလိုက်တသိထရပ်ရင်း မျက်မှန်ကောက်တပ်လိုက်တယ်။ ဂစ်တာသံလေးလည်းဆုံးရော မောင်နဲ့လေးလုံးက ညိုတို့ဝိုင်းနား ရောက်နေပြီလေ။

"ဒီ ဒီမှာ auto လေး ရေးပေးပါလား၊ ခင်ချင်လို့ပါ"

မောင် ခပ်တိုးတိုး ပြောရင်း ဘောပင်နဲ့ စာအုပ်ကို ညို့ရှေ့မှာ ချလိုက်တယ်။ ညိုက သူ့မျက်ဝန်းနက်တွေနဲ့ မော့ကြည့်ပြီး ခပ်ရွှတ်ရွှတ်ပြန်ဖြေတယ်။

"အော်တိုလဲ မရေးတတ်ဘူး၊ အော်ရှည်လဲ မရေးတတ်ဘူး ခင်ဗျာ"

ဒါပေမဲ့ ညို့နှုတ်ခမ်းလေးတွေက ပြုံးယောင်သန်းနေတယ်။ ဒါဆို မောင့်အခြေအနေ မဆိုးဘူးပေ့ါ။ မောင် ကိုယ့်ကိုယ်ကိုယ် အားပေးပြီး ညို့မျက်ဝန်းတွေကို ရင်ဆိုင်လိုက်ရင်း. . .

"ရေးတတ်သလို ရေးပေးပါ၊ စိတ်မဆိုးပါဘူး"

King ဆိုတော့လည်း မငြင်းသာ၍လား မသိ။ စာအုပ်ကို ဟိုဒီလှန်ရင်း ရေးဖို့ စဉ်းစားနေပုံရတယ်။

မောင်ကတော့ အခွင့်အရေးရတုန်း ညို့ကို အားရအောင် အကြာကြီး ခိုးကြည့်နေမိတယ်။ မျက်ခုံးစိမ်းစိမ်းနဲ့ မျက်တောင်ရှည်ရှည်လေးတွေက ညို့မျက်နှာဖြူဖြူပေါ်မှာ ထင်းထင်းပေါ်လို့နေတယ်။

ဖြောင့်တန်းတဲ့ နှာတံနဲ့ လျှို့ဝှက်နက်နဲမှုဆန်တဲ့ နှုတ်ခမ်းမထူမပါးလေး ပိုင်ရှင် ညို့ကို မိန်းကလေးတွေ ကြွေကြတာလည်း မဆန်းပါဘူးလေ။

မောင်ကတော့ ညို ပေးခဲ့တဲ့ စူးစူးနစ်နစ် အကြည့်လေးတွေကိုပဲ မက်မောတောင့်တမိတယ်။ စာတန်းလေးတွေပါတဲ့ ရှပ်အင်္ကျီအဖြူလေးကို စောင်းကောက်ပုံ ဖောက်ထားတဲ့ ယောပုဆိုးဆီးရောင်လေးနဲ့ တွဲဝတ်ထားတဲ့ ညို့ပုံစံက ဖြူစင်ရှင်းသန့်နေတယ်။ ညို့မှာ ပြောစရာဆိုလို့ မာဆတ်ဆတ် ဆက်ဆံတတ်တာလေးပဲ ရှိတယ်။

"အစ်မတို့က E မေဂျာကမဟုတ်လား၊ မြင်ဖူးနေလို့"

www.burmeseclassic.com

ညို့သူငယ်ချင်းရဲ့ အမေးက မောင့် အတွေးများကို ဖြတ်တောက်လိုက်တယ်။ ဒါပေမဲ့ ဒီလို ပြောဖော်ရတာပဲ ကျေးဇူးတင်ရသေး။ ဟို ကိုယ်တော်ချောကဖြင့် တေမိဇာတ် ကနေသလို စကားတစ်ခွန်းမှ ထပ်မဟတော့ ညိုတို့မှာ နေရခက်ခက်ရယ်။

"သြော် ဟုတ်ပါတယ်၊ ကျွန်မက နှင်းသီရိမောင်၊ သူက မြတ်လေးငုံ"

"ကျွန်တော့်နာမည်က စိုးသီဟအောင်ပါ၊ ညီ့ကို ခင်သလို ကျွန်တော်တို့ကိုလဲ ခင်နိုင်ပါတယ်၊ မာနမကြီးတတ်ပါဘူးဗျာ . . . ဟဲ ဟဲ"

စိုးသီဟအောင်ရဲ့ စကားကို ခေါင်းညိတ်ပြရင်း အပြုံးဖြင့်သာ တုံ့ပြန်လိုက်မိတယ်။ ညို့ဘက်လှည့်လိုက်တော့ ရေးလို့ ပြီးနေပြီ။ ဂီတာကို စ,ကိုင်ရင်း မောင်တို့ကို မေ့နေသလိုမျိုးပေါ့။

"ကျေးဇူးပဲနော်၊ ရေးပေးတဲ့အတွက်"

မောင်ပြောတော့ ညို့နှုတ်ခမ်းလေးများ ကွေးညွတ်ရင်း မျက်လုံးလေးတွေ အရောင်လက်လာတယ်။ မောင့်နှလုံးသားကို ထုတ်ယူသွားတော့မယ့် အပြုံးမျိုးလေးပေါ့။ မောင် ညို့အပြုံးတွေကို တစ်ချက်ကြည့်လိုက်ပြီး ဣန္ဒြေရရ လှည့်ထွက်လာခဲ့တယ်။ သူငယ်ချင်းတွေဆီ ပြန်ရောက်တော့ အားလုံးက သိချင်ဇောနဲ့ အလျင်စလို ဝိုင်းမေးကြတယ်။

"ဘာရေးပေးလိုက်လဲ" တဲ့။

မောင်လည်း မကြည့်လိုက်မိတော့ မသိဘူးလေ။ ဒါပေမဲ့ အားလုံးကို အရင်ရယ်ပြလိုက်ပြီး ဟိုဘက်ဝိုင်းကို မျက်စပစ်ပြလိုက်တော့မှ နန္ဒာတို့တွေ သဘောပေါက်သွားကြတယ်။

ညို့ သူငယ်ချင်းတွေရဲ့ စိတ်ဝင်စားမှုတွေက မောင်ဖို့နောက်မှာ ကပ်ပါလာမှာပဲ မဟုတ်လား။

ခုလောက်ဆို မောင်တို့ ဘာပြောကြမလဲဆိုတာကို နားစွင့်နေရောပေါ့။ ဒါကြောင့် မောင်လည်း ဘာမှ မဆိုင်တဲ့ စကားတွေကို တမင်ရွှေ့ပြောပစ်လိုက်တယ်။

"ဟင် နင်တို့က ငါ့ကို ပ,ထုတ်ပြီး အကုန်တီးထားကြတယ်ပေါ့လေ၊ ဘယ်ရမလဲ ထပ်မှာမယ်"

အရေးထဲ ကပ်စည်းနဲ့ ချိုချဉ်က သူရှင်းရမယ့်အလှည့်မို့ အခြေအနေကို သတိမထားနိုင်ဘဲ မျက်စိမျက်နှာတွေ ပျက်နေရှာတယ်။

"ဟဲ့ . . . ချိုချဉ် ပုရွက်ဆိတ်လဲ မလာ၊ ပိုးဟပ်လဲ မရှိဘဲ နင်က ဘာလို့ မျက်နှာပျက်နေတာလဲ၊ ငါက အအေးလောက်ပဲ သောက်မှာပါဟ"

ညိုတို့အဖွဲ့ ဂစ်တာဆက်တီးရင်း သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပုဒ်ဆိုညည်းလျက်ရှိတော့မှ မောင်က အကြောင်းစုံ ပြောပြလိုက်ပြီး စာအုပ်ကို အသာဖွင့်လှန်လိုက်တယ်။

ညိုတစ်ယောက် ဘာများရေးထားမလဲ ရင်ခုန်စွာနဲ့ဖတ်လိုက်မိတော့ ဝိုင်းစက်စက် လက်ရေးလေးတွေနဲ့ ရိုးရိုးလေးပဲ ရေးလိုက်တာပါ။

"ထာဝရပျော်ရွှင်နိုင်ပါစေ" တဲ့။

ပြီးတော့ ညို့လက်မှတ်ကိုလည်း အပြည့်အစုံ ထိုးထားလေရဲ့။ ညိုလည်း စာသားလေးနဲ့ ထပ်တူကျနိုင်ပါစေလို့ မောင် တစ်လှည့် ဆုတောင်းပေးလိုက်မိတယ်။

စာမေးပွဲဖြေတဲ့ နောက်ဆုံးနေ့မှာ ညိုဖြေတဲ့အဆောင်ကို မောင် ရောက်သွားခဲ့တယ်။ ထိန်းမရတဲ့ မောင့်နှလုံးသားက ညို့ကို မမြင်ရရင် မနေနိုင်လို့ ကျောင်းပိတ်ရက်တွေအတွက် ခံနိုင်ရည်ရှိအောင် မောင် အရောက်လာခဲ့မိတာပါ။ ကော်ရစ်တာကနေ ညို့မျက်နှာလေးကို ညိုမမြင်အောင် မောင်ခိုးကြည့်မိတယ်။ စာပဲ မဖြေနိုင်လို့လား ကျောင်းပိတ်ရက်တွေမှာ တိတ်တိတ်လေးလွမ်းနေရမှာ ကြောက်လို့ပဲလား မသိ။ ညို့မျက်နှာလေးက မှုန်ကုပ်လို့။

"အစ်မ ဖြေနိုင်လား၊ ဘယ်သူ့လာရှာတာလဲ"

ကောင်လေးတစ်ယောက် လာမေးမှ သတိဝင်လာပြီး လှည့်ကြည့်မိတော့ ညို့သူငယ်ချင်း စိုးသီဟအောင်။

"အင်း မဆိုးပါဘူး၊ သူငယ်ချင်းကို လာရှာတာလေ"

မောင့်ပါးစပ်ထဲ တွေ့ရာကို မှင်သေသေနဲ့ ပြန်ဖြေလိုက်တော့ စိုးသီဟအောင်က. . .

"ကျွန်တော်က ညီ့ကို လာစောင့်တာ၊ သူလဲ ဒီအခန်းမှာပဲလေ၊ အပန်းမကြီးဘူးဆို သူထွက်လာရင် သူ့လွယ်အိတ်လေး ပေး ပေးပါလား၊ ကျွန်တော် သွားစရာရှိလို့"

"သြော် ရပါတယ်၊ ကိစ္စမရှိပါဘူး"

စိုးသီဟအောင်က မောင့်လက်ထဲ ညို့လွယ်အိတ်လေးကို ယုံယုံကြည်ကြည် ထိုးအပ်ခဲ့တယ်။ ကောင်လေး ထွက်သွားတော့မှ လွယ်အိတ်လေးကို အမြတ်တနိုးနဲ့ ရင်ခွင်ထဲမှာ ပိုက်ထားမိရင်း စိတ်ကူးယဉ်မိရဲ့။ ဒီလွယ်အိတ်လေးကို အမြဲထွေးပိုက်ထားခွင့် ရချင်လိုက်တာ။ မောင့်ဆန္ဒတွေ ပြည့်နိုင်ပါ့မလား ညို။ အဖြူစက်လေးတွေပါတဲ့ အနက်ရောင်လွယ်အိတ်လေးထဲမှာ စာအုပ်တစ်အုပ်အပြင် ဘာမှမရှိ။ စာအုပ်ထဲမှာ ဘာတွေရေးထားမလဲ။ စိတ်ဝင်စားစွာနဲ့ စာအုပ်ကို ဆွဲဖွင့်မိတယ်။

စာအုပ်ရဲ့ ရှေ့ဆုံးစာမျက်နှာမှာ မင်စိုဘောပင်လေးနဲ့ ရေးထားတဲ့ စာလုံးဝိုင်းတွေကို ဖတ်ပြီး မောင် အံ့ဩသွားရတယ်။

"ကျွန်တော့် ရပ်အကျီအောက်တွင် နွမ်းနယ်နေသော နှလုံးသားတစ်စုံရှိသည်၊ ထိုနှလုံးသားသည် ကြင်နာတတ်သဖြင့် မည်သူ့ကိုမျှ အန္တရာယ်မပြုလို"

စာသားတွေကို မောင် ဖတ်ကြည့်ရင်း ညို့ဘဝကို သိချင်လာတယ်။ ဘာကြောင့်များ ညို့နှလုံးသားဟာ နွမ်းနယ်နေရပါလိမ့်။ ညို့မှာ အချစ်ရေးနဲ့ ပတ်သက်ပြီး စိတ်ထိခိုက်စရာ အပြစ်



www.burmeseclassic.com

www.burmeseclassic.com

အချက်တွေများ ရှိခဲ့လို့လား။ ဒါမှမဟုတ် ညီဟာ အကြောင်းကြောင်းကြောင့် ချစ်တဲ့သူနဲ့ နီးစပ်ခွင့် မရှိတာလား။ အို လျှောက်ရေးထားတာလည်း ဖြစ်ချင် ဖြစ်မှာပါ။

နောက်ပိုင်းမှာ ကျောင်းစာတွေ ရောရေးထားပြီး နောက်ဆုံးစာမျက်နှာမှာတော့ Maung လို့ အင်္ဂလိပ်လို ရေးထားလေရဲ့။ ဒီစာလုံးလေးတွေဟာ နှင်းသီရိမောင်ဆိုတဲ့ မောင်နဲ့ ဘာမှ မပတ်သက်ဘူးလို့ ညီ ပြောရဲလားဟင်။ ဒါဟာ ညီ့နှလုံးသား တစ်ပိုင်းတစ်စကို လှစ်ဟ ရေးသားထားတာလား။ ဒါမှ မဟုတ် ကောင်မလေးတစ်ယောက် ယောက်က ညီ့အလစ်မှာ ညီ့စာအုပ်ပေါ် ခိုးရေးထားတာလည်း ဖြစ်နိုင်ပြန်ရော။ ညီ့စာအုပ်လေးကလည်း ညီ့လိုပဲ ပဟေဠိများစွာနဲ့လေ။

ဘာပဲဖြစ်ဖြစ် နှင်းသီရိမောင် ဆိုတဲ့ မောင့်နာမည်ထဲက နောက်ဆုံး စာလုံးလေးကို ပိုမိုမြတ်နိုးစွာနဲ့ ညီ့အတွက် နာမ်စားသုံးဖို့ ဆုံးဖြတ်လိုက်တယ်။

အချိန်စေ့ ခေါင်းလောင်းထိုးလို့ ညီ ထွက်လာတော့ မောင်က ညီ့ဆီ လျှောက်လာရင်း ရင်ခုန်သံတွေ လှိုင်းထန်နေခဲ့တာ ညီတစ်ယောက် သိမှသိပါလေစ။ ဒါမေမဲ့ ညီကိုယ်တိုင်လည်း မောင့်ကို ရုတ်တရက်တွေ့လိုက်ရတော့ အံ့ဩသွားသလို ဝမ်းသာတဲ့ အပြုံးရိပ်လေးလည်း နှုတ်ခမ်းထောင့်မှာ ဖြတ်ပြေးသွားတယ်။ ဘာကြောင့်များ ညီ ရဲရဲဝံ့ဝံ့ မပြုံးတာလဲ၊ [illegible]ကလေးဖြစ်တဲ့ မောင်ကတောင် ညီ့အနားကို ရောက်လာပြီပဲ။ ညီ တစ်ချက်လောက်တော့ အသိအမှတ်ပြုသင့်တယ်။

"ဖြေနိုင်လား"

မောင်မေးတော့ ညီက ခေါင်းလေးကို ခပ်လေးလေးခါပြီး "မဖြေနိုင်ဘူး" တဲ့လေ။ ညီ ဘာတွေများ စိတ်ရှုပ်နေသလဲ မသိ။ မျက်နှာထား တည်တည်နဲ့မို့ မောင် အလိုက်တသိပဲ နှုတ်ဆက်ထွက်လာခဲ့တယ်။ မောင့်ကြောင့် ညီ အနှောင့်အယှက်ဖြစ်မှာ စိုးရိမ်လို့ပါ ညီ။ ရက်စက်တယ်လို့ မဆိုရက်ပေမယ့် တစ်ချက်လေးပဲဖြစ်ဖြစ် မောင့်ကို ညီ ပြုံးပြသင့်တယ်။ ရင်ထဲမှာ မတင်မကျနဲ့မို့ စာအုပ်ထဲက ကိစ္စတွေကို သူငယ်ချင်းတွေကို ပြောမပြမိဘူး။

ရင်ထဲမှာလည်း မေးခွန်းပေါင်းစုံရဲ့ ပွဲတင်သံနဲ့ ကျောင်းပိတ်ရက်တွေဟာ မောင့် အတွက် တခြားကမ္ဘာတစ်ခုမှာ နေထိုင်နေရသလိုမျိုး ဘာနဲ့မှ သဟဇာတမဖြစ်ဘဲ အထီးကျန်ဆန်လွန်းနေတယ် ညီရယ်။

♥♥♥

ကျောင်းတွေ ပြန်ဖွင့်တော့လည်း ညီ ကျောင်းလာအတက်ကို စောင့်လိုက်ရတာ အချိန်တွေ ရှည်လွန်းလှတယ်။ ညီ့မျက်နှာလေးကို ငေးနေရချိန်မှာ အချိန်ဟာ ကုန်မြန်လွန်းပေမယ့် ညီနဲ့ ဝေးနေချိန်မှာတော့ နေ့တွေ ရက်တွေ နာရီတွေကို မြန်မြန်ကုန်ဆုံးပါစေလို့ လက်ချိုးရေရင်း ဆုတောင်းနေခဲ့ရတယ်။ အချစ်ရဲ့ ဒုက္ခဟာ ဒီလောက်ဆိုးရွားမှန်းသာ မောင် အစောကြီးကတည်းက ကြိုသိခဲ့ရင် ညီ့မျက်ဝန်းနက်နက်လေးတွေနဲ့ မဆုံမိလေအောင် မောင့်မျက်လုံးတွေကို မှိတ်ထားခဲ့မိမယ် ထင်ရဲ့။ ပြန်တွေ့တော့လည်း ညီက မမှတ်မိသလို အမူအရာမျိုးနဲ့ မောင့်အပေါ်ကို နှိပ်စက်ပြန်တယ်လေ။ အဲဒီရက်တွေဟာ မောင့်အတွက် အိပ်မက်ဆိုးမက်တဲ့ညတွေလိုပါပဲ။

ညီရယ် ကျွန်မက မိန်းမသားပါ။ ရှင့်အတွက် ကျွန်မ သိက္ခာတချို့ကို တောင် လမ်းခင်းပေးခဲ့ပါတယ်။ ဒါကို တောင် ရှင် နင်းမလျှောက်လာခဲ့ဘူး နော်။

အရင်က နင်းမလိုနဲ့ ကြွခဲ့တဲ့ ခြေလှမ်းတွေကအပျော်သဘော ကျီစားရုံသက်သက်ပဲလား။ ညီ ဘာကြောင့် ဒီလို ပြောင်းလဲသွားရတာလဲ။ အထူးသဖြင့် တစ်ချိန်က ပြုံးစစအကြည့်စူးစူးလေးတွေဟာ အခုတော့ မယုံနိုင်စရာ ကောင်းလောက်အောင် စိမ်းကားမာကျောနေလေရဲ့။

စူးစူးနစ်နစ် အကြည့်လေးတွေကို သိပ်လွမ်းတယ် ညီ။ လူကို မမြင်သလို လွှဲဖယ်သွားတဲ့ ရှင့်မျက်ဝန်းတွေရဲ့ နောက်ကွယ်မှာ ဘာအဖြစ်အပျက်တွေ ရှိနေလို့လဲ။

ရှင်က "ဘယ်သူ့ကိုမှ အန္တရာယ်မပြု"လို့ ဆိုခဲ့ပေမယ့် ရှင့်ဥပေက္ခာတွေက ကျွန်မ အသည်းကို ဓားနဲ့မွှန်းနေသလိုပါပဲ။ နှင်းသီရိမောင်ဆိုတာ ရှင့်အကြည့်တွေအောက်မှာ အရည်ပျော်သွားခဲ့ရသူပါ ညီ။

ရှင် ချစ်တတ်တဲ့ တစ်နေ့မှာ နားလည်လာပါလိမ့်မယ်။

"နှင်းရေ ရှင် ကျုပ်ကို ဘာမုန့် ဝယ်ကျွေးမလဲ၊ ဒီမှာကြည့် ညီခန့်ညီရဲ့ အိမ်လိပ်စာ"

"ဘာရယ် ညီ့အိမ်လိပ်စာ ဟုတ်လား"

"အေး ငါ့အသိတစ်ယောက်ဆီက မရမက တောင်းလာခဲ့ရတာ၊ ကဲ ဘာချီးမြှင့်မလဲ"

"ပြောစရာလိုသေးလို့လား ပုရယ်၊ ဘာစားချင်လဲ ပြော"

မထင်မှတ်ဘဲ ကံကောင်းချင်တော့ ညီ့လိပ်စာကို ပုက စုံစမ်းလာလေရဲ့။ မောင်လည်း မယုံတစ်ဝက်နဲ့ ညီ့အိမ်လိပ်စာလေးကိုယူရင်း စိတ်ကူးထဲမှာ ညီ့အိမ်လေးဆီ ခဏခဏ သွားလည်မိတယ်။ မမြင်ဖူးသေးတဲ့ ညီ့အိမ်လေးကတော့ အာရုံထဲမှာဝိုးတဝါးပေါ့။

♥♥♥

ဆောင်းရာသီရဲ့ တနင်္ဂနွေတစ်ရက်မှာ မောင်နဲ့ ပု၊ လိပ်စာတစ်ခုကို ကိုင်ပြီး ဟိုမေး ဒီမေးနဲ့ ရှာပုံတော် ဖွင့်ကြတယ်။ နောက်ဆုံးတော့ မရောက်တာကြာပြီဖြစ်တဲ့ လမ်းနီနီကလေးဆီကို ရောက်လာခဲ့ကြတယ်လေ။


www.burmeseclassic.com

www.burmeseclassic.com

အရင်တုန်းက လမ်းကလေး ချစ်စရာကောင်းတာပဲ သိပြီး လမ်းနာမည် မမှတ်မိခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်တင်နေမိတယ်။ တကယ်ပါပဲ မထင်မှတ်စရာတွေ ဆက်တိုက်ဖြစ်နေတာက မောင် သိပ်သဘောကျခဲ့တဲ့ နှစ်ထပ်တိုက်အိမ်ငလေးဟာ ညို နေတဲ့အိမ်လေးတဲ့။ ပြီးတော့ ဟိုအရင်က မောင် သိချင်ခဲ့တဲ့ ဂစ်တာပိုင်ရှင်လေးဟာ ညို ဖြစ်နေသတဲ့လေ။ ကံတရားရဲ့ ကျီစားမှုကို မောင် ကြည်ကြည်နူးနူးနဲ့ လက်ခံလိုက်တယ်။ မောင် မြတ်နိုးတဲ့ အရာတွေ ဆက်စပ်နေတာဟာလည်း ကျေနပ်စရာပါပဲ။

"ပုရေ ဒီမှာ ညိုနေတာ သေချာရဲ့လား၊ လူလဲ မတွေ့ဘူး"

"အပြင်သွားတာ နေမှာပေါ့၊ သေချာပါတယ်ဟ၊ ဟိုမှာ လှန်းထားတာ ညီခန့်ညိုရဲ့ ပုဆိုး မဟုတ်လား၊ စောင်းကောက်ပုံ ယောလေးလေ"

"ဟုတ်တာပေါ့၊ ဟိုမှာလဲ သူ့လွယ်အိတ်လေး လျှော်ထားတာ ထင်တယ်၊ ဟိ ပျော်လိုက်တာ"

မောင့်ရင်ထဲက ထိန်းမရလွန်းလို့ ထွက်ကျလာတဲ့စကား။ မောင် ရင်တွေ အရမ်းခုန်နေတယ်။ ညိုနေတဲ့ နေရာလေးဆိုတဲ့ အသိနဲ့ လမ်းနီနီပေါ်ကနေ အိမ်ကလေးကို သေချာကြည့်တော့ အရင်ကအတိုင်း ပြောင်းလဲမှု သိပ်မရှိ။ ပုဏ္ဏရိက်ပင်တွေလည်း ဒီအတိုင်း၊ ပုန်းညက်ပင်ကြီးလည်း ဒီအတိုင်း၊ ဒန်းပြာလေးလည်းဒီအတိုင်းပဲ။ တယ်ရီယာခွေးလေးတွေတော့ မတွေ့မိ။ အချစ်တွေနဲ့ ပြည့်နှက်နေလို့ပဲလွှားမသိ၊ အိမ်ကလေးကိုကြည့်ရတာ အရင်ကထက်တောက်ပနေသလို လှပသာယာနေသလို။

နောက်ပိုင်း ကျောင်းပိတ်ရက်တွေမှာ ညို့ဆီကို ကဗျာလေးတွေပါတဲ့ ကတ်လေးတွေ တစ်လတစ်ကြိမ် ပို့ဖြစ်ခဲ့တယ်။ ညို auto ရေးပေးဖူးတဲ့ ထာဝရ ပျော်ရွှင်နိုင်ပါစေ ဆိုတဲ့ ဆုတောင်းလေးနဲ့အတူ အောက်ဆုံးမှာ Maung လို့ရေး ပြီးတော့ မောင့် သတိရခြင်းတွေကို ညို သိအောင် ကြိုးစားမိတယ်။ လမ်းကလည်းမကြုံ၊ သတ်သတ်လည်း မသွားရဲတာနဲ့ မောင် လမ်းနီနီလေးဆီကို နောက်ထပ် မရောက်ဖြစ်တော့။

ကျောင်းက ညိုနဲ့ မောင်တို့ရဲ့ ဇာတ်လမ်းကလည်း မစခင်မှာဘဲ တစ်ခန်းရပ်သွားပြီ ထင်ပါရဲ့။ ခုတော့ ခံစားချက်တွေပေးခဲ့တဲ့ ရှင့်အကြည့်စူးစူးလေးတွေကိုပဲ လွမ်းစရာတစ်ခုလို မောင့်ရင်ထဲမှာ သိမ်းထားရတော့မှာလား ညိုရယ်။ မရေရာလှတဲ့ မောင်တို့ဇာတ်လမ်းဟာ အဆုံးသတ်ကို ရောက်ခဲ့ပြီလား။ မောင်ကိုယ်တိုင်လည်း မသိခဲ့ပါဘူး။ မောင့်မှာသာ ရင်ခုန်ခဲ့ရပေမယ့် ရှင့်အတွက်ကတော့ canteen မှာ auto ရေးခိုင်းဖူးတဲ့ မကြာခဏ ရှင့်ကိုခိုးကြည့်တတ်တဲ့ ကောင်မလေးတစ်ယောက်ကို ကစားစရာအဖြစ်ပဲ သဘောထားခဲ့မှာပေါ့။ ကျေနပ်ပါတယ် ညို။

နောက်ဆုံးနှစ် ကျောင်းပိတ်ချိန်ရောက်တော့ သတင်းစာထဲမှာ ညိုတို့ လက်ထပ်တဲ့သတင်း ပါလာခဲ့တယ်။ စွန့်လွှတ်လိုက်ရတော့မှာကို သိနေပေမယ့် မောင် ခံနိုင်ရည် မရှိခဲ့ပါဘူး။ ရင်တစ်ခုလုံးကို ခွဲပြီး အသည်းနှလုံးကို ဆွဲထုတ်ပစ်လိုက်သလို ရင်ထဲမှာ ဟာသွားတာပဲ။ ရင်ကွဲတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့။



ညို့ကို အပြီးအပိုင် ဆုံးရှုံးခြင်းဆိုတဲ့အသိနဲ့အတူ သတင်းစာကိုလည်း အစိတ်စိတ် အမြွာမြွာ ဆုတ်ဖြဲပစ်မိတယ်။ ဒီလိုပဲ မောင့်အသည်းတွေလည်း သတင်းစာရွက်တွေလို တစ်စစီ ပဲ့ကြွေနေပြီ ညို။ မောင်ချစ်ခဲ့တာ ညို သိအောင် သေချာပြောခွင့်မရှိပေမယ့် ခုလို ရေရေရာရာ အသည်းကွဲခွင့် ပေးခဲ့တဲ့အတွက် ညို့ကို ကျေးဇူးတင်ပါတယ်။ ခုမှတော့ ဖြစ်ပြီးသမျှအရာအားလုံးကို ကြိုးစားပြီး မေ့ပစ်ရတော့မှာပေါ့။ ညို့ကို မုန်းပစ်လို့ မရခဲ့ပေမယ့် ညို့မျက်ဝန်းလေးတွေကိုတော့ နာကျည်းချင်မိတယ်။

ညို့ကို မတွေ့တော့တဲ့ နောက်ပိုင်း မောင် စာကို ပိုကြိုးစားဖြစ်ခဲ့တယ်။ တန်းဆက်တက်ရင်း ညို့ကို မေ့ထားပစ်ခဲ့တယ်။ ဒါပေမဲ့ ကျောင်းရဲ့နေရာတိုင်းမှာ ညို့အငွေ့အသက်တွေကို မောင် တွေ့မြင်နေရဆဲပါပဲ။ ဒီလိုနဲ့ တစ်ရက်မှာ မထင်မှတ်ဲ့ စာတစ်စောင် မောင့်ဆီရောက်လာခဲ့တယ်။ မမြင်ဖူးတဲ့ လက်ရေးမို့ စိတ်ဝင်စားစွာနဲ့ စာကို ဖောက်ဖတ်ကြည့်တော့. . .

သို့

*မနှင်းသီရိမောင်*

*ကျွန်တော် ညီ့သူငယ်ချင်း စိုးသီဟအောင်ပါ။*

*ခုလိုစာရေးတာ ညီ့အကြောင်းတွေ ပြောပြချင်လို့ပါ။ အတိတ်ဆိုတာ ကျန်ရစ်ခဲ့သင့်ပေမယ့် အမှန်တရားဆိုတာကတော့ အဖိုးတန်ပါတယ်ဗျာ။*

*မှားယွင်းနေတဲ့ အတိတ်ကြောင့် ဘယ်သူ့ကိုမှမနစ်နာစေချင်တာကြောင့် ကျွန်တော် ခုလို စာရေးလိုက်ရ တာပါ။ ကျွန်တော်နဲ့ ညီက ညီအစ်ကိုတွေ လို နေကြတာပါ။ ပြောရရင် ညီ့မိဘတွေ ဆုံးကတည်းက ညီ့ကို အိမ်ကသားအရင်းလို မွေးစားခဲ့ကြတာပေါ့။ ပြီးတော့ ကျွန်တော့် ညီမလေးနဲ့ ညီ့ကို သူ့မိဘတွေ ရှိကတည်းက မိဘချင်း သဘောတူ*





www.burmeseclassic.com

www.burmeseclassic.com

*ထားခဲ့ကြတယ်။ မနှင်းသီရိနဲ့ ညီတို့ ဇာတ်လမ်းကို ကျွန်တော် အကုန်သိပါတယ်။ မနှင်းသီရိပို့တဲ့ ပို့စကတ်လေးတွေ အားလုံးလည်း ညီဆီကိုရောက်ပါတယ်။ အမှန်အတိုင်း ပြောရရင် Free Bird မှာ မနှင်းသီရိကိုစတွေ့ကတည်းက ညီ မြတ်မြတ်နိုးနိုး ချစ်မိသွားခဲ့တာပါ။ ဒါပေမဲ့ ညီကခေါင်းမာတယ်။ တာဝန်ယူလိုစိတ်ကြီးတယ်။ ညီမလေးကလည်း နှလုံးရောဂါသည်လေးဆိုတော့ ပစ်ပစ်ခါခါ ဆက်ဆံမိလို့ တစ်ခုခုဖြစ်သွားမှာကို ကြောက်ရှာတယ်။ တကယ်တော့ ညီဟာ သူ့နှလုံးသားကိုစတေးပြီး အားလုံးအပေါ် ကိုသက်ညှာထောက်ထားခဲ့တာပါ။*

*ဒါကြောင့်လည်း မနှင်းသီရိ သူ့လို ခံစားရမှာစိုးရိမ်လို့ အလေးမထားသလို ဆက်ဆံခဲ့တာတဲ့။ မနှင်းသီရိကတော့ သူ့ကို မာနကြီးတယ်ဆိုပြီး မုန်းနေမှာပဲတဲ့လေ။ ညီမလေးလည်း သူ့နဲ့လက်ထပ်ပြီး မကြာခင် ဆုံးပါးသွားရှာတယ်။ သူလည်း လောကကြီးကို စိတ်နာပြီး စိတ်လေလေနဲ့ နိုင်ငံခြားကို ထွက်သွားပါပြီ။ သူမသွားခင် ပြောခဲ့တာက သူ အမြဲကောင်းအောင် ကြိုးစားခဲ့ပေမယ့် လောကကြီးက ကြေကွဲမှုတွေပဲ ပြန်ပေးတတ်တယ်တဲ့။ ဒါကြောင့် သူ မနှင်းသီရိကို မေ့မရသေးပေမယ့် ကြေကွဲမှုတွေပဲ ပြန်ပေးတတ်တဲ့ လောကကြီးကို ကြောက်လို့ အဝေးကနေပဲ ချစ်နေတော့မယ်တဲ့လေ။ ဒီအကြောင်းတွေ ပြောပြရတာက မနှင်းသီရိရဲ့ ရင်ထဲမှာ ညီအပေါ် နာကြည်းချက်တွေ ရှိနေခဲ့ရင် ဖြေလျှော့ပေးစေချင်လို့ပါ။*

*ကျွန်တော့် အချစ်ဆုံး သူငယ်ချင်းအတွက် ဘာမှမလုပ်ပေးခဲ့ရလို့ ဒါလေးတစ်ခုတော့ ကျွန်တော် သူ့အစားတောင်းပန်ပါရစေ။ ညီကတော့ မပြောဖြစ်ခဲ့တဲ့ သူ့အချစ်တွေကို ကမ္ဘာတစ်ဖက်ခြမ်းဆီ သယ်ဆောင်သွားပါပြီ။*

*ဒါပါပဲ မနှင်းသီရိမောင်။*

*ခင်မင်စွာဖြင့်. . .*

**စိုးသီဟအောင်**

စာကို ဖတ်. . .

ထဲက လှုပ်ရှားမှုဟာ . . . နိုင်တဲ့ တုန်ခါနှုန်းနဲ့ စက္ကန့်မလပ်ပြေးလွှားနေမိတယ်။ အတိတ်က ပုံရိပ်တွေဟာ အာရုံမှာ တရိပ်ရိပ်ပြန်ပေါ်လာတယ်။ ညိုနဲ့ ပတ်သက်တဲ့အရာတိုင်း မောင့်မျက်ဝန်းထဲမှာ လတ်လတ်ဆတ်ဆတ် လှုပ်ရှားရှင်သန်နေတုန်းပဲ။

မမျှော်လင့်ရဲလောက်အောင် မောင့်ကို ညို သိပ်ချစ်ခဲ့တယ်တဲ့လား ညိုရယ်။ ညို့အပေါ် နာကြည်းလုနီးပါး ကြေကွဲ ခဲ့ရသလို ညိုလည်း မောင့်ကြောင့် အသည်းကွဲနေခဲ့တာကို သိရတော့ ပိုခံစားရတယ် ညို။ ညို့ကို အရင်ကထက် ပိုချစ်သွားတယ်။ သတ္တိနည်းသူလို့ မောင် မစွပ်စွဲရက်ပါဘူး။ အားလုံးအဆင်ပြေဖို့ ညို စွန့်လွှတ်ခဲ့တာတွေကို မောင် နားလည်ပါပြီ။

ဘာပဲဖြစ်ဖြစ် ညို ပြန်လာမယ့် ရက်ကို မောင် စောင့်နေမယ်။ အချိန်တွေ ဘယ်လောက်ပဲ ကြာပါစေ မောင်စောင့်နေမယ် ညို။

♥♥♥

အို အိမ်ကလေးဟာ အရင်က အတိုင်း လှပမြဲ လှပဆဲပါလား။ ဝရန်တာစိမ်းစိမ်းမှာ ထောင်ထားတတ်တဲ့ ဂစ်တာညိုလေး မရှိတော့တာကလွဲလို့ပေါ့။ သန်မာကြီးပြင်းနေတဲ့ ပုန်းညက်ပင်ကြီးမှာလည်း အပွင့်ဖြူဖြူတွေ ဖူးပွင့်နေလို့လေ။

ညို့ကို သတိရလွန်းလို့ အလွမ်းပြေကြည့်စရာ ညို့အိမ်ကလေးဆီကို မောင် တတိယအကြိမ်ရောက် လာခဲ့တယ်။ အိမ်ကလေးဟာ ဖူးပွင့်နေတဲ့ ပန်းပေါင်းစုံနဲ့ ပိုပြီး လှပသာယာနေပေမယ့် ညို မရှိတော့တဲ့ မောင့်ကမ္ဘာအတွက်တော့ ခြောက်ကပ်ကပ်နိုင်လွန်းလှတယ်။

အရင်က မောင့်စိတ်ထဲမှာ ဒီလမ်းနီနီနဲ့ ဒီအိမ်ကလေးကို သိပ်ပန်တင့်တာပဲလို့ ထင်မှတ်ခဲ့မိရဲ့။ တကယ် . . . ယ်းဟာ . . . မလိုလိုနဲ့ ခြံဝင်းတံခါးတစ်ခုက သတ်သတ်စီ ခြားထားရက်ပဲလေ။

ညိုနဲ့ မောင့်လိုပေါ့။

♥♥♥

"သမီး သီရိရေ. . ဒီမှာ သမီးအတွက် စာတစ်စောင်လာတယ်"

အိပ်ခန်းထဲမှာ ဒိုင်ယာရီရေးနေတုန်း မေမေ့ လှမ်းအော်သံကြောင့် မောင် အံ့သြသွားရတယ်။ ဘယ်သူ့ဆီက စာပါလိမ့်။ ခုဆို သူငယ်ချင်းတွေလည်း တကွဲတပြားစီ ဖြစ်သွားကြတော့ မိပုဆီကများလား။ ချိုချဉ်ဆီကများလား တွေးရင်း အိမ်ရှေ့ကို ထွက်လာမိတော့ စားပွဲပေါ်မှာ လဲအိပ်နေတဲ့ စာအိတ်ကလေးက မောင့် မျက်ဝန်းတွေကို အရောင်တောက်သွားစေခဲ့တယ်။

"ဟင် နိုင်ငံခြားက လာတဲ့စာပဲ"

မောင့်သူငယ်ချင်းထဲမှာ နိုင်ငံခြားသွားတဲ့သူ မရှိ။ ရင်ခုန်သံတွေ မြန်လာတယ်။ မောင်လေ တုန်ယင်အေးစက်တဲ့လက်အစုံနဲ့ စာအိတ်ကို အလျင်အမြန် ဖောက်ဖွင့်လိုက်တော့ ခေါက်ထားတဲ့ စာရွက်ဖြူလေးတစ်ခု. . .။

"ကျွန်ုပ်၏ ရှပ်အင်္ကျီအောက်တွင် နွမ်းနယ်နေသော နှလုံးသားတစ်စုံရှိသည်။ ထိုနှလုံးသားသည် ကြင်နာတတ်သဖြင့် မည်သူ့ကိုမျှ အန္တရာယ်မပြုလို"

တစ်ချိန်က ညို့စာအုပ်လေးမှာ ရေးထားတဲ့ စာသားလေးတွေ ဖြစ်ရဲ့။ မျက်ဝန်းအိမ်မှာ ပြည့်လျှံတက်လာတဲ့ မျက်ရည်တွေနဲ့အတူ ပိုလာတဲ့ စာကြောင်းလေးကို ဖတ်ရင်း မောင် ပြုံးလိုက်မိတယ်။

"အထူးသဖြင့် ကျွန်ုပ်ချစ်ရသောသူကို ပို၍ပင် အန္တရာယ်မပြုလို"

(ချစ်သူတိုင်းအတွက်. . . )

**❒ မိန္တနီးကို(ကွန်ပျူတာတက္ကသိုလ်)**

**+မိုးစွေငှက်**





www.burmeseclassic.com

www.burmeseclassic.com

မြို့နယ်ဆေးရုံတွင် သူနာပြု ဆရာမ မမေကျော့ခိုင်၊ အပြာဝတ် ဆရာမ ဒေါ်နီနီလွင်တို့ တာဝန်ကျပါသည်။ ဆေးရုံသည် (၁၆) ခုတင်ဆံ့ ဆေးရုံဖြစ်သည်။ ထိုအချိန်က ဝန်ထမ်းအင်အား နည်းပါးသကဲ့သို့ ဆေးဝါး ကိရိယာများ ပြည့်စုံမှု မရှိသေးပါ။ မြို့နယ်ဆရာဝန်ကြီးတစ်ယောက်၊ လက်ထောက်ဆရာဝန်တစ်ယောက်၊ ဆရာမ နှစ်ယောက်၊ အမျိုးသမီးဝန်ထမ်းနှစ်ယောက်၊ အမျိုးသားဝန်ထမ်း သုံးယောက်နှင့် ဆေးစပ်ဆရာတစ်ယောက်တို့ဖြင့် ဆေးရုံလုပ်ငန်းကို လည်ပတ်ခဲ့ကြပါသည်။ အတွင်းလူနာဆောင်များ



တွင် ဖျားနာလူနာများ၊ ခွဲစိတ်လူနာများအဖြစ် အူအတက်ရောင်ရောဂါ၊ အူကျခြင်း၊ အရေပေါ် ဒဏ်ရာရရှိသော လူနာနှင့် မွေးလူနာ၊ ခွဲစိတ်လူနာများကို ကုသရသကဲ့သို့ အပြင်လူနာများကိုလည်း ကြည့်ရှုပေးရပါသည်။

တစ်မြို့နှင့်တစ်မြို့ အလှမ်းကွာခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းတို့ကြောင့် ဒေသခံ ပြည်သူများအားကိုးတကြီး လာရောက်ကုသကြပါသည်။ ဆေးရုံဝန်ထမ်းတို့သည် အားချိန်နားချိန် အလွန်နည်းပါးစွာ လုပ်ဆောင်ရပါသည်။ ထမင်းအချိန်မှန် မစားရသလို အိပ်ရေးမဝသောရက်များ ရှိခဲ့ပါသည်။ သို့ပါသော်လည်း စည်းလုံးညီညွတ်စွာလုပ်ဆောင်ခဲ့ကြသည်။ ပင်ပန်းလှပါသော်လည်း ညည်းညူခြင်းမရှိခဲ့ကြပေ။ ထို့ကြောင့် ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းတို့သည် ဝါသနာအရင်းခံ၍ လူနာများ ရောဂါပျောက်ကင်းစေရန် စေတနာထားပြီး သနားကရုဏာစိတ်ဖြင့် မိမိနှင့်ယှဉ်၍ ကိုယ်ချင်းစာနာစိတ်ထားကာ သနားကြင်နာခြင်းများစွာဖြင့် စားချိန်၊ နားချိန်၊ အိပ်ချိန် နည်းပါးသော်လည်း မညည်းမညူ ပြုစုကုသခဲ့ကြသည်။ အားကိုးတကြီး ရောက်လာသော လူနာများအတွက် မမောနိုင် မပန်းနိုင် ကိုယ်စိတ်နှစ်ပါး တုံးတုံးချလုပ်ဆောင်နေရသည့် သူနာပြုဆရာမ ဖြစ်ရသည်ကို မေကျော့ခိုင်သည် ကျေနပ်ခြင်း၊ အားရခြင်း၊ ဂုဏ်ယူခြင်းများနှင့် ဘဝကို လျှောက်လှမ်းနေမိသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ နံနက် ၉ နာရီ အချိန်တွင် မိုင်(၂၀)ခန့်ဝေးသော စစ်တောင်းမြစ်ကမ်း ဝဲကြီးရွာမှ လှေနှင့်တစ်ဆင့် လှည်းနှင့်တစ်ဖုံ မွေးလူနာတစ်ယောက် ရောက်လာပါသည်။ အမည် မလှမြိုင်၊ အသက် (၃၈)နှစ်၊ လေးယောက်မွေးပြီးဖြစ်သည်။ သားဖွားဆရာမ ဒေါ်လှလှမြင့် လာပို့ခြင်းဖြစ်သည်။ ရေမြွှာ လမ်းမှာပေါက်သည်မှာ တစ်နာရီခန့်ရှိပြီဟု ပြောပါသည်။ လူနာအား မွေးခန်းထဲပို့ပြီး ဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်တို့ စမ်းသပ်ကြပါသည်။ နှစ်ရက်ခန့် ဗိုက်နာထား၍ လူနာပင်ပန်းနေပါသည်။ BP သွေးပေါင်ချိန် ၁၁၀/၇၀ အဖျားမရှိ ကလေးအနေအထားမှန်သည်။ ကလေးနှလုံးသံ မကြားရဟု ပြောပါသည်။

"ဆရာမကြီး စမ်းပါဦး၊ ကျွန်တော်တို့ကတော့ (Foetel Heart Sound= FHS) ကလေးနှလုံးသံ မကြားရဘူး၊ ဆရာမကြီးတို့စမ်းသပ်လို့ ကလေးနှလုံးသံ မကြားရဘူးဆိုရင် ညှပ်ဆွဲမွေးပေးမယ်၊

ညှပ်ဆွဲလို့ မရမယ့်အခြေအနေဖြစ်ရင် ကလေးကို ဖြတ်ထုတ်မွေးပေးမယ်၊ မောင်ဦးနဲ့ ဒေါ်ထွေးတင် ခွဲခန်းလဲ လိုလိုမည်မည် ပြင်ထားဦး၊ ကလေးနှလုံးသံ ကြားရရင် မိခင်နဲ့ကလေး နှစ်ဦးလုံး အသက်ရှင်ဖို့ ဗိုက်ခွဲမွေးပေးမယ်"

လူ့အသက်ကယ်ရာတွင် တစ်ဦးတစ်ယောက်တည်း၏ နားမျက်စိ စမ်းသပ်မှုများဖြင့် မဆုံးဖြတ်သော ဆရာဝန်ကြီးများ၏ လူနာအပေါ် ထားသော စေတနာကို လေးစားရပါသည်။ လိုအပ်သည်များကိုလည်း လိုအပ်သလို ကုသပေးနိုင်ရန်အတွက် ခွဲခန်းကိုလည်း ပြင်ထားရန် ညွှန်ကြားပါသည်။ အခြေအနေအရ ခွဲစိပ်ကုသရနိုင်သဖြင့် လူနာအား မည်သည့်အရည်နှင့် အစားအစာကိုမျှ မတိုက်ကျွေးတော့ပါ။



ဆရာမကြီးဒေါ်နီနီလွင် စမ်းသပ်ပါသည်။ ကလေးနှလုံးသံ ကြားနိုင်သည့် နေရာများတွင် နားထောင်ကြည့်သည်။ ဆရာမကြီး ခေါင်းခါသည်။ နောက် ကလေး၏အနေအထားသိရန်အတွက် စမ်းပြီးနောက်. . .

"ကျွန်မလဲ မကြားရဘူး ဆရာ Breech ဆုံပိုင်းဖြစ်မလားမသိဘူး၊ ခေါင်းဆိုရင် ဆံပင်ကို အတွေ့အထိနဲ့ အရိုးဆက်တွေ့ရမှာ ခုတော့ နူးညံ့တဲ့အသားတွေပဲ စမ်းမိတယ်"

"ဖြစ်နိုင်တာပေါ့ ကဲ မေကျော့နိုင်၊ သမီးလဲ စမ်းပါဦး၊ သမီးက သားဖွားဆရာမလဲ လုပ်ခဲ့တာဆိုတော့ သေသေချာချာ စမ်းပေးနော်၊ သမီးတို့ ဆရာတို့ စမ်းလို့ရတဲ့ ရလဒ်အပေါ် အခြေခံပြီး ကုသမှု ပြုရမှာ"

"ဟုတ်ကဲ့ပါ . . . ဆရာကြီး"

မေကျော့သည် မိခင်ဝမ်းဗိုက်ပေါ်မှ ကလေးအနေအထားကို စမ်းသည်။ အနေအထား အလျားလိုက်ပုံမှန်ဖြစ်သည်။ ခြေလက်များ မိခင်၏ လက်ဝဲဘက်တွင်ရှိသည်။ ဦးခေါင်းနှင့် ဆုံပိုင်း သေချာစေရန် စမ်းရသည်။ သားအိမ်ထိပ်ပိုင်းတွင် မာမာစမ်းမိသည်။ မိမိညာလက်ဖြင့် ထိုအရာအား ကိုင်၍လှုပ်ရှားကြည့်သည်။ ဦးခေါင်း ဖြစ်လျှင် လက်ထဲတွင် ကိုင်ထားသော အစိတ်အပိုင်းသည် ကိုင်ထားသည့်လက်မနှင့်



www.burmeseclassic.com

www.burmeseclassic.com

လက်ချောင်းများကို လာထိသော အတွေ့ဖြင့် သိနိုင်သည်။ လာမထိသည့်အတွက် ဦးခေါင်းမဖြစ်နိုင်၊ ဆီးစပ်အထက်နားတွင် မာမာတစ်ခု စမ်းတွေ့သည်။ အရိုးကွင်းအတွင်း လုံးလုံးလျားလျားဝင်နေ၍ ခေါင်းပိုင်းလား၊ ဆုံပိုင်းလား သေချာမခွဲခြားနိုင်၊ ခေါင်းပိုင်းတော့ ပိုဖြစ်နိုင်သည်။

ကလေး၏ ခေါင်းဖြစ်လျှင် မိခင်၏ ဝမ်းဗိုက်အောက်ပိုင်းတွင် ကလေးနှလုံးသံကြားနိုင်သည်။ ဝမ်းဗိုက်အောက်ပိုင်းနေရာအနှံ့အပြား နားထောင်ကြည့်သော်လည်း မကြားရပါ။ သေချာစေရန် အတွင်း စမ်းသပ်ကြည့်သည်။ ဆုံပိုင်းဖြစ်လျှင် စအိုနှင့်တင်ပါးဆုံနှစ်ခုသည် မွေးလမ်းအောက်ဆုံးအပိုင်းတွင် တွေ့နိုင်သည်။ ကလေးငယ်၏ အင်္ဂါများကိုလည်း စမ်းတွေ့နိုင်သည်။ စမ်းသောအခါ ထိုသို့မတွေ့ပါ။ မိမိစမ်းတွေ့သည့်အတွေ့အထိသည် နှာခေါင်းနှင့် ပါးရိုးကလေးများ ဖြစ်နိုင်သည်။ ကလေးသည် Face Presentation မျက်နှာနှင့် ဦးတိုက်နေသည်ဟု မှတ်ချက်ချမိသည်။ ထို့ကြောင့် ကလေးခေါင်းသည် အရိုးကွင်းအတွင်း နက်ရှိုင်းစွာ ဆိုက်ရောက်နေသဖြင့် ကလေး၏ ရင်ဘတ်ပိုင်းသည် အရိုးကွင်းအတွင်း ဝင်နိုင်သည်။

ယင်းသို့ဖြစ်လျှင် ကလေး နှလုံးသံကို ဆီးစပ် အပေါ်နား ကပ်လျက် ကြားနိုင်မည်ဖြစ်သည်။ မေကျော့သည် လူနာအတွက် အမျိုးမျိုးချင့်ချိန်တွေးခေါ်ရပါသည်။ မိမိ၏ ချွတ်ချော်တိမ်းစောင်းမှုကြောင့် ကုသမှုလွဲချော်သွားမည်ကို အလွန်စိုးရိမ်ပါသည်။

လူ့အသက်တစ်ချောင်း အရေးအတွက် စိတ်မအား လူမနား တစ်ချက်မမှားစေရန် ကြိုးစားနေပါသည်။ ထို့ကြောင့် ကလေးနှလုံးသံကို ဆီးစပ်အပေါ်နားကပ်၍ နားထောင်လိုက်ပါသည်။

"ဒုတ် ဒုတ် . . . ဒုတ် ဒုတ်"

ဟော . . . ကြားရပါလေပြီ။

ဆရာမ၏ ရင်ခုန်သံသည်လည်း ကလေးငယ်၏ နှလုံးခုန်သံနှင့် အပြိုင်ခုန်နေပါတော့သည်။ ကလေးငယ်၏ နှလုံးခုန်သံကြားရသဖြင့် ဝမ်းသာ၍ ခုန်ရခြင်းဖြစ်သည်။ လူနာ၏သွေးတိုးသံနှင့် မှားမည်စိုး၍ လူနာ၏ လက်ကောက်ဝတ်သွေးခုန်နှုန်းကို စမ်းကြည့်လိုက်ပါသည်။ သေချာပါသည်။ ကလေးနှလုံးခုန်သံအစစ် ဖြစ်ပါသည်။ နှလုံးခုန်သံအရေအတွက်ကို တစ်မိနစ်တိတိ ရေတွက်ကြည့်သည်။ အချက်ရေ ၁၅၀ ရပါသည်။ အနားတွင် လက်ထောက်ဆရာဝန် ဒေါ်တင်တင်သော် ရှိနေပါသည်။

"မမရေ ဒီမှာ ကလေးနှလုံးခုန်သံ ကြားရပြီး 150 per minutes ပါ သေချာပါတယ်၊ Face Presentation မို့ နေရာလွဲနေလို့ မကြားရတာပါ၊ ဒီမှာပါ မမ"

အသက်ရှင်ကြောင်းသိရသဖြင့် ဝမ်းမြောက်ရွှင်လန်းစွာ ပြောကြားမိသည်။

"အေး အေး မေကျော့ မမ စမ်းကြည့်မယ်"

ဒေါက်တာ ဒေါ်တင်တင်သော် သေချာစွာ စမ်းကြည့်ပါသည်။

"ဟုတ်တယ် မေကျော့ ကလေးနှလုံးသံပဲ၊ ကဲ ဆရာကြီးကို ကလေးနှလုံးသံ ကြားရတယ်လို့ အကြောင်းကြားလိုက်ပါ မြင့်မြင့်ရေ"

ဝန်ထမ်းမြင့်မြင့်အား အကြောင်းကြားစေပါသည်။ ဆရာကြီးက ခွဲစိတ်ကုသမည်ဟု ညွှန်ကြားပါသည်။ လူနာအား သန့်ရှင်းစေပြီး နှာခေါင်းပိုက်တပ်ခြင်း၊ ဆီးပိုက်တပ်ခြင်းများ ပြုလုပ်ပေးပါသည်။ ခွဲစိတ်ကုသရန် သဘောတူကြောင်းလည်း ခင်ပွန်းသည်အား လက်မှတ်ထိုးစေပါသည်။ လိုအပ်လျှင် သွေးသွင်းနိုင်ရန် သွေးအမျိုးအစားစစ်၍ အလှူရှင် ၃, ၄ ယောက်ကို အနီးအနားတွင်ရှိနေစေပါသည်။ထိုအချိန်က မေ့ဆေးဆရာဝန်နှင့် ခွဲစိတ်ကျွမ်းကျင်သူတို့ မရှိပါ။ လက်ထောက်ဆရာဝန်က မေ့ဆေးဆရာဝန်လုပ်ရပြီး သွေးစစ်ခြင်းကို ဆရာမများက ပြုလုပ်၍ ဆရာဝန်များက အတည်ပြုပါသည်။

အားလုံး အဆင်သင့် ဖြစ်သောအခါ လူနာအား ခွဲခန်းအတွင်းသို့သွင်းကာ ခွဲစိတ်ကုသပေးပါသည်။ ခွဲစိတ်ကုသသောအခါ ကိုယ်စိတ်နှစ်ပါးကို နှစ်မြှုပ်၍ ကုသရပါသည်။ တစ်ခါတစ်ရံ ခွဲစိတ်ကုနေချိန်တွင်ပင် အချို့လူနာတို့ နှလုံးခုန်မှု ရပ်ဆိုင်းတတ်ပါသည်။ နှလုံးခုန်လာစေရန် ပြုစုကြရပါသည်။ အချို့မှာ နှလုံးပြန်လည်မခုန်တော့ဘဲ သေဆုံးခြင်းလည်းကြုံရတတ်ပါသည်။

ကံကောင်းပါသည်။ ယခုလူနာ မလှမြိုင် အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့ပါသည်။ ကလေးသည် ပင်ပန်းလွန်းလှသဖြင့် မွေးစတွင် မငိုနိုင်။ ကလေးကောင်းစွာ ငိုနိုင်ပြီး အသက်ရှင်ရန် ပြုစုကုသရပါသေးသည်။

ယင်းသို့ဖြင့် မိခင်နှင့်ကလေးတို့အား အသက်ကို ကယ်နိုင်ခဲ့လေသည်။ လူနာအား ခွဲစိတ်ခန်းအပြင်သို့ အောင်မြင် ချောမောစွာ ပေါ်ထွက်နိုင်ပါမှ ဆရာဝန်၊ ဆရာမတို့၏သက်ပြင်းအမောများကို ဟင်းချနိုင်တော့သည်။ လူနာများ အသက်ရှင် ကျန်းမာလာသောအခါ ဝမ်းသာကျေနပ်မှု ဖြစ်ရသောပီတိသည်ကား နှိုင်းယှဉ်ဖော်ပြခြင်းငှာ မစွမ်းသာချေ။ ပြုသောသူတို့သာ ခံစားသိနိုင်သော ကိစ္စရပ်ဖြစ်ပေသည်။ ခွဲစိတ်ခန်းမှ အားလုံးထွက်လာကြပြီး ဂျူတီခန်းတွင် ခေတ္တအနားယူကြပါသည်။

"ကဲ နားကြ၊ ဆရာကြီးက အားလုံးကို ဂုဏ်ပြုတဲ့အနေနဲ့ ကော်ဖီနဲ့ မုန့်ကို တိုက်ပါမယ်၊ စားကြ စားကြ၊ ဒီတစ်ခါ ကလေးနဲ့မိခင်ကို ကယ်နိုင်တာကတော့ မေကျော့ရဲ့ စိတ်ရှည်လက်ရှည်စမ်းသပ်လို့ရတဲ့ ရလဒ်ကြောင့်ပဲ၊ သမီးပြောသလိုပဲ မျက်နှာနဲ့ ဦးတိုက်နေတာကို၊ ဆရာကြီးတို့အားလုံး သံသရာအထိပါတဲ့ ကုသိုလ်ကောင်းမှုကို လုပ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ခဲ့ကြပြီ၊ ဘယ်လောက် ဝမ်းသာစရာ ကောင်းလိုက်သလဲ တပည့်တို့"

ဝန်ထမ်း အားလုံးတို့သည် လူ့အသက်နှစ်ချောင်းကို ကယ်နိုင်လိုက်သည့်အတွက် ဝမ်းသာပျော်ရွှင်မှုများကို ခံစားလျက်ရှိကြသည်။ အထူးသဖြင့် ဆရာမလေးသည် ကလေးနှလုံးခုန်သံကို မကြားရလျှင် အသက်မရှင်နိုင်သော ကလေးအတွက် ကလေးအနေအထားကို မှန်ကန်အောင် ခန့်မှန်းနိုင်ခဲ့သဖြင့် ကလေး အသက်ရှင်လာခဲ့ရသည်ကို သင်ဆရာများအား ကျေးဇူးတင်ရင်းရင်ဝယ် တသိမ့်သိမ့် ကြည်နူးခံစားနေမိပါတော့သည်။

●

ဆရာမ မေကျော့ခိုင် မြို့နယ်ဆေးရုံကြီးသို့ အပြာဝတ် ဆရာမကြီးအဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ အမှုထမ်းရပါသည်။ ဤဆေးရုံသည်လည်း ယခင်တာဝန်ကျခဲ့သော ဆေးရုံကဲ့သို့ ဝန်ထမ်းအင်အား၊ ဆေးဝါး၊ ကိရိယာ တူညီစွာပင်ရှိပါသည်။ ခေါင်သောအရပ်ဖြစ်၍ လက်ထောက်ဆရာဝန် မရှိပါ။ လမ်းပန်းဆက်သွယ်ရေးလည်း သူမသာကိုယ်မသာပင်။ လူထုအားကိုးမှုလည်း ထိုနည်းတူစွာ ရှိပါချေ၏။

တစ်နေ့သော ဆောင်းည၏ အချိန် ၉ နာရီတွင် မြို့တွင်းမှ အသက် (၆၁)အရွယ် ရင်ကျပ်ဝေဒနာသည် ဒေါ်သောင်းမေ ရောက်ရှိလာပါသည်။ ခိုက်ခိုက်တုန်အောင် ချမ်းအေးလှပါသော အညာဆောင်းညတွင် လူနာမှာ အသက်မရှူနိုင်အောင် မောကျပ်နေပါသည်။ နှာခေါင်းမှ အသက်မရှူနိုင်ဘဲ ပါးစပ်ဖြင့် မောပမ်းစွာ ဟစိဟစိ မနည်းရှူနေရရှာပါသည်။ လူတကာ ခိုက်ခိုက်တုန်အောင် ချမ်းအေးနေသော်လည်း လူနာခမျာ မချမ်းနိုင်ရှာ။ ချွေးသီးချွေးပေါက်များ များစွာ ကျနေပါသည်။ အသက်ရှူလိုက်တိုင်း လူနာ၏ရင်တွင်းမှ တရှဲရှဲမြည်သံကို ကြားရသူအဖို့ စိတ်မချမ်းသာ၊ နားမချမ်းသာ ဖြစ်စေပြီး လူနာကို သနားနေမိသည်။ ခြေလက်များ၊ နှုတ်ခမ်းများလည်း ပြာနှမ်းနေပါသည်။ ဆေးသာ အချိန်မီမရပါက မိနစ်ပိုင်းအတွင်းအသက်ဆုံးရှုံးမည်ဖြစ်သည်။ ကံကောင်းထောက်မစွာ ဆရာဝန်ကြီးနှင့် ဆရာမကြီးမေကျော့ခိုင်တို့ အတွင်း လူနာကို ကြည့်ရှုပြီး လိုအပ်သည်များကို လုပ်ဆောင်ပြီးချိန်တွင် ရောက်လာခြင်းဖြစ်ပေသည်။ ထို့ကြောင့် လူနာအား အသက်ကယ်ဆေး ရပ်ကျပ်ပျောက်ဆေးများကို သွေးကြောအတွင်းသို့ ထိုးပေးရပါသည်။ လိုအပ်သော သောက်ဆေးများလည်း ပေးပါသည်။ လူနာသက်သာသွားပါသည်။

ထို့နောက် လူနာနေထိုင်ရန် အခန်းသို့ပို့ပြီး Andrenalin Drip ကို တစ်မိနစ်လျှင် ဆယ်စက်ခန့် အစက်ကျစေလျက် သက်သာစေရန် သွင်းပေးထားပါသည်။ ဆရာကြီးသည် လိုအပ်သည်များ ညွှန်ကြားပြီး ပြန်သွားပါသည်။ ဆရာမကြီးသည် ဆေးကို တိကျစွာ ချိန်ကိုက်ပြီး လူနာနှင့် လူနာစောင့်တို့အား ဆေးသွင်းထားသောလက်ကို ငြိမ်ငြိမ်ထားရန်၊ သွေးကြောလွဲ၍ ရောင်လာလျှင် လာပြောရန်၊ Drip အစက်မြန်ခြင်းနှေးခြင်းဖြစ်လျှင် အကြောင်းကြားပါရန် မှာကြားပြီး အခြားလူနာများကို ဆေးသွင်းခြင်း၊ ဆေးထိုးခြင်း၊ သောက်ဆေးပေးခြင်း စသည် လိုအပ်သည်များကို လုပ်ပေးပါသည်။

ခဏကြာလျှင် ill case အသည်းအသန်ပန်းနာရင်ကျပ်လူနာဒေါ်သောင်းမေအား စိတ်မချနိုင်၍ သွားကြည့်မိပါသည်။ လူနာသည် ပိုမိုမောပန်းရင်ကျပ်နေသည်။ အသက်ကိုလည်း ခဲယဉ်းပင်ပန်းစွာ ရှူနေသည်ကို တွေ့ရှိရပါသည်။ Drip ကိုကြည့်သောအခါ ဆေးစက်များ မြန်နေသည်ကို တွေ့ရပါသည်။ မိမိ အသေအချာ ချိန်ခဲ့သည်ဖြစ်၍ တစ်ယောက်ယောက် မြန်အောင်ပြုလုပ်ထားသည်ဟု အတပ်သိလိုက်သည်။

ထို့ကြောင့် မိမိနှင့် အတူပါလာသော ဝန်ထမ်းကို ဆရာကြီးအား အမြန်လာရန် အခေါ်လွှတ်လိုက်ရသည်။

"မောင်မြင့်ဦးရေ ဒေါ်သောင်းမေ မောကျပ်နေလို့ ဆရာကြီးကို အမြန်လာပါလို့ မြန်မြန်လေးသွားပြောပေးပါ၊ မြန်မြန်သွားနော်"

ဆရာမကြီးသည် Drip မြန်နေသည်ကို တစ်မိနစ်လျှင် ၁၀ စက် သို့ အမှန်ပြန်ချိန်ပြီး. . .

"ကျွန်မ သေသေချာချာချိန်ထားခဲ့တာ ဘယ်သူ မြန်လိုက်သလဲ ပြောပါ"

"အဲ ဟို ဟို. . . အသားညိုညိုနဲ့ ဆရာမတစ်ယောက်က နင်တို့က ဆရာကြီး၊ ဆရာမကြီးပဲ အားကိုးကြတယ်၊ ပင်ပန်းစရာရှိတော့ အောက်ခြေသိမ်းက အစ ငါတို့က ပင်ပင်ပန်းပန်းလုပ်ပေးရတာ၊ ငါတို့လဲ ဆေးသွင်းတာ လုပ်တတ်တာပဲလို့ ပြောပြီး မြန်သွားတာပါ ဆရာမ၊ ကျွန်တော်တို့က သူက ဆရာမဆိုတော့ ဘာမှ မပြောရဲပါဘူး"

ဆေးရုံဝန်ထမ်း မမြဝင်း မြန်အောင် ပြုလုပ်သွားခြင်းကို သိလိုက်ရသည်။

"ဘာဆရာမလဲ ဆရာမဆိုလို့ ကျွန်မ တစ်ယောက်ပဲရှိတယ်၊ ဆရာမခင်ခင်လေးက ခွင့်ယူသွားတယ်လေ၊ နောက်ကို ဘယ်သူ့ကိုမှ မြန်တာ နှေးတာမလုပ်စေနဲ့၊ ကျွန်မကို လာပြောပါ"

ဆရာမကြီးသည် စိတ်ပူပန်မှုဖြင့် နောက်ထပ်မဖြစ်ရန် မှာကြားရသည်။

"ဟုတ်ကဲ့ပါ ဆရာမ၊ နောက်ဆို လာပြောပါ့မယ်"

ထိုအချိန်တွင် ဆရာကြီးအမြန်ရောက်လာသည်။ လိုအပ်သော ဆေးများကို ညွှန်ကြား၍ သက်သာစေပါသည်။ မတတ်သောသူ တတ်ယောင်ကားလုပ်ခြင်းဖြင့် ဆရာဝန်၊ ဆရာမတို့ကို အလုပ်ရှုပ်စေသည်။ လူနာလည်း မချိမဆံ့ သေလုအောင်ခံစားရရှာသည်။ ဆရာကြီးမေး၍ ဖြစ်စဉ်ကို ရှင်းပြလိုက်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ လူနာ သက်သာသောအခါ ဂျူတီခန်းသို့ ဘာဝန်ကျဝန်ထမ်းနှစ်ဦးကို ခေါ်လိုက်ပါသည်။ အပြစ်ရှိသည့် တပည့်များကို လူကြားထဲ ဆူပူခြင်းကို ဆရာဝန်ကြီး မည်သည့်အခါမျှ မလုပ်ခဲ့ပါ။

"အခု ဒေါ်သောင်းမေဟာ အသည်းအသန် အသက်ကယ်ထားရတယ်ဆိုတာ မင်းတို့ အသိပဲ၊ သူ့ကို သွင်းထားတဲ့ ဆေးဟာ အတိအကျ အစက်ချပြီး ဖြည်းဖြည်းပဲ သွင်းရတာ မြန်လို့မရဘူး၊ ကံကောင်းလို့ပေါ့ ဆရာမကြီး လာကြည့်လို့ပဲ၊ အချိန်နည်းနည်းသာ နောက်ကျမယ်ဆိုရင် လူနာ သေသွားမှာ၊ နောက်ကို Drip ချိတ်ထားရင် ဘယ်သူမှ မကိုင်ကြပါနဲ့၊ အခု တစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆိုရင် အလုပ်ပြုတ်သည်အထိ အပြစ်ပေးမယ်ဆိုတာ သိထားပါ၊ ကဲ လုပ်စရာရှိတာ ဆက်လုပ်ကြတော့"

ဆရာကြီးက တပည့်များကို နောင်အမှားမလုပ်မိစေရန် ကြိမ်းမောင်းပါသည်။ ဆရာမကြီး လုပ်ငန်းများပြီး၍ ဂျူတီခန်းတွင် နားလိုက်ပါသည်။ လူနာများအတွက် ယခုကဲ့သို့ မထင်မှတ်ထားသည့် ကိစ္စရပ်များနှင့် ကြုံရသောအခါ စိတ်နောက် လူမောဖြစ်ရတတ်ပါသည်။ မိမိသည်သာ အလေးအနက် မထားပေါ့ဆစွာနေမိပါက လူနာသေဆုံးသည်အထိ မဖြစ်သင့်သည့် ကိစ္စများနှင့် ကြုံလာနိုင်ပေသည်။ ဆရာမတစ်ယောက်၏ မေတ္တာ၊ စေတနာ၊ ကိုယ်ချင်းစာနဲ့ အကြင်နာစိတ်များဖြင့် လုပ်ပေးခြင်းအားဖြင့် လူနာတို့၏ အသက်ရှင်ရေးတွင် အရေးပါ အရာရောက်သည်ကို မိမိကိုယ်တွေ့များအရ အသိကို ရရှိခဲ့ရသည်ဖြစ်ပေသည်။ ထို့ကြောင့် သူနာပြု ဆရာမတစ်ယောက်၏ အရည်အချင်းသည် တန်ဖိုးမဖြတ်နိုင်ပါ။ လူနာပေါင်းများစွာ၏ အသက်များကို ကယ်တင်နိုင်ပေသည်။

●

ဆရာမဒေါ်ခင်ခင်လေး ခွင့်သွားရာမှ ပြန်လာခဲ့ပြီဖြစ်သည်။ နေ့ဂျူတီ ညဂျူတီတို့ကို တစ်ယောက်တစ်လှည့်စီ ယူကြသည်။ အသည်းအသန် လူနာ၊ ခွဲလူနာများနှင့် ကြုံနေလျှင် ဆရာကြီးက ဆရာမကြီးကို အမြဲတမ်း ပါဝင်လုပ်ကိုင်စေသည်။ ဆရာမကြီး၏ အလုပ်ကျွမ်းကျင်မှု၊ စိမ်ခန့်ခွဲတတ်မှု၊ လူနာများအပေါ်ထားသော စေတနာ၊ မေတ္တာများကြောင့် ဆရာမကြီးကို ယုံကြည်အားကိုး၍ ဖြစ်ပေသည်။

တစ်နေ့ ဆရာမဒေါ်ခင်ခင်လေး တာဝန်ကျသောနေ့ ဖြစ်ပေသည်။ ထိုညသန်းခေါင်ယံအချိန်တွင် (၂၅) မိုင်ခန့်ဝေးသော မြစ်အရှေ့ဘက်ကမ်းရွာမှ မြွေကိုက်လူနာရောက်လာသည်။

မြွေကိုက်ခံရသည်မှာ နှစ်ရက်ခန့် ရှိပြီဖြစ်သည်။ ဆီးမသွားတော့ပါ။ မျက်နှာနှင့် တစ်ကိုယ်လုံးရောင်နေပါပြီ။ ဆရာကြီး ညွှန်ကြားသော ဆေးများကို ဆရာမလေးက လုပ်ပေးပါသည်။ လူနာ ဆီး မသွားနိုင်သဖြင့် မောခြင်း၊ ရင်ကျပ်ခြင်းများလည်း ဖြစ်ပါသည်။ လူနာ မချိမဆံ့ဖြစ်သောအခါ လူနာရှင်များက ဆရာမကိုလာခေါ်ပါသည်။ တစ်ခေါက်နှစ်ခေါက် သွားကြည့်ပေးပါသည်။

လူနာရှင်ကလည်း လူနာမသက်သာသောအခါ မကြာခဏ လာခေါ်ပါသည်။ ဆရာမ လိုက်မကြည့်တော့ပါ။

"လိုအပ်တဲ့ ဆေးတွေလဲ လုပ်ထားပြီးပြီလေ၊ ချက်ချင်းကြီးတော့ ဘယ်သက်သာဦးမှာလဲ၊ ရှင်တို့လာတာကလဲ နောက်ကျတာကို ခဏခဏလိုက်မကြည့်နိုင်ဘူး၊ တခြားလူတွေလဲ ကြည့်ရဦးမယ်" ဟုပြောပါသည်။

ဆရာမက လူနာရှင်များကို သည်းသည်းလှုပ်ဖြစ်သည်။ ငွေကြေးတတ်နိုင်သဖြင့် ခဏ ခဏ ခေါ်သည်ဟုထင်သည်။ လူနာမသက်သာပါ လူးလိမ့်နေသည်။ ဆရာမကြီးသည် နံနက်စောစောထ မျက်နှာသစ် ဘုရားဝတ်တက် မေတ္တာပို့ အမျှဝေပြီးချိန်တွင် . .

"အန်တီ . . အန်တီ"

ဆေးရုံဝန်ထမ်း မသက်၏ ခေါ်သံကြားလိုက်ရသည်။

"မသက်ရေ ဘာကိစ္စလဲ သမီး"

ပြန်ပြောရင်း တံခါးဖွင့်လိုက်သည်။ မသက်နှင့်အတူ အမျိုးသားတစ်ယောက် အမျိုးသမီး တစ်ယောက်ကို တွေ့ရသည်။

"ဆရာမ ကျွန်တော် နတ်ကြီးကွေ့ရွာက တင်စိုးပါ၊ ကျွန်တော့်သား အောင်နိုင်မိုး မြွေကိုက်လို့ ညက ရောက်လာတယ် ဆရာမကြီး"

"ဟုတ်ပါတယ် ဆရာမကြီးရယ် သားကို လာကြည့်ပေးပါဦး"

မိဘနှစ်ပါးက စိုးရိမ်ပူပန်စွာဖြင့် မျက်စိမျက်နှာပျက်ယွင်းကာ အသံများကွဲအက်လျက် ပြောပြောဆိုဆို မျက်ရည်များပိုးပိုးပေါက်ပေါက်ကျလာသည်။ ဦးတင်စိုးသည် လွန်ခဲ့သော တစ်လက ငှက်ဖျားရောဂါဖြင့် ဆေးရုံ၌ လာကုပြီး ဆင်းသွားသောလူနာဟောင်းဖြစ်သည်။

"ဟာ ဆရာမဂျူတီ မဟုတ်ဘူးလေ၊ တာဝန်ကျဆရာမ ရှိတယ်မဟုတ်လား၊ ကိုယ်က လူကြီးဖြစ်ပေမယ့် သူ့တာဝန်ချိန်မှာ ကိုယ်စွက်ဖက်သလို ဖြစ်လို့ မကောင်းလို့ပါ"

"ဟုတ်ပါတယ် ဆရာမကြီး၊ ဆရာမလေးကို သွားခေါ်ပေမဲ့ မလာလို့ပါ"

"အန်တီ လူနာအခြေအနေ ဆိုးတယ်၊ မမခင်လေးကို သွားခေါ်တာ လိုက်မလာဘူး၊ အန်တီကြည့်ပေးမှ ဖြစ်မယ်ထင်ပါတယ်"

ဝန်ထမ်းမသက်သည် အကင်းပါးသည် အခြေအနေကိုလည်း အကဲခတ်တတ်သည်ကို တွဲလုပ်လာသည်မှာ နှစ်အတော်ကြာပြီမို့ သိပြီးဖြစ်သည်။ သူမက မိမိအား လိုက်စေလိုသည်မှာ လူနာအခြေအနေဆိုးနေ၍ ဖြစ်ပေမည်။ ထို့ကြောင့် လူတစ်ယောက်၏ အသက်ရှင်ရေးအတွက်ဖြစ်၍ အခြားသော ပုဂ္ဂိုလ်ရေးရာအကြောင်းများ ဂရုမစိုက်



www.burmeseclassic.com

www.burmeseclassic.com

ဘဲ ကြည့်ပေးမည်ဟု ဆုံးဖြတ်လိုက်ကာ လိုက်သွားလိုက်ပါသည်။

လူနာ Shock သွေးလန့်နေပါသည်။ လူနာ အငြိမ်မနေနိုင်ရှာပါ။ လူနာတစ်ကိုယ်လုံး ချွေးစေးများ ပြန်ကာ အေးစက်နေပါသည်။ အန်သောအခါ သွေးစများလည်း ပါလာသည်။ မျက်လုံးများလည်း သွေးချောင်နေပါသည်။ သွေးပေါင်ကျနေသဖြင့် Drip တစ်လုံးအမြန်တင်ကာ ခုတင်ခြေရင်း မြှင့်ထားလိုက်သည်။ ဆရာကြီးထံ အမြန်လာရန် ဝန်ထမ်း တစ်ယောက်ကို အကြောင်းကြားစေ၍ တာဝန်ကျ ဆရာမကိုလည်း အခေါ်လွှတ်လိုက်ပါသည်။

ဆရာဝန်ကြီး ရောက်လာသောအခါ အသက်ကယ်ဆေးနှင့် လိုအပ်သော ဆေးများကို ညွှန်ကြားပေးသည်။ လူနာ ဆီးမသွားနိုင်သဖြင့် လူနာအား အစားအစာ အဝင်အထွက်ကို ဂရုစိုက်မှတ်သားထားရသည်။ လူနာအား သက်သာစေမည့် ဆေးဝါးများတို့ကို ပေးရသည်။ လူနာ မအန်စေရန်၊ အမောမဖောက်စေရန်လည်း ဂရုစိုက်ရသည်။ ယင်းသို့ ဂရုစိုက်ကုသသဖြင့် တဖြည်းဖြည်း လူနာအခြေအနေ ကောင်းလာပါသည်။ လူနာသည် မွေးဆိပ်ကြောင့် ကျောက်ကပ်ကို ထိခိုက်သွားသဖြင့် ဆီးမသွားနိုင်ခြင်းဖြစ်သည်။

ငွေကြေးတတ်နိုင်သူများ ဖြစ်သဖြင့် လမ်းခရီးဒဏ်ကို ခံနိုင်ရည်ရှိသော အခြေအနေသို့ ရောက်သောအခါ ရန်ကုန်ဆေးရုံကြီး ကျောက်ကပ်ဌာနသို့ ဆက်လက်ကုသစေရန် အမြန်စေလွှတ်လိုက်ပါသည်။ ထိုလူနာသည် ရန်ကုန်ဆေးရုံကြီး၌ ကုသပြီးနောက် အသက်ရှင်သွားသည်။

သူ၏ မိဘဆွေမျိုးများ အပူသောက ငြိမ်းသွားသကဲ့သို့ ကုသပေးရသော ဆရာများအဖို့ ကျေနပ်ခြင်းဖြင့် စိတ်ဘဝင်နှလုံးငြိမ်းရပါသည်။

●

ယနေ့ ဆရာမကြီးဂျူတီ မဟုတ်ပါ။ လွန်ခဲ့သည့် ညဂျူတီပြီး၍ ဆရာမလေးနှင့် တာဝန်လွှဲပြီးဖြစ်သည်။ အိမ်သို့ရောက်သောအခါ သားသမီးများလည်း ကျောင်းသို့သွားကြပေပြီ။ ခင်ပွန်းသည်လည်း ရုံးသို့သွားပေပြီ။ တစ်ဦးတည်း ကျန်နေသော ဆရာမကြီးအဖို့ နားချိန်ပင်ဖြစ်လင့်ကစား မိမိလုပ်ဆောင်ခဲ့သည့် လုပ်ငန်းများကို တွေးယူကြည်နူးနေတတ်ပါသည်။

ဆေးရုံတစ်ခုတွင် ဆရာဝန်အခန်းကဏ္ဍသည် လွန်စွာအရေးပါသကဲ့သို့ သူနာပြုဆရာမများ၏ အခန်းသည်လည်း အရေးမငယ်လှသည်ကို မိမိလုပ်ငန်း အတွေ့အကြုံထဲမှ သိရှိခဲ့ရပေသည်။ ဆရာဝန်ကြီးက လူနာအတွက် လိုအပ်သော ဆေးဝါးများကို ညွှန်ကြားပါသည်။ ဆရာမများက ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပေးရသည်။ ဆေးဝါးမှန်ကန်မှု၊ ဆေးအချိန်အတွယ်မှန်ကန်မှု (10 mg/5mg )စသည်ဖြင့် ပေးရမည့်အချိန် Due time မှန်ကန်မှုနှင့် လူနာကိုပေးရမည့်ဆေးဝါး လွဲမှား၍မရပါ။ သို့မှသာ လူနာမြန်ဆန်စွာ ကျန်းမာလာမည်ဖြစ်သည်။ လူနာ၏ ကျန်းမာရေး အခြေအနေ (လူနာ၏ အသက်)သည် စာရင်းဇယား မဟုတ်သည့်အတွက် အချိန်ရွှေ့ဆိုင်းထား၍ မရပါ။ အချိန်မဆိုင်းကုသပေးခြင်းသည် လူနာအသက်ရှင်ရေးအတွက် အဓိကကျပေသည်။ လူနာ Complain ခံစားချက်ကို တင်ပြလျှင် ဆရာမကိုယ်တိုင်သွားကြည့်ပြီး ဆောင်ရွက်ပေးနိုင်ရမည်။ အသည်းအသန် လူနာအား ဆရာဝန် ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ပြီးသော်လည်း ဂရုတစိုက် ပြန်ကြည့်ပေးခြင်းဖြင့် အချိန်မီ လူနာအသက် ကယ်တင်နိုင်ခဲ့ခြင်း ဖြစ်ရပ်များစွာ ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် ဆရာဝန်ကြီးများသည်လုပ်သက်ရင့်ကျွမ်းကျင်၍ တာဝန်သိကာ ဆောင်ရွက်သော ဆရာမကြီးများကို ယုံကြည်စိတ်ချ အားကိုးကြပါသည်။ လူနာ အသက်ရှင်ရေးသည် ဆရာမ၏ အရည်အချင်း စိတ်စေတနာများအပေါ် အခြေခံသည်။ ဆရာမဒေါ်မေကျော့သည် မိမိလုပ်ဆောင်ခဲ့သည်များကို တွေးမြင်ပြီး ကျန်းမာရွှင်လန်းသော လူနာ၏ ပုံရိပ်များကို မြင်ယောင်ကာ ကျေနပ် ကြည်နူးနေပါသည်။ ထိုစဉ်. . .

"အန်တီ အန်တီ ဆရာကြီးက Ectopic Case သားဥပြွန်မှာ သန္ဓေတည်တဲ့လူနာ ရောက်လာလို့ မြန်မြန်လာခဲ့ပါတဲ့"

"အလို ဘုရားရေ . . . အေးအေး လာပြီ သမီး"

ဝန်ထမ်းမသက် လာခေါ်သည်။ Ectopic Case သည် အသည်းအသန် Shock သွေးလန့်နေသော လူနာဖြစ်သည်။ သန္ဓေသားသည် သားအိမ်ထဲတွင် တည်ခြင်းမဟုတ်ဘဲ သားဥပြွန်တွင်တည်သဖြင့် သန္ဓေသား ကြီးထွားလာသောအခါ သားဥပြွန်ပေါက်ကွဲသွားခြင်းဖြစ်သည်။ ထို့ကြောင့် လူနာအသက်ကို အမြန်ကယ်ရမည် ဖြစ်သည်။ သွေးပုလင်းပေါင်းများစွာ သွင်းပေးရမည်။

ဤကဲ့သို့ လူနာများရောက်လာပါလျှင် ဆေးရုံတွင် ပျားပန်းခပ်မျှ ဝန်ထမ်းတို့ အလုပ်ရှုပ်ရပါပြီ။ လူနာအခြေအနေ တိုးတက်၍ ခွဲစိတ်မှုဒဏ်ခံနိုင်သော အခြေအနေတွင် အရေးပေါ်ခွဲစိတ်ကုသပေးရပေမည်။ ဆရာမကြီးသည် ညတာဝန်များပြီးဆုံးပြီး အနားမယူရသေးသော်လည်း အနားယူချင်သည့်စိတ် စိုးစဉ်းမျှမရှိတော့ပါ။

ထို့ကြောင့် ဆရာမကြီးသည် လူနာ အသက်ကယ်နိုင်ရေးအတွက် ဆေးရုံသို့ လျင်မြန်သွက်လက်သော ခြေလှမ်းများဖြင့် လှမ်းရပါလေပြီ။

ဆရာမကတော့ လူနာအသက်ရှင်ရေးအတွက် မမောပန်းပါဘူးလေ။

❒ မေချို(ပျဉ်းမနား)



www.burmeseclassic.com

www.burmeseclassic.com

# နွေကမျာ အိပ်မက်ကမ္ဘာထဲက ဘော်ငွေရောင် ပုလဲပန်းများ

ကိုကြီးစော(သာပေါင်း)






www.burmeseclassic.com

www.burmeseclassic.com

"အို . . . ကိုစောလွင်ကလဲ မဟုတ်ပါဘူး၊ ဟင်း ဟင်း ဟင်း"

ရွှေမန်းသူတွေ ရက်ရယ် ရယ်နေကြပေမယ့် မျက်တောင်လေးတွေ စင်းသယောင်ယောင်။

"ကဲ ကဲ ဟုတ်တာ မဟုတ်တာ အပထား၊ ဆရာကတော့ နေ့လယ်ခင်းတစ်ရေးအိပ်ရမှာမို့ မင်တို့ပြန်လိုက်ပို့လိုက်ကြ၊ မောင်စောလွင်ပြောလို့ ရွှေမန်းသူတွေ မျက်လုံးစင်းလာမှန်းသိလို့ ပြန်ပို့ခိုင်းတာ"

စကားညွှန့်ကို မဆုံး . . .

"ဟဲ့ ဆရာကြီးကလဲ ဟင်း ဟင်း . . . "

ရွှေမန်းသူများ ကမန်းကတန်း ဝင်အပြောမှာ . . .

"မဟုတ်ဘူးလို့"

အဲဒီတော့မှ ဆရာကြီးက စကားအဆုံးသတ်လိုက်သည်။

"ဟား ဟား ဟား ဟား"

"ကဲ အိပ်ချင်ပြေ အစာကြေလေး လမ်းလျှောက်ပြန်ကြပါစို့ ဟင်း ဟင်း"

(၆)

စောလွင် ထမင်းဖိတ်ကျွေးလည့်ကျသောနေ့တွင်လည်း စောလွင်က ဆရာကြီးနှင့် သူငယ်ချင်းနှစ်ဦးကိုပါ အိမ်မှာပိုင်းဖွဲ့စားသောက်ရင်း ဧည့်ခံစေသည်။ စောလွင်က . . .

"ကဲ ဒီနေ့တော့ စားသောက်ပြီး အိပ်မငိုက်အောင် အထူးဟင်းလျာတွေကို စီစဉ်ထားပါတယ်ဗျာ"

"ဟော မင်းက ငါ့ဆရာမတွေကို စားပြီး အိပ်ငိုက်တတ်တယ်လို့ စောင်းပြီး တည့်ပြောသလိုပါလားကွ . . ဟားဟား"

"ဟုတ်ပါ့ ဆရာကြီးရယ်၊ ကျွန်တော်တို့က ထမင်းစားပြီးခဏတစ်ဖြုတ်မှေးလိုက်တာ ညနေ ၄ နာရီလောက်မှ နိုးတတ်တာကို ကိုစောလွင်က ဘယ်လိုလုပ် သိသွားပါလိမ့်နော်"

သူတို့ကလည်း အသောလေး ဖောက်သည်။

"ဟား ဟား ဟား ဟား"

ထမင်းဝိုင်းရှေ့ရောက်တော့ . .

"အို . . . ဟင်းတွေက အမည်စုံပါရောလားဗျာ"

ရွှေမန်းသူ မြင့်မြင့်အေးက အံ့ဩသံ ပြုသည်။

"ဟုတ်ပါရဲ့၊ ဒါက ဘာလဲဟင်"

မငွေးကြည်က မေးသည်။

"ဒါက ရေချိုပုစွန်တုပ်ကြီးအစိမ်းကို သံပရာရည်ဖျန်းထားတာ၊ အစိမ်းသုပ်ပေါ့"

"ဒါကကောဟင်၊ ဝက်သားအလွှာတွေလား"

"မဟုတ်ပါဘူး၊ ငါးဘတ်အကြီးကြီးကို ခွဲပြီး အသားပြားတွေကို ထူထူလေးလွှာပြီးတော့ ဆားနဲ့ တစ်ညသိပ်ထားတဲ့ ငါးအသားလွှာပါ၊ ဆားနယ်ပြားတွေပါ၊ မန်ကျည်းမှည့်နဲ့ ချက်ထားတာ"

"ဩော် . . ဒီဟင်းကကောရှင်"

"ဒါက ငါးခူအကောင်ကြီးတွေကို မကျက်တကျက်ကြော် ရဲယိုရွက်နဲ့ လိပ်ပြီး ဆီပြန်ချက်ထားတာ၊ ဒီဟာက ငါးဘတ်ခေါင်းကြီးကိုခြမ်းပြီး မြေပုံသီးနဲ့ ငါးဘတ်ခေါင်းချဉ်ရည်ဟင်း၊ ဒါက ကျွန်တော့် ဘူးစင်ကဘူးညွန့်ကို ပုစွန်ခြောက်ထောင်းနဲ့ ချဉ်စပ်ကြော်ထားတာ၊ ဒါက ခရမ်းသီးမီးဖုတ်ကို အချိုပြန်နှပ်ထားတာ"

"ဒီငါးကြီးက ငါးသလောက်နှပ်ထင်တယ် မငွေးကြည်ရေ နင့်အကြိုက်ပေါ့"

မငွေးမြင့်က စသည်။

"ငါးသလောက်နှပ် မဟုတ်ပါဘူး၊ ငါးခေါင်းပွနှပ်ပါ၊ ညနေကမှရလို့ ညက နှပ်ထားတာ"

"ဩော် . . . အကြီးကြီးပဲနော်၊ တစ်ပေလောက်ရှိမယ်"

"ဟုတ်တယ်၊ ဒီငါးခေါင်းပွငါးက အသားထူတယ်၊ ချိုတယ်၊ ဒါပေမဲ့ ငါးသလောက်လို မတက်ပါဘူး၊ ရဲရဲသာ စားပါ"

"လုပ်ပြီ ကိုစောလွင်ကလဲ. . . အဟင်း"

မငွေးကြည်က ရက်ရယ် ရယ်သည်။

"ဒါကတော့ အညာသူတွေနဲ့ သိပ်မရင်းနှီးသေးတဲ့ မျှင်ငါးပိကို ဧရာ်သီးစိမ်းနဲ့ ငါးပိလိမ္မာချက်ထားတာ၊ တို့စရာက ရုံးပတေသီးပေါင်း"

"ဘယ်လို. . ရုံးပတီသီးပေါင်း ဟုတ်လား ကိုစောလွင်"

မငွေးကြည်က မရှင်းဟန်ဖြင့် မေးသည်။

"ပြုတ်ထားတာ မဟုတ်ဘူးလား ကိုစောလွင်ရဲ့"

ဇော်ဝင်းကပါ ဝင်မေးသည်။

"ပြုတ်တာမဟုတ်ဘူး၊ ထမင်းအိုးနှပ်တော့မှ ရုံးပတီသီးနုနုလေးတွေ ခြံထဲဆင်းခူးပြီး ထမင်းအိုးထဲ ထည့်ပေါင်းတာ အတို့အမြုပ်မရှိလို့ အင်္ဂါမစုံဘူးလေ၊ ထမင်းကျက်တော့ သူလဲ နူးအိသွားပြီလေ"

"ဩော် . . . ဒါနဲ့ ဒီလုံးလုံးလေးတွေကကောဟင်"

"ဒါကလဲ ရုံးပတီသီးအရင့်တွေကိုခွဲ အထဲက အစေ့တွေကို ထုတ်ယူပြီး ကြက်သွန်နီဥနဲ့ ကြော်နှပ်လုပ်ထားတာ"

"အို. . . ကိုစောလွင်ရယ် ဟင်းအမည်တွေကလဲ များပြီးတော့ လက်ဝင်တာတွေလဲ ပါသေးရဲ့၊ ကြီးမေ တစ်ယောက်တည်းချက်ရတာ ဘယ်သက်သာမလဲ"

မြင့်မြင့်အေးက စာနာစကားဆိုသည်။

"ဟုတ်ပါရဲ့နော်"

"ဟင့်အင်း အမေတစ်ယောက်တည်း မဟုတ်ပါဘူး၊ နောက်ဖေးအိမ်က





www.burmeseclassic.com

www.burmeseclassic.com

သူ့တူမလေး လာကူလုပ်ပေးပါတယ်၊ ထွေလီကာလီဟင်းတွေကတော့ ကျွန်တော် လုပ်ထားတာ၊

အားမနာပါနဲ့ဗျာ၊ များများစားပေးပါ၊ ရဲရဲလဲ စားပါ၊ တက်ပြီး အိပ်မငိုက်စေရပါဘူး ဟင်းဟင်း"

"မောင်စောလွင် မင်းပါ ဆရာမလေးတွေကို့ စောင်းပြီးပြောပြန်ပြီ၊ ဟားဟား ဟား"

"ဟား ဟား ဟား"

ဆရာကြီးက ကျီစယ်သံပြုတော့ ရယ်ပွဲ ဖွဲ့မိကြပြန်သည်။

"ဟုတ်ပ ဆရာရေ၊ စောလွင်က မျက်လုံးကျယ်စေတာတွေချည်းပဲ စီစဉ်ထားတာနော်"

ဒွေးမြင့်က ထောက်ခံသည်။

"ကျန်သေးတယ် ဆရာ၊ ဟိုမှာလာပြီ၊ အပင်က သရက်သီးတွေ ဆားစိမ်ထားတာ၊ မာမာလေးတွေရွေးပြီး သုပ်ထားတာပါ၊ အဲဒီမှာချ အစ်မ"

စောလွင်က သူ့အစ်မဝမ်းကွဲ လာချပေးသော အသုပ်ပန်းကန်ကို ညွှန်ပြလိုက်သည်။

"အေး . . . ကောင်းသဟေ့"

ဆရာကြီးဦးကြင်ရွှေက သဘောကျစွာ ထောက်ခံသည်။

"အရည်သောက်ကော ရပြီလား အစ်မ"

"ရပြီ မောင်လေး၊ ယူလာမယ်"

"ကျန်သေးတယ်လားဟ"

ဇော်ဝင်းက ဝင်မေးသည်။

"အေးလေ၊ သရက်သီးဆားစိမ်သုပ်နဲ့ လိုက်အောင် ဆူးပုပ်ရွက်ခတ် ပဲကြီးဟင်းရည်ပါချက်တာ၊ ဆရာကြီး ကြိုက်မှန်း သိလို့"

"ကောင်းသဟေ့၊ စုံပြီမဟုတ်လား၊ စားကြစို့၊ ဆရာမလေးတွေ ဆာမဆာတော့ မသိဘူး၊ ငါတော့ ဆာပြီကွဲ့"

"ဟုတ်ကဲ့ ဆရာကြီး၊ အစ်မ ဟင်းရည်ထည့်သောက်ဖို့ တစ်ယောက်စာ ပန်းကန်လုံးလေးတွေ ယူလာပေးဦးနော်"

"ယူလာပြီ မောင်လေး၊ ပွဲကြီးပန်းကန် အလယ်မှာချမယ်နော်"

"ဟုတ်ပြီ ဟုတ်ပြီ"

ရွှေမန်းသူများက ဟင်းရည်သောက် ပန်းကန်လုံးလေးများ တစ်လုံးစီချပေးတာကို သဘောကျစွာရှိ၏။

"ပန်းကန်တွေကများပြီး ဆရာမလေးတွေ လက်လှမ်းတောင် မမီတော့ဘူး"

"မီပါတယ် ဇော်ဝင်းရ၊ ဒီလိုလှည့်လိုက်လေ"

စောလွင်က စားပွဲအလယ်ဝိုင်းလေးကို တွန်းပြလိုက်သည်။

"ဟ တယ်ဟုတ်ပါလားကွ၊ ဟိုတယ်က စားပွဲကျနေတာပဲ"

ဇော်ဝင်း အံ့ဩသွားသည်။

"ကိုစောလွင်က ခေတ်မီသားပဲ၊ ပတ်လည်စားပွဲဝိုင်းလေးမှန်းတောင် မသိဘူး၊ သေသပ်လိုက်တာ၊ ဝယ်တာလား"

"မဟုတ်ဘူး၊ ရုပ်ရှင်တွေထဲမှာ တွေ့ဖူးလို့ ဒီက လက်သမားဆရာကို ပုံစံပြောပြီး လုပ်ခိုင်းကာပါ"

ဆရာကြီး ဦးကြင်ရွှေ၏ပန်းကန်ထဲသို့ ဝိုင်း၍ ဦးချမည်ပြင်တော့ . . .

"ဟေ့ ဟေ့ တစ်ယောက်ပဲဦးချရင် တော်ပါပြီ၊ ဆရာ့ပန်းကန်ထဲ ဟင်းတွေဖုံးပြီး ထမင်းပျောက်သွားဦးမယ်၊ ဆရာက ထမင်းနည်းနည်းပဲ စားနိုင်တာ ဆိုတော့ အဦးဆုံး ရုံးပတီသီးပေါင်းလေးကို ငါးပိလိမ်းမှာလေးဆမ်းပြီး တစ်လုတ်စားချင်သကွဲ့"

"ဆရာကြီး ဟင်းခွက်တော့ စုံအောင် စားပေးပါနော်၊ ကျွန်တော် ကုသိုလ်ရအောင်ပါ"

"အေးပါကွယ်၊ မင်းဟင်းတွေက များတော့ တစ်မျိုးတစ်လုတ်စားရင်ပဲ ဆရာဝလောက်ပြီ ထင်ပါရဲ့"

"ဒီက ဆရာမလေးတွေကလဲ ကိုယ့်မောင်နှမသားချင်းရဲ့ လက်ရာကို ချီးမြှောက်သောအားဖြင့် အားပေးကြပါနော်"

"ဟုတ်ကဲ့ပါ ကိုစောလွင်"

"ဟုတ်ကဲ့ စားပါ့မယ်"

"စိတ်ချပါ၊ အားပေးပါ့မယ်၊ ကျွန်မတို့ဘဝမှာတော့ ယောက်ျားလေးမိတ်ဆွေအိမ်မှာ ယောက်ျားလေးကိုယ်တိုင် ချက်တဲ့ထမင်းဝိုင်းကို ပထမဆုံး ကြုံဖူးတာပါပဲရှင်"

မဒွေးကြည်က လေးနက်စွာ အသိအမှတ်ပြုဟန်ဖြင့် ပြောသည်။

"ဟုတ်ပါရဲ့ မဒွေးကြည်၊ တို့ဘဝမှာ အမှတ်တရဖြစ်စရာတွေ အများကြီးပါပဲ၊ ကိုစောလွင်က ဘယ်လိုလုပ် ချက်တတ် ပြုတ်တတ်နေတာလဲဟင်"

မဒွေးမြင့်က ပဲဟင်းရည်တစ်ဇွန်းသောက်ကြည့်ပြီး မေးလိုက်သည်။

"ပြောပြရမယ်ဆိုရင်တော့ ရယ်စရာပဲ၊ ဒီလိုခင်ဗျ၊ ကျွန်တော် ရှစ်တန်းလောက်တုန်းက နို့မခွဲသေးတဲ့ ခွေးလေးတစ်ကောင် မွေးဖူးတယ်၊ နွားနို့နဲ့ထမင်းရည် ရောကျိုတိုက်ပြီး မွေးရတာ၊ မိခင်ရင်ငွေ့နဲ့ ကင်းကွာရှာလို့လား မသိဘူး၊ ညလဲကျရော တအီအီနဲ့ အော်နေရော၊ အဲဒါ သူ့အနားမှာ သွားထိုင်ပေးနေရတယ်၊

အဲဒီတော့မှ ကျွန်တော့် ခြေထောက်ပေါ် မေးလေးတင်ပြီးအိပ်တယ်၊ သူအိပ်ပျော်သွားလို့ ခြေထောက်ပြန်ရုပ်ပြီး ထမယ်ကြံရင် သူက နိုးပြီ၊

အော်ရင်းနဲ့ တစ်ပတ်လောက် ဒုက္ခခံပြီး ကျွန်တော်ပါ ဖိနပ်ချွတ်မှာ အိပ်ခဲ့ရတယ်၊ ကြီးလာလို့ အစာကျွေးတော့ အမေက ခွေးတွေ၊ ကြောင်တွေ မွေးတာ မကြိုက်ဘူး၊ အဲဒါကြောင့် ကိုယ့်ဘာသာ ဆန်ကွဲကိုရေခန်းပြုတ် ကျွေးရင်းကနေ ရေခန်းဆန်ကွဲထမင်း ချက်တတ်သွားရော၊ နောက်တော့အဲဒီအထဲကို ပုစွန်ခေါင်းတွေ၊ ငါးခေါင်းတွေ ထည့်ချက်ကျွေးတော့ ခွေးက သိပ်စားတယ်၊ အနံ့လေးကလဲ မွှေးတယ်လေ၊ အဲဒါကနေ ဆန်အစစ်နဲ့ ထမင်းချက်တတ်သွားတာပဲ"

"သြော် . . . ဟင်းတွေ ချက်တတ်တာကကော"



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြင့်အေးက ခရမ်းသီးမီးဖုတ်နှပ်ကို ဓားလေးနှင့်လှီးရင်း ဝင်မေးသည်။

"မနက်ဆို အမေက ဈေးခြင်းတောင်းချပြီး ကျွန်တော့်ကို ဟိုဟာခိုင်း ဒီဟာခိုင်း ခိုင်းတယ်၊ ကြက်သွန်နွှာ ငရုတ်သီးထောင်းပေါ့၊ နောက်တော့ သားရေ ဟင်းအိုးလေးမွှေလိုက်စမ်း၊ အရောင်ဘယ်လိုဖြစ်လာရင် ငံပြာရည်ထည့်၊ အနံ့ဘယ်လိုဖြစ်လာရင် အသားထည့် အရွက်ထည့် စသဖြင့်ပေါ့၊ အဲဒါ ကူလုပ်ပေးရင်းကနေ လုပ်တတ်သွားတာပါပဲ"

"ဘာပဲပြောပြော ကျွန်တော်တို့ထက်တော့ သာတယ်၊ ကျွန်တော်တို့ မိန်းကလေးတချို့တောင် ကိုစောလွင်လောက် မချက်တတ်ဘူး၊ လုပ်ထားတာ စုံနေတာပဲ"

"ဒါကလဲ ဘဝပေးအခြေအနေအရပေါ့ဗျာ၊ အမေနဲ့ နီးနီးစပ်စပ်နေရကူရတော့လဲ တတ်သွားရတာပေါ့၊ တစ်ခုတော့ တောင်းဆိုချင်ပါတယ်"

"ဘာများလဲ ကိုစောလွင်"

"သံဃာတော်တွေကို ဆွမ်းကပ်ရင်လေ အလှူရှင်တွေပို့တဲ့ ဆွမ်းချိုင့်တွေကများ၊ ဟင်းခွက်တွေကများနဲ့ အလှူရှင်တွေကလဲ သူတို့ကပ်တဲ့ ဟင်းခွက်ကို ဘုန်းကြီး ဘယ်တော့နှိုက်မလဲနဲ့ စောင့်ကြည့်နေရော၊ အဲဒီအခါကျရင်လေ. . ."

"ဟုတ်ကဲ့ ပြောပါဦး"

မငွေးမြင့်က ရုံးပတီစေ့ကြော်နှပ်ကို လှမ်းခပ်ရင်း စကားထောက်သည်။

"အလှူရှင်တွေ မြင်သာအောင် ဟင်းခွက်စုံအောင် နှိုက်ပြရတယ်ခင်ဗျ၊ အချို့ ဆွမ်းချိုင့်တွေ ပို့တာကျတော့ အလှူရှင်မပါဘူး၊ အဲဒါမျိုးကျတော့ မနှိုက်မိ မစားမိရင် ပို့ထားတဲ့ ဟင်းတုံး ဟင်းခွက်တွေ ပုံသဏ္ဌာန်အနေအထား ပျက်ယွင်းသွားအောင် ဇွန်းနဲ့မွှေနှောက်ပြီး လုပ်လိုက်ရတယ်၊ တစ်ခါတလေကျတော့လဲ ဟဲ့ မောင်ကျောင်းသား ကြည့်လုပ်လိုက်စမ်းပေါ့"

"ဟုတ်ကဲ့၊ အဲဒီတော့ ပြောပါဦး ဟင်း ဟင်းဟင်း"

မငွေးကြည်က သဘောပေါက်ဟန်ဖြင့် မသိချင်ဟန်ပြု မေးသည်။

"ဟင်း ဟင်း. . . ကျွေးတဲ့လူ အမောပြေအောင် ဘုန်းကြီးတွေလို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် စုံအောင်တော့ စားကြပါလို့ ဟင်းဟင်း"

(၇)

ထမင်းဝိုင်းပြီးတော့ အိမ်ရှေ့ဧည့်ခန်း ဆက်တီခုံများတွင် အချိုတည်းရန် ဝိုင်းဆက်ကြသည်။ စကားဝိုင်း ဆက်ကြပြန်သည်။ စောလွင်၏ အစ်မဝမ်းကွဲက သစ်သီးပန်းကန်များ လာချပေးသည်။

"အခု ဧည့်ခံတဲ့ အချိုတည်းဝိုင်းက ခြံထွက်တွေချည်းပဲ၊ အားရပါးရ အေးအေးဆေးဆေး သုံးဆောင်ကြပါဦး"

စောလွင်က သစ်သီးပန်းကန်များ နေရာချရင်း လောကဝတ်ပြုလိုက်သည်။ ရွှေမန်းသူ မြင့်မြင့်အေးက. . .

"ဟုတ်လား ကိုစောလွင်၊ ရွှေငှက်ပျောသီး၊ ငှက်ပျောချဉ်၊ ပိန္နဲသီး၊ သဘော်သီး၊ မာလကာသီး အိုစုံလို့ပါပဲ"

"ဒီဟာတွေ ဒီအပင်တွေအားလုံး ကိုစောလွင်တို့ခြံထဲမှာ ရှိတယ်လား"

မငွေးမြင့်ကလည်း အံ့သြသံပြု မေးသည်။

"ကိုစောလွင် စိုက်ထားတာပေါ့ ဟုတ်လား"

မငွေးကြည်ကလည်း မေးလာသည်။

"အကုန်တော့ မဟုတ်ဘူးဗျ၊ လာ အစ်မ၊ အဲဒါ ဒီမှာချ"

နောက်ထပ် ပန်းကန်နှစ်ခုလာ ပို့သည်ကို နေရာချသည်။

"အဲဒါ ဘာလဲဟင်"

"အုန်းပင်ပေါ်မှာတင် အုန်းသီးက အညှောင့်ထွက်နေတော့ အဲဒါခွဲလိုက်ရင် ဆံခြည်ထွေးက အထဲမှာ အလုံးလိုက်ဖြစ်နေရော"

"အဲဒါ ဆံခြည်ထွေးတဲ့လား"

"ဟုတ်ပါတယ်၊ စားကြည့်၊ ချိုပြီး မွှေးတယ်၊ အဲဒါက ကျွန်တော့်အဘိုး ဦးဘိုးဆင်စိုက်ခဲ့တဲ့ ပနီအုန်းမျိုးပါ၊ အချိုလေးတယ်၊ ပိန္နဲပင်က နှစ်ပင်ရှိတယ်၊ အမေစိုက်တာ၊ ငှက်ပျောနဲ့ မာလကာပင်က ကျွန်တော်စိုက်တာ၊ သဘော်ပင်က လေးပင်ရှိတယ်"

"ဟာ တယ်ဟုတ်ပါလား၊ ခြံထဲက အသီးတွေနဲ့တင် အချိုပွဲက စုံနေတာပဲ"

မငွေးကြည်က အားရစကားဆိုသည်။

"ဒါနဲ့ ဒီစပျစ်သီးတွေကရော ခြံထွက်ပဲလား"

မြင့်မြင့်အေးက တအံ့တသြ မေးသည်။

"ဟင့်အင်း၊ အဲဒီ စပျစ်သီးက ပုသိမ်ကမှာတာပါ၊ မနေ့ကသဘော်နဲ့ မှာလိုက်တာ၊ ဒီဒေသမှာ စိုက်လို့မရပါဘူး၊ ကျွန်တော်လိမ္မော်ပင်စမ်းစိုက်ကြည့်တယ်၊ အပင်တော့ဖြစ်တယ်၊ သီးလဲသီးတယ်၊ ဒါပေမဲ့ တောင်တန်းလိမ္မော်သီးလို မလှဘူး၊ အချိုလဲ ပေါ့တယ်၊ ကျွန်တော်တို့အရပ်က မိုးများလို့ဖြစ်မယ်"

"ဩော် ကိုစောလွင်တို့မိသားစုက အစိုက်အပျိုး ဝါသနာကြီးလှတယ်နော်"

"ဟုတ်ကဲ့၊ ခြံမြေကျယ်တော့လဲ စိုက်ထားလိုက်တာပဲ၊ ကိုယ်ထမ်းရတာမှမဟုတ်တာ၊ ရေတော့လောင်းရတဲ့ တာဝန် ပိုတာပေါ့လေ၊ ကျွန်တော် မြစ်ထဲကနေ တစ်နေ့ကို အထမ်းသုံးဆယ်လောက် ထမ်းလောင်းပေးရတယ်"

"ဩော်. . တော်တော်ပင်ပန်းမှာပဲ ကိုစောလွင်ရယ်"

မငွေးကြည်မှ အားနာကရုဏာ စကားဆိုသည်။

"ကျန်းမာရေး လေ့ကျင့်ခန်းရတာပေါ့ မငွေးကြည်ရဲ့"

ဖော်ဝင်းက ဝင်ပြီး ဖြေပြောပေးသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ခင်ဗျ၊ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းသီးသန့်လုပ်စရာ မလိုတော့ဘူး၊ ဩော် ဒါနဲ့ ကျန်းမာရေးဆိုလို့ တစ်ခုပြောပြရဦးမယ်၊ ဆရာကြီးတို့လို လူကြီးပိုင်းတွေက ဒီစပျစ်သီးအညိုကို ပိုပြီး စားသင့်တယ်ခင်ဗျ"

"ဘယ်လိုကြောင့်လဲကွဲ့ မောင်စောလွင်ရဲ့"

"ဒီလိုပါ၊ တရုတ်ဆေးသိပ္ပံပညာရှင်တစ်ယောက်ရေးတဲ့ စာအုပ်တစ်အုပ်ကို ကျွန်တော့်မိတ်ဆွေတစ်ယောက်က ဘာသာပြန်ပြီး ပြန်ပြောပြတာမှတ်သားလိုက်ရဖူးပါတယ်၊ စပျစ်သီးဟာ သွေးပျစ်ခြင်းကို ကာကွယ်စေတယ်တဲ့၊ သွေးပျစ်တဲ့ဆိုးကျိုးတွေကတော့ နှလုံးရောဂါ၊ လေငန်း လေဖြတ်ရောဂါတွေပေါ့ခင်ဗျ၊ စပျစ်သီးရဲ့ အခွံညိုညိုလေးတွေကို သွေးကျဲဆေးဖော်တဲ့နေရာမှာ သုံးတယ်လို့ ဆိုပါတယ်၊ သွေးကြောနံရံတွေမာကျောခြင်းကိုကာကွယ်စေပါတယ်၊ သွေးကြောထဲမှာ ပိတ်ဆို့ဟန့်တားစေတဲ့ အဆီအခဲများကိုလဲ တိုက်ဖျက်နိုင်ပါတယ်တဲ့"

"ဩော်. . . ဒီလိုလား၊ ဒါဆို လူတိုင်း စားသင့်တာပေါ့"

"အဲဒီလို ပုံသေတော့လဲ မဟုတ်ပါဘူး၊ သွေးကျဲနေတဲ့လူ ဆိုရင်တော့ စပျစ်သီးကို ရှောင်သင့်ပါတယ်တဲ့"

"သွေးကျဲတဲ့လူကော ရှိတတ်သေးလို့လားကွာ၊ အဆီအဆိမ့်စားလို့ ရောဂါဖြစ်တာပဲ ကြားဖူးပါတယ်"

"ဒီလိုရှိတယ် ဇော်ဝင်းရဲ့၊ နှလုံးရောဂါတို့ လေဖြတ် လေငန်းရောဂါတို့ဆိုတာ အဆီအဆိမ့် အစားများလို့ဖြစ်တတ်တယ်ဆိုတာ တော်တော်များများ သိထားကြပါတယ်၊ အထူးသဖြင့် ကိုလက်စထရောများတဲ့ အစားအစာတွေကြောင့်ပေါ့၊ ဥပမာ ပဲဆီ ဆိုပါစို့"

"အင်း. . . ဆက်ပါဦး"

ဇော်ဝင်းက စကားထောက်ပေးသည်။

"မြေပဲဆီဟာ ကိုလက်စထရောများတယ်ဆိုတာတော့ လူတိုင်းနီးပါးဗဟုသုတအဖြစ် ကြားဖူးနားဝရှိထားကြပေမယ့် မြေပဲဆန်ရဲ့ အပေါ်ယံအခွံပါးလေးတွေဖြစ်တဲ့ ပန်းရောင် အနီရောင်လေး နှစ်မျိုးစလုံးပေါ့၊ သူ့ကို ထည့်မစားသင့်ဘူးတဲ့၊ အချို့က မြေပဲလှော်ကို အခွံပါးလေးတွေ မချွတ်ဘဲ ဝါးစားပစ်လိုက်တာပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်မတို့က ပေါ့မှာစိုးလို့ အဲဒီအနီရောင် အခွံပါးလေးတွေပါ ဟးတတ်တယ်"

"ဟုတ်ကဲ့၊ အဲဒီမြေပဲဆန်ရဲ့ အခွံပါးလေးတွေကို သွေးပျစ်ဆေးဖော်တဲ့နေရာမှာ သုံးပါတယ်တဲ့"

"ဩော်. . . ဒီလိုလား၊ ဒါနဲ့ သွေးကျဲတဲ့ရောဂါကို ကုသနိုင်တာပေါ့၊ ဒီလိုဆို သွေးကျဲတဲ့ရောဂါကကော ဘယ်လိုကြောင့် ဖြစ်တတ်တာတဲ့လဲ၊ ဗဟုသုတအဖြစ် ပြောပြပါဦး"

မငွေးမြင့်က စကားထောက်ရင်း မေးလာသည်။

"ဟုတ်ကဲ့၊ ရှားရှားပါးပါးပါပဲ၊ အဲဒီဝေဒနာရှင်နဲ့ တွေ့ဖူးပါတယ်၊ မေးမြန်းလဲကြည့်တယ်၊ အဲဒီရောဂါ စဖြစ်တာက သွားဖုံးတွေကြားက သွေးယိုတာတဲ့ ညဘက်အိပ်လို့ တစ်ရေးနိုးထထွေးလိုက်ရင် သွေးတွေပါပါလာတယ်၊ ပထမပိုင်းတော့ ရိုးရိုးသွားရောဂါ သွားဖုံးရောဂါလို့ထင်တာ၊ နောက်ပိုင်း ရန်ကုန်ကို သွားပြတော့မှ ရောဂါက သွေးထဲမှာ သံဓာတ်ချို့တဲ့တာတဲ့၊ တော်တော်ကုသရတယ်၊ သွေးကင်ဆာလို့တောင် ထင်မိကြသေးတယ်တဲ့၊ သေသေချာချာ ဓာတ်ခွဲစမ်းသပ်ကြည့်တော့မှ သွေးထဲမှာ သွေးနီဥ ရာခိုင်နှုန်းက သိပ်နည်းနေပြီ၊ ရိုးတွင်းခြင်ဆီကလဲ သွေးနီဥထုတ်လုပ်ပေးတာ သိပ်နည်းနေပြီပေါ့၊

သွေးလဲ သွင်းရတယ်၊ မကြာခဏပေါ့၊ သွေးကင်ဆာလက္ခဏာနဲ့ သွားဆင်နေတာပေါ့ခင်ဗျာ၊ အဲဒီရောဂါဖြစ်တဲ့လူဟာ ခွန်အားသုံးပြီး ဘာမှလုပ်လို့မရဘူး၊ ထိမိခိုက်မိရင် ထိတဲ့နေရာမှာ ညိုလာတာပဲ၊ တော်တော်နဲ့ မပျောက်ဘူး၊ သွားဖုံးထဲကလဲ သွေးတွေ စိမ့်လာရောပဲ၊ တစ်နှစ် နှစ်နှစ်ကျော်တဲ့အထိ ပင်ပင်ပန်းပန်း ဘာမှမလုပ်ရဘူး၊ ဒါ ကုသပြီးနောက်ပိုင်းကို ပြောတာနော်"

"ဒါဆို သံဓာတ်ချို့တဲ့လို့ သွေးကျဲသွားရတာပေါ့၊ ဘယ်လိုကြောင့် အဲဒီလိုဖြစ်တာတဲ့လဲ"

"အဲဒီဝေဒနာရှင် အစ်မကြီးက ဒီသာပေါင်းဈေးထဲမှာတင် ငါးပိ ငါးခြောက်ရောင်းတယ်၊ ငရုတ်သီးမှုန့်လှော် ရောင်းတယ်၊ အဲဒီအစ်မကြီး အသုပ်စားရင် သူစားတဲ့အသုပ်ကို တခြားလူမစားနိုင်ဘူး၊ ချဉ်အား စပ်အားကြီးလို့၊ အချဉ်ကို ဘယ်လောက် ကြိုက်သလဲဆိုရင် အစပ်ကို ဘယ်လောက်စားနိုင်သလဲဆိုရင် မရန်းသီးတစ်ပြည်ကို ငံပြာရည် ရှေ့ငံ်သီးမှုန့်နဲ့ တို့စားတာ တစ်နေကုန်တစ်ယောက်တည်း စားနိုင်တယ်၊ မန်ကျည်းသီးစိမ်းကိုလဲ ဆားနဲ့ ငရုတ်သီးမှုန့်နဲ့ တို့စားတယ်၊ တစ်ခါစားရင် တစ်ဆယ်သား၊ နှစ်ဆယ်သား ကုန်တယ်၊ အချဉ်နဲ့အစပ်ကို လွန်လွန်ကဲကဲ စားသုံးလာတဲ့ နှစ်တွေများလာတော့ သွေးတွေကျဲလာရောတဲ့၊

အခုဆေးရုံကဆင်းတာတောင် အိမ်မှာ ကန်စွန်းရွက်အနီကို အရည်ကြိတ် သောက်နေရတယ်၊ လောက်သေ ရွက်ကိုလဲ အခြောက်လှန်းပြီး ရေနွေးကြမ်းထဲထည့် ခပ်သောက်ရရှာတယ်၊ ဒါက မြန်မာ့နည်း မြန်မာ့ဟန်နဲ့ ကုတာပေါ့၊ ဆေးမြီးတိုလိုင်းပေါ့ခင်ဗျာ"

"ဩော်. . မင်းက အဲဒီဝေဒနာရှင်နဲ့ ဆုံဖူးတာကိုး၊ ကောင်းတယ်ကွာ၊ ကျန်းမာရေး ဗဟုသုတအဖြစ် သိရတာ တော်တော်ကောင်းတာပဲကွာ"

ဆရာကြီးက ကျေနပ်စကားဆိုသည်။

"ကန်စွန်းရွက်က ဘာလို့အရည်ညှစ်သောက်ရသလဲဟင်"

မြင့်မြင့်အေးက ဝင်မေးသည်။

"ကန်စွန်းရွက်က သံဓာတ်ပါဝင်မှု များတယ်တဲ့"





www.burmeseclassic.com

www.burmeseclassic.com

"ဪ . . . ဒါတွေသိရတာ တော်တော်အကျိုးများတာပဲ"

"ကဲ စကားလဲပြော၊ အချို့ပွဲတွေလဲ အားပေးကြဦး၊ အကုန်အကျခံပြီး ဝယ်ထားရတာတွေ"

ကိုငွေမြင့်က ဝင်ပြောသည်။

ကိုဇော်ဝင်းက . . .

"ဘာ အကုန်အကျခံပြီး ဝယ်ထားရမှာလဲကွ၊ သူ့ခြံထဲကဟာတွေချည်းပဲဟာ၊ စပျစ်သီးတစ်ခုပဲ ပုသိမ်မှာရတာ"

"အဲဒါကြောင့် ပြောတာပေါ့ကွ၊ ဒါမှ သန့်ရှင်းပြီး အော်ဂဲနစ်ပြည့်ဝတဲ့ အစားအစာတွေ၊ တန်ဖိုးပိုရှိတာ"

"ဲအေး အဲဒါဆို ငှက်ပျောသီး နောက်တစ်လုံး ထပ်စားလိုက်ဦးမယ် ခင်ဗျာ"

ဇော်ဝင်းက ပြောင်ရွှတ်ရင်းနှိုက်သည်။

"ဟား ဟား ဟား စားစား နင်နေဦးမယ် ဟော့ကောင်ရေ"

ရယ်မောရှိန်ပြေတော့မှ ဇော်ဝင်းက . . .

"ကျွန်တော်လဲ အိမ်ဝိုင်းထဲမှာ ငှက်ပျောအုံ နှစ်ဆယ်လောက်ရှိတယ်၊ ဒါပေမဲ့ ဒီကောင့်အပင်တွေလောက် အသီးမလှဘူး၊ ဒီကောင်က ကမ်းပါးနဲ့ နီးတော့ ကမ်းပါးယံက နုန်းတင်မြေနုတွေကို ထမ်းထမ်းဖို့ပေးနိုင်တယ်လေ၊ ကျွန်တော်က ပေးတော့ မဖို့နိုင်ဘူး၊ ပြီးတော့ ဆောင်းဦးပေါက်ဆိုရင် ဗေဒါတွေ မျောလာပြီး အရှေ့လေနဲ့ဖိပြီး ကမ်းနားမှာ ပိတ်ဆို့နေအောင် ကပ်နေရော၊ စောလွင်အတွက်က မြေဩဇာရရော၊ အဲဒီ ဗေဒါဖုတ်ကြီးတွေကို သယ်ပြီး သစ်ပင်တွေခြေရင်းမှာ အုံအုံပေးတာ၊ ရေလောင်းထားတဲ့ အစိုဓာတ်ကို ထိန်းထားနိုင်တာပေါ့၊ အပင်ခြေရင်းမှာ အမြဲတမ်း အေးနေတာပေါ့"

"ဪ ဒီလိုလား၊ ဓာတ်မြေဩဇာတွေ ဘာတွေ ကျွေးသေးလား ကိုစောလွင်"

"ဟင့်အင်း၊ ကျွန်တော် နွားချေးခြောက်တွေဝယ်ပြီး ထည့်ပေးတာပဲရှိတယ်၊ နွားချေးခြောက်ဆာလာတစ်အိတ်ကို တစ်ကျပ်ပေးဝယ်ရင် လိုသလောက်ရပါတယ်"



"ကျွန်မတို့ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးလိုက်တယ်၊ ရေရှားပါးတဲ့ အရှေ့အလယ်ပိုင်းဒေသက အစ္စရေးနိုင်ငံမှာ အပင်တွေ ရေဓာတ်မဆုံးရှုံးရအောင် စိုက်ပျိုးပြီးခါစမှာ ပလတ်စတစ်အုပ်ပေးတယ်ဆိုတာ"

"အေးပေါ့ဗျာ၊ ဒီသဘောပဲပေါ့၊ ကျွန်တော်တို့ဆီမှာတော့ ဗေဒါတွေ၊ အမှိုက်တွေ၊ သစ်ရွက်တွေပေါတာကိုး၊ ပြောရရင်ဗျာ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ ရေမြေသဘာဝကိုက သစ်စေ့နောက်ပြန်ပေါက်ရင်တောင် အပင်ပေါက်ပါတယ်"

ကိုငွေမြင့်က ဖြည့်စွက်ရှင်းလင်းပြောပြသည်။ မြင့်မြင့်အေးက မျက်လုံးဝေ့ကြည့်ရင်း . . .

"ကိုစောလွင်ကို စာဖတ်အားကောင်းမယ်လို့ ထင်ထားတာ မှန်နေပြီ၊ စာအုပ်တွေက မှန်ဗီရိုနှစ်လုံးနဲ့ အပြည့်ပါပဲလား"

"ဟိုစာအုပ်တွေ ယူကြည့်လို့ရမလားဟင် ကိုစောလွင်"

မငွေမြင့်က ခွင့်တောင်းသည်။

"ယူကြည့်လေ ကြည့်ပါ၊ ကိုငွေမြင့်နဲ့ ကျွန်တော်နဲ့က စာအုပ်လဲဖတ်နေကျ၊ သူ့မှာလဲ စာအုပ်ကောင်းတွေရှိတယ်"

"ဟုတ်လား ကိုငွေမြင့်၊ ကျွန်တော်တို့ကို ပေးငှားဖတ်နော်"

"ရပါတယ် ဆရာမတို့ရယ် . . နောက်သုံးလေးရက်နေရင် ကျွန်တော့်အိမ် ထမင်းကျွေးလှည့်ရမယ်၊ အဲဒီအခါကျတော့မှ . . ."

(၈)

ရွှေမန်းသူသုံးယောက်က စိတ်ကြိုက် စာအုပ်တွေ ရွေးချယ်နေချိန်တွင် ဆရာကြီးဦးကြင်ရွှေကို ဇော်ဝင်းက စက်ဘီးဖြင့် လိုက်ပို့ပေးသည်။ ငွေမြင့်ကလည်း သူလိုချင်သော စာအုပ်တစ်အုပ်တွေ့၍ ထိုင်ဖတ်ကြည့်နေသည်။

ဇော်ဝင်း ပြန်ရောက်တော့မှ ဆရာမလေး သုံးဦးကို သူတို့သုံးယောက်က ဥက္ကဌအိမ်သို့ ပြန်လိုက်ပို့ပေးကြသည်။

"ကိုစောလွင်ရဲ့ စာအုပ်ဗီရိုက တော်တော်စုံတာပဲ၊ ရှားပါးစာအုပ်တွေ အများကြီးပဲ"

"အဲဒါတွေက ကျွန်တော် ဝယ်တာမဟုတ်ဘူးခင်ဗျ၊ ကျွန်တော့်ဦးလေးက အထက်တန်းပြနဲ့ ဒီမှာတာဝန်ကျတုန်းက စာပေဗိမာန်အသင်းဝင်လာတော့ စာပေဗိမာန်စာအုပ်တိုက်က ထုတ်သမျှစာအုပ်တွေ ရတယ်လေ၊ သူ



www.burmeseclassic.com

www.burmeseclassic.com

ပြောင်းသွားတော့ ယူမသွားနိုင်တာနဲ့ တချို့ထားခဲ့တာ၊ အဲဒါကို ကျွန်တော်က အမွေဆက်ခံထားတာ ခင်ဗျ"

"ကိုစောလွင်က ကံကောင်းတာပေါ့၊ ကျွန်တော့်အစ်ကိုတစ်ယောက်လဲ စာတိုပေစလေးတွေ ရေးတတ်တယ်၊ သူ့အပေါင်းအသင်းတွေကလဲ စာသမားတွေ များတယ်၊ အခု ကိုစောလွင် ဗီရိုထဲက တွေ့ရသမျှ စာအုပ်နာမည်တွေကို ကျွန်တော်က ရင်းနှီးနေတာ၊ သူတို့စကားဝိုင်းကနေ မကြာခဏ ကြားနေရတာဗျ"

ရွှေမန်းသူ မြင့်မြင့်အေးက အားရစွာ ဝင်ပြောသည်။ မဒွေးမြင့်ကလည်း

"ကျွန်မတို့ ဒီစရောက်တဲ့နေ့က မြို့မမင်းကျောင်းကြီးပေါ်မှာ မနက်စာ ကျွေးတုန်းကလေ"

"ဟုတ်ကဲ့"

"ဒီလိုမြို့လေးမှာ ဒီလောက်ကြီးမားတဲ့ ဘုံသုံးခုနဲ့ တိုင်တစ်ရာသစ်သားကျောင်းကြီးလို ကျောင်းကြီးမျိုး တွေ့ရလိမ့်မယ်လို့ မထင်ဘူးတဲ့၊ ကျွန်တော်တို့ရဲ့ အုပ်ချုပ်သူ ဆရာက ပြောပြတယ်၊ ကျွန်တော်တို့ရဲ့ အုပ်ချုပ်သူဆရာက သမိုင်းဌာနက ကထိကပါ၊ ပြီးတော့ မြို့မ မင်းကျောင်းကြီးရဲ့ သမိုင်းကြောင်းကို ဆရာက မေးစမ်းနေတာတွေကို ပြန်ဖြေရှင်းပြနေတဲ့ ကိုစောလွင်ရဲ့အသံကို ကျွန်တော်တို့ပရိသတ်ဝိုင်းကနေ နားစွင့်ရင်း ကြားနေရတာ ဗဟုသုတနဲ့ပြည့်စုံပြီး စာဖတ်အားကောင်းတဲ့ စာပေသမားမှန်း သိသာတယ်လေ၊ အဲဒီ ကျွန်တော်တို့ဆရာကတောင် ပြောသေးတယ်၊ ဒီရဲဘော်လေး မဆိုးဘူးတဲ့၊ ချက်ချက်ချာချာနဲ့ ပြောပြတတ်တယ်တဲ့"

"အဲဒီလိုကြီးတော့ ပြောင်မြှောက်နဲ့လေ၊ ကျွန်တော်မနေတတ်ဘူး ဟင်းဟင်းဟင်း"

"တကယ်ပြောတာပါ ကိုစောလွင်ရဲ့"

မဒွေးကြည်က အလေးအနက် ဝင်ပြောသည်။

"အဲဒီလိုဆိုရင်တော့ နောင်ရက်တွေ အကုန်လုံး ကျွန်တော့်အိမ်မှာပဲ ထမင်းဆက်ကျွေးဖို့ ဖိတ်မှဖြစ်မယ် ထင်တယ်၊ ဟင်း ဟင်း ဟင်း ကျွန်တော် အာဝင်ခိုက်သွားလို့"

"အံမယ် မောင်မင်းတစ်ယောက်တည်း ဒီလိုကျွေးလို့ ဘယ်ရမလဲကွ၊ တို့အလှည့်တွေလဲ ရှိသေးတဲ့ဟာ၊ ပြီးတော့ ရပ်ကွက်ထဲက ထမင်းစားဖိတ်ထားတဲ့ အလှည့်ကျအိမ်တွေလဲ ရှိသေးတယ်၊ တချို့ဆိုရင် အလှည့်မရလို့ နှစ်အိမ်ပေါင်း တစ်နပ်၊ သုံးအိမ်ပေါင်း တစ်နပ် လုပ်ပေးထားရတယ်ဗျာ၊ မင်း မသိဘူး မဟုတ်လား"

ဇော်ဝင်းက ဝင်ဟန့်သည်။ သူက ပါတီရုံးတွင် လုပ်အားပေးနေသူမို့ ပိုသိသည်။

"ဟုတ်တယ် မောင်၊ ငါ့အိမ်အလှည့်မှာ လမ်းထဲက စာသင်သားတွေက သူတို့လဲ ဟင်းခွက်ဆုံပါရစေ၊ ပို့ပါရစေတဲ့"

"ဪ. . အဲဒီလိုတွေတောင် များလားရှင်"

ရွှေမန်းသူများ အံ့ဩနေကြလေသည်။

"ဟုတ်ပါတယ် မဒွေးကြည်၊ လုပ်အားပေးဆရာမလေးတွေကို ထမင်းကျွေးမယ့် အစီအစဉ်ဆွဲတော့ စေတနာအလျောက် ဆန္ဒပြုစာရင်းပေးလာတဲ့ အိမ်က ခုနစ်ဆယ်ကျော်ရှိတယ်၊ လုပ်အားပေးကာလက တစ်လတောင်မပြည့်တတ်ဘူး"

"အဲဒါနဲ့ တစ်နေ့တစ်အိမ် လုပ်လို့မဖြစ်တော့ဘဲ မနက်တစ်အိမ် ညတစ်အိမ် ဖြစ်သွားရတာပါ၊ လွတ်ကျန်ခဲ့တဲ့ အိမ်တွေကိုတော့ နီးစပ်ရာအလှည့်ကျအိမ်တွေဆီမှာ လိုက်ပေါင်းပြီး ဟင်းခွက်လောက် ဆုံကြပါပေါ့ ဖျောင်းဖျထားရတာတဲ့၊ ရပ်ကွက်ဥက္ကဋ္ဌက ပြောပြတာခင်ဗျ"

ကိုဒွေးမြင့်က ပြည့်ပြည့်စုံစုံ ရှင်းပြသည်။

"ဪ. . ရပ်ကွက်သူ ရပ်ကွက်သားတွေက တကယ်စေတနာကောင်းကြတာပဲနော်၊ ကျွန်မတို့ရင်ထဲ ကြည်နူးလိုက်တာရှင်"

မဒွေးကြည်က လှိုက်လှိုက်လှဲလှဲ ပြန်ပြောသည်။ ကျန်နှစ်ယောက်တို့ကလည်း ထို့အတူရှိချေ၏။

"နောက်ပြီး ဟိုးတောင်ဘက်မြို့များက စာသင်သားတွေက တံငါတွေ၊ လယ်သမားတွေ၊ ယာသမားတွေ များကြတယ်၊ သူတို့က ဆင်းရဲကြပါတယ်၊ ဒါပေမဲ့ ဆရာမလေးတို့ကို ကျွေးချင်မွေးချင်လွန်းလို့ တစ်ညလုံး ကွန်ပစ် မြှုံးထောင် ပိုက်ချ ယက်သဲ့ထိုးကြပြီး ငါးဖား ပုစွန်ကို ကိုယ်တိုင်ရှာကြတယ်လေ၊ သူတို့က ဝယ်မကျွေးနိုင်ဘူးကိုး"

"အိုး. . ဖြစ်ရလေ၊ တော်တော်စေတနာကောင်းကြတာပဲနော်"

"ဟုတ်တယ်၊ မြို့ကဆရာမလေးတွေ မစားနိုင်မှာ စိုးလို့တဲ့၊ သူတို့ရှာရတဲ့ ငါးတွေ ပုစွန်တွေနဲ့ ပေါ်ဆန်းမွှေးကို ဆန်ဆိုင်တွေမှာ သွားလဲကြတယ်လေ၊ ဆန်ဆိုင်တွေကလဲ သိတယ်၊ ပိုပိုသာသာ ပြန်ထည့်ပေးလိုက်ကြပါတယ်၊ တကယ်တော့ သူတို့တစ်တွေက ဆန်နီဆန်ကြမ်းပဲ စားကြတယ်လေ"

"အို. . . ကိုဒွေးမြင့်ရယ် အဲဒီလိုတောင်ပဲလားရှင်၊ ကျွန်မရင်ထဲ ဘယ်လိုဖြစ်သွားမှန်းတောင် မသိတော့ပါဘူးရှင်"

"ဟုတ်ပ၊ ကျွန်တော်လဲ ဘယ်လိုဖြစ်သွားမှန်းတောင် မသိတော့ဘူး"

"ဟုတ်ပါရဲ့၊ ကျွန်တော်တို့တော့ ဒီက မိဘပြည်သူတွေကို ဘယ်တော့မှ မေ့လို့ရနိုင်မှာ မဟုတ်တော့ပါဘူးဗျာ၊ တကယ်ပါ"

ရွှေမန်းသူ သုံးဦးမှာ မျက်ရည်လည်ခမန်း ကြည်နူးဖြာဖြာ ရှိကြရှာလေ၏။

(ဆက်ရန်)

❒ ကိုကြီးစော(သာပေါင်း)





www.burmeseclassic.com

www.burmeseclassic.com




ကုန်းဘောင်မင်းဆက်၏ အဦး အစ နန်းမြို့တည်ရာ ငါးမည်ရ ပြည် ရွှေဘို မြောက်အရပ်ဖြစ်သည်။ ရွှေဘို မြို့၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ မြန်မာ့ရာဇဝင်တွင် စာတင်ခဲ့ရသည့် မဟာနန္ဒာကန်တော်အမည်ရ ကန်တော် ကြီးဒေသ ဖြစ်၏။ ဤကန်တော်ကြီးမှ ရွှေဘိုမြို့နယ်အတွင်းရှိ ကျေးရွာတိုင်းသို့ ဆန်စပါး စိုက်ပျိုးနိုင်ရန်အလို့ငှာ ရေ ပေးဝေ၍လျက် ရှိသည်။ ကန်တော်ကြီး တွင်းသို့ ခင်ဦး၊ ကန့်ဘလူ မြို့နယ်များမှ ရေဝင်စီးဆင်းကာ တစ်ဖက်ပိတ် ဆည် ကြီးအဖြစ် တည်ရှိနေပါသည်။

ကန်တော်ကြီး၏ ကန်ဘောင်ရိုး တစ်လျှောက် စိမ်းစိုညို့မှိုင်း အုံ့ဆိုင်းနေ သော မန်ကျည်းတန်းပင်များ၊ ထနောင်း တန်းပင်များ၊ ကုက္ကိုတန်း ပင်များ၊ တမာ ပင်တန်းများ စသည့် သစ်ကြီးဝါးကြီး အပင်များကြောင့် မြေပြင်ကို နေပြောက် မထိုးနိုင်လောက်အောင်ပင် အရိပ်မဲကြီး များ လွှမ်းမိုးထားပေသည်။ တစ်ခုသော မန်ကျည်းပင်ကြီး၏ အရိပ်အောက်ဝယ် ထန်းခက်တဲလေး တစ်လုံးတည်ရှိနေ၏။ ကန်တော်ထိပ် တွင် နေရာယူထားပြီး အရှေ့ဘက်၌ ကန်တော်တွင်း ရေပြင်ကိုလည်းကောင်း၊ အနောက်ဘက်တွင် ထန်းတောညိုညို များနှင့် ပန်းရတင့်ဆန်းနေသည့် ကန် တော်ကြီးရွာကိုလည်းကောင်း အပေါ် စီးမှ တွေ့မြင်နေရ၏။ ရွှေဘိုမြို့ဘက်မှ လာသော ကတ္တရာလမ်းမကြီးကမူ ကုန်းအထက် ရှန်းတက်မှ ရောက်ရှိနိုင် မယ်ဟု ပြောနေသယောင် ခပ်မော့မော့ လေးရှိနေ၏။

"မောင်စိုးချိန်ဆံသ" ဟူသော အမည်ကို ထင်းရှူးပြားပေါ်တွင် ထုံးရေ ဖျော်နှင့် ရေးသားထားသော ဆိုင်းဘုတ် လေးတစ်ခု တဲဝတိုင်တွင် ချိတ်ဆွဲထား ၏။ ခေါင်းကလေးက ခပ်မော့မော့ ဆောက်ထားသည်မို့လည်း ခေါင်းငုံ့ဝင် စရာမလိုပါ။ တဲအတွင်းတွင် ဆုံလည် ကုလားထိုင် မဟုတ်သော မတ်တတ် ဆံသကုလားထိုင်တစ်ခုနှင့် သူ့ရှေ့တွင် ဆံပင်ညှပ်ကိရိယာများ ထားနိုင်လောက် သည့် ခုံစောင်းငယ်တစ်ခု။ ထိုခုံပေါ်တွင် ထောင်ထားသော ပြဒါးပြယ်မှန်တစ်ချပ် ရှိနေ၏။

မှန်ဟု ဆိုနိုင်ရုံမျှသာဖြစ်သည်။ ထိုမှန်ဖြင့် ဆံသသူများ ကိုယ့်မျက်နှာ ကိုယ်ပြန်ကြည့်မိလျှင် လန့်ဖျပ်သွားနိုင် ပေသည်။ မှန်က လှိုင်းတွန့်ထကာ မှန်ဘီ လူးသဖွယ် ဖြစ်နေသောကြောင့် လူပုံရိပ် များက ပုံမှန်မထင်။ မဲ့ရွဲ့သည့်ပါးစပ်က ရွဲ့၊ ပြူးသည့် မျက်လုံးကပြူး၊ ထော်သည့် နှုတ်ခမ်းကထော်နှင့် ဖြစ်နေတတ်သည်။

"ချိန်ကြီးရေ. . . အချိန်နီးနေ ပြီဗျ၊ မလိုက်သေးဘူးလား"

ရွှေဘိုမှပြန်လာသော ပိတောက် ခေါင်း ရွာသား ကိုငြိမ်းဆောင်ကြီးမှ တန်လျားခုံပေါ်ဝယ် မှေးနေသော ကို စိုးချိန်ကို လှမ်းမေးလိုက်၏။ ကိုငြိမ်း ဆောင်တို့ရွာမှ ဈေးဝယ် ဈေးရောင်းများ သည် မြို့မှအပြန်၌ဆံသဆိုင်မန်ကျည်း ရိပ်တွင်တစ်ထောက် တစ်နားအမော





www.burmeseclassic.com

www.burmeseclassic.com

ပြေဝင်လေ့ရှိ၏။ ထန်းလျက်သည်၊ ထန်းခေါက် တောင်းသည်၊ ထန်းရည်ချိုသည်၊ ထန်းရည်ခါးသည် မိန်းမများကမူ ဝင်လေ့မရှိပါ။ အချိန်ပြည့်မူးနေတတ်သော ကိုစိုးချိန်နှင့် စကားမပြောလိုကြ၍ ဖြစ်သည်။

သူတို့ဘာသာ လမ်းတစ်ဖက် မန်ကျည်းရိပ်မှာ ဖိနပ်ဖင်ခုထိုင်ကာ သန်းရှာရင်း၊ အတင်းပြောရင်း အမောဖြေလေ့ရှိ၏။ ကိုစိုးချိန်ကလည်း သူဆိုင်တွင်း မဝင်ရကော်င်းလားဟု အပြစ်မမြင်ပါ။ သူ့ဝတ္တရားအတိုင်း သောက်ရေအိုးကို ရေဖြည့်ပေးရင်း "ကောင်မတွေ သောက်ရင်း သောက်တင်းပြောနေကြ" ဟူ၍ စလေ့ရှိ၏။

မြို့ပြန် ပီတောက်ခေါင်းရွာသူများကလည်း အားကျမခံ "တော်လဲသောက်ရင်း နောက်ဆံတင်းမယ့်လူမရှိဘဲ သေ" ဟု ပြန်ပက်တတ်ကြ၏။

ကိုစိုးချိန်က အသက်(၄၀)ကျော် လူပျိုကြီးတည်း။ ကန်တော်ရွာတွင် သူ့နှမနှင့် ယောက်ဖတို့က အိုးနှင့် အိမ်နှင့် နေသော်လည်း သူက ရွာမှာမပျော်၊ ကန်ထိပ်မှာသာ ပျော်နေ၏။ ရွာသို့ ပြန်မအိပ်သေးသည်က များသည်။ အမူးလွန်၍ အိပ်ရင်အိပ်၊ သို့မဟုတ်ပါက ကြုံရာလူနှင့် ရွာတကာ လိုက်သွားလေ့ရှိသည်။ ပိတောက်ခေါင်း၊ ထနောင်းဝန်း၊ နရတ်ရွာများစသည့်ကန်အနောက်ဘက် ရွာများသာမက ကန်တွင်းရှိ ဘုရင်ဂျီဘာသာဝင်တို့နေထိုင်ရာ မေဂွန်ရွာတွေထိ ရောက်ချင်ရောက်သွားတတ်၏။ ရွှေဘိုမြို့နှင့်တော့ အချိန်မရွေး။

တစ်ခါတစ်ရံတစ်ရေးနိုး အရက်သောက်ချင်ပြီဆိုက ရွာတွေဘက်မဆင်းဘဲ အလင်းဆိုင်ရာ မြို့ထဲဘက် ဘူတာရုံတစ်ဝိုက်သို့ ဆင်းသောက်လေ့ ရှိ၏။ ညဥ့်နက်သန်းခေါင် ၁ နာရီ ၂ နာရီထိုးမှ ပြန်တက်ချင်တက်လာတတ်၏။

ဒီလမ်းခရီးကို ကိုစိုးချိန် မျက်စိမှိတ်သွားတောင် သွားနိုင်ကောင်း၏။ အကြောက်အလန့်ကလည်း မရှိပါချေ။ မြို့အထွက် သစ်ချိုပင်သချိုင်းကို ကျော်သွားရသည်မို့လည်း လူတိုင်း မသွားရဲပါ။ ကိုးစိုးချိန်ကတော့ မမှုရေးချ မမှုထဲက လူမျိုးပင်။

လေလေးတချွန်ချွန်၊ ပိတောက်ခေါင်းသား ရုပ်သေးမင်းသား ရွှေဘိုတင်မောင်၏ သီချင်းလေး တကြော်ကြော်နှင့် ပြန်လေ့ရှိသည်။

"ကိုငြိမ်းဆောင်ကြီးလား . . . လာ ထိုင်ဗျာ၊ ကျွန်တော်လဲ မနေ့က နည်းနည်းများသွားလို့ ခေါင်းကိုက်တိုက်တိုက် ဖြစ်နေတာနဲ့ မှိန်းနေတာ။ ခင်ဗျား ဒီနေ့ စောလှချည်လား"

"အေးဗျာ ကိစ္စလေးရှိနေလို့ နည်းနည်းစောပြန်လာခဲ့တာပဲ၊ အောင်တိုး ကိစ္စပါဗျာ၊ ဒီကောင် မလည်မဝယ်နဲ့ နွားတစ်ကောင် အချောင်ရပြီဆိုပြီး ယူလိုက်တာ၊ ခိုးရာပါနွား ဖြစ်နေလို့ဗျို့၊ အဲဒါ လိုက်နေရတယ်"

ကိုစိုးချိန် သဘောပေါက်လိုက်ပါပြီ၊ အောင်တိုး ဆိုတာက နွားပွဲစား။ အချောင်ရပေါင်း များလှပြီမို့ အတော်လေး စိုပြည်နေသည်လို့ ကြားသိရပြီးဖြစ်သည်။ အခုတော့ မြွေပွေး ပိုးထိပြီ ဆိုကြပါစို့။

"ကိုငြိမ်းဆောင်ကလဲဗျာ. . . ဒီကောင်ငမူး အနောက်ဘက် နုများဝဲကြီးရွာသားတွေနဲ့ ပေါင်းနေတာ သိရက်သားနဲ့ ဘယ်မလည်မဝယ်ရမှာလဲ၊ သိသိကြီးနဲ့ လုပ်လိုက်တာနေမှာပါ၊ အခုခံရမှ သူ မသိပါဘူးလို့ စကားသံ ထွက်လာတာဖြစ်မှာ၊ ဒါလေးများ အလွယ်လေးပေါ့ဟ မေဂွန်ရွာက ဘီအက်စ်အေဆိုင်ကယ်ကြီးတဖုတ်ဖုတ်နဲ့ သုတ်သုတ်ကြီး စီးလာတတ်တဲ့ ဘုရင်ဂျီပေတလူ လူမောင်ကို ကပ်လိုက်ဗျာ၊ သူက ရွှေဘိုရဲဌာနရဲ့ အမှုလိုက် ရာဇဝတ်အုပ်မင်းပဲဟာ"

"အခု ခင်ဗျားဆီ ဝင်လာတာ အဲဒီကိစ္စပဲ၊ ကူညီပါဦးဗျာ၊ အောင်တိုးဆိုတာကလည်း ကျုပ်နဲ့ ယောက်ဖ တစ်ဝမ်းကွဲသေးတာကလား၊ ခင်ဗျားက ပေတလူနဲ့ ပုလင်းတူဘူးဆိုဆိုတော့ အဆင်ပြေလောက်ပါတယ်"

ကိုစိုးချိန်သည် လမ်းဆုံလမ်းခွနေပြီး လူတကာအပူ သူ့အပူ လုပ်တတ်လေ့ရှိ သူမို့လည်း လူတိုင်းက လိုအပ်သည့် အကူအညီများကို သူ့ဆီက တောင်းခံလေ့ ရှိသည်။ အပေါင်ဆိုင်ပစ္စည်း ပေါင်တာအစ ရုံးပြင်ကနားအာမခံ ကိစ္စအဆုံး ဘူလီနံပ်စ ထွေရာလေးပါးမှန်သမျှ လိုက်လုပ်ပေးလေ့ရှိသည်။ မြို့တွင်း အရောက်အပေါက်များသူမို့လည်း လူဝင်ဆံ့၏။

ကိုစိုးချိန်၏ အကျင့်မှာ ငွေရလိုမှုမဟုတ်။ သူတထူးကို ကူညီနေရလျှင် ပျော်နေတတ်သည့် သဘာဝ စိတ်ရင်းကောင်းတစ်ခုကြောင့်သာ အပင်ပန်းခံ လိုက်လုပ်ပေးနေခြင်းဖြစ်သည်။ တစ်ဖက်လူများက စေတနာထား၍ တစ်ခွက်တစ်ဖလားမှသည် ပုလင်းလိုက်ထောင်ပေးသည့် ဧည့်ဝတ်ပြု အလိုက်သိမှုကိုမူ ငြင်းဆန်လေ့မရှိပါ။

သူ့ဘဝသည် ပျော်ပျော်နေသေခဲ့။ သောက်စားနေရလျှင် ကျေနပ်တတ်သည့် လူမျိုးဖြစ်၏။ ယခုကိစ္စကိုလည်း သူပင် တာဝန်ယူလိုက်၏။ ပေတလူကို ရွှေဘိုရဲဌာနဝင်းအတွင်း သွားရှာလိုက်လျှင် အလွယ်တကူတွေ့နိုင်မှန်းသိ၏။ အခြားရွာသားများကမူ သူ့လိုမရဲ။ ရဲဌာနမဆိုထားနှင့် သူကြီးနောက်လိုက် နှစ်လုံးပြူးကိုင် သမားကိုပင် ဘုရားထူးမတတ် ကြောက်တတ်ကြသည် မဟုတ်ပါလား။

ကိုစိုးချိန် ဒီကနေ့အဖို့ ကိုငြိမ်းဆောင် ထောင်ပေးထားခဲ့သော အရက်တစ်လုံးကို တစိမ့်စိမ့်သောက်ရင်း နေစောင်းအောင် စောင့်ရနေရ၏။ ဆံသ အလုပ်ကလည်း ရှိသေးသမို့ စောစောမသွားသေးဘဲ အလုပ်သိမ်းမှ သွားမည်ဟု စိတ်ကူးထားပုံရသည်။

တောချက်အရက်ကလည်း မြို့ထဲကဘုံဆိုင်အရက်ထက် ပိုထက်နေပါ





www.burmeseclassic.com

www.burmeseclassic.com

လားဟု တွေးဆရင်း အုမဲခြောက်ဖုတ် မြည်းလိုက်၊ တစ်ခွက်သောက်လိုက်နှင့် ဇိမ်ကျနေ၏။ ထန်းလျက်နှင့်ချက်သော တောအရက် ခပ်ပျော့ပျော့တစ်လုံး တစ်ကျပ်သာ ပေးရသော်လည်း အခု အရက်ကမူ ကိုငြိမ်းဆောင်၏ ကောင်းမှုဖြင့် တစ်လုံးတည်းယူထားသော ဦးရေဖြစ်တန်တူနေ၏။

ဒီလိုနှင့် နေအတော်စောင်းသွားခဲ့လေပြီ။ ကိုစိုးချိန်သည် သူ့ဆံသပစ္စည်းများကို လွယ်အိတ်တစ်လုံးနှင့် ထည့်ကာ ရွှေဘိုမြို့ဘက် ထွက်ခဲ့၏။ ခြုံထည်ပါ မကျန်ရစေပါ။ မှန်နှင့် ကုလားထိုင်ကိုတော့ ဒီအတိုင်း ထားခဲ့၏။ သူသည် ဤမှန်နှင့်ခုံကို ဘယ်တော့မှသိမ်းရိုးထုံးစံမရှိပါ။ အင်မတန် လက်ကမြင်းကြောထတတ်သော နွားကျောင်းသားတွေပင် သူ့မှန်ကို လေးခွဖြင့် လက်တည့်စမ်းလေ့မရှိပေ။

နွားကျောင်းသားများက မရှိမဖြစ်ကိုစိုးချိန်ဟု လက်ခံထားကြသည်။ သူ့ပစ္စည်းပစ္စယများကိုလည်း မရှိမဖြစ်ပစ္စည်းများဟု သတ်မှတ်ထားကြသည်။ ကိုစိုးချိန်သည် သူသွားရာသို့ လွယ်အိတ်တစ်လုံးနှင့် ခေါင်းဖီးသည့်ဘီးနဲ့ ဆံပင်ညှပ်ဂိုက်မှအစ ခြုံထည်ပါမကျန် ယူသွားလေ့ရှိ၏။ တောင်းဆိုပါလျှင် နေရာမရွေး အချိန်မရွေး ဆံသပေးသည့်အပြင် သတ်မှတ်ကြေး ငါးမူးရမှ မဟုတ်၊ ပေးသလောက်နှင့်လည်း ကျေနပ်တတ်၏။ မြို့ပေါ်မှ ပင်စင်စား အဘိုးကြီးများကမူ အော်ဒါခေါ်လေ့ရှိသည်။ မြို့ထဲမှ နံမည်ကြီး ဆံဆိုင်ကြီးများဆီမှာ မညှပ်။ စိုးချိန်မှ စိုးချိန်ဖြစ်၏။ ကိုစိုးချိန်ကလည်း ဂရုတစိုက်နှင့် ပညာကုန်သုံးလေ့ရှိသည် မဟုတ်ပါလား။

ကိုစိုးချိန် ပေတလူ လှမောင်ကို မနည်း ပြောယူရ၏။ ကိုလှမောင်က ပြောရခက်သူတစ်ယောက်တော့ မဟုတ်ပါ။ အခုကိစ္စက အတော်ထင်ရှားနေပြီး နွားရှင်များမှလည်း အမှုလာရောက်ဖွင့်ထားသောကြောင့်ဖြစ်၏။

အမှုဖြစ်စဉ်မှာ နုမျှားဝဲကြီးရွာသား နှစ်ယောက်က ထန်းတပင် ဇီကုန်းရွာတွေဘက်အသွားကျွားရွာမွန်တောင်းကြီးရွာဘက်မှ နွားကို ဝင်ဆွဲသွား၏။ နွားခိုးများက လုပ်နေကျသူများမဟုတ်။ နွားကို ရွာခရိုးဘေး မြက်စားရန် လှန်ထားစဉ် လွယ်လွန်း၍သာ ဖြုတ်ယူခဲ့ခြင်းဖြစ်၏။ ဒါကို ပိတောက်ခေါင်းသား အောင်တိုးက မြင်းကသာ ကြက်တက်ရွာတွေဘက်သွားရင်း အချောင်ပွပြီဟု ဆိုကာ အောက်ဈေးနှင့် ယူခဲ့ခြင်းဖြစ်သည်။ နွားခိုးများက ရွာစဉ်စပ်လာပြီး အောင်တိုးရလိုက်ခြင်း ဖြစ်၏။ ကိုစိုးချိန်သည် ရာဇဝတ်အုပ်မင်းကို တိုးတိုးကျိတ်ပေးရင်းက မပြေပြေအောင် ဖြေရှင်းပေးပါရန် အပူကပ်ရ၏။

"အေးကွာ စိုးချိန်၊ မင်းကိုငါ ဒီတစ်ခါ ကူညီလိုက်မယ်၊ အမှုကဖွင့်ပြီးသားကွ၊ ငါ နွားရှင်တွေနဲ့ မင်းကိုတွေ့ပေးမယ်၊ မင်းဘာသာ ကြည့်ပြောကွာ၊ သူတို့က အမှုပိတ်ပေးသွားရင်တော့ ငါ့ဘက်က ဘာစောဒကမှ တက်စရာမရှိပါဘူး၊ နွားရှင်တွေကလဲ သူတို့နွားပြန်ရရင် ကျေနပ်မှာပါ၊ အေး တစ်ခုတော့ ရှိတယ်နော်၊ မင်း အောင်တိုးနွားကိုတော့ အရှုံးခံရလိမ့်မယ်"ဟု ပြောပါသည်။

ကိုစိုးချိန်ကလည်း ဖြစ်ရပါစေ့မယ်ဟု ဝန်ခံလိုက်ရ၏။ အမှန်မှာ နွားဖိုးကို နွားခိုးတွေဆီက ကိုလှမောင် သိမ်းထားပြီးမှန်း သိထားပြီး ဖြစ်ပါသည်။ ကိုယ့်လူက လွှန်ထားမှတော့ နွားဖိုး ၂၀၀/၃၀၀ လောက်တော့ အရှုံးခံရမှာပေါ့ဟု ယူဆထားလိုက်သည်။ အကျိုးအကြောင်းကို ကိုငြိမ်းဆောင်ကြီးအားခေါ်ပြောရင်း အရေးထဲ ရဲဌာနတွင်း မလိုက်ရဲဟု ဆိုလာသည့်အတွက် လှည်းတန်းရပ်ကွက် လိုင်စင်စီဘုံဆိုင်တွေ့ဖို့ ချိန်းလိုက်ရ၏။

ကိစ္စအဝဝ ပြီးဆုံးတော့ ညနေ ၆ နာရီထိုး၍ လမ်းမီးများပင် လာနေပေပြီ။ ဘုံဆိုင်မှာ ကိုငြိမ်းဆောင်နှင့် သောက်ရင်းစားရင်း အကြီး နှစ်လုံးခန့် ဝင်သွားမှ လမ်းခွဲခဲ့ကြသည်။ ကိုစိုးချိန်ကမူ မြို့ပတ်ဦးမည်ဖြစ်၏။ ကိုစိုးချိန် ဘူတာအလင်းဆိုင်မှထွက်တော့ ညသန်းခေါင်ကျော်ပေပြီ။ ဗိုက်ထဲတွင် အပြည့်ဖြည့်ထားရုံမက လမ်းအတွက် အကြီးတစ်လုံးနှင့် ဝက်ခေါင်းသုတ် တစ်ကျပ်ဖိုးထုတ်ကာ ရွာသို့ ပြန်ခဲ့လေပြီ။

မြို့မှအထွက် မီးတိုင်များနှင့် ဝေးကွာခဲ့ပြီးဖြစ်သော လမ်းက မှောင်ကြီးမည်းမည်းကြီးနှင့် ချောက်ချားစရာကြီးဖြစ်နေတော့၏။ ကိုစိုးချိန်ကတော့ ဂရုလည်းမစိုက် မှုလည်းမမှုပါချေ။ ဘယ်ညာယိမ်းထိုးရင်း လွယ်အိတ်ကို စလွယ်သိုင်းလွယ်ကာ အမှောင်လမ်းအတိုင်း လျှောက်ခဲ့၏။

ကိုမြကြီး၏ မခင်နှင်းဆီ သီချင်းပင် ဟစ်ကြွေးလိုက်သေး၏။ ဒီလိုနှင့် မြို့ပြင်သစ်ချိုပင် သချိုင်းဇရိယာသို့ ရောက်မှန်းမသိရောက်ခဲ့၏။ လမ်းဘေးဝဲယာရှိ ကုက္ကိုပင်၊ မန်ကျည်းပင်ကြီးများ၏ အရိပ်အောက်တွင် တစ်ယောက်တည်း လျှောက်လှမ်းနေသူက ကိုစိုးချိန်ရယ်ပါ။ သချိုင်းကုန်းကိုကျော်လျှင် ပေတစ်ရာလမ်းမပေါ် ရောက်တော့မည်ဖြစ်၏။ တဖြည်းဖြည်း လျှောက်လာရင်း လရောင်မှိန်မှိန်အောက်မှာ အဆောက်အအုံတစ်ခုကို မြင်လိုက်ရ၏။ သူ့ဇော က အရှိန်ကျစပြု သည့် အရက်ရှိန်ကို မြှင့်ရန်ပင်ဖြစ်၏။ ဇရပ်ရှိလျှင် ရေရှိရမည်ဟူသော အသိက ကိုစိုးချိန် ရင်ထဲမှာ အပြည့်။

သို့နှင့် အဆောက်အအုံအတွင်း ဝင်လိုက်သည်။ သူတွေးထင်ထားသလို ရေအိုးစင်လေးက အုန်းမှုတ်ခွက်လေးနှင့် အဆင်သင့်ပင် တွေ့ရ၏။ ကိုစိုးချိန် နီးရာအုတ်ခုံပေါ်တွင် သူ့ပစ္စည်းများကို ချကာ ရေတစ်ခွက် ခပ်လိုက်၏။ ပြီး အရက်ပုလင်းကို ပုလင်းလိုက် မော့သောက်ကာ ရေရောလိုက်သည်။

"ဟူး . . . အခုမှ နေသာထိုင်သာ ရှိသွားတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com

**ရုပ်ရည်တွေကလည်း ဆိုးလိုက်တာဟု မှတ်ချက်ချမိ၏။ မျက်စိစွေတဲ့လူက စွေ၊ ပြူးတဲ့လူက ပြူး၊ ပါးစပ်က ရွဲ့လိုရွဲ့၊ နှာခေါင်းကလည်း ကြီးတဲ့သူကကြီး၊ သေးတဲ့သူက သေးနဲ့ပါလား။ ကိုယ်နေဟန်ထားတွေကလည်း တချို့က ပုကွကွ၊ တချို့က ပိန်ပိန်ရှည်ရှည်၊ လက်ပြင်ကုန်းနေသူတွေလည်း ပါသေး...**

**"အို...တယ်လဲ အကျိုးပေးနည်းကြသူတွေပါလား"**

ကိုစိုးချိန်သည် အင်ဖက်ဖြင့်ထုပ်ထားသော ဝက်ခေါင်းသုပ်ထုပ်ကို အုတ်ခုံပေါ်တွင် ဖွင့်ချကာ တစ်ဖတ်ယူမြည်းလိုက်၏။

"ဖွီ... ဒီတရုတ်စုတ် ချဉ်ငန်စပ်ပါဆို အချဉ်က ပါတယ်ဆိုရုံပါလား၊ ချိုးမှုပဲ"ဟု အလင်းဆိုင်က အဖော်ကို တစ်ချက်ဆဲလိုက်၏။ ပြီးမှ ပတ်ဝန်းကျင်ကို လှေလာလိုက်သည်။

"ဩော်.. သင်္ချိုင်းက သရဏဂုံတင်ရာ ဇရပ်ပါလား"ဟု သိလိုက်သည်။ သူ့အဖို့ ဘာမှမဆန်းပါချေ။ ဒီဇရပ်ကို အခုမှ ရောက်ဖူးသည် မဟုတ်။ ရွှေဘိုမှ ပြန်လာတိုင်း ဝင်နေကျ ထွက်နေကျ မဟုတ်ပါလား။ အများတကာမှ နေဝင်ဖျိုးဖျအချိန်ဆိုရင်တောင် မဖြတ်ဝံ့ကြတော့။ သူ့အဖို့က အိပ်စရာ၊ နေစရာ ဂေဟာတစ်ခုပင်။

ကိုစိုးချိန်သည် အရက်ကို ပုလင်းလိုက်မော့ပြီး အမြည်းစားလိုက် ရေသောက်လိုက်နှင့် ဇိမ်ကျနေ၏။ တစ်နာရီခန့်ကြာလျှင် တစ်ရေးတမောအိပ်ပြီးမည်ဟုကြံကာ ခါးမှာ စလွယ်သိုင်းထားသော ပုဆိုးကိုဖြုတ်၍ အုတ်ခုံလေးကို ဖုန်ခါနေ၏။

ခေါင်းကို ငဲ့စောင်းကာ ဘေးပတ်ဝန်းကျင်ကိုမျက်စိကစားလိုက်သည်။ လူလေးငါးယောက်ခန့် ဇရပ်ဝတွင် တွေ့လိုက်ရ၏။ ဟိုတစ်စု၊ ဒီတစ်စု တွတ်ထိုးနေကာ ခေါင်းချင်းဆိုင်နေကြ၏။ ဇရပ်ထဲကိုမူ ဝင်မလာကြပါ။

ကိုစိုးချိန်က သူတို့ဘက် လှည့်ကြည့်ရင်း ဖိတ်ခေါ်လိုက်၏။ ထိုအခါ အသက် အတော်လေး ကြီးပုံရသော လူကြီးတစ်ယောက် သူ့ဆီ ဝင်လာပါသည်။ သူ့နောက် သူ့လူတွေကလည်း မဝံ့မရဲနှင့် ပါလာကြ၏။ သူတို့အားလုံး ဆံပင်ဖုတ်သိုက်တွေနှင့် ပါတကား။

"ဟား ဟား ... ကျုပ် သိပြီ၊ ခင်ဗျားတို့ စိုးချိန့် ဆံသ ဆံသ စိုးချိန်ဆီ ဆံပင်ညှပ်ဖို့ လာကြတာ မဟုတ်လား၊ ရတယ်ဗျာ၊ ကျုပ်ကလဲ ဆံပင်ညှပ်ရမယ်ဆို အချိန်မရွေး နေရာမရွေးဘဲ" ဟု ပြောဆိုရင်း သူ့ဆံပင်ညှပ်ပစ္စည်းများကို တစ်ခုချင်းထုတ်ကာ အုတ်ခုံလေးပေါ်တွင် စီပါတော့သည်။

ဝင်လာသည့် လူကြီးက ခေါင်းတစ်ချက်ညိတ်ကာ သူ့လူများကို ကြိမ်တုတ်ငယ်လေး တစ်ချောင်းနှင့် တို့၍ တန်းစီစေပါ၏။ ဆံပင်ညှပ်မည့်သူ လူများကလည်း ကြောက်ရွံ့ လေးစားဟန်ပြုကာ ဣန္ဒြေရရတန်းစီရပ်ကြပါသည်။ ကိုစိုးချိန်သည် လူအားလုံးကို အကဲခတ်လိုက်၏။ ဒီလူတွေ ဘယ်လိုလူတွေပါလိမ့်။ ရုပ်ရည်တွေကလည်း ဆိုးလိုက်တာဟု မှတ်ချက်ချမိ၏။ မျက်စိစွေတဲ့လူကစွေ၊ ပြူးတဲ့လူကပြူး၊ ပါးစပ်က ရွဲ့လိုရွဲ့၊ နှာရွက်ကလည်း ကြီးတဲ့သူက ကြီး သေးတဲ့သူကသေးနဲ့ပါလား။

ကိုနေ ဟန်ထားတွေကလည်း တချို့က ပုကွကွ၊ တချို့က ပိန်ပိန်ရှည်ရှည်၊ လက်ပြင်ကုန်းနေသူတွေလည်း ပါသေး။ အို... တယ်လည်း အကျိုးပေး နည်းကြသူတွေပါလားဟု အောက်မေ့လိုက်၏။

ဒီကြားထဲ အနံ့အသက်ကလည်း ညှီစို့စို့ နံသေး၏။ အေးလေ ငါတောင် အရက်မူးလွန် ရေမချိုးမိရင် ချဉ်စုတ်စုတ် နံသေးတာပဲဟု သည်းခံလိုက်၏။

"ကဲ ... ခင်ဗျားတို့ကို ကျုပ် ဆံပင်ညှပ်ပေးမယ်၊ ကျုပ်က တစ်ခေါင်းကို ငါးမူးယူတယ်၊ ဒါပေမဲ့ အခု တစ်ဝက်ဈေးနဲ့ပဲ ညှပ်ပေးမယ်၊ တစ်မတ်နဲ့ပေါ့ဗျာ၊ ကျုပ် အလုပ်ကိစ္စတစ်ခု အောင်မြင်လာတဲ့ အထိမ်းအမှတ်အဖြစ် ဈေးလျှော့လိုက်တယ် ဆိုကြပါစို့"

ကိုစိုးချိန်သည် အုတ်ခုံပေါ်သို့ လူတစ်ယောက်ကိုထိုင်စေလျက် အပေါ်ခြုံလွှာကို လွှမ်းပေးလိုက်၏။ တဖြည်းဖြည်းချင်း စိတ်ရှည်လက်ရှည် ညှပ်ပေးနေမိ၏။ ခေါင်းကို ကိုင်တွယ်ရသည်မှာ မီးမရှိ ဘာမရှိ လရောင်အားကိုးနှင့်မို့ သိပ်မတွင်ကျယ်လှပါ။

ဘာပဲဖြစ်ဖြစ် စိုးချိန်ပဲ ဖြစ်ရမှာပေါ့ဟု မာန်တင်းထားလိုက်၏။ ထိုစဉ်တွင် အပြင်မှ ရုတ်ရုတ် ရုတ်ရုတ်နှင့် လူတစ်စု တိုးဝင်လာသည်ကို တွေ့လိုက်ရပြန်သည်။ အံ့မယ် ယူနီဖောင်းတွေနဲ့ ရဲဘော်တစ်စုပါလား။ သူတို့က အရင်လူစု၏ခေါင်းဆောင် အသက်ကြီးကြီး ပုဂ္ဂိုလ်ကိုပင် ပမာမခန့် အမူအရာနှင့် မျက်နှာ ခပ်တင်းတင်းထား ကြည့်ကြသည်။

ကိုစိုးချိန်က ဆံပင်ညှပ်နေသည်ကို ခေတ္တရပ်နားထားရင်း ....

"ရဲဘော်တို့ စည်းကမ်းရှိကြပါ၊ အရင်လူ အရင်၊ နောက်လူ နောက်ပဲ" ဟု ဩဝါဒ ပေးလိုက်၏။

ပါးစပ်ချဉ်လာဟန်ဖြင့် ဆေးလိပ်ကို မီးညှိလိုက်၏။ တစ်ဆက်တည်း ကြေးဝါမီးခြစ်ကြီး၏ မီးတောက်ကိုမှုတ်မငြိမ်းသေးဘဲ မြှောက်ကာ ထိုသူများ၏ မျက်နှာကို စစ်လိုက်သည်။

အံ့မယ် .. တခြားသူတွေမှတ်တယ်၊ ကိုယ့်လူတို့ကိုး။ ဟိုဘက်က



www.burmeseclassic.com

www.burmeseclassic.com

အကောင်က ရှေးဦး ရဲဘော်ဖြူ ဗိုလ်စိုးညွှန့်ရဲ့တပ်ကပဲ။ ဒီဘက်ကအကောင်က ဖွတ်လှိုင်းရွာ အလံနီ ဗကြည်တပ်က ပါလား။ အင်း. . . ဒီကောင်ကလေးကတော့ သီးလုံးနှမသစ်ရွာက တပ်နီ ဗိုလ်ရဲညွှန့်ရဲ့လူ။

"ခင်ဗျားတို့တစ်တွေ ဘယ်လိုများဆုံလာကြတာလဲဗျာ၊ ဩော် ဩော် . . . ဟိုနောက်နားက လူတွေက ရွှေဘို UMP (ပြည်ထောင်စုစစ်ရဲတပ်)တပ်က ဗိုလ်ကျန်ရဲ့တပည့်နဲ့ ရွှေဘိုတိုက်ခိုက်ရေး ရဲဗိုလ်ပေတေး တပည့်တွေပါလား၊ အမယ် အမယ် ဟိုမှောင်ခိုနေတဲ့ကောင်တွေက လဲဗီးနဲ့ ပြူစောထီးတပ်ကကောင်တွေပါလား။ မင်းတို့က ဘယ်သူ့တပည့်တွေလဲ၊ မင်းတို့မလဲ ခုထိယူနီဖောင်း မရှိ၊ ဘာမရှိ ပုဆိုးကွင်းသိုင်းဝတ်နဲ့ နေရတုန်းပဲကိုး"

ကိုစိုးချိန်သည် တန်းစီနေသည့် ရဲဘော်များရှေ့၌ တပ်မှူးသဏ္ဍာန်ဟန်ပန်ကိုယူကာ လမ်းလျှောက်ရင်း မိန့်ခွန်းချွေနေ၏။

"ကဲ. . . ကဲ ရှိစေ၊ ဘယ်သူတွေပဲဖြစ်ဖြစ် ကျုပ်တာဝန် ကျုပ်လုပ်ရမှာပဲ၊ ရဲဘော်တို့ကိုတော့ ကျုပ် ဆံသခမယူဘဲ အလကားညှပ်ပေးမယ်၊ ရဲဘော်တို့ကလဲ ပြည်သူ့အတွက်လို့ အမြဲပြောနေတော့ ကျုပ်ကလဲ ပြည်သူ့ဘက်ကနေ ရဲဘော်တို့အတွက် ပြန်ကူညီတဲ့သဘောပေါ့ဗျာ"

ကိုစိုးချိန်တစ်ယောက် အရက်တစ်ခွက် မော့လိုက် ဆေးလိပ်တစ်ရှိုက်ဖွာလိုက်နှင့် ဆံပင်ညှပ်နေ၏။ အရက်ခပ်မူးမူး ခပ်ထွေထွေနှင့်ဆိုတော့ သေသပ်မှုကို ဂရုမစိုက်နိုင်ခဲ့။ အမြန်ပြီးစီးရေးသာ ရှေ့ရှုရတော့၏။

ဒီလိုနှင့် ည ၃ နာရီကျော် ၄ နာရီ ထိုးခါနီးတွင် အဖွဲ့ခေါင်းဆောင် အသက်ကြီးပုဂ္ဂိုလ် တစ်ဦးတည်းသာ ကျန်တော့သည့်အဖြစ် ရောက်ရှိလာတော့၏။

"ကဲ. . ဦးလေးကြီးရေ ကျုပ်လဲ လက်အံသေနေပြီ၊ ခင်ဗျားက နောက်ဆုံးလူဆိုတော့ မဖြီးမှာတော့ မပူရတော့ပါဘူး၊ ကျုပ် အရက်လက်ကျန်လေး အပြီး ချလိုက်ဦးမယ်၊ ခေတ္တစောင့်ဗျာ ဟတ်ပတိုင်းပေါ့"

ကိုစိုးချိန်သည် ပုလင်းထဲမှ လက်သုံးလုံးခန့် အရက်လက်ကျန်ကို အရှိန်ထိုး မော့ချလိုက်ရင်း အမြည်းကိုလည်း လက်စတုံးစားလိုက်၏။ ပြီး ဆံညှပ်ကိုက်ကိုယူကာ ညှပ်တော့၏။

ထိုပုဂ္ဂိုလ်ကြီး၏ ငယ်ထိပ်မှစတင်၍ နောက်စေ့ရောက်အောင်ကိုက်ကို တရှိန်ထိုး ထိုးချလိုက်၏။ ပြီး ညာနားရွက်ဘေးမှ ငယ်ထိပ်ကို ဖြတ်ကျော်ပြီး ဘယ်နားရွက်နားထိ ကန့်လန့်ဖြတ်တစ်ချက် ထိုးလိုက်ပြန်သည်။

"ဦးလေးကြီးရေ . . . ဦးလေးကြီးက လူကြီးဆိုတော့ ကတုံး တုံးတာပဲ ကောင်းပါတယ်ဗျာ၊ ကျုပ် သင်တုန်းဓားကလဲ ခပ်တုံးတုံးဖြစ်နေပြီ၊ ကိုက်နဲ့ အရင်ထိုးပြီးမှ ဓားက နောက်ကလိုက်ရမှာ" ဟု ပြောရင်း မောလိုက်တာဗျာ ဆိုကာ အုတ်ခုံတန်းလေး၏ နောက်မီဆီသို့ ကိုယ်ကို ပစ်လဲလိုက်ရင်း မှီချလိုက်၏။

အရက်ရှိန်ကလည်းမြင့် အိပ်ရေးကလည်း ပျက်ထားသည်မို့ ကိုစိုးချိန်တစ်ယောက် ပြန်မထနိုင်တော့ဘဲ ဇက်ကျိုးကျကာ တခူးခူးနှင့် အိပ်ပျော်သွားတော့၏။

ကိုးစိုးချိန် အိပ်ရာမှနိုးသောအချိန်တွင် မနက် မိုးကျဲကျဲလင်းနေပြီဖြစ်၏။ မြို့တက် ထင်းရောင်းသွားကြသည့် လှည်းသမားများကမူ ကိုစိုးချိန်ကို ဒီလိုမျိုး မကြာခဏ တွေ့နေကျမို့ အမှုမဲ့ အမှတ်မဲ့ပင် ဖြတ်သန်းသွားကြ၏။

ကိုစိုးချိန်သည် ဒီထက် နေမြင့်လျှင် ဒီထက် အရှက်ကွဲမည်ကို သိသောကြောင့် ပစ္စည်းလေးများကို ကပျာကယာ သိမ်းရပြန်သည်။ အုတ်ခုံပေါ်တွင် ပြန့်ကြဲနေသော ငွေမတ်စေ့လေးများကို အမှတ်တရပင် ကောက်ယူခဲ့မိသည်။ လွန်ခဲ့သည့်ညက အဖြစ်အပျက်များကို စဉ်းစားကြည့်သော်လည်း ရေရေရာရာ တိတိကျကျ မသိတော့ပါ။ သည်မတ်စေ့လေးများကတော့ သူ့လုပ်အားခ ဖြစ်မှာပါဟုသာ သဘောထားလိုက်ရတော့၏။

ဒီလိုနှင့်ပင် ကိုစိုးချိန် ဆိုင်ပြန်ရောက်၊ တစ်နေကုန်အသောက်သံသရာလည်ရင်း တစ်မိုးချုပ်ခဲ့ပြန်လေပြီ။ ညနက်သည်ထိ အရက်ကို တစိမ့်စိမ့်သောက်ရင်း လသာည၏ အေးမြသောအတွေ့ကို ခံစားကြည်နူးနေ၏။

လကလည်း လဆန်းရက်မို့ ညနက်လေ မြင့်တက်လေဖြစ်ကာ ဘော်ငွေရောင် အလင်းကို ဖြန့်ဖြူးပေးနေတော့၏။ ကိုစိုးချိန်သည် ခြေညောင်းလက်ဆန့် ကန်ဘောင်ရိုးပေါ်တွင် လမ်းလျှောက်နေမိ၏။

ထိုစဉ်တွင် ရွှေဘို ကားလမ်းဘက်မှ လရောင်ဖွေးဖွေးကို ကျောပေးပြီး လူတစ်ဦးတက်လာ၏။ ဒီအချိန်မျိုး ဘယ်လိုလူမျိုးကများ ဘာကိစ္စ လာရပါလိမ့်ဟု စဉ်းစားနေမိသည်။ ထိုသူသည် တဖြည်းဖြည်းနှင့် တက်လာရာ မကြာမီပင် သူတဲအနီးသို့ ရောက်လာတော့၏။

ကိုစိုးချိန် ဂရုတစိုက်ကြည့်လိုက်မိ၏။ ရုတ်ချည်း သတိတစ်ခု ရသွားပါသည်။

"ဟာ. . . ဦးလေးကြီးပါလားလာဗျာ၊ ကျွန်တော် မနေ့ညက အမူးလွန်သွားလို့ တာဝန်မကျေ ဖြစ်သွားရတာကို ခွင့်လွှတ်ပါ၊ အခု ကျွန်တော်ကောင်းကောင်း လုပ်ပေးပါမယ်"

ကိုစိုးချိန်သည် သူ့ဆံသကိုက်နှင့် လေးကွက်ကြား ထိုးပေးထားခဲ့သော ပုဂ္ဂိုလ်ကြီးကို ပျာပျာသလဲတောင်းပန်နေမိ၏။

ထိုပုဂ္ဂိုလ်ကြီးမှလည်း စကားပြန်မပြောဘဲ ပြုံးရုံ ပြုံးပြကာ ဆံသကုလားထိုင်တွင် ဝင်ထိုင်လိုက်ပါတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

ကိုစိုးချိန်က လသာမှန်အိမ်လေးကို အမြန်ထွန်းကာ သူ့လုပ်ငန်းကို စတော့၏။ သင်တုံးဓားကို သားရေပြားတွင် ခတ်ကာခတ်ကာ သွေးရင်း ကတုံးတုံးပါတော့သည်။

မကြာမီ ပြီးစီးသွား၏။

"ကဲ . . . ဦးလေးကြီးရေ ကျွန်တော် တာဝန်ကျေပါပြီနော်" ဟု ကိုယ်ကို ကိုင်းညွတ် အရိုအသေပြုရင်း ခြုံလွှာကိုဖြုတ်လိုက်၏။ တင်ကျန်နေသော ဆံစများကိုလည်း တဲအပြင်ဘက် ထွက်ကာနေစဉ်ပင် ထိုပုဂ္ဂိုလ်ကြီးသည်သူလာလမ်းအတိုင်း ပြန်ဆင်းသွားပါတော့၏။

"ကိုစိုးချိန် အိပ်လှချည်လား၊ နေတောင်အတော်မြင့်နေပြီပဲ၊ ဟိုပိတောက်ခေါင်း ရွာသူတွေ ခင်ဗျား တဲဘက် မကြည့်ဘဲ မျက်နှာလွှဲပြီး ခပ်သုတ်သုတ်လေး ဆင်းသွားတာ တွေ့လိုက်ရလို့ ဘာများလဲလို့"

"ခင်ဗျားသာ မလာရင် ဘယ်အချိန်ထိများ အိပ်မိနေမလဲ မသိဘူး"

"ကဲ ကိုစိုးချိန် လေကုန်ခံမနေနဲ့ မျက်နှာမသစ်ခင် ကြိုလိုက်ဦး၊ နို့မို့ရင် ရွာထဲဆင်းနေရဦးမယ်"

ကိုငြိမ်းဆောင် ပေးလာသော ဒီလိုအားကိုးရမှုဟုလည်း ဘဝင်ကျနေမိသည်။ ကိုစိုးချိန် ရေတစ်ခွက် ခပ်သောက်သည်။ ခေါင်းဘီးကို အခန့်သင့်တွေ့ရ၏။ သူ့အနီးတွင် ကတ္တီပါရှုံ့ကြိုးတပ်အိတ်လေးတစ်ခုပါ မြင်လိုက်ရ၏။ ဘယ်သူ့ ပစ္စည်းပါလိမ့်။ သူ့ပစ္စည်းတော့ မဟုတ်မှန်း သေချာသည်။

ကတ္တီပါအိတ်လေးကို ယူလိုက်ရင်း လေးတွဲ့တွဲ့အထိအတွေ့ကို ခံစားလိုက်ရသည်။ ဘာတွေများပါလိမ့်ဟု စဉ်းစားမိသည်။

"ခင်ဗျားက ဈေးမှာဖို့ စုဘူးဖောက်တော့မလို့လား၊ နည်းနည်းပါးပါးဆို ကျုပ်ပဲ စိုက်ခဲ့ပါ့မယ်ဗျာ"

"မဟုတ်ပါဘူးဗျာ၊ ညက ဧည့်သည်များ ကျန်ခဲ့လေသလား စဉ်းစားနေတာ"

ကိုစိုးချိန်သည် ကတ္တီပါအိတ်လေးကိုဖြည်ကာ ခုံစောင်းပေါ်သို့ သွန်ချလိုက်၏။ တချွင်ချွင် မြည်သံများနှင့်အတူ ရွှေဒင်္ဂါးပြား ဆယ့်လေးငါးခုခန့် ကျလာပါသည်။

ရပ်ကြည့်နေသော ကိုငြိမ်းဆောင် တစ်ယောက် အံ့အားသင့် မျက်လုံးပြူးသွား၏။

"ဟာ ရွှေဒင်္ဂါးတွေပါလား . . . တန်ဖိုးကတော့ နည်းမယ်မထင်ဘူးဗျို့ ခင်ဗျားတော့ ပွပြီ"

ကိုစိုးချိန်သည် မနေ့ညက ကတုံးတုံးပေးလိုက်သော ဟိုဦးလေးကြီး၏ သွားခါနီး လက်ညှိုးထိုးပြခဲ့သော အပြုအမူကို သတိရလိုက်မိ၏။

သူက ဆံပင်ညှပ်ဖိုး ထားခဲ့တယ်ဟု ပြောလိုဟန်ရှိမှန်း အခုမှ စဉ်းစားမိတော့သည်။

"ကဲ ကိုစိုးချိန် ဒါတွေကို ခင်ဗျားဘယ်လို ကိုင်တွယ်မလဲ၊ ကျုပ်ကိုလဲ ဖြစ်ကြောင်းကုန်စင် ပြောပြဦးလေဗျာ"

ကိုစိုးချိန်သည် ကိုငြိမ်းဆောင်အား အခုတစ်ရက်နှစ်ရက်အတွင်း ဖြစ်ပျက်ခဲ့သမျှကို အသေးစိတ် ပြောပြလိုက်၏။

ကိုငြိမ်းဆောင် ပါးစပ်ကြီး ဟပြီး တအံ့တဩ ဖြစ်နေတော့၏။

"အလိုလေး . . . ကိုစိုးချိန် အခု ခင်ဗျား ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တွေဟာ အခြားလူတွေသာဆို လိပ်ပြာလွင့်ပြီး သေလောက်ပြီ၊ ခင်ဗျား ပရလောကသားတွေနဲ့ တွေ့ခဲ့ရတာဗျ။ ဖုတ်၊ တစ္ဆေ၊ မြေဘုတ်ဘီလူး၊ သရဲ၊ သဘက်တွေတင်မကဘူး၊ ကျုပ်အထင် သိုက်က ပုဂ္ဂိုလ်တွေတောင်ပါသေးတယ် ထင်တယ်ဗျာ၊ အခု ခင်ဗျားကို ရွှေဒင်္ဂါးပေးတဲ့သူက သိုက်က ဖြစ်မယ်ဗျ"

"ကိုငြိမ်းဆောင်ကလဲ ကျွန်တော်သိသလောက်ပြောရရင် သိုက်ကလူတွေက အဆင့်မြင့်တယ်ဆို အခုဘာပြုလို့ တစ္ဆေသရဲ အပျိုမလေးတွေကို လာပိုးနေသလားမှ မသိတာ"

ကိုငြိမ်းဆောင်ဟာ သစ္စာဖောက်ရင်း ပြောလိုက်၏။

ပြီးမှ ဆက်၍ . . .

"ကဲ . . . ဒါတွေထားပါတော့ ကိုစိုးချိန်၊ အခု ခင်ဗျားလုပ်ရမှာက ဒီရွှေတွေကိုထုခွဲပြီး သူတို့အတွက် ကောင်းမှုကုသိုလ် တစ်ခုခုလုပ် အမျှအတန်း ဝေပေးဖို့ပဲ၊ ခင်ဗျားလူကြီးကလဲ ဒီလိုလုပ်စေချင်လို့ ဒါတွေပေးခဲ့တာ ဖြစ်မှာပါ၊

ခင်ဗျားနှမနဲ့ ယောက်ဖကို အခုသူတို့ ထန်းလျက်အစုပေးလုပ်နေတဲ့ ထန်းတောလေး ဝယ်ပေးလိုက်ဗျာ၊ လယ်ပွဲလေးလဲ နှစ်ဧကေ သုံးဧကလောက် ထပ်ဖြည့်လိုက်ဦး၊ နောက် ခင်ဗျားတူလေးတွေလဲ ရှင်ပြုပေးလိုက်ပေါ့"

ကိုငြိမ်းဆောင်ကြီးသည် ပီတိဝေဖြာနေသော အပြုံးကြီးဖြင့် သူ့စိတ်ကူး သူ့စီမံကိန်းများကို တောက်လျှောက်မမောတန်း ပြောပြနေ၏။ ကိုစိုးချိန်က ခေါင်းလေး တညိတ်ညိတ်ဆက်ရင်း စဉ်းစားနေသည်။

"အေးဗျာ ကိုငြိမ်းဆောင် . . . ခင်ဗျား အခုပေးတဲ့ အကြံဉာဏ်တွေ ကျွန်တော်အားလုံးလက်ခံတယ်၊ နောက်ထပ် ကျွန်တော် တိုးလိုက်ချင်တာ ရွာဦးကျောင်း ဘုန်းကြီးရဲ့ကဆွန်လေးလဲပြင်၊ ဘုန်းကြီးကိုလဲ နဝကမ္မ ဝတ္ထုငွေလေး ကပ်ချင်သေးတယ်၊ ဒါတွေ ခင်ဗျားပဲ တာဝန်ယူပြီး လုပ်လိုက်ဗျာ၊ ဒီရွှေတွေကိုလဲ ခင်ဗျားပဲ မြို့တက်ရောင်းပေးပါ၊ ကျွန်တော် ခင်ဗျားကို လုံးဝယုံကြည်စွာ လွှဲအပ်လိုက်ပါတယ်"

ကိုစိုးချိန်သည် ကတ္တီပါ ရွှေထုပ်လေးအား ကိုငြိမ်းဆောင်၏ လက်ထဲသို့ ထိုးထည့်ပေးရင်း သူသွားနေကျ ရွာထဲက မှတ်ကြီး အရက်ဆိုင်ရှိရာသို့ ညင်သာသော ခြေလှမ်းများဖြင့် ဖြည်းညင်းစွာ တစ်လှမ်းချင်းလှမ်းကာ ဣန္ဒြေရရ ဆင်းသွားပါလေတော့သတည်း။

❒ မောင်လှိုင်သစ်(မိုးကုတ်)

စာကိုး - ၁၉၅၆-ခုနှစ်က အခြေအနေကို မှီး၍ ရေးဖွဲ့ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း

ဆရာမဒေါ်ချိုချိုထိန်
သမားမှတ်ပုံတင်အမှတ်
ခ/၇၀၀၈



ကင်ဆာ၊ မြစ်ပွားနာ ၊
လေးဖက်နာအထူးကု
တိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၇၀၀၈ ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာမဒေါ်ချိုချိုထိန်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖုဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးနုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခိုင်၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘိုပိုး၊ စိပိုးရောဂါများကို သက်သာပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုးဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ်အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်းကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။ ကင်ဆာရောဂါသည် လူနာလည်း ဝေဒနာ ခံစားရ၊ မိသားစုလည်း စိတ်ဆင်းရဲရသည်ကို မိမိကိုယ်တွေ့ ခံစားခဲ့ရဖူးပါသည်။ ကျွန်မ ဆေးဆရာမ မဖြစ်ခင်က သားအိမ်ခေါင်း ကင်ဆာရောဂါကို ဖြစ်ပွားခဲ့ပြီး ထိုရောဂါသက်သာပျောက်ကင်းနိုင်ရန်အတွက် ဆရာပေါင်းစုံနှင့် ကုသမှုခံယူခဲ့ပြီး သားအိမ်ထုတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ဆေးသွင်းခြင်းများအထိ ပြုလုပ်ခဲ့သော်လည်း ကျွန်မ၏ရောဂါမှာ မသက်သာလာဘဲ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားလာပြီး ပုပ်စော်နံသည်အထိ ဖြစ်လာခဲ့ပါသည်။ ထို့နောက် မိတ်ဆွေတစ်ဦး၏ အကူအညီကြောင့် မြန်မာ့တိုင်းရင်းဆေးဆရာတစ်ဦးဖြင့် ကုသခဲ့ရာ သက်သာပျောက်ကင်းသွားခဲ့သည်မှာ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကျွန်မကို ကုသပေးသော ဆရာ၏တိုက်တွန်းချက်နှင့် ကျွန်မခံစားခဲ့ရသည့် ယခုဖြစ်ပေါ်နေသော ကင်ဆာရောဂါ ဝေဒနာရှင်များကို ကိုယ်ချင်းစာပြီး သက်သာပျောက်ကင်း စေချင်သောစိတ်ဖြင့် ထိုတိုင်းရင်းဆေးနည်းပညာကို သင်ယူခဲ့ပါသည်။ မိမိကိုယ်တိုင် ကိုယ်တွေ့ခံစားခဲ့ရသည့်အတွက် ဝေဒနာရှင်များကိုလည်း နွေးထွေးပျူငှာစွာ အမြန်တကာ့ အမြန်ဆုံး သက်သာပျောက်ကင်းအောင် ကုသပေးနေပါသည်။ ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာမထံသို့ လာရောက်ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှု ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာမထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

**ဆေးခန်းတည်နေရာ** – ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**လမ်းညွှန်** – ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။


**ဆက်သွယ်ရန်ဖုန်း** – ၀၉–၇၃၀၆၁၆၇၃ ၊ ၀၉–၅၁၉၉၉၃၆၈၊ ၀၉–၇၃၂၄၄၈၆၀၊ ၀၉–၇၃၂၄၄၇၁၇၊ ၀၁–၇၀၀၆၄၄





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ဝန်းကျင်က သာယာနေသည် . . . .

သာယာနေသည်ဟု ထင်နေမိသော သူ၏ မျက်ဝန်းများသည် မှုန်ဝါးနေဆဲသာ ဖြစ်သည်။ သူသည် ထူးခြားသော ဝန်းကျင်ကို ကြည့်ရင်း ရှိသည်။ ကြည့်စမ်း။ ခပ်မြင့်မြင့် တောင်တန်းတွေ၊ သစ်ပင်ကြီးငယ်တွေ၊ လျှိုမြောင်တွေ . . . ဒါတွေ အားလုံးကို သူကြည့်နေသည်။

တကယ်တော့ သူသည် တောင်ကုန်းဆိုတာ မသိ။ တောတန်းကြီးဆိုတာ မသိ။ သူ ရပ်တည်နေသည့်အရာကို မြေကြီးဆိုတာ မသိ။ သူ့အထက်က ပြာလဲ့လဲ့ ကောင်းကင်ဆိုတာလည်း သူ မသိ။ ပြီးတော့ လျှိုမြောင်၊ ချောင်းမြောင်းဆိုတာလည်း၊ စိမ်းစိုတယ် ဆိုတာလည်း သူ မသိ။ သူသိသည်က. . . သူသည် အကောင်တစ်ကောင် ဖြစ်သည်ကိုသာ သိသည်။ သူ လှုပ်ရှားလို့ ရသည်ကိုသာ သိသည်။ သူ့မျက်လုံးတွေ အရာအားလုံးကို မြင်နိုင်စွမ်းရှိသည်ကိုသာ သိသည်။ သူ၌ ပါသည့် ပါးစပ်ဆိုတာ ပိတ်လို့ ဖွင့်လို့ရသည်ကိုသာ သိသည်။ ပြီးတော့ အသက်ရှူလို့ရသည့် နှာခေါင်း ပေါက်ပါသည်ကိုသာ သိသည်။

ဒါ . . . သူ့ခန္ဓာကိုယ်၊ ဒါ. . . သူ့မျက်လုံး၊ နား၊ ပါးစပ်၊ နှာခေါင်းဆိုတာ သူ မသိခဲ့။ သူ သိသည်က သူ့ခန္ဓာကိုယ်



www.burmeseclassic.com

www.burmeseclassic.com

သည် ရှည်ရှည်မျောမျောဆိုတာ သိသည်။ ရှည်ရှည်မျောမျော ခန္ဓာကိုယ်သည် လှုပ်ရှားလို့ရသည်ကိုတော့ သိသည်။ ဒါကြောင့်လည်း သူက သူ့ခန္ဓာ ရှည်ရှည်မျောမျောကို လှုပ်ရှားကြည့်သည်။ အမြီးပိုင်း၊ ခါးနှင့် ခေါင်းပိုင်းတို့ လှုပ်ရှားလို့ ရသည်ကိုတော့ သူ သိသွားပြီ။

ဒီတော့ . . . သူ ပျော်သွားသည်။

ပျော်သွားလို့လည်း သူ့မျက်လုံးများကို အားယူပြီး ဝန်းကျင်ကို ကြည့်နေသည်က အငမ်းမရ၊ အသက်ရှူသည်ကို လည်း တရှိုက်မက်မက်။ သူ၏ နှစ်ခွပါသော ပါးစပ်ထဲက လျှာကိုလည်း ပြူတစ်ပြူတစ် လုပ်နေသည်က ခပ်သွက်သွက်။ သူ သိသည်က . . . သူ အသက်ရှင်နေသည်။ လှုပ်ရှားရနေသည်ကို သိသည်။ လှုပ်ရှားရလို့လည်း သူ အသက်ရှင်နေသည်ဟု သူ့ကိုယ်သူ သိသည့်အချိန်၊ သူသည် ကျေနပ်သွားသည်။ လက်ရှိအချိန်မှာတော့ သူ့ကိုယ်ခန္ဓာ လှုပ်ရှားရသည်။ ဝန်းကျင်ကို မြင်တွေ့နေရသည်ကိုသာ သိသေးသည်။

သူသည် လူးလွန့်ရင်း ဝန်းကျင်ကို ထပ်ဆင့် အကဲခတ်လိုက်တော့ သူ့မိဘတွေနဲ့အတူ သူနှင့်ရွယ်တူ၊ အရောင်တူ၊ အကောင်တွေကို တွေ့ရသည်။ ဒီတော့ သူတွေးသည်က ဒီနေရာ၊ ဒီဝန်းကျင်၊ ဒီတော၊ ဒီတောင်၊ ဒီလျှိုမြောင်၊ ဒီအရပ်သည် သူ့မိဘတွေ၊ သူ့ဆွေမျိုးတွေ စဉ်ဆက်နေခဲ့သည့် တောတောင်ဆိုတာ သူ သိသလိုတော့ရှိသည်။

သို့သော် ဒီအကြောင်းတွေက အရေးမကြီး။ သိဖို့ မလိုသေး။ သက်ရှိလောကမှာ သူ ရောက်လာသည် ဆိုကတည်းက၊ သူ လှုပ်ရှားလို့ ရခြင်းကို သူ ဝမ်းသာနေသည်။ သူ့လိုပင် အကောင် ပေါက်စလေးများက၊ ရှည်မျောမျော ခန္ဓာကိုယ်နှင့် လှုပ်ရှားနေသည်ကို သတိပြုမိသည်။ သူက ဟိုလှုပ်ဒီလှုပ်၊ ဟိုရွေ့ဒီရွေ့၊ ဟိုတိုးဒီတိုး။ အခြားအကောင် ပေါက်လေးတွေကလည်း သူ့လိုပင် ခေါင်းတည်ရာ အရပ်ကို ရွှေ့ကြည့်နေကြသည်။ မွေးကင်းစ သူတို့အဖွဲ့သည် သူ့လိုပင်



ဝန်းကျင်ကို သွေးတိုးစမ်းနေကြသည်။ လောကကို သွေးတိုးစမ်းနေကြသည်။ သူတို့ကိုယ်သူတို့ သွေးတိုးစမ်းနေကြသည်လေ။

ဒီအထဲမှာ . . . သူက အဆိုးဆုံး၊ အကောင်ပေါက်လေးတွေအထဲ သူက အသန်ဆုံး၊ သူက အသွက်ဆုံးလို ဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် သူသိသည်က သူ့ကို မွေးပေးခဲ့သူရှိသည်။ သူတို့နေသည့် ဝန်းကျင်ရှိသည်ကိုတော့ သူသိနေပါသည်။

သူ သိနေပါသည်။

သူသိနေသော အသိများသည် သူသိသည်ကို ထပ်ပြီး သိသည့် အသိများနှင့် ပေါင်းလိုက်တော့ သူသိနေသည်များသည် ပိုပြီး အသိကြွယ်လာသည်ဟု သူ သိရှိနားလည်လိုက်သည်။

သူ သိသည်က သူနှင့်အတူ သူ့လိုကောင်များကို နံနက်ခင်းအချိန် နေထွက်အံ့ ဆဲဆဲမှာ မွေးပေးခဲ့ကြသည်ကို သိပါသည်။ သူသည် နေမင်းဆိုတာ မသိ။ မနက်ခင်း၊ နေ့လယ်နှင့် ညနေဆိုတာ မသိ။ ပြီးတော့ သူ့ကို မွေးပေးခဲ့သည့် မိဘဆိုတာ မသိ။

သူသိသည်က သူ့ကိုယ်သူသာ သိသော အသိဖြစ်သည်။ သူသည် ဒီအသိနှင့် လူးလွန့်လှုပ်ရှားရင်း ရှိသည်။ သူတို့နေသည့် နေရာကြီးသည် အပင်ကြီးငယ်တို့ လွှမ်းမိုးထားပြီး ချိုင့်ကြီး အနီးရှိသည့် လိုဏ်ဂူအတွင်း ဖြစ်သည်။ သူသည်။ သူသည် လူးလွန့်ရင်းနှင့် လိုဏ်ဂူအတွင်း ကျောက်တုံး၊ ကျောက်ခဲတွေဆီ ရောက်သည်အထိ လူးလွန့်ခဲ့သည်။ အခြားအကောင်တွေလည်း သူတို့ သွားချင်ရာ သွားရင်း သူတို့ကိုယ်သူတို့ အားစမ်းနေသည်။

သူ . . . သက်ရှိလောကထဲ ရောက်ခဲ့တာ သိပ်မကြာသေး။ အချိန်သည် သူ့ဘဝအတွက် အာထားရာ၊ မျှော်လင့်ရာ ဖက်တွယ်ထားရာဆိုတာ မသိ။ သူသည် . . . ကြာလေ သန်မာလေ၊ လှုပ်ရှားလို့ ကောင်းလေလေ။

သည်တော့ သူသည် ပိုပြီး သွက်နိုင်သမျှ သွက်အောင် လှုပ်ရှားသည်။ လှုပ်ရှားရင်း သူသည် နောက်ပြန်လှည့်ပြီး ခေါင်းထောင်ကြည့်သည်။ တွေ့ရသည်က သူ့ကို မွေးပေးဥပေးခဲ့သည့် အမေ၊ အမေဆိုတဲ့ အမတစ်ကောင်၊ သို့သော် သူသိသည်က အမေဆိုတာကို မသိခြင်းဆိုသည့်အသိ။

“လူလေး . . . လူလေး တော်တော့၊ ပြန်လာခဲ့တော့ . . . အားလုံး ပြန်လာခဲ့ကြတော့”

ရုတ်တရက် သူ့အမေရဲ့ အသံကို ကြားလိုက်ရသည်။ သူသည် ဘာကြောင့်မှန်းမသိ။ လူးလွန့်နေသော သူ့ခန္ဓာကိုယ် ရပ်တန့်လိုက်ပြီး၊ နောက်ကြောင်း ပြန်လှည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေးလည်သည့် သဘောမျိုး။ သူ့လိုပဲ အခြားအကောင်တွေ အမေ့အနီး ပြန်လာကြသည်။

" လူလေးတို့ . . . အမေဆိုတာ မင်းတို့ကို ဥဥပြီး မွေးပေးခဲ့တဲ့ သူက ဟောဒီက အမေ ဆိုတာပဲနော်"

" အမေ . . . "

သူ . . . အမေ့ စကားအဆုံး အမေဟု သူ ခေါ်ကြည့်မိသည်။ အလွန်ခေါ်ကောင်းသည့် စကားလေး နှစ်လုံး။

"ကြော်. . . လောကမှာ အမေဆိုတာ သားသမီးတွေကို မွေးပေးကြတဲ့ကိုး၊ ဒါ့ကြောင့် . . . အမေလို့ ခေါ်ခဲ့ကြတာကိုး" သိပြီ။ သူ . . . သိသွားပြီ။

" အမေ . . . အမေ . . . ဟုတ်တယ်၊ အမေ"

သူ့ရင်ထဲ ကျေနပ်သွားသည် ပျော်ရွှင်သွားသည်။ သူ့မှာ အမေဆိုတာ ရှိတယ်ဆိုတာ သိသွားပြီ။ သူ . . . သူ့ အမေအနား တွားသွားခဲ့ရင်း သူ့ခန္ဓာကိုယ်ကို ခွေလိုက်သည်။ အခြား အကောင်တွေကလည်း ခွေခွေလေးတွေနှင့် ငြိမ်နေသည်။ ဒါကိုကြည့်ရင်း အမေ ပျော်နေပုံရသည်။

သူ . . . အမေ့ကို ကြည့်နေသည်။ ကြည့်ဆဲမှာပင် အမေသည် လူးလွန့်သွားသည်။ ကြီးမားသည့် တုတ်ခဲသည့် ရှည်လွန်းသော ခန္ဓာကိုယ်ကြီးကို ဆန့်ချလိုက်သည်။ အမေ့ကို ကြည့်ရင်း သူ အံ့အားသင့်သွားသည်။ "ကြည့်စမ်း" အမေ့ ခန္ဓာကိုယ်ကြီးက မနည်းမနောပါလား။ ကြည့်ရတာက အားရလိုက်တာ။ အားကျလိုက်တာ။

"ငါ တစ်နေ့ အမေ့လို ခန္ဓာကိုယ်မျိုး ဖြစ်လာမှာပဲ"

သူ ခွေရင်းတွေးသည်။ ထိုအချိန် အမေက ပြောသည်။

"သားတို့၊ ဟိုဂူပေါက်က လာနေတာ၊ အဲဒါ. . . မင်းတို့ရဲ့ အဖေ . . . အဖေဆိုတာပေါ့၊ ဖခင်ပေါ့ကွယ် နော်"

အမေ့ အသံကြောင်း သူ အခွေကိုဖြေပြီး အပေါက်ဝကို ကြည့်သည်။

"အဖေ"

သူ့ပါးစပ်က အသံ ထွက်သွားသည်။ ဒါဖေတဲ့။ စောစောက အမေတဲ့။ အခုလည်း . . . အဖေတဲ့။ ဒါဆိုရင် အဖေနဲ့ အမေပေါ့။ သူ အပေါက်ဝကနေ ခပ်ဖြည်းဖြည်း ဝင်လာသည့် အဖေဆိုသူထံ ကြည့်သည်။ ပိုပြီး အံ့အားသင့်ရသည်က အဖေသည် အမေ့ထက် ခန္ဓာကိုယ် တုတ်တုတ်ခဲခဲ ဖြစ်နေခြင်း။

သူ ကြည့်နေဆဲမှာပင် အဖေသည် ပါးစပ်မှာ အဆစ်တွေ ကိုက်ခဲပြီး လာနေသည်ကို သူ သိသလိုလို။

" အဲဒါ လူလေးတို့ စားဖို့ မင်းတို့ အဖေက စားစရာတွေ ယူလာတာလေ "

အမေက ပြောသည်။ အမေပြောမှ စားစရာ ဆိုတာကို သတိရသည်။ သူ့ဝမ်းသည် ဟာနေသည်။ ဆာနေသည်ကို သတိထားမိသည်။ သိသည်။

" ကဲ စားကြ . . . "

အဖေက သူ့ပါးစပ်ထဲက စားစရာဆိုသည်များကို ချပေးသည်။ ပြီးတော့ နောက်တစ်ခေါက် အပြင်ထွက်သွားပြန်သည်။ အဖေ ပြန်လာတိုင်း စားစရာအကောင်တွေ ပါလာသည်။ အမေ ပြောသည်မှာ စားစရာတွေက အကောင်တွေ ဖြစ်သည်။ ဖားတွေ ပါသည်။ ကြွက်တွေ ပါသည်။ ငှက်တွေ ပါသည်။ အခြားကောင်တွေ ပါသည်။

သူတို့အတွက် အစာရှာပေးသည့် အဖေက မောပန်းသွားပုံရသည်။ အမေ့အနား ခွေနေသည်။ အမေက သူတို့တွေကို စားပုံစားနည်း၊ ဝါးပုံဝါးနည်း၊ မျိုပုံမျိုနည်းကို ပြသည်။ သူတို့ အားလုံး အမေ့စကား နားထောင်ရင်း ကျေနပ်နေကြသည်။

တကယ်တော့ . . . .

သူ . . . သူ့အဖေ၊ သူ့အမေနှင့် သူ့ပေါက်ဖော်တို့သည် "မြွေ" ဟုခေါ်သည့် တွားသွား သတ္တဝါတွေထဲမှာမှ တန်ခိုးသြဇာ အကြီးဆုံး ငန်းတော်ကျား "မြွေ" တွေပင် ဖြစ်သည်။

သူတို့၏ ရှည်မျောမျော ကိုယ်ပေါ်မှာတော့ အနက်တစ်ရစ်၊ အဝါတစ်ရစ်နှင့် ဆက်ကာဆက်ကာ ဖြစ်နေသည်က သိပ်ပြီးထူးခြားနေသည်လေ။ သူတို့ကိုယ်ပေါ်က အဝါရောင်၊ အနက်ရောင် အရစ်များကို သူ သဘောကျသည်လေ။ သဘာဝက လက်ဆောင်ပေးလာသည့် ထိုအရောင်တွေက သူ့အတွက် သူ့အမျိုးတွေအတွက် ဂုဏ်ယူစရာ မကောင်းပေဘူးလား။ ဒီတော့ သူ့အတွက်ကတော့ သူ့အရောင်အဆင်းကို တမြတ်တနိုးနှင့် ရှိနေခဲ့သည်က နေ့စဉ်နဲ့အမျှ။

သူ လောကထဲ ဝင်ဆံ့လာတာ ရက်ကြာမြင့်ခဲ့ပြီ။ ကြာလာပြီ။

"ဟုတ်တယ်သား၊ ဒီဝန်းကျင်၊ ဒီတောတောင် ရေမြေမှာ သားတို့ အဖေက ခေါင်းဆောင်ပဲ၊ မြွေတွေ အားလုံးက ကြောက်ရတယ်၊ လန့်ကြရတယ်၊ အဖေ့ကို လန့်နေကြသလို အမေ့ကိုလဲ လန့်ကြတယ်လေ၊ ပြောရမယ်ဆိုရင် ဒီဝန်းကျင်မှာ သားတို့ အဖေက ခေါင်းဆောင်ပေါ့"

အမေက သူ့ကို ပြောသည်။ သူ အသံ နားထောင်သည်။ တကယ်တော့ သူသည် မွေးကင်းစလို မဟုတ်တော့။ တစ်ချိန်တုန်းကတော့ သူ့ခန္ဓာကိုယ် ခပ်သေးသေး၊ ခပ်ရှည်ရှည်လေး။ အခုတော့ အဖေနှင့် အမေ ရှာကျွေးတာ စားပြီး သူ့ခန္ဓာကိုယ်သည် အတော်ကြီးထွားလာသည်။ ဖွံ့ဖြိုးနေသည်။ အဖေနှင့် အမေက တာဝန်ကျေသည်။ မိဘ ပီသသည်။ မိဘဝတ္တရား ကျေသည်လေ။

ဘယ်တော့ဖြစ်ဖြစ် အဖေ အပြင်သွားပြီးလို့ ပြန်လာတိုင်း အစာတွေ ပါလာဆဲ။ သူတို့တစ်တွေ အလုအယက်



www.burmeseclassic.com

www.burmeseclassic.com

စားခဲ့ကြရဆဲ။ စားနည်း၊ ဝါးနည်း၊ မျိုနည်းကိုပါ အဖေက ပြပေးသည်။ အမေကလည်း သင်ပေးသည်လေ။ သင်ပေးသည့်အတိုင်း သူတို့ စားကြ၊ ဝါးကြ၊ မျိုကြသည်က နေ့စဉ်။

အဲဒါတင်မက အဖေက အစာရှာနည်းပါ သင်ပေးမည်ဟု ပြောခဲ့သည်။

အခုတော့ . . . အဖေ သွားရာခေါ်ပြီး အစာရှာနည်း သင်မပေးသေး၊ သူ အစာရှာချင်ပြီ။ အစာရှာနည်း သင်ချင်ပြီ။ တစ်ရက်ရက်တော့ သင်ပေးလိမ့်မည်ဟု သူသိနေသည်။ သင်ပေးမည့် ရက်ကို မျှော်နေမိသည်။

အခုထိတော့ အချိန်တန် စားရတာဆိုတော့ . . . အသာပင် ရေသာခိုနေလိုက်သည်။

"ဟောဟို . . . သား မြင်နေရတဲ့ တောင်တန်းကြီး၊ ဟိုတစ်ဖက်က တောအုပ်ကြီးအထိ သားရဲ့ အဖေ ပိုင်တယ်၊ အဲဒီထဲက ရှိတဲ့ နေကြတဲ့ မြွေတွေ အားလုံးဟာ သားအဖေရဲ့ အလုပ်အကျွေးပြု အကောင်တွေချည်းပဲ"

အမေ့ စကားကို သူ နားမလည် အမေ့ကို မေးမိသည်။

"အလုပ်အကျွေးပြုဆိုတာ ဘာလဲဟင်"

"ဒီလို သားရဲ့၊ ဘယ်သတ္တဝါပဲဖြစ်ဖြစ် ခြေနှစ်ချောင်း၊ ခြေလေးချောင်း အဲ . . . အမေတို့လို ခြေမရှိ၊ လက်မရှိ တွားသွားသတ္တဝါ အဲဒီလို သတ္တဝါတိုင်း ခေါင်းဆောင်ဆိုတာ ရှိတယ်၊ ရှိရတယ်၊ ထားကြတယ်၊ ထားရတယ်၊ ဒါမှလဲ အဆင်ပြေမှာ ဖရိုဖရဲ မဖြစ်မှာလေ၊ အဲဒါ ခေါင်းဆောင်ရှိပြီဆိုရင် ကျန်တဲ့အကောင်တွေက တပည့်တွေပဲပေ့၊ အလုပ်အကျွေးပြုသူတွေပဲပေ့"

သူ . . . အားရဝမ်းသာ ပြောမိသည်။

"ဟုတ်တယ် သား . . . ပြောရရင် သား အဖေရဲ့ အတွက်တင် မကပါဘူး၊ အမေရယ်၊ အခြားကလေးတွေရယ်၊ ပြောရရင် အမေဟို့ မိသားစုရဲ့ အလုပ်အကျွေး ပြုရတဲ့ ကျေးကျွန်တွေပေ့"

"ဟုတ်လား . . . ."

"အင်း . . . ."

သူ . . . . အမေနှင့် စကား ကောင်းနေသည်။ အခြားအကောင်တွေကတော့ အစာဝလို့ ဂူထဲမှာ ခွေနေကြပြီ။ သူကတော့ အမေနှင့် ဂူအပြင်ထွက်ရင်း ဝန်းကျင်ကို စူးစမ်းရင်း စကားပြောနေမိသည်။

"အဲဒါဆိုရင် အဲဒီ အလုပ်အကျွေး ပြုကြရတဲ့ ကျေးကျွန်တွေနဲ့ သားတွေ့ချင်တယ် အမေ "

သူ့ဆန္ဒကို ဖွင့်ချပြလိုက်သည်။ တကယ်လည်း အခြားအကောင်တွေကို တွေ့ချင်သည်။ ခုချိန်ထိ ဂူထဲနေ၊ အဖေရှာလာတာမျိုး၊ တစ်ခါတလေ ဂူပြင်ထွက်လို့ အတောင်ပံပါသည့် အထက်မှာ ပျံနေသည့် ငှက်ဆိုတဲ့ အကောင်မျိုးလောက်သာ သူ တွေ့ဖူးထားသည်လေ။

" ဆန္ဒမစောနဲ့ သား၊ အချိန်တန်ရင် တွေ့ကိုတွေ့ရမှာ၊ သား အဖေက ပြချိန်မတန်သေးလို့ မပြသေးတာ၊ တစ်ရက်ရက် ပြလိမ့်မယ်ကွယ်"

အမေက ချော့ပြောသည်။ သူ . . . မကျေနပ်တော့ဖြစ်မိသည်။ သို့သော် သူကျေနပ်ခဲ့သည်။

"အဲဒီကျေးကျွန်တွေက အဖေ့ကို ဘယ်လို ဆက်ဆံကြ၊ လုပ်ကျွေးသမှု ပြုကြတာလဲဟင်"

"ဒီလိုကွဲ့ အဖေ့အတွက်၊ အမေ့အတွက်၊ လူလေးတို့ အတွက်၊ အကြိုက်ဆုံး အစာကို ရှာပြီး ပေးဆပ်ရတယ်လေ၊ ရတဲ့အကောင်ကို ယူလာပြီး အဖေ့ရှေ့ ချပေးရတယ်၊ အဖေလိုချင်သလောက်ပေ့၊ ရသလောက် ပို့ပေးကြရတာပေ့ကွယ်၊ အဲ . . . အဲ ကဲပါ သားရယ် နောက်ရက် သား သိပါလိမ့်မယ်နော်၊ ခုတော့ အဖေ့ အရှိန်အဝါနဲ့ ကျေးကျွန်တွေ ပေးလာတဲ့ အစာကိုပဲ မျိုရရင် ကျေနပ်တော့၊ ဟုတ်ပြီလား "

" ဟုတ် . . . "

သူ ဘာမှမမေးလိုတော့။ အမေနှင့်အတူ ဂူထဲ ပြန်ဝင်ခဲ့သည်။ ဂူထဲမှာတော့ ခပ်မှောင်မှောင်။ အပြင်မှာတော့ နေရောင်ကြောင့် လင်းလင်းထိန်ထိန်။ တောရဲ့အရှင်၊ တောရဲ့ သခင် အများရဲ့ ခေါင်းဆောင် လုပ်နေပြီး ဘာပြုလို့ ဂူထဲ အောင်းနေကြသနည်း။ ဒါလဲ သူသိချင်သည်။ သို့သော် သူ မမေးမိတော့။ ကိုယ့်ဘဝအတွက် လုံခြုံရေးကြောင့်လား။ ဘာကြောင့်ပါလိမ့်။

ဂူထဲအဝင် မကြာခင် ပြန်လာသည့် အဖေ့ပါးစပ်ပြဲပြဲကြီးထဲမှာ အစာတွေက အပြည့်။ ဒါ . . . အဖေရှာလာတာလား။ ကျေးကျွန်တွေ ဆက်သလို့ယူလာတာလား။ သူ တွေးရင်း အဖေ့သားဖြစ်ရတာ၊ အမေ့သွေးဖြစ်ရတာ ကျေနပ်ရင်း သူ ကြည်နူးနေမိတာတော့ အမှန်။

"လာ သားကြီး . . . "

အဖေက သူ့ကို သားကြီးဟု ခေါ်တွင်သည်။ ခေါ်ရာနောက် လိုက်လာသည်။ ဂူနှင့် အတော်ဝေးသည့်နေရာ အရောက် ချုံတွေ၊ အပင်တွေ၊ ချိုင့်ကျင်းတွေ ကျော်ခဲ့သည်။ အဖေက ရှေ့က သူက နောက်က။

မကြာ။ အဖေက အပင်ကြီးတစ်ပင်အောက်မှာ ရပ်သည်။ သူလည်း ရပ်လိုက်သည်။ ပြီးတော့ အဖေက သူ့ရဲ့ ကြီးမားကျယ်ပြန့်သည့် ခေါင်းကြီးကို ထောင်လိုက်ပြီး၊ ဘေးပတ်ပတ်လည်ကို စူးစူးရဲရဲ ကြည့်သည်။ နှာခေါင်းပေါက်က နေ၍ တရှူးရှူးအသံပြုသည်။ အသံက ဝန်းကျင်ကို ပျံ့လွှင့်နေသည်။

"ဟင် . . . "

သူ အဖေ့အပြုအမူကို ကြည့်နေဆဲမှာ ဘေးတွင်ရှိ ချုံပုတ်တွေ၊ ချိုင့်ကြိုချိုင့်ကြားကနေ၊ တောတွေထဲကနေ





www.burmeseclassic.com

www.burmeseclassic.com

ထွက်လာသည့် အကောင်များကို ကြည့်ရင်း အံ့အားသင့်နေသည်။

"ကြည့်စမ်း" ဒီအကောင်တွေက သူ့လိုပင် ရှည်ရှည်မျောမျော အကောင်တွေချည်း၊ အကောင်ကြီးတာ သေးတာ ကွာသည်။ အရောင်အဆင်း ကွာသည်။ အချို့အရောင်က ညိုညစ်ညစ် အရောင်၊ အချို့က အကျားတွေ၊ အချို့က အကွက်တွေ။

ဩ . . . အမေပြောတဲ့၊ အဖေပြောခဲ့တဲ့ . . . အဖေ့ အလုပ်အကျွေးပြုတွေလား။ အဖေ့ ကျေးကျွန်တွေလား။ အဖေ့ တပည့်တွေလား။ အဖေ့ကို ကြောက်ရသည် ဆိုသော အကောင်တွေလား။

သူ ကြည့်နေဆဲမှာပင် အဖေ့ကို အလုပ်အကျွေးပြု အကောင်တွေက အဖေရဲ့ရှေ့မှာ အဖေနှင့် မနီးမဝေးမှာ အပြေးအလွှား သွားလာကြရင်း ရပ်တန့်သွားကြသည်။ သူ အံ့သြနေမိသည်။ အကောင်အားလုံး တုတ်တုတ်မျှမလှုပ်ခဲ့သည့် သဘောမျိုး။ အကောင်တွေက မနည်းမနော။

"အားလုံး နားထောင်၊ ဒီတော ဒီတောင်ရဲ့ သခင်၊ မင်းတို့ရဲ့ ဘုရင် ငါ ငန်းတော်ကျားဘုရင် အနေနဲ့ မင်းတို့ကို ပြောစရာရှိလို့ ခေါ်တာပဲ၊ မင်းတို့အားလုံး ငါ့အတွက်၊ ငါ့ မိသားစုအတွက် တာဝန်ကျေကြပါတယ်၊ အစာဆိုရင် ငါ ကြိုက်တဲ့ အကောင်တွေကို ရအောင်ရှာပြီး ဆက်သကြတယ်၊ ရှိစေတော့၊

ငါပြောချင်တာက နောင်တစ်ချိန်မှာ ငါဘုရင် မွေးထားတဲ့ သားသမီးတွေထဲက ဟောဒီ ငါ့သားအကြီးဆုံးက အသင်တို့ရဲ့ဘုရင် ဖြစ်လာလိမ့်မယ်ဆိုတာ ပြောထားချင်တယ်"

"ကောင်းပါပြီ မြွေဘုရင်သခင် "

"လက်ခံပါတယ် သခင် "

အဖေက ပြောသည်။ အားလုံးက သူ့ကိုကြည့်ပြီး အသံပြု လက်ခံကြသည်။ နောက်ထပ် အဖေက ပြောပြန်သည်။

"ဟုတ်ပြီ . . . ပြောချင်တာက ကိုယ့်တာဝန်နဲ့ကိုယ် ငါ့အတွက် ငါ့မိသားစုအတွက်၊ ငါလိုချင်၊ စားချင်တဲ့ အစာကို အချိန်တစ်ပြေးညီ အမီပို့ကြ၊ မပို့ရင်၊ အစာရှာမရရင် သိတဲ့ အတိုင်း ကြီးလေးတဲ့အပြစ်ပေးခြင်း ခံရမယ်၊ ငါဘုရင် ဘယ်လို အပြစ်ပေးတယ်ဆိုတာ မင်းတို့အားလုံး သိတဲ့အတိုင်းပဲ၊ အစာ မရှာနိုင်လို့ အစာကောင်ရဲ့အစား တာဝန်ပျက်တဲ့ အကောင်က ငါ့ရဲ့ခံတွင်းဝင်ပြီး ကိုယ်စား အစားခံရတယ်၊ အဲသလိုလဲ ငါ မျိုစားခဲ့ပြီးပြီ'

"သိပါတယ် အရှင်သခင်"

"သိပါတယ်. . . "

အဖေ့ စကားအဆုံး အကောင်များက အော်ကြသည်။

နောက် ထိုအလုပ်အကျွေးပြု အကောင်များကို ပြန်လွှတ်လိုက်သည်။ အကောင်အားလုံး တစ်ချီးတည်းလစ်ကာ တောထဲ ဝင်ပြေးကြပြီ။ ဒီတော့ သူနှင့်အဖေသာ ကျန်ရစ်သည်။

သူက မေးသည်။ ဒီကောင်တွေရဲ့ အမည်ကိုပေါ့။ အဖေက ဖြေသည်။ အချို့က မြွေပွေး၊ အချို့က ငန်းတဲ့၊ ငန်းပုပ်တဲ့၊ ငန်းစောင်းတဲ့၊ အချို့က မြွေစိမ်းတဲ့၊ အမျိုးအမည်က စုံနေသည်။ ပြီးတော့ . . . သူ ဆက်ပြောသေးသည်။

"ဒါဖြင့် ဒီကောင်တွေက အစာရှာမပေးနိုင်ရင် ပြင်းထန်တဲ့အပြစ် ပေးတယ်ဆိုတာက ဘယ်လိုလဲဟင် "

"ဒီလိုကွ၊ ငါ့အတွက် အစာရှာမပေးနိုင်ရင်၊ အချိန်နောက်ကျရင် အဲဒီတာဝန်ပျက်တဲ့ အကောင်ကို အဖေက မျိုတာပေါ့၊ ငါက အသာလေး ပါးစပ်ဟာရုံပဲ၊ သူ့ဘာသာ အဖေ့ ပါးစပ်ထဲဝင်တော့၊ ဒီတော့မှ အဖေက မျိုတာလေ၊ တစ်ချိန်ချိန် သားကြီး တွေ့လာမှာပါ"

အဖေပြောသည်ကို သူနားလည်သွားသည်။ သိသွားပြီ။ အပြစ်ပေးတယ်ဆိုတာ တပည့်တွေကို ပါးစပ်ထဲ ဝင်ခိုင်းပြီး အစာအဖြစ် မျိုချခြင်းတဲ့။ ဒီတော့ ဤရှေ့ဤမျှ တန်ခိုးကြီး၊ ဘုန်းကံကြီးသော အဖေ့ဘဝကို သူ သဘောကျခဲ့သည်။ အားကျခဲ့သည်။ အဖေ့ကိုယ်စား သူ ဂုဏ်ယူမိသည်။

ထို့ကြောင့် သူ ဘဝင်လေဟပ်ဖြစ်ချင်ချင်။

အဖေပြောသလို တစ်ချိန်ချိန်ဆိုသောနေ့ ရောက်ခဲ့ပြီ။

ထိုနေ့က အကောင်တစ်ကောင်သည် အစာမရ၍ အဖေ့ဆီလာပြီး အမျိုခံသည်။ အဖေက ပါးစပ်ဟာပေးသည်။ အကောင်က ဝင်သည်။ အဖေ့က မျိုသည်။ ဒီအဖြစ်ကို ပြဖို့ အဖေက သူ့ကို ခေါ်ခဲ့သည်။ သူ့တလည်း ဒီလိုအဖြစ်မျိုးကို ကြည့်ဖို့ လိုက်ခဲ့သည်လေ။ သူ . . . အဖေ့ လုပ်ရပ်ကိုကြည့်ရင်း သွားရည်တွေ ကျချင်ချင်။ အချင်းချင်းမျိုတာ သိပ်အရသာ ရှိနေပြီလား။





www.burmeseclassic.com

www.burmeseclassic.com

အရသာ ရှိသည်ဆိုသော သဘောကို သူသိသွားပြီ။

ထိုနေ့က အဖေသည် သူ့ကျောက္ကွန်များ အစာလာပို့နေရာကို သူ့ကို ခေါ်သွားသည်။ သူလည်း လိုက်ခဲ့သည်။ နေရာကိုရောက်တော့ သူနှင့် သက်တူ လုံးပတ်တူ အကောင်တစ်ကောင်က အစာရှာမရကြောင်း ပြောသည်။ အဖေက ကိုယ်စားခံစေဟု ပြောပြီး သူ့ပါးစပ် ဟခိုင်းလိုက်သည်။

" သားကြီး ပါးစပ်ဟထား "

" ဟုတ်ကဲ့ အဖေ "

သူသိပြီ။ မျိုရတော့မည်။ အခြားကောင်တွေ မျိုးစုံတော့ မျိုဖူးပြီ။ သူ့လိုအကောင် အမျိုးနွယ်တူကိုတော့ မမျိုဖူးသေး။ အချင်းချင်းဆိုတော့ အရိုးအရေ၊ အသွေးအသား၊ အကြောက ချိုမည့်သဘော။ သူက အမျိုခံမည့် အကောင်ကို ကြည့်နေမိသည်။ သူ ပျော်နေသည်။ ထိုအကောင်ပျော်၊ မပျော်၊ ဝမ်းနည်း၊ မနည်းတော့ မသိ။ သူမခံစားခဲ့။ သိလည်း မသိချင်။

သူ့ပါးစပ် ဟလိုက်သည်။ အမျိုခံရမည့် အကောင်က အဖေ့ရှေ့မှာ ခပ်ယို့ယို့နှင့် ရှောင်ဖယ်ပြီး သူ့ပါးစပ်ထဲဝင်ဖို့ လာသည်။ သူ ဆတ်ခနဲ ဟပ်လိုက်ပြီး အကောင်ရဲ့ ခေါင်းကနေ စပြီးမျိုသည်။ မျိုချဖို့ ကြိုးစားသည်။ အဖေက သူ့ကို ကြည့်ရင်း ကျေနပ်နေသည်။ အကောင်ကို ခေါင်း၊ ခါး၊ အမြီးပိုင်းအထိ သူ မျိုနိုင်ခဲ့ပြီ။

" ဒါမှ . . . ငါ့သား၊ ဒါမှ . . . အဖေ့သား၊ ဟောဒီ တောတောင်အရပ်မှာ ငါ့သား အုပ်ချုပ်နိုင်ရမှာပေါ့ကွာ "

အဖေက ပြောသည်။

တကယ်တော့ . . . ဒီလိုမျိုခဲ့တာ အဖေက ကိုယ်စား မျိုနိုင်းခဲ့တာ ငါးကြိမ်တိတိရှိပြီ။ သူကျေနပ်ခဲ့သည်။ အဖေ့ လုပ်ရပ်က ဒီအရပ်၊ ဒီဒေသမှာ ခေါင်းဆောင်၊ ဘုရင် ဟူသည့် ကြီးမားသော မန်မာနတွေနှင့် မပင်မပန်းဘဲ အချိန်တန် ဆက်သ ရှာဖွေလာသည့် အစာကိုသာ မျိုချရင်း အသက် ဆက်ရှင်နေခဲ့သည်ကိုး။ ဒီတော့ အားကျသည်။ အားကျမိသည်။ ဒီရာထူးကို လိုချင်ပြီ။

နောက်တော့ အဖေက သူ့ကို အတွေ့အကြုံသစ်ပေးပြီး အမျိုခံတဲ့ဆီ မခေါ်တော့။ အသက်ကင်းနေသည့် သက်မဲ့ အကောင်များကိုသာ ကြုံရင်း တဖြည်းဖြည်း အချိန်ကုန်ခဲ့သည်လေ။ သည်အတွက် သူ ကျေနပ်ပါသည်။ နှစ်သိမ့်ပါသည်။ အဖေ့ဆီက ရာထူးကိုလည်း လုမယူချင်။ အဖေ့ကို ယှဉ်နိုင်သည့် အားအင်၊ လုံးပတ်က မရှိသေး။ အဖေ့ အနေနှင့် အချိန်တန်လျှင် ခေါင်းဆောင်ရာထူး ပေးသည်ပဲလေ။

ဒီတော့ အဖေ့ကို အနိုင်ယူဖို့ မကြိုးစားမိ။ မကြိုးစားချင်။ လတ်တလောအခြေအနေက အဖေ ရှာကျွေးတာစား၊ အမေ ဆုံးမတာကို နားထောင်ရင်း သူနေပျော်သလို နေလာခဲ့သည်။

တစ်ရက် ထိုနေ့က အဖေ မရှိ။ ထုံးစံအတိုင်း အစာသွားယူ နေပြီ။ အမေလည်း မရှိ။ သားအချို့နှင့် ဂူအပြင်ရဲ့ ခပ်လှမ်း လှမ်းရှိ ရေအိုင်ဆီ သွားနေကြသည်။ သူက အမေနှင့် လိုက် မသွား။ သူ တစ်ကောင်တည်း။

သည်တော့ သူ ပျင်းသည်။ ဂူအပြင်ထွက်ခဲ့သည်။ ဝန်းကျင်မှာတော့ နေရောင်ရဲ့ လင်းလက်မှုကို တွေ့ရသည်။ စိမ်းစိုညို့မှိုင်းသော တောတောင်နှင့် ပြာလွင်သော ကောင်းကင်အကြား လှပမှုတွေဆီကို သူ့မျက်လုံးအစုံက ရောက်နေသည်။

" ဂီး . . . "

ရုတ်တရက် အကောင်တစ်ကောင်၏ အသံကိုကြားလိုက်ရသည်။ ဘာအကောင်မှန်းတော့ မသိ။ အပင်တစ်ပင်ထက်ဆီက အသံဖြစ်သည်။ ထိုအပင်ကြီးက အကိုင်းအခက် အလက်များကြောင့် ကောင်းကောင်းမမြင်ရ။ အားလုံး မှုန်ဝါးဝါး အရွက်တွေကြောင့် ပိုပြီးမှောင်နေသည်ဟု ထင်ရသည်။

" ဂီး . . . ဂီး . . . "

အကောင်က အမြင်အမှောင်ထဲကနေပြီး ထပ်ဆင့် အသံပြုသည်။ သူ ဒေါသဖြစ်သွားသည်။ အသံနှင့် အကောင်နေရာ အရပ်ကိုကြည့်ပြီး ခေါင်းဆောင်ဖြစ်တော့မည့် သူ့ အနေနှင့် ငှက်ဆိုသည့် တောင်ပံပါသည့် အကောင်ဆိုတာ သိပါသည်။ ကောင်းကင်မှာ လေထဲမှာ ပျံဝဲနေတတ်သည့် အကောင်တွေလေ။

နောက်ထပ် အသံပြုပြန်သည်။ ဒီတော့ သူ အသံပြုသည်ဆိုတာ သူမကြုံဖူး။ မတွေ့ဖူး။ သူကိုယ်တိုင်လည်း အရေခွံ မလဲဖူးသေး။

"ပြောပါ . . . ငှက်ပုပ်"

" ဒီလိုပါ . . . အသင့်အနေနဲ့ အခြားသူတွေ အရေခွံလဲတာကို သတိမပြုပါနဲ့၊ အခြားအကောင်တွေ ဘာပဲဖြစ်ဖြစ် အသင် ငန်းတော်ကျားအနေနဲ့ အသင်ရဲ့ အရေခွံကို လဲလိုက်မယ်ဆိုရင် အသင်ဟာ ဇီဘဝကလည်းပြောင်း၊ အခြားအကောင် တစ်မျိုးမျိုးဆိုရင်လဲ ဖြစ်လိမ့်မည်၊ ဒီတော့ သင့်ရဲ့ အဝါနဲ့အနက် အလွန်လိုက်ဖက်တဲ့ အရေခွံကို လှပအောင် သဘာဝအရ တည်တံ့အောင် ထိန်းပါ"

သူ . . . တွေးမိသည်။ သူတို့အမျိုးက အရေခွံလဲတဲ့ အမျိုးတဲ့၊ အချိန်တန်ရင် အရေခွံလဲသည်တဲ့၊ သူလည်း အချိန်ရောက်ရင် အရေခွံလဲရမည်တဲ့။ သည်သို့ အရေခွံလဲပါက သူလည်း ငန်းတော်ကျား ဘဝက ပျောက်သွားပြီး အခြားကောင်တစ်ကောင်ဖြစ်သွားမည်တဲ့။ ဒါဆိုလျှင် သူသည် ဒီတော ဒီတောင်မှာ ဒီဘဝမျိုးနှင့် ခေါင်းဆောင်အရှင်သခင် ဖြစ်တော့မည် မဟုတ်။ ဒီတော့ ဘယ်လိုလုပ်မည်နည်း။

သူ မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"အသင်ငှက်ပုပ်၊ ငါ အရေခွံလဲသွားရင်၊ ငါ ဘယ်လို အကောင်မျိုး ဖြစ်မလဲ အသင်သိလား "

"ကျွန်ုပ်တို့ ငှက်၊ ဒါမှမဟုတ် အသင်တို့ မျိုနေတဲ့ အသင်တို့ရဲ့အစာဖြစ်တဲ့ အကောင်လိုမျိုး ဖြစ်လိမ့်မည်၊ အဲဒါ သင့်အရေခွံကို ဂရုစိုက်ပြီး ထိန်းပါတော့ "

သူ တွေဝေသွားသည်။ ငှက်ပုပ်ပြောသလို ဖြစ်မည်လား။ တကယ်ဖြစ်မည်မို့ သက်ပေးနေပြီလား။ သူတွေးရင်း ရှိသည်။ သူက ငှက်ပုပ်ရှိရာ အပင်ကြီးထက် ကြည့်မည်။ ငှက်ပုပ် အသံမကြားရတော့။ သူက ခေါ်သံပြုသည်။ ငှက်ပုပ်က အသံမပေး။ နောက်ထပ် သူအသံပြုပြန်သည်။

ငှက်ပုပ်က အသံမပေး။

"ဟေး . . . အသင်က ဘာကောင်လဲ"

"ကျွန်ုပ်က . . . အတောင်၊ အမွေး၊ ခြေထောက်၊ နှုတ်သီးပါတဲ့ ငှက်ဖြစ်တယ်"

ငှက်ဆိုသည့် အကောင်က ဖြေသည်။

"ဘာငှက်လဲ . . . ပြောစမ်း"

"ညငှက် . . . ၊ ငှက်ဆိုး လို့ခေါ်တဲ့ ငှက်ပုပ်"

ငှက်ပုပ်က ဖြေသည်။ သူ . . . မကျေနပ်သေး။

"ငါ့ကို သိရဲ့လား၊ ငါ ဘာကောင်လဲဆိုတာ သိရဲ့လား ငှက်ပုပ်"

"သိပါတယ် အသင်က သင့်အဖေ မရှိတော့တဲ့နောက် ဒီတောဒီတောင် ဝန်းကျင်မှာ မြွေဘုရင် ဖြစ်မယ်ဆိုတာ သိတယ်၊ သင်တို့က မြွေထဲမှာ ဘုရင်ဖြစ်တဲ့ ငန်းတော်ကျား မျိုးဦးပါ"

ငှက်ပုပ်အဖြေကြောင့် သူကျေနပ်သွားသည်။

သူ ကျေနပ်ပေမယ့် ငှက်ပုပ်ဆိုသည့် အကောင်ကို မမြင်ရ၊ အပြင်ထွက်ပြပါဆိုတော့ ငှက်ပုပ်က ထွက်မပြေ။ သူတို့ ငှက်က ညပိုင်းကျမှ ထွက်သည့်အကြောင်း၊ နေ့ခင်းထွက်ပါက အန္တရာယ်များကြောင်း ပြောလာသည်။ အကြောင်းပြချက် ခိုင်လုံသည်မို့ သူ ဆက်မပြောလိုတော့။

သို့သော် . . .

အနီ ငှက်ပုပ်က ပြောလာသည်။

"အသင် ငန်းတော်ကျား . . . အသင့်ကို ပြောစရာ ရှိတယ်၊ ကျွန်ုပ်ပြောမည့် အကြောင်းက သင့်အတွက် အရေး ပါတယ်၊ နားထောင်လော့ "

သူ့အတွက် အရေးကြီးသည့် စကားပြောမည်ဆို၍ သူ စိတ်ဝင်စားသွားသည်။ ငှက်ပုပ်က ပြောသည်။

"ဒီလိုပါ ငန်းတော်ကျား မိတ်ဆွေ၊ အသင်တို့မျိုးရိုး အသင်တို့ မြွေမျိုးဆိုတာ အချိန်တန်ရင် အသင်တို့ အပေါ်ယံမှာရှိတဲ့ အရေခွံကို လဲကြ၊ ချွတ်ကြရတယ်၊ အဲဒါ အသင် သိလိုပါရဲ့လား"

"မသိသေးဘူး ငှက်ပုပ်"

ငှက်ပုပ်ပြောမှ သူ သတိထားမိသည်။ အရေခွံလဲသည်။ ချွတ်ကြသည်။ ထိုအချိန် အပင်ထက်မှနေ၍ ငှက်ပုပ်သည် ရှီးခနဲပျံရင်း ပြောသွားသည်။

"အသင် ငန်းကျား၊ အသင့်စိတ် ဒွိဟဖြစ်မနေနဲ့ ကျွန်ုပ်ပြောစကားက အမှန်ဖြစ်တယ်၊ အသင့်ကို အသင် ဂရုစိုက်တော့"

ပြောရင်း ပျံသွားသည်။ ခပ်ဝေးဝေးရှိ သစ်ပင်ကြီးဆီ ငှက်ပုပ်နားသွားပြီး၊ သူ ငှက်ပုပ်ဆီ မသွားချင်တော့။ ဂူထဲ ပြန်ဝင်ခဲ့သည်။ သူတွေးသည် . . . .

"ငါ အရေခွံလဲလိုက်ရင် ငါ ဘဝမှာ မနေရတော့ဘူး၊ အခြားအကောင်တစ်ကောင် ပြောင်းသွားမှာ၊ ငါ ခေါင်းဆောင် မဖြစ်ရတော့ဘူး၊ ကျေးကျွန် အလုပ်အကျွေးပြုသူတွေ ရှာကျွေးတဲ့ အစာကို မျို . . . မျိုရတော့မှာ မဟုတ်ဘူး၊ ဒီတော့ . . . ဘာလုပ်မလဲ၊ ဘာလုပ်ရမလဲ"

တွေးရင်း စိတ်မသက်မသာနှင့် ပြင်းထန်သည့် ဝေဒနာကိုခံစားနေရသည့် သူ့အနေဖြင့် နုံးချည့်သွားသည်။

ဒီဝေဒနာ ခံစားနေရတာ ကြာပြီ။ ရက်အနည်းငယ်ပင် ကြာခဲ့ပြီ။ အဖေ ရှာပေးသည့် အစာလည်းမစားချင်။ အမေပြောသည့် တောအကြောင်း၊ တောင်အကြောင်းကိုလည်း နားမထောင်လို။ အဖေနှင့် အမေ့ကိုလည်း ငှက်ပုပ်က ပြောသည့်အကြောင်းများကို ပြန်ပြီးမမေးမိ၊ မမေးချင်၊ မမေးလိုတော့။ သူ့ဘာသာတွေးရင်း ထိတ်လန့်နေသည်က အမှန်။

နောင်တစ်ချိန် ဒီဝန်းကျင်မှာ သူဘုရင်ဖြစ်ရင် သူ့အခိုင်းအစေတွေခေါ် အစာတွေ အများကြီးရအောင် အမိန့်ပေးဖို့ ကြံရွယ်ပြီးသား။ အစာမရရင် တာဝန်ပျက်သည့် အကောင်ကို မျိုမည်ဟု တွေးပြီးသား။ ဒါကလည်း အဖေ လုပ်လာသလို မျိုးရိုးစဉ်ဆက်လုပ်လာသည့် တာဝန်ကို လက်ဆင့်ကမ်းယူသည့် သဘောမို့ သူ့တာဝန်ကျေဖို့ ဆုံးဖြတ်ထားသည်။ ခုတော့ . . . ငှက်ပုပ်က အရေခွံမလဲနှင့်ဟု ပြောခဲ့သည်။ အရေခွံလဲရင် ဘဝပြောင်းသွားမည်တဲ့။ ဒီဘဝ၊ ဒီတော၊ ဒီတောင်က ဝေးသွားမည့်သဘောမျိုး ပြောခဲ့သည်။ ဒီအကြောင်းတွေက သူ့ဘဝအတွက် သိပ်ကိုအရေးကြီးနေပြီ။

သူ ဘာလုပ်မည်နည်း။ လှပသော တည်ရှိဆဲ အရေခွံကို မလဲမိအောင် ကျွတ်ထွက်မသွားအောင်၊ ဘယ်လို ထိန်းမည်လဲ၊ သူ တွေးရင်း ခေါင်းထဲနောက်ကျိလာသည်။ တစ်နေ့ အနားကိုရောက်လာသူက အဖေနှင့် အမေဖြစ်သည်။ အမေကစပြီး စကားဆိုသည်။

"သားကြီး"

"ဗျာ. . . . အမေ "

"ခုတစ်လော . . . သားကြီးကို ကြည့်ရတာ သိပ်ပြီး အားမရဘူး၊ သားကြီး ဘာတွေ ဖြစ်နေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com

"သား . . . ဘာမှ မဖြစ်ပါဘူး အမေ"

"ဟုတ်ရဲ့လား "

"ဟုတ်ပါတယ်"

သူနှင့် အမေ စကားပြောနေသည်ကို အဖေကအသာကြည့်နေသည်။ ပြီးတော့ ဝန်းကျင်မှာ ခွေနေသည်။ အဖေနေမကောင်းဘူးလား။ မေးချင်ပေမယ့် မမေးတော့။ အမေကပြောလာသည်။

"သားကြီးကို ဒီနေ့ . . . အမေ ပြောစရာရှိတယ်"

"ဟုတ်ကဲ့"

"သားကြီး အဖေက အသက်ကြီးပြီ၊ သိပ်လဲ ကျန်းမာရေးမကောင်းဘူး၊ ဟိုတစ်နေ့က အရှိန်လွန်ပြီး တောင်အောက်ကျသွားတယ်လေ၊ အဲဒါ အတွင်းဒဏ်ရာ ရထားတယ်"

"ဗျာ"

သူ အံ့အားသင့်သွားသည်။

အဖေ ဒဏ်ရာ ရထားသည်ဆိုပါလား။

"ဟုတ်တယ် သားကြီး၊ ဒီတော့ နောက်နှစ်ရက်ကစပြီး ဒီတော၊ ဒီတောင် ဝန်းကျင်မှာ သားကြီး အုပ်ချုပ်ဖို့သာကြံ၊ အဖေက တာဝန်ပေးအပ်တော့မယ်တဲ့"

"ဟင် . . . "

သူ . . . ပို၍ အံ့အားသင့်ရချေပြီ။ သူ့ကို မြွေတို့ရဲ့ အရှင်သခင်ပေးတော့မည် ဆိုပါလား။ သူ . . . မကြာခင် ဘုရင်သခင်အရှင် ဖြစ်တော့မည်။ အခြားမြွေတွေရဲ့ အပေါ် အုပ်ချုပ်ရတော့မည်။ အစာတွေ အဆက်သခံရတော့မည်။ တာဝန်မဲ့ပျက်ကွက်သည့် အကောင်တွေကို မျိုရတော့မည်။ သူ သူ ပျော်ပါသည်။ သို့သော် . . . သူ့အပျော်များက တစ်ခဏလေးသာ ကြာသည်။

"ငါ ခေါင်းဆောင်ဖြစ်တော့မယ်တဲ့၊ ဒါပေမဲ့ ငါ ငှက်ပုပ်ပြောသလို ရုတ်တရက် အရေခွံလဲသွားရင်၊ ငါ ဒီဘဝက ပြောင်းသွားရင်၊ ငါ . . ငါ အခြားသတ္တဝါ တစ်ကောင်ကောင် ဖြစ်သွားရင်"

သူ . . . သူ တွေးယူရင်း ပူဆွေးနေရချေပြီ။ ငှက်ပုပ်ပြောသလို တကယ်ပဲ အရောင်ပြောင်း၊ ဘဝပြောင်းသွားမည်လား။ သို့သော် သူလည်း လက်တလော ပူဆွေးသောကများကိုမေ့ကာ အဖေနှင့် အမေတို့ ပေးအပ်လာသည့် တာဝန်ကိုယူဖို့ ကတိပေးလိုက်သည်။

"သားကြီး ကျွန်တော် တာဝန်ကို လက်ခံပါတယ်"

နောက်ရက် သူ မနေနိုင်တော့။ ထင်မှတ်မထားပါဘဲ၊ သူ့အရေခွံတွေက ယားလာသည်။ သူ့စိတ်တွေ တစ်မျိုးဖြစ်လာသည်။

"ဟင် . . . ငါ ငါ့ အရေခွံ . . . အရေခွံက လဲချင်ပုံရပြီ"

ရုတ်ခြည်း သူ ခွေနေရာက သူ့ကိုယ်ကို ဆန့်လိုက်သည်။ ခေါင်းကို ထောင်လိုက်သည်။ ဝန်းကျင်ကိုကြည့်တော့ အဖေနှင့် အမေတို့လည်း ဝပ်ကျင်းမှာ ခွေနေသည်။ အခြားအကောင်တွေလည်း အစာဝပြီမို့ ခွေနေကြပြီ။

"ငါ့အရေခွံ လဲတော့မှာကိုး၊ ဒီတော့ ငှက်ပုပ်ပြောသလိုဖြစ်သွားရင်၊ ငါ အရှက်ရမယ်၊ ဒီတော့ ခပ်ဝေးဝေးသွား၊ အရေခွံလဲ၊ ဘယ်လိုအကောင်ပဲဖြစ်ဖြစ် ဖြစ်ချင်ရာဖြစ်တော့၊ အဲသလိုဖြစ်သွားရင် ငါ . . . ငါ့မိသားစုနဲ့ဝေးရာ ငါထွက်သွားတော့မယ်"

သူ တွေးရင်း ဂူထဲရှိ ဝပ်ကျင်းမှထွက်ခဲ့သည်။ သူထွက်လာသည်ကို ဘယ်သူမှ မသိကြ။ သူသည် ဂူပေါက်နှင့် ခပ်ဝေးဝေးကိုလာခဲ့သည်။ ဝန်းကျင်က တိတ်ဆိတ်နေပေမယ့် သူ့စိတ်မှာတော့ မုန်တိုင်းထန်နေသည်။

သူ လုံခြုံသည့်နေရာကို ရောက်ခဲ့ပြီ။ သူ အရေခွံလဲတော့မည်။ အရေခွံလဲပြီးသွားရင် သူ ဘာကောင်ဖြစ်မည်မသိ။ သူသည် သူ့ကိုယ်သူ နောက်ဆုံးအနေနှင့် သူ့အရေခွံ သူကြည့်ရင်း ကြေကွဲနေမိပေတော့သည်။ လှပသည့် သူ့အရေခွံကို အားရအောင်ကြည့်ရင်း ရှိသည်။

"မကြာ . . . . "

သူ့အရေခွံ စကျွတ်နေပြီ။ သူ မနေသာတော့။

"ဟင် . . . လဲပြီ၊ လဲနေပြီ၊ ကျွတ်ချင်ပြီ"

သူ တွေးရင်း တင်းကျပ်စွာ၊ ယားယံစွာ ခံစားနေရသည်။ သူ့ရဲ့ခေါင်းနောက်ကနေပြီး လဲစကျွတ်စပြုနေသည်ကို သတိပြုမိသည်။ သူ အငြိမ်မနေနိုင်တော့။ အနီးရှိ ကျောက်တုံးတွေ အကြား၊ အပင်တွေ အကြား၊ အသာတွားသွားရင်း အရေခွံ အမြန်ကျွတ်အောင် ပွတ်တိုက်နေမိသည်။ စိတ်က အရေခွံကိုမလဲချင်ပေမယ့် သူ့ခန္ဓာကိုယ်က အရေခွံကို အမြန်ကျွတ်ဖို့ တမင်လုပ်နေသလို ဖြစ်နေသည်။

လဲပြီ။ ခေါင်းပိုင်း . . . နောက်နားရောက်လာပြီ။ အရေခွံက အပွတ်အတိုက်တွေကြောင့် အကျွတ်မြန်နေသည်။ သူ စိတ်မကောင်းစွာနှင့် အရေခွံလဲနေသည်။ သူ အရေခွံလဲရသည်ကို ဝမ်းမနည်း။

ဝမ်းနည်းသည်က ဒီငန်းတော်ကျား ဘဝကို စွန့်ခွာရမှာ။ အခြားအကောင်တစ်ကောင်ကောင်ဘဝ ကူးသွားမှာ။ ပြီးတော့ အကြောက်ဆုံးက ဒီဝန်းကျင်မှာ ဘုရင်မဖြစ်တော့မှာ၊ ကျေးကျွန်မြွေတွေ ရှာပေးတဲ့အစာကို မမျိုရတော့မှာကို သူ အကြောက်ဆုံး ဖြစ်နေသည်။

သွားပြီ။ အရေခွံလဲနေပြီ။ ဒီဘဝက ခွာရတော့မည်။ အရာရာကို စွန့်လွှတ်ရတော့မည်။ ကြေကွဲဝမ်းနည်းမှုအပြည့်နှင့် သူ သူ သူ့အရေခွံလဲနေခြင်းကို သတိထားရင်း မချိမဆံ့ခံစားနေရသည်။ မကြာ သူ . . . သူ့ အရေခွံ လဲပြီးသွားပြီ။ အရေခွံ ကျွတ်သွားပြီ။ ကျွတ်ထွက်သွားသည့် အရေခွံကို သူ



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရင်း ဝမ်းနည်းနေသည်။ အရေခွံလဲအပြီး ဂူဆီသို့ အသာ ပြန်ခဲ့သည်။

အရေခွံ လဲပြီးစမို့ နားချင်သလိုလိုလည်း ခံစားရသည်။ စိတ်ထဲမှာတော့ ကသိကအောက်နှင့် ဝမ်းနည်းနေရသည်။ သူ့အရေခွံ လဲပြီးသည်ကို ဘယ်သူမျှမသိကြ။

သူ့ကို အရှင်သခင်တာဝန်ပေးမည့်နေ့ ရောက်ခဲ့ပြီ။

သို့သော် ငှက်ပုပ်ပြောသလို သူ ဘယ်လိုမှမဖြစ်သေး။ ဘာအကောင်၊ ဘယ်သတ္တဝါမှ မဖြစ်သေး။ ငန်းက ငန်းတော်ကျားပဲ ဖြစ်နေသည်။

အံ့အားသင့်စွာနှင့် သူ ခေါင်းဆောင်ဖြစ်မည့်နေ့ကို မျှော်နေပါသည်။ ထူးခြားမှုတော့ မရှိသေး။

သူ အသက်ငယ်ပေမယ့် သူ ခေါင်းဆောင်ဖြစ်သွားပြီ။

"တောက် . . . ငှက်ပုပ် ငါ့ကို လိမ်ညာစကားပြောတဲ့ ငှက်ပုပ်၊ တွေ့ကြသေးတာပေါ့"

သူ နားလည်သွားသည်။ ယုတ္တိမရှိ၊ တမင်လှည့်စားသည့်စကားကြောင့် အချိန်ကြာညောင်းသည်အထိ စိတ်သောက ရောက်ခဲ့ရပုံကိုတွေးရင်း သူ . . . ငှက်ပုပ်အပေါ် မကျေနပ် ဖြစ်နေမိသည်။

အရေခွံလဲပြီးပါက သူ့ကိုယ်သူ ဘာကောင်ဖြစ်မလဲဟု တွေးရင်းပူပန်ခဲ့သည့် သူ့အနေဖြင့် အရေခွံလဲပြီးသည့်နောက် တော၏ အရှင်သခင်အဖြစ် တာဝန်ယူပြီးသည့်နောက် သူ့ဖခင်ထက် ဆိုးသွမ်းသည့်အမိန့်ဖြင့် သူ၏ အလုပ်အကျွေးပြုမြွေများကို သူ့ဝမ်း၊ သူ့မိသားစုအတွက် အစာရှာခိုင်းခဲ့လေသည်။ အများ၏ အင်အားဖြင့် ရသည့်အစာများကို သူ ကျေနပ်ဆဲသာ ဖြစ်သည်။

ထို့နောက် ငှက်ပုပ်ကိုလည်း ရန်သူအဖြစ် သတ်မှတ်လိုက်၍ ညအခါမှထွက်သည့် ငှက်ပုပ်အနေဖြင့် မြွေတွေကို တွေ့တိုင်း အလန့်တကြား အထိတ်တလန့် အသံဖြင့် အော်သံပြုဆဲသာ။

သူကတော့ . . . .

သူ့အရေခွံ အဟောင်းလဲပြီး၍ အသစ်ဖြစ်လာသည့် အရေခွံကိုကြည့်ရင်း အရေခွံလဲခြင်းသည် သူ့သဘာဝပါလားဟု သူ နားလည်လိုက်သည်။ အရေခွံသည် အရေးမကြီး၊ အသွေးအသား အရေးကြီးကြောင်း သူသိသွားသည်။

သူသည် အရေးမကြီးသည်ကို အရေးကြီးသည်ဟု အပူတပြင်း ခံစားလိုက်ရသည်။ ဘယ်အရာက အရေးကြီးသည်ဆိုတာ ကြိုတင်တွေးတောရင်း ဘယ်လိုပဲ အရေခွံလဲလဲ သူ့မျိုးဦးကတော့ မပြောင်းလဲဟု သိလိုက်ပြီ။

သူ . . . ဒီဝန်းကျင်မှာ မင်းမူနေလေတော့သည်။

❒ တွင်းကြီးသား တင်ဝင်းဦး




မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့

နက္ခတ္တ လက္ခဏာနှင့် ရွယ်စုံပညာရှင်

ဆရာအောင်ကျော်ခိုင်

• • • • • • • • • • • • • • • •

အိမ်ထောင်ရေးဒုက္ခတွေ့နေသလား။ စီးပွားရေးအခက်တွေ့နေသလား။ အိမ်ခြံမြေ တိုက်ခန်း ရောင်းထွက်ချင်သလား။ အိမ်ကအမျိုးသားက ခြေလှမ်းများမှားနေသလား။ အမျိုးသမီးက ပုံမှန်ဟုတ်ရဲ့လား။ သားသမီးတွေ ပြောစကား နားမထောင်ဘူးလား။ နိုင်ငံခြားခရီး ကြာနေသလား။ ကြွေးတွေက တောင်းမရလို့ စိတ်ညစ်နေသလား။ အတိုက်အခံတွေ ပေါ်သလား။ ဈေးရောင်းကောင်းချင်လား။

ဒါတွေ ခက်နေတာ လွယ်ဖို့ သင် ဆရာနဲ့တွေ့ဖို့ အချိန်တန်ပြီ

ဟောခန်းတည်နေရာ ➧ ဆုတောင်းပြည့် အောင်မြေသာယာစေတီတော် တောင်ဘက်မုခ်

လမ်းညွှန် ➧ ရုံးရှေ့မှတ်တိုင်၊ လှိုင်သာယာမြို့နယ် ဆင်းရောက်ပြီး

ဖုန်း ➧ ၀၉-၄၂၀၀၈၂၉၃၂ (ပိတ်ရက်မရှိပါ)

(ဗေဒ၊ ဇာတာဖွဲ့၊ အတိုက်အခိုက်ရှင်း၊ အဆောင်ယတြာအထူး)




www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် မမြင်ဝံ့ ဆေးဆရာ၊ မကြားဝံ့ တရားသူကြီးဟု ဆိုရိုးစကားရှိခဲ့သည်။ ကျွန်တော်က ဤရှေးစကားစုတွင် "မကြုံဝံ့ ရဲဘဝ" ဟူသောစကားကို ထပ်မံဖြည့်စွက်ချင်မိသည်။ ကျွန်တော်၏ ရဲဘဝ သက်တမ်း(၄၀)နှစ်အတွင်း မြန်မာပြည်အနှံ့ တောင်ပေါ်မြေပြန့် ပင်လယ်ပြင်ပါမကျန် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ကိစ္စများကြောင့် လူတို့ဘောင်တွင် ထူးဆန်းထွေလာ မှုခင်းအဖြာဖြာကို တွေ့ကြုံခဲ့ရသည်။ ထိုထိုမှုခင်းဖြစ်စဉ်များထဲမှ သမီးကို ဇနီးအဖြစ် ချစ်မိလေ၍ သေနေ့မစေ့မီ သေချင်နေသော ရင်နင့်ဖွယ်ဖြစ်စဉ်ကို တင်ပြချင်ပါသည်။

၁၉၇၅ ခုနှစ်က ဖြစ်ပါသည်။ ကျွန်တော်မှာ အင်းစိန်ရဲစခန်းတွင် အမှုစစ် ဒုလုံခြုံရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အင်းစိန် ရဲစခန်းမှာ ရုံးကြီးနှင့် ဆေးရုံကြီး၏အကြား စီအိုင်ဒီနှင့် မျက်နှာချင်းဆိုင်တွင် ဖြစ်ပါသည်။ စခန်းမှူးမှာ ဆရာဦး စန်းညွန့်မောင် (ကရင်) ဖြစ်၍ နယ်စီးမှာ ဝန်ထောက်ကြီး ဦးကျော်ဒွန်း ဖြစ်ပါသည်။

အင်းစိန်ရဲစခန်း အပိုင်နယ်မြေမှာလည်း လှိုင်မြစ်တစ်ဖက်ကမ်း ကစင်ကျေးရွာအုပ်စုထိ၊ မြောက်ဘက်တွင် သာဓုကန်ကျေးရွာအထိ၊ အရှေ့ဘက်တွင် (၅၀၅) လေတပ်ကုန်းဆင်းထိ၊ တောင်ဘက်တွင် စက်မှုတက္ကသိုလ်၊ ဘီပီအိုင်စက်ရုံရပ်ကွက်အထိ ကျယ်ဝန်းလေသည်။

ရဲစခန်းတာဝန်မှူး ကျနေစဉ် တစ်ရက်၌ ဘီပီအိုင်စက်ရုံမှ လုံခြုံရေးဝန်ထမ်းများနှင့် ရဲကင်းမှ ရဲဘော်နှစ်ဦးနှင့်အတူ စက်ရုံထုပ်ပိုးဌာန အလုပ်သမား အမျိုးသမီးငယ်တစ်ဦး ရဲစခန်းသို့ ရောက်လာသည်။ ယင်းအမျိုးသမီး၏ ထမင်းချိုင့်အတွင်းမှ ထိုးဆေးပုလင်းတွင် ကပ်သည့် ပင်နီဆလင်ထိုးဆေးတံဆိပ်များ ရှာဖွေတွေ့ရှိသဖြင့် လာရောက်အပ်နှံ အမှုဖွင့်ခြင်း ဖြစ်လေသည်။ စက်ရုံမှူး၏ တိုင်စာနှင့်အတူ သက်သေခံ ထမင်းချိုင့်နှင့် တံဆိပ်များပါ တစ်ပါတည်းပါလာသဖြင့် ရဲစခန်းတွင်ပင် ယင်းအမျိုးသမီးငယ်ထံမှ စတီးထမင်းချိုင့်နှင့် တံဆိပ်များကို ရှာဖွေပုံစံဖြင့် လုံခြုံရေးဝန်ထမ်းနှစ်ဦးကို သက်သေထားပြီး သိမ်းဆည်းလိုက်သည်။

အမျိုးသမီးငယ်မှာ ငိုယိုနေလျက်ဖြင့်. . .





www.burmeseclassic.com

www.burmeseclassic.com

"ဒါ ကျွန်မ ထမင်းချိုင့်မဟုတ်ပါဘူး၊ ဒေါ်သိန်းရှင် ထမင်းချိုင့်ပါ" ဟု ရှိုက်ကာ ရှိုက်ကာ ပြောနေပေသည်။ လုံခြုံရေးတာဝန်ကြပ် ကိုအောင်မြင့်ကလည်း. . .

"စက်ရုံမှာတုန်းကလဲ ဒါပဲပြောနေတယ်၊ ဒေါ်သိန်းရှင်က အလုပ်ထဲမှာ မရှိဘူး။ နေ့လယ်ကတည်းက ခွင့်ယူပြီး ပြန်သွားပြီ"

"ဟုတ်ပါတယ် ဆရာရယ်၊ သူ နေမကောင်းလို့ ပြန်သွားတာ၊ သူ့ထမင်းချိုင့်ကို ယူလာပေးပါလို့ မှာထားခဲ့လို့ သမီးက ယူလာပေးတာပါ"

"ဒါဖြင့် နင်က ဒီထမင်းချိုင့်ကို ဘယ်သွားပို့ရမှာလဲ"

"ကားဂိတ်မှာ လာစောင့်ယူမယ်လို့ ပြောသွားတာပါ ဆရာ"

"ငါတို့ ကားဂိတ်မှာ သွားရှာကြည့်ပြီးပြီ ဒေါ်သိန်းရှင်ကို မတွေ့ဘူး"

"စက်ရုံမှူးက မှာလိုက်ပါတယ်၊ ဆေးအတုလုပ်တဲ့ ဂိုဏ်းနဲ့ ဆက်နိုင်နေလို့ အမြန်ဖော်ထုတ်အရေးယူပေးဖို့နဲ့ စက်ရုံအတွင်းမှာရှိတဲ့ သူတို့ အဖွဲ့တွေကိုလဲ အမြန်ဖော်ထုတ်အရေးယူပေးစေတဲ့ ဆရာရေ"

ဟု ကိုအောင်မြင့်က တစ်ဆက်တည်းပြောလာသည်။

"အေးဗျာ ဒီဆေးတုဂိုဏ်းနောက် ဆက်လိုက်ရမယ်ဆိုတော့ ကျွန်တော် စခန်းမှူးဆီ သွားသတင်းပို့လိုက်မယ်၊ ခင်ဗျားတို့ ခဏစောင့်ပေးကြပါဦးနော်"

ဟုပြောပြီး စခန်းမှူးထံသို့ သွားရောက် သတင်းပို့လိုက်သည်။ စခန်းမှူးမှာ နေအိမ်တွင် ဒည်းကုန်းကားလိုင်းမှ ဂိတ်မှူး ဦးမြင့်သူနှင့် စကားပြောနေရာမှ. . .

"လာဗျာ ဦးမြင့်သူ၊ စခန်းသွားရအောင်၊ ဆေးတုဂိုဏ်းဆိုရင် အရေးကြီးတယ်ဗျ"

ဟုပြောပြီး ဧည့်သည်နှင့်အတူ ရဲစခန်းလိုက်လာတော့သည်။ စခန်းမှူး၏ ရုံးခန်းတွင်းသို့ သက်သေခံ ထမင်းချိုင့် တံဆိပ်စာရွက်များနှင့်အတူ စက်ရုံ လုံခြုံရေးဝန်ထမ်း အလုပ်သမယောက်တို့ကို ပို့ပေးလိုက်ပြီး အခန်းဝမှ စောင့်ကြပ်ပေးနေလိုက်သည်။ စခန်းမှူးက. . .

"ကဲ သမီး ငိုမနေနဲ့ ဦးတို့ မေးတာကို စိတ်အေးအေးထားပြီး အမှန်အတိုင်းဖြေပေးပါနော်၊ ဒါမှ ဦးတို့က သမီးကို ကူညီနိုင်မှာ"

ဟု ဖျောင်းဖျပြောဆိုပြီး ဖြစ်စဉ်ကို မေးမြန်းစိစစ်လေသည်။

အလုပ်သမလေးက. . .

"ကျွန်မနာမည်က မအေးသူပါ၊ ကျွန်မ အဖေနာမည်က ဦးမြင့်သူ၊ အမေနာမည်က ဒေါ်အေးမိပါ၊ ကျွန်မ အသက်က (၂၀)နှစ်ပါ၊ မြန်မာ ဗုဒ္ဓဘာသာဖြစ်ပါတယ်၊ အဖေကတော့ ကျွန်မ နို့စို့အရွယ်က ကွဲသွားတာ မမြင်ဖူးလိုက်ပါဘူး၊ အမေကတော့ ကျွန်မကို အရှေ့ကြို့ကုန်း(၅)လမ်းက ဦးကြီးလှ၊ ဒေါ်မြတို့ဆီမှာ ထားခဲ့ပြီး စမတောင်ဆရာတော်ဆီမှာ ယောဂီဝတ်နဲ့ လိုက်သွားတာ ပြန်မလာတော့ပါဘူး၊ ကျွန်မကို (၅)နှစ်သမီးလောက်က ထားသွားတာပါ၊ ဦးကြီးလှ ဒေါ်မြတို့က ကျွန်မကို ကြီးပြင်းလာသည်အထိ စောင့်ရှောက်လာခဲ့ပါတယ်၊ အရှေ့ကြို့ကုန်း အမက ကျောင်းမှာ (၄)တန်းအထိ ကျောင်းထားပေးခဲ့ပါတယ်၊ ကျွန်မက အရွယ်ကြီးပြီး အတန်းကငယ်နေတော့ ရှက်တာနဲ့ (၄)တန်းအောင်ပြီး ကျောင်းဆက် မနေတော့ပါဘူး၊ ဦးကြီးလှက မြန်မာ ဆေးဆရာပါ၊ ကျွန်မကို မနှစ်က ဘီပီအိုင်စက်ရုံမှာ အလုပ်သွင်းပေးခဲ့တာပါ၊ ကျွန်မတို့က ဆေးပုလင်းတွေကို တံဆိပ်ကပ်၊ ထုပ်ပိုးရတဲ့ အလုပ်လုပ်ရပါတယ်၊ အားလုံး လူ(၂၀)ရှိပါတယ်၊ မိန်းမတွေချည်းပါပဲ၊

ဒေါ်သိန်းရှင်က လူဟောင်းပါ အသက်(၅၀)လောက်ရှိမယ်ထင်ပါတယ်၊ ကမာရွတ် သုခမြိုင်လမ်းသွယ်ထဲမှာ နေတယ်လို့ပြောပါတယ်၊ ဒီကနေ့အလုပ်ဆင်းလာပြီး ဗိုက်အောင့်လို့ စက်ရုံက ဆေးခန်းသွားပြပါတယ်၊ ဆေးခန်းက ပြန်လာပြီး မသက်သာတာနဲ့ ခွင့်ယူပြီး ပြန်သွားတာပါ၊ သူ့ ထမင်းချိုင့်ကို မသယ်နိုင်လို့ဆိုပြီး ကျွန်မကို အပ်ခဲ့တာပါ၊

နေ့လယ်ထမင်းစားချိန် နားရင် ကားဂိတ်မှာ လာစောင့်ယူမယ်လို့ မှာသွားပါတယ်၊ ဒါကြောင့် ကျွန်မ ထမင်းစားလွှတ်ချိန်မှာ သူ့ထမင်းချိုင့်ကို ယူလာလိုက်တာပါ၊ ဖွင့်မကြည့်လို့ အထဲမှာ တံဆိပ်တွေထည့်ထားမှန်း ကျွန်မ မသိပါဘူး၊ စက်ရုံဂိတ်မှာ အစစ်ခံရတော့မှ တွေ့ရတာပါ၊ ကျွန်မ ကျိန်ပြီး ပြောရဲပါတယ်။

ဒီလို ခိုးတာဝှက်တာတွေ ကျွန်မ တစ်ခါမှ မလုပ်ခဲ့ဖူးပါဘူး၊ ဦးကြီးလှကလဲ ငါးပါးသီလမြဲအောင် စောင့်ထိန်းဖို့နဲ့ ကျွန်မတို့ မိသားစုတကွဲတပြားစီ ဖြစ်နေကြရတာ အတိတ်က ကံဆိုးတွေကြောင့် ဖြစ်ရတာမို့လို့ ဒီဘဝ ဒီမျှနဲ့ ကံဆိုးတွေကုန်အောင် ငါးပါးသီလမြဲမှလို့ ဆုံးမထားပါတယ်၊ အဖေ အမေကလဲ မရှိတာမို့ ကျွန်မ အမြဲပဲ မကောင်းမှုကို မလုပ်ခဲ့ပါဘူး၊ အခုလဲ မလုပ်ပါဘူး၊ နောင်လဲ ဘယ်တော့မှမလုပ်ပါဘူး"

ဟု ရှိုက်ငိုလျက်ဖြင့် အစစ်ခံလေသည်။ ဦးမြင့်သူမှာ ကလေးမငယ်အား ကြည့်နေရင်း စာနာသနားစိတ်ဖြစ်လာလျက်. . .

"စခန်းမှူး ဒီသမီးပြောတဲ့အတိုင်း ဟုတ်၊ မဟုတ်ကို ဒေါ်သိန်းရှင်ဆီ လိုက်လိုက်ရင် ကွဲပြားသွားမှာပဲ၊ ဒီသမီးလေး ပြောတာမှန်လောက်ပါတယ်၊ကျွန်တော့် ဂိတ်က ဂျစ်ကား ခေါ်လိုက်ပါမယ်၊ ကမာရွတ်ကို အမြန်လိုက်သွားကြရအောင်"

ဟု ဝင်ပြောလာသည်။

"အေးဗျာ ကလေးမ ပြောသလို ဒေါ်သိန်းရှင်ဆီ လိုက်ဖို့ကတော့ မှန်တာပေါ့ဗျာ၊ လိုက်ရမှာပေါ့၊ ဒါပေမဲ့ လောလောဆယ် အမှုဖွင့်ရဦးမယ်ဗျ၊ ပစ္စည်းတွေက သူ့လက်ထဲက မိတာဆို



www.burmeseclassic.com

www.burmeseclassic.com

တော့ သူ့ကိုပဲ အမှုနဲ့ အရင်ဖမ်းရတော့မှာပဲ၊ ကဲ ကလေးမ မင်း ဒေါ်သိန်းရှင်အိမ်ကို လိုက်ပြပါ၊ ဂါတ်စာရေးကြီးက စက်ရုံမှူးတိုင်စာကို ရေးကူးပြီး ပြည်သူ့ပိုင်ပုဒ်မ ၆(၁)နဲ့ အမှုဖွင့်လိုက်တော့ဗျာ"

ဟုပြောကာ ဒေါ်သိန်းရှင် အိမ်သို့ လိုက်ပြစေတော့သည်။ ဒေါ်သိန်းရှင် ထံမှတစ်ဆင့် ပင်နီဆလင် ထိုးဆေးအတု ပြုလုပ်ကပ်ကြသည့် ဆေးတုဂိုဏ်းကို ဖော်ထုတ်ရမိလာတော့သည်။ ပြည်သူပိုင် ပစ္စည်းအား ခိုးယူမှု၊ ဆေးအတု ပြုလုပ်မှုများဖြင့် တစ်ဖွဲ့လုံးအား အရေးယူခဲ့ရာ မအေးသူမှာ အစိုးရ သက်သေအဖြစ် အမှုတွင် မပါဝင်တော့သော်လည်း တရားရုံးမှ စစ်ဆေးပြီးသည်အထိ ရဲစခန်းတွင် သီးခြားခွဲ၍ ချုပ်ထားခဲ့ရသည်။

အမှုစစ်ဆေးစီရင်နေစဉ် ကာလအတွင်းတွင် ဦးမြင့်သူမှာ မအေးသူအတွက် စားစရာမှစ၍ အမှုမှ လွတ်သည်အထိ အစစ အရာရာဦးဆောင်ကူညီပေးလေသည်။ ဆွေမျိုးသားချင်းသဖွယ်လည်း သံယောဇဉ်ဖြစ်လျက် အပြန်အလှန် ခင်မင်ကျွမ်းဝင်သွားကြတော့သည်။

ဦးမြင့်သူမှာ အသက်(၄၀)ခန့်ဖြစ်ပြီး စစ်မှုထမ်းဟောင်းတစ်ဦး ဖြစ်သည်။ ဘိုကုန်းရပ်တွင် တစ်ဦးတည်း တပည့်များနှင့်အတူ နေထိုင်လျက် ဘတ်စ်ကားနှစ်စီး ပိုင်သူ ဖြစ်သည်။ အင်းစိန်-ဒညင်းကုန်း ကားလိုင်းတွင် ကြီးကြပ်သူအဖြစ်လည်း တာဝန်ထမ်းဆောင်နေပြီး စစ်မှုထမ်းဟောင်းအဖွဲ့တွင် အင်းစိန်မြို့နယ်၏ အတွင်းရေးမှူး ဖြစ်သည်။

နလကဥက္ကဋ္ဌ ဗိုလ်ကြီးသန်းကြွယ်နှင့် တစ်တပ်တည်း တာဝန်ထမ်းဆောင်ခဲ့သဖြင့် ရဲဘော်ရဲဘက်အဖြစ် နေထိုင်ကြလျက် စခန်းမှူးဦးစန်းညွန့်မောင်နှင့်လည်း သောက်ဖော်သောက်ဖက်အဖြစ် ခင်မင်ကျွမ်းဝင်နေသူဖြစ်သည်။

ရဲစခန်းသို့ ဝင်ထွက်သွားလာနေရာမှ တပ်ဖွဲ့ဝင်များနှင့်ပါ ခင်မင်နေပြီး ရဲလုပ်ငန်းများတွင်ပါ လိုအပ်သလို ကူညီနေသူဖြစ်သည်။ ၎င်း၏အိမ်မှာလည်း ရဲတပ်ဖွဲ့ဝင်များ၏ အရိပ်ခိုရာ နေရာတစ်ခုဖြစ်နေပေသည်။ ကျွန်တော်နှင့်လည်း ခင်မင်ကျွမ်းဝင်နေသည်။

"အစ်ကိုမြင့်သူ ဦးဦးနဲ့ မီးမီးတို့ ဇာတ်လမ်းက သံယောဇဉ်အမျှင်တွေ သန်းနေပြီနော"ဟုတစ်ရက်တွင် နောက်ပြောင် ပြောလိုက်မိသည်။

"အေးကွာ ညီလေးရာ၊ မိသူလေးကို တွေ့တွေ့ချင်းပဲ သနားချစ်ခင်စိတ်တွေ ဖြစ်ခဲ့တာကွာ၊ ခုတော့ တစ်ယောက်နဲ့တစ်ယောက် သံယောဇဉ်ကြိုးတွေ ချည်နှောင်ရစ်ပတ်လို့ နှစ်ဦးသဘောတူ လက်ထပ်ကြတော့မှာကွ၊ မင်းပြောတာ နောက်ကျနေပြီ၊ တို့နှစ်ယောက်ရဲ့ သံယောဇဉ်ကြိုးတွေက အမျှင်ဘဝကနေ ချည်ခင်တမျှကြီးမားလို့ မခွဲစတမ်း နေသွားကြတော့မှာကွ"

ဟု ဝမ်းသာအားရ ပြောလေတော့သည်။ ကျွန်တော်ကလည်း. . .

"ဒါဆို အစ်ကို အသက်(၄၀)ကျော်မှ ကံပေါ်တာပေါ့၊ တစ်ကိုယ်တည်း လူပျိုကြီးဘဝက ကျွတ်ပြီပေါ့"

ဟု ဝမ်းမြောက်စွာ ပြန်ပြောလိုက်မိသည်။

"အေးကွာ၊ မင်းထင်ထားသလို အစ်ကိုက လူပျိုကြီးလဲ မဟုတ်ဘူးကွ၊ အသက်(၄၀)ကျော်မှ ကံပေါ်တာလဲ မဟုတ်ဘူးကွ၊ အစ်ကို့မှာ သားနဲ့ မယားနဲ့ ရှိခဲ့ဖူးတယ်"

"ဒါဆို မိသူက အငယ်အနှောင်းလေးပေါ့"

"ဒီလိုလဲ မဟုတ်ပါဘူးကွာ၊ မင်းအားတဲ့ တစ်ရက် အိမ်ကိုလာကွာ၊ ငါ့အကြောင်းနဲ့ မိသူအကြောင်း၊ ကံမကောင်း အကြောင်းမလှ ဖြစ်ခဲ့တာတွေ ပြောပြမယ်လေကွာ၊ ဇာတ်လမ်းက ရှည်တော့ အေးအေးဆေးဆေး အချိန်ပေး ပြောမှ ရလည်မှာကွ"

"လာမယ်အစ်ကိုရေ လာမယ်၊ ဒါနဲ့ အစ်ကိုတို့က ဘယ်တော့ လက်ထပ်ကြမှာလဲ"

"မိသူ အမေဆီ ဆက်သွယ်နေတာ မရသေးလို့ကွာ၊ သူ့မွေးစားမိဘတွေကတော့ မကန့်ကွက်ပါဘူး၊ သူ့မိခင်သဘောပါလို့ ပြောတာနဲ့ အစ်ကို့ဘက်က တာဝန်ကျေအောင် မိသူ မိခင်ကို ရှာနေ စောင့်နေရတာကွ၊ သိပ်တော့ ကြာမယ် မထင်ပါဘူး"

"ကျွန်တော်တို့ကိုလဲ ဖိတ်ဖို့မမေ့နဲ့နော်"

"အေးပါကွာ၊ မင်းဆီကလဲ အကူအညီတောင်းရဦးမှာပါ၊ ဒီကြားထဲ မင်းသာ မြန်မြန်လာလည်လှည့်ပါ"

"မနက်ဖြန် တာဝန်မှူးအထွက်မို့ အချိန်ယူပြီးလာမယ်လေ အစ်ကိုတို့ စောင့်နေပေးပေါ့"

"အေး၊ ဒါဆို အိမ်ကျမှ ထမင်းစားကွာ၊ မင်း တာဝန်မှူးထွက်ပြီးတာနဲ့ လာလိုက်ပေါ့၊ မိသူကို ကြက်သားကာလသားဟင်းချက်ခိုင်းထားမယ်"

"ဟင်. . . မိသူက အစ်ကို့အိမ်ရောက်နေပြီလား"

"အေးပါကွာ၊ မနက်ဖြန် စောစောသာလာခဲ့၊ အဲဒီအကြောင်းတွေ အကုန်ပြောပြမယ်"

ဟု ဦးမြင့်သူမှ ပြောဆိုဖိတ်ခေါ်သွားလေသည်။ နောက်နေ့တာဝန်မှူးထွက်ပြီး ရေချိုးအဝတ်လဲကာ နံနက်(၉)နာရီခန့်တွင် စက်ဘီးစီး၍ ဦးမြင့်သူ အိမ်သို့ ထွက်လာခဲ့သည်။ ဦးမြင့်သူ အိမ်မှာ လမ်းမကြီးနံဘေး ဘိုကုန်းရပ်ကွက်ထိပ်တွင်ရှိသည်။ ခြံဝင်းကျယ် ဖြစ်လျက် ခြေတံရှည် တစ်ထပ် ပျဉ်ကာ၊ ပျဉ်ခင်း သွပ်မိုး၊ (၃)ပင် (၂)ခန်း အိမ်ဖြစ်သည်။ အိမ်ဘေးတွင် ကားထားရန် အမိုးမြင့်တဲကြီးထိုးထားပြီး နေအိမ်အောက်၌ ခုံတန်းရှည်နှင့် စားပွဲချထားသဖြင့် နွေမိုးဆောင်း နားနေနိုင်သည့် အေးချမ်းသော နေရာဖြစ်လေသည်။ နေအိမ် ခြံဝင်းအတွင်း စက်ဘီးစီးလျက် ဝင်လိုက်





www.burmeseclassic.com

www.burmeseclassic.com

သည်။ စက်ဘီးဘဲ(လ်)အားတီးလိုက်ပြီး ကားရုံတွင်းတွင် ခေါက်ထောက် ရပ်လိုက်သည်။

"ဟော ဘယ်သူများလဲလို့ . . ရဲအုပ်ဦးစံလာတယ် ဦးရေ"

ဟု နေအိမ် ပြတင်းပေါက်မှ မအေးသူ၏ ပြောသံကို ကြားလိုက်ရသည်။

"ဦးမြင့်သူ ရှိတယ်မဟုတ်လား မိသူ၊ ကြက်သားကာလသားဟင်းချက်ထားမယ်ဆိုလို့ ထမင်းလာစားတာဟေ့"

"ရှိပါတယ်ကွာ၊ ချက်ထားပါတယ်"

ဟုပြောလျက် ဦးမြင့်သူ အိမ်ပေါ်မှ ဆင်းလာ၍ ကျွန်တော့်ထံ လျှောက်လာသည်။

"မိသူရေ ထမင်းခူးပြီး အဆင်သင့် ပြင်ထားလိုက်နော်"

"စားသောက်ပြီးမှ အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ကျုပ်အကြောင်းပြောပြချင်နေတာ လာမှလာပါ့မလားလို့ တွေးနေသေးတာကွ"

ဟု ကျွန်တော့်အား တစ်ဆက်တည်းပြောလျက် လက်ကိုဆွဲကာ နေအိမ်ပေါ်ခေါ်သွားတော့သည်။

"ဦးဦးက ဆရာ့ကို ဧည့်ခံဖို့ဆိုပြီး မိသူကို ကြက်သားကာလသားဟင်းချက်ခိုင်းထားတာ၊ မိသူချက်တတ်သလိုချက်ထားတာနော်၊ မကောင်းလဲကောင်းတယ်ပဲ ပြောရမယ်နော်"

ဟုပြုံးရယ်လျက် မိသူက ထမင်းစားပွဲဘေးတွင် ယပ်တောင်တစ်ချောင်းဖြင့် ကျုံ့ကျုံ့ထိုင်လျက်က နှုတ်ဆက်ဧည့်ခံလေသည်။

"စိတ်ချ၊ နောက်ထပ်ခေါ်ကျွေးချင်လာအောင်ကို ကောင်းကောင်းချီးကျူးပေးမယ်"ဟု ရယ်မောပြောဆိုလျက် ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်ကြသည်။ ငရုတ်သီးစပ်စပ် ပက်စိမ်းနှံ့သင်းသင်းဖြင့် မျှင်ငါးပိထောင်း၊ ခရမ်းသီးပြုတ်နှင့် သခွားသီးတို့စရာ၊ ဂေါ်ဖီရွက်ကြော်တို့ဖြင့် နူးမြည့်နေသည့်ကြက်သားတုံးများကိုကိုက်ရင်း ထမင်းတစ်ပန်းကန်ပြီး တစ်ပန်းကန်ထည့်ကာ အားရပါးရ စားလိုက်သည်။

"မိသူရေ . . . မြှောက်ပြောတာ မဟုတ်ဘူး၊ ဒီကြက်သား ကာလသားချက်မျိုး တစ်ခါမှ မစားခဲ့ရဖူးဘူး၊ ကောင်းလိုက်တာ မနည်းဘရိတ်အုပ်ယူရတယ်"

ဟု လက်သုတ်ရင်း မိသူကို ပြောလိုက်ရာ ဦးမြင့်သူက. . .

"ခင်ဗျားဆီ အကူအညီတောင်းမယ်ဆိုတာ ဒါပဲဗျ၊ မိသူကို အင်းစိန်ကားဂိတ်မှာ ထမင်းဆိုင်ဖွင့်ပေးမလို့၊ အဲဒါ ရဲစခန်းနဲ့လဲ သိပ်မဝေးတော့ ခင်ဗျား ကူညီစောင့်ရှောက်ပေးဖို့ အကူအညီတောင်းတာပဲ"

"ဟာ စိတ်ချ ဦးမြင့်သူ၊ ကျွန်တော့်တာဝန်ထားလိုက်၊ မှဲ့တစ်ပေါက်မစွန်းစေရဘူး၊ ဒီလက်ရာနဲ့ဆို ကားဂိတ်က ထမင်းဆိုင်တွေတော့ ပိတ်လိုက်ကြရတော့မှာပဲဗျ၊ ဟား ဟား ဟား ဟား"

"သူ့မှာ စီးပွားပျက်အောင် အပြိုင်အဆိုင်ဖွင့်မှာ မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ ကားလိုင်းက လူတွေ သက်သက်သာသာနဲ့ ကောင်းကောင်းလေးစားရအောင် ကျုပ်တို့ လိုင်းဂိတ်ထဲမှာပဲ ဖွင့်မှာပါ၊ မိသူလဲ သူ့အလုပ်ကလေးနဲ့သူ ဖြစ်အောင်ပေါ့၊ ဘီပီအိုင်စက်ရုံက ပြန်ခေါ်ပေမယ့် မျက်နှာငယ်မှာစိုးလို့ ကျွန်တော်က ထွက်ခိုင်းလိုက်တာလေ၊ ကဲ လာ၊ အောက်ဆင်းပြီး ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်စားရင်း ကျုပ်အကြောင်း ပြောပြမယ်"

ရောဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်၊ ဝါးခယ်မမြို့နယ်သည် ဆန်စပါးစိုက်ပျိုးဖြစ်ထွန်းရာ မြို့နယ်ကြီး ဖြစ်သည်။ တောင်သူလယ်လုပ် ကျေးရွာဇနပုဒ်အများရှိရာတွင် သရွတ်မြိုက်ရွာကြီးမှာလည်း ဒေသခံ ကရင်တိုင်းရင်းသားများနှင့် မြန်မာများ ရောထွေးယှက်တင် လယ်ယာလုပ်ငန်းခွင်ဖြင့် စည်ပင်ဝပြောသာယာသော ရွာကြီးတစ်ရွာ ဖြစ်ပေသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည့် တိုင်းရင်းသား ကရင်လူမျိုးများမှာ လူမျိုးခွဲခြားမှုမရှိဘဲ ရွာဦးမှ ဆရာတော် ဦးဝါယမ၏ ကျောင်းတွင်ပင် သားသမီးများကို အပ်နှံ၍ ပညာသင်ကြားစေသည်။ ဘုန်းတော်ကြီးသင် မူလတန်းကျောင်းဖြစ်၍ အတန်းစာကို (၄)တန်းအထိသာ သင်ကြားနိုင်ပေရာ ဝါးခယ်မမြို့သို့ ကျောင်းဆက်တက်နိုင်သူ အလွန်ပင် ရှားလှပေသည်။

ထိုအထဲမှာ သမီးယောက်ဖတော်စပ်ကြသည့် ဦးရာဗိုလ်+ဒေါ်နန်းလှ၏သား မောင်မြင့်သူနှင့် စောလယ်ဝါး+ဒေါ်စိန်ခြယ်တို့၏ သမီး မအေးမိတို့ မောင်နှမတစ်ဝမ်းကွဲတော်သူ နှစ်ဦးမှာ (၄)တန်းအောင်ပြီးနောက် ဝါးခယ်မမြို့ရှိ ဦးဗိုလ်ကြီး အလယ်တန်းကျောင်းတွင် ဆက်လက်ပညာသင်ကြားနေကြသူများဖြစ်သည်။ မြသိန်းတန်ရပ်ကွက်နေ ဆန်ကုန်သည် မြန်မာဆေးဆရာကြီးဦးတင် ဒေါ်စိန်တို့အိမ်၌ မိဘများက အပ်နှံထားကြသဖြင့် အတန်းစာများကို ဆက်လက်သင်ကြားခွင့်ရရှိကြကာ ကျေးရွာတွင် မျက်နှာပွင့် အခြေတင့်နေကြသည်။

ယင်းအခါသမယ ၁၉၃၅ ခုနှစ်ကာလကား ဖဆပလအစိုးရလက်ထက် ပြည်တွင်း ရောင်စုံသောင်းကျန်းသူများ ထကြွနေကြဆဲဖြစ်သဖြင့် မြို့ရွာအနှံ့ပင် သူပုန် ဓားပြဘေး ကြောက်ရွံ့နေကြရလေသည်။

သရွတ်မြိုက်ရွာမှာလည်း ကော်သူလေး ကရင်သောင်းကျန်းသူ ဗိုလ်ကွက်ကော့နှင့် ငပေါ်, ကြော ညီအစ်ကိုအဖွဲ့မှ ကရင် လူငယ်လူရွယ်များကို သူပုန်တပ်ထဲ အဓမ္မခေါ်သွင်းခြင်း၊ ဗမာပြည်ကွန်မြူနစ်ပါတီမှ ဗိုလ်တိုင်း ကျော်နှင့် အဖွဲ့ကလည်း ပစ္စည်းမဲ့ လူတန်းစားကောင်းစားရေး တရားဟော၍ ဆက်ကြေးတောင်းခြင်း၊ ရဲဘော်ဖြူ ဗိုလ်မဲလုံးနှင့် အဖွဲ့ကလည်း ရွှေရည်စိမ် လွတ်လပ်ရေးအလိုမရှိ၊ တကယ်လွတ်လပ်





www.burmeseclassic.com

www.burmeseclassic.com

ရေးကို တိုက်ယူရမည်ဟုဆိုကာ လွတ်လပ်ရေး ရန်ပုံငွေကောက်ခံခြင်းများဖြင့် သူဝင်ငါထွက် ရွာပျက်မတတ် နှိပ်စက်ခံနေရကြရလေသည်။

ထို့ကြောင့် မိဘများက ဘေးလွတ်ရာ ဝါးခယ်မသို့ပို့၍ တစ်နှစ်စာ စားစရိတ် ကျောင်းစရိတ်ကို လယ်ထွက်စပါးဖြင့် ပေးအပ်ကာ သားသမီးများ ကောင်းစားရလေအောင် ကြံဆောင်ကြရခြင်းဖြစ်လေသည်။ မောင်မြင့်သူနှင့် မအေးမိတို့နှစ်ဦးမှာ တစ်နှစ်တစ်ခါ ကျောင်းကြီးပိတ်မှပင် ရွာသို့ပြန်ရောက်ကြပေသည်။

"အေးမိ၊ နင်ကြီးလာရင် ဘာလုပ်မလဲ"

"ကိုမြင့်ကကော ဘာလုပ်မှာလဲ၊ အေးမိကတော့ ကျောင်းဆရာမ လုပ်မယ်၊ ရွာမှာ စာပြန်သင်ပေးမယ်လေ"

"ငါကတော့ဟာ တို့ရွာတွေ အေးချမ်းစေချင်တာဟ၊ ဒီသူပုန်တွေ ကုန်မှ အေးမှာ၊ ဗမာ့တပ်မတော်ထဲဝင်ပြီး ဗိုလ်ကြီးလုပ်မှာဟ၊ အခု ငါ့အသက်က (၁၇)နှစ်ပဲရှိသေးတော့ တပ်ထဲဝင်လို့ မရလို့ပေါ့ဟာ"

"အေးမိကတော့ အပါးတို့ အမားတို့နဲ့ မခွဲနိုင်ပေါင်၊ အေးမိက အခု (၁၆)နှစ်ဆိုတော့ (၆)တန်းအောင်ပြီးလို့ (၇)တန်းရောက်ရင် ဆရာမလုပ်လို့ ရပြီလေ၊ (၇)တန်းအောင် အောင်တော့ ကျောင်းတက်လိုက်မယ်လေ၊ ဟိုက်စကူးဖိုင်နယ်ကို ဆရာမလုပ်ရင်း အပြင်ကနေ ဆက်ဖြေမယ်ပေါ့နော်၊ ကိုမြင့်က စစ်ဗိုလ်ကြီးလုပ်မှာဆိုရင် ဟိုက်စကူးဖိုင်နယ် အောင် အောင်တော့ ကျောင်းဆက်တက်ရမှာပေါ့လို့"

မောင်မြင့်သူနှင့် မအေးမိတို့ တက်လူငယ်များပီပီ ဘဝရှေ့ရေး ဆွေးနွေးရင်း (၆)တန်းနှစ်ဝက် အစမ်းစာမေးပွဲရက်တွင် ဦးရာဗိုလ် ရောက်လာသည်။

"သမီးအေးမိ နင့်အပါးဆုံးသွားလို့ လာခေါ်တာ"

"ဟင် ဘကြီးအပါးက ဘာဖြစ်လို့ ဆုံးသွားရတာလဲ"

ဟု အေးမိက ငိုရင်းမေးရင်းနှင့် သတိလစ်တက်သွားတော့ရာ မောင်မြင့်သူက ပွေ့ချီရင်း ဖခင်ဖြစ်သူအား. . .

"အဖေရာ ရုတ်တရက်ကြီး ပြောလိုက်ရသလားဗျာ၊ အေးအေးဆေးဆေးမှ ပြောရောပေါ့"

"မအေးဆေးသေးဘူးကွ မြင့်သူရ ဟိုမှာ မင့်အမေကလဲ သူ့အစ်ကိုဆုံးလို့ ထွက်ချက်နေတယ်၊ မိစိန်ခြယ်လဲ ကြောင်တောင်တောင်ဖြစ်နေတယ်၊ ရွာမှာ ဗိုလ်ကွက်ကောတို့လဲ ရောက်နေတယ်၊ ဒါကြောင့် မြန်မြန်ပြော မြန်မြန် ပြန်ခေါ်သွားရမှာကွ"

"ဖထီးက ဘာရောဂါဖြစ်လို့လဲ အဖေရ"

"ဘာရောဂါမှ မဟုတ်ဘူးဟေ့၊ သူတို့ ကရင်တော်လှန်ရေးအတွက် အမာခံစခန်းဆောက်ဖို့ လုပ်အားလိုတယ်ဆိုပြီး ရွာအရှေ့က ကျူတောထဲမှာ သူပုန်စခန်းဆောက်တာ အဲဒီမှာ စောလယ်ဝါးက လက်သမားတတ်တယ်ဆိုပြီး လာခေါ်သွားတာ၊ ပိုးထိပြီး ဆုံးတာပဲ၊ အခု အလောင်းလာပို့လို့ သိရတာ"

"တောက် ဒီသူပုန်တွေ မြန်မြန် ကုန်မှ အေးမယ်"

"အေး မင်းအဲဒီလို ပြောနေရင် ရွာကို မလိုက်ခဲ့နဲ့တော့၊ သူတို့ သိသွားရင် မင်းအရှင်လတ်လတ် ရင်ခွဲ အသည်းမီးကင်စားခံရလိမ့်မယ်"

"သူတို့ကြားအောင် မပြောပါဘူး အဖေရာ၊ မခံချင်လွန်းလို့ပါ အေးမိ တစ်ယောက်ထဲဆို အားသိပ်ငယ်နေမှာပေါ့၊ ကျွန်တော် ဟိုကျရင် ဘာမှ မပြောပါဘူး"

"တို့ရွာကလဲ မြို့နဲ့ဝေးတော့ ကူမယ့်ကယ်မယ့်သူ မရှိသလို ဖြစ်နေပြီ သားရေ၊ မင်းတို့ကိုလဲ အန္တရာယ်ထဲ ခေါ်မထားချင်ဘူး၊ အခုက နာရေးဖြစ်နေလို့သာ အဖေ လာခေါ်ရတာ၊ ရွာမှာလဲ စိတ်မချဖြစ်နေရလို့ အမြန်ပြန်ကြရမယ်၊ ဗိုလ်ကွက်ကော့တို့က အသုဘသင်္ဂြိုဟ်ပြီးမှ သွားကြမယ်ပြောနေတယ်၊ အဖေ့ကို ဘယ်မှမဝင်ရဘူး ချက်ချင်းပြန်လာရမယ်လို့ မှာလိုက်တယ်၊ သူတို့ မသင်္ကာဖြစ်ရင် အဖေတို့ကိုပါ ရန်ရှာလာကြမှာ သားရဲ၊ ဒါကြောင့် အေးမိလေးကို ချက်ချင်းပြောလိုက်ရတာ"ဟု ရှင်းပြပြီး ဆရာဦးတင်ထံ ခွင့်ပန်၍ မောင်မြင့်သူနှင့် အေးမိတို့ကို ခေါ်ကာ လှေဖြင့် ချက်ချင်းပြန်ကြတော့သည်။





www.burmeseclassic.com

www.burmeseclassic.com

အသုဘ သဂြိုဟ်ပြီးနောက် မအေးမိမှာ ကျောင်းပြန်မတက်တော့ဘဲ မိခင်နှင့်အတူ ရွာတွင်နေခဲ့သဖြင့် မောင်မြင့်သူတစ်ဦးတည်း မြို့သို့ ပြန်လာခဲ့ရသည်။

မောင်နှမဝမ်းကွဲ ဖြစ်ကြသည့်အပြင် ငယ်စဉ်ကစ၍ အတူနေ၊ အတူစား ကျောင်းသွားဖော် သူငယ်ချင်းများအဖြစ် အသက် (၁၆)၊ (၁၇)နှစ်တိုင်နေလာခဲ့သည့် ရင်းနှီးမှုသည် ခွဲခွာရလေသောအခါ သံယောဇဉ်နှောင်ကြိုးရစ်ပတ်ဖွဲ့ချည်လေတော့သည်။

မောင်မြင့်သူ (၇)တန်းတက်သည့်နှစ်တွင် ရဲဘော်ဖြူ ဗိုလ်မဲလုံးအဖွဲ့နှင့် ကော်သူလေငပေါ် ကြောအဖွဲ့တို့ ကရင်ဗမာလူမျိုး ခွဲခြားရာမှ မသင့်မမြတ်ဖြစ်ကာ သရွတ်မြို့ကိုရွာအား လုကြရင်း တိုက်ပွဲများဖြစ်ကြလေတော့သည်။ ရွာသူ၊ ရွာသားများမှာ တိုက်ပွဲကြား၌ သေကျေပျက်စီးကြရပြန်လေသည်။

မောင်မြင့်သူ၏ဖခင် ဦးရာဗိုလ်လည်း သူပုန်နှစ်ဖွဲ့ တိုက်ပွဲအတွင်း လယ်ထွန်ရင်း ကျည်သင့်သေဆုံးသွားလေရာ မောင်မြင့်သူမှာ ကျောင်းထွက်၍ လယ်ကွက်ထဲ ရောက်ခဲ့ရတော့သည်။

ဖခင်မရှိကြသူချင်းမို့ မအေးမိနှင့် မောင်မြင့်သူတို့ ဘဝချင်းတူသွားကြပြန်သဖြင့် စာနာငဲ့ညာမှုများဖြင့် လူငယ်သဘာဝ အပြန်အလှန် အားပေးကူညီကြရင်း ရင်တွင်းခံစားချက်များကို ဖွင့်ဟလျက် ဘဝလက်တွဲဖော်များအဖြစ် ရောက်ရှိသွားကြတော့သည်။

သောင်းကျန်းသူများ ကြီးစိုးရာကာလဖြစ်၍ အထူးတလည် မင်္ဂလာပွဲမပြုလုပ်တော့ဘဲ ရွာဦးကျောင်း ဆရာတော် ဦးဝါယမထံ ကန်တော့ပွဲအပ်နှံ၍ ဆွမ်းကပ်ပြီး ဇနီးမောင်နှံ ဖြစ်ခဲ့ကြရလေသည်။

မောင်မြင့်သူမှာ မိခင်နှင့် ယောက္ခမတို့ကို တစ်အိမ်တည်းပေါင်းနေစေပြီး နှစ်ဖက်မိဘလက်ငုတ်လယ်ကို ကိုယ်တိုင် ဦးစီးလုပ်ကိုင်ရတော့သည်။ သမီးယောက္ခမနှစ်ဦးဖြစ်ကြသည့် ဒေါ်နန်းလှနှင့် ဒေါ်စိန်ချယ်တို့မှာလည်း ချွေးမလည်း သမီး၊ သမက်လည်း သား ဖြစ်နေကြလျက် ကျီးလန့်စာစားနေရသည့် ကာလမို့ မောင်မြင့်သူကို စိတ်မချနိုင်ဘဲ လယ်ထဲသွားလျှင်ပင် သူပုန်များမြင်မည်စိုးသဖြင့် တဘက်ပေါင်းပြီး အဘိုးကြီးဟန်ဆောင်စေပြီးမှ သွားစေသည်။

"သားရေ မတော်လို့ လယ်ထဲမှာ ဗိုလ်ကွက်ကောတို့နဲ့တွေ့ရင် စောလယ်ဝါး သမက်လို့ မပြောနဲ့နော်၊ တော်ကြာ ကရင်တော်လှန်ရေးတပ်ထဲ ဆွဲခေါ်သွားဦးမယ်"

"အမေစိန်ချယ်ရယ်၊ ဗိုလ်ကွက်ကောတို့အဖွဲ့နဲ့တွေ့တွေ့ ဗိုလ်မဲလုံးအဖွဲ့နဲ့ တွေ့တွေ့ အတူတူပါပဲ၊ အတင်းဆွဲခေါ်သွားကြမှာတော့၊ ကျွန်မတို့ ကိုယ်တိုင်ပဲ လယ်ထဲ ဆင်းကြရရင် ကောင်းမယ်ထင်တယ်"

"အမယ်လေး အမေတို့ရယ်၊ ဒီလောက်လဲ စိတ်ပူမနေကြပါနဲ့၊ ကိုမြင့်က အကင်းပါးပါတယ်၊ အမေတို့ စိတ်မချကြရင် သမီးပါ ကိုမြင့်နဲ့ လိုက်သွားပေးမယ်လေ"

"အေးအေး နေပါ အေးမိရယ်၊ နင်ပါလာလို့ သူတို့တွေ့သွားရင် ပိုဆိုးနေမယ်၊ ငါတစ်ယောက်တည်းဆို ပြေးရ ပုန်းရလွယ်သေးတယ်၊ ထမင်း ထုပ်သာ ပိုထုပ်ပေးလိုက်၊ ငါ့အတွက် စိတ်မပူနဲ့၊ အမေတို့ကိုသာ နင် ဂရုစိုက်ပါ၊ ငါ ဒီသူပုန်တွေကို ကြည့်မရတာမို့ ဝေးဝေးက ရှောင်ပါ့မယ်"

"အမေတို့လဲ ကျန်းမာရေး မကောင်းကြတာမို့ လယ်ထဲ မဆင်းကြပါနဲ့တော့ သားအတွက် စိတ်ချပါ၊ အမေတို့နှစ်ဦးသာ အိမ်မှာ အေးမိနဲ့ အဆင်ပြေအောင် နေကြပါနော်"

ဟုပြောပြီး မောင်မြင့်သူ ခေါင်းပေါင်းပေါင်း၍ ပေါက်တူးထမ်းပြီး ထမင်းထုပ်၊ ရေပုလင်းတို့ကို ဆွဲကာ လယ်ထဲဆင်းသွားတော့သည်။ လယ်ထဲရောက်သည့်အခါ တွေ့လိုက်ရသည်မှာ ထွန်ထယ် ကျွဲနွားများ လယ်ကွက်ထဲ ရပ်နေကြလျက်(ယောက္ခမ) ဖထီး စောလယ်ဝါး၏ လယ်အစပ်ကုန်းပေါ်တွင် လယ်လုပ်သားများ စုဝေးထိုင်နေကြခြင်းဖြစ်သည်။ မတော်တဆထိခိုက်မှုဖြစ်၍လား၊ ပိုးထိ၍လားဟု တွေးပူမိသဖြင့် အလျင်အမြန် လျှောက်သွားလိုက်သည်။

"ဖစ္စည်းမဲ့ လူတန်းစား ကောင်းစားရေးအတွက် ကျုပ်တို့ တော်လှန်ရေးဆင်နွှဲနေတာ"

ဟု အနားရောက်မှ ကြားလိုက်ရသဖြင့် ဗကပ္ပဗိုလ်တိုင်းကျော် တရားဟောနေသည်ကို သိလိုက်ပြီးနောက် ပြန်လှည့်ထွက်လိုက်သည်။

"ဟိုရဲဘော် ဒီကိုလာပါ၊ ပြန်ထွက်မသွားနဲ့" ဟု ငေါက်သံနှင့်အတူ "ဒိုင်း" ဟူသော သေနတ်သံကြောင့် မောင်မြင့်သူ လူအုပ်ထဲ ဝင်ထိုင်လိုက်ရတော့သည်။

"မြေရှင် ယာရှင် ခနရှင်တွေကို ကျုပ်ပင်ခုတ်၊ ကျုပ်ငုတ်ပါမကျန်အောင် တော်လှန်ပြီး ဖဆပလရဲ့ ရွှေရည်စိမ် လွတ်လပ်ရေးကို တိုက်ဖျက်ပစ်ရမယ်၊ စစ်မှန်တဲ့ လွတ်လပ်ရေးဆိုတာ ဒီလို တောင်းယူလို့မရဘူး၊ တိုက်ယူမှရတယ်၊ ဒါကြောင့် ကျုပ်တို့ ပစ္စည်းမဲ့ တော်လှန်ရေးအင်အား တောင့်တင်းအောင် ခင်ဗျားတို့ လယ်မဲ့ယာမဲ့ လုပ်သားထုရဲ့ ပူးပေါင်းပါဝင်မှုကို လိုလားနေပါတယ်၊ ကျုပ်တို့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ တပ်နီတော်အလံအောက်ကို ဝင်ရောက်ကြပါ"

ဟူသော ဆွယ်တရားကို အဓမ္မ သေနတ်ပြ၍ နာကြားခဲ့ရသည်မှာ နေထန်းတစ်ဖျားအလွန်မှ မွန်းတည့်အထိပင် ဖြစ်တော့သည်။ ဗိုလ်တိုင်းကျော်က တရားဟောရစ်လိုက်ပြီးနောက် ထိုင်နေကြသည့် လယ်သမား (၂၀)ကျော်ခန့်အား မျက်နှာများကို စေ့စေ့ကြည့်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

"ကဲ ကျုပ်တို့ရဲ့ သဘောတရားကို မရှင်းတာများရှိရင် မေးကြပါ၊ ကျုပ်တို့နဲ့ လက်တွဲချင်ရင်လဲ တစ်ခါတည်း လိုက်ခဲ့ကြပါ"

ဟု ထပ်မံ ဖိတ်ခေါ်သော်လည်း တစ်ယောက်မျှ မတုံ့ပြန်ကြပေ။

"အင်း ခင်ဗျားတို့လဲ ဂေါတမဗုဒ္ဓရဲ့သားဆိုတဲ့ ဘုန်းကြီးတွေရဲ့ မှိုင်းမိနေကြတာကိုး၊ ဒါကြောင့် ဥက္ကဋ္ဌကြီး မော်စီတုံးက ယဉ်ကျေးမှုတော်လှန်ရေး လုပ်ပစ်ရမယ်၊ ဒါမှ ဘာသာရေးမှိုင်းထဲက ဆွဲထုတ်လို့ရမယ်လို့ ပြောတာပဲ၊ ဒီဘုန်းကြီး ကတုံးတွေက ခင်ဗျားတို့အပေါ် ဘာသာရေးဘိန်း ကျွေးပြီး အချောင်စားနေကြတာဗျ၊ လူလူချင်း အတူတူပဲ၊ ငရဲနဲ့ ခြောက်၊ နိဗ္ဗာန်နဲ့ မြှောက်တာနဲ့ ဘာမှ မမြင်ရဘဲကြောက်နေကြတာ၊ ခင်ဗျားတို့ တကယ်ကြောက်ရမှာက ခေါင်းပုံဖြတ် မြေရှင်တွေဗျ၊

သူတို့ကြောင့် ကျုပ်တို့ ခင်ဗျားတို့ ဆင်းရဲမွဲတေနေကြရတာ၊ ကဲ ကျုပ်တို့လဲခရီးဆက်စရာရှိသေးတယ်၊ နောက်တစ်ခါကျမှ အချိန်ယူပြီး ခင်ဗျားတို့ကို ပစ္စည်းမဲ့ အာဏာရှင်စနစ်အကြောင်း ခေါင်းဆောင်ကြီးစတာလင်ရဲ့ ကွန်မြူနစ်စနစ်ကို အကျေအလည် ဆွေးနွေးရမယ်၊ ဒီနေ့တော့ တော်လောက်ပြီ၊ ကျုပ်တို့အဖွဲ့တွေ ထမင်းမစားရသေးလို့ ခင်ဗျားတို့မှာပါလာတဲ့ ထမင်းထုပ်တွေ ကျုပ်တို့ကို တော်လှန်ရေးအတွက် ရည်စူးပြီး ပေးလိုက်ကြပါ"

မောင်မြင့်သူနှင့် လယ်သမားများမှာ သေနတ်ကိုကြောက်၍ ပါလာသမျှ စားစရာများကို ထုပ်ပိုးပေးလိုက်ရတော့သည်။

ထမင်းလည်း ဆာ၊ ရေလဲငတ်၊ နွားများလည်း လယ်ထဲရပ်နေကြရသည်မှာ ကြာပြီဖြစ်၍ ထွန်ထယ်များ ဖြုတ်သိမ်း၊ ကျွဲနွားများကို ထိန်းကျောင်းပြီး အိမ်ပြန်ကြရလေတော့သည်။

ပစ္စည်းမဲ့ တော်လှန်ရေးသမားတွေက ဆင်းရဲသားတွေရဲ့ ထမင်းထုပ်ကိုတောင် မရှောင်နိုင်ကြပါလားဟု မကျေမနပ်ဖြင့်တွေးရင်း လယ်လုပ်ငန်း တစ်နေ့တာ ပျက်ယွင်းသွားရသည်။

ဥက္ကဋ္ဌကြီး မော်စီတုံးဆိုတာ ဘယ်သူလဲ၊ ခေါင်းဆောင်ကြီးစတာလင်ဆိုတာကကော ဘယ်ကလဲ၊ ပစ္စည်းမဲ့တော်လှန်ရေးတဲ့ ကွန်မြူနစ်စနစ်တဲ့ ဘာသာရေးက ဘိန်းတဲ့၊ ဘုန်းကြီးက အချောင်သမားတဲ့၊ ဘာတွေပြောမှန်းလဲ မသိ၊ ရတနာသုံးပါးလဲ ထိခိုက်စော်ကားနဲ့ မောင်မြင့်သူ အတွေးထဲမှာတော့ ဒီလူတွေ မြန်မြန်ပြေးသွားရအောင် ဘယ်လိုလုပ်ရပါ့မလဲဟုသာ အဖြေရှာနေမိလေသည်။

"အရှင်ဘုရား ဗကပဗိုလ်တိုင်းကျော်က အရှင်ဘုရားတို့ကို အချောင်သမားတွေဆိုပြီး ရတနာသုံးပါးကို ထိခိုက်စော်ကားတဲ့ စကားတွေ ပြောသွားတယ်ဘုရား"

ဟု ဆရာရင်းဖြစ်သည့် ရွာဦးကျောင်းဆရာတော်ထံ မောင်မြင့်သူ သွားရောက် လျှောက်ထားအသိပေးလိုက်သည်။

ဆရာတော်က. . .

"အေး မင်းမဲ့စရိုက်နဲ့ ကိုက်ညီတဲ့စကားပေပဲကွယ်၊ ဗုဒ္ဓရှင်တော်မြတ်ဘုရားက လူမိုက်နဲ့ မပေါင်းသင်းနဲ့ ဝေးဝေးက ရှောင်ရမယ်လို့ ဆုံးမထားခဲ့တာကွယ့်၊ ဒီနေရာမှာ လူမိုက်တွေကြီးစိုးကြတော့မှာဆိုတော့ ငါလဲ ရှောင်ရတော့မှာပေါ့ကွယ်"

"အရှင်ဘုရား ဘယ်ကို ကြွမှာလဲဘုရား"

"ဝါးခယ်မမြေသိန်းတန်ကျောင်းကိုပဲ ပြန်ကြွရမှာပေါ့ကွယ်"

"ဒါဆို တပည့်တော်လိုက်ပို့ပါ့မယ် ဘုရား"

"အေး ဒီအကြောင်းဘယ်သူမှ မသိစေနဲ့ကွယ့်၊ မင်းအတွက် အန္တရာယ်ဖြစ်ပေါ်လာနိုင်တယ်"

"တင်ပ့ါဘုရား တပည့်တော် ဘယ်နေ့လိုက်ပို့ရမလဲ ဘုရား"

"ဘေးအန္တရာယ်မြင်မှတော့ ကြိုတင်ကာကွယ်တာအကောင်းဆုံးပဲကွယ့်၊ မနက်ဖြန် နံနက် အရုဏ်ဆွမ်းစားပြီး သွားကြတာပေါ့"

"တင်ပ့ါဘုရား"

ဆရာတော် မရှိတော့၍ ရွာကျောင်းလည်း ပျက်လေတော့သည်။ ကလေးများလည်း စာသင်ပေးမည့်သူ မရှိသဖြင့် ကွင်းကြို ကွင်းကြားဆော့ကစားရင်း ငါးဖမ်းအိုင်ပက်၊ ဂဏန်းနှိုက်ဖြင့်သာ အချိန်ကုန်ကြရတော့သည်။

မောင်မြင့်သူမှ ဆရာတော်အား လိုက်ပို့သည်ကို အေးမိမှတစ်ဆင့် အမေနှစ်ဦးနား ပေါက်သွားပြီး ရွာတွင်းသို့ အဆင့်ဆင့် သတင်းပြန့်သွားရာ မောင်မြင့်သူမှာ ကျေးရွာသားများ၏ အမုန်းစကားများဖြင့် ထပ်ဆင့်အပြစ်တင်ခံရပြန်တော့သည်။

ထို့ကြောင့် ရောင်စုံသူပုန်ကြားဗျာများရသည့်အထဲ ရွာသားများ၏ အထင်လွဲမှုပါ ခံနေရပြန်သဖြင့် ဒီရွာမှ ထွက်သွားချင်စိတ် ဖြစ်နေတော့သည်။

"အေးမိရေ တို့ရွာမှာ ဆက်နေလို့ မကောင်းတော့ဘူး၊ မြို့ပေါ်ပြောင်းကြရအောင်နော်"

"ကိုမြင့်ရယ် မြို့ပေါ်မှာဘာလုပ်စားကြမတုံးတော့၊ အမေနှစ်ယောက်လဲ ရှိသေးတယ်"

"ရရာ အလုပ်လုပ်ရမှာပေါ့ကွာ"

"နေစရာကောရှိလို့လား ကိုမြင့်ရယ်၊ အမေတို့ အသက်ကြီးမှ မြို့ပေါ်မှာ ပိုဒုက္ခရောက်နေပါဦးမယ်"

"ဆရာတော်တို့ အဘမောင်တင်တို့ဆီ သွားပြီး တိုင်ပင်ကြည့်ရမှာပဲကွာ"

(ဆက်ရန်)

❒ စံကော့



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၀၁)

www.burmeseclassic.com

www.burmeseclassic.com

ပဒုမ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ပြီး၍ သာသနာတော်လည်းကွယ်ပျောက်၏။

ပဒုမမြတ်စွာဘုရားသည် အနှစ်တစ်သိန်းတမ်း၌ ပွင့်တော်မူရာ သက်တော်ရှည်သော မြတ်စွာဘုရားများ ပရိနိဗ္ဗာန်စံလွန်လျှင် သာသနာတော်ဟူ၍ မကျန်ခဲ့။ သို့ကြောင့် ပဒုမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် သာသနာတော် မကျန်ခဲ့ခြင်း ဖြစ်သည်။

ပဒုမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူချိန်သည် လူတို့သက်တမ်း တစ်သိန်းဖြစ်၏။ ထိုတစ်သိန်းမှ တဖြည်းဖြည်းဆုတ်ယုတ်လာရာ အသက် ဆယ်နှစ်သက်တမ်းသို့ ရောက်ရှိလာ၏။ ယင်းကမှ ပြန်ပြီးတက်လာရာ အသင်္ချေယျအထိဖြစ်သွားပြန်သည်။ ထိုကမှ ပြန်ပြီး ဆုတ်ယုတ်လာခဲ့ရာ အနှစ်ကိုးသောင်း သက်တမ်းသို့ ရောက်ရှိသွားပြန်၏။

အားဆယ်ပါးဖြင့် ပြည့်စုံတော်မူသည်ဖြစ်၍ လေးပါးသော ဝေသာရဇ္ဇဉာဏ်ကြောင့် ရဲရင့်ခြင်းရှိသော ဝိမုတ္တိအရသာကို ဟောတော်မူတတ်သော လူနတ်တို့ထက်မြတ်တော်မူသည့် နာရဒအမည်ရှိသော မြတ်စွာဘုရားသည် လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။

ထိုဘုရားလောင်းကား လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူလျက် တုသိတာနတ်ပြည်၌ ဖြစ်တော်မူခဲ့၏။ ထိုတုသိတာနတ်ပြည်မှ စုတေခဲ့လျှင် ဓညဝတီမြို့တော်၌ သုဒေဝမင်း၏ မိဖုရားကြီး အနောမာ၏ဝမ်းတွင် သန္ဓေစွဲယူ တည်နေ၏။

ဝါသုဒေဝ မင်းမျိုးကား မိမိ၏ ဝီရိယဖြင့် ရန်သူကို အောင်တတ်သော ဂုဏ်ပုဒ်ဖြင့် ကြီးရင့်၏။ အနောမာမိဖုရားကြီးမှာလည်း အလှအယဉ်အတင့်အတယ်တို့တွင် နှိုင်းယှဉ်စရာ ဥပမာမရှိသော မြင့်မြတ်သော အမျိုးဂုဏ်ရှိသူဖြစ်ပေ၏။

နာရဒမြတ်စွာဘုရား အလောင်းတော်သည် ဆယ်လကိုလွန်သဖြင့် ဓနဥ္စယဥယျာဉ်၌ ဖွားမြင်တော်မူ၏။ ထိုအလောင်းတော်သည် အမည်မှည့်အံ့သောနေ့၌ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သောလူတို့သည် သုံးဆောင်ခြင်းငှာခဲယဉ်းကုန်သည်ဖြစ်၍ လျောက်ပတ်သော တန်ဆာများသည် ကောင်းကင်ရှိ ပဒေသာပင်မှ ကျကုန်၏။

ထိုဘုရားလောင်းသည် လူတို့အား သုံးဆောင်ခြင်းငှာထိုက်တန်သော တန်ဆာတို့ကို ပေးတော်မူတတ်သော သတ္တိကြောင့် "နာရဒ" ဟူသောအမည်ကို မှည့်ကုန်၏။ နာရဒမြတ်စွာဘုရား အလောင်းတော်သည် အနှစ်ကိုးသောင်းတို့ပတ်လုံး အိမ်ရာထောင်သော လူ့ဘောင်၌ နေခဲ့၏။

ဝိဇိတပြာသာဒ်၊ ဝိဇိတာဝိပြာသာဒ်၊ ဝိဇိတာဘိရာမပြာသာဒ် သုံးဆောင်တို့သည် ဥတုသုံးပါးအား လျောက်ပတ်စွာဖြစ်ပေါ်လာကုန်၍ နာရဒ သတို့သားကိုလည်း အမျိုး၊ သီလ၊ အကျင့်၊ အဆင်းဖြင့် ပြည့်စုံသည်ဖြစ်၍ လင်၏စိတ်နှလုံးကို ယူကျုံးဘိသကဲ့သို့ ဝိဇိတာသေန အမည်ရှိသော အလွန်ဘုန်းရှိသော မင်းသမီးကို မိဖုရားပြု၏။

မြတ်စွာဘုရားအလောင်းတော်ဖြစ်သော မင်းသား၏ မိဖုရားကြီးသည် တစ်သိန်းနှစ်သောင်းသော မိဖုရားတို့ ခြံရံအပ်၏။

ထိုဝိဇိတာသေန မိဖုရားကြီးသည် အလုံးစုံသော လူအပေါင်းတို့၏ နှစ်သက်ခြင်းကို ပြုတတ်သော နန္ဒုတ္တရ သတို့သားကို ဖွားမြင်တော်မူ၏။

မြတ်စွာဘုရားအလောင်းတော် မင်းသားသည် ထိုနန္ဒုတ္တရမင်းသားကို ဖွားမြင်သောနေ့၌ သူအို၊ သူသေ၊ သူနာ၊ ရဟန်း ဟူသော နိမိတ်ကြီးလေးပါးကို မြင်တော်မူ၏။

မြတ်စွာဘုရား အလောင်းတော်မှာ များစွာသော စစ်သည်ဖြင့် ခြံရံအပ်သည်ဖြစ်၍ အထူးထူးအပြားပြား တပ်မက်ဖွယ် သိမ်မွေ့နူးညံ့သော မြတ်သော အဝတ်၊ လည်၌စွပ်အပ်သော ပုလဲသွယ်၊ ပတ္တမြားနားတောင်း၊ ခြေကျင်း၊ မကိုဋ်မှအထွတ်၊ မကိုဋ်တန်ဆာ၊ ကောင်းသော အနံ့ရှိသော ပန်းနံ့သာတို့ဖြင့် တန်ဆာဆင်ထား၏။

နာရဒမြတ်စွာဘုရား အလောင်းတော်သည် ခြေဖြင့်သာ ဉယျာဉ်တော်သို့သွားလျက် အလုံးစုံသောတန်ဆာကို ချွတ်ပြီး ဘဏ္ဍာစိုးလက်သို့ ပေးတော်မူ၏။ ထို့နောက် အညစ်အကြေးကင်းစင်လျက် ကြာညိုလက်နှင့် တူသည်ဖြစ်၍ အလွန်သွေးအပ် တလျှပ်လျှပ်အရောင်ထွက်သော သန်လျက်ဖြင့် ဆန်းကြယ်သော မိမိသျှောင်ထုံးကို ဖြတ်တော်မူ၍ ကောင်းကင်သို့ ပစ်မြောက်၏။

ထိုဆံထုံးကိုလည်း သိကြားနတ်မင်းသည် ရွှေပန်းတောင်းဖြင့် ခံယူကာ တာဝတိံသာနတ်ပြည်သို့ ဆောင်ယူလျက် သုံးယူဇနာအစောက်မြင့်သော မြင်းမိုရ်တောင်ထိပ်၌ ရတနာခုနစ်ပါးဖြင့် ပြီးသော စေတီကို တည်၏။ ယောက်ျားမြတ်သည်လည်း နတ်တို့ ကပ်လှူအပ်သော သင်္ကန်းကိုဝတ်၍ ထိုဉယျာဉ်၌ ရဟန်းပြုတော်မူ၏။

ထိုအခါ ယောက်ျားတစ်သိန်းတို့သည်လည်း ဘုရားလောင်းနှင့်အတူပြု၍ လိုက်လံရဟန်းပြုကြကုန်၏။

အလောင်းတော်သည်လည်း ထိုအရပ်မှာပင် ဒုက္ကရစရိယာ ကျင့်တော်မူ၏။ ဒုက္ကရစရိယာ ကျင့်၍ ခုနစ်ရက်မြောက်သောနေ့တွင် ဝိဇိတာသေန မည်သော မိဖုရားကြီးလှူအပ်သော နို့ယနာကို အလှူခံရရှိတော်မူ၏။

နာရဒမြတ်စွာဘုရား အလောင်းတော်သည် ဝိဇိတာသေန မိဖုရားကြီးထံမှ အလှူခံရရှိသော ယနာနို့ဆွမ်းကို





www.burmeseclassic.com

www.burmeseclassic.com

ဘုဉ်းပေးအပြီးတွင် ထိုဥယျာဉ်၏ နေ့သန့်တော်မူ၏။ ညနေစောင်းတွင် အလောင်းတော်သည် ဥယျာဉ်စောင့် သုဒဿနလှူဒါန်းသော မြက်ရှစ်ဆုပ်ကို အလှူခံတော်မူ၏။

ထိုမှဆက်လက်၍ အလောင်းတော်မြတ်သည် ကြောင်လျှာ ဗောဓိပင်သို့ ချဉ်းကပ်တော်မူ၏။ သုဒဿနလှူဒါန်းလိုက်သော မြက်မျှားဖြင့် ငါးဆယ့်ရှစ်တောင် အပြန့်ကျယ်သော မြက်အခင်းကို ခင်း၍နေပြီးမှ မာရ်မင်းဗိုလ်ပါတို့ ဖျက်ဆီးလျက် ညဥ့်သုံးယံပတ်လုံး သုံးပါးသောဝိဇ္ဇာတို့ ဖြစ်စေ၏။

နာရဒမြတ်စွာဘုရား အလောင်းတော်သည် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိတော်မူသောအခါ "အနေကဇာတိ သံသာရံ" အစရှိသော ဂါထာဖြင့် ဥဒါန်းကျူးရင့်တော်မူ၏။ ထို့နောက်မှ ကြောင်လျှာဗောဓိပင်အနီး၌နေတော်မူ၍ သတ္တာသတ္တဟကို လွန်စေတော်မူ၏။

ထိုမှတစ်ဖန် သတ္တဝါတို့ကို တရားဟောရန် ဆုတ်နစ်တော်မူ၍ ဗြဟ္မာမင်းသည် တရားဟောရန်တောင်းပန်ခြင်းကို ဝန်ခံတော်မူကာ ဓနဥ္စယဥယျာဉ်၌ ကိုယ်တော်နှင့်အတူတကွ ရဟန်းပြုခဲ့ကြသည်။ ရဟန်းတော်မြတ်တစ်သိန်းခြံရံလျက် ဓမ္မစကြာ တရားတော်မြတ်ကို ၎င်းဥယျာဉ်၌ ဟောကြားတော်မူရာ ကုဋေတစ်သိန်းသောသူတို့ သစ္စာလေးပါးတရားကို သိကြကုန်၏။

ထို့နောက် နာရဒမြတ်စွာဘုရားသည် မဟာဒေါဏမြို့သို့ ကြွရောက်တော်မူလာ၏။ ထိုမြို့၌ ဒေါနမည်သော နဂါးမင်းသည် ဂင်္ဂါနား၌နေကာ တန်ခိုးအာနုဘော်ကြီး၏။ လူအများတို့ အရိုအသေပြုအပ်၏။ မြတ်နိုးအပ် ပူဇော်အပ်၏။ ထိုနဂါးမင်းသည် ထိုအရပ်၌ နေသောသူတို့ နဂါးမင်းကို ဗလိနတ်စာ မပြုကုန်သောအခါ ထိုသူတို့ အရပ်ကို မိုးမရွာသဖြင့်လည်းကောင်း၊ မိုးအလွန်ရွာသဖြင့်လည်းကောင်း၊ ကျောက်စရစ်မိုး ရွာသဖြင့်လည်းကောင်း ဖျက်ဆီး၏။

ထိုအခါ ရှုချင်ဖွယ်ရှိသော နာရဒမြတ်စွာဘုရားသည် ဒေါဏနဂါးမင်းကို ဆုံးမခြင်းဖြင့် များစွာသော သတ္တဝါတို့၏ ဥပနိဿယကို မြင်တော်မူ၍ များစွာသော ရဟန်း၊ သံဃာ ခြံရံအပ်သည်ဖြစ်၍ ထိုနဂါး၏နေရာသို့ ကြွတော်မူ၏။ လူတို့လည်း ဘုရားမြတ်ကို မြင်လျှင် ဤသို့ဆိုကုန်၏။

"ဤအရပ်၌ ပြင်းသောအဆိပ်၊ ထက်သောအာနုဘော်ရှိသော နဂါးမင်းသည် နေ၏၊ ထိုနဂါးသည် မြတ်ဘုရားအား မညှဉ်းဆဲစေခြင်းငှာ မသွားပါမည့်အကြောင်း"

လူအများ တောင်းပန်သော်ငြား မြတ်စွာဘုရားသည် ထိုသူတို့၏ စကားကို မကြားသကဲ့သို့ ကြွသွားတော်မူကာ ထိုအရပ်၌ နဂါးမင်းကို အရိုအသေပြုခြင်းငှာ ခင်းထားသော လွန်စွာမွေးကြိုင်သည့် ပန်းမွေ့ရာအခင်း၌ နေတော်မူ၏။

"နာရဒမည်သော မြတ်စွာဘုရားနှင့် ဒေါဏမည်သော နဂါးမင်းတို့၏ အချင်းချင်းစစ်ထိုးခြင်းကို မြင်ရကုန်အံ့"

လူအပေါင်းတို့လည်း ထိုနဂါး၏နေရာသို့ စည်းဝေးရောက်ရှိလာကြကာ ပြောဆိုကြ၏။ ထိုအခါ ဒေါဏအမည်ရှိသော မြွေနဂါးသည် ထိုသို့သော အခြင်းအရာအားဖြင့် နေတော်မူသည့် ဘုရားကိုမြင်၍ သည်းမခံနိုင်ရကား ထင်ရှားသောကိုယ်ဖြင့် အခိုးလွှတ်၏။ အားဆယ်ပါးဖြင့် ပြည့်စုံတော်မူသော နာရဒမြတ်စွာဘုရားသည်လည်း အခိုးလွှတ်တော်မူ၏။ တစ်ဖန် နဂါးမင်းသည် အလျှံလွှတ်ပြန်၏။ မြတ်စွာဘုရားသည်လည်း အလျှံလွှတ်တော်မူ၏။

ထိုအခါ နဂါးမင်းသည် ဘုရားမြတ်၏ ကိုယ်တော်မှထွက်သော အခိုးအလျှံတို့ကြောင့် အလွန်ပင်ပန်းသော ကိုယ် ရှိရကား ဆင်းရဲခြင်းကို သည်းမခံနိုင်သည်ဖြစ်၍ အဆိပ်အဟုန်ဖြင့် ဘုရားမြတ်ကို သတ်တော့အံ့ဟု အားထုတ်၏။ အကယ်၍ အဆိပ်လွှတ်ခဲ့သော် အဆိပ်အဟုန်ကြောင့် သတ္တဝါများစွာ သေကျေပျက်စီးရာ၏။

ထို့ကြောင့် ရှင်တော်မြတ်ဘုရားသည် အဆိပ်ငွေ့များ လွင့်ထွက်မသွားစေရန် ကာကွယ်ထား၏။ ထိုသို့ဖြစ်သော်လည်း ဤအဆိပ်ကား မြတ်စွာဘုရားကိုယ်တော်၌မွေးညင်းတစ်ချောင်းကိုမျှလည်း လှုပ်ရှားစေခြင်းငှာ တတ်စွမ်းနိုင်မှုမရှိချေ။

ထိုအခါ ဒေါဏနဂါးသည် သူ၏ အစွမ်း မည်မျှရှိသည်ကို သိရန်ကြည့်၏။ မြတ်စွာဘုရားမှာသော်ကား တင့်တယ်မြဲ တင့်တယ်နေ၏။ တန်ဆောင်မုန်းလအခါ လပြည့်ဝန်းကဲ့သို့လည်းကောင်း၊ ခြောက်သွယ်သော ဘုရားရောင်ခြည်တော်တို့ဖြင့် ထောက်ပနေသည့် မြတ်စွာဘုရားကို ဖူးမြင်ရ၏။

"ဤရဟန်းကြီးကား အံ့ဖွယ်ရှိစွာ တန်ခိုးကြီးစွ၊ ငါကား ကိုယ်တော်၏ အစွမ်းကို မသိခြင်းကြောင့် ပြစ်မှားမိချေပြီ"

ဒေါဏနဂါးမှာ ထိတ်လန့်စွာဖြင့် တောင်းပန်ပြီးနောက် မြတ်စွာဘုရား၌ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်၏။

ထိုအခါ နာရဒမြတ်စွာဘုရားသည် ဆုံးမတော်မူ၍ ထိုအရပ်၌ စည်းဝေးလာသော လူအပေါင်း၏စိတ်ကို ကြည်လင်စေခြင်းငှာ အစုံအစုံသော ပြာဋိဟာကို ပြတော်မူ၏။ ထိုအခါ ကုဋေကိုးသောင်းသော သတ္တဝါတို့သည် အရဟတ္တဖိုလ်၌ တည်၏။

အကြင်အခါ မြတ်စွာဘုရားသည် "ဖုလ္လဝေါတင္ဂိတ"မြို့၌ သီတင်းသုံးတော်မူစဉ် ဘဒ္ဒသာလနှင့် ဇိတမိတ္တ အရှဆွေခင်ပွန်း ပုဏ္ဏားနှစ်ယောက်တို့ အမြိုက်နိဗ္ဗာန်တည်းဟူသော ရွှေပြည်ကို ရှာကုန်သည်ရှိသော် ပရိသတ်အလယ်၌ အလွန်ရဲရင့်စွာ နေတော်မူသော မြတ်စွာဘုရားကို မြင်ကုန်၏။

ထိုအဆွေခင်ပွန်း ပုဏ္ဏားနှစ်ယောက်တို့လည်း ဘုရားကိုယ်တော်



www.burmeseclassic.com

www.burmeseclassic.com

မြတ်၌ သုံးဆယ့်နှစ်ပါးသော ယောက်ျားမြတ်၏ လက္ခဏာတော်ကြီးတို့ကိုမြင်၍ "ဤသူကား လောက၌ ဝင့်တည်းဟူသော အမိုးကို ဖွက်ချိုးတတ်သော ဘုရားတည်း"ဟု ဆုံးဖြတ်ခြင်းသို့ရောက်၍ မြတ်စွာဘုရား၌ဖြစ်သော သဒ္ဓါခြင်း ရှိသည်ဖြစ်၍ အခြံအရံနှင့်တကွ မြတ်စွာဘုရား အထံတော်၌ ရဟန်းပြုကြကုန်၏။

ထိုသူတို့ ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်သည်ရှိသော် မြတ်စွာဘုရားသည် ကုဋေတစ်သိန်းသော ရဟန်းတို့အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် ရှေးဦးစွာသော အစည်းအဝေးတည်း။

အကြင်အခါ နာရဒမြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့ အစည်းအဝေး၌ ကိုယ်တော်ဘုရားဆုကို တောင်းသည်မှစ၍ ဗုဒ္ဓဝင်ကို ဟောတော်မူ၏။ ထိုအခါ ကုဋေကိုးသောင်းသော ရဟန်းတို့အစည်းအဝေးသည် ဖြစ်၏။

အကြင်အခါ မဟာဒေါဏမည်သော နဂါးမင်းကို ဆုံးမခြင်း၌ ကြည်ညိုသော ဝေရောစန နဂါးမင်းသည် ဂင်္ဂါမြစ်အနီး၌ သုံးဂါဝုတ်ပမာဏရှိသော ရတနာခုနစ်ပါးဖြင့်ပြီးသည့် မဏ္ဍပ်ကို ဖန်ဆင်း၍ အခြံအရံနှင့်တကွ မြတ်စွာဘုရားကို ထိုမဏ္ဍပ်၌ နေစေလျက် အခြံအရံနှင့်တကွ ခပ်သိမ်းသော ဇနပုဒ်နေသူ လူအပေါင်းကို မိမိအလှူမဏ္ဍပ်ကို ကြည့်ရှုစေခြင်းငှာ ပင့်ဖိတ်၍ အထူးထူး အပြားပြားသော တန်ဆာကိုဆောင်လျက် နဂါးကချေသည် အတီးအမှုတ်တို့ကို စည်းဝေးစေရာ ခြိမ့်ခြိမ့်သဲသဲ ပူဇော်ပွဲတို့ဖြင့် အခြံအရံသံဃာနှင့်တကွသော မြတ်စွာဘုရားကို အလှူကြီးပေးလေ၏။

ဆွမ်းဘုဉ်းပေးပြီးသော အဆုံး၌ မြတ်စွာဘုရားသည် ကြီးစွာသောဂင်္ဂါမြစ်သို့ သက်သကဲ့သို့ အနုမောဒနာကို ပြုတော်မူ၏။ ထိုအခါ ဆွမ်းအနုမောဒနာပြုသော တရားတော်ကို နာရ၍ ကြည်ညိုသောစိတ်ဖြင့် ရဟန်းပြုကုန်သော ရဟန်းရှစ်သန်းတို့၏အလယ်၌ ပါတိမောက်ကို ပြတော်မူ၏။ ထိုအစည်းအဝေးသည် သုံးကြိမ်မြောက်သော အစည်းအဝေးဖြစ်၏။

ထိုအခါ၌ ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် ရသေ့ရဟန်းပြု၍ ဟိမဝန္တာတောင်ရံ၌ သင်္ခမ်းကျောင်းဖန်ဆင်း၍ ငါးပါးသော အဘိညာဉ်တို့၌လည်းကောင်း၊ ရှစ်တန်သော သမာပတ်တို့၌လည်းကောင်း လေ့လာအပ်သော ဝသီဘော်ရှိသည်ဖြစ်၍ နေတော်မူ၏။

ထိုအခါ ဘုရားလောင်း၌ အစဉ်သနားတော်မူသဖြင့် နာရဒမြတ်စွာဘုရားသည်ကုဋေရှစ်ဆယ်သောရဟန္တာ၊ ကုဋေတစ်ရာသော အနာဂါမိဖိုလ်၌ တည်သည့် ဥပသကာတို့ ခြံရံအပ်သည် ဖြစ်၍ ထိုရသေ့သင်္ခမ်းသို့ ကြွတော်မူ၏။ ရသေ့သည်လည်း မြတ်စွာဘုရားကိုမြင်လျှင် ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ အခြံအရံနှင့်တကွသော မြတ်စွာဘုရားအတွက် ကျောင်းသင်္ခမ်းကို ဖန်ဆင်း၏။

ရသေ့သည် အလုံးစုံသော ညဉ့်သုံးယံပတ်လုံး မြတ်စွာဘုရား၏ ဂုဏ်တော် ကျေးဇူးတော်ကို လျှောက်ကြား၍ မြတ်စွာဘုရား၏ တရားတော်ကို နာကြား၏။ သို့ဖြစ်၍ ရသေ့သည် မိုးသောက်သောနေ့၌ မြောက်ကျွန်းသို့ သွား၍ အာဟာရတို့ကိုဆောင်ခဲ့ပြီးလျှင် အခြံအရံနှင့်တကွသော မြတ်စွာဘုရားကို အလှူကြီးပေးလှူလေ၏။

ဤအတူ ခုနစ်ရက်ပတ်လုံး အလှူကြီးကိုပေးပြီး၍ ဟိမဝန္တာမှ အဖိုးအတိုင်းမသိထိုက်သော စန္ဒကူးနီကို ဆောင်ယူခဲ့၍ ထိုစန္ဒကူးနီဖြင့် မြတ်စွာဘုရားကို ပူဇော်သောအခါ၌ "နောင်သောအခါ ဂေါတမမြတ်စွာဘုရား ဖြစ်လတ္တံ့" ဟု ဗျာဒိတ်စကား မြွက်ကြားတော်မူ၏။

နာရဒမည်သော မြတ်စွာဘုရား၏ ပြည်တော်ကား ဓညဝတီ မည်၏။

ခမည်းတော်ကား သုဒေဝ မည်သော မင်းတည်း။

မယ်တော်ကား အနောမာ မည်၏။

ဘဒ္ဒသာလနှင့် ဇိတမိတ္တ နှစ်ဦးတို့ကား လက်ယာရံနှင့် လက်ဝဲရံ အဂ္ဂသာဝက တပည့်အစုံ ဖြစ်တော်မူ၏။

အလုပ်အကျွေးကား ဝါသေဋ္ဌ မည်၏။

ဥတ္တရာနှင့် ဖဂ္ဂုနီ နှစ်ယောက်တို့ကား အဂ္ဂသာဝိကာ တပည့်မိန်းမမြတ်အစုံ ဖြစ်တော်မူကြ၏။

ပွင့်တော်မူရာ ဗောဓိပင်ကား အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သော ကြောင်လျှာသီးပင် ဖြစ်ပေ၏။

ကိုယ်တော်၏ အရပ်တော်ကား ၈၈ တောင်တည်း။

ထိုနာရဒမြတ်စွာဘုရား ကိုယ်တော်၏ အရောင်ကား တစ်ယူဇနာ အမြဲနှံ့၏။

နာရဒမြတ်စွာဘုရားကား သက်တော် ကိုးသောင်း ရှည်၏။

နာရဒဘုရားလောင်း၏ မိဖုရားကြီးမှာ ဝိဇိတာသေန ဟူ၏။

နာရဒမြတ်စွာဘုရား အလောင်းတော်၏ သားတော်ကား နန္ဒုတ္တရ တည်း။

ခြေကျင်ဖြင့် တောထွက်တော်မူသည်။

အနှစ်ကိုးထောင်တို့ ပတ်လုံး အိမ်ရာထောင်သော လူတို့ဘောင်၌ နေထိုင်ခဲ့ကာ ရာသီသုံးရပ် လှည့်ပတ်ခံစားခဲ့သော ပြာသာဒ်သုံးဆောင်မှာ ဝိဇိတ၊ ဝိဇိတာဝိ၊ ဝိဇိတာဘိရာမ တို့ဖြစ်ပေ၏။

**❐ ဆင်ဖြူကျွန်းအောင်သိန်းကျမ်းတိုး**

ပဌမငါးခုန်ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီးမှ



www.burmeseclassic.com

www.burmeseclassic.com

# သူတို့မြင်သော မြန်မာ့ရေဆင်

လှမိုး (ပညာရေး)

ကျွန်တော်သည် ၂၀၁၃ ခုနှစ် မတ်လထုတ် လပြည့်ဝန်းမဂ္ဂဇင်းကြီးတွင် "အနောက်တိုင်းသတင်းမီဒီယာများက ပြောသော ရေဆင်"အမည်ဖြင့် ဆောင်းပါးတစ်စောင် ရေးသားဖော်ပြခဲ့ပါသည်။ ထိုဆောင်းပါးကို ရေးသားနိုင်ရန် ၁၉၇၀ ပြည့်နှစ်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြန်မာဘာသာဖြင့် ထုတ်ဝေသော သတင်းစာများ၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များနှင့်ကျွန်တော်လက်လှမ်းမီသလောက် စုဆောင်းထားသော စာအုပ်စာတမ်းများကို ဖတ်ရှုခဲ့ပါသည်။

ထိုစဉ်ကာလက ယခင်ဆောင်းပါးများကို ဖတ်ရှုကြသော စာဖတ်ပရိသတ်သည် လက်ဖက်ရည်ဆိုင်များ၊ ရုံးများ၊ ကျောင်းများ စသော လူစုစည်ကားရာ နေရာများတွင် ရေဆင်၏ အကြောင်း တစ်ယောက်တစ်မျိုး မိမိတို့ အယူအဆကို ရှေ့တန်းတင်၍ ငြင်းခုန်ခဲ့ကြသည်။

ရေဆင် ဟူသောသတ္တဝါ အမှန်တကယ် ရှိသည်ဟု ယုံကြည်ကြသော လူများရှိသကဲ့သို့ အချို့ကလည်း ရေဆင်ဆိုသည်မှာ အမှန်တကယ် မရှိ၊ ကောလာဟလ ယုံတမ်းသတ္တဝါသာဖြစ်သည်။ သူပြော ကိုယ်ပြော ပါးစပ်ပြော ဂေဇက်ကပြောသော စိတ်ကူးယဉ် သတ္တဝါတစ်ကောင်သာ ဖြစ်သည်ဟု မှတ်ယူထားကြသည်။ ထိုစဉ်က ကျွန်တော်တို့ မြန်မာနိုင်ငံမှ လူအများ လေးစားကြသော စာရေးဆရာကြီးများကိုယ်တိုင် ရေဆင်ဆိုသော သတ္တဝါ အမှန်တကယ် ရှိသည်ဟု အထောက်အထားသာဓကများနှင့်ဆောင်းပါးများ၊ သတင်းဆောင်းပါးများ ရေးသားဖော်ပြခဲ့ကြသည်။

ကျွန်တော်တို့ လေးစားရသော ရဲဘော်သုံးကျိပ်ဝင် စာရေးဆရာကြီး ဗိုလ်တာရာက ရေဆင် ဆိုသည်မှာ အလျား ခြောက်လက်မခန့်သာရှိပြီး အမြင့် လေးလက်မသာ ရှိသည်ဟုဆိုသည်။ ဤတွင် ရေဆင်မှာ ရှေ့တန်းရောက်သတ္တဝါဖြစ်လာပြီး စာရေးဆရာများ၊ စာနယ်ဇင်းသမားများအတွက် ရေးကွက်ကောင်းဖြစ်ရာ ရေဆင်အကြောင်းရေးသည့် ဆောင်းပါးများ၊ ဝတ္ထုများ လက်ဆစ်ချိုး၍ ရေတွက်မရအောင် ရေးသားခဲ့ကြ၏။

သို့သော် ရေဆင်အကြောင်း နိဂုံးချုပ်ရန် အကြောင်းဖန်လာသည်။ မှတ်တမ်းအရ ထိုစဉ်ကာလက တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌကြီးထံသို့ ပေးလှူသော ရေဆင်သုံးကောင်ကို သက်ဆိုင်ရာ ပညာရှင်များက စနစ်တကျ သိပ္ပံနည်းကျ စစ်ဆေးသောအခါ ထိုရေဆင်ဆိုသော သတ္တဝါမှာ ကြွက်သေများကို အစွယ်တပ်၍ ရေဆင်ဟု အတုပြုလုပ်ထားခြင်းဖြစ်သည်ဟု ဆိုသည်။

အထက်ဖော်ပြပါ အချက်အလက်များပါဝင်သော ကျွန်တော်ရေးသော ဆောင်းပါးကို ဖတ်ရှုခဲ့သော ကျွန်တော်နှင့် ကျောင်းနေဖက်ဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



အငြိမ်းစားလဝက တိုင်မှူး ဦးစိန်ရိုး (စာရေးဆရာ အနောက်တံခါးမှူးကြီး) သည် သူ အနှစ်နှစ်အလလ စုဆောင်းထားသော ဆင်နှင့်ပတ်သက်သည့် စာအုပ်စာတမ်းများကို ကျွန်တော် ကြိုက်သလို အသုံးပြုရန် ပေးအပ်ခဲ့ပါသည်။

သူပေးခဲ့သော စာအုပ်များတွင် ၁၉၁၀ ပြည့်နှစ်က ဗြိတိသျှအစိုးရ တိရစ္ဆာန်ဆေးကုသရေးဌာနမှ ပုံနှိပ်ထုတ်ဝေသော "Elephants and their diseases" ဆင်နှင့် ဆင်များတွင် ဖြစ်ပွားသော ရောဂါဝေဒနာများ ဟူသောစာအုပ် ပါဝင်ပါသည်။ ယင်းစာအုပ်ကို ရေးသားပြုစုသူမှာ ဗြိတိသျှအမျိုးသား ဒုတိယဗိုလ်မှူးကြီး ဂျီဟိတ်ချ်အီဗင်စ် ဆိုသူဖြစ်သည်။

ဂျီဟိတ်ချ်အီဗင်စ် ကိုလိုနီခေတ်က ဗြိတိသျှတိရစ္ဆာန်ဆေးကုဌာနတွင် အမှုထမ်းခဲ့ပြီးမြန်မာဆင်များအကြောင်း လက်တစ်ဆုံးနှိုက် လေ့လာသူဖြစ်သည်။ ယခု ရေးသားဖော်ပြမည့် ဆောင်းပါးသည် ထိုစာအုပ်ပါ အချက်အလက်များနှင့် ကျွန်တော်လက်လှမ်းမီသလောက် စုဆောင်းထားသော စာအုပ်စာတမ်းများမှ အချက်အလက်များကို အထောက်အထားပြု၍ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပေတော့မည်။ ယခု ဆောင်းပါးကိုရေးသားနေစဉ် မြန်မာနိုင်ငံ၏ တောဆင်ရိုင်းများအကြောင်း သတင်းမှတ်တမ်းအဖြစ် အင်္ဂလန်နိုင်ငံ ဘီဘီစီသဘာဝရုပ်သံအစီအစဉ် "BBC Natural History Unit" အဖွဲ့မှ မြန်မာနိုင်ငံ ရခိုင်ရိုးမနှင့် ထမံသီဘေးမဲ့တောအတွင်း ရုပ်ရှင်ရိုက်ကူးသည့် သတင်းအား မြန်မာနိုင်ငံမှ ထုတ်ဝေသည့် ဂျာနယ်တစ်စောင်တွင် ဖတ်ရှုခဲ့ရသည်။


သတင်းမှတ်တမ်းအရ ထိုအဖွဲ့တွင် သိပ္ပံပညာရှင်များ၊ တောရိုင်းတိရစ္ဆာန်များကို တစိုက်မတ်မတ် စောင့်ကြည့်သည့် ပညာရှင်များအပါအဝင် လူပေါင်း ၃၀ ပါဝင်သည်ဟု သိရ၏။ ထိုအဖွဲ့သည် မြန်မာနိုင်ငံ သမ္မတရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ခွင့်ပြုချက်ဖြင့်လာရောက်ခြင်းဖြစ်ရာ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကပင် သက်ဆိုင်ရာ ဘေးမဲ့တောများသို့ ထွက်ခွာသွားကြပြီဟု သိရ၏။

*မှန်ပါသည်။ ကျွန်တော်တို့* မြန်မာနိုင်ငံက မြန်မာ့ဆင်သည် အစဉ်အလာအားဖြင့် ထူးထူးခြားခြား ဟိုးဟိုးကျော်ခဲ့သော ဆင်ဖြစ်သည်ဟု နိုင်ငံတကာမှ တောရိုင်း တိရစ္ဆာန်များကို စောင့်ကြည့်လေ့လာသူများက တညီတညွတ်တည်း ဆိုကြ၏။ ကျွန်တော်တို့ ကျောင်းသားဘဝက ဖတ်ရှုခဲ့ရသော ဗြိတိသျှအမျိုးသား စာရေးဆရာနှင့် သုတေသီ မစ္စတာအီးအေပီကော့ရေးသော "Big game in Burma" မြန်မာနိုင်ငံမှ တောသတ္တဝါများ စာအုပ်တွင် စစ်ကြိုခေတ်က မြန်မာနိုင်ငံတွင် ဆင်ကောင်ရေ ၃၀၀၀ ရှိသည်ဟုဆိုသည်။ ထိုဆင်ရိုင်းများသည် ကောင်ရေ ၃၀ နှင့် ၅၀ အထိ အုပ်စုဖွဲ့၍ နေထိုင်ကြပြီး ထိုဆင်ရိုင်းများသည် အစာရှာဖွေရင်း ကျယ်ပြန့်စွာခရီးထွက်ခဲ့ကြကာ တစ်ခါတစ်ရံ လူများ၏ တောင်ယာစိုက်ခင်းများကို ဝင်ရောက်ဖျက်ဆီးကြသည်ဟု ဖော်ပြခဲ့၏။



www.burmeseclassic.com

ဆင်ပါရဂူများ၊ ဆင်များကို စောင့်ကြည့်လေ့လာသူများ၏ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် ထင်ရှားသော ဆင်အမျိုးအစား သုံးမျိုးရှိသည်ဟု သိရသည်။ အာရှဆင်တစ်မျိုးနှင့် အာဖရိကဆင် နှစ်မျိုးရှိသည်။ အာရှဆင်မှာ အာဖရိကဆင်များထက် ယဉ်ပါးအောင် သင်ရာတွင် လွယ်ကူသဖြင့် အာရှဆင်များကို တိရစ္ဆာန်ဥယျာဉ်များနှင့် ဆက်ကပ်ပွဲများ၊ သစ်လုပ်ငန်းဌာနများတွင် အသုံးပြုကြသည်။ အာဖရိကဆင်များမှာမူ အလွယ်တကူဖမ်းဆီးနိုင်ခြင်းမရှိသကဲ့သို့ လုပ်ငန်းခွင်တွင် အသုံးပြုရန် ယဉ်ပါးအောင် လေ့ကျင့်သင်ကြားနိုင်ခြင်း မရှိဟုဆိုသည်။



အာရှဆင် ငါးမျိုးရှိသည်ဟု ဆင်အကြောင်း လေ့လာစောင့်ကြည့်သူများက ဆိုသည်။ ထိုအာရှဆင် ငါးမျိုးမှာ မြန်မာ၊ အိန္ဒိယ၊ သီဟိုဠ် (ယခု သီရိလင်္ကာ)၊ မလေးရှားနှင့် အင်ဒိုနီးရှားဆင်တို့ ဖြစ်ကြသည်။ ထူးဆန်းနေသည်မှာ သီရိလင်္ကာနိုင်ငံမှ ဆင်များသည် အထီးရော အမပါ အစွယ်မရှိဟုသိရသည်။ ဤသို့ဖြစ်ရခြင်းမှာ သီရိလင်္ကာနိုင်ငံတွင် အလေ့ကျပေါက်သော ဆင်စာများကြောင့်ဖြစ်သည်ဟု ဆင်ပါရဂူများက ယူဆကြသည်။

အာဖရိကဆင်သည် အာရှဆင်များထက် ကြီးမား၍ အရပ်ပိုမြင့်ပြီး အလွန်ကြီးမားသော နားရွက်ကြီးများ ရှိသည်ဟုဆိုသည်။ မြန်မာနိုင်ငံမှဆင်များမှာမူ ယဉ်ကျေးရန် လေ့ကျင့်ပေးရန် လွယ်ကူသဖြင့် သစ်လုပ်ငန်းခွင်များတွင် အစဉ်အဆက် အသုံးပြုခဲ့ကြသည်။

မှန်ပါသည်။ ၁၉ ရာစုနှောင်းပိုင်းကစ၍ မြန်မာ့ကျွန်းသစ်နှင့် မြန်မာ့ဆင်သည် နာမည်ကျော်ကြား လူသိများခဲ့၏။ ကျွန်းသစ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံး သစ်မာတစ်မျိုး ဖြစ်သည်ဟု နိုင်ငံတကာမှ အသိအမှတ်ပြုခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်းသစ်တွင် သဲနှင့်ကျောက်များတွင် တွေ့ရသော ဆီလီကွန်ဒြပ်ပေါင်းပါဝင်နေခြင်းကြောင့် ဖြစ်သည်။

ရွက်ပြတ်တောများ ရောနေသော မြန်မာနိုင်ငံ သစ်တောများရှိ ကျွန်းပင်များသည် အမြင့်ပေ ၂၀၀၀ နှင့် ပေ ၃၀၀၀ အမြင့်တို့တွင် ပေါက်ရောက်လေ့ရှိသည်ဟု ဆိုသည်။ အချို့ကျွန်းပင်များကိုမူ ချိုင့်ဝှမ်းများတွင် တွေ့ရ၏။ သစ်ကွက်တစ်ကွက်တွင် ကျွန်းပင် ၁၀ ပင်မှ ၁၂ ပင်ခန့် ပေါက်လေ့ရှိသည်ဟု သိရ၏။ သာမန်အားဖြင့် သစ်ထုတ်သူများသည် ထိုအပင်များထဲမှ အကြီးဆုံး အပင်ကိုသာ ရွေးချယ်လေ့ရှိကြ၏။ ကျန်အပင်များမှာမူ ရင့်မာခြင်းမရှိသေးသောကြောင့်လည်းကောင်း၊ သတ်မှတ်ထားသည့်လုံးပတ်မမီသေးသောကြောင့်လည်းကောင်း နောက်တစ်ကြိမ် ခုတ်လှဲချိန်အထိ ချန်ထားလေ့ရှိကြသည်။



သစ်တောပညာရှင်များကမူ ကျွန်းစိုက်ခင်းတစ်ကွက် ခုတ်လှဲချိန်သည် ၂၅ နှစ်မှ နှစ် ၃၀ အထိ ရှိသဖြင့် အလှည့်ကျထုတ်လုပ်သည့် နည်းစနစ်ကိုသာ အသုံးပြုမည်ဆိုလျှင် ကျွန်းသစ်တောများသည် မည်သည့်အခါမျှ ပြုန်း



www.burmeseclassic.com

www.burmeseclassic.com

သွားခြင်းမရှိနိုင်ဟု ဆိုကြသည်။

ခုတ်လှဲရန် သတ်မှတ်ထားသော ကျွန်းပင်အား ပထမ သင်းသတ်ရ၏။ သင်းသတ်သည် ဆိုသည်မှာ ကျွန်းပင်၏ ပင်ခြေတစ်ပတ် ခုတ်ထစ်ထားခြင်းဖြစ်၏။ သို့မှသာ ကျွန်းပင် တစ်ပင်လုံးခြောက်သွေ့သွား၏။ ဤသင်းသတ်ထားသော ကျွန်းပင်ကို သုံးနှစ်ပစ်ထားရသည်။ ဤကျွန်းပင်များကို သတ်မှတ်ထားသော ရက်ရောက်သည်နှင့် ခုတ်လှဲ၍ တောတွင်းမှ ထုတ်ယူကြရသည်။ ဤသို့ထုတ်ယူရာတွင် စက်ယန္တရားများ၊ ထရပ်ကားများနှင့် ထုတ်ယူကြရသည်။

စက်ယန္တရားများနှင့် ထရပ်ကားများ ဝင်ရောက်နိုင်ခြင်း မရှိသော အကောင်းဆုံးကျွန်းပင်များပေါက်သည့် တောအတွင်းမှ ကျွန်းသစ်များ၊ ကျွန်းငုတ်များကို ထိုတောနှင့်နီးသည့်ချောင်းအထိ ဆင်များနှင့် ထုတ်ယူမျှောချခဲ့ကြရသည်။ ဤသည်ကြောင့်ပင် မြန်မာ့ဆင်သည် မြန်မာ့ကျွန်းလွှေဝါနှင့်အတူတွဲကာ နာမည်ကျော်ကြား လူသိများရခြင်းဖြစ်သည်။

ချောင်းငယ်၊ မြစ်ငယ်များမှ မျှောချသော ကျွန်းသစ်များကို ချင်းတွင်းမြစ်၊ ဧရာဝတီမြစ် စသောမြစ်မကြီးများသို့ ရောက်သောအခါ ဖောင်များဖွဲ့၍ မန္တလေး၊ ရန်ကုန်ရှိ သစ်စက်ကြီးများရှိရာသို့ မျှောချခဲ့ကြရသည်။ သစ်စက်ကြီးများတွင်ခွဲစိတ်၍ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ကြရသည်။

ကျွန်းသစ်လုံး၏ တန်ဖိုးသည် စဖြတ်စဉ်ကပင် ပိုင်းဖြတ်မှုကို မူတည်သည်။ ကျွန်းသစ်သည် အနာအဆာမပါမှ ဈေးကွက်တွင် မျက်နှာပန်းလှသည်။ သို့ဖြစ်၍ ခုတ်လှဲထားသော ကျွန်းသစ်များကို ချောင်းများသို့ရောက်ရှိအောင် ပို့ဆောင်ရာတွင် တောတွင်းရှင်းလင်းရေးလုပ်ငန်းများကို ဆင်များဖြင့်သာ ပြုလုပ်လေ့ရှိကြသည်။ စက်ယန္တရားများမှ တောအုပ်အတွင်း ချောက်နက်များ၊ လျှိုများနှင့် ရေတိုက်စားထားသော ချောက်တုံးချောက်ချွန်များ ရေတံခွန်များ စသည်တို့ကိုဖြတ်ကျော်ရန်မလွယ်။ ဆင်များဖြင့်သာ ဆွဲကြရ၏။

သို့ဖြစ်ပါ၍ သစ်ကုမ္ပဏီများ၊ အစိုးရသစ်တောဌာနများသည် ဆင်များတိုးချဲ့မွေးမြူရေးကို တစိုက်မတ်မတ် ဆောင်ရွက်ကြရသည်။

ကိုလိုနီခေတ် မြန်မာနိုင်ငံတွင် နာမည်ကြီး သစ်ထုတ်လုပ်ရေးကုမ္ပဏီကြီး သုံးခုရှိခဲ့၏။ ၎င်းတို့မှာ . . .

(၁) ဘုံဘေဘားမား သစ်ကုမ္ပဏီ
(၂) ဖူးကား သစ်ကုမ္ပဏီ
(၃) စတီးဘရားသား သစ်ကုမ္ပဏီ တို့ ဖြစ်ကြသည်။

ယင်းကုမ္ပဏီများအနက် ဘုံဘေဘားမား သစ်ကုမ္ပဏီသည် ခရစ်နှစ် ၁၈၆၃ ခုနှစ်ကပင် စတင်တည်ထောင်ခဲ့သည်။ ထိုစဉ်ကာလက အထက်မြန်မာနိုင်ငံတွင် သီပေါမင်း ထီးနန်းတက်သည့်အချိန်ဖြစ်သည်။ အိန္ဒိယနိုင်ငံ ဘုံဘေမြို့တွင် စတင်တည်ခဲ့ပြီး ဗြိတိသျှအစိုးရပိုင် အောက်မြန်မာနိုင်ငံ ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့တို့တွင် သစ်စက်များတည်ဆောက်ပြီး သစ်ထုတ်လုပ်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။

ယင်းကုမ္ပဏီများမှ တာဝန်ရှိသူများသည် ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်း၏ အစဉ်အလာကောင်းပုံကို နားလည်ကြသည့်အတိုင်း အထက်မြန်မာနိုင်ငံတွင် ကုမ္ပဏီလုပ်ငန်းများကို တိုးချဲ့ခဲ့သည်။ ဆိပ်ကမ်းများတွင် သစ်စက်များတည်ဆောက်ပြီး သစ်တောများအတွင်းမှ ကျွန်းသစ်ဖောင်မျှောခြင်းပြုလုပ်နိုင်ရန် ဆင်အမြောက်အမြားဝယ်ယူခြင်းများ ပြုလုပ်ခဲ့၏။

ဤသစ်ကုမ္ပဏီများအနက် ဘုံဘေဘားမားသစ်ကုမ္ပဏီသည် ဆင်များတိုးချဲ့မွေးမြူ ထူထောင်ရေး၊ လေ့ကျင့်ပျိုးထောင်ပေးရေးတွင် ဟိုးဟိုးကျော်ခဲ့သည်။ ကုမ္ပဏီမှတ်တမ်းများအရ ဆင်အချို့ကို ယိုးဒယား(ထိုင်း)မှဝယ်ယူပြီး အချို့ကို အိန္ဒိယမှ ဝယ်ယူခဲ့၏။

သို့ရာတွင် ဆင်အများစုမှာ မြန်မာနိုင်ငံ သစ်တောအတွင်းမှ ဖမ်းဆီးရမိသော ဆင်ရိုင်းများကို လေ့ကျင့်သင်ကြားပေးခဲ့၏။ ဤလုပ်ငန်းကို မြန်မာ၊ ကရင်၊ ရှမ်းနှင့် ကချင်အမျိုးသားများကို နည်းမျိုးစုံသုံး၍ ဆောင်ရွက်စေသည်။ ဒုတိယကမ္ဘာစစ်ကြိုကာလတွင် ဘုံဘေဘားမား သစ်ကုမ္ပဏီတွင် ဆင်ကောင်ရေ ၂၀၀၀ ကျော်ရှိသည်ဟု သိရ၏။ မှတ်တမ်းများအရ ဆင်များကို ဂုဏ်ပြုသောအားဖြင့် ကုမ္ပဏီ အကြီးအကဲများက အမည်ပေးထားသည်ဟုသိရ၏။

ဘုံဘေဘားမား သစ်ကုမ္ပဏီနှင့် မြန်မာနိုင်ငံ သစ်တောဌာနမှ လေ့ကျင့်ပျိုးထောင်ပေးသော မြန်မာ့ဆင်များသည် ဒုတိယကမ္ဘာစစ်ကြီး မြန်မာနိုင်ငံသို့ ကူးစက်လာခဲ့ပြီး ဗြိတိသျှ အမှတ် ၁၇ တပ်မတော်နှင့် စစ်ပြေးဒုက္ခသည်များ အိန္ဒိယသို့ ဆုတ်ခွာရသောအခါ အများဆုံး အကူအညီပေးခဲ့ကြရသည်။

ဗြိတိသျှနှင့် မဟာမိတ်တပ်များ မြန်မာနိုင်ငံအတွင်း ထိုးဖောက်တိုက်ခိုက်၍ ပြည်သိမ်းစစ်ဆင်သောအခါ ဘုံဘေဘားမား သစ်ကုမ္ပဏီမှ ဆင်များနှင့် မြန်မာနိုင်ငံ သစ်တောဌာနမှ ဆင်များသည် စစ်လက်နက်ကြီးများ၊ စစ်အသုံးအဆောင်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် နာမည်ကျော် လီဒိုလမ်းမကြီး ဖောက်လုပ်ရာတွင် တံတားတည်ဆောက်ရေးတွင် ပါဝင်လုပ်အားပေးခဲ့ကြရာ ထိုစဉ်က ဗြိတိသျှနှင့် မဟာမိတ်တို့၏ တပ်မှူးကြီးဖြစ်သော အမှတ် ၁၄ တပ်မတော် စစ်သေနာပတိ ဗိုလ်မှာ ရှယ်ဆာဝီလျံစလင်း ကိုယ်တိုင် မြန်မာ့ဆင် တပ်ဖွဲ့ကို ဂုဏ်ယူပါကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်ဟုဆိုကြပါကြောင်း။

❒ **လှမိုး(ပညာရေး)**

ကျမ်းကိုး။

Elephant Bill By J.H. Williams.



www.burmeseclassic.com

www.burmeseclassic.com







ဧေယျာမြေစာပေတိုက်
အမှတ် (၇၂၄)၊ အခန်း (၁၈) ပထမထပ်၊
၁၇ × ၁၈ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၅၀၆၆၈









www.burmeseclassic.com

www.burmeseclassic.com



# Deadly Ambush In The Serengeti



MARINER လှုဦး

## ဆီရင်ဂက်တီ တောကြီးအတွင်းမှ ချောင်းမြောင်းသတ်ဖြတ်သူများ

မကြာခင်ကလေးက ကျွန်ုပ်တို့ ဖုန်မှုန့် အနံ့အသက်တွေနှင့်အတူ ကျွဲရိုင်းများ၏ ခွာသံပေးပြီး အဝေးက ပြေးလာတာကို လေအောက်ကနေ ကြားလိုက်ကြသည်။ ဂရူမက်တီမြစ်အတွင်းမှ ဧရာမ မိကျောင်းကြီးများက ကျွဲရိုင်းတစ်အုပ်တစ်မကြီး ရောက်ရှိလာတော့မှာကို တစ်နည်းနည်းဖြင့် သိနေကြပြီ။ ကမ်းပါးအစပ်မှ မိကျောင်းများ ရေထဲသို့ အရိပ်ပမာ လျှောဆင်းကုန်ပြီ။ ရေမျက်နှာပြင်မှာတော့ ငြိမ်သက်နေအောင် လုပ်ထားခဲ့ကြသည်။

နှစ်စဉ်နှစ်တိုင်းတွင် ကျွဲရိုင်းကြီးများသည် အုပ်စုဖွဲ့ကာ ဂရူမက်တီမြစ်၏ အနိမ့်ပိုင်းများသို့ အလည်အပတ်ရောက်လာခဲ့ကြသည်။ အနောက်မြောက်ဘက်၏ ခြောက်သွေ့သောရာသီတိုင်း ၁၀ မိုင်အကွာခရီးမှ တစ်ဟုန်ထိုး ပြေးလွှားရောက်ရှိလာလေ့ရှိသည်။ အမြဲတမ်း အာရုံကျတတ်သော အာဖရိကတိုက် နိုင်းမြစ်မှ မိကျောင်းများက မြစ်ကမ်းခြေတစ်လျှောက် တန်းစီ၍ သားရိုင်းတိရစ္ဆာန်များကို ချောင်းမြောင်း ကိုက်သတ်စားလေ့ရှိသည်။

ထောင်ပေါင်း များစွာသော မိကျောင်းများမှာ ရှည်လျားလှသည့် ဂရူမက်တီမြစ်တစ်လျှောက် မိုင် ၁၀၀ ခန့်မျှ စီးဆင်းလာခဲ့ရသော ရေအလျဉ်များသည် Tanzaniasနိုင်ငံ၏ Serengeti အမျိုးသားဥယျာဉ်နှင့် Lake victoria ရေအိုင်ကြီးအတွင်း စီးဝင်ကြသည်။ နွေ ရက်၊ လများ ကုန်ဆုံးချိန်မှာတော့ Grumeti မြစ်ရေများ နည်းပါးခြောက်ခန်းချိန်တွင် အိုင်ငယ်၊ ကန်ငယ်လေးများ ပြတ်တောင်း ပြတ်တောင်း ကျန်ခဲ့သည်။

မရေတွက်နိုင်အောင် များပြားလှသော တိရစ္ဆာန်များ ရေသောက်ဆင်းရင်းနှင့် သေကျေကြသည်။ ကုန်လွန်ခဲ့သော ၅ နှစ်အတွင်း ကျွန်ုပ်တို့သည် Kenya မှ ဓာတ်ပုံဆရာ အလန်ရူနှင့်အတူ ထိုနေရာမှာ ကျွဲရိုင်းအုပ်ကြီးကို စောင့်ကြည့်ခဲ့သည်။ တန်ဇန်းနီးယားအမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများနှင့် ဓာတ်ပုံဆရာတို့ အတူတကွ စောင့်ကြည့်ကြခြင်း ဖြစ်သည်။

မမြင်မတွေ့နိုင်အောင် ဖုံးကွယ်တူးဆွထားကြသော မြေတွင်းများရှိ မြစ်





www.burmeseclassic.com

www.burmeseclassic.com

ကမ်းနဖူးတွင် ပုန်းအောင်းတတ်ကြသည့် မိကျောင်းများကို ကျွဲနို့ပ်တို့က ရက်သတ္တပတ်များစွာ စောင့်ခဲ့ရသည်။ အစပထမတွင် မိကျောင်းများသည် ရေမျက်နှာပြင်အောက်မှ ကူးခတ်လာကြပြီး ကျွဲနို့ပ်တို့ထံသို့ ရောက်လာကြသည်။ သူတို့က ကျွဲနို့ပ်တို့၏ ကင်မရာများနှင့် ပေအနည်းငယ် အကွာအထိ ရောက်လာကြသည်။ ရေငုပ်သမား ဝတ်ဆင်သော ခြေထောက်စွပ်ရော်ဘာ ချပ်ပြားခန့် ကြီးမားသော ခြေရာကြီးများကို ထားခဲ့ကြသည်။ အကြီးမားဆုံး မိကျောင်းကြီးတွေ၏ အတိုင်းအထွာမှာ ၁၈ ပေရှည်၍ တစ်တန် အလေးချိန်ရှိသည်။

အသက် ၇၀ ကျော်ရှိပြီး ကမ္ဘာမြေပေါ်တွင် အကြီးမားဆုံးသောအသားစား သတ္တဝါကြီးများဖြစ်ကြသည်။ သူတို့ ရေထဲလျှောဆင်းကြသည့် အရှိန်အဟုန်မှာ လွန်စွာလျင်မြန်သည်။ နိုင်းမြစ်ဝှမ်းရှိ မိကျောင်းမျိုးတွေမှာ အစာမရွေး စားကြသည်။


သူတို့ကိုယ်တိုင် ဖမ်းဆီးမိသမျှ သွေးစိမ်းရှင်ရှင်လည်းစား၍ ပုပ်ရိသွားသည့်တိုင်အောင် စားကြသည်။ စာဘူးတောင်းငှက်မှအစ ကျွဲရိုင်းနှင့် လူပါမကျန် စားကြသည်။ အခြားသောတွားသွားသည့် သွေးအေးသတ္တဝါကြီးများနည်းတူ နှေးကွေးသော ခန္ဓာကိုယ်တွင်း ဇီဝပြုပြင်ပြောင်းလဲမှု ရှိကြသည်။ သို့ပင်ဖြစ်ငြား မိကျောင်းများသည် သက်တမ်းရှည်စွာ နေနိုင်ကြသည်။

Grumejt တောကြီးအတွင်းမှ မိကျောင်းများမှာ ကျွဲရိုင်းများ အုပ်စုလိုက် ပြန်လာကြချိန်အထိ စားသောက်ပွဲကြီးတစ်ခုကို ကျေနပ်အားရစွာ မစားခဲ့ကြရပေ။ သူတို့၏ ငါ့ဝမ်းပူစာမနေသာ ကိစ္စကြီးကို သူတို့ကိုယ်တိုင်လည်း ပီပြင်သော မုဆိုးများအဖြစ် ကျွန်ုပ်တို့က ချီးမွမ်းသဘောကျပါသည်။ တောဆိတ်များနှင့် တာဘွန်းမျောက်ကြီးတွေက တစ်နှစ်ပတ်လုံး ဒီနေရာမှာ ရှိကြသော်လည်း မြစ်အတွင်းမှာ တိတ်ဆိတ်စွာ လဲလျောင်းနေကြသည့် မိကျောင်းများ အနီးသို့ ဘဝပေးအသိနှင့် လေ့လာထားခဲ့ကြပြီးဖြစ်သည်။

ရေမျက်နှာပြင်ပေါ်မှာ နှာရွက်များ မျက်လုံးများနှင့် နှာခေါင်းဖော်ရုံကလေးဖော်ပြီး တုတ်တုတ်မလှုပ်ဘဲ ပကတိ ငြိမ်သက်နေတတ်ကြသည်မှာ မိကျောင်းများ၏ သဘာဝဖြစ်သည်။

တောပြောင်း ရောက်ရှိလာသော ကျွဲရိုင်းများမှာ သားပေါက်ကလေးများနှင့်အတူ Grumati မြစ်သို့ ရောက်လာကြသည်။ ၎င်းတို့သည် မိကျောင်းဆိုသော ချောင်းမြောင်းသတ်ဖြတ်တတ်သည့် သတ္တဝါဆိုးတွေကို ဘယ်တုံးကမျှ မြင်ဖူးကြပုံ မပေါ်ပါ။ မြစ်ကမ်းပါးသို့ ရောက်လာကြသော သားရိုင်းအုပ်ကြီးမှာလည်း စိတ်တုန်လှုပ်ကာ ချောက်ချားနေကြသည်။

ရေသောက်ဆင်းချိန် ဆိုသည်မှာ အမြဲတမ်းအားဖြင့် အန္တရာယ်ကျရောက်တတ်သော အချိန်တစ်ခုဖြစ်သည်။ သားရိုင်းကောင်ကြီးတွေ ထူထပ်သိပ်သည်းနေသလောက် သားပေါက်များကလည်း ဆူညံစွာ အော်မြည်နေကြသည်။



ထို့နောက်တွင် ကျွဲရိုင်းအိုကြီးတစ်ကောင်က မဆင်မခြင် မတွေးမတောဘဲ တောပြောင်းလာစဉ်ကပင် ရေဆာလာတာကြောင့် အငမ်းမရ မွတ်သိပ်စွာ ရေကို စသောက်ပါတော့သည်။

မိကျောင်းကောင်၏ မျက်လုံးများ ရေမျက်နှာပြင်မှ ပျောက်သွားသည်။ လှိုင်းဂယက်မထဘဲ ငုပ်လျှိုးသွားကြသည်။ ကျွဲရိုင်းကြီး တစ်ကောင်က အစပြု ရေသောက်နေစဉ်မှာပင် အခြားသော ကျွဲရိုင်းကြီးတစ်ကောင်ကလည်း ရေသောက်ဆင်းနေကြတော့သည်။

ကျွန်ုပ်တို့၏ မမြင်ကွယ်ရာ ကမ်းနဖူးကိုကပ်၍ ဦးညွတ်ခေါင်းစိုက်ကာ ရေသောက်နေကြသည့် ကျွဲရိုင်းများ တသီတတန်းကြီးဖြစ်လာသည်။ သူတို့ကြားကို တိရစ္ဆာန် ကျောရိုးကြီးတစ်ခု လျှောတိုးဝင်လာသည်။ သားပေါက်ကလေးတစ်ကောင် ရေစပ်သို့ ခြေချလာသည်။

ရေမျက်နှာပြင် ဝုန်းခနဲ ကွဲလာကာ မိကျောင်းကြီးက စားသောက်ဝါးမျိုရန် စတင်လိုက်သည်။


ထို့နောက်တွင်တော့ . . .





www.burmeseclassic.com

www.burmeseclassic.com



ဩဂုတ်လတွင် ပူပြင်းခြောက်သွေ့ရာသီ ကုန်ဆုံးပြီး စက်တင်ဘာလ၏ မိုးသက်မုန်တိုင်းအတွင်း Grumeti မြစ်ကို တစ်ဖန်မွေးဖွားလာသည်။ သိမ်မွေ့စွာ ရှင်သန်လာကြသော ဘဝနှင့်အသက်တွေကို တောတွင်းဥပဒေအတိုင်း နိုင်ရာစားအမဲလိုက်ကြတော့မည်။ ဇွန်လမှာ သားရိုင်းအုပ်များ ရောက်လာခိုက် ခြောက်ခြားစွာသော ကန်ငယ်၊ အိုင်ငယ်များ ကျန်ရစ်ခဲ့သည်။ မိုးရာသီကုန်ဆုံးသည့် ရက်သတ္တပတ်များတွင် "ဂရူမက်တီ" မြစ်သည် သဲချောင်းအဖြစ်သာ ကျန်ရှိတော့သည်။



ထွန့်ထွန့်လူးအောင် နာကျင်တတ်သော နှုတ်သီးဖျားကို ရုတ်တရက်ဆက်ခနဲ ဖမ်းဆုပ်ကိုက်ဆွဲခံရစဉ်မှာ ကိုယ်အလေးချိန်ပေါင် ၄၀၀ ရှိ ကျွဲရိုင်းခမျာ ကိုယ်အလေးချိန် တန်ဝက်ရှိ ဆာလောင်မွတ်သိပ်နေသော မိကျောင်းကြီးကို အနည်းငယ်ခုခံနိုင်သော်ငြား ရေဘုရင် တွားသွားသတ္တဝါကြီးက ရေထဲသို့ ဆွဲချသွားခဲ့သည်။ မိကျောင်းကြီးများမှာ လွတ်ထွက်မသွားနိုင်အောင် ခိုင်မြဲစွာ ကိုက်ဆွဲနိုင်ရန်နှင့် ဆုတ်ဖြတ်ကိုက်ဖြဲနိုင်ရန်သာဖြစ်ကာ ဝါးစားခြင်း မပြုနိုင်ကြပါ။ အစားခံသားကောင်များ သေစေရန် ရေနှစ်သတ်ကြတာ များသည်။




www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကို အဆွဲခံလိုက်ရသော သားကောင်ပေါက် တစ်ကောင်မှာ ရုန်းကန်ရင်း အသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ သားပေါက်ကလေးတွေမှာ ကံစွပ်ကံညား စွန့်စားကာ ရေနက်ရာသို့ ရောက်လေ့ရှိသလို သူတို့နောက်က အုပ်လိုက်ကြီး၏ တွန်းတိုက်မှုတွေကြောင့်လည်း ရှေ့ဆုံးက ရေနက်ရာရောက်လာတတ်သည်။ ရေမြှုပ်တွေအကြား ရုန်းရင်းဆန်ခတ် ဖြစ်ကာ မိကျောင်းပါးစပ်တွင်းမှ လွတ်လျှင်လွတ်ချင်း ကမ်းစပ်မှ မိခင်ထံပြန်ရောက်သွားသော သားပေါက်တစ်ကောင်၏ပုံ။





သေသွားသော ကျွဲရိုင်းပေါ်သို့ မိကျောင်းများ တစုတဝေး စုပြုံရောက်လာကြပြီး သူဆွဲ ငါဆွဲနှင့် အလောင်းကောင်မှာ ရေထဲ၌ ပတ်ချာလည်နေသည်။ ကြီးမားသော အသားတစ်ကြီးကို မျိုချရန် ရေမျက်နှာပြင်ပေါ်တွင် အရွယ်တော်ဖြစ်အောင် ရိုက်ပုတ် ချိုးဖဲ့ကြသည်။ ပြီးနောက် ရုတ်တရက် ဦးခေါင်းကို မော့ကာ လည်ချောင်းတွင်း မျိုချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com





ရေတိမ်ပိုင်းမှ ကျွဲထီးတစ်ကောင်ကို မိကျောင်းတစ်ကောင် ခန္ဓာကိုယ်ကြီးကို ဟိုလူး ဒီလှိမ့်လုပ်ကာ ရေအောက်သို့ ဆွဲချနစ်သတ်နေပုံ။ ထိုကဲ့သို့သော မိကျောင်းတွေမှာ အတိုင်းထက်အလွန် အင်အားကြီးမားကြသည်။

❒ MARINER လှိုင်


စာကိုး
*NG by mark deeble and victoria stone*



www.burmeseclassic.com

www.burmeseclassic.com

# Anima



ကိုအာလာဝက်ဝံများ၏ ဘဝမှာ အလွန်ပင်အန္တရာယ်ပေါ်များ
သည်။ နေထိုင်ကျက်စားရာနေရာ ပျောက်ကွယ်သွားခြင်း၊ ရောဂါ
ဝေဒနာ၊ ယာဉ်တိုက်မှု၊ တောမီးများလောင်ကျွမ်းခြင်းတို့ ဖြစ်သည်။
ဩစတေးလျနိုင်ငံတွင် LONE PINE ကိုအာလာ ခိုလှုံရာနေရာ
သည် ဖျားနာထိခိုက် ဒဏ်ရာရ ကိုအာလာများအား ပြုစုစောင့်
ရှောက်သည့်နေရာဖြစ်သည်။ အချို့ကို ခွေးဝေးသူများက လာ
ခေါ်တတ်ကြသည်။ LUCKY ခေါ်သော မိဘမဲ့ကိုအာလာလေး
အား သေနေသောမိခင်၏ သားကင်အိတ်ထဲမှ ရှာခဲ့ပြီး ROYAL
ခေါ်သော ဂျမန်ဆိုးလေးချင်းတွေနှ ကိုယ်တိုင်မိခင်အဖြစ် တွေးတွေး
ပြုစုစောင့်ရှောက်ခြင်းကို ခံခဲ့ရသည်။



www.burmeseclassic.com


www.burmeseclassic.com

# friends

## အံ့ဖွယ်တိရစ္ဆာန် မိတ်ဖွဲ့ခြင်း

**မြူးဇစ်**

စစ်မှန်သော မိတ်ဖွဲ့ခြင်းတွင်
အတားအဆီးများ မရှိပါ။
မျိုးကွဲများ ဖြစ်လင့်ကစား
စစ်မှန်သော မိတ်ဖွဲ့ခြင်းများ
ဖြစ်ပွားနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



GERALD မည်သော သစ်ကုလားအုတ်နှင့်
EDDIE ဟုခေါ်သော ဆိတ်တို့မှာ
အရပ်အားဖြင့် ခြောက်မီတာ
ကွာခြားသော်လည်း ခွဲ၍မရသော
မိတ်ဆွေများဖြစ်ကြသည်။ ၎င်းတို့အတူ နေရာ
အင်္ဂလန် NOAH'S ARK တိရစ္ဆာန်
ဥယျာဉ်တွင် အခြားသောမြင်းများမှာလည်း
အတူရှိနေရာ ၎င်းတို့၏အစားအစာအား
အခြားမြင်းများမှ လာမစားနိုင်အောင်
အတူကာကွယ် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



THEMBA ဟုခေါ်သော ဆင်[illegible] အရွယ်မှာတင် မိဘမဲ့သားတစ်ကောင် ဖြစ်ခဲ့သည်။ ကောင်အသက်ရှိသော SHIMWARI ဟေးဗ်ခဲ့တော့ရှ် တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးအတွက် ALBERT ဟုခေါ်သော ဆိုးဖာကောင် နှင့် မိတ်ဆက်ပေးခဲ့သည်။ အချိန်မှစ၍ THEMBA နှင့် ALBERT တို့၏ ရင်းနှီးမှု ရှင်သန်လာခဲ့သည်။



BOB ဟုခေါ်သော ကြောင်သူတောင်နှင့် ZINZI ဟုခေါ်သော ခြင်္သေ့မတို့သည် အရင်းနှီးဆုံး မိတ်ဆွေများဖြစ်ကြသည်။ တောင်အာဖရိကရှိ PREDATOR တိရစ္ဆာန်ဥယျာဉ်၌ BOB ကို မွေးဖွားပြီး သူ၏မိခင်မှ စွန့်ပစ်ခဲ့ရာ BOB သည် ခြင်္သေ့မလေး၏ ခွဲမရသောအဖော် ဖြစ်ခဲ့ရသည်။



www.burmeseclassic.com



[illegible] OWEN ဟုခေါ်သော ရေမြင်းကလေး [illegible]
နိုင်ငံ၊ HALLER PARK တိရစ္ဆာန်ဥယျာဉ် [illegible]
[illegible] MARK [illegible]
[illegible] လိပ်ကြီး [illegible]
[illegible]
[illegible] လိပ်ကြီး [illegible]
[illegible]
သည်။



[illegible] ဆေးလိပ်သောက်ခဲ့တွင်ပါဝင်ခဲ့သော BRUNO
အမည်ရှိ မြည်းသည် ဂျာမနီနိုင်ငံ TEUTOBURG
သစ်တောဥယျာဉ်တွင် ဆိုင်းဆင်းရှာဖွေခဲ့သည့်သားမယား
BOOTSMANN နှင့် PETRI မည်သော
[illegible] များသည် ခွဲခွာနေသော မိတ်ဆွေများ
ပြန်လည်တွေ့ဆုံကြသည် [illegible] မရှိကြပါ

www.burmeseclassic.com

# အိပ်မက်ထဲက သံယောဇဉ်

စိန်ဝင်းဖေ



ပိုလ်ဂျွန်ဆင်နှင့် အချစ်တော် ဂီး(လ်)ဘတ် (၁၉၄၄)

ဒုတိယကမ္ဘာစစ်အတွင်း ပြင်သစ်နိုင်ငံတွင် တာဝန်ကျခဲ့စဉ် အမေရိကန်စစ်သားတစ်ယောက်က (၇) နှစ်သားအရွယ် မိဘမဲ့ကလေးတစ်ဦးကို ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ဆယ်စုနှစ်များစွာကြာအပြီးတွင် ထိုစစ်သည်၏သမီးဖြစ်သူက ထိုကလေးကို ရှာဖွေရန်သူမ၏ တာဝန်သဖွယ် မှတ်ယူခဲ့သည်။

"ဂီး(လ်)ဘတ်ဒေကလို"က အိုမဟာကမ်းခြေရှိ တောင်ကမ်းပါးတွင် ပေါက်ရောက်နေသော မြက်ပင်ရှည်များထဲတွင် ထိုင်ကာ ပင်လယ်ပြင်မှ ဖြတ်တိုက်လာသော လေအေးတွင် ချမ်းတုန်နေသည်။ သူက သူ၏ ပိန်လှီသော ဒူးများကို ပူးကပ်လျက် ရင်ခွင်ဆီသို့ တင်းကျပ်စွာဆွဲယူကာ သိုးမွေးဆွယ်တာအဟောင်းလေးကို လွှမ်းခြုံလိုက်စဉ် နေက သစ်ပင်များပေါ်သို့ မြင့်တက်လာသည်။

အမေရိကန်များ ရောက်ရှိလာကတည်းက သူ၏ကမ္ဘာက ပြောင်းလဲလာခဲ့သည်။ နော်မန်ဒီရှိ သူ့အိမ်၏ အနိမ့်ပိုင်းကွင်းပြင်တွင် စစ်စခန်းတစ်ခုက ညတွင်းချင်းပေါ်ပေါက်လာခဲ့သည်။ မိဘမဲ့ (၇)နှစ်သားကလေး "ဂီး(လ်)ဘတ်"အတွက်ကား ကလေးအိပ်မက်တစ်ခုပင်။ အုပ်ထိန်းသူ မစ္စစ်ဘစ်ဆွန်က ညအချိန်တွင် သူ့ကို အိမ်တွင်းသို့ ဆွဲသွင်းယူခဲ့ရသည်။

ယခုအခါ သူက မျက်လုံးများပြူးလျက် လမ်းအတိုင်း မောင်းတက်လာသော ဂျစ်ကားများနှင့် ဦးထုပ်ဖြူများဆောင်းထားသည့် လူများ ပျားပန်းခပ်လှုပ်ရှားနေကြကာ သေနတ်များ၊ ခဲယမ်းမီးကျောက်များ၊ စားနပ်ရိက္ခာများနှင့် ရွက်ဖျင်အိတ်ကြီးများ ချယူနေကြသည်ကို ကြည့်နေ၏။ ဝက်ပေါင်ခြောက်များ၊ ဥများ၊ ကော်ဖီနှင့် ပေါင်မုန့်မီးကင်နံ့များ လေတွင် ပျံ့လွင့်လာစဉ် သူက သမ်းလိုက်သည်။

သူ၏ သေးငယ်သော ဦးခေါင်းကလေးကို နောက်သို့လှန်ကာ မွှေးရနံ့များကို ရှူရှိုက်လိုက်သည်။ သူ့ဝမ်းဗိုက်က တကြုတ်ကြုတ်မြည်လာ၏။

ဆောက်လုပ်ရေးတပ်မှ ဗိုလ် "ဒေါ်နယ်ကေဂျွန်ဆင်"က နံနက်ပိုင်းဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းဆောင်တာများကို စစ်ဆေးနေသည်။ လူနာဆောင် ရွက်ဖျင်တဲမှာ ပြီးစီးနေပြီး စစ်သည်များကို ဆရာဝန်နှင့် ဆေးဝန်ထမ်းတို့က ကောင်းစွာ ကုသနိုင်ပေပြီ။ ရေပန်းများကလည်း ကောင်းမွန်သည်။

ဂျွန်ဆင်နှင့်အဖွဲ့က နံနက်လင်းချိန်မှစ၍ အလုပ်ရှုပ်နေခဲ့ကြရာ ယခုအခါမွန်းတည့်ချိန်ရောက်ခဲ့ပေပြီ။ သူက ရဲဘော်များကို တန်းဖြုတ်ကာ သူ့ဇနီးနှင့် သမီးငယ်နှစ်ဦးတို့ပါသည့် ဓာတ်ပုံရှိရာ အကျႌအိတ်ကို လက်ဖြင့်ထိကိုင်လိုက်သည်။ သူတို့နှင့် မတွေ့ရသည်မှာ တစ်နှစ်ပင် ကျော်ခဲ့ပေပြီ။

ဂျွန်ဆင်က လှည့်ပြန်မည်အပြုတွင် တောင်ကုန်းပေါ်ရှိ မြက်ပင်ရှည်ကြီးများ အတွင်းတွင် တစ်စုံတစ်ခုကို တွေ့လိုက်သည်။ ကလေးငယ်တစ်ဦးများလား။ သူက လက်ဝှေ့ယမ်းပြလိုက်သည်။ သေးငယ်သော လက်ကလေးတစ်ဖက်က ပြန်လည်ဝှေ့ယမ်းပြသည်။ ဂျွန်ဆင်က လက်ယပ်ခေါ်လိုက်သည်။ ခေတ္တမျှ တုံ့ဆိုင်းနေပြီးနောက် မြက်ပင်ရှည်ကြီးများထက် မမြင့်သော ကလေးငယ်တစ်ဦး ဆင်းလာသည်။ ဂျွန်ဆင်က ကလေး၏ ပိန်လှီသောမျက်နှာကို ကြည့်ရန် ဒူးထောက်လိုက်၏။

သူက ကျောင်းတုန်းက သင်ခဲ့ [illegible] သော ပြင်သစ်စကားဖြင့် စမ်း၍ [illegible] လိုက်သည်။

www.burmeseclassic.com



ပိုလ်ဂျွန်ဆင်နှင့်သမီးနှစ်ဦး (၁၉၅၂) ခိုင်ယင် (အသက် ၃နှစ် - ၀)

ကလေးငယ်၏ မျက်ဝန်းပြာပြာတို့ကအရောင်တောက်ပလာ၏။ ဂီး(လ်)ဘတ်ဟု သူကပြောသည်။

ဂျွန်ဆင်က သူ့လက်ကို ဆွဲ၍နှုတ်ဆက်သည်။ ကလေးငယ်က ထမင်းကောင်းကောင်းစားလိုသည့်ပုံ။ စခန်းတွင်လည်းစားနပ်ရိက္ခာအလုံအလောက်ရှိသည်။ ပြင်သစ်စကား မတတ်တတတ်ဖြင့် ဂီး(လ်)ဘတ်အား နေ့လယ်စာစားရန်ဖိတ်ခေါ်လိုက်၏။ကလေးငယ်က ခေါင်းညိတ်ပြသောအခါ ဂျွန်ဆင်က သူ့သားများကို ချီပိုးသည့်အလား ခါးစောင်းပေါ်သို့ပွေ့တင်လိုက်ကာ ရိပ်သာတဲဆီသို့ ဦးတည်လာခဲ့သည်။

စားရိပ်သာတဲအတွင်း၌ စစ်သည်ငယ်များစွာ ကစားရင်း စကားပြောနေကြကာ ဇွန်းသံ၊ ပန်းကန်သံများ မြည်လျက် ဂီး(လ်)ဘတ်၏ မျက်လုံးများပြူးကျယ်လာသည်။ ဂျွန်ဆင်က နှစ်ပန်းကန်တွင် အမဲသားကင်၊ အာလူး၊ မုန်လာဥဝါ၊ ပဲများ၊ လတ်လတ်ဆတ်ဆတ် ဖုတ်ထားသော ပေါင်မုန့်နှင့် ပန်းသီးပေါင်မုန့်တို့ဖြင့် အပြည့်အမောက်ထည့်လိုက်သည်။ အရာရှိစားပွဲတွင်ထိုင်နေသူများက ပြုံးလိုက်ကြကာ သူတို့နှစ်ဦးအတွက် နေရာဖယ်ပေးကြသည်။ဂီး(လ်)ဘတ်က ထမင်းလုတ်ငယ်လေးများကိုနှေးကွေးစွာဝါးကာ သူ့ပန်းကန်ကို အပြောင်စားသည်။ ဂျွန်ဆင်က သူ့ခေါင်းကို ပုတ်လိုက်ရာ ဂီး(လ်)ဘတ်က ပြုံးလျက် ကျေးဇူးတင်စကား ပြော၏။

နေ့လယ်စာ စားပြီးသောအခါ ဂျွန်ဆင်က ဂီး(လ်)ဘတ်၏ လက်ကိုကိုင်ကာ ဇွန်လ၏ နေရောင်အောက်သို့ ထွက်လာခဲ့ကြသည်။ သူက ကလေး၏ဘေးတွင် ဒူးထောက်ကာ အလုပ်ခွင်သို့ဝင်ရမည်ဖြစ်ကြောင်း ရှင်းပြသည်။ ဂီး(လ်)ဘတ်က ခေါင်းညိတ်ပြကာ မြက်ပင်ရှည်ကြီးများဆီသို့ လမ်းလေးအတိုင်း ပြေးတက်သွားစဉ် နောက်ပြန်လှည့်၍ လက်ဝှေ့ယမ်း နှုတ်ဆက်ခဲ့သည်။

ညနေ ၆ နာရီတွင် ဂျွန်ဆင်က စားရိပ်သာတဲသို့သွားစဉ် ဂီး(လ်)ဘတ်အား သူထိုင်နေကျနေရာတွင် တွေ့မြင်လိုက်သည်။ သူက လက်ဟန်ပြလိုက်ရာ ဂီး(လ်)ဘတ်က သူ့ထံအပြေးရောက်လာသည်။

ညစာကား ကြက်ကြော်၊ အာလူးမွှေကြော်၊ ပြောင်းဖူး၊ ဘီစကွတ်နှင့် ချောကလက်ကိတ်။ ဂျွန်ဆင်က နှစ်ပန်းကန် ပြင်ဆင်ပြန်သည်။ သို့သော် ဂီး(လ်)ဘတ်က နံနက်စာလောက် မစား။ ကလေးငယ်က များများစားစားစားလေ့မရှိကြောင်း ထင်ရှားသည်။ သို့တစေ သူက ဂျွန်ဆင်အနီးတွင် ကပ်၍ထိုင်ကာ ရှက်ပြုံးလေးပြုံးလျက် တစ်လုတ်နှင့်တစ်လုတ်ကြားတွင် အသက်ကို တစ်ဝရှူလျက် ကြိုးစားစားနေသည့်အလား ရှိ၏။

ညစာစားပြီးသောအခါ ဂျွန်ဆင်က ဂီး(လ်)ဘတ်နှင့် နီးကပ်စွာ ဒူးထောက်လျက် နှုတ်ဆက်သည်။

"မနက်ဖြန် တွေ့ကြသေးတာပေါ့"

သူက ကလေးငယ်လျှောက်လှမ်းတက်သွားသည်ကို မျက်စိတစ်ဆုံးကြည့်သည်။

ထိုနေ့မှစ၍ ဂီး(လ်)ဘတ်က ဂျွန်ဆင်နှင့်အတူ စားခဲ့သည်။ တစ်နေ့လျှင်သုံးနပ်ဖြစ်ရာ မကြာမီ စားကောင်းသောက်ဖွယ်တို့ကြောင်း ဝဖြိုးလာသည်။ အခြားစစ်သည်များကလည်း မငြိုငြင်ကြ။ ကလေးငယ်က သူတို့အိမ်ကို လွမ်းမှုပင် ပြေပျောက်စေသည်။ ဂျွန်ဆင်က ဂီး(လ်)ဘတ်အား ပခုံးပေါ်တင်၍သွားစဉ် သူက တခစ်ခစ်ရယ်သည်။

မကြာမီပင် ကမ်းခြေရှိသင်္ဘောများမှ ကုန်ချလုပ်ငန်း ကြီးကြပ်ရန်



ပိုလ်ဂျွန်ဆင်၏သမီး (စာရေးသူ ခိုင်ယင်)၊ သူမက ဂီးလ်ဘတ်အား ရှာပုံတော်ဖွင့်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ဆုံစည်းကြပြီ (၁၉၉၃) ဒိုင်ယင်(ထိုင်လျက်အလယ်)၊
ဂီးလ်ဘတ်(သူမ၏အနောက်တွင်ရပ်လျက်) နှင့် သူတို့၏မိသားစုဝင်များ

သွားသော ဂျွန်ဆင်၏ ဂျစ်ကားတွင် စီးနင်းလိုက်ပါခဲ့လေတော့၏။ ဂျွန်ဆင်က စခန်းတွင်းဆောက်လုပ်ရေးလုပ်ငန်းများ ကြီးကြပ်ရန် သွားသောအခါတွင်လည်း ဂီး(လ်)ဘတ်က အတူလိုက်ပါခဲ့သည်။ စခန်းမှ ထွက်ခွာ၍ လမ်းနှင့် တံတားများပြုပြင်ရန် သွားသောအခါတွင်မူ ဂီး(လ်)ဘတ်က အပြန်ကို စောင့်နေသည်။

၁၉၄၄ ခုနှစ် နွေရာသီကုန်ဆုံးချိန်တွင် ဂျွန်ဆင်၏ ပြင်သစ်စကားပြောက တိုးတက်လာသည်။ ဂီး(လ်)ဘတ်ကလည်း ဟဲလို၊ ဂွတ်ဘိုင်၊ ကျေးဇူး၊ ဂျစ်ကား၊ သဘော်နှင့် ရေခဲမုန့်တို့ကို အင်္ဂလိပ်လို ပြောတတ်လာခဲ့သည်။ဗိုလ်ဂျွန်ဆင်ဟုလည်း ခေါ်တတ်လာသည်။

အောက်တိုဘာလလယ်တွင် ဂျွန်ဆင်က ပြင်သစ်မှ ပြန်လည်ပြောင်းရွှေ့ရန် အမိန့်ကျလာခဲ့၏။ ဒေသအာဏာပိုင်များထံ မေးမြန်းစုံစမ်းရာ ဂီး(လ်)ဘတ်မှာ မွေးဖွားစဉ်ကပင် စွန့်ပစ်ခြင်းခံခဲ့ရကြောင်းနှင့် သွေးရင်းသားရင်းဆွေမျိုးဉာတိ မရှိကြောင်း သိရသည်။ ၎င်းအား မွေးစားခွင့် တောင်းခံရာ ယတိပြတ်ငြင်းဆိုခြင်း ခံခဲ့ရသည်။

ဗိုလ်ဂျွန်ဆင်က ကျွန်မရဲ့ အဖေပါ။ စစ်ကာလအတွင်း ပြင်သစ်နှင့် ကလေးငယ်လေး အကြောင်းက ကျွန်မငယ်စဉ်ကပင် အမြဲကြားနေရသော အကြောင်းအရာများပင်။ အဖေ၏ မျက်လုံးများက ကြင်နာရိပ်ပေါ်လွင်နေသည်။ ရယ်မောစရာများ ပြောကာ ကျီစယ်တတ်သည်။

သူ ပြောပြသော ပုံပြင်များက ကျွန်မကို ရယ်မောရစေသည်။ ပြင်သစ်တွင် ရှိနေစဉ်အကြောင်းများ ပြောပြသောအခါ ကျွန်မ၏ စိတ်မြင်ကွင်းတွင် အထင်းသားပေါ်လာသည်။ ပြင်သစ်ကျေးလက်ဒေသ၊ ရေတပ်စစ်သဘော်ကြီးများနှင့် ဂီး(လ်)ဘတ်။ အဖေက ဂီး(လ်)ဘတ်အကြောင်းကို ပြောပြသောအခါ သူ့နာမည်ကို အမြတ်တနိုး ခေါ်သည်။

ပြင်သစ်လေသံဖြင့် ခပ်ဖော့ဖော့ခေါ်သည်။ အစ်ကိုတစ်ဦး ထပ်မံ၍ ကျွန်မတို့စားပွဲတွင် ထိုင်နေမည်ဆိုက မည်သို့ရှိမည်ကို ကျွန်မက တွေးဆမိသည်။ (အဖေနှင့်အမေတို့က စားပွဲထိပ်များတွင် ထိုင်ကြကာ ကျွန်မနှင့် အစ်မတို့က မျက်နှာချင်းဆိုင်ထိုင်၍ အစ်ကိုနှစ်ဦးတို့က ကျွန်မတို့၏ ဘေးတွင် ထိုင်ကြသည်)

ကျွန်မ ကြီးပြင်းလာသောအခါ အဖေ၏ ပုံပြင်များက ကျွန်မ၏ ငယ်ဘဝမှ အရုပ်များ၊ ရောင်စုံခြယ်သော စာအုပ်များနှင့်အတူ နောက်တန်းသို့ ရောက်သွားခဲ့၏။ ကျွန်မ အိမ်ထောင်ကျပြီး ကိုယ့်မိသားစုနှင့်ကိုယ်ရှိလာချိန်တွင် အဖေက ဥရောပကို သွားရောက်ခဲ့ပြန်သည်။ ဂီး(လ်)ဘတ်၏ အမည်ကို တယ်လီဖုန်း လမ်းညွှန်စာအုပ်ထဲတွင် ရှာဖွေခဲ့သော်လည်း မတွေ့ခဲ့ရကြောင်း ပြောပြသည်။

မအောင်မြင်ခဲ့ကြောင်း ပြန်ပြောပြစဉ် အဖေ၏ပခုံးများ ပြေလျော့ကျပြီး ခေါင်းငိုက်စိုက်ကျနေပုံကို ကျွန်မ အမှတ်ရနေသည်။

အဖေ့အသက်အရွယ် အိုမင်းလာပြီး လမ်းမလျှောက်နိုင်၊ မျက်စိနှစ်ကွင်း အလင်းမရတော့ချိန်တွင် သူ့ဘဝ ဇာတ်ကြောင်းကို ပြန်ပြောပြစဉ် ကျွန်မက ဘေးတွင်ရှိနေသည်။ ပြင်သစ်ပြည် အကြောင်းပြောစဉ် သူ့မျက်လုံးများက အရောင်တောက်လာသည်။ ဂီး(လ်)ဘတ်၏ အမည်ပါလာစဉ် မျက်ဝန်းတို့က မျက်ရည်များဖြင့် တောက်ပလာသည်။ ဂီး(လ်)ဘတ်၏အမည်ကို ခေါ်သောအခါ လေသံက နူးညံ့သိမ်မွေ့လှသည်။ ကျွန်မက သူ၏ နုနယ်ချည့်နဲ့သော လက်များကို ပွတ်သပ်ပေးနေစဉ် ကျွန်မ .တစ်ခုခု ပြုလုပ်ပေးနိုင်စေရန် ဆန္ဒဖြစ်ပေါ်ခဲ့၏။

၁၉၉၁ ခုနှစ်တွင် အဖေ သေဆုံးပြီးသောအခါ ကျွန်မက ဒုတိယကမ္ဘာစစ်ကြီးအကြောင်းကို ပိုမို လေ့လာလိုသည်။ ၁၉၉၃ ခုနှစ်တွင် ပြင်သစ်ပြည်သို့ ခရီးထွက်ခဲ့ပြီး ကမ်းခြေများသို့ လှည့်လည်ကာ D-day (ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များ ပြင်သစ်မြောက်ပိုင်းကမ်းခြေသို့ တက်ခဲ့သော နေ့ ၆. ၆. ၁၉၄၄) ရွှေရတုနှစ်ပတ်လည် အကြောင်း ရေးသားရန်ဖြစ်၏။

ကျွန်မက အိုမဟာကမ်းခြေပေါ်ရှိ ချောက်ကမ်းပါးပေါ်တွင် ရပ်နေမိသည်။ ယခုအခါ အမေရိကန်စစ်သည် ၁၀,၀၀၀ နီးပါးတို့ကို မြှုပ်နှံထားရာ သင်္ချိုင်းဖြစ်နေပါပြီ။ လေပြင်းက ကျွန်မ၏ မျက်နှာကို စူးရှစွာတိုက်ခတ်လာစဉ်

www.burmeseclassic.com

ကျွန်မက အဖေ့ကို သတိရပြီး ပါးပေါ်သို့ စီးကျလာသော မျက်ရည်များကို သုတ်လိုက်သည်။ အဖေ့ကို မေးခွန်းတွေ များများမေးခဲ့လိုက်ချင်စိတ်တွေ ပေါ်ပေါက်လာ၏။

ကျွန်မ၏ဆောင်းပါး ကယ်လီဖိုးနီးယားသတင်းစာတွင် ပါရှိလာသောအခါ ဂီး(လ်)ဘတ်၏ အမည်ကို ဖော်ပြခဲ့သည်။ ကျွန်မ၏ စာမူကို ပြင်သစ်ကောင်စစ်ဝန်ရုံး ပြန်ကြားရေးတာဝန်ခံက ဖတ်မိသောအခါ (ကျွန်မက ပြင်သစ်နိုင်ငံ နော်မန်ဒီသို့ ပြန်သွား၍ အဖေ့ကိုယ်စား ဆုတံဆိပ်လက်ခံရယူမည်ကို သိသဖြင့်) ကျွန်မကို ဆက်သွယ်ကာ ဂီး(လ်)ဘတ်ကို ကြိုးစားရှာဖွေရန် တိုက်တွန်းသည်။

"ပြင်သစ်တွေက အမေရိကန်တွေလို ပြောင်းရွှေ့နေထိုင်တတ်လေ့မရှိဘူး၊ သူ ဂီး(လ်)ဘတ် အနီးအနားဝန်းကျင်မှာပဲ ရှိနေဦးမှာပါ"ဟု ပြောပြခဲ့သည်။

နော်မန်ဒီတွင် ဆုတံဆိပ်လက်ခံရယူပြီးနောက် ဒေသခံ သတင်းစာတစ်စောင်တွင် ကြော်ငြာတစ်ခု ထည့်သွင်းခဲ့သည်။ ကျွန်မက ဂီး(လ်)ဘတ်ကို ရှာဖွေတွေ့ရှိရန်မှာ နှစ်ချီ၍မကြာသည့်တိုင် လပေါင်းများစွာကြာမည်ဟု ထင်လျက် ကယ်လီဖိုးနီးယားရှိ အိမ်လိပ်စာကို ဖော်ပြကာ ဆယ်ကျော်သက် သမီးဖြစ်သူ ဟီသာနှင့်အတူ ပြင်သစ်ပြည်ကို လှည့်လည် ခရီးထွက်ခဲ့သည်။

နောက်တစ်နေ့တွင် ဂီး(လ်)ဘတ်က သူ၏ သတင်းစာကို ဖတ်နေစဉ် အဖေ၏ နာမည်ကို တွေ့မြင်လိုက်ရသောအခါ ငိုကြွေးတော့သည်။ သတင်းစာတိုက်နှင့် ဆက်သွယ်သောအခါ ကျွန်မက ထွက်ခွာသွားခဲ့ပြီဖြစ်ကြောင်း သိရသဖြင့် အမေရိကန်ရှိ ကျွန်မ၏ လိပ်စာသို့ စာရေးသားခဲ့သည်။

ကျွန်မ၏အစ်မက ဂီး(လ်)ဘတ်၏ အမည်ကို မှတ်မိကာ ကျွန်မရှိရာ ပြင်သစ်သို့ ဖက်(စ်)ဖြင့် ပြန်ပို့ပေးခဲ့သည်။ ထိုဖက်(စ်)ကို ကျွန်မတို့ ပဲရစ်မြို့သို့မပြန်မီ တစ်ညတွင် ရရှိခဲ့သည်။

ကျွန်မက ဂီး(လ်)ဘတ်ကို ဖုန်းဖြင့် (စိတ်လှုပ်ရှားလွန်းသဖြင့် တုန်တုန်ယင်ယင် အသံဖြင့်) ဆက်သွယ်ပြောကြားကာ ထိုညနေတွင် တွေ့ဆုံကြရန် စီစဉ်ခဲ့သည်။ Caen မြို့၏လမ်းအေးက ကဖီးဆိုင်တွင် ကျွန်မနှင့် သမီးတို့က ဂီး(လ်)ဘတ်နှင့် ဇနီးတို့ကို စောင့်နေကြစဉ် ကျွန်မက လမ်းသွားလမ်းလာတို့၏ မျက်နှာများကိုကြည့်ရင်း ကုလားထိုင်ပေါ်တွင် ဂနာမငြိမ် ဖြစ်နေမိ၏။ ငယ်ငယ်က နားထောင်ခဲ့ရသော ပုံပြင်များထဲက ကောင်လေးကို တွေ့ရတော့မှာပါလား၊ ကျွန်မ သူ့ကို ဘယ်လိုသိနိုင်ပါ့။

ထိုအခိုက် ကိုယ်ဟန်သွယ်လျလျနှင့် သေသပ်စွာ ဝတ်ဆင်ထားသော အမျိုးသားတစ်ဦး လျှောက်လာကာ ပြုံးလျက် ကျွန်မ၏ နာမည်ကိုခေါ်လိုက်သည်။ ကျွန်မက သူ့မျက်လုံးများကို ကြည့်လိုက်သောအခါ အဖေ့နည်းတူကြင်နာမှု အရိပ်အယောင်များကို တွေ့ရသည်။ တစ်နည်းမဟုတ် တစ်နည်း ဂီး(လ်)ဘတ်က အဖေနှင့် အမှန်ပင်တူနေသည်။

ဂီး(လ်)ဘတ်၏ နေအိမ်တွင် ညစာ စားပြီးသောအခါ သူက အဖေ့အကြောင်း မေးခွန်းများစွာကို မေးသည်။ ကျွန်မတို့၏ဘဝနှင့် အဖေ သေဆုံးပုံတို့ကို မေးသည်။ (ပြင်သစ်ဘာသာစကားနှင့် ထူးခြားသော ကြိယာများကို နှစ်အတန်ကြာလေ့လာခဲ့ခြင်းက ဤအချိန်တွင် များစွာအထောက်အကူရခဲ့သည်) အဖေ ပြင်သစ်မှ ပြန်သွားခဲ့ပြီးနောက် သူ့အနေဖြင့် ရှန်းကန်ခဲ့ရပုံ၊ မိဘမဲ့ဂေဟာတွင် နေထိုင်ရကာ အထီးကျန်ဘဝဖြင့် စိတ်ညစ်ညူးရပုံ၊ ဆယ်ကျော်သက် အရွယ်တွင် သဘောကောင်းသော အမျိုးသမီးကြီးတစ်ဦးက ၎င်း၏ မိသားစုနှင့်အတူနေရန် ခေါ်ထားခဲ့ပုံ၊ ချစ်ခြင်းမေတ္တာနှင့် ဂရုစိုက်ခံရမှုတို့၏ စွမ်းအင်ကြောင့် သူ စစ်တပ်ထဲကို ဝင်ခဲ့ကြောင်း၊ အလုပ်အကိုင်ကောင်းကောင်း တစ်ခုရကာ သူ့ဇနီးဟူဂျေးနှင့်အကြောင်းပါခဲ့ကြောင်း၊ သမီးကေသီ ရရှိခဲ့ကြောင်း ပြောပြသည်။

သို့သော် သူက အဖေ့ကို ဘယ်တော့မှ မမေ့ကြောင်း၊ သူ့ဇနီးနှင့် သမီးတို့အား (နောက်ပိုင်းတွင် မြေးနှစ်ဦးတို့ကိုပါ) အမေရိကားတွင် သူ့မိသားစုတစ်စုရှိကြောင်း၊ တစ်နေ့တွင် သူ့ကို လာရောက် ရှာဖွေကြလိမ့်မည်ဟု အမြဲပြောကြားခဲ့သည်။

ကျွန်မကလည်း အဖေက သူ့ကို ဘယ်တုံးကမျှ မမေ့ခဲ့ကြောင်း၊ သူ့အကြောင်းကို နောက်ဆုံးအချိန်ထိပင် ပြောကြားနေခဲ့ကြောင်းပြန်ပြောပြသည်။ ဂီး(လ်)ဘတ်အတွက်မူ သူ တမ်းတနေခဲ့သမျှ ပြီးပြည့်စုံရသည်ဟု ကျွန်မဆိုရပါသည်။

ဂီး(လ်)ဘတ်ကလည်း ကျွန်မကြားဖူးထားခဲ့သည့် ပုံပြင်များကို ပြောပြသည်။ သို့သော် ကလေးငယ်၏ ရှုထောင့်မှ ဖြစ်၏။ စစ်စခန်း၏ ဆွဲဆောင်မှု၊ အရသာရှိလှသော အစားအစာများ၊ အဖေ၏ ယုယကြင်နာမှုများ ထိုသို့ပြောစဉ် သူ့ကို ပွေ့ဖက်ထားခဲ့လေ့ရှိသော အဖေ၏လက်များကို သတိရကာ ငိုပြန်၏။

ကျွန်မတို့နှစ်ဦးသား စိတ်လှုပ်ရှားစွာဖြင့် တိတ်ဆိတ်ငြိမ်သက်စွာ နေထိုင်နေကြကာ ကျွန်မတို့နှစ်ဦးလုံးကို ချစ်ခဲ့သော အဖေ့ကို သတိရ အောက်မေ့လွမ်းဆွတ်လျက် ရှိနေကြသည်။

ဂီး(လ်)ဘတ်က သူ၏ ကယ်(လ်)ဗာဒို အရက်ခွက်မှ တစ်ငုံသောက်လိုက်ရင်း ၁၉၄၄ ခုနှစ်၊ အောက်တိုဘာလ၏ အိုမဟာကမ်းခြေတွင် နှုတ်ဆက်ခဲ့ရသော ဖြစ်စဉ်ကို သူ့ရှုထောင့်မှ ပြောပြသည်။

ထိုနေ့က အဖေက သူနှင့် အမေရိကားကို လိုက်ချင်သလားဟု မေးသောအခါ ဂီး(လ်)ဘတ်က "Oui" (ဟုတ်ကဲ့) ဟု တီးတိုးဖြေကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော် နောက်ဆုံးအချိန် သင်္ဘောထွက်ခွာခါနီး၌ ပြင်သစ်ရဲများ တက်လာကြကာ "Non" "Non" "ဟင့်အင်း၊ ဟင့်အင်း" ဟုငိုယိုလျက် ဂျွန်ဆင်ကို ဖက်တွယ်ထားသော ဂီး(လ်)ဘတ်ကို ပြန်ခေါ်သွားခဲ့ကြသည်။ ထိုနေ့တွင်ပင် အုပ်ထိန်းသူက ဂီး(လ်)ဘတ်အား မိဘမဲ့ ဂေဟာသို့ ပို့အပ်ခဲ့သည်။

"ခင်ဗျားရဲ့ အဖေက ကျွန်တော့်ကို ပြန်လာခေါ်မယ်လို့ ပြောခဲ့တယ်၊ သူ့ဆီက သတင်းစကားကြားရဖို့ ကျွန်တော် နှစ်ပေါင်း(၅၀) စောင့်ခဲ့ရတယ်ဗျာ"

ကျွန်မတို့က ကသိကအောက်ဖြင့် ငြိမ်သက်တိတ်ဆိတ်သွားကြစဉ် ဂီး(လ်)ဘတ်၏ သမီးက "သူက သူက ဘာဖြစ်လို့ ပြန်မလာတာလဲ" ဟုမေးသည်။

ပြင်သစ်စကားဖြင့် မပြောနိုင် အင်္ဂလိပ်လိုပင် ကျွန်မ ဘာပြန်ပြောရမှန်း မသိတော့။ ထိုအခိုက် ကေသီက ညင်သာစွာ ဝင်ပြောသည်။

"Le destin" (ကံတရားပေါ့) ဂီး(လ်)ဘတ်၏ ကံကြမ္မာက ပြင်သစ်မှာပင် နေရန်ရှိပြီး သူ့မိသားစုနှင့်အတူ သူ့ဘဝကို ပြင်သစ်မှာပင် ရှိနေစေဖို့ ဖန်လာခဲ့ပါသည်။

ကျွန်မတို့ ထိုည နှုတ်ဆက်ကြစဉ် ဂီး(လ်)ဘတ်က ကျွန်မ၏ လက်ကို ကိုင်လျက်. . .

"ခင်ဗျားရဲ့အဖေဆီက သတင်းစကား ကြားရလိမ့်မယ်လို့ အမြဲသိနေခဲ့ပါတယ်၊ တစ်ယောက်ယောက်တော့ လာလိမ့်မယ်လို့ ကျေးဇူးတင်ပါတယ်ဗျာ" ဟုပြောသည်။

ထိုညတွင် ကျွန်မ အိပ်၍မပျော်ပါ။ လူရှင်းသော ထိုကမ်းခြေတွင် နှုတ်ဆက်နေပုံကို မြင်ယောင်လာသည်။

ပြင်သစ်ရဲများက အဖေ၏ နှလုံးသားတစ်ခြမ်းကို ဆွဲယူသွားကြပုံ။ ဘာကြောင့်များ ဘယ့်အတွက် အဖေက ထိုလျှို့ဝှက်ချက်ကို တစ်သက်လုံးဖုံးဖိထားခဲ့ပါသလဲ။ ကတိအတိုင်း မလုပ်နိုင်ခဲ့တာကို ရှက်ခဲ့သလား။ ဒါမှမဟုတ် ကျွန်မက အဖေမသေဆုံးမီ ဂီး(လ်)ဘတ်ကို ဘယ့်အတွက် ကူညီရှာမပေးခဲ့တာလဲ။

အိပ်ရာဘေးရှိ နာရီစက်သံက မြည်နေစဉ် အတိတ်ဖြစ်ရပ်များမှ အဖြေကို ရှာတွေ့နိုင်မည်မဟုတ်ကြောင်း သဘောပေါက်လာသည်။ သို့သော် ဤအနေအထားမှ ရှေ့သို့ ခရီးဆက်သွားနိုင်ပါမည်။

နောက်နှစ်နှစ်အတွင်း ဂီး(လ်)ဘတ်နှင့် ကျွန်မတို့ စာရေးဆက်သွယ်ခြင်း၊ ဖုန်းပြောခြင်း၊ အီးမေး(လ်)ပို့ခြင်းများ ပြုလုပ်ခဲ့သည်။

၁၉၉၆ ခုနှစ်တွင် ကျွန်မ၏ အမေ၊ အစ်မ ဟီသာနှင့် ကျွန်မတို့ ပြင်သစ်သို့ ခရီးထွက်ခဲ့ကြပြီး တွေ့ဆုံပွဲကို ဂီး(လ်)ဘတ်အား ရှာဖွေခဲ့သော သတင်းစာက သတင်းဆောင်းပါး ဖော်ပြခဲ့သည်။

နောက်တစ်နှစ်တွင် ဂီး(လ်)ဘတ်တို့ မိသားစု အမေရိကားသို့ ရောက်ရှိလာရာ ဂျွန်ဆင်၏ ဆွေစဉ်လေးဆက် မျိုးနွယ်စု (၄၀)ယောက်တို့က ကြိုဆိုခဲ့ကြသည်။

တစ်ည ညစာစားပွဲတွင် ဂီး(လ်)ဘတ်က သူရေးသားလာခဲ့သော စာတစ်စောင်ကို ဖတ်ပြရာ ကျွန်မက အင်္ဂလိပ်လို ဘာသာပြန်ပေးသည်။

"အဖေ့ကို သတိရ အမှတ်တရ ရှိခဲ့ပုံများ၊ အမေရိကားသို့ နောက်ဆုံးတွင် ရောက်ရှိလာခဲ့မှုအတွက် ခံစားရမှုများနှင့် ပတ်သက်၍ အိပ်မက်တစ်ခုပင် ဖြစ်ကြောင်း၊ အိပ်မက်အဖြစ်နှင့်သာ ဆက်လက်ရှိနေလိမ့်မည်ဟု ထင်ခဲ့ကြောင်း" ပြောပြသည်။

နောင် နှစ်ပေါင်းများစွာတွင် ကျွန်မတို့ဆွေမျိုးများ ပြင်သစ်သို့ မကြာခဏ ရောက်ရှိခဲ့ကြသည်။

ထို့နောက် လွန်ခဲ့သော ဇန်နဝါရီလတွင် သွားရောက်ရန် စီစဉ်နေဆဲအချိန်တွင် ဂီး(လ်)ဘတ်တွင် အဆုတ်ကင်ဆာ ရောဂါဖြစ်နေကြောင်း သိရလေသည်။

ကျွန်မ ပြင်သစ်သို့ မရောက်မီ လေးရက်အလိုတွင် သူ သေဆုံးခဲ့၏။

ကျွန်မက သူ့အသုဘအမီ သွားရောက်ခဲ့သည်။ နော်မင်ဒီရှိ သူ၏ ရွာငယ်လေးတွင် ဘုရားရှိခိုးကျောင်း ခေါင်းလောင်းသံများ မြည်ဟည်းနေစဉ် ဆွေမျိုးများ၊ မိတ်ဆွေများက ချမ်းအေးလှသော ရာသီဥတုကို အံတု၍ ဘုရားရှိခိုးကျောင်းအပြည့် စုဝေးလာခဲ့ကြသည်။

သုံးရောင်ခြယ် ပြင်သစ်အလံဖြင့် သူ့အခေါင်းကို လွှမ်းခြုံထားကာ ရဲဘော်ဟောင်းများပါဝင်သည့် ဂုဏ်ပြုတပ်ဖွဲ့က သယ်ဆောင်လာသည်။

ကျွန်မက ဂီး(လ်)ဘတ်၏မိသားစုနှင့်အတူ ရှေ့တန်းတွင်ထိုင်ကာ ဂုဏ်ပြုစကား ပြောကြားနေပုံကို နားထောင်သည်။ ဝတ်ပြုဆုတောင်းပွဲတွင် ဘုန်းတော်ကြီးက ၁၉၄၄ ခုနှစ်က အဖေ၏ ဓာတ်ပုံနှင့် ဂီး(လ်)ဘတ်၏ဓာတ်ပုံတို့ကို ဘောင်တစ်ခုအတွင်းထည့်ကာ အခေါင်းပေါ်သို့ တင်စေသည်။

ဖယောင်းတိုင်မီးရောင်က ဓာတ်ပုံပေါ်ရှိ သူတို့၏ မျက်နှာများပေါ်သို့ မှိတ်တုတ် မှိတ်တုတ်ဖြင့် ကျရောက်ခိုက် ဓမ္မဂီတသံက ဘုရားရှိခိုးကျောင်း နံရံများဆီသို့ ပဲ့တင်ရိုက်ခတ်စဉ် ကေသီ ပြောကြားခဲ့ချက်မှာ မှန်ကန်ကြောင်း ကျွန်မ သဘောပေါက်လိုက်မိသည်။

ကံကြမ္မာက ရေတပ်ဗိုလ်နှင့် ကလေးငယ်တို့ကို တွေ့ပေးခဲ့သလို ကံကြမ္မာကပင် ကိုယ့်လမ်းကိုယ် လျှောက်လှမ်းစေခဲ့ပါပြီ။

ယခုတော့ ကျွန်မ သိလိုက်ပါပြီ။ ကံကြမ္မာကပင် သူတို့နှစ်ယောက်ကို ပြန်လည်ဆုံစည်းပေးခဲ့ပါပြီ။

(Reader's Digest ပါ Diane Covington ရေး Finding Gilbert ကို အနည်းငယ်ချုံ့၍ ပြန်ဆိုသည်)

❒ **စိန်ဝင်းမော်**



www.burmeseclassic.com

www.burmeseclassic.com



# ရွှေခင်
# လိပ်ပြာကြီးခေါ်ပွဲ

ကျွန်မ၏ဘွားဘွားသည် ကလေးဘဝကပင် ကြောက်ရွံ့မှုကင်းသူ တစ်ယောက် ဖြစ်၍ မကြာခဏဆိုသလို ပြဿနာနှင့် ကြုံတွေ့ရတတ်ပါသည်။ လက်တွေ့စမ်းသပ်ချင်သော ဝါသနာကြောင့် လက်မြန်သော ဖခင်ကြီး၏ ရိုက်နှက်ဆုံးမမှုကို ခံယူရစမြဲ ဖြစ်ပါသည်။

သို့သော် မွေးရာပါ ထိုဉာဉ်ဆိုးကို ပပျောက်သွားအောင် မည်သူမျှ မတတ်နိုင်ကြပါ။

ညဥ့်နက်သန်းခေါင်တွင် တစ်ယောက်တည်း တစ္ဆေသရဲ အလွန်ခြောက်သည့် ညောင်ပင်ကြီးအောက်၌ လောင်းကြေးစားကြေးဖြင့် စက္ကူအလံစိုက်ထူခြင်း၊ ဝါးရုံထူထပ်လွန်းသဖြင့် နေ့ခင်းပင်လျှင် အများမသွားဝံ့သော သင်္ချိုင်းတစ်ဝိုက်၌ မျှစ်သွားချိုးခြင်း အစ ရှိသည်ဖြင့် အခြားသော သည်းထိတ်ရင်ဖို ကိစ္စများကို အခါအခွင့်သင့်တိုင်း အရိုက်ခံ၍ ကျူးလွန်တတ်ပါသည်။

အပျိုအရွယ်ဖြစ်နေ၍ ညဥ့်နက်သန်းခေါင်ကို ယခုလို တစ်ယောက်တည်း ထွက်သွားသည်ကို အစ်ကိုနှစ်ယောက်က သိလျှင်သိချင်း အနောက်မှ ပြေးလိုက်ပြီး ဆွဲခေါ်လာ၍ ဖခင်လက်ထဲသို့ အပ်နှံလိုက်ပါသည်။ ထုံးစံအတိုင်း ကျောပြင်ကို ဗျောတင်သည့်အသံ ရပ်ကွက်၌ စီစီညံသွားပါတော့သည်။

ရပ်ကွက်ထဲ၌ နာရေးရှိလျှင် မကြောက်မရွံ့ဘဲ ကိုယ်တိုင်သွား၍ အလောင်းကိုရေချိုးပေးခြင်း၊ အလောင်းပြင်ပေးခြင်းမျိုးကိုလည်း စိတ်ပါလက်ပါ ဆောင်ရွက်တတ်ပါသည်။ သင်္ဂြိုဟ်မည့် ဆွေမျိုးမရှိသော အခြားရပ်ရွာမှသူစိမ်း ဇရပ်၌ ဆုံးပါးသွားလျှင်လည်း ကူလီလေးယောက် ငှားပြီး သူကိုယ်တိုင် ပေါက်ပြားထမ်း၍ သင်္ချိုင်း၌သွားရောက် မြှုပ်နှံပေးတတ်ပါသည်။ ထို့ကြောင့် အဘွားကို ရပ်ရွာက အရေးအကြောင်း ရှိတိုင်း သာရေးနာရေးပါ အားကိုးကြပါသည်။

ဆီးသီးပေါ်ချိန်၊ မန်ကျည်းရွက်နုချိန်တွင် ရွာပြင်တစ်ဝိုက် အဘွား မတက်ဖူးသောအပင် မရှိသလောက်ဖြစ်ပါသည်။ သူငယ်ချင်းအုပ်စု၏ အားကိုးအားထားရာဖြစ်၍ သူငယ်ချင်းအများစုက ချစ်ခင်ကြသလို အလွန်ကြောက်တတ်သော သူငယ်ချင်းများက မကြာခဏ ရှောင်ဖယ်ဖယ်နေတတ်ကြသည်။

အဘယ်ကြောင့်ဆိုသော် အိမ်မြှောင်၊ ပိုးဟပ် အလွန်ကြောက်တတ်သော သူငယ်ချင်း၏ပလိုင်းထဲသို့ အိမ်မှ တမင်ဝှက်ယူလာသော ပိုးဟပ်နှင့် အိမ်မြှောင်ကို ဟင်းရွက်နှင့်အတူ ရောထည့်ပေးခြင်း၊ တီကောင်နှင့် မျှော့ကိုမှ အထူးမကြည့်ရဲသောသူငယ်ချင်းမျက်နှာနားကပ်၍ တီကောင် သို့မဟုတ် မျှော့အရှင်ကို လက်နှင့် ကိုင်ပြခြင်းမျိုးကို မကြာခဏ ပြုလုပ်တတ်ပါ၍ အဘွားနောက်သို့ ဟင်းရွက်ခူးရန် လိုက်ပါသူများမှာ စိတ်တထိတ်ထိတ်ဖြင့် နေကြရရှာပါသည်။

သူငယ်ချင်းအုပ်စုထဲ၌ အများတကာထက်အသည်းငယ်သူတစ်ယောက် ရှိနေပါသည်။ ထိုသူငယ်ချင်းသည် လူသေကိုအထူးကြောက်ရွံ့သူဖြစ်ပါသည်။ အဘွားအနေနှင့် နားမလည်နိုင်သည်





www.burmeseclassic.com

www.burmeseclassic.com

မှာ လုံးဝလှုပ်ရှား၍မရတော့သော လူသေကို ဘာကိစ္စကြောက်ကြပါလိမ့်။ မိမိကို အချိန်မရွေး ရန်ရှာနိုင်သော သက်ရှိသတ္တဝါများကို ဦးစားပေး၍ ကြောက်ရွံ့ရမည် ဖြစ်သည်ဟု နားလည်ထားသူ ဖြစ်ပါသည်။ တစ္ဆေ ဆိုသည်မှာလည်း အသံ၊ အနံ့နှင့် ခြောက်လှန့်ရုံဖြစ်ပြီး ကိုယ်တိုင်ထင်ရှားပြ၍ ခြောက်လှန့်လျှင် မှုန်ဝါးဝါးအရိပ်သာဖြစ်၍ ကြောက်စရာမလိုဟု ခံယူထားသူ ဖြစ်ပါသည်။

တစ္ဆေ သရဲတို့သည် ကြောက်တတ်သူကို တမင်ခြောက်လှန့်တတ်သလို လူသေကိုမှ အလွန်ကြောက်တတ်ရှာသော သူငယ်ချင်းအား လူသေနှင့် ခြောက်မိ၍ တစ်သက်တာနောင်တကြီး ရင်ဝယ်ပိုက်ပြီး နေခဲ့ရပါတော့သည်။ မိဘနှင့် အစ်ကိုများ ရိုက်နှက်ပြီးဆုံးမခဲ့သည်ကို ဘာမထီစိတ်ဖြင့် နေခဲ့သော်လည်း ချစ်ရသော သူငယ်ချင်းကို အလွန်သနားသွားမိ၍ ခြောက်လှန့်၍ ကျီစားခြင်းမျိုးကို တစ်သက်တာစွန့်လွှတ်လိုက်ပါတော့သည်။

* * *

ဇာတ်လမ်းအစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ဘွားဘွားတို့ဇာတိ တောရွာ၌ သာရေး နာရေး မှန်သမျှ အပျိုခေါင်း လူပျိုခေါင်းတို့ ဦးဆောင်သော လူပျို အပျိုများက ဝိုင်းဝန်းကူညီကြရသော ထုံးစံမလေ့ရှိသည်။ သာရေးတွင် မီးခိုးတိတ်အလှူမျိုးဖြစ်၍ ခုနစ်ရက် ခုနစ်လီ ညဥ့်နက်သည်အထိ ဝိုင်းဝန်းကူညီကြရပါသည်။ နာရေးတွင်လည်း အသုဘကို အနည်းဆုံး သုံးရက်ထားကြသဖြင့် အပျိုများသည် ညဥ့်နက်သည်အထိ ကူညီဆောင်ရွက်နေကြရပြီး လူပျိုအချို့မှာ ညဥ့်အိပ် ညဥ့်နေ ကူညီကြရပါသည်။

ထိုခေတ် လူပျိုခေါင်း (လူပျိုခေါင်းဆောင်)နှင့် အပျိုခေါင်းခေါ်သော အပျိုခေါင်းဆောင်တို့ကို မိဘထက်ပင်လျှင် ရိုသေလေးစားကြရပါသည်။ အပျိုများကို သက်ဆိုင်ရာအိမ်သို့ ညဥ့်နက်လျှင် အုပ်စုနှင့် လိုက်ပို့သဖြင့် မိဘများအနေနှင့် စိတ်ပူစရာမရှိပါ။ ထိုခေတ်က အောက်လင်းဓာတ်မီးပင်လျှင် မရှိသေး၍ ရေနံဆီမီးခွက် တိုင်ရှည်များကိုသာ အားကိုးကြရပါသည်။

တစ်နေ့တွင် ရပ်ရွာထဲ၌ အဘွားကြီးတစ်ယောက်ဆုံးသဖြင့် ထုံးစံအတိုင်း ရပ်ဝေးမှ သားသမီးဆွေမျိုးများ စောင့်ရန် သုံးရက်ထားရာ အဘွားတို့အုပ်စု မနားမနေအလုပ်ရှုပ်ကြရပါတော့သည်။ အလွန်ကြောက်တတ်ရှာသော အဘွား၏သူငယ်ချင်းသည် အလွန်သတ္တိရှိသော အဘွားကို အားကိုးတကြီးဖြင့် အနားမှာကပ်ပြီး နေတတ်ပါသည်။

ရှေးခေတ်က ဆေးပေါ့လိပ်ထက် ကိုယ်တိုင်စိတ်တိုင်းကျ ပြောင်းဖူးဖက်နှင့် လိပ်ရသော ဆေးလိပ်ကို တောရွာမှာ ပိုပြီးနှစ်သက်ကြပါသည်။ ကွမ်းယာကိုလည်း ကွမ်းအစ်မှ ကိုယ်တိုင်ယာပြီး စားတတ်ကြပါသည်။ အိမ်တိုင်းလိုလို ကွမ်းအစ်နှင့် ဆေးလိပ်ဖြင့် ဧည့်ခံပြီး ဆေးလိပ်အတွက် ဘန်းတစ်ခုထဲ၌ ကတ်ကြေး၊ အပ်ချည်၊ ဆေး၊ အစီခံနှင့် ဆေးရိုးများ ထားရှိပါသည်။

ဆောင်းတွင်း လကွယ်ညဖြစ်၍ သစ်ပင်သစ်ရိပ်များကြောင့် နေဝင်စဉ်၌ပင် မှောင်ရိပ်စိုးမိုးလာပါတော့သည်။ ဧည့်သည်အချို့ ပြန်သွားသောအခါ အဘွားသည် အလွန်ကြောက်တတ်သော သူငယ်ချင်းအား အကြောင်းရှာ၍ အဘွားကြီးအလောင်းရှိရာ အပေါ်ထပ် ဘုရားစင်အနီး၌ရှိသော ဆေးရိုးနှင့် ပြောင်းဖူးရွက်ကို သွားယူခိုင်းပါသည်။

ထိုအခါ အဘွား၏သူငယ်ချင်းသည် ကြောက်ကန်ကြောက်ကန်ဖြင့် တွန့်ဆုတ်နေသောအခါ အဘွားက. .

"နင့်ကိုတစ္ဆေမခြောက်ပါနဲ့ ငါတောင် ခြောက်ချင်စိတ် ပေါ်လာပြီ"ဟုပြောပြီး

"ကဲ ဒါဆို ငါသွားယူမယ်" ဟု ပြောပြောဆိုဆို အပေါ်ထပ်သို့ တက်သွားပါတော့သည်။ သူငယ်ချင်းဖြစ်သူမှာ အဘွားစိတ်ဆိုးသွားပြီထင်၍ လှေကားရင်းမှ စောင့်နေစဉ် အဘွားက. .

"သူငယ်ချင်းရေ ငါ့ကို လာကူဦးဟေ့၊ ဖက်လိပ်တွေက အများကြီး" ဟု အော်ပြောရာ သူငယ်ချင်းခမျာ ရဲဆေးတင်ပြီး အဘွားကိုအားကိုးလျက်အပေါ်ထပ်သို့ မရဲတရဲ တက်လာရှာပါတော့သည်။

ထိုအခါ အဘွားသည် သူငယ်ချင်းကို ခြောက်လှန့်လိုသောစိတ်ကို ထိန်းမရတော့၍ အသုဘအနားတွင် ယှဉ်ပြီးလှဲအိပ်ရုံမက လွှမ်းထားသော ပိတ်ဖြူစကိုပါ ခြုံထားပါတော့သည်။

ကုတ်ချောင်း ကုတ်ချောင်းဖြင့် တက်လာသော သူငယ်ချင်းခမျာမှာ အသုဘဘက်သို့ မကြည့်ရဲဘဲ . . .

"ဟေ့ သူငယ်ချင်းရေ ယောက်မရေ မင်း ဘယ်မလဲ" ဟုမေးရင်း သူခမျာ ကြိုးကန်းတောင်းမှောက်ပုံစံဖြင့် တောင်ကြည့် မြောက်ကြည့်လုပ်နေစဉ် အဘွားသည် ပိတ်ဖြူစကြီးခြုံပြီး ငုတ်တုတ်ထထိုင်၍ အဘွားအိုကြီးအသံမျိုး တုန်တုန်ခါခါဖြင့် . . .

"ငါ့မြေး ဘာရှာတာလဲ၊ ဆေးလိပ်ဖက်လား"ဟု ပြောလိုက်သောအခါ အသည်းငယ်ရှာသူခမျာ အသံထွက်နိုင်ခြင်းငှာ မစွမ်းသာတော့ဘဲ နေရာမှာတင် လဲကျ၍ သတိလစ်သွားပါတော့သည်။

အဘွားသည် ပိတ်ဖြူစကြီးခြုံလျက်နှင့် သူငယ်ချင်းကို ဆွဲထူနေသည်ကို မြင်တွေ့သွားကြ၍ ဇာတ်လမ်းကို ပြောစရာမလိုအောင် အကုန်အစင် သိကုန်ကြပါတော့သည်။ အိမ်ရှင်များနှင့် အပျိုခေါင်းတို့မှာ အခြေမလှတော့သော သတိမေ့နေသူနှင့် နေရာမရွေး အစသန်သော အဘွားကို ဆုံးမရန် ပြဿနာအား တနင့်တပိုးကြီး ရင်ဆိုင်လိုက်ရပါတော့သည်။

ထုံးစံအတိုင်း အပျိုခေါင်း၏ တိုင်ကြားချက်ကြောင့် အဖေနှင့် အစ်ကို



www.burmeseclassic.com

www.burmeseclassic.com

နှစ်ယောက်၏ ကြိမ်စကြာသိုင်း၊ တုတ်သိုင်းများမှာ အိမ်နီးချင်းများ ထိတ်လန့်သွားလောက်အောင် ဝုန်းဒိုင်းကြဲသွားပါတော့သည်။ အလွန်တည်ငြိမ်အေးဆေးသော အဘွား၏ မိခင်ဖြစ်သူမှာ သမီးကိုမကြည့်ရက်တော့၍ . . .

"အေး အေး. . ရိုက်ကြ ရိုက်ကြ၊ ဒီအမိုက်မကို မျက်လုံးနဲ့သွားတော့ ချန်ထားကြပါ" ဟု ပြောဆိုနေရှာပါတော့သည်။

နံနက်လင်းသောအခါ အဘွားသည် အိပ်ရာမှမထနိုင်လောက်အောင် နာကျင်ကိုက်ခဲနေသော်လည်း သနားစရာကောင်းလွန်းလှသည့် သူငယ်ချင်းအတွက် မျက်ရည်ကျမိရပါတော့သည်။

လုံးဝသတိပြန်မရသော သူငယ်ချင်းကို ထိုခေတ်က ယုံကြည်သည့်ထုံးစံအတိုင်း လန့်၍ အဝေးလွင့်သွားသောလိပ်ပြာကို "လိပ်ပြာကြီးခေါ်ပွဲ" ဟု အမည်တွင်သော အခမ်းအနားတစ်ခုကို အုန်းငှက်ပျောပွဲဖြင့် ပြုလုပ်ရန် စိုင်းပြင်းနေကြကြောင်းပါအဘွားကြားသိရသောအခါ အဘွားသည် "ငါ့နှယ်နော် ဆတ်ဆော့မိလေခြင်း" ဟု အခါခါပြောရင်း နှောင်တအကြီးအကျယ် ရင်ဝယ်ပိုက်မိပါတော့သည်။

ဆေးရုံ ဆေးခန်းမရှိသော ထိုခေတ်ကာလ၌ သေကံမရောက် သက်မပျောက်ခဲ့သော သူငယ်ချင်းကို သွားတွေ့ဆုံသောအခါ လူရုပ်ပင်မပေါက်လောက်အောင် ပိန်ချုံးသွားရှာသည့် ချစ်သူငယ်ချင်းကို မြင်လိုက်ရသောအခါ လက်သံပြောင်သော အဖေနှင့် အစ်ကိုတို့ ရိုက်ပုတ်ဆုံးမချိန်၌ အံကြိတ်၍ မျက်ရည်မကျခဲ့သော အဘွားသည် လူရုပ်မပေါက်တော့သော သူငယ်ချင်းကို ဖက်ပြီး . . .

"သူငယ်ချင်းရေ ဒီတစ်သက် ငါ ဘယ်သူ့ကိုမှ မခြောက်လှန့်တော့ပါဘူး" မျက်ရည်လည်ရွဲနှင့် ဂတိအကြိမ်ကြိမ်ပေးလိုက်ပါတော့သည်။

❒ ရွှေခင်

## အမေ့ဝမ်းပူဆာ မနေသာလေပြီ

မောင်နှမရင်းချာ နှစ်ယောက်တည်းရှိတာမို့ မေမေ ဆေးရုံတက်ရတော့ နေ့ဘက်ကို ကိုတင်ဦးက တာဝန်ယူပြီး ညဘက်မှာတော့ ညီမလေးမိတာက စောင့်အိပ်သည်။

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေတဲ့မေမေ့ကို မျက်နှာသုတ်ပဝါတစ်ထည်နှင့် ခြင်မကိုက်အောင် အသာခတ်ရင်း တစ်ဖက်ခုတင်ကို အကြည့်ရောက်သွားသည်။ မေမေနှင့်ရွယ်တူ အဒေါ်ကြီးတစ်ယောက်ကို မိတာထက်ငယ်မည့် (၁၉)နှစ်အရွယ် ဖြူဖြူချောချောလေးက ချွေးသုတ်ပေးနေသည်ကို တွေ့ရသည်။ ဒီအချိန်မှာပဲ သူနာပြုဆရာမ တစ်ယောက်ဝင်လာပြီး ကောင်မလေးတို့ခုတင်မှာ ရပ်လိုက်သည်။

"ကဲ . . . လူနာတွေ ဆေးထိုးမယ်၊ ဆေးသောက်မယ်"

ဆေးပုလင်းတွေအပြည့်ပါလာသော လက်တွန်းလှည်းကို တွန်းလာတဲ့ သူနာပြုဆရာမနှစ်ယောက်အသံကြောင့် မှိန်းနေတဲ့ လူနာတွေ အသင့်အနေအထား ဖြစ်ကုန်သည်။ တစ်ယောက်ပြီး တစ်ယောက် ဆေးထိုးပေးရင်း ကောင်မလေးရဲ့မိခင်ကို ဆေးထိုးပေးလိုက်သည်။

"တစ်နေ့က ပြောထားတဲ့ဆေးတွေ ဝယ်ပြီးပြီလား"

"ဟို . . . သမီးတို့ မဝယ်ရသေးပါဘူး"

"ဟဲ့ . . . ဘယ်နှရက် ရှိပြီလဲ၊ အနာသိဆေးရှိတဲ့၊ ညည်းတို့က အနာသိရက်နဲ့ ဆေးမသောက်ချင်တော့ ရောဂါဘယ်ပျောက်မှာတုံး"

"သမီးတို့. . . သမီးတို့ ဝယ်ဖို့ ပိုက်ဆံမရှိလို့ပါ ဆရာမ"

"ဟေ. . . ငါတို့က ဝယ်တိုက်ရဦးမှာလား၊ ခက်တာပဲအေးဆေးသောက်ရမယ့်ရက်တွေတောင် တော်တော်လွန်လာပြီ၊ ကဲ ငါဆေးရုံအုပ်ကြီးကို တင်ပြရမှာပေါ့"

တဖျစ်တောက်တောက် ပါးစပ်ကပြောရင်း လှည်းတွန်းထွက်သွားတဲ့ ဆရာမကို ငေးကြည့်ပြီး ချလိုက်တဲ့ ကောင်မလေးရဲ့ သက်ပြင်းတစ်ချက်သည် ကိုတင်ဦးကို ကူးစက်လို့ သွားရတော့သည်။

ညနေ ၄ နာရီကျော်တွင် မိတာ ထမင်းချိုင့်နဲ့အတူ ရောက်လာပြီး လူချင်းလဲလိုက်သည်။ ညက ကောင်းကောင်းအိပ်မပျော်။ မျက်စိထဲမှာ ကောင်မလေးပဲ မြင်နေသည်။ ဒီမနက် မေမေ့ဆီကို ရောက်ရောက်ချင်း ကောင်မလေးတို့ခုတင်ဘက်ကို ကြည့်လိုက်မိသည်။ ဟိုကြည့် ဒီကြည့်လုပ်နေတဲ့ ကောင်မလေးကို မြင်ကွင်းထဲမှာ တွေ့လိုက်သည်။ လူးလွန့်နိုးလာတဲ့ မေမေ့ကို မျက်နှာသစ်ပေးပြီး ဓာတ်ဘူးထဲက ကော်ဖီကို ဖန်ခွက်ထဲထည့်ကာ မုန့်ဘူးကို ဖွင့်လိုက်သည်။ ခေါင်းအုံးနှစ်လုံး ထပ်ပေးပြီး မေမေ့ကို မှီပေးလိုက်သည်။

မုန့်ကို ကော်ဖီစိမ်ပြီး စားနေတဲ့ မေမေ့ကိုကြည့်ပြီး တစ်ဖက်ခုတင်က အဒေါ်ကြီးကို သနားစိတ် ဝင်လာမိသည်။ မိမိတို့မှာ မောင်နှမ နှစ်ယောက်တည်းပေမယ့် မျက်နှာမငယ်ရအောင် မေမေ့ကို ပြုစုနိုင်ခဲ့သည်။ ဆွေမျိုးမိတ်သင်္ဂဟတွေကလည်း ကြိုကြားကြိုကြားလာရောက် သတင်းမေးသူတွေ မပြတ်ရှိသည်။ သူတို့မှာတော့ သတင်းမေးသူလည်း မတွေ့၊ ချို့ချို့ငဲ့ငဲ့ ပြုစုနေရတဲ့ သမီးဆိုတဲ့ အေးလေ၊ "သမီး သမီး"လို့ သူ့ကိုယ်သူ ပြောတတ်တဲ့ သမီး တစ်ယောက်တည်းဆိုတော့ (၁၉)နှစ်အရွယ် ကောင်မလေး ဘယ်လောက်အားငယ်ရှာမယ်ဆိုတာ စာနာမိပါသည်။

"တော်ပါပြီကွယ်၊ မေမေ ဝပါပြီ"

"ဟင် . . . နည်းလှချေလား၊ တစ်ခုလောက်ထပ်စားပါဦး၊ ကော်ဖီလဲ မသောက်တော့ဘူးလား" →→





www.burmeseclassic.com

www.burmeseclassic.com

# အမေ့ဝမ်းပူဆာ မနေသာလေပြီ

တေးသံရှင် ရှင်ပြုံး



"ဟင့်အင်းကွယ်၊ မေမေ ရင်ပြည့်နေတယ်"

မေမေနဲ့ တစ်ယောက်တစ်ပြန် ပြောနေရင်း အမှတ်တမဲ့ သမီးတို့ ခုတင်ကို မျက်လုံးရောက်သွားသည်။ မျက်ခုံးထူထူလေးအောက်က မျက်ဆံနက်နက်ကလေးက ဝိုင်းစက်ပြီး ကိုတင်ဦးကို ကြည့်နေသည်။ အားနာစွာနဲ့ မျက်နှာကိုလှည့်ပြီး မေမေ့ကိုတိုက်ဖို့ဆေးကို လှမ်းယူလိုက်သည်။ မေမေ့ကို လှမ်းအပေးမှာ မျက်လုံးတွေက သမီးဆီသို့ ရောက်သွားပြန်သည်။ ဒီတစ်ခါတော့ ရယ်ပြလိုက်တဲ့သမီးကို ရောယောင်ပြီး ပြန်ပြုံးပြလိုက်မိသည်။ ရေဖန်ခွက် စားပွဲပေါ်လှည့်အတင်မှာ နားထဲမှာ လှုပ်ရှားသံတစ်ခု ကြားရသည်။ မျက်နှာကိုပြန်အလှည့် မိမိနဲ့ လက်တစ်ကမ်းအကွာမှာ ခြေစုံရပ်နေတဲ့ သမီးကို တွေ့လိုက်ရသည်။

"ဘာလိုချင်လို့လဲ ညီမလေး"

ကိုတင်ဦးရဲ့ အသံတွေဟာ ကြင်နာမှုကြောင့် နူးညံ့နေသည်။ ကိုယ့်ညီမလေး မိတာထက် ငယ်တဲ့ကောင်မလေး မိခင်ကြီးကို ချို့ချို့တဲ့တဲ့ကြားက ကြင်ကြင်နာနာ ပြုစုနေသည်ကို မိမိအမြင်မှာ လေးစားခြင်း၊ ကြင်နာခြင်း၊ စာနာခြင်းတို့ ရင်မှာပြည့်သိပ်နေသည်။

"သမီး သမီး ပြောရမှာ ရှက်တော့ရှက်ပါတယ်၊ ဒါပေမဲ့ သမီးအမေအတွက် သမီးမရှက်နိုင်တော့ပါဘူး၊ ဟို သမီးအမေကို မုန့်ကျွေးဖို့ ပိုက်ဆံမရှိတော့လို့ ခုနက ဦကမေမေကြီးကျန်တဲ့ ကော်ဖီလေး သမီးကို ပေးပါနော်"

"အို . . . သားရယ် အသစ်တစ်ခွက် ထည့်ပေးပါ၊ မုန့်လဲပေး သား၊ များများပေး၊ သမီးလဲ စားနိုင်အောင်"

"ကျေးဇူးတင်ပါတယ် မေမေကြီးရယ်"

လက်အုပ်လေးချီပြီး မျက်ရည်အဝိုင်းသားနဲ့ သမီးကိုကြည့်ပြီး မုန့်ဘူးဖွင့်နေတဲ့ ကိုတင်ဦး လက်တွေတုန်နေသည်။ ပေးလိုက်တဲ့ မုန့်နဲ့ကော်ဖီကို စားနေတဲ့ အဒေါ်ကြီးကိုကြည့်ပြီး ကြည်နူးခြင်းတစ်ဝက်၊ သနားခြင်းတစ်ဝက် ဝေဒနာတွေ ရောယှက်နေသည်။ အိမ်ပြန်ရောက်သည့်တိုင် မြင်ကွင်းက တော်တော်နှင့် ဖျောက်မရ ဖြစ်နေသည်။

မနက်မိုးလင်းတော့ အရင်နေ့တွေထက် စောစော ဆေးရုံကိုထွက်လာမိသည်။ မိတာ ပြန်သွားမှ မေမေနိုးလာသည်။ နိုးနိုးချင်းပဲ ကိုတင်ဦးကို မုန့်နဲ့ ကော်ဖီ တစ်ဖက်ခုတင်က အဒေါ်ကြီးကို သွားပေးခိုင်းသည်။ မုန့်နဲ့ကော်ဖီပေးပြီး လှည့်အထွက်မှာ သမီးအသံကို ကြားလိုက်ရသည်။

"အစ်ကိုကြီး ဒီနေ့အားရင် အစ်ကိုကြီးကို သမီး စကားပြောပါရစေ"

တစ်မနက်လုံး လှုပ်ရှားရတဲ့ရင်ကို ထိန်းချုပ်ရင်း နေ့လယ်စာကိ ထူနာတွေ မှိန်းချိန်မှာ မိမိကိုကြည့်ပြီး ခေါင်းညိတ်ပြကာ ထွက်သွားတဲ့ သမီးနောက်ကို တစ်အောင့်အကြာမှာ လိုက်ထွက်သွားတော့သည်။ ဆေးရုံက လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး လက်ဖက်ရည် နှစ်ခွက် မှာလိုက်သည်။ တစ်အောင့်ငြိမ်နေပြီး သမီး ချောင်းဟန့်လိုက်သည်။

www.burmeseclassic.com

**သမီးတစ်ယောက်**
**ရေနစ်သူလို**
**အသက်ရှင်နိုး**
**ကောက်ရိုးတစ်မျှင်ကို**
**လှမ်းဆွဲလိုက်မှန်း**
**ရင်နာစွာ သိလိုက်ရသည်။**

"သမီးတို့က နယ်ကပါ၊ သမီး အခါလည်မှာကတည်းက အဖေ ဆုံးသွားပါတယ်၊ ဆေးရုံတက်ရမယ်ဆိုတော့ ရှိတဲ့ ရွှေတိုရွှေစလေး ရောင်းပြီးလာခဲ့တာပါ၊ အမျိုးမရှိလို့ သီလရှင်ကျောင်းတစ်ကျောင်းမှာ တောင်းပန်ပြီး တည်းရပါတယ်၊ ခု အမေ့ကိုပြုစုဖို့ သမီးမှာ ပိုက်ဆံလိုနေပါတယ်၊ အစ်ကိုကြီး ကူညီနိုင်ရင် ကူညီပါ၊ အဲဒီအတွက်လဲ အစ်ကိုကြီးကို ဘယ်လို တုံ့ပြန်ရမလဲဆိုတာ အစ်ကိုကြီးသဘောကျ ပြောပါ၊ ဒါပေမဲ့ သမီးကိုတော့ အထင်မသေးလိုက်ပါနဲ့၊ ဒီစကားမျိုးကိုပြောတာ အစ်ကိုကြီးကို ဦးဆုံးပါ၊ သမီးဟာ မိကောင်းဖခင်ရဲ့ သမီးပါ"

ပြောရင်း မျက်ရည်ပေါက်ပေါက်ကျနေတဲ့ သမီးကို ဘယ်လိုကစပြီးပြောရမှန်းမသိအောင် ကိုတင်ဦး ထိခိုက်နေသည်။

"အစ်ကိုကြီး ညီမလေးထက်ငယ်တာမို့ ညီမလေးအရင်းတစ်ယောက်လို စာနာမိပါတယ်၊ ရော့ အစ်ကိုကြီးမှာ ပိုက်ဆံ ငါးထောင်ရှိတယ်၊ အဲဒီပိုက်ဆံအတွက် ဘာဘာညာညာတွေ မတွေးပါနဲ့"

"အစ်ကိုကြီးရယ် ဒီပိုက်ဆံဟာ မနက်ဖြန်မကူးပါဘူး၊ အစ်ကိုကြီးကျေးဇူးကို တစ်သက်မမေ့ပါဘူး၊ နှမချင်း စာနာထောက်ထားတဲ့ အစ်ကိုကြီးရဲ့ စိတ်ထားကိုလဲ လေးစားပါတယ်"

ကိုတင်ဦး ရင်ထဲမှာ မပျော်နိုင်တော့ပေ။ ကိုယ့်မိခင်ကြီး ကျန်းမာရေးတိုးတက်လာပေမယ့် သမီးတို့ရဲ့ ဆုတ်ယုတ်နေတဲ့ အခြေအနေကြောင့် ရင်ထဲမှာ တင်းကျပ်ရှုပ်ထွေးနေသည်။

နောက်တစ်နေ့မနက်မှာ ဆေးရုံကိုမသွားဘဲ ညီမရဲ့ သူငယ်ချင်း တစ်ယောက်ကို အကူအညီတောင်းစေလွှတ်လိုက်ပြီး ငယ်ပေါင်းကိုအောင်ဆီ ထွက်လာခဲ့သည်။ တစ်ဦးတည်းသောသား ပွဲရုံပိုင်ရှင် ကိုအောင့်ဆီက ပိုက်ဆံ ငါးသောင်းကို နှစ်ခါမပြောရဘဲ ရလာခဲ့သည်။ အပျော်ရင်နှင့် ပိုက်ဆံထုပ်ပိုက်ကာ ဆေးရုံသို့ရောက်ခဲ့သည်။ တစ်ဖက်ခုတင်မှာ သမီးကို မတွေ့ရတာမို့ မသိမသာ မေမေ့ကို စပ်စုကြည့်မိသည်။

"အေးကွဲ့၊ ကလေးမလေး တစ်နေ့ခင်းလုံး ပျောက်နေတယ်"

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။ သမီး တစ်ယောက် ထွက်ပေါက်ရှာပြီလား။ အို. . . မဟုတ်ပါစေနဲ့။

ဆုတောင်းရင်း ညှိချိန်ကုန်သည်အထိ သမီး ပြန်ရောက်မလာတာမို့ အတွေးမျိုးစုံနဲ့ အိမ်အပြန် ရင်မှာပန်းခဲ့ရသည်။

နောက်တစ်နေ့မနက် ကိုတင်ဦး ဆေးရုံအရောက်မှာ ပြုံးရွှင်နေတဲ့ သမီးမျက်နှာလေးကို တွေ့ရသည်။ သမီးတို့ရဲ့ စားပွဲပေါ်မှာတော့ ဘဲနွတ်သီးခေါက်ဘူး အနီရောင်ကြီးက မားမားကြီးဖြစ်နေပြီး ပတ်လည်မှာတော့ ကော်ဖီမှုန့်ဘူး၊ သကြား၊ နို့ဆီ၊ ကိတ်မုန့် စုံစုံလင်လင်နဲ့ ပြည့်ကျပ်နေသည်။ သမီးကိုယ်ပေါ်မှာလည်း သရက်ထည် လုံချည်အနွမ်းလေးနဲ့ ရှန်သွားအင်္ကျီလေးအစား ပါတိတ်ဝမ်းဆက်လှလှလေး ရောက်နေသည်။

ကိုယ့်ကိုတွေ့ရင်ပဲ ပြုံးနေတဲ့ သမီးရဲ့မျက်နှာလေးနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ အငိုမျက်လုံးတွေရဲ့ အကြည့်တွေကြောင့် ကျဉ်တက်လာတဲ့ရင်ကို သက်သာလိုငြား နှုတ်ခမ်းကို သွားနဲ့ဖိကိုက်ရင်း စာနာပေးပါတယ်လို့ မသိမသာ ခေါင်းညိတ်ပြလိုက်မိသည်။

သမီးတစ်ယောက် ရေနစ်သူလို အသက်ရှင်နိုး ကောက်ရိုးတစ်မျှင်ကို လှမ်းဆွဲလိုက်မှန်း ရင်နာစွာ သိလိုက်ရသည်။ အိမ်အပြန်လမ်းတစ်လျှောက် ရှာခဲ့သည့်အဖြေကို မရဲဘဲ အိမ်ရောက်ခဲ့သည်။ ပက်လက်ကုလားထိုင်မှာ ထိုင်လိုက်ရင်း ဘယ်သူ့အပြစ်လဲဆိုတာကို ထပ်စဉ်းစားနေမိပြန်သည်။

တန်ဖိုးကြီးတဲ့ ဆေးတွေသောက်မှ ပျောက်မယ့်ရောဂါကိုမှဖြစ်ရတဲ့ သမီးရဲ့အမေ အပြစ်လား၊ အဖက်ဖက်က ချို့တဲ့ပြီး မပြည့်မစုံ တွယ်ရာမဲ့ဘဝမှာ (၁၉)နှစ်သမီးလေးရဲ့ ထွက်ပေါက်ရှာ ကောက်ရိုးတစ်မျှင် ဖမ်းဆွဲခြင်းဟာ အပြစ်လား။ အဖြေတွေက ဂျာအေးသူ့အမေ ရိုက်နေသည်။

ဒီအချိန်မှာပဲ တစ်ဖက်ခန်းက ခုနစ်နှစ်သား သံချောင်းရဲ့ အော်ဆိုလိုက်တဲ့ ကဗျာလေးကြောင့် ကုလားထိုင်လက်တန်းနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်လိုက်ရင်း အသံပြဲကြီးနှင့် အော်လိုက်မိသည်။ မိမိရဲ့အသံကြီးကြောင့် တစ်ဖက်ခန်းက သံချောင်းအသံ တိခနဲ ပြတ်သွားပြီး ငြိမ်သွားသည်။

ကိုတင်ဦး ကုလားထိုင်နောက်ကျောကို လျှောချမှီလိုက်ပြီး မျက်လုံးစုံမှိတ်လိုက်တော့သည်။

ဩော်. . . တစ်ဖက်ခန်းက သံချောင်းရဲ့ကဗျာလေးကတော့ ဒီလိုပါ။

မိုး. . . မိုး ဘာလို့ရွာ၊
ဖားအော်လို့ရွာ။
ဖား. . . ဖား ဘာလို့အော်၊
မြွေကိုက်လို့အော်။
မြွေ. . . မြွေ ဘာလို့ကိုက်၊
ငါ့ဝမ်းပူဆာ မနေသာလို့ကိုက်။

❐ တေးသံရှင် ရွှင်ပြုံး





www.burmeseclassic.com

www.burmeseclassic.com




(၁)

"ခါးနံပါတ် ၁၂ ဝင့်ဝါဝင့်"

ဆိုသည့် Presenter ၏ကြေငြာချက် မဆုံးခင်မှာပင် ခန်းမတစ်ခုလုံး လက်ခုပ်သံများ ဝေဝေစီသွားရသည်။

"ဖြောင်း ဖြောင်း. . . ဖြောင်း ဖြောင်း"

"ဝင့်ဝါဝင့်ဟေ့ ဝင့်ဝါဝင့်"

"ဝင့်ဝါဝင့်က တကယ်လှတာ၊ သရဖူရထိုက်ပါတယ်"

ထောမနာပြုသံများ ကြားလိုက်ရခြင်းနှင့်အတူ ဝင့်ကြွားသောအပြုံးတောက်တောက်တစ်ပွင့်က လှပနုထွတ်သော မျက်နှာပြင်ပေါ်တွင် ပြည့်ဝစွာ နေရာယူခဲ့ပြီ။

"ယခုနှစ် ရန်ကုန်တိုင်း ကာယအလှမယ် ပထမဆုရှင် ဝင့်ဝါဝင့် ဆုလက်ခံပေးပါရန် ဖိတ်ခေါ်အပ်ပါတယ်ရှင်"

ကင်မရာမီးရောင်များအောက်တွင် လှပကြွရွစွာ လျှောက်လှမ်းခဲ့ပြီး ဝင့်ကြွားသောအပြုံးဖြင့် အလှမယ်ပထမဆုကို ဂုဏ်ယူစွာ လက်ခံလိုက်သည်။

သရဖူဆောင်းပြီးသည်နှင့် သူမဘေးရှိ ဒုတိယဆုရှင်ကို ဝင့်ကြွားသောအပြုံးဖြင့် ကြည့်ဖြစ်အောင် ကြည့်လိုက်မိသည်။ ဒုတိယဆုရှင်၏မျက်နှာလေးက ပြိုတော့မည့်မိုးကဲ့သို့ ဖြစ်နေပြီ။

"ဝင့်ဝါဝင့်က သိပ်ချောတာပဲ နော်၊ ပထမဆုကို ထိုက်ထိုက်တန်တန် ရသွားတာပဲ၊ ဒီပွဲမှာ သူအလှဆုံးပဲ"

ချီးကျူးသံများကြားတွင် သူမ၏ ဝင့်ကြွားသောအပြုံးလေးက ပိုမိုပီပြင်လာရသည်။ ဆုပေးပွဲပြီးတော့လည်း ဂျာနယ်၊ မဂ္ဂဇင်းများအတွက် ဓာတ်ပုံအရိုက်ခံရပြန်သည်။ လျှပ်တစ်ပြက်



www.burmeseclassic.com

www.burmeseclassic.com



# နှစ်ဖိုကျက်သရေ
## အပြုံးတစ်ပွင့်ရဲ့ကံကြမ္မာ

အင်္ကျီ ...လေးများကိုလည်း ဓာတ်ပုံရိုက်ခံရင်း ဖြေပေးနေရသည်။

"မမနဲ့ ဓာတ်ပုံရိုက်ချင်တယ်" ဟု ဆိုလာသည့် ပရိသတ်ထဲကကောင်မငယ်လေးများ၊ ကောင်မငယ်လေးများနှင့်လည်း ဓာတ်ပုံတွဲရိုက်ပေးရသေးသည်။ ဝင့်ဝါဝင့်မှာ ပင်ပန်းနေပြီဖြစ်သော်လည်း အောင်မြင်မှုအရှိန်အဝါက ပင်ပန်းချင်စိတ်တို့ကို ဝါးမျိုလိုက်တာမို့ သူမ၏ မျက်နှာလေးမှာ အပြုံးဝင့်ဝင့်လေးများဖြင့် တောက်ပနေသည်။

ဓာတ်ပုံများလည်း စိတ်တိုင်းကျရိုက်ပေးခဲ့ပြီးပြီ။ လူတွေကလည်း တစ်စတစ်စ ပြန်ကုန်ကြပြီ။

"သမီးရေ ပြန်ကြရအောင်"

"ဟုတ်ကဲ့ မာမီ"

ပြိုင်ပွဲခန်းမအတွင်းမှ ထွက်ခဲ့ကြသည်။ ကားရှိရာသို့ရောက်တော့ မာမီက ကားရှေ့ခန်းရှိ ဒယ်ဒီ့ဘေးတွင် ဝင်ထိုင်လိုက်သည်။ ဝင့်ဝါဝင့်သည်လည်း ကားနောက်ခန်းတံခါးကိုဖွင့်ဖို့လက်လှမ်းလိုက်စဉ်မှာပဲ ကားတံခါးလေးကို တစ်စုံတစ်ဦးက ဖျတ်ခနဲ ဖွင့်ပေးလာသည်။

"ဟင်"

ရုတ်တရက်မို့ ဝင့်ဝါဝင့် အံ့သြသွားရသည်။ တံခါးဖွင့်ပေးသူကိုလည်း ဖျတ်ခနဲ ကြည့်လိုက်မိသည်။

"ဟင်. . . လင်းထွဋ်"

ရှင်းသန့်သောမျက်နှာပေါ်တွင် သန့်စင်သောအပြုံးလေးကို မြင်လိုက်ရသည်နှင့် ဝင့်ဝါဝင့်ထံမှ ပြုံးဝင့်ဝင့်အပြုံးလေးများ ပျောက်သွားပြီး မျက်နှာလေးမဲ့ခနဲ ဖြစ်သွားရသည်။

"ဟုတ်ပါတယ်၊ ကိုယ်ပါ၊ ကိုယ့်ကို ဝင့်ဝါ မှတ်မိသားပဲနော်"

လင်းထွဋ်၏ အကြည့်တို့က တောက်ပစူးလက်လွန်းနေသည်။ လင်းထွဋ်၏အကြည့်က အခြားမိန်းကလေးများအတွက်တော့ ရင်ခုန်လှိုက်ဖိုဖွယ်ကောင်းနေလိမ့်မည်။ ဒါပေမဲ့ ဝင့်ဝါဝင့်ဆိုသည့် မိန်းကလေးအတွက်ကတော့ လှငယ်သာဝ ဖြစ်ပေါ်တတ်သော ရင်ခုန်လှုပ်ရှားမှုနှင့် ချစ်ခြင်းမေတ္တာခံစားမှုတို့ဆိုတာ Revlon နှုတ်ခမ်းဆိုးဆေးတစ်တောင့်လောက်ပင် စိတ်ဝင်စားမှုရှိမနေတာမို့ လင်းထွဋ်၏အကြည့်များက အရာမထင်ခဲ့ပါ။

"မင်းရဲ့ အောင်မြင်မှုအတွက် တို့ဂုဏ်ယူပါတယ်"

လင်းထွဋ်ရင်ထဲမှ လှိုက်လှဲစွာထွက်ကျလာသော ဝမ်းသာခံစားစကားစုတို့အား ခပ်မဲ့မဲ့အပြုံးဖြင့် တုံ့ပြန်လိုက်ပြီး ကားထဲသို့ ကြော့မော့စွာဝင်ထိုင်လိုက်ပြီး "ဒယ်ဒီ မောင်းတော့" ဆိုသည့် စကားစုကိုသာ ပြောထွက်လာတာမို့ လင်းထွဋ်သည်လည်း ကားတံခါးကို အဲသာအယာ ပြန်ပိတ်ပေးလိုက်တော့သည်။





www.burmeseclassic.com

www.burmeseclassic.com

(၂)

လင်းထွဋ်ကို ဝင့်ဝါဝင့် မှတ်မိပါသည်။ သူမ၏ သူငယ်ချင်းမွေးနေ့ပွဲတွင် အမှတ်တရ သီချင်းတစ်ပုဒ် သီဆိုပြီးချိန်တွင် သူမကို လင်းထွဋ် လာမိတ်ဆက်ခဲ့သည်။ ဝင့်ဝါဝင့်ဆိုသည့် မိန်းကလေးက သူမအလှကြောင့် ကိုယ်တိုင်မိတ်ဆက်လာသူများကို အထင်မကြီးတတ်။

လင်းထွဋ်ကိုလည်း မိန်းကလေးလှတာမြင်ရင် မိတ်ဆက်တတ်သောသူဟု မြင်သွားတာမို့ ခင်ချင်စိတ် မရှိခဲ့ခြင်းပါ။ ဒါကြောင့်လည်း လင်းထွဋ်ကို ခပ်တန်းတန်းဆက်ဆံလိုက်ခြင်းပါ။

"ဝင့်ဝါ ဖြိုင်ပွဲနေ့တုန်းက လင်းထွဋ်နဲ့ တွေ့သေးတယ်ဆို"

ညီပြာညက်၏ အမေးစကားကို ပူတင်းတစ်ဖွဲ့ ပါးစပ်ထဲထည့်ရင်းက ဝင့်ဝါဝင့် ခေါင်းညိတ်ပြလိုက်သည်။

"သူ့ကို ဝင့်ဝါ ဘယ်လိုတုံ့ပြန်လိုက်တာလဲ"

ညီပြာညက်၏အသံက ပျော့ပျောင်းမနေတာမို့ သူမ၏အကြည့်က ညက်မျက်နှာဆီသို့ ဖျတ်ခနဲရောက်သွားရသည်။

"ဝင့်ဝါ မင်းရူးချင်ယောင်ဆောင်နေတာလား၊ ဒါမှမဟုတ် . . ."

ညက်စကား မဆုံးလိုက်ရ။ ဝင့်ဝါဝင့်က လက်ကာပြလိုက်ပြီး . . .

"ညက် ယောကျ်ားတစ်ယောက်နဲ့ပတ်သက်ပြီး ဝင့်ဝါဝင့်ဆိုတဲ့ မိန်းကလေးကို မကြည်တဲ့ပုံစံနဲ့ ပြောလာတာဒါ ပထမဆုံးအကြိမ်နဲ့နောက်ဆုံးအကြိမ်ဖြစ်ပါစေ ညက်၊ ဒီမှာ ညက်၊ မင်းနဲ့တို့တွဲလာတာ ငါးနှစ်မကတော့ဘူး၊ တို့အကြောင်းလဲ ညက်သိနေတာပဲ၊ ထင်ပေါ်မှု အောင်မြင်မှုတွေကြောင့် သတိထားမိပြီး မိတ်လာဖွဲ့တတ်တဲ့ယောကျ်ားတွေကို အထင်မကြီးတတ်ဘူးဆိုတာလေ"

တစ်ယူသန်ဆန်လွန်းသော ဝင့်ဝါဝင့်ကို ညက် စိတ်ပျက်စွာကြည့်မိသည်။ ဒီမိန်းကလေးက အတော့်ကို ထူးခြားလွန်းသည်။ အခြားသူ မတွေးမိတာကို တွေး၊ တခြားသူ စိတ်မကူးမိတာကို ကူးတတ်ပြီး သူမစိတ်ထင်ရာကို စွဲမြဲပြီး လုပ်တတ်သည်။ အလှံမာနကလည်း လွန်ကဲစွာ ရှိနေပြန်သည်။

မူလဗီဇ စိတ်ထားလေးက ဖြူစင်နူးညံ့နေသော်လည်း ပတ်ဝန်းကျင်၏ သကာဖုံးစရိုက်များနှင့် သဟဇာတမဖြစ်တာမို့ ဂျစ်တစ်တစ်စရိုက်နှင့် ကိုယ့်ကိုယ်ကိုယ်သာ ယုံကြည်တန်ဖိုးထားသော မာန်လေးက သူမရင်ထဲ ကိန်းအောင်းနေသည်။

သူမ၏စိတ်ရင်းကို မသိသူများကတော့ သူမအပေါ် နားလည်မပေးနိုင်ပါ။

ညက်တစ်ယောက်သာ သူမအပေါ် နားလည်လွန်း၍ အရင်းနှီးဆုံးသူငယ်ချင်းအဖြစ် ရှိနေခြင်းပင်။

လင်းထွဋ်နှင့် ညီပြာညက်မှာ မောင်နှမတစ်ဝမ်းကွဲ တော်စပ်နေသည်။ ဝင့်ဝါဝင့်ကို လင်းထွဋ်စိတ်ဝင်စားသည်မှာ ကြာခဲ့ပြီ။

ဝင့်ဝါဝင့်နှင့် လင်းထွဋ်ကို အရင်ကတည်းက မိတ်ဆက်ပေးချင်ခဲ့သော်လည်း ယောကျ်ားလေးသူငယ်ချင်း လုံးဝမထားသော မာနခဲမလေးနှင့် အစ်ကိုဝမ်းကွဲကို ညက် မိတ်ဆက်မပေးရဲခဲ့။ မတော်တဆ ဆုံတွေ့သည့်ပုံမျိုးနှင့် ဝင့်ဝါဝင့်ထံမှ ခင်မင်မှုရအောင် ကြိုးစားပါဟု လင်းထွဋ်ကို ညက် အကြံပေးခဲ့သော်လည်း လင်းထွဋ် နားမထောင်ခဲ့ပါ။

လင်းထွဋ်ကတော့ မတော်တဆဆုံတွေ့ပြီးမှ ခင်မင်အောင်လုပ်ရမည်ဆိုသည့်ကိစ္စကပြောသလောက်မလွယ်။ စောင့်စားရင်းနှီးရမည့် အချိန်ကိုလည်း ဖွဲ့မပေးချင်တာမို့ ညက် တားနေသည့်ကြားက ဝင့်ဝါဝင့် မကြိုက်ဆုံးသော ကိုယ်တိုင်မိတ်ဆက်ခြင်းဖြင့် ခင်မင်မှုရယူရန် ကြိုးပမ်းခြင်းအမှုကို လင်းထွဋ်လုပ်ခဲ့မိပြီ။

တော. . အခုတော့ ဖြတ်လမ်းနည်းလိုက်ခဲ့သောလင်းထွဋ်တစ်ယောက် ဝင့်ဝါဝင့်၏ ခင်မင်မှုမရခဲ့ဘဲ အထင်သေးမှုကိုသာ ရရှိခဲ့ပြီ။ လင်းထွဋ်အတွက် ဖြေရှင်းပေးချင်နေသော ညက်မှာလည်း တစ်ယူသန်မမရှေ့တွင် ဖြေရှင်းခွင့်မရတော့တာမို့ စိတ်ညစ်စွာ ခေါင်းယမ်းနေမိတော့သည်။

(၃)

Body Beauty ကစားပြီးတာမို့ အနည်းငယ်နွမ်းလျနေသော ခန္ဓာကိုယ်ကို ပွေ့ပိုက်ရင်း သင်တန်းလှေကားထစ်များကို တစ်ထစ်ချင်းနင်းဆင်းလာခဲ့သည်။ လှေကားခြေရင်းအရောက်တွင်တော့ ပြင်ပမှဆီးကြိုပွေ့ဖက်လိုက်သောလေတို့ကြောင့် လန်းဆန်းသွားသလို ဝင့်ဝါဝင့် ခံစားလိုက်ရသည်။

ကားရှိရာသို့ အရောက်တွင်တော့ ရှင်းသန့်သောအပြုံးပိုင်ရှင် လင်းထွဋ်ကို ဝင့်ဝါဝင့် မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။

"ဝင့်ဝါ ကစားပြီးသွားပြီလားဟင်"

ခွန်းတုံ့မပြန်ဘဲ သူ့ရှေ့မှ ရှောင်ထွက်ရန် ကြိုးစားလိုက်သည်။

လင်းထွဋ်က ဖယ်မပေး။

"လင်းထွဋ် တို့ကို မနှောင့်ယှက်နဲ့နော်"

ခပ်မာမာ စကားစုတို့ကြောင့် လင်းထွဋ်မျက်နှာတွင် အပြုံးလေးများလွင့်ထွက်သွားရသည်။

"ဝင့်ဝါရယ် ဝင့်ဝါကို ကျွန်တော် နှောင့်ယှက်နေတာ မဟုတ်ပါဘူး၊ ဝင့်ဝါကို ကျွန်တော်လေ သိပ် အဲ အရမ်းခင်မိလို့ ဝင့်ဝါရဲ့ အသိအမှတ်ပြုမှုကို လိုချင်လို့ပါဗျာ"

မျက်နှာငယ်လေးနှင့် ဖြေရှင်းချက် ပေးနေမှုတို့က အရာမထင်။

အလှမယ်သရဖူကလည်း လောလောလတ်လတ် ရထားတာမို့ ဝင့်ဝါ





www.burmeseclassic.com

www.burmeseclassic.com

ဝင့်၏ မျက်နှာလှလှလေးမှာ မာနတို့ဖြင့် တင်းမာနေသည်။

"ဒီမယ် လင်းထွဋ် ဝင့်ဝါဝင့်ဆိုတဲ့ မိန်းမက အချိုပေါ် သကာလောင်းတတ်တဲ့ လူမျိုးတွေနဲ့ မခင်တတ်ဘူး၊ ပြီးတော့ကိုယ်မနှစ်သက်တဲ့လူတစ်ယောက်က ကိုယ့်ရှေ့ရောက်လာပြီး စကားလာပြောတာကလဲ နှောင့်ယှက်နေတာနဲ့ အတူတူပဲ"

"ဟာ"

ညှိုးခနဲ ပျက်ယွင်းသွားသော လင်းထွဋ်ကို ဝင့်ကြွားသောအကြည့်ဖြင့် တစ်ချက်ကြည့်လိုက်ပြီး ကားထဲဝင်ထိုင်ကာ မောင်းထွက်လာခဲ့သည်။

လင်းထွဋ်နှင့်တွေ့လိုက်၍ သင်တန်းဘေးရှိ ဆီဆိုင်တွင် ဆီဝင်မထည့်ခဲ့မိတာမို့ ဝင့်ဝါဝင့်၏ ကားလေးမှာ အိမ်အပြန်လမ်းမှာပင် ဆီပြတ်သွားရသည်။

"ဟာ ဒုက္ခပါပဲ၊ ခုမှတော့ ကားတစ်စီးစီးတားပြီး ဆီတောင်းရတော့မှာပဲ၊ ဟော ကားတစ်စီးပါလား"

သူမ လက်တားလိုက်သည်။

"ဘာများ ဖြစ်လို့ပါလဲ"

အသက် အစိတ်ခန့် လူရွယ်တစ်ယောက်က မေးလာခြင်းပါ။

"ကားက ဆီကုန်သွားလို့ပါ၊ အဲဒါ ဆီပိုလေးများပါရင် နည်းနည်းလောက် ဖဲ့ရောင်းပေးပါလားရှင်"

"ရပါတယ်၊ အကူအညီလိုတဲ့သူကို ငွေကောင်းပြီး မကူညီပါဘူး"

ထိုသူက သူ့ကားထဲမှဆီကို ကိုယ်တိုင်ထုတ်ပြီး သူမကားထဲ ထည့်ပေးပြီးသည်နှင့် အပြုံးတစ်ပွင့်ပြုံးပြကာ သူမ ဘာမှပြန်မပြောနိုင်ခင်မှာဘဲ ကားပေါ်တက်ကာ မောင်းထွက်သွားခဲ့ပြီ။

ဝင့်ဝါဝင့်မှာတော့ မိန်းကလေးချောချောကို အကူအညီပေးပြီး အခွင့်ကောင်းယူကာ ခင်မင်ဖို့မကြိုးစားသော ထိုသူကို မှတ်မှတ်ထင်ထင် ရှိသွားခဲ့ပြီ။

*

(၄)

"ဟာ. . . ဒီနေ့ ဒေါ်လေးနဲ့ချိန်းထားတာကို မေ့ပြီး လာကစားနေမိပါလား၊ မဖြစ်ဘူး ဒေါ်လေးဆီ မြန်မြန်သွားမှပဲ"

ဝင့်ဝါဝင့်မှာ ကစားနေရင်းမှ ချိန်းထားတာကိုသတိရပြီး အဝတ်အစားလဲကာ သင်တန်းထဲမှ ကပျာကယာ ထွက်လာခဲ့သည်။

"အင့်"

လှေကားခြေရင်းအရောက်မှာတော့ တစ်စုံတစ်ယောက်နှင့် တိုက်မိသွားရသည်။

"အို. . . မတော်လို့ပါရှင် . . . တောင်းပန် ဟင် ရှင်. . . ရှင်"

ဆီ ကူညီခဲ့သူကို ဝင့်ဝါဝင့်မှ အမှတ်မထင်ပြန်တွေ့လိုက်တာမို့ အံ့သြဝမ်းသာသွားရသည်။

"ရှင် ကျွန်မကို မှတ်မိလား"

"စိတ်တော့မရှိပါနဲ့၊ ဘယ်သူများလဲ ခင်ဗျာ"

"ဝင့်ဝါဝင့် ပါ"

"ကျွန်တော့်အသိထဲမှာ ဝင့်ဝါဝင့်ဆိုတာ မရှိပါဘူး၊ ဒီကညီမ လူမှားနေပြီ"

"အို. . . မမှားပါဘူး၊ သူက ဟိုနေ့တုန်းက ဝင့်ဝါကို ဆီကူညီပေးခဲ့သေးတယ်လေ"

"ဟင် ဪ. . . မှတ်မိပြီ မှတ်မိပြီ၊ မိန်းကလေးတစ်ယောက်ကို ဓာတ်ဆီကူညီပေးခဲ့တာကိုပဲ မှတ်မိပြီးတော့ မျက်နှာကို သေချာမှတ်မထားမိတာ စိတ်မရှိပါနဲ့ဗျာ"

"အဟင်း ရပါတယ်၊ ဟိုနေ့က ကျေးဇူးတင်စကား မပြောလိုက်ရဘူး၊ ကူညီပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

"ရပါတယ်ဗျာ၊ ကျေးဇူးအတင်ခံချင်လို့ ကူညီပေးခဲ့တာမှ မဟုတ်တာ၊ ကြုံလို့ ကူညီခဲ့တာပါ၊ စိတ်ထဲ မထားပါနဲ့၊ ကျွန်တော့်ကို သွားခွင့်ပြုပါဦး"

"နေပါဦး၊ ဝင့်ဝါနဲ့ အအေးလိုက်သောက်ပါဦးနော်၊ ကျေးဇူးတင်လို့ အအေးတိုက်တာကိုတော့ မငြင်းပါနဲ့ရှင်"

ထိုမှစပြီး ပိုင်စိုးနှင့် ဝင့်ဝါဝင့် ခင်မင်ခဲ့ရပြီ။

ပိုင်စိုးမှာ အခြားသူများကဲ့သို့ မိန်းမလှမြင်တိုင်း ပြုံးတုံးပျာတာမဖြစ်ခြင်း၊ အနေတည်ခြင်း၊ ရုပ်ဖြောင့်ခြင်းတို့ကို ဝင့်ဝါဝင့် အမှတ်ပေးခဲ့မိပြီ။ ကူညီခဲ့တာကို အခွင့်အရေးမယူခဲ့ဘဲ မမျှော်လင့်ဘဲ ခင်မင်သွားချိန်မှာတော့ သူမအပေါ် ဂရုစိုက်မှုများကိုလည်း ဝင့်ဝါဝင့် ကျေနပ်နေမိသည်။

"ဝါ မင်းက သာမန်မိန်းကလေး မဟုတ်ဘူးနော်၊ ကျန်းမာရေးကိုတော့ အကောင်းဆုံး ဂရုစိုက်ရမယ်နော်၊ အမြဲတမ်း နွေးနွေးထွေးထွေးနေ ကြားလား"

ဂရုစိုက်မှုတွေကလည်း အမှတ်ရစရာ၊ ရင်းနှီးလာတော့ သူမအပေါ် ဝေဖန်ပြောဆိုမှုလေးတွေကလည်း ကြုံလာခဲ့ရသည်။

"ဝါ မင်းက လူတိုင်းကို လူလို့ မသတ်မှတ်ချင်ဘူးနော်"

"ဒီမယ် ကိုယ်ပိုင် ခြေနှစ်ချောင်း လက်နှစ်ချောင်း ခေါင်းတစ်လုံး ပိုင်ဆိုင်ကြတဲ့သူတိုင်းကို ပညတ်ချက်အရ လူလို့ သတ်မှတ်ကြတယ်ဆိုပေမဲ့ အသိဉာဏ်နဲ့ ပညာမရှိတဲ့သူကိုတော့ လူလို့ မသတ်မှတ်ချင်ဘူး၊ ဝင့်ဝါဝင့် ဆိုတဲ့ မိန်းမက သူ့ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ပြီး လူပီသတယ်လို့ ထင်တဲ့သူနဲ့သာ ခေါ်ပြောချင်တာ"

သူမ စကားကြောင့် ပိုင်စိုးမျက်နှာ အရောင်ပြောင်းသွားရသည်။

"ဝင့်ဝါဝင့်ဆိုတဲ့ မိန်းကလေးရယ် မင်းက အလှတရားတွေ ရှိတယ်ဆိုပြီး ဘယ်သူမှ ငါ့လောက်မလှဘူး၊ မတော်ဘူးလို့ ထင်နေတာလားကွာ"

"နိုးနိုး ကိုပိုင် ရှင့်စွဲချက်တွေ သိပ်ပြင်းထန်လွန်းတယ်၊ ဝါက ပတ်ဝန်းကျင်ရဲ့ ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ဆိုတဲ့

www.burmeseclassic.com

စကားတွေကို ဂရုမစိုက်ဘဲ ကိုယ်နေတတ်သလို နေရုံသက်သက်ပါ ကိုပိုင်"

"မင်းက လူတစ်မျိုးပဲနော် ဝါ၊ တစ်ခါတစ်ရံမှာ မင်းကိုယ်မင်း မှန်တယ်ထင်ပေမယ့် လူတိုင်းကတော့ မင်းဟာ နာမည်နဲ့လိုက်အောင် ဝင့်ဝါလွန်းပြီး မာနတရားတွေနဲ့ ပြည့်နေတဲ့ ချောသလောက် အမြင်ကတ်စရာကောင်းတဲ့ မိန်းကလေးအဖြစ် မြင်မိကြမှာပဲ"

မပွင့်တပွင့်အပြုံးဖြင့် ပြောလာတဲ့ သူ့စကားစုတို့ကို ဝင့်ဝါဝင့်စိတ်မခုမိ။ ပိုင်စိုးကို ပြန်လည်ပြုံးကြည့်ရင်း မေးလိုက်မိသည်။

"ကိုပိုင့်စိတ်ထဲမှာကော ဝါက အမြင်ကတ်စရာ ကောင်းနေလားဟင်"

ပိုင်စိုးက အသာအယာ ခေါင်းယမ်းပြရင်း တိုးသက်သောလေသံဖြင့် ခပ်ဖြည်းဖြည်းပြန်ဖြေလာသည်။

"ဝါရယ် သံယောဇဉ်နှလုံးသားမှာ အမြင်ကတ်စရာဆိုတဲ့အရာက မရှိကောင်းတဲ့ အရာပါကွာ"

"ကိုပိုင်ရယ်"

ပိုင်စိုး၏ တည်တံ့သော မျက်နှာပြင်ကို သူမ ငေးကြည့်နေမိသည်။

(၅)

ကာလပ်စ်ထဲ မဝင်ဘေးဘဲ ညက်အလာကို ခုံတန်းလေးတွင် ထိုင်စောင့်နေမိသည်။ မျက်နှာထားတင်းတင်းလေးဖြင့် တစ်ယောက်တည်း ထိုင်နေတာမို့ တတိယနှစ်အချင်းချင်း တီးတိုးဝေဖန်သံများကို ကြားနေရသော်လည်း သူမ ဂရုမစိုက်။

"အဲဒါ Physics က ဝင့်ဝါဝင့်လေ၊ သူ့ကိုယ်သူ လှတယ် မယ်ဘွဲ့ရထားတယ် ပိုက်ဆံချမ်းသာတယ်ဆိုပြီး မာန်တက်နေတာလေ"

"မျက်နှာလေးကတော့ ချစ်စရာလေးပဲနော်၊ အဲ မျက်နှာထားကြီးကို မာန်နဲ့တင်းထားတော့ ကြည့်ရတာ တစ်မျိုးပဲ"

အလုပ်မရှိ အလုပ်ရှာပြီး ဝေဖန်တာမျိုးကိုတော့ ဝင့်ဝါဝင့် စိတ်မဝင်စား။

"ဝါ"

ခေါ်သံကြောင့် အသံလာရာသို့ သူမအကြည့် ရောက်သွားရသည်။

"ဩော် ရှင်ကိုး၊ ဘာလာလုပ်တာလဲ"

မဝံ့မရဲအပြုံးလေးဖြင့် သူမအား ခပ်ယို့ယို့ ကြည့်နေသော လင်းထွဋ်ကို တွေ့လိုက်ရတာမို့ အသံမာမာဖြင့် ပြန်မေးလိုက်သည်။

"ဝါ ကျွန်တော့်ကို အရှက်ကွဲအောင်တော့ အော်မထုတ်လိုက်ပါနဲ့နော်၊ ဝါ့ကို အနှောင့်အယှက်ပေးဖို့ လာတာမဟုတ်ပါဘူး၊ ကျွန်တော့်ကို ညက်က စာလာပေးခိုင်းလိုက်လို့ပါ"

သူ့စကားကြောင့် ဝင့်ဝါဝင့်၏ မျက်လုံးအစုံ မသိမသာတွန့်ကွေးသွားရသည်။ သူမက လင်းထွဋ်နှင့် ညက်တို့ အဆက်အသွယ်ရှိတာ၊ မောင်နှမတော်စပ်တာကို မသိခဲ့။ ညက် ရှင်းပြစကားကိုလည်း သူမ နားမထောင်ခဲ့၍ တော်စပ်မှုကို မသိခဲ့ပါ။

"ညက်က ဘာစာပေးခိုင်းတာလဲ"

"သူ ကျောင်းမတက်ဖြစ်တဲ့ စာပါ"

"အမယ်လေးဟယ် . . ဖုန်းတွေ ဒီလောက်ပေါနေတဲ့ဟာ ဖုန်းမဆက်ဘဲ စာပေးခိုင်းရတယ်လို့ ဖုန်းဆက်ပြောရင် ကျွန်မလဲ ဘယ်အတန်းတက်တော့မလဲ၊ ခုတော့ ကျွန်မ တစ်ယောက်တည်း"

သူမနှုတ်က မကျေမနပ်သံတို့ ထွက်ကျသွားရသည်။

"ဟိုလေ ဝါ အနှောင့်အယှက် မဖြစ်ဘူးဆိုရင်တော့ ကျွန်တော် ဝါနဲ့ အဖော်လုပ်ပေးပါရစေ"

"အို မလိုပါဘူး၊ ရှင်လိုလူနဲ့ ကျွန်မက ဘာလို့ အဖော်လုပ်ရမှာလဲ"

ခပ်မာမာစကားစု၏ ထိုးနှက်မှုကြောင့် လင်းထွဋ်မျက်နှာ တင်းခနဲဖြစ်သွားရသည်။

"ဝါ ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်တော်လိုလူတဲ့လား၊ ကျွန်တော်က ဘယ်လိုလူဖြစ်နေလို့လဲ၊ ကျွန်တော်က မိကောင်းဖခင် သားသမီးပါ၊ အတိုင်းထက်အလွန် ကျွန်တော့်ကို မစော်ကားစေချင်ပါဘူး၊ ကျွန်တော်က . . ."

"အို တော်ပြီ၊ ရှင်နဲ့ ကျွန်မ စကားဆက်မပြောချင်ဘူး၊ ညက်ရဲ့စာပေးပြီး ရှင်ထွက်သွားတော့၊ ကျွန်မ အဖော်လိုချင်ရင် ကိုပိုင်စိုးကို ဖုန်းဆက်ခေါ်လိုက်မယ်"

တမင်ပင် ပိုင်စိုးနာမည် ထုတ်ပြောလိုက်ခြင်းပါ။

"ကိုပိုင်စိုး၊ ဘယ်က ကိုပိုင်စိုးလဲ"

"ရှင်နဲ့ မဆိုင်ပါဘူး၊ ရှင်သွားတော့"

"ကျွန်တော့်ကို မနှင်ပါနဲ့ ဝါရယ်၊ ကျွန်တော်က စိုးရိမ်လို့ပါ"

လင်းထွဋ်မျက်နှာ ပြန်လည်ပျော့ပျောင်းလာသည်။ ဝင့်ဝါဝင့်က ဘာမှ ပြန်ပြောမနေတော့ဘဲ လင်းထွဋ်လက်ထဲမှ စာကို ဆတ်ခနဲဆွဲယူလိုက်ပြီး သူ့ရှေ့မှ ချာခနဲလှည့်ထွက်ခဲ့သည်။ အတန်းတက်ချင်စိတ်လည်း မရှိတော့တာမို့ ကားဆီလာကာ ညက်စာကို ဖောက်လိုက်သည်။

"မိန်းမကိုက စာတစ်တန် ပေတစ်တန်နဲ့ ဖုန်းဆက်လဲ ရရဲ့သားနဲ့"

နှုတ်က ရေရွတ်ရင်း စာရွက်လေးကို ဖြန့်လိုက်သည်။

"ဟင်"

စာရွက်ဖြူပေါ်မှ လက်ရေးများက ညက်လက်ရေး မဟုတ်တာမို့ အံ့ဩသွားရသည်။ ဆွဲစုတ်ဖို့ စိတ်ကူးရလိုက်သော်လည်း ဝိုင်းစက်စက် လက်ရေးလှလှကြောင့် စာကို ဖတ်ကြည့်လိုက်မိသည်။

*ဝါ*

*ကျွန်တော့်စာကို ဆုံးအောင် ဖတ်ပေးပါလို့ အရင်ဆုံး တောင်းပန်ချင်ပါတယ်။ ဝါ့ကို ဟိုးနှစ်နှစ်ကျော်လောက်ကတည်းက မြင်မြင်ချင်း ချစ်ခဲ့မိတာပါ။*





www.burmeseclassic.com

www.burmeseclassic.com

အခွင့်မသာလို့ ဝါနဲ့သိခွင့် မရခဲ့တာပါ။ နောက်တော့ ကျွန်တော် ကိုယ့်ကိုယ် ကိုယ် မထိန်းနိုင်ဘဲ ဝါ့ကို မိတ်ဆက်မိခဲ့တယ်။

ဝါကတော့ ကျွန်တော့်ကို ကြည့်မရခဲ့ဘူးနော်။ ဘာပဲဖြစ်ဖြစ် ဝါ သိအောင်တော့ ကျွန်တော်ပြောချင်တယ်။ ဝါ့ကို ကျွန်တော် တစ်ဘဝစာအတွက် ချစ်ခဲ့တာပါ။

ဝါက ကျွန်တော့်ကို ဘယ်လိုပဲ မုန်းနေပါစေ ဝါ အခက်အခဲတွေနဲ့ ကြုံလာရချိန်မှာ ကျွန်တော့်ကို သတိရလိုက်ပါ။ သန့်စင်တဲ့ အချစ်အင်အားတွေနဲ့ ဝါ့ကို ကျွန်တော် အတတ်နိုင်ဆုံး ကူညီမှာပါ။

စွဲမြဲတဲ့ အချစ်များစွာဖြင့်

အသက်မကချစ်တတ်သော . . .

လင်းထွဋ်

စာဆုံးတော့ ရင်ထဲ နွေးနွေးခနဲဖြစ်သွားမိသော်လည်းမာနတရားတို့ကြောင့် လင်းထွဋ်၏ စာလေးမှာ ကြေမွကာ လွင့်စဉ်သွားခဲ့ပြီ။

(၆)

ပြည်နယ်နှင့်တိုင်း တံခွန်စိုက်အလှမယ်ပြိုင်ပွဲကြီး စတော့မှာမို့ ဝင့်ဝါဝင့်တစ်ယောက် သရဖူဆောင်းနိုင်ရန် ကြိုးစားပြင်ဆင်နေရသည်။ ပြိုင်ပွဲဝင်တိုင်း သရဖူဆောင်းရမှ ကျေနပ်တာမို့ အရာရာ ဟာကွက်မရှိအောင် ကြိုးစားနေခြင်းပါ။ ဒါကြောင့်လည်း မယ်ဘွဲ့တစ်ခု ရဖို့ သေချာသလောက်ဖြစ်နေပြီ။ ပြိုင်ပွဲကိစ္စနှင့်မို့ ပိုင်စိုးနှင့် တစ်လခန့် အဆက်အသွယ် ပြတ်သွားရသည်။

"တူ တူ . . . တူ တူ"

ကိုယ်ပိုင်ဟန်ပြကွက်များကို စိတ်တိုင်းကျ လေ့ကျင့်နေတုန်း ဖုန်းမြည်လာသည်။ အိမ်အကူမလေးက ကောက်နားထောင်လိုက်ပြီး . . .

"မမ ဖုန်း" ဟုပေးလာတာမို့ စိတ်မရှည်စွာ လှမ်းယူလိုက်သည်။

"ဟဲလို ညက် နောက်မှဆက်တော့ကွာ၊ အခု ဝင့်ဝါ မအားဘူး"

"ဟာ . . . ဘယ်လိုဖြစ်တာလဲ ဝါ၊ ကိုပိုင်ပါ"

"အယ်"

ညက်ထင်ပြီး ပြောမိပြောရာ ပြောမိကာမှ ပိုင်စိုးဖြစ်နေတာမို့ ဝင့်ဝါဝင့် အားနာသွားရသည်။

"ဟာ ကိုပိုင် ဆောရီးနော်၊ ဝါက ညက်ထင်လို့"

"ရပါတယ်ဗျာ၊ ဝါက အခုမအားဘူးဆိုတော့ ဘာလုပ်နေတာလဲ"

"ပြိုင်ပွဲနီးနေလို့ လေ့ကျင့်နေတာ ကိုပိုင်ရဲ့"

"ဘာ ပြိုင်ပွဲ ဟုတ်လား"

ပိုင်စိုးအသံ ကတုန်ကယင် ဖြစ်သွားတာကိုသူမသတိထားလိုက်မိသည်။

"ကိုပိုင် ဘာဖြစ်သွားတာလဲ"

"ဘာ ဘာမှမဖြစ်ပါဘူး၊ ဝါ ဝါက ဘာပြိုင်ပွဲအတွက် လေ့ကျင့်နေတာလဲ"

"ပြည်နယ်နှင့်တိုင်း ကာယအလှမယ်ပြိုင်ပွဲလေ၊ အဟင်း လုံးဝ ပထမရစေရမယ်၊ ဝင့်ဝါဝင့်တို့က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိလို့သာ ဝင်ပြိုင်တာ၊ တချို့က ကိုယ့်အခြေအနေကို မသိဘဲ ဝင့်ဝါဝင့်ကို လာယှဉ်ချင်ကြသေးတာ"

"ဟုတ်. . . ဟုတ်လား"

"ကိုပိုင့်ကို ကြုံလို့ပြောရဦးမယ်၊ ရန်ကုန်တိုင်း ပြိုင်ပွဲတုန်းက ဆေးတောင်မစစ်ရသေးခင်မှာ ပွင့်ဖြူဆိုတဲ့ မိန်းကလေးတစ်ယောက်က ဝင့်ဝါဝင့်ဆိုတဲ့ ဆောင့်ကြွားကြွားမိန်းမကို အနိုင်ယူပြမယ်ဆိုပြီး ကြွေးကြော်ထားတာ၊ ဝါက ရယ်တောင်ရယ်ချင်သေးတယ်၊ ပြိုင်ပွဲနေ့ကျတော့ သူက ဒုတိယပဲရတာ၊ ဝါလေ သူ့ကို ခပ်ဝင့်ဝင့် ကြည့်ပေးလိုက်တယ်"

ပြိုင်ပွဲနှင့် ပတ်သက်ပြီး ပြောလိုက်ရတာမို့ သူမအသံမှာ ကျေနပ်အားရသံတို့ဖြင့် ဝေစည်နေသော်လည်း ပိုင်စိုးအသံကတော့ ပျောက်နေသည်။

"ကိုပိုင် ဟဲလို ဟဲလို ဝါပြောတာ ကြားရဲ့လား . . . ဟဲလို"

"ကြား . . . ကြားပါတယ်၊ ဒီပွဲမှာလဲ ဝါပဲ ပထမရမှာပါ၊ ဒါ . . . ဒါကြောင့် ကိုပိုင်က ဝါ့ကို ကြိုပြီးဂုဏ်ပြုရင် ကောင်းမလားလို့ စဉ်းစားနေတာ၊ ဝါ့ကို ကိုပိုင် တစ်ခုခုကျွေးချင်တယ်၊ ပြီးတော့ ပြောစရာတွေလဲရှိတယ်၊ ညနေကျရင် တွေ့ရအောင်နော် ဝါ နော်"

"အိုကေ ကိုပိုင်"

ပိုင်စိုးသည် စီးပွားရေးနှင့် ဘွဲ့ရထားပြီး နိုင်ငံခြားအလှကုန်တစ်ခု၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်သလိုတည်ကြည်သောစရိုက်ရှိသည်။ ဒါကြောင့်လည်း အေးအေးဆေးဆေး စကားပြောရင်း စားကြရအောင်ဆိုပြီး ခေါ်လာသော ပိုင်စိုးပိုင်သည့် မင်္ဂလာဒုံဘက်ရှိ ခြံသို့ ဝင့်ဝါဝင့် စိတ်ချစွာ လိုက်လာမိသည်။

လှည်းတန်းမီးပွိုင့်တွင် လင်းထွဋ်ကားနှင့် ဆုံလိုက်သေးသည်။ ချောမောသော ယောကျာ်း တစ်ယောက်နှင့် မမျှော်လင့်ဘဲ တွဲတွေ့လိုက်ရတာမို့ သူ့မျက်နှာ သိသွာစွာပျက်သွားတာကို ဝင့်ဝါဝင့် မြင်ဖြစ်အောင် မြင်လိုက်ရ၍ ကျေနပ်စွာ ခပ်ဝံ့ဝံ့ ပြုံးလိုက်မိသည်။

မီးစိမ်းသွားတော့ ပိုင်စိုးကားလေးက တစ်ဟုန်ထိုးပြေးထွက်သွားသည်။

"သန့်စင်တဲ့ အချစ်များစွာနဲ့ ဝါ့ကို ကျွန်တော် အတတ်နိုင်ဆုံး ကူညီမှာပါ"

"ဝါ့ကို သိပ်ချစ်တယ်၊ ဝါက ကျွန်တော့်ရဲ့ တစ်ဘဝစာ ချစ်သူပါ"ဆိုသည့် လင်းထွဋ်ပေးခဲ့ဖူးသည့် စာသားများကို အမှတ်မထင် ပြန်မြင်ယောင်မိလိုက်တာမို့ ဝင့်ဝါဝင့်ရင်ထဲ တစ်မျိုးဖြစ်သွားရသည်။

ဘာတစ်မျိုးဆိုတာကိုတော့ သူမမဆန်းစစ်မိ။ သူမ အသိစိတ်ထဲမှာတော့ လင်းထွဋ်သည် သူမအတွက် ဘာမှမဟုတ်သူ အဖြစ်သာ။





www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် ပိုင်စိုး၏ခြံထဲသို့ရောက်ခဲ့ပြီ။ တိုက်ရှေ့မှာ ကားလေးရပ်သွားသည်။

"ဝါ လာ အတွင်းခန်းထဲမှာ စားစရာတွေအသင့်ပြင်ခိုင်းထားတယ် လာ"

ပိုင်စိုး ဦးဆောင်ခေါ်ရာ အခန်းထဲသို့ ဝင်မိသည်နှင့် အခန်းတံခါးကို အပြင်မှ တစ်စုံတစ်ဦးကပိတ်လိုက်တာမို့ ဝင့်ဝါဝင့်ရင်ထဲထိတ်ခနဲဖြစ်သွားရသည်။ အခန်းတွင်းမှာတော့ ဘာစားပွဲဝိုင်းမှ ရှိမနေဘဲ နှစ်ယောက်အိပ်ခုတင်တစ်လုံးသာ ရှိနေသည်။

ရင်ထဲ ထိတ်ခနဲဖြစ်သွားရပြီး ပိုင်စိုးမျက်နှာကို ဖျတ်ခနဲကြည့်လိုက်မိသည်။

ပိုင်စိုး၏မျက်နှာမှာ ကြောက်စရာကောင်းလောက်အောင် တင်းမာနေတာကို မမျှော်လင့်ဘဲ တွေ့လိုက်ရတာမို့ ရင်ထဲ ပိုမိုထိတ်လန့်သွားရသည်။

"ကို. . . ကိုပိုင်. . . ဒါ ဒါ ဘာလုပ်တာလဲ၊ ဝါ. . . ဝါ့ကို ကြောက်လန့်အောင် မလုပ်ပါနဲ့နော်၊ ချစ်စကားပြောမယ်ဆိုရင်လဲ ဒီလိုမျိုးတော့ မကြံသင့်ပါဘူး၊ ဝါ. . . ဝါက မိန်းကလေးဆိုတာလဲ ထည့်တွက်ပါဦး"

သူမစကားကြောင့် ပိုင်စိုးထံမှ ခပ်ကြမ်းကြမ်းရယ်သံထွက်ပေါ်လာသည်။ ပိုင်စိုးပုံစံက ကြောက်စရာကောင်းနေတာမို့ ဝင့်ဝါဝင့်မှာ ကြောက်စိတ်များဝင်ကာ အသားလေးများ ဆတ်ဆတ်တုန်လာရသည်။

"ဝင့်ဝါဝင့် မင်းကိုယ်မင်း အထင်သိပ်ကြီးနေပါလား၊ မင်းက လှတယ်ဆိုပြီး မင်းကို ငါက ကြိုက်နေတယ်လို့ထင်နေရှာတယ်ပေါ့၊ ကျွတ် ကျွတ် သနားစရာ သတ္တဝါမလေးပဲ"

"ကို. . . ကိုပိုင် ဘာတွေဖြစ်နေတာလဲ၊ ရှင့်ပုံစံကြီးက အရမ်းကြောက်စရာကောင်းနေတယ်"

"ဟား ဟား ဟား. . . ဒီ့ထက်ကြောက်စရာကောင်းတာကိုမင်းရင်ဆိုင်နိုင်ဖို့ အသင့်ပြင်ထားပေတော့"

ပြောပြောဆိုဆိုဖြင့် ဝင့်ဝါဝင့်၏ကိုယ်လေးကိုအတင်းပွေ့ဖက်ပြီး အိပ်ရာပေါ်သို့ ပစ်တင်လိုက်သည်။

ပိုင်စိုး၏ လုပ်ရပ်ကြောင့် ဝင့်ဝါဝင့် အကြောက်ပိုသွားရသည်။

"အို. . . ဟင်. . . ဒါ ဒါက ဘာလုပ်တာလဲ"

ပိုင်စိုးက မဲ့ပြုံးပြုံးရင်း သူ့အိတ်ကပ်ထဲက ဓာတ်ပုံတစ်ပုံကို ဆွဲထုတ်ကာ သူမ၏ မျက်နှာရှေ့တွင် ထောင်ပြလိုက်သည်။

"သူ့ကို မင်းသိလား"

"ဟင်. . . ပွင့် . . . ပွင့်ဖြူပါလား"

"ဟုတ်တယ်. . . ပွင့်ဖြူပဲ. . . မင်းကြောင့် အသက်ဆုံးရှုံးခဲ့ရတဲ့ မိန်းကလေးပဲ"

"ဘာ. . . ဘာပြောတယ်၊ ဝါ့ကြောင့် ဟုတ်လား၊ ဘာဆိုင်လို့လဲ"

"သိပ်ဆိုင်တာပေါ့ ဝင့်ဝါဝင့်ရယ်၊ ပွင့်ဖြူဟာ အဲဒီပြိုင်ပွဲမှာ ပထမဆု ရရမယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ ဝင်ပြိုင်ခဲ့တယ်၊ ပထမဆု မရရင်လဲ ရတဲ့ဆုနဲ့ ကျေနပ်မယ်ဆိုတဲ့စိတ်လဲ သူ့ရင်ထဲမှာ ရှိနေခဲ့တယ်၊

ဒါပေမဲ့ အဲဒီပွဲမှာ မင်းက ပထမရခဲ့ပြီး သူ့ကို ဝင့်ကြွားတဲ့အပြုံးတွေနဲ့ အထက်စီးက မိမိရရ ကြည့်ဖြစ်အောင် ကြည့်ခဲ့တယ်၊ အဲဒါကို ပွင့်ဖြူသိပ်ရှက်ခဲ့ရတယ်၊

အဲဒီစိတ်နဲ့ ပွင့်ဖြူဟာ သေကြောင်းကြံခဲ့တယ်၊ မင်းကြောင့် မင်းရဲ့ အထက်စီး ပြုံးကြည့်တဲ့အကြည့်ကြောင့် ပွင့်ဖြူ သေခဲ့ရတယ် ဆိုတာကို သိကတည်းက မင်းကို ကလဲ့စားချေဖို့ ရည်ရွယ်ချက်နဲ့ ငါ ဝင်ရောခဲ့တာပဲ"

"အို. . ."

ရင်ထဲ ဒိန်းခနဲဖြစ်သွားရသည်။ ကြောက်ရွံ့စိတ်ကြောင့် ဇောချွေးတို့ စိမ့်ထွက်လာရသည်။

"ရှင် . . . ရှင် မယုတ်မာနဲ့နော်၊ ပွင့်ဖြူက သတ်မှတ်စံနှုန်းနဲ့ မညီခဲ့လို့ ဒုတိယ ၂ဆုရခဲ့တာနဲ့ သတ်မသေသင့်ပါဘူး၊ ပြိုင်ပွဲတိုင်းမှာ အနိုင်အရှုံးဆိုတာ ရှိတာပဲ၊ အားကစား စိတ်ဓာတ်တော့ ထားသင့်တာပေါ့၊ ကျွန်မ ပထမရတာကို မနာလိုဖြစ်ပြီး သူ့ကိုယ်သူ ဒုက္ခပေးခဲ့တာ၊ ကျွန်မ ပယောဂ မပါဘူး"

"ဘာ. . . ဘာပြောတယ်၊ မင်း ပယောဂ မပါဘူး ဟုတ်လား၊ ပွင့်ဖြူက အားကစားစိတ်ဓာတ်မရှိဘူး ဟုတ်လား၊ မင်းကရော မင်းကရော အားကစားစိတ်ဓာတ် ရှိခဲ့လို့လား၊

လူပုံအလယ်မှာ ဝင့်ကြွားတဲ့အပြုံးနဲ့ ပွင့်ဖြူကိုကြည့်ပြီးတော့ အရှက်ရအောင် လုပ်ခဲ့တာ၊ မင်းကြောင့်သာ မဟုတ်ရင် သူ့ကိုယ်သူ သတ်သေခဲ့မှာ မဟုတ်ဘူး၊ မင်း. . . မင်းကြောင့်"

ပြောနေရင်းမှ ပိုင်စိုး ခုတင်ပေါ် ခုန်တက်ရင်း ဝင့်ဝါဝင့်ကို အတင်းဆွဲပွေ့တော့သည်။

"ရှင်. . . ရှင် မယုတ်မာနဲ့နော်၊ ပွင့်ဖြူက သူ့ဘာသာ သေတာ၊ ကျွန်မနဲ့ မဆိုင်သလို ရှင်နဲ့လဲမဆိုင်ဘူး၊ ရှင် နမ ချင်း စာနာပါ၊ မယုတ်မာနဲ့"

"ဘာ. . . ပွင့်ဖြူက ငါနဲ့မဆိုင်ဘူး ဟုတ်လား၊ ဆိုင်သမှ သိပ်ဆိုင်၊ ပွင့်ဖြူက ငါသိပ်ချစ်ရတဲ့ ငါ့ရဲ့ တစ်ဦးတည်းသောညီမ စိုးပွင့်ဖြူပဲ"

"ဟင်. . ."

"ဒါကြောင့် ငါ့ညီမ သေခဲ့ရသလို မင်းလဲ ပြိုင်ပွဲတွေနဲ့ ထာဝရဝေးပြီး ဘဝပျက်စေရမယ်"

"အို. . . လွှတ်နော် လွှတ်"

အတင်း ရုန်းကန်ခနရသော်လည်း အားချင်းမမျှတာမို့ သူမ သိပ်မရုန်းနိုင်တော့။ အကျီသည်လည်း စုတ်ပြဲကုန်ပြီ။

"ဘုရား ဘုရား. . . ဘာမဟုတ်တဲ့ အပြုံးတစ်ပွင့်ကြောင့် ငါ့ဘဝ ပျက်ရတော့မှာပါလား၊ ငါ့ကို ဘယ်သူမှ လာမကူညီကြတော့ဘူးလား"

အတွေးတို့ကြောင့် ဝင့်ဝါဝင့် တုန်လှုပ်ချောက်ချားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှိသမျှအားလေးနှင့် ရုန်းကန်နေရင်းမှ လင်းထွန်း၏ ရှင်းသန့်သော အပြုံးမျက်နှာလေးကို ဖျတ်ခနဲ မြင်ယောင်လိုက်မိသည်။

"လင်းထွန်း . . . လင်းထွန်းရေ ဝါ့ကို ကယ်ပါဦးကွယ်၊ ဝါ ဝါလေ အခုမှ လင်းထွန်းကို ချစ်မိနေတယ်ဆိုတာ သိပါပြီ၊ လင်းထွန်းရေ. . . "

အရေးကြုံမှပဲ မသိစိတ်မှ ချစ်စိတ်တို့ကို သူမ သတိထားခဲ့မိပြီ။ ထိုအသိတို့က နောက်ကျခဲ့ပြီ။

ဝမ်းနည်းစွာ ငိုရှိုက်မိရင်း သွားပြီဆိုသည့်အသိ ဝင်လာချိန်မှာတော့ အခန်းတံခါး ရုတ်တရက် ပွင့်သွားသည်နှင့်တစ်ပြိုင်တည်း သူမအပေါ် စီးမိုးထားသော ပိုင်စိုး၏ ကိုယ်သည်လည်း လွင့်ထွက်သွားရတော့သည်။

အိပ်ရာထက်မှ ကပျာကယာ လူးလဲထရင်း ကယ်တင်ရှင်ကို ကြည့်လိုက်မိသည်။

"ဟင်း . . . လင်းထွန်း"

လင်းထွန်း၏ လက်သီးချက်များကြောင့် ပိုင်စိုးမှောက်သွားပြီ။ ဝင့်ဝါဝင့်မှာ ခုတင်ပေါ်မှ ပြေးဆင်းပြီး လင်းထွန်းရင်ခွင်ထဲသို့ ပြေးဝင်ကာ ဝမ်းနည်းစွာ ငိုက်ရှိုက်လိုက်မိသည်။

"အဟင့် အဟင့် အဟင့်. . . လင်းရယ် ဝါ ဝါ့ရဲ့ အရှက်နဲ့သိက္ခာကို အချိန်မီလေး ကယ်တင်ပေးခဲ့တယ်နော်၊ အဟင့် ဝါ. . . ဝါလေ လင်းရဲ့အချစ်တွေကို ဥပေက္ခာပြုခဲ့ စော်ကားခဲ့မိတယ်၊ ဝါ. . . ဝါ့ကို ခွင့်လွှတ်ပါနော်၊ အဟင့် . . . အဟင့်"

ဝမ်းနည်းစွာ ငိုက်ရှိုက်နေသော ဝင့်ဝါဝင့်ကို လင်းထွန်း ကြင်နာစွာ ပြန်လည်ထွေးပွေ့လိုက်မိသည်။

"တိတ်ပါတော့ ဝါရယ်၊ ဝါ ဘာမှမဖြစ်တော့ဘူး၊ ဝါ့ကို ကျွန်တော် ပြောခဲ့ဖူးသားပဲ၊ ဝါက ကျွန်တော့်ကို မုန်းနေတယ်ဆိုရင်တောင်မှ ဝါ ဘယ်လိုအခက်အခဲနဲ့ပဲကြုံကြုံ ကျွန်တော် အတတ်နိုင်ဆုံး ကူညီမှာပါဆိုတာလေ၊ ခုလဲ ဝါ့ကို မီးပွိုင့်မှာ မြင်လိုက်ရတော့ စိတ်ထဲမှာ ထင့်ခနဲဖြစ်သွားလို့ ဝါတို့ကားနောက် နောက်ယောင်ခံလိုက်ခဲ့မိရင်းက ဝါ့ကို မမျှော်လင့်ဘဲ ကယ်နိုင်ခဲ့တာပါ"

"အို လင်းရယ်၊ လင်းကိုလဲ ဝါ မမုန်းပါဘူး၊ ခု. . . ခုတော့ လင်းကို ဝါ ချစ်မိနေတာ သိလိုက်ရပြီ၊ လင်းကို ဝါ သိပ်ချစ်တယ်"

"အို. . . ဝါရယ်"

အခုချိန်မှာတော့ သူမဘဝ၏ ပစ္စုပ္ပန်နှင့် အနာဂတ်သည် အရင်တုန်းက သူမဂရုမပြုမိခဲ့သောလူတစ်ယောက်၏လက်ထဲသို့ ကျရောက်ခဲ့ရပြီ။

ထူးဆန်းစွာ ဖြစ်ပေါ်လာသော အချစ်စိတ်တို့က ပတ်ဝန်းကျင်ကို ခေတ္တမေ့သွားစေသည်။

ပိုင်စိုးသည် မှောက်နေရာက သတိရလာပြီး အသင့်ဆောင်ထားသော ဓားမြှောင်ကို ထုတ်လိုက်ကာ ပြုံးပျော်နေသော မျက်နှာလေးဖြင့် ချစ်သူ့ရင်ခွင်တွင်ရှိနေသော ဝင့်ဝါဝင့်ထံသို့ တစ်ဟုန်ထိုး ပြေးလာခဲ့ပြီး. . .

"ဟင် . . . ဝါ သတိထား"

ပိုင်စိုးပြေးလာတာကို လင်းထွန်း မြင်လိုက်တာမို့ ဝင့်ဝါဝင့်ကိုယ်လေးကို ဆတ်ခနဲ ဆွဲလှည့်ပစ်လိုက်သည်။

"အား. . . "

"လင်း. . . "

လင်းထွန်း၏ နာကျင်စူးရှသော အော်လိုက်သံနှင့်အတူ ဝင့်ဝါဝင့်သည်လည်း ဝမ်းနည်းကြေကွဲစွာဖြင့် အော်ဟစ်လိုက်မိတော့သည်။

(၇)

အပြုံးတစ်ပွင့်မှ စခဲ့သောရန်ငြိုးသည် သူမဘဝ၏ ပထမဆုံးနှင့်နောက်ဆုံး ချစ်မိသူ၏ အသက်ကို ခြွေယူသွားခဲ့ပြီ။

ဥပဒေ၏ အဆုံးအမကို ပိုင်စိုး ခံယူနေချိန်မှာတော့ ဝင့်ဝါဝင့်သည်လည်း ပတ်ဝန်းကျင်နှင့်ဆီလျော်အောင် မပေါင်းဘဲ မာနတရားထားပြီး ဝင့်ကြွားစွာ ပြုံးတတ်ခဲ့မှုကြောင့် ရန်ငြိုးဖွဲ့ခံရပြီး ချစ်သူဆုံးရှုံးခဲ့ရသော ခံစားချက်တို့ကို သဘာဝတရားသူကြီး ထံမှောက်တွင် ကြေကွဲစွာ အပြစ်ဝန်ခံနေရပြီ။

"လင်းရယ် ဝါ့မှာသာ တလွဲမာနတွေသာ မရှိခဲ့ရင် လင်းကို ဝါ မြင်မြင်ချင်း ချစ်ခဲ့မိမှာပါ၊ ခုတော့ . . . "

လင်းထွန်း၏ အုတ်ဂူရှေ့တွင် ကြေကွဲစွာ ငိုရှိုက်နေသော ဝင့်ဝါဝင့်၏ မျက်နှာပေါ်တွင် ဝင့်ကြွားသောအပြုံးနှင့် မာနတို့ ထူးဆန်းစွာ ပျောက်ဆုံးနေတာကို ညိုပြာညက် သတိပြုမိလိုက်သည်။

"ဝင့်ဝါရယ် မင်းကိုယ်တိုင် ချစ်မြတ်နိုးတဲ့ မင်းရဲ့ ဝင့်ကြွားတဲ့ တလွဲမာနကြောင့် ကံကြမ္မာရဲ့ပြစ်ဒဏ်အနမ်းကို မင်းရရှိလိုက်ပြီ၊ မာနတရားကြောင့် မပြုံးသင့်ဘဲ ပြုံးမိခဲ့တဲ့ မင်းရဲ့ ဝင့်ကြွားတဲ့ အပြုံးကြောင့် မင်းလဲ အခုလိုခံစားနေရသလို ညက်ရဲ့အစ်ကိုလဲ ဆုံးခဲ့ရပြီ၊

ဒါပေမဲ့ ဖြစ်ပြီးတာကတော့ ဖြစ်ခဲ့ပြီဆိုတော့ အစက ပြန်စလို့ မရနိုင်တော့ဘူး ဝင့်ဝါ၊ ဒါကြောင့် လက်ရှိဘဝမှာ ကိုယ့်ကံကြမ္မာကို ကိုယ်ကိုယ်တိုင်ပဲ အကောင်းဆုံး လှပစွာဖန်တီးမှ ရတော့မယ် ဝင့်ဝါ"

သူမအား တိုးသက်စွာ နှစ်သိမ့်စကားဆိုလာသော ညက်ကို ရီဝေသော မျက်ဝန်းအစုံဖြင့် မော့ကြည့်လိုက်မိသည်။

ထို့နောက် သူမရင်မှ တစ်ကြိမ်တစ်ခါသာ ဖြစ်ပေါ်ခဲ့သော အချစ်များ ပိုင်ရှင်၏ အုတ်ဂူလေးဆီသို့ ကြေကွဲစွာ ကြည့်နေမိတော့သည်။

❒ နှင်းသိရီကျော်သရေ





www.burmeseclassic.com

www.burmeseclassic.com

# သုတစုံပြာ ကမ္ဘာ

## ထိုက်ထိုက်တန်တန်



အနံ့နှင့် အရသာခံရာတွင် အထူးကျွမ်းကျင်သော အကဲဖြတ်ရွေးချယ်သူ ပုဂ္ဂိုလ်ကြီးများသည် ပြိုင်ပွဲဝင်ကြသော နိုင်ငံတကာ ဝိုင်နှင့်ယစ်ရွှေရည်များကို အကဲဖြတ်ရာတွင် နှစ်စဉ်နှစ်တိုင်း ရွှေတံဆိပ်ဆုချီးမြှင့်သော အလေ့အထမရှိပါချေ။ ရွှေတံဆိပ်ဆုပေးသင့်သော အရည်အချင်း၊ အဆင့်အတန်းမမီလျှင် ရွှေတံဆိပ်ဆု မချီးမြှင့်ပါချေ။ ပြင်သစ်မှ CAMUS ကော့ညက်ယစ်ရွှေရည်ထုတ်လုပ်သူသည် ထိုပြိုင်ပွဲသို့ နှစ်စဉ်ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဘဲ သာမန်အဆင့်ထက် အလွန်တစ်ရာ ပိုမိုကောင်းမွန်စွာ ထုတ်လုပ်နိုင်သည့်အခါမျိုးသာလျှင် နိုင်ငံတကာ ယစ်ရွှေရည်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လေ့ ရှိသည်။ သုံးကြိမ် ဝင်ရောက်ယှဉ်ပြိုင်သည့်အခါတွင် CAMUS ထုတ်လုပ်ရေးသည် သုံးကြိမ်စလုံး ကမ္ဘာပေါ်တွင် အကောင်းဆုံးယစ်ရွှေရည်အဖြစ် ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံရသည်။ ထို့ကြောင့် သုံးကြိမ်လုံး ရွှေတံဆိပ်ဆု ချီးမြှင့်ခံရသည်မှာ မတော်တဆ မဟုတ်ပါဟု ပြင်သစ် CAMUS ယစ်ရွှေရည်ထုတ်လုပ်ရေးမှ ဖော်ပြထားသည်။



## မျိုးဆက်သစ် တစ်တွဲ

ရုပ်ရှင်သတင်းနဲ့ ပတ်သက်၍ အတွင်းရေးများကို နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေဖော်ပြလေ့ရှိတဲ့ ပါပါရာဇီ သတင်းသမားတွေဟာ ဟောလိဝုဒ်ရဲ့ နာမည်ကြီး မင်းသားနှင့် မင်းသမီးတွေဘက်ကို ခြေဦးမလှည့်တော့ဘဲ I'M NO FOUR ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားမှာ ချစ်သူများအဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့ကြတဲ့ တက်သစ်စ ဆယ်ကျော်သက် မင်းသမီးချောလေး ဒိုင်ယာနာအေနဲ့ မင်းသားငယ် အဲလစ်တို့ကို ပစ်မှတ်ထားပြီး သွားလေရာ နောက်ယောင်ခံလိုက်နေကြပါတယ်။ သူတို့ဟာ အပြင်မှာလည်း တကယ်ကို သံယောဇဉ်ငြိသွားခဲ့ကြလို့ မခွဲနိုင်လောက်အောင် ဖြစ်နေကြပါတယ်။ SUGAR FILM MAGAZINE မှာ ဖော်ပြခဲ့ကြပါတယ်။ အဲဒီအကြောင်းကို မင်းသမီးချောလေး ဒိုင်ယာနာက "မင်းသား အဲလစ်ဟာ အင်မတန် စိတ်လှုပ်ရှားစရာ၊ ရင်ခုန်စရာဖြစ်တယ်" လို့ ချေပလိုက်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



## ထိုက်ထိုက်တန်တန်

မြန်မာနိုင်ငံ ရုပ်သံကြည့် (ကိုရီးယားရုပ်သံစီးရီး ပရိသတ်) အထူးသဖြင့် အမျိုးသမီးပရိသတ်၏ အားပေးခြင်းခံရသူ ကိုရီးယား နာမည်ကျော်မင်းသား ဂျူမုံ (ဆောင်အီဂွတ်)သည် လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ် မြန်မာနိုင်ငံတွင်ကျင်းပသော ကိုရီးယားရုပ်ရှင်ပွဲတော်သို့ ပထမအကြိမ် ရောက်ခဲ့စဉ်က သည်းသည်းလှုပ် ကြိုဆိုအားပေးခဲ့ကြသည်။ ယခုတစ်ဖန် ကိုရီးယားရုပ်ရှင်မင်းသား ဂျူမုံနှင့် ကိုရီးယား ရုပ်ရှင်ဒါရိုက်တာတစ်ဦးသည် မြန်မာနိုင်ငံသို့ ဧပြီလ နောက်ဆုံးပတ်တွင် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်း ဇာတ်ကား ရိုက်ကူးသောအခါတွင် သူတို့အနေနှင့် မည်သို့ အကူအညီပေးနိုင်မည်ကို လာရောက်လေ့လာမည်ဖြစ်ကြောင်း ဗိုလ်ချုပ်ရုပ်ရှင် ဖြစ်မြောက်ရေးအဖွဲ့မှ ပြန်ကြားရေးမှူး ဦးဇော်သက်ထွေးက ၈. ၄. ၂၀၁၃ နေ့တွင် ပြည်မြန်မာဂျာနယ်သို့ ပြောကြားခဲ့ကြောင်း သိရသည်။

## အိပ်မက်ရှင်ကို ကြင်နာပါ



တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် အိပ်မက်ထဲကအတိုင်း အကောင်အထည် မဖော်နိုင်ကြပါချေ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့အတွက် အိပ်မက်များသည် မျှော်မှန်းချက်၊ မျှော်လင့်ချက်များကို နက်နက်ရှိုင်းရှိုင်းဖြစ်စေသည်မှာ အမှန်ပင်။ မျှော်လင့်ချက်များ၊ ပျော်ရွှင်ချမ်းမြေ့မှုများ ခံစားရရှိခြင်းအားဖြင့် ခက်ခဲသော အချိန်ကာလများသည် ကျွန်ုပ်တို့ထံမှ ဖယ်ခွာသွားကြလေတော့သည်။ ထိုနည်းတူ KEPCO အဖွဲ့အစည်းသည် ကျွန်ုပ်တို့အတွက် ထွန်းလင်းတောက်ပသော အနာဂတ်ကာလသို့ ခြေလှမ်းတစ်လှမ်း ပဏာမစတင်လှမ်းလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ချို့ငဲ့နွမ်းပါးသူများအပေါ်တွင် ဖြူစင်မွန်မြတ်သော မေတ္တာဖြင့် ကူညီခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းလုံးတွင် အလင်းရောင်ဖြန့်ကြက်နိုင်ပါစေဟူ၍ ဖော်ပြထားခြင်းနှင့် ပတ်သက်၍ သိရှိလိုပါက ဆက်သွယ်ရန် WWW.KEPCO.KR သို့ စုံစမ်းနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အောင်သွယ်လုပ်ငန်း



တရုတ်နိုင်ငံ၏ လူဦးရေ (၁ ဒသမ ၃) ဘီလျံကျော်တွင် အိမ်ထောင်မရှိသော အမျိုးသား၊ အမျိုးသမီး စုစုပေါင်း သန်း ၁၈၀ မျှရှိကြောင်း တရုတ်နိုင်ငံတစ်ဝန်းလုံးဆိုင်ရာ အမျိုးသမီးများ အဖွဲ့ချုပ်က ၂၀၁၀ ပြည့်နှစ်တွင် စစ်တမ်းပြုလုပ်၍ ဖော်ပြထားခဲ့သည်။ အလုပ်နှင့်မတ်သက်၍ ဖိစီးမှုများသော တရုတ်များသည် အိမ်ထောင်ဖက်ရှာရန်အတွက် တရုတ်အွန်လိုင်း အောင်သွယ်ရေးလုပ်ငန်းကို အသုံးပြုခဲ့ကြသည်။ ထို့ကြောင့် အွန်လိုင်း အောင်သွယ်ရေးလုပ်ငန်း ဈေးကွက်မှာ ဖွံ့ဖြိုးတိုးတက်လာပြီး ၂၀၁၄ ခုနှစ်တွင် ဒေါ်လာ ၃၁၅ သန်းအထိ ရောက်ရှိလာနိုင်ကြောင်း ANALYSIS INTERNATIONAL မှ အစီရင်ခံစာ ထုတ်ပြန်ခဲ့လေသည်။ အောင်သွယ်လုပ်ငန်း ဝက်ဘ်ဆိုက်အများအပြား ရှိကြသည့်အနက် JIAYUAN.COM အွန်လိုင်းအောင်သွယ်ဝက်ဘ်ဆိုက်တွင် အသုံးပြုသူ ၆၃ သန်းရှိသည်။ ZHENAI.COM တွင်လည်း သန်းပေါင်း ၄၀ ကျော်တို့က အသုံးပြုသည်။ မိတ်ဆွေသစ်ရှာဖွေခြင်းနှင့် ချစ်သူရည်းစား ရှာဖွေခြင်းတို့ကို အောင်သွယ်ရေးဝက်ဘ်ဆိုက်များဖြင့် ဆောင်ရွက်ကြသည်။

## ထုံးတမ်းစဉ်လာ



ရှေးလွန်လေပြီးသော ကာလများတွင် အစားအသောက်များနှင့်ပတ်သက်၍ တိုးတက်ဖြစ်ထွန်းရန် စောင့်ရှောက်ကြသော မှော်ပညာရှင်များကို ပူဇော်ပသလေ့ရှိကြသည်။ ယင်းကဲ့သို့သော အယူအဆများသည် မျက်မှောက်ခေတ်သို့ ရောက်သောအခါ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းဒဏ္ဍာရီများအဖြစ်သို့ ရောက်ရှိခဲ့ကြလေပြီ။ သို့ရာတွင် ရှေးထုံးတမ်းစဉ်လာကို မပျက်မကွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြသော ပြည်သူများထဲတွင် အချို့နိုင်ငံများလည်း ပါဝင်နေကြသည်။ ထိုသို့ မှော်ပညာရှင်များကို ရိုးရာမပျက် ပသခြင်းအားဖြင့် အစားအစာများ၊ ယမကာများ ဖောဖောသီသီ ရရှိနိုင်ကြောင်း မိဘဘိုးဘွားများ၏ အဆိုအမိန့်ကို လုံးလုံးလျားလျား မပစ်ပယ်ဘဲ လယ်ယာမြေထဲတွင် ဖော်ပြပါ မှော်ပညာရှင် အသွင်သဏ္ဌာန်ဖြင့် ဆက်လက်တည်ရှိနေသည်။ နယူးဇီလန်နိုင်ငံ၏ ဝေးလံသီခေါင်သော နယ်စွန်နယ်ဖျားသို့ ရောက်သွားသည့် တိုးရစ်ဓာတ်ပုံသမားက လျှပ်တစ်ပြက်ရိုက်ချက်ဖြင့် မှတ်တမ်းတင်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## သတ္တိနဲ့အမြော်အမြင်

လွန်ခဲ့သော ငါးလကျော်က တာလီဘန် သေနတ်သမားတို့၏ ပစ်ခတ်ခြင်းခံခဲ့ရသော ပါကစ္စတန်မိန်းကလေး မာလာလာ (အသက် ၁၅ နှစ်)သည် အင်္ဂလန်နိုင်ငံတွင် ဆေးကုသမှု ခံယူခဲ့ရာမှ ဒဏ်ရာများသက်သာနေပြီဖြစ်သောကြောင့် အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့တွင် ကျောင်းပြန်တက်နေကြောင်း၊ ယင်းသို့ ကျောင်းတက်ခွင့်ရသည့်အတွက် အတိုင်းမသိဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း မာလာလာက ပြောပြလိုက်သည်။ ပါကစ္စတန်နိုင်ငံတွင် ကျောင်းတက်ပညာသင်ကြားကြသော မိန်းကလေးများကို တာလီဘန်တို့က အက်ဆစ်ဖြင့်ပက်ခြင်း၊ သေနတ်ဖြင့်ပစ်ခတ်ခြင်းများ ပြုလုပ်လေ့ရှိကြသည်။ လွန်ခဲ့သောနှစ် အောက်တိုဘာလအတွင်းက မိန်းကလေးများ ပညာသင်ကြားခွင့်ရရှိရန် တိုက်ပွဲဝင်ခဲ့သော မာလာလာကို တာလီဘန်တို့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့သော်လည်း မသေဘဲ ဒဏ်ရာအကြီးအကျယ်ရခဲ့သည်။ သူမ၏ သတ္တိနှင့် အနာဂတ်အတွက် အမြော်အမြင်ရှိမှုကြောင့် GLOBAL TRAILBLAZER AWARD ဆုချီးမြှင့်ခြင်း ပြုခဲ့ရလေသည်။



## ကျေးဇူးသိတတ်သူ

သမိုင်းဦးဘုံ မြေခေတ်၏ နောက်ပိုင်းကာလများမှ အစပြုကာ လူသားများ အမဲလိုက်၍ ရရှိသော သားကောင်များ၏ အသားကို လူတို့က စားသောက်ကြသည်။ လူတို့မစားနိုင်သော အရိုးအရင်းများကို အနီးပတ်ဝန်းကျင်တစ်ဝိုက်သို့ စွန့်ပစ်လေ့ရှိကြစမြဲ ဖြစ်သည်။ ထိုအခါ ယင်းသို့စွန့်ပစ်ထားသော အရိုးအရင်းတို့တွင် ကပ်ငြိနေသော အသားအစအနများကို ခွေးများက ကိုက်ဖဲ့စားသောက်ရာမှ တစ်ဆင့် ကမ္ဘာ့တိရစ္ဆာန်များထဲတွင် လူသားတို့၏ အဖော်သဟဲအဖြစ် ပထမဆုံး ပေါင်းဖက်နေထိုင်ကြသည်မှာ ခွေးများပင်ဖြစ်သည်။ မကြာသေးမီက အင်္ဂလန်နိုင်ငံ အနောက်မြောက်ဒေသတွင် အလုပ်လက်မဲ့ဖြင့် ဆင်းရဲမွဲတေနေသော ခမ်ဝင်မန် ဆိုသူသည် သူ၏အဖော် ခွေးမလေး မက်ဂီနှင့်အတူ မော်လမ်ဘီကမ်းခြေတွင် ဆာလောင်မွတ်သိပ်စွာဖြင့် လဲလျောင်းနေခဲ့သည်။ ထိုအခိုက်အတန့်တွင် သူ့အနီးမှ ထသွားသော ခွေးမလေးသည် ကမ်းခြေတစ်နေရာမှ ရှာဖွေချီယူလာခဲ့သော ငါးကြီး(ဝေလငါး)အန်ဖတ်ကြီးတစ်ခုကို သူ့သခင်ဘေးတွင် လာချပေးခဲ့သည်။ အလေးချိန် ခြောက်ပေါင်ခန့်ရှိ၍ ပြန်လည်ရောင်းချရာ ကာလတန်ဖိုး ဒေါ်လာတစ်သိန်းကျော်ရရှိခဲ့၍ လောလောဆယ် ဆင်းရဲခြင်းမှ လွတ်ကင်းသွားသည်။

ၡ




www.burmeseclassic.com

www.burmeseclassic.com

## စစ်ပွဲမဖြစ်စေလိုပါ



လွန်ခဲ့သော မတ်လ ၂၁ ရက်နေ့တွင် အီရန်နိုင်ငံ၏ အထက်လွှတ်တော်ခေါင်းဆောင် အရာတိုလာခါမေနီက သတိပေးခြိမ်းခြောက်လိုက်သည်မှာ "အီရန်နိုင်ငံ၏ နျူကလီးယားစက်ရုံများကို အစ္စရေးတို့က ပစ်မှတ်ထား၍ လာရောက်တိုက်ခိုက်ပါက အစ္စရေးနိုင်ငံ၏ တယ်လ်အဗီမြို့တော်နှင့် ဟိုက်ဖာမြို့တို့ကို ကမ္ဘာ့မြေပုံပေါ်မှ ဖျောက်ဖျက်လိုက်မည်" ဟူ၍ဖြစ်သည်။ အနောက်နိုင်ငံများသည် အီရန်နိုင်ငံ၏ နျူကလီးယားသန့်စင်ခြင်း အစီအစဉ်မှာ အောင်မြင်တော့မည်ဖြစ်ပြီး မကြာမီအချိန်ကာလတွင် အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များကို ပိုင်ဆိုင်နိုင်တော့မည် စသဖြင့် သံသယဖြစ်နေကြသည်။ ထို့ကြောင့် အီရန်နိုင်ငံနှင့်အမိကရန်ဘက်ဖြစ်နေသော အစ္စရေးနိုင်ငံသည် အီရန်တို့ နျူကလီးယားလက်နက် မပိုင်ဆိုင်မီ ကြိုတင်နှိမ်နင်းရေးစစ်ပွဲ ဆင်နွှဲမည်ဟု မကြာခဏ ပြောဆိုလျက်ရှိသည်။ မတ်လ ၂၁ ရက်နေ့က အစ္စရေးနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်သမ္မတ အိုဘားမားကလည်း အီရန်နိုင်ငံအား နျူကလီးယားလက်နက် ပိုင်ဆိုင်ခြင်းမရှိစေရန် အတတ်နိုင်ဆုံး ကာကွယ်ရမည်ဟု ပြောကြားခဲ့သည်။



## အင်အားပြပွဲ

အာရှ ပစိဖိတ်ဒေသတွင် COBRA GOLD စစ်ရေးလေ့ကျင့်မှုသည် အမေရိကန်ပါဝင်သော အကြီးကျယ်ဆုံး စစ်ရေးလေ့ကျင့်မှုဖြစ်သည်။ ယင်းသို့လေ့ကျင့်ရာတွင် ထိုင်းနှင့်အတူ အခြားနိုင်ငံတို့မှ စစ်သည်အများအပြားလည်း ပါဝင်လေ့ရှိကြသည်။ စင်ကာပူ၊ တောင်ကိုရီးယား၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့လည်း ထိုစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်လေ့ကျင့်မည်ဖြစ်သည်။ အခြား ၁၃ နိုင်ငံကလည်း လေ့လာရန် ပါဝင်နိုင်လိမ့်မည်ဖြစ်သည်။ အမေရိကန်ပင်တဂွန်မှ ပြောရေးဆိုခွင့်ရှိသော ပုဂ္ဂိုလ်ဖြစ်သူ ဂျော့ချ်လစ်တယ်က "COBRA GOLD စစ်ရေးလေ့ကျင့်မှုမှာ လေ့လာသူများအဖြစ် မြန်မာစစ်အရာရှိအချို့ တက်ရောက်ဖို့ ထိုင်းနိုင်ငံက မေတ္တာရပ်ခံခဲ့ပါတယ်" ဟူ၍ပြောခဲ့သည်။ ထိုင်းကာကွယ်ရေးဝန်ကြီးဌာန၏ ပြောခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးကြီး သာနသစ်ဆဝန်ဆန်ကလည်း ထိုစစ်ရေးလေ့ကျင့်မှုနဲ့ပတ်သက်လို့ လေ့လာသူစာရင်းမှာ မြန်မာနိုင်ငံပါနေပါတယ်။ အဲဒီကိစ္စကို ရှေ့အစည်းအဝေးမှာ ဆွေးနွေးကြပါမယ်ဟု ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## စွန့်စွန့်စားစား

သမိုင်းတွင်စေရန် အတွက် သာမန်လူသားတို့ထက်ပို၍ ရဲစွမ်းသတ္တိနှင့် ပြောင်မြောက်သောစွန့်စားမှုတို့ကို ပြုလုပ်လေ့ရှိကြသည်။ စာနယ်ဇင်းများထဲတွင် သူ၏ပုံကို ဖော်ပြခြင်းခံရလျှင် ကျေနပ်အားရ ပီတိဖြစ်လေ့ရှိသော ရူးသွပ်သူလူစားအချို့သည် မကြာခဏ အထပ်ပေါင်း ၂၀ ကျော်မြင့်သော တိုက်ပေါ်မှ ကြိုးချိတ်တပ်၍ ခုန်ချခြင်း၊ ရေတံခွန်ထိပ်မှ "DINGHY" ရာဘာလှေဖြင့် မျှောချခြင်း စသဖြင့် အသေခံ၍ မိုက်မဲစွာပြုလုပ်ကြသည်။ ပုံထဲတွင် တွေ့မြင်ရသော လူစွန့်စားတစ်ဦးဖြစ်သူ ဂျွန်အီရပ်ခ်ရွှန်နာသည် ပေထောင်ချီမြင့်မားသော တောင်ထိပ်ပေါ်မှ ထီးတစ်လက်၏အကူအညီဖြင့် မြေပြင်ပေါ်သို့ ငြိမ့်ညောင်းစွာ ဆင်းသက်ပြခဲ့သည်။ ထိုထီးကို အထူးတလည် ခိုင်ခံ့အောင် ပြုလုပ်စီးမံထားသော်လည်း တိုက်ခိုက်နှုန်းအားဖြင့် အလွန်တရာပြင်းထန်သော လေဖိအားဒဏ်ကို အကြီးအကျယ်ခံခဲ့ရကြောင်း၊ သို့ရာတွင် မိမိသည် ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် တွန်းလှန်နိုင်သောကြောင့်သာ မြေပြင်သို့ ချောမောစွာ ဆင်းသက်နိုင်ခဲ့ကြောင်း စသည်ဖြင့် ဩဘာပေးသူများအား ပြောပြခဲ့သည်။

## ဒုက္ခသည်ဝခန်း



လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း၏ အထူးကိုယ်စားလှယ်ဖြစ်သော ဇာရှုကီသည် ဆီးရီးယားနိုင်ငံသို့ သွားရောက်ခဲ့သည်။ သူသည် သမ္မတအာဆတ် အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဆီးရီးယားနိုင်ငံတွင် ဖြစ်ပွားနေသော ပဋိပက္ခ တိုက်ပွဲများသည် ၂၁ လကျော်ခဲ့ပြီး ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ အပါအဝင် သေဆုံးသူများ၊ အကြီးအကျယ် ဒဏ်ရာအနာတရဖြစ်ကြသော ပြည်သူစုစုပေါင်း လေးသောင်းကျော်ခဲ့ပြီဖြစ်သည်။ အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ပိုမိုဆိုးရွားသည်ထက် ဆိုးရွားလာသည်။ တိုက်ပွဲများ နေ့စဉ်မပြတ် ဖြစ်ပွားနေသောကြောင့်၊ နိုင်ငံတွင် ကည်ငြိမ်မှုကင်းမဲ့နေခြင်းကြောင့် ပြည်တွင်းစစ်ဒဏ်ကို အလူးအလဲ ခံကြရရှာသော ပြည်သူအများအပြားသည် အိမ်နီးချင်းနိုင်ငံဖြစ်သော လက်ဘနွန်နိုင်ငံသို့ ဒုက္ခသည်များအဖြစ် ထွက်ပြေးတိမ်းရှောင် ခိုလှုံနေထိုင်သူ စုစုပေါင်း နှစ်သိန်းနီးပါးမျှ ရှိနေပေပြီ။

❑ ပိုးရွှေလမင်း



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နိုင်ငံက ဆွန်ယက်ဆင်ပြတိုက်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမိုင်းတွင် ဒေါက်တာ ဆွန်ယက်ဆင်သည် ထင်ရှားပေသည်။ သူ့ကို အကြောင်းပြု၍ အထိမ်းအမှတ်ပြတိုက် ပြုလုပ်ထားရာ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားကြသည်။ နိုင်ငံအဖြစ်အပျက်နှင့် ဆွန်ယက်ဆင်၏ ကြိုးပမ်းမှုကလည်း ဆက်စပ်နေပေရာ ကမ္ဘာကျော် မှတ်တမ်းတင်ခံရသူ ဖြစ်ပေသည်။

ဒေါက်တာ ဆွန်ယက်ဆင်သည် ခရစ်နှစ် ၁၈၆၆ ခုနှစ်တွင် မွေးဖွားပြီး ၁၉၂၅ တွင် ကွယ်လွန်သည့် အမျိုးသားခေါင်းဆောင် ဖြစ်သည်။ ကွန်မင်တန်ပါတီကို တည်ထောင်သူ တရုတ်နိုင်ငံ၏ နိုင်ငံတော်သမ္မတအဖြစ် ၁၉၂၃-၂၅ တွင် တာဝန် ထမ်းရွက်ဖူးသူဖြစ်သည်။

သူ့ကို အနောက်နိုင်ငံများက ခေတ်သစ်တရုတ်နိုင်ငံ၏ ဖခင်ကြီးဟူ၍ ကင်ပွန်းတပ်ကြသည်။ မန်ချူးမင်းဆက်ကို ဖြုတ်ချဖို့ ကြိုးပမ်းရာတွင် မအောင်မြင်ခဲ့သဖြင့် ၁၈၉၅ ခုနှစ်မှ ၁၉၀၀ အထိ ပြည်ပတွင် ထွက်ပြေးနေထိုင်ခဲ့ရသည်။ ခက်ခဲသော အခြေအနေများကို ရင်ဆိုင်ခဲ့သည်။

ယင်းကာလများတွင် သူ၏ ကျော်ကြားလှသည့် တရားသုံးပါး အယူအဆ ထွက်ပေါ်လာသည်။

အမျိုးသားဒီမိုကရေစီရေးနှင့် ပြည်သူတို့၏ စားဝတ်နေရေးတို့ဖြစ်သည့် အယူအဆကိုလည်း ထုတ်ပြန်ခဲ့သည်။ ထို့နောက် တော်လှန်ရေး အဖွဲ့အစည်းတစ်ခုကို တည်ထောင်သည်။ ကူမင်တန်အဖွဲ့၏ အမြုတေလည်း ဖြစ်သည်။

သူသည် တရုတ်ပြည်သို့ ပြန်လာပြီး ၁၉၁၁ တွင် တော်လှန်ရေးကို ဦးဆောင်သည်။ သို့ဖြင့် မန်ချူးမင်းဆက်ပြုတ်ကျခဲ့သည်။ သူ့ကိုလည်း ယာယီသမ္မတအဖြစ် တင်မြှောက်ကြသည်။


အစိုးရအဖွဲ့အတွင်း ကွန်ဆာဗေးတစ်များက အတိုက်အခံပြုလုပ်ခြင်း ခံရသဖြင့် ၁၉၁၂ တွင် ရာထူးမှ နုတ်ထွက်လိုက်သည်။ ထို့နောက် ကွမ်ချောင်းတွင် ခွဲထွက်အစိုးရ ထူထောင်သည်။ ကူမင်တန်ပါတီကိုလည်း ဆိုဗီယက်ပုံစံမျိုး ပြန်လည်ဖွဲ့စည်းသည်။ တရုတ်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းဖို့ ကြိုးပမ်းစဉ် ကွယ်လွန်ခဲ့သည်။

သမိုင်းနှင့်အတူ လေးစားခြင်းခံရပေရာ ဂုဏ်ပြုဒေါက်တာဆွန်ယက်ဆင် ပြတိုက်ကလည်း စိတ်ဝင်စားဖွယ်ရာ ဖြစ်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ရှေးဟောင်းအမွေအနှစ် ဘုရင့်စစ်ရေယာဉ်



၁၇ ရာစုက သုံးစွဲခဲ့သော ဘုရင့်စစ်ရေယာဉ်တိုက်ပွဲသုံးလက်ရာကို ပင်လယ်ပြင်တွင် နစ်မြုပ်လျက်ရှိရာမှ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ပြတိုက်တွင် ထားနိုင်ပြီဖြစ်သည်။ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင်ဖြစ်ပြီး အဖိုးတန်ရတနာဟု ဆိုပေသည်။

သစ်သားဖြင့် ပြုလုပ်ထားသည့် စစ်ရေယာဉ်ဖြစ်ပြီး တွေ့ရှိဖော်ထုတ်နိုင်သည့် နှစ်ငါးဆယ် ရွှေရတုအခမ်းအနားကျင်းပနိုင်သည်ဟု ရေတပ်အကြီးအကဲက ဆိုသည်။

အဆိုပါ စစ်ရေယာဉ်သည် ခရစ်နှစ် ၁၆၂၈ ခုနှစ် ဩဂုတ်လ ၁၀ ရက်က နစ်မြုပ်ခဲ့ကြောင်း သိရပြီး နှစ်ပေါင်း ၃၀၀ ကျော်မှ ပြန်လည်ဖော်ထုတ်နိုင်ခဲ့သည်။

၁၉၆၁ ခုနှစ် ဧပြီလ ၂၁ ရက်က ပြန်လည်ဖော်ထုတ်နိုင်ခဲ့ရာ ယခု ရွှေရတုတိုင်ပေပြီ။ ထိုစဉ်က ကမ္ဘာတစ်ဝန်းမှ ပရိသတ် သန်း ၁၀၀ ခန့်က ရုပ်မြင်သံကြားမှ ကြည့်ရှုခဲ့ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အသက်(၉၀)အရွယ်ရှိ အပ်လစ်ဆန် ဆိုသည့် ပြောရေးဆိုခွင့်ရှိသူက သင်္ဘောဟောင်း တွေ့ရှိမှုက မယုံနိုင်စရာပင် ဖြစ်ရသည်ဟု ပြောကြားပေသည်။

စစ်ရေယာဉ်မှာ ဆွီဒင်ဘုရင် ဒုတိယမြောက် ဂတ်စ်တော့ဗ် King Gustav II ပိုင်ဖြစ်ကြောင်း မှတ်သားရသည်။

ယခုအခါ စတော့ဟုမ်းမြို့ရှိ ဗာဆာ Vasa ပြတိုက်တွင် ထားရှိသည်။ သမိုင်းကြောင်းရှိသော အဖြစ်အပျက်များ တွေ့ရပြီး လေ့လာစရာများ ရှိပေသည်။

ဒုတိယကမ္ဘာစစ်ပြီးကာလမှ တွေ့ရှိခဲ့သည့် စူးစမ်းမှုလည်း ဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် ကြိုးစားရှာဖွေခဲ့ပြီး ထိုစဉ်က ရေအောက် ၃၂ မီတာတွင် နစ်မြုပ်ခြင်းဖြစ်သည်။

ရေအောက်ကမ္ဘာတွင် သင်္ဘောပျက်များစွာရှိပေရာ စုစုပေါင်း ၂၀,၀၀၀ ခန့်ရရှိခဲ့ကြောင်း ရေအောက်တွင် ၁၀၀,၀၀၀ ခန့် ရှိနေသည်ဟု ခန့်မှန်းရကြောင်း ရှေးဟောင်းသုတေသန ပညာရှင်တစ်ဦးက ဆိုသည်။

ယခု သင်္ဘောကို အဲသေအချာမွမ်းမံပြီး ပြတိုက်၌ထားရှိရာ အနှစ် ၂၀ အတွင်း ကမ္ဘာတစ်ဝန်းမှ လူသန်း ၃၀ ခန့် လာရောက်ကြည့်ရှုခဲ့ကြသည်။ တော်ဝင်ဘုရင့်စစ်ရေယာဉ်၏ အနေအထားကို တွေ့ရသည်။

❒ မောင်ကောင်းယဉ်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးဝဉ္စာ

## ခွေးရူးပြန် ဝက်ရူးပြန် ဆေးနည်း

ကနုံဘလူ ကံတင်အောင်

လက်ပံပွင့်ချိန် ခွေးရူးချိန်ဟုဆိုပါသည်။ လက်ပံပင်မှ အပွင့်များပွင့်လာလျှင် ခွေးရူးများပေါ်လာတတ်သည်။ ခွေးရူးအကိုက်ခံရပြီဆိုသည်နှင့် ပေါ့ပေါ့ဆဆနေ၍မရတော့၊ အလှူ၊ ဘုန်းကြီးပျံ၊ ကီစွ(အသုဘ) စသည့်နေရာများတွင် သွား၍မရတော့။ ခွေးတောက်ပင်အောက်တောင်မရောက်ရ။ မဆင်ခြင်ပါက ခွေးရူးပြန် ရောဂါဖြစ်ကာ အသက်ဆုံးရှုံးရသည်ဟု ဆိုပါသည်။

ဝက်ရူးပြန်ရောဂါမှာလည်း မကြာခဏဆိုသလို လူတို့မှာ ဖြစ်ပေါ်တတ်ပါသည်။ ဝက်ရူးပြန်ရောဂါသည် ခရီးသွားရင်း၊ လုပ်ရင်းကိုင်ရင်းနှင့် လူတကာကြား ဖြစ်ပေါ်ခံစားရပါသည်။ အချိန်မီသိ၍ ခြေဆုပ်လက်ဆုပ်ပြုပါက သက်သာပျောက်ကင်းနိုင်ပါသည်။ သို့မဟုတ်ပါက သေဖို့သာဖြစ်ပါသည်။

ကျွန်တော့်မှာ ဖခင်အသက်ထင်ရှားရှိစဉ်က မှတ်တမ်းထားခဲ့သော ဆေးမှတ်တမ်းစာအုပ်မှ ခွေးရူး၊ ဝက်ရူးပြန် ကာကွယ်ဆေးနည်းအမှန်ဟူ၍ စာဖြင့်မှတ်ကူးထားပါသည်။ အဖေသေခဲ့၍ ကျွန်တော်တို့အား အမွေအဖြစ်မပေးနိုင်ခဲ့ပါ။

အဖေ သေပြီးနောက်ပိုင်း နှစ် (၃၀)ခန့်ကြာမှ ရှေးဟောင်းသေတ္တာကြီးအတွင်းရှိ မင်စိုဖြင့် ရေးသားထားသော ဗလာစာအုပ်ကို တွေ့ခဲ့ရခြင်း ဖြစ်ပါသည်။

ကျွန်တော်မှ ပြန်လည်ကူးယူ၍ လိုအပ်သူများ သုံးစွဲနိုင်စေရန် ယခုခေတ်အခါလို မဂ္ဂဇင်း၊ စာစောင်များ တိုးပွားများပြားနေသည့်အချိန်မှာ ဖတ်မှတ်သူများက တစ်ဆင့်စကား တစ်ဆင့်နားဖြန့်ဝေ၍ ဘေသဇ္ဇ ဒါနပြုကြရန်အတွက် တင်ပြရေးသားရခြင်း ဖြစ်ပါသည်။

### ခွေးရူးပြန်ကုဆေးနည်း

၁။ ဆေးဒါန်း၊
၂။ ရှိန်းခို၊
၃။ မရိုး၊
၄။ ရှောက်ဆူး စသည်တို့ကို ဆတူရော၍ သွေးစို့လာရုံ ငယ်ထိပ်မှာ ထိုးပေးပါ။

ခွေးရူးပြန်ရောဂါဖြစ်လာပါက ကြက်သွန်နီကိုပါးပါးလှီး၊ ရေကန်မှာဖျော်ပြီး ခွေးရူးပြန်သူကို ဦးခေါင်းဖော်၍ စိမ်ထားပါ။ တစ်နာရီအကြာ စိမ်ပေးထားပါက ခွေးရူးပြန်ခြင်း သက်သာပျောက်ကင်းသွားမည် ဖြစ်ပါသည်။

### ဝက်ရူးပြန်ကုဆေးနည်း

၁။ ဝက်သား ခုနစ်တုံး၊
၂။ ငချိတ်ဆန် ငါးကျပ်သား၊
၃။ ငရုတ်ကောင်း ခုနစ်စေ့၊
၄။ တံစက်မြစ် တစ်ကျပ်သား စသည်တို့ကိုရော၍ ချက်စားပေးပါ။ ချက်သောအခါ အိုးဖင်မှာ ငှက်ပျောဖက် (ကသဲငှက်ပျော) သုံးခုထပ်ခံ၍ချက်ပါ။ ဝက်ရူးပြန်ခြင်းဝေဒနာ ပျောက်ကင်းသက်သာသွားမည် ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် တင်ပြရေးသားရပါသည်။

(ဤဆေးနည်းမှတ်စုကို ထိန်းသိမ်းပြုစုခဲ့သော ကွယ်လွန်သူ ဖခင်ကြီး ဦးကံမောင်အား ဤစာစုဖြင့် ကန်တော့အပ်ပါသည်။)

❒ ကနုံဘလူကံတင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ကင်းပွန်းဘုန်းတော်ကြီး၏ ဂမ္ဘီရဆေးနည်းများ

မေဒသုတေသီဆရာမျိုး

ကျွန်ုပ်သည် တစ်နေ့သ၌ နေပြည်တော်တပ်ကုန်း မြို့နယ်၊ ကင်းပွန်းတန်းကျေးရွာမှ ရဟန်းတစ်ပါးဖြစ်သော ဘုန်းတော်ကြီး ဦးအာသဘထံမှ အောက်ပါ. ဆေးနည်းများကို သိရှိခဲ့လေရာ စာဖတ်ပရိသတ်များ အကျိုးအတွက် ထပ်ဆင့်ဖော်ပြပေးအပ်ပါသည်။

**(က) ငှက်ဖျားပျောက်နည်း**

အသင့်ရှိမည့်ပစ္စည်းများ . . .

၁။ ရှိန်းခိုအမှုန့် ၂။ မီးရဲနေအောင်ဖုတ်ထားသော အုတ်ခဲ ၃။ လူနာ၏ကျင်ငယ်ရည် ၄။ ချွေးအောင်းရန်လိုအပ်သောပစ္စည်းများ ၅။ ဆား။

အုတ်ခဲကို ချွေးအောင်းမည့်နေရာမှာချပြီး ကျင်ငယ်ရေလောင်းပါ။ ဆားတစ်ဇွန်းဖြူးပြီး ရှိန်းခိုအမှုန့်ဖြူးပြီးလျှင် ချွေးအောင်းရန်ဖြစ်ပါသည်။ အထက်ပါအတိုင်း ပုံမှန်ဖျားချိန်မတိုင်မီ ကြိုတင်အောင်းရပါမည်။ သုံးကြိမ် သုံးရက် ဆက်တိုက်ချွေးအောင်းပေးပါက ငှက်ဖျားအမြစ်ပြတ်ပါသည်။

**(ခ) ငှက်ဖျားပျောက် မျက်စဉ်းခတ်နည်း**

အသင့်ရှိရမည့်ပစ္စည်းများ . . .

ကွမ်းရွက်ကြီး၊ ကွမ်းစားဆေး၊ ဆား၊ ဒန့်သလွန်ရွက်၊ ငရုတ်ကောင်းမှုန့်၊ လေးညှင်းမှုန့်။

ကွမ်းရွက်ကြီးပေါ်သို့ ဆေးရွက်ကြီး၊ ဆား၊ ဒန့်သလွန်ရွက်တို့ကိုတင်၍ပွတ်ပါ။ ပြီးလျှင်ငရုတ်ကောင်းမှုန့်နှင့် လေးညှင်းပွင့်ကိုတင်၍ အရည်လည်လာသည်အထိ ပွတ်ရမည်။ လူနာကိုပက်လက်လှန်၍ မျက်စိကိုစုံဖြဲပြီး နှစ်ဖက်စလုံးကို တစ်ခါတည်းစုံခက်ရမည်။ (တစ်ဖက်ချင်းခတ်၍မရဘဲ စုံခတ်ရမည်ကိုသတိပြုပါ) ဤအတိုင်း တစ်ထိုင်တည်း သုံးကြိမ်ပြည့်အောင်ခတ်ပါက ငှက်ဖျားပြေပါလိမ့်မည်။

**(ဂ) မျက်စိယား၊ မျက်သားထ၊ မျက်စိမှုန် နှင့် အခြားမျက်စိရောဂါများ**

ပျားရည်ကို မျက်စိထောင့်ထဲချပေးပြီး လက်နှင့်ဆွဲပေးရပါမည်။

**(ဃ) လေနာရောဂါပျောက်ဆေး**

အသင့်ရှိရမည့်ပစ္စည်းများ . . .

ပဒိုင်းသီး (၃၃)လုံး၊ မြေအိုးအသစ်၊ ဆား၊ ရွှံ့။

ပဒိုင်းသီးအနာလွတ် (၃၃)လုံးကို ရအောင်ရှာပါ။ ထိပ်ဝအညှာပိုင်းကို ပုံစံမပျက်အောင် ဓားဖြင့်လှီးပါ။ ကိုယ်ထည်ပိုင်းအတွင်းက အစာတွေကိုခြစ်ထုတ်ပြီးနောက် အားလုံးကိုဆားအပြည့်သိပ်ပါ။ ပြီးလျှင်ခုနက လှီးထားတဲ့ အဖုံးအတွင်းပိုင်းတွေမှာ ကမှအ အထိဗျည်း(၃၃)လုံးပြည့်အောင် အဖုံးများကိုပြန်အုပ်ထားရမည်။

မြေအိုးသစ်တွင် ဆားခံပြီး ပဒိုင်းသီးများကိုထောင်း၍ အက္ခရာစဉ်အလိုက် ဆုံ့သလောက်ထည့်ပြီးလျှင် အပေါ်ကဆားတစ်ထပ်ထပ်အုပ်၍ ပဒိုင်းသီးဆုံ့သလောက်ထည့်ပါ။ ဤနည်းဖြင့် ပဒိုင်းသီး ဗျည်း(၃၃)လုံး ပြည့်လျှင် မြေအိုးအဖုံးကိုပိတ်၍ လေလုံအောင် ရွှံ့ဖြင့် ဇော်မံမံပါ။ ပြီးလျှင် မီးပြင်းပြင်းတိုက်၍ဖုတ်ပါ။

ရလာသော ပဒိုင်းသီးမီးဖုတ်များကိုအမှုန့်ကြိတ်၍ ညအိပ်ရာဝင်တိုင်း စားသုံးနိုင်ပါသည်။

ဆေးနည်းများကို မိန့်ကြားပေးသော ဘုန်းတော်ကြီး ဦးအာသဘအား ကျေးဇူးတင်ရှိစွာဖြင့် ပူဇော်ကန်တော့အပ်ပါသည်။

❒ မေဒသုတေသီဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## မြန်မာ့တော်ဝင် အစွမ်းထက် ဆေးမြီးတိုများ

**သုတေသီ ဆရာငြိမ်း**

"အစာလည်းဆေး ဆေးလည်းအစာ" ဟု ဆိုကြ၏။

ထို့အတူပင် နွယ်မြက်သစ်ပင်မှန်သမျှ ဆေးဖက်ဝင်ကြသည်ဟုလည်း သတ်မှတ်ကြ၏။

မိမိတို့အဖို့ အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် ဆေးဝါးကောင်းတို့သည် အရေးကြီး၏။ ဤတွင် ဆေးဝါးဟူသည် တန်ဖိုးကြီးမားမှုရယ် မဟုတ်။ အချို့ တန်ဖိုးနည်းလှစွာနှင့်ပင် ပျောက်ကင်းကုန်ကြ၏။ "ရောဂါနှင့်ဆေး တည့်အောင်ပေးက ပျောက်ရေး ဘယ်မှာမခက်ပါ" ဟု ဆိုရမည်သာပင်။

မိမိတို့နိုင်ငံ၌ ဆေးပင်ဆေးမြစ်တို့ကို သဘာဝကြီးက လက်ဆောင်ဝေငှပေးထား၏။ ဆေးဖက်မဝင်သော အပင်ဟူ၍မရှိ။ ဒီအတွက် ဝေဒနာရှင်တို့ အကျိုးရှိစေရန် ဆေးကျမ်းအစောင်စောင်တို့ကို လေ့လာ၍ မြန်မာ့တော်ဝင် အစွမ်းထက်ဆေးမြီးတိုများကို တင်ပြလိုက်ပါ၏။

### (၁) အိပ်ရာထဲ ဆီးသွားလေ့ရှိလျှင်

အချို့ အချို့သော ကလေးများသည် အသက် ရှစ်နှစ်၊ ကိုးနှစ်သား တိုင်အောင်ပင် အိပ်ရာထဲ ဆီးသွားတတ်သော အလေ့ရှိပါသည်။ ဒီအတွက် မာန်မဲဆူပူခြင်း၊ ရိုက်မောင်း ပုတ်မောင်းလုပ်ခြင်းတို့ကို မပြုမိပါစေနှင့်။ ထိုအလေ့အထ ပျောက်ကင်းသွားစေမည့် နည်းလမ်းကောင်းလေးတစ်ခုကို ပေးလိုက်ပါ၏။

ကလေး ညမအိပ်မီ ပျားရည်စစ်စစ် တစ်ဇွန်းကို ရေနှင့်သင့်တင့်စွာဖျော်၍ တိုက်ပေးပါ။ (လေးရက်ထက် ပိုမတိုက်ရပါ)။ သင့်ကလေး အိပ်ရာထဲ ဆီးသွားသည့်အလေ့ ပျောက်သွားပါလိမ့်မည်။

တစ်နည်း နှမ်းနက်ကိုကြိတ်၍ အမှုန့်ပြုပါ။ ထမင်းစားဇွန်းတစ်ဇွန်း ပမာဏ ညက်စွာဝါး၍ စားပါစေ။ ဝါးစားပြီးသည်ရှိသော် နို့တစ်ခွက်ကို တိုက်ပါ။ သုံးပတ် အနည်းဆုံး မပျက်မကွက် လုပ်ပေးပါ။ ခြောက်နှစ်ရှိသော ကလေးကို နှစ်ပဲသားခန့် ကျွေးပါ။ (၁၄)နှစ် (၁၅)နှစ်ရှိသော ကလေးများပင် အိပ်ရာထဲ ဆီးသွားခြင်းမှ လွတ်ကင်းသည်ကို တွေ့ရ၏။ အိပ်မက်ထဲ ဆီးသွားသည်ကိုပင် ပျောက်ကင်းစေနိုင်စွမ်းရှိပါသည်။

### (၂) ချွဲသလိပ်တို့ ဆို့နေလျှင်

လသားအရွယ် ကလေးငယ်များ ချွဲသလိပ်တို့ ဆို့နေလျှင် သနားဖွယ်ကောင်းလှ၏။ နို့ဘူး ခဏခဏ တိုက်ကျွေးသဖြင့် ထိုငယ်လေး၏ရင်ဘတ် ချွဲသလိပ်များ ပိတ်ဆို့ပြီး လက်နှင့်ခြေများပါ ပြာ၍လာတတ်ပါသည်။ စိုးရိမ်ရသော အခြေအနေ ဖြစ်ပါသည်။ ဆေးရုံ ဆေးခန်းနှင့် ဆရာဝန် အလှမ်းဝေးသော ဒေသများ၌ အောက်ပါဆေးနည်းဖြင့် သက်သာပျောက်ကင်းသည်ကို လေ့လာတွေ့ရှိရပါ၏။

ကွမ်းရွက်ရသရည် တစ်ဇွန်း၊ ချင်းစိမ်းရသရည် တစ်ဇွန်း ထုတ်ယူပြီး ထိုဆေးနှစ်မျိုးထဲသို့ ပျားရည်နှစ်ဇွန်း ရောစပ်ပါ။ အဆင်သင့် ဖျော်စပ်ပြီးပြီဆိုလျှင် လက်ဖက်စားဇွန်းလေးနှင့် တစ်ဝက်ခန့် ကလေးငယ်ကို တိုက်ပေးပါ။

ဆေးတိုက်ပြီးပြီဆိုလျှင် ကလေးငယ် ပျို့အန်ပါလိမ့်မည်။ အန်သည့်အထဲ၌ သလိပ်များပါ ထွက်ကျလာလိမ့်မည်။ နောက်ထပ်မကြာမီ ဆေးတစ်ဇွန်း ထပ်တိုက်ပါ။ ဆေးတိုက်ပြီးသည်နှင့် ပျို့အန်ပါလိမ့်ဦးမည်။ သလိပ် အချွဲများ ပထမကဲ့သို့ပင် ထွက်ကျလာပါလိမ့်မည်။

ပျို့အန်ပြီးသည်နှင့် မှိန်းနေသော ကလေးငယ်၏ မျက်လုံးများ ပွင့်လာပါလိမ့်မည်။ အချို့ကလေးများတွင် ပျို့အန်ရုံတင်မက ဝမ်းစိမ်း၊ ဝမ်းဝါများ သွားတတ်ပါသည်။ ထိုအထဲ၌ ချွဲသလိပ်များ ပါတတ်၏။ (ဤသို့ဖြစ်ရခြင်းကား ဆေး၏ အာနိသင်ပင် ဖြစ်ပါကြောင်း)။

### (၃) ဝမ်းဖောဝမ်းရောင် ဖြစ်လျှင်

ဝမ်းဖော ဝမ်းရောင်ဆိုသည်မှာ လူရွယ်လူကြီးများသာ



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

မဟုတ်၊ လသားအရွယ် ကလေးငယ်များပင် ဖြစ်တတ်သော ဝေဒနာတစ်ရပ် ဖြစ်၏။ ထိုကလေးများ၏ ဝမ်းဗိုက်မှာ ဝမ်းမသွားရခြင်းကြောင့် သန့်ရှင်းမှု ကင်းမဲ့လာသည်။ မိခင်၏နို့ကို ကောင်းစွာစို့ခြင်း မပြုနိုင်ဘဲ ပြင်းထန်စွာ ကော့ထိုး၍ ငိုကြွေးလေတော့၏။ ထိုသို့ ဝမ်းဖောဝမ်းရောင် ဖြစ်ပါက အောက်ပါဆေးနည်းဖြင့် သက်သာပျောက်ကင်းနိုင်ပါ၏။

ရှိန်းခို ရွှေကြီးစေ့လောက်ယူပြီး မိမိ၏လက်ဖဝါးတွင်ထည့်၍ ရေနှစ်စက် သုံးစက်ခန့်ထည့်ကာ လက်မနှင့် လက်ဖဝါးပေါ်တွင်ပွတ်၍ ဖိချေပေးပါ။ ရှိန်းခိုနှင့်ရေ ရောစပ်သွားသည့်အခါ ထိုရှိန်းခို ပွတ်ချေသော လက်မနှင့် ကလေးငယ်၏ ချက်အတွင်းသို့ ပွတ်၍ ပွတ်၍ လိမ်းပေးပါ။

လက်ဖဝါးပြင်ပေါ်တွင် ကျန်ရှိနေသော ဆေးများဖြင့် ချက်အောက်ပိုင်းကို လက်ဖဝါးပြင်နှင့်ပွတ်၍ သပ်ချပေးပါ။ ချက်နှင့် ချက်၏အောက်ပိုင်းမှာ ရှိန်းခိုနှင့်ရေ လိမ်းပြီးသည်နှင့် ချက်ချင်းလက်ငင်း (နှစ်မိနစ်အတွင်း) လေများ ကျဆင်းသွားပါလိမ့်မည်။ ကလေးအငိုရပ်၍ လန်းရွှင်လာပါလိမ့်မည်။

သတိပြုရန်မှာ ရှိန်းခိုနှင့်ရေ ဆေးသည် ချက်နှင့် ချက်အောက်ပိုင်းကိုသာ လိမ်းပေးရပါမည်။ ချက်အထက်ပိုင်းကို လုံးဝ မလိမ်းရပါ။ ရှိန်းခိုမရပါက ထောပတ်ကို အစားထိုးသုံးစွဲနိုင်၏။

## (၄) ချောင်းပဲဆိုးဆိုး နှာပဲစေးစေး

ချောင်းပဲဆိုးဆိုး နှာပဲစေးစေး ကြောက်ရွံ့ထိတ်လန့်စရာ မလိုပါ။ သို့ရာတွင် ကူးစက်ရောဂါ ဖြစ်သည့်အတွက် နှာချေသည့်အခါတွင်ဖြစ်စေ၊ ချောင်းဆိုသည့်အခါတွင်ဖြစ်စေ အဝတ်သန့်သန့် စသော အကာအကွယ် တစ်ခုခုဖြင့် အုပ်ပြီးမှ နှာချေ၊ ချောင်းဆိုးသင့်ပါ၏။

ချင်းစိမ်းရည်၊ ကွမ်းရွက်စိမ်းရည်နှင့် ပျားရည် ဤဆေးသုံးမျိုးကို ဆတူရောစပ်ပါ။ ဤဆေးကို နံနက်၊ ည လက်ဖက်စားဇွန်းနှင့် တစ်ဇွန်း နှစ်ဇွန်း လျက်ပေးပါ။ နှစ်ရက် သုံးရက်အတွင်း ချောင်းဆိုးရောဂါနှင့် နှာစေးရောဂါများ ပျောက်ကင်းသက်သာပါ၏။

အထူးသဖြင့် ချောင်းဆိုးရောဂါ အမြဲခံစားနေရပါက ချင်းစိမ်းကို အတုံးသေးသေးကလေးများ ပြုလုပ်၍ အာခံတွင်း၌ ငုံထားပြီး တဖြည်းဖြည်းဝါးပါ။ ရလာသောအရည်ကို မျိုချပါ။ ဤသို့ ချင်းစိမ်းရည်ကို မျိုချပေးခြင်းဖြင့် ချောင်းအမြဲဆိုးနေတတ်သော ရောဂါဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

တစ်နည်း နနွင်းမှုန့် နှစ်ပဲသား၊ သကြားအနည်းငယ်တို့ကို ရေအနည်းငယ်ထည့်ကာ ပွက်ပွက်ဆူအောင် ကျိုပါ။ ထိုဆေးရည်ကို ချောင်းဆိုးသောသူအား တိုက်ကျွေးပါ။ အလွယ်နှင့် ချောင်းဆိုးရောဂါ ပျောက်ကင်းပါလိမ့်မည်။

ဤ၌ မိမိနှစ်သက်သလို ညအိပ်ရာဝင်ခါနီးတိုင်း နှစ်ရက် သုံးရက်ခန့် ဆက်၍သောက်နိုင်ပါ၏။ ထိုသို့မဟုတ်ပါက နနွင်းမှုန့်နှင့် သကြားကို အာခံတွင်းသို့ ပက်သွင်းပြီး ရေနွေးပူပူဖြင့် သောက်ပေးနိုင်ပါသည်။

## (၅) သွားကိုက်ဝေဒနာ ခံစားနေရသလား

သွားသည် အစားအစာတို့ကို ကြေညက်အောင် ကြိတ်ဝါးပေးရသော အင်္ဂါအစိတ်အပိုင်းဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် သွားကိုက်ဝေဒနာ ခံစားနေရပါက သက်သာပျောက်ကင်းစေနိုင်သည့် ဆေးနည်းကလေး တင်ပြပေးလိုပါ၏။

ကျောက်ချဉ်ကို ဒယ်အိုးထဲထည့်ပြီး မီးနှင့်လှော်ပါ။ ကျောက်ချဉ်များ အရည်ကုန်ခန်းသွားသည့်အခါ ဖြူဖွေးပြီး ပွင့်(ပွ)လာသော် ဒယ်အိုးကိုအောက်သို့ချ၍ ခံထားပါ။ ထို့နောက် ကျောက်ချဉ်ကို အမှုန့်ပြုလုပ်ထားပါ။

ထို့နောက် ကျောက်ချဉ်မှုန့် တစ်ကျပ်သား၊ နနွင်းမှုန့် သုံးကျပ်သား ၄ရာစပ်ပြီး သွားကြားထိုးတံ (သို့မဟုတ်) ကွမ်းရိုးဖြင့် ကဲ့ယူ၍ ကိုက်သောသွား၏အကြား သွားအခေါင်းပေါက်ထဲသို့ တဖြည်းဖြည်း ထိုးသိပ်ပေးပါ။ ဆေးများ သွားအတွင်းသို့ရောက်လျှင် ကိုက်ခဲခြင်းများ ပျောက်ကင်းပါလိမ့်မည်။ တစ်ကြိမ် နှစ်ကြိမ်နှင့်ပင် ပျောက်ပါ၏။

သွားကိုက်ဝေဒနာ ကင်းရလေအောင် အစာစားပြီးတိုင်း သွားတိုက်ပေးပါ။ ဆားနှင့်ရေနွေးကြမ်းရောကာ ပလုတ်ကျင်းပေးပါ။ သွားတိုက်ပါက သွားတိုက်ဆေးအစား နနွင်းမှုန့်ကိုလည်း အသုံးပြုနိုင်ပါသည်။

❒ သုတေသီဆရာငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



# သဘာဝ၏ ထိပ်တန်းလူသတ်လက်နက် အပူရှိန်

## လှတိုး (စိတ်ပညာ)

အလွန်ပူပြင်းသောရာသီသည် ကမ္ဘာရပ်ဝန်းများစွာတွင် ကြုံဆုံနေရသော ရာသီဥတုဖြစ်သည်။ ပူပြင်းသောရာသီသည် လူအများစုကို ပူအိုက်စေရုံသာ ပြုနိုင်သော်လည်း ယင်းသည် ကျန်းမာရေးဆိုင်ရာ ပြဿနာများသာမက အသက်ဆုံးပါးမှုပါ ဖြစ်စေနိုင်သည်။

ရေကြီးခြင်း၊ မုန်တိုင်းကျခြင်းနှင့် အခြားသဘာဝဘေးတို့သည် နှစ်စဉ်နှစ်တိုင်းပင် လူဦးရေ ထောင်ပေါင်းများစွာကို သေဆုံးစေသည်။ ထိုအကြောင်းများကို သတင်းစာများတွင် များစွာ တွေ့ရသည်။ သို့သော်လည်း သဘာဝ၏ အဆိုးဝါးဆုံး လူသတ်သမားဟု ကျွမ်းကျင်သူများက ဆုံးညွှန်းကြသည့် ဘေးအကြောင်းကို ယေဘုယျအားဖြင့် ကျွန်ုပ်တို့ သိပ်မကြားရချေ။

၁၉၇၉ ခုနှစ်မှသည် ၁၉၉၉ ခုနှစ်ထိ နှစ်ပေါင်းနှစ်ဆယ်ကာလတွင် အမေရိကန်နိုင်ငံတွင် အပူဒဏ်ဖြင့် သေဆုံးခဲ့သူ လူဦးရေ ၈၀၀၀ ကျော်သည်ဟု ကျန်းမာရေးပညာရှင်များက ဆိုသည်။ ထိုကာလတွင် ပြင်းထန်သော မုန်တိုင်း၊ လျှပ်စစ်မိုးကြိုးပစ်ခြင်း၊ ရေကြီးခြင်းများနှင့် ငလျင်လှုပ်ခြင်းတို့ အားလုံးပေါင်းစပ်ဒဏ်သင့် သေဆုံးသည့် လူဦးရေထက် ပြင်းထန်သော အပူဒဏ်ကြောင့် သေဆုံးသူဦးရေ ပို၍များပြားခဲ့သည်။ ၁၉၉၅ ခုနှစ် အလွန်ပူပြင်းသော နွေရာသီတစ်ကာလတွင် အမေရိကန်နိုင်ငံတော်၏ မြို့တစ်မြို့ဖြစ်သော အီလီနွိုက်ပြည်နယ် ချီကာဂိုမြို့တွင် အပူဒဏ်ကြောင့် သေဆုံးသူဦးရေ ၆၀၀ မကခဲ့ချေ။

ပြင်းထန်သော အပူဒဏ်ကို တိုင်းတာရန်အတွက် ရာသီဥတု ပညာရှင်များသည် အပူပြင်းဒဏ်ညွှန်းချက် (MEAN HEAT INDEX) တစ်ခုကို ပြုစုထားကြသည်။ ယင်းညွှန်းချက်သည် အလွန်ပူပြင်းသော နေ့တာတစ်လျှောက်တွင် ခံစားရပုံကို တိုင်းတာသည်။

အပူပြင်းသောနေ့ တစ်ရက် သို့မဟုတ် အပူပြင်းသော နေ့ပေါင်းများစွာ၏ စုပေါင်းအပူဒဏ်သည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟု ပညာရှင်များက ဆိုသည်။ အပူပြင်းသော နေ့ပေါင်းများစွာကို အပူလှိုင်းတစ်ခုအဖြစ် သတ်မှတ်သည်။ ညတာအပူချိန်နှင့် နေ့တာအပူချိန် မကွာခြားလှသော အခါတွင် ထိုအပူလှိုင်းသည် အသက်ဘေးသင့်နိုင်သည့် အနေ





www.burmeseclassic.com

www.burmeseclassic.com

ရောက်သွားသည်။ ထိုသို့သော အနေအထားသည် ခန္ဓာကိုယ်ပေါ် ဖိအားပြင်းထန်စေသည်။

အလွန်ပြင်းပြသော အပူဒဏ်မှ မိမိကိုယ်မိမိ ကာကွယ်နိုင်သော နည်းလမ်းပေါင်းများစွာ ရှိသည်ဟု ဆရာဝန်များက ဆိုသည်။ တတ်နိုင်သမျှ နေပူထဲမထွက်ခြင်းက ကာကွယ်နည်းတစ်ရပ်ပင်ဖြစ်သည်။ ရေအေးအေး များများသောက်ပါ။ ပိတ်သားဖြင့် ပြုလုပ်ထားသော အရောင်ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။ အဝတ်အစားများ ချောင်ချောင်ချိချိရှိပြီး လွတ်လပ်စွာ လှုပ်ရှားနိုင်စွမ်း ရှိပါစေ။ ထို့အပြင် အပူဒဏ်နှင့်စပ်ဆက်နေသော ကျန်းမာရေးဆိုင်ရာ အန္တရာယ်နိမိတ်လက္ခဏာများကို သိအောင် ကြိုးစားပါ။

ပူပြင်းသော ရာသီဥတုကြောင့် အဓိကကြုံတွေ့ရလေ့ရှိသော ကျန်းမာရေး ပြဿနာကား ပူအိုက်ခြင်းပင် ဖြစ်သည်။ ယင်းသည် ပုံမှန်အားဖြင့် အပေါ့ဆုံးဥပဒ်ပင်ဖြစ်သည်။ ကာယအလုပ် သို့မဟုတ် လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ ထူထဲသော အဝတ်အစားများ ဝတ်ဆင်ခြင်း၊ ပူအိုက်သောရာသီ သို့မဟုတ် စိုထိုင်းဓာတ် မြင့်မားခြင်းတို့က ပူအိုက်မှုဖြစ်စေသည်။ စိုထိုင်းဓာတ်သည် လေထုထဲတွင်ရှိသော ရေပမာဏပင်ဖြစ်သည်။ ဤအနေအထား များစွာက စုပေါင်း၍ လူတစ်ယောက်၏ ကိုယ်ပူချိန်ကို ဘေးကင်းသည့် အတိုင်းအတာထက် လွန်ကျူးအောင်မြင့်တင်ပစ်လိုက်နိုင်သည်။ ပူအိုက်နေသူသည် ချွေးဒီးဒီးကျသည်။ တစ်နည်း ခန္ဓာကိုယ်မှ ရေနှင့်ဆားဓာတ် ပမာဏများစွာ ဆုံးရှုံးသည်။

အများစုကမူ ကြွက်သားနာကျင်မှုမျှလောက်သာ အပူဒဏ်ခံရလေ့ရှိသည်။ ထိုကြွက်သားနာကျင်မှုသည် ခန္ဓာကိုယ်အလွန်ပူလောင်လာနေကြောင်း သတိပေးချက်ပင်ဖြစ်သည်။ ထိုသို့ဖြစ်လာလျှင် ရေများများသောက်ရသည်ဟု ဆရာဝန်များက ဆိုသည်။ ရေများများသောက်၍ ခန္ဓာကိုယ်တွင်းသို့ ရေနှင့်ဆားဓာတ် ပြန်လည်မျှတသွားသောအခါတွင် ထိုနာကျင်မှုတို့ ပပျောက်သွားသည်။ တချို့လူများအတွက်မူ ထိုဥပဒ်သည် ပြင်းထန်သည်။ ကျန်းမာရေးမကောင်းသူများအတွက်မူ အပူဒဏ်သည် ပို၍ဆိုးရွားသော ကျန်းမာရေးပြဿနာ ဖြစ်စေသည့် အကြောင်းတစ်ရပ် ဖြစ်နိုင်သည်။

ဥပမာ - တချို့ လူတို့သည် အပူဒဏ်ကြောင့် အန္တရာယ် ပို၍တိုးပွားသည့်အဖြစ်ကို ကြုံရလေ့ရှိသည်ဟု ဆရာဝန်များက ဆိုသည်။ ထိုလူနာတို့သည် နှလုံးအားနည်းသူများ သို့မဟုတ် နှလုံးထိခိုက်နေသူများဖြစ်သည်။ သွေးတိုးရောဂါ ရှိသူများ သို့မဟုတ် သွေးလည်ပတ်မှုစနစ် ပြဿနာရှိသူများ ဖြစ်သည်။ ပြင်းထန်သောအပူဒဏ်သည် နှလုံးလေဖြန်းမှု သို့မဟုတ် လေဖြတ်မှု ဖြစ်စေနိုင်သည်။ ပူပြင်းသော ရာသီဥတုတွင် ထိုရောဂါများသည် သေနှုန်းအများဆုံး ရောဂါများဖြစ်သည်။

ပြင်းထန်သော အပူသည် ကလေးသူငယ်များ၊ လူကြီးသူမများနှင့် ဆီးချိုရောဂါ သင့်နေသူများကို လွန်စွာဒုက္ခပေးနိုင်သည်ဟု ဆရာဝန်များက ဆိုသည်။ ခန္ဓာကိုယ် အလေးချိန်များသူများ၊ အဆီများ၊ ဝလွန်းသူများနှင့် အရက်သောက်သူများကိုလည်း ထိခိုက်နိုင်သည်။ သွေးတိုးရောဂါရှိသူများ၊ သွေးလည်ပတ်မှု မကောင်းသူများ၊ စိတ်ကယောက်ကယက်ဖြစ်သူများ သို့မဟုတ် စိတ်ကျရောဂါ သင့်နေသူများကိုလည်း အပူဒဏ်က ဥပဒ်ဖြစ်စေနိုင်သည်။

အပူဒဏ်သင့်မှုကို မကုသပါလျှင် အပူပန်းမှု ဟုခေါ်ဆိုသော ပို၍ပြင်းထန်သည့် ပြဿနာကို ကြုံနိုင်သည်။ ချွေးထွက်ခြင်းသည် ခန္ဓာကိုယ်၏ အပူဒဏ် ကာကွယ်နည်းတစ်ရပ်ပင်ဖြစ်သည်။ ချွေးထွက်ခြင်းသည် အရေပြားအေးမြစေရန်အတွက် ခန္ဓာကိုယ်မှ ရေလွှတ်ပေးသည့် နည်းပင်ဖြစ်သည်။ သို့တိုင်အောင် အပူပန်းနေသူတို့သည် ချွေးအဖြစ် ခန္ဓာကိုယ်ရေထွက်မှု လွန်မင်းပြီး သွေးသားခြောက်ခန်းမှု ဖြစ်တတ်သည်။

သွေးသားခြောက်ခန်းမှုသည် လူတစ်ယောက်၏ အလုပ်လုပ်နိုင်စွမ်းနှင့် တွေးခေါ်စွမ်းကို ထိခိုက်စေသည်။ ခန္ဓာကိုယ်မှ ရေ ၄ သို့မဟုတ် ၅ ရာခိုင်နှုန်းမျှ လျော့ပါးခြင်းကြောင့် လူ၏အလုပ်လုပ်ကိုင်မှုစွမ်းရည် ၂၀၊ ၃၀ ရာခိုင်နှုန်းကျဆင်းသည်ဟု ပညာရှင်များက ဆိုသည်။ ချွေးထွက်၍ ဆားဓာတ်လျော့ပါးခြင်းသည်လည်း ကြွက်သားများ၏ အလုပ်လုပ်နိုင်သည့် အတိုင်းအတာကို လျော့ပါးစေသည်။

အပူပန်းသူတို့သည် လွန်စွာအားယုတ်ပြီး နွမ်းနယ်နေလေ့ရှိသည်။ ပုံမှန်လမ်းလျှောက်၍ မရလောက်အောင် ဖြစ်တတ်သည်။ အပူပန်းခြင်းကြောင့် အော့ချင်အန်ချင်သလို ဖြစ်နိုင်သည်။ နှလုံးအခုန် မြန်နိုင်သည်။ အသက်ရှူမဝ ဖြစ်နိုင်သည်။ ခေါင်း၊ ရင်ဘတ် သို့မဟုတ် ဝမ်းဗိုက်တွင် နာကျင်နိုင်သည်။ ဤပြဿနာများ ကြုံနေသူတို့သည် အေးမြသောနေရာသို့ ရွှေ့ပြောင်း၍ ရေသောက်ရန်လိုသည်ဟု ဆရာဝန်များက ဆိုသည်။

အပူပန်းမှုသည် လျင်မြန်စွာဖြစ်ထွန်းနိုင်သော ဥပဒ်ဖြစ်သည်။ သို့သော် ရက်ပေါင်းများစွာ ကြာမြင့်စွာ တဖြည်းဖြည်းလည်း ဖြစ်လာနိုင်သည်။ ဆရာဝန်များက ဤသည်ကို ခန္ဓာကိုယ် သွေးသားခြောက်ခန်း ပန်းလျမှုဟု ခေါ်ဆိုသည်။ ရောဂါဝင်သူသည် နေ့စဉ် ဝင်ရေထက် ထွက်ရေနည်းနည်းပိုသွားသည်။ ထိုသို့ဖြစ်နေကြောင်း ရောဂါသည်က သိချင်မှ သိမည်။ သို့သော် ထိုသို့ ရက်ပေါင်းများစွာ စဉ်ဆက်မပြတ်ဖြစ်ပါလျှင် အပူပန်းမှုမျိုးနှင့် တူညီသော ဥပဒ်ပင်ဖြစ်ပေမည်။ သွေးသားခြောက်ခန်း ပင်ပန်းနွမ်းနယ်မှု ကုထုံးနှင့် အပူပန်းကုထုံးမှာ အတူတူပင်ဖြစ်သည်။ ရေပမာဏ များများစွာသောက်၍ အေးမြသောနေရာတွင် နားနေပါ။



www.burmeseclassic.com

www.burmeseclassic.com

အပူပန်းမှုကိုကောင်းစွာမကုသပါလျှင် အပူလေဖြတ်မှု ဖြစ်လာနိုင်သည်။ အပူလေဖြတ်ရာတွင် ခန္ဓာကိုယ်အပူချိန်သည် ၄၀ ဒီဂရီဆယ်ဆီယပ်ထက် ပိုမြင့်မားသွားသည်။

ခန္ဓာကိုယ်မှ ချွေးထွက်မှုတန့်သွားသည့် အရေပြားသည် ခြောက်သွေ့ပြီး လွန်စွာပူလောင်လာသည်။ လူသည် ဘာဖြစ်မှန်းမသိဘဲ သတိလစ်သွားနိုင်သည်။

ခန္ဓာကိုယ်အပူချိန် ၄၂ ဒီဂရီ ဆယ်ဆီယပ်ထက် လွန်ကျူးသွားပါလျှင် ခန္ဓာကိုယ်၏ တစ်သျှူးများနှင့် အင်္ဂါများ ကျက်စပြုလာသည်ဟု ဆရာဝန်များက ဆိုသည်။ ထာဝရ ဦးနှောက်ထိခိုက်မှုနှင့် သေကိန်းဆိုက်မှု ရှိနိုင်သည်။ အပူလေဖြတ်သူကို ချက်ချင်းဆေးကုသရန် လိုအပ်သည်။ ထိုသို့ ချက်ချင်းလက်ငင်း ကုသမှုမပြုနိုင်လျှင် လူနာ အသက်ဆုံးပါးနိုင်သည်။

ချက်ချင်းလက်ငင်း ကုသမှုပြုရမည့် နည်းများကား လူနာကို နေရိပ်ထဲသို့ ရွှေ့ပါ။ လူနာ၏ ခြေထောက်ကို မြေပြင်မှ ၃၀ စင်တီမီတာခန့် ထောင်လိုက်ပါ။ ထို့နောက် လူနာ၏ အဝတ်အစားကို ချွတ်လိုက်ပါ။ ခန္ဓာကိုယ်ကို ရေတင်ပေးပါ။ အရေပြားနှင့်သွေးကြော နီးစပ်ရာနေရာများတွင် ရေခဲတုံးလေးများ ကပ်ပေးပါ။ ယင်းနေရာများတွင် ဇက်ပိုးနှင့် ချိုင်းအောက်လည်း ပါဝင်သည်။ ရည်ရွယ်ချက်မှာ ကိုယ်ခန္ဓာအပူချိန် ဆက်လက်မတက်စေရန် လူနာကို တတ်နိုင်သမျှ အမြန်ဆုံးအေးမြသွားအောင် ပြုလုပ်ရေးပင် ဖြစ်သည်။

ပူပြင်းသောရာသီဥတုနှင့် ဆက်စပ်နေသော ကျန်းမာရေးဆိုင်ရာ အန္တရာယ်အရိပ်လက္ခဏာများကို သိထားရန် အရေးကြီးသည်ဟု ပညာရှင်များက ဆိုသည်။ ထိုလက္ခဏာများ ပေါ်လာလျှင် မည်သို့ဆောင်ရွက်ရမည်ကိုလည်း သိထားသင့်သည်။

ရေသည် ကျန်းမာရေး အကြောင်းတရား များစွာအတွက် အရေးပါသည်ဟု ပညာရှင်များက ဆိုသည်။ ခန္ဓာကိုယ်၏ အများစုအပိုင်း ၆၅ ရာခိုင်နှုန်းသည် ရေပင်ဖြစ်သည်။ သွေးထဲရှိရေသည် ခန္ဓာကိုယ်အနှံ့သို့ ဟော်မုန်းများနှင့် ပဋိဇီဝများကို သယ်ဆောင်သွားသည်။ ဆီးထဲရှိရေသည် အညစ်အကြေးများကို သယ်ဆောင်သွားသည်။

ပူအိုက်သောနေ့များတွင် အလုပ်လုပ်ကိုင်နေသောအခါ၊ ကာယလေ့ကျင့်ခန်းများ ပြုလုပ်နေသောအခါတွင် ခန္ဓာကိုယ်အေးမြသွားစေရန် ကျွန်ုပ်တို့ ရေလိုအပ်သည်။ ရေသည် ခန္ဓာကိုယ်၏ အပူချိန်ကို အရေပြားမျက်နှာပြင်သို့ သယ်ဆောင်ပေးသည်။ အရေပြားသို့ ရောက်သောအခါတွင် အပူသည် ချွေးထွက်မှုမှတစ်ဆင့် လွင့်ပါးသွားသည်။

အညစ်အကြေးစွန့်ပစ်မှုနှင့် ချွေးထွက်မှုတို့ကြောင့် ခန္ဓာကိုယ် ရေလျော့ပါးမှုအား ထေမိစေရန် အရွယ်ရောက်လူကြီးတစ်ဦးသည် နေ့စဉ် ရေနှစ်လီတာခန့် သောက်ရမည်ဟု ကျန်းမာရေးပညာရှင်များက ဆိုသည်။ ပူသောရာသီဥတုတွင် ထို့ထက်မက သောက်ရန်လိုသည်။

ကာယလေ့ကျင့်ခန်း မပြုခင်၊ ပြုစဉ်နှင့် ပြုပြီးနောက်တွင် ရေသောက်ရန် အထူးအရေးကြီးသည်ဟု ဆိုသည်။ ရေသောက်ရန် လိုသည်ဟု မခံစားမိကပင် ရေသောက်သင့်သည်ဟုဆိုသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ခန္ဓာကိုယ်အရည်အတော်များများ ဆုံးရှုံးပြီးကာမှ ရေဆာသည့်စိတ် ပေါ်တတ်၍ဖြစ်သည်။

ပူသောရာသီဥတုတွင် အေးမြသောအရည်များ သောက်သုံးခြင်းက အကောင်းဆုံးဖြစ်သည်။ ယင်းတို့သည် ခန္ဓာကိုယ်၏ရေကို အစားထိုးခြင်းမက ပြုသည်။ အေးမြသောအရည်များသည် ပူသောအရည်များထက် ပို၍ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ကို အေးမြစေရန် အထောက်အကူပြုသည်။ ဤသည်မှာ ခန္ဓာကိုယ်တွင်းမှ အပူဓာတ်ကို ပို၍စုပ်ယူပြီး ပို၍ လျင်မြန်စွာ သယ်ထုတ်သွားသောကြောင့်ပင် ဖြစ်သည်။

သို့တိုင်အောင် ပူအိုက်သောရာသီများတွင် ဖျော်ရည်များ မသောက်ကောင်းဟု ပညာရှင်များက ဆိုသည်။ ဖျော်ရည်တွင်ပါဝင်သော သကြားဓာတ်သည် အရည်ကို ခန္ဓာကိုယ်ထဲ ဝင်ရောက်မှု နှေးကွေးစေသည်။ လက်ဖက်ရည်နှင့် ကော်ဖီသည်လည်း ထိရောက်မှုမရှိချေ။ သေရည် အရက်သောက်မှုကိုလည်း ဆရာဝန်များက သပါပေးသည်။ အရက်သည် ခန္ဓာကိုယ်တွင်းမှ ရေကို အရည်အညစ်အကြေးဖြင့် လျင်မြန်စွာ စွန့်ပစ်စေသည်။

ရေအေးအေးကို သောက်ခြင်းအပြင် အပူဒဏ်ကို ကာကွယ်နိုင်သည့် အခြားနည်းလမ်းများရှိသည်။ တတ်နိုင်သမျှ နေပူထဲ မထွက်ပါနှင့်။ ပေါ့ပေါ့ပါးပါး ချောင်ချောင်ချိချိ ပွပွရွရွရှိသည့် အရောင်ဖျော့ အဝတ်အစားများ ဝတ်ဆင်ပါ။ နေပူထဲထွက်သောအခါ ဦးထုပ် သို့မဟုတ် အခြားခေါင်းဆောင်းတန်ဆာတစ်ခု ဆောင်းပါ။ ပူသော၊ ရင်ပြည့်သော အစားအစာများ လျှော့စားပါ။ တတ်နိုင်လျှင် တစ်နေ့တာ၏ အပူနည်းချိန်တွင် အစားအစာများ ချက်ပြုတ်ပါ။ ထို့အပြင် ပို၍ မကြာခဏ အနားယူပါ။ ကစားလှုပ်ရှားမှုများက ခန္ဓာကိုယ်အပူ ထွက်စေသည်။

ဤရိုးစင်းလှသော နည်းလမ်းများသည် အပူနှင့်ဆက်စပ်နေသော အန္တရာယ်ကြီးမားသည့် ကျန်းမာရေးပြဿနာများကို ကာကွယ်နိုင်သည်။ ဖျားနာမှုကို ကာကွယ်၍ နေသာထိုင်သာ ရှိစေသည့်အပြင် သင့်အသက်ကိုပင် ကယ်ကောင်းကယ်နိုင်ပေမည်။

**❒ လှတိုး(စိတ်ပညာ)**

REF : HEAT MAY BE NATURE'S TOP KILLER BY OLIVER CHANLER and NANCY STEINBACH



www.burmeseclassic.com

www.burmeseclassic.com

# ကြာသရမ္မူလီ နွယ်ပင်

နှင့်

# ပြန်လည်လင်းလက်လာသော မျှော်လင့်ချက်ကောင်းခြည်များ

ဒေါ်ချိုချိုဝင်းထွင်း (သန်လျင်)



ကျွန်မ ကြာသရမ္မူလီနွယ်ပင်၏ အရွက်ကိုစားသုံး၍ အစာအိမ်လေနာ ဝေဒနာပျောက်ကင်းခဲ့ပုံ ကိုယ်တွေ့မှတ်တမ်းအား လပြည့်ဝန်းမဂ္ဂဇင်းကြီးမှ ၂၀၁၃ ခုနှစ် xxxx လထုတ်မဂ္ဂဇင်းတွင် ဖော်ပြပေးခဲ့ပါသည်။ မဂ္ဂဇင်းထွက်ရှိလာပြီး နောက်ရက်များတွင် မြန်မာ့အလင်း သတင်းစာနှင့် ဂျာနယ်တစ်ခုတွင် ကြာသရမ္မူလီနွယ်ပင်နှင့်ပတ်သက်၍ ဆောင်ရန် ရှောင်ရန် အချက်များ ပါဝင်သည့် ဆောင်းပါးများကိုလည်း ဖတ်ရှုရပါ၏။

ကျွန်မသည် ဆေးဆရာ မဟုတ်ပါ။ ဆေးမြီးတိုများ ရေးသားသူလည်း မဟုတ်ပါ။ ဆေးမြီးတိုဆိုရာ၌ အချို့မြန်မာ ရိုးရာ ဆေးမြီးတိုနည်းများသည် ကျွန်မတို့အသုံးပြုကြည့်ပါက အသုံးတည့်ပါသည်။ အနာနှင့်ဆေး အပ်စပ်မှု ရှိဖို့လည်းလိုသည်ဟု ထင်မိပါသည်။

ယခု ကျွန်မ၏ကိုယ်တွေ့ ဆေးရွက်စားသုံးသည့် ဆောင်းပါးတွင် ပါရှိသည့်အတိုင်း အနာနှင့်ဆေး အပ်စပ်၍ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါသည်။ မြန်မာ့အလင်း သတင်းစာ၌ ပါရှိသည့် တန်ဆေးလွန်ဘေး ဟူသည့်ခေါင်းစဉ်နှင့် ဆေးသုတေသနဆောင်းပါးကို အထူးနှစ်ခြိုက်၍ ဝမ်းမြောက်ကျေးဇူးတင်ရပါသည်။

ဆေးသုတေသနစမ်းသပ်ချက်များသည် သိပ္ပံနည်းကျ ခေတ်မီနည်းစနစ်များကို အသုံးပြုထားသောကြောင့် လူသားများအတွက် ဖော်မပြနိုင်အောင် အကျိုးကျေးဇူး ကြီးလှပါသည်။ ယခု ကြာသရမ္မူလီ ဆေးရွက်စားသုံးမှုမှာလည်း အချိန်အဆ လွဲမှား၍ ဆေးကြောင့် ဘေးဖြစ်ရမည့်အခြေအနေမျိုး ကြုံရနိုင်ပါသည်။ ဆေးရွက်၏ အကြီးအသေးပေါ်၌ အချိန်အဆလွဲမှားနိုင်ပါသည်။

ကျွန်မအနေဖြင့် ဆေးရွက်ရှားပါးမှုနှင့် အကြောင်းတိုက်ဆိုင်၍ လိုအပ်သည့် အချိန်အဆမျှသာ စားသုံးမိသည်ဟု ထင်ပါသည်။ သို့သော် ဗိုက်အောင့်ဝေဒနာနှင့် ရင်ခေါင်းတွင်းမှ ပူလောင်သည့် ဝေဒနာသည် ဆေးရွက် လက်နှစ်လုံးခန့်အရွက်ကို တစ်နေ့ တစ်ရွက်နှုန်း သုံးရက် စားသုံးရုံမျှဖြင့် အနည်းငယ်သက်သာသွားသည်မှာတော့ အမှန်ဖြစ်ပါသည်။

သုံးပတ်အတွင်း ဆေးရွက်ရှားပါးမှုကြောင့် အရွက်တစ်ရွက်ကို လေးပိုင်းမျှခွဲ၍ လေးရက်စားသုံးခဲ့ရသည်လည်း ရှိခဲ့ပါ၏။ သုံးပတ်စားသုံးပြီးနောက် ဆေးရွက်ရှာဖွေနေရမှုကြောင့် စားသုံးမှုရပ်နားထား၍ နောက်ထပ် အနည်းငယ်မျှသာ ထပ်မံစားခဲ့ပါ၏။

ဆေးရွက်စားသုံးစဉ် ကာလ၌ နွမ်းလျော်စားသုံးခြင်းနှင့် ရေများများသောက်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။ အခိုးထွက်စေရန် နွမ်းပျစ်၊ နွမ်းလျော်များ စားသုံး၍ ဆံပင်မကျွတ်စေရန် ခေါင်းကို အုန်းဆီလိမ်းပေးပါသည်။ နှမ်းဆီရောစ၍လိမ်းလျှင် ပိုကောင်းမည်ဟု ထင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com

နှမ်းဆီမှာရှားပါး၍ ရှာမရပါ။ ရေများများသောက်ရန် လိုအပ်ပါသည်။ ဆေးပူဖြစ်၍ ရေအလွန်ငတ်ပါသည်။ ထို့ကြောင့် ဆေးရွက်စားသုံးမှု အချိန်အဆများလျှင် ကျောက်ကပ်ထိခိုက်နိုင်သည်ဟု ရေးသားချက်များ ဖတ်ရှုမှတ်သားရပါသည်။

ဆရာကြီး စောငုဝါ(ပျဉ်းမနား)၏ ဣသရမူလီနွယ်ပင်နှင့် ကင်ဆာဘေးအန္တရာယ် လျော့ချရေး ဆေးဆောင်းပါးများမှ ပျောက်ကင်းချမ်းသာမှု မျှဝေခံစားမှု ရေးသားချက်များအရ ကင်ဆာရောဂါနှင့် ဘီပိုး၊ စီပိုး၊ အခြားရောဂါကြီးများ သက်သာပျောက်ကင်းကြသည်မှာ ဝမ်းမြောက်ဖွယ် သတင်းစကားများပင် ဖြစ်ပါသည်။

ယခု ၂၀၁၃ ခုနှစ် ဇွန်လထုတ် သူရဋ္ဌမဂ္ဂဇင်းကြီး၌ ဆရာကြီးစောငုဝါ(ပျဉ်းမနား)၏ ရေးသားမှုကို ပြန်လည်ဖတ်ရှုရသောအခါ ကျွန်မတို့မိသားစု ပြန်လည်အားတက်လာပါ၏။

ဣသရမူလီ နွယ်ပင်များမှာလည်း အရွက်များဝေဆာ၍ မဓူးဖြစ်လို့လားမသိပါ။ အပင်သစ်များ ဖြာထွက်ရှင်သန်နေသည်မှာ အားရဖွယ်ပင် ဖြစ်ပါသည်။ မိုးဦးကျလျှင်တော့ ဒိုထက်ပို၍ ရှင်သန်လာမည် အမှန်ဖြစ်မည်ဟု ထင်ပါ၏။ ဣသရမူလီနွယ်ပင်သည် ဆေးဖက်ဝင် အစွမ်းထက်ဆေးပင်အဖြစ် မျှော်လင့်အားထားခဲ့ရာမှ ဘေးထွက်ဆိုးကျိုးရှိသည်ဟု ဆိုကြ၍ ကျွန်မတို့ စိတ်ပျက်အားလျော့ရာမှ ယခုလထုတ် ဆရာကြီးစောငုဝါ (ပျဉ်းမနား)၏ ဆေးဆောင်းပါးကို ဖတ်ရှုရရာမှ ပြန်လည်အားတက်လာမိပါသည်။

မိမိကိုယ်တိုင် ခံစားခဲ့ရသော အစာအိမ်လေနာရောဂါ သက်သာပျောက်ကင်း၍ နောင် မိမိ၏မိသားစုတွင်း ကြုံလာရနိုင်သော အခြားဝေဒနာများအတွက် ဣသရမူလီဆေးပင်၏ အရွက်စားသုံးမှုကို ပြန်လည်အားကိုးလာနိုင်ပြီသာမက ခေတ်မီသိပ္ပံနည်းကျ စနစ်တကျ ဖော်စပ်တီထွင်နေပြီ ဖြစ်သော ဣသရမူလီဆေးများကို မျှော်လင့်နေပါကြောင်း ရေးသားလိုက်ရပါသည်။

**❒ ဒေါ်ချိုချိုဝင်းထွင့်(သန်လျင်)**

*[ဣသရမူလီ နွယ်ပင်၏ဆေးရွက်ကို စားသုံးရန် အထူးလိုအပ်သောသူနှင့် စားသုံးရန် ဆန္ဒရှိ၍ ဆေးရွက်ရရှိရန် အခက်အခဲရှိပါက မိမိတတ်စွမ်းသမျှ ဆေးရွက်များကို မျှဝေ၍ အာယုဒါန ပြုချင်ပါသည်။ လိုအပ်ပါက ဆက်သွယ်၍ အလှူခံနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။]*

အသည်းရောင် အသားဝါ ဘီပိုးနှင့် စီပိုးဖြစ်လျှင် မက်လင်ချဉ်သီးကိုလှီးပြီး တစ်ပြား၊ နှစ်ပြားကို ထန်းလျက်နှင့်ကျိုသောက်လျှင် ဘီပိုးရောဂါကို သက်သာစေပါသည်။ စီပိုးရောဂါ ရှေ့သို့မတိုးလာအောင် ထိန်းထားနိုင်ပါသည်။

မက်လင်ချဉ်သီးသည် ဝမ်းမီးအားနည်းခြင်း၊ အသည်းရောင်ခြင်း၊ အသည်းကြီးခြင်း၊ အသည်းအဆီဖုံးခြင်းများကို ထန်းလျက်ဖြင့် ကျိုသောက်ပေးလျှင် ပျောက်ပါသည်။ ရေငတ်ခြင်း၊ ပျို့အန်ခြင်း၊ သလိပ်ကပ်၊ သလိပ်ကြေ၊ လေထိုး၊ လေအောင့်၊ ရင်ပြည့် ရင်ကယ်၊ လေပူထ၊ ချောင်းဆိုးရင်ကျပ်ရောဂါများအတွက် ချဉ်ရည်ဟင်း၊ ငါးဟင်းချက်ရာတွင် မန်ကျည်းမှည့်အစား မက်လင်ချဉ် တစ်ပြား၊ နှစ်ပြား ထည့်ချက်လျှင် အစာလည်းကြေ အနာရောဂါလည်း ကင်းပါသည်။

သွေးတိုးရောဂါနှင့် ဆီးချိုနာများအတွက် မဟာကာကြံဆစ်ပင်၏ အရွက်ကို ဆမင်းနှင့်တို့စားပါ။ မဟာကာကြံဆစ်ပင်၏ အရွက်ကို ချောင်းဆိုး၊ သွေးပါ၊ တီဘီရောဂါကို နေ့စဉ်ထမင်းစားတိုင်း တို့မြုပ်စားပေးလျှင် ရောဂါပျောက်နိုင်ပါသည်။ နေ့စဉ် လေးလကြာလောက်စားပေးလိုက်လျှင် ရောဂါ သက်သာပျောက်ကင်းနိုင်ပါသည်။ နောက်ကျောတက်ခြင်း၊ လက်ပြင်အောင့်ခြင်းများကိုလည်း သက်သာစေပါသည်။

လျှာကွဲ၊ ပါးစပ်နာအတွက် ကင်းပုံရွက်ကို ရေဆေးဝါးစားပြီး အရည်မျိုချပေးလျှင် သက်သာပျောက်ကင်းပါသည်။ ကန်စွန်းဥပြုတ် များများစားပေးရပါမည်။ ရေယုန်နာ ကို ကင်းပုံရွက်ဖြင့် ပွတ်ချေပေးပါ။ ကင်းပုံရွက်သည် ဆီးချိုသွေးချို၊ သွေးတိုးရောဂါများ အရည်ညှစ်သောက်ပေးလျှင် (သို့မဟုတ်) ကြော်ချက်စားပေးလျှင် သက်သာပျောက်ကင်းနိုင်ပါသည်။

လေးဖက်နာရောဂါအတွက် ပဲစဉ်းငုံ ၂၀ ကျပ်သားကို ပြုတ်ပြီး ကြက်သွန်နီ၊ ဆီ၊ ဆား၊ မြေပဲတို့ထည့်ပြီး သုပ်စားပါ။ အမြဲ စားသုံးပေးပါ။ လေးဖက်နာဆေးနည်း နောက်တစ်မျိုးမှာ တရုတ်စံကားပွင့်အနီပင်၏ အမြစ်ကို ထန်းလျက်နှင့်ကျိုပြီး ပုလင်းထဲထည့်၊ ရေနွေးကြမ်းပန်းကန်လုံးဖြင့် နံနက်၊ နေ့လယ်၊ ည တစ်ခွက်စီသောက်ပေးပါ။

လေးဖက်နာအတွက် လိမ်းဆေးနည်းမှာ လက်ဖက်စိုနှင့် ကျောက်ဖရုံအူတိုင်၊ ကျပ်ခိုး ငါးကျပ်သားခန့်နှင့် ထုံးငါးမူးသားခန့် ထည့်ကြိတ်ပြီး ဒူးနှင့်တံတောင်ဆစ်များကို လိမ်း၍ စည်းထားပါ။

→→





www.burmeseclassic.com

www.burmeseclassic.com

# သင့်ပတ်ဝန်းကျင်မှ အသုံးဝင် တိုင်းရင်းဆေးများ

**အောင်ချိုလိုင်ဝမ်း**

လေးဖက်နာ အေအက်စ်ဆို ၃၅၀ ခန့်အထိ မြင့်နေလျှင် တောင်ကန်စွန်းရွက် (တောင်ကန်စွန်းရွက်သည် ကန်စွန်းရွက်အကြီးစားပုံစံ အရွက်ပုံကြီးသည်၊ အပွင့်က ခေါင်းလောင်းပုံသဏ္ဍာန်၊ ပန်းရောင်ဖြစ်သည်။ အဖြူရောင်နည်းနည်းပါတဲ့ ပုံစံလည်း ပွင့်ပါသည်။ အရိုးမပွပါ။ ဆိတ်၍ မကျိုးပါ။ ရေမှာ မပေါက်ပါ။ ကုန်းမြေပေါ်မှာသာ ပေါက်ပါသည်။ အချို့က ခြံစည်းရိုးမှာ စိုက်တတ်ပါသည်)ကို ပြုတ်ပြီး သုပ်စားပါ။ ကန်စွန်းရွက်ကြော်သလို ကြော်စားပါ။ လေးဖက်နာ ပျောက်ပါသည်။

ဆင်ရေယုန်ဖြစ်ခဲ့လျှင် မှို့ကွမ်းသီးပင် (သစ်ပင်ကြီးများတွင် ကပ်၍ပေါက်ပါသည်။ နီညိုရောင်ရှိပြီး သစ်ပင်တွင် ကပ်၍သီးသည်။ အညှာရှိသည်။ ဆီးဖြူသီးလောက် ရှိသည်။) ကို ထုထောင်း၍၊ သွေး၍ လိမ်းပေးလျှင် သက်သာပျောက်ကင်းပါသည်။

အဆုတ်ပွခဲ့လျှင် တောင်နေကြာပင် (တောင်နေကြာပင်သည် အပင်ငယ်မျိုးဖြစ်သည်။ နေကြာပင်နှင့် ချွတ်စွပ်တူသည်။ အပွင့်က အဝါရောင်၊ နေကြာပန်းလောက် မကြီးပါ။ အရွက်က အစိမ်းရောင်၊ သေးသေးသွယ်သွယ် ရှည်ရှည်ဖြစ်သည်။ အမြစ်က အဝါရောင်ရင့်ရင့်ဖြစ်သည်။) ၏ အမြစ်ကို သွေးပြီး စတီးဇွန်းတစ်ဝက်လောက်ကို နေ့၊ ည သောက်ပါ။ ဇော်ဂျီဂမုန်း (ဖို၊ မပင်ကို) ပင်မှ နီညိုရောင်အရွက်ရှည်ကြီးကို ဓားဖြင့်လှီး၍ ပြုတ်သောက်ပါ။ ပုလင်းထဲ ထည့်ထားပြီး ရေဆာတိုင်း တန်ရုံသာ သောက်ပေးပါ။

အသည်းအဆီဖုံး ရောဂါအတွက် လဲလူရွက်ကို ပွင့်ချိုချက်သောက်ပါ။ ငါးရံ့ဖြင့် ချက်စားပါ။ အသည်းကြီး၊ အသည်းခြောက်ရောဂါများ သက်သာပျောက်ကင်းပါသည်။ လဲလူရွက်ကို ငါးရံ့နှင့်ချက်စားပေးလျှင် အစာအိမ်၊ အူသိမ်၊ အူမတွေမှာဖြစ်တတ်သော ရောဂါတွေ သက်သာပျောက်ကင်းပါသည်။ လဲလူပင်သည် အပင်ကြီးမျိုး ဖြစ်ပါသည်။ မြေလတ်ပိုင်းနှင့် အထက်အညာများတွင် ပေါက်ရောက်ပါသည်။

အသည်းအဆီဖုံး ရောဂါအတွက် စောင်းလျားသီးကို ငါးပြေမနှင့် ချက်စားပါက သက်သာနိုင်ပါသည်။

လိပ်ခေါင်းရောဂါအတွက် မီးကွင်းဂမုန်း သတ္တုရည်ကို စတီးဇွန်းနှစ်ဇွန်းစာ ရေအေးဖြင့် အမြဲသောက်ပေးပါ။

သွေးအားနည်းလျှင် ပျားရည်ထဲကို ကြက်ဥအကာ ထည့်သောက်ပါ။ ထို့ပြင် ခရမ်းချဉ်သီးကို ရေဆေး (တစ်လုံးတည်း) ပြီး လေးစိတ်စိတ်ကာ သကြားဖြူး၍ စားပါ။

ဆီးချိုရောဂါ ပျောက်နည်းမှာ ဆိတ်နို့အစိမ်းနှင့် ထန်းရည်အချိုကို ဆတူရော၍ မွှေပါ။ ဆိတ်နို့ တစ်ဖန်ခွက်နှင့် ထန်းရည်ချို ဖန်ခွက် ရောစပ်ပြီး သောက်ပေးပါက သက်သာပျောက်ကင်းနိုင်ပါသည်။

အထက်လှန်အောက်လျှော ဖြစ်ခဲ့လျှင် ငှက်ပျောသီးခွံကို ပြာချပါ။ ထိုငှက်ပျောခွံပြာကို ရေကျက်အေးဖြင့် တိုက်ရမည်။ ဝမ်းမရပ်မချင်း တိုက်ပါ။ ဖန်ပုလင်းထဲ ရေနွေးထည့်ပြီး ဗိုက်မှာအတော်ပတ်ပြီး ကပ်ပေးပါ။

မွေးကျွတ်နာပျောက်နည်း ဆီးရွက်နုနုလေးများကို ထမင်းနှင့် ညက်အောင်ထောင်း၍ မွေးကျွတ်နာအပေါ်ကို အုံထားပါ။ ၎င်းဆေးခြောက်သွားလျှင် ခွာပြီး အသစ်ပြန်အုံပါ။ ဆက်တိုက်လုပ်ပေးပါက အမြစ်ပါကျွတ်ပြီး သက်သာပျောက်ကင်းပါသည်။

အသားအရေ စိုပြည်ဝင်းပလိုသူများအတွက် ထောပတ်သီး၏ အသားကို မှန်မှန်လိမ်းပေးခြင်းဖြင့် မျက်နှာနှင့် ခန္ဓာကိုယ် အသားအရေများ လှပလာပါမည်။

မီးယပ်သွေးဝမ်းသွားပါက အညာဒေသတွင်သာ ပေါက်လေ့ရှိသော စောင်ချမ်းပင်မှ အရွက်များကို ဆေးကြော၍ သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။

ချောင်းဆိုးလျှင် ချင်းတက်စိုကို ရေဆေးပြီး ပါးပါးလှီးကာ ဆားဖြင့်တို့စားပါ။ အသံဝင်လျှင် ချင်းကိုဝါးစားပြီး မျိုချပါ။

သွေးတိတ်နည်းမှာ ဓားထိရှခဲ့လျှင် ပိစပ်ပင်၊ ဇာမဏီပင်၊ ကုန်းပေဒါပင်ဟု ခေါ်သောအရွက်ကို အရည်ညှစ်၍ ထည့်ပေးပါ။ သွေးတိတ်ပါသည်။


ကင်ဆာဆဲလ်များ ထိန်းချုပ်သောနည်းမှာ အာလူးသုံးလုံးကို အခွံခွာ၊ အမျှင်လေးများဖြစ်အောင် ခြစ်ပြီး ပိတ်သန့်သန့်ထဲထည့်ကာ အရည်ညှစ်ပါ။ ၎င်းအရည်ကို ဟင်းရည်သောက်ဇွန်းဖြင့် တစ်ဇွန်း နံနက်၊ နေ့လယ်၊ ည သောက်ပေးနိုင်ပါသည်။ ဂျပန်နည်းပညာ ဖြစ်ပါသည်။

❒ အောင်ချိုလိုင်ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



# ဗိုင်းရပ်စ်ရောဂါနှင့် နည်းဗျူဟာသစ်

ဇော်မြင့် (ငှက်များ)

ကျွန်ုပ်တို့အား ရောဂါဖြစ်စေသည့် ဗိုင်းရပ် (VIRUS) ပိုးများသည် ကျွန်ုပ်တို့မပါဘဲ မပြန့်ပွားနိုင်ကြပါ။ လူသားခန္ဓာကိုယ်ရှိ ကလပ်စည်း (CELL) အတွင်းမှ ဗိုင်းရပ်အား အကူအညီပေးသော အစိတ်အပိုင်းကို သိရှိခြင်းအားဖြင့် တစ်နှစ်ပတ်လုံး ဖြစ်ပွားတတ်သည့် မည်သည့်ကပ်ရောဂါကိုမဆို တားဆီးနိုင်မည့် ဆေးဝါးကို ထုတ်ဖော်နိုင်ပေမည်။

၂၀၀၉ ခုနှစ် နွေဦးရာသီတွင် ဝက်တုပ်ကွေး (SWINE FLU) ကပ်ရောဂါ ဖြစ်ပွားပြီး လအနည်းငယ်ကြာသောအခါ လူထုကျန်းမာရေး အရာရှိများက တာမီတုပ်ကွေး (TAMI FLU) ရောဂါပိုးများသည် ဆေးဝါးများကို ခံနိုင်ရည်ရှိလာကြကြောင်း သတင်းပို့ခဲ့ကြပါသည်။ ထိုသို့ဖြစ်ခြင်းမှာ အံ့ဩစရာမဟုတ်ပါ။ လွန်ခဲ့သော ဆောင်းရာသီကရာသီဖျားတုပ်ကွေးရောဂါ (SEASONAL FLU) ပိုးများသည် ကုသသောဆေးဝါးများကို ခံနိုင်ရည်ရှိလာကြောင်း သက်သေပြနိုင်ခဲ့ပါသည်။

အဘယ်ကြောင့် ကျွန်ုပ်တို့သည် ဘက်တီးရီးယားရောဂါများကို ကုသနိုင်သည့် ပဋိဇီဝ (ANTIBIOTIC) ဆေးများကဲ့သို့ ဗိုင်းရပ်ရောဂါကုသဆေး (ANTI VIRUS) များ မဖော်ထုတ်နိုင်ပါသနည်း။

အဖြေမှာ ဗိုင်းရပ်ပိုးများသည် ဘက်တီးရီးယားများထက် သေးငယ်ပြီး ပိုမိုအသိရခက်ပါသည်။ သူတို့၏ မျိုးရိုးဗီဇ ပြောင်းလဲခြင်း (MUTATION)မှာ အလွန်လျင်မြန်စွာ ဖြစ်ပေါ်သဖြင့် အကောင်းဆုံး တီထွင်ဖန်တီးထားသော ဆေးဝါးများ၏ ဖမ်းဆီးချုပ်နှောင်မှုကို ပင် လျှောခနဲ ရှောင်ထွက်သွားနိုင်ပါသည်။

သို့ရာတွင် သုတေသီများက အမြစ်ပြတ်ပျောက်ကင်းစေနိုင်သော နည်းဗျူဟာသစ်တစ်ရပ်ကို ကြိုးပမ်းလုပ်ဆောင်နေပါသည်။ ထိုနည်းဗျူဟာသစ်သည် ကပ်ရောဂါကြီးများကို တားဆီးနိုင်ပြီး ဘက်တီးရီးယားရောဂါ ကုသရာတွင် အသုံးပြုသော အမောက်စလင် (AMOXICILLIN) နည်းတူ စွမ်းရည်ညီမျှသော ဗိုင်းရပ်ပိုးသတ်ဆေးကို ထုတ်လုပ်နိုင်မည် ဖြစ်ပါသည်။ ထိုနည်းဗျူဟာ၏ စိတ်ကူးစိတ်သန်းမှာ ရိုးရှင်းပါသည်။ ရောဂါဖြစ်စေသော ဗိုင်းရပ်ပိုးကို တိုက်ရိုက်မတိုက်ခိုက်ဘဲ ထိုဗိုင်းရပ်ပိုးများ ဝင်ရောက်မည့် လူသားကလပ်စည်းကိုသာ ပစ်မှတ်ထားရန် ဖြစ်ပါသည်။

ဘက်တီးရီးယား (BACTERIA) များသည် ၎င်းတို့ဘာသာ၎င်းတို့ မျိုးပွားနိုင်ရန် ပြည့်စုံစွာဖန်တီးထားသော သက်ရှိများဖြစ်ပါသည်။ ပဋိဇီဝဆေး အများစုသည် ၎င်းတို့၏ မျိုးပွားစနစ်ကို ဟန့်တားနိုင်ကြပါသည်။ ဘက်တီးရီးယားများ၏ ကလပ်စည်းနံရံကို တိုက်ခိုက်ခြင်းဖြင့် ဘက်တီးရီးယားများကို သေစေသော ဆေးဝါး (BACTERICIDAL DRUG) နှင့် မျိုးပွားခြင်းကိုသာ ဟန့်တားစေနိုင်သော ဆေးဝါး (BACTERIOSTATIC DRUG) ဟူ၍ ဆေးဝါး နှစ်မျိုးနှစ်စား ရှိပါသည်။ မျိုးပွားစနစ်ကို ဟန့်တားနိုင်လျှင်ပင် အကျိုးရှိပါသည်။

လပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

အဘယ်ကြောင့်ဆိုသော် ဘက်တီးရီးယားပိုး၏ သက်တမ်းသည် အလွန်တိုပါသည်။ ထပ်မံမျိုးပွားခြင်း မရှိလျှင် လူနာမှာ ရောဂါသက်သာပျောက်ကင်းနိုင်ပါသည်။

သို့ရာတွင် ဗိုင်းရပ်များသည် ထူးခြားသော ကပ်ပါးတစ်မျိုး ဖြစ်ပါသည်။ ၎င်းတို့သည် လက်ခံကောင် (HOST) ကလပ်စည်းအတွင်း ဝင်ရောက်ပြီး ထိုကလပ်စည်း၏ ယန္တရားစနစ်နှင့်ပူးပေါင်းကာ ထောင်ချီသော မိတ္တူများ ပွားနိုင်ပါသည်။ ဗိုင်းရပ်သည် လက်ခံကောင်၏ ကလပ်စည်းအတွင်း ဝင်ရောက်သောအခါ ဗိုင်းရပ်၏အသားဓာတ် ပရိုတင်း (PROTINE) နှင့် ကလပ်စည်း၏ လက်ခံသောပစ္စည်း (RECEPTOR) တို့ ပူးပေါင်းလိုက်ကြပါသည်။ ၎င်းနောက် ထိုဗိုင်းရပ်နှင့် လူသားကလပ်စည်းတို့ ရောထွေးသွားပါသည်။

လူသား၏ ကလပ်စည်းအတွင်းမှ အင်ဇိုင်း (ENZYME) များသည် ဗိုင်းရပ်၏အသားဓာတ် အကာအရံကို ချေဖျက်လိုက်ပါသည်။

ထိုအခါ ဗိုင်းရပ်သည် လက်ခံကောင်၏ ကလပ်စည်းမှ မျိုးရိုးဗီဇသယ်ဆောင်သောဂျင်း(GEME)များနှင့် ပရိုတင်းများကို အသုံးပြု၍ မိတ္တူများ အသစ်ပွားပါသည်။ လက်ခံကောင် ကလပ်စည်း၏ ပရိုတင်းနှင့်ဂျင်း အသုံးပြု၍ အသစ်ဖြစ်လာသော ဗိုင်းရပ်များသည် ကလပ်စည်းနံရံကို တိုးထွက်၍ အဖူး(BUD) များသဖွယ် ဖြစ်လာပါသည်။ မကြာမီ ထိုအဖူးကလေးများသည် လက်ခံထားသော ကလပ်စည်းနံရံမှ ပြုတ်ထွက်သွားပြီး ၎င်းတို့အား လက်ခံမည့် ကလပ်စည်းအသစ်များကို လိုက်လံရှာဖွေပါတော့သည်။

ထိုသို့ ဗိုင်းရပ်ပိုးများ ပွားများရာတွင် အကူအညီပေးသော လူသားကလပ်စည်း၏ သက်ဆိုင်ရာ အစိတ်အပိုင်းကို ချည့်နဲ့အောင်ပြုလုပ်နိုင်သော ဆေးဝါးသည် ဆေးယဉ်ပါးမှု (DRUG RESISTANCE) ပြဿနာမရှိဘဲ ဗိုင်းရပ်ကို တားဆီးနိုင်ပေမည်။

"တကယ်လို့ ခင်ဗျားတို့သာ အိပ်ချ်အိုင်ဗွီ (HIV)၊ တုပ်ကွေး (FLU) နှင့် အီဘိုလာ (EBOLA) ဗိုင်းရပ်တွေဟာ လူသားခန္ဓာကိုယ်က ဘာလုပ်ဆောင်မှုကို လိုအပ်သလဲဆိုတာ သိကြရင် အဲဒီရောဂါအားလုံးအတွက် ထိရောက်တဲ့ ဆေးဝါးကို ရနိုင်တယ်၊ ကျယ်ကျယ်ပြန့်ပြန့် ရောဂါစုံသုံး (BROAD SPECTURM) ဗိုင်းရပ်သတ်ဆေးပေါ့ဗျာ" ဟု အမျိုးသား ယားယံခြင်းနှင့် ကူးစက်ရောဂါဌာန (NIAID) မှ မိုက်ကယ်ကူရီလာ (MICHAEL KURILLA) က ပြောပါသည်။

သော့ချက်မှာ ပစ်မှတ်ကို တိတိကျကျ ရှာဖွေရန်ဖြစ်ပါသည်။ ရှာဖွေရန်မှာ ခန္ဓာကိုယ်က မလိုအပ်သော်လည်း ဗိုင်းရပ်က လိုအပ်နေသော ဂျင်းနှင့် ပရိုတင်း အမျိုးအစား ဖြစ်ပါသည်။ လူသား၏ ဒီအင်အေ(DNA)တွင် ဂျင်းပေါင်း နှစ်သောင်းကျော်ရှိပါသည်။ သို့ရာတွင် အများစုမှာ အလုပ်မလုပ်တော့ဘဲ တိမ်မြုပ်သွားပါသည်။ ဥပမာအားဖြင့် အချို့ဂျင်းများသည် သန္ဓေသားဘဝတွင် လုပ်ငန်းလုပ်ဆောင်ရပြီး အသက်ကြီးလာသောအခါ လုပ်ဆောင်ချက်မရှိတော့ပါ။

လေ့လာသူများက လူသားခန္ဓာကိုယ်မှ ဂျင်းများ၏ လုပ်ဆောင်မှုစနစ်ကို အပြည့်အဝ အဓိပ္ပာယ်ဖော်ထုတ်ပြီး ကလပ်စည်းတိုင်း၏ ဂျင်းတစ်ခုချင်းစီကို ချည့်နဲ့အောင်ပြုလုပ်ခြင်းဖြင့် ပစ်မှတ်ကို စနစ်တကျ ရှာဖွေနိုင်ပါသည်။

ဂျော်ဂျီယာပြည်နယ်ရှိ ဖူးပိုမှ ကုမ္ပဏီတစ်ခုဖြစ်သော ဇီးယပ်(ZIRUS) သည် အဆင့်သုံးဆင့်ရှိသော လုပ်ငန်းစဉ်ကို အသုံးပြုပါသည်။ ရှေးဦးစွာ ကလပ်စည်းကို အန္တရာယ်မဖြစ်စေသော ရက်ထရိုဗိုင်းရပ် (RETRO VIRUS) ဖြင့်ကူးစက်စေပါသည်။ ထိုဗိုင်းရပ်သည် လူသား၏ဒီအင်အေအတွင်းသို့ အလျှင်သင့်သလို ဝင်ရောက်သွားပါသည်။ ထို့နောက် နှောင့်ယှက်ခြင်းခံရမည့် ဂျင်းများကို သတိပြုမိစေပါသည်။

အခြားအုပ်စုဝင်များသည် ထိုရွေးချယ်မှု ဖော်ထုတ်နိုင်သော ဂျင်းများကို အာအင်အေ (RNA) များတွဲစပ်ပေးခြင်းဖြင့် ချည့်နဲ့စေပါသည်။ အကယ်၍ အဆိုပါ ဂျင်းမပါဘဲ ကလပ်စည်း ဆက်လက်ရှင်သန်နိုင်ပြီး ရောဂါပိုးကို ခံနိုင်ရည်ရှိလျှင် ထိုဂျင်းနှင့် ပရိုတင်းအတွဲသည် ဆေးဝါးတစ်မျိုးအတွက် စိတ်ချရသော ပစ်မှတ်ဖြစ်လာသည်။

ထိုနည်းပညာဖြင့် ပထမဆုံးထုတ်လုပ်သော ဖိုင်ဇာ (PFIZER) ကုမ္ပဏီ၏ မာရာဗိုင်းရော့ (MARAVIROIC) ဆေးဝါးမှာ အိပ်ချ်အိုင်ဗွီရောဂါအတွက် စတင်အသုံးပြုနေပြီ ဖြစ်ပါသည်။ ထိုဆေးဝါးသည် ဗိုင်းရပ်စ်ကို လက်ခံသောပစ္စည်း (RECEPTOR) ဖြစ်သော ကလပ်စည်းနံရံမှ ပရိုတင်းကို ပိတ်ဆို့လိုက်ပါသည်။

ဆန်ဒီဂို (SAN DIEGO) အခြေစိုက် နက်စ်ဘိုင်အို (NEX BIO) က ဖလူဒေ့စ်(FLUDASE)ခေါ် ဓာတ်ပေါင်းတစ်မျိုးကို စမ်းသပ်နေပါသည်။ ဝက်တုပ်ကွေးနှင့် ရာသီဖျားတုပ်ကွေး ဗိုင်းရပ်ပိုးများ ဝင်ရောက်နိုင်သော အသက်ရှူလမ်းကြောင်းမှ ကလပ်စည်းများကို ထိုဓာတ်ပေါင်းက ပိတ်ဆို့ထားနိုင်ပါသည်။ ကူးစက်ရောဂါဌာနသည် ထိုကဲ့သို့သော သုတေသန လုပ်ငန်းမျိုးကို အထူးကူညီထောက်ပံ့နေပါသည်။

"နောင်အနှစ် ၂၀၊ အနှစ် ၃၀ လောက်ကြာရင် ကူးစက်တတ်တဲ့ရောဂါတွေကို ချဉ်းကပ်တဲ့ ကျွန်တော်တို့ရဲ့ နည်းလမ်းတွေ ပြောင်းလဲသွားမှာဖြစ်ပါတယ်" ဟု ကူရီလာက ပြောပါသည်။

"ဒါဟာ ၂၁ ရာစု ဆေးပညာရဲ့ အသီးအပွင့်ပါပဲ"

❒ **တော်မြင့်(ရှက်ဖူး)**

REF : National Geographic 1/2010
Josis Glausiusz - Hit them where they live



www.burmeseclassic.com

www.burmeseclassic.com

# ကင်ဆာရောဂါ ကာကွယ်ပေးနိုင်သော ဓာတ်စာများ



အောင်ဘုန်းမြင့်
(တချင်မြေ)

အသီးအရွက်များကို နေ့စဉ် လုံလောက်စွာစားသုံးပေးခြင်းဖြင့် ကြောက်စရာကောင်းသော ကင်ဆာရောဂါ အမျိုးမျိုးကို ကာကွယ်တားဆီးပေးနိုင်သည်။ နေ့စဉ် အသီးအရွက် ငါးမျိုးကို တစ်လှည့်စီ စားသုံးပေးမည်ဆိုပါက ကင်ဆာရောဂါ ဖြစ်နှုန်းကို ၈၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ကာကွယ်ပေးနိုင်သည်ဟု သုတေသီများက ဆိုကြသည်။

ကင်ဆာရောဂါ ဖြစ်နှုန်းနှင့် ရောဂါ ပြန့်ပွားနှုန်းသည် နေ့စဉ်စားသောက်နေသည့် အစားအသောက်များနှင့်မကင်းဘဲ ဆက်နွယ်ပတ်သက်နေပါသည်။ သို့ဖြစ်၍ ကြောက်စရာကောင်းသော ကင်ဆာရောဂါနှင့် လူတိုင်းကင်းဝေးစေနိုင်ရန် ကင်ဆာရောဂါများကို ကာကွယ်တားဆီးပေးနိုင်မည့် သီးနှံ၊ ဟင်းသီးဟင်းရွက်များကို တင်ပြလိုက်ရပါသည်။

## နနွင်း

ဟင်းလျာများကို အရောင်ကောင်းစေရန် ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသည်။ နနွင်းများတွင် ကာဲကျူမင်ဓာတ်များ ပါဝင်သောကြောင့် အဝါရောင်နှင့် ရွှေဝါရောင်ဖြစ်စေခြင်း ဖြစ်သည်။ ယင်းကာကျူမင်တွင် ပါဝင်သော ဖြပ်ပေါင်းများသည် ဘက်တီရီးယားပိုးများကို သေစေနိုင်ပြီး ကင်ဆာရောဂါကို ကာကွယ်ပေးနိုင်သည်။

နနွင်းပါဝင်သော ဓာတ်သဘာဝအာနိသင်များသည် ဖောရောင်ခြင်းကို ပျောက်စေနိုင်ပြီး မကောင်းသော သွေးအပုပ်အစပ်များကို ရှင်းစေနိုင်သည်။ ကင်ဆာအဖုအကျိတ် ဖြစ်စေခြင်းကို ကာကွယ်တားဆီးပေးနိုင်ပါသည်။

## စတော်ဘယ်ရီသီး

အနီရင့်ရောင် စတော်ဘယ်ရီသီးများသည် အောက်ဆီဂျင်များနှင့်ဓာတ်တိုးပစ္စည်းများကို လျှော့ချပေးနိုင်သော (ANTI OXIDANTS) ဓာတ်မြောက်မြားစွာ ပါဝင်သဖြင့် ရောင်ရမ်းနာ၊ နှလုံးရောဂါနှင့် ကင်ဆာရောဂါများကို အထူးကာကွယ်ပေးနိုင်သည်။ ထို့ပြင်သွေးကြောကျဉ်းရောဂါများကိုလည်း သက်သာကောင်းမွန်စေနိုင်ပါသည်။

စတော်ဘယ်ရီသီး အပါအဝင် အစေ့များ၍ အခွံပျော့သော ဘယ်ရီသီးများကို အသီးစားခြင်း (သို့မဟုတ်) ဖျော်ရည်လုပ်၍ သောက်သုံးပေးခြင်းပြုလုပ်ပေးပါက သွေးကင်ဆာ၊ အူမကြီးကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုးကို တွန်းလှန်ကာကွယ်ပေးနိုင်သည်။

## ကြက်သွန်နီ

ဟင်းချက်ပြုတ်ရာတွင် မရှိမဖြစ်လိုအပ်သော ကြက်သွန်နီသည် ကင်ဆာရောဂါကို တိုက်ဖျက်ရာတွင် လွန်စွာအစွမ်းထက်သောဆေးတစ်ပါးဖြစ်သည်။ ထို့ပြင် ရောဂါပိုးများကို သေစေနိုင်ပြီး ရောဂါအန္တရာယ်များမှ ကာကွယ်ပေးနိုင်သည်။ ကြက်သွန်နီများတွင် ကွာဆာ



www.burmeseclassic.com

www.burmeseclassic.com

တင်းဓာတ်များ ပေါကြွယ်ဝစွာ ပါဝင်ထားသည်။ ယင်းကွာဆာတင်းဓာတ်များသည် ဓာတ်တိုးပစ္စည်းများကို လျော့ချပေးနိုင်သောကြောင့် သွေးထဲရှိအဆိပ်အပင်းများကို ရှင်းလင်းပေးနိုင်သဖြင့် ကင်ဆာရောဂါ အမျိုးမျိုးမှ ကာကွယ်ပေးနိုင်ပြီး ကင်ဆာအဖုအကျိတ်များနှင့် ကင်ဆာရောဂါ ကြီးထွားစေမှုများကိုလည်း လျော့နည်းစေနိုင်သည်။

## နဂါးမောက်သီး

နဂါးမောက်သီးပင်၏ အပင်၊ အရွက်၊ အပွင့်၊ အသီး အစရှိသော ပဥ္စင်းပါးစလုံးသည် ဓာတ်တိုးဆန့်ကျင်ပစ္စည်းဖြစ်သော (LYCOPENE) ဓာတ်ပါဝင်သဖြင့် ရောဂါဘယ အန္တရာယ်အမျိုးမျိုးတို့မှ ကာကွယ်ပေးနိုင်သည်။

နဂါးမောက်သီးများတွင် . . .

(၁) (FIBER) အမျှင်ဓာတ်များ ပါဝင်သောကြောင့် အစာချေဖျက်အားကောင်းစေပြီး အစာကြေ ဝမ်းမှန် သန့်ရှင်းစေသည်။

(၂) အားကောင်းသော (ANTI OXIDANTS) ဓာတ်ပေါင်း မြောက်မြားစွာ ကြွယ်ဝသဖြင့် ကင်ဆာရောဂါအမျိုးမျိုးကို တွန်းလှန်တားဆီးပေးနိုင်သည်။

(၃) မကောင်းသော ကိုလက်စထရော အဆီပမာဏများကို လျော့နည်းကင်းပစေနိုင်သဖြင့် နှလုံးနှင့်သွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါများကို ကာကွယ်ပေးနိုင်သည်။

နဂါးမောက်သီးကို စားသုံးပေးခြင်းဖြင့် ကျန်းမာရေးအတွက် အရေးပါသော ပရိုတိန်းဓာတ်၊ ကစီဓာတ်၊ အမျှင်ဓာတ်၊ (BETA CAROTINE) ဓာတ်၊ ကယ်လ်စီယမ်သတ္တုဓာတ်၊ သံဓာတ်၊ ထုံးဓာတ်၊ ဗီတာမင်ဘီနှင့် စီဓာတ်များကို ပြည့်ပြည့်ဝဝ ရရှိနိုင်သဖြင့် ကျန်းမာအသက်ရှည်စွာ နေထိုင်သွားနိုင်ရေးအတွက် အကျိုးများစေနိုင်သည့် ဓာတ်စာသီး ဖြစ်ပါသည်။

## ငရုတ်သီး

လူတွေ တွဲဖက်အစားအစာအဖြစ် စားသုံးနေကြသော ငရုတ်သီးများသည် ကင်ဆာရောဂါကို ချေမှုန်းအောင်နိုင်သော မဟာဆေးတစ်ပါးဖြစ်သည်။ ငရုတ်သီးသည် ကင်ဆာဆဲလ်များကို တဖြည်းဖြည်း သေစေနိုင်သည်။ လတ်ဆတ်သော ငရုတ်သီးများတွင် ကင်ဆာဆဲလ်များကို တားဆီးပေးနိုင်သည့် ကက်ပ်ဆိုင်စင်းဓာတ်များ ပါဝင်နေသည်။

သို့ဖြစ်၍ ငရုတ်သီးများကို တစ်နည်းနည်းဖြင့် စားသုံးပေးလျှင် ကင်ဆာအမြစ်များကို သေစေနိုင်ပြီး ကင်ဆာဖြစ်မည့် အလားအလာများကို လျော့နည်းစေနိုင်သည်။ ပွားနေသောရောဂါအခြေအနေများကိုလည်း တန့်သွားစေနိုင်သည်။

အထူးသဖြင့် ဆီးကျိတ်ကင်ဆာဖြစ်ပွားစေနိုင်သောပရိုတိန်းထုတ်လုပ်မှုတိုးပွားမြင့်မားလာခြင်းကို ငရုတ်သီးကတားဆီးပေးနိုင်သည်။ မည်သည့် ငရုတ်သီးမျိုးဖြစ်စေ ကင်ဆာဆဲလ်များကို ကျုံ့သွားစေနိုင်သော အာနိသင် ရှိပါသည်။

## မုန်လာဥနီ

ချက်ပြုတ်ကြော်လှော်၍ ဖြစ်စေ၊ အစိမ်းလိုက်ဖြစ်စေ၊ အရည်ညှစ်ယူပြီး ဖျော်ရည်ပြုလုပ်၍ဖြစ်စေ အမျိုးမျိုးပြုလုပ်စားသုံးနိုင်သော မုန်လာဥနီများသည် အာဟာရစွမ်းအား ပြည့်စုံပြီး ရောဂါဘယများကို ကာကွယ်ပေးနိုင်သော ဆေးစွမ်းအာနိသင် ရှိပါသည်။ အထူးသဖြင့်ကင်ဆာရောဂါမဖြစ်အောင်နှင့် မပြန့်ပွားအောင် ကာကွယ်ပေးနိုင်သည်။

မုန်လာဥနီများတွင် ကယ်ရောတင်းနွိုက်ဓာတ်များ ပါဝင်သဖြင့် ကင်ဆာရောဂါ အမျိုးမျိုးကို ကာကွယ်တားဆီးပေးနိုင်ခြင်း ဖြစ်သည်။ မုန်လာဥနီကို နေ့စဉ်စားသုံးပေးနိုင်လျှင် ကင်ဆာရောဂါနှင့် အခြားရောဂါအမျိုးမျိုးတို့မှ ကာကွယ်ပေးနိုင်ပြီး အာဟာရဓာတ်စွမ်းအား ပြည့်စေနိုင်သည်။ ကိုယ်ခံစွမ်းအားမြင့်မားစေကာ ကျန်းမာအသက်ရှည်စေနိုင်သည်။

## ခရမ်းချဉ်သီး

ကင်ဆာရောဂါ၏ ပစ်မှတ်များကို ထိမှန်ဖျိုဖျက်နိုင်သော အစားအစာများတွင် ခရမ်းချဉ်သီးသည် အစွမ်းထက်သော လက်နက်တစ်ပါး ဖြစ်သည်။ ပတ္တမြားရောင်ကြွယ်သော အနီရောင် ခရမ်းချဉ်သီးများသည် အရသာရှိပြီး အာဟာရဓာတ် ပြည့်စုံသည့်ပြင် ကင်ဆာရောဂါ အပါအဝင် အခြားရောဂါပေါင်း မြောက်မြားစွာကိုလည်းကာကွယ်ပေးနိုင်သည်။

(LUTEIN) နှင့် (ZEAXANTHIN) ဓာတ်များ လုံလောက်စွာပါဝင်ခြင်းကြောင့် မျက်စိအမြင်အာရုံကို ကြည်လင်ကောင်းမွန်စေနိုင်ပြီး ကင်ဆာရောဂါဖြစ်စေမည့် အမြုတေများကို တိုက်ထုတ်တားဆီးပေးနိုင်သည်။ ခရမ်းချဉ်သီးတွင် ပေါပေါများများပါဝင်သော (LYCOPENE) ဓာတ်၏ အာနိသင် အစွမ်းသတ္တိကြောင့် နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်းနှင့် ကင်ဆာရောဂါများကို တားဆီးပေးနိုင်သည်။ ခရမ်းချဉ်သီးသည် အားပြင်းသောဓာတ်တိုးဆန့်ကျင်ပစ္စည်းလည်း ဖြစ်သည်။

(LYCOPENE) ၏ အာနိသင်သည် ကင်ဆာရောဂါ မဖြစ်ပွားအောင်နှင့် မပြောင်းလဲ မပျံ့နှံ့နိုင်အောင် တားဆီးပေးနိုင်ခြင်း ဖြစ်သည်။ ခရမ်းချဉ်သီးကို ချက်ပြုတ်စားသည်ဖြစ်စေ၊ အစိမ်းလိုက်စားသည်ဖြစ်စေ၊ ယိုထိုး၍ သို့မဟုတ် ဖျော်ရည်ပြုလုပ်၍ စားသုံးသည်ဖြစ်စေ၊ ခရမ်းချဉ်သီးဆော့စ်ပြုလုပ်၍ စားသုံးသည်ဖြစ်စေ ဆေးဝါးအာဟာရဓာတ် ပြည့်ပြည့်စုံစုံ ရရှိနိုင်သည်ဟု ဆိုသည်။





www.burmeseclassic.com

www.burmeseclassic.com

## ကြက်ဆွန်ဖြူ

ဆေးစွမ်းအာနိသင် လွန်စွာထက်မြက်သော ကြက်သွန်ဖြူကို ဟင်းခတ်တွဲဖက်ပစ္စည်းအဖြစ် စားသုံးကြသည်။ ကြက်သွန်ဖြူသည် ရောဂါပေါင်းမြောက်မြားစွာတို့ကို နိုင်ပြီး ပျားရည်နှင့်နှော၍ အသက်ရှည်ဆေးအဖြစ်လည်း တွင်တွင်ကျယ်ကျယ် မှီဝဲသုံးစွဲကြလေသည်။ ကြက်သွန်ဖြူကို ဟင်းထည့်ချက်၍ဖြစ်စေ၊ အစိမ်းလိုက်ဖြစ်စေ၊ ဆေးဖော်စပ်၍ဖြစ်စေ စားသုံးနိုင်ပါသည်။

ကြက်သွန်ဖြူများတွင် ဆာလ်ဖာဓာတ်များ မြောက်မြားစွာပါဝင်နေသောကြောင့် ကင်ဆာရောဂါများကို ကာကွယ်ပေးနိုင်ခြင်း ဖြစ်သည်။ ဆာလ်ဖာဓာတ်များသည် ကင်ဆာ (TUMOR) အဖုအကျိတ်များကို တားဆီးပေးသည်။ သွေးကိုကျဲစေနိုင်သောကြောင့် သွေးကြောကျဉ်းရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါများကို သက်သာစေပြီး ဝမ်းကိုက်ရောဂါများကိုလည်း ကောင်းစေနိုင်ပါသည်။

## လိမ္မော်သီး

ရှောက်နွယ်ဝင်အသီးများဖြစ်သော လိမ္မော်သီး၊ ကမ္ဘလာသီး၊ ရှောက်ချိုသီး၊ ကျွဲကောသီး၊ သံပရာသီး အစရှိသော သစ်သီးဝလံများကို နေ့စဉ်စားသုံးပေးခြင်းဖြင့် ကင်ဆာရောဂါအပါအဝင် မျက်စိတိမ်စွဲခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ လေဖြတ်ခြင်း၊ နှာစေးနှာမွန်ဖြစ်ခြင်း၊ ရင်ကျပ်ပန်းနာထခြင်း၊ ဓာတ်မတည့်၍ ယားယံအဖုအပိမ့်ထွက်ခြင်း၊ မူးမော်အော့အန်ခြင်း၊ ဝမ်းလျှောဝမ်းပျက်ခြင်း၊ သွေးထဲအဆီဓာတ်များခြင်းတို့ကို ကောင်းစေနိုင်ပြီး ရောဂါဘယများကို ကာကွယ်တားဆီးပေးနိုင်သည်။

လင်မိုနင်ဓာတ်များ ထူးကဲစွာပါဝင်နေသောကြောင့် ကင်ဆာရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်သည်။ (CAROTEN) ဓာတ်သည် အူမကြီးကင်ဆာ၊ အူလမ်းကြောင်းကင်ဆာ၊ အစာအိမ်ကင်ဆာများကို တားမြစ်ပေးနိုင်သည်။ နာရီဂျင်ဓာတ်သည် အဆုတ်နှင့်ဆိုင်သော ဝေဒနာများကို ကောင်းစေနိုင်သည်။

## ပန်းဂေါ်ဖီစိမ်း

မုန်ညင်းအုပ်စုဝင် အသီးအရွက်များသည် ကင်ဆာအပါအဝင် ရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်သည်။ ပန်းဂေါ်ဖီစိမ်းများတွင် ပါဝင်သော ဆေးဝါးအာဟာရဓာတ်များနှင့် သဘာဝအပင်ဖြပ်ပေါင်းများသည် ကင်ဆာရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်ပေးနိုင်သည်။ ကင်ဆာအမြစ်မတွယ်နိုင်အောင်နှင့် မပျံ့နှံ့အောင်လည်း တားဆီးပေးနိုင်သည်။

ပန်းဂေါ်ဖီစိမ်း၊ ပန်းဂေါ်ဖီဝါ၊ မုန်လာဥနီ၊ မုန်လာဥဖြူ၊ ဂေါ်ဖီထုပ်၊ ကိုက်လန်ရွက်၊ မုန်ညင်းရွက်၊ ဆလတ်ရွက်၊ ခါကြက်ဥနှင့် မုန်ညင်းနွယ်ဝင် အသီးအရွက်များကို နေ့စဉ် နှစ်မယ်သုံးမယ်ပါအောင် စားသုံးပေးခြင်းဖြင့် ကင်ဆာရောဂါကို ကာကွယ်တွန်းလှန်ပေးနိုင်ပါသည်။

## စပျစ်သီး

အနီရင့်ရောင်နှင့် ခရမ်းနက်ရောင် စပျစ်သီးများတွင် (PHYTO-CHEMICAL) လုံလောက်စွာ ပါဝင်နေသောကြောင့် ကင်ဆာဖြစ်စေမည့်ဆဲလ်များကို ချေမှုန်းတိုက်ဖျက်ပေးနိုင်စွမ်းရှိသည်။ ကင်ဆာအမြစ်များကို ကျုံ့သွားစေနိုင်ပါသည်။

ဂေါ်လီဖီနောလ်ဓာတ် ပါဝင်နေသဖြင့် သွေးကင်ဆာ၊ ဆီးကျိတ်ကင်ဆာတို့ကို တိုက်ထုတ်ဖြိုဖျက်ပေးနိုင်သည်။ မျက်စိရောဂါများကို ကာကွယ်ပေးနိုင်သည်။ နှလုံးနှင့်ဆက်နွယ်သောရောဂါများကို လျော့နည်းစေပြီး ကိုယ်ခန္ဓာအရိုးဖွဲ့စည်းမှုကို ကျစ်လစ်သန်စွမ်းစေနိုင်သည်။ (ANTHOCYANIN) ဓာတ်ပါဝင်ခြင်းကြောင့် ကင်ဆာဆဲလ်များကို ကာကွယ်တိုက်ဖျက်ပေးနိုင်စွမ်းရှိသည်။

သတိထားရမည်မှာ ဂေါ်လီဖီနောလ်ဓာတ် ပါဝင်သော စပျစ်သီး၊ လက်ဖက်ရည်ကြမ်း၊ ချောကလက်၊ သံလွင်ဆီများသည် အူလမ်းကြောင်း အစားအစာများမှ သံဓာတ်စုပ်ယူမှုကို တားဆီးနှောင့်ယှက်သဖြင့် သွေးအားနည်းသူများဆင်ခြင်စားသုံးသင့်ပါသည်။

## ထောပတ်သီး

ထောပတ်သီးများတွင် အမိုင်နိုအက်ဆစ်တစ်မျိုးဖြစ်သော ဂလူတာသိုင်းယွန်းဓာတ် ပါဝင်သောကြောင့် ကင်ဆာအမြစ် တွယ်စေနိုင်သော ကင်ဆာဓာတ်တိုးပစ္စည်းများကို တိုက်ဖျက်ပေးနိုင်ပါသည်။ ထောပတ်သီးကို စားသုံးပေးခြင်းဖြင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ ဆီးကျိတ်ကင်ဆာများကို ကင်းစေနိုင်ပါသည်။

(LUTEIN) ဓာတ်သည် ကင်ဆာရောဂါတိုက်ဖျက်ရာတွင် အလွန်အားပြင်းသောဓာတ်တိုးဆန့်ကျင်ပစ္စည်း (ANTI OXIDANT) ဖြစ်သောကြောင့် ထောပတ်သီးကို ဖျော်ရည်ပြုလုပ်၍လည်းကောင်း၊ သကြား နို့ဆီရောမွှေ၍ အချိုစာအဖြစ်လည်းကောင်း၊ ကြက်သွန်နီ ကြက်သွန်ဖြူ အစာဗလာရော၍ ဆီချက်ကျဲကျဲဆမ်းပြီး ဟင်းလျာအဖြစ်လည်းကောင်း စားသုံးပေးမည်ဆိုလျှင် သွေးကြောအဆီပိတ်ခြင်းကို ကာကွယ်ပေးနိုင်သည်။ နှလုံးအဆီပိတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးလည်ပတ်မှု မမှန်ဖြစ်ခြင်း၊ လေဖြတ်ခြင်း၊ ကင်ဆာအစပျိုးခြင်း အစရှိသော ရောဂါများကို ကာကွယ်တားဆီးပေးနိုင်ပါသည်။ အစားအသောက်များ၏ စွမ်းအားအာနိသင်များဖြင့် ကင်ဆာရောဂါများကို ကြိုတင်ကာကွယ်ပေးနိုင်ပါကြောင်း တင်ပြရပါသည်။

❒ အောင်ဘုန်းမြင့်(ကချင်





www.burmeseclassic.com

www.burmeseclassic.com



# အပျိုကြီး အလုံးများ

## ဒေါက်တာ နိုက်တင်ရေးသည်

ကျွန်မတို့တစ်တွေ ယုံကြည်လက်ခံထားကြတဲ့ ကံ,ကံ၏အကျိုးပေး အတိုင်းလူသားအချင်းချင်းတစ်ယောက်နဲ့တစ်ယောက် ဘဝနဲ့ကြမ္မာ ကွဲပြားကြပေမယ့် လူသားအားလုံးအတွက် တူညီတဲ့အချက်တစ်ခုကတော့ လူတိုင်းရဲ့နှလုံးသားမှာ မိခင်ဆိုတဲ့ပုံရိပ် ထာဝစဉ်ရှိကြတာပါပဲ။

လူတိုင်းမှာ မိခင်ဆိုတာရှိသလိုပဲ အမျိုးသမီးတိုင်းမှာ မိခင်ဖြစ်ခွင့်နဲ့ မိခင်စိတ်ဆိုတာ ရှိကြပါတယ်။ မိခင်လောင်းလျာများဖြစ်ကြတဲ့ အမျိုးသမီးများမှာ ပုရိသယောက်ျားများနဲ့မတူ ခြားနားစွာပဲ အာဝေဏိက ဒုက္ခတရားငါးပါးကို ခံစားကြရပါတယ်။ အာဝေဏိက ဒုက္ခတရားငါးပါးကတော့ ပရိသတ်ကြီးသိပြီးဖြစ်တဲ့အတိုင်း . . .



www.burmeseclassic.com

www.burmeseclassic.com

(၁) တစ်လတစ်ခါ ဓမ္မတာ ရာသီသွေး သွန်ရခြင်း၊
(၂) အိမ်ထောင်ပြုပြီးနောက် လင်ယောက်ျား၏နောက်သို့လိုက်ပါရခြင်း၊
(၃) လင်ယောက်ျား၏ ခြေရင်းအလုပ်အကျွေးအဖြစ်ပြုရခြင်း၊
(၄) ကိုယ်ဝန်ဆောင်ရခြင်း၊
(၅) မီးဖွားရခြင်း
တို့ဖြစ်ကြပါတယ်။

အဲဒီထဲကမှ အမျိုးသမီးတိုင်း မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရတဲ့ အာဝေဏိက ဒုက္ခတရားကတော့ တစ်လတစ်ခါ ဓမ္မတာရာသီသွေး သွန်ရခြင်းပါပဲ။ အဲဒီဓမ္မတာသွေးသွန်ရခြင်း ဒုက္ခတရား တစ်ခုကလွဲရင် ပုရိသယောက်ျားများနီးပါးလောက်ကို သောက ဒုက္ခတရား၊ ပြဿနာများ အေးငြိမ်းလှတယ်လို့ အများက ထင်မြင်ယူဆထားကြတဲ့ ဣတ္ထိယ ခေါ် အမျိုးသမီးတို့မှာ အပျိုကြီးမမတို့ပါပဲ။

ဒါပေမဲ့ အဲဒီလို အာဝေဏိက ဒုက္ခတရား ငါးပါးမှာ လေးပါး ငြိမ်းနေတယ်လို့ဆိုပေမယ့် အဲဒီလိုငြိမ်းနေလို့လည်း "အပျိုကြီးအလုံး" ဆိုတဲ့ ကျန်းမာရေးပြဿနာက ပေါ်လာရပြန်တာများလား။

အပျိုကြီးတွေမှာ အဖြစ်များလို့ အပျိုကြီးအလုံးလို့ ခေါ်ပေမယ့် အဲဒီအသားလုံးဟာ အိမ်ထောင်ကျ နောက်ကျတဲ့ အမျိုးသမီးတွေ၊ ကလေးမွေးတာနည်းတဲ့ အမျိုးသမီးတွေ၊ အသက်ကြီးမှ အိမ်ထောင်ကျ၊ အသက်ကြီးမှ ကလေးမွေး၊ တလေးကလည်း တစ်ယောက် နှစ်ယောက်လောက်ပဲမွေးတဲ့ အမျိုးသမီးတွေ၊ ကလေးတစ်ယောက်ယူပြီး အကြာကြီးနေပြီးမှ နောက်တစ်ယောက်ယူတဲ့ အမျိုးသမီးတွေမှာလည်း ဖြစ်တတ်ပါတယ်။

သားအိမ်မှာရှိတဲ့ ကြွက်သားတွေဟာ အချိန်တန်လို့ အိမ်ထောင်သားမွေး အလုပ်လုပ်ချင်တာကို သူ့အလုပ်သူမလုပ်ရတဲ့အခါ၊ သူ့အလုပ်သူမလုပ်ရတာကြာတဲ့အခါ အသားလုံးထွက်လာတဲ့သဘောပါပဲ။

နောက်တစ်ခုက အီစထရိုဂျင်ဟော်မုန်းဓာတ်ပိုများရင်လည်း အဲဒီအမျိုးသမီးရဲ့သားအိမ်မှာ အသားလုံးထွက်လာတတ်ပါတယ်။ ဒီအသားလုံးဟာ ကင်ဆာ(Cancer)မဟုတ်တဲ့ ရိုးရိုးအလုံး (Benign Tumor) ဖြစ်ပါတယ်။

အမျိုးသမီးထုအတွင်းမှာ အဖြစ်အများဆုံးဖြစ်တဲ့ ကင်ဆာမဟုတ်တဲ့အလုံးထဲမှာ ဒီအလုံးဟာ ထိပ်ဆုံးကပါဝင်ပါတယ်။ အဲဒီအလုံးဖြစ်တတ်တဲ့ အသက်အပိုင်းအခြားကို ယေဘုယျအားဖြင့် ပြောပြရမယ်ဆိုရင် အသက်(၄၀)ကျော်ပတ်ဝန်းကျင်၊ အသက်(၅၀-၆၀)အရွယ်များမှာ ဖြစ်တတ်ပါတယ်။ ရှားရှားပါးပါး အသက်(၃၀)ဝန်းကျင်လောက်မှာ ဖြစ်တာလည်း တွေ့ရဖူးပါတယ်။

ဒီအသားလုံးရဲ့ သဘာဝက ဟော်မုန်းပေါ်တည်မှီနေခြင်း(Hormone dependence) ဖြစ်တာ များပါတယ်။ အရွယ်ရောက်ပြီးလို့ အပျိုဖော်ဝင်စကစပြီး သွေးမဆုံးခင်စပ်ကြား အိမ်ထောင်သားမွေးအရွယ်မှာ ရာသီသွေးသား အပေါ် ဟော်မုန်းဓာတ်ရဲ့ လွှမ်းမိုးခြယ်လှယ်မှုက အရေးပါလှပါတယ်။

ဟော်မုန်းဓာတ်များရဲ့ လွှမ်းမိုးခြင်းပြောင်းလဲမှုများအောက်မှာ သားအိမ်ကနေ လစဉ်ဓမ္မတာသွေးဆင်းခြင်း အလုပ်ကို စလုပ်ပါတယ်။ အပျိုဖော်ဝင်ခြင်းပါ။ အရွယ်ရောက်လာတဲ့အခါ အိမ်ထောင်ကျမယ်။ အိမ်ထောင်ကျရင် ကိုယ်ဝန်ရှိလာနိုင်ပါတယ်။

ကိုယ်ဝန် ရှိမယ်ဆိုရင်တော့ သားအိမ်မှာရှိတဲ့ ကြွက်သားတွေ၊ အသားစိုင်တွေက နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ၊ ဒါမှမဟုတ် အိမ် ထောင်ကျပေမယ့် ကလေးမရဘဲနဲ့ ကလေးမရှိတဲ့ အိမ်ရှင်မဖြစ်မယ်။ကလေး မွေးပြန်ရင်လည်း လေးငါးယောက်မွေးတာ မဟုတ်ဘဲ တစ်ယောက်၊ နှစ်ယောက်မွေးတဲ့ သားသမီးနည်းတဲ့ အိမ်ရှင်မ ဖြစ်မယ်။

ဒါမှမဟုတ် အကြောင်းအမျိုးမျိုးကြောင့် နောက်ဆုံး ကလေးရပြီး ရှစ်နှစ်၊ ကိုးနှစ်၊ ဆယ်နှစ် စသဖြင့် မမွေးတာ သိပ်ကြာပြီဖြစ်တဲ့အိမ်ရှင်မဖြစ်မယ်။ ဒီအခြေအနေတွေမှာ သားအိမ်က အနားရတာ၊ သူ့အလုပ်သူ မလုပ်ရတာများသွားမယ်၊ အဲဒီလိုများသွားတဲ့အခါ ဒီအလုံးက ပိုပိုထကြွလာတတ်ပါတယ်။

အလုံးလေးတွေရှိတိုင်း လူနာက သိတာမဟုတ်တော့ ဘာမှမခံစားရဘူးဆိုရင် ဆေးရုံဆေးခန်း လာပြလေ့မရှိကြပါဘူး။

များသောအားဖြင့် ဆေးရုံဆေးခန်းကို လာရောက်ပြသကြတာကတော့ . . .

(၁) အလုံးစမ်းမိလို့ လာတဲ့လူနာ၊ ဥပမာအားဖြင့် ဆီးစပ်မှာ၊ ဝမ်းဗိုက်အောက်ပိုင်းမှာ အလုံးစမ်းမိရင် လာပြတတ်ပါတယ်။

(၂) သွေးသားဖောက်ပြန်လို့ လာတဲ့လူနာ၊ သွေးသားဖောက်ပြန်လို့ဆိုတာ နှစ်ပိုင်းခွဲလို့ ရပါတယ်။ အလုံးရှိနေတဲ့အနေအထားပေါ် မူတည်ပြီး ဓမ္မတာသွေး တစ်လတစ်ခါ ပေါ်မယ့်အစား နှစ်ခါ သုံးခါပေါ်တယ်။ ဒီလိုမှမဟုတ်ရင် တစ်လမှာတော့ တစ်ခါပါပဲ။ ဒါပေမဲ့ သုံးရက်ပေါ်နေကျကနေ (၁၀)ရက်၊ (၁၅)ရက်အထိ များသွားတတ်တာ ရှိပါတယ်။ အဲဒီလိုသွေးသား ဖောက်ပြန်မှုကြောင့် လာတာကတစ်မျိုးပါ။

(၃) နောက်တစ်မျိုးကတော့ သွေးပေါ်တာလည်း တစ်လ နှစ်ခါ၊ သုံးခါတော့ မဖြစ်ပါဘူး။ သွေးပေါ်တဲ့ရက်လည်း မများပါဘူး။ ဒါပေမဲ့ သွေးပေါ်ခြင်းနဲ့ယှဉ်ပြီး ကိုက်ခဲနာကျင်ပါတယ်။ ဒါကြောင့် လာတာရှိပါတယ်။

(၄) ကလေး တော်တော်နဲ့မရနိုင်လို့ လာတဲ့လူနာ၊ အဲဒီလိုလူနာကို စမ်းသပ်စစ်ဆေးကြည့်လိုက်တဲ့အခါ အသားလုံးက သားအိမ်အဝင်အဝမှာရှိနေတော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် အဖိုမျိုးစေ့က အပေါ်မတက်နိုင်တော့ သားမျိုးဥမရပါဘူး။ တစ်ခါတစ်ရံလည်း သားဥပြွန်နဲ့ သားအိမ်ဆက်တဲ့နေရာ (Uterotubal junction) မှာ အသားလုံးက ရှိနေတာပါ။ အဖိုမျိုးစေ့က အပေါ်အထိ မတက်နိုင်တော့ သားသမီးမရနိုင်တာဖြစ်ပါတယ်။ သားသမီးရချင်ပါလျက် မရနိုင်လို့ နားလည်ကျွမ်းကျင်တဲ့ဆရာဝန်၊ ဆရာမများနဲ့ ပြသကြည့်လိုက်တဲ့အခါ Myoma လို့ခေါ်တဲ့ အသားလုံးရှိနေတာ သိရပါတယ်။ အဲဒီလိုမျိုး သားသမီးရဖို့ခဲယဉ်းလို့ဆိုတဲ့ ပြဿနာနဲ့လည်း လာနိုင်ပါတယ်။

(၅) နောက်တစ်ခုက အတိအကျမဟုတ်ပေမယ့် အမျိုးသမီးတစ်ယောက်ရဲ့ ခန္ဓာဗေဒဖွဲ့စည်းမှုမှာ သားအိမ်ရဲ့ ဝန်းကျင် အိမ်နီးချင်းတွေ ရှိနေတာ၊ သူ့နောက်တည့်တည့်မှာ အစာဟောင်းအိမ်နဲ့ အူမကြီး ရှိပါတယ်။ သူ့ရှေ့တည့်တည့်မှာ ဆီးအိမ်နဲ့ဆီးပြွန် ရှိပါတယ်။ တကယ်လို့ အသားလုံးဖြစ်လာလို့ သားအိမ်က ရှိသင့်တဲ့အရွယ်ထက် ကြီးလာတဲ့အခါ ရှေ့ကဆီးအိမ်ကိုလည်း သွားဖိမိပါတယ်။ နောက်က အစာဟောင်းအိမ်၊ အူမကြီးကိုလည်း သွားဖိပါတယ်။ ရှေ့ကိုသွားဖိရင် ဆီးခဏခဏသွားတာ၊ ဆီးမသွားနိုင်တာ၊ ဆီးလမ်းကြောင်းပိုးဝင်ပြီး ဆီးရောဂါ ခဏခဏဖြစ်တာ၊ ဆီးစပ်ကိုက်တာဖြစ်နိုင်သလို နောက်ဘက်ကို သွားဖိရင် ဝမ်းချုပ်တာ၊ ဝမ်းသွားရခက်တာ ဒီလိုမျိုးလက္ခဏာတွေ ဖြစ်လေ့ရှိပါတယ်။

(၆) အမျိုးသမီးတစ်ဦးမှာ နဂိုအရွယ်အစား သားအိမ်သေးသေးလေးရှိမယ့်အစား အကြီးကြီးရှိနေရင် ဗိုက်ကနေဒါကို စမ်းလို့မရသေးတဲ့တိုင်အောင် အထဲထဲမှာ လေးသလိုလို၊ တင်းကျပ်နေသလိုပဲလို့ ပြောလေ့ရှိပါတယ်။ တင်ပါးဆုံ အရိုးကွင်းထဲက သားအိမ်ရှိနေတဲ့နေရာလောက်က တင်းကျပ်ကျပ်ကြီး၊ လေးလေးကြီးဖြစ်နေတယ်ဆိုတဲ့ ညည်းညူသံတွေနဲ့ လာတာလည်း ရှိတတ်ပါတယ်။

အဲဒီလိုဒုက္ခပြဿနာတွေ တစ်ပုံတစ်ပင်ပေးတတ်တဲ့ ကင်ဆာမဟုတ်တဲ့ (Myoma)လို့ခေါ်တဲ့ အသားလုံး ဘာဖြစ်လို့ ဖြစ်လာရတာပါလိမ့်။

ဘယ်အရာမဆို အကြောင်းနဲ့ယှဉ်ပြီး အကျိုးဖြစ်တာလို့ ကျွန်မတို့ရဲ့ သဗ္ဗညုတဗုဒ္ဓဘုရားရှင်က ဟောကြားညွှန်ပြတော်မူခဲ့ပါတယ်။ အကျိုးတရားတိုင်းမှာ အကြောင်းတရား ရှိပြီး အကြောင်းတရားတိုင်းမှာ အကျိုးဆက်ပေါ်စမြဲ မဟုတ်လား။

ဒါကြောင့်မို့လို့လည်း အဲဒီလိုဒုက္ခပြဿနာတွေ တစ်ပုံတစ်ပင် ပေးတတ်တဲ့ ကင်ဆာမဟုတ်တဲ့(Myoma) လို့ခေါ်တဲ့ အသားလုံး ဘာဖြစ်လို့ဖြစ်လာရတာပါလိမ့်။ ဘယ်လိုဖြစ်လာတာများလဲ။ ဒီမေးခွန်းရဲ့အဖြေကို အမျိုးသမီး တော်တော်များများကလည်း သိချင်နေကြမှာပါ။ ဒါပေမဲ့လည်း အခုခေတ် အလွန်တိုးတက်တဲ့ဆေးပညာကတောင်မှ တိတိကျကျ အဖြေမပေးနိုင်သေးပါဘူး။

သားအိမ်မှာရှိတဲ့ ကြွက်သားတွေဟာ အချိန်တန်လို့ အိမ်ထောင်သားမွေး အလုပ်လုပ်ချင်တာကို အလုပ်မလုပ်ရတဲ့အခါ အလုပ်မလုပ်တာ ကြာတဲ့အခါ အလုံးထွက်လာတဲ့သဘော ရှိပါတယ်။ နောက်တစ်ခုက အီစထရိုဂျင် ဟော်မုန်းဓာတ်ပိုများသူမှာ ဖြစ်တတ်တယ်လို့လည်း ဆိုပါတယ်။ အိမ်ထောင်မကျဘဲ အပျိုကြီးဖြစ်တာ၊ အိမ်ထောင်ကျ နောက်ကျတာ၊ ကလေး အမွေးနည်းတာ ဒီအချက်တွေကြောင့်လို့ ယူဆချက်တော့ရှိပါတယ်။

သားအိမ်မှာဖြစ်တဲ့ အလုံးဟာ အမျိုးအစား သုံးမျိုးရှိပါတယ်။ ဒါပေမဲ့ ထပ်ခွဲပြောရရင် လေးငါးခြောက်မျိုးလို့ ပြောနိုင်ပါတယ်။ သားအိမ်ဆိုတာဟာ နံရံလေးနဲ့အလယ်မှာ လိုဏ်လေးပါတဲ့ ကိုယ်တွင်းမျိုးဆက်ပွားအင်္ဂါတစ်ခု ဖြစ်တာ တွေ့ရပါမယ်။ သားအိမ်ကိုယ်ထည်ပါတယ်။ သားအိမ်လည်တံ ပါတယ်။ ပြီးမှ အပေါက်ထွက်တာ။ အထဲမှာ လိုဏ်လေး ရှိပါတယ်။

သားအိမ်အလုံးကို သူတည်နေရာပေါ် မူတည်ပြီးတော့ သုံးမျိုး အမိကခွဲထားပါတယ်။

(၁) သားအိမ်နံရံထဲမှာဖြစ်တဲ့ အလုံး၊ သူ့ကြွက်သားအထူက တစ်လက်မရှိရင် တစ်လက်မထဲမှာဖြစ်တယ်။ သားအိမ်နံရံ ကြီးလာတယ်။ သားအိမ်ပွယောင်းယောင်း ဖြစ်လာတယ်။ ဒါက သိပ်ဒုက္ခပေးတာမျိုး မရှိလှပါဘူး။

(၂) သားအိမ်လိုဏ်ခေါင်းထဲမှာဖြစ်တဲ့ အလုံး၊ သူက သားအိမ်လိုဏ်ကို နေရာယူသွားပါတယ်။ သွေးဆင်းတာလည်း ပိုများပါတယ်။ များသောအားဖြင့် ဒီအလုံးကြောင့် သွေးသားမမှန်မကန်ဖြစ်တာ၊ ရာသီသွေးပေါ်တာများတာ၊ ရာသီသွေးပေါ်တဲ့ရက်များတာ၊ တစ်လနှစ်ခါပေါ်တာ စသဖြင့် ဖြစ်လေ့ရှိပါတယ်။

(၃) ဒုတိယအမျိုးအစားနဲ့ ပြောင်းပြန်ဖြစ်ပြီး အပြင်ဘက်ထွက်တဲ့အလုံး၊ အပြင်ဘက်ထွက်တဲ့အလုံး ဖြစ်တော့ အလုံးပဲရှိတာပါ။ဘာမှအနှောင့်အယှက်မပေးပါဘူး။ ရာသီသွေးပေါ်တာနဲ့လည်း အနှောင့်အယှက်မပေးပါဘူး။ ကိုက်ခဲတာနဲ့လည်း အနှောင့်အယှက်မပေးပါဘူး။ ဖြည်းဖြည်းချင်း ကြီးကြီးလာမှသာ အလုံးအဖြစ် တွေ့ရတာ ဖြစ်ပါတယ်။ ဝမ်းဗိုက်အထဲမှာလေးတယ်။ တင်းကျပ်ကျပ်ဖြစ်နေပါတယ်။ ဆီးအိမ်ကို သွားဖိရင် ဆီးခဏခဏသွားမယ်။ အူမကြီးကို သွားဖိရင် ဝမ်းချုပ်မယ်။ ဒီလောက်ပဲ ဖြစ်တတ်ပါတယ်။

ဒီအမျိုးအစားတွေထဲမှာ ဖြစ်တော့ဖြစ်တယ်။ ဒါပေမဲ့ ရှားတယ်ဆိုတာက ဒုတိယအမျိုးအစားဖြစ်တဲ့ သားအိမ်အတွင်းက လိုဏ်ထဲကို ဖုလာကြွလာတဲ့ အသားလုံးပါပဲ။ များသောအားဖြင့် သားသမီး ရနိုင်ပါတယ်။ သန္ဓေ





www.burmeseclassic.com

www.burmeseclassic.com

တည်နိုင်တယ်။ ဒါပေမဲ့ သန္ဓေသားကြီးလာတဲ့အခါ ဆက်ပြီးနေစရာနေရာမရှိလို့ သားအိမ်က သန္ဓေသားကို လက်မခံနိုင်တော့ပါဘူး။ ခဏခဏ ပျက်ကျတယ်။ ထပ်တလဲလဲ ကိုယ်ဝန်ပျက်ကျခြင်းရဲ့ အကြောင်းရင်းတွေမှာ နံပါတ် (၂) အမျိုးအစား အတွင်းလိုဏ်ထဲကို ထွက်တဲ့ Myoma အလုံးကြောင့်ဖြစ်တာ တွေ့ရှုဖူးပါတယ်။

အမျိုးအစား သုံးခုစလုံးမှာ ဘာပဲဖြစ်ဖြစ် များသောအားဖြင့် သူတို့ရဲ့ ကြီးထွားမှုက အင်မတန်နှေးပါတယ်။ ကင်ဆာ မဟုတ်တာကြောင့်၊ ရိုးရိုး အသားလုံးဖြစ်တာကြောင့် နှေးပါတယ်။ ဒါကြောင့် အလုံးက လူကြီးလက်သီးဆုပ်လောက် အရွယ်ကြီးဖို့ နှစ်နှစ်၊ သုံးနှစ် ကြာပါတယ်။ ဖြည်းဖြည်းချင်း ကြီးတာဆိုတော့ လူနာကလည်း သိပ်မသိသာပါဘူး။

အမျိုးသမီး တစ်ယောက်မှာ ဒီအလုံးရှိခြင်းကြောင့်ဖြစ်နိုင်တဲ့ နောက်ဆက်တွဲပြဿနာတွေ ဘာတွေရှိနိုင်ပါသလဲ။

ဖြစ်နိုင်တာက . . .

(၁) တဖြည်းဖြည်းနဲ့ အလုံးကြီးကြီးလာပြီး ဝမ်းမသွားနိုင်၊ ဆီးမသွားနိုင် ဖြစ်တတ်ပါတယ်။ ဝမ်းဗိုက်ဘက်ရောက်ရင် သိပ်ကျပ်လွန်းလို့ အသက်ရှူရကျပ်တာ ရှိပါတယ်။

(၂) သားအိမ်အပြင်ဘက် ထွက်တဲ့ တတိယအမျိုးအစားကျတော့ အညှာကြီး ရှည်ထွက်လာပြီး အညှာကြီးနဲ့ အလုံးကြီး ရှည်ရှည်လျားလျား၊ ကြီးကြီးမားမားဖြစ်တတ်ပါတယ်။ အညှာတစ်ထွာလောက် ရှည်တတ်ပါတယ်။ အလုံးကြီးက အဝေးမှာရှိနေပြီး အညှာလိမ်သွားတာမျိုး ဖြစ်တတ်ပါတယ်။ ဒီအခါမှာ နာလွန်းလို့ အရေးပေါ်ခွဲစိတ်ရတတ်ပါတယ်။

(၃) အလုံးက လိုဏ်ခေါင်းထဲမှာရှိနေရင် ခဏခဏသားပျက်တာမျိုး၊ သားသမီးရနိုင်ခဲတာမျိုး ဖြစ်တတ်ပါတယ်။

(၄) ပုံမှန်အားဖြင့်ဖြစ်တဲ့ အမျိုးသမီး (၁၀၀)မှာ (၉၉)ယောက်က ခုနကပြောခဲ့သလို နှစ်နှစ်၊ သုံးနှစ်ကြာမှ ဖြည်းဖြည်းချင်း ကြီးကြီးလာပြီး လက်သီးဆုပ်အရွယ်လောက်အလုံး ဖြစ်လာပါတယ်။ ဒါပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် ဒီအလုံးကြီးက နေ့ချင်းညချင်းကြီးလာပြီး နာလာပြီး ဗိုက်တစ်ခုလုံး ပြည့်သွားတတ်တာမျိုးလည်း တွေ့ရဖူးပါတယ်။ အဲဒါမျိုးမှာလည်း အရေးပေါ်ခွဲစိတ်ကုသဖို့ လိုအပ်ပါတယ်။

(၅) ဒီအလုံးဟာ ကိုယ်ဝန်ဆောင်ခြင်းနဲ့လည်း ယှဉ်ပြီးဖြစ်တာ တွေ့ရဖူးပါတယ်။ ဒီအလုံးကြီးတော့ ရှိတယ်။ အတွင်းလိုဏ်ထဲမှာ သူ့ဟာသူနေတယ်။ ဘာမှ ဒုက္ခမပေးဘူး။ သန္ဓေသားကလည်း နေနေကျနေရာ နေတာပါပဲ။ ဒါပေမဲ့ အလုံးကြီးက နံရံထဲမှာဖြစ်ဖြစ်၊ အပြင်မှာဖြစ်ဖြစ် ရှိတာဆိုရင်တော့ ဆရာဝန်လည်း မသိဘူး။ မိခင်လည်း မသိဘူး။ မွေးပြီးတဲ့အခါကျမှ နံရံထဲမှာ အလုံးကြီးရှိမှန်း သိရတာ များပါတယ်။ သိရတာက တခြားကြောင့်မဟုတ်ပါဘူး။ ကလေးမွေးပြီးတဲ့အခါ ဒီနံရံက ချက်ချင်းပြန်ကျုံ့ရတဲ့သဘော ရှိပါတယ်။ နံရံထဲမှာအလုံးကြီးရှိနေလို့ နံရံက မကျုံ့နိုင်ရင် မွေးပြီး သွေးသွန်တတ်ပါတယ်။ အချင်းလည်း ကပ်တတ်ပါတယ်။

နောက်တစ်ခုက မမွေးခင်မှာ လိုဏ်ထဲမှာ ဒီအလုံးကြီးက အကြီးကြီးဖြစ်ပြီး ဖုံးနေတယ်ဆိုရင် ကလေးက အနေအထားမမှန် ဖြစ်တတ်ပါတယ်။ ဥပမာ- ခေါင်လိုက်နေရမယ့်အစား ကန့်လန့်နေတတ်တယ်။ ဒါမှမဟုတ် တင်ပါးဆုံ အနေအထားနဲ့ နေတတ်ပါတယ်။ သားအိမ်ကြွက်သားထဲမှာ အလုံးကြီးရှိနေတယ်ဆိုရင် ကလေးမွေးတဲ့အခါမှာ သားအိမ်ညှစ်တာ စည်းချက်ဝါးချက် မမှန်တာကြောင့် အမွေးကြာတတ်ပါတယ်။ ဒီအလုံးက သားအိမ်ထွက်ပေါက်နားလောက်မှာ ရှိနေမယ်ဆိုရင် မိခင်က ဘယ်လောက်ပဲညှစ်အားကောင်းကောင်း ကလေးက ခေါင်းမထွက်နိုင်ဘဲ ကလေးခေါင်းနဲ့ တစ်နေတာကြောင့် ကလေးမမွေးနိုင်လို့ ခွဲစိတ်ရတတ်ပါတယ်။

သံသယတစ်ခုခုရှိလို့ သားအိမ်အလုံးများလားဆိုပြီး အမျိုးသမီးတစ်ဦးလာပြတဲ့အခါ . . .

ရောဂါရာဇဝင် မေးပါတယ်။ ဗိုက်စမ်းသပ်ပါတယ်။ အတွင်းထဲစမ်းပါတယ်။ သေချာအောင် Ultrasound လို့ခေါ်တဲ့ T.V ဓာတ်မှန်ရိုက်ကြရပါတယ်။ Ultrasound နဲ့တင်ပဲ သားအိမ်မှာ အသားလုံးဖြစ်တဲ့ ရောဂါဆိုတာကို ရာခိုင်နှုန်းပြည့်နီးပါး ပြောပြနိုင်ပါတယ်။

ဒီလို အလုံးဖြစ်တာအတွက် ဆေးထိုးဆေးစားရင် ပျောက်သွားမလားလို့ တချို့က မျှော်လင့်တတ်ပါတယ်။ ဖြစ်နိုင်မယ်ဆိုရင် မခွဲချင်ကြပါဘူး။

ဆရာဝန်၊ ဆရာမများက လူနာကို ဖြစ်သင့်ဖြစ်ထိုက်တာကို အမှန်အတိုင်းရှင်းပြပြီး ခွဲစိတ်ဖို့တိုက်တွန်းရပါတယ်။ ဒါက ကင်ဆာမဟုတ်တဲ့အလုံး (Benign tumour) ဖြစ်တာကြောင့် ဆေးထိုးဆေးစားလို့ ပျောက်တဲ့အလုံး မဟုတ်ဘူးဆိုတာ၊ ပိန်သွားမှာ မဟုတ်ဘူးဆိုတာကို ဆရာဝန်၊ ဆရာမများအားလုံးကတော့သိကြတာပေါ့။ ဒါပေမဲ့လည်း လူနာကို သေသေချာချာသိအောင် ရှင်းပြရပါတယ်။

တချို့ကတော့ မခွဲဘဲနဲ့ဒီအတိုင်းထားရင်ရော စသဖြင့် သိချင်ကြပါတယ်။ မခွဲဘဲ ဒီအတိုင်းထားရင် အလုံးက နည်းနည်း နည်းနည်းနဲ့ ဖြည်းဖြည်းချင်းကြီးလာပြီး ဗိုက်တစ်ခုလုံး ပြည့်လာပါမယ်။

ခွဲရတာကလည်း ပိုခက်လာပါမယ်။ ပြီးတော့ အသက်ကြီးလာတာနဲ့အမျှ ခွဲဒဏ်မခံနိုင်တာကတစ်မျိုး၊ ခွဲပေးတဲ့ဘက်ကလည်း အခက်အခဲ တွေ့နိုင်တာ တစ်မျိုးနဲ့ နောက်ကျမှခွဲစိတ်ခြင်းဟာ မကောင်းတာကြောင့် တွေ့တဲ့အချိန်မှာ ခွဲသင့်တဲ့လူနာကို ခွဲဖို့ရှင်းပြရပါတယ်ရှင်။



www.burmeseclassic.com

www.burmeseclassic.com

လူနာက ခွဲဖို့သဘောတူပြီ ဆိုတာနဲ့တစ်ပြိုင်နက် ဒီရောဂါကို ခံစားနေရတဲ့ အမျိုးသမီးရဲ့အသက်အရွယ်၊ အိမ်ထောင်ရှိ၊မရှိ၊ နောက်ထပ် ကလေးယူချင်၊ မယူချင်စသဖြင့် စဉ်းစားချင့်ချိန်ရပါတယ်။ လူနာရဲ့အကျိုးကို ဦးစားပေးစဉ်းစားရပါတယ်။

အလုံးကြီးကို ခွဲစိတ်ထုတ်ဖို့သဘောတူလိုက်ပြီဖြစ်တဲ့ လူနာ အမျိုးသမီးတစ်ဦးအနေနဲ့ ဥပမာ-လူနာအမျိုးသမီးက အသက်(၃၅)နှစ် ဝန်းကျင်ပဲရှိသေးတယ်။ ကလေးက လုံးဝ မရဖူးသေးပါဘူး။ ဒါမှမဟုတ် တစ်ယောက်နှစ်ယောက်ပဲရသေးတယ်။ နောက်ထပ်ကလေးလိုချင်သေးတယ်။ အဲဒါဆိုရင် အဲဒီအသက်အရွယ်မှာ သားအိမ်မထုတ်ပါဘူး။ အလုံးကိုပဲထုတ်ပြီး သားအိမ်ကိုချန်ထားခဲ့ပါတယ်။

နောက်တစ်မျိုး ရှိနိုင်တာက ဒီအမျိုးသမီးက အပျိုကြီးဖြစ်တဲ့ တိုင်အောင် အိမ်ထောင်သားမွေး လုပ်ချင်စိတ်ရှိပါသေးတယ်။ သူကလည်း ဆန္ဒရှိတယ်ဆိုရင် သားအိမ် မထုတ်ပါဘူး။ ခွဲတဲ့အခါမှာ သားအိမ်ကိုချန်ထားပြီး အလုံးချည်းသက်သက်ထုတ်တဲ့ ခွဲစိတ်



နည်းရှိပါတယ်။ ဒါကို Myomectomy လို့ခေါ်ပါတယ်။

နောက်တစ်ခါ ကလေးရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အကြောင်းမဟုတ်ဘူး။ အလုံးလည်းသိပ်မများဘူး။ ထုံးစံအတိုင်း စိတ်မသိုးမသန့် မဖြစ်ရအောင်လို့ လစဉ်ဓမ္မတာသွေးလေးတော့ ဆင်းစေချင်တယ်ဆိုရင် ခုနကပြောတဲ့ Myomectomy နည်းနဲ့ အလုံးချည်းပဲ ထုတ်ပါတယ်။

ဒါပေမဲ့ အသက်ကငယ်ငယ် ကလေးလည်း လိုချင်သေးတယ်ဆိုပေမယ့် အလုံးတွေကများလွန်းပြီး သားအိမ်က သားအိမ်နဲ့မတူတော့ဘူး။ ပုံမှန်ဖြစ်အောင် တော်တော်နဲ့ ပြုပြင်ယူလို့ မရနိုင်ဘူး။ အလုံးတွေကို ကုန်အောင် မထုတ်ဘဲ အခုနလို ဂေါ်လီလုံးလောက်တွေကိုထားခဲ့ရင် နောက်လေးငါးနှစ်ဆိုသူက ပြန်ဖြစ်နိုင်ပါတယ်။ သားသမီးပြန်ရဖို့၊ မရဖို့မှာ မရဖို့က တော်တော်ကြီး သေချာတယ်ဆိုရင်တော့ သားအိမ်ထုတ်ပစ်ပါတယ်။

နောက်တစ်ခါ အလုံးနည်းချင်နည်းမယ်၊ များချင်များမယ်။ ဒါပေမဲ့ အသက်က(၄၀)ကျော်ပြီ။ သားသမီးကပြည့်စုံနေပြီ။ နောက်ထပ်ယူဖို့ မစဉ်းစားတော့ဘူး။ သွေးဆုံးမှာလည်း ပျမ်းမျှ (၄၇) (၄၈)လောက် ဆုံးမယ်။ လက်ရှိရောဂါလည်း ပျောက်ချင်တယ်ဆိုရင် အလုံးသာမကဘဲ သားအိမ်ရော အလုံးရော အကုန်လုံး ထုတ်ပစ်ပါတယ်။

အဲဒီမှာ အသက် (၄၂)နှစ်လောက် အထက်ဆိုရင် သားဥနှစ်ခုရော ထုတ်ပစ်ပါတယ်။ ကျန်တဲ့သားဥက နောက်ကင်ဆာဖြစ်မှာ ကြောက်ရလို့ပါပဲ။

ဒါပေမဲ့ အသက်က(၄၀)ထက်ငယ်သေးတယ်။ သွေးမပေါ်ပေမယ့် သွေးမဆုံးခင်မှာရှိတဲ့ ဟော်မုန်းဓာတ်များနဲ့ ပြည့်စုံနေပြီးတော့ အမျိုးသမီးပီသချင်တယ်ဆိုရင် သားဥကို ချန်ထားခဲ့တတ်ပါတယ်။

အဲဒီအချက်တွေအပြင် ရောဂါလက္ခဏာအနေနဲ့ သွေးသားဖောက်ပြန်တာ၊ သွေးပေါ်ရင်ကိုက်ခဲတာ၊ ကလေးရနိုင်ခဲတာ၊ ခဏခဏပျက်ကျတာ၊ ဘာလက္ခဏာမှ မရှိတဲ့အပြင် သားအိမ်ရဲ့အရွယ်အစားက ကိုယ်ဝန်ဆောင် သုံးလအရွယ်လောက်၊ (၁၂)ပတ်အရွယ်လောက်ထက်ငယ်ရင် ဘာမှလုပ်ဖို့မလိုဘူး။ ခွဲစိတ်စရာ မလိုအပ်ပါဘူး။

ဒီလူနာကို ခြောက်လတစ်ခါလောက် မှန်မှန်စစ်ဆေးကြည့်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့သဘောက လုံးဝပျောက်မသွားတဲ့တိုင်အောင် သွေးဆုံးရင် ဆက်မကြီးတော့ဘဲ တချို့ဆိုနည်းနည်းတောင်လျော့သွားတဲ့သဘောရှိပါတယ်။

ဒါပေမဲ့ ခြွင်းချက်အားဖြင့် ပြောရမယ်ဆိုရင် (၁၂)ပတ်အရွယ်ထက် ငယ်ပေမယ့် ဒုတိယ အမျိုးအစားဖြစ်တဲ့ အတွင်းလိုက်မှာဖြစ်တယ်။ သွေးသားဖောက်ပြန်မှုအနေနဲ့ တစ်လတည်းနဲ့ ဓမ္မတာသွေး နှစ်ခါ သုံးခါပေါ်တယ်။ ဒါမှမဟုတ် (၁၄)ရက်(၁၅)ရက်စသဖြင့် ရက်ရှည်သွေးပေါ်တယ်။ ဒါမှမဟုတ် ကိုက်ခဲတယ်ဆိုရင် (၁၂)ပတ် ကိုယ်ဝန်အရွယ်ထက်ငယ်တဲ့တိုင် ခွဲစိတ်ရပါတယ်။

ဒါကြောင့် ခွဲရမယ်ဆိုတာ လေ့နဲ့ဓားထစ်မဟုတ်ဘဲ အသက်အရွယ်၊ နောက်ထပ် သားသမီးလိုချင်မှု၊ မလိုချင်မှု၊ သားသမီးလိုချင်တဲ့တိုင် တချို့ကလည်း လစဉ်သွေးပေါ်နေတယ်ဆိုတဲ့ ခံစားမှုနဲ့ လွတ်လွတ်လပ်လပ် နေချင်တယ်ဆိုတာတွေကို စဉ်းစားမှါတယ်။ ဒီအချက်အလက်တွေ အားလုံးပေါ်မူတည်ပြီး တစ်ဦးချင်းအလိုက် ဆောင်ရွက်ရတဲ့သဘော ရှိပါတယ်။

ခွဲတယ်ဆိုရင်လည်း ဒါကသမားရိုးကျနည်းနဲ့ ခွဲတာပဲလို့ နားလည်ရပါတယ်။

ထုံးစံအားဖြင့် ခွဲတာကတော့ ခွဲကြောင်းကြီးတာပေါ့။ အခုနောက်ပိုင်း





www.burmeseclassic.com

www.burmeseclassic.com

မှာ ပြုလုပ်ပေးတာက Key Kole ပါ။ အတွင်းကြည့်မှန်ပြောင်း (Laparoscope) ကိုသုံးပြီး အသားလုံးကို ထုတ်ယူတာ ဖြစ်တဲ့အတွက် ဒီနည်းကို Laparoscopic Myomectomy လို့ခေါ်ကြပါတယ်။ မှန်ပြောင်းထည့်ပြီးတော့ သားအိမ်အပြင်ဘက်မှာ ထွက်နေတဲ့ လိမ္မော်သီးလောက်၊ ကျွဲကောသီးလောက် ရှိနေတဲ့အလုံးကို ခွဲကြောင်းအကြီးကြီးမပေးဘဲ Laparoscope နဲ့ ထုတ်ပါတယ်။

ဘာဖြစ်လို့ ထုတ်နိုင်သလဲဆိုတော့ သားအိမ်ထုတ်တာကိုတောင်မှ ဒီနည်းနဲ့တောင်ရသေးတာပဲ။ ဒီနည်းနဲ့ အလုံးထုတ်ရင် ခွဲစိတ်ဒဏ်ရာ အင်မတန် သေးငယ်ပါတယ်။ လူနာမှာ ခွဲပြီး နာကျင်ခြင်း သိပ်မခံစားရပါဘူး။ အနာကျက်တာလည်း မြန်ဆန်တယ်ဆိုတော့ သမားရိုးကျနည်းနဲ့မလုပ်ဘဲ Laparoscope နဲ့လုပ်တာ ရှိပါတယ်။

Hystoscopic Myomectomy ဆိုတာကတော့ ဗိုက်ပေါ်က အပေါက်လည်းမဖောက်ဘူး။ ခွဲကြောင်းအသေးလည်းမခွဲဘူး။ ခွဲကြောင်းအကြီးလည်း မခွဲဘူး။ Keyhole လည်း မလုပ်ဘူး။ အဲဒီလိုမလုပ်ဘဲနဲ့ အဲဒီကိရိယာနဲ့ အောက်ပိုင်းကနေ သားအိမ်လည်တံဖြတ်ပြီး တိုက်ရိုက်ဝင်တာပါ။ သားအိမ်လိုဏ်ထဲအထိ တိုက်ရိုက်ဝင်ပါတယ်။ ဝင်ပြီးတော့ အခုန လိုဏ်ထဲမှာရှိတဲ့ ဒါမှမဟုတ် နံရံထဲမှာရှိတဲ့ အလုံးကို ထုတ်ပါတယ်။

ဒါပေမဲ့ Hystoscopic Myomectomy ကတော့ အလုံးသိပ်အကြီးကြီးတွေကို မထုတ်နိုင်ပါဘူး။ အသေးစားလေးတွေနဲ့ အနေတော်အရွယ်လေးတွေမှ ရပါတယ်။ ဒါက ဗိုက်မခွဲဘဲနဲ့ ဗိုက်မဖောက်ဘဲနဲ့ အောက်ကနေ သားအိမ်လည်တံကနေတစ်ဆင့် အလုံးထုတ်တာပါ။

နောက်ဆုံးပေါ် နည်းကတော့ ခွဲစိတ်တာလုံးဝမပါပါဘူး။ အသက်(၄၀) လည်း ကျော်နေပြီ။ သွေးဆုံးဖို့လည်း သိပ်မလိုတော့ဘူး။ ခွဲလည်းမခွဲချင်ဘူး။ ဒါက တစ်မျိုး၊ ဒါမှမဟုတ် (၄၀)တော့ မကျော်သေးဘူး။ ဒါပေမဲ့ မခွဲချင်ဘူး။ အဲဒါမျိုးဆိုရင် Selective embotisation ဆိုတဲ့ ကုနည်းတစ်မျိုးပေါ်လာပါတယ်။ သူက ဘာလဲဆိုရင် Uterine artery လို့ခေါ်ဆိုတဲ့ သားအိမ်ကိုလွှတ်တဲ့ သွေးကြောမကနေ အာဟာရတွေ ပေးနေတယ်။ သွေးတွေ ပေးနေတယ်။

အဲဒီ Uterine artery သွေးလွှတ်ကြောကို MRI၊ CT Scan၊ Ultrasound စတဲ့ စက်ကရိယာတွေနဲ့ ကြည့်ပြီး တွေ့အောင်ရှာပါတယ်။ တွေ့ပြီဆိုရင် Uterine artery ကို ချည်လည်း မချည်ဘူး။ ဖြတ်လည်း မဖြတ်ဘူး။ Embolisation လို့ခေါ်နိုင်တဲ့ ဆို့ပြီးပိတ်သွားအောင် လုပ်ပါတယ်။ Uterine artery embolistion လို့ခေါ်တာပေါ့။ ဒါက Laparoscope နဲ့လုပ်လို့ရပါတယ်။

ဒါမှမဟုတ် ဆေးထိုးပြီး Angiogram နဲ့လည်း ရပါတယ်။ ခွဲစိတ်စရာ မလိုပါဘူး။ သွေးထောက်ပံ့ပေးနေတဲ့ သွေးကြောနှစ်ဖက်ကို ပိတ်ဆို့လိုက်ရင် သွေးကြောဖြတ်တာနဲ့ အတူတူဖြစ်သွားပါမယ်။ ဒီအခါမှာ သွေးထောက်ပံ့မှု ပြတ်သွားပြီး Myoma ဟာ မကြီးဘဲနဲ့ တဖြည်းဖြည်း သေး‌,သေးသွားပြီး ရှုံ့ပြီး ခွဲဖို့မလိုတော့ပါဘူး။

နောက်တစ်ခုက ဟော်မုန်းဓာတ်တစ်မျိုးဖြစ်တဲ့ GNRH analogue ဆိုတဲ့ နည်းပါပဲ။ GNRH ဆိုတာက Gonadotrophin relealing hormone ။ အဲဒီအမျိုးမျိုးပြုပြင်ထားတာ ဒီဆေးပေးရင် အလုံးကကျုံ့ပြီး ဆက်မကြီးတော့ပါဘူး။

အထူးသဖြင့် ခုနကလို ဗိုက်ကို ထုံးစံအတိုင်းဖွင့်ခွဲပြီး လုပ်တာမဟုတ်ဘဲ Hysotoscopic ဆိုတဲ့ မှန်ပြောင်းကို သားအိမ်လည်တံကနေသွင်းပြီး အဲဒီ ပြောင်းကနေတစ်ဆင့် အတွင်းကအလုံးကို ထုတ်တဲ့အခါမှာ ခုနကပြောတဲ့ GNRH ဆေးတစ်မျိုးကို မခွဲခင် ခြောက်ပတ် ဒါမှမဟုတ် တစ်လခွဲလောက်ပေးပါတယ်။ မခွဲခင်ပေးလိုက်ရင် သားအိမ်နံရံမှာရှိတဲ့ အလုံးက ကျုံ့ပြီးတော့ ဘေးပတ်ဝန်းကျင်ကနေ နည်းနည်းသီးသန့်ဖြစ်သွားပါတယ်။ ထုတ်တဲ့အခါ လွယ်ကူသွားတာပေါ့။ ဒါက ဆေးကြိုပေးထားရင် ဒီလိုဖြစ်သွားနိုင်တာပါ။

ဆေးမပေးရင် သူက ကြွက်သားတွေနဲ့တွဲတာနဲ့၊ သွေးထွက်တာနဲ့ သွေးတိတ်အောင် လျှပ်စစ်တို့ရတာနဲ့ အများကြီး ဒုက္ခဖြစ်နိုင်စရာရှိပါတယ်။ အခုလို နောက်ဆုံးပေါ်နည်းတွေ သုံးတဲ့အခါ အန္တရာယ်လည်း နည်းပါတယ်။ လူနာအတွက်လည်း အများကြီး အကျိုးရှိစေပါတယ်။

တကယ်တော့ ဒါက ကင်ဆာလုံးဝမဟုတ်ပါဘူး။ ကင်ဆာဖြစ်မယ်ထင်ပြီး မစားနိုင် မသောက်နိုင်ဖြစ်နေတာမျိုးက မသင့်လျော်ပါဘူး။

ပြီးတော့ ကာကွယ်ရေးအပိုင်းကို အသိပေးချင်မိပါတယ်ရှင်။ ရင်သားကင်ဆာရှိ၊မရှိ သားအိမ်ခေါင်းကင်ဆာရှိ၊မရှိ စမ်းသပ်သလိုပဲ အသက်(၄၀)ကျော်တဲ့အရွယ်မှာ အပျိုကြီးပဲ ဖြစ်ဖြစ်၊ အိမ်ထောင်ရှိပြီး ကလေးမမွေးတဲ့သူပဲဖြစ်စေ၊ ကလေးနည်းတဲ့သူပဲ ဖြစ်ဖြစ်၊ နောက်ဆုံးကလေးမရှိတာ (၇)နှစ်၊ (၈)နှစ် စသဖြင့် ကြာတဲ့သူများအနေနဲ့ ရင်သားကင်ဆာရှိ၊မရှိ သားအိမ်ခေါင်းကင်ဆာရှိ၊မရှိ စစ်ဆေးခြင်းများနဲ့အတူ သားအိမ်အသားလုံး ရှိ၊မရှိ ဆိုတာကိုလည်း Ultrasound လို့ခေါ်တဲ့ T.V ဓာတ်မှန်သုံးပြီး တစ်နှစ်တစ်ခါ မှန်မှန်စမ်းသပ်စစ်ဆေးဖို့အမှန်တကယ်လိုအပ်ပါတယ်။

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေ။

❒ **ဒေါက်တာနိုက်တင်ဧးလ်**



www.burmeseclassic.com

www.burmeseclassic.com

# အမြွှာဖြစ်ရခြင်းအကြောင်းရင်းနဲ့ မိခင်ဝမ်းမှုမယ်အမြွှာများ

ခေးလု

'အမြွှာ'လို့ပြောလိုက်ရင် လူတိုင်း သိကြပါတယ်။ ကလေးတစ်ဦးမက မိခင်ဗိုက်ထဲကနေ မွေးဖွားလာရင် အမြွှာမွေးတယ်လို့ပြောကြသလို အဲဒီကလေးတွေကိုလည်း 'အမြွှာလေးတွေ' လို့ခေါ်ကြတယ်။

အမြွှာဖြစ်ရခြင်း အကြောင်းရင်းကို ဆေးပညာရှုထောင့်ကနေ ရှင်းပြထားချက်တွေကို တင်ပြပေးလိုပါတယ်။

အမြွှာဖြစ်ရခြင်း အကြောင်းရင်း လေးမျိုးရှိပါတယ်။

ပထမအကြောင်းရင်းက မမျိုးဥတစ်ဥမက ထွက်လို့၊ ဒုတိယအကြောင်းရင်းက မမျိုးဥ တစ်ကြိမ်မက ထွက်လို့၊ တတိယအကြောင်းရင်းကတော့ မမျိုးဥတစ်ဥတည်းကနေ နှစ်ခု ခွဲထွက်လို့၊ စတုတ္ထအကြောင်းရင်းက ဆေးပညာအရ သန္ဓေမရ,ရအောင် မျိုးစပ်ပြီးသားဥသုံးဥကို သားအိမ်ထဲထည့်ပေးထားလို့ ဖြစ်ပါတယ်။

အမြွှာမွေးတာမှာ ကလေးနှစ်ယောက်တည်း မွေးတာရှိသလို နှစ်ယောက်မက မွေးတာလည်းရှိပါတယ်။ အမြွှာတွေမှာ အချင်းတစ်ခုတည်းပါတာရှိသလို အချင်းနှစ်ခုပါတာလည်း ရှိပါတယ်။ ရေမြွှာအိတ်တစ်ခုတည်း ဖြစ်တည်နေတာရှိသလို ရေမြွှာအိတ် နှစ်အိတ်ပါတာလည်း ရှိပါတယ်။

အမြွှာနှစ်မျိုး ရှိပါတယ်။ တစ်မျိုးက Identical twins လို့ ခေါ်ပါတယ်။ မြန်မာလိုက 'အသွင်တူအမြွှာ' ဖြစ်ပါတယ်။

အသွင်တူအမြွှာတွေမှာ ရာခိုင်နှုန်း ၆၀-၇၀ လောက်က အချင်းတစ်ခုတည်းဖြစ်တတ်ပြီး ရေမြွှာအိတ်က တခြားစီ ဖြစ်ကြတယ်။ ရာခိုင်နှုန်း ၁၈-၃၀လောက်က အချင်းတခြားစီနဲ့ ရေမြွှာအိတ်လည်း တခြားစီရှိကြတယ်။ ရာခိုင်နှုန်း ၁-၂ လောက်သာ အချင်းတစ်ခုတည်း၊ ရေမြွှာအိတ်လည်း တစ်ခုတည်းနဲ့ ဖြစ်ကြတယ်။ -

နောက်တစ်မျိုးက 'အသွင်မတူအမြွှာ' လို့ မြန်မာလိုခေါ်နိုင်တဲ့ Non-identical twins တွေ ဖြစ်ပါတယ်။ အသွင်မတူအမြွှာတွေဟာ ယောက်ျားလေး၊ မိန်းကလေး လိင်ကွဲနေရင်လည်း အသွင်မတူကြဘူး။ ယောက်ျားလေးချည်း မွေးလာတဲ့ အမြွှာတွေဟာလည်း အသွင်မတူကြဘူး။ မိန်းကလေးချည်း မွေးလာတဲ့အမြွှာတွေဟာလည်း အသွင်မတူကြဘူး။

အသွင်တူအမြွှာ မှန်သမျှဟာ များသောအားဖြင့် မျိုးဗီဇတူကြတယ်။ မျိုးဗီဇမတူတာ ရှားတယ်။ လိင်တူတယ်။ သဘာဝဖြစ်စဉ်လည်း တူတာများတယ်။ သဘာဝဖြစ်စဉ်ဆိုတာ ကြီးထွားဖွံ့ဖြိုးပုံနဲ့ အမူအရာတွေကို ဆိုလိုပါတယ်။ 'ဒီအန်အေ' (DNA)လည်း တူသလောက်ရှိပါတယ်။ လက်ဗွေတော့ မတူကြပါဘူး။ တစ်ဝက်တစ်ပျက်ပဲ အသွင်တူတယ်ဆိုတာမျိုးက ရှားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အသွင်တူအမြွှာတွေဟာ မိခင်ဆီက တူညီတဲ့ မျိုးဗီဇ ရထားလို့ဖြစ်ပါတယ်။ ဖခင်ဆီက မျိုးဗီဇသာ ကွဲပြားမှုရှိတာပါ။ အသွင်တူအမြွှာတွေဟာ ကြီးပြင်းလာမှသာ ပတ်ဝန်းကျင်မတူရင် မတူသလို၊ ရွေးချယ်မှုမတူရင် မတူသလို စိတ်နေစိတ်ထား၊ စိတ်သဘောထားတွေ ကွဲပြားသွားကြပါတယ်။

အမြွှာတွေကို မိခင်ဝမ်းဗိုက်ကနေ မွေးထုတ်တဲ့အခါ မွေးတဲ့အချိန်ကွာခြားမှုရှိပါတယ်။ လေ့လာချက်များအရ တစ်ယောက်နဲ့တစ်ယောက် ၁၅ မိနစ်သာ ကွာတာက အများစု ၇၅ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်တယ်လို့ သိရတယ်။ တစ်ယောက်နဲ့တစ်ယောက် တစ်နာရီမက ကွာပြီး မွေးဖွားတာ အနည်းစု ၁ ဒသမ ၈ ရာခိုင်နှုန်း ဖြစ်တယ်လို့ သိရတယ်။

ဒီနေ့ခေတ်မှာတော့ အမြွှာကိုယ်ဝန် ဟုတ်,မဟုတ်ဆိုတာကို နှုန်းလွန်အသံလှိုင်း နည်းပညာသုံးထားတဲ့ 'အာလ်ထရာဆောင်း' (Ultrasound) ရိုက်ကြည့်လိုက်တာနဲ့ တန်းသိပါတယ်။ ဒါပေမဲ့ အဲဒီလိုစက်မျိုး မရှိတဲ့နေရာဒေသတွေမှာလည်း ဆရာဝန်၊ ဆရာမတွေက အောက်ဖော်ပြပါ အချက်အလက်တွေကို ကြည့်ပြီး ခန့်မှန်းပေးကြပါတယ်။ အမြွှာကိုယ်ဝန် ဖြစ်နိုင်တဲ့ လက္ခဏာရပ်တွေက အောက်ဖော်ပြပါအတိုင်း ဖြစ်ပါတယ်။

၁။ ဆွေမျိုးတွေထဲမှာ အမြွှာမွေးဖူးတဲ့ ရာဇဝင်ရှိခြင်း။
၂။ ကိုယ်ဝန်အရွယ်အစားက ပုံမှန်ထက် ပိုမိုကြီးမားနေခြင်း။
၃။ ကိုယ်အလေးချိန်ချိန်ရင် ပုံမှန်ထက် ပိုများနေခြင်း။
၄။ ကိုယ်ဝန်ရှိစ ဖြစ်တတ်တဲ့ ပျို့အန်မှုမျိုးဟာ ပုံမှန်ထက် ပိုများနေခြင်း။
၅။ ကလေးလှုပ်တာ စောသိနိုင်ပြီး လှုပ်တာလည်း ပိုများနေခြင်း။
၆။ အားအင်ဆုတ်ယုတ်သလို ခံစားနေရခြင်း။



www.burmeseclassic.com

www.burmeseclassic.com





ကာယဗလယောင် အမွှာညီအစ်ကို ကျော့ရှ် နဲ့ ပိုင်း

၇။ ဆရာဝန်နှင့် ဆရာမတွေက ကလေးနှလုံးခုန်သံ နားထောင်ရင် တစ်နေရာမက ကြားနေရခြင်း။

ဒါ့အပြင် ကလေးတစ်ယောက်တည်း လွယ်ထားတဲ့ ကိုယ်ဝန်ဆောင်တွေထက် ထူးခြားတဲ့ အချက်တွေက အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁။ ပိုပြီး လေပွနိုင်တယ်။ ဝမ်းချုပ်နိုင်တယ်။ ကြွက်တက်နိုင်တယ်။ ခါးနာ နိုင်တယ်။

၂။ အမွှာကိုယ်ဝန်အများစုက စောမွေးတာ (၃၇ ပတ်ကြာမှာ) များတယ်။

၃။ သူများတွေထက် သွေးဖိအားများတတ်တယ်။

၄။ ကိုယ်ဝန်မှန်သမျှရဲ့ ၇ ရာခိုင်နှုန်းမှာဖြစ်တတ်တဲ့ ကိုယ်ဝန်သွေးဆိပ်တက်မှုဟာ အမွှာကိုယ်ဝန်တွေမှာ သုံးဆ ပိုတတ်တယ်။ (ခြေထောက်ရောင်၊ ဆီးထဲအနယ်ပါ၊ သွေးဖိအားများဆိုတဲ့ သုံးမျိုးရှိတာကို ပြောတာပါ).

၅။ မမွေးခင် သွေးဆင်းလို့ ဗိုက်ခွဲမွေးရတာမျိုးဖြစ်နိုင်တယ်။ စိတ်ပူစရာ မရှိပါဘူး။ ဆရာဝန်၊ ဆရာမတွေကလည်း ဗိုက်ခွဲမွေးဖို့ ပြင်ဆင်ထားမှာပါ။

၆။ အမွှာကလေးတွေက ကိုယ်အလေးချိန်နည်းပေမယ့် ကျန်းမာကြတာများပါတယ်။တစ်ဝက်လောက်က ငါးပေါင်ခွဲထက် နည်းကြတယ်။

အမွှာကိုယ် ဝန်ဆောင်ရလို့ စိတ်ပူစရာ မရှိပါဘူးလို့ ဆရာဝန်တွေကမှတ်ချက်ချထားပါတယ်။ နှစ်ယောက်ထက်များရင်သာ နည်းနည်းသတိထားရတာပါ။ အမွှာကိုယ်ဝန်ဆောင်မိခင်လောင်းတွေဟာ ပရိုတိန်းဓာတ်နဲ့ သံဓာတ်ပါတဲ့အစားအစာတွေကို ပိုစားပေးရမယ်လို့ ဆိုပါတယ်။ အမွှာကိုယ်ဝန် မွေးဖွားရာမှာ ၅၀ ရာခိုင်နှုန်းလောက်သာ ခွဲမွေးရပြီး ကျန်တစ်ဝက်ကတော့ ပုံမှန်အတိုင်းပဲ မွေးကြတယ်လို့ သိရတယ်။

စာရင်းဇယားတွေအရ ကမ္ဘာပေါ်မှာ အမွှာဦးရေ ၁ ဒသမ ၉ သန်းလောက်ရှိတယ်လို့သိရတယ်။ အမွှာအစုံပေါင်း ၁၁ သန်းလောက် ရှိတယ်လို့ဆိုတယ်။

အသွင်တူ အမွှာအမျိုးအစားဟာ အမွှာစုစုပေါင်းရဲ့ ၈ ရာခိုင်နှုန်းသာပါလို့ သုည ဒသမ ၂ ရာခိုင်နှုန်းသာရှိတယ်။

အမေရိကားမှာဆိုရင် ကိုယ်ဝန်ဆောင် ၁၀၀၀ မွေးတိုင်း အမွှာမွေးတာ ၃၂ ယောက် ပါတယ်လို့ ဆိုပါတယ်။ အသက် ၃၅ နှစ်အထက် မိခင်တွေဟာ အသွင်မတူအမွှာ ပိုပြီးရလွယ်တယ်လို့ သိရတယ်။

ကမ္ဘာပေါ်မှာ စိတ်ဝင်စားစရာ အမွှာတွေ အများကြီးရှိပါတယ်။

နာမည်ကျော်ကြား လူသိများတဲ့ အမွှာတွေလည်း ရှိပါတယ်။ အဲဒီလို စိတ်ဝင်စားဖွယ် အမွှာတွေထဲကနေ အချို့ကို ကောက်နုတ်မိတ်ဆက်ပေးလိုပါတယ်။



ရုပ်ရှင်သရုပ်ဆောင် အမွှာညီအစ်မ



www.burmeseclassic.com

www.burmeseclassic.com

### ကာယဗလမောင်
### အမြွှာညီအစ်ကို

ကနေဒါနိုင်ငံက ကာယဗလမောင် အမြွှာညီအစ်ကိုဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။

သူတို့နှစ်ဦးဟာ ၁၉၅၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်က ကနေဒါနိုင်ငံမှာသာမက အမေရိကန် ပြည်ထောင်စုမှာပါ ထင်ရှားကျော်ကြားခဲ့တဲ့ ကာယဗလမောင်တွေ ဖြစ်ပါတယ်။

အစ်ကိုဖြစ်သူရဲ့ နာမည်က 'ဂျော့ချ်ဘာလောင်ဂျာ' ဖြစ်ပြီး ခေါမကျောက်ဆစ်ရုပ်တစ်ရုပ်လို ထည်ဝါခံ့ညားပြီး အရုပ်အမောင်းလည်း မြင့်မားတယ်။ ညီဖြစ်သူ'ဝိုင်းဘာလောင်ဂျာ'က ခန္ဓာကိုယ်ခပ်ပါးပါးဖြစ်ပေမယ့် ကြွက်သားပေါ်လွင်မှု အားကောင်းတယ်။

နှစ်ယောက်စလုံးပဲ ပြိုင်ပွဲတိုင်းမှာ အကောင်းဆုံးကြွက်သားဆု ရရှိကြသူတွေ ဖြစ်တယ်။

### နာမည်ကြီးရုပ်ရှင်သရုပ်ဆောင်
### အမြွှာညီအစ်မ

အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ရှာမာအုတ်ခ်စ်မြို့မှာ ၁၉၈၆ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှာ ဖွားမြင်ခဲ့ကြတဲ့ 'မေရီကိတ်အိုလ်ဆင်' နဲ့ 'အက်ရှ်လေအိုလ်ဆင်' အမြွှာညီအစ်မနှစ်ယောက် ဖြစ်တယ်။

သူတို့နှစ်ဦးဟာ ၁၉၉၃ ခုနှစ်မှာ Dualstar ဆိုတဲ့ ကုမ္ပဏီထူထောင်ပြီး အမြွှာဇာတ်လမ်းတွေရိုက်ခဲ့တာ ဝက်ဝက်ကွဲ အောင်မြင်မှုတွေ ရခဲ့ကြတယ်။ It Takes Two, Billboard Dad, Our Lips Our Sealed, New York Minute အစရှိတဲ့ ဇာတ်ကားတွေ အပါအဝင်ပါပဲ။ တီဗီဇာတ်လမ်းတွဲတွေမှာလည်း သရုပ်ဆောင်ခဲ့ကြတယ်။

သီချင်းအယ်လ်ဘမ်တွေ ထုတ်ခဲ့ကြတယ်။ ဖက်ရှင်ဒီဇိုင်းတွေလည်း တီထွင် ဆန်းသစ်ခဲ့ကြတယ်။

### အှံ့ဖွယ် ပေါင်းစည်း
### အမြွှာညီအစ်မ

ပေါင်းစည်းအမြွှာ (conjoined twins) လို့ခေါ်တဲ့ အမြွှာအမျိုးအစားဖြစ်ပေမယ့် သူတို့ညီအစ်မကို ကြည့်လိုက်ရင် 'ခေါင်းနှစ်လုံးပါတဲ့ လူသား' တစ်ဦးအဖြစ် မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု၊ မီနီဆိုတာပြည်နယ်က 'အက်ဘီဟင်ဆယ်လ်' နဲ့











အံ့ဖွယ်အမြွှာညီအစ်မ အက်ဘီ နဲ့ ဘရစ်တန်နီ

www.burmeseclassic.com

'ဘရစ်တန်နီဟင်ဆယ်လ်' အမြွှာညီအစ်မ ဖြစ်ပါတယ်။

ခန္ဓာကိုယ်က တစ်ခုတည်းဖြစ်ပြီး ပခုံးနှစ်ဖက်ကြားမှာဦးခေါင်းနှစ်လုံးထွက်နေပါတယ်။ ကိုယ်တွင်းအင်္ဂါ အစိတ်အပိုင်းတွေကျတော့ အဆုတ် နှစ်စုံ၊ နှလုံးသား နှစ်ခုပါတယ်။ အသည်းကတော့ တစ်ခုတည်းပါပဲ။ အစာအိမ်က နှစ်ခုပါပြီး အူကျတော့တစ်ခွေတည်းပဲ။ စအိုပေါက်က တစ်ပေါက်တည်းဖြစ်ပြီး မျိုးပွားအင်္ဂါလည်း တစ်ခုတည်းပဲပါတယ်လို့ သိရတယ်။

နှလုံးသားနှစ်ခု ဦးခေါင်းနှစ်ခု ဖြစ်တဲ့အတွက် စိတ်က နှစ်စိတ်ပေါ့။ ခန္ဓာကိုယ်တစ်ခုတည်းကို ညီအစ်မ နှစ်ယောက်လုံးက အသုံးပြုရတာဆိုတော့ ညှိနှိုင်းပြီး သုံးစွဲနေကြတယ်လို့ဆိုတယ်။ ခန္ဓာကိုယ်ရဲ့ ညာဘက်ခြမ်းလှုပ်ရှားမှုတွေကို 'အက်ဘီ'က တာဝန်ယူပြီး ဘယ်ဘက်ခြမ်း လှုပ်ရှားမှုတွေကို 'ဘရစ်တန်နီ'က တာဝန်ယူထားတယ်လို့ သိရတယ်။ လမ်းလျှောက်တာ၊ ပြေးတာ အစရှိတဲ့ လှုပ်ရှားမှုတွေကို နှစ်ဦးသား ဟန်ချက်ညီအောင် ညှိနှိုင်းလုပ်ဆောင်ရတာပေါ့။

အခုဆိုရင် သူတို့ဟာ အသက် ၂၃ နှစ် အရွယ်ကို ရောက်နေပါပြီ။ 'ဘီသယ်လ်'တက္ကသိုလ်ကနေ ဘွဲ့ကိုယ်စီရထားကြတယ်။ အခု မူကြိုကျောင်း တစ်ကျောင်းမှာသင်္ချာဘာသာပြဆရာမ ဝင်လုပ်နေကြတယ်။

နှစ်ဦးစလုံးမှာ ဆရာမလိုင်စင်ရှိပေမယ့် ဆရာမခန့်တော့ တစ်ယောက်တည်းအနေနဲ့ပဲ ခန့်တာမို့ လစာလည်း တစ်ယောက်စာပဲ ရကြတယ်။ ဒီလိုဖြစ်ရတာကို သူတို့ကလည်း သဘောတူလက်ခံပါတယ်။ လူကသာ နှစ်ယောက်ဖြစ်ပေမယ့် ခန္ဓာကိုယ်က တစ်ခုတည်းဖြစ်နေတာကိုး။

သူတို့နှစ်ယောက်ဟာ အားလပ်ရက်တွေမှာ သူငယ်ချင်းတွေနဲ့ ထွက်လည်ရတာကို သဘောကျတယ်။ ကားလျှောက်မောင်းတာကိုလည်း နှစ်သက်ကြတယ်။ ဘောလီဘော အားကစားနည်းကိုလည်း ကြိုက်တယ်။ ရေလည်းကူးတယ်။




ထိုင်းအမြွှာ

တကယ်တော့ အခုလို 'ပေါင်းစည်းအမြွှာ' အမျိုးအစားဟာ အရမ်းရှားတယ်လို့ ဆိုတယ်။ မွေးဖွားမှု နှစ်သိန်းလောက်မှာမှ တစ်ကြိမ်လောက်သာ တွေ့ရတတ်တယ်လို့သိရတယ်။ အဲသလိုမျိုး ပေါင်းစည်းအမြွှာတွေကို တချို့က 'ထိုင်း' အမြွှာလို့လည်း ခေါ်ကြသေးတယ်။ ၁၈၁၁ ခုနှစ်လောက်က ထိုင်းမှာ ပေါင်းစည်းအမြွှာတစ်မြွှာ မွေးခဲ့ဖူးလို့ပဲ။ ဒါပေမဲ့ အခုလို ခန္ဓာကိုယ်တစ်ခုတည်းမဟုတ်ဘူး။ ရင်ချင်းပဲဆက်နေကြတာ။ အဲဒီခေတ်က ဆေးပညာမဖွံ့ဖြိုးသေးလို့ပေါ့။ အခုခေတ်ဆိုရင် ခွဲစိတ်ပြီး နှစ်ယောက်ဖြစ်အောင် လုပ်ပေးလို့ရတယ်လေ။

အဲဒီ ထိုင်းအမြွှာက အမျိုးသားတွေ။ နာမည်က 'ချန်ဘန်ကာ' နဲ့ 'အင်းဘန်ကာ' တဲ့။ သူတို့ အသက် ၁၇ နှစ်အရွယ်မှာ စကော့လူမျိုးကုန်သည် 'ရောဘတ်ဟန်တာ' နဲ့တွေ့သွားပြီး အဲဒီကုန်သည်က ကမ္ဘာလှည့်ပြီး ပြပွဲလုပ်ပြသခဲ့တဲ့အတွက် နာမည်ကြီးသွားတယ်။

၁၈၃၉ ခုနှစ်မှာ အမေရိကန်နိုင်ငံသားအဖြစ် ခံယူလိုက်ကြတယ်။ နောက် လေးနှစ်ကြာတော့ 'အဒီလိုင်ဒီ' နဲ့ 'ဆာရာအန်းယိတ်စ်' ဆိုတဲ့ ညီအစ်မနှစ်ယောက်ကို လက်ထပ်လိုက်ကြတယ်။ 'ချန်'က ကလေး ၁၀ ယောက် ရပြီး 'အင်း'က ကလေး ၁၁ ယောက် ရတယ်။

၁၈၇၄ ခုနှစ် ဇန်နဝါရီလမှာ 'ချန်'က အရင်ကွယ်လွန်ပြီး မရှေးမနှောင်းပဲ 'အင်း'ပါ ကွယ်လွန်သွားတယ်လို့ သိရတယ်။ သူတို့ရဲ့အသည်းတွေကို ထုတ်ယူဆေးစိမ်ထားပြီး အမေရိကန်ပြည်ထောင်စု 'ဖီလာဒဲလ်ဖီးယား' မြို့က 'မတ်တာ' ပြတိုက်မှာ ပြသထားတယ်။

မြန်မာနိုင်ငံမှာတော့ 'အေးအေးငြိမ်း' နဲ့ 'အိအိငြိမ်း' တို့ဟာ အဲဒီလိုပေါင်းစည်းအမြွှာအမျိုးအစား ဖြစ်ပြီး ဝမ်းဗိုက်ချင်းဆက် မွေးဖွားလာရာက ၁၉၉၃ ခုနှစ်မှာ အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့တာဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံက နာမည်ကျော်
အေးအေးဖြိုးနဲ့ အိအိဖြိုး

ပထမဆုံး အောင်မြင်စွာ ခွဲစိတ်နိုင်ခဲ့တာဖြစ်လို့ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ နာမည်ကြီးခဲ့တဲ့ အမွှာညီအစ်မတွေ ဖြစ်ပါတယ်။

❒ ခေးလု Ref : source: Internet


## လပြည့်ဝန်းမဂ္ဂဇင်းတွင် ကြော်ငြာနိုင်ပါသည်။

၁။ အဖြူအမည်း တစ်မျက်နှာ ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။
၂။ အဖြူအမည်း မျက်နှာဝက် ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**ဆက် သွယ် ရန်**

တိုက်အမှတ် (၇၂၄)၊ အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း၊
(၁၇×၁၈)လမ်းကြား။ လသာမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း - ၂၅၀၆၆၈




www.burmeseclassic.com

www.burmeseclassic.com

ဒီကနေ့ လေအန်ကုန်း စာရေးဆရာများ ကွန်းခိုရာ လမ်း ၄၀ ထိပ် လက်ဖက်ရည်ဆိုင်တွင် စာရေးဆရာ ဂုရုကြီး၊ ဂုရုလတ်၊ ဂုရုလေးများ စုံလင်လှသည်။ သို့သော် အာဟာရဒါနရှင် နမော်နမဲ့ခင်တစ်ယောက် ရောက်မလာသေးပါ။

စာရေးဆရာမ အုပ်စုထဲမှာ နမော်နမဲ့ခင်ကတော့ တစ်ခုမဟုတ် တစ်ခု ပြဿနာကြုံ၍ မလာတာများလား။ ဝမ်းဗိုက်ထဲမှာ ဆန္ဒပြနေသော ဂုရုများက ပိုမျှော်ကြသည်။

ထိုအချိန်တွင် စာရေးဆရာမ သမုဒ္ဒရာဝေတစ်ယောက် အူယားဖားယား အမောတကော ရောက်လာကာ လက်ထဲမှ စက်နှင့်လှည့်ထုတ်ထားသော စာမူအိတ်ကြီးကို ပစ်ချရင်း . . .

"ဆရာ ဆရာတို့ နမော်နမဲ့ခင်ရဲ့ အကြောင်း ကြားပြီးပြီလား ဟင်"

သမုဒ္ဒရာဝေ၏ စကားကြောင့် ဂုရုကြီးနန္ဒာမိုးကြယ်သည် ကွမ်းမြုံ့ဝါးရင်းမှ ပြောသည်။

"ဟင့်အင်း မကြားမိဘူး"

အသားဖြူဖွေးဖွေး ဆရာစိုးယဉ်ထွန်းက ဝင်၍ စိုးရိမ်စိတ်ဖြင့် . . .

"ဘာများဖြစ်လို့လဲ ဆရာမရယ်" ဟု မေးပြန်ရာ . . .

"ဆေးရုံတက်နေရတယ်လေ"

သမုဒ္ဒရာဝေကလည်း စကားကို အကုန်မပြော၊ တစ်ရစ်ချင်းပြောလို့နေ၏။

"ဟာ. . . ဒါဆို သတင်းသွားမေးရမှာပေါ့"

"ဟုတ်တယ်၊ ဘယ်ဆေးရုံမှာလဲ"

"ဘာရောဂါဖြစ်တာလဲ"

# ဟန်သီဂင်

## တန်ဖိုးနည်းဖုန်းဇယားနှင့် နမော်နမဲ့ခင်





www.burmeseclassic.com

www.burmeseclassic.com

"သူလည်ပင်း အပေါက်ဖောက်ထားတာက ပြန်ဖြစ်တာလား"

တစ်ယောက်တစ်မျိုး သိချင်သူတွေက မေးကြလေ၏။

သမုဒ္ဒရာဝေကတော့ စိတ်မကောင်းကြီးစွာသော မျက်နှာပေးဖြင့်-

"အရေပြား ခွဲစိတ်အထူးကုဆောင်မှာပါ ဆရာတို့ရယ်"

ထိုသို့ပြောပြလေမှ လေအန်ကုန်းစာရေးဆရာအဖွဲ့၏ အတွေးစများက ရှည်လျားစွာ ရောက်ကုန်တော့သည်။

"ဘယ်လို ရောဂါဝေဒနာမျိုးလဲဟင်"

"ဟိုလိုလို ဒီလိုလို ရောဂါလားဟင်"

"ဟိုပိုး ဒီပိုးကိုက်တဲ့ ဝေဒနာလားဟင်"

ကြဲကြဲဖန်ဖန် အတွေးတွေနှင့် ရောထွေးစွာ မေးကြပြန်ရာ . . .

"အာ. . . ကြဲကြီးစည်ရာ၊ ဆရာတို့မေးတဲ့ ရောဂါမဟုတ်တာတော့အမှန်ပဲ၊ ခက်တာက နမော်နမဲ့က ဖုန်းစောင်ပြန်မပြောနိုင်ရှာဘူး၊ သူ့သမီးလေးက အကြောင်းကြားလို့ ကျွန်မက ပြန်ပြောပြတာ"

"အေးဟယ်၊ ငါတို့ နမော်နမဲ့ဆီသွားပြီး အားပေးကြရအောင်ဟာ"

လေအန်ကုန်း ဆရာကြီး၊ ဆရာလတ်၊ ဆရာငယ်အားလုံး အချင်းချင်း သံယောဇဉ်ကြီးမားခြင်းက လက်တွေ့ပင်။

စာရေးဆရာအုပ်စု အယောက်အစိတ်လောက်မှာ အမျိုးသမီးဆို၍ သမုဒ္ဒရာဝေ တစ်ယောက်တည်း။

ဆေးရုံဝင်းထဲသို့ လွယ်အိတ်ကိုယ်စီလွယ်ကာဝင်ရောက်လာကြသဖြင့် ဆေးရုံအဆောင်စောင့်များ အထိတ်တလန့်ဖြစ်ကာ ဆေးရုံအုပ်ကြီးထံသို့ သတင်းပို့ရတော့သည်။

ဆေးရုံနှင့်ပတ်သက်၍ မကျေနပ်ချက်များ ရှိနေသဖြင့် ဆန္ဒဖော်ထုတ်ရန် ရောက်ရှိလာကြသည်ဟု တွေးထင်မှတ်ယူပြီး နယ်မြေလုံခြုံရေး တပ်ဖွဲ့မှူးထံ သတင်းပို့ရတော့သည်။

ဆေးရုံ ထမင်းပို့ချိန်လွန်ပြီမို့ ဆေးရုံအဆောင်တံခါး ပိတ်ထားသည်။ သို့သော် ရှေ့ဆုံးမှဦးဆောင်လာသော ဆရာကြီးဦးပေတုံး၏မပြုံးမရယ်မျက်နှာထား တည်တည်ကြီးအား မြင်ရုံမျှနှင့် ဂိတ်စောင့်မှ အလိုလို တံခါးဖွင့်ပေးလိုက်သောအခါ ဝေါခနဲတိုးဝင်ကာ နမော်နမဲ့ခင် ဆေးကုသနေသော အဆောင်ရှိရာသို့ ချီတက်လာကြသည်။

လူအုပ်စုကြီး ဝင်လာတာမြင်၍ ဆေးရုံအတွင်းရှိ ဆေးကုသနေသော လူနာများ၊ လူနာစောင့်များ တအံ့တသြငေးကြည့်လို့နေကြသည်။

မထင်မှတ်ဘဲ ရောက်ရှိလာသော လေအန်ကုန်းစာရေးဆရာအုပ်စု ဝင်လာတာကို လှမ်းမြင်တွေ့ရသော နမော်နမဲ့ခင်တစ်ယောက် ဆေးရုံခုတင်ထက်မှာ ထိုင်လျက်မှ စောင်ကိုခေါင်းမြီးလုံအောင်ခြုံ၍နေလိုက်တော့သည်။ ထိုအပြုအမူကို မြင်တွေ့သောအခါမှာ လေအန်ကုန်းအဖွဲ့သားများကလည်း တွေးကုန်ကြပြန်သည်။ လူမြင်မခံဝံ့သော ရောဂါဝေဒနာကြောင့်သာ နမော်နမဲ့ခင် အခုလိုမျိုး လုပ်ဆောင်သည်ဟူ၍။

ငိုငိုဇက်ဇက်နိုင်လှသော သမုဒ္ဒရာဝေသည် စောင်စကို အတင်းဆွဲလှန်၊ နမော်နမဲ့ခင်က အတင်းပြန်ဆွဲနှင့် သရုပ်ပျက်နေကြသည်။

ဆေးရုံအပြင်ဘက် ဝန်းကျင်မှာလည်း အရေးပေါ် ဝါယာလက်စ်သံများကဆူညံလျက်ရှိနေသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ နေရာယူ ဝင်ရောက်လာကြတာလည်း လေအန်ကုန်းအဖွဲ့က သတိမထားမိ။နမော်နမဲ့ခင်တစ်ယောက် စောင်ခြုံပုန်းရသည့်ဝေဒနာသရုပ်ကိုသာ သိချင်နေကြသည်။

ဆေးရုံအုပ်ကြီးမှ ကျန်လူများ ထိတ်လန့်မှုမဖြစ်စေရန် လုံခြုံရေးတပ်ဖွဲ့အား ဆေးရုံဝန်ထမ်း ယူနီဖောင်းများ လဲဝတ်စေပြီး နမော်နမဲ့ခင် ဆေးကုသရာအဆောင်သို့ ခေါ်လာခဲ့သည်။ ထိုလုံခြုံရေးတပ်သားများအပြင် သတင်းမီဒီယာအဖွဲ့သားများလည်း ပါလာကြသည်။

ခြေသံလုံလုံနှင့် ဆေးရုံလူနာခန်းထဲသို့ ဖြည်းညင်းစွာဝင်လာကြပြီး မှတ်တမ်းယူရန် ကင်မရာချိန်ရွယ်စဉ် လေအန်ကုန်းအဖွဲ့သားများနှင့် ဂုရုကြီးနှစ်ဦး ဖြစ်နေသောအခါ . . .

"ဟာ. . . အာစရိ နန္ဒာမိုးကြယ် ဘယ်လိုက ဘယ်လို. . ."

စာပေနယ်မှ ရင်းရင်းနှီးနှီး နှုတ်ဆက်သံကြောင့် အနောက်သို့ လှည့်ကြည့်လိုက်ကြရာ သတင်းထောက် 'ဝါးလုံးပြား' နှင့် မီဒီယာသမားတွေ။

"ဟာ"

"ဟင်"

"ဘာတွေလဲ"

"ဟော့ကောင် ဝါးလုံးပြား မင်းက ဘာလာလုပ်တာလဲ"

ဂုရုကြီးမောင်သာယာ၏ အမေးစကားကြောင့်သတင်းထောက်ဝါးလုံးပြား ကပင် ပြန်လည်၍ . . .

"ဆရာကြီးတို့ အဖွဲ့ကကော"

"ငါတို့က ငါတို့ညီမလေး နမော်နမဲ့ခင် ဆေးရုံတက်လို့ သတင်းလာမေးကြတာ၊ မင်းတို့က ဘာကိစ္စနဲ့ လာတာလဲ"

ဆရာမောင်သာယာ၏ ဖြေလည်းဖြေ မေးလည်းမေး စကားအဆုံးမှာ သတင်းထောက် ဝါးလုံးပြား ခေါင်းကို တဗျင်းဗျင်းကုတ်ကာ . . .

"ဟောဗျာ"

"ဘာ"

"ဘယ်လို"

ကျန်သတင်းထောက်များရော လုံခြုံရေးတပ်ဖွဲ့ဝင်များပါ ဇဝေဇဝါနှင့် တအံ့တသြ ဖြစ်ကုန်ကြသည်။

ပြီးမှ ဝါးလုံးပြားက . . .

"ဒီဆေးရုံရဲ့ အရေပြားကုသဆောင်ထဲကို ဘာမှမပြောမဆိုနဲ့ လူအုပ်ကြီးဝင်ရောက်လာတာမို့ နယ်မြေလုံခြုံ





www.burmeseclassic.com

www.burmeseclassic.com

ရေးအဖွဲ့ကို ဆေးရုံကနေ အကူအညီတောင်းလို့ သတင်းထူး သတင်းဆန်း ရရှိဖို့ up to date news အတွက် သတင်းလာယူကြတာ"

သတင်းထောက် ဝါးလုံးပြား၏ စကားအဆုံးမှာတော့ . . .

"အောင်မယ်လေးတော့ ကယ်ကြပါဦး အရပ်ကတို့ရေ အီး ဟီး ဟီး"

ဆေးရုံတစ်ဆောင်လုံးရှိ လူကုန်လန့်ဖျပ်သွားအောင် အော်ငိုသံကြီးနှင့်အတူ နမော်နမဲ့ခင်တစ်ယောက် ခေါင်းမြီးခြုံထားသည့် စောင်ကြီးအား ခွာချလိုက်လေသောအခါ လွန်စွာကြောက်စရာကောင်းလှသည့် နီရဲဖူးရောင်ကားနေသော ရုပ်ဆိုးဆိုး မျက်နှာကြီးက နမော်နမဲ့ခင်မှ ဟုတ်ပါရဲ့လားဟု မထင်ရက်စရာပင်။

နမော်နမဲ့ခင် ယခုလို ဝေဒနာကို လှစ်ဟမပြလျှင် လေအန်ကုန်းအဖွဲ့သားများ မပြန်ကြသေး၍ ဆေးရုံတွင် ဆန္ဒဖော်ထုတ်ကြသူများဆိုပြီးပြဿနာတက်ကြတော့မည်။ ကိုယ့်ရဲ့ အစ်ကို၊ အစ်မတွေကို ထိလို့တော့မဖြစ်။

ဒီတော့ ရှက်တာတွေ ဘေးချိတ်ကာ ယခုလိုမလှမပ ကြောက်စရာမျက်နှာကြီးကို လှစ်ဟပြရခြင်းဖြစ်ရာ . . .

"ဟာ နမော်နမဲ့ခင် နင့်မျက်နှာကြီးဘယ်လိုဖြစ်ပြီးကြောက်စရာကောင်းသွားရတာလဲဟာ"

ဆရာအောင်ကြူကြူက အရင်ဆုံး စပ်စုတော့သည်။

ခင့်ရဲ့ဖြစ်နေပုံကိုကြည့်ပြီး လေအန်ကုန်းအဖွဲ့သားများအပြင် သတင်းမီဒီယာသမားများပါ စိတ်ဝင်စားသွားရသည်။ အနီးမှာရှိသည့် လုံခြုံရေးတပ်ဖွဲ့များလည်း အဖွဲ့မှူးထံ သတင်းပို့ရန် မေ့နေမိသည်အထိ နမော်နမဲ့ခင်၏ အဖြစ်ကို စိတ်ဝင်စားကြသည်။

"ဟိုလေ ခင့်ရဲ့ အခုပုံစံကိုတော့ ဓာတ်ပုံမရိုက်ကြနဲ့နော်၊ သတင်းမယူကြပါနဲ့နော်" ဟူ၍ စကားပလ္လင်ခံရသေးသည်။

သမုဒ္ဒရာဝေကတော့ စိတ်မရှည်စွာပင် . . .

"ပြောလေ နမော်နမဲ့ရဲ့၊ နင် နမော်နမဲ့လုပ်ပြန်ပြီထင်တယ်"

အကြောင်းသိ၏ မောင်းတင်ချက်ဧကားကြောင့် ခင်တစ်ယောက် မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်လုပ်ရင်း-

"ဟိုလေ ခင် နမော်နမဲ့ဖြစ်တတ်တာ အားလုံးသိပြီးသားပါနော်၊အဖြစ်က ဒီလိုပါ။ ခင်တို့လို အခြေခံစာရေးဆရာတွေအတွက် တန်ဖိုးနည်းဆင်းကတ်ဖုန်းတွေ ရောင်းပေးတော့ ခင် မဲပေါက်တယ်လေ၊ ခင့်မှာ တယ်လီဖုန်းကိုင်ချင်တာ ကြာလှပေါ့၊ ဟန်းဆက်ကလဲ အရစ်ကျငွေသွင်းပြီး ဝယ်ခွင့်ရတော့ ရေကန်အသင့် ကြာအသင့်ပေါ့။

ဖုန်းရခါစဆိုတော့ ခင် ဖုန်းရကြောင်း လျှောက်ဆက်ပြောရတာပေါ့၊ ဖုန်းမြည်သံ ကြားချင်လို့ သူငယ်ချင်းတွေကို ပြန်ဆက်ခိုင်းရတာ အမောပဲ၊ ခင့်ဖုန်းက ဖုန်းမြည်သံကြားရင် ရင်တွေတောင် တုန်ပါတယ်ဆို၊

အင်း. . . ဟိုတစ်နေ့က ထုတ်ဝေသူ ကိုသဝေထိုးဆီက ဖုန်းဝင်လာတယ်၊ ခင့်ရဲ့ နမော်နမဲ့ခင် ဟာသစာစုတွေကို စုပေါင်းပြီး လုံးချင်းထုတ်ချင်လို့တဲ့၊ ဖုန်းပြောလာတယ်၊ ခင့်ရဲ့ ကံဇာတာတက်ပုံများ၊ တယ်လီဖုန်းလဲရ၊ ကိုယ့်ရဲ့ စာမူကို စာအုပ်ထုတ်ပေးမယ့်သူက ဆက်သွယ်လာနဲ့ ခင်လောက်ပျော်ပြီး ဝမ်းသာရွှင်မြူးစိတ်နဲ့ ခင်လဲ လုပ်လက်စအလုပ်ကို ဆက်လုပ်နေခဲ့တယ်လေ၊

ခဏအကြာမှာ ဖုန်းတစ်ခါမြည်လာတယ်၊ ဝမ်းသာအားရနဲ့ ကောက်ကိုင်ပြီး စကားပြောလိုက်တာမှာ အဲ. . သလို ဖြစ်သွားရတာပါ"

ဘယ်ရော ညာပါ ပါးပြင်နှစ်ဖက် နီရဲဖူးရောင်နေသော ဒဏ်ရာကို လက်ညှိုးထိုးပြလိုက်ရာ . . .

"နင့်တယ်လီဖုန်းက ဗုံးဆန်ပါလို့ နင့်မျက်နှာတစ်ခုလုံး ခုလိုဖြစ်သွားရတာလား၊ ဘယ်ဆိုင်က ဝယ်တာလဲ ပြော"

သမုဒ္ဒရာဝေက စာရင်းအပြတ်ရှင်းတော့မည့်ပုံနှယ်။

"ဖုန်းခွက်က ကောင်းပါတယ်၊ အဲဒီအချိန်က ခင်က အင်္ကျီတွေ မီးပူတိုက်နေပါတယ်၊ ဖုန်းလာရင် မသိမှာစိုးလို့ ညာဘက်က ခုံပေါ်မှာ ချထားပါတယ်၊ ဖုန်းမြည်သံကြားတော့ ဝမ်းသာအားရနဲ့ ဖုန်းခွက်ကို လှမ်းယူတာပါ၊ ဒါပေမဲ့ မေ့ပြီး လက်ထဲမှာကိုင်ထားတဲ့ မီးပူကြီးကို ဖုန်းအမှတ်နဲ့ ပါးစပ်နားကပ်ပြောလို့ ခုလိုဖြစ်ရတာပါ"

"ဒါဆို ဒီဘက်ကရော"

"ပါးစပ်တစ်ဖက်က နာလို့အော်နေတုန်း ဖုန်းကထပ်မြည်လာတယ်၊ မနာတဲ့ဘက်နဲ့ ပြောမလို့ ဖုန်းကိုလှမ်းယူပြီးပြောတာမှာ အယောင်ယောင်အမှားမှားနဲ့ မီးပူကြီးဖြစ်နေတာ မသိဘူး၊ အပူလောင်ခံရမှ သိတာပါဆို"

"ဟဲ့ အဲဒီလိုဖြစ်စရာလား နမော်နမဲ့ခင်ရယ်"

"အဟိုး. . . ဟိုး ဟိုး"

"ဟား ဟား. . . ဟားဟား"

ကြားရသူအပေါင်း အားမနာနိုင်ဘဲ ဝိုင်းရယ်ကြတော့သည်။

"ဖြစ်ရလေ နမော်နမဲ့ခင်ရယ်၊ နင်ဟာလေနမော်နမဲ့ကိုဖြစ်ရမှ အသက်ရှင်လို့ရတာ၊ ဒါကြောင့် နမော်နမဲ့ခင်လို့ နာမည်ပေးခံရတာ နည်းတောင်နည်းသေးတယ်"

သမုဒ္ဒရာဝေ၏ မေတ္တာပို့ကို စူပွပွမျက်နှာဖြင့် ခံယူရင်း ငြိမ်နေလိုက်ရသည်။

အဖြေလည်း ရှင်းပြီမို့ သတင်းသမားရော၊ လုံခြုံရေးရော၊ လေအန်ကုန်းအဖွဲ့များ ပုလင်းဇယား ဆွဲရန် ထွက်ခွာသွားကြလေတော့သည်။

**❒ ဟန်သိင်း**



www.burmeseclassic.com

www.burmeseclassic.com

# တစ်ခွန်းတည်း ပြောလိုက်မယ်ဗျ

မင်းတိုင်ပင်(မြကျောင်ငမြ)



"မိုးပေါ်မှာ သိကြား၊ လူ့ပြည်မှာ ထွန်းဆိုင်တဲ့ဟေ့၊ ဟေး. . လယ်စိုက်တော့ ရေနစ်၊ ကွမ်းစိုက်တော့ ပိုးကျ၊ ဝက်မွေးတော့ နာသေ၊ ထွန်းဆိုင်ဘဝ ဘယ်တော့ နာလန်ထူတော့မလဲဗျ၊ ဒီကြားထဲ စပါးတာဝန်ကျေ မချနိုင်လို့ ဖမ်းမယ်တဲ့ဗျာ၊ ဘာတတ်နိုင်မှာလဲ၊ ကိုယ့်အိမ်မှာ ဆန်မရှိတာနဲ့ အတော်ပဲ၊ ဒီတစ်ခါ မြို့က လူကြီးတွေလာရင် တစ်ခွန်းတည်း ပြောလိုက်မယ်ဗျ၊ ပြောလိုက်တော့မယ်"

"ဟာ ဒီမှာ ဦးထွန်းဆိုင်၊ ခင်ဗျားက ဘာတွေပြောမှာတုံးဗျ"

ဦးထွန်းဆိုင်တစ်ယောက် - ရွာထဲလမ်းမပေါ်မှာ အော်ကြီးဟစ်ကျယ် သူ့ဝသီအတိုင်း ပြောသွားစဉ် တစ်ရွာတည်းနေ ကိုဆန်နီမှ မေးလိုက်ရာ. . .

"မင်း ပြောလို့ ဘယ်ဖြစ်လဲ ဆန်နီရာ၊ မိုးပေါ်မှာသိကြား လူ့ပြည်မှာ ထွန်းဆိုင်လေ၊ ဒါသိပ်အရေးကြီးတယ်ကွ"

"ကဲဗျာ ထားပါတော့၊ ခင်ဗျားတကယ်ပဲ ပြောတော့မှာလား"

"ဒီမှာ ဆန်နီ၊ မပြောမပြီး မတီးမမြည်တဲ့၊ ပြောမှ ပြီးမယ့် ဥစ္စာကွာ"

"ဟုတ်ပါပြီ ပညာရှိကြီးရဲ့"

"ဆန်နီ မင်း လုပ်ချလိုက်ပြန်ပြီ"

"ခု ခင်ဗျား၊ ဘယ်ကို ချီတက်မလို့တုံး"

"အိုကွာ အိမ်က မဒီသမ္မုလတော်လေးဝ စောညွန့်ပေါ့ကွာ၊ ဆန်ဝယ်ခိုင်းလို့ တာဝန်ကျေ ဝယ်ပေးရဦးမယ်၊ ငါ သွားလိုက်ဦးမယ် ဟဲ ဟဲ ဟဲ"

"ကြွတော်မူပါဗျာ ဟဲ ဟဲ ဟဲ၊ ပုရောဟိတ်ကြီးရေ"

ဦးထွန်းဆိုင် ရွာထဲ ဈေးဝယ်ရင်း မကျေမနပ် ခပ်ကြွားကြွားလေး ပြောသွားရာ ကိုဆန်နီနှင့် သူက တာဝန်ကျေ မချနိုင်တဲ့ လယ်သမားထဲမှာ ထိပ်ဆုံးက ဖြစ်သည်။ အရေးယူမည့်ကိစ္စတွင် လူကြီးများ လာ၍ အစည်းအဝေးမှာ သူက စကားတစ်ခွန်း တည်းပြောမည့်အကြောင်းပြောနေ၏။

ဦးထွန်းဆိုင်က လူရိုးလူနုံ တစ်ယောက် ဆိုလျှင် မှားမည်မထင်ပေ။ ဦးထွန်းဆိုင်၏ ဥပမိရုပ်က ရယ်စရာကောင်း၏။ အရပ်က ရှည်ရှည်ပိန်ပိန်၊ လက်ပြင့်ကားကား ခါးကုန်းကုန်း မျက်နှာချိုင့်ချိုင့် မျက်လုံးပြူးပြူး နားရွက်ကားကား ပါးစပ်ပြဲပြဲ အပြင်သွားက ခေါလိုက်သေးသည်။

ဒီ့အပြင် အသားက မည်းလိုက်သေး။ ကြည့်ကောင်းရောပေ့ါဗျာ။ ကာတွန်းရုပ်လို၊ ပုဆိုးက အဝါနဲ့အနက်ကျားကွက်ထူကြီး၊ ခါးပုံစချပြီး ဆီးတယ်။ ဒီ့အပြင် အတွင်းရှပ်အင်္ကျီ အဖြူကို အပေါ်ကြယ်သီးနှင့် အောက်ကြယ်သီးများတပ်။ ကော်လံတစ်စကဝင်၊ တစ်စကထွက်၊ တိုက်ပုံအင်္ကျီက အဝါနုရောင်နှင့် ဇက်က တိုလိုက်သေး၏။

သူ့ဇနီးက ဒေါ်စောညွန့်။

သူက ပရိတ်ရွတ်တဲ့အသင်းတို့၊ ဓမ္မစကြာဝတ်အသင်းတို့မှာ ပရိတ်ရွတ်လေ့ရှိတယ်။ သူတို့မှာ သားတစ်ယောက်ရှိတယ်။ သူကျတော့ ဘုန်းကြီးလူထွက် စာတတ်တစ်ယောက်ပါ။ ဘိသိက်ဆရာအသံကောင်း အပြောကောင်းသူပါ။

ဦးထွန်းဆိုင်က လယ်ခုနစ်ဧကလုပ်တယ်။ သူ့လယ်က မိုးဒူး နွေဆူးလို့ ပြောစမတ်တွင်တဲ့ မြေစီး မြေထန်း၊ လေးတင်းကုပ်ကွင်း၊ မိုးစပါးစိုက်ရင် မိုးတွင်းရေမြုပ်သေလို့ တစ်ခါမှ စပါးမရဘူး၊ သူ့လယ်ထဲက စပါး၊ တစ်ခါမှ ဝမ်းစာမသားရတဲ့ လယ်ဗျို့။

ရေကျ နောက်စိုက် စိုက်ရင်လည်း ရေနဲ့က ဟိုပေ ၇၀၀ လောက်ဝေးတယ်။ မအူရိုးချောင်းထဲမှာ ရေကတင်ရင်း လမ်းတင်ကုန်မှာ၊ ဘာမှ

www.burmeseclassic.com

အဆင်မပြေလှဘူး။ ဒီလယ်မျိုးလုပ်တဲ့ လူတိုင်း ရှိတာကုန်ပြီး ထွက်ပြေးရတဲ့ လူများတယ်။ တစ်ယောက်မှ နာလန် မထူဘူး။

စီးပွားပျက် လူပင်ပန်းပြီးတော့ ဘာမှ အကျိုးမရှိ။ ဆင်းရဲတဲ့ ဘဝက မတက်တော့ဘူး၊ အဲဒီလို လယ်မျိုး။ တစ်စပ်တည်း ကိုဆန်နီ လယ်လည်းပါ တယ်။

နှစ်တိုင်း ဘဏ်ငွေထုတ်သုံးပေ မယ့် တာဝန်ကျေ စာချုပ်လို့ စပါးချရန် အတွက် ဆိုရင် သူတို့က တစ်ခါမှ တာဝန်ကျေလေ့မရှိဘူး။ ဒီတော့ စာတိုင် (၂၄)က တာဝန်မကျေသူကို လယ်ပြန် သိမ်း၊ အရေးယူကြတယ်။ ဒီရပ်ကွက်မှာ က လူဆင်းရဲတွေ လက်လုပ်လက်စား တွေ ဦးထွန်းဆိုင်လိုလူမျိုးတွေများတယ်။ ဒါပေမဲ့ ဦးထွန်းဆိုင်က သမဝါယမ အမှုဆောင်လူကြီးဆိုတော့ ပြောရဲ ဆိုရဲ ပေါ့ဗျာ။ မြို့က လူကြီးတွေကို တောက လူတွေက သိပ်ရိုသေကြ။ ကြောက်ကြ တော့ စကားတောင် ကျယ်ကျယ်မပြော ရဲကြဘူး။

ကဲ ဒီနေ့တော့ မြို့က စပါး တာဝန်ကျေစစ်ကြောင်းနှင့် လူကြီးမင်း များ လာရောက်ပြီး ရွာလယ် သစ်ပင်ရိပ် အောက်မှာ ဆွေးနွေးကြမည်။ အစည်း အဝေးလုပ်ကြမည်ဖြစ်၏။ ဦးထွန်းဆိုင် တစ်ရွာလုံး လိုက်ဖိတ်ကြားရမှာဆိုတော့ သူ ဘုရားကျောင်းမှ ကြေးစည်နှင့် ဘုကို ယူ၊ ရွာထဲ လျှောက်ဖိတ်လိုက်ပုံက . .

"ရပ်ရွာထဲရှိ ဒကာ ဒကာမ အပေါင်းတို့ မိုးပေါ်မှာသိကြား လူပြည် မှာ ထွန်းဆိုင် သိစေအပ်သည်မှာ နောင် ဝေ ဝေ ဝေ၊ ယနေ့ မြို့တော်ကြီးမှ ဂုဏ်သရေရှိ အရာရှိ လူကြီးမင်းများ နောင် ဝေ ဝေ ဝေ၊ အဟမ်း ဟမ်း ကျွန်တော်တို့ ဂါမရွာကြီးသို့ ကြွရောက် တော်မူမည် ဖြစ်ပါသဖြင့် မုဆိုးဖိုမ၊ တစ်ခုလပ် တစ်လင်ကွာ၊ လူပျိုကြီး အပျိုကြီး၊ အိမ်ထောင်စုံ၊ မယ်သီလ လူထွက်၊ ဘုန်းကြီးလူထွက်များပါမကျန် နောင် ဝေ ဝေ ဝေ မွန်းတည့် ၁၂ နာရီ အရောက်၊ ရွာလမ်းရှိ ခြံပျက်ကြီးထဲသို့ တာဝန်ကျေစပါးချစာအုပ်၊ သမဝါယမ ကုန်ထုတ်စာအုပ်၊ ငါးကုန်ထုတ်စာအုပ်၊ ဘဏ်စာအုပ်များနှင့် နောင် ဝေ ဝေ ဝေ ယူဆောင်ကာ ကြွရောက်ကြပါကုန် လော၊ ဘုရား ဘုရား ဘုရား အမလေး မောလိုက်တာ"

"ဟာ ဦးထွန်းဆိုင် ခင်ဗျား အစည်းအဝေး ဖိတ်တာကလဲ ဘုရား ကိုးဆူကပ်တော့မလိုပုံဘဲ၊ အသံကလဲ ကောင်းပေါ့ဗျာ၊ စုံလဲ စုံပါဗျာ၊ တော် တယ်ဗျို့"

"ဟေ့ ဆန်နီနဲ့ ရဲမြင့်၊ မင်းတို့ က ငါ့ကိုမြှောက်ပြောနေပြန်ပြီ၊ အစည်း အဝေးဆို ဒါ အကုန်စုံမှ မေ့ကျန်ရင် တစ်ခါ ပြန်ဖိတ်ရရင် ဒီတစ်ခါ ငါ အသက်ထွက်ကော"

"ဦးထွန်းဆိုင်ရယ် ရှင်းရှင်း လေး ဖိတ်ပါဗျာ"

"ဒါဆို ၁၂ နာရီ အရောက်ကြွ ကျဆိုပြီးရော ဟဲ ဟဲ ဟဲ မဟုတ်လား"

"ကောင်းပါ့ဗျာ ကောင်းပါ့"

ဒီနေ့ အစည်းအဝေးနေ့။

ရပ်ရွာလူကြီးများနှင့် ရွာသား လယ်သမားများ၊ မြို့က လူကြီးများ အား လုံး စုံညီစွာ ရောက်ရှိနေ၏။ ဒိုပြင် ပြည်သူ့ရဲတွေလည်း အစောင့်အရှောက် လုံခြုံရေးအတွက် ပါကြ၏။ တာဝန် မကျေသူများကတော့ အားလုံးမျက်နှာ ငယ်ငယ်နှင့် ကြောက်နေကြ၏။

ဦးထွန်းဆိုင်ကတော့ ရှေ့ဆုံးမှ ရဲရဲဝံ့ဝံ့ဖြင့် ထိုင်နေ၏။ သူ့နောက်မှာ မောင်ဆန်နီက မကြာခဏ လက်ကုပ် ပေးသည်။

"ဆန်နီရာ ငါသိပါတယ်၊ မင်း အသာနေစမ်းပါ"

မြို့မှ တာဝန်ရှိလူကြီးတစ်ဦးက စပါးတာဝန်ကျေ ကိစ္စအတွက် လယ် သမားအားလုံး တာဝန်သိသိဖြင့် ဆောင် ရွက်ကြဖို့နှင့် ယခု စာရင်းပါသူများသည် တာဝန်လုံးဝမကျေသူများဖြစ်၍ တင်ပြ ရှင်းလင်းပေးပါရန် ခိုင်လုံမှုမရှိက အရေး ယူရန်ဖြစ်ကြောင်း ပြောကြားပြီး တာဝန် ကျေစာရင်းကို ဖတ်ပြရာ ဦးထွန်းဆိုင်၊ ကိုဆန်နီ၊ ကိုပျော့၊ ကိုရဲမြင့်၊ ကိုအေး မောင် စသည်ဖြင့် လူပေါင်း(၂၀)ကျော် ဖတ်ပြ၏။ ဦးထွန်းဆိုင်က ငြိမ်နေ၏။ ဘာတစ်ခွန်းမှ မပြော။

"ဦးထွန်းဆိုင်ဆိုတဲ့ လယ်သမား ကြီး ရှိပါသလား"

"ဟုတ်ကဲ့၊ ကျွန်တော် မိုးပေါ် မှာသိကြား လူပြည်မှာ ထွန်းဆိုင်ပါ"

"ဟာ. . . ဟင်"

လူကြီးများ ဟိုကြည့် ဒီကြည့် ပြုံးစိစိနှင့်။ ဦးထွန်းဆိုင်က မတ်တတ်ရပ် ပြီး အရိုအသေပေး၏။

"ဟုတ်ကဲ့ပါ ပြောပါ ခင်ဗျာ"

"လူကြီးမင်းများ ခင်ဗျာ၊ ကျွန် တော် တာဝန်မကျေတာ မှန်ပါသည်၊ စပါးတာဝန်ကျေချင်လွန်းလွန်းလို့ မြေ တစ်လက်ဝါးမကျန် ကြိုးစားပြီး စိုက်ပါ တယ်၊ ရေမြုပ်လိုက် သေလိုက်၊ ပိုးကျ လိုက်နဲ့၊ ဒီလယ်က စပါးကို ယခု လယ် လုပ်တဲ့ နှစ်(၄၀)ကျော်မှာ တစ်ခါမှ မစားဖူးပါဘူး၊ ယခုလဲ အိမ်မှာ ဝမ်းစာ မရှိဘူး၊ အဲဒါကြောင့် ဘုန်းကြီးကျောင်း ဝေယျာဝစ္စပဲ လုပ်နေရတယ်၊ ရှင်းရှင်း ပြောတာပါ၊ ရှုပ်တာ မပါဘူး၊ ရှိတဲ့ ပစ္စည်းတွေလဲ ကုန်ပါပြီ၊ ကျွန်တော့်လို လယ်သမား အများကြီး ရှိပါတယ်၊ ဒါကြောင့် ဘုရားဟောနှင့်အညီ နာ ယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံသော လူကြီးမင်းများက စဉ်းစားပေးပါ၊ သနား သည်းခံစွာဖြင့် ဝေဖန်ပေးတော်မူကြပါ၊ နောက်တစ်ခွန်း ပြောချင်တာကတော့ မသေမချင်း လုပ်ဆပ်ပါရစေလို့"

ဦးထွန်းဆိုင် ပြောလိုက်သော စကားကြောင့် တစ်ရွာလုံး လူများ လက် ခုပ်သြဘာပေး ခရာမှုတ်ကြသဖြင့် ကျန် လူကြီးများကတော့ ပြုံးစိစိနှင့် နေကြပါ တော့သည်။


❒ မင်းတိုင်ပင်(မြရောင်မြေ)

လယ်ပြည့်ဝန်းမဂ္ဂဇင်း (ဩဂုတ်လ၊ ၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခင်ပပကို သိတာ မကြာသေး။

တလောက ကျွန်တော့်အိမ်သို့ မေသက်နွယ် ရောက်လာသည်။ မေသက်နွယ်က ကျွန်တော်နှင့် ကျောင်းနေဖက်တစ်ဦး ဖြစ်သည့်ပြင် ကျွန်တော့် ဖောက်သည်တစ်ဦးလည်း ဖြစ်သည်။ လုပ်ငန်းကိစ္စအတွက် ကျွန်တော့်ထံ ဝင်လာခဲ့ခြင်း ဖြစ်သည်။ သူနှင့်အတူ ကျောက်စိမ်းရောင် ယမင်းရုပ်ကလေး တစ်ရုပ် အဖော်အဖြစ် ပါလာတာ သတိပြုမိသည်။

စားပွဲတွင် နေရာယူထိုင်ပြီးကြသည်နှင့် မေသက်နွယ်က . . .

"ဖိုးလွင် ဒါ ခင်ပပတဲ့၊ တို့အိမ်ဘေးကတိုက်ကို ပြောင်းလာတာ မကြာသေးဘူး၊ ပပ သူက ကိုခင်မောင်လွင်တဲ့၊ မမနွယ်သူငယ်ချင်း ရော်ဘာလုပ်ငန်း လုပ်တယ်၊ ပြီးတော့ အပေါင်ဆိုင်ပိုင်ရှင်"

မေသက်နွယ်၏ မိတ်ဆက်စကား ဆုံးလေသော် ကျွန်တော်နှင့် ခင်ပပ အကြည့်ချင်းဆုံကြသည်။ ခင်ပပက



www.burmeseclassic.com

www.burmeseclassic.com

လက်ခနဲ တစ်ချက်ပြုံးပြသည်။ ထိုအပြုံး၌ ပွင့်လင်းမှုနှင့် ရဲတင်းမှုကိုတွေ့ရသည်။

"ဟုတ်လား၊ ပပလဲ ရော်ဘာကို စိတ်ဝင်စားပါတယ်၊ ခုအချိန်က ရော်ဘာသမားတွေ ခေတ်ကောင်းနေတဲ့ အချိန်ပဲလေ၊ ကြုံမှ လာပြီးလေ့လာရဦးမယ်၊ ပြီးတော့ ပေါင်စရာလေးဘာလေး ရှိရင်လဲ လာပေါင်ရဦးမှာပေါ့"

ပြောပြီး သူတို့နှစ်ယောက်က ပြိုင်တူလိုလို ရယ်လိုက်ကြသည်။

ကျွန်တော်က အလိုက်သင့် ပြုံးရုံမျှသာ။

ဒီနောက်တွင် မေသက်နွယ်နှင့် လုပ်ငန်းကိစ္စ ပြောဆိုဖြစ်ကြသည်။ အဓိကအားဖြင့် နောက်ဆုံးလက်ကျန်စာရင်းများကို နှစ်ဦးနှစ်ဖက် ပြန်ညှိဖြစ်ကြသည်။

မေသက်နွယ်က ကျွန်တော်တို့ ခြံသမားများထံမှ ထွက်ကုန်ရော်ဘာတို့ကို ဒိုင်ခံ၍ ဝယ်ယူသူဖြစ်သည်။ အဝတ်စဉ်လိုလို သူ့ကားကလေးဖြင့် ခြံတကာလှည့်၍ ရော်ဘာများ သိမ်းလေ့ရှိသည်။ ယခု ဒီလအတွက် လချုပ်ပြုလုပ်ရန် ကျွန်တော့်ထံ စာရင်းလာညှိခြင်းပင်ဖြစ်သည်။

ကိစ္စပြီးသည်နှင့် သူတို့ကပြန်ရန်ပြင်သည်။ ဦးစွာ မေသက်နွယ်က ထိုင်ရာမှ ထလိုက်သည်။ ခင်ပပကလည်း ပြုံးလျက် ကျွန်တော့်ကို နှုတ်ဆက်စကားဆိုသည်။ ဤတွင် ကျွန်တော့်ရှေ့မှ နောက်လှည့်ပြီး ထွက်သွားကြတာချင်း အတူတူ ကျွန်တော့်အကြည့်များက ခင်ပပထံသို့သာ တစိုက်မတ်မတ် လိုက်ပါသွားခဲ့လေသည်။

ခင်ပပနောက်သို့ ကပ်ပါသွားသော ကျွန်တော့်မျက်လုံးများကို တော်တော်နှင့် ပြန်မခွာနိုင်။ ထူးခြားလွန်းသော သူမ၏နောက်ပိုင်းအလှကကျွန်တော့်ကို တရွတ်တိုက်ပင် ညှို့ငင်ဆွဲယူသွားခဲ့လေသည်။ မကြုံစဖူးသော ရင်အခုန်မြန်ခြင်းနှင့်အတူ လူတစ်ကိုယ်လုံး ဘလောင်ဆူလျက် ကျန်ရစ်ခဲ့ရသည်။

သူတို့ လူလုံးပျောက်သွားပြီဆိုတော့မှ သက်ပြင်းနုနုတစ်ချက်ကို ကျွန်တော် အသာချလိုက်မိသည်။ ကုလားထိုင်ကျောမှီတွင် ပစ်၍မှီချလိုက်ပြီး မျက်လုံးကိုလည်း မှိတ်ထားလိုက်မိသည်။ ထိုအခါ ပီပြင်ထင်ရှားသော ခင်ပပရုပ်သွင်က စိတ်ကူးထဲ၌ တစ်ခါပြန်၍ပေါ်လာခဲ့ပြန်လေသည်။

ရှေ့ကကြည့်လည်းယဉ် နောက်ကကြည့်လည်းလှသော ထိုအမျိုးသမီး။ ရှည်လျားသော ဆံကေသာနှင့် ကော့ညွတ်သော မျက်တောင်တို့က ဆင်တူလိုလိုပင် နက်မှောင်တောက်ပနေကာ အသားတော်ဝါဝါဝင်းနှင့် ကျောက်စိမ်းရောင် အထက်အောက်ဝတ်စုံတို့ဖြင့်လည်း ပနံအရကြီးရလေသူ။ ပြီးတော့ အချိုးအစားကျနသောကိုယ်လုံးကလေးနှင့် စွဲမက်ဖွယ်ကိုယ်ဟန်ကလေးကပါ ကြည့်လို့ဖြင့် ဘယ်လိုမှ ဝနိုင်စရာမရှိလေသူ။

ကျွန်တော် စိတ်တွင်းမှ ကျိတ်၍ မှတ်ချက်ချလိုက်မိသည်။

"ဒါမျိုးမှ မိန်းမချော၊ ဒါမျိုးမှ မိန်းမလှ"

✽

ဒီနောက်တွင် ခင်ပပနှင့် သုံးလေးကြိမ်မက ဆုံဖြစ်သေးသည်။ မေသက်နွယ်က ခြံထဲသို့ လာသည့်အခါတိုင်း ခင်ပပကို ခေါ်လာသည်။

ခုအချိန်က ရော်ဘာအရေးကြီးနေချိန်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်ကို ဖိဖိစီးစီး ကြီးကြပ်ရင်း ခြံထဲမှာသာ အနေများတော့သည်။ အပေါင်ဆိုင်ကိုတော့ ကျွန်တော့်ညီနှင့်ပင် လွှဲထားခဲ့သည်။ မေသက်နွယ်နှင့်အတူ လိုက်ပါလာရခြင်းကို ခင်ပပကိုယ်တိုင်က လိုလိုလားလား ရှိဟန်တူသည်။ သူမက ခြံထဲရောက်ပြီဆိုသည်နှင့် နေပြောက်မထိုးအောင် မဲမှောင်ပြီး ရှည်လျားလှသော ရော်ဘာပင်တန်းတွေကြားထဲ လျှောက်သွားသည်။ ကျယ်ဝန်းလှသော ခြံဝင်းကြီးတစ်ခုလုံး နေရာအနှံ့လျှောက်ကြည့်သည်။ အလုပ်သမားများ ရော်ဘာစေးခြစ်ပုံ၊ အစေးခံယူပုံနှင့် သိမ်းယူပုံ၊ ထို့နောက် စက်ဖြင့်ကြိတ်၍ ဘလောက်တုံးများ ထုတ်လုပ်ပုံတို့ကို စူးစမ်းလေ့လာခြင်း ပြုလေသည်။

ဆိုရသော် ကျွန်တော့်ခြံထဲသို့ ရောက်သည်နှင့် လန်းဆန်းပေါ့ပါးသော လွတ်လပ်ပျော်ရွှင်သော အရသာတို့ကို ခင်ပပ ခံစားနေရမှန်း ကျွန်တော်အတပ်သိသည်။ ထို့အတွက် ကျွန်တော်ကျေနပ်သည်။ သူမ ပျော်ရွှင်နေတာ မြင်ရသည်နှင့် ကျွန်တော်ပါ အလိုလိုပျော်ရွှင်နေမိသည်။

ခင်ပပကား တစ်နေ့ထက်တစ်နေ့ ကျွန်တော့်အပေါ် သူမ၏အလှဖြင့် ညှို့ငင်ပြီးရင်းညှို့ငင် ရစ်ချည်ပြီးရင်း ရစ်ချည်၍ နေလေပြီ။ မကြာလှသေးသော ကာလတိုကလေး အတွင်းမှာပင် သူမက ကျွန်တော့်ကို ပိုင်ပိုင်နိုင်နိုင် ပြုစားနိုင်ခဲ့လေပြီ။

ခင်ပပအပေါ် စွဲလမ်းစိတ်က ဒီဂရီ တက်မှန်းမသိတက်လာသည်။ ဒါကို မေသက်နွယ်ကပါကောင်းကောင်း ရိပ်စားမိလာသည်။ ကျွန်တော့်အပေါ် ပြောင်ချော်ချော် ပြက်တက်တက်ပုံစံမျိုးဖြင့် စတတ် နောက်တတ်လာသည်။

မထူးတော့မည့် အတူတူ ကျွန်တော် မေသက်နွယ်ကိုပင် ဒီကိစ္စ ဖွင့်ပြောချလိုက်တော့သည်။

"ဟဲဟဲ. . . ဘယ့်နှယ်လဲ လူပျိုကြီး၊ မိန်းမ မယူတော့ဘူးလေး ဘာလေးနဲ့ အပြောကြီးခဲ့သမျှ ခင်ပပနဲ့ကျမှ လက်နက်ချတော့မယ်ပေါ့၊ ဟုတ်လား"

မေသက်နွယ်က ထေ့သည်။

ကျွန်တော်က ရှက်ရယ်မျှသာ ရယ်နိုင်သည်။

"ပြောချင်သလို ပြောပေတော့ မိနွယ်၊ အရေးကြီးတာက နင့်ဆီက စစ်ကူရဖို့ပဲ"

"အလိုတော် ကျုပ်က စစ်ကူပေးရဦးမယ်၊ ကိုယ့်အစွမ်းအစနဲ့ဖြင့် လုပ်မကြည့်ဘဲနဲ့"





www.burmeseclassic.com

www.burmeseclassic.com

"နင်ကလဲဟာ စဉ်းစားကြည့်စမ်းပါဦး၊ ငါ့အသက်ကပဲ လေးဆယ်ထဲ ခြေတစ်ဖက် ဝင်နေပြီ၊ ရှုံ့ရှုံ့မိုက်မိုက် ဖွတ်လိုက်ရမယ့် အရွယ်မျိုးလား၊ ဟာ၊ ကြားလူကနေ တစ်ဆင့်သွားမှ သင့်တော့မပေါ့"

"ဒါမျိုးကျ သူတော်တော်သိ"

ပြောပြီး မေသက်နွယ်က ကျွန်တော့်ကို မျက်စောင်းတစ်ချက် လှမ်းခဲ့သည်။ ကျွန်တော်က ရယ်မြရယ်လျက်ကပင် မေသက်နွယ်ကို အတင်းဝင်ပူးရသည်။

"ကျေးဇူးမမေ့ပါဘူး သူငယ်ချင်းရာ၊ ဒီတစ်ပွဲတော့ ငါ့ကို ကူဖြစ်အောင်ကူပါဦးကွာ နော်"

"သနားစရာပဲ၊ ဒါပေမဲ့ ကူတာက အရေးမကြီးဘူး၊ ကူနိုင်တယ်၊ ဖြစ်နိုင်ချေ ရှိ မရှိ ဆိုတာကိုပဲ ထည့်စဉ်းစားရမှာ၊ သိရဲ့လား"

မေသက်နွယ် စကားကြောင့် ကျွန်တော် တစ်ချက် ထိတ်ခနဲဖြစ်သွားသည်။ ခပ်လောလောပင် ပြန်မေးလိုက်မိသည်။

"ဟို သူ့မှာ ရည်းစားတွေ ဘာတွေ ရှိနေပြီထင်တယ်၊ ဟုတ်လားမိနွယ်"

"အင်း . . . ပြီးခဲ့တဲ့ တစ်ပတ်လောက်က သူ ငါ့ကို ဖွင့်ပြောဖူးတယ်၊ သူ့မှာ ချစ်သူရှိခဲ့ဖူးတယ်ဆိုတဲ့အကြောင်းပေါ့၊ ဒါပေမဲ့ သူပြောတဲ့အတိုင်းဆို ခုအချိန်မှာ သူ့ကောင်လေးနဲ့က ပြတ်နေပါပြီ"

ဟုတ်လား၊ ဒီပြင်ကော ဘာတွေ သိရသေးလဲ"

"ခင်ပပ အဖေက သစ်လုပ်ငန်းလုပ်တယ်ကွ၊ သစ်ကုန်သည်ပေါ့၊ ခင်ပပကောင်လေးရဲ့ အဖေကလဲ ဒီလုပ်ငန်းပဲလုပ်ဘယ်၊ ဆိုတော့ တိုတိုပြောရရင် ဒီအချင်းချင်းက အကြံတူ ရန်သူတွေပေါ့ကွာ"

ဒီတော့ ပြိုင်ဘက်တစ်ယောက်ရဲ့သားကိုမှ ချစ်ကြိုက်ရပါ့မလားဆိုပြီး ခင်ပပအဖေက လုံးဝ သဘောမတူဘူး။ သူ့ကောင်လေးနဲ့ အဆက်ဖြတ်ခိုင်းတယ် ခင်ပပကလည်း အဖေစကားကို မလွန်ဆန်နိုင်ဘဲ ကောင်လေးနဲ့ ဖြတ်လိုက်တယ်ဆိုပါတော့။ အဲဒီကတည်းက သူ့ကောင်လေးလည်း အသည်းတွေ ဘာတွေ ကွဲပြီး နယ်စပ်ဘက်ကို ထွက်သွားလိုက်တာ ခုထိပြန်မလာတော့ဘူးတဲ့၊ အဲဒါပဲ"

"ဒါဖြင့် သူ့ဇာတ်လမ်းဟောင်းက ပြီးခဲ့ပြီပဲ၊ လောလောဆယ် ငါ့အတွက်က လမ်းရှင်းနေသားပဲ၊ ဟုတ်တယ် မဟုတ်လား မိနွယ်"

"အေး ဟုတ်တယ်၊ ခုချိန်မှာ သူ့မှာ ဘာအနှောင်အဖွဲ့မှမရှိတာ အမှန်ပဲ၊ အေးလေ၊ ငါ နင့်အတွက် ကြိုးစားပေးပါ့မယ်၊ နင် ကံကောင်းချင် ကောင်းနိုင်ပါတယ်"

ကျွန်တော် အားတက်သွားပါသည်။ မျှော်လင့်ချက်ဖြင့်လည်း လူတစ်ကိုယ်လုံး ဟုန်းခနဲကြွတက်လာသည်။ ပြီးတော့ ရုတ်ခြည်းဆိုသလိုပင် ကျွန်တော့်မျက်လုံးထဲ၌ မေသက်နွယ်၏ အသွင်က မဟာကျေးဇူးရှင်ကြီးအဖြစ် အတင့်တယ်ကြီး တင့်တယ်၍လာလေသည်။

❁

မျှော်သည်။ ကျွန်တော် မေသက်နွယ်ကို မျှော်မိသည်။ ကလေးကလား မဟုတ်သော်ငြား သူ့မျှတစ်ဆင့်ကြားသိလာရမည့်အဖြေစကားအတွက် ရင်တထိတ်ထိတ်ခုန်ရင်း မေသက်နွယ်ကို မျှော်နေမိသည်။

မျှော်ရသူမို့လား မသိ။ အချိန်က ကုန်ခဲလှသည်ဟု ထင်မိသည်။ တစ်ရက်နှင့်တစ်ရက် ကြာမြင့်လှသည်ဟု ထင်နေမိသည်။ မေသက်နွယ် ပေါ်လာမည့်ဘက်သို့ လည်တဆန့်ဆန့်လုပ်ရင်း စိတ်အစောကြီး စောနေမိရသည်။

သုံးရက်မြောက်သော နေ့တွင် ကျွန်တော့်ဆန္ဒ ပြည့်ဝသွားသည်။ ထုံးစံအတိုင်း မေသက်နွယ်က သူ့ကားဖြူလေးဖြင့် ကျွန်တော့်ခြံထဲ ပေါက်ချလာသည်။

ဒီတစ်ခါတော့ ခင်ပပ တစ်ယောက် ပါမလာတော့ချေ။ မျက်နှာချင်းဆိုင် ထိုင်မိကြသည်။ ကျွန်တော်က တကြွကြွ တရွရွ ဖြစ်နေသည်။ မေသက်နွယ်စကားကို နားထောင်ဖို့ အဆင်တသင့်ဖြစ်နေသည်။ သို့သော် မေသက်နွယ်က တော်တော်နှင့် စကားမစ။ ပြီးတော့ သူ့ကိုကြည့်ရသည်မှာ လေးလံပြီး ဆုတ်ဆိုင်းဆိုင်းကြီးလို ဖြစ်နေသည်။

အတန်ကြာတော့မှ အားတုံ့အားနာ အကြည့်မျိုးဖြင့် ကျွန်တော့်ကို ကြည့်ကာ . . .

"စိတ်မကောင်းဘူး ဖိုးလွင်ရာ၊ သူ့ကို ငါမေးပြီးပြီ၊ နင့်ဘက်ကနေ အတတ်နိုင်ဆုံး ပြောကြည့်ပြီးပြီ၊ သူက မဖြစ်နိုင်လို့ပါတဲ့ဟာ၊ ခုလို ငြင်းပယ်ရတဲ့အတွက်လဲ နင့်ကို တောင်းပန်ပါတယ်တဲ့၊ သူ့ကို မေ့သာပစ်လိုက်တော့ဟာ"

နှလုံးသွေး ဆောင့်ခုန်သံကို ဒိန်းခနဲ ကြားလိုက်ရသည်။ ခေါင်းထဲတွင်လည်း ဖျင်းခနဲဖြစ်သွားသည်။ အာခေါင်တွေက ရုတ်ခြည်းပင်ခြောက်လာသည်။ ပူနွေးသော မျက်နှာက အောက်သို့ အလိုလိုပြုတ်ကျသွားသည်။

မေသက်နွယ်က ကျွန်တော့်အတွက် သက်ပြင်းတစ်ချက် ချလိုက်သည်။ ကျွန်တော်က ဟန်ကိုယ့်ဖို့ဆိုတာကိုတော့ သတိမလွတ်ပါ။ ပျက်သွားသော မျက်နှာကို အတတ်နိုင်ဆုံးပြုပြင်ကာ မေသက်နွယ်ကို ပြန်မေးလိုက်မိသည်။

"မဖြစ်နိုင်ဘူးဆိုတာတော့ ထားပါတော့၊ ဘာကြောင့် မဖြစ်နိုင်ရတာလဲဆိုတာကိုကော နင်မမေးကြည့်ဘူးလား"

"မေးကြည့်တာပေါ့၊ မေးကြည့်တယ်၊ အဓိက ကတော့ အသက်အရွယ်ကွာလွန်းတာကို သူက ပြောတယ်ကွ၊ ပြီးတော့ သူက ပွင့်ပွင့်လင်းလင်းပြောတာတစ်ခုရှိတယ်၊ သူက ခေတ်ဆန်ဆန်စတိုင်ကျကျအမျိုးသားတွေကိုပဲသဘော



www.burmeseclassic.com

www.burmeseclassic.com

ကျတတ်တာတဲ့၊ ဆိုလိုတာက သူ့ပြောတဲ့ စကားအတိုင်းဆိုရင် နင်က သူနဲ့ ဘယ်လိုမှ အချိုးမညီတဲ့သဘော၊ ရှေ့သွားနောက်လိုက် မညီတဲ့သဘော၊ သူ့ဘောင် မဝင်တဲ့သဘောပေါ့ဟာ"

"ဪ . . . ဒီလိုတဲ့လား"

ကျွန်တော် တံတွေးတစ်ချက်မျိုချလိုက်သည်။ ဟုတ်လောက်ပေ၏။ ခင်ပပ့နေရာမှ ကြည့်မည်ဆိုပါက ထိုစကားမှာ မှန်လောက်ပါပေ၏။ ဝတ္ထုဇာတ်လမ်းတွေထဲက စကားမျိုးနှင့် ပြောရလျှင် အသက်အရွယ်အားဖြင့် ကျွန်တော်နှင့် ခင်ပပက ချစ်သဲနှင့်သူ၏ကိုကို အရွယ်မျိုးမှ မဟုတ်တာ။ သမီးနှင့်ဦးအရွယ်မျှပေပဲ။ ပြီးတော့ ကျွန်တော့်ဥပမိကလည်း တကယ်ပင် ပြောစရာတွေ အများကြီးရှိနေသည်ပဲကိုး။

ကျွန်တော်က အရပ်ပုသည်ဟု မဆိုနိုင်ရုံ အတန်နိမ့်သော အရပ်အမောင်းရှိသူ။ ထို့ပြင် အသက်ကလေးရလာသည်နှင့်အမျှ တဖြည်းဖြည်းတုတ်ဖြိုးလာသော ခန္ဓာကိုယ်ကလည်း အဝလွန်သည်ဟု မဆိုနိုင်ရုံ။ ပြောရလျှင် မိမိကိုယ်မိမိပင် မှန်ထဲကြည့်ပြီး မနှစ်သက်စိတ် ဝင်မိရသည့် ခန္ဓာကိုယ်မျိုး ဆိုတော့ ခင်ပပလိုထိပ်တန်းအလှရှင်တစ်ယောက်က ကျွန်တော့်အား ငြင်းပယ်လိုက်ပါသည်ဟု ဆိုရာဝယ် အလွန်တရားမျှတသော စီရင်ချက်တစ်ခုပါပေဟု လက်ခံလိုက်ရုံမှတစ်ပါး အခြားမရှိနိုင်တော့ပါ။

သို့ငြား စွဲလမ်းခြင်းတည်း ဟူသော လုံ့လပဋ္ဌယောဂကို ပြုမိမှားခြင်းအတွက် ဆုလာဘ်တချို့ကိုတော့ ကျွန်တော် ရလိုက်ပါသေးသည်။ မေသက်နွယ် နှုတ်မှ ခင်ပပ အဖြေစကား ကြားမိရသည်နှင့် ရင်ထဲမှာ ကျဉ်ခနဲဖြစ်မိရသေးသည်။ နင့်ခနဲ ထိခိုက်မိရသေးသည်။

မည်သို့ဆိုစေ ရှုံးပြီးရင်းရှုံးအဖြစ်မျိုးကိုတော့ အရောက်ခံ၍မဖြစ်။ မေသက်နွယ်ရှေ့မှာ ရင်တွင်းဝေဒနာကို အလွန်အကျွံဖော်ပြလိုက်မိတာမျိုးအဖြစ်ခံ၍မရ။ အသက်အရွယ်နှင့် လျော်ညီသော သိက္ခာဆယ်ခြင်း၊ အရှက်ဖြေခြင်းကို ကျွန်တော် မလွဲမသွေ ပြုရပေမည်။

ခြောက်ကပ်ကပ်ရယ်သံမျိုးဖြင့် ရယ်လျက် ကျွန်တော် မေသက်နွယ်ကို ဖြေဖျောက်ပြလိုက်သည်။

"သူက မဖြစ်နိုင်ဘူးဆိုတော့လဲ ငါက နားရုံပေါ့ မိနွယ်ရာ၊ ဘာခက်တာမှတ်လို့၊ လောကမှာ မိန်းမတွေအများကြီးပါကွာ ဟား ဟား ဟား . . ."

ကျွန်တော့်အတွက် ခင်ပပကိစ္စ ဤတွင်ပြီးလေပြီဟုလည်း တစ်ခါတည်း ဒုံးဒုံးချလိုက်လေသည်။

❁

သို့သော် ကျွန်ကော်က ပြီးပြီ ထင်ခဲ့သောကိစ္စက မပြီးသေးပါချေ။ ရက်အတော်ကြာခဲ့ပြီးနောက် တစ်ခုသော ညနေတွင် ကျွန်တော့်အပေါင်ဆိုင်၌ရှိနေစဉ် မေသက်နွယ်က ပေါက်ချလာသည်။ ဒီတစ်ခါ သူ့ကိုကြည့်ရသည်မှာ ပျာယီးပျာယာနှင့်အရေးတကြီးနိုင်လှသည်။

ကျွန်တော် သူ့ကို အကဲခတ်နေစဉ်မှာပင် သူက . . .

"ဖိုးလွင် နင်ထိပေါက်ပြီဟဲ့၊ ထိပေါက်ပြီ သိလား"

"ဘာတွေ လာပြောနေတာလဲ မိနွယ်၊ ငါလဲ ထီမထိုးဘဲနဲ့"

"အရေးထဲ အကြောင်းရိုက်မနေစမ်းနဲ့၊ ဒီမှာ သေသေချာချာနားထောင်၊ ခင်ပပက ငါ့ကို အတိအကျပြောလိုက်ပြီ၊ သူ နင့်ကို လက်ထပ်မယ်တဲ့ဟဲ့၊ နင့်ကို လက်ခံလိုက်ပြီ သိရဲ့လား၊ ဒါကြောင့် နင်ပျော်ရတော့မယ်ဟဲ့၊ အဲဒါကို ပြောတာ"

မေသက်နွယ်စကားက ကျွန်တော့်ကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။ မျက်စိတွေ နားတွေ ရုတ်ခြည်းဆိုသလိုပင် စွင့်စွင့်ကားကားတွေ ဖြစ်ကုန်သည်။

"ခင်ပပက ငါ့ကို လက်ထပ်မယ်ဟုတ်လား၊ နင့်စကားက အဖျားမရှိအရင်းမပါနဲ့ ဘယ်လိုကြီးလဲဟ၊ နွေခေါင်ခေါင်မှာ မိုးကြိုးပစ်လိုက်သလိုပါလား"

"နင့်ဘာသာ မိုးကြိုးပစ်ချင်ပစ် မပစ်ချင်နေ၊ ငါ အတည်ပြောနေတာ၊ နင့်ကို သူ ယူလိမ့်မယ်၊ အဲ . . . တစ်ခုတော့ ရှိတယ်၊ လောလောဆယ် နင်သူ့ကို ငွေနှစ်ဆယ်လောက် ခဏလှည့်ပေးရလိမ့်မယ်"

"ဘာ ဘယ်လို၊ ငါက ငွေနှစ်ဆယ် ခဏလှည့်ပေးရမယ်၊ နင့်ဥစ္စာက ဘာတွေလဲဟာ၊ ရှုပ်လို့ပါလား"

"မရှုပ်ဘူး ငါရှင်းပြမယ်၊ ဒီလိုဒီလို"

ဤတွင် မေသက်နွယ်က ဖြစ်ကြောင်းငယ်မှကုန်စင် ဇာတ်စုံခင်းပြလေသည်။

လွန်ခဲ့သောနှစ်ရက်က ခင်ပပအဖေ တရားမဝင်သစ်ကိစ္စဖြင့် အဖမ်းခံရလေသည်။ အမှုသွား အမှုလာအရအာမခံတော့ ရနိုင်ပါသည်။ သို့သော် အာမခံတင်စရာ ပိုက်ဆံက ခင်ပပတွင် မရှိ။ ပြီးတော့ ငွေကုန်ခံပြီး လိုက်ရှင်းရမည့် နောက်ဆက်တွဲကိစ္စများလည်း ရှိသေးသည်။ မိသားစု စီးပွားရေးက အကျဘက်ကိုရောက်နေတာ ကြာချေပြီ။ ဘက်စုံ အကျပ်အတည်းတွေနှင့် ရင်ဆိုင်နေရသည်။ ဒီကြားထဲမှာ ဖခင်လုပ်သူက ခုလိုဖြစ်သွားရပြန်တော့ ခင်ပပခမျာ မကြုံတတ်လောက်အောင်ပင် သောက ရောက်နေရရှာသည်။

ထို့ကြောင့် . . .

"ငါသိပြီ မိနွယ်၊ သူ့အဖေ့ကိစ္စ အဆင်ပြေအောင် ငါက ငွေထုတ်ပေးရမယ်၊ အဲဒီအတွက် သူက ငါ့ကို လက်ထပ်မယ်၊ လက်ခံမယ်၊ ဒီလိုမဟုတ်လား၊ ဒါဆိုရင် အမိပွာယ်ကြီးက . . ."

"အရေးထဲ ချေးများနေပြန်ပြီ၊ တကယ်ဆိုရင် နင် ငါ့ကိုတောင် ကျေးဇူးတင်ရဦးမှာဟဲ့ သိလား၊ ဒီခွင်ထဲဝင်လာအောင် ငါ တမင်ကြံလိုက်တာ၊ ငွေရှာဖို့ သူ ပျာယာခတ်နေတုန်း ငါ နင့်ကို အချိန်ကိုက်ထိုးထည့်လိုက်တာ၊ ပထမ





www.burmeseclassic.com

www.burmeseclassic.com

သူက ငါ့ဆီကို ငွေလာလှည့်တာဟ၊ ငါက ငါ့ဆီမှာ ငွေပြတ်နေလို့ပါ ဘာညာနဲ့ လိမ့်လိုက်ပြီး နင့်ဆီက လှည့်ပေးရမလားလို့ သူ့ကို မေးလိုက်တယ်၊ ပထမတော့ သူက နင့်ကိုမျက်နှာတွေ ပူပြီး အားတုံ့အားနာဖြစ်နေတယ်၊ ငါက ကိစ္စမရှိပါဘူး၊ ဘာညာနဲ့ပြောပြီး နင်သဘောကောင်းပုံ စိတ်ထားဖြူစင်ပုံတွေကို သာသာထိုးထိုး ထည့်ပြောလိုက်တယ်၊ ပြီးတော့ နင်က ရည်းစားတောင် တစ်ခါမှ မထားဖူးတဲ့ လူပျိုကြီးဖြစ်တဲ့ အကြောင်း၊ သူ့အပေါ်ကိုလဲ တကယ် နှစ်နှစ်ကာကာနဲ့ စွဲစွဲလမ်းလမ်း ဖြစ်မိလို့ကို ကမ်းလှမ်းလိုက်မိတာပါ ဆိုတဲ့ အကြောင်းတွေကို ထည့်ပြောချလိုက်တယ်"

"နင်က အဲလိုပြောတော့ သူက တစ်ခါတည်း လက်ခံလိုက်ရောတဲ့လား"

"ဘယ်ဟုတ်မလဲ၊ အဲဒီနေ့က တော့ သူ ဘာမှပြန်မဖြေဘဲ အိမ်ပြန်သွားတယ်၊ စိတ်ထဲမှာတော့ ခပ်ထွေထွေ ဖြစ်သွားတယ်၊ နောက်နေ့မနက်ကျမှ ငါ့ဆီ တစ်ခေါက်ပြန်လာပြီး အဖြေပေးတော့တာပဲ၊ ငွေက အရေးကြီးနေပြီလေ၊ ဒီပြင်နည်းနဲ့လဲ ဘာမှမကြံတတ်တော့ဘဲ ကိုး၊ ကိုင်း ဒါတွေ ထားစမ်းပါဟာ၊ နင် သူ့ကိုရရင် ပြီးတာပဲမဟုတ်လား၊ ပိုက်ဆံကိုသာ မြန်မြန်ထုတ်ပေတော့"

မေသက်နွယ်က ယတိပြတ်ပင် အမိန့်ပေးသည်။ သူက ကျွန်တော့်ကို လူနိုင်ပဲလေ။ ကျွန်တော် ထပ်မံပြီး စဉ်းစားဖို့ စာဒကတက်ဖို့ ကြံနေတုန်းမှာပင် ငွေထုပ်က သူ့လက်ထဲသို့ အလိုလိုရောက်၍ သွားလေပြီ။

ငွေရသည်နှင့် မေသက်နွယ်က ပြန်ရန်ပြင်သည်။

"သူ့အဖေကိစ္စ ပြီးတာနဲ့ ခင်ပပကို ငါကိုယ်တိုင် ခေါ်လာမယ်၊ အလွန်ဆုံး သုံးလေးရက်ပေါ့၊ အဲဒီကျမှ နင့်ဘာသာ အသားကုန်ကြွေပြပေတော့၊ အရေးထဲ ဖင်ထိုင်လဲနေဦးမယ်နော် ကိုယ်တော်ချော"

မေသက်နွယ်က နှုတ်ဆက်ပြီးသည်နှင့် လှကို အကဲခတ်သလိုမျိုး ကြည့်သွားလိုက်သေးသည်။ ကျွန်တော်များ ရင်ခုန်လှုပ်ရှားဖြစ်နေလေမလားဆိုသည့် သဘောမျိုး၊ ကျွန်တော့်မျက်နှာတွင် ဘာမျှ ထူးထူးထွေထွေ မတွေ့ရတော့ ဇဝေဇဝါ ဖြစ်သွားဟန်တူသည်။

ပြောမယ့်သာ ပြောရသည်။ ကျွန်တော်လည်း ယခုအချိန်ထိ ဇဝေဇဝါရယ်။

❁

ဒီနောက်တွင် မေသက်နွယ်တစ်ယောက် ပျောက်မှန်းမသိ ပျောက်သွားသည်။ သူပြောသွားသည့် သုံးလေးရက်ဆိုတာကို ကျော်လွန်ခဲ့ပြီး တစ်ပတ်တိတိပင် ရှိခဲ့လေပြီ။ သူ့အရိပ်အယောင်ကို လုံးဝမတွေ့ရပြီ။ ဒီအတောအတွင်း ကျွန်တော်ကမျှော်လှသည်တော့မဟုတ်ပါ။ အခြေအနေကို စောင့်ကြည့်နေသည့် သဘောမျှသာဖြစ်သည်။ ရှစ်ရက်မြောက်ဖြစ်သော နောက်တစ်နေ့တွင်မူ မေသက်နွယ်၏ ကားဖြူကလေးက ကျွန်တော့်အိမ်ရှေ့သို့ ထိုးဆိုက်လာခဲ့လေပြီ။

အချိန်က နံနက်ပိုင်းတွင်ဖြစ်ပါသည်။ ကားရပ်သံကြောင့် ဖတ်လက်စ စာအုပ်ကိုချကာ ကျွန်တော် လှမ်းကြည့်လိုက်မိသည်။ ကျွန်တော် ထင်သလို ကားပေါ်မှ မေသက်နွယ်နှင့် ခင်ပပတို့ ဆင်းလာသည်ကို မတွေ့ရပါ။ ဘောင်းဘီရှည်နှင့် စပို့ရှပ်လက်တိုတို့ကို ဝတ်ဆင်ထားသော ဆံပင်ရှည်ရှည် ခပ်ပိန်ပိန် လူငယ်တစ်ဦးကိုသာ ကားခေါင်းပိုင်းမှ ထွက်လာသည်ကို တွေ့ရလေသည်။

လူငယ်က အိမ်ထဲသို့ တန်းတန်းမတ်မတ်ပင် ဝင်လာသည်။ ကျွန်တော့်ရှေ့ ရောက်သည်နှင့် ရိုကျိုးသော မျက်နှာဖြင့် ကျွန်တော့်ကိုကြည့်ကာ . .

"ဦးခင်မောင်လွင်ဆိုတာ ဒီကဦး မဟုတ်လားခင်ဗျာ"

"ဟုတ်ပါတယ်၊ ကိုယ်ပါ၊ ထိုင်ပါ"

လူငယ်က အသာဝင်ထိုင်သည်။ အထုပ်ကြီးတစ်ထုပ်ကိုလည်း စားပွဲပေါ်တွင်ချသည်။ ထို့နောက် စကားစလေသည်။

"ဟိုတစ်လောက ဦးဆီက ပပ ငွေချေးထားတယ် မဟုတ်လားခင်ဗျာ၊ အဲဒါ ကျွန်တော် လာဆပ်တာပါ"

သူ့စကားကြောင့် ကျွန်တော့် မျက်ခုံးနှစ်ဖက်က အလိုလိုမြင့်တက်သွားသည်။ ဘာမျှတော့ပြန်မပြောမိ။ လူငယ်က စားပွဲပေါ်မှ အထုပ်ကို ဖြေနေသည်။ ငွေစက္ကူအုပ်များကို ဆွဲထုတ်၍လည်း တစ်အုပ်ချင်း ရေတွက်နေသည်။ ထို့နောက် ကျွန်တော့်ရှေ့တွင် တရိုတသေ ချပေးသည်။ တစ်ထောင်တန်ငွေစက္ကူတွေချည်း ၂၂ အုပ်တိတိ။

ကျွန်တော်က အသာငြိမ်နေသည်။ လူငယ်က . . .

"စေ့ မစေ့ ရေကြည့်ပါဦး ဦး၊ ဦးဆီက သိန်းနှစ်ဆယ် ယူထားတယ်လို့ ပြောပါတယ်၊ ဦးရဲ့ကူညီမှုကို ကျေးဇူးဆပ်တဲ့အနေနဲ့ ကျွန်တော်က ငွေနှစ်သိန်းထပ်ဆောင်းပေးပါတယ်၊ ဒီအတွက် ဘယ်လိုမှ သဘောမထားပါနဲ့ခင်ဗျာ"

သူ့စကားဆုံးသည်နှင့် ကျွန်တော်က ငွေစက္ကူအုပ်များကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ထို့နောက် သူ့ကို အလိုက်သင့် ပြန်ပြောလိုက်သည်။

"ကိုယ့်ညီ စစ်ဆေးပြီးသားပဲ မဟုတ်လား၊ ပြန်ရေမနေတော့ပါဘူး၊ ဒါထက် ကိုယ့်ညီက . . ."

"ကျွန်တော်က ပပရဲ့ချစ်သူပါဦး၊ ကျွန်တော်တို့နှစ်ယောက်က သိပ်ချစ်ကြတဲ့ ချစ်သူတွေပေါ့၊ မိဘတွေရဲ့ အယူသည်းမှုကြောင့်သာ ကျွန်တော်တို့ မခွဲချင်ဘဲ ခွဲနေကြရတာပါ၊ ခုတော့ အားလုံး အဆင်ပြေသွားပါပြီ၊ ပပအဖေရဲ့ကိစ္စကို ကျွန်တော်ပဲ အကုန်လုံးဝင်ပြီး ဖြေရှင်းပေးလိုက်တယ်၊ အဲဒါကြောင့် ကျွန်တော်နဲ့ ပပကိစ္စကို ပပအဖေက သဘောတူလိုက်ပါပြီ၊ ကျွန်တော်တို့ မကြာခင်မှာပဲ လက်ထပ်ကြတော့မှာပါ"





www.burmeseclassic.com

www.burmeseclassic.com

"ဪ. . ."

ထိုအခိုက်မှာပင် အိမ်ရှေ့သို့ တက္ကစီတစ်စီးက ထိုးဆိုက်လာခဲ့ပြန်သည်။ ဒီတစ်ခါတော့ ဇာတ်ဆရာကြီး မေသက်နွယ် ကားပေါ်၌ ပါလာလေသည်။ သူ့ထုံးစံအတိုင်း အူယားဖားယားနှင့် ကားပေါ်မှ ဆင်းလာသည်။

နောက်တစ်ဦးကတော့ ကားပေါ်မှမဆင်းဘဲ ထိုင်လျက်သားကျန်ခဲ့လေသည်။ ထိုသူမှာ ခင်ပပပင် ဖြစ်ပါသည်။ ထိုခဏ၌ ကျွန်တော်က ကားပေါ်သို့လှမ်းအကြည့် ခင်ပပနှင့်အကြည့်ချင်းဆုံသွားသည်။ ခင်ပပက မျက်လွှာကို လျင်မြန်စွာချသည်။ သူ့မျက်နှာ၌ ရှက်ရွံ့ဟန်၊ အားနာဟန်တို့ကို အထင်းသားပင် တွေ့လိုက်ရသည်။

မေသက်နွယ် ထိုင်ခုံလွတ်တွင် ဝင်ထိုင်လိုက်စဉ်မှာပင် လူငယ်က ထိုင်ရာမှထကာ နှုတ်ဆက်စကားဆိုလေသည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ၊ အလုပ်နည်းနည်း များနေလို့ပါ။ ပပကို ကျွန်တော့်အိမ်ခေါ်သွားရင်း ကျွန်တော့် မိဘတွေကိုလဲပြရင်း လက်ထပ်ဖို့ကိစ္စ တစ်ခါတည်းစီစဉ်ရမှာပါ။ ဪ. . . မမနွယ် ဒီမှာနော် ကားသော့"

လူငယ်က မေသက်နွယ်ကိုပါ တစ်ခါတည်းနှုတ်ဆက်ပြီးနောက် ထွက်ခွာသွားလေသည်။ ထို့နောက် ကားပေါ်သို့တက်သည်။ ကားဆရာက စက်ကို နှိုးလိုက်သည်။ ကားထွက်သည်နှင့် လူငယ်က ခင်ပပ ပခုံးကို လှမ်းဖက်လိုက်တာ ကျွန်တော် မြင်ရသည်။

ထိုစဉ် မေသက်နွယ်က လက်ဝါးနှစ်ဖက်ဖြင့် စားပွဲပေါ်သို့ ဖြန်းခနဲ ရိုက်ချလိုက်လေသည်။ မချိတင်ကဲလေသံဖြင့်လည်း . . .

"သွားပြီ သွားပြီ အားလုံးရှုပ်ကုန်ပြီ၊ စီစဉ်ထားတာတွေ အားလုံးလွဲကုန်ပြီ"

မျက်နှာကို ရှုံ့မဲ့ကာ ချုံးသံပါအောင် ညည်းလေသည်။ ကျွန်တော်က သူ့ဖြစ်အင်ကို အသာစောင့်ကြည့်နေလိုက်သည်။

"ဒီတစ်ရက် နှစ်ရက်အတွင်းမှာပဲ ပြဿနာတွေက ရှုပ်ကုန်တာဟဲ့၊ နင့်ပိုက်ဆံတွေ ဘာမှ မသုံးရသေးဘူး၊ ခင်ပပလက်ထဲမှာပဲ ရှိသေးတယ်၊ ဖြုန်းဆို သူ့ကောင်လေးက ရုတ်တရက်ရောက်လာပြီး အကုန်လုံး ဝင်ရှင်းသွားတာ၊ သူ့ကောင်လေးက နယ်စပ်ကနေ တော်တော်ပွလာတဲ့ပုံပဲ၊ အဲဒါနဲ့ အဘိုးကြီးက ပြန်ကြည်သွားပြီး သူ့သမီးကို ခုလိုထည့်ပေးလိုက်တော့တာပဲ၊ ငါ သေကို သေချင်ပါတယ်ဟာ"

မေသက်နွယ်က ရေချိုင့်ထဲမှရေကို ဖန်ခွက်ထဲထည့်ပြီး မော့သောက်နေသည်။ ကျွန်တော်က ဘာမျှစကားမဆိုသေးဘဲ ငြိမ်နေဆဲ။

"နင့်ကိုတော့ ငါ ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ပါဘူး သူငယ်ချင်းရယ်၊ ငါ တကယ်စေတနာနဲ့ ကူညီတာပါဟာ၊ နင်ကိုယ်၌ကကို ရှုံးနိမ့်ရမယ့်ကံ ပါလာသလား မသိပါဘူးဟာ"

"တော် တော်မိနွယ်၊ နင် ဒီစကား ဒီတင်ရပ်တော့၊ နင်ပြောသလို ငါက ရှုံးတယ်များ မှတ်နေသလား၊ မရှုံးဘူးကွ၊ လုံးဝမရှုံးဘူး၊ မရှုံးတဲ့အပြင် မြတ်တောင် မြတ်လိုက်သေးတယ်၊ သိရဲ့လား"

ကျွန်တော့်စကားကြောင့် မေသက်နွယ် ပါးစပ်အဟောင်းသား ဖြစ်သွားရလေပြီ။

"ဘယ်လို ဘယ်လို၊ နင်က မရှုံးတဲ့အပြင် မြတ်တောင်မြတ်လိုက်သေးတယ် ဟုတ်လား"

အံ့ဩသောအကြည့်ဖြင့် ကြည့်၍လည်း ကျွန်တော့်ကို မေးလေသည်။ ကျွန်တော်က မချိမချဉ် မျက်နှာထားမျိုးဖြင့် . . .

"သိပ်ဟုတ်တာပေါ့ မိနွယ်၊ ငါ ပြောပြမယ်၊ နင် သေသေချာချာ နားထောင်၊ ပထမအကြိမ် ခင်ပပက ငါ့ကို မဖြစ်နိုင်ပါဘူးဆိုပြီး ငြင်းလိုက်တဲ့အဖြေစကား ကြားရတုန်းက အမှန်ပြောရရင် ငါ နည်းနည်းပါးပါး ခံစားခဲ့ရတာတော့ အမှန်ပဲကွ၊ ဒါပေမဲ့ နောက်ပိုင်း သွေးအေးချိန်ရောက်တော့မှ ငါ ပြန်စဉ်းစားမိတယ်၊ တကယ်တော့ ငါက ခင်ပပကို နှစ်နှစ်ကာကာနဲ့ သံယောဇဉ်အဖြစ်ကြီး ဖြစ်ပြီး ချစ်မိတာမျိုးမှ မဟုတ်ဘဲကွ၊ တဒင်္ဂဖြစ်ပေါ်လာတဲ့ စိတ်အစွဲကြောင့် ချစ်မိတဲ့ အချစ်မျိုး၊ မိန်းမတစ်ယောက်ရဲ့အလှနဲ့ ဆွဲဆောင်မှုကို တပ်မက်မိတဲ့ အချစ်မျိုး၊ ပြောရရင် ရမ္မက်စိတ်ကို ရှေ့တန်းတင်ပြီး ဖြစ်ပေါ်လာတဲ့ အချစ်မျိုး သက်သက်ပဲလေ၊ ဒါကြောင့်လဲ သူ့အတွက်နဲ့ ငါ များများကြီးမခံစားခဲ့ရသလို ကိုယ့်ကိုယ်ကိုယ်လဲ ဖြေသိမ့်နိုင်ခဲ့တယ်၊ ဒီအထိ ငါပြောတာ ရှင်းလား"

"အင်း အင်း. . . ဆက်ပါဦး"

"ခုတစ်ခါ သူက သူ့အဖေ ပြဿနာ ပြေလည်စေဖို့ ငါ့ကိုလက်ထပ်ပါမယ်လို့ ဆိုလာပြန်တော့ သူကလဲ ငါ့ကို တကယ်ချစ်လို့မှ မဟုတ်ဘဲ၊ ငါ့ကို သူပြန်လက်ခံတာဟာ အခက်အခဲတစ်ခု အကျပ်အတည်း တစ်ခုကနေ ထွက်ပေါက်ရှာရာက အခြေခံလာခဲ့တာဆိုတော့ ရှင်းနေပြီးသားပဲ၊ ဒီတော့ကွာ နှစ်ဦးနှစ်ဖက်လုံး မေတ္တာစစ်ရယ်လို့ နည်းနည်းမှမပါဘဲ ခုလိုပေါ်ပင်အခြေအနေတွေကြောင့် ဖြစ်ပေါ်လာတဲ့ အချစ်ရေး အိမ်ထောင်ရေးမျိုးကိုတော့ ငါမလိုချင်မိတာ အမှန်ပဲ၊ တစ်သက်မှာ တစ်ခါသာ ပြုလုပ်မယ့် ကိုယ့်ဘဝရဲ့ အထိမ်းအမှတ် တစ်ခုကို ဒီလိုအနှစ်သာရ မဲ့မဲ့ကြီးတော့ မလုပ်ချင်မိတာ အမှန်ပဲ၊ ဒါကြောင့် ငါ့အနေနဲ့ ခင်ပပကို တကယ်ပဲ ရပိုင်ခွင့်ရှိတယ် ဆိုဦးတော့ ငါ ငြင်းရလိမ့်မယ် မိနွယ်ရယ်၊ ဒီလို မိန်းကလေးမျိုးကို လက်ထပ်မိတာထက် မှားတဲ့အမှားမျိုး ဘယ်ရှိတော့မလဲ၊

နင် ငါ့ဆီက ငွေယူပြီး ပြန်သွားတဲ့နောက် ငါ စဉ်းစားတယ်၊ ဆုံးဖြတ်ချက်တစ်ခုလဲ ချလိုက်တယ်၊ ဒီငွေကို သက်သက် အကူအညီပေးတဲ့သဘော





www.burmeseclassic.com

www.burmeseclassic.com

မျိုးပဲ ထားလိုက်တော့မယ်၊ ဒီငွေပေးရတဲ့အတွက် ဘာအခွင့်အရေးမှ မလိုချင်တော့ဘူး၊ ဒီအကြောင်းကို ဒီရက်ပိုင်းအတွင်း နင် ငါ့ဆီလာတာနဲ့ ပြောပြမယ်ဆိုပြီး နင့်ကို မျှော်နေတာပဲ၊

ဖြစ်ချင်တော့ အခြေအနေတွေက အားလုံးလိုလို အံကိုက်ဖြစ်သွားပြီကွ၊ သူ့ကောင်လေးကလဲ ရုတ်တရက် ပြန်ရောက်လာ၊ သူ့အဖေပြဿနာတွေကို ဝင်ရှင်းပေး၊ အဘိုးကြီးက ပြန်ကြည်၊ သူနဲ့ သူ့ကောင်လေး ပြန်ဇာတ်ပေါင်းဆိုတော့ အားလုံးလိုလို ပြီးသွားခဲ့ပြီလေ၊ ဘယ်သူကမှ ဘယ်သူ့ကို ဖြေရှင်းစရာတွေ၊ တောင်းပန်စရာတွေ မလိုတော့သလို ဘယ်သူကမှလဲ ဘယ်သူ့အတွက် မျက်နှာပူစရာ အားနာစရာတွေ မလိုတော့ဘူးပေါ့ကွာ၊ ဒါကြောင့် ခင်ပပ သူ့ကောင်လေးနောက်ပါသွားတဲ့ကိစ္စမှာ နင်ပြောသလို ငါ့အတွက် ဆုံးရှုံးမှုဖြစ်မနေဘူးဆိုတာ အဲဒါကိုပြောတာ၊ နားလည်ပြီလား"

"ထားပါတော့၊ မရှုံးဘူးဆိုတာတော့ထားပါတော့၊ ဒါပေမဲ့ မြတ်တောင်မြတ်လိုက်သေးတယ် ဆိုတာက ဘာကိုပြောတာလဲ"

မေသက်နွယ်က မရေလည်သော မျက်နှာပေးဖြင့် မေးနေပြန်သည်။ ဤတွင် ကျွန်တော်က အားရပါးရ ပြုံးလိုက်ပြီး အောက်ပါစကားစုတို့ကို အားရပါးရ ပြောချလိုက်ပါတော့သည်။

"ဒီမှာ မိနွယ်၊ နင် မှတ်မိသေးလား၊ ငါနဲ့ ခင်ပပ စတွေ့တဲ့နေ့တုန်းက ပေါင်စရာလေးဘာလေးရှိရင်လဲ လာပေါင်ပါဦးမယ်ဆိုပြီး ရယ်သလို မောသလိုနဲ့ ခင်ပပ ငါ့ကိုပြောသွားတဲ့စကားလေး၊ ခု ငါ့ဆီက ငွေသိန်းနှစ်ဆယ် ချေးသွားတာဟာ တကယ်တော့ ငါ့ဆီမှာ သူ့ကိုယ်သူ လာပေါင်သွားတာနဲ့ ခပ်တူတူပဲကွ၊

ခု သူ့ကောင်လေးက သူ့ကိုယ်စား ငွေလာဆပ်သွားတော့ အပိုအဖြစ် နှစ်သိန်းတိတိ ပေးသွားတယ်၊ ဒီငွေကို ဘယ်လိုအဓိပ္ပာယ်နဲ့ ပေးသွားတာတဲ့လဲ၊ ကောင်လေးကပဲ သူ့ချစ်သူကို ကူညီထားတဲ့အတွက် ကျေးဇူးဆပ်တဲ့အနေနဲ့ ပေးသွားတာမျိုးလား၊ ဒါမှမဟုတ် ခင်ပပကပဲ သူ့ကြောင့် ငါ တစ်ခါပြီးတစ်ခါ စိတ်ဆင်းရဲရတာကို အားနာပါတယ်လေဆိုပြီး နှစ်သိမ့်တဲ့အနေနဲ့ အချစ်နစ်နာကြေးသဘောမျိုး သူ့ကောင်လေးကို တမင်ပေးခိုင်းလိုက်တာပဲလား၊ ဒါတော့ ငါမသိဘူး။

ဒါပေမဲ့ ကျန်တာတွေကိုဖယ်ပြီး လုပ်ငန်းသဘောသက်သက်နဲ့ ပြောကြေးဆိုရင်တော့ ဒီလောက်ရက်တိုတိုအတွင်းမှာ ဒီလိုအမြတ်မျိုးကို ငါ တစ်ခါမှ မရဖူးတာ အမှန်ပဲ၊ ပြောရရင် အပေါင်ဆိုင်သက်တမ်းတစ်လျှောက်မှာ စံချိန်တင်ရလိုက်တဲ့ အတိုးပဲ၊ ဒီအတိုးဟာ နည်းတဲ့အတိုးလားကွ ဟင်၊ ခင်ပပဆီက ရတဲ့အတိုးဟာ နည်းတဲ့အတိုးလား . . ဟား ဟား ဟား"

❐ ရဲမြတ်တင်(အမျိုးသားစာပေဆု)


**အိမ်ထောင်ရှင် အမျိုးသမီးများအတွက် အထူး**

- အဆက်အသွယ်မရ ဖြစ်နေတဲ့သူနဲ့ အဆက်အသွယ် အမြန်ဆုံးပြန်ရစေချင်သလား။
- အိမ်မှဆင်းသွားသူ အိမ်ကို အမြန်ဆုံးပြန်လာစေလိုပါသလား။
- အသစ်နဲ့သွားပေါင်းနေသူကို အဟောင်းထံ ပြန်လည်လာစေလိုပါသလား။
- ရပ်ဝေးမှာ သွားရောက်လုပ်ကိုင်နေသူက မိမိထံကို ငွေများများ ပြန်ပို့စေချင်ပါသလား။
- အိမ်ပေါ်မှဆင်းလာတဲ့ မိမိကို အမြန်ဆုံး လာခေါ်စေလိုပါသလား။

(နည်းလမ်းကောင်းတွေ ရှိပါတယ်)

**ဆရာကြီးဦးအောင်မြိုင်( ဥပဒေဘွဲ့ )**

လက္ခဏာဗေဒင်ပညာသုတေသီ

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂




www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်ချစ်ခဲ့ဖူးသော "မြင့်"များနှင့်ကျွန်တော်

စိုးပိုင်



အချစ်ဦး၊ အချစ်လယ် နှင့် အချစ်နှောင်း သုံးဦးလုံးရဲ့ နာမည်မှာ "မြင့်"တွေ အစီအရီပါကြတယ်။

တိုက်တိုက်ဆိုင်ဆိုင်လို့ပဲ ပြောရမှာပဲ။ ကျွန်တော် စာပေလောကထဲ ရောက်တဲ့အခါ ဆရာလင်းယုန်နီ (ဦးညီညီ)ရဲ့ ဝတ္ထုအတွဲလိုက်ကို ဖတ်ခဲ့မိတယ်။ ဝတ္ထုအမည်တွေက "မြင့်" "မမြင့်" "ချစ်မမြင့်" နောက် ရှိသေးတယ်။ ကျွန်တော် မမှတ်မိတော့လို့ တောင်းပန်ပါတယ်။

ဝတ္ထုအားလုံးမှာ "မြင့်" ဆိုတဲ့ ဇာတ်လိုက်မင်းသမီး တောက်လျှောက်ပါတယ်။

နောက်မှတ်မိတာ တစ်ခုက ဇာတ်လိုက်မင်းသားရဲ့ နာမည်က "ကိုစောလွင်" ဒါကတော့ မမှားနိုင်ပါ။

ကျွန်တော်ကလည်း အင်္ဂါသားဆိုတော့ ဆရာလင်းယုန်နီရဲ့ဝတ္ထုတွေကို စွဲပြီ ပေါ့ဗျာ။





www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာပဲ အချစ်ဦးကို စတင် တွေ့ရှိခဲ့တယ်။ ကျွန်တော့်ရဲ့ အချစ်ဦးနာမည်က "မပပမြင့်"။ နာမည်မှာ မြင့် ပါတာကတော့ ကိုက်ဆိုင်မှုပါပဲ။

ချစ်မိတာကတော့ တစ်ကျောင်းတည်း အတူနေကိုး။ အတန်းကလည်း တစ်တန်းတည်းမှာ။ နောက်ပြီး အပြင်က ဆရာတစ်ဦးဆီမှာလည်း စာသင်ဖက်။ နောက်ပြီး ကျောင်းသွားဖော်။

အဲဒီတုန်းက အလယ်တန်းကျောင်းမှာနေတုန်း။ အသက်တွေကလည်း ဆယ်ကျော်သက်အရွယ်။ ဘယ်တတ်နိုင်မလဲ။ အချစ်လေ။ ချစ်စရာတွေ့ရင် ချစ်ချင်ကြတာ ဆယ်ကျော်သက်တွေအတွက် ဓမ္မတာလို့ပဲ ပြောရမယ် မဟုတ်လား။

ကိုယ်သိပ်ချစ်နေရတဲ့ မိန်းကလေးတစ်ယောက်ကို ချစ်နေမိတဲ့ အကြောင်း ဖွင့်ပြောဖို့ကြံတော့လည်း အတော်ခက်သားကလား။ ဖွင့်မပြောဘဲ တိတ်တခိုးကလေး ချစ်နေရတာကမှ အတူသွား အတူလာ၊ သူ့ဆန္ဒလေးဖြည့်ပေး၊ သူခိုင်းတာလေး လုပ်ပေးနဲ့၊ ကျိတ်ပြီးချစ် ပျော်ရတဲ့ ခံစားချက်ကလေး။ အချစ်ပျော်လေးပေ့။

ဒါပေမဲ့ အချစ်ပဲလေ၊ အကြာကြီး ဘယ်နေနိုင်ပါ့မလဲ။ ရင်ထဲမှာ ချစ်တယ်၊ အချစ်ရယ်၊ ချစ်တယ်ကွယ်ဆိုပြီး 'ရင်ကွဲစကား' တွေ အော်မြည်နေမယ့် အစား စွန့်စားခန်းဖွင့်မိတော့တယ်။

အဲဒီတုန်းက ကျောင်းတွေပြောင်းကြတော့ အချစ်ဦးနဲ့ ကျွန်တော် တစ်ကျောင်းစီဖြစ်သွားတယ်။ ကျောင်းပိတ်ထားတဲ့ ရက်တွေမှာ မြင့်တို့အိမ်ဘက် လျှောက်ပြန်သံပေးလောက်ပဲ လုပ်နိုင်တော့တယ်။ ကျောင်းလည်းပြန်ဖွင့်ရော ခံစားချက်တွေက အင်မတန်ပြင်းထန်နေပြီလေ။

ဒါနဲ့ သူငယ်ချင်း ထိန်လင်းနဲ့ အတူ မြင့်တို့တက်နေတဲ့ ဘာဂျော်ကျီကုန်း (ဗဟန်း)ပေါ်က ကျောင်းကိုလိုက်သွားတယ်။ ကျောင်းတက်ချိန် ခေါင်းလောင်းမထိုးမီ မြင့်ကို မတွေ့ တွေ့အောင်ရှာရတယ်။

ကံအားလျော်စွာပဲ နှစ်ထပ်ကျောင်းကြီးရဲ့ လှေကားနားမှာ မြင့်ကို တစ်ယောက်တည်း ရှိနေတုန်း အရဲစွန့်ပြီး သွားတွေ့၊ ချစ်တဲ့အကြောင်း တုန်တုန်ယင်ယင်နဲ့ ကျွန်တော်က ပြောပေ့။ သူ့ခမျာလည်း ဒီလိုအတွေ့အကြုံက မရှိ မနွေးမနပ် စိမ်းဆတ်ဆတ် အပျိုဖော်ဝင်စလေးဆိုတော့ ရှက်လည်းရှက်၊ အင်း. . ချစ်လည်း ချစ်နေလို့လည်း တူပါရဲ့။

"ချစ်ပါတယ်" ဆိုတဲ့ တိုးလျလျ အသံလေးနဲ့ ကြောက်ရွံ့ထိတ်လန့်ဟန်၊ တခြားသူတွေ မြင်သွားမှာ စိုးရိမ်ဟန်ကလေးနဲ့ ကျွန်တော့်ကို အဖြေပေးရှာပါတယ်။

ဒါပေမဲ့ ကံကြမ္မာဖန်လာပုံ ဆန်းကြယ်ခဲ့တယ်။ ကျွန်တော်က ပညာတစ်ပိုင်းတစ်စနဲ့ အလုပ်ထွက်လုပ်လိုက်ရတယ်။ မြင့်ကတော့ ကျောင်းပညာတွေ ဆက်တက်ရင်း တက္ကသိုလ်ကြီးမှာ ဆရာမကြီးဖြစ်။

ကျွန်တော့်ဘဝကတော့ ပညာသင်ရမယ့် တက္ကသိုလ်ကြီးနဲ့ ဝေးပြီးရင်း ဝေးရင်း ဘဝတက္ကသိုလ်ကြီးမှာ ဆက်လက်ပညာဆည်းပူးရင်း အချစ်ဦးမြင့်နဲ့ ရှင်လျက်နဲ့ဘဝခြားသွားခဲ့ရတယ်။

ဩော်. . . မြင့်ရယ်၊ အချစ်ဦး မပပမြင့်ရယ်။ ဒီဘဝ ဒီမျှသာလို့ပဲ တစ်ဇာတ်သိမ်းခဲ့ရတယ်။

ငှက်ကလေး ပြန်သွားတဲ့အခါ ကိုင်းဖျားလေး တုန်ခါကျန်ရစ်ခဲ့ရပေ့။ အချစ်ပျော်ကလေးတွေ ပျောက်ဆုံးသွားပြီ။

မြင့်ရေ အနေဝေးပေမယ့် ဟိုတုန်းက အချစ်နဲ့ ပျော်ခဲ့ရတာတွေဟာ အပျော်ချစ်မဟုတ်တာတော့ယုံပါကွယ်။

*

အချစ်လယ်။

အလယ်ကောင်က အချစ်လေး တစ်ချစ်ပေ့။ အချစ်မှာ လည်ဝယ်တဲ့ မိန်းကလေးလို့ဆိုလိုတာ မဟုတ်ပါဘူး။ နာမည်ကလည်း "မြင့်မြင့်သီ"တဲ့။ တိုက်ဆိုင်ပြန်ပြီ။

"မြင့် ငယ်ပါသေးတယ်"တဲ့လေ။

သူ့ပြောပုံကလေး ချစ်စရာ။ ဟုတ်ပါတယ်။ အဲဒီတုန်းက ဖျိုမြစ်နုနယ် ဆယ်ကျော်သက်ကလေး။ ကျောင်းအတန်းက ရှစ်တန်းလောက်မှာ စာသင်နေတုန်း။

ကျွန်တော်က သတင်းစာတိုက် တစ်တိုက်မှာ သတင်းထောက်။ ၁၉၅၈-၅၉ ခုနှစ်လောက်ကပါ။ သတင်းစာလောက မရောက်မီက စာပေလောကထဲမှာ အစပျိုးခဲ့ဖူးသေးတော့ ပြားခြောက်ဆယ်တန်၊ တစ်ကျပ်တန် ဝတ္ထုခေတ်မှာ စာရေးဆရာပေါက်စ။ ပြောရရင်တော့ ချစ်ဦးသူသို့ပေးစာများ စာအုပ်ရေးကြတဲ့ မြင့်ကျော်၊ မြင့်နီ၊ ကရမက် အောင်ကျော်ကျော် ဆိုပြီး စာရေးဆရာ အတွဲတစ်တွဲရှိခဲ့တယ်။ ကျွန်တော်နဲ့ ခေတ်ပြိုင်လို့ ပြောလို့ရပါတယ်။ အဲဒီခေတ်လောက်က စာစ,ရေးခဲ့တာ။

အချစ်လယ် မြင့်မြင့်သီကလေးကလည်း ကျွန်တော့်ဝတ္ထုဖတ် ပရိသတ်ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ သူ့ဦးလေးဘပုက ကျွန်တော့်ကို သူတို့အိမ်ခေါ်သွားပြီး မိတ်ဆက်ပေးတာနဲ့ တင် သူ့ခမျာ ကျွန်တော်နဲ့ သိရကျွမ်းရတာ လိုလိုလားလား ရှိတဲ့ပုံစံပါ။

နောက်တော့ ကဗျာရေးချင်တယ်ပေ့။ ကျွန်တော်ကလည်း ကဗျာရေးချင်ရင် စာဆက်သင်ပေ့။ အဲဒီမှာတင် ကဗျာအရေးသင်ရင်း သူ့မျက်နှာကလေးကို မမြင်ရ မနေနိုင် ဖြစ်တော့တာပါပဲ။

အဲဒီတုန်းက မြန်မာ့ရုပ်ရှင်လောကမှာ သမင်မလေးရဲ့ မျက်လုံးပိုင်ရှင်လို့ ပြောလို့ရတဲ့ မေရှီမြင့်တို့၊ မေမြင့်တို့က စီလီဘရိတီပေါ့ဗျာ။ ကျော်ကြားသရုပ်ဆောင်တွေပေါ့။ မြင့်မြင့်သီရဲ့ မျက်လုံးလေးတွေက အဲဒီရုပ်ရှင်မင်းသမီးတွေရဲ့ မျက်လုံးမှ မျက်လုံးပါပဲဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မြင့်မြင့်သီကို မစွဲဘဲ မချစ်ဘဲ ဘယ်နေနိုင်တော့မှာလဲ။

ကဗျာအရေးသင်ရင်း၊ ခကွေးကျောင်းတက်ရင်း၊ မပြောဖြစ်ခဲ့ကြပေမယ့် တစ်ယောက်နဲ့တစ်ယောက်ကတော့ ဒီခရီးမှာ ဒီထီးဆောင်းကြတော့မယ်ဆိုတာ သိနေကြပြီပေါ့ဗျာ။

ဒါနဲ့ပဲ သူ့ဆယ်တန်းနှစ်မှာ "ချစ်တယ်ကွယ်" ဆိုတဲ့ စကားတွေ ပြောဖြစ်ခဲ့ကြတယ်။

ချစ်စာလွှာလေးတွေ မြေး မြစ်တွေ ရတဲ့အခါ စားမြုံ့ပြန်နိုင်ဖို့ဆိုပြီး စာအုပ်လှလှလေး တစ်အုပ်တည်းမှာ အပြန်အလှန်ရေးခဲ့ကြတယ်။ အဲဒီအကြံအစည်ကတော့ ရေရှည်တွက်လိုက်တဲ့ ကျွန်တော့်ရဲ့ စီမံချက်ပေါ့။

ဒါပေမဲ့ အဲဒီစာအုပ်လှလှလေးမှာ အပြန်အလှန် ရေးလို့မကုန်ခင်မှာဘဲ စလယ်ဝင်အိုးကလေး ဖင်မမည်းခင် ကွဲခဲ့ကြရပြန်တယ်။ ဪ. . . အချစ်ဆိုတာကလည်း ဖမ်းဆုပ်ရ ခက်သားကလား။

အချစ်လယ် မြင့်မြင့်သီကတော့ သစ်စိမ်းချိုး ချိုးလိုက်တာပါပဲ။

ကျွန်တော် ဒုတိယမွှ အလဲထိုးခံလိုက်ရခြင်းပဲပေါ့။ ချစ်သက်တမ်းကလည်း တိုတောင်းလွန်းလှချည့်။ ကျွန်တော်ကတော့ အချစ်ရှုံးသမားဘဝနဲ့ စာပေအနုပညာ လောကထဲ တဝဲဝဲရယ်မှ တလည်လည်ပေါ့။

*

အချစ်နှောင်း။

တကယ့်ကို ငယ်ငယ်နှောင်းနှောင်းလေးပါပဲ။

ကျွန်တော်နဲ့ သူနဲ့ (အချစ်နှင့်ပတ်သက်ပြီးတော့) တွေ့ကြတော့ သူက ၁၃ နှစ်သမီးသာသာ။ ခြောက်တန်း ခုနစ်တန်းလောက်ပဲ ရှိသေး။ ကျွန်တော်က ၂၅ နှစ်လောက်ရှိနေပြီ။ ၁၂ နှစ်ကွာတာကိုး။ နဝဒေးကြီးနဲ့ ရှင်နှောင်းလိုပေါ့ဗျာ။

သူ့နာမည်ကလည်း မြင့်မြင့်စန်း။

ကျွန်တော်နဲ့ "မြင့်" တွေကတော့ အချစ်မှာ တယ်ပြီး သဟဇာတ ဖြစ်နေကြပါကလား။ ကျွန်တော့်ဆီကို မြင့်နေတဲ့ကျောင်းက ကျောင်းသူလေးတစ်ယောက်က မိတ်ဆက်စာ ရေးလာတယ်။

အခုခေတ် စာရေးဆရာတွေနဲ့ ပတ်သက်လို့တော့ ကျွန်တော် သိပ်မသိတော့ပါဘူး။ (မိတ်ဆက်စာရေးကြတဲ့ အကြောင်းကို ပြောပါတယ်)။ ကျွန်တော်တို့ခေတ် ၁၉၅၇ ကနေ ၁၉၆၀ နှစ်တွေကပေါ့ဗျာ။ ရေးကြသဗျာ။ ကျွန်တော်ကလည်း ငယ်ရွယ်တဲ့ စာရေးဆရာ ပေါက်စဆိုတော့ သူတို့က မိတ်ဆက်စာ ရေး ကိုယ်က ပြန်ရေးနဲ့ ဘာရယ်တော့ မဟုတ်ပါဘူး။ စိတ်ကစားကြတယ်လို့ ဆိုရမှာပေါ့လေ။

တစ်နေ့တော့ ကျွန်တော့် မိတ်ဆက်ပြန်စာကို မြင့်ကလေးက သူပေးပေးမယ်ပေါ့။ သူနဲ့တစ်ကျောင်းတည်းပေါ့။ ဟုတ်ပါတယ်။ အချစ်လယ် မြင့်မြင့်သီကလည်း အဲဒီကျောင်းမှာ နေခဲ့သေး။ ကန်တော်ကြီးစောင်းက ကျောင်းတော်ကြီးမှာပေါ့ဗျာ။

ကျွန်တော့်ကို မိတ်ဆက်တဲ့ မိန်းကလေးဆိုတာ ဖြူသလား မည်းသလား ကျွန်တော် မမြင်ဖူးလိုက်ခင်မှာပဲ ကျွန်တော်နဲ့ မြင့်မြင့်စန်းကလေးတို့ ချစ်ကြိုးသွယ်မိခဲ့ကြတော့တယ်။

ဒီလိုနဲ့ လေးငါးနှစ်လောက် အကြာမှာ လက်ထပ်ဖြစ်ခဲ့ကြတယ်ဆိုပါတော့။ ဒီတစ်ခါတော့ ကျွန်တော် မြင့်နဲ့ ရေစက်ဆုံပြီပေါ့လေ။ အဆင်ပြေပါတယ်။ ဘာမှ ပြဿနာ မရှိကြပါဘူး။

ဒါပေမဲ့ ချစ်သက်တမ်း အနှစ် (၂၀)အရောက်မှာ အချစ်တွေလည်း ကွယ်ပျောက်သွားခဲ့ကြရပြန်တယ်။

ကျွန်တော်က အနုပညာမှ အနုပညာလေ။ စာရေးပြီး အသက်မွေးဝမ်းကျောင်းမှုပဲ တတ်တဲ့ ကျွန်တော်။

မြင့်မြင့်စန်းတို့က အထည်ကြီးပျက်လို့ ခေါ်ရမလားဘဲ။ သူ့မိဘတွေ ရှိစဉ်က ကားတောင် ဝယ်စီးနိုင်ခဲ့ကြ

ကိုယ်သိပ်ချစ်နေရတဲ့
မိန်းကလေးတစ်ယောက်ကို
ချစ်နေမိတဲ့အကြောင်း
ဖွင့်ပြောဖို့တွဲတော့လည်း
အတော်ခက်သားကလား။

တယ်။ ရွှေတွဲလဲ ငွေတွဲလဲ နေနိုင်ခဲ့ကြတယ်လေ။ အဲဒီမှာ မိဘတွေ ကွယ်လွန်ကြတော့ ကျွန်တော်က အိမ်ထောင်ဦးစီးဘဝ ရောက်ရပြီပေါ့။

စီးပွားရေးဆိုတာ ဘာမှ စိတ်ဝင်စားသူ မဟုတ်တော့လည်း တစ်နေ့တစ်နေ့ ဒေါ်လာကီစွန့် စကားခဏခဏများကြ။ ကြာလာတော့လည်း အဲ . . . စာရေးဆရာကတော်ဘဝမှာ သူလည်း ဘယ်ပျော်နိုင်ရှာတော့မလဲလေ။ လမ်းခွဲခဲ့ရပြီပေါ့။

*

အချစ်နိဂုံး။

အချစ်ဆုံးတွေနဲ့ တွေ့ပြီး ကျွန်တော့် အချစ်တွေ ဆုံးခဲ့ရတယ်။ ကျွန်တော့် အပြုံးမပျက်ခဲ့ပါဘူး။ ဘယ်သူ့စင်မှာမှ မကရပေမယ့် အနုပညာစင်ကတော့ ကျွန်တော့်ကို ဖိတ်ခေါ်လျက်ပါ။ ကျွန်တော် ကဗျာရေးတယ်၊ စာရေးတယ်၊ စာရေးဆရာဘဝကို ကျွန်တော် တစ်သက်လုံး ဖက်တွယ်သွားမှာပါ။ ယုံပါ။

ဒီတော့လည်း ကျွန်တော့်မဂ္ဂဇင်းကိစ္စနဲ့ ပတ်သက်ပြီး တစ်နေ့မှာ စာပေစိစစ်ရေးရုံးရှိတဲ့ ဗဟန်းကိုအသွား ကန်တော်ကြီးပန်းခြံဘေးစကြိုလမ်းအတိုင်း လျှောက်အလာမှာ . . .

"အစ်ကို အစ်ကို"

ခေါ်သံကြားလို့ လှည့်ကြည့်လိုက်တော့ . . .

ကျွန်တော့်ရဲ့ မြင့်ထဲက မြင့်တစ်ယောက်ဖြစ်နေပါကောလား။

အချစ်လယ်လို့ ကျွန်တော်သတ်မှတ်ထားတဲ့ မြင့်မြင့်သီလေ။





www.burmeseclassic.com

www.burmeseclassic.com

အနီးကပ်တွေ့ကြတဲ့ အခါမှာတော့ ဘယ်မှာလဲ မြင့်မြင့်သီရဲ့ သမင်မျက်လုံးလေးတွေ၊ ဘယ်မှာလဲ သူမရဲ့ခါး၊ ဆင်နှာမောင်းကဲ့သို့ သွယ်တန်းနေတဲ့ ပေါင်တံ၊ ခါးသေးရင်ချီ ပဒုမ္မာကြာ ဆိုတာ ရှာလို့တောင် မရတော့ပါကလား။ ဇရာက ဝါးမျိုခဲ့ပြီကော။

အသက်က (၆၀) ကျော်။ လူကဝဝဖိုင့်ဖိုင့်။ ခါး တင် ရင်တွေက တစ်ဖြောင့်တည်း၊ တစ်တန်းတည်း၊ ဆံယဉ်နုက ခပ်ကြမ်းကြမ်း၊ လူပုံပန်းသဏ္ဍာန်ကလည်း ခပ်နွမ်းနွမ်း။

သူက အလုပ်က ပင်စင်ယူပြီးပြီတဲ့လေ၊ ဟုတ်ပေမပေါ့။

ကျွန်တော် စာပေစိစစ်ရေးရုံးရဲ့ ကင်တင်းမှာ အအေးမှာတိုက်ပြီး သူ့ကို သေသေချာချာ စူးစမ်းနေမိပါတယ်။ သူမရဲ့အလှတွေ ပျောက်ကုန်ပြီပဲ။

သူကတော့ ကျွန်တော့်အိမ်တွင်းရေး သူ့အိမ်တွင်းရေးတွေပေါ့ဗျာ၊ ပြောလည်းပြောပြ မေးလည်းမေးပေါ့။ ဘာမှ မခံစားရသလိုပါပဲ။

ကျွန်တော်ကတော့ သူပြောသမျှတွေလည်း ဘာမှ စိတ်မဝင်စားနိုင်ပါဘူး။ ကျွန်တော် စိုးရိမ်နေတာ တစ်ခုပဲရှိတယ်။

ငါ သူ့ကို ငယ်ငယ်တုန်းက ဘာကြောင့် အရူးအမူးချစ်ခဲ့မိသလဲ။ အခုသူ့မှာ ကာမပိုင်မရှိတော့ဘူး ဆိုရင်ကော၊ ငါကလည်း လွတ်လွတ်လပ်လပ်ဘဝဆိုတော့၊ သူကများ အိမ်ထောင်ရေးအကြောင်း မေးခဲ့ရင်. . . ဒါက ကျွန်တော့် စိတ်ကူးတွေပါနော်။

တကယ်လို့များ မြင့်မြင့်သီက -

"အစ်ကို ညီမကို အရင်တုန်းကလိုများ ချစ်သေးရဲ့လား" လို့များ မေးလာခဲ့ရင် . . .

တကယ်တော့ မြင့်မြင့်သီ မေးခဲ့မယ်ဆိုရင် ကျွန်တော် ဘာပြန်ဖြေရပါ့မလဲ။

ကျွန်တော် ခေါင်းစားခဲ့ရတယ်။

အချစ်ဆိုတာ ဘာလဲ၊ ဘာလဲ၊ ဘာလဲ။ ကျွန်တော့်ရဲ့ မြင့်တွေက အခုနေများ "ငယ်တုန်းကလို ချစ်သေးရဲ့လား"လို့ မေးလာခဲ့ရင် ကျွန်တော် ဖြေရခက်ပြီပေါ့ဗျာ။

ကျွန်တော့် အသက်ကလည်း (၇၀) ကျော်နေပြီလေ။ ကျွန်တော့်ကလောင်နာမည်ကတော့ 'ထွန်းအောင်ရှိန်လင်း' ပါ။ အရင်တုန်းကလည်းသူတို့အကြောင်း ကျွန်တော် ရေးခဲ့ဖူးပါသေးတယ်။

'မြင့်' ဆိုတဲ့ ဝေါဟာရကြောင့်ပဲလား။ အဲဒီ'မြင့်'တာကို လူမှုရေး၊ စီးပွားရေးတွေအရ ကျွန်တော်ကပဲ လိုက်ပြီးညီအောင်မညှိနိုင်လို့ပဲလား။

သုံးယောက်သော "မြင့်" များနှင့်တော့ ကျွန်တော် တကယ်ချစ်ခဲ့ဖူးတာကတော့ အမှန်ပါ၊ အမှန်ပါဗျာ။

❒ စိုးပိုင်(ကညွတ်ကွင်း)


# နိုင်ငံခြားသင်္ဘောသား ဆိုင်ရာများအတွက်

- နိုင်ငံခြားသင်္ဘောသား အသစ်များ အလိမ်အညာမခံရဘဲ နိုင်ငံခြားသင်္ဘော အမြန်ဆုံး တက်ရစေဖို့။
- သင်္ဘောပြန်တက်ရေးကိစ္စ ကြန့်ကြာနေတဲ့ နိုင်ငံခြားသင်္ဘောသားဟောင်းများ ကုမ္ပဏီကောင်း၊ သင်္ဘောကောင်းမှာ လခကောင်းကောင်းနဲ့ နိုင်ငံခြားသင်္ဘော အမြန်ဆုံး ပြန်တက်ရစေဖို့။
- နိုင်ငံခြားသင်္ဘောပေါ်မှာ အစစအရာရာ အဆင်ပြေပြီး အသက်အန္တရာယ်ကင်းစွာနဲ့ စာချုပ်သက်တမ်း ပြည့်သည်အထိ လုပ်ကိုင်ရစေဖို့။

(မိသားစုဝင်တစ်ဦးဦးက ကိုယ်စားလုပ်ပေးလို့လည်း ရပါတယ်)

**ဆရာဦးပိုင်ဇအောင် ( ဝိဇ္ဇာဘွဲ့ )**

**လက္ခဏာဗေဒင်ယတြာအစီအရင်** ❂ ယုံကြည်အားကိုးစွာဖြင့်လာခဲ့ပါ ❂

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း၊
(၄၁) ရပ်ကွက်၊ အင်းစိန်လမ်းပြောင်းပိုင်း၊ ရန်ကုန်။ ☎ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁
ပိတ်ရက် မရှိပါ။ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ။

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




မိုးသက်မုန်တိုင်းဒဏ်ကြောင့် သင်္ဘောနစ်မြုပ်၍ မသေဘဲကျန်ခဲ့သော လူသုံးယောက်သည် လူသူမနီးသော ကျွန်းတစ်ကျွန်းပေါ်သို့ ရောက်သွားခဲ့ကြသည်။ ကယ်တင်မည့်သူအားမျှော်ရင်း အချိန်တွေကုန်လာသည်။

တစ်နေ့တွင် အလွန်ထူးဆန်းသော ရှေးဟောင်းပုန်းအိုးလေးတစ်လုံး ရေထဲမှမျောပါလာပြီး ကုန်းပေါ်သို့လာတင်၍ ကောက်ယူပြီး ပွတ်သပ်ကြည့်လိုက်ရာ ဝုန်းခနဲမြည်သံနှင့်အတူ ပန်းအိုးလေးအား စောင့်ကြပ်သော နတ်ဘီလူးကြီးတစ်ကောင်ပေါ်လာတော့သည်။

"အနှောင်အဖွဲ့အတွင်းမှ ကျွန်ုပ်အား လွတ်မြောက်စေရန် ကူညီခဲ့သည့်အတွက် အသင်လူသားသုံးဦးအား ကျေးဇူးတင်ပါသည်၊ သင်တို့ အလိုရှိရာဆန္ဒအား တစ်ဦးလျှင် တစ်ခုစီတောင်းပါ၊ ကျွန်ုပ်ကူညီပေးပါမည်"

ထိုအခါ ကုမ္ပဏီပိုင်ရှင်က ဝမ်းသာအားရဖြင့် သူ့ဆန္ဒကို ပြောဆိုတောင်းခံလိုက်သည်။

"ကျွန်တော့်ကုမ္ပဏီက ကျွန်တော်မရှိလို့မဖြစ်ဘူး၊ အဲဒီနေရာကို အမြန်ဆုံးသာ ပြန်ပို့ပေးပါခင်ဗျာ"

"ပြည့်စေ"

ဘီလူး၏စကားဆုံးသည်နှင့် ထိုကုမ္ပဏီပိုင်ရှင် ဝုန်းခနဲမြည်သံနှင့်အတူ ပျောက်ကွယ်သွားသည်။

ဒုတိယလူက သူ့ဆန္ဒကို ပြောပြန်သည်။

"ကျွန်တော်ကတော့ ညားခါစ ဇနီးလှလှလေးဆီ အမြန်ပြန်လိုပါတယ်"

"ရောက်စေ"

နောက်ဆုံး တတိယမြောက်လူမှာကား အပူအပင်မရှိ အေးအေးလူလူနှင့်မို့ ဘီလူးက မေးလိုက်သည်။

"သင်လဲ ဟိုလူတွေလို လိုရာဆုတောင်းဖို့ မရှိဘူးလား၊ သင်လိုရာပြောပါ"

"ကျွန်တော်က ခြေသလုံးအိမ်တိုင် တစ်ကောင်ကြွက်ဗျ၊ ပြန်သွားလဲ ဘာမှမထူးဘူး၊ ဒီမှာနေရတာပဲ ပျော်တယ်၊ ဒီတော့ ကျွန်တော့်တစ်ယောက်တည်း ပျင်းတယ်ဗျာ၊ စောစောက ပြန်သွားတဲ့ လူနှစ်ယောက်ပဲ ပြန်ခေါ်ပေး"

"သင့်ဆန္ဒ ပြည့်စေ"

မကြာမီ အချိန်အတွင်းဝယ် စောစောကပျောက်သွားသော လူနှစ်ယောက် သူ့ရှေ့မှောက်သို့ပင် ငုတ်တုတ်ကလေး ပြန်ရောက်လာကြလေတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ




စားသောက်ဆိုင်တစ်ဆိုင်သို့ လူတစ်ယောက်ရောက်လာပြီး ကြက်ကောင်လုံးကြော် မှာလိုက်သည်။ မကြာမီ ကြက်ကောင်လုံးကြော် ရောက်လာ၍ ကြက်အား သေချာစွာ ကြည့်ပြီးနောက် စားပွဲထိုးအား ခေါ်၍ မေးလိုက်သည်။

"ဟေ့ ဘွိုင်၊ မင်းကြက်က မျက်လုံး တစ်ဖက် မပါပါလားကွ"

"မပါဆို သူ့ကိုမသတ်ခင်က ကျန်တဲ့ ကြက်ဖတစ်ကောင်နဲ့ အချင်းချင်းခွပ်ကြတယ် ခင်ဗျ၊ အဲဒီမှာတင် မျက်စိတစ်ဖက် ကျွတ်သွားခဲ့တယ်"

"ဟေ. . . ဒါဆိုရင် အနိုင်ရသွားတဲ့ ကြက်ရဲ့အသားပဲ ကြော်ခဲ့၊ ရှုံးတဲ့ကြက်ကနောက် သားကို ပြန်သိမ်းသွားလိုက်၊ ငါက ရှုံးတဲ့ကောင်ဆို နည်းနည်းလေးမှ သည်းမခံတတ်ဘူး"

အမျိုးသမီးတစ်ဦးသည် ကျန်းမာရေး စစ်ဆေးဖို့အတွက် အခန်းတစ်ခုအတွင်းသို့ ဝင်သွား၏။

အခန်းတွင်း၌ ထိုင်နေသူအား . . .

"ဆရာရှင့် ကျွန်မရဲ့ခန္ဓာကိုယ်မှာ ဘာများ ချို့ယွင်းမှု ရှိပါသလဲဆိုတာ စစ်ဆေးပေးပါရှင်"

ထိုလူက အမျိုးသမီး၏ ခြေဆုံးခေါင်းဆုံးကို သေသေ ချာချာကြည့်ပြီး ပြောလိုက်သည်။

"ခင်ဗျားမှာ အချက်သုံးချက်ပဲ ပြောစရာ ရှိပါတယ်"

"ရှင် ဘာတွေများပါလဲရှင်"

"နံပါတ်တစ်အချက်က ခင်ဗျားပေါင်သုံးဆယ်လောက် လျှော့ချလိုက်ပါ၊ နောက်တစ်ချက်က ပေါင်ဒါနဲ့ နှုတ်ခမ်းနီကို လျှော့သုံးဖို့ပါပဲ၊ နံပါတ်သုံးအချက်ကတော့ ကျွန်တော်ဟာ ဆရာဝန်မဟုတ်ဘဲ ပန်းချီဆရာ ဖြစ်တယ်ဆိုတာကိုပါပဲ၊ ဆရာဝန်ရဲ့ အခန်းက မြေညီထပ်မှာပါ၊ အိမ်နံပါတ်ချင်း တူပေမယ့် ကျွန်တော့်အခန်းက ပထမထပ် ဖြစ်နေလို့ပါ"






www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



လူသတ်မှု၊ လုယက်မှုများဖြင့် ထောင်ကျနေသော လူတစ်ဦးထံသို့ သူ၏ မိန်းမထံမှ စာတစ်စောင် ရောက်လာ၍ ဖွင့်ဖတ်ရင်း ဒေါသထွက်နေသည်။

၎င်းသည်ကို မြင်တွေ့သည့် ထောင်ကျတစ်ဦးက မေးလိုက်သည်။

"ဘာတွေရေးထားလို့ ဒီလောက် တောင် ဒေါကန်နေရတာလဲကွ"

"ခင်ဗျားပဲ စဉ်းစားကြည့်လေ . . . ကျွန်တော့်သားနှစ်ယောက်စလုံး စာမေးပွဲ မအောင်ကြဘူးတဲ့၊ ဆိုးတာလဲ တာတေ လန့်ပဲတဲ့၊ မိဘကို အရှက်ခွဲတဲ့ကောင်တွေ . . . တောက်"

"အမ်"




ဖနီးသည်က တန်ဖိုးကြီးမားသော ဝက်ဝံသားရေ အနွေးထည် လိုချင်လွန်း၍ ပူဆာလွန်းမက ပူဆာသည့် အတွက် လင်ယောကျ်ားမှာ အလုပ်တွေ ကြိုးစားလုပ်၍ ငွေကို မရရအောင် ရှာဖွေကာ ဇနီးအလိုကျ အနွေးထည် အား ဝယ်ပေးလိုက်သည်။ ထိုအခါ ဇနီးသည်က ဝမ်းသာ အားရဖြင့် ပြောလိုက်သည်။

"ကျေးဇူးပါပဲရှင်ရယ်၊ ကျွန်မ ဒီအနွေးထည်ကို အရမ်းလိုချင်နေတာ၊ ပြီးတော့ သနားလိုက်တာ"

ထိုစကား ကြားရသောအခါ လင်ယောကျ်ားမှာ ဇနီးသည်အား ကြည်နူးစွာ ကြည့်လိုက်ပြီး ပြောလိုက် သည်။

"ဘာလဲ ကိုယ့်ကို သနားတယ်ပေါ့လေ၊ ဟုတ် လား"

"ဟင့်အင်း၊ ဒီသားရေကြောင့် အသတ်ခံလိုက်ရ တဲ့ ဝက်ဝံကလေးကို"


"အမ်"



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



လူငယ်တစ်ယောက် လှေကားမှ ပြေးဆင်းလာ၏။

လှေကားကွေ့ တစ်ခုတွင် အောက်မှတက်လာသော အမျိုးသမီးငယ်တစ်ဦး၏ ခြေထောက်ကို ခလုတ်တိုက်မိသွား၏။

အရှိန်လွန်သွားပြီးနောက် ရပ်၍ပြန်လှည့်ကာ တောင်းပန်လိုက်၏။

"ဆောရီး . . စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော် အရှိန်လွန်သွားလို့ပါ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်မ ရှင့်ကျောကုန်းကို တံတွေးနဲ့ ထွေးပြီးနေပြီရှင့်၊ ကျေပြီပေါ့"




အထက်အညာမှလာသော လူနှစ်ဦးသည် ရန်ကုန်မြို့သို့ အလည်ရောက်လာရင်း လက်ဖက်ရည်ဆိုင်သို့ ဝင်လိုက်ကြသည်။ စားပွဲထိုးက မေးလိုက်သည်။

"ဘကြီးတို့ ဘာသောက်ကြမလဲ ခင်ဗျ"

"ဟေ ငါ့အတွက်ကတော့ ကျဆိမ့်တစ်ခွက်၊ သူက ချိုဆိမ့်၊ ပြီးတော့ နံပြားထောပတ်သုတ်တစ်ပွဲ"

မှာပြီးသည်နှင့် စားပွဲထိုးက အသံကုန် အော်လိုက်သည်။

"ဝမ်းနံ့ထော၊ စော်ရဲအီပစ်ခွေလဲ ဟေ့"

ထိုသို့အော်လိုက်သည့်အသံကြောင့် လူကြီးနှစ်ဦးမှာ မျက်နှာများ ရှုံ့မဲ့သွားပြီး ဆိုင်မှထလိုက်ကြသည်။

"ဒီလောက် မိုက်မိုက်ရိုင်းရိုင်းတွေ အော်တဲ့ဆိုင်၊ မသောက်တော့ဘူးကွာ"

"ဟုတ်ပါ့ကွာ၊ စားစရာ သောက်စရာတွေကို ညစ်ညစ်ပတ်ပတ် ပြောတယ်" ဆိုကာ ဆိုင်ထဲမှ ထွက်သွားလေတော့သည်။

❒ စောနိုင်ထူး



www.burmeseclassic.com

www.burmeseclassic.com




# A

## Ability, Line of

**'စွမ်းရည်ပြလမ်းကြောင်း'**

"အောင်မြင်ရေးလမ်းကြောင်း" Success Line ခေါ် "တနင်္ဂနွေလမ်းကြောင်း" (Apollo Line)သည် စင်စစ်အားဖြင့် "စွမ်းရည်ပြလမ်းကြောင်း"ပင် ဖြစ်သည်။

ထိုလမ်းကြောင်းသည် လူတိုင်း၏လက်တွင် ပါခဲ့ပြီး ၎င်းလမ်းကြောင်းပါရှိခြင်း၏သဘောသည် ဘဝတစ်လျှောက်လုံးတွင် အတွင်းစိတ်အာရုံခံစားမှု၏ ကျေနပ်နှစ်သက်မှုများ၊ အောင်မြင်ပြီးမြောက်မှုများ၊ ကျေနပ်မှုများ ရရှိနိုင်ကြောင်းကို ဖော်ညွှန်းနေခြင်း ဖြစ်သည်။ အောင်မြင်ရေးလမ်းကြောင်း တိုကလေးသည်ပင် ကျွန်ုပ်တို့၏ ဘဝတွင် သုခချမ်းသာကို ရရှိစေနိုင်သည်။

ယနေ့ ၂၀ ရာစုခေတ်တွင် လက်သရုပ်ခွဲပညာရှင်တို့၏ နောက်ဆုံးသုတေသနပြု ဖော်ထုတ်တွေ့ရှိချက်အရ အောင်မြင်ရေးလမ်းကြောင်း၏ ဖော်ညွှန်းချက်များတွင် ဥစ္စာ ဓနကြွယ်ဝချမ်းသာခြင်းနှင့် ကောင်းသတင်းဖြင့် နာမည်ကျော်ကြားခြင်းတို့အပြင် တီထွင်ဖန်တီးတတ်သော ပင်ကိုအရည်အချင်းတို့နှင့်လည်း ဆက်စပ်ပတ်သက်နေကြောင်း တွေ့ရှိ မှတ်တမ်းတင်ခဲ့ကြသည်။

"အောင်မြင်ရေးလမ်းကြောင်း"ပါရှိမှုသည် ထိုသူ၏ ပင်ကိုအရည်အသွေးများအရ ငွေကြေးရှာဖွေရာ၌ လွယ်ကူစေခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မြင့် နေထိုင်ရစေခြင်းတို့ကိုလည်း ဖော်ညွှန်းသည်။

"အောင်မြင်ရေးလမ်းကြောင်း"သည် ဘဝတွင်ကျေနပ်ဖွယ်ခံစားရမှုများကို ကိုယ်စားပြုသည့် အမှတ်လက္ခဏာတစ်ရပ်လည်းဖြစ်သည်။ ဒဏ္ဍာရီပုံပြင်တို့၌ 'အပိုလို'(Apollo)သည် နတ်ဘုရား၏အမည် ဖြစ်သည်။ ၎င်းသည် ဆန်းသစ်



www.burmeseclassic.com

www.burmeseclassic.com

တီထွင် ဖန်တီးနိုင်စွမ်းရှိသော သဘောကို ဆိုလိုသည်။ အထူးသဖြင့် တေးဂီတနှင့် အနုပညာရပ်များတွင် ဆန်းသစ်တီထွင်နိုင်သော စွမ်းအားများကို ပိုင်စိုးထားသည်။

## Absence of any Main Line

**အဓိကလမ်းကြောင်းများ မပါရှိမှု**

အသက်လမ်းကြောင်း၊ ဉာဏ်စွမ်းလမ်းကြောင်း၊ နှလုံးလမ်းကြောင်း၊ ကံလမ်းကြောင်း စသော လမ်းကြောင်းများကဲ့သို့ အဓိကလမ်းကြောင်းများ မပါရှိခြင်းသည် အတိတ်ကံမကောင်းခြင်းကို ပြဆို၏။

အကယ်၍ လက်နှစ်ဖက်စလုံးတွင် ထိုသို့သော လမ်းကြောင်းတစ်ခုခု မပါရှိခဲ့လျှင် ကံမကောင်း အကြောင်းမလှဖြစ်မည်မှာ သေချာလှပေသည်။

လက်ဝါးပြင်၏ အဓိက အရေးအကြောင်းများ ဖြစ်သော အသက်လမ်းကြောင်း၊ ဉာဏ်စွမ်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့သည် သုံးလသားအရွယ် သန္ဓေသားဘဝကတည်းကပင် လက်ဝါးပြင်၌ ပေါ်ပေါက်သည်။

## Accidents

**မတော်တဆ၊ တွေ့ကြုံထိခိုက်မှုများ**

အမျိုးမျိုးသော မတော်တဆမှုများနှင့် တွေ့ကြုံထိခိုက်ခံရမှုများရှိလာနိုင်ပြီး ၎င်းတို့ကို လက်ဝါးပြင်ပေါ်တွင် အောက်ဖော်ပြပါ နည်းအမျိုးမျိုးဖြင့် ညွှန်ပြနေတတ်မည် ဖြစ်သည်။

**1. Liability to accident**

**မတော်တဆထိခိုက်မှု ဖြစ်တတ်ခြင်း**

* စနေဂြိုလ်ခုံပေါ်တွင် ကြက်ခြေတစ်ခုရှိခြင်း၊
* အင်္ဂါလွင်ပြင်တွင် ကြယ်တစ်ခုရှိခြင်း။

**2. Serious accident**

**ကြီးကြီးကျယ်ကျယ် ထိခိုက်တတ်ခြင်း (ပြင်းပြင်းထန်ထန် ထိခိုက်ခြင်း)**

* တနင်္ဂနွေဂြိုလ်ခုံ သို့မဟုတ် စနေဂြိုဟ်ခုံ အောက်ရှိ ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် ကြက်ခြေပါရှိခြင်း။

**3. Motor car accident**

**မော်တော်ကားဖြင့် ထိခိုက်မှု**

* အင်္ဂါအဖိုဂြိုဟ်ခုံမှလာသော အဖျက်လမ်းကြောင်းတစ်ခုသည် စနေဂြိုဟ်ခုံပေါ်ရှိ ကြက်ခြေတစ်ခုသို့ လာရောက်ထိစပ်နေခြင်း။

**4. Accident with an animal**

**တိရစ္ဆာန်တစ်ကောင်ကြောင့် ထိခိုက်အနာတရ ဖြစ်ခြင်း။**

* သောကြာဂြိုလ်ခုံမှ အဖျက်လမ်းကြောင်း တစ်ခုသည် စနေဂြိုလ်ခုံသို့ လာ၍ထိနေခြင်း။

**5. Accident leading to paralysis**

**ရုတ်တရက် လေဖြတ်ခြင်း၊ ကိုယ်လက်သေခြင်း။**

* ဗုဒ္ဓဟူးဂြိုလ်ခုံပေါ်တွင် အမည်းစက်အမှတ်တစ်ခု ရှိနေခြင်း။



**Motor car accident ဖြင့် သုံးပါးသွားသူ၏လက္ခဏာ**

## Actor သရုပ်ဆောင်

**ရုပ်ရှင် / ဗီဒီယို / ဇာတ်ပွဲ စသည်တို့တွင် သရုပ်ဆောင်တစ်ဦး၏လက်၌ အောက်ပါ အမှတ်လက္ခဏာများကို အတွေ့ရများမည် ဖြစ်သည်။**

(၁) ဉာဏ်စွမ်းလမ်းကြောင်းရှည်လျားခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းအဆုံးတွင် ခက်ရင်းခွသဏ္ဌာန် အမှတ်အသား ပါရှိခြင်း၊
(၃) လက်ချောင်းထိပ်များ ကန်တော့ပုံကဲ့သို့ ခပ်ချွန်ချွန်ဖြစ်နေခြင်း၊
(၄) တနင်္ဂနွေဂြိုဟ်ခုံ အနေအထား အားကောင်း၍ မို့မောက်နေခြင်း၊
(၅) လက်ဝါးပြင်သည် လက်ချောင်းများထက် ရှည်ခြင်း၊
(၆) လက်သန်းလက်ချောင်း အနေအထားကောင်းခြင်း၊
(၇) ဗုဒ္ဓဟူးဂြိုဟ်ခုံ အားကောင်းခြင်း။

## Administrative Triangle

**စီမံအုပ်ချုပ်မှုနှင့်ဆိုင်သော တြိဂံ**

လက်ဖဝါးပြင်၏ အလယ်/လက်ခလယ်အောက်



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်သရုပ်ဆောင်
အကယ်ဒမီ
တစ်ဦး၏
လက္ခဏာ



နေရာ (ဘြိဂံနယ်မြေ)သည် ထက်ထက်မြက်မြက်နှင့် စီမံခန့်ခွဲနိုင်သည့်စွမ်းရည်ကို ညွှန်ပြရာနေရာဖြစ်၏။ ပြည့်နေပါက ကောင်းသည်၊ ချိုင့်ခွက်လွန်းနေပါက မကောင်း။

## Adventure

**စွန့်စားလုပ်ကိုင်တတ်သူ**

အင်္ဂါလမ်းကြောင်းသည် လက်ဝါးပြင်ကို ဖြတ်ပြီး တနင်္လာဂြိုဟ်ခုံတွင် အဆုံးသတ်လျှင် ထိုသူသည် အလွန်ပင် ခရီးသွားရမှုနှင့် စွန့်စွန့်စားစားအလုပ်များကို လုပ်ကိုင်ရသူ ဖြစ်မည်။

## Adventure, Live-Dangerously

**ဘေးအန္တရာယ်နှင့်ယှဉ်၍ စွန့်စွန့်စားစား လုပ်ကိုင်ရသူ**

(၁) ဉာဏ်စွမ်းလမ်းကြောင်းသည် အနည်းငယ်အောက်သို့ စိုက်ဆင်းနေခြင်း၊
(၂) တနင်္ဂနွေဂြိုဟ်ခုံ ကျယ်ပြန့်မို့မောက်ခြင်း၊
(၃) အင်္ဂါဂြိုဟ်ခုံ၊ ကြာသပတေးဂြိုဟ်ခုံနှင့် တနင်္လာဂြိုဟ်ခုံတို့ မို့မောက်နေခြင်း၊
(၄) လက်သူကြွယ်လက်ချောင်းသည် သာမန်ထက် ရှည်နေခြင်း၊
(၅) လက်ဝါးပြင် အားကောင်းနူးညံ့ခြင်း၊
(၆) လက်ဝါးပြင်သည် လက်ချောင်းများထက် တိုခြင်း၊
(၇) လက်ချောင်းထိပ်များသည် ပြက်ကျယ်၍ ကားနေခြင်း။

## Advice, Need for

**အကြံဉာဏ်ခံယူရန်လိုအပ်ခြင်း**

ဉာဏ်စွမ်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းတို့ ရောနှောသွားခြင်းက ထိုလက်ပိုင်ရှင်သည် ထိုလမ်းကြောင်းနှစ်ခု ရောနှောနေသည့် အချိန်အသက်ပိုင်းတွင် အခြားလူများ၏ အကြံဉာဏ်ကိုခံယူရန် လိုအပ်ကြောင်းကို ညွှန်ပြနေခြင်း ဖြစ်၏။

ထိုအချိန်အသက်ပိုင်းတွင် သူတစ်ပါး၏ ဦးဆောင်မှုကိုသာခံယူသင့်သည်။ အထက်ပါ အမှတ်အသားပြလက္ခဏာမှနေ၍ ထိုအရေးအကြောင်းများ သီးခြားကင်းလွတ်သွားသည့် အသက်အပိုင်းအခြားအထိ မိမိသဘောအတိုင်း ဖွတ်လုပ်ခြင်းကို ရှောင်ရှားရမည့်လူမျိုး ဖြစ်သည်။

## Affection, Want of

**အိမ်ထောင်ပြုရေးလမ်းကြောင်း**

လက်ဝါးစောင်းရှိ နှလုံးလမ်းကြောင်းနှင့် လက်သန်းအောက်ခြေအကြားရှိ လမ်းကြောင်းတိုကလေးများကို အိမ်ထောင်ပြုရေးလမ်းကြောင်းအဖြစ် မှတ်ယူနိုင်ပါသည်။

အကယ်၍ ဤလမ်းကြောင်းသည် လက်ဝါးပြင်ပေါ်ရှိ အခြားလမ်းကြောင်းများထက် သိသိသာသာ သေးသွယ်နေလျှင် ထိုလက္ခဏာရှင်သည် မေတ္တာတရားခေါင်းပါးမည်။

အကယ်၍ ထိုသို့သော အရေးအကြောင်း များစွာရှိလျှင် ထိုသူသည် အလွန်ပင် လျှပ်ပေါ်လော်လီသူ ဖြစ်မည်။

## Aggressiveness

**ရန်စ / ရန်ရှာတတ်မှု**

စနေဂြိုဟ်ခုံနှင့် အင်္ဂါဂြိုဟ်ခုံတို့ ပြည့်ဖြိုးမို့မောက်နေပါက စိတ်တို၊ စိတ်ဆိုးလွယ်ပြီး ရန်စ/ရန်ရှာတတ်သည့် စရိုက်မျိုးလည်း ရှိ၏။ ၎င်းလက္ခဏာရှင်သည် အမြဲတစေ ရန်လိုနေတတ်သူ ဖြစ်၏။

## Agriculturist

**လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ**

လယ်ယာကိုင်းကျွန်း စသည့်စိုက်ပျိုးရေးအလုပ်များကို ဝါသနာပါသူတို့၏ လက်တွင် အောက်ပါအမှတ်လက္ခဏာများဖြင့် ပြည့်စုံနေလိမ့်မည်ဖြစ်၏။

(၁) လက်ဝါးပြင် ကျယ်ပြန့်ခြင်း၊
(၂) စနေလက်ချောင်း(လက်ခလယ်)ရှည်ခြင်း၊
(၃) လက် မာကျောတောင့်တင်းခြင်း၊
(၄) အင်္ဂါဂြိုဟ်ခုံ အားကောင်းခြင်း၊
(၅) အဓိကအရေးအကြောင်းများသာ ထင်ရှားပြီး အခြားအရေးအကြောင်းများ မထင်ရှားခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၆) စနေဂြိုဟ်ခုံ အထူးပေါ်လွင်နေခြင်း၊
(၇) လက်မ၏အနေအထားသည် သာမန်ဖြစ်ခြင်း၊
(၈) လက်သည်းများရှည်၍ ထူထဲခြင်း၊
(၉) လက်ချောင်းထိပ်များသည်ပြက်ကျယ်၍ ကားနေခြင်း။

**Ague**

**တက်ဖျားကျဖျား (သို့) တုန်ဖျား**

လက်ခလယ်(စနေလက်ချောင်း)၏ ပထမလက်ဆစ်တွင် အမည်းစက်တစ်ခု ရှိနေခြင်း။

**Alcoholic Insanity**

**အရက်ကြောင့် စိတ်ထားမမှန်ဖြစ်ခြင်း (ရူးသွပ်ခြင်း)**

"အရက်ကြောင်"သူတို့၏ လက်ဝါးပြင်တွင် အောက်ပါ အမှတ်လက္ခဏာများကို တွေ့ရမည်ဖြစ်သည်။
(၁) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် အမည်းစက်ရှိခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံပေါ်တွင် ကြယ်ရှိခြင်း၊
(၃) အင်္ဂါလမ်းကြောင်းသည် အလွန်နီမြန်းနေခြင်း၊
(၄) အင်္ဂါလမ်းကြောင်းသည် ခက်ရင်းခွသဏ္ဌာန်နှင့် အဆုံးသတ်ခြင်း။

**Allahdin's Lamp**

**ဘက်စုံရပညာ**

လက္ခဏာပညာသည် စိတ်ကူးယဉ်ဖို့အတွက် မဟုတ်ချေ။ လက်တွေ့ကျသည့် အသုံးချသိပ္ပံပညာရပ်ဖြစ်သည်။ သင့်လက်ပတ်နာရီကဲ့သို့ နေ့စဉ်သုံးစွဲနိုင်သော ပညာရပ်ဖြစ်သည်။

လက္ခဏာပညာကို လမ်းညွှန်မှုသက်သက်အနေဖြင့် သာကြည့်ပြီး လက်တွေ့ဘဝတွင် ကြိုးပမ်းမှုမပြုဘဲ နေလျှင် လက္ခဏာပညာက သင့်အတွက် အသုံးကျလိမ့်မည် မဟုတ်ချေ။ လက္ခဏာပညာသည် မတိကျ မရေရာသော ပညာမဟုတ်၊ လက်တွေ့အသုံးချပညာ ဖြစ်သည်။

**-An Indian Palmist**

**PRACTICAL PALMISTRY**

**Alternation of Events**

**ဖြစ်ရပ်များ တစ်လှည့်စီဖြစ်ခြင်း**

ကျွန်ုပ်အနေဖြင့်လည်း ယေဘုယျစည်းမျဉ်းတစ်ရပ်အဖြစ် တွေ့ရသည့်အချက်မှာ ဘဝခရီးတွင် (၇)နှစ်တစ်ကြိမ်ဖြစ်ပေါ်မှုများသည် ခန္ဓာကိုယ် ကျန်းမာရေး အပြောင်းအလဲများ ဆက်နွယ်နေမှုနှင့် အတော်အတန်တူ၏။

ဥပမာ - ကလေးတစ်ယောက်၏ ပထမဆုံး အသက် (၇)နှစ်ပြည့်ပြီးနောက် သူ၏ ခံနိုင်ရည်မရှိသေးသည့် အခြေအနေ(ကျန်းမာရေး)သည် နောက်ထပ်(၇)နှစ်စီ ဖြစ်ထွန်းသည့် ၂၀ နှင့် ၂၁ နှစ်အကြား အသက်အပိုင်းအခြားတွင် အလားတူ ခံနိုင်ရည် လိုအပ်မှုသည် တစ်ဖန်ပြန်၍ ပေါ်ပေါက်လာတတ်၏။ ထိုသို့သော စူးစမ်းလေ့လာမှုများသည် ကျန်းမာရေးနှင့်ပတ်သက်ပြီး ဟောချက်များထုတ်ရာတွင် လက်တွေ့ပိုင်းအနေဖြင့် အထောက်အကူပြုပေသည်။

**ကိုင်ရို (Cheiro)**

**Ambition, Political**

**နိုင်ငံရေးရည်မှန်းချက်ရှိခြင်း**

နိုင်ငံရေး ရည်မှန်းချက်ရှိသူ၏ လက်ဝါးပြင်တွင် ကံလမ်းကြောင်း (ထီးရိုး)သည် ကြာသပတေး ဂြိုဟ်ခုံအထိ ထိုးတက်နေမည်ဖြစ်သည်။

**Ambition without Limit**

**ရည်မှန်းချက်လွန်ကဲခြင်း**

ရည်မှန်းချက် လွန်လွန်ကဲကဲ ထားတတ်သူတို့၏ လက်ဝါးပြင်တွင် အောက်ပါ အမှတ်လက္ခဏာများ ပါရှိမည် ဖြစ်သည်။
(၁) အင်္ဂါအဖိုဂြိုဟ်ခုံမှ အရေးအကြောင်း တစ်ခုသည် တနင်္ဂနွေဂြိုဟ်ခုံသို့ ထောင်တက်သွားခြင်း၊
(၂) တနင်္ဂနွေဂြိုဟ်ခုံသည် ကြီးမားကျယ်ပြန့်ခြင်း၊
(၃) နှလုံးလမ်းကြောင်း မပါရှိခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ဆက်စပ်မှုမရှိခြင်း၊
(၅) ဉာဏ်စွမ်းလမ်းကြောင်းသည် လက်ဝါးပြင်ကို ထက်ဝက်ပိုင်းသကဲ့သို့ ဖြတ်ထားခြင်း၊
(၆) အသက်လမ်းကြောင်းမှ အထက်သို့ ခွဲထွက်သည့် အရေးအကြောင်းတစ်ခုရှိခြင်း၊
(၇) လက်ညှိုးသည် သိသိသာသာ ရှည်နေခြင်း။
(၈) ကြာသပတေးဂြိုဟ်ခုံ ကြီးမားကျယ်ပြန့်ခြင်း။

**Amorous Disposition**

**ချစ်ခင်တတ်သည့် စိတ်နေသဘောထား**

(၁) ဉာဏ်စွမ်းလမ်းကြောင်းသည် စိုက်ဆင်းနေခြင်း၊
(၂) သောကြာခါးပတ်သည် အလွန်ရှင်းသန့်နေခြင်း၊
(၃) သောကြာဂြိုဟ်ခုံ အားကောင်းခြင်း၊
(၄) လက်များသည် မာကျောထူထဲခြင်း။

**Anaemia**

**သွေးအားဆုတ်ယုတ်သည့်ရောဂါ**

သွေးထဲတွင် သွေးနီဥလျော့ပါးခြင်းသည် အထွေထွေအားနည်းမှုကိုပြ၏။ Bloodlessness 'သွေးမရှိခြင်း' တွင်ကြည့်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## Aneurism

**သွေးကြော ဖောရောင်သည့်ရောဂါ**

သွေးကြောဖောရောင်ရောဂါရှိသူ၏ လက်ဝါးပြင်တွင် အောက်ပါအမှတ်လက္ခဏာများ ပါရှိမည်ဖြစ်သည်။

(၁) စနေဂြိုဟ်ခုံအောက် နှလုံးလမ်းကြောင်းတွင် ကျိုးပျက်နေခြင်း၊
(၂) တနင်္ဂနွေဂြိုဟ်ခုံ ကြီးမားကျယ်ပြန့်ခြင်း၊
(၃) တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်းများစွာ ရှိနေခြင်း။

## Anger, Habitual

**ဒေါသထွက်၊ စိတ်ဆိုးလွယ်သည့်စရိုက်ရှိသူ**

စိတ်ဆိုးလွယ်၊ ဒေါသဖြစ်လွယ်တတ်သူ၏လက်ဝါးပြင်တွင် အောက်ပါအမှတ်လက္ခဏာများကို တွေ့ရမည်ဖြစ်သည်။

(၁) နှလုံးလမ်းကြောင်း မကောင်းခြင်း၊
(၂) သောကြာဂြိုဟ်ခုံ ကျဉ်းမြောင်းခြင်း၊
(၃) အင်္ဂါဂြိုဟ်ခုံ သာမန်ထက် မို့မောက်ကျယ်ပြန့်နေခြင်း၊
(၄) လက်သည်းအရောင်များ ဖျော့တော့နေခြင်း။

## Animals, Affection for

**တိရစ္ဆာန်များကို ချစ်တတ်သူ**

တိရစ္ဆာန်ချစ်တတ်သူ၏လက်တွင် အောက်ပါအမှတ်လက္ခဏာများကို တွေ့ရမည်ဖြစ်သည်။

(၁) လက်ချောင်းများ၏ ပထမလက်ဆစ်များ ရှိသင့်သည်ထက် တိုနေခြင်း၊
(၂) နှလုံးလမ်းကြောင်းသည် အပြစ်ကင်းစင်၍ ရှည်လျားနေခြင်း၊
(၃) သောကြာဂြိုဟ်ခုံသည် ပြည့်ဖြိုးအားကောင်းခြင်း၊
(၄) တနင်္ဂနွေဂြိုဟ်ခုံ ကောင်းမွန်ခြင်း။

## Apollo, Line of

**အောင်မြင်ရေးလမ်းကြောင်း**

၎င်းလမ်းကြောင်းသည် လက်သူကြွယ်လက်ချောင်းအောက် တနင်္ဂနွေဂြိုဟ်ခုံသို့ ထိုးတက်သွားသော လမ်းကြောင်းဖြစ်၏။ ၎င်းကို အောင်မြင်ရေးလမ်းကြောင်းအဖြစ်လည်း လူသိများသည်။ အကြောင်းမှာ ဘဝတွင် နာမည်ကျော်ကြား ထင်ရှားမှုကို ရရှိစေ၍ပင်ဖြစ်သည်။

၎င်းသည် အရေးအကြောင်းများ အားလုံးထဲတွင် အမိပ္ပာယ်ကောက်ယူမှု လုံးလုံးလျားလျား လွဲမှားသွားစေနိုင်၏။ တလွဲအဆုံးအဖြတ်ပေးခြင်းက အဆုံးအဖြတ်ပေးသူများကို ဟောချက်များတွင် များစွာ လွဲမှားသွားစေနိုင်သည်။

ဝီလျံဂျီ.ဘင်ဟမ်း (William G. Benham)

အောင်မြင်ရေး လမ်းကြောင်းသည် လက်ဝါးပြင်အတွင်းရှိ နေရာအမျိုးမျိုးတို့မှ အစပြု၍ ဖြစ်ပေါ်တတ်သည်။ တနင်္လာဂြိုဟ်ခုံ၏ အောက်ခြေမှ အစပြုခြင်းသည် အလွန်ထင်ရှားသည့် သဘောဖြစ်သည်။ သာမန်အားဖြင့် အောင်မြင်ရေးလမ်းကြောင်းသည် လက်ဝါးပြင် အပေါ်ပိုင်း၌သာ ဖြစ်ပေါ်တတ်မြဲဖြစ်သည်။ အထူးသဖြင့် နှလုံးလမ်းကြောင်း၏ အပေါ်မှ ထွက်ပေါ်လာတတ်ကြသည်။

"အောင်မြင်ရေးလမ်းကြောင်း"သည် မည်သည့်နေရာမှ စတင်သည်ဖြစ်စေ နောက်ဆုံးတွင် တနင်္ဂနွေဂြိုဟ်ခုံပေါ်၌သာ အဆုံးသတ်တတ်ကြသည်။ ထင်ရှားအားကောင်းသော အောင်မြင်ရေး လမ်းကြောင်းသည် နိုးကြားတက်ကြွ၍ တီထွင်ဖန်တီးလိုသည့် သဘောကိုလည်း ပြဆိုသည်။

## Apollo Line, Readings from

**အောင်မြင်ရေးလမ်းကြောင်းအပေါ် ဟောဆိုချက်များ**

ထုံးတမ်းစဉ်လာအရ အောင်မြင်ရေးလမ်းကြောင်းသည် ကံလမ်းကြောင်းကဲ့သို့ပင် လက်ကောက်ဝတ်အထက်မှ အစပြု၍ တနင်္ဂနွေဂြိုဟ်ခုံပေါ်တွင်အဆုံးသတ်သည်။ အောင်မြင်ရေးလမ်းကြောင်း၏ သဘောသဘာဝများကို အောက်ပါညွှန်ပြချက်များမှ အလွယ်တကူ နားလည်နိုင်မည်ဖြစ်သည်။


(၁) အောင်မြင်ရေးလမ်းကြောင်း မပါရှိလျှင် စွန့်စားလုပ်ကိုင်ခြင်းများတွင် ဆုံးရှုံးလေ့ ရှိတတ်မည်။
(၂) သာမန်လမ်းကြောင်းဖြစ်နေလျှင် အသိဉာဏ်ပညာထက်မြက်သူ ဖြစ်မည်။
(၃) လမ်းကြောင်းရှည်လျားပြီး အဖြတ်များကင်းလျှင် ချမ်းသာအောင်မြင်သူ ဖြစ်မည်။
(၄) ဖြောင့်တန်း၍ ထင်းနေလျှင် အနုပညာနှင့် စာပေတို့၌ ထင်ရှားကျော်ကြားမည်။
(၅) လက်နှစ်ဖက်စလုံးတွင်ပါရှိသည့် အောင်မြင်ရေးလမ်းကြောင်းမှာ အနေအထားကောင်းလျှင် ဘဝတွင် အောင်မြင်မှုများ အထူးရရှိနိုင်သူ ဖြစ်မည်။
(၆) သံကြိုးကွင်းဆက်များ ပါရှိလျှင် ထိရောက်သော အောင်မြင်မှုများ မရရှိနိုင်ကြောင်းကို ပြဆိုသည်။
(၇) အလွန်ကျယ်ပြန့်နေလျှင် အောင်မြင်မှုများမှာ အားရကျေနပ်လောက်စရာ မရှိခြင်း ဖြစ်မည်။
(၈) လမ်းကြောင်းများ လှိုင်းတသကဲ့သို့ရှိနေလျှင် အာရုံစူးစိုက်မှု မရှိခြင်းကို ပြဆိုသည်။
(၉) လမ်းကြောင်းတွင် အဖြတ်(Bar)များ ရှိနေလျှင် အသက်မွေးမှု အလုပ်အကိုင်တွင် ပြိုင်ဘက်များကြောင့် အနှောင့်အယှက် ဖြစ်တတ်မည်။ (ဆက်ရန်)

❐ ဆရာဦးခန့်ကျော်



www.burmeseclassic.com

www.burmeseclassic.com



# မီးလက်ပါက တက်မှာပ စီးပွား

ရွှေဖုန်းဦး

အခုပြောပြမယ့် ယတြာခန်းဟာ လုပ်ရတာလည်း အင်မတန်လွယ်တယ်။ မှတ်ရတာလည်း မခဲယဉ်းပါဘူး။ ပြီးတော့ ငွေကုန်ကြေးကျလည်း မများဘူး။ အချိန်လည်း မကုန်ဘူး။ အလုပ်လည်း မရှုပ်ဘူး။ အဲဒီလောက် သက်သောင့်သက်သာရှိလှပေမယ့် ရရှိတဲ့အကျိုးကျေးဇူးကတော့ တကယ်ကိုထူးခြားတယ်။ အမျိုးမျိုးသော ပြဿနာတွေကို ဒီယတြာတစ်ခုတည်းနဲ့ ဖြေရှင်းနိုင်တယ်။ တကယ်လည်း ထိရောက်တယ်။ ပွဲတွေ့လည်း အများကြီးကြုံဖူးတယ်။ ပညာခန်းကို ရှင်းပြလိုက်ရင် လှုက်ခံကြမှာပါ။

အရေးအပါဆုံး အချက်ကတော့ ဒီယတြာဟာ မြို့ကြီးပြကြီးမှာနေတဲ့ လူတန်းစားနဲ့ အလွန်အဆင်ပြေ အချိုးကျနေတာပါပဲ။

ဘာကြောင့်လဲဆိုရင် မြို့ပြသားတွေအဖို့မှာ ဘာအညွှန်းကိုလှူ။ ဘာအသားကို ဘယ်လိုလုပ်လို့ ပြောလိုက်ရင် သူတို့အတွက် ခဲခဲယဉ်းယဉ် ရှာရဖွေရတာမျိုးတွေ တွေ့ဖူးနေတယ်။ သွားနိုင် လာနိုင် ရှာနိုင် ဖွေနိုင် အချိန်ပေးနိုင်သူများအတွက် မခက်ခဲလှပါ။ ဒါပေမဲ့ မနက်မိုးလင်းတာနဲ့ အိမ်က အပြေးအလွှားထွက် ညနေစောင်းမှ ဒရောသောပါးပြန်လာ၊ တစ်နေ့ဝမ်းသာ တစ်နေ့ ကမူးရှူးထိုး ရှာစားနေရသူများအနေနဲ့ အညွှန့်အခက်တွေ သုံးမျိုးလေးမျိုး လိုက်ရှာဖို့ရာ မလွယ်ကူလှဘူး။ ယတြာပေးလိုက်လို့မှ သေသေချာချာ မချေလိုက်ရပြန်တော့လည်း ဥပါဒါန်အစွဲက ဒါကြောင့်လို့ ယိုးချင်ကြဦးမယ်။

ကဲ. . . ဒါကတော့ တစ်ခုတည်းပဲ လုပ်ရမယ်။ ညနေနေဝင်ဖျိုးဖျမှာ မြတ်စွာဘုရားကို မီးပူဇော်ရမယ်။ ဒါပါပဲ။

လူတိုင်းလိုလို ကြားဖူးနေတဲ့ သိနေတဲ့ ဆိုရိုးလေးတစ်ခုရှိပါတယ်။ "နေဝင်မီးလက် စီးပွားတက်" တဲ့။ ဘယ်နေရာမှာမီးလက်ရမှာလဲ။ ကိုယ့်အိမ်မှာ ဖယောင်းတိုင်ဖိုးမရှိလို့ မှောင်ချင်မှောင်နေပါစေ။ မြတ်စွာဘုရားရှင် စံပယ်တော်မူရာကျောင်းဆောင်မှာတော့ မီးရောင်ကလေး တလက်လက်နဲ့ လင်းလင်းချင်းချင်း ရှိနေပါစေပေါ့။

စကားအလျဉ်းသင့်တုန်း တစ်ခု ထည့်ပြောချင်ပါသေးတယ်။ နောင်မိုးချုပ်မှောင်လာလို့ ဘုရားစင်က မီးခလုတ်ကို ဖွင့်လိုက်တာဟာ 'ချောက်ခန်'ကုသိုလ်ပဲရပါတယ်။ ဒါဘုရားကို



www.burmeseclassic.com

www.burmeseclassic.com

မီးပူဇော်တာ မဟုတ်ပါဘူး။ ဘုရားကျောင်းဆောင်ကို မီးထွန်းပေးတာပါ။ တာဝန်ကျေရုံ ပေါ့ပေါ့လျှော့လျှော့ လုပ်တဲ့အလုပ်ဟာ ပါးပါးလျားလျား အကျိုးကိုပဲ ပေးမှာပါ။

ဘုရားကို မီးပူဇော်တယ်ဆိုတာ ထမင်းစားပွဲမှာ မီးတိုင်ထွန်းသလို ဂွပ်ခနဲ စိုက်ပစ်ခဲ့ရုံနဲ့ အရာမရောက်ပါဘူး။ မီးထွန်းပြီးရင် တစ်ခါတည်း ကြည်ညိုသဒ္ဓါပွားပြီး အာရုံပြုရပါမယ်။ တတ်နိုင်ရင်တော့ တစ်ခါတည်း ဝတ်ပြုလိုက်နိုင်ရင် ပိုကောင်းပါတယ်။ လုံးဝ ပစ္စလက္ခတ်ကို ယုံကြည်လိုက်စမ်းပါ။

နေအဝင် မီးအလက်မှာ တကယ်နှစ်နှစ်ကာကာ အာရုံမိမိနဲ့သာ ပူဇော်လိုက်စမ်းပါ။ စီးပွားတင်မဟုတ်ဘူး၊ တက်လို့ရတာတွေ အကုန်တက်လာပါလိမ့်မယ်။ (ရောဂါတော့မပါဘူးနော်)။ အဲဒီလိုတက်လာတဲ့အခါမှာ လောကီမာယာ ယတြာကိန်းခန်းနဲ့အညီ ဖြစ်လာစေဖို့ကတော့ ဒီလိုလေးလုပ်လိုက်ပါ။

ဒီယတြာအစီအရင် ပြည့်စုံဖို့အတွက် (တစ်ကြိမ်အကွက်လည်ဖို့အတွက်) သုံးရက်လုပ်ရပါမယ်။ ဒီသုံးရက်ကို တစ်ကျော့ တစ်ကြိမ်လို့ မှတ်ထားပါမယ်။

ဆက်တိုက်လုပ်ချင်တယ်ဆိုရင် ရက်သတ္တနှစ်ပတ်ကို တစ်ကျော့လုပ်နိုင်တယ်။ မိမိဆန္ဒရှိရင် ဘယ်နှကြိမ် ဘယ်နှခါဖြစ်ဖြစ် ပြန်ကျော့နိုင်ပါတယ်။ အလွန်အမှား မရှိပါဘူး။


လုပ်ရမယ့် ရက်တွေကတော့ . . .

(၁) ကိုယ့်ရဲ့ ကြိုရန်းဖြစ်တဲ့နေ့ (ကိုယ့်မွေးနေ့က စရေတွက်ရင် သုံးရက်မြောက်တဲ့နေ့) မှာ စလုပ်ရမယ်။ အဲဒီနေ့မှာ ကိုယ့်မွေးနံဟာ စုတ်မှာ ရှိနေတယ်။

(၂) ကိုယ့်ရဲ့ အမြစ်နေ့ (ကိုယ့်မွေးနေ့ မရောက်ခင်တစ်နေ့) မှာ နောက်တစ်ရက် လုပ်ရမယ်။ အဲဒီနေ့မှာ ကိုယ့်မွေးနံဟာ လာဘ်မှာ ရှိနေတယ်။


(၃) နောက်ဆုံးအနေနဲ့ ကိုယ့်ရဲ့စတုရန်းနေ့ (ကိုယ့်မွေးနေ့က စရေတွက်ရင် လေးရက်မြောက်တဲ့နေ့) မှာ တစ်ခါလုပ်ရမယ်။ အဲဒီနေ့မှာ ကိုယ့်မွေးနေ့ဟာ နဝင်းမှာ ရှိနေတယ်။

ဒီလို ရက်ရွေးချယ်ပုံမှာ ထူးခြားချက်ရှိတယ်။ ပထမအချက်က ကြိုရန်းနေ့မှာ စလုပ်ပြီး စတုရန်းနေ့မှာ ပြီးဆုံးသွားတော့ သက်ရောက်တဲ့ အချိန်ကာလဟာ ရက်သတ္တတစ်ပတ်ကို စက်ဝန်းလှည့်တစ်ပတ် ပတ်တယ်။ နောက်ဆုံးမှာ ချည်ပြီးတုပ်ပြီး အနှောင်လုံးသွားတယ်။ နာဂဘာသိဝ ကာလလို့ ခေါ်တယ်။




ဒုတိယအချက်ကတော့ ယတြာကာလရဲ့ အတိုင်းအတာ ပမာဏဟာ စုစုပေါင်း ကိုးရက်ကြာတယ်။ ဒုတိယအဆင့် ပြုလုပ်ရမယ့်ရက်ဟာ ဒီစက်ဝန်းရဲ့ အလယ်တည့်တည့်မှာ နေတယ်။

ဒါကို ကြည့်ပါ။ ဒီလိုမျိုး ညီနေတာကို တွေ့ရမယ်။




ဒါက စနစ်ကျပုံကို နည်းနည်းထုတ်ပြတာပါ။

ပြုလုပ်ရမယ့် အချိန်ကတော့ အဲဒီနေ့တွေရဲ့ ညနေ ၄ နာရီခွဲကနေ ည ၇ နာရီခွဲကြားမှာ အပြီးလုပ်ရမယ်။

ဒီအချိန်ဟာ သက်ဆိုင်ရာနေ့ရဲ့ဂြိုဟ် မူလအတိုင်းကျတဲ့ အင်္ဂဝိဇ္ဇာအခါဖြစ်တယ်။ ဆိုလိုတာက နေ့အလိုအရ ကိုယ့်မွေးနံဟာ စုတ်ကိန်းကျနေရင် ဒီအချိန်ကာလအတွင်းမှာလည်း ကိုယ့်နံဟာ စုတ်အိမ်မှာ မြဲနေတယ်။

ပြုလုပ်ရမယ့်အပိုင်းက နှစ်ဆင့်ရှိတယ်။ ဒီအကြောင်းကို ရှေ့မှာ ထပ်ခွဲပြပါမယ်။ မြတ်စွာဘုရားရှင်ကို ဆက်ကပ်လှူဒါန်းရမယ့် ပစ္စည်းတွေကတော့ . . .

(၁) ဖယောင်းတိုင် (ကိုယ့်မွေးနံအရေအတွက်)

(၂) အမွှေးတိုင် (ကိုယ့်မွေးနံရဲ့ ဂြိုဟ်သက်အရေအတွက်)

(၃) ကြည်လင်တဲ့ဖန်ခွက်နဲ့ ရေအပြည့်ထည့်ထားတဲ့ သောက်တော်ရေ တစ်ခွက် (လူသောက်လို့ ဝလောက်တဲ့ ရေခွက်မျိုးဖြစ်ရမယ်၊ ဘာနေ့သားပဲဖြစ်ဖြစ် ရေက တစ်ခွက်ပဲလိုတယ်၊ ပြီးတော့ ရေက ရိုးရိုးရေပဲ ဖြစ်ရမယ်၊ ဖျော်ရည်တွေ အအေးတွေနဲ့ အတတ်မဆန်းရဘူး)

လှူရမယ့် အလင်းတိုင်(ဖယောင်းတိုင်)နဲ့ နံ့သာတိုင် (အမွှေးတိုင်) အရေအတွက်ကို မျက်စိမှောက်နေမှာစိုးလို့ ဇယားလေးဆွဲပေးလိုက်တယ်။

| နေ့သား | ဖယောင်းတိုင် | အမွှေးတိုင် |
|---|---|---|
| တနင်္ဂနွေ | ၁ | ၆ |
| တနင်္လာ | ၂ | ၁၅ |
| အင်္ဂါ | ၃ | ၈ |
| ဗုဒ္ဓဟူး | ၄ | ၁၇ |
| ကြာသပတေး | ၅ | ၁၉ |
| သောကြာ | ၆ | ၂၁ |
| စနေ | ၇ | ၁၀ |
| ရာဟု | ၈ | ၁၂ |

ကဲ . . . ရပြီလား။ ရပြီဆိုရင် လှူရမယ့်အချိန်ကို ပြောမယ်။ ခုနက သတ်မှတ်ထားတဲ့ အချိန်အတိုင်းအတာ သုံးနာရီကို နှစ်ပိုင်းခွဲမယ်။

ဒီလှူဖွယ်ဝတ္ထုတွေ လှူရမယ့်အချိန်က ပထမကာလပိုင်း (၄ နာရီခွဲကနေ ၆ နာရီကြား)မှာ အပြီးလှူရမယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကာလပိုင်း (၆ နာရီကနေ ၇ နာရီခွဲကြား) မှာ အမွှေးတိုင်၊ ဖယောင်းတိုင် အားလုံးကုန်အောင် လောင်ကျွမ်းသွားရမယ်။ (မီးအားလုံး ငြိမ်းပြီးဖြစ်ရမယ်)။

ဒီအချိန်မှာ မီးငြိမ်းလျှင်ငြိမ်းချင်း သောက်တော်ရေကို စွန့်ရမယ်။

ဒီနေရာမှာ သတိထားရမှာက မီးပူဇော်နေစဉ်အတွင်း လေတိုက်လို့ မီးငြိမ်းသွားတာတို့၊ ဖယောင်းတိုင်တွေ တစ်ခုနဲ့ တစ်ခု သိပ်ကပ်လို့ မီးအပူဟပ်ပြီး ယိုင်လဲသွားတာတို့ မဖြစ်အောင် ဂရုစိုက်ရမယ်။ ပြီးတော့ ဖယောင်းတိုင်အားလုံးကို သေချာစိုက်ထူပြီးမှ မီးတောက်တစ်ခုနဲ့ လိုက်ညှိထွန်းပေးတာမျိုးပဲ လုပ်ရမယ်။ (အခမ်းအနားတွေ၊ ဧည့်ခံပွဲတွေမှာ ထွန်းသလိုမျိုးပေါ့)။

ဖယောင်းတိုင် တစ်တိုင်ချင်းစီကို ဖင်ကို မီးမြှိုက်လိုက်၊ အစက်ချလိုက်၊ ထွန်းလိုက် မလုပ်ရဘူး။ ဒါဟာ မရိုသေမကိုင်းရှိုင်းရာ အမူအရာ သက်ဝင်နေတယ်။

နောက်တစ်ခု သတိပြုရမှာ ရှိသေးတယ်။ အချိန်က ၇ နာရီခွဲကို စေ့နေပြီ။ ဖယောင်းတိုင်က မကုန်သေးဘူး ဒါနဲ့ပဲ ဖယောင်းတိုင်ကို မှုတ်ပစ်ပြီး ရေသွားစွန့်တာမျိုး မလုပ်ရဘူး။ ဒါဟာ မီးစတွေအကြွင်းအငုတ် ကျန်နေမယ့်နိမိတ်ပဲဖြစ်တယ်။ ဒီတော့ အချိန်မစေ့ခင် ဖယောင်းတိုင်တွေ အားလုံးဟာ ပွဲပြီးမီးသေ ဖြစ်နေရမယ်။

ဒါကြောင့် အစကတည်းက အချိန်အရမ်းအကြာကြီး အထွန်းခံတဲ့ ဖယောင်းတိုင်မျိုးကို မရွေးချယ်သင့်ဘူး။ တစ်နာရီစာ အတိုင်လောက်ဆို လုံလောက်ပါပြီ။

မီးကပ်လှူပူဇော်နေတဲ့ အချိန်ကာလအတွင်းမှာ မြတ်ဘုရားကို ကြည်ညို ညွတ်တွားနေချင်တယ်၊ ဒါမှမဟုတ် တစ်ခုခု ရွတ်ပွားနေချင်တယ်ဆိုရင်တော့ ဒါကိုလုပ်ဖို့ ထပ်လောင်းဖြည့်စွက်ပေးထားပါတယ်။ သရဏဂုံနဲ့ ရှိခိုးရမယ်။ ဂုဏ်တော်ကိုးပါးကို ပွားများရမယ်။ သဗ္ဗေသတ္တာ မေတ္တာပို့ ဒါမှမဟုတ် မေတ္တာသုတ်၊ ဒါမှမဟုတ် မေတ္တာကမ္မဋ္ဌာန်းကို ရွတ်ဆိုပွားများ အားထုတ်နိုင်တယ်။

အချိန်မပေးနိုင်လို့ မလုပ်နိုင်လည်း လုပ်နိုင်သလောက်ပေါ့။ အရေးကြီးတာက မီးငြိမ်းမယ့်အချိန်ကို မျက်ခြည်မပြတ် သေချာစောင့်ဆိုင်းနေရမယ်။ မီးငြိမ်းလျှင်ငြိမ်းချင်း သောက်တော်ရေကို စွန့်ရမယ်။ ဟုတ်ပြီ၊ ဘယ်လိုစွန့်မလဲ။

ဒီပညာခန်းရဲ့ အနှစ်သာရ သွေးကြောက ဒီနေရာပဲ။ စွန့်တဲ့အခါမှာ ပရိဝါရ အာယု၊ နဂရ ဘုမ္မိဆိုတဲ့ ကိန်းစဉ်ထဲက တစ်ခုခုကိုရွေးချယ်ပြီး စွန့်ရမယ်။ ဒီလိုစွန့်ဖို့အတွက် လိုက်ဖက်ညီစွာ ရွေးချယ်ပေးထားတဲ့ သတ်မှတ်ချက်တွေ ရှိတယ်။

ဒီအကြောင်းကို မပြောခင် ယတြာပြုတဲ့အခါမှာ အဲဒီအရပ်တွေရဲ့ အကျိုးပြုနိုင်တဲ့ အာနိသင်တွေကို အရင်လေ့လာကြည့်ရအောင်။

(၁) ဝရိဝါရ (မွေးနံအရပ်) = ဖြစ်တည်ခြင်း၊ အစပျိုးခြင်း၊ အခြံအရံများခြင်း၊ ကျော်ကြားခြင်း။

(၂) အာယု (ဂြိုဟ်စဉ်အတိုင်း ရှေ့တစ်ကွက်) = အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ ဘေးကင်းခြင်း။

(၃) နဂရ = မြို့ပြည်ရွာရခြင်း၊ တိုးတက်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နေရာထိုင်ခင်း အဆင်ပြေခြင်း။

(၄) ဘုမ္မိ = အညှိုးချေခြင်း၊ ကိုယ်စားစွန့်ခြင်း၊ ဒဏ်ချေခြင်း၊ အညစ်အကြေးကို သန့်စင်ခြင်း။

(၅) ဂဟပတိ = စီးပွားဖြစ်ခြင်း၊ သိုလှောင်ခြင်း၊ သီးပွင့်ခြင်း၊ အရင်းအနှီးစိုက်ခြင်း။

(၆) တေဇ = ဘုန်းတန်ခိုးကြီးခြင်း၊ ဩဇာအာဏာထက်မြက်ခြင်း၊ သိဒ္ဓိပေါက်ခြင်း၊ ဂုဏ်အရှိန်အဝါရှိခြင်း။

(၇) ဠာန = စွဲမြဲခြင်း၊ ခိုင်မာခြင်း၊ တည်တံ့ခြင်း၊ စတင်အကောင်အထည်ဖော်ခြင်း။

(၈) သိရီ = ကျက်သရေတိုးခြင်း၊ မင်္ဂလာရှိခြင်း၊ ပူဇော်ခံရခြင်း၊ ဘွဲ့ဂုဏ်ထူး ချီးမြှင့်ခံရခြင်း။

ကဲ အကျိုးကျေးဇူးတွေကို သိပြီဆိုရင် ဘယ်နေ့တွေမှာ ဘယ်အရပ်တွေကို စွန့်ရမယ်ဆိုတာကို ပြောပါတော့မယ်။

ပထမဆုံး မီးစထွန်းတဲ့နေ့ ကိုယ့်ရဲ့ တြိရန်းနေ့မှာ ကိုယ်ဟာ စုတ်အိမ်မှာတည်ပြီး စန်းကောင်းနေတယ်။ ဒါကြောင့် ဘုမ္မိ၊ တေဇ၊ သိရီ အရပ်မျက်နှာ တစ်ခုခုမှာ ရေကိုစွန့်ရမယ်။

အသေးစိတ် ထပ်ခွဲပြရရင်တော့ အပျက်အ... ဘိ အခိုက် များနေသူအတွက် ဘုမ္မိအရပ်မှာ အညှိုပျောက်ပါစေကြောင်း ဆုတောင်းပြီး စွန့်ရမယ်။

အိမ်တွင်းရေး သာယာလိုသူတွေ၊ လူချစ်လူခင် များလိုသူတွေအတွက်ကတော့ သိရီအရပ်မှာ စန်းပွင့်စေကြောင်း ဆုတောင်းပြီး စွန့်ရမယ်။

အကူအညီ အမအစ လိုနေသူတွေ၊ ဩဇာဂုဏ်ရှိန် ထက်မြက်လိုသူတွေ အတွက်ကတော့ တေဇအရပ်မှာ လိုရာဆုတောင်းပြီး စွန့်ရမယ်။

ဒုတိယနေ့ဖြစ်တဲ့ ကိုယ့်ရဲ့အမြစ်နေ့မှာ ကိုယ်ဟာ လာဘ်ပွင့်နေတယ်။ ဒါကြောင့် စီးပွားဥစ္စာအကျိုးဖြစ်ထွန်းမှုကို ပေးစေနိုင်တဲ့ ပရိဝါရနဲ့ ဂဟပတိ အရပ်တစ်ခုခုမှာ နှစ်သက်ရာကို ရွေးပြီး ရေကိုစွန့်ရမယ်။

ကောင်းသော လောကဓံလေးမျိုးထဲက သုခနဲ့ လာဘကို လိုချင်သလား။ ဒါဆို ဂဟပတိအရပ်မှာ လိုရာဆုတောင်း စွန့်ရမယ်။


ပသံသာနဲ့ ယသောကို လိုချင်သလား။ ဒါဆို ပရိဝါရ အရပ်မှာ လိုရာဆုတောင်း စွန့်ရမယ်။

နောက်ဆုံးနေ့ဖြစ်တဲ့ ကိုယ့်ရဲ့စတုရန်းနေ့မှာ ကိုယ်ဟာ နဝင်းမာတ်မိပြီး အောင်မြင်ခြင်း အပြည့်ရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com




ဒါကြောင့် အာယု၊ နဂရ၊ ဌာန အရပ်တွေထဲက တစ်ခုခုကို ရွေးချယ်ပြီး ရေကိုစွန့်ရမယ်။

သက်ရှည်ကျန်းမာ ရောဂါပျောက်ကင်းချင်တာလား။ အာယုအရပ်မှာ လိုရာဆုတောင်းပြီး စွန့်ရမယ်။

အပြောင်းအလဲနဲ့ တိုးတက်မှုကို ရှာလိုတာလား။ နာဂရအရပ်မှာ စွန့်ပါ။

ကြည်ငြိမ်ခိုင်မာခြင်းနဲ့အတူ ရရှိပိုင်ဆိုင်ပြီးသမျှတွေ မြဲမြံစေလိုတာလား။ ဌာနအရပ်မှာ ဆုတောင်းပြီး စွန့်လိုက်တာပေါ့။

ကဲ အခုပြောခဲ့တဲ့ သရုပ်ခွဲခြင်းတွေကို ပိုပြီးရှင်းလင်းသွားအောင် အကျဉ်းချုပ်ဇယားလေး ပြုစုပေးလိုက်ပါတယ်။

**ကြီးရန်းနေ**

ဘုမ္မိ = အညွှန့်ပျောက်

သိရီ = အိမ်တွင်းရေး၊ စန်းပွင့်

တေဇ = မ,စ ချီးမြှင့်

**အမြစ်နေ**

ဂဟပတိ = ငွေ၊ သုခ

ပရိဝါရ = အခြံအရံ၊ ကျော်ကြား

**စတုရန်းနေ**

အာယု = ကျန်းမာ

နဂရ = တိုးတက်၊ ပြောင်းလဲ

ဌာန = တည်ငြိမ်၊ ခိုင်ခံ့

ကဲ. . . နောက်ဆုံး ဒီယတြာရဲ့ အနှစ်သာရပိုင်းလေးကို ပြောပြမယ်။ အများနားလည်အောင် လွယ်လွယ်ပဲပြောပါမယ်။ ဒီယတြာမှာ ရေ မြေ လေ၊ မီး ဓာတ်ကြီးလေးပါးအစုံ ပါဝင်နေပါတယ်။ ရေတစ်ခွက်က အာပေါ၊ မီးပူဇော်တာက တေဇော၊ အမွှေးတိုင်ထွန်းပြီး ရနံ့တွေ လွင့်လိုက်တာက ဝါယော၊ နောက်ဆုံးဆုတောင်းပြီး မြေပေါ်ကို ရေလောင်းချလိုက်တာ (အလှူရေစက်ချတဲ့ သဘောမျိုး) ကတော့ ပထဝီ အတွက်ပေါ့။

ဓာတ်ခိုက်တဲ့သဘောလေး နည်းနည်းဆက်ပြောဦးမယ်။ တွန်းအားပေးတဲ့ စွမ်းအင်တွေဟာ တေဇောနဲ့ ဝါယောက စတယ်။ (ဒါဟာ ပူဇော်လိုက်တဲ့ အမွှေးတိုင်နဲ့ ဖယောင်းတိုင်ပေါ့)။

နောက်ဆုံးမှာ ပကတိအရှိအဖြစ်နဲ့ ကျန်နေတဲ့အာပေါကို (ရေဆိုတာက ငွေ၊ ကျန်းမာခြင်း၊ စိမ့်ဝင်ထိုးဖောက်ခြင်း၊ အေးမြကြည်လင်ခြင်း၊ သာယာစိုပြည် စိမ်းလန်းခြင်း စတဲ့ အနက်ဖွင့်ဆိုမှုတွေကို မမေ့ပါနဲ့) ကမ္ဘာမပျက်သရွေ့ ခိုင်ကျည်နေမယ့် ဝသုန်ပထဝီပံသုပေါ်ကို သွန်းလောင်းချလိုက်တယ်။ ဒီအခါ မြေနဲ့ရေတို့ စေးကပ်ဖွဲ့စည်းပြီး တည်ငြိမ်မြဲမြံတဲ့ ရုပ်ဓာတ်တစ်ခု ထွန်းကားသွားတယ်။

ဂန္ထာရီစကားနဲ့ ပြောရရင်တော့ အင်း၊ ဆေး၊ အင်္ဂရတ်၊ ဓာတ်စမ၊ ဝေဒဗေဒင် ဘယ်ပညာရပ်မှာပဲဖြစ်ဖြစ် ဒီလို ပထဝီနဲ့အာပေါ ရောယှက်သွားတဲ့ အခြေအနေကို "ကမ္ဘာတည်တယ်" လို့ခေါ်ပါတယ်။ ကဲ. . . ဒီလောက်ဆို သဘောပေါက်လောက်ရောပေါ့နော်။

ဗေဒင်အတတ်နဲ့ ပတ်သက်လို့ ဘုမ္မိကိန်းဆိုတာ ဘယ်လိုရှာရမယ်၊ အရပ်မျက်နှာ ဘယ်လိုရွေးရမယ် မသိအောင်ကို သူစိမ်းပြင်ပြင် ဖြစ်နေသူများအတွက် တနင်္ဂနွေသားကို ဥပမာထားလို့ အရပ်မျက်နှာ ဇယားလေးတစ်ခု ဆွဲပေးလိုက်ပါတယ်။

ကျန်နေ့သားများကတော့ ကိုယ့်မွေးနံအရပ်ကို ပရိဝါရကစလို့ အစဉ်လိုက် ရွှေ့ပြောင်းလှည့်ချသွားရုံပါပဲ။

❒ ရွှေမှန်ဦး



www.burmeseclassic.com

www.burmeseclassic.com

# အခုတော့ မြေကွက်ရောင်းထွက်ပြီ မဟုတ်လား

**နတ်မျက်စိ ဆရာအောင်စိုး**

နွေနှောင်းတစ်နေ့. ပူပြင်းသည့်အပူရှိန်နှင့် ပရိသတ် အကြားတွင် စိတ်ကို ရှင်းလင်းအောင်ထားပြီး ဟောနေရ သည့်အချိန်၌ စာရေးသူရဲ့ ဟောခန်းအပြင်ဘက်တွင် . . .

"ဒေါက်ဒေါက်ဆရာ ဆိုတာ ဒီဟောခန်းက ဆရာပါ လားရှင်"

ဆိုတဲ့ မော်လမြိုင်သံဝဲဝဲဖြင့် အမေးသံသည် စာရေး သူရဲ့ မွေးဇာတိ မော်လမြိုင်မှ အသံမှန်း သိရသည်ကတစ် ကြောင်း၊ ဒေါက်ဒေါက်ဆရာဆိုသည်မှာ မော်လမြိုင်နှင့် အနီး တစ်ဝိုက် မြို့ရွာများမှ စာရေးသူအား အမည်ပေးခေါ်ဆိုသော နာမည်ဖြစ်ရကား ထိုဒေါက်ဒေါက်ဆရာဆိုသည့် နာမည်ကို မေးမြန်းလာသူမှာ ရင်းနှီးသူသာ ဖြစ်ရမည်သာဖြစ်၍ ဟော နေရင်းတန်းလန်းနှင့်ပင် ဟောခန်းအပြင်သို့ထွက်ကာ . . .

"ဘယ်သူများလဲလို့မှတ်တယ်၊ မခင်စီမြင့်ပါလား"

မခင်စီမြင့်က မော်လမြိုင် ဘီလူးကျွန်း ရွာလွတ်ရွာမှ ဖြစ်သည်။ စာရေးသူမှ . . .

"ဘာကိစ္စလဲ မခင်စီမြင့်"

"ဩော်, ဗေဒင်ဆရာဆီလာမှတော့ ဗေဒင်နဲ့ပတ်သက် တာပေါ့"

မွန်မလေး ငေါ်တူးစွာ ပြန်ချေပတော့သည်။

"ကဲကဲ ခဏလောက်တော့စောင့်၊ မနက်ကတည်းက တန်းစီနေတဲ့သူတွေကို အားနာစရာနော်"

*

"ကဲ မွန်မ ဘာအကူအညီပေးရမလဲ ပြော"

"ဒီလိုပါ ဆရာကြီး၊ ပုလဲမြို့သစ်က ကျွန်မ မြေလွတ် ကြီး ရောင်းထွက်အောင် ကူညီပေးပါဦးဆရာ၊ ဆရာတွေလဲ ပြနေပြီ၊ ကျွန်မကတော့ အဆင်မပြေဘူးဖြစ်နေတယ် ဆရာ ကြီး ကျွန်မအမျိုးသားလဲ အလုပ်သစ်လုပ်ဖို့ရယ်၊ အိမ်သစ် ဆောက်ဖို့ရယ် ငွေအမြန်လိုလို့ ဆရာကြီးရယ်"

"ရပြီ ရပြီ၊ ဒီလောက်ဆို သဘောပေါက်ပြီ၊ ကဲ, ရေး မြေကွက်ရောင်းဖို့ ယတြာ"

မခင်မြင့်စီမှ . . .

"ဆရာ့ယတြာက လွယ်လွယ်လေးနော် ဖြစ်ပ့ါမလား၊ ကန်တော့ပွဲကြီးထိုး၊ ဓာတ်ရိုက်ဓာတ်ဆင် အဆင့်မြင့်မြင့် မလုပ် ဘူးလား ဆရာကြီး"

"ယုံယုံကြည်ကြည်လုပ်စမ်းပါ သူငယ်ချင်းရာ၊ မင်းမှာ လဲ ငွေဝင်းကိန်း မြင်နေပြီ၊ အိမ်ရာသစ်ရကိန်းလဲ တွေ့ထား ပြီဆိုတော့ လုပ်သာလုပ်တော့ မခင်စီမြင့်ရေ"

မိုးဦးတစ်နေ့ စာရေးသူရှေ့မှာ ရှိရိုသေသေဖြင့် သူငယ် ချင်းမ ဖြစ်သူရဲ့ ရတောင့်ရခဲ လေးစားသောအမူအရာဖြင့်. .

"မြေကွက်ရောင်းရတဲ့အတွက်၊ တို့ဆရာကြီး သူငယ် ချင်းဒေါက်ဒေါက်ဆရာအတွက် ငါးနှပ်ခြောက်၊ ရွာလတ် ခေါက်မုန့်ပါရှင်"

ကျွန်တော့်အနေနှင့် ဘီလူးကျွန်း ရွာလွတ်သူအား ချေပေးသော ယတြာမှာ . . .

ကြာသပတေးနံနက် ၈ နာရီ ၁၅ မိနစ်မှာ မန်ကျည်း ကိုင်း တစ်တောင်ခန့် တစ်ဖက်ကို ချွန်အောင်ခုတ်ပြီး ထိုမန် ကျည်းကိုင်းကို မြေကွက်ရှေ့ပေါက်ကို မျက်နှာမူပြီး မြေကို အပေါက်ဝသို့ တူးထုတ်ပာန်ပြုပါ။ နှုတ်မှ ပဋ္ဌာန်းကို ရှစ်ခေါက် ရွတ်ဆိုပါ။

ပြီးနောက် တူးပြီးရရှိသော မြေစာကို ဘယ်လက်နှင့် ယူပြီး မြေကွက်နှင့်အနီးဆုံး လမ်းဆုံသို့ သွားရောက်ကာ. .

"ထိုက်သူများ လာဝယ်ကြ" ဟု နှုတ်မှ ခုနစ်ကြိမ် ရွတ် ဆိုပေးရုံမျှသာ။

အကယ်၍ တစ်ကြိမ်နှင့်အဆင်မပြေပါက ကြာသပ တေးနေ့တိုင်း (ခုနစ်) ကြိမ်ဆောင်ရွက်ပါရန်။ အောင်မြင် ပါက အနီးဆုံးဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဟင်းလှူဒါန်းရန် တိုက်တွန်းအပ်ပါသည်။

မေတ္တာထားလျက် . . .

❒ **နတ်မျက်စိ-ဆရာအောင်စိုး**



www.burmeseclassic.com

www.burmeseclassic.com

# မင်္ဂလာအခါကောင်းရွေးနည်း



သုတေသက ဝီမင်း

တောင်ကျွန်း၊ မြောက်ကျွန်း၊ အရှေ့ကျွန်း၊ အနောက်ကျွန်း တည်းဟူသော ကျွန်းကြီးလေးကျွန်း ရှိရာတွင် မိမိတို့ နေထိုင်ရာသည် တောင်ကျွန်းဟု အစဉ်အလာအရ ယုံကြည်ကြသည်။ တောင်ကျွန်းသည် ဇမ္ဗူဒိပ် လက်ယာတောင်ကျွန်း ဖြစ်ရာ "ဇမ္ဗူဒိပ် နိမိတ်ထွန်းတဲ့ကျွန်း" ဟူ၍လည်းကောင်း၊ "ဇမ္ဗူဒိပ် လက်ယာတောင်ကျွန်း ဩဘာနိမိတ်ကျွန်း" ဟူ၍ လည်းကောင်း အဆိုရှိပေသည်။ အတိတ်တဘောင် နိမိတ် ဆောင်သည့်ကျွန်းဟု နားလည်ရပေသည်။

အယူတော်မင်္ဂလာကျမ်း ဟူ၍ရှိသည်။ ယင်းကျမ်းတွင် အယူတော်မင်္ဂလာ ပညာရှင်ကို ဘုရင်က ပညာစမ်းခန်းများ ပါဝင်သည်။ ဘုရင်၏ရှေ့မှောက်တွင် ချထားသော ရွှေကွမ်းအစ်ကို ကိုင်မကြည့်၊ မ,မကြည့်ဘဲ . . .

"အလေးချိန် ဘယ်လောက်သား ရှိသနည်း" ဟု ဘုရင်ကမေးရာ အယူတော်မင်္ဂလာ ပညာရှင်က လမ်းတွင် ဆင်တိုးသဖြင့် ဝါးကတ် (ဝါးထရံ) ကျိုးကျေနေသည်ကို မြင်တွေ့ခဲ့ရသဖြင့် ကတ်ကျိုး ခြင်းကြောင့် ကိုးကျပ်သားရှိကြောင်း ဖြေကြားလိုက်သည်။ ကွမ်းအစ်ကို ချိန်ကြည့်သောအခါ တစ်ရွေးသားမရွေ့ ကိုးကျပ်သားအပြည့် ရှိနေ၏။

ထို့ပြင် ကြွက်မတစ်ကောင်ကို ခြင်းတောင်းငယ်တစ်ခုဖြင့် အုပ်ထားပြီး . . .

"အထဲမှာရှိနေတာ ဘာသတ္တဝါလဲ ဖြေစမ်း" ဟုမေးရာ ပညာရှိက သူလာစဉ် ဘာတွေတွေ့မြင်ခဲ့သလဲ၊ ဘာထူးခြားချက်ရှိသလဲဟု အတိတ်နိမိတ်ကို ပြန်လည် စဉ်းစားကြည့်သည်။ လမ်းတွင် ဆင်ကိုမြင်ခဲ့သည်။ ဆင်တော့ မဟုတ်တန်ရာ။ ဆင်နှင့်တူသောသတ္တဝါ ဘာရှိသလဲ။ ဝက်၊ ဝက်တော့ မဖြစ်တန်ရာ။ ကြွက်ကတော့ ခပ်ဆင်ဆင်တူသည်။

ကြွက်ဖြစ်နိုင်သည်ဟု နိမိတ်ကောက်ကာ . . .

"မှန်လှပါ . . . ကြွက် သတ္တဝါပါဘုရား" ဟုဖြေကြားရာ ကွက်တိမှန်နေ၏။

"ကောင်းပြီ၊ ကြွက်ဖြစ်လျှင် တစ်ကောင်လား နှစ်ကောင်လား၊ ဆက်ဖြေစမ်း" ဟု ပညာစမ်းပြန်သည်။

ပညာရှိက လမ်းတွင် ဆင်သုံးကောင် မြင်ခဲ့သဖြင့် အတိတ်ကောက်ပြီး . . .-

"သုံးကောင်ပါ ဘုရား"ဟု ဖြေကြားလိုက်လေသည်။

ထိုအခါ ဘုရင်က ကြွက်တစ်ကောင်တည်းသာ ထည့်ထားသဖြင့် ပညာရှင်လုလင်၏ ဖြေဆိုချက် မှားယွင်းကြောင်းကို "မှားတယ်၊ ဟောဒီမှာကြည့်" ဟုဆိုပြီး အုပ်ဆောင်းကို ဖွင့်လိုက်ရာ ကြွက်မကြီးက ကြွက်ကလေးနှစ်ကောင် ပေါက်ကာ သုံးကောင်ဖြစ်နေသည်ကို အံ့ဩစွာ တွေ့ရှိရလေသည်။ (ကြာနီကန်ဆရာတော်၏ တရားခွေမှ)

### အချိန်အခါကောင်းကိုဆောင် အောင်ရမည်

အတိတ် နိမိတ် စနည်း တဘောင် စသည်ကိုယုံကြည်ကြသော မြန်မာတို့သည် ဗေဒင်ကိုလည်း ယုံကြသည်။ အချိန်အခါ နာရီ စသည်တို့ကိုလည်း တိုင်းထွာမှတ်သား၍ ဆောင်ရွက်ကြသည်။ အိမ်ဆောက်၊ ကျောင်းဆောက် ကိစ္စတို့တွင်လည်း အချိန်အခါကို ရွေးကြသည်။ ကုသိုလ်ဒါန ပြုကြရာတွင်လည်း နေ့ကောင်းရက်သာကို ရွေးပြီးမှ ပြုလုပ်လေ့ရှိကြ၏။

### အချိန်အခါရွေးနည်း

၁။ အောင်-သာ နေမွန်းတည့်
၂။ င-ဆင် သုံးချက်တီး
၃။ ရွှေ-ပြည့် တက်တုန်းခါ
၄။ န-နှာ နေထွက်ဝင်



www.burmeseclassic.com

www.burmeseclassic.com

၁။ တနင်္ဂနွေ-သောကြာ၊ မွန်းတည့်ခါ၊ ဘယာဘေးမျိုး အောင်။
၂။ တနင်္လာနှင့် အင်္ဂါတစ်သီး၊ သုံးချက်တီး၊ ရန်မီးကင်း လွတ်ရှောင်။
၃။ ကြာသပတေး တစ်ထူး၊ ဗုဒ္ဓဟူး ဂုဏ်၊ နေလျှင်တက်၊ မပျက်ဤလူ့ဘောင်။
၄။ နေထွက် နေဝင်၊ စနေပင်၊ ဆောလျင် ရန်မျိုးအောင်။ (ဆောင်ပုဒ်)

အထက်ပါဆောင်ပုဒ် လင်္ကာများအရ . . .

'အောင်' တနင်္ဂနွေနေ့နှင့် 'သာ' သောကြာနေ့တို့တွင် နေမွန်းတည့်ချိန် နေ့လယ် ၁၂ နာရီသည် မင်္ဂလာအခါ ဖြစ်ပါသည်။

'င' တနင်္လာနှင့် 'ဆင်' အင်္ဂါနေ့တို့သည် နံနက် ၃ နာရီနှင့် ညနေ ၃ နာရီ အချိန်တို့သည် မင်္ဂလာအခါ ဖြစ်ပါသည်။

'ရွှေ' ဗုဒ္ဓဟူးနေ့နှင့် 'ပြည့်' ကြာသပတေးနေ့တို့တွင် နံနက်နေထွက် နေတက်သောအချိန်သည် မင်္ဂလာအခါ ရသော အချိန်ကောင်းဖြစ်ပေသည်။

'နန္ဒာ' စနေနေ့တို့တွင် နေထွက်ချိန်၊ နေဝင်ချိန်တို့သည် မင်္ဂလာအခါကောင်း ဖြစ်ပေသည်။

သူ့နေ့ရက်နှင့်သူ အချိန်ကာလကို တွက်ချက်၍ မိမိတို့လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ကြပါက မုချအောင်မြင်ရမည်။ ဘေးရန်ခပ်သိမ်း ရှောင်ဖယ်တိမ်းပြီး အေးငြိမ်းချမ်းသာစွာ ပြီးစီးနိုင်သည်ဟု ဆိုလိုပေသည်။

အခါကြီး (၈) ပိုင်း ပိုင်းနည်း

၁။ သူရဋ္ဌ (၁)
၂။ သောကြာ (၆)
၃။ ဗုဒ္ဓ (၄)
၄။ စန္ဒော (၂)
၅။ သောရီ (၇)
၆။ ဂုရု (၅)
၇။ ဘောမ (၃)
၈။ သူရဋ္ဌ (၁)

နေထွက် ၆ နာရီမှ နေဝင် ၆ နာရီအတွင်း (၈)ပိုင်း ပိုင်းရသည်။

နေထွက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီထိ ပထမ (၄) ပိုင်း။

မွန်းတည့် ၁၂ နာရီမှ နေဝင် ၆ နာရီထိ ဒုတိယ (၄) ပိုင်းဖြစ်သည်။

တစ်ပိုင်း တစ်ပိုင်းတွင် စက်နာရီအားဖြင့် တစ်နာရီခွဲနှင့် ညီမျှ၏။ တစ်ပိုင်းကို တစ်ချက်တီးဟု သတ်မှတ်ရာ နံနက်ပိုင်းတွင် နံနက် တစ်ချက်တီး၊ နှစ်ချက်တီး၊ သုံးချက်တီး၊ လေးချက်တီးနှင့် ညနေပိုင်းတွင်လည်း ညနေ တစ်ချက်တီး၊ နှစ်ချက်တီး၊ သုံးချက်တီး၊ လေးချက်တီး ဟူ၍ မှတ်သားရ၏။

ဆောင်ရွက်ရမည့်အချိန်

၁။ နံနက် တစ်ချက်တီးသည် သူရဋ္ဌအချိန် (နံနက် ၆ နာရီမှ ၇ နာရီခွဲ)
၂။ နံနက် နှစ်ချက်တီးသည် သောကြာအချိန် (နံနက် ၇ နာရီခွဲမှ ၉ နာရီ)
၃။ နံနက် သုံးချက်တီးသည် ဗုဒ္ဓအချိန် (နံနက် ၉ နာရီမှ ၁၀ နာရီခွဲ
၄။ နံနက် လေးချက်တီးသည် စန္ဒောအချိန် (နံနက် ၁၀ နာရီခွဲမှ ၁၂ နာရီ)
၅။ ညနေ တစ်ချက်တီးသည် သောရီအချိန် (မွန်းလွဲ ၁၂ နာရီမှ ၁ နာရီခွဲ)
၆။ ညနေ နှစ်ချက်တီးသည် ဂုရုအချိန် (ညနေ ၁ နာရီခွဲမှ ၃ နာရီ)
၇။ ညနေ သုံးချက်တီးသည် ဘောမအချိန် (ညနေ ၃ နာရီမှ ၄ နာရီခွဲ)
၈။ ညနေ လေးချက်တီးသည် သူရဋ္ဌအချိန် (ညနေ ၄ နာရီခွဲမှ ၆ နာရီ)

ဥပမာ . . .

* တနင်္ဂနွေနေ့တွင် မင်္ဂလာအခါကောင်းသည် နေမွန်းတည့်ချိန် ၁၂ နာရီ ဖြစ်သည်။ စန္ဒောအချိန် ဖြစ်သည်။
* တနင်္လာနေ့တွင် သုံးချက်တီး (နံနက် ၉ နာရီ) ဗုဒ္ဓအချိန်ဖြစ်သည်။
* အင်္ဂါနေ့၏ မင်္ဂလာအချိန်အခါကောင်းသည်လည်း သုံးချက်တီးအချိန် (နံနက် ၉ နာရီ)
* ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့၏ မင်္ဂလာအချိန်သည် နေတက်ချိန် (နံနက် ၆ နာရီ) သူရဋ္ဌအချိန်ဖြစ်သည်။
* သောကြာနေ့၏ မင်္ဂလာအချိန်သည် နေမွန်းတည့် (နေ့လယ် ၁၂ နာရီ) စန္ဒောအချိန် ဖြစ်သည်။
* စနေနေ့ဖြစ်လျှင်ကား နေထွက်ချိန်၊ နေဝင်ချိန် (နံနက် ၆ နာရီ၊ ညနေ ၆ နာရီ) သူရဋ္ဌအချိန် ဖြစ်သည်။

မင်္ဂလာအခါကောင်းနှင့် အကြောင်းကောင်းတွေကို ဆောင်ရွက်ပြီး အကျိုးကောင်းတွေကို ရရှိခံစားကြရပါစေကုန်သတည်း။

❑ သုတေသက ခံမင်း

ကျမ်းကိုး

ဆရာဖြစ်သင် ဘိသိက်မင်္ဂလာကျမ်း၊ ဆရာကုက္ကန္ဓဇိရ



www.burmeseclassic.com

www.burmeseclassic.com



# ဂါထာအမှန် အင်းအခံ

ဆောင်းဦး(တောင်ငူ)

လွန်ခဲ့သော ၁၃ နှစ်လောက်က "ရသေ့ဆယ်ဦး၏ ထူးမြတ်သောဂါထာ" ဆိုတဲ့ ဂါထာလေးတစ်ပုဒ် ရရှိခဲ့ပါတယ်။ ဖတ်ကြည့်တော့ ပါဠိ ပါဌ်သား မပါတဲ့အပြင် အပြန်အလှန် အဖုံးအပိတ်သဘော သီးကုံးထားတာရယ်၊ ရွတ်ရလွယ်တာရယ်၊ ဖော်ပြထားတဲ့ကောင်းကျိုးတွေ လိုချင်တာလည်းပါတာနဲ့ နေ့စဉ်ရွတ်ပွားခဲ့ပါတယ်။

အစက မသိပေမယ့် နှစ်နှစ်လောက် ကြာလာတော့ ဂါထာမှာသီကုံးထားတဲ့ အပိုဒ်တွေက တစ်ပိုဒ်နဲ့တစ်ပိုဒ် မတူညီဘဲ လိုတဲ့အပိုဒ်ကလိုပြီး ပိုတဲ့အပိုဒ်ကပိုနေတာ၊ မတူညီတဲ့ အပိုဒ်နှစ်ခု အကူးအပြောင်းမှာ ရွတ်ဆိုရတာ မချောမွေ့တာ သိလာပါတယ်။ ဒါကြောင့်လည်း အမှန်မဟုတ်သေးဘူး ထင်တာနဲ့ ရွတ်ပွားမှုကို ရပ်လိုက်ပါတယ်။

ဆက်လက် မရွတ်မပွားများပေမယ့် အခြေအနေ ပေးရင်ပေးသလို မူလဂါထာအမှန်ကိုတော့ လက်လှမ်းမီသရွေ့ ရှာဖွေခဲ့ပါတယ်။ ရှာလို့တွေ့သမျှဟာလည်း ကိုယ်ရထားတဲ့ အတိုင်းဖြစ်နေတော့ အရာမထင်ခဲ့ပါဘူး။

ဂါထာတော်တွေကို ရွတ်ဆို ပွားများရာမှာ သမ္ဗုဒ္ဓေဂါထာတော်ရဲ့ဖြစ်စဉ်သမိုင်းလေးဟာ သတိထားစရာပါ။ မူလသမ္ဗုဒ္ဓေဂါထာတော်ဟာ ထိထိရောက်ရောက် ကျင့်ကြံပွားများလျှင် ကိုယ်ပျောက်နိုင်စွမ်းတောင်ရှိတဲ့အတွက် နှစ်ပိုဒ်ကို ရဟန္တာအရှင်မြတ်က ကွယ်ပျောက်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီဂါထာကို အဘဘိုးဘိုးအောင် ဂန္ဓာရီလမ်းအစ ကျင့်ကြံတော့ လိုနေတဲ့အပိုဒ်ကို အဘဘိုးဘိုးအောင်ရဲ့ ဆရာတော်ကြီးက နှစ်ကြိမ်တိုင်တိုင် ပြန်ဖြည့်စွက်ပေးခဲ့ရဖူးပါတယ်။ ဒီအသိလေးကလည်း ကိုယ့်သံသယကို ထောက်ခံပေးသလို ဖြစ်နေပါတယ်။

"ရသေ့ဆယ်ဦး၏ ထူးမြတ်သော ဂါထာ" အမှန်ကို ရှာကြည့်ရင်း ဝါသနာအလျောက် အင်းပညာကိုလည်း လေ့လာဖြစ်ပါတယ်။ လေ့လာရာမှာလည်း တတ်ကျွမ်းနားလည်တဲ့အဆင့်အထိ စနစ်တကျ လေ့လာပုံမျိုးမဟုတ်ဘဲ နားလည်သမျှ အတိုင်းအတာလေးနဲ့ ဉာဏ်စမ်းပဟေဠိ အဖြေကြည့်တဲ့သဘောပါ။ အင်းတစ်ကွက်ကိုမြင်ရင် အင်းအမျိုးအစားကဘာလဲ၊ အင်းအသွားက ခရုပတ်လား၊ မြင်းသွားလား၊ ရထားပြေးလား၊ အဝင်အင်းလား၊ အထွက်အင်းလား၊ ထိုးအင်း၊ ဆုတ်အင်းလား အဖြေရှာကြည့်တာပါ။

အဲဒီမှာ အမှတ်မထင် ဆိုသလိုပါပဲ။ ရသေ့ဆယ်ဦးဂါထာဟာ "သရဘူဂါထာ" အမျိုးအစားနဲ့ တူညီနေပါတယ်။ ဒီတော့ "သရဘူအင်း" ကို ရှာရပြန်ပါတယ်။ "မြတ်စွာဘုရားသရဘူအင်းတော်" "ရှင်သာရိပုတ္တရာသရဘူအင်းတော်" "ရှင်မေဂ္ဂလ္လာန်သရဘူအင်းတော်" သုံးမျိုးတွေ့ပါတယ်။

သရဘူအင်းကွက်ထဲကို ရသေ့ဆယ်ဦးဂါထာကို အင်းသွင်း အင်းချပါတယ်။ နောက် ချထားတဲ့အင်းဆံ သွားတဲ့အတိုင်း အက္ခရာစီပြီး ဂါထာပြန်ဖွဲ့ကြည့်ပါတယ်။

***အင်းတော်ရဲ့ ထူးခြားချက်က ဂါထာတစ်ပိုဒ်မှာရှိသင့်တဲ့ အက္ခရာလုံးရေ မှန်ရင် အင်းဝင်ပြီး မမှန်ရင်မဝင်ပါဘူး။ နောက်တစ်ခါ အက္ခရာလုံးရေ မှန်လို့ အင်းဝင်ပြန်သော်လည်း ဂါထာအက္ခရာ နေရာလွဲနေရင် အင်းသွားအတိုင်း အက္ခရာစီ ဂါထာပြန်ဖွဲ့ရင် မူလဂါထာနဲ့ကွဲလွဲပါတယ်။***

ဒီနည်းနဲ့ "ရသေ့ဆယ်ဦး၏ ထူးမြတ်သောဂါထာ"ကို အင်းခြောက်အင်း ရေးဆွဲလို့ရပြီး ဂါထာအပိုဒ် (၃)တစ်ခုတည်း အင်းလည်းဝင် အင်းကပြန်ထွက်တဲ့ အဖြေလည်းမလွဲ မှန်နေပါတယ်။ ဂါထာအပိုဒ် (၂) နဲ့ (၅) ကတော့ အင်းဝင်သော်လည်း အင်းပြန်အဖြေ နည်းနည်းကွဲလွဲပြီး ကျန်ဂါထာပိုဒ်တွေအားလုံး အင်းမဝင်ကြပါဘူး။

လက်တွေ့ ဆောင်ရွက်ကြည့်နိုင်အောင် ဂါထာနဲ့ အမှန်ဆုံးအင်းနှစ်ကွက်ကို ဖော်ပြပေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

၁။ တောတေတာန - နတာတေတော၊ တေနမာနာ - နာမာနတေ၊ နနတေပဟိ - ဟိပတေနန။

၂။ ဝေတသာကု - ကုသာတဝေ၊ တသာယတာ - တာယသာတ၊ သာသာတိကု - ကုတိသာသာ၊ ကုတကုတု - တုကုတကု။

၃။ တေဝါကာနိ - နိကာဝါတေ၊ ဝါတိကာသု - သုကာတိဝါ၊ ကာကာယေဘ - ဘယေကာကာ၊ နိသုဘယံ - ယံဘသုနိ။

ဩောင်း နမောဗုဒ္ဓါယ - ယဒ္ဓါဗုမောန ဩောင်း၊
ဩောင်း ပုဒိအာ - အာဒိပု ဩောင်း၊

၄။ ယတာဒမ - မဒတာယ၊ တဝတမ - မတဝတ၊ တံသေကာမ - မကာသေတံ၊ ကာသိယမ - မယသိကာ။

၅။ နမောတေန - နတေမောန၊ မောဟယောက - ကယောဟမော၊ တေယောဟေမ - မဟေယောတေ၊ မကမတ - တမကမ။

၆။ ဩောင်း ဝိဟာရ - ရဟာဝိ ဩောင်း၊ ဝိမုက္ခာဓ - ဓက္ခာမုဝိ၊ ကာမုကယ - ယံကမုကာ၊ ခယခယ - ယခယခ။

(၃) အင်းပြန်ဂါထာ

တေဝါကာနိ - နိကာဝါတေ၊
ဝါတိကာသု - သုကာတိဝါ၊
ကာကာယေဘ - ဘယေကာကာ၊
နိသုဘယံ - ယံဘသုနိ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ယံ | ယံ | | | |
| | | ယေ | တ | တ | ယေ | | |
| | တိ | ကာ | သု | သု | ကာ | တိ | |
| တေ | ဝါ | ကာ | နိ | နိ | ကာ | ဝါ | တေ |

(၅) အင်းပြန်ဂါထာ

နမောတေန - နတေမောန၊
မောဟယောက - ကယောဟမော၊
တေယောဟေမ - မဟေယောတေ၊
မကမတ - တမကမ။

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | က | က | | | |
| | | ဟေ | မ | မ | ဟေ | | |
| | ဟ | ယော | က | က | ယော | ဟ | |
| န | မော | တေ | န | န | တေ | မော | န |

ယခုဖော်ပြထားတာကိုကြည့်ရင် ပါဠိဘာသာ ကျွမ်းကျင်သူ ပညာရှင်များအနေနဲ့ အဖြေမှန်ကို ဖော်ထုတ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့်အနေနဲ့ မှားနိုင်တယ်ထင်တဲ့ ကိုယ့်သံသယကို အထောက်အထား တင်ပြရုံသာဖြစ်ပြီး ဗားမဲ့ဆရာတော်ဘုရားကြီး စီရင်ခဲ့တဲ့ ဂါထာအပေါ် ပြုပြင်ခြင်း၊ ဝေဖန်ခြင်း မပြုရပါ။ ယုံကြည်စွာ ရွတ်ဆိုပွားများသူအားလုံး မှန်ကန်ထိရောက်တဲ့ အကျိုးတရားများ ရရှိစေချင်သလို အမှန်မဟုတ်တဲ့ အမှားအတွက်နဲ့ တန်ဖိုးရှိလှတဲ့ ဘဝအချိန်တွေ မကုန်စေချင်တဲ့ ဆန္ဒပါ။

မူလသရဘူဂါထာနဲ့ အသုံးကတော့ နေ့ကောင်းရက်မြတ်မှာ ကျီးမနားထန်းရွက်မှာချပြီး မြတ်စွာဘုရားအင်း ပထမ၊ ရှင်သာရိပုတ္တရာအင်း ဒုတိယ၊ ရှင်မောဂ္ဂလ္လာန်အင်း တတိယ ထားပြီး အတွင်းအပြင်မှန်အောင်ထားပြီးလိပ် သစ်စေးသုတ် ရွှေချ တန်ခိုးကြီးဘုရားမှာ ဂုဏ်တော်ငါးပါး တစ်ထောင်ရွတ် သိဒ္ဓိတင်ထား စစ်ထိုးစစ်ချီသွားရာမှာ အဆောင်ပြုရင် ကိုယ်နဲ့အတူ နောက်ပါအားလုံးကိုပါ ကာကွယ်စောင့်ရှောက်နိုင်တဲ့အတွက် လိုအပ်သူများ အသုံးပြုနိုင်ရန် တင်ပြလိုက်ပါတယ်။

မြတ်စွာဘုရား၏ သရဘူအင်းတော်

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ခ | ခ | | | |
| | | ဂါ | ရ | ရ | ဂါ | | |
| | အ | မ္ဗု | ခ | ခ | မ္ဗု | အ | |
| ဩ | မိ | ယာ | ရ | ရ | ယာ | မိ | ဩ |

ရှင်သာရိပုတ္တရာ၏ သရဘူအင်းတော်

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | ဂ | ဂ | | | |
| | | ကာ | ခ | ခ | ကာ | | |
| | မာ | ယော | ဂ | ဂ | ယော | မာ | |
| ဓ | လာ | ဒေ | မ | မ | ဒေ | လာ | ဓ |

ရှင်မောဂ္ဂလ္လာန်၏ သရဘူအင်းတော်

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | သူ | သူ | | | |
| | | ဝိ | သူ | သုံ | ဝိ | | |
| | သ | သာ | ပါ | ပါ | သာ | သ | |
| သ | ဒါ | ကာ | ကု | ကု | သာ | ဒါ | သ |

❒ ဆောင်းဦး(တောင်ငူ)



www.burmeseclassic.com

www.burmeseclassic.com

# လျှို့ဝှက်ဆန်းကြယ်သော ဂမ္ဘီရအောင်အိုးကပ်လျှနည်း

ယဥ်မင်းပိုင်(အင်းစိန်)



"ရှေးထုံးလည်း မပယ်နဲ့၊ ဈေးသုံးလည်း မလွယ်နဲ့"

"ရှေးထုံးပယ်က လွဲတတ်သည်၊ ဈေးသုံးလွယ်က မွဲတတ်သည်" ဟူသော ရှေးဘိုးဘွားဘီဘင်များရဲ့ ဆိုဆုံးမစကားများကို စာရေးသူတို့ အလေးအနက်ထားကာ လေးစားလိုက်နာခဲ့ကြပါတယ်။

ရိုးရာယဉ်ကျေးမှုတစ်ရပ်အနေနဲ့လည်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပါတယ်။ မေတ္တာ စေတနာတွေ ကြီးမားစွာနဲ့ ထားရှိခဲ့ကြတဲ့ ဩဝါဒလမ်းညွှန်ချက်များနဲ့ ရိုးရာဂမ္ဘီရပညာရပ်များဟာလည်း အဖိုးမဖြတ်နိုင်အောင် လေးနက်နက်ရှိုင်းလွန်းလှပါတယ်။

စာရေးသူအနေနဲ့ ဂမ္ဘီရဆိုင်ရာများကို စိတ်ဝင်တ[illegible] ရှိလှတာကြောင့် လေ့လာမှတ်သားခဲ့ပါတယ်။

တစ်နေ့မှာ ဂမ္ဘီရစာရေးဆရာတစ်ဦးဖြစ်တဲ့ ဆရာ ဂမ္ဘီရလုလင်(ရွှေကျင်)က မင်္ဂလာအကြံပြု ရွှေလမ်းညွှန်ခဲ့[illegible] ဂမ္ဘီရနည်းတစ်ခုကို ဝမ်းမြောက်ဖွယ် ရရှိခဲ့ပါတယ်။ ယ[illegible] 'အောင်အိုး' လို့ခေါ်နေကြတဲ့ 'မြတ်ပန်းအိုးကပ်လှူနည်း'[illegible] ထူးခြားဆန်းကြယ်စွာ ကောင်းကျိုးများတာကြောင့် ယ[illegible] ရေးသားတင်ပြပေးလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

အောင်အိုး၊ မြတ်ပန်းအိုး၊ ဓာတ်ပန်းအိုး၊ နံ့မြှင့်[illegible] စသည်ဖြင့် အမည်အမျိုးမျိုးနဲ့ စီမံဆောင်ရွက်နေကြတဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

မှာ အများအားဖြင့် အိုးကလေးတစ်လုံးမှာ ဓာတ်သက်ဝင် ပန်းများထိုးပြီး ဘုရားကျောင်းဆောင်ပေါ် တင်လှူထားလိုက်ကြတာပါပဲ။ လေးနက်စွာရှိခိုးဆုတောင်းမှုများ မရှိသလောက်ဖြစ်ပါတယ်။

အောင်အိုးထိုးခြင်းဟာ ပြုနေကျ ပန်းအိုးတစ်လုံးမှာ ပန်းထိုးပြီး ကပ်လှူပုံမျိုး မဟုတ်ဘဲ အထူးတလည် ကပ်လှူပူဇော်ခြင်းမျိုးဖြစ်တာကို သတိပြုထားရမှာ ဖြစ်ပါတယ်။

အိမ်တိုင်းမှာ လူတိုင်းဟာ အောင်အိုးထိုးကြပါတယ်။ အောင်အိုးထိုးခြင်းဟာ ကံပွင့် လာဘ်ရွှင်စေဖို့ အောင်ဓာတ်ဆင်ခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် နည်းစနစ်တကျ အောင်အိုးထိုးပြီး အောင်ဓာတ်ကိုဆင်ထားကြဖို့ အထူးလိုအပ်လှပါတယ်။ မည်သူမဆို ဂမ္ဘီရအောင်အိုးကို ကပ်လှူပူဇော်ကြမယ်ဆိုရင် . . .

ရှေးဦးစွာ သေသပ်လှပသော အိုးသစ်ကလေးတစ်လုံး (အတာအိုး)ရဲ့ အပြင်နားဘေးမှာ စမအက္ခရာများ (စဓဗဝ) နဲ့ ကြီးလေးကြီးအက္ခရာများ (ကဃဏဋ) ကို ရေးခြစ်ပြီး အောင်အိုးအဖြစ် အသုံးပြုရမှာ ဖြစ်ပါတယ်။ (ရွှေတိဂုံဘုရားဈေးမှာ ထိုအိုးများ အလွယ်တကူ ရရှိနိုင်ပါတယ်)။

ထိုဂမ္ဘီရအောင်အိုးမှာ အောင်သပြေပန်း ဝေအောင်ထိုးပြီး သဘ္ဘသနဘ္ဘအောင်လံတော်တစ်လက် ထိုးစိုက်ကာ မွှေးနေ့နံနက်စောစော အိမ်ဘုရားတွင် ငါးပါးသီလ ခံယူဆောက်တည်ပြီး ကပ်လှူနည်း ရှိခိုးဆုတောင်းနဲ့ လေးလေးနက်နက် သုံးကြိမ်ရွတ်ဆို ကပ်လှူရမှာ ဖြစ်ပါတယ်။ အောင်အိုးကို အသစ်လဲတိုင်း ထိုနည်းအတိုင်း ကပ်လှူပူဇော်ပါ။ ဓာတ်မြင့်လို့ နံမြင့်ပြီး ကံများလည်း ပွင့်လင်းလာမှာ အမှန်ပဲဖြစ်ပါတယ်။

**ဂမ္ဘီရအောင်အိုး ကပ်လှူနည်း ရှိခိုးဆုတောင်း**

အစိန္တေယျ၊ အစိန္တေယျ၊ အစိန္တေယျ။
အပ္ပမေယျ၊ အပ္ပမေယျ၊ အပ္ပမေယျ။
အနန္တ အဂ္ဂဇေ္ဇ သေဌ။

အတုမရှိ အတိုင်းမသိသော ကျေးဇူးတော် ဂုဏ်တော်အပေါင်းတို့၏ တည်ရာ စုဝေးရာ ဖြစ်တော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးအနန္တတို့နှင့် ပြည့်စုံတော်မူသော ကကုသန္ဓ၊ ကောဏာဂမဏ၊ ကဿပ၊ ဂေါတမ၊ ဝိနလေးဆူ အောင်တော်မူ ရှင်တော်မြတ်ဘုရားကြီးများ။

ခြောက်ပါးဂုဏ်တော်၊ ပူဇော်စံထား၊ တရားဓမ္မ၊ မြိုက်တရားနှင့်၊ မဂ္ဂဋ္ဌာန်၊ ဖလဋ္ဌာန်၊ ရှစ်တန်ထင်ပေါ်၊ အရိယာ ၂ထရ်ကျော်များ။

ဤသို့ဆိုအပ်၊ ရတနာမြတ်ကို၊ ဝန္ဒနာမူ၊ ထိပ်တင်ပြုကာ၊ ဇမ္ဗူတစ်ခွင်၊ တူမမြင်သည့်၊ ဂုဏ်အင်ပြည့်လျှမ်း၊ ခိုးမွမ်းဗုဒ္ဓ၊ ဓဇဒဂ်ရသည့်၊ လာဘသခင်၊ ရှင်သီဝလိမထေရ်ကျော်။

နောင်သော်သာသနာ၊ ရောက်လတ်ခါဝယ်၊ ယုတ်မာအကြံ၊ မကောင်းဉာဏ်ဖြင့်၊ ရန်ပြုလာငြား၊ မာရ်နတ်သားကို၊ ဖယ်ရှားနှိမ်နင်း၊ အောင်ပွဲကျင်းလိမ့်၊ စိန္တာမုနိ၊ သုံးလူ့ထွတ်ထား၊ မြတ်ဘုရား၏၊ မိန့်ကြားဗျာဒိတ်၊ ခွန်းနိမိတ်ဖြင့်၊ ကျွန်းဒိပ်ဇမ္ဗူဝယ်၊ ရန်စွယ်ဟူသမျှ၊ မြူမျှမထင်၊ သန့်စင်ပယ်ရှောင်း။ အောင်ကြောင်းဇေယျာ၊ မင်္ဂလာကို၊ ကောင်းစွာပြုစေတော်မူတတ်၊ အရှင်ဥပဂုတ္တမထေရ်မြတ်။

ထိုဤမှန်းဆ၊ ဂုဏ်အနန္တတို့နှင့်ပြည့်စုံကြငြား၊ ကျေးဇူးတော်ရှင်ကြီးများအား၊ ကံမြင့်ကံပွင့်စေရန်၊ အဓိဋ္ဌာန်ဖြင့်၊ ဤဂမ္ဘီရအောင်အိုးကို အောင်သပြေပန်းတော်ထိုး၍ သဒ္ဓါဓာတ်ဖြိုးကာ လှူဒါန်းပါ၏၊ ပူဇော်ပါ၏ အရှင်ဘုရား။

ဗုဒ္ဓ ဓမ္မ၊ သံဃာ့အာဏာ၊ တေဇာတန်ခိုး၊ ဤမြတ်ပန်းအိုး၌ တည်ပါစေသော်ဝ်၊ တည်စေသော်ဝ်။ ဩြောင်း တေဇ သု၊ နေ၊ မ၊ ဘူ၊ စံ၊ နှာ၊ ဝိ၊ ဝေ၊ ပရမေ ဘုန်းခေါင်၊-ဆယ်စောင်ဇာတ်မဟာ၊ အာနုဘော်ကြောင့်၊ ဆေးတော်ဆယ်ပါး၊ ဤမြတ်ပန်းအိုး၌၊ တည်စေသား။ သိဒ္ဓိဆယ်ပါး၊ ဤမြတ်ပန်းအိုး၌၊ တည်စေသား။ ရတနာဆယ်ပါး၊ ဤမြတ်ပန်းအိုး၌၊ တည်စေသား။

သုံးလူသကျ၊ သမ္ဗုဒ္ဓ၏၊ မိန့်ဟဆိုမြွက်၊ အာဏာစက်ဖြင့်၊ ထက်အောက်ဝန်းချာ၊ ရပ်ဒိသာ့မှ၊ များစွာဆိုက်အောင်း၊ နတ်ဗြဟ္မာအပေါင်းတို့၊ သောင်းသောင်းညီညာ၊ ကြွရောက်လာ၍၊ မြတ်ပန်းအိုးဒကာ (ကျွန်ုပ်တို့ မိသားစု)အား သားသမီးများပမာ စောင့်ရှောက်ပါလော့။

မြတ်ပန်းအိုးတစ်ခွင်၊ ထက်ဝန်းကျင်မှ၊ အစဉ်ကြည့်ရှု၊ မကောင်းမှုများ၊ မလားမထိ၊ မရှိရအောင်၊ စောင်မပါလော့။ ရှစ်သောင်းဝိဇ္ဇာ၊ များဆရာလည်း၊ မကွာနိစ္စ၊ ကြွရောက်ကြကာ၊ စောင့်ရှောက်ပါလော့၊ ဩြောင်း ဇေယျတု သု မင်္ဂလံ။

ဓာတ်ကြီးအစု၊ ပြုပြင်မှုကြောင့်၊ ယခုဖြစ်လာ၊ ခပ်သိမ်းအရာကို၊ ဆယ်ဖြာလက်ထိ၊ ကိုင်မိသမျှ၊ ဩသဓကြီး၊ ကိုင်တိုင်းပြီးကာ၊ ဒေဝါနတ်သား၊ တိုက်ကာကျွေးသို့၊ ဘေးဆိုးကင်းပျောက်၊ ချမ်းသာရောက်ငြား၊ အံ့လောက်ဖွယ်ရာ၊ မဟာဩသဓအသွင်၊ မြန်ပင်ယခု၊ ဖြစ်ပါစေသား၊ ဖြစ်စေသား။

ဗုဒ္ဓတေဇာ၊ ဓမ္မတေဇာ၊ သံဃာ့တေဇာ၊ ဝေဖြာတက်၍၊ ထက်စေသော်ဝ်။

အန္တရာယ်အပေါင်း၊ ဝေးကွာရှောင်း၍၊ အောင်ကြောင်းမင်္ဂလာ ဖြစ်စေသော်ဝ်။


မြတ်သောပူဇော်ခြင်းဖြင့် အောင်ကံများ ပွင့်လင်းနိုင်ကြပါစေ။

**❐ ယဉ်မင်းပိုင်(အင်းစိန်)**



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရ ဆရာလှမျိုး ၊ ဗေဒင် ၊

# ငွေကြေးအကြောင်းကိစ္စ အဆင်ပြေစေရာ ဂါထာနှင့် ယတြာ

စာရေးသူ ဗေဒင်ဟောရာ ကြံတိုင်းအောင်ဟောခန်းသို့ ရောက်ရှိလာ[illegible]ကုန်သော ဗေဒင်မေးပရိသတ်တို့သည် အကြောင်းအရာ အမျိုးမျိုး ခေါင်းစဉ်တပ်ကာ ရောက်ရှိလာကြပါသည်။

အများအားဖြင့် ထိုသူတို့သည် အတိတ်ဖြစ်ရပ်နှင့် အနာဂတ်ဖြစ်ရပ်ထက် ယခုလက်ရှိ ပစ္စုပ္ပန် အခြေအနေ အခက်အခဲကို ဖြေရှင်းလိုသူတွေ များကြသည်။ ဗေဒင်ပညာရပ်တွင် [illegible]မှန်ရှိသလို အမှားတွေလည်း ရှိနိုင်ပါသည်။

ပညာရပ်တစ်ခုကို မှုသေပုံသေ လက်ကိုင်ထားပြီး ဟောကြားသူထက် သီလ၊ သမာဓိနှင့် ပညာ ပေါင်းစပ်ဟောကြားနိုင်သူမှသာ အတိတ်၊ အနာဂတ်အကြောင်းအရာသည် မှန်ကန်နိုင်ပါသည်။ တစ်နည်းအားဖြင့် သမထအားကောင်းသော ပုဂ္ဂိုလ်တို့သည် အကြားဓာတ်၊ အမြင်ဓာတ် အားကောင်းကြပါသည်။

စာရေးသူအနေဖြင့် လောကခံရှစ်ပါးသင်္ချတ်ပညာကို လက်ကိုင်ထား ဟောရာတွင် ရှစ်နှစ်တာကာလအတွင်း အကောင်းအဆိုး ဖြစ်ရပ်ကို အကျိုးအကြောင်းနှင့် ရှင်းပြဟောပေးပါသည်။ နောင် ဆယ်နှစ်မှသာ ဖြစ်မယ်ဆိုတာကို အတိအကျ မဆုံးဖြတ်နိုင်ပါ။

စာရေးသူ (၁၈)နှစ်သားလောက်က လက္ခဏာပညာရှင်ကြီး တစ်ဦးမှ အသက်(၃၅)နှစ်မှာ ဆရာတစ်ဆူဖြစ်မယ်ဟု ဟောဆိုလိုက်ပါသည်။ စာရေးသူလည်း ဘာဆရာဖြစ်မှာလဲဟု မမေးမိပါ။ အသက် (၃၅)နှစ်တွင် အလယ်တန်းပြရာထူးနှင့် ကျောင်းဆရာ ဖြစ်နေပါသည်။ ထို့နောက် ဗေဒင်ပညာလေ့လာလိုက်စားသောအခါ ဗေဒင်ဆရာ၊ စာရေးသောအခါ စာရေးဆရာ စသည်ဖြင့် ဆရာသုံးမျိုး ဖြစ်လာပါသည်။

ကျောင်းဆရာအလုပ် ဝင်သောအခါ ထိုဆရာကြီးဟောတာ သတိရမိပါ၏။ ဆရာတစ်ဆူဆိုတာ ကျောင်းဆရာကိုပြောတာဟု ထင်နေမိ၏။ ယခု လောကီဗေဒင်ဆရာလုပ်နေရသည့် ဗေဒင်ပညာအကြောင်း ပြောရ ရေးရမျှင်



www.burmeseclassic.com

www.burmeseclassic.com

ရေးစရာတွေ တစ်ပုံတစ်ပင်ကြီး ရှိပါသည်။ ဆရာအတော်များများနှင့် ပရိသတ်အများစုမှာ မှန်တာကိုသာ အပြောများကြ၏။ မိမိဟောတာ ဘယ်တုံးက ဘယ်လိုမှားသွားတယ်ဟု မည်သူမျှ လိုက်မပြောကြပေ။

ယခုလက်ငင်း အခြေအနေတွင် အောင်မြင်တာရှိသလို မအောင်မြင်တာလည်း ရှိနိုင်ပါသည်။ လက်တလော သိချင်သော ဖြစ်ချင်သော အကြောင်းအရာများမှာ နိုင်ငံခြားခရီးကိစ္စ၊ ငွေကြေးကိစ္စ၊ အကြွေးကိစ္စ၊ အိမ်၊ခြံ၊မြေ၊ကား အရောင်းအဝယ် ကိစ္စ၊ ငွေကံပွင့် လာဘ်ပွင့် အစီအရင် စသည်တို့ များပါသည်။

ယခု စာရေးသူ ရေးသားတင်ပြမည့် အကြောင်းအရာမှာ ငွေကြေးကိစ္စ၊ အကြွေး၊ လာဘ်ဝင်ငွေရှင်အကြောင်းအရာတို့ဖြစ်ပါသည်။ လောကီလူသားတိုင်း ငွေကြေးကိစ္စ အဆင် [illegible] ထီပေါက်သလို ငွေအစုလိုက် ဝင်လိုသည်။ [illegible] ငွေအကြွေးများ ချောချောမော [illegible]

[illegible] ငွေကြေး စီးပွားရေးကိစ္စ အဆင် [illegible] ဦးစွာပထမ နဝင်းယတြာ ချေပေးပါသည်။ လူတိုင်း အမြဲတမ်း နဝင်းယတြာ လာမချေနိုင်ကြပါ။ ထို့ကြောင့် ငွေကြေးကိစ္စ အဆင်ပြေစေရန် ဂြိုဟ်သက္ကတ်အနေအထားကိုကြည့်၍ ယတြာလမ်းညွှန်ပေးရပါသည်။

ငွေဝင်စေရန် ယတြာနည်းလမ်းကလည်း အမျိုးမျိုးရှိသည်။ ထိုအထဲမှ ထူးခြားသော ယတြာကို မှတ်သား မှတ်တမ်းတင်ထားလိုက်သည်။ ယတြာလည်းချေ၊ အဓိဋ္ဌာန်လည်း ပြုလိုက်ရန် အကြံပေးရပါသည်။ ငွေ၊ ကား၊ ကျောက်၊ အကြွေးဆိုသည်မှာ တနင်္လာနံဟု သတ်မှတ်ထားပါသည်။ တနင်္လာ ၂၏မိတ်သည် ဗုဒ္ဓဟူး ၄ ဖြစ်သည်။ ထို့ကြောင့် တနင်္လာနေ့တွင် ခရေညွှန့်၊ ငုဝါ၊ ငွေ ရွှေပန်း၊ ကြံရည် စသည်တို့ လှူပေးရသည်။

ခရေ (၂+၄ = ၆) ညွှန့်၊ ငုဝါ ၆ ညွှန့်၊ ကြောင်လျှာညွှန့် ၆ ညွှန့်၊ ငွေလာ ရွှေလာ ၆ ညွှန့် တစ်မျိုးမျိုး လှူပေးပါ။ ငွေပန်း နှစ်ကုံး၊ ရွှေပန်း လေးကုံး တွဲလှူပေးပါ။ တနင်္လာနံ ခွေး၊ ခို၊ ငါးများအား တနင်္လာနေ့တိုင်း အစာကျွေးပေးပါ။ ကလေး၊ ကိုရင်ကလေးများအား ကြံရည်၊ အအေးဖျော်ရည်၊ အချိုရည်၊ ချောကလက်၊ ရေခဲမုန့် ကျွေးပေးပါ။ ငွေကြေးကိစ္စ အဆင်ပြေလာပါမည်။

အချို့လည်း နေအိမ်မှာ ခေါင်းလောင်းကလေး ချိတ်ဆွဲထားသည်။ ဘုရားတစ်ဆူဆူ၏ တနင်္လာထောင့်၊ ဗုဒ္ဓဟူး၊ ရာဟုထောင့် တစ်ထောင့်ထောင့်မှာ ခေါင်းလောင်းတစ်ခု ချိတ်ဆွဲလှူဒါန်း ဆုတောင်းပါ။

တစ်ဖန် ငွေ တနင်္လာနံ(၂)၏ မိတ်ဓာတ်မှာ ဗုဒ္ဓဟူးနှင့် ကြာသပတေး ဖြစ်ပါသည်။ ထို့ကြောင့် (၄+၅)တွဲကို မကြာခဏ လှူဒါန်းပေးပါက ငွေလာဘ်ပွင့်၊ ငွေဝင်လာဘ်ရွှင်၊ အကြွေးငွေရ ဝင်ငွေကောင်းလာစေသည်။ လှူရမည့် အရွက်၊ အညွှန့်၊ ပစ္စည်းများမှာ လက်ဖက်၊ လက်ဖက်ရည်၊ လိမ္မော်သီး၊ လိမ္မော်ရည်၊ လက်ပံညွှန့်၊ ရွှေပြား တို့ဖြစ်သည်။ နေအိမ်ရှိ ဘုရားတွင် လက်ဖက်အသား (ကြက်သွန်နှင့်နှမ်း) ထည့်ကပ်လှူနိုင်သည်။

လိမ္မော်သီး၊ လိမ္မော်ရည်၊ လက်ဖက်ရည်ပွဲကို ဘုရား၊ ရဟန်း၊ သံဃာ၊ မိဘ၊ ဆရာကို ဒါနပြုဆုတောင်းပါ။ မိတ်ဆွေများအား လက်ဖက်သုပ်ကျွေး၊ လက်ဖက်ရည် ဒါနပြုပါက လာဘ်ပွင့်စေသည်။ လွယ်ကူထိရောက် အစွမ်းထက်သော ယတြာဟု ယုံကြည်ပါ။ မြုပ်နေတာပေါ် လာအောင် မုန့်လုံးရေပေါ် လှူပေးပါ။

ငွေဖလားတစ်လုံးတွင် ရေထည့်၊ ရေထဲတွင် ကျောက်ခဲအလုံးကြီး တစ်လုံးထည့်၊ ထိုကျောက်ခဲပေါ်တွင် နေ့စဉ်ဖယောင်းတိုင်တစ်တိုင် ထွန်းပေးပါက နေ့စဉ်လာဘ်ဝင်လာပါမည်။ ငွေကြေးကိစ္စ အခက်အခဲရှိပါက ပန်းအိုးတစ်လုံးတွင် သီဟိုဠ် ၆ ညွှန့်၊ ဒန်း ၇ ညွှန့်၊ ဇော်စိမ်း (သို့) ဆီး ၃ ညွှန့်ကို စုထည့်လှူပြီး ဆုတောင်းပေးပါ။

ထိုယတြာများမှ အဆင်ပြေရာကို မကြာခဏ ဆောင်ရွက်ပြီး ညအိပ်ရာဝင်တိုင်း အောက်ဖော်ပြပါ ဂါထာကို (၂၇ ခေါက်) ပုံမှန်ရွတ်ဆိုပါ။

ထိုဂါထာကို မိတ္တူပွား၍ နေ့စဉ်ရွတ်ဆိုသူများ ငွေကြေးကိစ္စ အဆင်ပြေကြောင်း သူတို့ကိုယ်တိုင် ဖွင့်ဟပြောဆိုကြသည်။ သာကေတမြို့မှ ကျောင်းဆရာမများ ထိုဂါထာရွတ်အဆင်ပြေနေသူ ဆယ်ဦးထက်မနည်းရှိသည်။ ထီပေါက်၊ ငွေအစုလိုက်ဝင်သူတွေလည်း ရှိပါသည်။

စာရေးသူကိုယ်တိုင်လည်း ရွတ်ဆိုကြည့်ပြီး ထူးခြား၍ ကူးပွားပေးခြင်းဖြစ်သည်။ ယတြာနှင့် ဂါထာတွဲ ဆောင်ရွက်မှု အကောင်းဆုံးဟု ယုံကြည်ပါ။

## စူဠဝေဒဗ္ဗကျမ်းလာ (သုံးဂါထာ)

၁။ ပဥ္စမာရေ ဇိတော နာထော ပတ္တော သမ္ဗောဓိ မုတ္တမံ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ၊
ဧတေန သစ္စဝဇ္ဇေန ဇယောမေ ဟောတု သဗ္ဗဒါ။

၂။ ဗုဒ္ဓေါစ ဓမ္မောစ သံဃောစ သေဋ္ဌောလောကတော သဗ္ဗဒါ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ၊
ဧတေန သစ္စဝဇ္ဇေန ဇယောမေ ဟောတု သဗ္ဗဒါ။

၃။ ဗုဒ္ဓါ ပစ္စေက ဗုဒ္ဓါစ အရဟာ အဂ္ဂသာဝကာ၊
သုသုခံ ဝတ နိဗ္ဗာနံ လဒ္ဓါ ပရိနိဗ္ဗာယန္တိ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ၊
ဧတေန သစ္စဝဇ္ဇေန ဇယောမေ ဟောတု သဗ္ဗဒါ။



www.burmeseclassic.com

www.burmeseclassic.com

ဤဂါထာကို ညအိပ်ရာဝင်တိုင်း (၂၇)ခေါက် ရွတ်ဆိုအိပ်ပါ။ ယုံယုံကြည်ကြည် ရွတ်ဆိုပွားများပါက တစ်ပတ်အတွင်း သိသိသာသာ အကျိုးထူးခံစားရပါလိမ့်မည်။ မိမိအား ရန်လုပ်နေသူကိုယ်တိုင်က ခင်မင်ကြင်နာစွာဖြင့် လာရောက်စကားပြောဆိုခြင်း၊ လိုအပ်သော အကူအညီကိုပေးခြင်း၊ ကြွေးမြီများ ပြန်၍ရလာခြင်း၊ ငွေကြေးများ အစုလိုက်အပြုံလိုက် ရရှိခြင်း၊ မထင်မှတ် မရည်ရွယ်သောသူများထံမှ မရည်မှန်းသော ဝတ္ထုပစ္စည်းများ ရရှိခြင်းတို့မှာ ဂါထာကို စတင်ရွတ်ဆိုသည့်နေ့မှစ၍ နေ့စဉ် ထူးထူးခြားခြား တွေ့ကြုံရကြောင်းကို သိရှိကြစေလိုပါသည်။

တစ်ပုဒ် တစ်ဂါထာ (၂၇)ခေါက်စီ ရွတ်ဆိုနိုင်ပါသည်။ ဤသုံးဂါထာ ရွတ်ဆိုရန် တိုက်တွန်း ဓမ္မဒါနပြုသူမှာ ဘဒ္ဒန္တသီရိက္ကန္ဓဝံသ ရွှေဘုံသာမုနိ ဘုရားကြီးကျောင်း ဆရာတော်ဖြစ်ပါသည်။ ပြည်မြို့မှ မိတ်ဆွေတစ်ဦး ပေးခြင်းဖြစ်ပါသည်။ စာရေးသူမှတစ်ဆင့် ဓမ္မဒါန ပြုပေးခြင်းဖြစ်သည်။

ထိုဂါထာရပြီးသည့်နောက်ပိုင်း ငွေကြေးအခက်အခဲရှိသူများအား ငွေကံကောင်းစေသောယတြာ၊ နဝင်းယတြာဆောင်ရွက်ပြီးသောအခါ ဤဂါထာ ညစဉ်ရွတ်ဆိုပါ။ သုံးပုဒ်လုံးဆုံးတစ်ခေါက်နှင့် (၂၇)ခေါက်ရွတ်ဆို၍လည်း ရသည်ဟု အကြံပေးလိုက်ပါသည်။ ၂၇ ရက်အတွင်း သိသာထင်ရှားစွာ အဆင်ပြေကြသည်။ ရွတ်လိုက် မရွတ်လိုက် လုပ်၍မရပေ။ နေ့စဉ် မပျက်မကွက် အချိန်မှန်၊ ပုံမှန် ရွတ်ဆိုမှသာ အကျိုးပြုပါသည်။

ညဘက် ဘုရားသောက်တော်ရေ၊ ဆီမီးအလင်းတိုင်၊ အမွှေးတိုင်၊ ပန်း ကပ်လှူ၊ ဘုရားရှိခိုး၊ ငါးပါးသီလခံယူ၊ ကြံရည်၊ အအေးဖျော်ရည်၊ ကုံကော်ညွန့်၊ ခရေညွန့်၊ ကြံညွန့်၊ ငွေပန်းကပ်ပြီး ငွေနံကောင်းစေရန် ဆုတောင်းပါ။

အင်္ဂါမှ ကြာသပတေးသက္ခတ်အတွင်း ရောက်နေသူများ တနင်္လာဂြိုဟ် ညှံ့သောကြောင့် အထူးကြိုးစားဆောင်ရွက်မှသာ ငွေနံ ငွေဝင်အား ကောင်းမည်။ ယတြာဆောင်ရွက်သည်ဖြစ်စေ၊ ဂါထာရွတ်ဆိုသည်ဖြစ်စေ ကိုယ်လက်သန့်ရှင်း၊ ခန္ဓာကိုယ်သန့်စင်၊ စိတ်သန့်စင်ကြည်လင်ပြီး ပြုလုပ်ဆောင်ရွက်မှသာ အကျိုးထူးခံစားရမည် ဖြစ်သည်။

❒ ဂမ္ဘီရဆရာလှမျိုး (B.Sc)

# နေ့အလိုက် အကြံအစည်ထမြောက်အောင် အစီအရင်လုပ်လိုပါသလား

ဆရာမင်းသူ့ခြွေ(မန်းတက္ကသိုလ်)

အကြံအစည်နဲ့ ခရီးသွားတာ၊ လုပ်ငန်းကိစ္စအဝဝ စကားပြောစရာရှိလို့ သွားမယ်ဆိုရင် အောက်ပါနေ့အလိုက် အစီအရင် ပထမဦးစွာ ဆောင်ရွက်ပြီးမှ သွားပါ။ အောင်မြင်လိမ့်မည် ဖြစ်ပါသည်။

**တနင်္ဂနွေနေ့**မှာ အကြံအစည်ရှိ၍ ခရီးသွားမှယ်ဆိုရင်ဖြစ်စေ၊ စကားပြောဆိုစရာကိစ္စ၊ လူမှုရေးအဝဝ ပြောကြ ဆိုကြမယ်ဆိုရင် နဖူးထိပ်မှာ 'အ' လို့ ရေးနေတုန်း 'အ ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ' လို့ ရွတ်ဖတ်ပေးပါ။

**တနင်္လာနေ့**မှာ ခရီးသွားမယ်၊ ဆိုမယ် ပြောမယ်ဆိုပါက နဖူးမှာ 'က' ရေးနေတုန်း 'က ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ' လို့ ရွတ်ပါ။

**အင်္ဂါနေ့**မှာ ခရီးသွားမယ်၊ ပြောမယ်ဆိုပါက ညာဘက်မျက်ခုံးပေါ်မှာ 'ဆ' ရေးနေတုန်း 'ဆ ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ' လို့ ရွတ်ပါ။

**ဗုဒ္ဓဟူးနေ့**မှာ အကြံအစည်ရှိ၍ ခရီးသွားမယ်ဆိုရင်ဖြစ်စေ၊ စကားပြောဆိုစရာ ကိစ္စအဝဝ မပြောကြ ဆိုကြမယ်ဆိုရင် လျှာပေါ်မှာ 'ရ' အက္ခရာရေးနေတုန်း 'ရ ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ' လို့ ရွတ်ပါ။

**ကြာသပတေးနေ့**မှာ ပြုဖွယ်ကိစ္စ အရေးကြုံသော် ယောက်ျားလေးဆိုရင် ညာဘက်ညှပ်ရိုးကို လည်းကောင်း၊ မိန်းကလေးဖြစ်ပါက ဘယ်ဘက်ညှပ်ရိုးပေါ်မှာ 'ဖ' ရေးနေတုန်း 'ဖ ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ' လို့ရွတ်ပါ။

**သောကြာနေ့**မှာ ခရီးသွားမယ်၊ စကားပြောဆိုစရာများ ရှိပါက 'သ' အက္ခရာရေးနေတုန်း 'သ ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ' လို့ ရွတ်ပါ။

**စနေနေ့**မှာ အကြံအစည်နဲ့သွားတာ၊ စကားပြောစရာရှိလို့ သွားတာဆိုရင် 'ထ' အက္ခရာရေးနေတုန်း 'ထ ကာရော ဗုဒ္ဓံ ရူပံ သုညံ ဘဝဿတိ' လို့ ရွတ်ပါ။

အထက်ပါအတိုင်း နေ့အလိုက် အစီအရင်လုပ်၍ သွားမယ်ဆိုရင် ပြောတဲ့စကား အောင်မြင်သလို သွားတဲ့ခရီးရဲ့ အကြံအစည်များ အောင်မြင်ပါလိမ့်မည်။

❒ ဆရာမင်းသူ့ခြွေ(မန်းတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်ကိုယ်တွေ့ မျောက်အုန်းသီး အိုးစည်တီး

ဆရာကြီးဦးအောင်မြင့်



အဆောင်ရုပ်တုအဖြစ် အုန်းသီးခြောက်ကို မျောက်ရုပ်တုလုပ်ရောင်းချခြင်း မည်သည့်အချိန်ကာလတွင် စတင်ခဲ့သည်ကို ကျွန်ုပ်မသိရှိပါ။ ဆိုင်အတော်များများတွင်လည်းကောင်း၊ အိမ်အတော်များများတွင်လည်းကောင်း တွေ့မြင်ရဖူးပါသည်။

အချို့မှာ အုန်းသီးတစ်လုံးကို မျောက်ရုပ်တစ်ကောင်သာထုလုပ်ထားပြီး အချို့မှာ အုန်းသီးတစ်လုံးတွင် မျောက်ရုပ်နှစ်ကောင်တွဲ ထုလုပ်ထားသည်။ အချို့မှာ အုန်းသီးတစ်လုံးတွင် မျောက်ရုပ်စုံတွဲ အိုးစည်တီးနေပုံ ထုလုပ်ထားကြသည်။

ကျွန်ုပ်၏ဇနီးနှင့် သားသမီးများ သနပ်ပင်မြို့နယ် ခမဲပြင်နှင့် ပဲခူးမြို့ဝန်းကျင် ဘုရားဖူးသွားရင်း မျောက်အုန်းသီးရုပ်တုများ ဝယ်လာခဲ့ကြသဖြင့် ကျွန်ုပ်၏ဆိုင်မှာ ချိတ်ဆွဲထားပြီး သုတေသန ပြုကြည့်ဖူးပါသည်။

အုန်းသီးတစ်လုံးကို မျောက်တစ်ကောင်ပုံ ရုပ်တုထုထားသော မျောက်အုန်းသီးကို ပထမ လေးလချိတ်ဆွဲကြည့်ရာ ထူးထူးခြားခြား ဘာမှသိပ်မဖြစ်ပါ။ ဒုတိယအနေဖြင့် အုန်းသီးတစ်လုံးတွင် မျောက်တစ်ကောင် အိုးစည်တီးနေပုံ ချိတ်ဆွဲပြန်သည်။ အနည်းငယ် သိသာရုံမျှ ထူးခြားသည်။ လေးလပင် ကြာအောင်ဆွဲခြင်းဖြစ်သည်။ တတိယအနေဖြင့် အုန်းသီးတစ်လုံး မျောက်စုံတွဲ အိုးစည်တီးနေပုံကို လေးလကြာအောင် ချိတ်ဆွဲပြန်သည်။ ထိုအချိန်မှာမှ သိသိသာသာ ထူးထူးခြားခြား များစွာကြုံရပါတော့သည်။

အုန်းမျောက်အိုးစည်တီး စုံတွဲပုံကို အိမ်အပြင်ဘက်မျက်နှာလှည့်၍ ဆွဲသောအခါ မိတ်ဆွေကောင်းများ၊ အကူအညီကောင်းများ၊ ဖောက်သည်ကောင်းများ ပေါ်များလာသည်။ ငွေဝင်လာဘ်ရွှင် အထူးဖြစ်လာသည်။ ၎င်းပုံကို အိမ်အတွင်းဘက်သို့ မျက်နှာလှည့်ပြီး ထားသောအခါ အိမ်တွင်းရေး၊ အိမ်ထောင်ရေး သာယာပျော်ရွှင်မှု အထူးပိုရရှိသည်။ ဘာကြောင့်ပါလိမ့်။

အုန်း + မျောက် = တနင်္ဂနွေ + ကြာသပတေး

အပြင်မိတ်ဂြိုဟ်တွဲဖြစ်နေခြင်းကြောင့် မိမိအိမ်၊ မိမိဆိုင်သို့ အပြင်မှမိတ်၊ အပြင်မှ ဖောက်သည်ကောင်းတွေ ရောက်လာခြင်း၊ အကျိုးပေးခြင်းဟု ယူဆနိုင်သည်။

အိုးစည် + မျောက်တွင် နှစ်ဆင့်ထပ်ခွဲနိုင်သည်။

အိုး + မျောက် = တနင်္ဂနွေ + ကြာသပတေး
(အပြင်မိတ်)

စည် + မျောက် = အင်္ဂါ + ကြာသပတေး
(အတွင်းမိတ်)

အပြင်မိတ်ရော အတွင်းမိတ်ပါ ဖြစ်နေကြောင်း သိနိုင်သည်။ "မျောက်အုန်းသီးရသလို" ဆိုသော စကားမှာ လိုတာရ၍ ပျော်ရွှင်ဝမ်းမြောက်နေသူကို ခိုင်းနှိုင်းပြောဆိုခြင်းဖြစ်၍ အလိုဆန္ဒပြည့်ဝခြင်း၊ အကြံအစည်အောင်မြင်ခြင်း၊ အလုပ်အကိုင်ကောင်းရခြင်း၊ ဈေးရောင်းကောင်းခြင်း၊ ငွေဝင်ကောင်းခြင်း၊ အိမ်တွင်းရေးအဆင်ပြေခြင်း၊ လုပ်ငန်းခွင်အဆင်ပြေခြင်း စသည်တို့ကို ဖြစ်ပေါ်စေနိုင်သည်။

မျောက်အုန်းသီးဟု လည်းကောင်း၊ မျောက်အိုးစည်ဟုလည်းကောင်းမခေါ်သင့်ပါ။ အုန်းမျောက်ဟုလည်းကောင်း၊ အိုးစည်မျောက်ဟုလည်းကောင်း ခေါ်သင့်သည်။ အချို့က အုန်းသီးမျောက်ကိုပင် ၄က်ပျောသီးပုံ ထုလုပ်၍ အုန်းမျောက်စုံတွဲ အိုးစည်တီး (သို့) အုန်းမျောက်အိုးစည်ပုံအနီးမှာ ကပ်၍ ချိတ်ဆွဲထားခြင်းလည်းရှိသည်။

၄က်ပျောမှာ ဂဏ္ဍ တွဲဖြစ်၍ ခိုင်မြဲခြင်းကို နိမိတ်ဆောင်သည်။ မျောက်၏ အကြိုက်ဆုံးအစာလည်း ဖြစ်သည်။

ထို့ကြောင့် မိမိဆိုင်မှာ ဖောက်သည်သစ် တိုးပွားဖို့၊ ဖောက်သည်ဟောင်း ခိုင်မြဲဖို့၊ ဝင်ငွေကောင်းပြီး ခိုင်မြဲဖို့၊ စီးပွားတိုးတက် ခိုင်မြဲဖို့၊ အိမ်တွင်းရေး သာယာပျော်ရွှင်မှု ကြာရှည်ခိုင်မြဲဖို့၊ လုပ်ငန်းခွင်မှာ ဝန်ထမ်းကောင်းများ ခိုင်မြဲဖို့ ဆိုသော ရည်ရွယ်ချက်များနှင့် ချိတ်ဆွဲကြောင်း သိရသည်။

စာဖတ်သူများ လက်တွေ့လုပ်ကြည့်ပါ။ အရင်းနည်းနည်းနှင့် အမြတ်များများ ရနိုင်ပါသည်။

❒ ဆရာကြီးဦး...



www.burmeseclassic.com

www.burmeseclassic.com

# ထီပေါက်မည်ဟု ယုံကြည်သူတစ်ယောက်အကြောင်း

ဆရာဦးရဲအောင်

မလှလှဌေး ။ ။ လောကကြီးက မတရားပါဘူး ဆရာကြီး။

ကျွန်ုပ် ။ ။ ဟ. . . ဘာကြောင့်လဲကွ၊ လောကကြီးနဲ့ ကိုင်ပေါက်ရလောက်အောင် ကြီးကျယ်လှချေလား။

မလှလှဌေး ။ ။ ဟုတ်တယ်လေ ဆရာကြီး၊ ကျွန်မတို့လို ရတနာသုံးပါး လေးစား၊ ဘုရားသွား၊ ကျောင်းတက်၊ သမထဝိပဿနာတွေလုပ် အဲဒီလိုလူတွေကျတော့ ထီမပေါက်၊ အခုတော့ သောက်စားမူးယစ် ပေတေနေတဲ့ ငမူးက ထပေါက်၊ အိမ်ကြီးကို ဟည်းနေအောင်ဆောက်ပြီး အဆီရစ်နေပြီလေ။

ကျွန်ုပ် ။ ။ ဟဲ့ ဘယ်သူ့တုံးကွ။

မလှလှဌေး ။ ။ ဆာမိလေ ဆရာကြီးရဲ့၊ ငမူး ဆာမိပေါ့။

ကျွန်ုပ် ။ ။ အို . . . ဟုတ်ရဲ့လား၊ ဆရာတော့ သတိတောင် မထားမိဘူး၊ ဒါကြောင့် အခုတစ်လော သူ့ကို အရက်ဆိုင်တွေနားမှာ မမြင်ရတော့တာကိုး၊ သွားတွေ့ဦးမှပဲ။

မလှလှဌေး ။ ။ ဟုတ်ကဲ့၊ သွားတွေ့ပြီး ဇာတာစစ်ဆေးကြည့်ပါဦး ဆရာကြီး။

*

ကျွန်ုပ် ။ ။ ဟေ့ ဆာမိ၊ တံခါးဖွင့်ဦးကွ။

ဆာမိ ။ ။ ဟာ ဆရာကြီးပါလား၊ ကြွပါဆရာကြီး၊ ကြွပါခင်ဗျာ။

ကျွန်ုပ် ။ ။ မင်း ထီပေါက်တယ်ဆိုကွ၊ သိတောင်မသိပါဘူးကွာ၊ အတော်နေနိုင်တဲ့ကောင်ပဲ။

အမိနာ ။ ။ အမယ်လေး ဆရာကြီးရယ် ဟိုးလေး တကျော်ကျော်ပါ၊ ဆရာကြီးသာ မကြားတာ၊ ကျွန်မတို့လည်း အိုးပိုင်အိမ်ပိုင်လေး ဖြစ်အောင် အိမ်သစ်ဆောက်၊ အိမ်တက် ပရိတ်ရွတ်၊ ဆွမ်းကျွေး လုပ်ခဲ့ပြီးပါပြီ၊ ဆာမိအပေါင်းအသင်းတွေက သောက်ဖော်သောက်ဖက်တွေပဲ များတယ်၊ အခုလဲ မိုးမလင်းသေးဘူး၊ ဆက်ရက်မင်းစည်းစိမ် ဖြစ်နေပြီ။


ဆာမိ ။ ။ ဟဲ့. . . ကောင်မ မင်္ဂလာစကား ပြောစမ်း၊ ဆေးအဖြစ်သောက်တာကွ၊ ငါ အခုနေ အရက်ဖြတ်ကြည့်စမ်း တီခနဲ သေသွားမှာ ဟ၊ အသက်ဆက်ရအောင် အသက်ရှည်အောင် သုံးနေတာကွ သိလား။

အမိနာ ။ ။ ကြော်. . . သုံးပါ၊ သေအောင်သာသုံး၊ အလုပ်တော့ ဘာမှမလုပ်ဘဲ အရက်ကို တစွတ်စွတ်သောက်နေ၊ သောက်ရင်း သေမယ့်ကောင်။


ကျွန်ုပ် ။ ။ ကဲကဲ တော်ကြပါတော့၊ မင်းတို့ ထီဘယ်လိုပေါက်သလဲ၊ သိန်းဘယ်လောက်လဲဆိုတာ သိချင်တယ်၊ ပြောစမ်းပါဦးဟ၊ ပြီးတော့ မင်းမွေးသက္ကရာဇ် ပေးစမ်း၊ ဇာတာချကြည့်ရအောင်၊ ထီနှင့်ပေဒင် ဇာတာခွင်ဆိုပြီး ဆောင်းပါးရေးမယ်ကွာ။

ဆာမိ ။ ။ ဟေ့ မိန်းမ ငါ့ခုနှစ် သက္ကရာဇ် ပြောလိုက်ကွာ၊ ငါတော့ မမှတ်မိတော့ဘူး၊ နင်မှတ်ထားတယ် မဟုတ်လား။

အမိနာ ။ ။ ၁၃၂၀ ခုနှစ် ဝါဆိုလဆန်း ၂ ရက်လို့ သူ့အမေ မသေမီက ပြောတာပဲ။




သိန်းဆုပေါက်သူ ဆာမိဇာတာ




ထီဖွင့်သောနေ့ ဇာတာ

ကျွန်ုပ် ။ ။ အေး ဟုတ်ပြီ၊ အသက်က (၅၂)နှစ်ပဲ၊ ကောလိကိန်းကွ၊ ထီပေါက်မယ့်နှစ်ကာလပဲ၊ ဒါကြောင့် ပေါက်တာ၊ စုတ်ကြီးလာဘ်ကြီး ဝင်နိုင်တဲ့အချိန်ပဲကွ၊ မင်းဇာတာ ချကြည့်ရအောင်၊ အင်း အိုးသစ် အိမ်သစ် ဝင်မည်၊ ငွေကြေးဝင်မည်၊ စန်းပွင့်မည်၊ ချစ်ခင်သူ ပေါမည်၊ အိမ်ထောင်ကျရောက်သည်ဟု ဆိုတယ်ကွ။

ဆာမိ ။ ။ ဘာ အိမ်ထောင်ကျဦးမယ်၊ ကြိုက်သွားပြီ ကြိုက်သွားပြီ။

အမိနာ ။ ။ သေနာကောင် ကလေးငါးယောက်ရတာတောင် အကြောကထတုန်းပဲ၊ စိတ်က မကုန်သေးဘူး။

ကျွန်ုပ် ။ ။ တော်ကြကွယ်၊ တော်ကြ၊ မင်းတို့အတွက်မှ



www.burmeseclassic.com

www.burmeseclassic.com

ငါတော့ စိတ်ဓာတ်ကျသွားပြီ၊ အစီအစဉ် တွေတောင် ပျက်တုန်ပြီ။

ဆာမိ ။ ။ ကန်တော့နော်ဆရာကြီး၊ ကန်တော့ ကန် တော့၊ ဂဲ ဆရာကြီး ဘာသိချင်တာလဲ၊ ဘာပြောရမှာလဲ၊ အမိန့်ရှိပါခင်ဗျာ။

ကျွန်ုပ် ။ ။ မင်း ထီလက်မှတ်ကို ဘယ်လိုရတာလဲ၊ ရောင်းတဲ့သူက ဘယ်သူလဲ၊ ဘယ်နှစောင် တွဲလဲ၊ ဘယ်လောက်ပေါက်သလဲ ဆိုတာ တွေပေါ့ကွာ။

အမီနာ ။ ။ ကျွန်မ ပြောမယ် ဆရာကြီး၊ သူက သေ သေချာချာ မပြောတတ်ဘူး၊ အပေါင်း အသင်းတွေနဲ့ မူးနေတဲ့အချိန်မှာပေါ့။

ဆာမိ ။ ။ ဟေ့ဟေ့ နေဦးဟ၊ နင် မသိပါဘူး၊ ကာယ ကံရှင်က ငါဟ၊ နင့်ထက် ပိုသိတယ်နော်၊ ဆရာကြီး ကျွန်တော် ပြောပြပါ့မယ်၊ ထီ ရောင်းတဲ့ကောင်က ထွန်းဦးတဲ့၊ ထီရောင်း ပြီး ငွေကို လက်ငင်းမပေးရဘူး၊ လကုန် ခါနီး ၂၆ ရက်လောက်မှ စပြီးပေးရတယ်၊ တစ်စ တစ်စ ထီဖိုးငွေ သိမ်းလိုက်ရတာ လဆန်း ၁ရက်နေ့မတိုင်မီအပြီး၊ အချို့လဲ လကုန်မှ ရတယ်၊ အချို့လဲ ငွေသိမ်းချိန် လူမတွေ့တော့ ဆုံးတယ်၊ ထီရောင်းတဲ့သူ တွေလည်း ရတာလည်းရ၊ မရတာလည်း မရ၊ ရတဲ့ငွေနဲ့ မရသေးတဲ့ငွေ ချေရတာပဲ ဆရာကြီး၊ ကျွန်တော်လည်း အပေါင်း အသင်းတွေနဲ့ အရက်သောက်နေတုန်း သူ ရောက်လာပြီး . . .

"ဟေ့ကောင် ဆာမိ ထီထိုးဦးကွာ" တဲ့။

"အကြွေးရမလား ထွန်းဦး"

"ယူကွာ လကုန်မှပေး"တဲ့။

"အေး ယူတယ်ကွာ" ဆိုပြီး ယူထားလိုက်တယ်။

ငါးစောင်တွဲ တစ်တွဲ ၁၅၀၀ ကျပ်တဲ့။ ကျွန်တော်လည်း မူးမူးရူးရူးနဲ့ ယူထားပြီး အိမ်လည်းရောက်ရော. . .

"ရော့ မိန်းမ ထီထိုးလာတယ်ကွ၊ သိန်းဆုပေါက်မှာ၊ သိန်းဆုပေါက်မှ ဒီဘဝက လွတ်မြောက်မှာကွ"ဆိုပြီး ပစ်ပေး လိုက်တယ်။ မိန်းမကလည်း . . .

"ဘယ်မှာလဲ နင့်ငွေ၊ ဘာနဲ့ သွားပေးရမှာလဲ၊ နင် လွန် လာပြီနော်"

"ဘုရားက ပေးမှာပေါ့ဟာ၊ နင် တော်တော်အသုံးမကျ တဲ့ မိန်းမ" ဆိုပြီး ကျွန်တော်လည်း အိပ်တော့တာပဲ။

ကျွန်တော်တို့လည်း မေ့မေ့ပျောက်ပျောက် နေသွား လိုက်တာ လကုန်ခါနီးမှ ထွန်းဦးက ပေါ်လာတယ်။

"ဟေ့ကောင် ဆာမိ ထီဖိုးပေးကွ" တဲ့။

"ထီဖိုးသား၊ မရှိဘူးလေကွာ၊ လကုန်မှပဲ ယူပါကွာ" လို့ ပြောပြီး နှင်ထုတ်ရတယ်။

လဆန်း ၂ ရက်နေ့လည်းရောက်ရော ထွန်းဦးတစ် ယောက် ထီပေါက်စဉ်ကိုင်ပြီး ပြေးလာတယ်။

"ဟေ့ကောင် ဆာမိ၊ မင်း ထီပေါက်ပြီ၊ သိန်း ၃၀၀"တဲ့။

"ကျွန်တော်တို့ လင်မယားနှစ်ယောက်လည်း အားရ ဝမ်းသာ ထခုန်ကြတော့တာပဲ၊ ဒါပါပဲ ဆရာကြီး" ဟု ရှင်းပြ လေသည်။ ကျွန်ုပ်မှလည်း . . .

"အင်း. . . ထီပေါက်တဲ့ မင်းဇာတာလဲ ချပြီးပြီ၊ ထီဖွင့် တဲ့နေ့ ဇာတာလဲ ချပြီးပြီ၊ ဇာတာချင်းယှဉ်ပြီး စစ်ဆေးကြည့် တော့ မင်းက ထီပေါက်ကိန်းရှိနေတာ တွေ့ရတယ်၊ ငွေကြေး အစုလိုက်ဝင်မယ့်ကိန်း ရှိနေတယ်၊ ထီပေါက်ရင်ပေါက် မပေါက်ရင်လဲ တခြားနည်းနဲ့ ငွေဝင်မယ်။

(၁) ၁၀ တန့်မှာ အင်္ဂါ၊ ၁၁ တန့်မှာ သောကြာနဲ့ ကိတ်ဂြိုဟ်များ တည်နေတဲ့အတွက် ဥပ္ပစ္စည်းယုဂ် ရတယ်၊ ဓနယုဂ်ရတယ်၊ သိန်းချီချမ်းသာမယ့် ဇာတာပဲ။

(၂) ၄ တန့်ပေါ် မူလ ကြာသပတေး စီးနေတဲ့အတွက် ထီပေါက်ခြင်း အမွေအနှစ်များ ရတတ်တယ်။

(၃) ထီဖွင့်တဲ့နေ့မှာပဲ ဂေါစာ ကြာသပတေးဂြိုဟ် ကြီးက ၁၀ တန့် အင်္ဂါကိုစီးပြီး ၄ တန့် ကြာသပတေးကို မြင်နေတယ်။

(၄) ဂေါစာ သောကြာကလည်း ၂ တန့် စီးပွားရေး ဘာဝကို စီးနင်းထားပြီး ၁၀ တန့် အင်္ဂါကို ၉ တန့်နဲ့ မြင်နေ ပြန်တယ်၊ ထီမပေါက်ဘဲ နေရိုးလားကွ၊ မုချ မလွဲမသွေ ပေါက်ရမယ့်ကွ၊ အဲ တစ်ခုတော့ ရှိတယ်၊ ဂေါစာဂြိုဟ် အစီး အနင်းတွေ ညံ့နေပြန်တယ်၊ ဥပမာကွာ . . .

ဂေါစာ စနေက မွေးနံ့လဂ် + တနင်္ဂနွေ + တနင်္လာ ကို စီးနေတယ်၊ အချိန်ကြာမယ်၊ နှစ်နှစ်ကြာမယ်။

ဂေါစာ အင်္ဂါက ၇ တန့် အိမ်ထောင်ရေးဘာဝကို စီးနေတယ်၊ ပြီးတော့ လဂ် + ၁၂ တန့်ကို မြင်တယ်၊ အိမ် ထောင်ရှင် ဇနီးသားမယား အပူပွားရမယ်၊ ငွေကြေး လုပ်ငန်း စီးပွားရေး ဆုံးရှုံးတတ်တယ်၊ အကောင်းနဲ့အဆိုး ဒွန်တွဲနေ တယ်၊ အဲဒီတော့ . . .

ထီပေါက်တဲ့ငွေလေး သတိနဲ့ရင်းနှီးစား၊ ကုန်မသွား အောင် ဆုံးရှုံးမသွားအောင် သတိထားလုပ်၊ ဇာတာများ မကြာခဏ စစ်ဆေး၊ အလှူပေးခြင်း၊ ဒါနပြုခြင်း၊ ပေးကမ်း စွန့်ကြဲခြင်း ဆောင်ရွက်ပါ၊ ဗုဒ္ဓဘာသာအဖြစ် ခံယူ၊ ကောင်း မှု ကုသိုလ်များပြု၊ ဘာဝနာအလုပ်တွေလုပ်ပြီး ကုသိုလ် ကောင်းမှုပြုဖို့ ဆရာတော့ သတိပေးပါတယ်ကွယ်"

❒ ဆရာဦးရဲအောင်





www.burmeseclassic.com

www.burmeseclassic.com

# ကံ့ကော်ကိုဖြင့် ရည်မှန်းပါ

## ရွှေနှင်းဆီ



ကိုယ့်ရင်ထဲမှာ မရှင်းမရှင်းဖြစ်နေတဲ့ အကျိတ်အခဲလေးတစ်ခု ရှိနေတယ်။ ကာယကံရှင်တွေကို တိုက်ရိုက်ဖွင့်မေးလိုက်ရင် တွန့်ဆိုရာကျသွားမလား၊ ဒေါသသံ ပါသွားရင်လည်း မကောင်းဘူးလေ။ သိပ်နစ်နာနေတဲ့ ကိစ္စမျိုးတော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီကိစ္စက ဆက်တိုက်ဆိုသလို ဖြစ်နေတော့ နည်းနည်းတော့ စိတ်ပျက်လာမိတယ်။

ကိုယ်က သန်လျင်မှာနေတာပါ။ ကိုယ့်ဒက်ဒီရဲ့ မိဘဘိုးဘွားတွေ လက်ထက်မှာကတည်းက နှီးစားနွားတွေ မွေးခဲ့တော့ ခြံကြီးက အကျယ်ကြီးပေါ့။ တောင်ကုန်းလေးလိုဖြစ်နေတဲ့ ကုန်းမြင့်မြင့်ကလေးပေါ်မှာ အိမ်သေးသေးလေး ဆောက်ထားပေမယ့် အိမ်ရှေ့က လူသွားလမ်းကနေ ရပ်ကြည့်လိုက်ရင် အိမ်လေးကို ထင်းထင်းကြီးမြင်နေရတယ်ပေါ့။ ကားဝင်တဲ့လမ်းကိုတော့ အိမ်ဘေးက ကွေ့ပတ်ဝင်လို့ရအောင် လုပ်ထားလိုက်တယ်။ လူအဝင်အထွက်ကတော့ အိမ်ရှေ့မှာ ရေလှေကားထစ်လေးတွေ လုပ်ထားပေးလိုက်တယ်။

ခြံကြီးက အကျယ်ကြီးဆိုတော့ အလေ့ကျပေါက်နေတဲ့ အပင်တွေကလည်း အများကြီးပါပဲ။ သရက်၊ ပိန္နဲ၊ ဩဇာ၊ မာလကာ၊ သဘော်၊ တည်း၊ ဒန့်သလွန်ပင်တွေ ရှိသလို ပိတောက်၊ ခရေ၊ ငုဝါ၊ စံပယ်၊ ဇီဇဝါလို ပန်းပင်တွေလည်း အစုံရှိပါတယ်။ ပိုထူးခြားတာက အိမ်တိုင်းမှာမရှိတဲ့ သီဟိုဠ်ပင်တွေ၊ မျဉ်း ်တွေပါ အလေ့ကျပေါက်နေပြီး ရောင်စုံပန်းခင်းကြီးလို လှနေတော့တာပါပဲ။

ဒီထဲမှာ ဆေးဖက်ဝင် အပင်တွေဖြစ်တဲ့ သံမနိုင်ကျောက်မနိုင်ပင်၊ ထောလပတ်ပင်၊ ပိစပ်ပင်တွေဆိုတာ ခုတ်ပစ်လို့မနိုင်အောင် ပေါများလှပါတယ်။ အဲဒီလို စုံနေအောင် သီးပွင့်နေတဲ့ ခြံထဲမှာ ပိုပြီးပြည့်စုံသွားအောင် ကိုယ်တိုင်စိုက်ပျိုးထားတဲ့ အပင်ကလေးကတော့ တပ်ပင်တည်းသော ကံ့ကော်ပင်ကလေးပေါ့။ သူ့ကို အိမ်အဝင်ဝ ခြံတံခါးပေါက်နားမှာ စိုက်ထားလိုက်တယ်။ စပြီးစိုက်တုန်းက အိမ်မှာ မစိုက်ကောင်းဘူးဆိုပြီး ားကြပါတယ်။ ကိုယ်တို့က အဲဒီလို အယူမသီးတတ်တော ို ဖြစ်သွားပါတယ်။

ခြံတံခါးရှိ ဲ့ ်င်းလေးမှာ စိုက်ထားတဲ့အပင်လေးက တဖြည်းဖြည်းကြီးလာတော့ အိမ်ရှေ့ထွက်ကြည့်လိုက်ရင် ကိုယ့်မျက်န နဲ့ တစ်ပြေးတည်းဖြစ်နေတော့တာပေါ့။

အပင်လေးက ဝိုင်းပြီး ထွားလာလိုက်တာ အရွက်နုလေးတွေက စိမ်းဝါရောင်လေး ဖြစ်သွားလိုက်၊ ရွှေညိုရောင်လေး သန်းပြီး စိုစိုရဲရဲလေး အရောင်ပြောင်းသွားလိုက်နဲ့ လှလိုက်တာ။ ကိုယ်နှစ်သက်မြတ်နိုးလွန်းလို့ ကိုယ်တိုင်စိုက်ပျိုးထားတဲ့ အပင်လေးမို့ အရွက်လေးကစပြီး ချစ်နေရတော့တာပါပဲ။

ဟော. . . ကြည့်ပါဦး။ ကံ့ကော်ပွင့်လေး ပွင့်လာပါပြီ။ ဖြူဖွေးနေတဲ့ ပွင့်ချပ်ကားကားကြီးရဲ့ အလယ်မှာ အဝါရင့်ရောင် ဝတ်ဆံနုနုလေးတွေနဲ့ ချစ်ဖို့ကောင်းလိုက်တာ။ ဘဲဥကြော် အချပ်ကြီးကို ခင်းထားသလိုပါပဲ။ ကြည့်လို့လှသလို ရနံ့လေးကလည်း မွှေးလိုက်တာ လူကိုလန်းဆန်းသွားတာပါပဲ။

လူနဲ့အတူ စိတ်ပါလန်းဆန်းပြီး ကံ့ကော်ပွင့်လေးရဲ့ ခေါ်ဆောင်ရာနောက်ကို လိုက်သွားလိုက်တော့ အမိတက္ကသိုလ် ကျောင်းတော်ကြီးထဲရောက်သွား၊ ကံ့ကော်ပင်အောက်က ခုံတန်းလျားလေးမှာထိုင်၊ အတိတ်ကိုငေးပြီး လွမ်းဆွေးလို့ကောင်းတုန်း အနားမှာ လူတစ်ယောက် လာရပ်ပြီးတော့ . . .

"ယကြာချေချင်လို့ ကံ့ကော်ညွန့် နည်းနည်းလောက် ပေးပါလား" တဲ့။





www.burmeseclassic.com

www.burmeseclassic.com

လန့်သွားတာပေါ့။ စိတ်ကူးယဉ် ကမ္ဘာလေးလည်း အဝေးကို လွင့်ထွက်သွားပါပြီ။ ဒီတော့ "ဈေးထဲမှာဝယ်ပေါ့" ဆိုတဲ့အကြည့်နဲ့ ကြည့်မိလိုက်တယ် ထင်ပါရဲ့။

"ဝယ်ဖို့ အချိန်မရတော့လို့ပါ၊ ဘုန်းကြီးကျောင်းနဲ့လဲ ဝေးနေလို့ ကျေးဇူးပြုပြီး ကူညီပါ" လို့ ဆိုတဲ့ စကားသံရယ်၊ အင်မတန်အရေးကြီးနေတဲ့ မျက်နှာထားတွေရယ်ကြောင့် "ခူးပါ" လို့ ခွင့်ပြုလိုက်မိပါတယ်။

ခွင့်ပြုချက်ရတာနဲ့ ဝမ်းသာအားရ ခူးပါတော့တယ်။ ခူးလို့မပြီးနိုင်တာနဲ့ မေးကြည့်တော့ . . .

"တနလ်ာနံမို့ ၁၅ ညွှန့် ခူးရမှာပါ" တဲ့။

"အို. . . မြတ်စွာဘုရား" လို့ အော်လိုက်မိပါတယ်။

လိုချင်တဲ့ ၁၅ ညွှန့်ရဖို့ အကောင်းဆုံးအညွှန့်တွေကို လှည့်ပတ်ခူးလိုက်တာ ဝိုင်းနေတဲ့အပင်လေး နည်းနည်းချိုင့်ဝင်သွားပါတော့တယ်။

ဒီလိုနဲ့ ပြီးသွားရင် သိပ်ကောင်းမှာပါ။ ဒါပေမဲ့ ဘယ်သူက ဘယ်သူ့ကို လက်ဆင့်ကမ်းပြီး လက်ထောက်ချလိုက်တယ် မသိပါဘူး။ တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျရောက်လာပြီး ၁၅ ညွှန့်စီ ချိုးဖွဲ့ကြပါတော့တယ်။ ကိုယ်ကလည်း "တော်ပါတော့" လို့ ပြောမှ သိမှာထက် ကိုယ့်အသိတရားနဲ့ကိုယ် အားနာသိ သိစေချင်တာမို့ နှုတ်က ဖွင့်မပြောဖြစ်ခဲ့ပါဘူး။

တနလ်ာနံဆိုပြီး နှိပ်စက်လိုက်ကြတာ ကံ့ကော်ပင်လေး ဘာပုံပေါက်နေပြီလဲလို့တောင် စာမဖွဲ့တတ်တော့ပါဘူး။ အညွှန့်တွေချည်း ရွေးခူးသွားကြလို့ အရွက်စိမ်းရင့်ရင့် ချွန်ချွန်ကြီးတွေပဲ ငေါ်င်းစင်းစင်းနဲ့ ကျန်ခဲ့ပါတော့တယ်။

ကံ့ကော်တုံးတော့မှာမို့ စိတ်အေးရပြီ မှတ်ပါတယ်။ 'သသီဟိုဠ်တဲ့၊ သောကြာနံတဲ့၊ အဲဒါလည်း ယတြာချေဖို့တဲ့။ ကိုယ် ကိုစရာလုပ်စားတာပဲ သိတာဆိုတော့ နားမလည်ဘူး ဖြစ်နေတာပေါ့။

တို့စရာရောင်းတဲ့ဆိုင်မှာ အများကြီး တွေ့မိပါတယ်။ သွားဝယ်ပါလားလို့ ပြောချင်ပေမယ့် အကြောင်းရင်းကို မေးကြည့်လိုက်တော့ သောကြာနံ ၂၁ ညွှန့်တဲ့။ ယတြာကလည်း ဘယ်နှကြိမ်လောက် ချေရလည်း မသိပါဘူး။ အညွှန့် အရေအတွက်ကများတော့ ဝယ်တဲ့အခါဝယ်၊ တောင်းတဲ့အခါ တောင်းရမှာပေါ့လေ။ ကိုယ့်အိမ်မှာ အပင်ကြီးငါးပင်ရှိနေတာ ခူးပါစေတော့၊ ကျေနပ်ပါတယ်။

သောကြာနံ နည်းနည်းရိုးသွားတော့ ကြာသပတေးအတွက် ပျဉ်းမ ၁၉ ခက်တဲ့၊ စိတ်ဝင်စားဖို့တော့ ကောင်းလာပြီ၊ ကြည့်ရတာ ကိုယ့်ခြံထဲက အပင်တွေက နေ့နံအားလုံး ရှိနေပုံရပါတယ်။ ဒါနဲ့ ယတြာကိစ္စကို စပ်စုကြည့်လိုက်တော့ အင်္ဂါနံ ဆီးညွှန့်က ၈ ညွှန့်တဲ့၊ ယူပါစေ၊ ခုတ်ဖြတ်နေရတာမှ အများကြီးပဲ။

ဗုဒ္ဓဟူးအတွက် ရွက်လှက ၁၇ ခက်တဲ့။ အဲဒါတော့ ပေးလို့မဖြစ်ဘူး။ စံနေနံ ဒန်းက ၁၀ ခက်တဲ့။ ရတယ်၊ ခြံနံဘေးမှာ ပေါမှပေါ။ နည်းတဲ့နံအရွက် မရှိဘူးလား မေးကြည့်တော့ တနင်္ဂနွေနံ အုန်းညွှန့် ၆ ညွှန့်တဲ့။ ခုမှ သတိထားမိတယ်။ ကိုယ့်ခြံထဲမှာ အုန်းပင်မရှိသေးဘူး၊ စိုက်ဦးမှပါပဲ။

လာပါပြီ၊ သပြေတဲ့။ သူတို့အခေါ် အောင်သပြေပေါ့လေ။ ဟိုခြံစည်းရိုးထောင့်နားမှာ ကပ်ပေါက်နေတာ မြင်လည်း မြင်တတ်ကြပါရဲ့။ ဒီတစ်ခါ နည်းနည်းထူးဆန်းနေတယ်။ အောင်သပြေ ရောင်းပါတဲ့။

"အလကားယူသွားပါ" လို့ပြောတော့ . . .

"ပိုက်ဆံ ယူပါ" တဲ့။

"အလကားယူသွားရင် အစွမ်းမထက်မှာ စိုးလို့ပါ" တဲ့။

အံ့ဩစရာပါပဲ။ ဒါဆိုရင် ဟိုအရင်က အလကား လာတောင်းကြတဲ့သူတွေရဲ့ ယတြာတွေ အစွမ်းထက်ပါ့မလား။

အမှန်အတိုင်း ပြောရမယ်ဆိုရင် ကိုယ့်ခြံထဲကအပင်တွေက အလေ့ကျပေါက်တွေဖြစ်သလို ခွေးလေ ခွေးလွင့်တွေ၊ အိမ်မွေးကြက်တွေ၊ ချုံကောင်းလို့ လာအောင်းကြတဲ့ အကောင်ရှည်တွေရဲ့ အညစ်အကြေးကိစ္စတွေကလည်း အဲဒီအပင်တွေအောက်မှာ ဖြေရှင်းကြတာပါပဲ။ ကိုယ်တို့သုံးထားတဲ့ ရေအညစ်အကြေးတွေကိုလည်း အဲဒီအပင်တွေ ခြေရင်းမှာပဲ သွန်ပစ် စွန့်ပစ်လိုက်တာပါပဲ။ ဒီတော့ အပင်တိုင်း အညစ်အကြေး မကင်းကြပါဘူး။

စဉ်းစားကြည့်လိုက်တော့ အဲဒီလို မသန့်ရှင်းတဲ့အပင်က အရွက်တွေ၊ အညွှန့်တွေနဲ့ ယတြာချေကြတာ စွမ်းပါ့မလား။ ပြီးတော့ အလကား လာတောင်းကြတာ။ အလကားဖြစ်မသွားနိုင်ဘူးလား။ ပိုင်ရှင်ရဲ့စိတ်ထဲမှာ စိတ်တိုမိ၊ စိတ်ဆိုးမိ၊ မကြည်မသာဖြစ်မိပြီးတော့ ပေးလိုက်ရတဲ့ ပစ္စည်းတွေ အစွမ်းထက်နိုင်ပါ့မလား။

ဒီခြံထဲက ပစ္စည်းတွေနဲ့ ယတြာချေလို့ အောင်မြင်သွားတဲ့အတွက် ဘာလေး ညာလေး လာပေးတဲ့သူလည်း တစ်ယောက်မှ မရှိပါဘူး။ ယတြာမအောင်မြင်လို့များလား။ ယတြာပေးတဲ့ဆရာလည်း နာမည်ပျက်နေလောက်ပြီ။

ကိုယ့်ရင်ထဲမှာ အကျိတ်အခဲလေးတစ်ခု ဖြစ်နေတာ အဲဒါပါပဲ။ ယတြာစွမ်းရဲ့လား။ သူတို့တွေဖြစ်ချင်တဲ့ဆန္ဒတွေက အကောင်းဆုံး အညွှန့်ဆုံးတွေ ဖြစ်ကြမှာပါ။ အရင်းအနှီးက ပစ္စည်းအညံ့၊ အလကားယူတဲ့ ပစ္စည်းတွေဆိုတော့ စွမ်းပါ့မလားလို့ သိချင်လိုက်တာ။ ကိုယ် ဒီကိစ္စတွေနဲ့ မရင်းနှီးဘူးလေ။

သိချင်လိုက်တာ၊ ဘယ်သူ့ကို မေးရပါ့မလဲနော်။

❐ ရွှေနှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com

# ငွေလာမိုက်ကို့ ရေကြာခိုက်ကို့

ဆရာကြီးဦးအောင်မြင့်





တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသောစကားမှာ နည်းနည်းလုပ် များများရ ဆိုသော အဓိပ္ပာယ်မျိုး ဖြစ်ပါသည်။ မိမိတို့အိမ်ရှေ့ ဆိုင်ရှေ့တို့မှာ ပန်းအလှစိုက်ရန် ဝါသနာပါသူတို့အတွက် မျက်စိပသာဒလည်းဖြစ်၊ ငွေဝင်လာဘ်ရွှင်လည်း ဖြစ်စေမည့် အဆောင်ပန်းပင် စိုက်ပျိုးနည်း (ကိုယ်တွေ့) တစ်မျိုးကို ပညာဒါနအဖြစ် ဖော်ထုတ်ပေးလိုက်ပါပြီ။

ပန်းအိုးအဝကျယ်တစ်လုံးတွင် အောက်မှာဖောက်ထားသော ရေထွက်ပေါက်ကို အင်္ဂတေနှင့် ပိတ်လိုက်ပါ။ ထိုပန်းအိုးအောက်ခြေ အတွင်းဘက်မှာ သဲနှင့်မြေဆွေး ဆတူရောထည့်ပါ။ ရေကြာပန်းပင် သုံးပင် သို့မဟုတ် ငါးပင် သို့မဟုတ် ခုနစ်ပင်ကို ထည့်ပါ။ ကျောက်စရစ်များကို အပေါ်မှ ထပ်ထည့်ပါ။ ပန်းအိုးအဝမှ နှစ်လက်မ သို့မဟုတ် သုံးလက်မခန့် ချန်ထားပါ။ ရေအပြည့်ဖြည့်ထားပါ။ နေ့စဉ် ရေကြာပန်းအိုးကို မနက်တစ်ကြိမ် ညတစ်ကြိမ် ရေအပြည့် ဖြည့်ပေးပါ။

ရေကြာပင်မှာ အရိုးစိမ်းပျော့၊ အရွက်စိမ်း၊ ဗေဒါရွက်နှင့်တူသော်လည်း အရွက်ပိုကြမ်းပြီး ပိုမာသည်။ ဖူးတံရှည်ကြီးထွက်လာပြီး စံပယ်ပွင့်အရွယ် အဖြူရောင်အပွင့်များ ဆယ့်နှစ်ရာသီ ပွင့်လေ့ရှိသည်။ အနံ့ မမွှေးပါ။ အနံ့ မရှိပါ။ မနက် ၇ နာရီမှ ၁၁ နာရီခန့်အထိ စွင့်ကားပွင့်ပြီး ညနေမွန်းလွဲပိုင်းမှာ ညှိုးနွမ်းသွားသည်။ ညဘက် လုံးဝမပွင့်ပါ။ အစိမ်းရောင်အရွက်များနှင့် အဖြူရောင်အပွင့်များကို နေ့စဉ် ကြည့်မြင်နေရသဖြင့် မျက်စိပိုမိုကြည်လင်စေခြင်း၊ စိတ်ရွှင်လန်းကြည်သာစေခြင်း အကျိုးထူးရနိုင်ပြီး အပွင့်များများ ပွင့်လေလေ ငွေဝင်လာဘ်ရွှင် စီးပွားတိုးလေလေ ဖြစ်စေ သည်။

BURMESE CLASSIC .com

ရေကြာကို အချို့က "ရေဂမုန်း" ဟုလည်း ခေါ်ကြသည်။ အချို့ ရေစပ် ကမ်းစပ်တို့မှာ အလေ့ကျပေါက်မည် ထင်ပါသည်။ ရန်ကုန်မြို့တွင်တော့ ကန်တော်ကြီး မြေပဒေသာကျွန်း ပန်းပျိုးပင်များရောင်းသော အချို့ဆိုင်များမှာ ဝယ်ယူရရှိနိုင်ပါသည်။ ဒဂုံမြို့သစ်မြောက်ပိုင်း၊ တောင်ပိုင်း၊ အရှေ့ပိုင်းတို့မှာ ရေမြောင်းဘေး၊ ရေကန်ဘေးများမှာ အလေ့ကျပေါက်နေကြပါသည်။

ရေကြာ + ကျောက်စရစ်

ဗုဒ္ဓဟူး-တနင်္လာ + တနင်္လာ-ဗုဒ္ဓဟူး

ငွေလာ + လာဘ်ခေါ်

တနင်္လာ-ဗုဒ္ဓဟူး + ဗုဒ္ဓဟူး-တနင်္လာ

တက်ကင်းနှစ်ဆင့်မိနေကြောင်း ဂမ္ဘီရပညာရှုထောင့်မှ သိမြင်နိုင်ပါသည်။

❒ ဆရာကြီးဦးအောင်မြင့်



www.burmeseclassic.com

www.burmeseclassic.com

ခု နှစ် ရက် သား သ မီး များ အ တွက်

# ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွှန့်လှိုင်(ကြို့ပင်ကောက်)



## တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - ဤလအဖို့ မူလနှင့်ပဝတ္တိ နှစ်ပါးစလုံး၏ ကောင်းအားသည် [illegible] ကံကောင်းမည်။ မအားမလပ်[illegible]မည်။ အနားယူချိန် ထားသင့်၏။ [illegible] ထင်ပေါ်ကျော်ကြားမည်။ လုပ်ငန်း[illegible] အသစ်များနှင့် ကြုံမည်။ မြေယာ [illegible] ဝင်မည်။ မိတ်ကောင်းဆွေကောင်း[illegible] ကြာသပတေးနံ သားသမီးများကြောင့် [illegible] တနင်္လာနံ သားသမီးများအတွက် [illegible] အတွက် အာမခံခြင်း [illegible] တက် ပြောင်းကိန်းရှိ၏။

ယတြာ - [illegible]

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - [illegible]

(ဂ) **ကျန်းမာရေး** - [illegible]

ယတြာ - [illegible]

(ဃ) **အကျိုးပြုလုပ်ငန်း** - [illegible]

(င) **အကျိုးပေးဂဏန်း** - [illegible] ကောင်းပြီး (၂)ဂဏန်း[illegible]

**မှတ်ချက်။** ဝရုဏ်[illegible]



## တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ မူလနှင့် ပဝတ္တိ နှစ်ဌာန၏ ကောင်းအား စွမ်းပကားကြောင့် ထက်မြက်ထင်ရှားမည်။ လာဘ်လာဘ ပေါ်များမည်။ အခြွေအရံပေါမည်။ ခရီးသွားလာရေးလုပ်ငန်း၊ အနုပညာလုပ်ငန်းနှင့် ပတ်သက်၍ အကွက်ကောင်းတွေ့မည်။ အလုပ်၊ နေအိမ်တွင် သူခိုးကပ်တတ်၏။ ငယ်သူများအတွက် သောကရှိ၏။ သောကြာနံ သက်ရှိသက်မဲ့တို့ အကျိုးပေးမည်။ ဗုဒ္ဓဟူးနံအတွက် သောကရှိ၏။ ရတနာပစ္စည်းများ အလိမ်ခံရတတ်၏။ အတုများနှင့် တွေ့တတ်၏။ ဝန်ထမ်းများ သင့်တင့်လျောက်ပတ်၏။ ကျောင်းသားများ ပညာရေးတွင် ပေါ့ဆတတ်၏။

ယတြာ - ကလေးများကို အာဟာရတိုက်ကျွေးပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - စိတ်ဝမ်းကွဲတတ်၏။ အရက်သေစာသောက်စားခြင်းကြောင့် မသာယာဖြစ်တတ်၏။

(ဂ) **ကျန်းမာရေး** - လေရောဂါ၊ ဖျဉ်းရောဂါ ဖြစ်တတ်၏။

ယတြာ - ရေမြောင်းဖောက်၊ လမ်းပြင်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

**မှတ်ချက်။** အခြွေအရံများအား ဂရုစိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဌာန၏ ကောင်းအားကို မူလဌာန၏ ဆိုးအားက ဖျက်ဆီးထား၏။ အတိတ်ကအကုသိုလ်ကံ အကျိုးပေးနှင့် ကြုံသောကာလဖြစ်၏။ စိတ်မသက်သာဖွယ်များနှင့် မကြာခဏကြုံမည်။ အထင်မှားခံရတတ်၏။ စိတ်နှစ်ခွဖြစ်နေတတ်၏။ ကြာသပတေးနံ အဝင်မခံသင့်၊ မကောင်းပါ။ စနေနံ ကောင်း၏။ လူကြီးသူမများ၏ ဘုန်းကံရိပ်ကို မှီခိုပါ။ ဝစီဗေဒ စကားပြောမှားတတ်သဖြင့် ဆင်ဆင်ခြင်ခြင် ပြောပါ။ မဆိုသလောက် ထိပေါက်တတ်၏။ မွေးနေ့မှာ ထီထိုးပါ။ ဝန်ထမ်းများ တာဝန်များသလောက် အရာမရောက်ဖြစ်မည်။ ကျောင်းသားများ အသုံးအဖြုန်းများမည်။
**ယတြာ** - ဘာသာရေးအရ စွဲစွဲမြဲမြဲ စိတ်ကို သန့်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - အိမ်ထောင်ပြု ဆုံးဖြတ်ချက် မှားတတ်၏။

(ဂ) **ကျန်းမာရေး** - ဆီးတွင် ဥပဒ်ရှိ၏။
**ယတြာ** - ရေလှူပါ။ ရေများများသောက်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၂)ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။
**မှတ်ချက်။** ကုသိုလ်နှင့်အကုသိုလ် ခွဲခွဲခြားခြားသိပါ။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - ဤလအဖို့ မူလနှင့်ပဝတ္တိ နှစ်ဌာနတို့တွင် ဆိုးအားတွေ့သဖြင့် သူတစ်ပါးကို ကံသုံးပါးနှင့် ပြစ်မှားခဲ့သော အမှုအတွက် အကြွေးဆပ်ရလိမ့်မည်။ ပြဿနာဟောင်းများ၊ အမှုဟောင်းများ မထင်မှတ်ဘဲ အစီအရီပေါ်လာတတ်၏။ ဆွေမျိုးရင်းချာနှင့် မိတ်ဟောင်းဆွေဟောင်း၏ ပယောဂကြောင့် ပြဿနာမျိုးစုံဖြစ်မည်။ အမွေမှုများဖြစ်တတ်၏။ ရုံးပြင်ကနားရောက်တတ်၏။ ရပ်ဝေးနေ ဆွေမတော် မျိုးမတော် တစ်စုံတစ်ဦး၏ အကူအညီရမည်။ ကြာသပတေးနံ အသင့်အတင့်ကောင်းလျက် စနေကြောင့် သောကရှိ၏။ သတိ ဝီရိယရှိပါစေ။ ဝန်ထမ်းများ မှားယွင်းမှုတစ်စုံတစ်ရာကြောင့် အရေးယူ စစ်ဆေးခံရတတ်၏။ ကျောင်းသားများ ကျောင်းထုတ်ခံရတတ်၏။
**ယတြာ** - ဘုန်းကြီးကျောင်းကုဋီတွင် သန့်ရှင်းရေး ကာယဒါနလုပ်ပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မသင့်မတင့်ရှိပါမည်။

(ဂ) **ကျန်းမာရေး** - ဝမ်းဗိုက် ခွဲစိတ်ကိန်းမြင်၏။
**ယတြာ** - သကြားဆွမ်း လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနှင့် ကြာသပတေး နံသင့် လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၆) ဂဏန်းနှင့် သောကြာနေ့ ညံ့၏။
**မှတ်ချက်။** ကံသုံးပါး သတိထားပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက နှောင့်ယှက်လျက်ရှိရာ ယခုလအဖို့ အလုပ်အကိုင် အကြံအစည်များတွင် ဆင်ခြင်မှု၊ ဆင်ခြင်တုံတရား နည်းတတ်၏။ ဆုံးဖြတ်ချက် မှားတတ်၏။ သူတစ်ပါးကို အထင်မှားတတ်၏။ သူတစ်ပါးကို ကလဲ့စားချေလိုမှုများ ဖြစ်တတ်၏။ မြေနှင့်ပတ်သက်၍ အငြင်းပွားရတတ်၏။ ကြွေးမြီတင်တတ်၏။ အလုပ်သမားများမငြိမ် ထွက်တတ်၏။ သားသမီးများ အာခံတတ်၏။ ငယ်သူများ ပုန်ကန်တတ်၏။ ဝန်ထမ်းများဖြစ်ပါက တပည့်မွေး မှားတတ်၏။ ကျောင်းသားများ မကောင်းတဲ့ကိစ္စများ အတုခိုးတတ်၏။
**ယတြာ** - နားခိုရိပ်သာ၊ ရေချမ်းစင် လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တစ်ဖက်စောင်းနင်းစိတ်ဓာတ်ကြောင့် မသင့်မတင့်ရှိမည်။

(ဂ) **ကျန်းမာရေး** - သွေးတိုးရောဂါ ဂရုပြုပါ။
**ယတြာ** - စနေနံသတ္တဝါ အစာကျွေး၊ရေတိုက်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - စနေနံသင့်လုပ်ငန်း။



www.burmeseclassic.com

www.burmeseclassic.com

(င) **အကျိုးပေးဂဏန်း** - (၇)ဂဏန်းနှင့် စနေနေ့ ကောင်းပြီး (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။
**မှတ်ချက်။** မိမိစိတ် မိမိဆန်းစစ်ပါ။



## သောကြာသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ ပဝတ္တိဌာနတွင် ပစက္ခ၏ စေတနာ အကျိုးပေးကောင်းမွန်၍ စွမ်းအားများ ကောင်းသည် မှန်သော်လည်း အတိတ်ကာလ၏ ဝိပါက်ကံကြမ္မာသည် မူလဌာန၏ ဆိုးကျိုးက အကျိုးပေးတော့မည်။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ရှိမည်။ လုပ်သမျှ အရာနှင့်အကြောင်းကြောင့် မကောင်းတာအဖြစ်များမည်။ လူလိမ်ထိမည်။ ပစ္စည်းဥစ္စာများ အပေါသိကံ ကုန်ကျမည်။ ဝိသဘာဝများ၏ ဖြားယောင်းမှု ခံရတတ်၏။ ကြာသပတေးနံကြောင့် ထောက်တည်ရာ ရမည်။ ဝန်ထမ်းများ အရေးယူခံရတတ်၏။ ကျောင်းသားများ စာရိတ္တပျက်တတ်သည်။
ယတြာ - လူကြီးသူမများကို ကိုယ်တိုင်ရေချိုးသန့်စင်ပေးပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - ညံ့၏။ ကွဲကွာတတ်၏။

(ဂ) **ကျန်းမာရေး** - လေငန်းရောဂါ ဂရုပြုပါ။
ယတြာ - ရေသန့်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့ ကောင်းပြီး (၄၊ ၃) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ အင်္ဂါနေ့ ညံ့၏။
**မှတ်ချက်။** သီလ ဆောက်တည်ပါ။



## စနေသားသမီးများ

(က) **စီးပွား/လူမှု** - ယခုလအဖို့ အတိတ်ကံကောင်း၍ မူလဌာနတွင် အားကောင်းမည်မှန်သော်လည်း ပစ္စက္ခ စိတ်ထားတွန့်တိုမှုကြောင့် ပဝတ္တိတွင် ဆိုးကျိုးဖြစ်ပျက်နှင့် ကြုံရသည်သာမက သေချင်လောက်အောင် စိတ်ညစ်ရတတ်၏။ သို့သော် လူမျိုးခြားများက ကူညီမည်။ ပြည်ပရပ်ခြားက အကူအညီရမည်။ လုပ်ငန်းများကို အရှိန်မပျက် ထိန်း၍လုပ်ပါ။ လုပ်ငန်းမတိုးချဲ့သင့်သေးပါ။ မိတ်ဆွေကောင်း တွေ့မည်။ အမွေမဆိုသလောက် ရမည်။ ဝန်ထမ်းများ စိတ်ကျပ်တည်းမှု များမည်။ ကျောင်းသားများ ပျင်းရိတတ်၏။
ယတြာ - စိတ်ကို သန့်အောင်ထားပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - စိတ်တိုင်းမကျ ဖြစ်မည်။

(ဂ) **ကျန်းမာရေး** - ဆီးရောဂါ၊ စိတ်ဖိစီးမှုရောဂါ ကပ်ငြိတတ်၏။
ယတြာ - ယောဂအကျင့်တစ်ခုခု (အာနာပါန) ထူထောင်ပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၅) ဂဏန်းနှင့် ကြာသပတေးနေ့တို့ အကျိုးပြု၍ (၁)ဂဏန်းနှင့် တနင်္ဂနွေနေ့တို့ ညံ့၏။
**မှတ်ချက်။** လူကျင့်ဝတ်ကို ကောင်းအောင်ပျိုးထောင်ပါ။


မေတ္တာပန်းနှင့်ရှင်လန်းချမ်းမြေ့ကြပါစေ၊

**ဦးညွှန့်လှိုင်** (ကြို့ပင်ကောက်)

တိုက်-အမှတ် (၄၀)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -- ၄၀၀၉၃၃
နေ့စဉ် - နံနက် (၉း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ
[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။
ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ လက်ခံဆောင်ရွက်ပါသည်။]

*စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊ ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက် ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။*




www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ရာသီခွင်နှင့် ဩဂုတ်လ ဟောကိန်းများ

## ဆရာဦးခန့်ကျော် ([illegible])



### CAPRICORN
### မကာရရာသီ

(ဒီဇင်ဘာ - ၂၂ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းနေမည်။ မိမိပြောသမျှ ဆိုသမျှအားလုံး အဆင်ပြေ အောင်မြင်တတ်မည်။ သို့သော် တစ်ကြိမ်တစ်ခါတည်းနှင့်အဆင်မပြေတတ်ဘဲ ကြန့်ကြာတတ်ခြင်း၊ နှစ်ခါပြန်လုပ်ရတတ်ခြင်းများ ရှိတတ်သည်။ ယခုကာလအတွင်း မိမိကျွမ်းကျင်မှုမရှိသော၊ မလုပ်ဖူးသေးသော လုပ်ငန်းများအား စမ်းသပ်လုပ်ကိုင်ခြင်းမျိုးကို ရှောင်ပါ။ မကာရရာသီဖွားများအနေဖြင့် ထီမပေါက်ခြင်း၊ သို့မဟုတ် ထီပေါက်သကဲ့သို့ ငွေကြေးများ အစုလိုက်အပြုံလိုက် ရရှိတတ်ခြင်းများ ရှိမည်ဖြစ်၍ ထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုပေးသင့်သည်။ထီထိုးမည်ဆိုပါက (၇၊ ၀၊ ၂၊ ၉)ဂဏန်းများပါသော အောင်ဘာလေထီဖြင့် ကံစမ်းနိုင်သည်။ ငယ်ရွယ်သူများ အချစ်ရေးကံညံ့မည်၊ အချစ်ရေးကြောင့် ပညာရေးတွင် ထိခိုက်နစ်နာရမှုများရှိတတ်မည်။ ကျန်းမာရေးမှာ ပြင်းထန်သော ထိခိုက်အနာတရ သွေးထွက်သံယိုဖြစ်တတ်ခြင်းနှင့် ဆေးရုံဆေးခန်း ရောက်ရတတ်ခြင်းများရှိမည်။ မမျှော်လင့်ဘဲ ခွဲစိတ်ကုသမှုခံယူရခြင်းများလည်း ဖြစ်တတ်သည်။ အတတ်နိုင်ဆုံး ဘာသာရေးအလုပ်များ လုပ်ပေးသင့်သည်။ မိမိစရိုက်နှင့်ကိုက်ညီမည့် ကမ္မဋ္ဌာန်းတရားများကို စနစ်တကျ ရှုမှတ်သင့်သည်။

### AQUARIUS
### ကုံရာသီ



(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အများ၏တိုက်တွန်းမှုများမပါဘဲ မိမိဝါသနာပါရာ၊ မိမိသဘောဆန္ဒအတိုင်းသာ လုပ်ကိုင်သင့်သည်။ မိမိလုပ်ကိုင်လိုသည့်လုပ်ငန်းက တခြား၊ လက်တွေ့လုပ်ကိုင်နေရသည့်လုပ်ငန်းက တခြားဖြစ်နေခြင်းမျိုးကို အတတ်နိုင်ဆုံးရှောင်ပါ။ စာပေဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ပြဿနာရှုပ်ထွေးမှုများ ဖြစ်တတ်မည်။ သို့သော်လည်း ယခုကာလအတွင်း မိမိ၏ အခက်အခဲများအား ကူညီဖြေရှင်းပေးမည့်သူ ပေါ်ပေါက်လာတတ်မည်။ အထူးသဖြင့် လိင်မတူသူများထံမှ အကူအညီပေးမှုများ ရရှိတတ်မည်။ အများ၏ လေးစားချစ်ခင်မှုကိုရရှိပြီး လူချစ်လူခင်ပေါများတတ်၍ သွားလေရာ မျက်နှာပွင့်လန်းနေလိမ့်မည်။ လက်ဆောင်ပစ္စည်း သို့မဟုတ် ငွေကြေးများဝင်ကိန်းရှိမည်။ ထီထိုးကံစမ်းမည်ဆိုပါက (၁၊ ၃၊ ၀၊ ၆) ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။ ဝန်ထမ်းဖြစ်ပါက အပြောင်းအရွှေ့ နှင့် ခရီးယာယီများရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိ၏အိမ်ထောင်ဖက်နှင့် အဆင်မပြေမှုများရှိခြင်း၊ ခွဲခွာနေရတတ်ခြင်းများ ရှိလိမ့်မည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ဦးခေါင်းပိုင်းတွင် ပြင်းပြင်းထန်ထန်ခံစားရမှုများဖြစ်တတ်မည်။

### PISCES
### မိန်ရာသီ



(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

ယခုကာလအတွင်း လုပ်ငန်းကိစ္စအဝဝတို့ အဆင်ပြေပြီး အောင်မြင်မှုများရရှိနိုင်ရန်အတွက် ဘာသာရေးအလုပ်များကို တွဲဖက်လုပ်ကိုင်သင့်သည်။ မမြင်ရသောပုဂ္ဂိုလ်များ၏ စောင့်ရှောက်ခြင်းကို ခံရတတ်သူများဖြစ်၍ ထူးထူးခြားခြား အောင်မြင်မှုများ ရရှိတတ်မည်။ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လုပ်ငန်းနှစ်မျိုး၊ သုံးမျိုးကို တစ်ပြိုင်တည်းလုပ်ကိုင်ရမှုနှင့် ကြုံရတတ်မည်။ သို့သော်လည်း မိမိဆန္ဒရှိရာကိုသာ ဦးစားပေး ရွေးချယ်လုပ်ကိုင်သင့်သည်။ မိန်ရာသီဖွားများအနေဖြင့် မိမိကိုယ်တိုင် လှုပ်ရှားသွားလာ လုပ်ကိုင်ရသော လုပ်ငန်းများဖြင့်သာ အကျိုးဖြစ်ထွန်းလိမ့်မည်။ စီးပွားရေးလုပ်ငန်းများသာမက မည်သည့်ကိစ္စတွင်မဆို မိမိကိုယ်မိမိ ယုံကြည်စိတ်မွေးရန် လိုအပ်လိမ့်မည်။ ယခုလအတွင်းထီထိုးခြင်း၊ ကံစမ်းခြင်းများကို ပြုလုပ်မည်ဆိုပါက (၀၊ ၂၊ ၅၊ ၇) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ အချစ်ရေး


www.burmeseclassic.com

www.burmeseclassic.com

တွင် မိမိချစ်သူနှင့် အနေ[illegible] ဆွေမျိုးများကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတတ်ခြင်း၊ အမွေအနှစ်ကိစ္စများ ဖြေရှင်းရခြင်းရှိမည်။ ကျန်းမာရေးနှင့် ပတ်သက်၍ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာတွင်ရောဂါဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်ခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်းများအတွက် အထူးသတိထားပါ။



## ARIES
## မိဿရာသီ

**(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)**
**(မြန်မာလို တန်ခူးလမွေး)**

စီးပွားရေးလုပ်ငန်းတွင် ရှယ်ယာထည့်ဝင် လုပ်ကိုင်ထားသောလုပ်ငန်းမှ အကျိုးအမြတ်အချို့ ရရှိတတ်မည်။ မိဿရာသီဖွားများအနေဖြင့် ဉာဏ်ပညာနှင့်ယှဉ်၍လုပ်ကိုင်ရသော လုပ်ငန်းမျိုးဖြင့် အထူးအကျိုးပေးလိမ့်မည်။ သို့သော် ဤရာသီဖွားများသည် မိမိကိုယ်မိမိ ယုံကြည်စိတ်လွန်ကဲခြင်း၊ ခေါင်းမာခြင်း၊ တစ်ဇွတ်ထိုးလုပ်ကိုင်တတ်သောအကျင့်များကို အနည်းငယ်လျှော့လိုက်ခြင်းဖြင့် အဆင်ပြေ အောင်မြင်မှုများ ပိုမိုရရှိလာလိမ့်မည်။ ယခုကာလအတွင်း အပြိုင်အဆိုင်နှင့် အတိုက်အခိုက်များ အလွန်ပေါ်များနေမည်ဖြစ်၍ အစစအရာရာ သတိထားနေထိုင်သွားလာစားသောက်သင့်သည်။ တစ်ပါးသူကျွေးသော အစားအစာများကို သံသယဖြစ်လျှင် မစားပါနှင့်။ ပြည်ပသို့သွားရန် ကြိုးစားထားမှုများ သေချာပေါက်သွားရတတ်မည်။ ဝန်ထမ်းဖြစ်ပါက ထူးထူးခြားခြား လာဘ်လာဘနှင့် လက်ဆောင်ပစ္စည်းများဝင်မည်။ ထီထိုးကံစမ်းမည်ဆိုပါက(၆၊ ၁၊ ၀၊ ၇)ဂဏန်းများပါသော အောင်ဘာလေထီထိုးကံစမ်းပါ။ ငယ်ရွယ်သူများ၏အချစ်ရေးတွင် စေ့စပ်ကြောင်းလမ်းထားမှုများ ပျက်သွားရတတ်သည်။ သင့်အနေဖြင့် စိတ်ရှည်ရှည်ထားခြင်း၊ သည်းခံစိတ်မွေးခြင်းများကို ပြုသင့်သည်။



## TAURUS
## ပြိဿရာသီ

**(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ကဆုန်လမွေး)**

စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် မိမိ၏ ဝီရိယကို အားကိုး၍ ကြိုးစားရမည့်အချိန်ဖြစ်သည်။ ခရီးသွားပို့ဆောင်ရေးလုပ်ငန်းနှင့် အကျိုးဆောင်အမျိုးမျိုးလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေကောင်းနေလိမ့်မည်။ သို့သော် ပြိဿရာသီဖွားများ[illegible] တစ်ပါးသူ၏ အထင်မြင်လွဲမှားခြင်း၊ အငြိုးအတေးပြုခြင်းကိုခံရတတ်သည်။ ထို့ကြောင့် တည့်တည့်ပြောတတ်ခြင်း၊ ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်းများကို အထူးသတိထားသင့်သည်။ ယခုကာလအတွင်း မိသားစုနှင့်အတူ ခရီးထွက်ခြင်း၊ အလှူအတန်းပေးရခြင်းရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနပြောင်းရွှေ့ရခြင်း(သို့) အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများ ရှိလိမ့်မည်။ သင်သည် ထီထိုးခြင်း၊ အရေးကြီးကိစ္စများ ဆောင်ရွက်မည်ဆိုပါက အင်္ဂါနေ့တွင် လုပ်ကိုင်ဆောင်ရွက်ခြင်းကိုရှောင်ပါ။ ထီထိုးမည်ဆိုပါကလည်း (၅၊ ၀၊ ၃၊ ၆) ဂဏန်းများပါသောထီကိုထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေးကံကောင်း၍ ပျော်ရွှင်ချမ်းမြေ့စရာများနှင့် တွေ့ကြုံလိမ့်မည်။ ချစ်သူမရှိသေးသူများ ချစ်သူတွေ့တတ်မည်။ ချစ်သူရှိပြီးသူများလည်း မိမိချစ်သူနှင့် လက်ထပ်ရခြင်း၊ စေ့စပ်ကြောင်းလမ်းရခြင်းများရှိမည်။ ကျန်းမာရေးမှာ အသည်းရောင်ခြင်း၊ အသားဝါခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။



## GEMINI
## မေထုန်ရာသီ

**(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နယုန်လမွေး)**

စီးပွားရေးလုပ်ငန်းတွင် မိမိကြိုးစားလျှင် ကြိုးစားသလောက် အဆင်ပြေအောင်မြင်မှုများ ရရှိခံစားရလိမ့်မည်။ ရုပ်ရှင်, အနုပညာရှင်ဖြစ်ပါက အောင်မြင်ကျော်ကြားမည်။ လူချစ်လူခင်ပေါ်များနေမည်။ အပိုငွေများလည်း စုဆောင်းနိုင်လိမ့်မည်။ သို့သော် မိမိပိုင်ပစ္စည်း(သို့) မိမိတာဝန်ယူထားသောပစ္စည်းနှင့်ပတ်သက်၍ အလိမ်ခံရတတ်ခြင်း၊ အခိုးခံရတတ်ခြင်း၊ ကျပျောက်တတ်ခြင်းများအတွက် အထူးသတိထားပါ။ အလုပ်အကိုင် ရှာဖွေသူများဖြစ်ပါက အဆင်ပြေမည်။ ထီထိုးမည်ဆိုပါက (၆၊ ၀၊ ၁၊ ၂) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ မေထုန်ရာသီဖွားများအနေဖြင့် သွားလေရာ၌ မျက်နှာပွင့်ခြင်း၊ လိင်မတူသူများ၏ စိတ်ဝင်စားခြင်းကို ခံရလိမ့်မည်။ ငယ်ရွယ်သူများ ချစ်သူပိုင်းဝိုင်းလည်နေမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိသားစုဝင်ဦးရေ တိုးပွားလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ကျန်းမာရေးချို့ယွင်းမှုများရှိမည်။ စိတ်ပင်ပန်းခြင်း၊ အလုပ်ဒဏ်ပိခြင်းကြောင့် အာရုံကြောဆိုင်ရာများ အားနည်းခြင်း၊ အစာအိမ်ဝေဒနာများ ပြင်းပြင်းထန်ထန်ဖြစ်ပေါ်ခံစားရခြင်းများ ဖြစ်တတ်သည်။ မိမိမွေးနေ့၌ မွေးနံဂြိုဟ်တိုင်ဘုရားတွင် ယပ်အဝါ(၆)ချောင်း ကပ်လှူပြီး လိုရာဆုတောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

**(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါဆိုလမွေး)**

စီးပွားရေးလုပ်ငန်းအနေဖြင့် ရေနှင့်ရေထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ ပုလဲနှင့် တွင်းထွက်ပစ္စည်း တူးဖော်ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အဆင်ပြေ အကျိုးပေး အောင်မြင်ချမ်းသာမှုများ ထူးထူးခြားခြားရရှိလိမ့်မည်။ ထို့အပြင် သိုလှောင်ထားသောကုန်ပစ္စည်းများကို ပြန်လည်ရောင်းချခြင်းဖြင့်လည်း အမြတ်အစွန်းများရရှိလိမ့်မည်။ သို့သော် တစ်ပါးသူထံတွင် လက်လွှန်ထားမိသော ငွေကြေးများ၊ ခေတ္တအပ်နှံထားသောပစ္စည်းများ အလိမ်ခံရတတ်ခြင်း၊ ဆုံးရှုံးရခြင်းများ ဖြစ်တတ်မည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၃၊ ၄၊ ၀၊ ၇) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်ထောင်ရေး အဆင်ပြေမှုများရှိနေမည်။ မိမိအိမ်ထောင်ဖက်၏ အလိုက်သိတတ်မှုနှင့် သားသမီးများ၏ လိမ္မာရေးခြားရှိမှုကြောင့် စိတ်ချမ်းသာရလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ဌာနအတွင်း အဆင်ပြေမည်။ ရာထူးတိုးခြင်း၊ လစာတိုးခြင်း တစ်ခုခုရှိမည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် မိမိချစ်သူနှင့် လက်ထပ်ရတတ်မည်။ ကျန်းမာရေးမှာ အအေးမိခြင်းနှင့် ချောင်းဆိုး၊ ရင်ကျပ်ဖြစ်တတ်ခြင်း၊ သွေးအားနည်းခြင်း၊ ရုတ်တရက် မူးလဲခြင်းများ ဖြစ်တတ်သည်။



## LEO
## သိဟ်ရာသီ

**(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို ဝါခေါင်လမွေး)**

ဤကာလအတွင်း သိဟ်ရာသီဖွားများသည် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ မည်သည့်လုပ်ငန်းကို လုပ်ကိုင်သည်ဖြစ်စေ မိမိကိုယ်တိုင် ဦးဆောင် ခေါင်းဆောင်လုပ်ကိုင်မှသာလျှင် အောင်မြင်မှုများ ရရှိတတ်လိမ့်မည်။ အချုပ်အလုပ်ဆိုင်ရာလုပ်ငန်းများ၊ အလှအပနှင့်ဆိုင်သောလုပ်ငန်းများကို လုပ်ကိုင်သင့်သည်။ သို့သော် သင့်အနေဖြင့် အလှူအတန်းကုသိုလ်များပြုပေးခြင်း၊ ဘာသာရေးအလုပ်များ လုပ်ပေးခြင်း၊ စိတ်အပန်းဖြေခရီး ထွက်ပေးခြင်းများ ပြုသင့်သည်။ ဘာသာရေးအလုပ်များလုပ်လျှင် လုပ်သလောက် အကျိုးထူးမည်။ ယခု ကာလအတွင်း ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၈၊ ၃၊ ၀၊ ၅) ဂဏန်းများဖြင့် အောင်ဘာလေထီကို ထိုးပါ။ ငယ်ရွယ်သူများ၏အချစ်ရေးမှာ ဘာသာမတူသူ၊ အသက်ကွာသူ၊ ရေမြေခြားသူကို ချစ်မိမှုကြောင့် အဆင်မပြေဖြစ်ရတတ်ခြင်း ရှိမည်။ ကျန်းမာရေးမှာ စိတ်နှင့်ပတ်သက်သော ဝေဒနာများ ဖြစ်ပေါ်တတ်မည်။ အထူးသဖြင့် သွေးတိုးခြင်း၊ နှလုံးအားနည်းခြင်း ဝေဒနာများ ခံစားရတတ်မည်။ သင်နေထိုင်ရာ အိမ်သော်လည်းကောင်း၊ သင့်ပတ်ဝန်းကျင်တွင်သော်လည်းကောင်း မီးလောင်၊ မီးလှန့်မှုများ ဖြစ်ပွားတတ်သည်။ ပညာရေးလိုက်စားသူများအနေဖြင့် မိမိဆန္ဒအတိုင်း အကူအညီပေးမည့်သူ ပေါ်ပေါက်တတ်မည်။



## VIRGO
## ကန်ရာသီ

**(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)**
**(မြန်မာလို တော်သလင်းလမွေး)**

ယခုကာလအတွင်း ကန်ရာသီဖွားများ အနေဖြင့် အိုးအိမ်ပြောင်းရွှေ့ရခြင်း (သို့) အလုပ်အကိုင် ပြောင်းရွှေ့လုပ်ကိုင်ရခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် မယ်တစ်ရွာမောင်တစ်မြို့ နေရတတ်ခြင်းများရှိမည်။ သင့်အနေဖြင့် ဒုက္ခရောက်နေသော ဆွေမျိုးတစ်ဦး တစ်ယောက်အတွက်သော် လည်းကောင်း၊ မိတ်ဆွေအပေါင်းအသင်းအတွက်သော် လည်းကောင်း တစ်စုံတစ်ရာ တာဝန်ယူ အာမခံပေးခြင်း ကိစ္စများကို လုံးဝရှောင်ပါ။ သူများအမှုကိုယ့်ပတ်တတ်ခြင်းများရှိနိုင်မည်။ သို့သော်လည်း မထင်မှတ်သောနေရာမှ ငွေများ အစုလိုက်အပြုံလိုက်ရရှိခြင်း၊ ထီပေါက်ခြင်း၊ အမွေအနှစ် ရရှိတတ်ခြင်းများလည်း ရှိမည်။ ထီထိုးမည်ဆိုပါက (၆၊ ၉၊ ၀၊ ၁)ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ အချစ်ရေးနှင့်ပတ်သက်၍ ချစ်သူမရှိသေးသူများ ချစ်သူရည်းစားရရှိခြင်း၊ ချစ်သူရှိပြီးသူများလည်း မိမိရည်ရွယ်ချက်များ ပြည့်ဝရခြင်းရှိမည်။ ပညာသင်ကျောင်းသားဖြစ်ပါက ပညာရေးမှာ ထူးထူးချွန်ချွန် အောင်မြင်မှုများရှိမည်။ မိမိသင်ကြားလိုသော ဘာသာရပ်ဆိုင်ရာ သင်တန်းများလည်း တက်ရောက်ခွင့်ရရှိနိုင်မည်။ ပြည်ပရောက်ဆွေမျိုးများထံသို့ အလည်အပတ်ခရီးများ သွားရတတ်မည်။ ကျန်းမာရေးမှာ အသည်း အဆီဖုံးခြင်း၊ မူးခြင်း၊ မောခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်းလေးလံခြင်း၊ ကိုက်ခဲခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## LIBRA
## တူရာသီ

(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

စီးပွားရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်း၊ စာအုပ်၊ စာပေ၊ ဓွေ့ရင်း ဂျာနယ်လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုများရှိမည်၊ လုပ်ငန်းသစ်များလည်း ထပ်မံတိုးချဲ့လုပ်ကိုင်နိုင်လိမ့်မည်။ အကူအညီပေးမည့်သူများလည်းပေါ်ပေါက်လာနိုင်သည်။ ယခုကာလအတွင်း ပေါ်ပင်လုပ်ငန်း၊ ကျပန်းလုပ်ငန်းများမှလည်း ဝင်ငွေကောင်းနေလိမ့်မည်။ ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းမှ အမြတ်အစွန်းအနည်းငယ် ရရှိတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက နှစ်ဖက်ဆွေမျိုးတို့၏ အရေးကိစ္စကြောင့် ခေါင်းမဖော်နိုင်လောက်အောင် မအားမလပ်ဖြစ်ရတတ်မည်။ တူရာသီဖွားများ အနေဖြင့် လိင်မတူသူတို့အပေါ် ဆွဲဆောင်အားကောင်း၍ ထိုသူတို့၏စိတ်ဝင်စားခြင်းကို ခံရတတ်လိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စတွင် ရှုပ်ထွေးတတ်မည်။ ဖြေရှင်းရန်ခက်ခဲသော ပြဿနာများလည်း ပေါ်ပေါက်တတ်မည်။ ယခုကာလအတွင်း ထီထိုးကံစမ်းမည်ဆိုပါက (၁၊ ၄၊ ၅၊ ၉) ဂဏန်းများပါသော အောင်ဘာလေထီကိုထိုးပါ။ ကျန်းမာရေးမှာ အရိုးအကြောဆိုင်ရာ ဝေဒနာများ၊ ကျောကုန်းနှင့် ကျောရိုးတို့တွင် ပြင်းထန်သောဝေဒနာများဖြစ်ပေါ်ခံစားရတတ်သည်။



## SCORPIO
## ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ မိဘ၊ ဘိုးဘွားများ၏ မိရိုးဖလာလုပ်ငန်းများမှ ကျော်လွန်လုပ်ကိုင်ရသော လုပ်ငန်းများဖြင့် အမိက အကျိုးပေးနိုင်လိမ့်မည်။ ဤကာလအတွင်း ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ပြဿနာကို ထိပ်တိုက်ရင်ဆိုင်ခြင်းထက် အချိန်ယူပြီး ချင့်ချင့်ချိန်ချိန် လုပ်ကိုင်ဖြေရှင်းခြင်းသည် အကောင်းဆုံးဖြစ်နိုင်သည်။ သင့်အနေဖြင့် မိမိဆန္ဒရှိသော အိုးအိမ်၊ ခြံမြေနှင့် နေထိုင်နိုင်ရန် အခွင့်အလမ်းများရရှိလာလိမ့်မည်။ သို့သော် သူတစ်ပါးကိစ္စအတွက် ကူညီဖြေရှင်းပေးခြင်းဖြင့် အမှုပတ်တတ်ခြင်း၊ တရားရုံး၌ ရင်ဆိုင်ဖြေရှင်းရခြင်းများ ဖြစ်တတ်သည်။ အရေးကြီးကိစ္စများ ဆောင်ရွက်ရာ၌ စိမ်းပြာ၊ အဝါနု၊ မိုးပြာရောင် နုနုကလေးများကို ဝတ်ဆင်ဆောင်ရွက်သင့်သည်။ ထီထိုးမည်ဆိုပါက (၈၊ ၃၊ ၅၊ ၁) ဂဏန်းများပါသော အောင်ဘာလေထီကို ထိုးပါ။ ငယ်ရွယ်သူ ချစ်သူမရှိသေးသူများ မိမိနှင့် အဆင့်အတန်းကွာလွန်းသူကို ချစ်ကြိုက်မိ၍ စိတ်ဒုက္ခ ခံစားရတတ်ခြင်း ရှိလိမ့်မည်။ ပညာရေးလိုက်စားသူများဖြစ်ပါက ပညာရေးကောင်းမည်။ သို့သော် မမျှော်လင့်ဘဲ ကျောင်းအပြောင်းအရွှေ့များ ရှိတတ်မည်။ ကျန်းမာရေးမှာ ဝမ်းပျက်ခြင်း၊ ဝမ်းကိုက်ခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။



## SAGITTARIUS
## ဓနုရာသီ

(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ယခုကာလအတွင်း ရွှေ၊ ငွေ၊ ပွဲစားလုပ်ငန်း လုပ်ကိုင်သူများ ဝင်ငွေကောင်းနေတတ်မည်။ သို့သော်လည်း ဝင်ငွေထက် ထွက်ငွေများနေမှုကြောင့် ငွေကြေးအခက်အခဲများ ကြုံရတတ်မည်။ စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အပြိုင်အဆိုင်နှင့် အတိုက်အခံများ ပေါ်ပေါက်တတ်မည်။ အရာရာကို စိတ်အေးအေးထား၍ လုပ်ကိုင်သင့်သည်။ ဓနုရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်းများပြုမည်ဆိုပါက (၇၊ ၅၊ ၀၊ ၁)ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။ ကံကုသိုလ်ကောင်းသောအချိန်အခါဖြစ်၍ မိမိအတွက် အကျိုးရှိသောခရီးများ သွားရတတ်မည်။ ပြည်ပသို့ အလည်အပတ်ခရီးသွားရခြင်း၊ ဘုရားဖူးခရီးသွားရခြင်း၊ ထူးထူးခြားခြား အလှူအတန်းကုသိုလ်ပြုရခြင်းများ ရှိမည်။ သို့သော် ကျန်းမာရေးကို ဂရုစိုက်ပါ။ ရုတ်တရက် သွေးတိုးခြင်း၊ သွေးပေါင်ကျခြင်း၊ မူးလဲခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံ ညှိုးနေမည်။ လက်ထပ်ရန် စီစဉ်ထားမှုများ (သို့) စေ့စပ်ကြောင်းလမ်းရန်ကိစ္စများ ပျက်သွားတတ်မည်။ ပညာရေး လိုက်စားသူဖြစ်ပါက မိမိရည်ရွယ်မျှော်လင့်ထားမှုများ ပြည့်ဝရလိမ့်မည်။ အကြီးအကဲ ပုဂ္ဂိုလ်များ၏ ဂုဏ်ပြုချီးမြှင့်ခြင်းကိုလည်း ခံရတတ်မည်။

ဆရာဦးခန့်ကျော်
(အဘိဓမ္မာဗေဒင်ကျမ်းပြုပညာရှင်)
အမှတ်(၂၇)၊ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊(၉)ရပ်ကွက်၊
ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၃၀၂၄၀၊ ၀၉-၄၂၀၀၉၉၅၅၅



www.burmeseclassic.com